## နက်နဲလွန်းသည့် အနန္တနယ ပဋ္ဌာန်းကျမ်း

ပဋ္ဌာန်းတရားတော်မြတ်သည် ဂမ္ဘီရော နက်နဲလွန်းပါသည်။
ဒုဒ္ဒသော မြင်နိုင်ခဲပါသည်၊ ဒုရာနုဗောဓော သာမန်ဉာဏ်ဖြင့်
ထိုးထွင်း၍ မသိနိုင်လောက်အောင်ပင် ခက်ခဲလွန်းပါသည်။
အတက္ကာဝစရော လောကရေးရာ ကိစ္စရပ်များပမာ
ကြံစည် တွေးတော စဉ်းစားရုံမျှဖြင့်လည်း သိနိုင်သည့်တရား မဟုတ်ပေ။
ပဏ္ဍိတ ဝေဒနီယော ပရမတ္ထတရားကို သိမြင်နိုင်စွမ်းသည့်
ပညာရှိ အနည်းစုတို့ကသာ ဉာဏ်သက်ဝင်နိုင်စွမ်းသည့်
တရားတော်မြတ်ကြီး ဖြစ်ကြောင်းကို
အဋ္ဌကထာဆရာမြတ်များက မိန့်ဆိုတော်မူထားပါသည်။

ပဋ္ဌာန်းတရားတော်နှင့် ကျွန်ုပ်တို့၏ နေ့စဉ်ဘဝ ❖ အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) သပြေပြင်

ရန်ကင်းတောင်စာစဉ်(၃၇)



# ပဋ္ဌာန်းတရားတော် နှင့် ကျွန်ုပ်တို့၏ နေ့စဉ်ဘဝ

ဒုတိယအကြိမ်

အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) သပြေပြင်

**ရန်ကင်းတောင်စာစဥ်အမှတ် (၃၇)**

ထုတ်ဝေခြင်း – ပထမအကြိမ် (၂၀၂၀ခုနှစ်၊ ဇူလိုင်လ)

ဒုတိယအကြိမ် (၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ)

အုပ်ရေ – ၁၀၀၀ အုပ်

တန်ဖိုး –

အဖုံးနှင့်အတွင်းပုံနှိပ် – ရွှေနိုင်ငံပုံနှိပ်တိုက် (၀၅၇၄၅)
အမှတ် (၉၀)စီ၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်။
ဖုန်း–၀၉–၇၇၇၆၀၀၃၀၀

ထုတ်ဝေသူ – ဦးမောင်မောင်လှ (ရွှေနိုင်ငံ–၀၄၁၉၃)

ဖြန့်ချိရေး – **ရန်ကင်းတောင်စာစဥ်**

**နေပြည်တော်၊ ဒက္ခိဏာသီရိမြို့**

ဖုန်း–၀၉–၄၃၀ ၇၅၇၀၄၊ ၀၉–၇၉၇ ၃၀၃၀ ၂၁

**သော်တာစန်းစာပေ**

**နေပြည်တော်၊ ပျဥ်းမနားမြို့**

ဖုန်း–၀၉–၄၃၀၃၅၄၉၅၊ ၀၉–၇၉၇ ၉၂၁ ၂၈၀

**သစ္စာမဏ္ဍိုင်ပိဋကစာပေ**

**(ရွှေတိဂုံဘုရားတောင်ဖက်မုခ်)**

ဖုန်း–၀၉–၇၃၀ ၉၆၈၉၈၊ ၀၁–၃၈၇၈၄၉

" ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း " (CIP)

၂၉၄ ⋅ ၃

အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) သပြေပင်။

ပဋ္ဌာန်းတရားတော်နှင့် ကျွန်ုပ်တို့၏ နေ့စဥ်ဘဝ

ရန်ကုန်၊ ရွှေနိုင်ငံစာပေ ၂၀၂၂။ ၄၅၂ - စာ၊ ၁၉ × ၂၆. ၆၇ စင်တီ။

(၁) ပဋ္ဌာန်းတရားတော်နှင့် ကျွန်ုပ်တို့၏ နေ့စဥ်ဘဝ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| * | ကျေးဇူးဥပကာရမော်ကွန်း | က |
| * | ဒေါက်တာဉာဏောဘာသ (M.A,Ph.D)၏ အမှာစကား | ခ |
| * | ကျမ်းဦးစကား | င |
| * | နိဒါန်း | ဃ |
| * | ပဋ္ဌာန်းပစ္စည်းကို မျိုးအလိုက်လေ့လာခြင်း | ပ |
| * | ပဋ္ဌာန်း ၂၄-ပစ္စည်း | ဗ |
| | **၁ – ဟေတုပစ္စယော** | |
| ၁။ | အရင်းအမြစ်အဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည် | ၁ |
| ၂။ | ရေသောက်မြစ်နှစ်မျိုးရှိသည် | ၂ |
| ၃။ | ဖြစ်စေ၊ တည်စေ၊ ဤနှစ်ထွေ ခေါ်လေကျေးဇူးပြု | ၂ |
| ၄။ | ကုသိုလ်နှင့် အကုသိုလ်ရေသောက်မြစ် | ၂ |
| ၅။ | မာဂဏ္ဍီပုဏ္ဏေးမ၏ ဒေါသအာဃာ | ၃ |
| ၆။ | မာဂဏ္ဍီပုဏ္ဏေးမကလေး မြတ်ဗုဒ္ဓပေါ် ငြိုးမာန်ဖွဲ့ရှာပြီ | ၄ |
| ၇။ | ဆဲရေးသူကို သည်းခံခြင်းဖြင့် ရင်ဆိုင်တော်မူသည် | ၄ |
| ၈။ | အကုသိုလ်၏ ခေါင်းဆောင်သည် မောဟ | ၅ |
| ၉။ | ကုသိုလ်၏ ခေါင်းဆောင်သည် အမောဟ | ၆ |
| ၁၀။ | တောထဲပဲသေချင်ပြီး အလောင်းကို ကျီးတွေ လင်းတတွေ စားကြပါစေ | ၇ |
| ၁၁။ | သမ္မယုတ်တရား | ၈ |
| ၁၂။ | ရလျှင်ပြုံး မရလျှင်မဲ့သူသည် ဉာဏ်မရှိ | ၈ |
| ၁၃။ | မဖြစ်သေးတာသာရှိတာ၊ ဖြစ်တတ်တယ် | ၉ |
| ၁၄။ | သန့်ရှင်းသည့်အပြုံးနှင့် မသန့်ရှင်းသည့်အပြုံး | ၁၀ |
| ၁၅။ | မိန်းမတစ်ယောက်ကို တပ်မက်သောယောကျ်ား၏ ဥပမာ | ၁၀ |
| ၁၆။ | ဆန်ခြင်းနှင့် စုန်ခြင်း | ၁၁ |
| ၁၇။ | Right understood & Wrong understood | ၁၂ |
| ၁၈။ | ဘုရားအလောင်း၏ အားကြီးသည့် ကုသလဟေတု | ၁၃ |
| ၁၉။ | စိတ္တသမုဋ္ဌာနာနဥ္စ ရူပါနံ (ဝါ) စိတ္တဇရုပ် | ၁၄ |
| ၂၀။ | မရောင့်ရဲနိုင်သည့် ကိလေသာ | ၁၅ |
| ၂၁။ | ကျောက်သွေးသမား၏ ဒေါသ | ၁၅ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၂။ | ကုသိုလ်ဟေတုနှင့် အကုသိုလ်ဟေတု | ၁၇ |
| ၂၃။ | အကုသလဟေတုနှင့် စိတ်၊ စေတသိက် စိတ္တဇရုပ်များ | ၁၇ |
| ၂၄။ | အရှိပရမတ်တရား | ၁၈ |
| ၂၅။ | ကုသလဟေတုနှင့် စိတ်၊ စေတသိက် စိတ္တဇရုပ်များ | ၁၉ |
| ၂၆။ | သူသတ်ကုန်း၌ စိတ်ငြိမ်းအေးစွာဖြင့် ကဗျာရေးသားနိုင်ခဲ့သည့် အမတ်ကြီး | ၂၀ |
| ၂၇။ | စိတ်ကြောင့်ဖြစ်သည့် စိတ္တဇရုပ်များ | ၂၀ |
| ၂၈။ | အသိအလိမ္မာ၊ ဉာဏ်ပညာ၊ ဝိဇ္ဇာ၊ အမောဟ | ၂၀ |
| ၂၉။ | ဂေါပက နတ်သား | ၂၂ |
| ၃၀။ | ဗိမ္ဗိသာရဘုရင်ကြီး၏ ဂတိ | ၂၂ |
| ၃၁။ | အဗျာကတ တရား | ၂၃ |
| ၃၂။ | နာမ်တရားနှင့် ရုပ်တရားတို့ ကျေးဇူးပြုခြင်း | ၂၃ |
| ၃၃။ | ဟေတုပစ္စည်း၏ သင်္ချာ | ၂၄ |
| ၃၄။ | Mind to Mind and Matter | ၂၄ |
| ၃၅။ | ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား | ၂၄ |
| ၃၆။ | သဟဇာတအငယ်ပစ္စည်း ၇-ပါး | ၂၄ |
| | **၂ – အာရမ္မဏပစ္စယော** | |
| ၁။ | အာရုံအဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည် | ၂၅ |
| ၂။ | အာရုံခြောက်ပါး | ၂၆ |
| ၃။ | အဘိဓမ္မာသဘော | ၂၆ |
| ၄။ | အာရုံခြောက်ပါးသည် စားကျက် | ၂၇ |
| ၅။ | ကာမဂုဏ်၏ ကျေးကျွန် | ၂၈ |
| ၆။ | စက္ခုရူပေန သံဝါသာ | ၂၈ |
| ၇။ | ဣန္ဒြေမစောင့်စည်းသူတို့ ဘီလူးမအာရုံကြောင့် သေခဲ့ရ | ၂၉ |
| ၈။ | အဿာဒေတိ၊ အဘိနန္ဒတိ | ၃၀ |
| ၉။ | မိတ်လိုက်ရင်း မြွေမုဆိုးလက်ထဲသို့ ရောက်တော့သည် | ၃၀ |
| ၁၀။ | အဿာဒ၊ အာဒီနဝနှင့် နိဿရဏ | ၃၁ |
| ၁၁။ | စာခြောက်ရုပ်ကို လူထင်သည့်သမင် | ၃၂ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၂။ | ဟိတ်ခြောက်ပါးသာ ပဓာန | ၃၂ |
| ၁၃။ | သင်္ကန်းတည်းဟူသော အာရုံကြောင့် သန်းဖြစ်ရရှာသည့် ရဟန်းတော် | ၃၃ |
| ၁၄။ | ဟေတုနှင့် အာရုံ | ၃၃ |
| ၁၅။ | အရှင်မဟာကဿပ၏ တပည့်မိုက် | ၃၄ |
| ၁၆။ | မတ္တရာဆရာတော်ကြီး၏ အံ့ဖွယ် ကုသလဟေတုသတ္တိ | ၃၄ |
| ၁၇။ | အတွင်းပူပြင်းသဖြင့် အပြင်ပူမမှု | ၃၆ |
| ၁၈။ | ပဋ္ဌာန်းတရားတော်နှင့် ဝိပဿနာ | ၃၆ |
| ၁၉။ | အမျိုးသမီးတို့၏ ရူပါရုံအလှသည် ရဟန်းတို့အတွက် ဓမ္မန္တရာယ် | ၃၇ |
| ၂၀။ | ဘုရားရဟန္တာများ ကုသိုလ်ပြုတော်မူကြသည် | ၃၈ |
| ၂၁။ | ဒွါရ၌ ဝီထိဖြစ်ရန် အကြောင်းတရားများ | ၃၉ |
| ၂၂။ | အကြောင်းအကျိုးကို သိမ်းဆည်းသည့်ဉာဏ် | ၄၁ |
| ၂၃။ | သိစိတ်နှင့် အာရုံ | ၄၁ |
| ၂၄။ | အာရမ္မဏ၏ပစ္စည်း၊ ပစ္စယုပ္ပန္နနှင့် သုဒ္ဓသင်္ချာ | ၄၂ |
| ၂၅။ | အာရမ္မဏပစ္စည်း၏ သင်္ချာ | ၄၂ |
| ၂၆။ | Mind, Matter, Nibbana and Pannatti to Mind | ၄၃ |
| ၂၇။ | ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား | ၄၃ |
| ၂၈။ | အာရမ္မဏမျိုးပစ္စည်း ၈-ပါး | ၄၃ |
| | **၃ – အဓိပတိပစ္စယော** | |
| ၁။ | အကြီးအကဲအဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည် | ၄၄ |
| ၂။ | အဓိပတိနှင့် ဣန္ဒြိယ | ၄၅ |
| ၃။ | စကြာမင်းပမာ အဓိပတိ | ၄၅ |
| ၄။ | သီလကို အသက်နှင့် လဲတော်မူခဲ့သည့် သပြေကန်ဆရာတော် | ၄၆ |
| ၅။ | ငါ၏အနာရောဂါသည် အလဇ္ဇီ၏ ဖယောင်းချက်နှင့် မတန် | ၄၇ |
| ၆။ | အာရမ္မဏာဓိပတိ ဟူသည် | ၄၈ |
| ၇။ | ဆရာတော်ကြီးအတွက် လာဘ၊ သက္ကာရ၊ သိလောကတို့က အာရမ္မဏာဓိပတိမထိုက် | ၄၉ |
| ၈။ | ဥဒေါင်းမ၏ တွန်ကျူးသံကြောင့် ဘုရားလောင်းရွှေဥဒေါင်းမင်း ညွတ်ကွင်းမိ | ၅၀ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉။ | သုတသောမမင်းနှင့် ပေါရိသာဒမင်းတို့၏ အာရမ္မဏာဓိပတိ | ၅၁ |
| ၁၀။ | မယ်ပဋ္ဌာနှင့် ကိုဒါသ | ၅၂ |
| ၁၁။ | အာရမ္မဏာဓိပတိနှင့် အာရမ္မဏူပနိဿယ | ၅၃ |
| ၁၂။ | ပုဂ္ဂိုလ်၏ အတွင်းခံတဲခံပေါ်၌ မူတည်သည် | ၅၄ |
| ၁၃။ | အရှင်အာနန္ဒာနှင့် အရှင်ဒေဝဒတ်တို့၏ ခံတဲခံအားလျော်သည့် တောင်းဆုများ | ၅၄ |
| ၁၄။ | သဟဇာတာဓိပတိ | ၅၆ |
| ၁၅။ | အဓိပတိထိုက်သည့်တရား | ၅၇ |
| ၁၆။ | ဆန္ဒာဓိပတိ | ၅၇ |
| ၁၇။ | ဝီရိယာဓိပတိ | ၅၈ |
| ၁၈။ | ဘုရားအလောင်းတော် ဇနကမင်းသား၏ အဓိပတိထိုက်သည့် လုံ့လဝီရိယ | ၅၈ |
| ၁၉။ | သမုဒ္ဒရာရေကို ခန်းခြောက်စေမည့် ရှဉ့်မင်း၏ဝီရိယ | ၅၉ |
| ၂၀။ | စိတ္တာဓိပတိ | ၆၀ |
| ၂၁။ | ပညာဓိပတိ | ၆၀ |
| ၂၂။ | ဆန္ဒနှင့် လောဘ | ၆၁ |
| ၂၃။ | ဝိပဿနာတရား | ၆၂ |
| ၂၄။ | အဓိပတိပစ္စည်း၏ သချာ | ၆၂ |
| ၂၅။ | Mind matter and Nibbana to Mind | ၆၃ |
| ၂၆။ | ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား | ၆၃ |
| | **၄ – အနန္တရပစ္စယော** | |
| ၁။ | အကြားမရှိသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည် | ၆၄ |
| ၂။ | နိယာမတရားများ | ၆၅ |
| ၃။ | ဝီထိစိတ်အစဉ် | ၆၆ |
| ၄။ | သရက်သီးကြွေသည့် ဥပမာဖြင့် ဝီထိကိုလေ့လာခြင်း | ၆၇ |
| ၅။ | ဝီထိစိတ်နှင့် ဘဝင်စိတ် | ၆၇ |
| ၆။ | စိတ်တစ်ခု၏ သက်တမ်း | ၆၈ |
| ၇။ | ဝီထိပိုင်း စက္ခုဒွါရ ၁၅-ဝီထိ | ၆၉ |
| ၈။ | အာရုံ၏ထင်ရှားမှု၊ မထင်ရှားမှုအလိုက် ဝီထိအစဉ် | ၆၉ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၉။ | မနောဒွါရဝီထိ | ၇၀ |
| ၁၀။ | မနောဓာတ်နှင့် မနောဝိညာဏဓာတ် | ၇၁ |
| ၁၁။ | စက္ခုဝိညာဏဓာတု၊ မနောဓာတုနှင့် မနောဝိညာဏဓာတု | ၇၁ |
| ၁၂။ | ဈာန်ဝင်စားသော သမာပဇ္ဇနဝီထိ | ၇၂ |
| ၁၃။ | ရူပါဝစရ ဈာန်ဝင်စားရန် | ၇၂ |
| ၁၄။ | နိရောဓသမာပတ်နှင့် အနန္တရသတ္တိ | ၇၂ |
| ၁၅။ | အသညသတ်ပြဟ္မာဘုံနှင့် အနန္တရသတ္တိ | ၇၃ |
| ၁၆။ | ရုပ်နာမ်နှင့် စပ်လျဉ်းသည့် တရားတော်ကို နာကြားဖူးခြင်း၏အကျိုး | ၇၃ |
| ၁၇။ | အလိုလိုဖြစ်လွယ်နေသည့် ကုသိုလ်၊ အကုသိုလ် | ၇၅ |
| ၁၈။ | အဘိဓမ္မာ၏ဇာတ်ကောင် | ၇၆ |
| ၁၉။ | ဝီထိစိတ် (ဝါ) အသိစိတ်တစ်မျိုး ဖြစ်ပေါ်လာနိုင်ရန် အကြောင်းတရားများ | ၇၆ |
| ၂၀။ | ဝီထိ = အစဉ်အတန်း Process of Consciousness | ၇၈ |
| ၂၁။ | စိတ္တဟတ္ထမထေရ်ဝတ္ထု | ၇၈ |
| ၂၂။ | အမှန်မသိသဖြင့် အမြင်မှားနေသည် | ၇၉ |
| ၂၃။ | ကောသလမင်းကြီး၏ အသဒိသဒါနဝတ္ထု | ၈၀ |
| ၂၄။ | ပဋ္ဌာန်းသင်တန်းနှင့် ပဋ္ဌာန်းဉာဏ် | ၈၁ |
| ၂၅။ | အနန္တရပစ္စည်း၏ သင်္ချာ | ၈၂ |
| ၂၆။ | Mind to Mind | ၈၃ |
| ၂၇။ | ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား | ၈၃ |
| ၂၈။ | ပဥ္စဒွါရဝီထိသို့ အစဉ်လိုက်သော အနုဗန္ဓကမနောဒွါရဝီထိ | ၈၄ |
| | **၅ – သမနန္တရပစ္စယော** | |
| ၁။ | ကောင်းစွာ အကြားမရှိသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည် | ၈၈ |
| ၂။ | သမနန္တရပစ္စည်းကို ဟောတော်မူရခြင်းအကြောင်း | ၈၉ |
| ၃။ | အနန္တရနှင့် သမနန္တရ ပစ္စည်းနှစ်ပါး၏အထူး | ၈၉ |
| ၄။ | ရဟန္တာတို့၌ ပဋိသန္ဓေစိတ် ထပ်ဖြစ်လာရန် မရှိပါ | ၉၁ |
| ၅။ | စိတ်တစ်ခုနှင့် တစ်ခုအကြား မခြားပါ | ၉၁ |
| ၆။ | အသညသတ် ပြဟ္မာကြီးများ | ၉၂ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇။ | Physical continuity & Mental continuity | ၉၃ |
| ၈။ | စက္ခုဒွါရ၌ အတိမဟန္တာရုံဝီထိဖြစ်ပုံ (A complete eye - door process) | ၉၄ |
| ၉။ | စိတ်၏သက်တမ်း | ၉၅ |
| ၁၀။ | နာမ်တရားများနှင့်အတူ ရုပ်တရားများလည်းဖြစ်နေ | ၉၅ |
| ၁၁။ | ငါသေရင် ခေါင်းအုံးဘေး တံဆိပ်တုံးကြီးချထားမှာကို ရှက်လွန်းလို့ | ၉၅ |
| ၁၂။ | အနန္တရမျိုးပစ္စည်း ၇-ပါး | ၉၆ |
| ၁၃။ | သမနန္တရပစ္စည်း၏ သင်္ချာ | ၉၇ |
| ၁၄။ | Mind to Mind | ၉၇ |
| ၁၅။ | ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား | ၉၇ |
| | **၆ – သဟဇာတပစ္စယော** | |
| ၁။ | ပစ္စယုပ္ပန္နတရားတို့ကို အတူတကွအဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည် | ၉၈ |
| ၂။ | Born together | ၉၉ |
| ၃။ | ပုရေဇာတ၊ ပစ္ဆာဇာတနှင့် သဟဇာတ | ၉၉ |
| ၄။ | နာမ်ခန္ဓာလေးပါး | ၁၀၀ |
| ၅။ | နာမ်ခန္ဓာ ၄-ပါးနှင့် စေတသိက်တရားတို့ကို ခန္ဓာဖွဲ့ခြင်း | ၁၀၀ |
| ၆။ | ဝီထိကို လေ့လာခြင်း | ၁၀၁ |
| ၇။ | ပဋိသန္ဓေ ကမ္မဇရုပ် | ၁၀၁ |
| ၈။ | ကာယဒသက၊ ဘာဝဒသကနှင့် ဝတ္ထုဒသက | ၁၀၂ |
| ၉။ | ပဥ္စဝေါကာရ၊ စတုဝေါကာရ၊ ဧကဝေါကာရ | ၁၀၂ |
| ၁၀။ | ဘဝအသစ်ကို ဖန်တီးပေးသည့် သဘာဝနိယာမတရား | ၁၀၂ |
| ၁၁။ | ဘဝတစ်ခုကို ဖန်ဆင်းပေးနိုင်စွမ်းသည့် ကံလေးမျိုး | ၁၀၃ |
| ၁၂။ | ပဋိသန္ဓေ အဆင့်ဆင့် | ၁၀၄ |
| ၁၃။ | ၃၂-ပါးသော ကောဋ္ဌာသနှင့် နတ်တို့၏ခန္ဓာ | ၁၀၅ |
| ၁၄။ | ဇီဝိတသည် လိပ်ပြာမဟုတ်ပေ | ၁၀၅ |
| ၁၅။ | မဟာဘူတာ | ၁၀၆ |
| ၁၆။ | ခန္ဓာငါးပါးလုံး ဝိပဿနာရှုနိုင်သည် | ၁၀၆ |
| ၁၇။ | ပေါ်ရာထင်ရှားရာသိရန် ပဓာန | ၁၀၇ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၈။ | ခန္ဓာငါးပါးအစုအပုံ | ၁၀၇ |
| ၁၉။ | ဝိပဿနာဉာဏ်ပေါ်ရန် | ၁၀၈ |
| ၂၀။ | အကြောင်းအကျိုးတရား Cause & Effect | ၁၀၈ |
| ၂၁။ | ဧဝံဓမ္မတာနည်း Of such a nature method | ၁၀၉ |
| ၂၂။ | အကြောင်းအကျိုး ရှေ့ဖြစ် နောက်ဖြစ် | ၁၁၀ |
| ၂၃။ | ဥပါဒါရုပ် ၂၄-ပါး | ၁၁၁ |
| ၂၄။ | သဟဇာတပစ္စည်း၏ သင်္ချာ | ၁၁၁ |
| ၂၅။ | (Mind to Mind and Matter) (Matter to Matter) (Mind to Matter and Vice versa) | ၁၁၂ |
| ၂၆။ | ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား | ၁၁၂ |
| | **၇ – အညမညပစ္စယော** | |
| ၁။ | အချင်းချင်း အပြန်အလှန် ထောက်ပံ့လျက် ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည် | ၁၁၃ |
| ၂။ | သုံးချောင်းထောက် ဥပမာ | ၁၁၄ |
| ၃။ | ပဋ္ဌဝေါကာရ၊ စတုဝေါကာရ၊ ဧကဝေါကာရတုံ | ၁၁၄ |
| ၄။ | ဝိပဿနာ၏ အာရုံဖြစ်သည့် ရုပ်တရား | ၁၁၅ |
| ၅။ | ဝိပဿနာ၏ အာရုံဖြစ်သည့် နာမ်တရား | ၁၁၆ |
| ၆။ | အညမညပစ္စည်း၏ သင်္ချာ | ၁၁၆ |
| ၇။ | (Mind to Mind and Matter) (Matter to Matter) (Mind to Matter and Vice versa) | ၁၁၇ |
| ၈။ | ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား | ၁၁၇ |
| ၉။ | သဟဇာတ အလတ်မျိုး (၄)ပါး | ၁၁၇ |
| | **၈ – နိဿယပစ္စယော** | |
| ၁။ | တည်ရာမှီရာအဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည် | ၁၁၈ |
| ၂။ | မှီရာတည်ရာ | ၁၁၉ |
| | (က) သဟဇာတနိဿယ | ၁၁၉ |
| | (ခ ) ဝတ္ထုပုရေဇာတနိဿယ | ၁၂၀ |
| ၃။ | ဝတ္ထုရုပ်ခြောက်ပါး | ၁၂၀ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄။ | မြင်သိစိတ်ဖြစ်ရန် ပါဝင်သည့်ပစ္စည်း | ၁၂၂ |
| ၅။ | ဝတ္ထာရမ္မဏပုရေဇာတနိဿယ | ၁၂၂ |
| ၆။ | စိတ္တနိယာမအစဉ် Mental process | ၁၂၃ |
| ၇။ | မသိမှုကြောင့် မြဲတယ်၊ ကောင်းတယ်ဟု ထင်နေသည် | ၁၂၄ |
| ၈။ | ဘဝတစ်ပါး ကူးပြောင်းစေကာမူ အရိပ်က လိုက်နိုင်သည် | ၁၂၅ |
| ၉။ | အကြောင်းအကျိုး တရားမျှသာ | ၁၂၆ |
| ၁၀။ | အရိယာနှင့် ပုထုဇဉ်အမြင် | ၁၂၆ |
| ၁၁။ | ပါဏာတိပါတနှင့် ပဋ္ဌာန်းပစ္စည်း | ၁၂၇ |
| ၁၂။ | အာဒိန္နာဒါနနှင့် ပဋ္ဌာန်းပစ္စည်း | ၁၂၈ |
| ၁၃။ | သဟဇာတ၊ အညမညနှင့် နိဿယ | ၁၂၉ |
| ၁၄။ | နိဿယပစ္စည်း၏ သင်္ချာ | ၁၃၀ |
| ၁၅။ | ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား | ၁၃၀ |
| | **၉ – ဥပနိဿယပစ္စယော** | |
| ၁။ | အားကြီးသော မှီရာအကြောင်းအဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည် | ၁၃၁ |
| ၂။ | ဥပနိဿယပစ္စည်းကို မိုးနှင့် ပမာပြုကြသည် | ၁၃၂ |
| ၃။ | ဥပနိဿယကောင်းရှိမှ ကြီးပွားတိုးတက်မည် | ၁၃၂ |
| ၄။ | အကြောင်းတရားနှင့် အကျိုးတရား၏ ထမင်းဥပမာ | ၁၃၂ |
| ၅။ | အကြောင်းတရားနှင့် အကျိုးတရား၏ အသားဟင်းဥပမာ | ၁၃၃ |
| ၆။ | ဧရာမအကြောင်းတရား | ၁၃၄ |
| ၇။ | ဗလဝနှင့် ဒုဗ္ဗလ | ၁၃၄ |
| ၈။ | ၁- အာရမ္မဏူပနိဿယ (အာရမ္မဏ + ဥပနိဿယ) | ၁၃၅ |
| ၉။ | ၂- အနန္တရူပနိဿယ = အနန္တရ + ဥပနိဿယ | ၁၃၅ |
| | * အနန္တရူပနိဿယ | ၁၃၆ |
| | * ရူပသန္တတိ Physical process continuity နာမသန္တတိ Mental process continuity | ၁၃၆ |
| | * ပကတူပနှင့် အနန္တရူပတို့၏ မတူညီသည့်သတ္တိ | ၁၃၆ |
| ၁၀။ | ၃- ပကတူပနိဿယ = ပကတိ + ဥပနိဿယ | ၁၃၇ |
| ၁၁။ | ၁- ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ (ကု-ကု) | ၁၃၇ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | * ပဋိသမ္ဘိဒါဉာဏ်ရှင် အရှင်စူဠပန် | ၁၃၉ |
| | * ပကတူပနိဿယသတ္တိဖြင့် ဗောဓိပက္ခိယတရား (၃၇)ပါးကို ကျေးဇူးပြု | ၁၄၁ |
| ၁၂။ | ၂- ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ (ကု-အကု) | ၁၄၁ |
| | * မီးကျီးခဲပေါ် ယင်မနားသကဲ့သို့ | ၁၄၂ |
| | * ဆုတောင်းခြင်းအကြောင်း | ၁၄၂ |
| | * အခြေခံတစ်ခုကြောင့် ကုသိုလ်၊ အကုသိုလ် နှစ်မျိုးဖြစ်နိုင်သည် | ၁၄၃ |
| ၁၃။ | ၃- ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ (ကု-ဗျာ) | ၁၄၃ |
| | * သဒ္ဓါတရားကောင်းလွန်းတဲ့ ကာဏမာတာ | ၁၄၄ |
| | * မဟာသီဝမထေရ် | ၁၄၅ |
| ၁၄။ | ၄- အကုသလော ဓမ္မော အကုလဿ ဓမ္မဿ (အကု-အကု) | ၁၄၆ |
| | * သုတသောမမင်းနှင့် ပေါရိသာဒ | ၁၄၆ |
| | * ဆရာတင်မှား၍ အဖေကိုသတ်ခဲ့သည့် အဇာတသတ်မင်း | ၁၅၂ |
| | * ဆုတောင်းမှားခြင်းကြောင့် ဒုက္ခရောက်ခဲ့သည့် ကာဠီဘီလူးမဝတ္ထု | ၁၅၄ |
| | * ဘဝအဆက်ဆက် လက်စားချေသည့် နှစ်ယောက် | ၁၅၄ |
| | * အကြောင်းဓမ္မလည်း ပါဏာတိပါတ၊ အကျိုးဓမ္မလည်း ပါဏာတိပါတ | ၁၅၅ |
| | * မိစ္ဆာဒိဋ္ဌိဖြစ်ကြောင်း ၂-ပါး | ၁၅၆ |
| ၁၅။ | ၅- အကုသလော ဓမ္မော ကုလဿ ဓမ္မဿ (အကု-ကု) | ၁၅၆ |
| | * လောဘကိုအကြောင်းပြုပြီး ဈာန်အဘိညာဉ်ရခဲ့တဲ့ အသိတာဘူဇာတ်တော် | ၁၅၆ |
| | * ဗေဒင်အဟောကြောင့် သီလပြည့်စုံတဲ့ရဟန်းကို သင်္ကန်းဒွိစုံနှင့် ငွေငါးကျပ်တစ်မတ် လှူဒါန်း | ၁၅၈ |
| | * ဒေါသကို အကြောင်းပြုပြီး ကုသိုလ်ဖြစ် | ၁၅၉ |
| | * မောဟကို အကြောင်းပြုပြီး အကုသိုလ်ဖြစ် | ၁၆၀ |
| | * ပြုခဲ့မိတဲ့ အကုသိုလ်ကို ပယ်ဖျောက်ရန် | ၁၆၁ |
| ၁၆။ | ၆- အကုသလော ဓမ္မော အဗျာကတဿဿ ဓမ္မဿ (အကု-ဗျာ) | ၁၆၂ |
| | * သတ်သေဖို့ကံပါတဲ့သူ ကယ်မရပါ | ၁၆၂ |
| | * ကိုးဆယ့်ကိုးဇာတ် ယောက်ျားသတ် အကျွတ်မဂ်ဖိုလ်ဝင် | ၁၆၂ |
| ၁၇။ | ၇- အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ (ဗျာ-ဗျာ) | ၁၆၄ |
| | * အဗျာကတတရားက ကုသိုလ်တရားကို ကျေးဇူးပြုခြင်း | ၁၆၅ |
| | * The law of nature | ၁၆၅ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၈။ | ၈- အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ (ဗျာ-ကု) | ၁၆၇ |
| | * အတိတ်ဘဝက လင်နတ်သားထံရောက်ရန် ကုသိုလ်ပြုခြင်း | ၁၆၈ |
| ၁၉။ | ၉- အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ (ဗျာ-အကု) | ၁၆၉ |
| | * ဥမ္မာဒန္တီပုဏ္ဏေးမနှင့် မုဒုလက္ခဏာမိဖုရား | ၁၆၉ |
| | * ဥမ္မာဒန္တီ၏ ဘဝနှင့်အလှ | ၁၇၀ |
| | * ဝက်သတ်သမားစုန္ဒ | ၁၇၁ |
| | * ဥတု၊ ဘောဇန၊ သေနာသန | ၁၇၂ |
| | * မာတိကမာတာ၏ သပ္ပာယမျှတသည့် ဆွမ်းဘောဇဉ်ကြောင့် ရဟန်းတော်များတရားရ | ၁၇၂ |
| ၂၀။ | ဥပနိဿယပစ္စည်း၏ သင်္ချာ | ၁၇၃ |
| ၂၁။ | Mind Matter and Nibbana to Mind. Mind to Mind. Mind and Pannatti to Mind | ၁၇၄ |
| ၂၂။ | ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား | ၁၇၄ |
| | **၁၀ – ပုရေဇာတပစ္စယော** | |
| ၁။ | ပစ္စယုပ္ပန္နတရားများမဖြစ်မီ ရှေးဦးစွာဖြစ်၍ ဖြစ်ဆဲအဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည် | ၁၇၆ |
| ၂။ | ဇာတပစ္စည်း ၃-ပါး | ၁၇၇ |
| ၃။ | ဝတ္ထုပုရေဇာတနှင့် အာရမ္မဏပုရေဇာတ | ၁၇၇ |
| ၄။ | ဝတ္ထုပုရေဇာတ ကြိုတင်ဖြစ်နှင့်သည် | ၁၇၈ |
| ၅။ | Everything change, Nothing remain without change. | ၁၇၈ |
| ၆။ | ရုပ်ကလာပ်များ၏ ဖြစ်တည်နေမှု | ၁၇၉ |
| ၇။ | Energy မျှသာရှိပြီး Weight Mass Form Dimension မရှိပေ | ၁၈၀ |
| ၈။ | ဆဲလ် Cell ဟူသော ကလာပ်စည်း | ၁၈၀ |
| ၉။ | Molecule & cell | ၁၈၀ |
| ၁၀။ | ကလပ်စည်းတစ်ခုသည် သူ၏တာဝန်ထမ်းဆောင်ပြီးလျှင် ပျက်သွားပါသည် | ၁၈၁ |
| ၁၁။ | စက္ခုပသာဒ မျက်စိရုပ်ကလည်း ပရမတ် | ၁၈၂ |
| ၁၂။ | အသိမှား၊ အမြင်မှား | ၁၈၂ |
| ၁၃။ | ရုပ်သက်တမ်းနှင့် စိတ်သက်တမ်း | ၁၈၃ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄။ | စက္ခုပသာဒက စက္ခုဝိညာဏ်ကို ကျေးဇူးပြုရာတွင် ၄-ပစ္စည်းရှိ၏ | ၁၈၃ |
| ၁၅။ | ဖြစ်တူ၊ ပျက်တူ၊ အာရုံတူ၊ မှီရာတူ | ၁၈၅ |
| ၁၆။ | ဝိပဿနာဉာဏ် | ၁၈၅ |
| ၁၇။ | စူဠသောတာပန် | ၁၈၆ |
| ၁၈။ | 'နေတံ မမ' ငါ့ဥစ္စာမဟုတ် | ၁၈၆ |
| ၁၉။ | ပုရေဇာတပစ္စည်း၊ ပစ္စယုပ္ပန် | ၁၈၇ |
| ၂၀။ | ပုရေဇာတပစ္စည်း၏ သင်္ချာ | ၁၈၇ |
| ၂၁။ | Matter to Mind | ၁၈၈ |
| ၂၂။ | ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား | ၁၈၈ |
| | **၁၁ – ပစ္ဆာဇာတပစ္စယော** | |
| ၁။ | နာမ်တရား၏နောက်၌ဖြစ်၍ ရုပ်များအား ထောက်ပံ့သောအားဖြင့် ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည် | ၁၈၉ |
| ၂။ | ပစ္ဆာဇာတပစ္စည်းဖြင့် ကျေးဇူးပြုခြင်း | ၁၉၀ |
| ၃။ | ဇာတ (၃)ပါး သိစရာ | ၁၉၀ |
| ၄။ | ပစ္ဆာဇာတတ္ထိ | ၁၉၁ |
| ၅။ | ဧကဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယ | ၁၉၁ |
| ၆။ | ဘဝအသစ်၏ ပဋိသန္ဓေဝီထိပုံ | ၁၉၂ |
| ၇။ | ရုပ်၏သက်တမ်းနှင့် ကျေးဇူးပြုပုံ | ၁၉၂ |
| ၈။ | ဘဝတစ်ခု၏ ရုပ်အစဉ်နှင့် နာမ်အစဉ် | ၁၉၃ |
| ၉။ | ဘဝတစ်ခု၏ ပထမဦးဆုံးစိတ်နှင့် နောက်ဆုံးစိတ် | ၁၉၃ |
| ၁၀။ | အမိဝမ်းထဲ ပဋိသန္ဓေတည်သည့် သတ္တဝါ | ၁၉၃ |
| ၁၁။ | ပစ္ဆာဇာတပစ္စည်း၏ သင်္ချာ | ၁၉၄ |
| ၁၂။ | Mind to Matter | ၁၉၄ |
| ၁၃။ | ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား | ၁၉၄ |
| ၁၄။ | ပစ္ဆာဇာတမျိုး (၄) ပါး | ၁၉၄ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **၁၂ – အာသေဝနပစ္စယော** | |
| ၁။ | နောက်ဇောများအား ဂုဏ်သတ္တိသာလွန်ရန် အားကောင်းရန် အကြိမ်ကြိမ်ဖြစ်စေခြင်း ထုံမွမ်းခြင်းဖြင့် ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည် | ၁၉၅ |
| ၂။ | Doing something again and again. | ၁၉၆ |
| ၃။ | အာသေဝနကို ဥပမာများဖြင့် လေ့လာခြင်း | ၁၉၆ |
| ၄။ | တောဟူသည် သူတော်ကောင်းကြီးတို့ မြတ်နိုးရာဌာန ဖြစ်ပါသည် | ၁၉၇ |
| ၅။ | စ လယ် အဆုံး၊ တောမှာပုန်း ကျင့်သုံးစံပြ၊ တို့ ဗုဒ္ဓ | ၁၉၈ |
| ၆။ | ပါရမီပြည့်မှုကို အာသေဝနဖြင့် နားလည်နိုင်သည် | ၁၉၉ |
| ၇။ | ပါရမီတိုးကြောင်းနှင့် ကိလေသာတိုးကြောင်း | ၁၉၉ |
| ၈။ | ကျွန်မလေးပုဏ္ဏာ (မပြည့်) | ၂၀၀ |
| ၉။ | ပုဏ္ဏားကြီး၏ အကုသိုလ်ဆေးကြောသည့် ဒဿန | ၂၀၀ |
| ၁၀။ | ကျွန်မကလေး ရဟန်းမိန်းမ ဖြစ်ခွင့်ရလေပြီ | ၂၀၁ |
| ၁၁။ | အားကြီးလှသည့် အာသေဝနသတ္တိ | ၂၀၂ |
| ၁၂။ | ဇောဟူသည် | ၂၀၃ |
| ၁၃။ | စူဠေကသာဋကာ ဗြာဟ္မဏဝတ္ထု | ၂၀၄ |
| ၁၄။ | ဇောခုနစ်ကြိမ်တွင် အဘယ်ဇော အားကြီးဆုံးဖြစ်သနည်း | ၂၀၅ |
| ၁၅။ | ဇောစေတနာက ပျက်ပျက်သွားသော်လည်း သတ္တိကျန်ခဲ့သည် | ၂၀၆ |
| ၁၆။ | သတ္တမဇောစေတနာ၏ အကျိုးပေး | ၂၀၆ |
| ၁၇။ | ပဋ္ဌာန်းပစ္စည်းများကို ယှဉ်တွဲလေ့လာခြင်း | ၂၀၇ |
| ၁၈။ | အဗျာကတ၊ ကြိယာ | ၂၀၈ |
| ၁၉။ | ဖိုလ်သည် အားထုတ်ခြင်းကင်း၏ | ၂၀၉ |
| ၂၀။ | ကံနှင့် ကိလေသာ | ၂၀၉ |
| ၂၁။ | ကိလေသပရိနိဗ္ဗာန် နှင့် ခန္ဓပရိနိဗ္ဗာန် | ၂၁၀ |
| ၂၂။ | ခိုင်မြဲတည်တံ့မှုမရှိသည့် ပရမတ္ထဓမ္မ | ၂၁၀ |
| ၂၃။ | အာသေဝနပစ္စည်း၏ သင်္ချာ | ၂၁၁ |
| ၂၄။ | Mind to Mind | ၂၁၁ |
| ၂၅။ | ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား | ၂၁၁ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | ၁၃ – ကမ္မပစ္စယော | |
| ၁။ | စေ့ဆော်ခြင်းသဘောဖြင့် ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည် | ၂၁၂ |
| ၂။ | သစ်ပင်တို့အား မျိုးစေ့လားသို့ | ၂၁၃ |
| ၃။ | စေတနာ စေတသိက်က လှုံ့ဆော်ပေးမှုကြောင့် ကံဖြစ်လာ | ၂၁၃ |
| ၄။ | ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုကပင် ကံဖြစ်သည် | ၂၁၄ |
| ၅။ | ကံဟုမူလ၊ သမ္ဗုဒ္ဓတို့ | ၂၁၄ |
| ၆။ | သဟဇာတကမ္မနှင့် နာနာက္ခဏိကကမ္မ | ၂၁၄ |
| ၇။ | ၁-သဟဇာတကမ္မ | ၂၁၅ |
| ၈။ | မြင်တာနှင့် ကြည့်တာ | ၂၁၅ |
| ၉။ | စေတနာပါမှ အထမြောက်သည် | ၂၁၆ |
| ၁၀။ | ကုသိုလ်ကံ၊ အကုသိုလ်ကံနှင့် စေတနာသုံးတန် | ၂၁၆ |
| ၁၁။ | ၂-နာနာက္ခဏိကကမ္မ | ၂၁၆ |
| ၁၂။ | နာနာက္ခဏိကကမ္မ စေတနာ | ၂၁၇ |
| ၁၃။ | ရဟန္တာ၏ ခမည်းတော်မုဆိုး | ၂၁၈ |
| ၁၄။ | ကံကိုယုံကြည်မှုနှင့် ပုဗ္ဗေကတ ဟေတုဒိဋ္ဌိ | ၂၁၈ |
| ၁၅။ | နာမသန္တတိအစဉ်နှင့် ရူပသန္တတိအစဉ် | ၂၁၉ |
| ၁၆။ | လူချင်းတူသော်လည်း ကံအကျိုးပေးကွဲခြင်းအကြောင်း | ၂၂၀ |
| ၁၇။ | ချမ်းသာစေဖို့ ပြုပြင်စို့ကဗျာ | ၂၂၂ |
| ၁၈။ | စေတနာ မမြင့်မြတ်ခဲ့ရှာသည့် ကျွန်မကလေးမပြည့် | ၂၂၂ |
| ၁၉။ | ကံတူအကျိုးပေးပုံ ဝတ္ထုသာဓကများ | ၂၂၃ |
| ၂၀။ | သားသမီးမရသည့် ဇနီးမောင်နှံ | ၂၂၄ |
| ၂၁။ | ဆွမ်းဝအောင် မဘုဉ်းပေးခဲ့ရရှာသည့် အကုသလဝိပါက် | ၂၂၄ |
| ၂၂။ | ဖြစ်လေရာဘဝ အစာငတ် | ၂၂၅ |
| ၂၃။ | တရားစစ်သူကြီး၏တပည့် ဖြစ်ခွင့်ရရှာသည် | ၂၂၆ |
| ၂၄။ | ပရိနိဗ္ဗာန် စံဝင်မည့် နေ့၌သာ အဝဘုဉ်းပေးရ | ၂၂၆ |
| ၂၅။ | ဆန်းကြယ်သည့် အတိတ်ကံဟောင်း | ၂၂၇ |
| ၂၆။ | အတိတ်အကြောင်းကံများ | ၂၂၇ |
| ၂၇။ | ပုဂ္ဂလဗျာပါရနှင့် ဓမ္မဗျာပါရ | ၂၂၈ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၈။ | ကံ၏ အကျိုးပေးနိုင်စွမ်းလေးပါး | ၂၂၉ |
| ၂၉။ | သမ္ပတ္တိတရား လေးပါး | ၂၂၉ |
| ၃၀။ | အတိတ်ကံ၏တာဝန် ကျေပွန်လေပြီ | ၂၃၀ |
| ၃၁။ | စေတနာထက်သန် အကျိုးပေးသန် | ၂၃၀ |
| ၃၂။ | ပုဗ္ဗစေတနာ၏အကျိုး | ၂၃၁ |
| ၃၃။ | ပုဗ္ဗစေတနာချို့တဲ့ခဲ့သော ပဉ္စပါပီနှင့် မင်းကုသ | ၂၃၁ |
| ၃၄။ | အပရစေတနာချို့တဲ့သော အပုတ္တကသူဌေးကြီး | ၂၃၂ |
| ၃၅။ | ဉာဏ်နည်းသည့် သူယုတ်၏ဥစ္စာ | ၂၃၃ |
| ၃၆။ | ဉာဏ်ရှိသည့် သူတော်ကောင်း၏ဥစ္စာ | ၂၃၃ |
| ၃၇။ | အပရစေတနာ ချို့ယွင်း | ၂၃၄ |
| ၃၈။ | လက်တွေ့ကျိုးရ မြတ်ဒါနလင်္ကာ | ၂၃၅ |
| ၃၉။ | ကံမျိုးစေ့၏ သတ္တိကင်းရှင်းပုံ | ၂၃၅ |
| ၄၀။ | ကာလ၊ ဂတိ၊ ဥပဓိ၊ ပယောဂနှင့် ကံမျိုးစေ့ | ၂၃၅ |
| ၄၁။ | မယ်တော်ကြီးသည် ရွာကျောင်း၌ပင် သီလယူလိုက်သည် | ၂၃၆ |
| ၄၂။ | ဝေးကွာသောအရပ်၌ ကံတို့ အကျိုးပေးနိုင်ပုံ | ၂၃၇ |
| ၄၃။ | စေတောပဏိဓိ | ၂၃၈ |
| ၄၄။ | အရှင်မဟာမောဂ္ဂလိပုတ္တတိဿ ထေရ်ရှင်လောင်းလျာ ဖြဟ္မာမင်း | ၂၃၈ |
| ၄၅။ | မောဂ္ဂလိပုတ္တတိဿထေရ် | ၂၃၉ |
| ၄၆။ | ပဋိသန္ဓေ လေးမျိုး | ၂၃၉ |
| ၄၇။ | ကံအကျိုးပေးသည့် ကာလလေးပါး | ၂၄၀ |
| ၄၈။ | ဒေဝဒတ်လောင်းပုဏ္ဏား၏ မလှပသည့် ကံအကျိုးပေး | ၂၄၀ |
| ၄၉။ | ဥပတ္ထမ္ဘကကံ | ၂၄၁ |
| ၅၀။ | ဥက္ကဋ္ဌုက္ကဋ္ဌ၊ ဩမကောမက ကံများ | ၂၄၁ |
| ၅၁။ | အညံ့စား ဩမက | ၂၄၂ |
| ၅၂။ | တိဟိတ်နှင့် ဒွိဟိတ် | ၂၄၃ |
| ၅၃။ | ကမ္မပစ္စည်းထိုက်သည့် စေတနာစေတသိက် | ၂၄၄ |
| ၅၄။ | ကမ္မပစ္စည်း၊ ပစ္စယုပ္ပန်နှင့် မျိုးတူပစ္စည်း | ၂၄၄ |
| ၅၅။ | ကမ္မပစ္စည်း၏ သင်္ချာ | ၂၄၅ |
| ၅၆။ | Mind to Mind-Matter | ၂၄၅ |
| ၅၇။ | ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား | ၂၄၅ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **၁၄ – ဝိပါကပစ္စယော** | |
| ၁။ | အားထုတ်မှုမရှိ ငြိမ်သက်ခြင်းအားဖြင့် ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည် | ၂၄၆ |
| ၂။ | Resultant Kamma | ၂၄၇ |
| ၃။ | ဝိပါက်အကျိုး | ၂၄၇ |
| ၃။ | ယောက်ျားတွေ ရှူးလောက်အောင် လှပသည့်မိန်းမချော | ၂၄၈ |
| ၄။ | ထမင်းချက်သည့် ဥပမာ | ၂၄၈ |
| ၅။ | အကုသလဝိပါက်ကြောင့် မျက်စိကွယ်ခဲ့ရသည့် ရဟန္တာမထေရ် | ၂၄၉ |
| ၆။ | ဝိပါက်စိတ် | ၂၅၀ |
| ၇။ | အခိုက်အတန့် ၄-ပါး | ၂၅၁ |
| ၈။ | စေတနာ အခိုက်အတန့် | ၂၅၁ |
| ၉။ | ကံအခိုက်အတန့် | ၂၅၁ |
| ၁၀။ | နိမိတ်အခိုက်အတန့် | ၂၅၂ |
| ၁၁။ | ဝိပါက်အခိုက်အတန့် | ၂၅၂ |
| ၁၂။ | ဘဝများစွာ၌ မီးလောင်သေဆုံးခဲ့ရသည့် အကုသိုလ်အကျိုးဝိပါက် | ၂၅၂ |
| ၁၃။ | ဝိပါက်စိတ်နှင့် ဘဝင်စိတ် | ၂၅၃ |
| ၁၄။ | ဝိပါကဝဋ် | ၂၅၃ |
| ၁၅။ | အကုသလ ဝိပါက် | ၂၅၄ |
| ၁၆။ | စိတ္တဇရုပ် | ၂၅၄ |
| ၁၇။ | ရုပ်တရားကို ဝိပါက်မခေါ် | ၂၅၅ |
| ၁၈။ | ဝိပါက်စိတ်ကို ငြိမ်သည်ဟု ပမာပြုခြင်းဖြစ် | ၂၅၅ |
| ၁၉။ | ဈာန်ဝင်စားခြင်းနှင့် ဖိုလ်ဝင်စားခြင်း | ၂၅၅ |
| ၂၀။ | ပုညကြိယဝတ္ထု (၁၀)ပါး | ၂၅၆ |
| ၂၁။ | မေထုန်ငယ် ၇-ပါး | ၂၅၆ |
| ၂၂။ | ဝိပါကပစ္စည်း၏ သင်္ချာ | ၂၅၇ |
| ၂၃။ | Mind to Mind-Matter | ၂၅၇ |
| ၂၄။ | ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား | ၂၅၇ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **၁၅ – အာဟာရပစ္စယော** | |
| ၁။ | ရုပ် နာမ် တရားများအား ထောက်ပံ့သောအားဖြင့် ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည် | ၂၅၈ |
| ၂။ | သဗ္ဗေသတ္တာ အာဟာရ ဋ္ဌိတိကာ | ၂၅၉ |
| ၃။ | ရုပ်အာဟာရနှင့် နာမ်အာဟာရ | ၂၅၉ |
| ၄။ | ရုပ်အာဟာရဟူသည် | ၂၆၀ |
| ၅။ | နာမ်အာဟာရဟူသည် | ၂၆၀ |
| ၆။ | ၁- ကဗဠီကာရ အာဟာရ | ၂၆၀ |
| | * ရုပ်အာဟာရနှစ်မျိုး | ၂၆၀ |
| | * စတုသမုဋ္ဌာနိကသြဇာ | ၂၆၁ |
| | * အရိယာဖြစ်သည့်တိုင် ကျေးဇူးပြုခဲ့သည့် ထမင်းအာဟာရ | ၂၆၁ |
| | * ဆာလောင်ခြင်းသည် ရောဂါမည်၏ | ၂၆၂ |
| | * အာဇီဝပါရိသုဒ္ဓိသီလနှင့် အစာအာဟာရ | ၂၆၃ |
| | * ကံ၊ စိတ်၊ ဥတု၊ အာဟာရ | ၂၆၄ |
| | * အဇ္ဈတ္တသြဇာ၏ အထောက်အပံ့ | ၂၆၄ |
| | * ပီတိဘက္ခ ပီတိအာဟာရ | ၂၆၅ |
| ၇။ | ၂- ဖဿအာဟာရ | ၂၆၆ |
| | * အဆင်း၊ ရူပါရုံ၊ မြင်သိစိတ်နှင့် ဖဿ၊ ဝေဒနာ | ၂၆၇ |
| | * မနောဒွါရနှင့် ဖဿ၊ ဝေဒနာ | ၂၆၇ |
| | * ဥမ္မာဒန္တီနှင့် သိဝိဘုရင် | ၂၆၈ |
| | * ဘေးဒုက္ခအပေါင်း၏ အကြောင်းရင်း ဖဿ | ၂၆၉ |
| | * ကြာပွင့်ရနံ့သူခိုး | ၂၇၀ |
| | * ဖဿစေတသိက်နှင့် ပဋ္ဌာန်းတရားတော် | ၂၇၀ |
| ၈။ | ၃- စေတနာအာဟာရ | ၂၇၁ |
| | * စေ့ဆော်တိုက်တွန်းခြင်းသဘော ဥပမာ | ၂၇၂ |
| | * စေတနာနှင့် လယ်ပိုင်ရှင် ဥပမာ | ၂၇၃ |
| | * စေတနာပဓာန | ၂၇၃ |
| | * အိပ်မက်စေတနာ | ၂၇၄ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉။ | ၄- ဝိညာဏာဟာရ | ၂၇၄ |
| | * ဖဿ၊ စေတနာနှင့် ဝိညာဉ် | ၂၇၄ |
| ၁၀။ | အာဟာရပစ္စည်း၏ သင်္ချာ | ၂၇၅ |
| ၁၁။ | (Matter to Matter) (Mind to Mind-Matter) | ၂၇၆ |
| ၁၂။ | ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား | ၂၇၆ |
| | **၁၆ – ဣန္ဒြိယပစ္စယော** | |
| ၁။ | ဆိုင်ရာပစ္စယုပ္ပန်တရားများအား အစိုးတရအဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည် | ၂၇၇ |
| ၂။ | ဣန္ဒြေတရား | ၂၇၈ |
| ၃။ | အဓိပတိပစ္စည်းနှင့် ဣန္ဒြိယပစ္စည်း | ၂၇၈ |
| ၄။ | ရုပ်ဣန္ဒြေနှင့် နာမ်ဣန္ဒြေ | ၂၇၈ |
| ၅။ | နှုတ်ဣန္ဒြေမရှိသော ရဟန်းသည် ပစ္စုပ္ပန်အကျိုးနည်း၊ သံသရာအကျိုးနည်းမည် | ၂၈၀ |
| ၆။ | ဣတ္ထိန္ဒြေနှင့် ပုရိသိန္ဒြေ | ၂၈၀ |
| ၇။ | ယောကျ်ားဘဝမှ မိန်းမဘဝသို့ပြောင်းသွားသော သူဌေးသား | ၂၈၁ |
| ၈။ | ရုပ်ဇီဝိတနှင့် နာမ်ဇီဝိတ | ၂၈၁ |
| ၉။ | ဘဝထဲက ပဌာန်းတရား | ၂၈၂ |
| ၁၀။ | အကြောင်းမေ့၊ အကျိုးမေ့ | ၂၈၂ |
| ၁၁။ | လွတ်လမ်းရယ် ဘယ်မမြင် | ၂၈၂ |
| ၁၂။ | ဆန္ဒထက်သန်သူမှသာ အရိယာဖြစ်မည် | ၂၈၃ |
| ၁၃။ | သုပြဟ္မာနတ်သား ဝတ္ထု | ၂၈၄ |
| ၁၄။ | ဘုရားရှင်၏ဉာဏ်တော်အထူး | ၂၈၅ |
| ၁၅။ | သေခြင်းသဘောတရား | ၂၈၅ |
| ၁၆။ | မရဏာသန္နအခါနှင့် အာသန္နကံ | ၂၈၆ |
| ၁၇။ | ကံကြောင့် ဘဝအသစ်ရ | ၂၈၆ |
| ၁၈။ | ဣန္ဒြိယပစ္စည်း၏ သင်္ချာ | ၂၈၇ |
| ၁၉။ | (Matter to Mind) ( Matter to Matter) ( Mind to Mind-Matter) | ၂၈၇ |
| ၂၀။ | ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား | ၂၈၇ |

## မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **၁၇ – ဈာနပစ္စယော** | |
| ၁။ | စူးစူးစိုက်စိုက် ရှုတတ်သောသဘောဖြင့် ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည် | ၂၈၉ |
| ၂။ | ဈာန်၏ အဓိပ္ပာယ် | ၂၉၀ |
| ၃။ | ဥပမာပြဆိုခြင်း | ၂၉၀ |
| ၄။ | ဈာန်ကို ကုသိုလ်၊ အကုသိုလ်ဟု ပုံသေမဆိုနိုင်ပါ | ၂၉၁ |
| ၅။ | ဧကဂ္ဂတာသမာဓိ | ၂၉၁ |
| ၆။ | စိတ်ဖြစ်တိုင်း ဧကဂ္ဂတာဖြစ်ပုံ | ၂၉၂ |
| ၇။ | သမာဓိ၏ မပျံ့လွင့်ခြင်း လက္ခဏာ | ၂၉၃ |
| ၈။ | စိတ်နှင့် အာရုံ | ၂၉၃ |
| ၉။ | ဈာန်အင်္ဂါနှင့် မိမိတို့၏ နေ့စဉ်ဘဝ | ၂၉၄ |
| ၁၀။ | ကမ္မဋ္ဌာန်း - ၄၀ | ၂၉၄ |
| ၁၁။ | ဈာန်အင်္ဂါနှင့် သမထကမ္မဋ္ဌာန်း | ၂၉၅ |
| ၁၂။ | ဧကဂ္ဂတာ၏ နီးစွာသော အကြောင်းမှာ သုခ | ၂၉၆ |
| ၁၃။ | ဥပစာရသမာဓိနှင့် အပ္ပနာသမာဓိအထူး | ၂၉၇ |
| ၁၄။ | ဈာန်ဝင်စားခြင်းနှင့် မြေလျှိုးမိုးပျံခြင်း | ၂၉၈ |
| ၁၅။ | ဈာန်သဘောပါနေသည် | ၂၉၈ |
| ၁၆။ | သမထနှင့် ဝိပဿနာကမ္မဋ္ဌာန်း | ၂၉၈ |
| ၁၇။ | ငြိမ်းအေးမှုအဆင့်ဆင့် | ၂၉၉ |
| ၁၈။ | သာသနာတော်၏ ပဓာနကျသည့် ငြိမ်းအေးမှု | ၃၀၀ |
| ၁၉။ | ဝိပဿနာ ရှုပွားရာတွင်လည်း ဈာန်သဘောများ ပါနေတတ်သည် | ၃၀၀ |
| ၂၀။ | မှားတတ်ပါသည် | ၃၀၁ |
| ၂၁။ | အာရမ္မဏူပနိဇ္ဈာန်နှင့် လက္ခဏူပနိဇ္ဈာန် | ၃၀၂ |
| ၂၂။ | မဟာစည်ဆရာတော်ကြီး၏ ဈာန်ဆိုင်ရာလင်္ကာ | ၃၀၂ |
| ၂၃။ | ဆီမီးလျှံ၏ ငြိမ်သက်ခြင်းနှင့် တူသည် | ၃၀၂ |
| ၂၄။ | ဝိတက်နှင့် ထိန၊ မိဒ္ဓ နီဝရဏ | ၃၀၃ |
| ၂၅။ | ဝိစာရနှင့် ဝိစိကိစ္ဆာ နီဝရဏ | ၃၀၃ |
| ၂၆။ | ပီတိနှင့် ဗျာပါဒ | ၃၀၄ |
| ၂၇။ | သုခနှင့် ဥဒ္ဓစ္စ ကုက္ကုစ္စ | ၃၀၄ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၈။ | သမာဓိနှင့် ကာမစ္ဆန္ဒ နီဝရဏ | ၃၀၄ |
| ၂၉။ | သာမဏေတစ်ပါး၏တရားကြောင့် အသောကမင်း ဗုဒ္ဓဘာသာကူးပြောင်း | ၃၀၅ |
| ၃၀။ | အသောကမင်းကြီးကို ဗုဒ္ဓဘာသာဝင် ဖြစ်သွားစေသည့်တရား | ၃၀၅ |
| ၃၁။ | မင်းကောင်းတစ်ပါးကြောင့် သာသနာ တစ်ခေတ်ဆန်းခဲ့သည် | ၃၀၆ |
| ၃၂။ | ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင် | ၃၀၆ |
| ၃၃။ | သက်တော်ထင်ရှား မြတ်စွာဘုရားရှင်ကို ဖူးမြော်လိုသည့်ဘုရင် | ၃၀၇ |
| ၃၄။ | သက်တော်ထင်ရှား မြတ်စွာဘုရားရှင်၏ အသံတော် | ၃၀၈ |
| ၃၅။ | ရူပဈာန် | ၃၀၉ |
| ၃၆။ | အရူပဈာန် | ၃၀၉ |
| ၃၇။ | ဈာန်နှင့် မထိုက်သူ | ၃၁၀ |
| ၃၈။ | ဈာနပစ္စည်း၏ သရုပ် | ၃၁၁ |
| ၃၉။ | Mind to Mind-Matter | ၃၁၁ |
| ၄၀။ | ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား | ၃၁၁ |
| | **၁၈ – မဂ္ဂပစ္စယော** | |
| ၁။ | လမ်းဟူသော ထွက်မြောက်တတ်သောသဘောဖြင့် ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည် | ၃၁၂ |
| ၂။ | ပညာမဂ္ဂင် ၂-ပါး | ၃၁၃ |
| ၃။ | သီလမဂ္ဂင် ၃-ပါး | ၃၁၃ |
| ၄။ | သမ္မာအာဇီဝမကျသည့် စီးပွားရေးလုပ်ငန်းများ ၁၂-ပါး | ၃၁၃ |
| ၅။ | သမာဓိမဂ္ဂင် (၃) ပါး | ၃၁၄ |
| ၆။ | မိစ္ဆာမဂ္ဂင်လမ်းအမှား (၄)ပါး | ၃၁၄ |
| ၇။ | ပဉ္စင်္ဂိကမဂ်နှင့် အဋ္ဌင်္ဂိကမဂ် | ၃၁၄ |
| ၈။ | ရဟန်းသီလကို ဆင်ခြင်၍ဖြစ်လာသည့် ပီတိကို ဝိပဿနာ ရှုပွားသည် | ၃၁၅ |
| ၉။ | သီလသည် သမာဓိနှင့်ပညာ ဖြစ်ရေး၌ ပဓာန | ၃၁၆ |
| ၁၀။ | မြွေကြီးတစ်ကောင်နှင့် တစ်မိုးအောက်၌နေရသည့် ရဟန်း၏ သီလဆိုင်ရာ သံသယ | ၃၁၇ |
| ၁၁။ | သမ္မာဒိဋ္ဌိ အမျိုးမျိုး | ၃၁၉ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၂။ | အတ္တဒိဋ္ဌိနှင့် သက္ကာယဒိဋ္ဌိ ကမ္မဿကတာ သမ္မာဒိဋ္ဌိ | ၃၂၀ |
| ၁၃။ | မိစ္ဆာဒိဋ္ဌိလည်း မဂ္ဂင်ထိုက်ပါသည် | ၃၂၀ |
| ၁၄။ | ပဋ္ဌာန်းထဲက မဂ္ဂပစ္စည်းမှာ သမ္မာနှင့် မိစ္ဆာဟူ၍ရှိသည် | ၃၂၁ |
| ၁၅။ | ကောကာလိက လျှောက်လှမ်းခဲ့သည့် မိစ္ဆာမဂ္ဂင်လမ်း | ၃၂၂ |
| ၁၆။ | စိဉ္စမာန လျှောက်လှမ်းခဲ့သည့် မိစ္ဆာမဂ္ဂင်လမ်း | ၃၂၃ |
| ၁၇။ | ဘုရားရှင်၏ ဦးရီတော် သုပ္ပဗုဒ္ဓ လျှောက်လှမ်းခဲ့သည့် မိစ္ဆာမဂ္ဂင်လမ်း | ၃၂၃ |
| ၁၈။ | နန္ဒလုလင် လျှောက်လှမ်းခဲ့သည့် မိစ္ဆာမဂ္ဂင်လမ်း | ၃၂၄ |
| ၁၉။ | မပြစ်မှားကောင်းသူကို ပြစ်မှားမိပါလျှင် | ၃၂၄ |
| ၂၀။ | မဂ္ဂသစ္စာ | ၃၂၄ |
| ၂၁။ | လုပ်ငန်းခွင်၌ ပျံ့လွန်တော်မူသည့် ရဟန်း | ၃၂၅ |
| ၂၂။ | ပျံ့လွန်တော်မူပြီး တာဝတိံသာ နတ်ပြည်ရောက် | ၃၂၅ |
| ၂၃။ | ဘဝခြားသွားသော်လည်း နတ်ဘဝရောက်နေမှန်း မသိသေး | ၃၂၆ |
| ၂၄။ | နတ်ပြည်ရောက်လို့ နှလုံးမသာမယာဖြစ်နေရှာတဲ့ သမဏနတ်သား | ၃၂၇ |
| ၂၅။ | ဘုရားရှင်ထံပါး နတ်သားလျှောက်ထား | ၃၂၇ |
| ၂၆။ | မဂ္ဂင်ရထားဖြင့် အလျင်အမြန် ထွက်ပြေးပါနတ်သား | ၃၂၈ |
| ၂၇။ | မြတ်စွာဘုရား ညွှန်ကြားတော်မူလေ့ရှိသည့် တရားအစဉ် | ၃၂၈ |
| ၂၈။ | ရဟန်းဘဝမှ နတ်ဘဝသို့ ရောက်နေပါလျက် သီလမပျက် | ၃၂၉ |
| ၂၉။ | စေတသိကဝီရိယနှင့် ကာယိကဝီရိယ | ၃၂၉ |
| ၃၀။ | မဂ္ဂင်ရထားက လူများစေကာမူ အသံမမြည်ပါ | ၃၃၀ |
| ၃၁။ | ဟိရီနှင့် ဩတ္တပ္ပက ဝိပဿနာမဂ္ဂင်ရထားရဲ့ နောက်မှီခုံ | ၃၃၀ |
| ၃၂။ | မဂ္ဂင်ရှစ်ပါး ယာဉ်ရထားနှင့် နိဗ္ဗာန်ရောက်တယ် | ၃၃၂ |
| ၃၃။ | ဂါထာ သုံးပုဒ်အတွက် ဆောင်ပုဒ် | ၃၃၃ |
| ၃၄။ | ဝိပဿနာတရား အားထုတ်နေသူတို့အတွက် အားတက်စရာ | ၃၃၃ |
| ၃၅။ | သာသနာတွင်း တရားထူးရခြင်း | ၃၃၄ |
| ၃၆။ | မသိငါးပါး | ၃၃၄ |
| ၃၇။ | မာတုပေါသကဇာတ်တော် | ၃၃၅ |
| ၃၈။ | ကာမဝစရကုသိုလ်နှင့် မဂ္ဂင်ထိုက်သည့် ကုသိုလ် | ၃၃၆ |
| ၃၉။ | သီလသည်သာ သမာဓိ၊ ပညာ၏ အခြေခံ | ၃၃၆ |
| ၄၀။ | သမာဓိ၏ အကျိုးအာနိသင် | ၃၃၇ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၁။ | စိတ်ကို အစိုးမရသူ အရူးနှင့် တူသည် | ၃၃၈ |
| ၄၂။ | တရားနာရသည့်အကျိုး | ၃၄၀ |
| ၄၃။ | သမ္မာဝါယာမ = သမ္မပ္ပဓာန် ၄ ပါး = Right Effort | ၃၄၀ |
| ၄၄။ | မှတ်သားရန်လင်္ကာ | ၃၄၀ |
| ၄၅။ | ဝိပဿနာ အားထုတ်နေသည့်ယောဂီများ မှတ်ရန်ဆယ့်တစ်တန် | ၃၄၁ |
| ၄၆။ | ဤသာသနာတော်သည် ရှေးဘုန်း၊ ရှေးကံ အသိဉာဏ်နှင့် သဒ္ဓါတရားရှိသူတို့အတွက်သာ | ၃၄၁ |
| ၄၇။ | ကုသိုလ်၊ အကုသိုလ်အကြောင်း သိကောင်းစရာ | ၃၄၁ |
| ၄၈။ | မှတ်ရန်လင်္ကာ | ၃၄၂ |
| ၄၉။ | ကုသိုလ်၏ လက္ခဏာ | ၃၄၃ |
| ၅၀။ | အကုသိုလ်၏ လက္ခဏာ | ၃၄၃ |
| ၅၁။ | ကုသိုလ်၊ အကုသိုလ်၊ ဝိပါက် ကြိယာ အဗျာကတ | ၃၄၃ |
| ၅၂။ | သုတမယ အနုမာနသိဒ္ဓိ | ၃၄၄ |
| ၅၃။ | စိန္တာမယ အနုမာနသိဒ္ဓိ | ၃၄၄ |
| ၅၄။ | ဘာဝနာမယ အနုမာနသိဒ္ဓိ | ၃၄၅ |
| ၅၅။ | မဂ်ဉာဏ်က ကိလေသာကို ပယ်သတ်သည် | ၃၄၅ |
| ၅၆။ | မဂ္ဂင်လမ်း၏ အမည်ကွဲများ | ၃၄၅ |
| ၅၇။ | မဂ္ဂပစ္စည်း၏ သင်္ချာ | ၃၄၅ |
| ၅၈။ | Mind to Mind-Matter | ၃၄၆ |
| ၅၉။ | ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား | ၃၄၆ |
| ၆၀။ | သဟဇာတအငယ်ပစ္စည်း ၇-ပါး | ၃၄၆ |
| | **၁၉ – သမ္ပယုတ္တပစ္စယော** | |
| ၁။ | ယှဉ်သောအားဖြင့် ကျေးဇူးပြုတတ်သောပစ္စည်း ဖြစ်ပါသည် | ၃၄၇ |
| ၂။ | စိတ် စေတသိက်တို့၏ သဘာဝ | ၃၄၈ |
| ၃။ | ရုပ်တရားတို့၏ သဘာဝ | ၃၄၈ |
| ၄။ | ပစ္စည်း သုံးတွဲ၊ ခြောက်ပါး | ၃၄၉ |
| ၅။ | သမ္ပယုတ္တပစ္စည်း၏ သင်္ချာ | ၃၄၉ |
| ၆။ | Mind to Mind | ၃၅၀ |
| ၇။ | ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား | ၃၅၀ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **၂၀ – ဝိပ္ပယုတ္တပစ္စယော** | |
| ၁။ | မယှဉ်သောအားဖြင့် ကျေးဇူးပြုတတ်သောပစ္စည်း ဖြစ်ပါသည် | ၃၅၁ |
| ၂။ | မပေါင်း၊ မစပ်၊ မရောခြင်းကပင် ကျေးဇူးပြုခြင်းတည်း | ၃၅၂ |
| ၃။ | သမ္ပယုတ္တမဖြစ် ဝိပ္ပယုတ္တသဘောသာရှိ | ၃၅၃ |
| ၄။ | ပဋ္ဌာန်းပဉ္စဝါရအဖွင့် | ၃၅၃ |
| | ၁- ဝတ္ထုပုရေဇာတဝိပ္ပယုတ္တပစ္စည်း | ၃၅၄ |
| | ၂- ပစ္ဆာဇာတဝိပ္ပယုတ္တပစ္စည်း | ၃၅၄ |
| | ၃- သဟဇာတဝိပ္ပယုတ္တပစ္စည်း | ၃၅၅ |
| ၅။ | ဝိပ္ပယုတ္တပစ္စည်း၏ သင်္ချာ | ၃၅၅ |
| ၆။ | (Mind-matter to Mind-matter) (Matter to Mind) (Mind to Matter) | ၃၅၆ |
| ၇။ | ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား | ၃၅၆ |
| | **၂၁–အတ္ထိပစ္စယော** | |
| ၁။ | ပစ္စုပ္ပန်သဘောဖြစ်ပြီး ထင်ရှားရှိသောအားဖြင့် ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည် | ၃၅၇ |
| ၂။ | အတ္ထိ၏အဓိပ္ပာယ် | ၃၅၈ |
| ၃။ | သတ္တိနှစ်မျိုး | ၃၅၈ |
| ၄။ | အတ္ထိပစ္စည်း၏ မျိုးကွဲများ | ၃၅၈ |
| ၅။ | (ဇာတသုံးပါး) သဟဇာတ၊ ပုရေဇာတ၊ ပစ္ဆာဇာတ | ၃၆၀ |
| ၆။ | နှစ်ဆယ့်လေးသွယ်၊ ပဋ္ဌာန်းဝယ်၊ အဘယ်ပစ္စည်း ကျယ်သနည်း | ၃၆၀ |
| ၇။ | ၂၄- ပစ္စည်း ပါဝင်နေပုံ ခွဲခြမ်းပြခြင်း | ၃၆၁ |
| ၈။ | အတ္ထိပစ္စည်း၏ အပိုင်း ၇-ပိုင်း | ၃၆၂ |
| ၉။ | အတ္ထိပစ္စည်းနှင့် ယထာဘူတဉာဏ် | ၃၇၀ |
| ၁၀။ | ပရပတ္တတရားကို မမြင်နိုင်ရန် ဖုံးကာထားသည့်တရားများ | ၃၇၁ |
| | * ၁ - နာမပညတ် | ၃၇၁ |
| | * ၂ - သန္တတိပညတ် | ၃၇၁ |
| | * ၃ - သမူဟပညတ် | ၃၇၂ |
| | * ၄ - သဏ္ဌာနပညတ် | ၃၇၂ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁။ | ပရမတ်ကွယ်သောကြောင့် ကိလေသာဖြစ်ကြသည် | ၃၇၂ |
| ၁၂။ | အတ္ထိပစ္စည်း၏ ဝိပဿနာအမြင်ကိုပြခြင်း | ၃၇၃ |
| ၁၃။ | သီလ သမာဓိ ပညာဖြင့် အကုသိုလ်ပယ်ခြင်း | ၃၇၄ |
| ၁၃။ | နိဗ္ဗာန်သည် အတ္ထိပစ္စည်းမထိုက်ပါ | ၃၇၄ |
| ၁၄။ | အတ္ထိပစ္စည်း၏ သင်္ချာ | ၃၇၅ |
| ၁၅။ | ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား | ၃၇၅ |
| | **၂၂-နတ္ထိပစ္စယော** | |
| ၁။ | ချုပ်ပျောက်သောအားဖြင့် မရှိသောအားဖြင့် နောက်ဖြစ်သော နာမ်တရားတို့အား ဖြစ်ခွင့်ပေးလျက် ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည် | ၃၇၇ |
| ၂။ | နတ္ထိပစ္စည်းနှင့် အတ္ထိပစ္စည်း | ၃၇၈ |
| ၃။ | သေခါနီးလေ အလုပ်ပိုလုပ်ရလေ | ၃၇၈ |
| ၄။ | နေရောင်ကွယ်၍ လရောင်လင်းသည့်ပမာ | ၃၇၉ |
| ၅။ | မြစ်ရေအလျဉ်ပမာ | ၃၈၀ |
| ၆။ | နတ္ထိနှင့် ဝိဂတ၊ အတ္ထိနှင့် အဝိဂတတို့သည် အရတူနှစ်မျိုးပမာ | ၃၈၀ |
| ၇။ | သဘောလက္ခဏာ တူညီသော်လည်း သတ္တိကား မတူညီ | ၃၈၁ |
| ၈။ | ပုဂ္ဂလဇ္ဈာသယအားဖြင့် ဟောတော်မူသည် | ၃၈၁ |
| ၉။ | အနန္တရမျိုးဖြစ်သည့် နတ္ထိပစ္စည်း | ၃၈၁ |
| ၁၀။ | အနန္တရနှင့် နတ္ထိတို့၏ ထူးခြားချက် | ၃၈၂ |
| ၁၁။ | စိတ္တနိယာမအစဉ် Mental Process | ၃၈၂ |
| ၁၂။ | အဘိဓမ္မာတရား ဟောကြားပုံမှာ | ၃၈၃ |
| ၁၃။ | နတ္ထိပစ္စည်း၏ သင်္ချာ | ၃၈၃ |
| ၁၄။ | Mind to Mind | ၃၈၄ |
| ၁၅။ | ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား | ၃၈၄ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **၂၃ – ဝိဂတပစ္စယော** | |
| ၁။ | ကင်းကွာသောအားဖြင့် ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည် | ၃၈၅ |
| ၂။ | ဆရာမြတ်တို့၏ အမြင် | ၃၈၆ |
| ၃။ | နတ္ထိပစ္စည်းနှင့် ဝိဂတပစ္စည်းအထူး | ၃၈၇ |
| ၄။ | ဝိဂတပစ္စည်း၏ သချ်ာ | ၃၈၇ |
| ၅။ | Mind to Mind | ၃၈၈ |
| ၆။ | ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား | ၃၈၈ |
| | **၂၄ – အဝိဂတပစ္စယော** | |
| ၁။ | မကင်းကွာသောအားဖြင့် ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည် | ၃၈၉ |
| ၂။ | အတ္ထိနှင့် အဝိဂတ အဓိပ္ပာယ်ရှင်းလင်းချက် | ၃၉၀ |
| ၃။ | အဝိဂတပစ္စည်းနှင့် အတ္ထိပစ္စည်းက သဘောချင်းတူညီ | ၃၉၁ |
| ၄။ | အဝိဂတပစ္စည်း၏ မျိုးကွဲများ | ၃၉၁ |
| ၅။ | အဝိဂတပစ္စည်း၏ သချ်ာ | ၃၉၂ |
| ၆။ | ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား | ၃၉၃ |
| ၇။ | နိဂုံးဆုတောင်း | ၃၉၄ |
| ၈။ | သင်တန်းသူ သင်တန်းသားတို့၏ လျှောက်ထားစာများ | ၄၀၁ |
| ၉။ | မှီငြမ်းကိုးကားသည့် ကျမ်းစာအုပ်များ | ၃၁၅ |


## ရည်ရွယ်ချက်နှင့် ပန်ကြားလွှာ

ဤပဋ္ဌာန်းတရားတော်နှင့် ကျွန်ုပ်တို့၏ နေ့စဉ်ဘဝ (Daily life Patthana) စာအုပ်သည် ပဋ္ဌာန်းပညာရှင်၊ ပါဠိပညာရှင် Patthana Pali scholar များကို မရည်ရွယ်ဘဲ ပါဠိစာပေနှင့် ဝေးနေသည့် ခေတ်ပညာတတ်များအတွက်သာ ရည်ရွယ်၍ ရေးသားထားခြင်း ဖြစ်ပါသည်။

ခက်ခဲနက်နဲသည့် ပဋ္ဌာန်းကျမ်းကို လူအများနားလည်စေရန် ရေးသားရာတွင် စွမ်းအားရှိသမျှကြောင့်ကြစိုက်ကာ ကြိုးပမ်းထားပါသော်လည်း ပညာရှင်များ၏ အမြင်တွင် ချွတ်ချော်တိမ်းပါးမှု တစ်စုံတစ်ရာများ မြင်တွေ့မိပါက ပြင်ဆင်ဖတ်ရှုပေးတော်မူပါရန် ပန်ကြားအပ်ပါသည်။

"ပဋ္ဌာန်းတရားတော်နှင့် ကျွန်ုပ်တို့၏ နေ့စဉ်ဘဝ" စာအုပ်၏ စာမူကြမ်းကို မော်ဘီ သာသနာ့ဝန်ဆောင် ပဓာနနာယကဆရာတော် ဦးစန္ဒသိရီ (ဓမ္မာစရိယ၊ ဝိနယဝိဒူ)၊ ရန်ကုန် မဟာဝိသုဒ္ဓါရုံရွှေကျောင်တိုက်သစ်၏ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တသိရီကဥ္စနာ ဘိဝံသ (အဂ္ဂမဟာအကျော်၊ ဒွိပိဋကဓရ၊ ပါဠိပါရဂူ၊ ပိဋကတ္တယပါရဂူ)နှင့် ပြင်ဦးလွင်မြို့၊ တပ်ဦးမဟာဂန္ဓာရုံကျောင်းတိုက်၏ ပဓာနနာယကဆရာတော် ဒေါက်တာဉာဏောဘာသ (M.A, Ph.D) အရှင်သူမြတ်တို့၏ မူလပဓာနသာသနာ့တာဝန် များပြားနေသည့်ကြားက ရသည့်အချိန်တိုကလေးကို မရမကယူကာ ပဋ္ဌာန်းစာမူကြမ်းကို ဖတ်ရှု ပေးတော်မူပြီး ပုဒ်ထီး၊ ပုဒ်မထားသိမှုကအစ၊ စာလုံးပေါင်း၊ သတ်ပုံအမှားအယွင်း၊ ပါဠိသဒ္ဒါရေး ရှုထောင့်တို့ကိုပါ မခြွင်းမချန် စစ်ဆေးပြုပြင် တည့်မတ်ပေးတော်မူခဲ့ပါသဖြင့် ကျေးဇူး ဥပကာရတင်ရှိပါသည်ဘုရား။

စာမူကြမ်းများကို ဖတ်ရှုကာ ကျမ်းညွှန်းများ တိုက်ဆိုင် စစ်ဆေးပေးတော် မူခဲ့သည့် ရန်ကင်းတောရကျောင်းမှ စာသင်သား တပည့်များဖြစ်ကြသော ဦးစန္ဒိမာ၊ ဦးဓမ္မရုစ၊ ဦးဉာဏောဘာသနှင့် ဦးကုသလတို့အားလည်းကောင်း၊ စာမျက်နှာ (၄၇၀) ကျော် ရှိသည့် ဤပဋ္ဌာန်းကျမ်းစာအုပ်၏ လက်ရေးစာမူမှသည် ကွန်ပျူတာစာမူချော ထွက်ပေါ်လာသည့်အထိ အဆင့်ဆင့် ဖတ်ရှုပြင်ဆင်နိုင်ရန် ၅-ကြိမ်တိုင်တိုင် Proof ထုတ်ကာ Hard copy , Soft copy များ ပုံနှိပ်နိုင်သည့်အထိ စိတ်ရှည်စွာ ဆောင်ရွက် ပေးခဲ့ကြသည့် ရန်အောင်မြင်တောရကျောင်း (မြို့တော်ဝန်ကျောင်း)၏ ရုံးခန်းမှ တာဝန်ခံဆရာလေး ဒေါ်ကုသလာ၊ ဒေါ်ဝိမလာနှင့် ရုံးအဖွဲ့အားလည်း ကျေးဇူးဥပကာရ တင်ရှိပါသည်။

ဆက်လက်ပြီး ပဋ္ဌာန်းတရားတော် လေ့လာနိုင်ရန် တိမ်မြုပ်ပျောက်ကွယ် နေသည့် ရှားပါးကျမ်းစာအုပ်များစွာကို ရှာဖွေလှူဒါန်းပြီး ပဋ္ဌာန်းတရားတော်ကို လက်တွေ့ အသုံးချ Applied Method နည်းဖြင့် လေ့လာဆည်းပူးနိုင်ရန် ကူညီပေးခဲ့သည့် (World-wide Patthana Dhamma Conference) ၏ ပဋ္ဌာန်းစာတမ်းရှင် အင်ဂျင်နီယာ ဒါယကာ ဦးအုန်းကျော် (B.E Electrical Power) နှင့် ဒါယိကာမ ဒေါ်မြမဥ္ဇူထွန်းတို့အား ကျေးဇူး ဥပကာရတင်ရှိပါသည်။

အရှင်ခေမာနန္ဒ (ရန်ကင်းတောရ-သပြေပင်)
နေပြည်တော်၊ ဒက္ခိဏသီရိမြို့

## ဒေါက်တာဉာဏောဘာသ (M.A,Ph.D) ၏အမှာစကား

' Buddhism in Myanmar. A Short History ' စာအုပ်တွင် စာရေးသူ Roger Bischoff က (၁၉၅၄)မှ (၁၉၅၆) ခုနှစ်အထိ မြန်မာနိုင်ငံတွင် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးကို ခြိမ့်ခြိမ့်သဲ ကျင်းပနိုင်ခဲ့ခြင်းနှင့် ကမ္ဘာ့နိုင်ငံအတော်များများ ကျင့်သုံးနေသော ဝိပဿနာတရားအားထုတ် နည်းများသည် မြန်မာနိုင်ငံ၏ ကိုယ်ပိုင်နည်းစနစ်များ ဖြစ်ခြင်းကြောင့် မြန်မာနိုင်ငံသည် ကမ္ဘာ့အလယ်တွင် ထင်ရှားလာကြောင်း ဖော်ပြထားသည်၊ ထို့ပြင် ထေရဝါဒဗုဒ္ဓသာသနာ တော်မြတ်ကြီး မြန်မာနိုင်ငံတွင် အဆင့်ဆင့် ရင့်ကျက်မြင့်တက်လာပုံကိုလည်း ရာစုနှစ် အလိုက် သုံးသပ်ပြထားသည်။

A.D (၁၁)ရာစုတွင် "ဓမ္မဒဿီ" ဘွဲ့တော်ရ "ရှင်အရဟံ" အရှင်မြတ်ကြီးနှင့် သာသနာ့ ဒါယကာ "အနော်ရထာ" မင်းမြတ်တို့က ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီးကို ကျင့်သုံး လိုက်နာရန် လွယ်ကူသော ဇာတ်နိပါတ် သုတ္တန်ပိဋကတ်တော်များကို အသုံးပြု၍ ပြည်သူ တို့၏ နှလုံးအိမ်ဝယ် မျိုးစေ့ချ ပြုစုပျိုးထောင်ပေးခဲ့ကြသည်။

A.D (၁၄)ရာစု ရောက်သောအခါ "ဓမ္မစေတီ" မင်းမြတ်သည် သာသနာတော်ကို သန့်ရှင်းစင်ကြယ်စေရန် ရည်သန်၍ ရဟန်းတော် နှစ်ကျိပ်နှစ်ပါးတို့အား သီဟိုဠ်နိုင်ငံသို့ သင်္ဘောလှေများဖြင့် ပို့ဆောင်ကာ ကလျာဏီသိမ်တော်၌ ရဟန်းပြန်၍ခံစေလျက် ဝိနည်း ပိဋကတ်တော်လာ စည်းကမ်း သိက္ခာပုဒ်များကို တောက်ကြွား ဝင့်ထည်စေခဲ့ပြန်သည်။

A.D (၁၇)ရာစု ပင်းယနှင့် အင်းဝခေတ် မင်းမြတ်တို့၏ လက်ထက်တွင် ပိဋကတ် အကျော်အမော်ဆရာတော်များသည် အဘိဓမ္မာပိဋကတ်တော်များကို အထူးဦးစားပေးကာ အရောင်ဝင်း၍ အလင်းဖြာစေခဲ့ပြန်သည်။ အဘိဓမ္မာ၏ အထောက်အပံ့ရ၍ မြန်မာစကား သည် ဖွံ့ဖြိုးတိုးတက်လာပြီး နက်နဲသော အဘိဓမ္မာသဘောများကို ဖော်ကျူးနိုင်သော ပါဠိ အသုံးများဖြင့် ကြွယ်ဝလာသည်။

အဘိဓမ္မာကြောင့် မြန်မာတို့၏ လူနေမှုဘဝသည် ပြောင်းလဲရုံမျှမက ဝိပဿနာ တရား၏ အခြေခံဖြစ်သော အသိခက်သော ရုပ်သဘာဝ နာမ်သဘာဝများကိုလည်း ခွဲခြမ်း စိတ်ဖြာ လေ့လာရှုပွားတတ်လာသည်။ မြန်မာပြည်တွင် ယနေ့ထက်တိုင် ဝိပဿနာတရား ရှုပွားနည်းများ ပြန့်ပွားတိုးတက်နေသည်မှာ အဘိဓမ္မာကြောင့်ပင်တည်း။

မြန်မာတို့သည် အဘိဓမ္မာ (၇)ကျမ်းတွင် ပဋ္ဌာန်းကျမ်းတော်ကြီးကို အလွန်တန်ဖိုး ထားသည်၊ (၂၄)ပစ္စည်း ပုံနှိပ်ထားသော ယပ်တောင်များ၊ ပြက္ခဒိန်များ၊ ဗီနိုင်းပိုစတာများ၊ ကလေးငယ်များ၏ ပဋ္ဌာန်း (၂၄)ပစ္စည်း ဆိုသံများ၊ ပဋ္ဌာန်း (၂၄)ပစ္စည်းဆို၍ နံနက် (၄)နာရီ အုံးမောင်းခေါက်သံများ၊ နေရာတိုင်း မြင်ရ ကြားရသည်။

သာသနာကွယ်ကြောင်း (၅)မျိုးအရ ပဋ္ဌာန်းတရားတော်သည် ခက်ခဲနက်နဲသောကြောင့် ပရိယတ္တိအန္တရဓာနအဖြစ် အစဆုံးကွယ်သောကျမ်း မဖြစ်စေရန် ရှင်ရောလူပါ ကြိုးစားသင်ယူကြသဖြင့် ပဋ္ဌာန်းဉာဏ်ရောင် တောက်ပြောင်သောခေတ်သို့ ရောက်နေလေပြီ၊ ယနေ့ခေတ်တွင် ရဟန်းတော်များသာမက လူပုဂ္ဂိုလ်များပါ ပဋ္ဌာန်းတရားတော်ကို ကျွမ်းကျင်စွာ ပို့ချနိုင်လေပြီ။

ယခုအခါ ပဋ္ဌာန်းကို လေ့လာသူ ပေါများလာသလောက်၊ တတ်မြောက်သူတို့ ရေးသားဖွင့်ဆိုသော ပဋ္ဌာန်းအဖွင့်ကျမ်းတို့ကလည်း များသည်။ အခြားသော အဖွင့်ကျမ်းများရှိစေကာမူ ကျမ်းအသစ်တို့ကို ရေးသင့်က ရေးရမည်သာ ဖြစ်သည်။ ကျေးဇူးတော်ရှင် အဘယာရာမဆရာတော်ဘုရားကြီး၏ မောဂ္ဂလာန်သဒ္ဒါကျမ်းကြီးသည် ကစ္စည်းကျမ်းထက် များစွာ စုံလင်သော်လည်း လက်ရှိပုဂ္ဂိုလ်အများ လေးစားသင်ယူကြရာ၌ လွယ်လွယ်ကူကူ အချိန်မကြာစေဘဲ ပေါက်ရောက်စေလို၍ ကစ္စည်းဘာသာဋီကာကျမ်းကို ရေးသားရကြောင်း ဘာသာဋီကာကျမ်းပြုအကျော် အမရပူရ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးက ကျမ်းအခြေခံနိဒါန်း၌ ဆိုထားသည်။

'သင်္ဂါမေ သူရ, မိစ္ဆိတ္တိ၊ ပ၊ အတ္ထကိစ္စေသု ပဏ္ဍိတံ၊ စစ်မြေ၌ ရဲစွမ်း ရှိသူကို လိုအပ်သည်။ ခက်ခဲသောအရေးအရာ၌ ပညာရှိကို လိုအပ်သည်' ဟုသာ ရှုမြင်ပါသည်၊ ထို့ကြောင့် အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) သည်လည်း ပဋ္ဌာန်းနှင့်ပတ်သက်လျှင် လိုအပ်သော ပညာရှင်ဟု ဆိုချင်ပါသည်။ စာရေးအလွန်ကောင်းသူတည်း။ အဘယ့်ကြောင်းနည်း။ သာတ္ထဂုဏ်၊ သဗျဉ္ဇနဂုဏ်နှင့် ပြည့်စုံအောင် ရေးတတ်သောကြောင့်တည်း။

သာတ္ထဂုဏ်ဟူသည် - ပဋ္ဌာန်းအကြောင်းရေးလျှင် ပဋ္ဌာန်းနှင့်ဆိုင်သော အကြောင်းအရာများ အပြည့်အစုံပါဝင်နေသည်ကို သာတ္ထဟု ဆိုသည်။ သဗျဉ္ဇနဂုဏ်ဟူသည် - ပြောပြလိုရာ အနက်အဓိပ္ပာယ်ကို စကားပရိယာယ် အမျိုးမျိုးလှယ်၍ ပြောပြသဖြင့် ဖတ်ရှုသူတို့ နားလည်လောက်အောင် စကားလုံးသဒ္ဒါတွေ စုံလင်နေခြင်းကို သဗျဉ္ဇနဟု ဆိုသည်။

ထိုဂုဏ်နှစ်ပါးပေါ်လွင်အောင် ရေးသားနိုင်သောကြောင့် စာရေးကောင်းသော အရှင်ခေမာနန္ဒ (ရန်ကင်းတောရ)၏ "ပဋ္ဌာန်းတရားတော်နှင့် ကျွန်ုပ်တို့၏ နေ့စဉ်ဘဝ" ဟူသော ပဋ္ဌာန်းကျမ်းစာအုပ် မိမိလက်ထဲရောက်၍ ဖတ်လိုက်ရသောအခါ သိသလိုလိုနဲ့ မိမိမသိသေးတာတွေကို တိုး၍သိလာရသည်။ သိထားတာတွေ ပို၍ရှင်းသွားသည်။ ထို့ကြောင့် မိမိသည် စာသမားစာချဘုန်းကြီး တစ်ပါးဖြစ်၍ စာစကားဖြင့်သာ မဆိုစကောင်း ဆိုစကား ဆိုလိုက်ချင်ပါသည်။

၁။ *နိကုဇ္ဇိတံ ဝါ ဥက္ကုဇ္ဇေယျ* - မှောက်ထားသော အိုးခွက်ကို လှန်ပြလိုက်သကဲ့သို့လည်းကောင်း၊

၂။ *ပဋိစ္ဆန္နံ ဝါ ဝိဝရေယျ* - ဖုံးကွယ်နေသာအရာကို ဖွင့်လှစ်ပြလိုက်သကဲ့သို့လည်းကောင်း၊

၃။ *မူဠှဿ ဝါ မဂ္ဂံ အာစိက္ခေယျ* - မျက်စိလည် လမ်းမှားနေသူကို လမ်းမှန်ညွှန်ပြလိုက်သကဲ့သို့လည်းကောင်း၊

၄။ *အန္ဓကာရေ ဝါ တေလပဇ္ဇောတံ ဓာရေယျ၊ စက္ခုမန္တော ရူပါနိ ဒက္ခန္တိ* - "မျက်စိကောင်းသူတွေ မြင်စရာအရာဝတ္ထုများကို မြင်ကြပါစေ" ဟု ညဥ့်အမှောင်၌ဆီမီးတန်ဆောင်ကို ထွန်းညှိပြလိုက်သကဲ့သို့လည်းကောင်း မိမိ ခံစားရပါသည်။

နိဂုံးချုပ်အနေဖြင့် မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏ ပရမတ္ထသရူပဘေဒနီကျမ်း ဒုတိယတွဲ နိဂုံး၌ "*ရန်သူဝိုင်းထား, ထိုယောကျ်ားကား, ပြေးသွားဖို့ရာ, လမ်းပေါက်သာလျက်, ပြေးမထွက်, လမ်းတွက်မဟုတ်ချေ*"ဟု ရေးသားထားသကဲ့သို့ အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) သည်လည်း "ကျွန်ုပ်တို့၏ နေ့စဉ်ဘဝနှင့် ပဋ္ဌာန်းတရားတော်" ဟူသော ပဋ္ဌာန်းကျမ်းဖြင့် ဘဝ၏နေရမည့် နည်းမှန်ကိုလည်းကောင်း၊ လျှောက်ရမည့် လမ်းမှန်ကို လည်းကောင်း ပြထားလေပြီ။ စာရှုသူများ အရှင်ခေမာနန္ဒ (ရန်ကင်းတောရ)၏ ပဋ္ဌာန်းကျမ်း၌ ညွှန်ပြထားသော နည်းမှန်အတိုင်းနေ၍ လမ်းမှန်အတိုင်း လျှောက်လှမ်းနိုင်ပါစေဟု ဆန္ဒပြုပါသည်။

ဒေါက်တာဉာဏောဘာသ (M.A, Ph.D)
ပဓာနနာယကဆရာတော်
တပ်ဦးမဟာဂန္ဓာရုံကျောင်းတိုက်
ပြင်ဦးလွင်

# ကျမ်းဦးစကား

ပဋ္ဌာန်းကျမ်းသည် အလွန် သိမ်မွေ့ခက်ခဲ နက်နဲလှတော့၏။ ဆရာမြတ်များထံပါးမှ နည်းကောင်းရလျှင် စိတ်ရှင်ကိုယ်ပျော်စွာဖြင့် ဒေသနာတော်ကိုလည်း ကြည်ညိုမဆုံး၊ ဒေသကဖြစ်တော်မူသော ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်မြတ်ကိုလည်း ကြည်ညိုပြီး ပဋ္ဌာန်းသင်ယူရသည်ကို သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ တိုးပြီး စိတ်ဝယ်ကြည်ရွှင် အေးမြကာ ဝမ်းသာမဆုံး ဖြစ်ရတော့၏။

ထို့ကြောင့် ပဋ္ဌာန်းတရားတော်၏ ကျယ်ဝန်းနက်နဲပုံကို လေ့လာနိုင်ရန် ဦးစွာ ပဋ္ဌာန်း၏ လမ်းညွှန်မြေပုံ Road Map ကို သိထားရန် လိုအပ်မည် ဖြစ်ပါသည်။ Road Map သိထားသူအဖို့ ပဋ္ဌာန်းကျမ်းစာအုပ် ၅-အုပ်ကို ကိုးကားထောက်ထားပြီး ပဋ္ဌာန်းတရားတော်ကြီး၏ ကျယ်ဝန်းနက်နဲပုံကို မှန်းဆကာ မိမိဉာဏ်ရှိသမျှ ကြည်ညိုနိုင်ကြမည် ဖြစ်ပါသည်။

# ပဋ္ဌာန်းဟောရိုးစဉ်

မြတ်စွာဘုရားရှင်သည် ဥဒ္ဒေသကို ဟောတော်မူပြီးသည့်နောက်၌ နိဒ္ဒေသကို ဟောတော်မူပါသည်။ ထိုနိဒ္ဒေသကို ဟောတော်မူသည့်နောက်၌ ပုစ္ဆာဝါရ၊ ဝိဘင်္ဂဝါရ၊ သဇ္ဈာဝါရ ဟူ၍ သုံးပါးရှိရာ ထိုသုံးပါးတို့တွင် ပုစ္ဆာဝါရကို ရှေးဦးစွာ ဟောတော်မူပါသည်။

ထိုပုစ္ဆာဝါရ၌လည်း တိကပဋ္ဌာန၊ ဒုကပဋ္ဌာန၊ ဒုကတိကပဋ္ဌာန၊ တိကဒုကပဋ္ဌာန၊ တိကတိကပဋ္ဌာန၊ ဒုကဒုကပဋ္ဌာန ဟူ၍ ခြောက်ပါးရှိရာ တိကပဋ္ဌာနကို ရှေးဦးစွာ ဟောတော်မူပါသည်။

ထို၌လည်း ဓမ္မအနုလောမ၊ ဓမ္မပစ္စနိက်၊ ဓမ္မအနုလောမပစ္စနိက်၊ ဓမ္မပစ္စနီယာနုလောမ ဟူ၍ နည်းလေးပါးရှိရာ ဓမ္မအနုလောမကို ရှေးဦးစွာ ဟောတော်မူပါသည်။

ထို၌လည်း ကုသလတိက်၊ ဝေဒနာတိက် စသည်အားဖြင့် (၂၂) တိက်ရှိရာ ကုသလတိက်ကို ရှေးဦးစွာ ဟောတော်မူပါသည်။

ထို၌လည်း ပဋိစ္စဝါရ၊ သဟဇာတဝါရ၊ ပစ္စယဝါရ၊ နိဿယဝါရ၊ သံသဋ္ဌဝါရ၊ သမ္ပယုတ္တဝါရ၊ ပဉှာဝါရ စသည်အားဖြင့် ခုနစ်ပါးရှိရာ ပဋိစ္စဝါရကို ရှေးဦးစွာ ဟောတော် မူပါသည်။

ထို၌လည်း ပစ္စယအနုလောမ၊ ပစ္စယပစ္စနိက်၊ ပစ္စယအနုလောမပစ္စနိက်၊ ပစ္စယပစ္စနီယနုလောမ ဟူ၍ နည်းလေးပါးရှိရာ ပစ္စယအနုလောမကို ရှေးဦးစွာ ဟောတော်မူပါသည်။

ထို၌လည်း ဧကမူလက ဒုမူလက ဟူ၍ ပစ္စည်း (၂၄)တွဲ အပြားရှိရာ ဧကမူလကကို ရှေးဦးစွာ ဟောတော်မူသည်။

ထို့ပြင်လည်း ဟေတု၊ အာရမ္မဏ စသည်အားဖြင့် (၂၄)ပါး အပြားရှိရာ ဟေတုပစ္စည်းကို ရှေးဦးစွာ ဟောတော်မူပါသည်။

ထို့ပြင်လည်း ကုသလာပဒ၊ အကုသလာပဒ၊ ကုသလာ အကုသလာပဒ၊ ကုသလာ အဗျာကတပဒ၊ အကုသလာ အဗျာကတပဒ၊ ကုသလာ အကုသလာ အဗျာကတပဒ ဟူ၍ စသည်အားဖြင့် ခုနစ်ပါးရှိရာ ကုသလာပဒကို ရှေးဦးစွာ ဟောတော်မူပါသည်။

ထို့ပြင်လည်း ကုသလာပဒါဝါသန၊ အကုသလာပဒါဝါသန၊ အဗျာကတာပဒါဝါသန၊ ကုသလာ အကုသလာပဒါဝါသန၊ ကုသလာ အဗျာကတာပဒါဝါသန၊ အကုသလာ အဗျာကတာ ပဒါဝါသန၊ ကုသလာ အကုသလာ အဗျာကတာပဒါဝါသန ဟူ၍ စသည်အားဖြင့် ခုနစ်ပါး ရှိရာ ကုသလာပဒါဝါသနကို ရှေးဦးစွာ ဟောတော်မူပါသည်။ ဟောဟန်ကား -

*"သိယာ ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ"* ဟူသည်တည်း။

## ပဋ္ဌာန်းအကျဉ်းနှင့် မကျဉ်းမကျယ်တရားတော်

၁။ ပစ္စယုဒ္ဒေသ၌ ပဋ္ဌာန်း ၂၄-ပစ္စည်းကို 'ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိ ပစ္စယော' စသည်ဖြင့် အကျဉ်းအားဖြင့် ဟောတော်မူပါသည်။

၂။ ပစ္စယနိဒ္ဒေသ၌ ပဋ္ဌာန်း-၂၄ပစ္စည်းကို 'ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနဉ္စ ရူပါနံ ဟေတုပစ္စယေနပစ္စယော' စသည်ဖြင့် မကျဉ်းမကျယ် ဟောတော်မူပါသည်။ ဤပစ္စယုဒ္ဒေသဟူသော ပဋ္ဌာန်းအကျဉ်းနှင့် ပစ္စယနိဒ္ဒေသ ဟူသော ပဋ္ဌာန်းမကျဉ်းမကျယ်တို့ကို ဗုဒ္ဓဘာသာဝင်များက သဒ္ဓါတရား ထက်သန်စွာဖြင့် အာဂုံဆောင်ကာ ပူဇော်လေ့ ရှိကြပါသည်။

## တိက၊ ဒုကပဋ္ဌာန်း

မြတ်စွာဘုရားရှင်၏ နည်းသမုဒ္ဒရာ အနန္တနယဖြင့် ဟောကြားတော်မူသည့် ပဋ္ဌာန်း ကျမ်းပေါင်း = ၅၉၅၃၆ များစွာ ရှိသည့်အနက် ဦးစွာပဋ္ဌာန်း ၆-ကျမ်းကို ပြပါမည်။ ၎င်းတို့မှာ-

၁ - တိကပဋ္ဌာန်းကျမ်း

၂ - ဒုကပဋ္ဌာန်းကျမ်း

၃ - ဒုကတိကပဋ္ဌာန်းကျမ်း

၄ - တိကဒုကပဋ္ဌာန်းကျမ်း

၅ - တိကတိကပဋ္ဌာန်းကျမ်း နှင့်

၆ - ဒုကဒုကပဋ္ဌာန်းကျမ်း တို့ဖြစ်ပါသည်။

## နည်းနယ -၄ပါး

ပဋ္ဌာန်းတရားတော်ကို အောက်ပါနည်းနယ ၄-နည်းဖြင့် ဟောကြားတော်မူပါသည်။

(က) ပစ္စယာနုလောမနည်း (အနုလုံ) Affirmative type
(ခ ) ပစ္စယာပစ္စနီယနည်း (ပစ္စနိက်) Negative type
(ဂ ) ပစ္စယာနုလောမပစ္စနီယနည်း (အနုလုံပစ္စနိက်) Affirmative - Negative type
(ဃ) ပစ္စနီယာနုလောမနည်း (ပစ္စနိက်အနုလုံ) Negative- Affirmative type
တို့ဖြစ်ပါသည်။

## ပဋ္ဌာန်း ၂၄-ကျမ်း

ပဋ္ဌာန်းကျမ်း၂၄-ကျမ်း ရှိပါသည်။ သာမန်အားဖြင့် ပဋ္ဌာန်း ၂၄-ပစ္စည်းကိုပင် ၂၄-ကျမ်း ခွဲထားသည်ဟု ထင်မှတ်ဖွယ် ရှိပါသည်။ ဤသို့မဟုတ်ပါ၊ တိက၊ ဒုက စသည့် ပဋ္ဌာန်း ၆-ကျမ်းကို ဟောကြားတော်မူသည့် နည်းနယ ၄-နည်းဖြင့် မြှောက်ပွားသော် (၆ ကျမ်း × ၄ နည်း) = ၂၄ ကျမ်း ဖြစ်ပါသည်။

## ၂၂- တိက် နှင့် ဒုက်-၁၀၀ အကြောင်း

တိက A set of three ကို မြန်မာမှုပြုရာတွင် တိက်ဟုခေါ်ပြီး၊ ဒုက A set of two ကိုမူ ဒုက်ဟု ခေါ်ပါသည်။ ၂၂-တိက်ကို အောက်ပါအတိုင်း လေ့လာနိုင်ပါသည် -

| | | |
|---|---|---|
| ၁။ ကုသလတိက် | ၂။ ဝေဒနာတိက် | ၃။ ဝိပါကတိက် |
| ၄။ ဥပါဒိန္နတိက် | ၅။ သံကိလိဋ္ဌတိက် | ၆။ ဝိတက္ကတိက် |
| ၇။ ပီတိတိက် | ၈။ ဒဿနတိက် | ၉။ ဒဿနဟေတုတိက် |
| ၁၀။ အာစယဂါမိတိက် | ၁၁။ သေက္ခတိက် | ၁၂။ ပရိတ္တတိက် |
| ၁၃။ ပရိတ္တာရမ္မဏတိက် | ၁၄။ ဟီနတိက် | ၁၅။ မိစ္ဆတ္တတိက် |
| ၁၆။ မဂ္ဂါရမ္မဏတိက် | ၁၇။ ဥပ္ပန္နတိက် | ၁၈။ အတီတတိက် |
| ၁၉။ အတီတာရမ္မဏတိက် | ၂၀။ အဇ္ဈတ္တတိက် | ၂၁။ အဇ္ဈတ္တာရမ္မဏတိက် နှင့် |
| ၂၂။ ဒသနိဒဿနတိက် တို့ ဖြစ်ပါသည်။ | | |

ဒုက A set of two ကို မြန်မာမှုပြုရာတွင် ဒုက်ဟု ခေါ်ပါသည်။ ဒုက် ၁၀၀-ကို အကျဉ်း အားဖြင့် တစ်ဖက်ပါအတိုင်း လေ့လာနိုင်ပါသည် -

၁ - ဟေတုဒုက် ၂ - သဟေတုကဒုက်
၃ - ဟေတုသမ္ပယုတ္တဒုက် ၄ - ဟေတုသဟေတုကဒုက်
၅ - နဟေတုသဟေတုကဒုက် ------- ၉၉ -သဥတ္တရဒုက်
၁၀၀ - သရဏဒုက် တို့ ဖြစ်ပါသည်။

## ပဋ္ဌာန်းအကျယ် ကျမ်းပေါင်း ၅၉၅၃၆-ကျမ်း

၁ - တိကပဋ္ဌာန်းကျမ်း၌ (၂၂)တိက်ကို မူတည်ထားပြီး ဟောတော်မူပါသည်။
၂ - ဒုကပဋ္ဌာန်းကျမ်း၌ ဒုက် (၁၀၀)ကို မူတည်ထားပြီး ဟောတော်မူပါသည်။
၃ - ဒုကတိကပဋ္ဌာန်းကျမ်း ဒုက် (၁၀၀)မူတည်ထားပြီး တိက် (၂၂)ကို မူလီထားကာ ဟောတော်မူပါသည်။
၄ - တိကဒုကပဋ္ဌာန်းကျမ်း၌ တိက် (၂၂)မူတည်ထားပြီး ဒုက် (၁၀၀)ကို မူလီထားကာ ဟောတော်မူပါသည်။
၅ - တိကတိကပဋ္ဌာန်းကျမ်း၌ တိက် (၂၂)မူတည်ထားပြီး တိက် (၂၁)ကိုပင် မူလီထားကာ ဟောတော်မူပါသည်။
၆ - ဒုကဒုကပဋ္ဌာန်းကျမ်း၌ ဒုက် (၁၀၀) မူတည်ထားပြီး ဒုက် (၉၉)ကိုပင် မူလီထားကာ ဟောတော်မူပါသည်။

ထို့ကြောင့် ကျမ်းပေါင်း အောက်ပါအတိုင်း ရရှိမည် ဖြစ်ပါသည်-

| | | | | | |
|---|---|---|---|---|---|
| ၁ - | တိကပဋ္ဌာန်းကျမ်းပေါင်း | | = | ၂၂ | ကျမ်း |
| ၂ - | ဒုကပဋ္ဌာန်းကျမ်းပေါင်း | | = | ၁၀၀ | ကျမ်း |
| ၃ - | ဒုကတိကပဋ္ဌာန်းကျမ်း | (၁၀၀ × ၂၂) | = | ၂၂၀၀ | ကျမ်း |
| ၄ - | တိကဒုကပဋ္ဌာန်းကျမ်း | (၂၂ × ၁၀၀) | = | ၂၂၀၀ | ကျမ်း |
| ၅ - | တိကထိကပဋ္ဌာန်းကျမ်း | (၂၂ × ၂၁) | = | ၄၆၂ | ကျမ်း |
| ၆ - | ဒုကဒုကပဋ္ဌာန်းကျမ်း | (၁၀၀ × ၉၉) | = | ၉၉၀၀ | ကျမ်း |
| | ကျမ်းစုစုပေါင်း | | = | ၁၄၈၈၄ | ကျမ်း ရှိပါသည်။ |

မြတ်စွာဘုရား ဟောကြားတော်မူသည့် နည်းနယ ၄ - နည်းဖြင့် မြှောက်ပွားသော် ပဋ္ဌာန်းကျမ်း စုစုပေါင်း (၁၄၈၈၄ × ၄ ) = ၅၉၅၃၆ ကျမ်း ရှိပါသည်။

## မူလနှင့် မူလီယူကို ယူခြင်း

ပဋ္ဌာန်းကျမ်းများကို လေ့လာရာတွင် မူလနှင့် မူလီဟူသော ဝေါဟာရကို အရာဌာနများစွာတွင် တွေ့ရမည် ဖြစ်သည်။ 'မူလ'ပုဒ်သည် မြန်မာစကား၌ရှိသော အဓိပ္ပါယ်နှင့် ဆင်တူသော်လည်း 'မူလီ' ပုဒ်ကမူ ပဋ္ဌာန်းစာဝါလိုက်နေသည့် စာသင်သားတို့နှင့် အချို့သော Scholar များကသာ သတိပြုမိကြမည် ဖြစ်ပါသည်။ ထို့ကြောင့် ဤအသုံးကို အောက်ပါအတိုင်း လေ့လာနိုင်ပါသည်။

ဟေတုအစချီသည့် ပစ္စည်း၂-ပါးတွဲ၊ ၃-ပါးတွဲ၊ ၄-ပါးတွဲတို့တွင် 'မူလ နှင့် မူလီ' ယူဆပုံကို ဥပမာပြပါမည်။

* ၂-ပါးတွဲ၌ (ဟေတုပစ္စယာ မူလ ၊ နအာရမ္မဏပစ္စယာ မူလီ)

* ၃-ပါးတွဲ၌ (ဟေတုပစ္စယာ ၊ အာရမ္မဏပစ္စယာ မူလ၊ နအဓိပတိပစ္စယာ မူလီ)

ဤနည်းအတိုင်းပင် ရှေ့ကမူလဖြစ်ပြီး နောက်ကမူလီ ဖြစ်ပါသည်။

ဥပမာ - ပထမ မူလ၊ ဒုတိယ မူလ၊ တတိယမူလ. . . . . . နောက်ဆုံး ၂၄- ခုမြောက် အဝိဂတပစ္စယာက မူလီဟု ယူရသည်။ (ဆဋ္ဌမူပဋ္ဌာန်းကျမ်း ၊ ပထမတွဲ၊ နှာ-၄၅) ကို လေ့လာနိုင်ပါသည်။

## ပဋ္ဌာန်းပုစ္ဆာပေါင်း

ပဋ္ဌာန်းတရားတော်၌ ဖြစ်နိုင်ခြေရှိသည့် ပဋ္ဌာန်းပုစ္ဆာစုစုပေါင်းကို တွက်ယူပါမည်။ ခက်ခဲသည်ဟု မယူဆဘဲ သင်္ချာအဆင့်ဆင့် မြှောက်ပွားကာ ပေါင်းသွားခြင်းဖြင့် အဖြေကို ရရှိနိုင်ပါသည်။ သာမန်အခြေခံပညာရှိသူ တစ်ယောက်အနေဖြင့် စိတ်ရှည်ရှည်ဖြင့် ကြည့်မည်ဆိုလျှင် နားလည်ရန် ခက်ခဲလှမည် မထင်ပါ။

(က) တိကပဋ္ဌာန်းကျမ်းတွင် ၂၂-တိက်အတွက် အကြောင်းခံမှုသည် အကျိုးခံမှုကို ကျေးဇူးပြုနိုင်သည့် သင်္ချာပုံစံမှာ -
(ပဒ ၇-ပါး × ပဒါဝါသန ၇-ပါး = ၄၉ ပါးဖြင့်)
ဟောတော်မူသောကြောင့် - ၂၂ × ၄၉ = ၁၀၇၈ ပါး

(ခ ) ဒုကပဋ္ဌာန်းကျမ်းတွင် ဒုက် - ၁၀၀ အတွက် အကြောင်းဓမ္မသည် အကျိုးဓမ္မကို ကျေးဇူး ပြုနိုင်သည့် သင်္ချာပုံစံမှာ -
(ပဒ ၃-ပါး × ပဒါဝါသန ၃-ပါး = ၉ ပါးဖြင့်)
ဟောတော်မူသောကြောင့် - ၁၀၀× ၉ = ၉၀၀ ပါး

(ဂ ) ဒုကတိကပဋ္ဌာန်းကျမ်းတွင် ဒုက်-၁၀၀ နှင့် တိက်-၂၂ အတွက် အကြောင်းဓမ္မသည် အကျိုးဓမ္မကို ကျေးဇူးပြုနိုင်သည့် သင်္ချာပုံစံမှာ -
မူလဓမ္မဖြစ်သည့် ဒုကဓမ္မအတွက် အခြေခံသင်္ချာ
၉-ပါးနှင့် မူလီဓမ္မ တိက ၃-ကြိမ် ပြောင်းနိုင်သဖြင့်
အခြေခံသင်္ချာ (၉×၃=၂၇) ရှိသောကြောင့် - ၁၀၀ × ၂၇ ×၂၂= ၅၉၄၀၀ ပါး

(ဃ) တိကဒုကကျမ်းတွင် တိက်-၂၂ နှင့် ဒုက်-၁၀၀ အတွက် အကြောင်းဓမ္မသည် အကျိုး ဓမ္မကို ကျေးဇူးပြုနိုင်သည့် သင်္ချာပုံစံမှာ -
မူလဓမ္မဖြစ်သည့် တိကဓမ္မအတွက် အခြေခံသင်္ချာ
၄၉-ပါးနှင့် မူလီဓမ္မ ဒုက ၂-ကြိမ် ပြောင်းနိုင်သဖြင့်
အခြေခံသင်္ချာ (၄၉×၂=၉၈) ရှိသောကြောင့် - ၄၉×၂×၂၂× ၁၀၀= ၂၁၅၆၀၀ ပါး

(င ) တိကတိကပဋ္ဌာန်းကျမ်းတွင် မူလဓမ္မ တိက်-၂၂ နှင့် မူလီဓမ္မ တိက်-၂၁ အတွက် အကြောင်းဓမ္မသည် အကျိုးဓမ္မကို ကျေးဇူးပြုနိုင်သည့် သင်္ချာပုံစံမှာ -
မူလဓမ္မ၏ သင်္ချာချက်ရေ ၄၉-ပါးနှင့် မူလီဓမ္မ
၃-ကြိမ် ပြောင်းနိုင်သဖြင့် တိကတိကကျမ်းအတွက်
သင်္ချာပုံစံမှာ (၄၉×၃=၁၄၇) ဖြစ်သောကြောင့် - ၄၉×၃×၂၁×၂၂ = ၆၇၉၁၄ ပါး

(စ ) ဒုကဒုကပဋ္ဌာန်းကျမ်းတွင် မူလဓမ္မ ဒုက်-၁၀၀နှင့် မူလီဓမ္မ ဒုက်-၉၉ အတွက် အကြောင်း ဓမ္မသည် အကျိုးဓမ္မကို ကျေးဇူးပြုနိုင်သည့် သင်္ချာပုံစံမှာ -
မူလဓမ္မ၏ သင်္ချာချက်ရေ ၉-ပါးနှင့် မူလီဓမ္မ
၂-ကြိမ် ပြောင်းနိုင်သဖြင့် ဒုကဒုကကျမ်းအတွက်
သင်္ချာပုံစံမှာ (၉×၂=၁၈) ဖြစ်သောကြောင့် - [(၉ ×၂ ) ၉၉]၁၀၀ = ၁၇၈၂၀၀ ပါး

ထို့ကြောင့် စုစုပေါင်း သင်္ချာ = ၅၂၃၀၉၂ ပါး

# နည်း-၄ နည်းဖြင့် မြောက်ပွားခြင်း

ပဋ္ဌာန်းတရားတော်ကို ဟောကြားတော်မူသည့် နည်း ၄ - နည်း ရှိသဖြင့် -

(၁) ဓမ္မအနုလောမနည်း၌ ကြောင်းကျိုးဓမ္မအစုံပေါင်း - ၅၂၃၀၉၂

(၂) ဓမ္မပစ္စနိက်နည်း၌ ကြောင်းကျိုးဓမ္မအစုံပေါင်း - ၅၂၃၀၉၂

(၃) ဓမ္မအနုလောမပစ္စနိက်နည်း၌ ကြောင်းကျိုးဓမ္မအစုံပေါင်း - ၅၂၃၀၉၂

(၄) ဓမ္မပစ္စနီယာအနုလောမနည်း၌ ကြောင်းကျိုးဓမ္မအစုံပေါင်း - ၅၂၃၀၉၂

ထို့ကြောင့် နယနည်း (၄)နည်းအတွက် သင်္ချာရေပေါင်း - ၂၀၉၂၃၆၈

ဖြစ်ပါသည်။

ဤကဲ့သို့ အကြောင်းဓမ္မသည် အကျိုးဓမ္မကို ကျေးဇူးပြုနိုင်သည့် ပုံစံပေါင်း ၂၀၉၂၃၆၈ သင်္ချာရှိသည့်အနက် အကြောင်းသည် အကျိုးကို ကျေးဇူးပြုနိုင်သည့် သတ္တိပုံစံ ဝါရ ၇-ပါးနှင့် ကျေးဇူးပြုသည့် ပစ္စည်းသတ္တိအတွဲပေါင်း ၂၆၅၄၄ ရှိသောကြောင့် စုစုပေါင်းပုစ္ဆာသည် (၂၀၉၂၃၆၈ × ၇ × ၂၆၅၄၄) = ၃၈၈ ၇၇၈ ၇၁၃ ၃၄၄ ပုစ္ဆာပေါင်း ရပါသည်။

ကုဋေပေါင်း သုံးသောင်း ရှစ်ထောင့် ရှစ်ရာ ခုနစ်ဆယ့် ခုနစ်ကုဋေ ရှစ်သန်း ခုနစ်သိန်း တစ်သောင်း သုံးထောင့် သုံးရာ လေးဆယ့် လေးမှာ ပဋ္ဌာန်းပုစ္ဆာပေါင်းသာ ဖြစ်ပါသည်။ ဤနေရာတွင် ပဋ္ဌာန်းအဖြေ ဝိသဇ္ဇနာအတွက် ဂဏန်းသင်္ချာ မတွက်ပြရသေးပါ။

အထက်ပါ တွက်နည်းအသေးစိတ်ကိုမူ မန္တလေးတက္ကသိုလ် ရူပဗေဒဌာနမှ ဆရာကြီး ဦးခင်မောင်သန်း၏ စာအုပ်အဖြစ်မရောက်ခဲ့သည့် စာမူကျမ်း၌မူ ပို၍ ရှင်းလင်းလွယ်ကူစွာ တွက်ပြထားသည်။ ဆရာကြီး၏အဖြေနှင့် ဋီကာကျမ်းလာအဖြေတို့မှာ တစ်ထပ် တည်း ကိုက်ညီကြပါသည်။

## ဝါရ ၇-ပါး

အထက်ပါ တွက်ရိုးပါ ၇- ဝါရမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ ၎င်းတို့မှာ ဆဝါရ- ၆-မျိုး နှင့် ပဉှာဝါရ ဟူ၍ စုစုပေါင်း ၇-မျိုး ရှိသည်။

၁ - ပဋိစ္စဝါရ ၂- သဟဇာတဝါရ ၃- ပစ္စယဝါရ ၄- နိဿယဝါရ

၅ - သံသဋ္ဌဝါရ ၆- သမ္ပယုတ္တဝါရ နှင့် ၇- ပဉှာဝါရ တို့ဖြစ်သည်။

## ၂၆၅၄၄-သင်္ချာကို ဖော်ထုတ်ခြင်း

ပဋ္ဌာန်း ၂၄-ပစ္စည်း၏ ဖြစ်နိုင်ခြေရှိသည့် ပစ္စည်းတွဲပေါင်းကို တွက်ယူပါမည်။ ပဋ္ဌာန်းတရားတော်၌ အကြောင်းဓမ္မသည် အကျိုးဓမ္မကို တစ်ပစ္စည်းဖြင့်သာ ကျေးဇူးပြုနိုင်သည့် ပစ္စယာနုလောမနည်း (အနုလုံ)နှင့် ပစ္စယပစ္စနီယနည်း (ပစ္စနိက်) ဟူ၍ ရှိပါသည်။

(အနုလုံ) နည်းဖြင့် ကျေးဇူးပြုနိုင်သည်မှာ -၂၄ ပစ္စည်းတွင် ၂၄-တွဲရမည်။

(ပစ္စနိက်) နည်းဖြင့် နဟေတု၊ နအာရမ္မဏ စသည်ဖြင့် -၂၄ တွဲရမည်။

၌တွင် ပစ္စည်းတွဲ (၂၃)တွဲအတွက် မူလပစ္စည်း (၂၄)ကြိမ် ပြောင်းနိုင်သဖြင့် -

(၂၃×၂၄) = ၅၅၂ တွဲ ရပါသည်။

ထိုနည်းတူ (၂၂×၂၄) = ၅၂၈ တွဲ ရပါသည်။

ထိုနည်းတူ (၂၁×၂၄) = ၅၀၄ တွဲ ရပါသည်။

၌နည်းအတိုင်း ဖြစ်နိုင်သည့် ပစ္စည်းအတွဲပေါင်းတို့ကို စဉ်၍ ပေါင်းပါက အောက်ပါ သင်္ချာတွဲရပါမည် -

= (၂၃×၂၄=၅၅၂)+(၂၂×၂၄=၅၂၈)+(၂၁×၂၄=၅၀၄)+(၂၀×၂၄=၄၈၀)+--+ (၁×၂၄=၂၄)= ၆၆၂၄

တစ်နည်းတွက်ပါက -

= (၂၃+၂၂+၂၁+၂၀+၁၉+၁၈+၁၇+၁၆+၁၅+၁၄+၁၃+၁၂+၁၁+၁၀+ ၉+၈+၇+၆+၅+၄+၃+၂+၁) =၂၇၆-တွဲ ×၂၄= ၆၆၂၄

ရရှိလာသည့် အတွဲပေါင်း - ၆၆၂၄ ကို ပစ္စယအနုလောမ၊ ပစ္စယပစ္စနိက်၊ ပစ္စယအနုလောမပစ္စနိက်၊ ပစ္စယပစ္စနီယနုလောမ နည်းနယ - ၄ နည်းဖြင့်မြှောက်ပွားသော် -

၆၆၂၄ × ၄=၂၆၄၉၆ တွဲကို ရပါသည်။

ပစ္စည်းတစ်မျိုးအားဖြင့် ပစ္စယာအနုလောမနည်းဖြင့် ကျေးဇူးပြုသည့်ပစ္စည်းပေါင်း (ဟေတု၊ အာရမ္မဏ စသည်အားဖြင့်) ၂၄-တွဲ နှင့် ပစ္စယပစ္စနိက်နည်းအားဖြင့် တစ်ပစ္စည်းခြင်း ကျေးဇူးပြုသည့်အတွဲ (နဟေတု၊ နအာရမ္မဏ စသည်အားဖြင့်) ၂၄-တွဲ - စုစုပေါင်း (၂၄+၂၄+၂၆၄၉၆) = ၂၆၅၄၄ တွဲ ပေါင်းရပါသည်။

အထက်ပါနည်းသည် (၂၀၉၂၃၆၈ × ၇ × ၂၆၅၄၄) = ၃၈၈ ၇၇၈ ၇၁၃ ၃၄၄ ပုစ္ဆာပေါင်း၏ တွက်နည်းတွင် ပါသည့် (၂၆၅၄၄-တွဲ)ကို ဖော်ထုတ်နည်း ဖြစ်ပါသည်။

## ကျမ်းစာအုပ်အဖြစ် ရေတွက်ခြင်း

၃၈၈၇၇ ၈၇၁ ၃၃၄၄ - ကုဋေပေါင်း ၃၈၈၇၇ ၈ သန်း ၇ သိန်း တစ်သောင်း ၃၃၄၄ ပုစ္ဆာရှိသည်။

ခန့်မှန်းခြေအားဖြင့် စာတစ်ကြောင်း တစ်ပုစ္ဆာယူလျှင် အထက်ပါဂဏန်းသည်ပင် စာကြောင်းရေ ဖြစ်မည်။

ပိဋကတ်စာအုပ်၏ တစ်မျက်နှာလျှင် စာကြောင်း ၃၀- ခန့် ရှိပါသည်။

၃၈၈၇၇ ၈၇၁ ၃၃၄၄ /၃၀=၁၂၉၅၉၂၉၀၄၄၅ စာမျက်နှာ ရှိပါမည်။

စာတစ်အုပ်လျှင် စာမျက်နှာ - ၄၅၀ ခန့်ရှိသဖြင့် ပဋ္ဌာန်းကျမ်းစာအုပ်ပေါင်း = ၁၂၉၅၉၂၉၀၄၄၅/၄၅၀ =၂၈၇၉၈၄၂၃ အုပ် ရှိပါမည်။

ထို့ကြောင့် စာအုပ်ပေါင်း နှစ်ကုဋေ ရှစ်သန်း ခုနစ်သိန်း ကိုးသောင်း ၈၄၂၃ အုပ် ရှိမည် ဖြစ်ပါသည်။

## မြန်မာ့မြေပေါ် ပဋ္ဌာန်းစာမျက်နှာ တင်ကြည့်ခြင်း

မြန်မာနိုင်ငံမြောက်ဖျား ခေါင်လန်ဖူးမှသည် တောင်ဖျား ရေး-ဘိတ်-ထားဝယ် တိုင်အောင် မိုင်ပေါင်း ၁၂၇၅-မိုင် ရှိပါသည်။ ပဋ္ဌာန်းပုစ္ဆာ ရေးထားသည့် A4 စာရွက်များဖြင့် ပတ်မည်ဆိုလျှင် ၁၉၂၅-ပတ်မိနိုင်မည် ဖြစ်သည်။

## ကမ္ဘာကြီးပေါ် ပဋ္ဌာန်းစာမျက်နှာ တင်ကြည့်ခြင်း

ကမ္ဘာကြီး၏ အဝန်းသည် ၂၄၉၀၁-မိုင် ရှိပါသည်။ ပဋ္ဌာန်းကျမ်းပုံနှိပ်ထားသည့် A4 စာရွက်တစ်ရွက်ကို တစ်ပေထားတွက်ပါက ပေပေါင်း ၁၂၉၅၉၂၉၀၄၄၅-ပေ ရှိမည် ဖြစ်ပြီး မိုင်အားဖြင့် ၂၄၅၄၄၁၁-မိုင် ရှိပါမည်။ ထို့ကြောင့် ကမ္ဘာကို ပဋ္ဌာန်းပုစ္ဆာရေးထားသည့် A4 စာရွက်များဖြင့် ပတ်မည်ဆိုလျှင် ဆယ်ပတ်ခန့် ပတ်မိနိုင်မည် ဖြစ်ပါသည်။

ဤမျှ များပြားလှသည့် စာရွက်အရေအတွက်သည် ပဋ္ဌာန်းပုစ္ဆာအတွက်သာ ဖြစ်ပါသည်။ ထိုမျှများပြားလှသည့် ပုစ္ဆာအတွက် ဖြစ်နိုင်ခြေရှိသည့် အဖြေအရေအတွက်ကိုမူ ဤစာရှုသူ ဓမ္မမိတ်ဆွေများက ဆက်လက် စဉ်းစားနိုင်မည် ဖြစ်ပါသည်။

အင်ဂျင်နီယာ ဦးအုန်းကျော် (B.E Electrical Power)
(Worldwide Patthana Dhamma Conference ၏ပဋ္ဌာန်းစာတမ်းရှင်)
ပြင်ဦးလွင်မြို့

---

**ကျမ်းညွှန်း** ✱ မန္တလေးဝိဇ္ဇာသိပ္ပံတက္ကသိုလ် ရူပဗေဒဌာနမှ ဆရာကြီးဦးခင်မောင်သန်း၏ ပဋ္ဌာန်းစာတမ်း။

## နိဒါန်း

## “ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ”

ဗုဒ္ဓမြတ်စွာဘုရားရှင် ၄၅-ဝါကာလပတ်လုံး ဟောကြားတော်မူခဲ့သည့် တရားတော်များကို ပထမသင်္ဂါယနာထေရ်အရှင်မြတ်တို့က ဝိမုတ္တိဟူသော ရသအားဖြင့်တစ်ပါး၊ ဓမ္မဝိနယအားဖြင့် နှစ်ပါး၊ ပထမ၊ မဇ္ဈိမ၊ ပစ္ဆိမ ဟူသော ဗုဒ္ဓဝစနအားဖြင့် သုံးပါး၊ သုတ္တ၊ ဝိနယ၊ အဘိဓမ္မ ဟူသော ပိဋကတ်တော်အားဖြင့် သုံးပါး၊ ဒီဃ၊ မဇ္ဈိမ၊ သံယုတ္တ၊ အင်္ဂုတ္တရ၊ ခုဒ္ဒကဟူသော နိကာယ်အားဖြင့် ငါးပါး၊ သုတ္တ၊ ဂေယျ၊ ဝေယျာကရဏ၊ ဂါထာ၊ ဥဒါန၊ ဣတိဝုတ္တက၊ ဇာတက၊ အဗ္ဘုတဓမ္မ၊ ဝေဒလ္လဟူသော အင်္ဂါအားဖြင့်ကိုးပါး၊ ဓမ္မက္ခန္ဓာအားဖြင့် (၈၄၀၀၀)ဟူ၍ ရှိပါသည်။

## သုတ္တန္တပိဋကတ်တော်

ဓမ္မက္ခန္ဓာအားဖြင့် (၂၁၀၀၀) ရှိသော သုတ္တန္တပိဋကတ်သည် ဝေနေယျသတ္တဝါတို့၏ စရိုက် ဝါသနာကိုလိုက်၍ လူအများ သိရှိနားလည်လွယ်သော ဝေါဟာရများကို အခြေခံကာ ဟောကြားထားသော တရားတော်များဖြစ်သည်။ သုတ္တန္တပိဋကတ်၌ -

၁ - ဒီဃနိကာယ် = ( ၃ ) ကျမ်း

၂ - မဇ္ဈိမနိကာယ် = ( ၃ ) ကျမ်း

၃ - သံယုတ္တနိကာယ် = ( ၅ ) ကျမ်း

၄ - အင်္ဂုတ္တရနိကာယ် = (၁၁ ) ကျမ်းနှင့်

၅ - ခုဒ္ဒကနိကာယ်= (၁၅ ) ကျမ်းဟူ၍ ကျမ်းပေါင်း (၃၇)ကျမ်း ရှိ၏။

သုတ္တန်တရားတော်များမှာ ကျွတ်ထိုက်သည့် ဝေနေယျတို့၏ အဇ္ဈာသယ၊ ဝါသနာ၊ စရိုက်တို့အလိုက် ထိုက်သင့်သကဲ့သို့ ဟောကြားတော်မူသည့် တရားတော်မျိုးဖြစ်သည်။ ထို့ကြောင့် ရံခါ တစ်ဂါထာတည်းဖြင့် တရားထူးရသွားသူများလည်း ရှိပါသည်။ ပမာပြရသော် ဗာဟိယဒါရုစီရိယအား မြတ်စွာဘုရားရှင်က-

“ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊

သုတေ သုတမတ္တံ ဘဝိဿတိ၊

မုတေ မုတမတ္တံ ဘဝိဿတိ၊

---

**ကျမ်းညွှန်း** ✻ ဓမ္မပဒအဋ္ဌကထာ၊ သဟဿဝဂ်၊ ဗာဟိယဒါရုစီရိယဝတ္ထု (နှာ-၄၁၁)

ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ”ဟု ဟောကြားတော်မူရာ တရားနာလျက် သာလျှင် ဗာဟိယဒါရုစီရိယသည် အလုံးစုံသော အာသဝေါတရားတို့ကို ကုန်ခန်းစေလျက် ပဋိသမ္ဘိဒါတို့နှင့်တကွ ရဟန္တာဖြစ်တော်မူလေသည်။ ပရိနိဗ္ဗာန်စံဝင်ပြီးနောက်တွင် အတိုဆုံးသော တရားတော်ကို အလျင်အမြန် သိတော်မူနိုင်စွမ်းသောကြောင့် ခိပ္ပါဘိညာဧတဒဂ်ဘွဲ့ ရတော်မူပါသည်။

## ဝိနယပိဋကတော်

ဓမ္မက္ခန္ဓာအားဖြင့် (၂၁၀၀၀)ရှိသော ဝိနယပိဋကတ်သည် ရဟန်းသံဃာတော်များ လိုက်နာကျင့်သုံးရန် ပညတ်ထားသော ဥပဒေစည်းမျဉ်းများ ဖြစ်သည်။ ဝိနည်းပိဋကတ်တော်၌-

၁ - ပါရာဇိကဏ်၊
၂ - ပါစိတ်၊
၃ - ဝိနည်းမဟာဝါ၊
၄ - စူဠဝါနှင့်
၅ - ပရိဝါဟူ၍ ငါးကျမ်းရှိ၏။

ဝိနည်းတော်ဟူသည် အာဏာဒေသနာတော် ဖြစ်လေသည်။ အကြောင်းအားလျော်စွာ ဘုရားရှင် ပညတ်တော်မူ၏။ မြတ်စွာဘုရားရှင် ဝေသာလီပြည် မဟာဝုန်တော၌ သီတင်းသုံးတော်မူစဉ် အခါကာလက ရဟန်းတစ်ပါးသည် ဓူတင် ၁၃-ပါးကိုဆောင်သည်၊ ခြိုးခြံစွာ ကျင့်သုံးသည်၊ သုသာန်၌လည်း နေ၏။

ထိုရဟန်းသည် သေလွန်ကုန်သော မိဘဘိုးဘွားတို့အား ရည်စူးပြီး လူတို့က စွန့်ထားသည့် ခဲဘွယ် ဘောဇဉ်ကို ကိုယ်တိုင် ယူ၍စား၏။ ထို့ကြောင့် လူတို့က “ဤရဟန်းသည် ငါတို့၏ သေလွန်ကုန်သော မိဘဘိုးဘွားတို့အား ရည်စူးပြီး စွန့်ထားသည့် ခဲဖွယ်ဘောဇဉ် ကိုလည်း ကိုယ်တိုင်ယူ၍စား၏၊ ဝလည်းဝဖြိုး၏၊ လူ့အသားကို စားလေယောင်တကား”ဟု ကဲ့ရဲ့ရှုတ်ချ အပြစ်ပြောကြ၏။

ထိုအခါ မြတ်စွာဘုရားရှင်က “အကြင်ရဟန်းသည် အကပ်မခံရသေးသော အာဟာရကို ခံတွင်းဝသို့ဆောင်ငြားအံ့ ပါစိတ်အာပတ်သင့်၏”ဟု ရဟန်းတို့အား သိက္ခာပုဒ်ကို ပညတ်တော်မူ၏။

---

**ကျမ်းညွှန်း** ✱ ဓမ္မပဒအဋ္ဌကထာ၊ သဟဿဝဂ်၊ ဗာဟိယဒါရုစီရိယဝတ္ထု (နှာ-၄၁၁)
✱ ပါစိတ်ပါဠိတော်၊ ဘောဇနဝဂ်၊ ဒန္တပေါနသိက္ခာပုဒ်
✱ ဆဋ္ဌသင်္ဂါယနာမှတ်တမ်း

## အဘိဓမ္မာပိဋကတ်တော်

ဓမ္မက္ခန္ဓာအားဖြင့် (၄၂၀၀၀)ရှိသော အဘိဓမ္မာတရားတော်ကို လူ့ပြည်၌ မဟောဘဲ တာဝတိံသာနတ်ပြည်၌ ဝါတွင်းသုံးလကာလပတ်လုံး ဣရိယာပုတ်တစ်ခုတည်းဖြင့် ဟောကြားတော်မူသည်။ နတ်ဗြဟ္မာတို့က ဣရိယာပုတ်တစ်ခုတည်းဖြင့် တရားအစမှ အဆုံးတိုင် နာကြားနိုင်ပါသော်လည်း လူသားတို့အဖို့မှာမူ သုံးလပတ်လုံး ဣရိယာပုတ်တစ်ခုတည်းဖြင့် တရားအစ အဆုံး နာယူရန် မဖြစ်နိုင်ကောင်းပေ။

ဤတွင် 'မြတ်စွာဘုရားရှင်သည် အဘိဓမ္မာတရားတော်ကို လူ့ပြည့်၌ မဟောကြားခဲ့ပါလေ' ဟု မမှတ်ယူသင့်ချေ။ ထိုဝါတွင်း၌ပင် ဓမ္မသေနာပတိ ရှင်သာရိပုတ္တရာအား အဘိဓမ္မာ တရားတော်ကို နည်းရရုံ အကျဉ်းမျှ ဟောကြားတော်မူခဲ့ပါသည်။

တရားစစ်သူကြီးဖြစ်တော်မူသော အရှင်သာရိပုတ္တရာက တပည့်ငါးရာတို့အား ထိုအဘိဓမ္မာတရားတော်ကို မကျဉ်းမကျယ် တစ်ဆင့် ဟောကြား ပို့ချတော်မူခဲ့ပါသည်။ ယခုရှိနေသော အဘိဓမ္မာပိဋကတ်သည်ကား အရှင်သာရိပုတ္တရာ ဟောကြား ပို့ချတော်မူခဲ့သည့် ပိဋကတ်တော်ပင် ဖြစ်ပါသည်။

## ကျမ်းအားဖြင့် ခုနစ်ကျမ်းရှိ၏

အဘိဓမ္မာတရားမှာမူ သုတ္တန်တရားများကဲ့သို့ သတ္တဝါတို့၏ အဇ္ဈာသယ၊ ဝါသနာ၊ စရိုက်တို့သို့ မလိုက်ဘဲ ဓမ္မသဘာဝသက်သက်ကိုသာ ပဓာနထား၍ ဟောကြားသည့် တရားတော်မျိုး ဖြစ်သည်။ အဘိဓမ္မာပိဋကတ်၌ ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်နှင့် ပဋ္ဌာန်းဟူ၍ ကျမ်းအားဖြင့် ခုနစ်ကျမ်းရှိ၏။

## စာမျက်နှာပေါင်း (၄၉၄၁) မျက်နှာရှိ၏

အဘိဓမ္မာ (၇) ကျမ်းသည် စာအုပ်အားဖြင့် (၁၂)အုပ် ရှိပါသည်-

၁ - ဓမ္မသင်္ဂဏီကျမ်း၌ စာမျက်နှာ (၂၉၈) မျက်နှာ၊

၂ - ဝိဘင်းကျမ်း၌ စာမျက်နှာ (၄၅၃) မျက်နှာ၊

၃ - ဓာတုကထာကျမ်းနှင့် ပုဂ္ဂလပညတ်ကျမ်း၂-ကျမ်း (၁) အုပ်၌ စာမျက်နှာ (၁၈၅) မျက်နှာ၊

၄ - ကထာဝတ္ထုကျမ်း၌ စာမျက်နှာ (၄၅၄) မျက်နှာ၊
၅ - ယမိုက်ကျမ်း (၃-အုပ်) ၌ စာမျက်နှာပေါင်း (၉၁၁) မျက်နှာ၊
၆ - ပဋ္ဌာန်းကျမ်း (၅-အုပ်) ၌ စာမျက်နှာပေါင်း (၂၆၄၀) မျက်နှာ ရှိပါသည်။ ထို့ကြောင့် အဘိဓမ္မာ (၇) ကျမ်း (၁၂) အုပ်၏ စုစုပေါင်း စာမျက်နှာ (၄၉၄၁) မျက်နှာရှိ၏။

## အဘိဓမ္မာတရားတော် ဟောကြားခြင်း

ရှင်တော်မြတ်ဘုရားသည် အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူရာတွင် သဗ္ဗညုတဉာဏ်တော်အစွမ်း ရှိတော်မူသည့်အတိုင်း လောကဓာတ်တစ်ခုလုံးကို မွှေနှောက် ချောက်ချားစေလျက် ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ စသည်တရားတို့၏ သဘာဝဖြစ်စဉ်ကို အကြွင်းအကျန်မရှိ အကုန် အစင် ဝေဖန် ပိုင်းခြား ဟောကြားတော်မူပါသည်။

## ဒေသနာတော်အစဉ်

အာဏာဒေသနာတော်၊ ဝေါဟာရဒေသနာတော်နှင့် ပရမတ္ထဒေသနာတော်ဟူ၍ ဒေသနာတော်အပြား သုံးပါးရှိရာတွင် အဘိဓမ္မာပိဋကတ်တော်သည် ပရမတ္ထဒေသနာတော် မျိုး ဖြစ်လေသည်။

ယထာပရာဓ သာသနာတော်၊ ယထာနုလောမ သာသနာတော်နှင့် ယထာဓမ္မသာသနာ တော်ဟူ၍ သာသနာအပြား သုံးပါးရှိရာတွင် အကယ်စင်စင် ထင်ရှားရှိသော ပရမတ္ထတရား တို့၌ သတ္တဝါတို့သည် ခွဲခြားဝေဖန်၍ သိမြင်နိုင်စွမ်း မရှိသဖြင့် ငါဟူ၍လည်းကောင်း၊ ငါ၏ ဥစ္စာဟူ၍လည်းကောင်း အတ္တအစွဲတည်းဟူသော အယူအဆ လွဲမှားနေသူတို့အား တရားကို အမှန်အတိုင်း သိမြင်အောင် ဆုံးမဟောကြားတော်မူသောကြောင့် ယထာဓမ္မသာသနာ တော်ဟု ခေါ်သည်။

သံဝရာသံဝရကထာ၊ ဒိဋ္ဌိဝိနိဝေဌနကထာ၊ နာမရူပပရိစ္ဆေဒကထာဟူ၍ ကထာအပြား သုံးပါးရှိရာ အဘိဓမ္မာပိဋကတ်တော်သည် နာမ်ရုပ်နှစ်ပါးကို ပိုင်းခြားသိမြင်အောင် ဟော ကြားရာ ဖြစ်သောကြောင့် နာမရူပရိစ္ဆေဒကထာဟု ခေါ်သည်။

အဓိသီလသိက္ခာ၊ အဓိစိတ္တသိက္ခာ၊ အဓိပညာသိက္ခာ ဟူ၍ သိက္ခာအပြား သုံးပါးရှိရာ

---

**ကျမ်းညွှန်း** * ပါရာဇိကအဋ္ဌကထာ (အတွဲ-၁၊ နှာ-၂၀-၂၁)

အဘိဓမ္မာပိဋကတ်၌ အဓိပညာ ဆိုင်ရာတို့ကို အထူးတလည် ဟောကြားတော်မူပြီး ပရမတ္ထ တရားတည်းဟူသော ရုပ်နာမ်တို့ကို ဝိပဿနာဉာဏ်ဖြင့် ထိုးထွင်းသိမြင်ကာ မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ရောက်အောင် ဟောကြားရာဖြစ်သောကြောင့် အဓိပညာသိက္ခာဟု ခေါ်သည်။

## အကျဉ်းဟောနှင့် အကျယ်ဟော ဒေသနာတော်

စန္ဒကူးတော၌ အရှင်သာရိပုတ္တရာအား ဟောတော်မူသည့် ဒေသနာတော်မှာ အကျဉ်း ဟောသည့် သင်္ခေပဒေသနာတော်ဖြစ်၏။ ဤသို့ အကျဉ်းသင်္ခေပဟောတော်မူခဲ့သည့် ပဋ္ဌာန်း ဒေသနာတော်ကို ဆဋ္ဌသင်္ဂါယနာတင်ပြီး ကျမ်းစာအုပ်အဖြစ် ပြုစုတော်မူသောအခါတွင်မူ -

(ပ) ပေယျာလထိုးကာ ရှေ့နည်းအတိုင်းဟု မှာထား၍လည်းကောင်း၊
(သံခိတ္တံ) အကျဉ်းမျှသာဟု မှာထား၍လည်းကောင်း၊
(သဒိသံ) ရှေ့နှင့်တူသည်ဟု မှာထား၍လည်းကောင်း၊
(ဧဝံ ကာတဗ္ဗံ) ဤအတိုင်း ဆက်ဆိုပါဟု မှာထား၍လည်းကောင်း၊
(ပရိပုဏ္ဏံ) ပြည့်စုံလောက်ပေပြီဟု မှာထား၍လည်းကောင်း၊
(ဧဝံ ဂဏေတဗ္ဗံ) ဤအတူရေတွက်အပ်၏ဟု မှာထား၍လည်းကောင်း၊
(ဝိတ္ထာရေတဗ္ဗံ) အကျယ်ချဲ့ကြည့်ပါလေဟု မှာထား၍လည်းကောင်း ပဋ္ဌာန်း ကျမ်းစာအုပ်ကို အကျဉ်းချုံးထားသည့်တိုင် ဆဋ္ဌသင်္ဂါယနာတင်ထားသည့် ပဋ္ဌာန်းကျမ်းစာအုပ် အထူ (၅) အုပ်ရှိပြီး စာမျက်နှာမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

၁ - ပဋ္ဌာန်းကျမ်း (ပထမအုပ်)၌ စာမျက်နှာ (၄၆၄) မျက်နှာ၊
၂ - ပဋ္ဌာန်းကျမ်း (ဒုတိယအုပ်)၌ စာမျက်နှာ (၄၉၃) မျက်နှာ၊
၃ - ပဋ္ဌာန်းကျမ်း (တတိယအုပ်)၌ စာမျက်နှာ (၆၀၅) မျက်နှာ၊
၄ - ပဋ္ဌာန်းကျမ်း (စတုတ္ထအုပ်)၌ စာမျက်နှာ (၆၃၆) မျက်နှာ နှင့်
၅ - ပဋ္ဌာန်းကျမ်း (ပဉ္စမအုပ်)၌ စာမျက်နှာ (၄၄၂) မျက်နှာ ရှိပါသည်။

ထို့ကြောင့် ပဋ္ဌာန်းကျမ်း (၅-အုပ်)၌ စာမျက်နှာ စုစုပေါင်း (၂၆၄၀)မျက်နှာ ရှိ၏။

## အနန္တနယ သမန္တပဋ္ဌာန်းကျမ်း

တာဝတိံသာနတ်ပြည်၌ ဟောကြားတော်မူသည့် အဘိဓမ္မာ ၇-ကျမ်းတွင် ပဋ္ဌာန်း ကျမ်းလည်း ပါဝင်ပါသည်။ ပဋ္ဌာန်းကျမ်းဟူသည်မှာ (ပ= အမျိုးမျိုး၊ ဌာန= အကြောင်း) ဟူ၍ အဓိပ္ပာယ်ရသဖြင့် နာမ်ရုပ်တို့ဖြစ်ပေါ်လာပုံ အကြောင်းအမျိုးမျိုးတို့ကို ဟောပြသည့် ကျမ်းဖြစ်၏။

ပဋ္ဌာန်းကျမ်း၏ အမည်ရင်းမှာ အနန္တနယ သမန္တပဋ္ဌာန်းကျမ်းဖြစ်၏။ (အနန္တ= အဆုံးအစမရှိ အနန္တ။ နယ= နည်းစနစ်။ သမန္တ= ထက်ဝန်းကျင် အလုံးစုံ ပြည့်စုံသည်) ဟု အဓိပ္ပာယ်ရပါသည်။ ထည့်သွင်းရန်လည်းမလို၊ နုတ်ပယ်ရန်လည်းမလို၊ ပြုပြင်ရန်လည်း မလိုအောင်ပင် ပြည့်စုံနေသောကြောင့် အနန္တနယသမန္တ ပဋ္ဌာန်းကျမ်းမည်ပေသည်။

## ဉာဏသာဂရ

သမုဒ္ဒရာကြီးသည် ကမ်းမမြင်၊ လမ်းမမြင် အလွန့်အလွန် ကြီးမားကျယ်ပြန့်ပြောလှ၏၊ အလွန်လည်း နက်ရှိုင်းသဖြင့် သာဂရမည်ပါသည်။ ထိုသမုဒ္ဒရာကြီးကို ပမာပြုကာ သံသာရသာဂရ= သံသရာသမုဒ္ဒရာ။ ဇလသာဂရ= ရေသမုဒ္ဒရာ။ နယသာဂရ= ပိဋကသုံးပုံတည်းဟူသော နည်းသမုဒ္ဒရာနှင့် ဉာဏသာဂရ= သဗ္ဗညုတဉာဏ်ဟူ၍ ဓမ္မသင်္ဂဏီ အဋ္ဌကထာ၌ လာရှိပါသည်။

ဤပဋ္ဌာန်းကျမ်းတော်ကြီးသည်လည်း အလွန့် အလွန် ကျယ်ပြန့်၏၊ အလွန့်အလွန်လည်း နက်ရှိုင်းလေ၏။ ပဋ္ဌာန်းကျမ်းကို ဟောကြားတော်မူသည့် မြတ်စွာဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်ကြီးသည်လည်း အလွန့်အလွန် ကြီးကျယ်၏၊ အလွန့်အလွန်လည်း နက်ရှိုင်းသောကြောင့် "ဉာဏသာဂရ"မည်ပေသည်။

## အကျဉ်းအားဖြင့် ပဋ္ဌာန်း (၆) ကျမ်း၊ အကျယ် (၂၄) ကျမ်း

ပဋ္ဌာန်းကျမ်း၂၄-ကျမ်း ရှိပါသည်၊ သာမန်အားဖြင့် ၂၄-ပစ္စည်းကိုပင် ၂၄-ကျမ်း ခွဲထားသည်ဟု ထင်မှတ်ဖွယ်ရှိပါသည်။ ဤသို့မဟုတ်ရပါ၊ ပဋ္ဌာန်း ၂၄-ကျမ်း ဖြစ်ပေါ်လာပုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

၁ - တိကပဋ္ဌာန်းကျမ်း

၂ - ဒုကပဋ္ဌာန်းကျမ်း

၃ - တိကဒုကပဋ္ဌာန်းကျမ်း

၄ - ဒုကတိကပဋ္ဌာန်းကျမ်း

၅ - တိကတိကပဋ္ဌာန်းကျမ်းနှင့်

---

**ကျမ်းညွှန်း** * ပဋ္ဌာန်းမူလဋီကာ (နှာ-၁၈၉-၁၉၂)

၆ - ဒုကဒုကပဋ္ဌာန်းကျမ်း တို့ရှိရာ ဤ ၆-ကျမ်းကို ဟောတော်မူသည့် နည်းနယ ၄-နည်း ရှိလေသည်။ ၎င်းတို့မှာ-

၁ - ပစ္စယာနုလောမနည်း

၂ - ပစ္စယာပစ္စနီယနည်း

၃ - ပစ္စယာနုလောမပစ္စနီယနည်း

၄ - ပစ္စနီယာနုလောမနည်း တို့ဖြစ်သည်။

ထို့ကြောင့် တိကကျမ်း၊ ဒုကကျမ်း အစရှိသည့် ၆-ကျမ်းကို ဟောနည်း ၄-နည်းဖြင့် မြှောက်ပွားပါက (၆×၄)=၂၄ ကျမ်း ရရှိမည် ဖြစ်ပါသည်။

## သမုဒ္ဒရာရေအနက်တိုင်းသည့် ယုန်သူငယ်ပမာ

ထိုပဋ္ဌာန်း ၂၄-ကျမ်းအတွက် ပဋ္ဌာန်းပုစ္ဆာပေါင်းမှာ ဋီကာနည်းအရ (၃၈၈၇၇၈၇၁၃၃၄၄) ကုဋေပေါင်း သုံးသောင်း ရှစ်ထောင် ရှစ်ရာ ခုနစ်ဆယ့် ခုနစ်ကုဋေ ရှစ်သန်း ခုနစ်သိန်း တစ်သောင်း သုံးထောင့် သုံးရာ လေးဆယ့် လေးခု ရှိပါသည်။

တစ်ဖန်အဋ္ဌကထာနည်းအရ (၄၀၄၉၄၈၅၃၃၂၄၈) ကုဋေပေါင်း လေးသောင်း လေးရာ ကိုးဆယ့် လေးကုဋေ ရှစ်သန်း ငါးသိန်း သုံးသောင်း သုံးထောင့် နှစ်ရာ လေးဆယ့် ရှစ်ခု ရှိပါသည်။ ဤမျှ ကြီးကျယ် များပြားသော သင်္ချာမှာ အဖြေဝိသဇ္ဇနာ အရေအတွက် မပါသေးဘဲ ပုစ္ဆာ၏ အရေအတွက်မျှသာ ဖြစ်နေပါသေး၏။

ထို့ကြောင့် မိမိ၏ ပုထုဇဉ်ဉာဏ်ပိစိကလေးဖြင့် ပဋ္ဌာန်းတရားတော်၏ ကျယ်ဝန်းမှုကို ခန့်မှန်းရသည်မှာ မဟာသမုဒ္ဒရာရေအနက်ကို သိလိုလှသဖြင့် ခြေဖျားထောက်ကာ၊ ထောက်ကာမှန်းဆနေရှာသည့် ယုန်သူငယ်နှင့်ပင် ပမာတူလှ၏။သဗ္ဗညုတဉာဏ်တော်ကြီး၏ အစွမ်းသည်ကား အံ့ဘနန်းပါတကား၊ ကြီးကျယ်လှပေစွတကား။

---

**ကျမ်းညွှန်း** ✳ ပဋ္ဌာန်းမူလဋီကာ (နှာ-၁၈၉-၁၉၂)

## ပဋ္ဌာန်းပစ္စည်းကို မျိုးအလိုက် လေ့လာခြင်း

| စဉ် | ပါဠိ (မြန်မာ) | Pali (Roman) |
|---|---|---|
| ၁ | ဟေတုပစ္စယော | *Hetu-paccaya* |
| ၂ | အာရမ္မဏပစ္စယော | *Ârammaṇa-paccaya* |
| ၃ | အဓိပတိပစ္စယော<br>(က) အာရမ္မဏာဓိပတိ (ခ ) သဟဇာတာဓိပတိ | *Adhipati-paccaya*<br>*(a) Ârammaṇ'âhipati (b) Sahajât'âdhipati* |
| ၄ | အနန္တရပစ္စယော | *Anantara-paccaya* |
| ၅ | သမနန္တရပစ္စယော | *Samanantara-paccaya* |
| ၆ | သဟဇာတပစ္စယော | *Sahajâta-paccaya* |
| ၇ | အညမညပစ္စယော | *Aññamañña-paccaya* |
| ၈ | နိဿယပစ္စယော<br>(က) ဝတ္ထုပုရေဇာတနိဿယ (ခ ) သဟဇာတနိဿယ | *Nissaya-paccaya*<br>*(a) Vutthu purejâta-nissaya (b) Sahajâta-nissaya* |
| ၉ | ဥပနိဿယပစ္စယော<br>(က) အာရမ္မဏူပနိဿယ (ခ ) အနန္တရူပနိဿယ<br>(ဂ ) ပကတူပနိဿယ | *Upanissaya-paccaya*<br>*(a) Ârammaṇ'ûpanissaya (b) Anantar'ûpanissaya*<br>*(c) Pakat'ûpanissaya* |
| ၁၀ | ပုရေဇာတပစ္စယော<br>(က) ဝတ္ထုပုရေဇာတ (ခ ) အာရမ္မဏပုရေဇာတ<br>(ဂ ) ဝတ္ထာရမဏပုရေဇာတ | *Purejâta-paccaya*<br>*(a) Vatthu-purejâta (b) Ârammaṇa-purejâta*<br>*(b) Vatthârammana-purejâta* |
| ၁၁ | ပစ္ဆာဇာတပစ္စယော | *Pacchâjâta-paccaya* |
| ၁၂ | အာသေဝနပစ္စယော | *Âsevana-paccaya* |
| ၁၃ | ကမ္မပစ္စယော<br>(က) သဟဇာတကမ္မ (ခ) ဗလဝနာနာက္ခဏိကကမ္မ<br>(ဂ) ဗလဝဒုဗ္ဗလ နာနာက္ခဏိကကမ္မ (ဃ) နာနာက္ခဏိကကမ္မ | *Kamma-paccaya*<br>*(a) Sahajâta-kamma (b)Balava Nânakkhaṇika-kamma*<br>*(c) Balavadubbala Nânakkhaṇika-kamma*<br>*(d) Nânakkhaṇika-kamma* |
| ၁၄ | ဝိပါကပစ္စယော | *Vipâka-paccaya* |
| ၁၅ | အာဟာရပစ္စယော<br>(က) ရုပ်အာဟာရ (ခ ) နာမ်အာဟာရ | *Âhâra-paccaya*<br>*(a) Rûpâhâra (b) Nâmâhâra* |
| ၁၆ | ဣန္ဒြိယပစ္စယော<br>(က) ဝတ္ထုပုရေဇာတိန္ဒြိယ (ခ ) ရူပဇီဝိတိန္ဒြိယ<br>(ဂ ) သဟဇာတိန္ဒြိယ | *Indriya-paccaya*<br>*(a) Vutthu purejâta-indriya (b) Rupa jîvit'indriya*<br>*(c) Sahâjâta-indriya* |
| ၁၇ | ဈာနပစ္စယော | *Jhâna-paccaya* |
| ၁၈ | မဂ္ဂပစ္စယော | *Magga-paccaya* |
| ၁၉ | သမ္ပယုတ္တပစ္စယော | *Sampayutta-paccaya* |
| ၂၀ | ဝိပ္ပယုတ္တပစ္စယော<br>(က) သဟဇာတဝိပ္ပယုတ္တ (ခ ) ဝတ္ထုပုရေဇာတဝိပ္ပယုတ္တ<br>(ဂ ) ပစ္ဆာဇာတဝိပ္ပယုတ္တ (ဃ) ဝတ္ထာရမဏပုရေဇာတဝိပ္ပယုတ္တ | *Vippayutta-paccaya*<br>*(a) Sahajâta-vippayutta (b) Vatthu- Purejâta-vippayutta*<br>*(c) Pacchâjâta-vippayutta (d) Purejâta-vippayutta* |
| ၂၁ | အတ္ထိပစ္စယော<br>(က) သဟဇာတအတ္ထိ (ခ ) ဝတ္ထုပုရေဇာတတ္ထိ<br>(ဂ ) အာရမ္မဏပုရေဇာတတ္ထိ (ဃ) ပစ္ဆာဇာတတ္ထိ<br>(င ) ရုပ်အာဟာရတ္ထိ (စ ) ရူပဇီဝိတိန္ဒြိယတ္ထိ | *Atthi-paccaya*<br>*(a) Sahajâta-atthi (b) Purejâta-atthi*<br>*(c) Ârammaṇa Purejâta-atthi (c) Pacchâjâta-atthi*<br>*(e) Rupa Âhâra-atthi (f) Rûpâ Jîvit' indriya-atthi* |
| ၂၂ | နတ္ထိပစ္စယော | *Natthi-paccaya* |
| ၂၃ | ဝိဂတပစ္စယော | *Vigata-paccaya* |
| ၂၄ | အဝိဂတပစ္စယော<br>(က) သဟဇာတအဝိဂတ (ခ ) ဝတ္ထုပုရေဇာတအဝိဂတ<br>(ဂ ) အာရမ္မဏပုရေဇာတအဝိဂတ (ဃ) ပစ္ဆာဇာတအဝိဂတ<br>(င ) ရုပ်အာဟာရအဝိဂတ (စ ) ရူပဇီဝိန္ဒြိယအဝိဂတ | *Avigata-paccaya*<br>*(a) Sahajâta-Avigata (b) Vatthu- Purejâta-Avigata*<br>*(c) Ârammaṇa Purejâta-Avigata (d) Pacchâjâta-Avigata*<br>*(e) Rupa Âhâra-Avigata (f) Rûpâ Jîvit' indriya-Avigata* |

**လင်္ကာ** - ဆယ့်ငါးသဟ၊ ရှစ်ဝအာနှင့်၊ ခုနှစ်ဖြာနန်၊ ခြောက်တန်ဝတ္ထု၊ လေးခုပစ္ဆာ၊ သုံးဖြာဟာရော၊ တယောက္ကန္ဒြေ၊ ဒွိပကတူ၊ တစ်ခုမူကမ်၊ မျိုးကိုးတန်၊ ဆောင်ရန်နှုတ်တက် အာဂုံတည်း။

## သဟဇာတမျိုး ၁၅-ပါး

| သဟဇာတ အကြီးပစ္စည်း ၄-ပါး | သဟဇာတ အလတ်ပစ္စည်း ၄-ပါး | သဟဇာတ အငယ်ပစ္စည်း ၇-ပါး |
|---|---|---|
| ၁။ သဟဇာတ | ၅။ အညမည | ၉။ ဟေတု |
| ၂။ သဟဇာတနိဿယ | ၆။ ဝိပါက | ၁၀။ သဟဇာတာဓိပတိ |
| ၃။ သဟဇာတတ္ထိ | ၇။ သမ္ပယုတ္တ | ၁၁။ သဟဇာတကမ္မ |
| ၄။ သဟဇာတအဝိဂတ | ၈။ သဟဇာတဝိပ္ပယုတ္တ | ၁၂။ နာမ်အာဟာရ |
| | | ၁၃။ သဟဇာတိန္ဒြိယ |
| | | ၁၄။ ဈာန ၁၅။ မဂ္ဂ |

### အာရမ္မဏမျိုးပစ္စည်း ၈-ပါး

၁။ အာရမ္မဏ
၂။ အာရမ္မဏာဓိပတိ
၃။ ဝတ္ထာရမ္မဏပုရေဇာတနိဿယ
၄။ အာရမ္မဏူပနိဿယ
၅။ အာရမ္မဏပုရေဇာတ
၆။ ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ္တ
၇။ အာရမ္မဏပုရေဇာတတ္ထိ
၈။ အာရမ္မဏပုရေဇာတအဝိဂတ

### အနန္တရမျိုးပစ္စည်း ၇-ပါး

၁။ အနန္တရ
၂။ သမနန္တရ
၃။ အနန္တရူပနိဿယ
၄။ အာသေဝန
၅။ နာနာက္ခဏိကကမ္မ
၆။ နတ္ထိ
၇။ ဝိဂတ

### ဝတ္ထုပုရေဇာတမျိုးပစ္စည်း ၆-ပါး

၁။ ဝတ္ထုပုရေဇာတနိဿယ
၂။ ဝတ္ထုပုရေဇာတ
၃။ ပုရေဇာတိန္ဒြိယ
၄။ ပုရေဇာတဝိပ္ပယုတ္တ
၅။ ပုရေဇာတတ္ထိ
၆။ ပုရေဇာတအဝိဂတ

### ပစ္ဆာဇာတမျိုးပစ္စည်း ၄-ပါး

၁။ ပစ္ဆာဇာတ
၂။ ပစ္ဆာဇာတဝိပ္ပယုတ္တ
၃။ ပစ္ဆာဇာတတ္ထိ
၄။ ပစ္ဆာဇာတအဝိဂတ

### ရူပဇီဝိတိန္ဒြိယမျိုးပစ္စည်း ၃-ပါး

၁။ ရူပဇီဝိတိန္ဒြိယ
၂။ ရူပဇီဝိတိန္ဒြိယတ္ထိ
၃။ ရူပဇီဝိတိန္ဒြိယအဝိဂတ

### ရုပ်အာဟာရမျိုးပစ္စည်း (၃) ပါး

၁။ ရုပ်အာဟာရ
၂။ ရုပ်အာဟာရတ္ထိ
၃။ ရုပ်အာဟာရအဝိဂတ

### ပကတူပနိဿယပစ္စည်း (၂) ပါး

၁။ ပကတူပနိဿယ
၂။ ဗလဝနာနာက္ခဏိက ကမ္မ

### ကမ္မပစ္စည်း (၁) ပါး

၁။ ဗလဝဒုဗ္ဗလ နာနာက္ခဏိက ကမ္မ

## ၁။ ဟေတုပစ္စယော Hetu Paccayo *(Root Condition)*

### *ဟိတ် ၆-ပါး ဖြစ်၍ အမြစ်သဖွယ် ကျေးဇူးပြုတတ်သောတရား*

ရေသောက်မြစ်လျှင်၊ ယင်းသစ်ပင်ကို၊ စိမ်းရှင်ညွန့်ဝေ၊ စည်ပင်စေထ၊ ထောက်ပံ့မသို့။ သဟဇာတံ၊ ရုပ်နှင့်နာမ်ကို၊ သန္ဓေ-ပဝတ်၊ မလွတ်စေရ။ သဘာဂတာ၊ ဆယ့်နှစ်ဖြာတွင်။ ကောင်းစွာခိုင်ကျည်၊ တည်သည်၏အဖြစ်ကို ပြီးစေတတ်သော ဟေတုသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဟိတ်ခြောက်ပါး ပစ္စည်းတရားလည်းကောင်း။

## ၂။ အာရမ္မဏပစ္စယော Ârammanha Paccayo *(Object support condition)*

### *အာရုံခြောက်ပါးဖြစ်၍ ကျေးဇူးပြုတတ်သောတရား*

တောင်ဝှေးကြိုးတန်း၊ သူမစွမ်းကို၊ မပန်းရလေ၊ ထိုင်, ထစေသို့။ စိတ်, စေလေးတန်၊ နာမက္ခန်ကို။ ဖြစ်ဟန်တူစွာ၊ ရှုစ်သဘာတွင်၊ ဆွဲငင်ထောက်ရာ အာရုံ၏အဖြစ်တည်းဟူသော အာရမ္မဏ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော အာရုံခြောက်ပါး ပစ္စည်းတရားလည်းကောင်း။

## ၃။ အဓိပတိပစ္စယော Adhipati paccayo *(Predominance condition)*

### *အကြီးအမှူးဖြစ်၍ ကျေးဇူးပြုတတ်သောတရား*

စကြဘုန်းငွေ၊ များဗိုလ်လူကို၊ ပြိုင်သူမရှိ၊ စိုးအုပ်ဘိသို့။ ဟသိ၊ မောဟ။ ကြဉ်ပသည့်ဇော၊ လောဘမူလ၊ အဌပုညာ၊ ကြိယာသမ္ပယုတ်၊ လောကုတ်ရှစ်အား၊ ဆယ့်ခြောက်ပါးတွင်။ ကြီးမား လွှမ်းမိုး၊ အစိုးရခြင်းဟူသော အဓိပတိသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသဟူသော သဟဇာတာဓိပတိလေးပါး၊ ဒုက္ခသဟ၊ မောဟကြဉ်စိတ်၊ ဣဋ္ဌနိပ္ဖန်၊ နိဗ္ဗာန် ဟူသော အာရမ္မဏာဓိပတိခြောက်ပါး ပစ္စည်းတရားလည်းကောင်း။

## ၄။ အနန္တရပစ္စယော Anantara Paccayo *(Proximity condition)*

### *အခြားမဲ့ (တစ်ဆက်တည်းအကြားမရှိ)ဖြစ်၍ ကျေးဇူးပြုတတ်သောတရား*

ပျော်စံနတ်ရွာ၊ စကြမင်းဖျား၊ သားကြီးအားသို့၊ အခြားမဲ့နေ၊ စိတ်နှင့်စေကို။ မကွေတူစွာ၊ ခုနစ်ဖြာတွင်၊ သမာနဇာတ်။ ခြားမပြတ်ဘဲ၊ ဖြစ်စေတတ်သော အနန္တရသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ရှေးရှေးသော နာမ်ခန္ဓာလေးပါး အနန္တရပစ္စည်းတရားလည်းကောင်း။

## ၅။ သမနန္တရပစ္စယော Samanantara Paccayo *(Contiguity condition)*

### *ကောင်းစွာ အခြားမဲ့ (တစ်ဆက်တည်း အကြားမရှိ) ဖြစ်၍ ကျေးဇူးပြုတတ်သောတရား*

စည်းစိမ်မဖက်၊ တောကြီးထွက်သည့်၊ စက္ကဝတ်မင်းဖျား၊ သားကြီးအားသို့။ အခြားမဲ့နေ၊ စိတ်နှင့်စေကို။ မကွေပြိုင်ဘက်၊ ခုနစ်ချက်တွင်။ အောက်ထက်ယာဝဲ၊ ဝေခွဲမရှိ၊ မိမိတမူ၊ တူသည့်အဖြစ်၊ ဆောင်လှစ်ပမာ၊ ကောင်းမွန်စွာလျှင်၊ သမာနဇာတ်၊ ခြားမပြတ်ဘဲ၊ ဖြစ်စေတတ်သော သမနန္တရသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ရှေးရှေးသော နာမ်ခန္ဓာလေးပါး သမနန္တရပစ္စည်းတရားလည်းကောင်း။ (ဤနှစ်ပစ္စည်းတို့၌ ဥပမာကား ကျမ်းဂန်မလာ၊ ဆရာကြီးတို့ ဆောင်ကြသော ပုံတည်း။)

## ၆။ သဟဇာတပစ္စယော Sahajata Paccayo *(Presence condition)*

### *အတူတကွဖြစ်၍ ကျေးဇူးပြုတတ်သောတရား*

အလင်းဖြစ်မှု၊ ဆီးမီးပြုသည်၊ တန္တူပမာ။ သဟဇာတ၊ နာမနှင့်ရုပ်၊ ဘူတုပ္ပါဒ်၊ သန္ဓေခါ လည်း၊ ဝိပါဝတ္ထု၊ ယင်းခြောက်ခုအား။ တူပြားအဋ္ဌ၊ သဘာဂတွင်။ တကွမသွေ ဖြစ်စေခြင်း ဟူသော သဟဇာတသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမ်,မဟာဘုတ်၊ ဝတ္ထု,ပါက၊ သဟဇာတ ခြောက်ပါးပစ္စည်း တရားလည်းကောင်း။

## ၇။ အညမညပစ္စယော Aññamañña Paccayo *(Mutuality condition)*

### *အချင်းချင်း အပြန်အလှန် ကျေးဇူးပြုတတ်သောတရား*

သစ်သားသုံးခွ၊ ချင်းချင်းမသို့ ဥပကာရာ၊ ထောက်ပံ့လာသော၊ နာမ် မဟာဘု၊ ဝတ္ထု, နာမ်အား။ တူရှစ်ပါးတွင်။ ထောက်ထားလှန်ပင်း၊ အချင်းချင်းဟူသော အညမညသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမ်,မဟာဘု၊ ဝတ္ထု,ပါက၊ အညမညသုံးပါး ပစ္စည်းတရားလည်းကောင်း။

## ၈။ နိဿယပစ္စယော Nissaya Paccayo *(Dependence condition)*

### *မှီရာဖြစ်၍ ကျေးဇူးပြုတတ်သောတရား*

သစ်ပင်အားမြေ၊ ထောက်ပံ့ပေသို့၊ နှစ်ထွေရုပ်,နာမ်၊ သဟဇံအားငင်း။ စိတ္တကမ္မ၊ ပဋ္ဋပုံဟန် (ပန်းချီသမား၊ နောက်ခံထားသည့်၊ ကားချပ်ပုံဟန်)၊ သတ်ဝိညာဏ်အားငင်း။ တူမှန်သဘော၊ ဆဲ့သုံးဖြာတွင်။ တည်ရာမှီရာဟူသော အဓိဋ္ဌာနာကာရ, နိဿယာကာရ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမ်,မဟာဘု၊ ဝတ္ထု,ပါကဟူသော သဟဇာတနိဿယခြောက်ပါး၊ ပဝတ္တိစု၊ ဆဝတ္ထုဟူသော ပုရေဇာတ နိဿယခြောက်ပါး ပစ္စည်းတရားလည်းကောင်း။

## ၉။ ဥပနိဿယပစ္စယော Upanissaya Paccayo *(Strong dependence condition)*

### *အားကြီးသော မှီရာအကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သောတရား*

မိုးနှင့်မကင်း၊ စုံခပင်းကို၊ မိုးတွင်းခြိမ့်အုန်း၊ ထစ်ချုန်းမြည်ကျိုး၊ ရွာသည့်မိုးသို့။ သုံးမျိုးပြားလတ်၊ စိတ္တုပ္ပါဒ်အား။ ဆယ့်လေးပါးတွင် အားကြီးသော မှီရာအကြောင်း၏ အဖြစ်တည်းဟူသော ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဒုက္ခသဟ၊ မောဟကြဉ်စိတ်၊ ဣဋ္ဌနိပ္ဖန်၊ နိဗ္ဗာန်ဟူသော အာရမ္မဏူပနိဿယ၊ ရှေးရှေးသော နာမက္ခန်ဟူသော အနန္တရူပနိဿယ၊ ဗလဝရုပ် စိတ္တုပ်ပညတ်ဟူသော ပကတူပနိဿယသုံးပါး ပစ္စည်းတရားလည်းကောင်း။ (ဤဥပမာလည်း အဋ္ဌကထာမရှိ)

## ၁၀။ ပုရေဇာတပစ္စယော Purejâta Paccayo *(Prenascence condition)*

### *ရှေ့၌အရင်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား*

အလင်းမှီနေ၊ မျှားဗိုလ်ခြေကို၊ ကပွေ စစ္စာ၊ ပေါ်လာထွန်းပ၊ နေနှင့်လသို့။ နောက်မှ ဖြစ်လေ၊ စိတ်နှင့်စေအား။ တူကိုးပါးတွင် ရှေးဖျားဖြစ်၍၊ ပစ္စုပ္ပန္နေ၊ ပုရေဇာတသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဆဝတ္ထုဟူသော ဝတ္ထုပုရေဇာတ၊ နိပ္ဖန္နရုပ်ဟူသော အာရမ္မဏပုရေဇာတနှစ်ပါး ပစ္စည်းတရားလည်းကောင်း။ (ဤလည်း အဋ္ဌကထာမလာ)

## ၁၁။ ပစ္ဆာဇာတပစ္စယော Pacchajata Paccayo *(Postnascence condition)*

### *နောက်မှဖြစ်၍ ကျေးဇူးပြုတတ်သောတရား*

ဂိဇ္ဈပေါတက (လင်းတပေါက်စ)၊ သရီရအား၊ အာဟာရဝယ်၊ တာတွယ်အာသာ၊ စေတနာသို့။ ပုရေဇာတ၊ ရုပ်ဓမ္မအား။ မျိုးလေးပါးတွင်။ နောက်ပါး၌ ဖြစ်သဖြင့်၊ ထောက်ပံ့ခိုင်မာ၊ ပစ္ဆာဇာတသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နောက်နောက် ပဋ္ဌဝေါကာ နာမ်ခန္ဓာလေးပါး ပစ္စည်းတရားလည်းကောင်း။

## ၁၂။ အာသေဝနပစ္စယော Asevana Paccayo (Repetative condition)

### *အဖန်တလဲလဲ မှီဝဲထုံအပ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား*

နောက်နောက်မွန်လေး၊ သာလွန်မွှေးအောင်၊ ရှေးရှေးထုံထား၊ နံ့သာလားသို့။ မခြားမပြတ်၊ မျိုးဇာတ်တူစွာ၊ ကုသလာ ကုသလ၊ ကြိယသဘော၊ နောက်နောက်ဇောအား။ တူခြောက်ပါးတွင်။ ခွန်အားဟုန်ပြင်း၊ ယူစေလျှင်း၍၊ ထုံခြင်းဟူသော အာသေဝနသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ရှေးရှေးသော လောကီဇောသတ္တစတ္တာလီသ၊ အာသေဝနသုံးပါး၊ ပစ္စည်းတရားလည်းကောင်း။

## ၁၃။ ကမ္မပစ္စယော Kamma Paccayo *(Khamma condition)*

### *အကြောင်းကံဖြစ်၍ ကျေးဇူးပြုတတ်သောတရား*

သစ်ပင်တို့အား၊ မျိုးစေ့လားသို့။ ကြွင်းငြားတူလတ်၊ သဟဇာတ်နှင့်၊ ကဋတ္တာဝိပါက်၊ ဤနှစ်ချက်အား။ တစ်ဆယ့်ငါးတွင်။ အားပါးထုတ်ထ၊ လုံ့လသည်းစွာ၊ အမူအရာဟူသော ကမ္မသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော သဟဇာတ်စေတနာဟူသော သဟဇာတကမ္မ၊ အတိတ်ကုသိုလ် အကုသိုလ်စေတနာဟူသော နာနာက္ခဏိကကမ္မနှစ်ပါး ပစ္စည်းတရားလည်းကောင်း။

## ၁၄။ ဝိပါကပစ္စယော Vipâka Paccayo *(Resultant condition)*

### *အကျိုးဖြစ်၍ ကျေးဇူးပြုတတ်သောတရား*

ချမ်းရိပ်နားနေ၊ သွန်းလေပြည်သို့။ မကျေွဖြစ်လတ်၊ သဟဇာတ်အား။ မျိုးရှစ်ပါးတွင်။ အင်အားချည့်ပန်း၊ ငြိမ်းချမ်းစေလျက်၊ ငြိမ်သက်ခြင်းဟူသော ဝိပါကသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဝိပါက်နာမက္ခန္ဓာဟူသော ဝိပါက ပစ္စည်းတရားလည်းကောင်း။

## ၁၅။ အာဟာရပစ္စယော Ahara Paccayo *(Nutriment condition)*

## *အထောက်အပံ့ ရသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား*

မယိမ်းမယိုင်၊ ခိုင်စေသောအား၊ ထောက်သည့်ကျားသို့။ နှစ်ပါးသဟဇ်၊ ရုပ်နှင့် နာမ်အား လည်းကောင်း, လေးတန်သန္တတိ သမုဋ္ဌာနိကရုပ်အားရင်း။ ယထာက္ကမ၊ ဒွါဒသမျိုးတူတွင်၊ ဆောင်ယူ ထောက်ပံ့ခြင်း ဟူသော အာဟာရသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဖဿ, စေတနာ, ဝိညာဏ် ဟူသော နာမ်အာဟာရသုံးပါး၊ အဇ္ဈတ်ဗဟိ၊ စတုသမုဋ္ဌာနိကသြဇာဟူသော ရုပ်အာဟာရ ပစ္စည်းတရားလည်းကောင်း။

## ၁၆။ ဣန္ဒြိယပစ္စယော Indriya Paccayo *(Faculty condition)*

## *အစိုးရသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား*

တစ်ပြည်တွင်း၌၊ ချင်းချင်းမဟန့်၊ သီးမသန့်ဘဲ၊ ခွဲခန့်ပိုင်စား၊ မင်းအများသို့။ သုံးပါးပြားလတ်၊ သဟဇာတ်နှင့်၊ ခတ်ပဉ္စဝိညာဏ၊ ကမ္မဇရုပ်အား။ တူဆယ့်ငါးတွင်။ အခြားမသေ့၊ မိမိသို့လိုက် စေခြင်းဟူသော ဣန္ဒြိယသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမ်က္ခန္ဓေ တရားကိုယ် ရှစ်ပါးဟူသော သဟဇာတိန္ဒြိယ၊ မဇ္ဈိမာယုက၊ ပသာဒရုပ်ငါးခုဟူသော ပုရေဇာတိန္ဒြိယ၊ ဇီဝိတ ရုပ်ဟူသော ရူပဇီဝိတိန္ဒြိယသုံးပါး ပစ္စည်းတရားရင်း။

### ၁၇။ ဈာနပစ္စယော Jhana Paccayo *(Jhana condition)*

## *စူးစိုက်ကာကပ်၍ ရှုတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား*

သစ်ပင်တောင်ငူ၊ တက်သသူသည်၊ အောက်လူတို့အား၊ ပြောသည့်လားသို့။ နှစ်ပါး ရုပ်နာမ်၊ သဟဇံအား။ ဆယ့်တစ်ပါးတွင်။ ထင်ရှား တပ်တပ်၊ ကပ်၍ ရှုခြင်းဟူသော အာရမ္မဏူပနိဇ္ဈာန, လက္ခဏူပနိဇ္ဈာန သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ပဥ္စဝိညာဉ်ကြဉ် စိတ်မှာယှဉ်သည့် ဈာနင်ခုနစ်ပါး ပစ္စည်းတရားလည်းကောင်း။

### ၁၈။ မဂ္ဂပစ္စယော Magga Paccayo *(Path condition)*

## *ဆောင်ပို့တတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား*

ထိုဤမှာသို့၊ ဆောင်ယူပို့သည့်၊ ကူးတို့မသွေ။ သဟေတုကတ်၊ သဟဇာတ်အား။ ဆယ့်သုံးပါးတွင်။ ဖြူစင်မည်းညစ်၊ ဤအဖြစ်မှ၊ ပြန်လှစ်ဆူလှယ်၊ ထုတ်ဆယ်ဆောင်ယူ၊ ထွက်မြောက်ကြောင်းဟူသော မဂ္ဂသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော သဟိတ်မှာယှဉ် မဂ္ဂင်ဆယ့်နှစ်ပါး ပစ္စည်းတရားလည်းကောင်း။

## ၁၉။ သမ္ပယုတ္တပစ္စယော Sampayutta Paccayo *(Association condition)*

### ယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား

စတုမဓူ၊ ရောသည့်တူသို့။ လေးဆူနာမ်အား။ ခုနစ်ပါးတွင်။ လေးပါးအင်္ဂါ၊ မကွာချင်းချင်း၊ ယှဉ်ကြခြင်းဟူသော သမ္ပယုတ္တသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမ်ခန္ဓာလေးပါး သမ္ပယုတ္တပစ္စည်းတရားလည်းကောင်း။

## ၂၀။ ဝိပ္ပယုတ္တပစ္စယော Vippayutta Paccayo *(Dis - association condition)*

### မယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား

ခြောက်ထွေရသာ၊ ပေါင်းရောပါသို့။ သဟဇာရုပ်၊ ဝတ္ထုပ်,သန္ဓေ၊ အစထွေသား၊ သုံးမျိုးအားကို။ ထူးငြားသဘော၊ ဆယ့်သုံးဖြာတွင်။ နာနာဘာဝ၊ မယှဉ်ကြခြင်းဟူသော ဝိပ္ပယုတ္တသတ္တိ ထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော၊ ပဉ္စဝေါကာရ၊ ရူပသမုဋ္ဌာနိက စိတ်စေ၊ သန္ဓေ, ဟဒယ စသော သဟဇာတဝိပ္ပယုတ်, ပုရေဇာတဝိပ္ပယုတ်, ပစ္ဆာဇာတဝိပ္ပယုတ်သုံးပါး ပစ္စည်းတရားလည်းကောင်း။

## ၂၁။ အတ္ထိပစ္စယော Atthi Paccayo *(Presence condition)*

### ***ပစ္စုပ္ပန်၌ ထင်ရှားရှိဆဲဖြစ်၍ ကျေးဇူးပြုတတ်သောတရား***

မြေမြင်းမိုရ်သည်၊ ထိုထိုစိမ်းရွှင်၊ မြတ်သစ်ပင်အား၊ ထင်ရှားရှိနေ၊ ထောက်ပံ့ပေသို့။ တွက်ရေကုံထံ၊ ရုပ်နှင့်နာမ်အား။ ဆယ့်ငါးပါးတွင်။ ထင်ရှားရှိခိုက်၊ အထိုက်လျော်ထ၊ ဥပတ္ထမ္ဘက သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ထိုထိုရုပ်နာမ်ဟူသော သဟဇာတတ္ထိ, ပုရေဇာတတ္ထိ, ပစ္ဆာဇာတတ္ထိ, အာဟာရတ္ထိ, ဣန္ဒြိယတ္ထိငါးပါး ပစ္စည်းတရားလည်းကောင်း။

## ၂၂။ နတ္ထိပစ္စယော Natthi Paccayo *(Absence condition)*

### ***မရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား***

မိုက်မှောင်ဖြစ်စေ၊ ငြိမ်းသေလေပြီး၊ ဆီမီးပုံသွေး၊ ဖြစ်ခွင့်ပေး၍၊ ကျေးဇူးပြုခြင်း လက္ခဏာရှိသော နတ္ထိပစ္စည်းတရားလည်းကောင်း။ (အနန္တရနည်းတူ)

## ၂၃။ ဝိဂတပစ္စယော Vigata Paccayo *(Disappearance condition)*

### *ကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား*

နေရောင်ပျောက်ကင်း၊ လရောင်လင်းသို့ ချုပ်ကင်းသော အဖြစ်ဖြင့်၊ ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဝိဂတပစ္စည်းတရားလည်းကောင်း။ (အနန္တရနည်းတူ)

## ၂၄။ အဝိဂတပစ္စယော Avigata Paccayo *(Non-disappearance condition)*

### *မကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား*

ငါးတို့ပျော်ရာ၊ မဟာသမုဒ်၊ ရေအစုတ်သို့၊ မချုပ်တင်းလင်း၊ မကင်းသောအဖြစ်ဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော အဝိဂတပစ္စည်းတရားလည်းကောင်း။ (အတ္ထိနည်းတူ)

# ၁။ ဟေတုပစ္စယော

## Daily life Paṭṭhāna

### Hetu Paccayo *(Root Condition)*




ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။ (ကု၊ ကု-၁)
ကုသိုလ်တည်းဟူသော အကြောင်းဓမ္မသည် ကုသိုလ်တည်းဟူသော အကျိုးဓမ္မအား ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

## အရင်းအမြစ်အဖြစ်ဖြင့် ကျေးဇူးပြုသော ပစ္စည်းဖြစ်ပါသည်

The *'Hetu'* means root. It is compared with roots of a tree. Just as the roots maintain a tree or make a tree firm, strong and prosperous.



'ရေသောက်မြစ်လျှင်၊ ယင်းသစ်ပင်ကို၊ စိမ်းရှင်ညွန့်ဝေ၊ စည်ပင်စေထ၊ ထောက်ပံ့မသို့' ဟု ရှေးဆရာမြတ်တို့က ဥပမာပြုတော်မူကြသည်နှင့်အညီ ရေသောက်မြစ်သည် ဆိုင်ရာ သစ်ပင်ကို ကောင်းမွန်စွာ တည်တံ့စေလျက် စိမ်းလန်းစိုပြေလာစေရန် ထောက်ပံ့ ကျေးဇူးပြု သကဲ့သို့ လောဘ၊ ဒေါသ၊ မောဟနှင့် အလောဘ၊ အဒေါသ၊ အမောဟဟူသော ဟိတ်-၆ ပါး သည် ဆိုင်ရာအတူဖြစ်ဖော်ဖြစ်ဖက် ရုပ်၊ နာမ်တရားများကို အရင်းအမြစ်ကျကျ ကောင်း မွန်စွာ တည်တံ့စေလျက် မိမိနည်းတူ ဖြစ်လာစေရန် ကျေးဇူးပြုသည်။

## ရေသောက်မြစ် နှစ်မျိုးရှိသည်

ရေသောက်မြစ်တွင် အခြေအမြစ် နှစ်မျိုးရှိ၏။ ကောင်းမွန်သည့် ကုသိုလ်ရေသောက်မြစ်နှင့် မကောင်းသည့် အကုသိုလ်ရေသောက်မြစ်တို့ ဖြစ်ပါသည်။ ကုသလဟေတုနှင့် အကုသလဟေတုတို့ ဖြစ်သည်။ အလောဘ၊ အဒေါသ၊ အမောဟတို့သည် ကောင်းသည့် ကုသိုလ်ရေသောက်မြစ်များ ဖြစ်ကြပါသည်။ လောဘ၊ ဒေါသ၊ မောဟတို့သည် မကောင်းသည့် အကုသိုလ် ရေသောက်မြစ်များ ဖြစ်ကြပါသည်။

ဟေတုပစ္စယဟူသောပါဠိကို မြန်မာစကားဖြင့် ဟေတုပစ္စည်းဟူ၍ သုံးနှုန်းလေ့ရှိပါသည်။ ဟေတုကိုလည်း ဟိတ်ဟု မြန်မာမှုပြုကာ သုံးနှုန်းလေ့ ရှိကြပါသည်။ အင်္ဂလိပ်ဘာသာဖြင့် ရေးသားသည့် ပဋ္ဌာန်းကျမ်းများတွင်မူ အဋ္ဌကထာလာအတိုင်း ဟေတုကို Root ရေသောက်မြစ်ဟု ဘာသာပြန်ဆိုကြပါသည်။

## ဖြစ်စေ၊ တည်စေ၊ ဤနှစ်ထွေ ခေါ်လေ ကျေးဇူးပြု

ပဋ္ဌာန်းကို လေ့လာရာတွင် ကျေးဇူးပြုသည်ဟူသော အသုံးအနှုန်းကို နေရာများစွာတွင် တွေ့ရမည် ဖြစ်ပါသည်။ လောကတွင် တစ်စုံတစ်ခု ပေးကမ်း၊ ထောက်ပံ့ ကူညီသဖြင့်လည်း ကျေးဇူးပြုသည်ဟု သုံးနှုန်းလေ့ ရှိပါသည်။ ဤလောကအသုံးနှင့် ပဋ္ဌာန်းအသုံးအနှုန်း နှစ်ခုသည် စကားလုံး ဝေါဟာရအားဖြင့် တူညီပါသော်လည်း အနက်အဓိပ္ပါယ် မတူညီပေ။

လောက၌ ကျေးဇူးပြုသည်ဟူသော အသုံးအနှုန်းကို သိပြီးဖြစ်သော်လည်း ပဋ္ဌာန်းမြန်မာပြန်ရာတွင်သုံးသည့် ကျေးဇူးပြုသည်ဟူသော အသုံးမှာမူ ဖြစ်စေသည်ကိုလည်းကောင်း၊ တည်စေသည်ကိုလည်းကောင်း ဆိုလိုခြင်းဖြစ်ပါသည်။ ထို့ကြောင့် 'ဖြစ်စေ၊ တည်စေ ဤနှစ်ထွေ ခေါ်လေကျေးဇူးပြု'ဟု ဆရာမြတ်များက လင်္ကာဖြင့် အသိပေးတော်မူထားပါသည်။

## ကုသိုလ်နှင့် အကုသိုလ်ရေသောက်မြစ်

ဟေတုကို ရှေးဆရာမြတ်တို့ ဖွင့်ဆိုချက်နှင့်အညီ ရေသောက်မြစ်ဟု ယူပြီး သုံးသပ်မည်ဆိုလျှင် မြေကြီးတူညီသော်လည်း ရေသောက်မြစ်က စုပ်ယူပုံ မတူညီသောကြောင့် အချို၊ အချဉ်၊ အခါး၊ အဖန် စသည့် အရသာများ၊ အဖြူ အနီ၊ အဝါ၊ အပြာ စသည့် အရောင်အဆင်းများ အသီးသီး ကွဲပြားခြားနားနေခြင်း ဖြစ်ပါသည်။

---

**ကျမ်းညွှန်း** ✻ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ရေစကြိုဆရာတော်ကြီး၏ ဗုဒ္ဓမြတ်စွာ၏ နည်းသမုဒ္ဒရာ (၂၀၀၈-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်)

ကုသိုလ်ရေသောက်မြစ်ဖြစ်သည့် အလောဘ၊ အဒေါသ၊ အမောဟ ဟူ၍ရှိရာ စွန့်လွှတ်နိုင်စွမ်းသည့် အလောဘရေသောက်မြစ်၊ ခွင့်လွှတ်နိုင်စွမ်းသည့် အဒေါသ မေတ္တာရေသောက်မြစ်နှင့် သုံးသပ်ဆုံးဖြတ်နိုင်စွမ်းသည့် အမောဟဉာဏ်ပညာ ရေသောက်မြစ်တို့က အမြတ်စား အကောင်းစား ရေသောက်မြစ်များ ဖြစ်ကြ၏။

ထို့အတူ လောကအာရုံ ၆-ပါးဟူသော'အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့'တို့ကလည်း မည်သူ့အတွက် အကုသိုလ်ဖြစ်စေ၊ မည်သူ့အတွက်မှာမူ ကုသိုလ်ဖြစ်စေဟူ၍ မရှိကောင်းပါပေ။ ပုဂ္ဂိုလ်သတ္တဝါ အသီးသီးတို့၏ ကိလေသာခတ်ခံနှင့် ပါရမီခတ်ခံအပေါ် မူတည်ပြီး ထိုအာရုံကြောင့် ကုသိုလ်ဖြစ်သူ ရှိသကဲ့သို့ ထိုအာရုံကြောင့်ပင် အကုသိုလ်ဖြစ်သူလည်း ရှိနိုင်ပါသည်။ ဤအာရုံကြောင့် အကုသိုလ်ဖြစ်သူ ရှိသကဲ့သို့ ဤအာရုံကြောင့်ပင် ကုသိုလ်ဖြစ်သူလည်း ရှိနိုင်ပါသည်။

ပါဠိဘာသာတွင် 'န၊ အ၊ မ' အက္ခရာတို့သည် အင်္ဂလိပ်ဘာသာတွင် Negative နှင့် သဘောခြင်း တူညီသည်။ ဥပမာ - လောဘသည် လိုချင်တပ်မက်ခြင်း၊ မစွန့်နိုင်၊ မခွာနိုင်ခြင်းဟု အဓိပ္ပာယ်ရပြီး၊ အလောဘသည် ပေးကမ်းစွန့်ကြဲခြင်း၊ ရက်ရောခြင်း၊ လှူဒါန်းခြင်း၊ စွန့်လွှတ်နိုင်ခြင်းဟု အဓိပ္ပါယ်ရပါသည်။ ဒေါသနှင့် အဒေါသ၊ မောဟနှင့် အမောဟ တို့ကိုလည်း အလားတူ နားလည်နိုင်မည် ဖြစ်ပါသည်။

## မာဂဏ္ဍီပုဏ္ဏေးမ၏ ဒေါသအာဃာ

ကောသမ္ဗီပြည့်ရှင် ဥတေနမင်းကြီး၌ မိဖုရားသုံးပါးရှိသည်။ ပထမမိဖုရားမှာ သာမာဝတီ၊ ဒုတိယမိဖုရားမှာ မာဂဏ္ဍီဖြစ်ပြီး တတိယမိဖုရားမှာ ဝါသုလဒတ္တာတို့ ဖြစ်သည်။

သာမာဝတီမိဖုရားနှင့် သူ၏ကျေးကျွန်ဖြစ်သည့် ခုဇ္ဇုတ္တရာတို့သည် ဂေါတမမြတ်စွာဘုရားလက်ထက်တော်တွင် ခုဇ္ဇုတ္တရာက ဗဟုသုတအရာ၌လည်းကောင်း၊ သာမာဝတီမိဖုရားက မေတ္တာအရာ၌လည်းကောင်း ဧတဒဂ်ဘွဲ့ထူးရမည့်သူများဖြစ်ကြောင်းကို ပဒုမုတ္တရမြတ်စွာဘုရားရှင်ထံတော်ပါးမှ ဗျာဒိတ်တော်ရပြီးသည့် ပါရမီရှင်ကြီးများ ဖြစ်ကြပါသည်။

ဥတေနမင်းကြီး၏ ဒုတိယမိဖုရားမာဂဏ္ဍီသည် ချောမောလှပသည့် ပြာဟ္မဏအမျိုးသမီး ဖြစ်ပါသည်။ မာဂဏ္ဍီ၏မိဘနှစ်ပါးက သူတို့၏သမီးသည် အလွန် ချောမောလှပသဖြင့် အခြားသူများနှင့် မထိုက်တန်ဟုယူဆကာ တောင်းရမ်းလာသည့် မင်းညီမင်းသား၊ သူဌေးသား၊ သူကြွယ်သားတို့ကိုပင် ပယ်မြစ်ထား၏။

တစ်နေ့သောအခါတွင် ဖခင်မာဂဏ္ဍီပုဏ္ဏားကြီးက မြတ်စွာဘုရားကို ဖူးတွေ့နေရပါသော်လည်း သူက ဘုရားရှင်မှန်းမသိရှာဘဲ ယောကျ်ားမြတ်တို့၏ လက္ခဏာတော်များနှင့်

**ကျမ်းညွှန်း** ✽ ဓမ္မဘေရီအရှင်ဝီရိယ (တောင်စွန်း၏) လူတိုင်းအတွက်ပဋ္ဌာန်း (၂၀၁၁-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်)

ပြည့်စုံသည့် ဤပုဂ္ဂိုလ်နှင့်သာ မိမိ၏သမီး ထိုက်တန်သည်ဟု ဆုံးဖြတ်ကာ ဘုရားရှင်ထံပါး ချဉ်းကပ်ကာ သူ၏သမီးချော မာဂဏ္ဍီပုဏ္ဏေးမကို ဇနီးအဖြစ် သိမ်းပိုက်ရန် လျှောက်ထားပါတော့သည်။

## မာဂဏ္ဍီပုဏ္ဏေးမကလေး မြတ်ဗုဒ္ဓပေါ် ငြိုးမာန်ဖွဲ့ရှာပြီ

ဘုရားရှင်က မာဂဏ္ဍီပုဏ္ဏားကြီးနှင့် ဇနီးပုဏ္ဏေးမတို့ လင်မယားနှစ်ဦး အနာဂါမ်ဖြစ်မည့် အရေးကို မြင်တော်မူသဖြင့် တရားဟောကြားပေးတော်မူပါသည်။ "သင့်သမီး မာဂဏ္ဍီပုဏ္ဏေးမထက် အနှိုင်းအဆမဲ့ ပို၍ချောမောလှပသော မာရ်နတ်၏ သမီးများကိုပင် ငါမသိမ်းပိုက်ခဲ့ကြောင်း၊ ကျင်ကြီး၊ ကျင်ငယ်၊ သွေး၊ သလိပ်တို့ဖြင့် ပြည့်နေသော သင့်သမီးကို အလိုမရှိပါကြောင်း" ဟူသော စကားရပ်များ တရားဟောရာ၌ပါရှိလေရာ ပုဏ္ဏားကြီးတို့ လင်မယားအတွက်မှာမူ အနာဂါမ်ဖြစ်ရန် ကြီးစွာသော ဥပနိဿယ အကြောင်းအထောက်အပံ့ကောင်း ဖြစ်ခဲ့ပါသော်လည်း မာဂဏ္ဍီပုဏ္ဏေးမကလေး အတွက်မှာမူ မြတ်စွာဘုရားရှင်အပေါ် ငြိုးမာန်ဖွဲ့ရန် ကြီးစွာသော အကြောင်းအထောက်အပံ့ ဖြစ်သွားပါတော့သည်။

ထို့ကြောင့် သူက လက်စားချေရန် အခါအခွင့်ကောင်းကို စောင့်ဆိုင်းလျက်ရှိ၏။ တစ်နေ့ ဥတေနမင်းကြီး၏ မိဖုရားဖြစ်သောအခါ၌မူ လက်စားချေခြင်းလုပ်ငန်းကို စတင်ပါတော့သည်။ မြတ်စွာဘုရားရှင်နှင့် နောက်ပါသံဃာတော်များ ကောသမ္ဗီပြည်တွင်းသို့ ဆွမ်းခံကြွတော်မူသည်ကို မာဂဏ္ဍီမိဖုရား သိသည့်တစ်နေ့တွင် လူမိုက်လူရမ်းကား အမူးသမားများကို ရွှေငွေပေး၍ မြတ်စွာဘုရားရှင်နောက်သို့ တကောက်ကောက်လိုက်ကာ အမျိုးမျိုး ဆဲရေး၊ ပုတ်ခတ်၊ စွပ်စွဲ၊ ကဲ့ရဲ့စေပါသည်။

## ဆဲရေးသူကို သည်းခံခြင်းဖြင့် ရင်ဆိုင်တော်မူသည်

နေ့စဉ် ဆွမ်းခံဝင်တိုင်း ဆဲရေးသံ ကြားရဖန် များလာသောအခါ အရှင်အာနန္ဒာက မြတ်စွာဘုရားအား "*အရှင်ဘုရား ဤကောသမ္ဗီ ပြည်သူ ပြည်သားများသည် တပည့်တော်တို့ ဆွမ်းခံရာနောက်သို့ တကောက်ကောက်လိုက်လျက် ဆဲရေးကြပါသည်။ တခြားအရပ်ဒေသသို့ ကြွသင့်ပါပြီဘုရား*"ဟု လျှောက်ထားပါသည်။ ထိုအခါ ဘုရားရှင်က "*အာနန္ဒာ အခြားအရပ်ကလည်း ဤသို့ပင် ဆဲရေးပြန်သော် နောက်ထပ် အဘယ်အရပ်သို့ သွားမည်နည်း။ အရပ်လေးမျက်နှာသို့ သွားသောအခါ၊ အရပ်လေးမျက်နှာမှ ရောက်လာသော ရန်သူတို့ကို ရင်ဆိုင်ရမည်။ ဒါကြောင့် အယူမှားသူတို့ ဆဲရေးသည်ကို သည်းခံခြင်းဖြင့် ရင်ဆိုင်ရမည်၊ အာနန္ဒာ မကြောင့်ကြလင့်၊ ဆဲရေးသူတို့သည် ခုနစ်ရက်သာ ဆဲရေးနိုင်ကြမည်။ တစ်စုံတစ်ရာ တုန့်ပြန်ခြင်းမပြုဘဲ သည်းခံခြင်းအားဖြင့် ဆဲရေးသူတို့သည် ရှစ်ရက်မြောက်သောနေ့၌ ရပ်သွားကြလိမ့်မည်*"ဟု မိန့်တော်မူပါသည်။

'အကုသိုလ်ကံ ဖိစီးခံရသူများအတွက် ပျက်စီးချိန် ရောက်လေသောအခါ၌ အမှားသည် အမှန်အသွင်ဖြင့် ထင်လာတတ်၏'ဟု ဝဇီရဗုဒ္ဓိဋီကာဆရာက ဖွင့်ဆိုထားသည့်အတိုင်း မာဂဏ္ဍီသည် လူနတ်ပြဟ္မာတို့၏ ကိုးကွယ်ရာအစစ်ဖြစ်တော်မူသော သုံးလောကထွဋ်ထား မြတ်ဗုဒ္ဓအား လက်စားချေနေခြင်းကိုပင် မှန်ကန်သောလုပ်ရပ်၊ တရားမျှတသော ဆောင် ရွက်ချက်အဖြစ် ခံယူထားရှာပါသည်။ ဒေါသနှင့် မောဟရေသောက်မြစ် ရှည်နေသမျှ မာဂဏ္ဍီ ပုဏ္ဏေားမသည် မပြုသင့် မပြုထိုက်၊ မကြံသင့် မကြံထိုက်သည်တို့ကို ရှေ့ဆက်ရမည့်သံသရာ ခရီး၌ ကြံနေ၊ ပြုနေရှာပေဦးတော့မည်။

မာဂဏ္ဍီနှင့် သူ၏မိဘနှစ်ပါးတို့သည် ဘုရားရှင်တည်းဟူသော အတိက္ကဋ္ဌာရုံကို ဖူးမြင်ခွင့် ကြုံရခြင်း တူပါသော်လည်း မိဘနှစ်ပါးက အရိယာများ ဖြစ်သွားပါသည်။ သမီးက ရန်ငြိုး အာဃာတရှင်ကြီး ဖြစ်သွားရှာပါသည်။

## အကုသိုလ်၏ ခေါင်းဆောင်သည် မောဟ

*'လောဘံ ပဋိစ္စ မောဟော၊ မောဟံ ပဋိစ္စ လောဘော၊ ဒေါသံ ပဋိစ္စ မောဟော၊ မောဟံ ပဋိစ္စ ဒေါသော'*ဟု ပဋ္ဌာန်းပါဠိတော် တတိယတွဲ၌ လာရှိပါသည်။ တစ်စုံတစ်ခု ပြုလုပ်၊ ပြောဆိုရာတွင် နှစ်သက်သဘောကျစွာ ပြုလုပ်ပြောဆိုပါက လောဘနှင့် မောဟတို့ကြောင့် ဖြစ်မည်။ တစ်စုံတစ်ခု ပြုလုပ်၊ ပြောဆိုရာတွင် မကျေမနပ် ဆူဆူဆောင့်ဆောင့် ပြုလုပ် ပြောဆိုပါက ဒေါသနှင့် မောဟတို့ကြောင့် ဖြစ်သည်။

ပုဂ္ဂိုလ်သတ္တဝါက မကျေမနပ်သည်လည်း မဟုတ်၊ ပုဂ္ဂိုလ်သတ္တဝါက ကျေနပ်နှစ်သက် သဘောကျသည်လည်း မဟုတ်ပါပေ။ အခြေအမြစ်ကျသော အကြောင်းတရားသည်ကား ထိုထို အကုသလဟေတုဟူသော လောဘ၊ ဒေါသနှင့် မောဟဖြစ်ပြီး၊ ကုသလဟေတုဟူသော အလောဘ၊ အဒေါသနှင့် အမောဟတို့သာ ဖြစ်ပေတော့သည်။

ထို့ကြောင့် နှစ်သက်တွယ်တာခြင်းဟူသော လောဘဟိတ် ရေသောက်မြစ်ကြီးနှင့် တွေ့ဝေမိုက်မဲသည့် မောဟဟိတ် ရေသောက်မြစ်ကြီးများကြောင့် ကြိုက်နှစ်သက်သည့် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့နှင့် အတွေးအကြံတည်းဟူသော အာရုံခြောက်ပါးတို့ကို မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်တည်းဟူသော ခြောက်ဒွါရတို့၌ ဆိုင်ရာဇောဝီထိ တို့ဖြင့် သိရှိကြသောအခါ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာ အမျိုးမျိုးက အကုသိုလ် အစားစားကို ပြုပါတော့သည်။

မာဂဏ္ဍီသည် မနှစ်သက်ခြင်း၊ မုန်းတီးခြင်း၊ ရန်ငြိုးဖွဲ့ခြင်းတည်းဟူသော ဒေါသဟိတ် ရေသောက်မြစ်ကြီးနှင့် တွေ့ဝေမိုက်မဲ အသိဉာဏ်ပိတ်ဖုံးကာဆီးသည့် မောဟဟိတ်ရေသောက်

---

* **ကျမ်းညွှန်း** - (၁)၊ သာမာဝတီဝတ္ထု၊ အပ္ပမာဒဝဂ္ဂ၊ ဓမ္မပဒဋ္ဌကထာ-၁ (နှာ-၁၂၈)

မြစ်ကြီးတို့ကြောင့် အမြင်မှောက်မှားကာ လောကသားတို့၏ ကျေးဇူးရှင်ဖြစ်တော်မူသည့် မြတ်ဗုဒ္ဓအား ဆဲဆိုပြစ်မှားကာ ရိုင်းစိုင်းယုတ်မာသည့် ကိုယ်အမူအရာ၊ နှုတ်အမူအရာ အမျိုးမျိုး တို့ကို ကမ်းကုန်အောင် ပြုပါတော့သည်။

မိမိတို့၏သန္တာန်၌လည်း အကုသိုလ်ရေသောက်မြစ်များ ရှည်လျားပြီး၊ အားကောင်း နေသရွေ့ "မာဂဏ္ဍီပုဏ္ဏေးမလောက်တော့ ငါ မိုက်တွင်းမနက်လောက်ပါဘူး"ဟု အဘယ်သို့ မိမိကိုယ်ကို အာမခံဝံ့မည်နည်း။

## ကုသိုလ်၏ ခေါင်းဆောင်သည် အမောဟ

အသိဉာဏ်မှုန်ဝါးမှုဟူသော မောဟမပါဘဲ လိုချင်မှုလောဘ၊ စိတ်အလိုမကျမှုဒေါသ စသည်တို့ ဖြစ်ခွင့်မရှိပါ။ ထို့ကြောင့် လောဘ၊ ဒေါသဖြစ်ရသည့် အကြောင်းရင်းတွင် အသိဉာဏ်အားနည်းမှုဟူသော မောဟသည် အဓိကပါဝင်နေပါသည်။

ဝိပဿနာတရားကို အားထုတ်ပြီး အသိဉာဏ်ပညာ အတန်အသင့် ပြည့်စုံလာသည့် ယောဂီကမူ ဒေါသဖြစ်စရာကြုံ၍ စိတ်ထဲ ဒေါသဖြစ်လိုက်သည်နှင့် အမောဟဉာဏ်ပညာက ဒေါသမီးပွား မကြီးထွားခင် ပယ်လိုက်နိုင်ပါသည်။ တစ်နည်းအားဖြင့် ဒေါသစိတ် ဖြစ်သည် နှင့် အမောဟဉာဏ်ပညာက လက်ဦးမှုရယူနိုင်သဖြင့် ကိုယ်အမူအရာ၊ နှုတ်အမူအရာ အထိ မပွင့်အန်နိုင်တော့ပါ။

တစ်နည်းထပ်ပြရသော် ဉာဏ်ပညာရှိသူသည် ဒေါသစိတ်ကြောင့် နှုတ်ဝစီထွက်စေ ကာမူ ကာယအထိ မရောက်တော့ပေ။ တစ်နည်းထပ်ပြရသော် ဉာဏ်ပညာရှိသူသည် ဒေါသ စိတ်ကြောင့် မပြီးနိုင်၊ မစီးနိုင် တနုံ့နုံ့ဖြင့် ဖြစ်ကြောရှည်ကာ ဒေါသမီး၊ သောကမီး၊ အာဃာတ မီးတို့ကို မိုးမဆုံး မြေမဆုံး ပွားနေတော့မည် မဟုတ်ပေ။

သို့ဖြစ်ပါ၍ ဉာဏ်အားကြီးလေ ဖြစ်ပေါ်လာသည့် ဒေါသကို မြန်မြန်ပယ်နိုင်လေ ဖြစ်ပေ မည်။ စိတ်ထဲဖြစ်ကာမျှဖြင့် ပယ်နိုင်မည်။ သို့မဟုတ် နှုတ်ထွက်ကာမျှဖြင့် ပယ်နိုင်မည်။ ဝိပဿနာဉာဏ်အားကောင်းလာသည်နှင့်အမျှ ဒေါသစိတ်ကြောင့် ဖြစ်ပေါ်လာသည့် စိတ္တဇရုပ်၏ ပူလောင်မှု၊ မငြိမ်းချမ်းမှုကို ပိုင်ပိုင်ကြီး သိနားလည်လာနိုင်သူအဖို့ ထိုဖြစ်ခဲ့သည့် ဒေါသ၏ အကြောင်းအကျိုးကို ဆင်ခြင်နိုင်စွမ်းအားလည်း ပို၍ တိုးလာပေမည်။

ယုတ်မာသော၊ ပူလောင်သော၊ မငြိမ်းချမ်းသော ဒေါသမျိုး နောက်နောင် မဖြစ်လာ စေရန်နှင့် တဒင်္ဂ၊ တဒင်္ဂမှသည် အပြီးတိုင် ပယ်သတ်နိုင်ရန်မှာ ဝိပဿနာယောဂီ၏ အမောဟ ဉာဏ်ပညာကသာ ဆုံးဖြတ်ပေးပေလိမ့်မည်။

ဤနေရာတွင် ဝိပဿနာယောဂီဟု သုံးနှုန်းရပါသော်လည်း ဝေါဟာရပညတ်အား ဖြင့်သာ သုံးနှုန်းရခြင်း ဖြစ်ပါသည်။ အမှန်တကယ်တွင်မူ ရှုမှတ်သူ၊ ဝိပဿနာတရား

အားထုတ်သူဟူ၍ မရှိပေ။ အမောဟဉာဏ်ပညာက သိစရာကို သိ၊ ဆုံးဖြတ်စရာကို ဆုံးဖြတ်၊ ပိုင်းဖြတ်စရာကို ပိုင်းဖြတ်ပေးနေသည့် ဓမ္မသဘာဝသက်သက်မျှသာ ဖြစ်ပေသည်။ ဤသို့ သဘောပေါက်လာသူသည် မိမိပိုင်ဆိုင်၍မရသည့် ခန္ဓာကိုယ်ပေါ်၌ တွယ်တာတပ်မက်မှု အနည်းငယ်ဖြစ်စေ လျော့ပါးလာပေတော့မည်။ ခန္ဓာ၏သဘောမှန်ကို သိတော်မူကြသည့် သူတော်ကောင်းကြီးတို့၏ အမြင်ကိုလည်း မိမိတို့၏ခတ်ခံအားလျော်စွာ ကြည်ညိုနိုင်ရန် သာဓကအချို့ကို ဖော်ပြပေးလိုပါသည်။

## တောထဲပဲသေချင်ပြီး အလောင်းကို ကျီးတွေ လင်းတတွေ စားကြပါစေ

တောင်ဖီလာဆရာတော်ကြီးသည် အင်းဝခေတ် သာလွန်မင်းတရားကြီးလက်ထက် အလွန် ထင်ရှားပါသည်။ သက်တော် ၇၂-နှစ်တွင် ပျံလွန်တော်မူပါသည်။ ဆရာတော်သည် မိမိပျံလွန်တော်မူခါနီးတွင် လူမတွေ့နိုင်သော တောထဲသို့ ဝင်တော်မူ၍ ခန္ဓာကိုယ်ကို တောတိရစ္ဆာန်တို့ စားသုံးရန်အတွက် ရေချမ်းအိုးကို တည်တော်မူပြီးလျှင် တိတ်တဆိတ် ပျံလွန်တော်မူကြောင်း မှတ်တမ်းများ၌ လာရှိပါသည်။

ပထမရွှေကျင်ဆရာတော်ကြီးကလည်း “တို့ တောထဲပဲ သေချင်ပါတယ်၊ တောထဲ သေရင် ကျီးတွေ လင်းတတွေ စားပြီး ရေသောက်ပျံကြပါစေ၊ ရေမရှိတဲ့နေရာသေရင်လည်း အင်တုံကြီးတွေနဲ့ ရေတွေထည့် ထားကြရမယ်”ဟု မှာကြားတော်မူဖူးပါသည်။

ကျေးဇူးတော်ရှင် ဆရာသခင်ထေရ်မြတ်တို့၏ စိတ်အစဉ်ဝယ် ဤခန္ဓာကိုယ်ကောင်ကြီးသည် လက်ပံတုံးပမာ၊ ငှက်ပျောတုံးပမာ ထားတော်မူကာ စွဲလန်းတပ်မက်မှု ကင်းတော်မူသည့် ကုသလဟေတု၏ သတ္တိအဟုန်က ကြီးကျယ်မြင့်မြတ်လှပါသည်။

သူလိုကိုယ်လိုပုထုဇဉ်တို့ကမူ ဤကိုယ်ကောင်ကြီးကို မိမိတို့ပိုင်ဆိုင်သည်ဟု ထင်တတ်ကြသည်။ ထို့ကြောင့် သေသွားသည့်တိုင် အလောင်းကောင်ကို ပေါင်ဒါ၊ မိတ်ကပ်၊ နှုတ်ခမ်းနီ၊ ပါးနီတို့ဖြင့် ခြယ်သကြသည့်တိုင် အဝိဇ္ဇာ၊ မောဟ အကုသလဟေတု အားကြီးကြ၏။ ထို့ကြောင့် ပုထုဇဉ်တို့က ဆရာထေရ်မြတ်ကြီးတို့၏ ခန္ဓာပေါ် ရှုမြင်ပုံကို အတုယူအားကျရန်ဝေးစွ စိတ်ဖြင့်ပင် မကြံစည်ဝံ့ကြပါပေ။

---

**ကျမ်းညွှန်း**

* ဦးမာနိတသိရီ ပြုစုတော်မူသည့် ပထမရွှေကျင်ဆရာတော် (နှာ-၂၇၁)
* အရှင်ရာဇဓမ္မာဘိဝံသ ရေးသားပြုစုတော်မူသည့် ဘဒ္ဒန္တသူရိယာဘိဝံသ၏ ထေရုပ္ပတ္တိကထာ၊ ၁၉၇၆- ပထမအကြိမ်၊ (နှာ-၂၀၃)
* ဆရာတော်အရှင်ရာဇိန္ဒထေရ်၏ သာသနာဗဟုဿုတ ပွကာသနီကျမ်း (နှာ-၃၅၅)
* ဝိနယာလင်္ကာရဋီကာ (နှာ-၄၃၃)

## သမ္မာယုတ်တရား

ဤလောဘဟေတုသည် ထိုစိတ် စေတသိက် ရုပ်တို့၏ အမြစ်ဟူသော အနက်သဘော ကြောင့် ဟေတုလည်းမည်၏။ ကျေးဇူးပြုတတ်သော အနက်သဘောကြောင့် ပစ္စည်းလည်း မည်၏။ ထိုနှစ်ပါးသော အကြောင်းကြောင့် ဟေတုပစ္စည်းမည်၏။

ထိုနည်းအတူ ပြစ်မှားအပ်သော ဝတ္ထုတို့ကို အာရုံပြု၍ ပြစ်မှားသည်၏ အစွမ်းဖြင့် ဖြစ်ကုန်သော ဒေါသ၊ တွေဝေအပ်သော ဝတ္ထုတို့ကို အာရုံပြု၍ တွေဝေသည်၏ အစွမ်းဖြင့် ဖြစ်ကုန်သော မောဟတို့၌လည်း ဤနည်းကို မှတ်အပ်၏။

ဟေတုပစ္စည်း၌ သစ်ပင်၏အမြစ်တို့သည် အလိုလို မြေ၏အတွင်း၌ ကောင်းစွာတည်၍ မြေ၏အဆီအရသာ၊ ရေ၏အဆီအရသာကိုယူကာ ထိုသစ်ပင်တို့၏ အဖျားတိုင်အောင် ဆောင်၏၊ ထိုသို့ဆောင်ခြင်းဖြင့် သစ်ပင်သည် ရှည်မြင့်စွာသော ကာလပတ်လုံး ကြီးထွားလျက် တည်၏။

ထို့အတူ လောဘသည်လည်း ထိုထိုသို့သော ဝတ္ထုအာရုံ၌ တပ်နှစ်သက်ခြင်း၏ အစွမ်းဖြင့် ကောင်းစွာ အာရုံပြုသောအားဖြင့် တည်၍ ထိုထိုသို့သော ဝတ္ထုအာရုံ၏ ချစ်အပ် သောသဘောရှိသော အဆီအရသာကိုယူ၍ သမ္မာယုတ်တရားတို့ကို ကိုယ်နှုတ်ဖြင့် လွန်ကျူးခြင်း တိုင်အောင် ဆောင်၏။ ထို့ကြောင့် ကိုယ်နှုတ်ဖြင့် လွန်ကျူးကြ၏။

ဤနည်းအတူ ဒေါသသည်လည်း ပြစ်မှားသည်၏ အစွမ်းဖြင့် မချစ်မနှစ်မြို့အပ်သော သဘော၊ မသာယာအပ်သော သဘောရှိ၏။ မောဟသည်လည်း တွေဝေသည်၏ အစွမ်းဖြင့် အထူးထူးသော အာရုံတို့၌ အချည်းနှီးသောစိတ် ဖြစ်ခြင်းသဘောရှိ၏။

## ရလျှင်ပြုံး မရလျှင် မဲ့သူသည် ဉာဏ်မရှိ

ပြစ်မှားမှု၊ မုန်းတီးမှု၊ အလိုမကျမှု၊ စိတ်ဆိုးစိတ်ကောက်မှုမည်သော ဒေါသ၏ ဖြစ်စဉ်တွင် 'သာမန် ဖြစ်ရိုးဖြစ်စဉ် ဖြစ်တတ်သည့် ဖြစ်စဉ်တစ်ရပ်မျှသာ'ဟု မသိနိုင်ရှာသည့် မောဟဦးဆောင်နေသဖြင့် ဒေါသဖြင့် သောင်းကျန်းနေခြင်း ဖြစ်ပါသည်။ လိုချင်မှု၊ ရလိုမှုမည်သော လောဘ၏ ဖြစ်စဉ်တွင်လည်း သာမန် ဖြစ်ရိုးဖြစ်စဉ် ဖြစ်တတ်သည့် ဖြစ်စဉ် တစ်ရပ်မျှသာဟု မသိနိုင်ရှာသည့် အဝိဇ္ဇာမောဟက ဦးဆောင်နေသဖြင့် လောဘဖြင့် သောင်းကျန်းနေခြင်း ဖြစ်ပါသည်။

ပမာပြရသော် လူတစ်ယောက်က သူရက်ကာလအတန်ကြာကပင် သူအလွန်လိုချင် နေခဲ့သည့် တယ်လီဖုန်း Handset ကို မိတ်ဆွေတစ်ယောက်က လက်ဆောင်ပေးသဖြင့် ရလာသည်ဆိုပါစို့၊ သူသည် အလွန်ပင် ပြုံးကာ၊ ပျော်ကာ နေပေတော့မည်။ သူပြုံးပျော်နေခြင်း

---

**ကျမ်းညွှန်း** ✻ လယ်တီဆရာတော်ကြီး၏ ပဋ္ဌာနုဒ္ဒေသဒီပနီကျမ်း။

သည် သူကြိုက်သည့် ပစ္စည်းရသဖြင့် လောဘကြောင့် မိုးမမြင်လေမမြင် ပျော်နေခြင်း ဖြစ်ပါသည်။ သူပျော်နေရုံမျှမက တွေ့သမျှ လူတိုင်းကို သူရထားသည့် တယ်လီဖုန်းကိုပြ၍ ကြွားနေပေဦးမည်။

သူ၏စိတ်အိမ်ကို လောဘက ချယ်လှယ်ပြီး မောဟက ထပ်ဆောင်းပေးထား၏။ အမှန် တကယ်တွင်မူ ကြွားစရာကြီးလည်းမဟုတ်၊ ပျော်စရာကြီးလည်းမဟုတ် မိမိအတွက် လိုအပ် နေသည့်ပစ္စည်းတစ်ခု ယနေ့ လက်ဝယ်ရရှိလာခြင်းတည်းဟူသော 'သာမန် ဖြစ်ရိုးဖြစ်စဉ်' တစ်ရပ် သို့မဟုတ် လိုအပ်နေသည်နှင့် တိုက်တိုက်ဆိုင်ဆိုင်ရလာသည့် ဖြစ်ရပ်တစ်ခုမျှသာဟု မသိနိုင်ရှာသည့် မောဟက ဦးဆောင်နေပါတော့သည်။

## မဖြစ်သေးတာသာရှိတာ၊ ဖြစ်တတ်တယ်

မောဟအားကြီးသလောက် အသိဉာဏ်အား မှေးမှိန်နေသောကြောင့်သာ ဤမျှ မိုးမမြင် လေမမြင် ပြုံးပျော်နေကြခြင်း ဖြစ်ပါသည်။ အမောဟမည်သော ဉာဏ်ပညာက စိတ်အိမ်၌ နေရာယူလာနိုင်ပါက 'လောဘကြောင့် ပြုံးစရာလည်းမဟုတ်၊ ဒေါသကြောင့် မဲ့စရာလည်း မဟုတ် သာမန်ဖြစ်ရိုးဖြစ်စဉ် ဖြစ်တတ်သည့် သဘောမျှသာဖြစ်ကြောင်း'ကို နားလည်လက်ခံ လာနိုင်ပါသည်။

ထိုသူတော်ကောင်းသည် Why me? "ငါ့မှာမှ ဖြစ်ရလေခြင်းနော်"ဟူ၍ ရင်ဘတ် စည်တီးကာ ငိုကြွေးတော့မည်မဟုတ်ပေ။ 'ဖြစ်တတ်တယ်' 'မဖြစ်သေးတာသာရှိတယ်' ဟူသော သဘာဝတရားကို အနည်းငယ် သဘောပေါက် နားလည်နိုင်သည့်ဉာဏ်ရှိလာသော ကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် လောဘနှင့် မောဟ အားနည်းလာပြီး အမောဟ နေရာဝင်ယူလာလျှင် ရ၍လည်း မပြုံးပါ။ ဒေါသနှင့် မောဟ အားနည်းလာပြီး အဒေါသ နေရာဝင်ယူလာလျှင် မရ၍လည်း မမဲ့တော့ပါ။ ဘဝတစ်လျှောက်လုံး ကလေးအရွယ်မှသည် ယနေ့တိုင် ရလျှင်ပြုံး၊ မရလျှင် မဲ့နေသည်မှာ အသိဉာဏ်ပညာသတ္တိ အားနည်းခြင်းကြောင့်ပေတည်း။

လောကဝေါဟာရအရ 'မောင်ဖြူ မဲ့နေတယ်၊ မောင်မဲ ပြုံးနေတယ်' ဟု ပြောရိုးရှိ သော်လည်း အမှန်တကယ် အရှိတွင်မူ ဒေါသဟူသောအကြောင်းကြောင့် မောင်ဖြူ မဲ့နေခြင်း ဖြစ်သည်။ လောဘဟူသော အကြောင်းကြောင့် မောင်မဲ ပြုံးနေခြင်း ဖြစ်သည်။

သို့သော် လူသားအများက "မောင်မဲ ထီပေါက်တော့ ပြုံးနိုင်တာပေါ့" ဟူ၍ လည်းကောင်း၊ "မောင်ဖြူ တယ်လီဖုန်းပျောက်တော့ မဲ့နေရှာတယ်" ဟူ၍လည်းကောင်း သူတို့နားလည်သကဲ့သို့ ပြောနေကြခြင်းသာ ဖြစ်ပါသည်။ အမှန်သဘောကို နားလည်၍ ပြောနေခြင်းမဟုတ်ပေ။

## သန့်ရှင်းသည့်အပြုံးနှင့် မသန့်ရှင်းသည့်အပြုံး

တစ်နည်း ထပ်၍ပြရသော် မောဟနှင့်လည်း ပြုံးနိုင်ပါသည်။ အမောဟနှင့်လည်း ပြုံးနိုင်ပါသည်။ သို့သော် လောဘနှင့် မောဟအားကြီးသူသည် ဉာဏ်ပညာအားနည်းသဖြင့် ရလျှင်ပြုံးမည်၊ မရလျှင်မဲ့မည်။

ဒေါသနှင့် မောဟအားကြီးသူသည် ဉာဏ်အားနည်းသဖြင့် နိုင်လျှင် ပြုံးမည်။ ရှုံးလျှင် မဲ့မည်။ သူတို့သည် အဆင်ပြေလျှင် ပြုံးမည်၊ အဆင်မပြေလျှင် မဲ့ကြပေမည်။

အသိဉာဏ်ပညာ အမောဟဦးစီးပြီး အလောဘ၊ အဒေါသ အားကောင်းသူတို့သည် ဉာဏ်ပညာရှိသူများ ဖြစ်သဖြင့် ပြုံးလျှင်ပြုံးမည် နိုင်၍ပြုံးခြင်း မဟုတ်ပေ။ သဘောပေါက်နားလည်၍ ပြုံးခြင်းသာ ဖြစ်သည်။ သန့်ရှင်းသောအပြုံး ဖြစ်သည်။

ဥပမာအားဖြင့် ချီးကျူးဂုဏ်ပြုခံရလျှင် "ငါတော်လို့၊ ငါထိုက်တန်လို့ ရတာကွ" ဟု လက်သီးလက်မောင်းတန်းကာ ပြုံးပေမည်။ ထိုအပြုံးသည် မသန့်ရှင်းသောအပြုံး ဖြစ်သည်။

ချီးကျူးထောမနာ ပြုခံရလျှင်လည်း "အခု ချီးကျူးတာတွေ လာနေသလို နောက်တစ်နေ့ ကဲ့ရဲ့တာတွေလည်း လာနိုင်သေးတယ်"ဟု လောကသဘောကို နားလည်တော်မူကြသဖြင့် ချီးကျူးခြင်းကြောင့် ပြုံးတော်မူမည် မဟုတ်ပေ။ အကယ်၍ ပြုံးတော်မူလျှင်လည်း လောက၏ သဘောကို နားလည်တော်မူသောကြောင့်သာ ပြုံးတော်မူမည်ဖြစ်သဖြင့် သန့်ရှင်းသော အပြုံးသာ ဖြစ်ပေသည်။

## မိန်းမတစ်ယောက်ကို တပ်မက်သောယောက်ျား၏ ဥပမာ

သက်ရှိသက်မဲ့ အာရုံတစ်ခုခုကို လိုချင်မှုအားကြီးလာသည်နှင့်အမျှ စိတ်ညစ်ညျုး ပင်ပန်းနေပေမည်။ ထိုလိုချင်မှု လောဘခိုင်းသည့်အတိုင်း လုပ်နေ၊ ပြောနေ၊ ကြံစည်နေသမျှ ထိုလိုချင်မှုကို မစွန့်နိုင်သေးသမျှ စိတ်ညစ်ညျုးပင်ပန်းမှု ဆက်ကာ ဆက်ကာ ဖြစ်နေပေမည်။ သူလိုကိုယ်လိုလူကမူ ထိုပင်ပန်းမှုကို သတိပြုမိမည် မဟုတ်ပေ။ ပင်ပန်းသည်ကို သိသူမှသာလျှင် ထိုပင်ပန်းမှုမှ လွတ်ရန်ဆန္ဒ ရှိလာမည်။ လွတ်ရန်နည်းလမ်း ရှာပေမည်။ စွန့်နိုင်မှသာ ချမ်းသာမည်။ သို့သော် စွန့်နိုင်ရန်မှာမူ အမောဟဉာဏ်၏အရာ ဖြစ်ပေသည်။

လယ်တီဆရာတော်ကြီး၏ ပဋ္ဌာနနိဒ္ဒေသဒီပနီ၌ ယောက်ျားတစ်ယောက်သည် မိန်းမတစ်ယောက်၌ တပ်မက်နှစ်သက်သောစိတ် ဖြစ်၏၊ သူသည် ထိုစိတ်ကို မစွန့်နိုင်သေးသမျှ ထိုမိန်းမကို အာရုံပြု၍ သူ့အား လောဘနှင့်တကွ ဖြစ်ကုန်သော ကာယကံလုပ်ဆောင်မှုများ၊ ဝစီကံပြောဆိုမှုများနှင့် မနောကံ ကြံစည်တွေးတောမှုများ စဉ်ဆက်မပြတ် ဒလစပ် ဖြစ်နေတော့၏။

---

**ကျမ်းညွှန်း** * အရှင်ဇောတိက (ညောင်တုန်း)၏ ပဋ္ဌာန်းပစ္စယနိဒ္ဒေသ ပို့ချဟောကြားချက်များ (၂၀၀၈-ခုနှစ်တွင် ထုတ်ဝေသည်။)

အကယ်၍ တစ်နေ့သောအခါ၌ ထိုယောက်ျားသည် ဝတ္ထုကာမ၊ ကိလေသာကာမတို့၏ အပြစ်ကိုမြင်၍ မိန်းမကိုနှစ်သက်သာယာ သဘောကျသောစိတ်ကို စွန့်ခွာနိုင်ခဲ့ပါလျှင်မူ ထို မိန်းမကို အာရုံပြုသောအခါတွင် လောဘဖြစ်မည် မဟုတ်တော့ပေ။ အခြားသော ယောက်ျား နှင့် ရည်ငံနေလျှင်လည်း ဒေါသဖြစ်တော့မည် မဟုတ်ပေ။ အကြောင်းမှာ အမောဟဉာဏ်ဖြင့် ထိုမိန်းမကို သဘောကျသောစိတ်ကို ပိုင်းဖြတ်ကာ စွန့်လွှတ်နိုင်ခဲ့ပြီး ဖြစ်သောကြောင့် ပေတည်း။

## ဆန်ခြင်းနှင့် စုန်ခြင်း

ဇောက ကုသိုလ်ဇော၊ အကုသိုလ်ဇော၊ ကြိယာဇောဟူ၍ သုံးပါးရှိကြရာတွင် ကြိယာ ဇောကား ဘုရား ရဟန္တာတို့မှာသာ ဖြစ်ကြ၏။ ကြွင်းနှစ်ပါးတို့ကား ပုထုဇဉ်၊ သေက္ခတို့မှာ ဖြစ်ကြ၏။ သေက္ခပုဂ္ဂိုလ်မည်သည် ကျင့်ဆဲပုဂ္ဂိုလ်ဟု အဓိပ္ပာယ်ရပါသည်။ သောတာပန်လည်း ကျင့်ဆဲသေက္ခာပုဂ္ဂိုလ်၊ သကဒါဂါမ်လည်း ကျင့်ဆဲသေက္ခာပုဂ္ဂိုလ်ဖြစ်ပြီး အနာဂါမ်လည်း ကျင့်ဆဲသေက္ခာပုဂ္ဂိုလ် ဖြစ်ပါသည်။ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့ကား အသေက္ခာ ပုဂ္ဂိုလ်တို့ ဖြစ်တော်မူပါသည်။

*ကုသလာ ဓမ္မာ* ဖြစ်ရန်မှာမူ *ယောနိသော မနသိကာရ၊* ကလျာဏမိတ္တစသည် အကြောင်းတရားများနှင့် ညီညွတ်အောင် ပြုပြင်အားပေးမှသာ ဖြစ်နိုင်ကြ၏။ ဤသို့ ပြုပြင် မပေးနိုင်ပါက အလိုလိုပင် အနိမ့်သို့ကျခြင်း၊ အောက်သို့စုန်ခြင်းဖြင့် အမိုက်အမှောင်ကြီး ဖြစ်ပေတော့မည်။ ထို့ကြောင့် အထက်သို့ အတက်သဘော၊ အဆန်သဘောသို့ ရောက်အောင် ကား ကြံဆောင် အားထုတ်ယူကြရမည် ဖြစ်ပါသည်။

သတ္တဝါတို့၏ ဓမ္မတာသဘောအရ ကောင်းတာတွေ့ကြုံပါက လောဘဟိတ်၊ မောဟ ဟိတ် ဖြစ်ပြီး၊ မကောင်းတာကို တွေ့ကြုံပါက ဒေါသဟိတ်၊ မောဟဟိတ် ဖြစ်တတ်ပါသည်။ သာမညတို့ကို တွေ့ကြုံနေရလျှင်မူ မောဟဟိတ် ဖြစ်နေပေတော့သည်။

ပမာပြုရလျှင် မိန်းမတစ်ယောက်နှင့် အိုးအိမ်ထူထောင်ထားမိသူအဖို့ အကုသလ ဟေတု ရေသောက်မြစ်သန်မာထွားကြိုင်းလာသည်နှင့်အမျှ လိုအပ်ချက်၊ လိုအပ်ချက်တို့ အလွန်ပင် များပြားလာတော့၏။ ထို့ကြောင့် *"ဥစ္စာစီးပွား၊ ရွှေ၊ ငွေ၊ စပါးအလို့ငှာ မုသား ပြောဆိုရ၏။ ပိုင်ရှင်မပေးသည့် ဥစ္စာကိုလည်း ယူရ၏။ တစ်ပါးသူတို့အားလည်း နှိပ်စက်ရ၏။ ဒဏ်ပေးခြင်းကိုလည်း ခံရနိုင်၏"*ဟု ဘုရားလောင်းရသေ့က ဗာရာဏသီသူဌေးအားအိုးအိမ် ထူထောင်ခြင်း၏ အပြစ်တို့ကို ဟောကြားတော်မူဖူးပါသည်။

---

**ကျမ်းညွှန်း** ✳ လယ်တီဆရာတော်ကြီး၏ ပဋ္ဌာနုဒ္ဒေသဒီပနီကျမ်း။
✳ ဝဍ္ဍနခဇာတ်တော်၊ ဇာတကအဋ္ဌကထာ။

## Right understood & Wrong understood

ဤနေရာတွင် သမ္မာဒိဋ္ဌိဖြစ်ကြောင်းနှင့် မိစ္ဆာဒိဋ္ဌိဖြစ်ကြောင်း နှစ်ပါးတို့ကိုလည်း ဖော်ပြလိုပါသည်။ သမ္မာဒိဋ္ဌိဟူသော အယူမှန်မှု Right understood ဖြစ်ရန် အကြောင်း နှစ်ပါးရှိ၏။ ၎င်းတို့မှာ *"ပရတော စ ဃောသော ယောနိသော မနသိကာရော။ ဣမေ ခေါ ဘိက္ခဝေ ဒွေ ပစ္စယာ သမ္မာဒိဋ္ဌိယာ ဥပ္ပါဒါယ"*

(၁) သူတစ်ပါးထံမှ ကြားနာမှတ်သားခြင်း၊ စာအုပ်ထဲ ဖတ်ရှုမိခြင်း၊ အွန်လိုင်းပေါ်မှ ဖတ်ရှုမိခြင်းနှင့်

(၂) ကောင်းသော နှလုံးသွင်းမှု ရှိခြင်းတို့ ဖြစ်၏။

မိစ္ဆာဒိဋ္ဌိဟူသော အယူမှားမှု Wrong understood ဖြစ်ရန် အကြောင်းသည်လည်း နှစ်ပါး ရှိ၏။ ၎င်းတို့မှာ *"ပရတော စ ဃောသော အယောနိသော မနသိကာရော။ ဣမေ ခေါ ဘိက္ခဝေ ဒွေ ပစ္စယာ မိစ္ဆာဒိဋ္ဌိယာ ဥပ္ပါဒါယ"*

(၁) သူတစ်ပါးထံမှ ကြားနာမှတ်သားခြင်း၊ စာအုပ်ထဲ ဖတ်ရှုမိခြင်း၊ အွန်လိုင်းပေါ်မှ ဖတ်ရှုမိခြင်းနှင့်

(၂) မကောင်းသော နှလုံးသွင်းမှု ရှိခြင်းတို့ ပေတည်း။

*'ယောနိသော မနသိကာရ'* အားကောင်းသူတို့၏ သန္တာန်၌ အလောဘ၊ အဒေါသ၊ အမောဟဟူသော ကောင်းမွန်သည့် ရေသောက်မြစ်ကြီးများ အားကောင်းနေပေမည်၊ *'အယောနိသော မနသိကာရ'* အားကောင်းသူတို့၏ သန္တာန်၌ လောဘ၊ ဒေါသ၊ မောဟဟူသော မကောင်းသည့် ရေသောက်မြစ်ကြီးတို့ အားကောင်းမည်ဟု အဋ္ဌကထာကျမ်းများက ဆိုထားပါသည်။

မြတ်စွာဘုရားရှင်က အလောဘ ပေးကမ်းစွန့်ကြဲနိုင်ရန်၊ အဒေါသမေတ္တာတရားပွား၊ ကိုယ်ချင်းစာတရားထားနိုင်ရန်၊ အမောဟ အသိ၊ အလိမ္မာ၊ ဉာဏ်၊ ပညာတို့ ဖြစ်ထွန်း ပေါ်ပေါက်လာစေနိုင်ရန်အတွက် *'မာ ဘိက္ခဝေ ပုညာနံ ဘာယိတ္ထ'* ကုသိုလ်ကောင်းမှုပြုရာ၌ မကြောက်မရွံ့ပြုကြရန် တိုက်တွန်းတော်မူထားပါသည်။

ဆက်လက်ပြီး *'ပုညံ ဘာယတော သုခံ ဘာယတိ'* ကုသိုလ်ကောင်းမှုပြုရန် ကြောက်ရွံ့သောသူ၏ထံသို့ သုခချမ်းသာအမျိုးမျိုး လာရောက်ရန်လည်း ကြောက်ရွံ့နေပေမည်ဟု ဟောကြားတော်မူထားပါသည်။

---

**ကျမ်းညွှန်း** * ကျမ်းညွှန်း အင်္ဂုတ္တိုရ် ပဌမတွဲ (နှာ-၁၀၅)

## ဘုရားအလောင်း၏ အားကြီးသည့် ကုသလဟေတု

ဗာရာဏသီပြည်တွင် ဒေဝဒတ်အလောင်း ကလာဗုမင်း အုပ်ချုပ်စဉ်အခါကာလ ဘုရားအလောင်းတော်သည် ကုဋ္ဌေရှစ်ဆယ်ကြွယ်ဝသော ပုဏ္ဏားမျိုး၌ဖြစ်၏။ မိဘများ ကွယ်လွန်သွားသောအခါ စည်းစိမ်ဥစ္စာတို့ကို စွန့်လွှတ်လျှုဒါန်း၍ ဟိမဝန္တာတောသို့ဝင်ကာ ရသေ့ရဟန်းပြုတော်မူပါသည်။ သစ်သီးများဖြင့် ရှည်ကြာကာလ မျှတစွာနေပြီး ချဉ်၊ ဆား မှီဝဲရန်အလို့ငှါ ဗာရာဏသီပြည်သို့ ကြွတော်မူရာ စစ်သူကြီးက ကြည်ညိုသဖြင့် ရသေ့ကို ဆွမ်းလုပ်ကျွေး၍ မင်းဥယျာဉ်အတွင်း၌ပင် ကိုးကွယ်ထား၏။

တစ်နေ့သောအခါ ဒေဝဒတ်လောင်း ကလာဗုမင်းသည် သုရာယစ်လျက် ကချေသည် မောင်းမ အခြွေအရံများနှင့်အတူ ဥယျာဉ်ကစား ထွက်လာ၏။ မင်းကြီးအိပ်ပျော်နေစဉ် အခြွေအရံများက ခန္တီဝါဒီရသေ့ထံသွား၍ တရားနာယူနေ၏။ မင်းကြီးနိုးလာသောအခါ မောင်းမအခြွေအရံများကို မတွေ့သဖြင့် လိုက်ရှာရာ ရသေ့ထံတော်ပါး၌ တရားနာနေသည်ကို တွေ့ရှိသဖြင့် အမျက်ဒေါသ ချောင်းချောင်းထွက်ကာ ရသေ့အား "သင်သည် အဘယ်ဝါဒ ရှိသနည်း" ဟု မေးလေ၏။ ရသေ့က "ခန္တီဝါဒရှိ၏"ဟု ဖြေကြားတော်မူရာ ခန္တီဝါဒ ရှိ မရှိ စမ်းသပ်မည်ဟု ဆိုကာ သူသတ်ယောကျ်ားကိုခေါ်၍ ဘုရားလောင်းတော်၏ လက်၊ ခြေ၊ အသား၊ အရေ၊ နားရွက်၊ နှာခေါင်းတို့ကို ဖြတ်စေပြီး ရင်ဘတ်ကို ခြေဖြင့်ကန်ကျောက်ကာ မင်းဥယျာဉ်မှ ထွက်ခွာသွား၏။

ထိုအခါ အရှင်သာရိပုတ္တရာလောင်း စစ်သူကြီးရောက်ရှိလာပြီး ဘုရားလောင်းတော်ရသေ့အား ရှိခိုးကာ"အရှင်ဘုရားကို နှိပ်စက်ခဲ့သည့် ဘုရင်ကိုသာ အမျက်ထွက်တော်မူပါဘုရား၊ တိုင်းပြည်ကို အမျက်ထွက်တော်မမူပါနှင့်ဘုရား"ဟု လျှောက်ထားရာ ဘုရားလောင်းတော်ရသေ့က "ငါ၏ လက်၊ ခြေ၊ အသား၊ အရေ၊ နားရွက်၊ နှာခေါင်းတို့ကို ဖြတ်ခဲ့တဲ့ ဘုရင်မင်းကြီး အသက်ရှည်ပါစေသတည်း၊ ပညာရှိတို့မည်သည် အမျက်ဒေါသ မထွက်ကုန်သည်သာလျှင်တည်း" ဟု မိန့်ကြားတော်မူ၏။ ကလာဗုမင်းလည်း ဥယျာဉ်တံခါးသို့ ရောက်သောအခါ မြေမျို ခံခဲ့ရပါသည်။

ဒေဝဒတ်လောင်း၏သန္တာန်၌ ရှဲကုန်သည်ဘဝက စတင်ခဲ့သည့် ရန်ညှိုး ဒေါသဟိတ် ရေသောက်မြစ် ရှည်လျားခဲ့သောကြောင့် ဆင်ခြင်ဉာဏ်ကင်းမဲ့စွာ ခန္တီဝါဒီရသေ့ကိုလည်းကောင်း၊ သူ၏အသက်ကို ကယ်တင်ပေးခဲ့သည့် ဘုရားလောင်းတော် မျောက်မင်းကိုလည်းကောင်း နှိပ်စက်ခဲ့သဖြင့် နှစ်ကြိမ်တိုင်တိုင် မြေမျိုခံရ၏။ ထိုဒေါသဟေတု ရေသောက်မြစ်၏ စွမ်းပကားက ဤမျှဖြင့် မရပ်တန့်သေးဘဲ ဘုရားရှင်သီတင်းသုံးတော်မူရာ ဇေတဝန်ကျောင်း ရှေ့ရှိ ရေကန်အနီး၌ မြေမျိုခံရပြီး ယနေ့တိုင် ငရဲဒုက္ခကို ခံနေရရှာပါသည်။

ဘုရားလောင်းတော်၏ သန္တာန်၌ ရှင်သန်နေသည့် အဒေါသရေသောက်မြစ်၏ သတ္တိသည်ကား အံ့ဖွယ်ပေတည်း၊ မိမိ၏ လက်၊ ခြေ၊ အသား၊ အရေ၊ နားရွက်၊ နှာခေါင်းတို့ကို ရက်စက်စွာ ဖြတ်တောက်ကာ နှိပ်စက်ရုံမျှမက ရင်ဝကို ခြေဖြင့်ကန်ကျောက်ခဲ့သည့် ကလာဗုမင်းကို "မင်းကြီး အသက်ရှည်ပါစေသတည်း"ဟု ဆုမွန်ကောင်း တောင်းပေးနိုင်စွမ်းသည့် အထိ ခန္တီအား၊ မေတ္တာအားကြီးမားသည့် ကုသလဟေတု၏ သတ္တိကား အံ့ဖွယ်ရှိပေစွ။

## စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ (ဝါ) စိတ္တဇရုပ်

ပဋ္ဌာန်းပဥ္စာဝါရပါဠိ ဟေတုပစ္စည်း (အကု-အကု၊ ဗျာ)၌ *အကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။* အကုသိုလ်ဟိတ်တစ်ပါးပါးသည် အတူယှဉ်၍ဖြစ်သော ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ ဟူသော နာမ်ခန္ဓာလေးပါးတို့အားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

လူ့ဘုံသည် ခန္ဓာငါးပါးရှိသော ဘုံဖြစ်သဖြင့် စိတ်လည်းရှိသည်၊ စိတ်၏တည်ရာမှီရာ ရုပ်လည်းရှိသည်။ ထို့ကြောင့် စိတ်ဖြစ်သည်နှင့် စိတ်ကြောင့်ဖြစ်သည့် ရုပ်တရားများ ဖြစ်ပေါ်လာပါသဖြင့် *စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ* ဟု ဟေတုပစ္စည်း၌ လာရှိပါသည်။

လောဘစိတ်ကြောင့် ကျေနပ်နှစ်သက်ကာ ပြုံးပြုံးဖြီးဖြီးဖြစ်နေသည့် လောဘရုပ်ပုံကလည်းကောင်း၊ ဒေါသစိတ်ကြောင့် ခက်ထန်ကြမ်းတမ်းကာ စိတ်ရှုပ်၊ စိတ်ဆိုးနေသည့် ဒေါသရုပ်ပုံကလည်းကောင်း၊ မောဟစိတ်ကြောင့် ထိုင်းမှိုင်းလေးလံကာ တွေတွေဝေဝေ မောဟရုပ်ပုံတို့ကလည်းကောင်း အကုသလဟေတု၏ သတ္တိကြောင့် ဖြစ်ပေါ်လာသည့် စိတ္တဇရုပ်တို့ ပေါ်လွင် ထင်ရှားနေတတ်ပါသည်။

ပမာအားဖြင့် ဒေဝဒတ်လောင်းလျာ ကလာဗုမင်း၏သန္တာန်၌ အကုသလဟေတုမှ ပေါက်ဖွားလာခဲ့သော သမ္ပယုတ္တဓမ္မဖြစ်သည့် မှတ်သားမှု၊ ခံစားမှု စသည့် ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ ဟူသော နာမ်ခန္ဓာလေးပါးတို့သည်လည်းကောင်း၊ စိတ်ကြောင့်ဖြစ်သည့် စိတ္တဇရုပ်တို့သည်လည်းကောင်း ဘုရားအလောင်းတော် ခန္တီဝါဒီရသေ့ကို ကိုယ်အားဖြင့်၊ နှုတ်အားဖြင့် နှိပ်စက်ရန်၊ ဒုက္ခပေးရန်၊ ညှင်းဆဲရန်အတွက် ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါတော့သည်။

ဆက်လက်ပြီး အလောဘစိတ်ကြောင့် ပေးကမ်းလှူဒါန်း စွန့်လွှတ်ကာ ရွှင်လန်းနေသည့် အလောဘရုပ်ပုံကလည်းကောင်း၊ အဒေါသစိတ်ကြောင့် ကိုယ်ချင်းစာနာ မေတ္တာထားကာ

---

* **ကျမ်းညွှန်း** - ဇာတက အဋ္ဌကထာ အတွဲ-၃၊ နှာ-၃၇ ခန္တီဝါဒီဇာတ်တော်

ကြည်လင်အေးချမ်းနေသည့် အဒေါသရုပ်ပုံကလည်းကောင်း၊ အမောဟစိတ်ကြောင့် တည်တည်ကြည်ကြည် လန်းလန်းဆန်းဆန်း သွက်လက်ထက်မြက်နေသည့် ဉာဏ်ဦးစီးသည့် အမောဟရုပ်ပုံကလည်းကောင်း ကုသလဟေတု၏သတ္တိကြောင့် ဖြစ်ပေါ်လာသည့် စိတ္တဇရုပ်တို့ ပေါ်လွင် ထင်ရှားနေတတ်ပါသည်။

## မရောင့်ရဲနိုင်သည့် ကိလေသာ

လောဘ၊ ဒေါသနှင့် မောဟတို့သည် အကုသိုလ်ရေသောက်မြစ်တို့ ဖြစ်ကြ၏။ လောဘနှင့် စပ်လျဉ်း၍လည်း '*ဗဟုကေ ပစ္စယေ ဒေန္တော၊ တယောပေတေ န ပူရယေ*'ဟု ဣတိဝုတ္တက အဋ္ဌကထာ၌ လာရှိပါသည်၊ ပေးပေးသမျှ ပံ့ပိုးသမျှ မည်မျှပင် ကြီးကျယ်စေကာမူ လောဘက မရပ်တန့်ပါ။ မီးပုံကြီးကို လောင်စာထည့်လေ လောင်လေ ဖြစ်သကဲ့သို့ လောဘကြီးသူကလည်း အဘယ်မျှ ရရှိနေစေကာမူ အားရကျေနပ် တင်းတိမ် ရောင့်ရဲသည်ဟူ၍ မရှိတတ်ပေ။

သတ္တဝါတစ်ဦး၏ သန္တာန်၌ ဒေါသဖြစ်လာသောအခါ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ခွဲခြားသိနိုင်စွမ်း မရှိတော့ပေ။ သူ၏စိတ်တွင် အမှောင်မိုက်ကြီး ကျနေပါတော့သည်။ အကျိုးစီးပွားဖြစ်ထွန်းမည့် အရာကိုလည်း အကျိုးမရှိဟု ထင်ချင်ထင်ပြီး၊ အကျိုးမဲ့မည့်အရာကိုမူ အကျိုးရှိမည့်အရာပမာ ယူချင်ယူတတ်သည်။

ထို့ကြောင့် ဒေါသသည် မိမိ သူတစ်ပါး နှစ်ပါးသော အကျိုးစီးပွားကို ဖျက်ဆီးတတ်သကဲ့သို့ ဖြစ်ပေါ်လာလတ္တံ့သော ဘေးဒုက္ခအပေါင်းကို သိမြင်နိုင်စွမ်းသည့် ဉာဏ်ပညာမျက်စိကိုလည်း အကန်းပမာ လုံးလုံးဖြစ်သွားတတ်သည်ကို အောက်ပါပုံဝတ္ထုဖြင့် သာဓကပြု ဖော်ပြပါမည်။

## ကျောက်သွေးသမား၏ ဒေါသ

ဘုရားရှင် လက်ထက်တော်ကာလ သာဝတ္ထိမြို့၌ နန်းသုံးပတ္တမြားကို သွေးသည့် ကျောက်ထွင်းသမား တစ်ဦးရှိ၏။ တိဿမထေရ်မြတ်သည် ထိုကျောက်သွေးသမား ဒါယကာ၏ နေအိမ်ထဲသို့ အမြဲ ဆွမ်းခံကြွတော်မူလေ့ ရှိသည်။

တစ်နေ့ ဆွမ်းအလို့ငှာ အိမ်ထဲတွင် ခေတ္တ သီတင်းသုံးနေစဉ် နန်းတော်မှ မင်းမှုထမ်းယောကျ်ားက ဘုရင်၏အဖိုးတန်ပတ္တမြားကို ယူလာပြီး အလုပ်အပ်နှံ၏။ ကျောက်သွေးသမားသည် အသားဆွမ်းဟင်း စီမံနေရာမှ သွေးများ ပေကျံနေသောလက်ဖြင့် ပတ္တမြားကို စစ်ဆေးလက်ခံပါသည်။ ထို့နောက် မထေရ်မြတ်အနားရှိ စားပွဲခုံပေါ် ခေတ္တတင်ထားပြီး မီးဖိုထဲ ဝင်သွားပါသည်။

---

* **ကျမ်းညွှန်း** - ဣတိဝုတ္တက အဋ္ဌကထာ (နှာ-၉၃)

ထိုစဉ်အခိုက် သူ၏အိမ်၌ အလှမွေးထားသည့် ကြိုးကြာက နီရဲပြီး သွေးညှိနံ့ရနေသည့် ပတ္တမြားကို မျိုချလိုက်၏။ ထိုဖြစ်စဉ်ကို မသိလိုက်သည့် ကျောက်သွေးသမားက ရဟန္တာမထေရ်မြတ်ကို မဆင်မခြင် သံသယပွားကာ ပတ္တမြားသူခိုးဟု စွပ်စွဲတော့၏။ 'ငါ့ပတ္တမြားပေး'ဟု တောင်းရာ ထေရ်မြတ်က 'ငါမယူဘူး'ဟု မိန့်တော်မူ၏။

ထိုအခါ ပြစ်မှားသည့် အစွမ်းအားဖြင့် ဖြစ်လာသည့် ဒေါသအဟုန်နှင့် တွေဝေမိုက်မဲသည့်အစွမ်းအားဖြင့် ဖြစ်လာသည့် မောဟအဟုန် နှစ်ပါးစုံတို့ကြောင့် ကျောက်သွေးသမားက ရဟန္တာ၏ခေါင်းကို ကြိုးဖြင့်တုပ်ကာ မညှာမတာ ရိုက်နှက်စစ်ဆေးရာ မထေရ်၏ပါးစပ်မှ သွေးများပင် ယိုစီးကျလာပါသည်။

ကြမ်းပြင်ပေါ် စီးလာသည့် သွေးကိုသောက်ရန် ရောက်ရှိလာသော ကြိုးကြာကိုလည်း ဒေါသစိတ် မိုးမွှန်နေသော ကျောက်သွေးသမားက အားဖြင့်ကန်လိုက်ရာ ထိုနေရာ၌ပင် သေသွားတော့၏။ ကြိုးကြာသေသောအခါမှ ရဟန္တာမထေရ်မြတ်က ကြိုးကြာက ပတ္တမြားကို မျိုထားကြောင်း မိန့်တော်မူသဖြင့် ဗိုက်ခွဲပြီး ပတ္တမြားကို ပြန်ရယူပါသည်။

နောင်တ၏သားကောင် ဖြစ်သွားသည့် ကျောက်သွေးသမားက ရဟန္တာမထေရ်မြတ် ထံတော်ပါး တောင်းပန်သည်။ ရဟန္တာထေရ်ရှင်မြတ်က "ငါခွင့်လွှတ်သည်"ဟု မိန့်တော်မူပါသည်။ မထေရ်မြတ်ကား ကျောက်သွေးသမား၏ ရိုက်နှက်မှုဒဏ်ကြောင့် ဖြစ်ပေါ်ခဲ့သည့် ဝေဒနာနှင့်ပင် မကြာမြင့်မီ ပရိနိဗ္ဗာန်စံတော်မူပါသည်။

ရဟန္တာ၏သန္တာန်၌ ရေသောက်မြစ်နှင့်တူသည့် ဟိတ်တရားများ မရှိတော့သောကြောင့် ပင်စည် အညွန့် အပွင့် အသီးနှင့် တူသည့် လူ့ဘဝ၊ နတ်ဘဝ မရှိတော့ဘဲ ဆီမီးတောက်ငြိမ်းသည့်နှယ် ချုပ်ငြိမ်းတော်မူပါသည်။

ကျောက်သွေးသမားမှာမူ ဒေါသဟိတ်၊ မောဟဟိတ် တို့ကြောင့် ရဟန္တာမထေရ်မြတ် အပေါ် ကျူးလွန်ခဲ့သည့် အကုသိုလ်ကံက အဝီစိငရဲသို့ ပို့ဆောင်တော့၏။

ကျောက်သွေးသမား၏သန္တာန်၌ '*အကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော*'က ရဟန္တာထေရ်ရှင်ကို ကိုယ်ထိ လက်ရောက် ရိုက်သတ်နိုင်လောက်သည့်အထိ အကုသိုလ်စွမ်းပကားကို ထုတ်လုပ် ပေးလိုက်ပါသည်။ ထိုအခိုက်၌ ကျောက်သွေးသမားအဖို့ ဤလောကတွင် မလွန်ကျူးဝံ့သည့် အကုသိုလ်ဟူ၍ ရှိအံ့တော့မည် မဟုတ်ပေ။

မိမိတို့၏သန္တာန်၌လည်း အကုသလာဟေတု၏သတ္တိတို့ စုပြုံကာ ခေါင်ထိပ်သို့ ရောက်သည့် ထိုအခိုက်အတန့်တွင် နောင်တ၏သားကောင် ဖြစ်သွားရှာသည့် ကျောက်သွေးသမားပမာ "ငါရဟန္တာကို သူခိုးလို့ ဘယ်သောအခါမှာမှ မစွပ်စွဲပါဘူး"ဟု ပြောရန်လွယ်ကူ လှမည် မထင်ပါ။ အကြောင်းမှာ ဤမေးခွန်းသည် ယခုတစ်ဘဝတာအတွက်သာမဟုတ်ဘဲ ပုထုဇဉ်ဘဝဖြင့် သံသရာရှည်နေသမျှ ဖြစ်လေရာဘဝတိုင်းအတွက် စဉ်းစား ဆင်ခြင်စရာ ဖြစ်ပေသည်။

---

**ကျမ်းညွှန်း** ∗ ဓမ္မပဒ၊ အဋ္ဌကထာ အတွဲ-၂၊ မဏိကာရကုလူပကတိဿထေရ်ဝတ္ထု (နှာ-၂၂)

## ကုသိုလ်ဟေတုနှင့် အကုသိုလ်ဟေတု

(စိတ် + စေတသိက် + စိတ္တဇရုပ်) စိတ်၊ စေတသိက်နှင့် ထိုစိတ်ကြောင့်ဖြစ်သည့် စိတ္တဇရုပ်တို့ကို ဥပမာတို့ဖြင့် ထပ်မံ၍ ပြပါဦးမည်။ မောင်အောင်ဝင်းသည် ငါးမျှားရန် ဝါသနာပါသည်။ မောင်အောင်သင်းကမူ ပရဟိတလုပ်ငန်းများလုပ်ပြီး ညနေတိုင်း ရပ်ကွက်ထဲက ဘုရားပေါ်တက်ကာ ပုတီးစိပ်သည်၊ ပဋ္ဌာန်းပဥ္စာဝါရ ပူဇော်သည်။ သူတို့သူငယ်ချင်း နှစ်ယောက်၏ ကာယကံ၊ ဝစီကံ၊ မနောကံတို့တွင် ဟေတုနှင့် ဟေတုကြောင့်ဖြစ်ပေါ်နေသည့် စိတ်၊ စေတသိက်နှင့် စိတ္တဇရုပ်များ အချိန်မလပ် ထုတ်လုပ်ပေးနေပါသည်။

ပြင်ပအမြင်အားဖြင့်မူ ငါးမျှားသည်၊ ဘုရားသွားသည်ဟု ပြောရိုးပြောစဉ် ပြောရပါသော်လည်း သဘာဝဓမ္မအနေဖြင့်မူ တစ်ဦး၏စိတ်သန္တာန်၌ ကုသလဟေတုဟူသော အလောဘ၊ အဒေါသ၊ အမောဟနှင့်ဆိုင်ရာ (စိတ် + စေတသိက် + စိတ္တဇရုပ်)များ ဖြစ်နေသည်။ အခြားတစ်ဦး၏ စိတ်သန္တာန်၌ အကုသလဟေတုဟူသော လောဘ၊ ဒေါသ၊ မောဟနှင့်ဆိုင်ရာ (စိတ် + စေတသိက် + စိတ္တဇရုပ်) များ ဖြစ်နေသည်။

## အကုသလဟေတုနှင့် စိတ်၊ စေတသိက် စိတ္တဇရုပ်များ

မောင်အောင်ဝင်း ငါးမျှားနေစဉ် သူ၏သံငါးမျှားချိတ်ထိပ်က တီကောင်ကို ငါးကလေးတစ်ကောင်က မစူးမစမ်းဘဲ မြိုချလိုက်မိသဖြင့် အပြင်းအထန် ဒုက္ခရောက်နေရှာပါသည်။ ဤသတ္တဝါ သေလုမြောပါး မချိမဆန့်လူးလွန့်နေသည်ကို တံငါးသည် မောင်အောင်ဝင်း၏ နှလုံးသားထဲ ကုသလဟေတု ခြောက်ခမ်းနေသဖြင့် သနားကရုဏာစိတ် တစ်ချက်မှ မပေါ်လာခဲ့ပါ။

ရေထဲလွတ်လပ်စွာ ကူးခပ်ကာ သဘာဝအတိုင်း နေနေကြသည့် သတ္တဝါအား ကမ်းစပ်ကနေ ငါးမျှားချိတ်ချကာ ဒုက္ခပေးနေသည့် မောင်အောင်ဝင်းကို ဒေါသနှင့် မောဟတို့က ဦးစီးနေပါသည်။ ထိုထိုဒေါသ၊ မောဟဦးစီးသည့် (စိတ် + စေတသိက် + စိတ္တဇရုပ်)တို့ စဉ်ဆက်မပြတ် ထုတ်လုပ်ပေးနေပါသည်။

ထို့ကြောင့် ငါးကိုလှည့်စားကာ သူ့ငါးမျှားချိတ်ကို မြိုချစေရန်အတွက် နောက်တစ်သက်ဖြစ်သည့် တီကောင်ကို ငါးမျှားချိတ်၌ အရှင်လတ်လတ် ချိတ်လိုက်ပြန်သည်။ သက်ရှိ သတ္တဝါတို့အပေါ် ကြင်နာသနားစိတ် လုံးဝ ပျောက်ကင်းနေသည်။ အသက်ကို ရက်ရက်စက်စက် မညှာမတာ သတ်နေရသည်ကို ရှက်စရာ၊ ကြောက်စရာဟု မသိမမြင်နိုင်လောက်အောင်ပင် မောဟက ဖုံးလွှမ်းထားပြန်သည်။

ထိုဒေါသနှင့် မောဟစိတ်ကြောင့် ငါးပါးစပ်ထဲ ငါးမျှားချိတ်စူးဝင်သဖြင့် သွေးတို့ဖြင့် နီရဲနေသည်ကို မြင်တွေ့နေရသော်လည်း သနားရန်ဝေးစွ မသေမရှင်ဖြစ်နေရှာသည့် သူ့လက်ထဲမှငါးကို ခုန်ပြီး ထွက်ပြေးသွားမည်စိုးသောကြောင့် မြေပြင်ပေါ်ကို အားကုန်ကိုင်ပေါက်ပြီး သတ်လိုက်သည်အထိ သူ၏စိတ္တဇရုပ်တို့က ကြမ်းတမ်းနေပါတော့သည်။ သူ့လက်ချက်ကြောင့် တဒင်္ဂအတွင်း အသက်ပျောက်သွားသောငါးကို ကောက်ယူပြီး သူ့ခါးတွင် ကြိုးဖြင့် ချည်နှောင်ထားသည့် ပခြုပ်တောင်းထဲထည့်ပြီး လောဘနှင့် မောဟဦးစီးသည့်စိတ်ဖြင့် လိုချင်တာ ရလာသောကြောင့် သူဝမ်းသာနေရှာသည်။

ဤဖြစ်စဉ်တွင် ငါးကိုလည်း သနားစရာ၊ ခားစာခံဖြစ်ရှာသည့် တီကောင်ကိုလည်း သနားစရာ၊ ထို့ထက်ပို၍ သူ့အသက် သတ်ရသည်ကို အပြစ်ဟု မသိနိုင်လောက်အောင် မောဟရေသောက်မြစ် သန်စွမ်းနေသည့် မောင်အောင်ဝင်းကလည်း သနားစရာ ဖြစ်နေပါသည်။

## အရှိပရမတ်တရား

မောင်အောင်ဝင်းဟု သူသူငါငါ ခေါ်ပြောရပါသော်လည်း အမှန်တကယ်တွင်မူ အကုသလဟေတုဖြစ်သည့် လောဘ၊ ဒေါသနှင့် မောဟတို့ကြောင့် ဖြစ်ပေါ်လာသည့် (စိတ် + စေတသိက် + စိတ္တဇရုပ်) တို့ကသာ အရှိပရမတ်တရား ဖြစ်၏။

'မောင်အောင်ဝင်း ယနေ့ငါးသတ်သည်'ဟု ပြောရသော်လည်း နောက်တစ်နေ့တွင် 'မောင်အောင်ဝင်း ဖဲရိုက်သည်'ဟု လုပ်ရပ်ပေါ်မူတည်ပြီး အခေါ်အဝေါ် အမည်နာမ အမျိုးမျိုး ပြောင်းလဲနိုင်ပါသည်။

သို့သော် သူ၏သန္တာန်၌ လောဘ၊ ဒေါသ၊ မောဟဟူသော အကုသလဟေတုကြောင့် ဖြစ်ပေါ်လာသည့် (စိတ် + စေတသိက် + စိတ္တဇရုပ်)တို့ကမူ ဖြစ်မြဲဖြစ်နေသည်။

လောကဝေါဟာရအားဖြင့် မောင်အောင်ဝင်းသည် အမျိုးမျိုးသော ကာယကံ ကိုယ်အပြုအမူ၊ မောင်အောင်ဝင်း၏ အမျိုးမျိုးသော ဝစီကံ နှုတ်အပြောအဆို၊ မောင်အောင်ဝင်း၏ အမျိုးမျိုးသော မနောကံ စိတ်အတွေးအကြံ အသီးသီးဖြင့် အသက်ရှင် ရပ်တည် လုပ်ကိုင်နေပါသည်။

သို့သော် သူ၏အမျိုးမျိုးသော ကာယကံ ကိုယ်အပြုအမူ၊ သူ၏ အမျိုးမျိုးသော ဝစီကံ နှုတ်အပြောအဆို၊ သူ၏အမျိုးမျိုးသော မနောကံ စိတ်အတွေးအကြံ အသီးသီးသည် အကုသလ ဟေတုဖြစ်သည့် လောဘ၊ ဒေါသ၊ မောဟကြောင့်ဖြစ်သည့် (စိတ် + စေတသိက် + စိတ္တဇရုပ်) တို့သာ အမှန်တကယ် ရှိနေပါသည်။

## ကုသလဟေတုနှင့် စိတ်၊ စေတသိက် စိတ္တဇရုပ်များ

သူ့သူငယ်ချင်းဖြစ်သူ မောင်အောင်သင်းသည် ဘုရားရှိခိုးသည်၊ တရားအားထုတ်သည်၊ ပဋ္ဌာန်းပဋ္ဌာဝါရသင်တန်း တက်သည်၊ အဘိဓမ္မာကို လေ့လာသည်။ ထို့ကြောင့် သူ၏သန္တာန်၌ ကုသလဟေတုကြောင့်ဖြစ်သည့် (စိတ် + စေတသိက် + စိတ္တဇရုပ်) တို့သာ ရှိနေပါသည်။

လောကဝေါဟာရအနေဖြင့်မူ မောင်အောင်သင်း 'တရားအားထုတ်နေတယ်'၊ မောင်အောင်သင်း ပဋ္ဌာန်းပဋ္ဌာဝါရသင်တန်း တက်နေတယ်' 'မောင်အောင်သင်း ဘုရားရှိခိုးနေတယ်'ဟု ပြောင်းလဲ မြင်ကြပါသော်လည်း အမှန်တကယ်မှာမူ သူ၏သန္တာန်၌ အလောဘ၊ အဒေါသ၊ အမောဟ ဟူသော ကုသလဟေတုကြောင့်ဖြစ်သည့် (စိတ် + စေတသိက် + စိတ္တဇရုပ်) တို့သာ အမှန်တကယ် ရှိနေပါသည်။

ဤသို့ ဓမ္မသဘာဝအစစ်ကို သိမြင်လာနိုင်သူအဖို့ ပုဂ္ဂိုလ်၊ သတ္တဝါ၊ မောင်အောင်သင်း၊ မောင်အောင်ဝင်း၊ လိမ္မာတဲ့ယောကျ်ားကလေး၊ ဆိုးတဲ့ကောင်လေးဟု မမြင်တော့ဘဲ ကုသလဟေတု၊ အကုသလဟေတုတို့နှင့်ဆိုင်ရာ (စိတ်၊ စေတသိက်နှင့် စိတ္တဇရုပ်) တို့သာ ရှိကြောင်းကို သိရှိလာနိုင်ပါသည်။

အမှန်အားဖြင့် ပုဂ္ဂိုလ်၊ သတ္တဝါ၊ မောင်အောင်သင်း၊ မောင်အောင်ဝင်း၊ လိမ္မာတဲ့သူ၊ ဆိုးတဲ့သူဟူသည် လောကပညတ်မျှသာ ဖြစ်ပါသည်။ ထို့ကြောင့် ဆိုးတဲ့သူလည်း ကောင်းချင်ကောင်းလာနိုင်သည်။ လိမ္မာသည့်သူလည်း ဆိုးသူအဖြစ် ပြောင်းလဲချင် ပြောင်းလဲနိုင်သည်။

သို့သော် သတ္တဝါတို့၏သန္တာန်၌ရှိသည့် အလောဘ၊ အဒေါသ၊ အမောဟဟူသော ကုသလဟေတုနှင့် လောဘ၊ ဒေါသ၊ မောဟဟူသော အကုသလဟေတုကြောင့်ဖြစ်သည့် (စိတ် + စေတသိက် + စိတ္တဇရုပ်)တို့မှာမူ မပြောင်းမလဲ အမြဲ မှန်ကန်ပြီး အမှန်တကယ်ပင် ရှိနေသည့် သဘာဝတရားတို့ ဖြစ်ကြောင်းကို ပဋ္ဌာန်းလေ့လာသူအနေဖြင့် နားလည်နိုင်ရုံမက အပေါ်ယံ လူတို့သတ်မှတ်ချက်မှသည် လူတို့သတ်မှတ်ချက်မှလွန်သည့် ဓမ္မသဘာဝကို ဉာဏ်ဖြင့် သိမြင်နိုင်သည်အထိ ကျေးဇူးများနိုင်ပါသည်။

ပုဂ္ဂိုလ်အမြင်မှသည် တရားအမြင်ကို သိရှိသဘောပေါက်လာနိုင်သူအဖို့ ပုဂ္ဂိုလ်ပေါ်မူတည်ပြီး ဖြစ်မည့်ကျေနပ်မှု၊ မကျေနပ်မှု၊ သဘောကျမှု၊ သဘောမကျမှု စသည်တို့ဖြစ်ရန် အခွင့်အလမ်း နည်းသွားပေတော့မည်။

အဘယ်ကြောင့်ဆိုသော် "သူ မကောင်းလို့ မဟုတ်ဘူး၊ သူ့ရဲ့အဇ္ဈတ္တသန္တာန်က ဒေါသကြောင့် ဆိုးနေတာပါကလား၊ သူ့ရဲ့အဇ္ဈတ္တသန္တာန်က မောဟကြောင့် ဆိုးနေတာပါကလား၊ သူရဲ့ အဇ္ဈတ္တသန္တာန်က လောဘကြောင့်သာ ဆိုးနေတာပါကလား"ဟု ဓမ္မသဘာဝကို အမှန်အတိုင်းသိနိုင်သည့် ဉာဏ်ရှိလာသူအနေဖြင့် ဆိုးသူကို ပြစ်တင်ကဲ့ရဲ့ ဝေဖန်နေမည် မဟုတ်သောကြောင့် စိတ်ဆင်းရဲမှုမှ ကင်းဝေးခွင့်ရကာ စိတ်ချမ်းသာပေတော့မည်။

## သူသတ်ကုန်း၌ စိတ်ငြိမ်းအေးစွာဖြင့် ကဗျာရေးသားနိုင်ခဲ့သည့် အမတ်ကြီး

သီလပြည့်စုံသူသည် သီလကျိုးပေါက်၊ ပျက်စီးခြင်းကြောင့် ဖြစ်ရမည့် စိတ်ပူလောင်ခြင်းမှ လွတ်မြောက်နေပါသည်။ ကံနှင့်ကံ၏အကျိုးကို နားလည်လက်ခံထားသူသည် ဉာဏ်ရှိခြင်းကြောင့် သူသူငါငါ ပုဂ္ဂိုလ်သတ္တဝါတို့ကို ပြစ်တင်ရမည့် စိတ်ပူလောင်ခြင်းမှ လွတ်မြောက်နေပေသည်။ သေခြင်းကို နားလည်လက်ခံထားသူသည် ခန္ဓာ၏ သဘောအမှန်ကို သိရှိထားသဖြင့် စိတ်ပူလောင်ခြင်းမှ လွတ်မြောက်နေပါသည်။

မြန်မာ့သမိုင်း၌ စာပေပညာရှင်တစ်ဦးဖြစ်သည့် အနန္တသူရိယအမတ်ကြီးက သူ့အား သတ်မိန့်ပေးထားသည့် ဘုရင်ကြီးထံပါးသို့ မျက်ဖြေလင်္ကာလေးပိုဒ် ရေးသားဆက်သနိုင်ခဲ့ပါသည်။ ယနေ့တိုင် ဖတ်ရှုမိသူတိုင်း၏ စိတ်နှလုံးကို ဤကဗျာက လှုပ်ခါစေနိုင်သည့် သတ္တိရှိနေပါသည်။

သူသတ်သမားတို့ ဓားမိုးကာ ဝိုင်းရံနေသည့် သူသတ်ကုန်း၌ သေရတော့မည်ကို စိုးစဉ်းမျှ ကြောက်ရွံ့တုန်လှုပ်ခြင်း အလျဉ်းမရှိပါဘဲ၊ ပကတိ စိတ်ကြည်လင် အေးငြိမ်းနေသောကြောင့်သာ ဤမျှ အနှစ်သာရပြည့်ဝပြီး မြန်မာစာပေသမိုင်း၌ မှတ်တမ်းတင်ကျန်ရစ်ခဲ့သည့် ကဗျာရှည်ကြီးကို သီကုံးနိုင်ခြင်း ဖြစ်ပါသည်။ အနန္တသူရိယအမတ်ကြီး၏ အလောဘ၊ အဒေါသ၊ အမောဟ ဦးစီးသည့် ကုသလဟေတု၏သတ္တိက အံ့ဘွယ်ရှိပေစွ။

သူတည်းတစ်ယောက်၊ ကောင်းဘို့ရောက်မူ၊
သူတစ်ယောက်မှာ၊ ပျက်လင့်ကာသာ၊
ဓမ္မတာတည်း။

ရွှေအိမ်နန်းနှင့်၊ ကြငှန်းလည်းခံ၊
မတ်ပေါင်းရံလျက်၊ ပျော်စံရိပ်ငြိမ်၊
စည်းစိမ်မကွာ၊ မင်းချမ်းသာကား၊
သမုဒ္ဒရာ၊ ရေမျက်နှာထက်၊
ခဏတက်သည့်၊ ရေပွက်ပမာ၊
တသက်လျှာတည်း။

ကြင်နာသနား၊ ငါ့အားမသတ်၊
ယခုလွှတ်လည်း၊ မလွတ်ကြမ္မာ၊
လူတကာတို့၊ ခန္ဓာခိုင်ကျည်၊
အတည်မမြဲ၊ ဖောက်လွဲတတ်သည်။
မချွတ်စသာ၊ သတ္တဝါတည်း။

ရှိခိုးကော်ရော်၊ ပူဇော်အကျွန်၊
ပန်ခဲ့တုံ၏၊ ခိုက်ကြုံဝိပါက်၊
သံသာစက်၌၊ ကြိုက်လတွန်မူ၊
တုံ့မယူလို၊ ကြည်ညိုစိတ်သန်၊
သခင်မွန်ကို၊ ချန်ဘိစင်စစ်၊
အပြစ်မဲ့ရေး၊ ခွင့်လျှင်ပေး၏၊
သွေးသည်အနိစ္စာ၊ ငါ့ခန္ဓာတည်း။

## စိတ်ကြောင့်ဖြစ်သည့် စိတ္တဇရုပ်များ

*"ကံ၊ စိတ်၊ ဥတု၊ အာဟာရကြောင့် ရုပ်ဖြစ်ရတယ်။ကံကြောင့်ဖြစ်တဲ့ ရုပ်က ချုပ်သွားပြီ၊ အခု အရှိန်အဟုန်ပဲ ကျန်တယ်။ ဒါကြောင့် စိတ်၊ ဥတု၊ အာဟာရတွေကို ပြုပြင်ရမယ်။ စိတ်ဆင်းရဲရင် ရုပ်ပါခြောက်သွေ့တယ်၊ စိတ်ကောင်းမှ ရုပ်ကောင်းတယ်။ စိတ်ကြောင့် ဖြစ်တဲ့ ရုပ်ကောင်းရင် ကျန်တဲ့ရုပ်တွေလည်း ကောင်းတယ်။ စိတ်မဆင်းရဲစေဘူး။ စိတ်ဆင်းရဲစရာ ကြားလိုက်ရင် ခဏနှင့် ဖျောက်ပစ်တယ်။ စိတ်ချမ်းသာဖို့ ဘုရားအာရုံပြုတယ်။ တရားနှလုံးသွင်းတယ်။ ဒီလိုနေတော့ စိတ်ချမ်းသာတယ်။ ဒီလိုနဲ့ပဲ ကျန်းမာနေပါတယ်"* ဟု သာသနာပိုင် ရွှေဟင်္သာဆရာတော်ကြီး မိန့်တော်မူဖူးပါသည်။

တစ်ဖန် ဆရာတော်အရှင်သေဋ္ဌိလမှ *"စိတ်ဟာပဓာနပဲ ဒါကြောင့် စိတ်အေးအေး ထားတယ်၊ စိတ်ပူစရာကြုံရင် ချက်ခြင်းသတိရပြီး စိတ်အေးအောင် ထားလေ့ရှိတယ်။ စိတ်အေးတော့ စိမ့်စမ်းမှာ ပေါက်တဲ့သစ်ပင်လို စည်ကားစိုပြေတယ်။ ထိုနည်းအတူ စိတ်ကြည်တော့၊ ရုပ်ကြည်တယ်၊ သက်ရှည်တယ်၊ ကျန်းမာတယ်။ စိတ်ပူရင် အကုသိုလ်မီး လောင်ပြီ၊ ဒီတော့ မိုးခေါင်ရေရှားမှာ ရေဝေး၊ မိုးဝေး၊ နေကပူပြင်းရင် အပင်က ကြုံလှီပြီး နေတယ်။ လူလည်း စိတ်ပူရင် ရုပ်တွေပါပူပြီ "* ဟု မိန့်တော်မူပါသည်။

## အသိအလိမ္မာ၊ ဉာဏ်ပညာ၊ ဝိဇ္ဇာ၊ အမောဟ

ဤတွင် ယောနိသော မနသိကာရလည်း ရှိမည်။ တရားတော်နှင့်အညီ သွန်သင် ဆုံးမ ပေးတတ်သည့် ဆရာကောင်းကိုလည်း ဆည်းကပ်မိပြီး ဝိပဿနာတရားကိုလည်း ကျင့်ကြံ ပွားများ အားထုတ်သူ၏သန္တာန်၌ *'လောဘံ ပဋိစ္စ အမောဟော၊ ဒေါသံ ပဋိစ္စ အမောဟော၊ မောဟံ ပဋိစ္စ အမောဟော'* ဟု ပဋ္ဌာန်းတရားတော်၌ ဟောကြားတော်မူသည့်အတိုင်း ကြုံဆုံ သမ္ပဇာရုံပေါ်မှ အမောဟဉာဏ်အလင်း ပွင့်ထွန်းနိုင်ပေ၏။

ထို့ကြောင့် ထိုထိုအာရုံကြောင့် ကိလေသာဖြစ်ခွင့်ရှိသကဲ့သို့ ထိုထိုအာရုံကြောင့်ပင် အမောဟဉာဏ်ပေါ်ကာ ပစ္စုပ္ပန်၊ တမလွန် ချမ်းသာမည့်အကြောင်း *'ဣဓ မောဒတိ၊ ပစ္စ မောဒတိ'* ဟု ဟောကြားတော်မူပါသည်။ သာဓကအဖြစ် အဋ္ဌကထာလာ ဂေါပကနတ်သား ဥပမာဖြင့် ပြပါဦးမည်။

**ကျမ်းညွှန်း** * ပဋ္ဌာန်းကျမ်းအတွဲ-၃ (နှာ-၅၅)

## ဂေါပက နတ်သား

ဘုရားရှင်လက်ထက်တော်ကာလ သာကီဝင်မင်းသမီး ဂေါပိကာသည် ရတနာသုံးပါး၌ သက်ဝင်ကာ သီလကို အမြဲစောင့်ထိန်းပြီး မိန်းမဘဝကို စက်ဆုပ်ရွံရှာသဖြင့် ယောကျ်ားဘဝကို လိုလား တောင့်တသူတစ်ဦး ဖြစ်လေသည်။ ထိုမင်းသမီး ဘဝတစ်ပါး ကူးပြောင်းသွားသော အခါ သူ၏တောင့်တချက် ဆုတောင်းအတိုင်းပင် တာဝတိံသာနတ်၏သခင် သိကြားမင်း၏ သားတော် ဂေါပက နတ်သား ဖြစ်လေသည်။

မင်းသမီးဘဝက ကိုးကွယ်ဆည်းကပ်ခဲ့သည့် သီလပြည့်စုံသော ရဟန်းတော်သုံးပါး ရှိလေသည်။ ထိုရဟန်းတော်များ ပျံလွန်တော်မူကြပြီးနောက် ယုတ်ညံ့သည့် ဂန္ဓဗ္ဗနတ်မျိုး၌ ဖြစ်ကြသည်။ တစ်နေ့သောအခါ သိကြားမင်း အမှူးရှိသောနတ်သားတို့အား ဖျော်ဖြေရန် ရောက်လာသည့် ဂန္ဓဗ္ဗနတ်ထဲတွင် ရဟန်းဘဝမှ ဖြစ်လာသည့် နတ်သားသုံးပါးလည်း ပါလာ သည်။

သူတို့သည် ကိုယ်ရောင်ကိုယ်ဝါ ပြောင်ဝင်းပြီး အလွန် လှပတင့်တယ်ကြသဖြင့် ဂေါပက နတ်သားက သူတို့မည်ကဲ့သို့ ကောင်းမှုကို ပြုခဲ့ပါလိမ့်ဟု နတ်တို့၏တန်ခိုးဖြင့် ဆင်ခြင်သော အခါ လူ့ဘဝက သူဆည်းကပ်ကိုးကွယ်ခဲ့သည့် သီလဝန္တ၊ ဈာန်ရ ရဟန်းတော်သုံးပါး ဖြစ်နေပေ တော့သည်။

ဂေါပက နတ်သားက 'စင်ကြယ်သော သီလရှိပြီး၊ ဈာန်ရခဲ့သည့် ဤရဟန်းတော်များ အနေဖြင့် နတ်ပြည်ခြောက်ထပ် နှစ်သက်ရာဘုံ၌ ဖြစ်ခွင့်ရှိရုံမက ဗြဟ္မာ့ဘုံ၌ပင် ဖြစ်ခွင့်ရနိုင် ပါသော်လည်း မဖြစ်ခဲ့ကြပါ။ မိမိမှာမူ သူတို့ကို အမှီပြုကာ သိကြားမင်း၏သား ဖြစ်ရပေ၏'ဟု စဉ်းစားကာ ထိုနတ်သား သုံးပါးတို့အား သတိပေးစကား ပြောကြားလေ၏။

နတ်သားတို့ကလည်း မိမိတို့၏ဘဝကို အသီးသီး ဆင်ခြင်သောအခါ ဂေါပကနတ်သား ပြောသည်မှာ မှန်ကန်နေသဖြင့် နတ်သားနှစ်ပါးသည် သတိသံဝေဂရကာ တရားအားထုတ် ကြရာ နတ်ဘဝမှစုတေပြီး ဗြဟ္မာ့ဘုံ၌ ဖြစ်ကြလေသည်။

ဤဝတ္ထု၌ ဈာန်ရ သီလပြည့်စုံပါသော်လည်း ရှေးကဖြစ်ခဲ့ဖူးသည့် ဂန္ဓဗ္ဗနတ်မျိုး၌ တွယ်တာတပ်မက်သည့် တဏှာနိကန္တိ အကုသလဟေတုရှေသောက်မြစ်၏ သတ္တိစွမ်းပကား ကြောင့် ထိုနတ်မျိုး၌ ဖြစ်ခြင်းပေတည်း။

## ဗိမ္ဗိသာရဘုရင်ကြီး၏ ဂတိ

ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရဘုရင်မင်းကြီးသည် ကုသိုလ်ကောင်းမှုတို့ကို အလွန်ပြုသူ ဖြစ်လေသည်။ မြတ်စွာဘုရားရှင်အား ဝေဠုဝန်ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်း သည့် ဘုရားကျောင်းဒကာကြီးလည်းဖြစ်၊ ကလျာဏပုထုဇဉ်အဆင့်ကို ကျော်လွန်ကာ

**ကျမ်းညွှန်း** ✱ မဟာဝဂ္ဂပါဠိ (နှာ-၂၁၆)၊ မဟာဝဂ္ဂအဋ္ဌကထာ (နှာ - ၂၉၈)

သောတာပန် အရိယာအဆင့်သို့ ရောက်ပြီးသူလည်း ဖြစ်သည်။ ထိုထိုကုသိုလ်ကံတို့၏ စွမ်းအားကြောင့် အထက်အထက် နတ်ဘုံဗိမာန်များ၌ ဖြစ်နိုင်သူပေတည်း။

သို့သော် ဘုရင်ကြီးသည် စတုမဟာရာဇ်နတ်ဘုံ၌ အကြိမ်များစွာ ဖြစ်ခဲ့ဖူးသဖြင့် ထိုဘုံ၌ သာပြန်၍ နေလို၊ ဖြစ်လိုသည့် တဏှာနိကန္တိ အားအစွမ်းကြောင့်ပင် နတ်ပြည်ခြောက်ထပ်၏ အောက်ဆုံးထပ်ဖြစ်သော စတုမဟာရာဇ်နတ်ဘုံ၌ ဇနဝသဘအမည်ဖြင့် ဝေဿဝဏ်နတ်မင်းကြီး၏ အခြံအရံနတ်သားမျှသာ ဖြစ်ရလေသည်။ ဤသည်လည်း တဏှာနိကန္တိမည်သော အကုသလဟေတု၏ သတ္တိပေတည်း။

## အဗျာကတ တရား

အဘိဓမ္မာ၌ စိတ်စုစုပေါင်း ၈၉-ပါး၊ စေတသိက် ၅၂-ပါး ၊ ရုပ် ၂၈-ပါးနှင့် နိဗ္ဗာန်တို့သည် ပရမတ္ထတရားလေးပါး ဖြစ်ပါသည်။

စိတ် ၈၉ - ပါးထဲက ကုသိုလ်စိတ် =၂၁ - ပါး နှင့် အကုသိုလ်စိတ် ၁၂-ပါးကို နှုတ်ပါက ဝိပါက်စိတ် ၃၆-ပါးနှင့် ကြိယာစိတ် ၂၀-ပေါင်း = ၅၆-ပါး သည် အဗျာကတတရား ဖြစ်သည်။ ဝိပါက်နှင့် ကြိယာစိတ်၌ယှဉ်သည့် စေတသိက် ၃၈-ပါးကလည်း အဗျာကတတရား ဖြစ်သည်။ ရုပ်၂၈-ပါးနှင့် နိဗ္ဗာန်ကလည်း အဗျာကတတရားများ ဖြစ်၏။

ထို့ကြောင့် ရုပ်လည်း အဗျာကတ၊ ဝိပါက်စိတ်လည်း အဗျာကတ၊ ကြိယာစိတ်လည်း အဗျာကတ၊ နိဗ္ဗာန်လည်း အဗျာကတဖြစ်သည်။ ကုသိုလ်လည်းမဟုတ် အကုသိုလ်လည်း မဟုတ်သည့် တရားများသည် အဗျာကတတရား ဖြစ်၏။

သို့ဖြစ်ပါ၍ ကုသိုလ်က အဗျာကတကို ပစ္စည်းတစ်ပါးပါးနှင့် ကျေးဇူးပြုပါက (ကု၊ ဗျာ) ကုသိုလ်က ရုပ်ကို ပစ္စည်းတစ်ပါးပါးနှင့် ကျေးဇူးပြုပါက (ကု၊ ဗျာ)တစ်ဖန် အကုသိုလ်က အဗျာကတကို ပစ္စည်းတစ်ပါးပါးနှင့် ကျေးဇူးပြုပါက (အကု၊ ဗျာ) အကုသိုလ်က ရုပ်ကို ပစ္စည်း တစ်ပါးပါးနှင့် ကျေးဇူးပြုပါက (အကု၊ ဗျာ)

## နာမ်တရားနှင့် ရုပ်တရားတို့ ကျေးဇူးပြုခြင်း

နာမ်တရားက နာမ်တရားကို အချင်းချင်း ကျေးဇူးပြုခြင်းဟူသည် အလောဘ၊ အဒေါသ၊ အမောဟက နာမ်တရားဖြစ်သည့် ယှဉ်ဘက်စိတ် စေတသိက်တို့ကို ကျေးဇူးပြုခြင်း ပေတည်း။

နာမ်တရားက ရုပ်တရားကို ကျေးဇူးပြုခြင်းဟူသည် ကုသိုလ်ဟိတ်ကြောင့် ဖြစ်လာသည့် စိတ္တဇရုပ်ကို ကျေးဇူးပြုခြင်းတည်း။

နာမ်က နာမ်ရုပ်ကို ကျေးဇူးပြုခြင်းဟူသည် အလောဘ၊ အဒေါသ၊ အမောဟ ကုသိုလ် ဟိတ်ကြောင့် ဖြစ်လာသည့် စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့ကိုပေါင်းပြီး ကျေးဇူးပြုခြင်း မည်ပါသည်။ အကုသိုလ်ဟိတ်ကိုလည်း ဤနည်းအတိုင်း နားလည်နိုင်မည် ဖြစ်ပါသည်။

---

**ကျမ်းညွှန်း** * မဟာဝဂ္ဂပါဠိ (နှာ-၂၃၁)

## ဟေတုပစ္စည်း၏ သင်္ချာ

ဟေတုပစ္စည်း၏သင်္ချာမှာ - ၇ ဖြစ်ပါသည်။ ထို့ကြောင့် "ဟေတုယာ သတ္တ"ဟု မှတ်သားနိုင်ပါသည်။ ထိုသင်္ချာကို အောက်ပါအတိုင်း လေ့လာနိုင်ပါသည် -

### ကုသလ သင်္ချာ - ၃

(၁) ကု - ကု (၂) ကု - ဗျာ (၃) ကု - ကု၊ ဗျာ

### အကုသလ သင်္ချာ - ၃

(၁) အကု - အကု (၂) အကု - ဗျာ (၃) အကု - အကု၊ ဗျာ

### အဗျာကတ သင်္ချာ - ၁

(၁) ဗျာ - ဗျာ

## Mind to Mind and Matter

နာမ်တရားက နာမ်နှင့် ရုပ်တရား Mind to Mind and Matter.တို့ကို ကျေးဇူးပြုသော ပစ္စည်း ဖြစ်သည်။

## ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား

ပစ္စယဟူသော အကြောင်းတရားမှာ - လောဘ၊ ဒေါသ၊ မောဟနှင့် အလောဘ၊ အဒေါသ၊ အမောဟတို့ ဖြစ်၏။

ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - သဟိတ်စိတ် - ၇၁၊ သဟိတ်စေတသိက် - ၅၂၊ သဟိတ်စိတ္တဇရုပ်နှင့် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်တို့ ဖြစ်၏။

ဟေတုပစ္စည်းသည် သဟဇာတမျိုးဖြစ်ပါသည်။

## သဟဇာတအငယ်ပစ္စည်း ၇-ပါး

ဟေတုပစ္စည်းသည် သဟဇာတမျိုး ဖြစ်ပါသည်။ သဟဇာတတွင် သဟဇာတအကြီး၊ သဟဇာတအလတ်နှင့် သဟဇာတအငယ်ဟူ၍ ရှိရာ ဟေတုပစ္စည်းသည် သဟဇာတအငယ် ပစ္စည်း ၇-ပါးထဲတွင် ပါဝင်ပါသည်။ ၎င်းတို့မှာ-

| | | | | | |
|---|---|---|---|---|---|
| ၁။ | ဟေတု | ၂။ | သဟဇာတာဓိပတိ | ၃။ | သဟဇာတကမ္မ |
| ၄။ | နာမ်အာဟာရ | ၅။ | သဟဇာတိန္ဒြိယ | ၆။ | ဈာနနှင့် |
| ၇။ | မဂ္ဂတို့ ဖြစ်ပါသည်။ | | | | |

## ၂။ အာရမ္မဏပစ္စယော

## Daily life Paṭṭhāna

### Ārammanha Paccayo *(Object support condition)*




*ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ (ကု၊ ကု-၁)*

ကုသိုလ်တည်းဟူသော အကြောင်းဓမ္မသည် ကုသိုလ်တည်းဟူသော အကျိုးဓမ္မအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

## အာရုံအဖြစ်ဖြင့် ကျေးဇူးပြုသော ပစ္စည်းဖြစ်ပါသည်

The meaning is something to hold on to. It is compared to a staff. If you are infirm, you have to depend on the stick or the staff to get up or to stand.



'တောင်ဝှေးကြိုးတန်း၊ သူမစွမ်းကို၊ မပန်းရလေ၊ ထိုင်ထစေသို့'ဟု ရှေးဆရာမြတ်တို့က ဥပမာ ပြုတော်မူခဲ့ကြသည်နှင့်အညီ တောင်ဝှေးကြိုးတန်းသည် မသန်မစွမ်းသူတို့အား သွားလာရန် အမှီဖြစ်၍ ကျေးဇူးပြုသကဲ့သို့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ ရုပ်၊ နာမ်၊ ဓမ္မ၊ အာရုံ(၆) မျိုးတို့သည် ၎င်းတို့ကိုမှီ၍ စိတ်၊ စေတသိက်၊ နာမ်တရားများ ဖြစ်ပေါ်အောင်၊ တည်တံ့အောင် ကျေးဇူးပြုကြသည်။

## အာရုံခြောက်ပါး

အာရမ္မဏဟူသော ပါဠိဝေါဟာရကို မြန်မာဘာသာဖြင့် အာရုံဟု ပြန်ဆိုကြပါသည်။ အင်္ဂလိပ်ဘာသာဖြင့် Object support condition ဟူ၍ ဘာသာပြန်နိုင်ပါသည်။ စိတ်သည် အာရုံနှင့်ကင်း၍ ၁-မိနစ်၊ ၁-စက္ကန့်မျှပင် နေမရပေ။ အိပ်ပျော်နေစဉ်၌သော်လည်း ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် တစ်ပါးပါးကို အာရုံပြုနေ၏။

ယခု ပဋ္ဌာန်းပဉ္စာဝါရ သင်တန်းတက်နေသည့် အချိန်ကာလတိုအတွင်း၌လည်း ဝီထိ တစ်ခုနှင့် တစ်ခုအကြား၌ ဘဝင်များစွာ ခြားနေပါသည်။ ထိုဘဝင်စိတ်တို့သည် နိမိတ်တစ်ပါး ပါးကို အာရုံပြုမြဲ ဖြစ်သည်။ သို့သော် ဘဝင်ဟူသော ဝိပါက်စိတ်တို့သည် အလွန် နူးညံ့ သိမ်မွေ့သောကြောင့် ဘဝင်၏ အာရုံကိုသိရန် အခက်အခဲရှိပါသည်။

အာရုံခြောက်ပါး ရှိပါသည် -

၁ - ရူပါရုံ (အဆင်းအာရုံများ)
၂ - သဒ္ဒါရုံ (အသံအာရုံများ)
၃ - ဂန္ဓာရုံ (အနံ့အာရုံများ)
၄ - ရသာရုံ (စားဖွယ် သောက်ဖွယ် အရသာအာရုံများ)
၅ - ဖောဋ္ဌဗ္ဗာရုံ (အထိအတွေ့အာရုံများ) နှင့်
၆ - ဓမ္မာရုံ (ရူပါရုံ၊ သဒ္ဒါရုံ ဂန္ဓာရုံ၊ ရသာရုံနှင့် ဖောဋ္ဌဗ္ဗာရုံဟူသော အာရုံ ငါးပါးမှအပ အခြားအာရုံများသည် ဓမ္မာရုံမည်၏)

## အဘိဓမ္မာသဘော

တောင်ဝှေး၊ ကြိုးတန်းတို့သည် သက်ကြီးရွယ်အိုနှင့် လူမမာတို့ ထနိုင်ရန်၊ လမ်းလျှောက် နိုင်ရန် ဆွဲကိုင်စရာဖြစ်သကဲ့သို့ စက္ခုဝိညာဉ် မြင်သိစိတ်သည် အရောင်အဆင်းအမျိုးမျိုးကို ဆွဲကိုင်ရမှသာ ဖြစ်ပေါ်နိုင်ပါသည်။ ကြည့်စရာ၊ မြင်စရာ အရောင်အဆင်းမရှိပါက မြင်ပြီးမှ သိရသည့် မြင်သိစိတ် မဖြစ်နိုင်ပါ။ ထို့ကြောင့် မြင်သိစိတ် ဖြစ်ပေါ်နိုင်ရန် (ဝါ) မြင်သိစိတ် ထူနိုင်၊ ထနိုင်ရန် ဖြူ၊ နီ၊ ဝါ၊ ပြာ အဆင်းအာရုံ အမျိုးမျိုးကို ဆွဲကိုင်ရပါသည်။

သောတဝိညာဉ် ကြားသိစိတ်သည် အသံအမျိုးမျိုးကို ဆွဲကိုင်ရမှသာ ဖြစ်ပေါ် နိုင်ပါသည်။ ကြားစရာ၊ နားထောင်စရာ အသံမရှိပါက ကြားပြီးမှသိရသည့် ကြားသိစိတ် မဖြစ်နိုင်ပါ။ ထို့ကြောင့် ကြားသိစိတ် ဖြစ်ပေါ်နိုင်ရန် (ဝါ) ကြားသိစိတ် ထူနိုင်၊ ထနိုင်ရန် အသံအာရုံ အမျိုးမျိုးကို ဆွဲကိုင်ရပါသည်။

ဃာနဝိညာဉ် နံသိစိတ်သည် အနံ့အမျိုးမျိုးကို ဆွဲကိုင်ရမှသာ ဖြစ်ပေါ်နိုင်ပါသည်။ နမ်းရှူစရာ၊ အနံ့မရှိပါက နံပြီးမှသိရသည့် နံသိစိတ် မဖြစ်နိုင်ပါ။ ထို့ကြောင့် နံသိစိတ်ဖြစ်ပေါ်နိုင်ရန် (ဝါ) နံသိစိတ် ထူနိုင်၊ ထနိုင်ရန် အနံ့အာရုံအမျိုးမျိုးကို ဆွဲကိုင်ရပါသည်။

ဇိဝှာဝိညာဉ် အရသာသိစိတ်သည် အရသာအမျိုးမျိုးကို ဆွဲကိုင်ရမှသာ ဖြစ်ပေါ်နိုင်ပါသည်။ အာရုံခံစရာ အရသာမရှိပါက လျှာပေါ်တင်ပြီးမှသိရသည့် အရသာသိစိတ် မဖြစ်နိုင်ပါ။ ထို့ကြောင့် အရသာသိစိတ် ဖြစ်ပေါ်နိုင်ရန် (ဝါ) အရသာသိစိတ် ထူနိုင်၊ ထနိုင်ရန် ချို၊ ချဉ်၊ ခါး၊ ဖန် အရသာအမျိုးမျိုးကို ဆွဲကိုင်ရပါသည်။

ထိုနည်းအတူ ကာယဝိညာဉ်ထိသိစိတ်သည် ထိတွေ့စရာအမျိုးမျိုးကို ဆွဲကိုင်ရမှသာ ဖြစ်ပေါ်နိုင်ပါသည်။ ထိတွေ့စရာမရှိပါက ထိတွေ့ပြီးမှသိရသည့် အထိအတွေ့သိစိတ် မဖြစ်နိုင်ပါ။ ထို့ကြောင့် ထိတွေ့သိစိတ်ဖြစ် ပေါ်နိုင်ရန် (ဝါ) ထိတွေ့သိစိတ် ထူနိုင်၊ ထနိုင်ရန် အကြမ်း၊ အနု၊ အကောင်း၊ အညံ့ အထိအတွေ့ အမျိုးမျိုးကို ဆွဲကိုင်ရပါသည်။

ထို့ကြောင့် အာရုံဟူသည် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်နှင့် ပညတ်တို့က အာရုံတရားများဖြစ်သောကြောင့် အာရမ္မဏပစ္စည်း မထိုက်သည့် တရားဟူ၍ မရှိပါ။

## အာရုံခြောက်ပါးသည် စားကျက်

ရုပ်ရှင်ရုံ၊ ကဇာတ်ရုံ၊ ပန်းဥယျာဉ်၊ လှပသော ပန်းချီကားချပ်၊ တယ်လီဖုန်း Handset စသည်တို့သည် လူ၏စိတ်ကို ဆွဲဆောင်နိုင်သဖြင့် စားကျက်ပမာ ဖြစ်သကဲ့သို့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့နှင့် အတွေးအကြံ ဟူသော အာရုံခြောက်ပါးသည်လည်း စိတ်စေတသိက်တို့၏ မွေ့လျော်ဖွယ်ရာ စားကျက် ဖြစ်၏။

စားကျက်၌ ကုသိုလ်၊ အကုသိုလ်ဟူ၍ မရှိပါ။ နာမ်တရားဖြစ်သည့် လောဘ၊ ဒေါသ၊ မောဟဟူသော အကုသိုလ်ဟိတ်အစုနှင့် အလောဘ၊ အဒေါသ၊ အမောဟဟူသော ကုသိုလ်ဟိတ် အစုတို့ကသာ ကုသိုလ်၊ အကုသိုလ် ဖြစ်ပါသည်။

စားကျက်ဖြစ်သည့် အာရုံက လူမိုက် လူလိမ္မာ လူချမ်းသာ လူဆင်းရဲ ရှင်ဘုရင် သူတောင်းစား အားလုံးအတွက် အတူတူပင် ဖြစ်သည်။ ဓာတ်ခံအားလျော်စွာ ထိုထိုအာရုံပေါ်မူတည်ပြီး ကုသိုလ်ဖြစ်သူ ရှိနိုင်သကဲ့သို့ အကုသိုလ်ဖြစ်သူလည်း ရှိနိုင်ပါသည်။

လူတို့က သားရှိ၍ ပျော်သည်၊ သမီးရှိ၍ ပျော်သည်၊ ဇနီးရှိ၍ ပျော်သည်၊ ခင်ပွန်းရှိ၍ ပျော်သည်၊ ဈေးမှာနေလျှင် ပိုပျော်သည်၊ ရုပ်ရှင်ရုံထဲ ပျော်သည် စသည်ဖြင့် ပျော်သည်၊ ပျော်သည်ဟု ပြောကြပါသော်လည်း ဇနီး၊ သမီး၊ ခင်ပွန်း၊ ဈေးရုံက အဓိကမဟုတ်ပါ။ ၎င်းတို့ မြင်တွေ့နေရသည့် အဆင်းအာရုံကြောင့် ပျော်နေကြခြင်း ဖြစ်ပါသည်။ ကြားနေရသည့် အသံ

အာရုံတို့ကြောင့် ပျော်နေကြခြင်းဖြစ်သည်။ စားနေရသည့် အရသာအာရုံကြောင့် ပျော်နေကြခြင်းဖြစ်ပါသည်။ ထိတွေ့နေရသည့် အထိအတွေ့အာရုံကြောင့် ပျော်နေကြခြင်း ဖြစ်ပါသည်။ ဤတွင်လည်း အဆင်းအာရုံ၊ အသံအာရုံ၊ အရသာအာရုံ၊ အထိအတွေ့အာရုံ ပဓာနမဟုတ်။ သူတို့၏ သန္တာန်မှ အငမ်းမရလိုချင်နေသည့် ရာဂ လောဘကသာ ပဓာနဖြစ်ပါသည်။

## ကာမဂုဏ်၏ ကျေးကျွန်

ယနေ့ခေတ်ကာလ၌ ဤသို့ပျော်နိုင်ရန်၊ ဤသို့ခံစားနိုင်ရန်၊ ဤသို့ မွေ့လျော်နိုင်ရန် အတွက် ပဓာနလိုအပ်ချက်ကား ငွေစက္ကူ ဖြစ်နေပါသည်။ ထိုငွေစက္ကူရှိသူအဖို့ ထိုထိုအာရုံမျိုးစုံကို စိတ်ရှိတိုင်း၊ အလိုရှိသလောက် ခံစားနိုင်မည်ဖြစ်သည်။

ထို့ကြောင့် ထိုထိုအာရုံမျိုးစုံတို့ကို စဉ်ဆက်မပြတ် တရှိက်မက်မက် ခံစားနိုင်ရန် အလို့ငှာ အာသာတစ်ငမ်းငမ်း ဖြစ်နေကြသော လောကသားတို့သည် ကျန်းမာရေးကိုလည်း အလေးမထားနိုင်၊ အသက်ကိုပင် ပဓာနမပြုနိုင်ရှာဘဲ နေ့နေ့ညည မနေမနား ငွေကိုသာ ဘဝပေးပြီး ရှာဖွေနေကြရခြင်း ဖြစ်ပါသည်။ ကာမဂုဏ်၏ ကျေးကျွန်ဖြစ်နေသူတို့အဖို့မှာမူ ကာမဂုဏ်ခံစားနိုင်ရေးအတွက် ငွေမှအပ အခြားရှာဖွေစရာ ရှိနိုင်တော့မည် မထင်ပါ။

## စက္ခုရူပေန သံဝါသာ

*"အာရမ္မဏပစ္စည်းက အထက်ကိုနိဗ္ဗာန် အောက်ကို အဝီစိတိုင် ပို့ဆောင်နိုင်စွမ်းသည့် အထိ ကျေးဇူးပြုနိုင်သည်"*ဟု ရှေးဆရာမြတ်တို့က ဆုံးမတော်မူကြပါသည်။

*'စက္ခုရူပေန သံဝါသာ၊ ရာဂပုတ္တံ ဝိဇာယတိ။ မဟာနတ္တကရော သော ဟိ၊ သံဝါသံ တေန ဝါရယေ'* မျက်စိနှင့်အဆင်း တွေ့ဆုံပေါင်းဖော်မိသဖြင့် လိုချင် စွဲလမ်းတပ်မက်သည့် ရာဂပုတ္တ ရာဂသားကလေး မွေးဖွားလာပါသည်။ ထိုရာဂသားကလေးသည် အလွန် ကြီးမားသည့် အကျိုးမဲ့ကို ပြုတတ်သောကြောင့် ဝါရယေ = ရာဂနှင့် ဝေးစွာ ရှောင်ရှားရမည်။

တစ်ဖန် *'စက္ခုရူပေန သံဝါသာ၊ သဒ္ဓါ ပုတ္တံ ဝိဇာယတိ။ မဟာသုခကရော သော ဟိ၊ သံဝါသံ တေန အာရဘေ'* မျက်စိနှင့်အဆင်း တွေ့ဆုံပေါင်းဖော်မိသဖြင့် သဒ္ဓါပုတ္တံ၊ ယုံကြည်မှုသဒ္ဓါတရားဟူသော သားကလေး မွေးဖွားလာပါသည်။ ထိုသဒ္ဓါတရားကို အကြောင်းပြုကာ ရောမကြီးကျယ်သည့် ကောင်းမှုကုသိုလ်များစွာ ရရှိပေမည်။ သို့ဖြစ်ပါ၍ သဒ္ဓါတရား တိုးတက်ကြီးပွားလာရေးအတွက် အာရဘေ = ကြိုးစားအားထုတ်ရပါမည်။

## ဣန္ဒြေမစောင့်စည်းသူတို့ ဘီလူးမအာရုံကြောင့် သေခဲ့ရ

ချောမောလှပသည့် ဘီလူးမအာရုံကြောင့် အသက်သေသည့်အထိပင် ဖြစ်ခဲ့ရသည့် အကြောင်းကို တေလပတ္တဇာတ်တော်ဖြင့် သာဓကပြုပါမည်။ ဘုရားအလောင်းတော်သည် ဗာရာဏသီမင်း၏ သားတော်တစ်ရာအနက် အငယ်ဆုံးသား ဖြစ်နေပါသည်။ သူသည် မင်း အရိုက်အရာကို ရနိုင်၏လော မရနိုင်၏လော ဟူ၍ သိလိုသဖြင့် နန်းတော်သို့ ဆွမ်းဘုဉ်းရန် ကြွမြဲဖြစ်သည့် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ ထံတော်ပါး မေးလျှောက်ထား၏။

အရှင်မြတ်တို့က ဗာရာဏသီပြည်၌ မင်းမဖြစ်နိုင်ကြောင်း၊ ဤနေရာမှ ယူဇနာ ၁၂၀- ဝေးကွာသည့် တက္ကသိုလ်ပြည်ကို သွားပါ။ လမ်းခရီး၌ ဘီလူးမများပေါသော တောအုပ်ကြီး ကို သင်မင်းသား အောင်မြင်စွာ ဖြတ်ကျော်နိုင်လျှင်မူ ၇-ရက်တွင်း မင်းအဖြစ်ကို ရနိုင်မည် ဖြစ်ကြောင်း မိန့်ကြားတော်မူပါသည်။

မင်းသားသည် အရှင်မြတ်တို့ထံပါးမှ ပရိတ်အရံအတားကိုယူပြီး အဖော်ငါးဦးနှင့်အတူ ခရီးထွက်ခွာလာရာ ကန္တာရလမ်းခရီး၌ ဘီလူးမတို့က နေချင့်စဖွယ် အလွန်သာယာသောမြို့ကို ဖန်ဆင်းထားပြီး သူတို့၏ ရုပ်အဆင်းကိုလည်း အလှပဆုံး ဖန်ဆင်းထားကြ၏။ မင်းသား၏ အဖော်များက ဣန္ဒြေကို မစောင့်စည်းနိုင်သောကြောင့် ဘီလူးမ၏ ဖြားယောင်းမှုအောက်၌ သာယာပြီး ဘီလူးစာ ဖြစ်သွားကြပါသည်။ ဘုရားအလောင်းတစ်ဦးသာ သတိဖြင့် ဣန္ဒြေကို စောင့်ထိန်းနိုင်ခဲ့သဖြင့် တက္ကသိုလ်ပြည်သို့ ရောက်ရှိလာပါသည်။

သို့သော် ဘီလူးမတစ်ယောက်က လှပသည့် မိန်းမငယ်အသွင် ဖန်ဆင်းပြီး မင်းသား နောက် တစ်ကောက်ကောက် လိုက်ပါလာရာ တက္ကသိုလ်ပြည့်ရှင်မင်းက မြင်လတ်သော် သိမ်းပိုက်နိုင်ရန် အရှင် ရှိ၊ မရှိ မေးလေရာ မင်းသားက လူမိန်းမ မဟုတ်ကြောင်း၊ ဘီလူးမ ဖြစ်ကြောင်း မိမိ၏အဖော်ငါးယောက်ကိုလည်း စားပြီးဖြစ်ကြောင်း ပြောပြသည်။

သို့သော် ဘုရင်မင်းက ကြွတ္တိမည်သော ထိုမိန်းမ၏အဆင်းအာရုံကြောင့် ဖြစ်ပေါ် လာသည့် တပ်မက်စိတ်ကို မစောင့်စည်းနိုင်တော့ဘဲ ပေါင်းသင်းမိရာ ထိုညဉ့်၌ပင် ဘီလူးစာ ဖြစ်ပြီး အသက်ဆုံးရှုံးသွားရှာတော့သည်။ နောက်တစ်နေ့တွင် ဘုရားလောင်းမင်းသားကို တက္ကသိုလ်ပြည်၏ ဘုရင်အဖြစ် တင်မြှောက်ကြ၏။

ထိုကြောင့် စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေစသည်ကို မစောင့်စည်းနိုင်ပါက အဆင်း အာရုံ၊ အကြားအာရုံ၊ အနံ့အာရုံ၊ အရသာအာရုံ၊ အထိအတွေ့အာရုံတို့ကြောင့် စည်းစိမ်ဥစ္စာ သာမက အသက်ခန္ဓာပါ ပျက်စီး ဆုံးရှုံးနိုင်ပေသည်။

---

* **ကျမ်းညွှန်း** - ဇာတကအဋ္ဌကထာ၊ တေလပတ္တ ဇာတ်တော် - အတွဲ-၁ (နှာ-၄၁၇)

## အဿာဒေတိ၊ အဘိနန္ဒတိ

*'အဿာဒေတိ၊ အဘိနန္ဒတိ'*သည် ရာဂနှင့်ယှဉ်ပါက အနုစား သာယာနှစ်သက်မှုမျှသာ ဖြစ်သေးသဖြင့် အဿာဒေတိ အဘိနန္ဒတိကို မတားဆီးနိုင်မှသာ *'တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ'* ရာဂအထိ ဖြစ်စေနိုင်ကြောင်းကို ပဋ္ဌာန်းသိပ္ပံဆရာတော်ကြီးက အောက်ပါဥပမာဖြင့် ပြဆိုတော်မူပါသည်။

'မီးပြင်းတိုက်ထားသည့် သံဒယ်အိုးအလွတ်ထဲကို အသားတုံးတစ်တုံး ပစ်ထည့်လိုက်ပါက ရှဲကနဲ အသံကြားရပြီး အိုးနှင့်အသားတုံး ကပ်၍သွားပါမည်။ ထိုအသားတုံးကို သံယောက်မနှင့် ထိုးခွာလျှင်ပင် ခွါမရနိုင်တော့ပေ၊ ဤဥပမာအတိုင်းပင် အာရုံကို သာယာနှစ်သက် သဘောကျသွားပါက မစွန့်နိုင်၊ မခွာနိုင် ဖြစ်လာတော့၏'

ရူပါရုံ အဆင်း၌လည်းတူတူ၊ သဒ္ဒါရုံ အသံ၌လည်းတူတူ၊ ဂန္ဓာရုံ အနံ့၌လည်းတူတူ၊ ရသာရုံ အရသာ၌လည်းတူတူ၊ ဖောဋ္ဌဗ္ဗာရုံ အထိအတွေ့အာရုံ၌လည်းတူတူ ကပ်သွားလျှင် ခွာ၍ မရတော့ပေ။

ထိုထို မွေ့လျော်ဖွယ်အာရုံတို့ကို ရယူပိုင်ဆိုင်ခံစားနိုင်ရန် သတ္တဝါတို့သည် အရှက်ကိုသော်လည်း စွန့်ရ စွန့်ရ၊ အသက်ကိုသော်လည်း စွန့်ရ စွန့်ရ စွန့်လွှတ်ရန် ဝန်မလေးကြတော့ပေ။

ထို့ကြောင့် လောကသားအများစုတို့က ကာမဂုဏ်မဟုတ်ပါက ချမ်းသာသုခဟု မထင်မြင်ကြပါ။ ထိုထိုကာမဂုဏ်တို့ကို မမော၊ မပန်းခံစားနိုင်ရေးအတွက် ကုသိုလ်မှန်း မသိ၊ အကုသိုလ်မှန်းမသိ၊ သမ္မာအာဇီဝမှန်းမသိ၊ မိစ္ဆာအာဇီဝမှန်းမသိ မနားမနေ ထမင်းမေ့၊ ဟင်းမေ့ကာ ကြိုးပမ်းနေကြတော့သည်။ ထိုသတ္တဝါတို့သည် မသိမှုအဝိဇ္ဇာ ဖုံးလွှမ်းနေသည် ဖြစ်၍ လိုချင်မှုတဏှာ၏ ကျော့ကွင်းတွင်း၌ ငြိနေကြခြင်း ဖြစ်ပါသည်။

## မိတ်လိုက်ရင်း မြွေမုဆိုးလက်ထဲသို့ ရောက်တော့သည်

ပမာပြရသော် တွင်းထဲ၌ လုံလုံခြုံခြုံ အောင်းနေတတ်သည့် မြွေပွေးဟူသော သတ္တဝါတို့သည် အနေအထိုင် အလွန် ကျစ်လစ်ကြ၏။ ညဥ့်နက်မှ အစာရှာထွက်ကြပြီး အရှေ့ကောင်းကင်ပြင်၌ ရောင်နီမလာမီ အိပ်တန်းတက်ကြပါသည်။

ဤသို့ အနေကျစ်လစ်သော သတ္တဝါတို့သည် သူတို့မိတ်လိုက်တတ်သည့် မိုးဦးအခါ ကဆုန်၊ နယုန်လ ရောက်သောအခါ၌မူ အရွယ်ရောက်ကြသည့် မြွေပွေး အထီးအမတို့သည် အနေအထိုင် မကျစ်လစ်နိုင်တော့ပါ။ ညဥ့်အခါ အလည်လွန်သော မြွေပွေးပျိုတို့သည် မိုးလင်း

---

* **ကျမ်းညွှန်း** - ပဋ္ဌာန်းသိပ္ပံဆရာတော်၏ ပဋ္ဌာန်းလမ်းညွှန်ကျမ်း (ဒုတိယအကြိမ်) ၂၀၀၈-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်။

တော့မည်ကို မမှန်းဆတတ်၊ လုံခြုံရာကိုလည်း မရှာတတ်၊ အန္တရာယ်ကိုသော်လည်း မရှောင်ရှားတတ်တော့ဘဲ ကြုံရာ အိပ်တန်းတက်ကြတော့သည်။ လူတို့၏ နေအိမ်၊ လုပ်ငန်းခွင်တို့နှင့် လက်တစ်ကမ်း နေရာများတွင် မလုံမခြုံ နေမိသောကြောင့် မိုးလင်းလာသောအခါ ရိုက်သတ်ခံကြရပါသည်။

ထိုကာလ၌ မြွေမုဆိုးတို့က အလုပ်တွင်ကျယ်ကြသည်။ အကြောင်းမှာ မြွေပွေးရှာရ၊ ဖမ်းရ လွယ်သောကြောင့် ဖြစ်သည်။ မြွေမတစ်ကောင်တွေ့သည်နှင့် သူ၏အဖော် နှစ်ကောင်သုံးကောင် ထပ်မံ၍ ဖမ်းမိလေ့ရှိကြောင်း သိရပါသည်။

မြွေထီးလည်း မြွေမ၏အာရုံ၌ မွေ့လျော်၏။ မြွေမလည်း မြွေထီး၏အာရုံ၌ မွေ့လျော်၏။ ထို့ကြောင့် သူတို့သည် ပြေးကာလွှားကာ အထီးကလည်း အမကို တွေ့ရနိုးနိုးနှင့် ရှာဖွေရင်း၊ အမကလည်း အထီးကို တွေ့ရနိုးနိုးနှင့် ရှာဖွေရင်း မြွေမုဆိုးလက်ထဲ ရောက်ကာ သေပွဲဝင်ကြရခြင်း ဖြစ်သည်။

လူတို့ နှစ်နှစ်သက်သက်ခံစားသည့် အာရုံနှင့် မြွေတစ်ကောင် နှစ်သက်သည့်အာရုံတို့သည် ကွဲပြားပါသည်ဟု ဆိုနိုင်ပါလိမ့်မည်။ သို့ပါသော်လည်း သတ္တဝါတို့၏ ထိုထိုအာရုံပေါ် နှစ်သက်၊ စွဲလမ်း၊ တပ်မက်သည့် စိတ်အလိုဆန္ဒဟူသော အကုသလဟေတု၏ သတ္တိသည်ကား မကွဲပြားကြောင်းကို နားလည်ရန် ခက်ခဲမည် မထင်ပါ။

## အဿာဒ၊ အာဒီနဝနှင့် နိဿရဏ

လောကအာရုံတွင် အဿာဒ သာယာဖွယ်သဘောလည်း ရှိပါသည်။ အာဒီနဝ ဖောက်ပြန် ပြောင်းလဲတတ်သဖြင့် အပြစ်မကင်းသည့် သဘောလည်း ရှိပါသည်။ နိဿရဏ ဆင်းရဲဒုက္ခမှ ထွက်မြောက်စေသည့် သဘောလည်း ရှိပါသည်။ ဤတွင် လောဘ၊ ဒေါသ၊ မောဟဟူသော အကုသိုလ်ရေသောက်မြစ် အားသန်ကြသူတို့မှာမူ အာရုံ၏ သာယာဖွယ် အဿာဒကိုသာ မြင်နိုင်စွမ်းရှိပါသည်။

အကောင်းစား ကုသိုလ်ရေသောက်မြစ် အားကောင်းသူ လူနည်းစုကသာ ကာမ၏ အာဒီနဝအပြစ်နှင့် ကာမမှ ထွက်မြောက်ရာ နိဿရဏတို့ကို မြင်နိုင်စွမ်းရှိပြီး သံသရာမှ လွတ်မြောက်နိုင်ကြ၏။

အာရုံထက် ရေသောက်မြစ် ဟေတုကသာ အခရာဖြစ်သောကြောင့် သံသရာအပြစ်ကို မြင်တော်မူကြသည့် ပညာရှိများက *'ကာမ ငါးထွေ၊ ဆားငံရေသို့၊ သောက်လေ သောက်လေ ငတ်မပြေတည့်'*ဟု စပ်ဆိုထားသကဲ့သို့ နတ်ပြည် လူ့ပြည်တို့သည်လည်း ကာမဘုံမည်၏။

## စာခြောက်ရုပ်ကို လူထင်သည့်သမင်

တောသမင်တို့သည် လယ်သမားတို့ လုပ်ကိုင်ထားကြသည့် စပါးခင်းထဲသို့ လယ်ရှင်ယောက်ျားမရှိခင် အသီးအနှံတို့ကို လာ၍ စားတတ်ကြသည်။ လယ်ရှင်သည် တောသမင်တို့ကို ကြောက်လန့်စေခြင်းငှာ မြက်ခြောက်တို့ကို လူရုပ်သဏ္ဌာန်ပြုလုပ်၍ စပါးခင်းအလယ်၌ စိုက်ထား၏။

ထိုလူရုပ်၌ မြက်ခြောက်တို့ကို လျှော်ဖြင့်ဖွဲ့စည်း၍ ကိုယ်သဏ္ဌာန် ဦးခေါင်းသဏ္ဌာန်, လက်သဏ္ဌာန်လုပ်၏၊ အိုးငယ်ကို ထုံးဖြူဖြင့် မျက်နှာသဏ္ဌာန်ရေး၍ ဦးခေါင်း၌ စွပ်ထား၏။ အဝတ်ဟောင်း, အင်္ကျီဟောင်းတို့ကို စွတ်၍ထား၏၊ လက်တို့၌ လေးမြားတို့ကို ကိုင်စွဲ၏၊ တောသမင်တို့သည် စပါးခင်းသို့ စားသောက်ရန် ရောက်လာကြသောအခါ ထိုမြက်ခြောက်ရုပ်ကို မြင်ရလျှင် လူမဟုတ်သော်လည်း လူဟု အဟုတ်ထင်မှတ်၍ ကြောက်လန့်ပြီး ထွက်ပြေးကြလေသည်။

တောသမင်တို့၏ စိတ်ဝယ် ဤသို့ အာရုံမှားကြပုံပမာ ဤခန္ဓာသည် အသုဘသဘော၊ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောတို့က ကိုယ်တွေ့မျက်မြင် အလွန် ထင်ရှားနေပါသော်လည်း ထိုထိုအာရုံကို တောသမင်ကဲ့သို့ အမှတ်မှားနေကြခြင်း ဖြစ်သည်။

ထို့ကြောင့် ထိုထိုအာရုံပေါ်ကို မိစ္ဆာသညာကသာ ထပ်ဆင့်ပံ့ပိုးပေးလိုက်ပါလျှင်မူ ဘုရားအဆူဆူ ချွတ်သော်လည်း ကျွတ်ရန်ခဲယဉ်းလှကြောင်း ရှေးဆရာမြတ်များက မိန့်ဆိုကြပါသည်။

"သတ္တဝါတစ်ယောက်၊ ယူမှားမှောက်ကို၊ သိန်းလောက်ဘုရား၊ လှန်သောအားဖြင့်၊ ဟောကြားခြေချွတ်၊ ဖြေမလွတ်ဘူး"

## ဟိတ်ခြောက်ပါးသာ ပဓာန

ကုသိုလ်မရနိုင်အောင် ပြုနိုင်သည့် အာရုံဟူ၍ မရှိပါ။ ကုသိုလ်ရအောင် အသုံးမချတတ်သူနှင့် အသုံးချတတ်သူသာ ကွာခြား၏။ ကုသလ၊ အကုသလ ဟိတ်ခြောက်ပါး ခေတ်ခံ ကွာသွားခြင်းက အကြောင်းရင်း ဖြစ်၏။

အလောဘ၊ အဒေါသ၊ အမောဟဟူသော ကောင်းမွန်သည့်အုပ်စုက စိတ်အိမ်ကို ခြယ်လှယ်ခွင့် ရရှိလျှင် ဒါန သီလ စသည့် ကောင်းမှုများမှသည် 'ဝိပဿတိ' အထိ ဖြစ်ခွင့်ရှိ၏။

---

* **ကျမ်းညွှန်း** - မယဒေဝ၊ ပုတ္တောဝါဒ

လောဘ၊ ဒေါသ၊ မောဟဟူသော မကောင်းသည့်အုပ်စုက စိတ်ကို ခြယ်လှယ်ခွင့် ရရှိပါက ထိုထို ဒါန၊ သီလ စသည် ကောင်းမှုကုသိုလ်ကို ပြုရာ၌ပင် *'အဿာဒေတိ အဘိနန္ဒတိ'* ဖြစ်ခွင့် ရလေတော့၏။

## သက်န်းတည်းဟူသော အာရုံကြောင့် သန်းဖြစ်ရရှာသည့် ရဟန်းတော်

ဘုရားရှင်လက်ထက်တော် အခါကာလ သာဝတ္ထိပြည်သား တိဿရဟန်းသည် တစ်ခု သောတောအရပ်၌ ဝါဆိုတော်မူစဉ် သက်န်းချုပ်ရန် အလျားရှစ်တောင်ရှိသည့် ပိတ်စ အလှူခံ ရရှိတော်မူပါသည်။ ဝါလကျွတ်လေသော် ထိုပိတ်စကို ယူဆောင်လာပြီး အပိုင်းပိုင်းဖြတ်ကာ သက်န်းချုပ်ရန် ရဟန်းတော်များနှင့် စီစဉ်တော်မူသည်။ အရှင်မြတ်၏အမကြီးက သက်န်း ချုပ်မည့် အရှင်မြတ်တို့အား သက်န်းချုပ်မည့် ကာလတစ်လျှောက် နေ့စဉ် ယာဂုဆွမ်း၊ နေ့ဆွမ်း တို့ကို ဆက်ကပ် လှူဒါန်း၏။ သက်န်းချုပ်ပြီးသည့်နေ့တွင်မူ ရှေးကထက် ပိုမိုသည့် ဆွမ်းများကို ပြင်ဆင်ချက်ပြုတ်ကာ လှူဒါန်းလေသည်။

ရဟန်းတော်မြတ်သည် ချုပ်လုပ်ပြီးစီးသည့် သက်န်းကို တစိမ့်စိမ့် ကြည့်ကာ ကြည့်ကာ ထိုသက်န်း၌ နှစ်သက် တွယ်တာကာ ငြိကပ်သွားပါတော့သည်။ သို့သော် သူသည် ထိုသက်န်းကို မသုံးဆောင်ရရှာဘဲ ထိုည၌ပင် အစာမကြေရောဂါဖြင့် ပျံလွန်တော်မူရှာ၏။ ထိုသက်န်း တည်းဟူသော အာရုံကို အလွန်အမင်း စွဲလမ်း တပ်မက်သောစိတ်ကြောင့် ထိုသက်န်း၏ အကြား၌ပင် သန်းဖြစ်သွားရှာ၏။

## ဟေတုနှင့် အာရုံ

ဟေတုသည် နာမ်တရား ဖြစ်ပါသည်။ အာရမ္မဏက အာရုံတရား ဖြစ်ပါသည်။ လောဘ၊ ဒေါသ၊ မောဟဟူသော အကုသိုလ်ဟေတုအားကောင်းသည့် လူမိုက်လည်း အဆင်း၊ အသံ၊ အနံ့ ၊ အရသာ၊ အထိအတွေ့၊ အတွေးအကြံ ဟူသော အာရုံခြောက်ပါးကြောင့်ပင် ဒုက္ခရောက်ကြရသည်။

အလောဘ၊ အဒေါသ၊ အမောဟမည်သော ကုသိုလ်ဟေတုအားကောင်းသည့် လူလိမ္မာ ကလည်းအဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့ အတွေးအကြံ ဟူသော အာရုံ ခြောက်ပါးကြောင့်ပင် ကောင်းကျိုးချမ်းသာ ရကြရသည်။

လူလိမ္မာသူတော်ကောင်းအတွက် ကုသိုလ်နှင့် မဂ်ဖိုလ်နိဗ္ဗာန် မရောက်စေနိုင်သည့် အာရုံခြောက်ပါး မရှိသကဲ့သို့ မသူတော်လူမိုက်အတွက်လည်း အပါယ်ငရဲကို မရောက်စေ နိုင်သည့် အာရုံခြောက်ပါး မရှိပါ။ ပုဂ္ဂိုလ်အသီးသီးတို့၏ အတွင်းအဇ္ဈတ္တ ဓာတ်ခံပေါ်၌ မူတည် လေ၏။

* **ကျမ်းညွှန်း** - ဓမ္မပဒအဋ္ဌကထာ၊ အတွဲ - ၂၊ မလဝဂ်၊ တိဿထေရဝတ္ထု

## အရှင်မဟာကဿပ၏ တပည့်မိုက်

ပမာပြုရသော် အရှင်မဟာကဿပ မထေရ်မြတ်ကြီး၏အနား၌ အတူနေတပည့် တစ်ပါးသည် ထေရ်ရှင်ဆိုးမတော်မူသည်ကို မနာခံဘဲ အရှင်မြတ်ကြီးအား စိတ်ဆိုးပြီး သီတင်းသုံးရာ ကျောင်းကိုလည်း မီးရှို့၊ မီးမလောင်ဘဲ ကျန်ခဲ့သည့် ရေအိုး၊ ရေခွက် စသည် တို့ကိုလည်း ရိုက်ခွဲဖျက်ဆီးသဖြင့် အဝီစိငရဲသို့ ရောက်၏။

ဤတပည့်မိုက်သည် ဤဘဝတွင်သာ ရဟန္တာအရှင်မြတ်ကြီး၏ ကျောင်းကို မီးရှို့ ဖျက်ဆီးခြင်းမဟုတ်ဘဲ ရှေးရှေးဘဝတစ်ခု၌လည်း သူကမျောက်ဖြစ်နေသည်။ အရှင်မြတ်က စာဘူးတောင်းငှက်မျိုး၌ ဖြစ်တော်မူပါသည်။ ထိုဘဝ၌လည်း ငှက်၏ဆုံးမစကားကို မျောက်က မနာခံဘဲ ငှက်ကို စိတ်ဆိုးပြီး သစ်ပင်ပေါ်ပြေးတက်ကာ အသိုက်ကို ဖျက်ဆီးခဲ့ဖူးလေ၏။

ဤဝတ္ထုအရ ဗာလလူမိုက်သည် တစ်ဘဝတည်း၌သာ မိုက်သည်မဟုတ်ဘဲ သူ၏ ဆိုးသည့် ဓာတ်ခံ၊ မိုက်သည့်ဓာတ်ခံ၊ ရမ်းကားသည့်ဓာတ်ခံတို့ကြောင့် ဘဝအဆက်ဆက် ဆက်ခါ ဆက်ခါ မိုက်ပြီးရင်း မိုက်နေတတ်၏။

ထိုနည်းအတူ လူလိမ္မာပဏ္ဍိတသည်လည်း တစ်ဘဝတည်းလိမ္မာသည်မဟုတ်ဘဲ ဘဝ အဆက်ဆက် သံသရာ၌ ကောင်းပြီးရင်းကောင်း၊ လိမ္မာပြီးရင်း လိမ္မာတတ်ကြောင်းကို ဤဝတ္ထု အရ မှတ်သားရပါသည်။

## မတ္တရာဆရာတော်ကြီး၏ အံ့ဖွယ် ကုသလဟေတုသတ္တိ

မင်းတုန်းမင်းတရားကြီးလက်ထက်က မတ္တရာမြို့၌ အံ့ဩစရာကောင်းလောက်အောင် ကုသလဟေတုသတ္တိဖြင့် ပြည့်စုံတော်မူသည့် ဆရာတော်တစ်ပါးရှိကြောင်းကို မင်းတရားကြီး သိတော်မူသဖြင့် အထောက်တော်များကို စေလွှတ် စုံစမ်းတော်မူ၏။ မင်းတရားကြီး စေလွှတ် လိုက်သည့် အထောက်တော်များသည် ကပ္ပိယလုပ်၍ စမ်းသပ်ကြ၏။

ရှေးဦးစွာ ဆွမ်းကို ပျော့ပျော့ကြီးချက်၍ ကပ်၏။ ထိုအခါ ဆရာတော်က "အင်း. . . အဝါးရ သက်သာတယ်။ အစာကြေလွယ်တယ်"ဟု အမိန့်ရှိ၏။ တစ်ဖန် မာမာကြီးချက်၍ ကပ်ပြန်သည့်အခါ "ဒီလိုဝါးပြီး ဘုဉ်းပေးရတာ အရသာပေါ်ပေတယ်"ဟု မိန့်တော်မူ၏။ ထို့နောက် ဟင်းကို ဆားမခပ်ဘဲ ချက်ကပ်ရာ "အင်း. . . ရေငတ်ပြေတယ်"ဟု အမိန့်ရှိ၏။ ဆားများများခပ်၍ ကပ်ပြန်သည့်အခါ "အင်း. . . သွေးကြေတယ်"ဟု မိန့်တော်မူ၏။

---

**ကျမ်းညွှန်း** * ဓမ္မပဒအဋ္ဌကထာအတွဲ (၁)၊ ဗာလဝဂ်၊ မဟာကဿပတ္ထေရသဒ္ဓိဝိဟာရိကဝတ္ထု။

ထို့နောက် မင်းတရားကြီးက နန်းတော်သို့ ပင့်လိုကြောင်း လျှောက်ထားစေရာ ဆရာတော်က "သာသနာ့ ဒါယကာပင့်သည်ကို ငြင်းဖွယ်မရှိ"ဟု မိန့်တော်မူသဖြင့် လှေတော် ဖြင့်ပင့်လာရာ ဝါးရင်းတုတ်ရွာသို့ အရောက်တွင် "ဆရာတော်ဘုရားသည် အသက်အရွယ် ကြီးရင့်ပြီ၊ မတ္တရာမြို့ ကျောင်းတိုက်မှာပင် ပြန်လည် သီတင်းသုံးရန် မင်းတရားကြီးက လျှောက်ထားကြောင်း" စာကို ဆက်ကပ်ရာ ဆရာတော်က "အင်း. . . အင်း. . . ဟုတ်ပေ တယ်။ ငါ့မှာလည်း ခွေးနို့စို့သလို ပညာသင်ကြားနေကြတဲ့ တပည့်များဟာ ပညာတည်းဟူသော နို့ရည်ငတ်နေကြရင် သူတို့ ဝမ်းနည်းကြပေလိမ့်မယ်၊ ပြန်၍နေရတာ ဂင်းတို့ ဝမ်းမြောက် ကြလိမ့်မယ်"ဟု မိန့်တော်မူကာ ကျောင်းသို့ ပြန်ကြွတော်မူ၏။

မင်းတရားကြီးက နန်းဦးကျောင်းဆောက်လုပ်စေပြီး ဆရာတော်ကို ပင့်စေ၏။ ဆရာတော်က "အင်း. . . မဟာမြတ်မုနိဘုရားကြီးကို မဖူးရတာ အတော်ကြာပေပြီ၊ သည် တစ်ခါဖြင့် ဆိုက်ဆိုက်မြိုက်မြိုက် ဖူးရပေတော့မယ်"ဟု အမိန့်ရှိကာ လိုက်ပါလာလေသည်။

ကျောင်းကြီးပေါ် သီတင်းသုံးပြီး အတန်ကြာသော် မင်းတရားကြီးက နန်းဦးကျောင်း တိုက်အတွင်း တစ်နေရာ၌ ထန်းရွက်မိုးကာသော ယာယီကျောင်းကလေးတစ်ဆောင် ဆောက် လုပ်စေပြီး မင်းတရားကြီးက "ဆရာတော်သည် ကျောင်းကြီးပေါ်၌ သီတင်းသုံးရသည်မှာ တက်ရဆင်းရ ပင်ပန်း ဒုက္ခရောက်လှသည်။ ကျောင်းငယ်သို့ဆင်း၍ သီတင်းသုံးသင့် ပါသည်"ဟု လျှောက်ရာ "အင်း. . . ဟုတ်ပေတယ်၊ တက်ရဆင်းရ လူအိုဖြစ်တော့ သတိထားရတယ်၊ တရားနာသူများလည်း တက်ရဆင်းရ ဝန်လေးပေမယ်၊ အောက်မြေပြင် မှာပဲ သင့်လျော်ပေမယ်"ဟု မိန့်တော်မူပြီး ဆင်း၍ သီတင်းသုံးရှာတော်မူ၏။

တစ်ဖန် တစ်လခန့်ရှိသောအခါ "ကျောင်းကြီးပေါ်မှာတက်၍ သီတင်းသုံးမှ တော်မည် ထင်ကြောင်း" မင်းတရားကြီးက လျှောက်ထားပြန်ရာ "အင်း. . . ကျောင်းကြီးပေါ်မှာတော့ လေလုံ, မိုးလုံ ကောင်းပေတာပ၊ သည်ထန်းရွက်မိုး ကျောင်းကလေးမှာတော့ မိုးလုံ လေလုံ မဟုတ်၊ တရားနာပရိသတ်များလဲ မြေပြင်မှာ တရားနာရတဲ့အတွက် အအေးမိပြီး ဥတုပျက်မှာ စိုးရတယ်"ဟု အမိန့်ရှိပြီး ကျောင်းကြီးပေါ်သို့ ကြွ၍ သီတင်းသုံးတော်မူပြန်သတည်း။

ဆရာတော်ဘုရားကြီး၏ စိတ်အစဉ်တွင် အားကောင်းသည့် အဒေါသ၊ အလောဘ၊ အမောဟတည်းဟူသော ကုသလဟေတု၏ သတ္တိကြောင့်သာ ကြုံဆုံသမျှ အာရုံကောင်း၊ အာရုံဆိုးတို့အပေါ် အညီအမျှ သဘောထားနိုင်တော်မူသည်ကို ကြည်ညိုမဆုံး ဖြစ်ရပါသည်။

---

* **ကျမ်းညွှန်း** - သာသနာရေးဦးစီးဌာနမှ ထုတ်ဝေသည့် ဗုဒ္ဓအဘိဓမ္မာ စေတသိက်များအဖွင့် အတွဲ-၁၊ (၁၉၈၄- ခုနှစ်တွင် ထုတ်ဝေသည်။)

## အတွင်းပူ ပြင်းသဖြင့် အပြင်ပူမမှု

ဓမ္မအသိဉာဏ် အားကောင်းလာသည်နှင့်အမျှ ကြုံတွေ့လာသမျှသော အာရုံအပေါ် မှန်ကန်စွာ နှလုံးသွင်းတတ်လာသဖြင့် အပူငြိမ်းကာ စိတ်အေးကြပါသည်။ ဓမ္မအသိဉာဏ် အားနည်းသည်နှင့်အမျှ စိတ်ပူလောင်ကြပါသည်။

စားရတာချင်းအတူတူ၊ သွားရတာချင်းအတူတူ၊ နေရတာချင်းအတူတူ ဓမ္မအသိဉာဏ် အားကောင်းသူက စိတ်အေးအေးဖြင့် စားတတ်၊ သွားတတ်၊ နေတတ်လေသည်။ ဓမ္မအသိ မရှိသူက ပူစပ်ပူလောင်ဖြင့် စားတတ်၊ သွားတတ်၏။

ဤနေရာတွင် နွေရာသီတွင် နေပူထဲသွားသောကြောင့် ပူသည်ကို မဆိုလိုပါ။ နေပူထဲ သွား၍ ပူခြင်းက အတွင်းအပူလောက် မပူပေ။

ပမာပြရသော် အိမ်သာကျင်းတစ်ကျင်းတူးပါက ငွေနှစ်သောင်းခွဲရမည်။ လူတစ်ယောက် ပုဆိုးကတောင်းကျိုက်ပြီး ခြစ်ခြစ်တောက်ပူနေသည့် နွေ၏နေပူအောက်၌ ပေါက်တူး ကိုင်ကာ အိမ်သာကျင်းတူးနေပါသည်။ သူ့ရင်ထဲက ငွေနှစ်သောင်းခွဲရမည်ဟူသော လိုချင်မှု လောဘ၏ အတွင်းအပူလုံးကြီးက ဖုံးလွှမ်းထားသဖြင့် ကျောလည်းပူ၊ ခေါင်းလည်းပူ၊ တစ်ကိုယ်လုံး ပူနေသော်လည်း အပြင်အပူကို သူ မမှုပါ။ ကြောက်လည်း မကြောက်ပါ။

## ပဋ္ဌာန်းတရားတော်နှင့် ဝိပဿနာ

ရူပါရုံအဆင်းနှင့် မြင်သိစိတ် စက္ခုဝိညာဏ်တို့တွင် အဆင်းက အကြောင်းတရား၊ မြင်သိစိတ် စက္ခုဝိညာဏ်က အကျိုးတရား ဖြစ်ပါသည်။ ရူပါရုံအဆင်းမရှိဘဲ မြင်သိစိတ် မဖြစ်နိုင်ဟု သိရှိနားလည် သဘောပေါက်လာခြင်းသည် ပစ္စယပရိဂ္ဂဟဉာဏ် မည်၏။

မြင်သိစိတ်က ပရမတ်အရှိတရား ဖြစ်ပါသည်။ မြင်သိစိတ်သည် ဖြစ်သခိုက် ဖြစ်သခိုက် မျှသာ သက်တမ်းရှိပါသည်။ အာရုံတိုက်သခိုက် အသစ် အသစ် အသစ် ထပ်၍ ထပ်၍ ဖြစ်နေသဖြင့် မခိုင်ခံ့သည့်သဘော၊ အစိုးမရသည့်သဘော ဖြစ်ပါသည်။

ဤကဲ့သို့ မခိုင်ခံ့သည့်သဘော၊ မတည်တံ့သည့်သဘော အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့ကို သိရှိ သဘောပေါက် နားလည်နိုင်ရန် ပဋ္ဌာန်းတရားတော်ကို ခန္ဓာနှင့်တိုက်ပြီး လေ့လာရခြင်း ဖြစ်၏။ ဝိပဿနာတရားကို အားထုတ်နေသည့်ယောဂီသည် အာရုံနှင့် အာရုံကို သိစိတ် (အာရမ္မဏနှင့် အာရမ္မဏိက) ကို စာအသိသာမက လုပ်ငန်းခွင်အသိဖြင့်လည်း ကွဲကွဲပြားပြား ရှိရပါမည်။ အာရုံနှင့် မြင်သိစိတ်၊ ကြားသိစိတ်တို့သည် ရှေးက ရှိနှင့်သည်မဟုတ် ပေါ်ပြီးနောက် လည်း တည်တံ့ ခိုင်ခန့်နေသည်မဟုတ်ဘဲ ပေါ်သခိုက်၊ ပေါ်သခိုက်မျှသာ ဖြစ်၏။

ပမာပြရသော် ဂီတာ၏ကြိုး၌လည်း အသံထွက်ပေါ်နေသည်မဟုတ်၊ လက်ချောင်းတို့၌လည်း အသံထွက်ပေါ်နေသည်မဟုတ် ဂီတာကြိုးနှင့် လက်ချောင်းတို့ ထိခတ်သခိုက်၊ ထိခတ်သခိုက် တစ်ခဏအတွင်း၌သာ အသံဟူ၍ ပေါ်ပေါက်နေခြင်း ဖြစ်သည်။

ထိုအသံကို မိမိအလွတ်ရသည့်၊ မိမိနှစ်သက်သည့် သီချင်းစာသားဖြစ်ပါမူ ဤတီးကွက်သည် အဘယ်သီချင်းဖြစ်ကြောင်း၊ သီချင်းအမည်ကအစ သညာက ဖော်နိုင်စွမ်းသည်။ အကယ်၍ မိမိမကြားဖူးသည့်၊ မရင်းနှီးသည့် တီးလုံးဖြစ်နေပါမူကား သီချင်းစာသား မပေါ်တော့ဘဲ အသံ Noice မျှသာ ဖြစ်နေပါတော့သည်။

ထို့ကြောင့် ကြိုးနှင့်လက်ချောင်းတို့ တိုက်ခတ်ထိတွေ့မှုကြောင့် တစ်ခုပြီးတစ်ခု ဖြစ်ပေါ်နေသည့်အသံကို မိမိမှတ်သားထားသည့် အမှတ်သညာဖြင့် 'ဘာသီချင်း၊ ဘယ်အဆိုတော်ဆိုခဲ့တဲ့သီချင်း၊ ဘယ်ရုပ်ရှင်ဇာတ်ကားရဲ့ ဇာတ်ဝင်ခန်းက သီချင်း'ဟု သတ်မှတ်လိုက်သောအခါ အသံက အသံမျှ၌ မရပ်တော့ဘဲ အတိတ်အကြောင်း၊ အနာဂတ်အကြောင်းတို့ကြောင့် အဆန်းတကျယ်ကြီး ဖြစ်လာပါတော့သည်။

## အမျိုးသမီးတို့၏ ရုပ်ပါရုံအလှသည် ရဟန်းတို့အတွက် ဓမ္မန္တရာယ်

အရှင်ဝင်္ဂီသမှာ ရဟန်းဘောင်သို့ ရောက်လာခါစ ရဟန်းငယ် ဦးပဥ္စင်းငယ်မျှသာ ရှိသေး၏။ ဥပဇ္ဈာယ်ဆရာဖြစ်သော အာဠဝီပြည်၊ အဂ္ဂါဠဝစေတီကျောင်းဆရာတော် အရှင်နိဂြောဓကပ္ပထံတော်၌ သီတင်းသုံးနေထိုင်ရ၏။ တစ်နေ့တွင် ဥပဇ္ဈာယ်ဆရာတော် မရှိခိုက် တစ်ပါးတည်း ကျောင်းစောင့်နေစဉ် အမျိုးသမီးတစ်စု ကျောင်းလှည့်လည်ကြည့်ရှုရန် ရောက်လာကြ၏၊

ထိုအခါ အရှင်ဝင်္ဂီသသည် အမျိုးသမီးတို့ ရုပ်ပါရုံအဆင်းအလှကို တွေ့မြင်ရသဖြင့် သာသနာတော်၌ မမွေ့လျော်ဘဲ ဖြစ်လာ၏၊ ရဟန်းဖြစ်စ အရှင်ဝင်္ဂီသကို တပ်မက်ခြင်းရာဂက နှိပ်စက် ဖျက်ဆီးလေပြီ။

ထိုအခါ အရှင်ဝင်္ဂီသသည် မိမိ၏ ရဟန်းဘဝ အရမတော် ဖြစ်ရတော့မည့်ဘေးကို တွေးမိပြီး စိတ်၌ဖြစ်ပေါ်လာသည့် အကုသိုလ်ရာဂကို 'တွန်းလှန်တော့အံ့'ဟု အကြံဖြစ်ကာ ဝိပဿနာတရားဓမ္မဖြင့် ထိုရာဂကို ပယ်ဖျောက်၏၊ အရှင်ဝင်္ဂီသသည် ထိုကဲ့သို့ အကုသိုလ်ရာဂကို ပယ်ဖျောက်ခြင်း၌ အမှတ်သညာကို ဖြစ်စေပြီး အောက်ပါအတိုင်း ထုတ်ဖော်ကျူးရင့်လေသည်။

လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၍ ငြိမ်သက်နေသော ငါ့ထံသို့ ကာမဝိတက်တို့သည် ပြေးဝင်လာကုန်ပြီတကား၊ ဤခက်ထန်ကြမ်းကြုတ်မှုတို့သည် ပြေးဝင်လာကုန်ပြီ

တကား၊ ဤခက်ထန် ကြမ်းကြုတ်မှုတို့သည် မည်းနက်သောမာရ်၏ အသင်းအပင်းအဖြစ် ပြေးဝင်လာကုန်ပြီတကား။

* သင်ပြီးသော လေးအတတ်ရှိကုန်သော ခိုင်ခံ့သောလေးကို စွဲကိုင်ကုန်သော လေးသမားကြီးများ ဖြစ်ကုန်သော မပြေးတတ်ကုန်သော တစ်ထောင်မျှသော ထင်ရှားသောမင်းသားတို့သည် ထက်ဝန်းကျင်မှ ဝိုင်းအုံ ပစ်ကြကုန်ရာ၏။
* ဤလေးသည်တော် တစ်ထောင်တို့ထက် အလွန်ရှိကုန်သော (ရူပါရုံစသော မြားငါးစင်းတို့ကို တပြိုင်နက် ပစ်ခြင်းငှာ စွမ်းနိုင်ကုန်သော) မိန်းမတို့သည် အကယ်၍ လာကုန်လတ္တံ့ (ဤသို့လာကုန်သော်လည်း) မိမိတရား၌ တည်နေသောငါ့ကို တုန်လှုပ်ခြင်းငှာ မစွမ်းနိုင်ကုန်လတ္တံ့။
* ထိုစကားမှန်၏၊ ငါသည် နိဗ္ဗာန်ကိုရကြောင်း၊ ဝိပဿနာကို နေမင်း၏ အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရား၏ (မျက်မှောက်တော်မှ) ဤသို့ ကြားနာဖူး၏၊ နိဗ္ဗာန်ကို ရကြောင်းဖြစ်သော ဝိပဿနာ၌ ငါ၏စိတ်သည် မွေ့လျော်ခြင်းရှိ၏။
* ဟယ်. . . . ကိလေသာယုတ်၊ ဤသို့နေသော ငါ့ကို အကယ်၍ ကပ်လာငြားအံ့၊ ဤသို့ ကပ်လာသည်ရှိသော်၊ ဟယ်. . . သေစေတတ်သော ကိလေသာယုတ်၊ အကြင်အခြင်းအရာအားဖြင့် ပြုသည်ရှိသော် ငါ၏ သွားရာလမ်းကို မမြင်ရလတ္တံ့၊ ထိုအခြင်းအရာအားဖြင့် ငါပြုလတ္တံ့"- ဟုကျူးရင့်တော်မူ၏။ ထို့ကြောင့် မာတုဂါမ ဟူသော မိန်းမ၏အဆင်းအာရုံသည် မြတ်သောအကျင့်၏ အန္တရာယ်ပေတည်း။

## ဘုရားရဟန္တာများ ကုသိုလ်ပြုတော်မူကြသည်

မြတ်စွာဘုရားသည် အရှင်မဟာကဿပအား သက်န်းကို ပေးတော်မူ၏။ ဤကဲ့သို့ ပေးသည်ရှိသော် ကုသိုလ်စေတနာသည် ဖြစ်၏။ ကုသိုလ်စေတနာဟာ ကံပါပဲ။ ၎င်းကံရော အကျိုးကိုပါပေးသလားလို့ဆိုတော့ အကျိုးကိုမပေးဘူးတဲ့။ ဘာ့ကြောင့် အကျိုးကိုမပေးပါ သလဲဆိုလျှင် ကုသိုလ်သည် အကျိုးပေးတဲ့ကုသိုလ်၊ အကျိုးမပေးတဲ့ ကုသိုလ်ဟူ၍ နှစ်မျိုး နှစ်စားရှိရာတွင် ဘုရားရဟန္တာများပြုလုပ်သော ကုသိုလ်သည် အကျိုးမပေးဘူးလို့ မှတ်ရမည်။ ဘာ့ကြောင့်ပါလဲဆိုရင် "ကမ္မံ ခေတ္တံ ဝိညာဏံ ဗီဇံ တဏှာ သ္နေဟော" ဆိုသည့်အတိုင်း ကံသည် လယ်မြေနှင့်တူ၏။ ဝိညာဏ်သည် မျိုးစေ့နှင့်တူ၏။ တဏှာဆိုတဲ့တရားသည် အစေးတည်းဟူသော ရေနှင့်တူ၏။ ၎င်းအကြောင်းသုံးပါးနှင့် ပြည့်စုံမှသာလျှင် အကျိုးကို ပေးနိုင်သည်။

---

* **ကျမ်းညွှန်း** - ဝင်္ဂီသသံယုတ်ပါဠိတော်၊ နိက္ခန္တသုတ် (နှာ - ၁၈၇)

ဘုရားရဟန္တာများပြုလုပ်တဲ့ ကုသိုလ်များမှာတော့ ကုသိုလ်တော့ ဖြစ်ပါ၏။ တဏှာ တည်းဟူသောရေသည် မရှိသောကြောင့် ကရဏ် ကိရိယာ ဟူသည်နှင့်အညီ ပြုကာမျှမတ္တ အကျိုးကိုတော့ မပေးဘူးဟူ၍မှတ်ပါ။ ဤကဲ့သို့ ဘုရား ရဟန္တာသန္တာန်၌ဖြစ်တဲ့ ကုသိုလ် ကတော့ အကျိုးမပေးဘူး၊ ပုထုဇဉ်သန္တာန်မှာရှိတဲ့ ကုသိုလ်ကသာ အကျိုးကို ပေးတယ်လို့ ဆိုပါက ပရမတ်တရားတွေသည် ဖောက်ပြန်ရာရောက်ကုန်ရာသည် မဟုတ်တုံလော့ဟု မေးခဲ့ ငြားအံ့ - မဖောက်ပြန်ပါဘူးတဲ့။ ဘာ့ကြောင့်ဆိုသော် ကုသိုလ်ကတော့ဖြစ်ပါ၏။ တဏှာ တည်းဟူသော ရေသောက်မြစ် မရှိသောကြောင့် (ဝါ) ရေမရှိသောကြောင့် အကျိုးကို မပေးနိုင် ဘူးလို့ မှတ်ရမယ်ဟု အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ သုံးချက်စု ချုပ့်စဉ် အဘိဓမ္မာပဋ္ဌာန်း ညဝါမှတ်စု၌ လာရှိပါသည်။

## ဒွါရ၌ ဝီထိဖြစ်ရန် အကြောင်းတရားများ

စက္ခုဝိညာဉ် မြင်သိစိတ်က သူ့အလိုလို ဖြစ်လာခြင်းမဟုတ်ဘဲ ရူပါရုံဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်၏။ ထိုမျှသာမက စက္ခုပသာဒလည်း ကောင်းမွန် ရမည်။ အလင်းရောင်လည်း ရှိရမည်။ ကြည့်မည်ဟူသော နှလုံးသွင်းလည်း ရှိရပါသေးသည်။

ဤသို့ အကြောင်းပေါင်းစုံမှ မြင်သိစိတ်တစ်ခု ဖြစ်လာနိုင်ပါသည်။ နားဖြင့် ကြားသိစိတ်၊ နှာခေါင်းဖြင့် နံသိစိတ်၊ လျှာဖြင့် အရသာသိစိတ် စသည်ဖြစ်ရန်လည်း အောက်ပါအကြောင်း တရားများ ပြည့်စုံရန် လိုအပ်ပါသည်။

### စက္ခုဒွါရဝီထိဖြစ်ရန် အကြောင်း ၄-ပါး

၁။ စက္ခုပသာဒ ကောင်းမွန်ရမည်။
၂။ ရူပါရုံဟူသည့် မြင်နိုင်သော အဆင်းရှိရမည်။
၃။ အာလောကဟူသော အလင်းရှိရမည်။
၄။ မနသိကာရဟူသည့် နှလုံးသွင်းမှုရှိရမည်။

### သောတဒွါရဝီထိဖြစ်ရန် အကြောင်း ၄-ပါး

၁။ သောတပသာဒ ကောင်းမွန်ရမည်။
၂။ သဒ္ဒါရုံဟူသည့် ကြားနိုင်သော အသံရှိရမည်။

**ကျမ်းညွှန်း** * အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏သုံးချက်စု ချုပ့်စဉ် အဘိဓမ္မာပဋ္ဌာန်းညဝါမှတ်စုစာအုပ် သုံးချက်စု ချုပ့်စဉ်။

၃။ အာကာသဓာတ်ဟူသည့် လေဖြတ်သန်းသွားလာနိုင်သော ဟင်းလင်းနယ် ရှိရမည်။
၄။ မနသိကာရဟူသည့် နှလုံးသွင်းမှုရှိရမည်။

## ဃာနဒွါရဝီထိဖြစ်ရန် အကြောင်း ၄-ပါး

၁။ ဃာနပသာဒ ကောင်းမွန်ရမည်။
၂။ ဂန္ဓာရုံဟူသည့် အနံ့ရှိရမည်။
၃။ ဝါတဟူသည့် အနံ့ကိုဆောင်သော လေရှိရမည်။
၄။ မနသိကာရဟူသည့် နှလုံးသွင်းမှု ရှိရမည်။

## ဇိဝှာဒွါရဝီထိဖြစ်ရန် အကြောင်း ၄-ပါး

၁။ ဇိဝှာပသာဒ ကောင်းမွန်ရမည်။
၂။ ရသာရုံဟူသည့် အရသာ ရှိရမည်။
၃။ အာပဟူသည့် လျှာရည် ရှိရမည်။
၄။ မနသိကာရဟူသော နှလုံးသွင်းမှု ရှိရမည်။

## ကာယဒွါရဝီထိဖြစ်ရန် အကြောင်း ၄-ပါး

၁။ ကာယပသာဒ ကောင်းမွန်ရမည်။
၂။ ဖောဋ္ဌဗ္ဗာရုံဟူသည့် အထိအတွေ့ ရှိရမည်။
၃။ ထဒ္ဓပထဝီဟူသည့် ခက်မာသော ပထဝီရှိရမည်။
၄။ မနသိကာရဟူသော နှလုံးသွင်းမှု ရှိရမည်။

## မနောဒွါရဝီထိဖြစ်ရန် အကြောင်း ၄-ပါး

၁။ မနောဒွါရဟုခေါ်သော ဘဝင်စိတ် ရှိရမည်။
၂။ ပဉ္စာရုံ သို့မဟုတ် ဓမ္မာရုံဟူသည့် အာရုံတစ်ခုခု ရှိရမည်။
၃။ ဟဒယဝတ္ထုဟူသည့် စိတ်မှီရာဝတ္ထု ရှိရမည်။
၄။ မနသိကာရဟူသော နှလုံးသွင်းမှု ရှိရမည်။

## အကြောင်းအကျိုးကို သိမ်းဆည်းသည့်ဉာဏ်

ရူပါရုံအဆင်းနှင့် မြင်သိစိတ် စက္ခုဝိညာဉ်တွင် အဆင်းက အကြောင်းတရားဖြစ်ပြီး မြင်သိစိတ် စက္ခုဝိညာဉ်က အကျိုးတရားဖြစ်ပါသည်။ ရူပါရုံအဆင်းမရှိဘဲ မြင်သိစိတ် မဖြစ်နိုင်ဟု ပိုင်ပိုင် သိနားလည်လာခြင်းသည် ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်ပါသည်။

ဤသို့ အကြောင်းပေါင်းစုံမှသာ မြင်သိစိတ်တစ်ခု ဖြစ်လာနိုင်ကြောင်း သိရှိသဘော ပေါက်လာသည်ကို အရှိကိုအရှိအတိုင်း သိသည့်ဉာဏ်ဟုခေါ်၏။ ဤတွင် အာရုံ၏သဘော အမှန်ကို သိရှိနိုင်ရန် အာရုံဘက်တွင် တာဝန်မရှိပါ။ သိစိတ်၏ တာဝန်သာ ဖြစ်၏။

"ငါမြင်တယ်"ဟု ဆိုရာတွင် 'ငါ'က အမှန်တကယ်မရှိသည့် ပညတ်တရား၊ မြင်သိစိတ်က အရှိအမှန် ပရမတ်တရားဖြစ်၏။ "ငါကြားတယ်"ဟု ဆိုရာတွင် 'ငါ'က အမှန်တကယ် မရှိသည့် ပညတ်တရား၊ ကြားသိစိတ်က အရှိအမှန် ပရမတ်တရားဖြစ်၏။ "ငါနံတယ်"ဟု ဆိုရာတွင်လည်း 'ငါ'က အမှန်တကယ် မရှိသည့် ပညတ်တရား၊ နံသိစိတ်က အရှိအမှန် ပရမတ်တရားတို့ဖြစ်၏။

ထိုမြင်သိစိတ်သည် ဖြစ်သခိုက်အတွင်းဝယ် မျက်စိတစ်မှိတ် လျှပ်တစ်ပျက်အတွင်း ပျောက်ပျက်၍ သွားနေပါသည်။ ထိုကြားသိစိတ်သည်လည်း ဖြစ်သခိုက်အတွင်းဝယ် မျက်စိတစ်မှိတ် လျှပ်တစ်ပျက်အတွင်း ပျောက်ပျက်၍ သွားနေပါသည်။ ထိုနံသိစိတ်သည်လည်း ဖြစ်သခိုက်အတွင်းဝယ် မျက်စိတစ်မှိတ် လျှပ်တစ်ပျက်အတွင်း ပျောက်ပျက်၍ သွားနေပါသည်။ ထပ်ပြန်ထပ်ပြန် အာရုံတိုက်နေသောကြောင့်သာ အသစ်၊ အသစ်၊ အသစ်၊ ထပ်၍၊ ထပ်၍ ဖြစ်နေခြင်းပေတည်း။

ဤသို့ အာရုံ၏သဘော၊ သိစိတ်၏သဘောတို့ မခိုင်ခံ့သည်ကိုလည်းကောင်း၊ မတည်တံ့သည်ကိုလည်းကောင်း၊ အစိုးမရသည်ကိုလည်းကောင်း တစ်နည်းအားဖြင့် အနိစ္စသဘော စစ်စစ်ပါကလား၊ ဒုက္ခသဘော စစ်စစ်ပါကလား၊ အနတ္တသဘော စစ်စစ်ပါကလားဟု ပဌာန်းတရားတော်ကို လေ့လာဆည်းပူးနေသည့် ယောဂီက သိရှိလာနိုင်မည် ဖြစ်ပါသည်။

## သိစိတ်နှင့် အာရုံ

အသိအမြင် အဆင့်ဆင့် မှန်ကန်လာသောယောဂီသည် အာရုံကို အမျိုးမျိုး အဖုံဖုံ မမြင်တော့ဘဲ တစ်မျိုးထဲ မြင်လာနိုင်သည်။ ပမာပြရလျှင် ဉာဏ်မရင့်ကျက်သေးခင် လူကို ချမ်းသာသည့်လူ၊ ဆင်းရဲသည့်လူ၊ ပညာတတ်သည့်လူ၊ ပညာမတတ်သည့်လူ ဟုမြင်သည်။ ဤအမြင်မျိုးသည် သံသရာနယ်ချဲ့သည့် ပပဉ္စအမြင် ဖြစ်ပါသည်။

ဉာဏ်အနည်းငယ် ရင့်ကျက်လာသူက ချမ်းသာသည့်လူ၊ ဆင်းရဲသည့်လူ၊ ပညာတတ်သည့်လူ၊ ပညာမဲ့သည့်လူဟု မမြင်တော့ဘဲ ကံ၏အရုပ်မျှသာဟု မြင်လာပါသည်။ ဤအမြင်သည် ကမ္မသကတာသမ္မာဒိဋ္ဌိဉာဏ်အမြင် ဖြစ်ပါသည်။

ထို့ထက် ဉာဏ်ရင့်ကျက်လာသူက ချမ်းသာသည့်လူ၊ ဆင်းရဲသည့်လူ၊ ပညာရှိသူ၊ ပညာမဲ့သူဟု မမြင်တော့ဘဲ ဤကံ၏အရုပ်တို့သည် မခိုင်ခန့်သည့် သဘောတရားရှိ၏၊ မတည်တန့်သည့် သဘောတရားရှိ၏၊ မိမိအလိုဆန္ဒအတိုင်း မပါသည့်သဘောတရားရှိ၏ဟု သဘောပေါက်လာပါသည်။ ဤအမြင်သည် ဝိပဿနာဉာဏ်အမြင် ဖြစ်ပါသည်။

## အာရမ္မဏ၏ပစ္စည်း၊ ပစ္စယုပ္ပန္နနှင့် သုဒ္ဓသင်္ချာ

အာရမ္မဏ၏ပစ္စည်းဟူသော အကြောင်းတရားများမှာ အာရုံခြောက်ပါး၊ ရုပ်တရားများ၊ စိတ်စေတသိက် (နာမ်)တရား၊ နိဗ္ဗာန်နှင့် ပညတ်တရားတို့ ဖြစ်၏။ အာရမ္မဏ၏ ပစ္စယုပ္ပန်ဟူသော အကျိုးတရားများမှာ စိတ် စေတသိက် နာမ်တရားတို့ဖြစ်၏။

## အာရမ္မဏပစ္စည်း၏ သင်္ချာ

အာရမ္မဏပစ္စည်း၏ သင်္ချာမှာ - ၉ ဖြစ်ပါသည်။ ထို့ကြောင့် "*အာရမ္မဏေ နဝ*"ဟု မှတ်သားနိုင်ပါသည်။ ထိုသင်္ချာကို အောက်ပါအတိုင်း လေ့လာနိုင်ပါသည် -

### ကုသလ သင်္ချာ - ၃

(၁) ကု - ကု (၂) ကု - အကု (၃) ကု - ဗျာ

### အကုသလ သင်္ချာ - ၃

(၁) အကု - အကု (၂) အကု - ကု (၃) အကု - ဗျာ

### အဗျာကတ သင်္ချာ - ၃

(၁) ဗျာ - ဗျာ (၂) ဗျာ - ကု (၃) ဗျာ - အကု

**Mind, Matter, Nibbana and Pannatti to Mind.**

နာမ်တရား၊ ရုပ်တရား၊ နိဗ္ဗာန်တရားနှင့် ပညတ်တရားတို့က နာမ်တရား Mind, Matter, Nibbana and Pannatti to Mind.ကို ကျေးဇူးပြုသော ပစ္စည်းဖြစ်သည်။

## ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား

ပစ္စယဟူသော အကြောင်းတရားမှာ - စိတ်၊ စေတသိက်ဟူသော နာမ်တရားများ၊ ရုပ်တရားများ၊ နိဗ္ဗာန်နှင့် ပညတ်အမျိုးမျိုးဟူသော အာရုံ (၆)ပါးတို့ ဖြစ်ကြသည်။

ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - စိတ်စေတသိက်ဟူသော နာမ်တရားများဖြစ်သည်။

အာရမ္မဏပစ္စည်းသည်၊ အာရမ္မဏမျိုးဖြစ်၏။ အာရမ္မဏခေါင်းဆောင်မျိုးကြီး ၈-ပါးရှိသည်။

၁။ အာရမ္မဏ
၂။ အာရမ္မဏာဓိပတိ
၃။ ဝတ္ထာရမ္မဏပုရေဇာတနိဿယ
၄။ အာရမ္မဏူပနိဿယ
၅။ အာရမ္မဏပုရေဇာတ
၆။ ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ္တ
၇။ အာရမ္မဏပုရေဇာတတ္ထိ နှင့်
၈။ အာရမ္မဏပုရေဇာတအဝိဂတ တို့ဖြစ်သည်။

## ၃။ အဓိပတိပစ္စယော

## Daily life Paṭṭhāna

### Adhipati paccayo *(Predominance condition)*




*ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။* (ကု၊ ကု-၁)
ကုသိုလ်တည်းဟူသော အကြောင်းဓမ္မသည် ကုသိုလ်တည်းဟူသော အကျိုးဓမ္မအား အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

## အကြီးအကဲအဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည်

The *'Adhipati'* means predominance. There is compared to a universal king because that king is the king of all the world. He is the one who is predominant in all of the world.



'စကြာဘုန်းငှ၊ များဗိုလ်လူတို့ ပြိုင်သူမရှိ အုပ်စိုးဘိသို့'ဟု လာရှိသည်နှင့်အညီ စကြာဝတေးမင်းကြီးသည် ကမ္ဘာတစ်ခုလုံးကို ပြိုင်ဘက်မရှိ အုပ်စိုး၍ အုပ်ချုပ်ခံသူများသည် မင်းကြီး၏ အလိုလိုက်ရသကဲ့သို့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ ရုပ်၊ နာမ်၊ ဓမ္မအာရုံတရားများသည် မိမိအပေါ်၌ အဓိပတိတပ်သောအခါ နာမ်တရားများကို မိမိအလိုကျဖြစ်အောင် တည်အောင် ကျေးဇူးပြုသည်။

## အဓိပတိနှင့် ဣန္ဒြိယ

အဓိပတိမှာ အကြီးအမျူးဟု အဓိပ္ပါယ်ရပြီး၊ ဣန္ဒြိယမှာ အစိုးရသည်ဟု အဓိပ္ပါယ်ရသဖြင့် အဓိပတိပစ္စည်းနှင့် ဣန္ဒြိယပစ္စည်းနှစ်ပါးတို့သည် အနက်အဓိပ္ပာယ် တူသယောင်ယောင်ထင်ရသော်လည်း မတူညီကြပါ။

ဥပမာဖြင့် ပြဆိုရလျှင် ထီးပြိုင် နန်းပြိုင်မင်းများ၏ အစိုးရခြင်းက ဣန္ဒြိယပစ္စည်းဟု ယူရမည်။ အတုမရှိ ပြိုင်ဘက်ကင်းသည့် စကြာမင်းတို့၏ အစိုးရမှုကိုမူ အဓိပတိပစ္စည်း ယူသင့်ကြောင်း ဆရာမြတ်တို့က ညွှန်ပြတော်မူကြပါသည်။

တစ်နည်းအားဖြင့် နိုင်ငံတစ်နိုင်ငံလုံး၏ အကြီးအကဲဖြစ်သည့် နိုင်ငံတော်သမ္မတနှင့် ဝန်ကြီးများဖြင့်လည်း ဥပမာပြနိုင်ပါသည်။ သမ္မတသည် အလုံးစုံကို အစိုးရသောကြောင့် အဓိပတိပစ္စည်းဖြင့်လည်းကောင်း၊ ဝန်ကြီးများသည် သက်ဆိုင်ရာဝန်ကြီးဌာနကိုသာ အစိုးရသောကြောင့် ဣန္ဒြိယပစ္စည်းဖြင့်လည်းကောင်း ပမာပြုနိုင်ပါသည်။

## စကြာမင်းပမာ အဓိပတိ

ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသ လေးပါးလုံး တစ်ပြိုင်တည်း အဓိပတိမရပါ။ အကြောင်းမှာ အဓိပတိဟူသည် ရှင်ဘုရင်ဖြစ်သဖြင့် ပြိုင်ဘက်ကင်း၏။ ထို့ကြောင့် ဆန္ဒအဓိပတိဖြစ်ပါက ကျန်သူတို့ နောက်လိုက်ဖြစ်ပြီး၊ ဆန္ဒခိုင်းသမျှကို လုပ်ပေးရသည်။ ဝီရိယကဦးဆောင်လျှင်လည်း ကျန်သူတို့က နောက်လိုက်ဖြစ်၏။ စိတ္တကဦးဆောင်လျှင်လည်း ကျန်သူတို့က နောက်လိုက်ဖြစ်၏။ ဝီမံသပညာက ဦးဆောင်လျှင်လည်း ကျန်သူတို့က နောက်လိုက်ဖြစ်၏။

ဤတွင် လောဘက စိတ်ကို ခြယ်လှယ်ပြီး လောဘစိတ် ပြင်းထန်လာပါက ထိုလောဘစိတ်က အဓိပတိဖြစ်တော့၏။ ကျန်သည့် နာမ်ခန္ဓာတို့က နောက်လိုက်အဖြစ် လောဘစိတ်အလိုကျ ဆောင်ကျဉ်းပေးရပေတော့မည်။

ထိုနည်းအတူ ဒေါသက စိတ်ကို ခြယ်လှယ်ပြီး ဒေါသစိတ် ပြင်းထန်လာပါက ထိုဒေါသစိတ်က အဓိပတိဖြစ်၏။ ကျန်သည့် နာမ်ခန္ဓာတို့က နောက်လိုက်အဖြစ် ဒေါသစိတ်အလိုကျ ဆောင်ကျဉ်းပေးရပေတော့မည်။

ဤတွင် မကောင်းသော အကုသိုလ် ကြံတွေး၊ ပြောဆိုလုပ်ဆောင်မှုတိုင်း၌ ဓမ္မသဘာဝကပင် အမောဟဟူသော ဉာဏ်ပညာ မပါဝင်ပါ။ ထို့ကြောင့် အကုသိုလ်စိတ်ဇော အားကြီးသည်နှင့်အမျှ၊ ဝီရိယထက်သန်သည်နှင့်အမျှ၊ ဆန္ဒပြင်းပြသည်နှင့်အမျှ တိုး၍တိုး၍သာ မိုက်ကြပေတော့မည်။ အကြောင်းမှာ ဝီမံသပညာ၏ ဦးဆောင်လမ်းညွှန်မှု မရသောကြောင့် ဖြစ်ပါသည်။

ကုသလဟေတုဖြစ်သည့် အလောဘက စိတ်ကိုခြယ်လှယ်ပြီး အလောဘစိတ် အားကောင်းလာပါက ထိုအလောဘစိတ်က အဓိပတိဖြစ်တော့၏။ ကျန်သည့်နာမ်ခန္ဓာတို့က နောက်လိုက်အဖြစ် အလောဘစိတ်အလိုကျ ဆောင်ကျဉ်းပေးရပေတော့မည်။

ထိုနည်းအတူ ကုသလဟေတုဖြစ်သည့် အဒေါသက စိတ်ကို ခြယ်လှယ်ပြီး အဒေါသ စိတ် အားကောင်းလာပါက ထိုအဒေါသစိတ်က အဓိပတိဖြစ်၏။ ကျန်သည့် နာမ်ခန္ဓာတို့က နောက်လိုက်အဖြစ် အဒေါသစိတ် အလိုကျ ဆောင်ကျဉ်း ပေးရပေတော့မည်။

ထို့ကြောင့် ကောင်းသော ကုသိုလ်လုပ်ဆောင်မှုတိုင်း၌ ဓမ္မသဘာဝကပင် အမောဟ ဟူသော ဉာဏ်ပညာ ပါဝင်သည်။ ဤတွင် ကုသိုလ်စိတ်ဇောာ အားကြီးသည်နှင့်အမျှ၊ ဝီရိယ ထက်သန်သည်နှင့်အမျှ၊ ဆန္ဒပြင်းပြသည်နှင့်အမျှ တိုး၍တိုး၍သာ ကုသိုလ်အစုစုကို လုပ်ဆောင် ကြပေတော့မည်။ အကြောင်းမှာ ဝိဇ္ဇာအမောဟဟူသော ဉာဏ်ပညာ၏ ဦးဆောင် လမ်းညွှန်မှု ရသောကြောင့်ဖြစ်သည်ကို အောက်ပါသာဓကတို့ဖြင့် သိသာနိုင်မည် ဖြစ်သည်။

## သီလကို အသက်နှင့်လဲတော်မူခဲ့သည့် သပြေကန်ဆရာတော်

ကျေးဇူးရှင် သပြေကန်ဆရာတော်ကြီး (AD ၁၉၁၁-၁၉၉၅)သည် နှလုံးရောဂါ၏ ဖိစီးနှိပ်စက်မှုဒဏ်ကြောင့် ရန်ကုန်မြို့ စစ်ဆေးရုံသို့ တက်ရောက်ကာ ဆေးဝါးကုသမှု ခံယူတော်မူခဲ့ပါသည်။

ဝိနယဂရုက လဇ္ဇီပေသလ သီလဝန္တ ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည့် ဆရာတော် ကြီးသည် ဆေးရုံ၌ သီတင်းသုံးရသည်ကို သံသယရှိတော်မူပါသည်။ ဂိလာနစောင့်ရှောက် သည့် ရဟန်းတော်တစ်ပါးက"ဆရာတော်ဘုရား ဒီဆေးရုံမှာ စစ်သားတွေပဲ ဆေးကုနေကြ ပါတယ်ဘုရား၊ အမျိုးသမီးများ ဒီအဆောင်မှာမရှိတဲ့အတွက် အာပတ်သင့်ရန် အကြောင်း မရှိပါဘုရား" ဟု လျှောက်ထားပါသည်။ ထိုအခါ ဆရာတော်ကြီးက "ဘယ်လို အထောက် အထားနှင့် ဦးဇင်းပြောနိုင်သလဲ"ဟု မိန့်တော်မူပါသည်။ ထိုအချိန်၌ပင် အမျိုးသမီး စစ်သူနာပြုများ အခန်းထဲဝင်လာကြသဖြင့် ရဟန်းတော်တစ်ပါးက "စစ်သူနာပြု ဒကာမတို့က တာဝန်နဲ့ဆိုတော့ တစ်ညလုံး အိပ်ရမှာမဟုတ်ဘူးနော်" ဟု စုံစမ်းရာတွင် "အရှင်ဘုရား ဒီဆေးရုံက စည်းကမ်းအလွန်ကြီးပါတယ် ဘုရား၊ တာဝန်ထမ်းဆောင်နေသူတို့က တာဝန်ကို ကျေကျေပွန်ပွန် ထမ်းရွက်ရပါတယ်။ ဒါကြောင့်အိပ်လို့ မရပါဘူးဘုရား၊ မနက်သုံးနာရီ လောက်မှပဲ ခဏတဖြုတ်ကလေး ကျောချပြီး မှေးအိပ်ခွင့်ရပါတယ်ဘုရား"ဟု ပြည့်ပြည့်စုံစုံ လျှောက်ထားကြပါသည်။

ဆရာတော်ကြီးသည် ဝိနည်းရှုထောင့်ဖြင့် သုံးသပ်တော်မူပြီး ညစဉ် သန်းခေါင်ကျော် ပြီး ၃-နာရီမထိုးခင် ကုတင်ပေါ်၌ ထထိုင်တော်မူကာ ဘာဝနာတရား ပွားများတော်မူပါ

သည်။ ဆရာဝန်များက ဆရာတော်ကြီး ကျိန်းစက်ချိန်နည်းနေသဖြင့် နှလုံးရောဂါအတွက် စိုးရိမ်ကြပါသော်လည်း မလျှောက်ထားဝံ့ကြပေ။

တစ်ခုသောညဝယ် ဆရာတော်ကြီးသည် လဲလျောင်းလျက် မေတ္တာတရားအကြောင်း ဟောကြားတော်မူလာရင်းမှ "ဘယ်နှစ်နာရီရှိပြီလဲ"ဟု မေးတော်မူရာ "သုံးနာရီထိုးပါပြီဘုရား" ဟု လျှောက်သောအခါ "ဟယ်. . . ဟုတ်လား"ဟု အားယူကာ ချက်ချင်း အိပ်ရာမှထတော်မူရာ "ဆရာတော်ဘုရား မလှုပ်ရှားရပါဘူးဘုရား၊ မထပါနဲ့ဘုရား။ နှလုံးရောဂါက လှုပ်လှုပ်ရှားရှားဖြစ်ရန် မသင့်ပါဘုရား"ဟု လျှောက်ထားနေစဉ်မှာပင် ဆရာတော်ကြီး၏ ဦးခေါင်း ငိုက်စိုက်ကျသွားပါသည်။ ဆရာတော်ကြီးသည် အသက်နှင့်လဲပြီး ဝိနည်းသီလကို စောင့်ရှောက်တော်မူသွားပါသည်။ အလားပင်တူ သာသနာပိုင် အုတ်ဖိုဆရာတော်ကြီး၏ ခန္ဓာကိုယ်၌ အနာရောဂါဖြစ်စဉ်ကလည်း သေချင်သေပါစေ ဝိနည်းနှင့် မညီညွတ်သည့် ဆေးကုနည်းကိုမူ လက်ခံတော်မမူခဲ့ပါ။

## ငါ၏အနာရောဂါသည် အလဇ္ဇီ၏ဖယောင်းချက်နှင့် မတန်

အခါတစ်ပါး အုတ်ဖိုဆရာတော်ကြီး (၁၈၁၈-၁၉၀၆)၏ ကျောလယ်၌ အနာပဆုတ်ပေါက်ရာ နာကျင်ကိုက်ခဲသည် ဟူ၍လည်း မမြွက်ဟ၊ တစ်ကြိမ်မျှလည်း ညည်းညူတော်မမူချေ။ အနာ၏အခြေအနေကိုလည်း မမေး၊ ရေဆေးရန် ဆေးလိမ်းရန်ဟု လျှောက်လျှင်သာ ဆေးကြောခြင်း ဆေးလိမ်းခြင်းကို ခံတော်မူသည်။

ဆေးလိမ်းတိုင်း၌မူ မည်သူ၏ ဆေးနည်းဟူ၍ကား မေးတော်မူ၏။ ဤသို့ဖြင့် ရောဂါ အနာမသက်သာ အနာဝကျယ်ပြော၍ ပျောက်ခဲသော အခြေအနေသို့ ရောက်လာ၏။ ထိုအကြောင်းကို တစ်ဆင့်စကား တစ်ဆင့်နား ကြားသိရသဖြင့် ရွှေးအခါက ဆရာတော်ကြီး ထံပါး၌ နည်းခံတပည့်အဖြစ်ဖြင့် နေဖူးလျက် ဝါသနာအရ ဗေဒင်ဟော၊ ဓာတ်ဆင်၊ ဓာတ်ရိုက် ဆေးကုသသည့် ဘုန်းတော်ကြီး ဦးပြုံးဝက ဖယောင်းချက်လှူ၏။

ဆရာတော်က *'ဘယ်သူ၏ ဖယောင်းချက်နည်း'*ဟု မေးတော်မူသည်။ *'ဦးပြုံးဝထံက ဖယောင်းချက်ပါဘုရား'*ဟု လျှောက်လျှင် *'ငါ၏ အနာရောဂါသည် အလဇ္ဇီ၏ ဖယောင်း ချက်နှင့် မတန်မရာ၊ ဤဝေဒနာကြောင့် သေစေကာမူ အလဇ္ဇီ၏ ဖယောင်းချက်ကို မကပ်နှင့်၊ အခြားသို့သွား၍ စွန့်ပစ်လိုက်'* ဟု မိန့်တော်မူသည်။

---

**ကျမ်းညွှန်း**

* သဟသေယျသိက္ခာပဒ၊ ပါစိတ္တိယပါဠိ (နှာ-၂၇)
* အရှင်ခေမာနန္ဒ(ရန်ကင်းတောရ)၊ မဟာထေရမြတ်တို့၏ စံနမူနာယူစရာ ကျင့်သီလအပိုင်း (၁)(၂၀၁၄၊ ဒုတိယအကြိမ်)
* မောင်ပန်းမွှေး၏ မြန်မာနိုင်ငံ ရဟန္တာနှင့် ရဟန်းထူးများ ၂၀၀၈-ခုနှစ်၊ အောက်တိုဘာလ။ (နှာ-၇၃)

သပြေကန်ဆရာတော်ကြီးနှင့် အုတ်ဖိုဆရာတော်ကြီးတို့၏ ဝတ္ထုသာဓကကို ထောက်ရှုပါက ဆရာတော်ကြီးတို့၏သန္တာန်၌ ရဟန်း၏ဝိနည်းသီလက ဆန္ဒာဓိပတိ၊ စိတ္တာဓိပတိ၊ ဝီရိယာဓိပတိ၊ ဝီမံသာဓိပတိ ဖြစ်နေသောကြောင့် မိမိ၏အသက်ခန္ဓာကိုယ်ကိုပင် မငဲ့မကွက် စွန့်လွှတ်ကာ သီလကို ဖြည့်ကျင့်တော်မူသွားသည်မှာ ဘုရားရှင် သက်ရှိထင်ရှားရှိစဉ်နှင့် မခြား ရှိပါပေသည်။ သာသနာတော်၏အသက်ဖြစ်သော သီလသည် မြန်မာ့မြေပေါ်၌ ယနေ့တိုင် တည်တံ့မြဲ တည်တံ့လျက် ရှိနေပါသည်။

ဤသို့ ရဟန်းကောင်းများ ရှိနေသရွေ့ "*အနာဂတော သာသနံ လဇ္ဇီ ရက္ခိဿတိ၊ လဇ္ဇီ ရက္ခိဿတိ၊ လဇ္ဇီ ရက္ခိဿတိ*" ဟူသော အဌကထာ ဆရာမြတ်တို့၏ ဩဝါဒသည်လည်း မြန်မာ့မြေပေါ်၌ တည်တံ့မြဲ တည်တံ့လျက် ရှိနေပေလိမ့်မည်။

## အာရမ္မဏာဓိပတိ ဟူသည်

အဓိပတိပစ္စည်းတွင် အာရမ္မဏာဓိပတိနှင့် သဟဇာတာဓိပတိဟူ၍ နှစ်ပါးရှိပါ၏။ အာရမ္မဏာဓိပတိသည် အာရုံအကြီးအမှူးဖြစ်ပြီး၊ သဟဇာတာဓိပတိသည် အတွင်းအဇ္ဈတ္တ သန္တာန် နာမ်တရား အကြီးအမှူး ဖြစ်သည်။

အာရမ္မဏာဓိပတိတွင် ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုပါသည်။ ပမာပြရလျှင် ဒါနပြုခဲ့ဖူးသည်။ သီလဆောက်တည်ခဲ့ဖူးသည်။ ထိုထိုပြုခဲ့ဖူးသည့် ဒါနကိုလည်းကောင်း၊ ဆောက်တည်ခဲ့ဖူးသည့် သီလကိုလည်းကောင်း၊ လေးလေးနက်နက် အာရုံပြုဆင်ခြင်ပါက မဟာကုသိုလ်စိတ်များ အထပ်ထပ်ဖြစ်ခြင်းသည်ပင် အဓိပတိပစ္စည်းဖြင့် ကျေးဇူးပြုခြင်း ဖြစ်သည်။

ထူးခြားသည်မှာ အာရမ္မဏာဓိပတိ၌ အကုသိုလ်က ကုသိုလ်နှင့် အကုသိုလ်က အဗျာကတကို ကျေးဇူးမပြုနိုင်ပါ။ အကြောင်းမှာ အကုသိုလ်ဖြစ်တိုင်းပါသည့် ဥဒ္ဓစ္စစေတသိက်သည် အာရုံကို စုစည်းမရသောကြောင့် လေးလေးနက်နက် အာရုံမပြုနိုင်ခြင်း ဖြစ်ပါသည်။

အာရမ္မဏာဓိပတိဟူသည် အာရုံခြောက်ပါးကို အာရုံပြုရာတွင် သာမညအာရုံပြုခြင်းနှင့် ဂရုံကတွာ အလေးအမြတ် ဂရုတစိုက် အာရုံပြုခြင်းဟူ၍ နှစ်မျိုးရှိ၏။ ပမာအားဖြင့် မြင်လိုက်မိသည့် အာရုံတစ်ခုခု၊ ကြားလိုက်မိသည့် အာရုံတစ်ခုခုက 'မျက်စိထဲကကို မထွက်တော့ဘူး' 'နားထဲကကို မထွက်တော့ဘူး' ဟု ပြောရာ၌ အာရမ္မဏာဓိပတိ ထိုက်၏။ တစ်နည်းဆိုရလျှင် အာရုံက အကြီးအမှူး ဖြစ်၏။ ဤသို့ အာရုံကအကြီးအမှူးဖြစ်ရာတွင် ကောင်းမွန်သည့် ဣဋ္ဌာရုံ၌လည်း တူတူ၊ မကောင်းသည့် အနိဋ္ဌာရုံ၌လည်း တူတူပင် ဖြစ်၏။

ထို့ကြောင့် အလေးအမြတ်ပြုအပ်သော လှပသည့် အဆင်းရူပါရုံကောင်းကောင်း၊ အေးကြည်လှသည့်အသံ သဒ္ဒါရုံကောင်းကောင်း၊ မွှေးကြိုင်လှသည့် အနံ့ဂန္ဓာရုံ ကောင်းကောင်း၊

ချိုဆိမ့်သည့် အရသာ ရသာရုံ ကောင်းကောင်း၊ သိမ်မွေ့နူးညံ့သည့်အတွေ့ ဖောဋ္ဌဗ္ဗာရုံ ကောင်းကောင်းနှင့် လောကီ လောကုတ္တရာ၌ ကြီးမားမြင့်မြတ်ကာ အလေးအမြတ် ပြုအပ်သော ရုပ်နာမ်နိဗ္ဗာန် ဓမ္မာရုံကောင်းကောင်းများတို့ကသာ အာရမ္မဏာဓိပတိ ထိုက်ပေသည်။

ထို့ကြောင့် ကာမအာရုံတို့သည် အလေးအမြတ်ပြုသော ပုဂ္ဂိုလ်အားသာလျှင် အာရမ္မဏာဓိပတိ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ အလေးအမြတ်မပြုသော ပုဂ္ဂိုလ်အား ကျေးဇူးမပြုပါ။

စျာန်ရသော ပုဂ္ဂိုလ်တို့မှာမူ မိမိရအပ်ကုန်ပြီးသော မဟဂ္ဂုတ်စျာန်ကိုလည်းကောင်း၊ အရိယသာဝက ပုဂ္ဂိုလ်တို့သည် မိမိရအပ်ကုန်ပြီးသော လောကုတ္တရာတရားတို့ကို လည်းကောင်း အလေးအမြတ်မပြုဘဲ မနေပါ။ နိဗ္ဗာန်သည် သာမညအာရုံမဟုတ်သဖြင့် အာရမ္မဏာဓိပတိထိုက်၏။ အကြောင်းမှာ နိဗ္ဗာန်ကို တစ်ကြိမ် အာရုံပြုဖူးသူအနေဖြင့် သူ၏ စိတ်ထဲတွင် စွဲမြဲသွားသောကြောင့် ဖြစ်၏။

## ဆရာတော်ကြီးအတွက် လာဘ၊ သက္ကာရ၊ သိလောကတို့က အာရမ္မဏာဓိပတိမထိုက်

နဘူးကျောင်းဆရာတော်ကြီးသည် သက်တော် (၅၀)အထိ မကွေးတိုင်းဒေသကြီး မင်းဘူး၊ စကုနယ်များရှိ တောထဲတွင် တောရဆောက်တည်ကာ သီတင်းသုံးတော်မူခဲ့ပါသည်။ အနေရိုးပြီး ဆွမ်း သင်္ကန်း ကျောင်း ဆေးတို့ကို ခြိုးခြံချွေတာကာ ခေါင်းပါးစွာဖြင့် တောထဲတွင်သာ သီတင်းသုံးတော်မူသည့် ဆရာတော်ကြီး၏ အကျင့်မြတ်တို့ကို ဒါယကာ ဒါယိကာမများမှ သိရှိရန်ဝေးစွ၊ ရိပ်မိရန်ပင် ခက်ခဲလှပါသည်။

သို့ဖြစ်၍ထင့် *"ဆရာတော်ကြီး ရွှေစက်တော်ဘုရား ရင်ပြင်ဘက်ကို ကောင်းကင်ပေါ်က ပျံသွားတာ မနက်က ဖူးလိုက်ရတယ်"* ဟူ၍လည်းကောင်း *"မနေ့ညနေက ကျိုက်ထီးရိုးဘုရားဘက်ကို ကောင်းကင်ပေါ်က ပျံကြွသွားတာ ဖူးလိုက်ရတယ်"* ဟူ၍ လည်းကောင်း သတင်းစကားများ တီးတိုးတစ်ဖုံ၊ ကျယ်ကျယ်တစ်လီ ဖြစ်လာပါသည်။ သို့သော် ဆရာတော်ထံပါး မမေးလျှောက်ဝံ့ကြသောကြောင့် စကုဆရာတော်ထံပါး ဒါယကာများက သွားရောက်မေးလျှောက်ထားကြပါသည် *"ဆရာတော်ဘုရား နဘူးကျောင်းဆရာတော် ဦးတိဿရက ရဟန္တာဖြစ်ပြီးတော့ ရွှေစက်တော်၊ ကျိုက်ထီးရိုးဘုရားတွေကို ကောင်းကင်ခရီးနှင့် ကြွတော်မူနေပါတယ်ဘုရား၊ ရွာကလူတွေကလည်း နေ့စဉ်လိုလို မြင်တဲ့သူတွေ ရှိလာပါတယ်ဘုရား"* ဟုလျှောက်ရာ နဘူးကျောင်းဆရာတော်ဘုရားနှင့် အကျွမ်းတဝင်ရှိပြီး အကျင့်သီလ တူမျှသည့် စကုဆရာတော်ဘုရားက -

*"ဦးတိဿရက ဝိနည်းသီလ၊ ဓုတင်အရာမှာ ထိပ်တန်း ဖြစ်တော်မူတယ်။ ဒါကြောင့် သာသနာတော်ကို ကြည်ညိုတဲ့ နတ်တွေက ဆရာတော်ကို ကြည်ညိုလေးစားပြီး အယောင် ဆောင်လုပ်ပြတာမျိုးလည်း ဖြစ်နိုင်တာပဲ"*ဟု စဉ်းစဉ်းစားစား ချိန်ချိန်ဆဆ မိန့်ကြားတော် မူပါသည်။ မာရ်နတ်၏ ကိုယ်စားလှယ် နတ်ယုတ်တို့ကလည်း ဆရာတော်၏ အကျင့်မြတ် ပဋိပတ်ကို ဖျက်စီးနိုင်ရန်အလို့ငှာ ကောင်းကင်ပျံပြခြင်းလည်း ဖြစ်နိုင်သည်သာ။

အဘယ်ကြောင့်ဆိုသော် နာမည်ဂုဏ်သတင်း ကျော်စောလာပါက လူပရိတ်သတ် များလာမည်။ ထိုအခါ လာဘ်လာဘ ပေါများလာတော့မည်။ ဤသည်ပင်လျှင် မြတ်သော အကျင့်ကို ကျင့်နေသည့် ကျင့်ဆဲပုဂ္ဂိုလ်များအတွက် ကြီးလေးသော အနှောင့်အယှက် ဖြစ်လာ လေပြီ။ ခွတ်ခံအင်အားနည်းပါးသည့် ပုဂ္ဂိုလ်အတွက် ဤပလိဗောဓကပင် သီလညှိုးနွမ်း ကြောင်း၊ ကမ္မဋ္ဌာန်းပျက်ကြောင်း ဖြစ်လာနိုင်ပါသည်။

လာဘ်လာဘ ဥစ္စာပစ္စည်း၊ နာမည်ဂုဏ်သတင်းကျော်စောမှု၊ ပရိသတ်အခြံအရံ ပေါများမှုတို့က လူအများ၏စိတ်ကို သိမ်းကြုံးဆွဲငင်နိုင်စွမ်းသည့်အထိ အာရမ္မဏာဓိပတိ ထိုက်ပေ၏။ သို့သော် ဝိနယဂရုကဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ်၊ သန္တုဋ္ဌိ သလ္လေခ ဂုဏ်တို့နှင့် ပြည့်စုံတော်မူသည့် နဘူးကျင်းဆရာတော်ကြီးအတွက်မှာမူ ထိုထိုအာရုံတို့က အာရမ္မဏာဓိပတိ မထိုက်ခဲ့ပါပေ။

အကြောင်းမှာ ဟိုးလေးတကျော်ဖြစ်ခဲ့သည့် ထိုဖြစ်စဉ်နှင့် စပ်လျဉ်း၍ ဆရာတော်ကြီး လွန်တော်မူသည့်တိုင်အောင် တစ်ခွန်းတစ်ပါဒမျှ ပြန်လည်၍မိန့်ကြားတော်မမူခြင်းကပင် ဆရာတော်၏ စိတ်တော်ကို မှန်းဆ ကြည်ညိုနိုင်မည် ဖြစ်ပါသည်။

## ဥဒေါင်းမ၏ တွန်ကျူးသံကြောင့် ဘုရားလောင်းရွှေဥဒေါင်းမင်း ညွှတ်ကွင်းမိ

ဘုရားအလောင်းတော် ရွှေဥဒေါင်းမင်းအတွက် ဥဒေါင်းမ၏တွန်ကျူးသံက အာရမ္မဏာ ဓိပတိဖြစ်ခဲ့သည်ကို ပြပါဦးမည်။ ဗာရာဏသီပြည့်ရှင်မင်း၏ မိဖုရားကြီးခေမာသည် အိပ်မက်ထဲက ရွှေဥဒေါင်းမင်းထံပါးမှ တရားတော်ကို နာကြားလိုကြောင်း မင်းကြီးထံသို့ သံတော်ဦးတင်လေ၏။ ထိုအခါ မင်းကြီး၏ စေခိုင်းချက်အရ မုဆိုးများက ဟိမဝန္တာတောင်ရှိ ရွှေဥဒေါင်းမင်းကို ညွှတ်ကွင်းဖြင့် ဖမ်းဆီးရန် ကြိုးစားသော်လည်း မအောင်မြင်ခဲ့ကြပါ။

အကြောင်းမှာ ဘုရားလောင်းတော် ရွှေဥဒေါင်းမင်းက နံနက်တိုင်း နေထွက်ချိန်တွင် *'ဥဒေတယံ စက္ခုမာ ဧကရာဇာ၊ ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော'* ဂါထာတော်ဖြင့် ပရိတ် အရံအတားပြုကာသွားလာသဖြင့် ကျော့ကွင်းနင်းမိသော်လည်း မဖမ်းမိနိုင်ခြင်းဖြစ်၏။

---

**ကျမ်းညွှန်း** ✳ အရှင်ခေမာနန္ဒ(ရန်ကင်းတောရ)၊ မဟာထေရမြတ်တို့၏ စံနမူနာယူစရာကျင့်သီလအပိုင်း (၁) (၂၀၁၄၊ ဒုတိယအကြိမ်)

နှစ်ကာလရှည်ကြာလာသဖြင့် မုဆိုးလည်း တောထဲတွင် သေဆုံး၊ ခေမာမိဖုရားလည်း တောင့်တသည်ကို မရသဖြင့် နတ်ရွာစံလေ၏။ ထိုအခါမင်းကြီးက သူချစ်မြတ်နိုးရသည့် မိဖုရားနှင့် သေကွဲခွဲရသည်ကို ဒေါမာန်ပွားကာ "ဟိမဝန္တာတောင်မှ ရွှေဥဒေါင်း၏ အသားစားရသူတို့သည် မအို၊ မသေရကုန်"ဟု ရွှေပေလွှာ ရေးထားခဲ့၏။ ထိုရွှေပေလွှာဖတ်ရသည့် မင်းခြောက်ဆက်နှင့် မုဆိုးခြောက်ဆက်တို့ ကွယ်လွန်သွားပြန်သော်လည်း ရွှေဥဒေါင်းကို ဖမ်းမမိခဲ့ပေ။

ခုနစ်ဆက်မြောက်မင်းလက်ထက်က မုဆိုးကမူ လိမ္မာပါးနပ်သဖြင့် မင်း၏ထံပါးမှ ခွင့်ပြုချက်ရယူကာ ဥဒေါင်းမတစ်ကောင်ကို လက်ခုပ်တီးသံနှင့် ကခုန်တတ်၊ တွန်ကျူးတတ်သည် အထိ ပိုင်ပိုင်နိုင်နိုင် သင်ကြားပေး၏။ ထို့နောက် ရွှေဥဒေါင်းမင်း ကျက်စားရာတောင်ပေါ်၌ ကျော့ကွင်းထောင်ပြီး ဥဒေါင်းမကို တွန်ကျူးစေ၏။ ထိုအခါ ဘုရားလောင်း ရွှေဥဒေါင်းမင်းက ဒေါင်းမ၏ တွန်ကျူးသံကြားသည်နှင့် ကိလေသာထကြွလာသဖြင့် "*ဥဒေတယံ စက္ခုမာ ဧကရာဇာ*"ဂါထာကို ပရိတ်အရံအတားပြုရန်အလို့ငှာ ရွတ်ဆိုနိုင်စွမ်း မရှိတော့သဖြင့် မုဆိုး၏ ကျော့ကွင်းထဲ အမိခံလိုက်ရတော့၏။

ဥဒေါင်းမ၏ တွန်ကျူးသံသဒ္ဒါရုံဟူသော အာရုံသည် အကြောင်းတရား ဖြစ်သည်။ ရွှေဥဒေါင်းမင်း၏ သန္တာန်၌ ဖြစ်ပေါ်လာသည့် ကြားသိစိတ် သောတဝိညာဏ်နှင့် ယှဉ်ဘက် စေတသိက်တို့သည် အကျိုးတရား ဖြစ်သည်။ အကြောင်းကြောင့် အကျိုးဖြစ်ပေါ်လာနိုင်ရန် အာရမ္မဏာဓိပတိ သတ္တိဖြင့် ကျေးဇူးပြု၏။ ဤတွင် ဘုရားလောင်း ရွှေဥဒေါင်းမင်းအဖို့ ဥဒေါင်းမတွန်ကျူးလာသည့် အသံအာရုံသည် အကြီးအမှူး အဓိပတိထိုက်သဖြင့် အနှစ်နှစ် အလလက အလေ့အကျင့်ရှိခဲ့သော ပရိတ်အရံအတားဂါထာကို ရွတ်ဆိုရန်ပင် မစွမ်းနိုင်တော့သော အခြေအနေသို့ ဆိုက်ရောက်ကာ မုဆိုးလက်ထဲ ရောက်သွားရှာပါတော့သည်။

## သုတသောမမင်းနှင့် ပေါရိသာဒမင်းတို့၏ အာရမ္မဏာဓိပတိ

သုတသောမဇာတ်တော်၌ ပေါရိသာဒမင်းသည် လူသားကို အလေးအမြတ် ပြုသည် ဖြစ်၍ လူ့အသားတည်းဟူသော အကြောင်းကြောင့် ပြည့်စည်းစိမ်ကို စွန့်၍ တော၌ လှည့်လည်၏။ ဤဇာတ်တော်၌ ပေါရိသာဒအဖို့ လူ့အသား၏ အနံ့၊ အရသာတရားတို့သည် အာရမ္မဏာဓိပတိပစ္စည်း မည်၏။ ပေါရိသာဒမင်း၏ လောဘမူစိတ်သည် ပစ္စယုပ္ပန်တရားမည်၏။

---

**ကျမ်းညွှန်း** * ဇာတကအဋ္ဌကထာ အတွဲ-၄၊ မဟာမောရဇာတက (နှာ-၃၃၃)

သုတသောမမင်းသည် သစ္စာကို အလေးအမြတ်ပြု၍ သစ္စာတရားတည်းဟူသော အကြောင်းကြောင့် ပြည့်စုံသော ပြည်စည်းစိမ်အပါအဝင် ဆွေမျိုးအပေါင်းနှင့် မိမိ၏အသက်ကိုပါစွန့်၍ လူသားစားသည့် ပေါရိသာဒမင်း၏ လက်သို့ကပ်၏၊ ထိုသို့ကပ်ရာ၌ သစ္စာတရားသည် အာရမ္မဏာဓိပတိပစ္စည်းမည်၏၊ သုတသောမမင်း၏ ကုသိုလ်စိတ်သည် ပစ္စယုပ္ပန်တရားမည်၏၊ ဤနည်းကို အလေးအမြတ်ပြုအပ်ကုန်သော အလုံးစုံသော အာရုံတို့၌ မှတ်အပ်၏ဟု ပဋ္ဌာန်းသိပ္ပံဆရာတော်က ဖွင့်ဆိုတော်မူပါသည်။

## မယ်ပဋာစာရီနှင့် ကိုဒါသ

ပဋာစာရီသည် မိမိ၏အိမ်ရှိ ကျေးကျွန်အစေအပါးတစ်ဦးနှင့် ချစ်ကြိုက်မိပြီး ဝေးရာသို့ ခိုးရာ လိုက်ပြေးလေသည်။ သားဦးရတနာကို ဖွားမြင်မည့်ကာလ၌ မိဘရပ်ထံသို့ ပြန်လိုကြောင်း ချစ်လင်ကိုဒါသကို ပြောပါသော်လည်း သူသည် သခင်မကိုခိုးသည့် ကျွန်ဖြစ်နေသဖြင့် မသွားဝံ့ပါပေ။ (ဒါသမည်သည် ကျွန်ယောကျ်ားကို ခေါ်ခြင်းဖြစ်သည်)

ထို့ကြောင့် လင်ဖြစ်သူ မရှိခိုက် မိဘရပ်ထံသို့ ခိုးထွက်လာခဲ့ရာ ခရီးဆုံးမရောက်ခင် လမ်းခုလပ်၌ပင် ဖွားမြင်ခဲ့သဖြင့် ရွာသို့ ပြန်လာကြသည်။ ဤသို့ပင် ဒုတိယရင်သွေးကိုလည်း လမ်းခုလပ်၌ပင် မိုးကြီးလေကြီးကျနေစဉ် ဖွားမြင်ခဲ့သဖြင့် အမိုးအကာပြုလုပ်နိုင်ရန် ကိုဒါသသည် လမ်းဘေးဝဲယာ တောထဲသွားစဉ် ထိုည၌ပင် မြွေကိုက်ကာ သေဆုံးသွားပါသည်။ နောက်တစ်နေ့ မနက်၌မူ သားကြီးက ရေထဲမျောပါသွားပြီး ဖွားမြင်ခါစ သားငယ်ကလေးကို စွန်ကြီးတစ်ကောင်က သုတ်ချီသွား၏။

ပဋာစာရီအဖို့ လင်သေ သားဆုံးသွားပြီဖြစ်သဖြင့် မိဘများရှိရာ သာဝတ္ထိသို့ လာခဲ့ရာ ယမန်နေ့က မိုးကြီးလေကြီးကြောင့် နေအိမ်ပြိုပြီး မိသားတစ်စုလုံး သေဆုံးကုန်တော့သည်။ ထိုအခါ ပဋာစာရီလည်း ရူးသွပ်ကာ လှည့်လည်သွားလာရင်း ဘုရားရှင်၏ ကျောင်းတော်သို့ ရောက်သွားလေသည်။ ဘုရားရှင်က *"ချစ်သမီး သတိရစေလော့"*ဟု မိန့်တော်မူသည်။ တစ်ဦးသောယောကျ်ားက အပေါ်ရုံအဝတ်ကို ပစ်ပေးသဖြင့် ၎င်းကိုဝတ်ရုံကာ တရားတော်ကို နာကြားပြီး အရိယာဖြစ်လေသည်။

ဤဝတ္ထုတွင် ကိုဒါသတည်းဟူသော ရူပါရုံအဆင်းက အာရမ္မဏာဓိပတိပစ္စည်း ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ပဋာစာရီသူဌေးသမီးအဖို့ အလွန့်အလွန် နှစ်သက်စရာ

---

**ကျမ်းညွှန်း** * ဇာတကအဋ္ဌကထာ အတွဲ-၅၊ မဟာသုတသောမဇာတက (နှာ-၄၉၅)

ဖြစ်နေသောကြောင့်တည်း။ ပဋ္ဌာစာရီ၏သန္တာန်၌ရှိသော လောဘဇောက အာရမ္မဏာဓိပတိ ပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်ပါသည်။

အဘယ်ကြောင့်ဆိုသော် ကိုဒါသတည်းဟူသော ကျွန်ယောကျ်ားသည် ပဋ္ဌာစာရီအဖို့ နှစ်သက်စရာ နှစ်သက်မြတ်နိုးစရာ အဓိပတိသတ္တိ ရှိနေသောကြောင့်သာ သူသည် သူဌေးသမီး ဖြစ်ပါသော်လည်း ကျေးကျွန်ကိုဒါသအလိုနိုင်ငံသို့ လိုက်ပါရခြင်းဖြစ်သည်။

ဤနေရာတွင် *"သဘာဝကျကျ၌ဖြစ်စေ၊ ပရိကပ္ပကျကျ၌ဖြစ်စေ အဓိပတိတပ်ရမည်မှတ်"*ဟု မိုးကုတ်ဆရာတော်ကြီးက အဘိဓမ္မာပဋ္ဌာန်းညဝါ သုံးချက်စု ချုပ်ပို့စဉ်ကျမ်း၌ ဟောကြားတော်မူထားပါသည်။

## အာရမ္မဏာဓိပတိ နှင့် အာရမ္မဏူပနိဿ

အာရမ္မဏာဓိပတိ နှင့် အာရမ္မဏူပနိဿကို မိုးကုတ်ဆရာတော်ကြီး၏ ဥပမာဖြင့် ပြပါမည်။ 'သမီးကလေးတစ်ယောက် မွေးဖွားလာတဲ့အခါမှာ ငယ်ငယ်တုန်းကတော့ မိမိသမီးကလေးကို စောင့်ရှောက်ရသည်မှာ ဂရုကာတဗ္ဗမျှသာ စောင့်ရှောက်ရသောကြောင့် အာရမ္မဏာဓိပတိမှတ်။ နောက် အပျိုအရွယ်ကလေး ဖြစ်လာတဲ့အခါကျပြန်တော့ ငယ်ငယ်တုန်းက စောင့်ရှောက်ရတာနဲ့မတူတော့ပါဘဲ အထူးသဖြင့် စောင့်ရှောက်ရသောကြောင့် ဗလဝကာရဏ ဖြစ်လာရကား အာရမ္မဏူပနိဿမှတ်ပါ'

'ဤကဲ့သို့ဖြစ်ရာမှာ ငယ်ငယ်တုန်းကလည်း ဒီရူပါရုံပဲ၊ ကြီးတော့လည်း ဒီရူပါရုံပဲ။ ဘာထူးသလဲဆိုပါရင် ငယ်ငယ်တုန်းကရူပါရုံကတော့ ယောကျ်ားပျိုကလေးများ၏ စိတ်နှလုံးကို မရွှင်ပြုံးစေနိုင်သေးရကား စောင့်ရှောက်ရသော်လည်း သာမညသာဖြစ်သောကြောင့် အာရမ္မဏာဓိပတိမျှသာ။ နောက် အပျိုအရွယ်ကလေး ဖြစ်လာတဲ့အခါကျတော့ ယောကျ်ားပျိုကလေးများ၏ စိတ်နှလုံးကို ရွှင်ပြုံးနှစ်သက်စေသောကြောင့် အထူးစောင့်ရှောက်ရကား အာရမ္မဏူပနိဿယမှတ်ပါ။ ဒါ့ကြောင့် အာရမ္မဏာဓိပတိနဲ့ တူငြားသော်လည်း သတ္တိကလေးကတော့ ထူးတယ်လို့မှတ်ပါ' ဟု အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ သုံးချက်စု ချုပ်ပို့စဉ် အဘိဓမ္မာပဋ္ဌာန်း ညဝါမှတ်စု၌ လာရှိပါသည်။

---

**ကျမ်းညွှန်း** ✳ ဓမ္မပဒ၊ သဟဿဝဂ်၊ ပဋ္ဌာစာရီထေရီမဝတ္ထု။

✳ အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ သုံးချက်စု ချုပ်ပို့စဉ် အဘိဓမ္မာပဋ္ဌာန်း ညဝါမှတ်စုစာအုပ်။

## ပုဂ္ဂိုလ်၏ အတွင်းခံတတ်ခံပေါ်၌ မူတည်သည်

အာရုံခြောက်ပါးက စားကျက်ဟု ပမာပြုမည်ဆိုလျှင် စားကျက်၌ ကုသိုလ်၊ အကုသိုလ်ဟူ၍ မရှိကောင်းပေ။ နာမ်တရားဖြစ်သည့် ကုသလဟေတုနှင့် အကုသလဟေတုကသာ ကုသိုလ်၊ အကုသိုလ်ဟူ၍ ရှိသည်။

ထို့ကြောင့် အလောဘ၊ အဒေါသ၊ အမောဟဟူသော ကုသလဟေတု အားကောင်းပါက ဒါန သီလ စသည့် ပြုပြုသမျှသော ကာမာဝစရကုသိုလ်တို့ကို ပစ္စဝေက္ခတိ = အာရုံပြု၍ ဆင်ခြင်နိုင်၏။

လောဘ၊ ဒေါသ၊ မောဟ ဟူသော အကုသလဟေတု အားကောင်းပါမူကား ထိုထို ဒါန သီလ စသည့် ကောင်းမှုများအပေါ်၌ပင် အဿာဒေတိ = သာယာမြတ်နိုး၏၊ အဘိနန္ဒတိ = အလွန် နှစ်သက်၏၊ ထိုသို့ သာယာ မြတ်နိုး နှစ်သက်မှုကို အာရုံပြု၍ စွဲလမ်းကပ်ငြိမှုရာဂ ဖြစ်ပေါ်လာ၏။ အယူလွဲမှားမှုဒိဋ္ဌိ ဖြစ်ပေါ်လာနိုင်၏။

သို့ဖြစ်ပါ၍ ကုသိုလ်မဖြစ်စေနိုင်သည့် အာရုံဟူ၍မရှိပါ။ ကုသိုလ်ရနိုင်ရန် အသုံးချနိုင်စွမ်းရှိသူနှင့် အသုံးချနိုင်စွမ်းမရှိသူတို့သာ ကွာခြားပါသည်။ ပုဂ္ဂိုလ်၏ အတွင်းခံတတ်ခံအပေါ်၌ မူတည်ပါသည်။

## အရှင်အာနန္ဒာနှင့် အရှင်ဒေဝဒတ်တို့၏ ခံတတ်ခံအားလျော်သည့် တောင်းဆုများ

ပမာပြုရသော် အရှင်အာနန္ဒာနှင့် အရှင်ဒေဝဒတ်တို့သည် သာကီဝင်မင်းမျိုးချင်း တူညီသည်။ ခတ္တိယမျိုးနွယ်ချင်းလည်း တူညီသည်။ ဘုရား၏ညီတော်များ ဖြစ်တာချင်းလည်း တူညီသည်။ ရဟန်းဖြစ်တာချင်းလည်း တူညီပြန်သည်။ ဘုရားရှင်ထံ တောင်းခံသည့် ဖြစ်စဉ်၌လည်း တူညီပြန်သည်။ သို့သော် ခံတတ်ခံများက မိုးမြေမက ကွာခြားလွန်းပါသည်။

အရှင်အာနန္ဒာသည် ဘုရားထံပါးမှ ပယ်ဆုလေးပါးကို တောင်းခံတော်မူခဲ့ပါသည်။ ၎င်းတို့မှာ ဘုရားရှင်သည် အကယ်၍ တပည့်တော်အား -

၁- အဖိုးထိုက် အဖိုးတန်သင်္ကန်းကို မပေးဘဲနေတော်မူပါလျှင်၊
၂- မွန်မြတ်သော ဆွမ်းခဲဖွယ်ကို မပေးဘဲနေတော်မူပါလျှင်၊
၃- ဘုရားရှင် ကျိန်းစက်တော်မူရာကျောင်း၌ နေထိုင်ခွင့်မပေးဘဲ နေတော်မူပါလျှင်၊
၄- ပင့်ဖိတ်ရာသို့ တပည့်တော်ကို မခေါ်ဘဲထားတော်မူပါလျှင် တပည့်တော်သည် ဘုရားရှင်အား လုပ်ကျွေးပြုစုပါမည်ဘုရား။

---

**ကျမ်းညွှန်း** * ဓမ္မဘေရီအရှင်ဝီရိယ (တောင်စွန်း)၏ လူတိုင်းအတွက် ပဋ္ဌာန်း (၂၀၁၁-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်)

တစ်ဖန် အရှင်အာနန္ဒာသည် တောင်းဆုလေးပါးလည်း လျှောက်ထားပါသေးသည်၊ ၎င်းတို့မှာ -

အကယ်၍ ဘုရားရှင်သည် -

၁- တပည့်တော် လက်ခံထားသော ဖိတ်ကြားရာသို့ လိုက်တော်မူပါလျှင်၊

၂- ရပ်ဝေးမှ ရောက်လာကြသော ပရိတ်သတ်အား ရောက်လာသော အချိန်မှာပင် ဘုရားရှင်ထံသို့ ပို့ဆောင်ခွင့် ရပါလျှင်၊

၃- ယုံမှားသကင်္ာ တစ်စုံတစ်ရာ ပေါ်လာခဲ့သော် ပေါ်လာသော အချိန်မှာပင် ဘုရားရှင်ထံ ချဉ်းကပ်ခွင့်ရပါလျှင်၊

၄- တပည့်တော်၏ မျက်ကွယ်မှာ ဟောကြားတော်မူခဲ့သော တရားဒေသနာတော်များကို တပည့်တော်အား ထပ်မံဟောကြားတော်မူပါလျှင် ဘုရားရှင်အား တပည့်တော် လုပ်ကျွေး ပြုစုပါမည်ဟူ၍ ဖြစ်ပါသည်။

အရှင်ဒေဝဒတ်သည်လည်း တောင်းဆုငါးပါးကို လျှောက်ထားဖူးသည်။ ၎င်းတို့မှာ ရဟန်းအားလုံးသည် -

၁- အသက်ထက်ဆုံး တောကျောင်း၌သာ နေကြရန်၊

၂- ပင့်ဆွမ်းကိုပယ်၍ ဆွမ်းခံစားရန်၊

၃- အသက်ထက်ဆုံး ပံ့သကူသင်္ကန်းကိုသာ သုံးဆောင်ရန်၊

၄- သစ်ပင်ရင်းဟူသော ကျောင်း၌သာ သီတင်းသုံးရန်၊

၅- သက်သတ်လွတ်ကိုသာ ဘုဉ်းပေးရေးကို သံဃာတော်တို့အား စည်းကမ်းသတ်မှတ် ပြဋ္ဌာန်းပေးရန် ဖြစ်ပါသည်။

ဒေဝဒတ်၏ လျှောက်ထားချက်သည် မြင့်မြတ်သူတို့၏ ကျင့်စဉ်ပမာ ထင်မှတ်ရပါသော်လည်း အရှင်ဒေဝဒတ်၏ မူလဓာတ်ခံစိတ်ထား အလွန်ပင် ကောက်ကျစ်သဖြင့် ကြားကောင်းရုံ တောင်းခြင်းဖြစ်ပြီး ထိုသို့ လိုက်နာကျင့်သုံးရန် သူ့၌ စိတ်ဆန္ဒ မရှိပါလေ။

အကြောင်းမှာ ရုပ်ကိုပဓာနပြုကာ ကြည်ညိုကြသူ သုံးပုံ ပုံလျှင် နှစ်ပုံရှိသည်။ ကျော်စောမှုကို ပဓာနပြုကာ ကြည်ညိုကြသူ ငါးပုံ ပုံလျှင် လေးပုံရှိသည်။ ခေါင်းပါးသော အကျင့်ကို ပဓာနပြုကာ ကြည်ညိုကြသူ ဆယ်ပုံ ပုံလျှင် ကိုးပုံရှိပြီး ဓမ္မကိုပဓာနပြုကာ ကြည်ညိုသူ တစ်သိန်းပုံလျှင် တစ်ပုံသာရှိသည်ဟု မြတ်ဘုရား ဟောကြားတော်မူထားသည်။

ဒေဝဒတ်သည် ဤခေါင်းပါးသောအကျင့်ကို လူကြိုက်များမှန်း သိထားပြီး ဖြစ်သည်။ ထို့ကြောင့် ဒေဝဒတ်၏ လျှောက်ထားချက်တို့ကို ဘုရားရှင်ခွင့်ပြုလျှင် ဘုရားသည် သူ့လောက်ပင် ဓမ္မရေးရာ၌ မလိမ္မာချေဟု စွပ်စွဲပေတော့မည်။ ဘုရားရှင်ခွင့်မပြုပါလျှင်မူ ငါသည် မြင့်မြတ်သူတို့၏ ကောင်းမြတ်သောကျင့်စဉ်တို့ကို ကျင့်သုံးနိုင်ရန် တောင်းဆိုပါသော်လည်း

အားပေးခြင်းမရှိဟု စွပ်စွဲပေမည်။ နှစ်ဖက်အစွန်းမလွတ်အောင် ကောက်ကျစ်သောအကြံဖြင့် သံဃပရိသတ်အလယ်တွင် လျှောက်ထားခြင်းသာ ဖြစ်ပေတော့သည်။

## သဟဇာတာဓိပတိ

သဟဇာတာဓိပတိ ပဋ္ဌာန်းပစ္စည်းသည် သာမန်လူစား အနုံစားတို့ မဖြစ်ပွားနိုင်ကြကုန်။ သံသရာခေါင်းဆောင်ကြီးများဖြစ်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကအလောင်းလျာကြီးများနှင့် ကမ္ဘာလောကကြီးများ ကြီးပွားအောင် ဆောင်ရွက်ကြသည့် ကမ္ဘာ့ခေါင်းဆောင်ကြီးတို့၏သန္တာန်၌ များသောအားဖြင့် ဤအဓိပတိပစ္စည်း ထင်ရှား၏။ မိမိတို့အလုပ် အဟုတ်ပြီးစီးအောင် အထူးသဖြင့် ကြံဆောင်အားထုတ်၍ ထိုထိုအမှုကိစ္စ ပြီးစီး အောင်မြင်ကြပါသည်။

*"ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော"* ဟု ပဋ္ဌာန်းပါဠိတော်ကြီးတွင် လာရှိပါသည်။ ကမ္ဘာ့ခေါင်းဆောင်ကြီးများဟူသည် လူထဲကလူဖြစ်ပါသော်လည်း အဓိပတိတပ်ရန် ပြုမူအားထုတ်ကြသဖြင့်သာ အဓိပတိ ခေါင်းဆောင်ကြီးများ ဖြစ်ကြပေသည်။

မိမိတို့အနေဖြင့်လည်း ဤအဓိပတိလေးပါး တရားနှင့် တွဲကာ တွဲကာ အားထုတ်ကြပါမူ ဤဘဝတွင်လည်း အဓိပတိ လူကြီး လူကောင်း အစားစား ဖြစ်နိုင်၏။ နောက်နောက်သံသရာ ကမ္ဘာလောကကြီး၌လည်း အဓိပတိအကျိုး အမျိုးမျိုးတို့ ခံစားကြပြီးလျှင် မိမိတို့ အဓိပတိ ပါရမီအားလျော်စွာ ဘုရားအဓိပတိ၊ ပစ္စေကဗုဒ္ဓါအဓိပတိ၊ သာဝကအဓိပတိ၊ လူကောင်း နတ်ကောင်း ပြဟ္မာကောင်း နိဗ္ဗာန်တိုင်အောင် ရောက်ကြရ ခံစားကြရပေမည်။

အဓိပတိမဆောင်ဘဲ ထိုထိုအမှုတို့ကို ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသတို့ နုံနဲ့နဲ့ ပြုလုပ်ကြပါမူ လူနုံ၊ နတ်နုံ တို့သာ ဖြစ်ကြပါမည်။ အလတ်စား ပြုကြပါမူ အလတ်စားလူ၊ နတ်မျှသာ ဖြစ်ကြပေမည်။

ဗုဒ္ဓဘာသာဝင်တစ်ဦး၏ နေ့စဉ်နေ့တိုင်း ကုသိုလ်အလုပ်များဖြစ်ကြသည့် ရေချမ်း ဆီမီး ပန်း တို့ဖြင့် ပူဇော်ခြင်း၊ ဘုရားရှိခိုးခြင်း၊ သီလဆောက်တည်ခြင်း၊ မေတ္တာ စသော သမထ ကမ္မဋ္ဌာန်းနှင့် ဝိပဿနာကမ္မဋ္ဌာန်းတို့ကို ဝတ်မပျက် အားထုတ်ကြရမည် ဖြစ်ပါသော်လည်း ရံခါ စိတ်အားထက်သန်၍ ရံခါမှာမူ နုံနုံနဲ့နဲ့ ပျင်းပျင်းရိရိ ဖြစ်နေတတ်၏။

ဤကဲ့သို့ ပျင်းပျင်းရိရိ မဖြစ်ဘဲ မဆုတ်မဆိုင်း မနှောင့်မနှေးစေဘဲ သဟဇာတာဓိပတိ စိတ်စေတနာဖြင့် ပြုလုပ်အားထုတ်ပါမူ နိဗ္ဗာန်ကို မျက်မှောက်ပြုသည့်တိုင်အောင် ကျေးဇူးများ ပေမည်။

---

**ကျမ်းညွှန်း** * (၁၁)၊ ဥပဌ္ဌာကပရိစ္ဆေဒဝဏ္ဏနာ၊ မဟာပဒါနသုတ္တ၊ မဟာဝဂ္ဂဋ္ဌကထာ (နှာ-၁၃)
* (၄၃၄)၊ ပဥ္စဝတ္ထုယာစနကထာ၊ စူဠဝဂ္ဂပါဠိ (နှာ-၃၅၈)

နာမ်အဓိပတိဖြစ်သည့် သဟဇာတာဓိပတိ၌ ပါဝင်သည့် ဆန္ဒာဓိပတိ၊ ဝီရိယာဓိပတိ၊ စိတ္တာဓိပတိနှင့် ဝီမံသာဓိပတိတို့သည် အင်အားကြီးသော တန်ခိုးဣဒ္ဓိ၏ အခြေခံများ ဣဒ္ဓိပါဒ်တရားများလည်း ဖြစ်ကြ၏။

ထို့ကြောင့် ထိုတရားတို့သည် ကုသိုလ်နှင့် ယှဉ်လျှင်လည်း ကောင်းမှုအဖုံဖုံကို မနားမနေ ထက်ထက်သန်သန်ကြီး ပြုပေတော့သည်။ အကုသိုလ်နှင့် ယှဉ်လျှင်လည်း မကောင်းမှုအဖုံဖုံကို မနားမနေ ထက်ထက်သန်သန်ကြီး ပြုပေတော့သည်ဟု လယ်တီဆရာတော်ဘုရားကြီး၏ ပဋ္ဌာနုဒ္ဒေသဒီပနီ၌ လာရှိပါသည်။

## အဓိပတိထိုက်သည့်တရား

အဓိပတိထိုက်သည့် ဆန္ဒဟူသည် ဘုရားလောင်းတော်တို့အတွက် "သဗ္ဗညုတဉာဏ်တော်ကို ရဖို့ဆိုရင် ခြေလက်အင်္ဂါ စွန့်ရင်စွန့်ရပါစေ စွန့်မယ်၊ အသက်ကိုပါ စွန့်ရင်စွန့်ရပါစေ စွန့်မယ်" ဟူသော ဆန္ဒမျိုး ဖြစ်ပါသည်။

ပမာပြရသော် ဘုရားလောင်းတော် ယုန်မင်းက အလှူခံလာသည့်ပုဏ္ဏားအား မိမိခန္ဓာကိုယ်ကို လှူဒါန်းရန် မီးပုံထဲ ခုန်ဆင်းပြီး အသက်ကို အသေခံလှူဒါန်းနိုင်ခဲ့သည့် ဆန္ဒတော်သည် အဓိပတိထိုက်၏။ ဝီရိယတော်သည် အဓိပတိထိုက်၏။ စိတ္တ၊ ဝီမံသတို့သည်လည်း အဓိပတိထိုက်၏။ အဓိပတိထိုက်သည့် ဆန္ဒ၊ စိတ္တ၊ ဝီရိယနှင့် ဝီမံသတို့က တန်ခိုးကြီးသည်၊ ခိုင်ခံ့သည်၊ မပျောက်ကွယ်လွယ်ပေ။

## ဆန္ဒာဓိပတိ

ဆန္ဒအားနည်းကြကုန်သော လူများစွာတို့သည် ကြီးကျယ်သော၊ အလွန် ပြုနိုင်ခဲကုန်သော ယောက်ျားမြတ်တို့သာ ပြုနိုင်သော လုပ်ရပ်တို့ကိုမြင်ပြီး လိုက်ပါဆောင်ရွက်ရန် ဝေးစွ အားကျစိတ်မျှပင် ပေါ်ခဲပေသည်။ "ငါတို့၏ အရာမဟုတ်"ဟု ဆိုကာ လျစ်လျူရှုကာ ပစ်ထားတော့၏။

ဆန္ဒအားကောင်းသော ပုဂ္ဂိုလ်သည်ကား ကြီးကျယ်သော၊ အလွန် ပြုနိုင်ခဲကုန်သော ယောက်ျားမြတ်တို့သာ ပြုနိုင်သောလုပ်ရပ်တို့ကို မြင်ပြီး စိတ်ဆန္ဒတက်ကြွကာ ပြုရန် အလွန်အလိုရှိ၏၊ ဤအမှုသည် ငါ၏ အရာတည်းဟု ဆုံးဖြတ်၏၊ သူ၏ဆန္ဒကို ဆွဲငင်အပ်သည်ဖြစ်၍ အမှုကိစ္စ မပြီးသေးသမျှ ကာလပတ်လုံး အကြား၌ ထိုအမှုကို စွန့်ပစ်ရန် မစွမ်းနိုင်ချေ၊ ဆုံးခန်းတိုင်ရောက် ပြီးမြောက်အောင် ဆောင်ရွက်ပေလိမ့်မည်။

---

**ကျမ်းညွှန်း** ✳ လယ်တီဆရာတော်ဘုရားကြီး၏ ပဋ္ဌာနုဒ္ဒေသဒီပနီကျမ်း

ထို့ကြောင့် မည်သည့်အရာကမှ ဟန့်တားမရလောက်အောင် ထက်သန်သည့်ဆန္ဒပြင်းထန်နေသူအဖို့ *'ဆန္ဒဝတော ကိံနာမ ကမ္မံ န သိဇ္ဈတိ'* ဆန္ဒဝတော = ဆန္ဒ ရှိသော ပုဂ္ဂိုလ်အား၊ ကိံနာမ = အဘယ်မည်သော၊ ကမ္မံ = အမှုသည်၊ န သိဇ္ဈတိ = မပြီးဘဲ ရှိပါအံ့နည်း။ "အို - ဆန္ဒကြီးမားရင် ဘာကိစ္စ မအောင်မြင်ဘဲ ရှိရမလဲ"ဟု ဆိုရပါမည်။

## ဝီရိယာဓိပတိ

ဝီရိယ တွန့်တိုဆုတ်ယုတ်သော လူများစွာတို့သည်လည်း ထိုထိုအမှုကိုမြင်၍ ဝီရိယ လျော့ကုန်၏၊ ဤအမှုကိုပြုသော ငါ့အား များစွာသော ကိုယ်၌ဖြစ်သော ဆင်းရဲ, စိတ်၌ဖြစ်သော ဆင်းရဲ ဖြစ်လိမ့်မည်ဟု ဆုတ်နစ်၏၊ ဝီရိယရှိသော ပုဂ္ဂိုလ်သည်ကား ထိုသို့ သဘောရှိကုန်သော ယောက်ျားတို့ ပြုအပ်ကုန်သော အမှုတို့ကိုမြင်၍ ဝီရိယ တက်ကြွ၏၊ ယခု ချက်ချင်းသာလျှင် ထ၍ပြုလုပ်ရန် အလိုရှိ၏။ သူသည် ကြာမြင့်စွာသော ကာလပတ်လုံးလည်း ထိုအမှုကိုပြုလျက် များစွာသော ကိုယ်၌ဖြစ်သော ဆင်းရဲ၊ စိတ်၌ဖြစ်သော ဆင်းရဲကို ခံစားရပါသော်လည်း ထိုဝီရိယဖြင့် ပြုအပ်သောအမှု၌ မငြီးငွေ့ပေ။ ဆုံးခန်းတိုင်ရောက်ပြီးမြောက်အောင် ဆောင်ရွက်ပေလိမ့်မည်။ ဝီရိယအားကောင်းသူတို့၏ အပြုအမူ အလုပ်အကိုင်ကို ပျင်းရိသည့် ပျင်းတို့က အားလည်းမကျ၊ နှစ်လည်း မနှစ်သက်ကြပါပေ။

အသက်ပင် သေလျှင်သေပါစေ အသေခံကာ မရမနေကြိုးစား အားထုတ်သည့် ဝီရိယ ထက်သန်သူအဖို့ *'ဝီရိယဝတော ကိံ နာမ ကမ္မံ  န သိဇ္ဈတိ'* ဝီရိယဝတော = ဝီရိယရှိသော ပုဂ္ဂိုလ်အား၊ ကိံနာမ = အဘယ်မည်သော၊ ကမ္မံ = အမှုသည်၊ န သိဇ္ဈတိ = မပြီးဘဲ ရှိပါအံ့နည်း။ "အို ဝီရိယကြီးမားရင် ဘာကိစ္စ မအောင်မြင်ဘဲ ရှိရမလဲ"

## ဘုရားအလောင်းတော် ဇနကမင်းသား၏ အဓိပတိထိုက်သည့် လုံ့လဝီရိယ

မဟာဇနကဇာတ်တော်၌ ဘုရားအလောင်းတော် ဇနကမင်းသား၏ ခမည်းတော်ကို ဘထွေးတော်က စစ်ပွဲဆင်နွှဲပြီး မိထိလာပြည်ကို အရယူသွားတော့သည်။ ဘုရားအလောင်းတော် ကိုယ်ဝန်လွယ်ထားသည့် မိဖုရားခေါင်ကြီးသည် ကိုယ်လွတ် ထွက်ပြေးလွတ်မြောက်ခဲ့သည်။ သားကလေး ဖွားမြင်လာသောအခါ မင်းသားငယ်၏ အဖိုးအမည်ဖြစ်သည့် ဇနက မင်းသားဟု မှည့်ခေါ်၏။

အရွယ်ရောက်လာသောအခါ ဖခင်အစစ်အမှန်ကို ဖုံးကွယ်ထား၍ မဖြစ်တော့သည့် တစ်နေ့ မယ်တော်ကြီးက ဖြစ်ကြောင်းကုန်စဉ်ကို ပြောပြ၏။ ဇနကမင်းသားကလေးက အဖ၏ တိုင်းပြည်ကို ပြန်လည်ရယူနိုင်ရန် စီမံရာတွင် ဥစ္စာဘဏ္ဍာကို ဦးစွာ စုဆောင်းရမည်ဟု ဆုံးဖြတ်ပါသည်။

မယ်တော့်ထံမှ ဥစ္စာငွေကြေးအချို့ကို အရင်းအနှီးအဖြစ်ယူပြီး မယ်တော်ကြီး အတန်တန်တားသည့် ကြားကပင် ကုန်ကူးသန်းရန်အတွက် သုဝဏ္ဏဘူမိသို့ ရွက်သင်္ဘောဖြင့် ထွက်ခွာလာ၏။ ပင်လယ်ပြင်တွင် လေမုန်တိုင်းမိသဖြင့် သင်္ဘောပျက်လေသည်။ ထိုအခါ မင်းသားသည် သင်္ဘောရွက်တိုင်ထိပ်သို့တက်ကာ တစ်ကိုယ်လုံးကို ထောပတ်ဆီများ သုတ်လိမ်းပြီး သင်္ဘောနှင့် အဝေးဆုံးရောက်အောင် ခုန်ချပါတော့သည်။ ပင်လယ်ပြင်တွင် မည်သည့်အစာမှ မစားရသော်လည်း ဥပုသ်နေ့၌ ဥပုသ်စောင့်တော်မူသေးသည်။ မင်းသားသည် လုံ့လဝီရိယမလျှော့ချဘဲ ခုနစ်ရက်ပတ်လုံး မိထိလာပြည်သို့ ရည်မှန်းကာ ကူးခတ်နေတော့၏။ ခုနစ်ရက်ပြည့်သောနေ့တွင် မဏိမေခလာနတ်သမီးက ကယ်တင်ပြီး မင်းသားရည်မှန်းထားရာ မိထိလာပြည်သို့ ပို့ဆောင်ပေးပါသည်။

ထိုကာလ၌ မိထိလာပြည့်ရှင်ဘုရင် ဘထွေးတော်မင်းတရားကြီး နတ်ရွာစံပြီးချိန်ဖြစ်သဖြင့် စစ်မတိုက်ရဘဲ ဘုရင်အဖြစ်သို့ ရောက်တော်မူ၏။ အလောင်းတော်၏ ဝီရိယသည် ထက်သန်သဖြင့် အတူဖြစ်ဖက် နာမ်တရားများနှင့် စိတ္တဇရုပ်များလည်း ဝီရိယ၏အလိုအတိုင်း လိုက်ပါပေးရတော့သည်။ အတွင်းအဇ္ဈတ္တသန္တာန်မှ နာမ်တရား အကြီးအမှူးဖြစ်သည့် ဝီရိယဦးဆောင်ရာသို့ ဆန္ဒ၊ စိတ္တ၊ ဝီမံသတို့သည်လည်း ရည်မှန်းရာ ပန်းတိုင်ဆီသို့ ပို့ဆောင်ပေးတော့သည်။

## သမုဒ္ဒရာရေကို ခန်းခြောက်စေမည့် ရှဉ့်မင်း၏ဝီရိယ

ဘုရားအလောင်းတော်သည် ရှဉ့်မျိုး၌ဖြစ်သည့် ဘဝတစ်ခုတွင် မိုးသည်းထန်စွာ ရွာချသည်ရှိသော် ရှဉ့်သားကလေးများနေသော အသိုက်သည် သမုဒ္ဒရာရေပြင်ထဲ မျောပါသွားတော့သည်။ ဘုရားအလောင်းတော်သည် သမုဒ္ဒရာရေကို ရှဉ့်အမြီးဖြင့် ဆွတ်၍ ဆွတ်၍ တစ်နေရာ၌ ခါချကာ သမုဒ္ဒရာရေခန်းခြောက်စေပြီး သားသမီးငယ်များကို ရေအလျဉ်မှ ကယ်ထုတ်နိုင်ရန် ကြိုးပမ်းနေလေတော့သည်။

ဤဖြစ်စဉ်ကို မြင်မိသည့် သိကြားမင်းကြီးက ရှဉ့်ထံလာပြီး 'သမုဒ္ဒရာရေ ဘယ်တော့ကုန်မလဲ'ဟု ပြောရာ ဘုရားအလောင်းတော် ရှဉ့်က 'လူပျင်းတို့နှင့် ငါစကားမပြောလိုဘူး၊ လာမနှောင့်ယှက်ပါနှင့်၊ ထွက်သွားပါ' ဟု ပြောကာ သိကြားမင်းကို နှင်ထုတ်လေသည်။ ဘုရားအလောင်းတော်ရှဉ့်၏ လုံ့လဝီရိယသည် အဓိပတိ ဖြစ်နေပါသည်။ ထို့ကြောင့် သူနှင့် ယှဉ်ဖက်နာမ်တရားများလည်း ဝီရိယနောက်လိုက်ပါကာ သဟဇာတာဓိပတိသတ္တိဖြင့် ကျေးဇူးပြုခြင်းပေတည်း။

---

**ကျမ်းညွှန်း** * (၅၃၉)၊ မဟာဇနကဇာတကဝဏ္ဏနာ၊ မဟာနိပါတ၊ ဇာတကဋ္ဌကထာ - ၆ (နှာ-၃၉)
* ပါထိကဝဂ်အဋ္ဌကထာ (နှာ-၁၀၂)

## စိတ္တာဓိပတိ

စိတ်တွန့်တို ဆုတ်ယုတ်သော လူများစွာတို့သည် ထိုထိုအမှုတို့ကို မြင်၍ စိတ် ဆုတ်နစ်ကုန်၏၊ တဖန် အာရုံလည်း မပြုနိုင်ကုန်။ စိတ်အားလွန်ကဲသူတို့ကား ထိုသို့ သဘောရှိကုန်သော အမှုတို့ကို မြင်၍ စိတ်တက်ကြွကုန်၏၊ စိတ်ကို ဖျောက်ရန် မစွမ်းနိုင်၊ အမြဲ ထိုအမှု၌ စိတ်စွဲမြဲ၏၊ သူသည် စိတ်အလိုသို့လိုက်၍ ရှည်မြင့်စွာသော ကာလပတ်လုံးလည်း ထိုအမှုကိုပြုလျက် များစွာသော ကိုယ်၌ဖြစ်သောဆင်းရဲ စိတ်၌ဖြစ်သောဆင်းရဲကို ခံစားရသော်လည်း ထို စိတ်ဓါတ်ဖြင့် ပြုအပ်သောအမှု၌ မငြီးငွေ့ပေ။ ဆုံးခန်းတိုင်ရောက် ပြီးမြောက်အောင် ဆောင်ရွက်ပေလိမ့်မည်။

'စားလည်း ဒီစိတ်၊ သွားလည်း ဒီစိတ်' ဆိုရလောက်သည့် အထိစိတ်ဓာတ် ပြင်းပြသူအဖို့ *'စိတ္တဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ'* စိတ္တဝတော = စိတ်ရှိသောပုဂ္ဂိုလ်အား၊ ကိံနာမ = အဘယ်မည်သော၊ ကမ္မံ = အမှုသည်၊ န သိဇ္ဈတိ = မပြီးဘဲ ရှိပါအံ့နည်း။ "အို - စိတ်ဓာတ်သာ ကြီးမားရင် ဘာကိစ္စ မအောင်မြင်ဘဲ ရှိရမလဲ"

## ပညာဓိပတိ

ပညာနဲ့သော လူများစွာတို့သည်လည်း ထိုသို့ သဘောရှိကုန်သော အမှုတို့ကိုမြင်၍ ပညာဆုတ်နစ်ကုန်၏၊ အမှုတို့၏ အစအဆုံးကို မမြင်ကုန်၊ အမိုက်အမှောင်၌ ဝင်ရကုန်ဘိ သကဲ့သို့ ဖြစ်ကုန်၏၊ ထိုအမှုတို့ကိုပြုရန် စိတ်လည်း မညွတ်ကိုင်းပေ။ ပညာလွန်ကဲ သူသည်ကား ထိုသို့ သဘောရှိသော အမှုတို့ကိုမြင်၍ ပညာတက်ကြွ၏၊ အမှုတို့၏ အစ၊ အဆုံးကို မြင်၏၊ အကျိုးရင်း၊ အကျိုးဆက်တို့ကို မြင်၏၊ လွယ်ကူစွာ အမှုပြီးခြင်း၏ အထူးထူးသော အကြောင်း ဥပါယ်ကိုလည်း မြင်၏၊ ရှည်မြင့်စွာသော ကာလပတ်လုံးလည်း ထိုအမှုကိုပြုလျက် များစွာသော ကိုယ်၌ဖြစ်သောဆင်းရဲ စိတ်၌ဖြစ်သောဆင်းရဲကို ခံစားရသော်လည်း ထိုပညာဖြင့် ပြုအပ်သောအမှု၌ မငြီးငွေ့ပေ။ ဆုံးခန်းတိုင်ရောက် ပြီးမြောက်အောင် ဆောင်ရွက်ပေလိမ့်မည်။

ဤအကျိုးရလာဒ်ရရှိနိုင်ရန် ဤသို့ ကြိုးပမ်းဖော်ဆောင်ရမည်ဟု ပိုင်းခြား သိနိုင်စွမ်းသူအဖို့ *'ပညာဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ'* ပညာဝတော = အသိ ဉာဏ်ပညာရှိသော ပုဂ္ဂိုလ်အား၊ ကိံနာမ = အဘယ်မည်သော၊ ကမ္မံ = အမှုသည်၊ န သိဇ္ဈတိ = မပြီးဘဲရှိပါအံ့နည်း။ "အို - အသိဉာဏ်ပညာ ကြီးမားရင် ဘာကိစ္စမအောင်မြင်ဘဲ ရှိရမလဲ"

အဓိပတိပစ္စည်း တရားလေးပါးတို့ ထင်ရှားရှိသောကြောင့် လောက၌ ယောက်ျားထူး ယောက်ျားမြတ်တို့ ထင်ရှားကုန်၏၊ သဗ္ဗညု ဗုဒ္ဓ၊ သဗ္ဗညု ဗောဓိသတ္တ၊ ပစ္စေကဗုဒ္ဓ၊ အဂ္ဂသာဝက၊

မဟာသာဝကနှင့် သာဝကလောင်းတို့ ထင်ကုန်၏၊ လောက၌လည်း ဤသို့သဘောရှိကုန်သော ပုရိသဝိသေသတို့၏ အစွမ်းဖြင့် သတ္တလောက၏ အကျိုးအစီးအပွား ချမ်းသာခြင်းငှာ အတတ်ပညာ အထူး၊ အသုံးအဆောင် ဝတ္ထုအထူးတို့ ထင်ကုန်၏။

ဆန္ဒ၊ စိတ္တ၊ ဝီရိယ တည်းဟူသော အဓိပတိတရားများနှင့် ပြည့်စုံပါသော်လည်း ဝီမံသမည်သော ဉာဏ်ပညာမရှိပါမူကား အကုသိုလ်ကို အစွန်းရောက်သည်အထိ ပြုမိတတ်သေးသည်။

## ဆန္ဒနှင့် လောဘ

ပုထုဇဉ် လူ့ဗာလတို့၌ လောဘသည် ဆန္ဒထက် အလွန်အားကြီး၏၊ သို့ရာတွင် ပညာရှိတို့၏သန္တာန်၌မူ ဆန္ဒသည်သာ လောဘထက် အလွန်အားကြီးလေသည်။ အကယ်၍ လောဘသာ ဆန္ဒထက် အလွန်အားကြီးသည် ဖြစ်ငြားအံ့ လောဘလက်တွင်းသို့ ရောက်ကုန်သော ဤသတ္တဝါခပင်းတို့သည် ဘဝ၏ ပြည့်စုံခြင်း၊ စည်းစိမ်၏ ပြည့်စုံခြင်းတို့ကို စွန့်ကာ နေက္ခမ္မတရားတို့ကို ဖြည့်ပြီး ဝဋ်ဆင်းရဲမှ အဘယ်သို့ ထွက်မြောက်နိုင်ကုန်အံ့နည်း။ ထို့ကြောင့် ဆန္ဒသည်သာလျှင် အဓိပတိမည်၏။ လောဘသည်လည်းကောင်း၊ ဒေါသသည်လည်းကောင်း အဓိပတိမဖြစ်ပေ။

ဝီရိယနှင့် ဆန္ဒသည် ကုသိုလ်၊ အကုသိုလ် မဟုတ်ပါ၊ ကုသိုလ်နှင့် ပေါင်းပါက ကုသိုလ်သတ္တိတိုးပြီး အကုသိုလ်နှင့် ပေါင်းမိပါက အကုသိုလ်တန်ခိုးတိုး၏။

ဟေတုပစ္စည်း၌ လောဘပါဝင်ပြီး၊ အဓိပတိပစ္စည်း၌မူ ဆန္ဒပါသည်။ လောဘက အကုသိုလ်နှင့်သာပေါင်းပြီး ကုသိုလ်နှင့် မပေါင်းပါ။ ဆန္ဒက ကုသိုလ် အကုသိုလ်နှင့် ပေါင်းနိုင်ပါသည်။

ဟိတ်ခြောက်ပါးတွင် အဓိပတိရသည့် တရားဟူ၍ အမောဟဉာဏ် တစ်ပါးသာရ၏။ ကျန်နှစ်ပါးဖြစ်သည့် အလောဘ၊ အဒေါသဟိတ်တို့ကလည်း အမောဟဉာဏ်နှင့် ပေါင်းမှသာ အားကောင်း၏။

ဤတွင် သတိပြုစရာရှိလာသည်မှာ အဓိပတိပစ္စည်းထိုက်သည့် တရားလေးပါးလုံး အကုသိုလ် စေတသိက်ထဲ ပါဝင်သည်မဟုတ်ပါ။ ထို့ကြောင့် ဆန္ဒလည်း ကောင်းတာရှိနိုင်သကဲ့သို့၊ မကောင်းတာလည်း ရှိနိုင်သည်။ ဝီရိယလည်း ကောင်းတာ ရှိနိုင်သကဲ့သို့၊ မကောင်းတာလည်း ရှိနိုင်သည်။ စိတ်လည်း ကောင်းတာရှိနိုင်သကဲ့သို့ မကောင်းတာလည်း ရှိနိုင်သည်။ ဝီမံသပညာကမူ အကုသိုလ်ဘက်၌ မရှိပါ။ ကုသိုလ်ဘက်တွင်သာ ရှိ၏။

## ဝိပဿနာတရား

ဝိပဿနာတရားကို အားထုတ်သည့်ယောဂီက ကိလေသာကို ပယ်သတ်လိုပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မျက်မှောက်ပြုလိုပါမူ ဆန္ဒသာ အဓိပတိထိုက်ပါက ဖြစ်ပါသည်။ စိတ္တသာ အဓိပတိ ထိုက်ပါက ဖြစ်ပါသည်။ ဝီရိယသာ အဓိပတိထိုက်ပါက ဖြစ်ပါသည်။ ပညာသာ အဓိပတိထိုက်ပါက ဖြစ်ပါသည်။

ဝီရိယာဓိပတိ၌ ရိုးရိုးဝီရိယနှင့် အဓိပတိထိုက်သည့် ဝီရိယဟူ၍ နှစ်မျိုးရှိ၏။ အဓိပတိ ထိုက်သည့် ဝီရိယသည် တန်ခိုးကြီး၏၊ ခိုင်ခံ့၏၊ မပျောက်ပျက်လွယ်ပေ။ အဓိပတိထိုက်သည့် ဝီရိယကြောင့် မောသည်၊ ပင်ပန်းသည်ဟူ၍ မရှိတော့ပေ။ မဖြစ်နိုင်ဘူးဟူ၍ မရှိတော့ပေ။ အသက်သေနိုင်သည်ကိုလည်း မငဲ့ကွက်တော့ပေ။ ရည်မှန်းရာ ပန်းတိုင်သို့သာ တွင်တွင်ကြီး သွားပေတော့သည်။

## အဓိပတိပစ္စည်း၏သင်္ချာ

အဓိပတိပစ္စည်း၏ သင်္ချာမှာ ၁၀- ဖြစ်ပါသည်။ ထို့ကြောင့် "*အဓိပတိယာ ဒသ*" ဟု မှတ်သားနိုင်ပါသည်။ ထိုသင်္ချာကို အောက်ပါအတိုင်း လေ့လာနိုင်ပါသည် -

**ကုသလ သင်္ချာ - ၄**

(၁) ကု-ကု (၂) ကု-အကု (၃) ကု-ဗျာ (၄) ကု-ကု၊ ဗျာ

**အကုသလ သင်္ချာ - ၃**

(၁) အကု-အကု (၂) အကု-ဗျာ (၃) အကု-အကု၊ ဗျာ

**အဗျာကတ သင်္ချာ - ၃**

(၁) ဗျာ-ဗျာ (၂) ဗျာ-ကု (၃) ဗျာ-အကု

သဟဇာတာဓိပတိနှင့် အာရမ္မဏာဓိပတိဟူ၍ နှစ်ပါးရှိရာ သဟဇာတာဓိပတိ၏ သင်္ချာမှာ - ၇ ဖြစ်ပြီး၊ အာရမ္မဏာဓိပတိ၏ သင်္ချာမှာလည်း - ၇ ပင် ဖြစ်ပါသည်။

အဓိပတိပစ္စည်းသည် သဟဇာတမျိုးနှင့် အာရမ္မဏမျိုး နှစ်မျိုးလုံးတွင် ပါဝင်ပါသည်။

---

**ကျမ်းညွှန်း** * ဆရာကြီးဦးကျော်ထွတ်၏ သဒ္ဒမ္မဇောတိကပဋ္ဌာန်းကျမ်း (၁၉၉၉-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်။)

**Mind matter and Nibbana to Mind**

အဓိပတိပစ္စည်းသည် နာမ်တရား၊ ရုပ်တရားနှင့် နိဗ္ဗာန်တရားတို့က နာမ်တရား Mind matter and Nibbana to mind. ကို ကျေးဇူးပြုသောပစ္စည်း ဖြစ်သည်။

## ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား

### ၁။ သဟဇာတာဓိပတိ

ပစ္စယဟူသော အကြောင်းတရားမှာ - ဆန္ဒ၊ ဝီရိယ၊ စိတ္တနှင့် ဝီမံသဟူသော အဓိပတိတရား ၄-ပါးတို့ ဖြစ်သည်။

ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - ယှဉ်ဖက် စိတ် စေတသိက်နှင့် စိတ္တဇရုပ်တို့ ဖြစ်သည်။

### ၂။ အာရမ္မဏာဓိပတိ

ပစ္စယဟူသော အကြောင်းတရားမှာ - အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ်၊ ဒေါသမူ-၂၊ မောဟမူ-၂၊ ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကြဉ်သော စိတ်-၈၄ ပါး၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၄၇-ပါးနှင့် နိဗ္ဗာန်။


ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ၈-ပါး၊ မဟာကုသိုလ်စိတ် ၈-ပါး၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ပါး၊ လောကုတ္တရာစိတ် ၈-ပါးတို့ ဖြစ်သည်။

အဓိပတိပစ္စည်းသည် သဟဇာတမျိုးနှင့် အာရမ္မဏမျိုး နှစ်မျိုးလုံးတွင် ပါဝင်သည်။

## ၄။ အနန္တရပစ္စယော

## Daily life Paṭṭhāna

### Anantara Paccayo *(Proximity condition)*





*ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော။ (ကု၊ ကု-၁)*

ကုသိုလ်တည်းဟူသော အကြောင်းဓမ္မသည် ကုသိုလ်တည်းဟူသော အကျိုးဓမ္မအား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

## အကြားမရှိသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည်

The *'Anantara'* means no interval. This is compared to the death of a universal king. When a universal king dies, that means he gives his son the chance to become a king.



'ပျော်စံနတ်ရွာ၊ စကြာမင်းဖျား၊ သားကြီးအားသို့' ဟု ရှေးဆရာမြတ်တို့က ဆိုထားသည်နှင့် အညီ စကြာဝတေးမင်းကြီးသည် နတ်ရွာစံပြီးသည်နှင့် တစ်ပြိုင်နက် သားကြီး

ရတနာသည် ဘုရင်ဖြစ်လာသကဲ့သို့ ရှေးရှေးနာမ်တရားများသည် ချုပ်ပျောက်၍ နောက်နောက် နာမ်တရားများ အကြားမရှိ ဖြစ်ပေါ်အောင် ကျေးဇူးပြုသည်။

အနန္တရ (န+အန္တရ) အန္တရ = အကြား၊ ကွက်လပ်။ န = မရှိ မည်သည့် စိတ်မှအကြား၌ မခြားသဖြင့် အခြား မရှိဟုခေါ်သည်။ အကြားမရှိဘဲ ရှေ့စိတ် နောက်စိတ်တို့ နှစ်စိတ်မဟုတ်ဘဲ တစ်ဆက်တည်းပင် ဖြစ်နေသည်ဟု ထင်မှတ်မှားလောက်အောင်ပင် အကြားမရှိခြင်းကို အနန္တရပစ္စယောဟု ခေါ်သည်။

## နိယာမတရားများ

လောက၌နိယာမတရား ၅-ပါး ရှိပါသည်။ ၎င်းတို့မှာ ၁-ဗီဇနိယာမ၊ ၂-ဥတုနိယာမ၊ ၃-ကမ္မနိယာမ၊ ၄-ဓမ္မနိယာမ နှင့် ၅-စိတ္တနိယာမ Law of mind တို့ ဖြစ်ပါသည်။

(၁) ဗီဇနိယာမ = အမျိုးဗီဇကြောင့် စွဲမြဲခြင်း၊ ဥပမာ ထိကရုံးပင်တို့ကို တို့ထိလိုက်လျှင် ရုံးစု၍သွားခြင်း။ မြက် သစ်ပင်တို့ အမျိုးနှင့်တူစွာ သီးကြပွင့်ကြခြင်း။ သံသတ္တုတို့သည် သံလိုက်ရှိရာသို့ အလိုအလျောက်လာရခြင်း စသည်ဖြင့် ပြုပြင်သူမရှိဘဲ ဗီဇရုပ်ကို အစွဲပြု၍ သူ့သဘာဝအလျောက် ဖြစ်မြဲ ဖြစ်သော သဘောတရားသည် ဗီဇနိယာမတည်း။

(၂) ဥတုနိယာမ = ဥတုရာသီအားလျော်စွာ အရပ်ရပ်ရှိ စပါးမျိုး၊ မြက်၊ သစ်ပင်မျိုးတို့၌ သူ့အချိန်ကျလျှင် နှိုးဆော်သူရှိသကဲ့သို့ တညီတညွတ်တည်း သီးကြပွင့်ကြခြင်း၊ သူ့အချိန် သူ့အခါ၌ မိုးရွာခြင်း၊ လေတိုက်ခြင်း၊ ဆီးနှင်းကျခြင်း၊ ပင်လယ် သမုဒ္ဒရာ၌ ဒီရေတက်ခြင်း၊ သူ့အချိန်ကျလျှင် ကမ္ဘာမီးလောင်ခြင်း၊ ကမ္ဘာပျက်မိုးရွာခြင်း၊ ကမ္ဘာပြုမိုးရွာခြင်း စသည်ဖြင့် ပြုပြင်သူမရှိဘဲ ဥတုကိုအစွဲပြု၍ သူ့သဘာဝအလျောက် ဖြစ်မြဲ ဖြစ်သော သဘောတရားသည် ဥတုနိယာမတည်း။

(၃) ကမ္မနိယာမ = မကောင်းမှု ကံကြောင့် ဒုဂ္ဂတိဘုံ၌ ပဋိသန္ဓေဖြစ်ပေါ်ရခြင်း၊ ပဝတ္တိအခါ ဒုဂ္ဂတိ သုဂတိဘုံ၌ မကောင်းကျိုးဖြစ်ပေါ်ခြင်း၊ ကောင်းမှုကံကြောင့် ကောင်းကျိုး ဖြစ်ပေါ်ခြင်းစသော ပြုပြင်သူမရှိဘဲ ကံကို အစွဲပြု၍ သူ့သဘာဝအလျောက် ဖြစ်မြဲ ဖြစ်သော သဘောတရားသည် ကမ္မနိယာမတည်း။

(၄) ဓမ္မနိယာမ = ဘုရားလောင်းတို့ ပဋိသန္ဓေနေတော်မူစဉ် ဖွားတော်မူစဉ် ကာလတို့၌ မြေတုန်လှုပ်ခြင်း၊ အရောင်အလင်း ဖြစ်ပေါ်ခြင်း စသော သုံးဆယ့်နှစ်ပါး

သော နိမိတ်ကြီးတို့ ဖြစ်ပေါ်ခြင်း၊ အဝိဇ္ဇာရှိသော သူတို့သန္တာန်မှာ သင်္ခါရ စသည်တို့၏ ဖြစ်ပေါ်ခြင်း၊ မဂ်ဉာဏ်နှင့် နိဗ္ဗာန်ကို မြင်လိုက်သည် ရှိသော် အဝိဇ္ဇာကုန်ခန်းခြင်း၊ သင်္ခါရ စသည်တို့ ကင်းကြခြင်း စသည်ဖြင့် တရားဓမ္မကိုအစွဲပြု၍ ဖြစ်မြဲ၊ ဖြစ်သော သဘောတရားသည် ဓမ္မနိယာမတည်း။

(၅) စိတ္တနိယာမ = အာရုံ တိုက်ခိုက်လာလျှင် ပြုပြင်စီရင်သူ မရှိဘဲ သူ့သဘာဝအလျောက် ဝီထိစိတ်တန်းစဉ်၍ ဖြစ်မြဲ၊ ဖြစ်သော အမူအရာသည် စိတ္တနိယာမတည်း။

## ဝီထိစိတ်အစဉ်

သတ္တဝါတို့၏ သန္တာန်၌ အဆင်း၊ အသံ၊ အနံ့ စသည့်အာရုံတစ်ခုခုဖြင့် မကြုံဆုံရဘဲ အိပ်ပျော်နေသကဲ့သို့ ဖြစ်နေသည့် နာမ်တရားတို့ကို ဘဝင်စိတ် Life continuum အိမ်ရှင်စိတ် ဟုခေါ်၏။

ဘဝင်စိတ်များ စဉ်ဆက်မပြတ်တရစပ် ဖြစ်နေရာမှသည် အဆင်း၊ အသံ စသည့် အာရုံ တစ်ပါးပါးက ရိုက်ခတ်လာပါက ဘဝင်စိတ်ကို လာထိပါသည်။ အာရုံဆိုကာ ထိထိချင်း မသိနိုင်သေးပါ၊ ဘဝင်စိတ်အစဉ်က အလွန်ကြီးမားသည့် အရှိန်အဟုန်ဖြင့် မရပ်မနား တရစပ် ဖြစ်နေသဖြင့် ထိုစိတ်အစဉ်ကြီးကို ရပ်၍ မရသေးသဖြင့် ဘဝင်တစ်ခုခန့် အနည်းဆုံး အရှိန် လွန်သွားပါသည်။

ထိုအရှိန်လွန်သွားသည့် ဘဝင်စိတ်ကို ၁- အတီတဘဝင် ဟုခေါ်ပါသည်။ ထို့နောက် ဘဝင်အစဉ် လှုပ်သွားသည့် ဘဝင်စိတ်ကို ၂- ဘဝင်္ဂစလနဟု ခေါ်ပါသည်။ ဘဝင်အစဉ် ရပ်သွားသည့်ဘဝင်စိတ်ကို ၃- ဘဝင်္ဂုပစ္ဆေဒဟု ခေါ်ပါသည်။ ထို့နောက် အဆင်းအာရုံကို ဆင်ခြင်သည့် ၄- ပဉ္စဒွါရာဝဇ္ဇန်းစိတ် ဖြစ်လာပါသည်။ အဆင်းအာရုံကို သိသည့်မြင်သိစိတ် ၅- စက္ခုဝိညာဏ်စိတ် ဖြစ်လာသည်။ မြင်သိစိတ်ဖြစ်ပြီးနောက် အာရုံကိုလက်ခံသည့် ၆- သမ္ပဋိစ္ဆိုင်းစိတ်၊ အာရုံကိုစူးစမ်းသည့် ၇- သန္တီရဏစိတ်၊ အာရုံကိုဆုံးဖြတ်သည့် ၈- ဝုဋ္ဌောစိတ်တို့ ဖြစ်ကြသည်။

ထို့နောက်၌ ဝုဋ္ဌော၏ အဆုံးအဖြတ်အတိုင်း အကောင်းအဆိုး ခွဲခြားကာ ခံစားသည့် ဇောစိတ် ၇-ကြိမ် ဆက်၍ ဖြစ်၏။ ထို့နောက် အာရုံကို အာသာမပြေနိုင်သေးသည့် သဘော ဖြင့် တဒါရုံစိတ် ၂-ကြိမ် ဖြစ်ပါသည်။ အတီတဘဝင်က စတင်ပြီး ဒုတိယတဒါရုံ အဆုံးအထိ စိတ်အရေအတွက် ၁၇-လုံးပြည့်သောအခါ သိစိတ် ဖြစ်စဉ်တစ်ခု ပြီးဆုံးလေသည်။

---

**ကျမ်းညွှန်း** * သုခမှတ်စု (၁၉၉၇၊ ဆဌမအကြိမ်)

## သရက်သီးကြွေသည့် ဥပမာဖြင့် ဝီထိကိုလေ့လာခြင်း

ဝီထိဖြစ်စဉ်ကို သရက်ပင်ရင်း၌ သရက်သီးကြွေသည့် ဥပမာဖြင့် လေ့လာနိုင်ပါသည်။ ဥပမာအားဖြင့် လူတစ်ယောက်သည် သရက်ပင်ရင်း၌ အိပ်ပျော်နေသည် ဆိုပါစို့။ ထိုသူ အိပ်ပျော်နေစဉ် ဘဝင်စိတ်အစဉ် ငြိမ်သက်စွာ ဖြစ်ပေါ်နေပါသည်။

ထိုအခိုက် သရက်ပင်ပေါ်မှ သရက်သီးအမှည့်တစ်လုံး အိပ်ပျော်နေသူ၏ အနီးတွင် ကြွေကျခြင်းသည် ပြင်ပ အသံအာရုံနှင့် နားနှင့် တိုက်ဆုံခြင်းကို ပမာပြုနိုင်ပါသည်။ သရက်သီး ကြွေကျသံကြောင့် ထိုလူ ထရန် လှုပ်ရှားလာ၏။ ဤကား ဘဝင်စိတ် ၂-ကြိမ်လှုပ်၍ ပြတ်သည်နှင့်တူသည်။ (အတီတဘဝင်နှင့် ဘဝင်္ဂစလန)

ထိုလူသည် ခေါင်းထောင်၍ စူးစမ်းဆင်ခြင်ခြင်းသည် (ပဉ္စဒွါရာဝဇ္ဇန်း) စိတ်က အာရုံကို နှလုံးသွင်းသည်နှင့် တူသည်။ သရက်သီးကို မြင်ရရုံမျှ မြင်ရခြင်းသည် (စက္ခုဝိညာဏ်) မြင်သိစိတ် ဖြစ်ပါသည်။

ထို့နောက် သရက်သီးကို ကောက်ယူလိုက်သည်။ ဤကား (သမ္ပဋိစ္ဆိုင်း)က အာရုံကို လက်ခံယူသည်နှင့် တူသည်။ သရက်သီးကို အနီးကပ် ကြည့်ရှု နမ်းရှုပ်ခြင်းသည် (သန္တီရဏ)က အာရုံကို စုံစမ်းသည်နှင့် တူသည်။ သရက်သီးမှည့်နေသဖြင့် စား၍ရမှန်း သိခြင်းသည် (ဝုဋ္ဌော)က အာရုံဆုံးဖြတ်သည်နှင့် တူသည်။

သရက်သီးကို အားရပါးရ ၇- ကြိမ် ကိုက်စားခြင်းသည် ဇော ၇- ကြိမ် စောသည်နှင့် တူသည်။ ခံတွင်းထဲ ကျန်နေသည့် သရက်သီးအဖတ်ကို တံတွေးနှင့်တကွ မျိုချခြင်းသည် (တဒါရုံ) ၂ - ကြိမ်နှင့် တူသည်။ ထိုလူသည် စားပြီးနောက် လဲလျောင်းကာ အိပ်ပျော်သွားသည်။ ဤကား ဘဝင်စိတ်အစဉ် ဆက်လက် ဖြစ်နေသည်နှင့်တူသည်။ ဥည့်သည်လာသဖြင့် တံခါးခေါက်သည့် ဥပမာကိုလည်း ဆရာတော်ကြီးများ ပြတော်မူပါသေးသည်။

## ဝီထိစိတ်နှင့် ဘဝင်စိတ်

ဝီထိစိတ်ကို Awareness ဟူ၍လည်းကောင်း၊ ဘဝင်စိတ်ကို Life continuum ဟူ၍ လည်းကောင်း နေရာအားလျော်စွာ ခေါ်ဝေါ်ပါသည်။

အိမ်ရှင်စိတ်ဟူသည် လူဖြစ်စေ၊ နတ်ဖြစ်စေ၊ အယုတ်ဆုံးအားဖြင့် တိရစ္ဆာန်၊ ပြိတ္တာ ပင်ဖြစ်စေ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည့် ကာလတွင် ဖြစ်သောစိတ်မှာ ဘဝင်စိတ် (ဝါ) အိမ်ရှင်စိတ် ဖြစ်ပါသည်။

ထို့အပြင် မျက်စိ၊ နား စသည်ဒွါရများ၌ ထင်လာသော အာရုံအသစ်ကြောင့် ဝီထိ စိတ်အစဉ် မဖြစ်သေးသည့် တဒင်္ဂများတွင်လည်း ဘဝင်စိတ် (ဝါ) အိမ်ရှင်စိတ်များ ဖြစ်နေ လျက်ရှိ၏။ အဘိဓမ္မာ၌ ဝိပါက်စိတ်ဟု ခေါ်သည်။

ဘဝတစ်ခု၌ ဖြစ်ကြသော ပဋိသန္ဓေစိတ်၊ စုတိစိတ်နှင့် ဘဝင်စိတ်တို့သည် ၁-အမျိုး ဇာတ်တူသည်။ ၂- ယှဉ်ဖက်စေတသိက်တူသည်။ ၃- အာရုံလည်းတူကြသော စိတ်များ ဖြစ်သည်။ ဤသို့ သတ္တိတူညီပါသော်လည်း နေရာအားလျော်စွာ အမည်နာမရကြခြင်း ဖြစ်ပါသည်။

ပမာပြရသော် လူတစ်ယောက်သည် *သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာဝိပါက်စိတ်*ဖြင့် ပဋိသန္ဓေတည်လျှင် ဘဝင်စိတ်နှင့် စုတိစိတ်တို့သည်လည်း *သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာဝိပါက်စိတ်*ပင် ဖြစ်ကြရသည်။ ပဋိသန္ဓေစိတ်က ဂတိနိမိတ်ကို အာရုံပြုလျှင် ဘဝင်စိတ် စုတိစိတ်တို့ကလည်း ထိုဂတိနိမိတ်ကိုပင် အာရုံပြုကြရိုးဖြစ်၏။

ထို့ကြောင့် ပဋိသန္ဓေစိတ်၊ ပထမဘဝင်၊ ဒုတိယဘဝင် စသည်တို့ကို 'မင်းတို့ လူ့ပြည်သွားပြီး ဒီစိတ်နဲ့ ပဋိသန္ဓေနေကြရမယ်။ ဒီစိတ်နဲ့ပဲ အိပ်ကြရမယ်၊ ဒီစိတ်နဲ့ပဲ စုတိစိတ်ကျရမယ်'ဟု ကံက စီမံပေးလိုက်ပါသည်။ ထိုထိုကံ၏ စီမံပေးသည့်အတိုင်းပင် ဖြစ်ကြရသဖြင့် ကံ၏ကျွန် 'ကမ္မဒါသ'များသာ ဖြစ်ကြ၏ဟု ပညာရှင်များက တင်စားကြပါသည်။။

ပုထုဇဉ်နှင့် သေက္ခက ကုသိုလ်လုပ်ပါက မနောဒွါရာဝဇ္ဇန်းနောက် ကုသိုလ်ဇောကျပါသည်။ အကုသိုလ်လုပ်ပါက မနောဒွါရာဝဇ္ဇန်းနောက် အကုသိုလ်ဇောကျပါသည်။ ဘုရားရဟန္တာများမှာမူ မနောဒွါရာဝဇ္ဇန်းနောက် ကြိယာဇောကျပါသည်။ ထို့ကြောင့် မနောဒွါရာဝဇ္ဇန်းနောက်တွင် ကုသိုလ်ဇော၊ အကုသိုလ်ဇောနှင့် ကြိယာဇောတို့ စောနိုင်ပါသည်။

## စိတ်တစ်ခု၏ သက်တမ်း

စိတ်တစ်ခု၏ အသက်မှာ ဥပါဒ်၊ ဌီ၊ ဘင် (ဖြစ်၊ တည်၊ ပျက်) ဟူသော ခဏငယ်သုံးချက်ရှိသည်။ ခဏငယ်သုံးချက်ကို စိတ္တက္ခဏ ၁-ချက်ဟု ခေါ်သည်။ ၁-ဝီထိ၌ စိတ္တက္ခဏ ၁၇-ချက် ရှိသည်။ စိတ္တက္ခဏ ၁၇-ချက် ကာလကြာသည့်တိုင် ဖြစ်နေသော စိတ်ဖြစ်စဉ် ဓမ္မသဘာဝကြီးကို တစ်ဝီထိဟု ခေါ်လေသည်။ ဝီထိ ၂-မျိုးရှိသည်။ (က) ပဉ္စဒွါရဝီထိ (ခ) မနောဒွါရဝီထိတို့ ဖြစ်ပါသည်။

ဤစိတ်ဖြစ်စဉ် Mental process သည် အလွန်တိကျပြီး တစ်ခုကို၊ တစ်ခု ကျော်သွားရိုးမရှိပါ။ လက်ဖျစ် ၁-တွက်၊ မျက်စိ ၁-မှိတ် တဒင်္ဂတစ်ခဏ ကာလတိုအတွင်း၌ စိတ္တက္ခဏပေါင်း ကုဋေ ၁-သိန်း ($10^{12}$) ရှိ၏။ ထို့ကြောင့် စိတ်တစ်ခု၏သက်တမ်းသည် $(1/10^{12}) = 0.000000000001$ စက္ကန့်သာ ရှိပါသည်။

---

**ကျမ်းညွှန်း** * ဒေါက်တာမင်းတင်မွန်၏ ဗုဒ္ဓအဘိဓမ္မာအနှစ်ချုပ် (၂၀၀၁ ခုနှစ်၊ စတုတ္ထအကြိမ်)

ဤနေရာတွင် လက်ဖျစ် ၁-တွက်၊ မျက်စိ ၁-မှိတ် တဒင်္ဂတစ်ခဏကာလတိုကို နားလည်လွယ်စေရန် ၁-စက္ကန့်ဟု ယူထားသည်။ အမှန်တကယ်တွင်မူ လက်ဖျစ်၁-တွက်ကာလသည် ၁-စက္ကန့်ထက်ပင် တိုတောင်းသောအချိန် ဖြစ်၏။

## ဝီထိပိုင်း

## စက္ခုဒွါရ ၁၅-ဝီထိ

| ဝိသယပ္ပဝတ္တိ | ဥပါဒ် | ရုပ်သက်စိတ္တက္ခဏ ၁၇- ချက် | | | | | | | | | | | | | | | | ဝါရ ၄-မျိုး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ↑ ၁ | ထင် ↑ ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ချုပ် ↑ ၁၇ | |
| အတိမဟန္တာရုံ ၁ - ဝီထိ | တီ | န | ဒ | ပ | စ | သံ | ဏ | ဝု | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ရုံ | ရုံ | တဒါရမ္မဏဝါရ |
| မဟန္တာရုံ ၂ - ဝီထိ | ၂ တီ | | န | ဒ | ပ | စ | သံ | ဏ | ဝု | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဘ | ဇဝနဝါရ |
| | ၃ တီ | | | န | ဒ | ပ | စ | သံ | ဏ | ဝု | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | |
| ပရိတ္တာရုံ ၆ - ဝီထိ | ၄ တီ | | | | န | ဒ | ပ | စ | သံ | ဏ | ဝု | ဝု | ဝု | ဘ | ဘ | ဘ | ဘ | ဝေါဋ္ဌဗ္ဗနဝါရ |
| | ၅ တီ | | | | | န | ဒ | ပ | စ | သံ | ဝု | ဝု | ဝု | ဝု | ဘ | ဘ | ဘ | |
| | ၆ တီ | | | | | | န | ဒ | ပ | စ | သံ | ဝု | ဝု | ဝု | ဝု | ဘ | ဘ | |
| | ၇ တီ | | | | | | | န | ဒ | ပ | စ | သံ | ဏ | ဝု | ဝု | ဝု | ဘ | |
| | ၈ တီ | | | | | | | | န | ဒ | ပ | စ | သံ | ဝု | ဝု | ဝု | ဘ | |
| | ၉ တီ | | | | | | | | | န | ဒ | ပ | စ | သံ | ဝု | ဝု | ဝု | |
| အတိပရိတ္တာရုံ ၆ - ဝီထိ | ၁၀ တီ | | | | | | | | | | န | န | ဘ | ဘ | ဘ | ဘ | ဘ | မောဃဝါရ |
| | ၁၁ တီ | | | | | | | | | | | န | န | ဘ | ဘ | ဘ | ဘ | |
| | ၁၂ တီ | | | | | | | | | | | | န | န | ဘ | ဘ | ဘ | |
| | ၁၃ တီ | | | | | | | | | | | | | န | န | ဘ | ဘ | |
| | ၁၄ တီ | | | | | | | | | | | | | | န | န | ဘ | |
| | ၁၅ တီ | | | | | | | | | | | | | | | န | န | |

## အာရုံ၏ထင်ရှားမှု၊ မထင်ရှားမှုအလိုက် ဝီထိအစဉ်

အာရုံထင်ရှားမှု၊ မထင်ရှားမှုအလိုက် ဝီထိဖြစ်စဉ်ကို အတိမဟန္တာရုံ၊ မဟန္တာရုံ စသည်တို့ကိုလည်း လေ့လာထားသင့်ပါသည်။

(၁) အတိမဟန္တာရုံ = ထင်ရှားအားကြီးသည့်အာရုံ ၅-ပါး ဥပါဒ်ပြီးနောက် စိတ္တက္ခဏ တစ်ချက်အလွန်တွင် ဒွါရ၌ ထင်လာ၏။ အလွန်များသော ဝီထိစိတ္တုပ္ပါဒ်ရှိ၏။

(၂) မဟန္တာရုံ = သင့်ရုံထင်ရှားအားကြီးသော အာရုံ ၅-ပါး ဥပါဒ်ပြီးနောက် စိတ္တက္ခဏ နှစ်ချက် သို့မဟုတ် သုံးချက်အလွန်တွင် ဒွါရ၌ ထင်လာ၏။ များသော ဝီထိစိတ္တုပ္ပါဒ်ရှိ၏။

(၃) ပရိတ္တာရုံ = မထင်ရှားမသိသာသည့် အားနည်းလှသော အာရုံ ၅-ပါး ဥပါဒ်ပြီးနောက် စိတ္တက္ခဏ ၄-ချက်မှ ၉-ချက်အလွန်တွင် ဒွါရ၌ ထင်လာ၏။ နည်းသော စိတ္တုပ္ပါဒ်အရေအတွက် ရှိ၏။

(၄) အတိပရိတ္တာရုံ = အလွန်တရာပင် မထင်ရှား မသိသာသည့် အားနည်းလှသော အာရုံ ၅-ပါး ဥပါဒ်ပြီးနောက် စိတ္တက္ခဏ ၁၀-ချက်မှ ၁၅-ချက် အလွန်တွင် ဒွါရ၌ ထင်လာ၏။ အလွန်နည်းသော ဝီထိစိတ္တုပ္ပါဒ် အရေအတွက်ရှိ၏။

## မနောဒွါရဝီထိ

မနောဒွါရ၌ အာရုံထင်ပုံ ၂-မျိုးရှိပါသည်။ ၎င်းတို့မှာ -

၁။ ဝိဘူတာရုံ = ထင်ထင်ရှားရှားဖြစ်သောအာရုံနှင့်

၂။ အဝိဘူတာရုံ = မထင်မရှားဖြစ်သောအာရုံ တို့ဖြစ်ပါသည်။

ဤကဲ့သို့ဝီထိဖြစ်စဉ် Mental process တစ်ခုပြီးဆုံးသွားပါက အိမ်ရှင်စိတ်ဟူသော ဘဝင်စိတ် Life continuum ဖြစ်၏။ ထို့နောက် ထိုမြင်ပြီး ကြားပြီးသည့် အာရုံတို့ကို အကြိမ်ကြိမ် ပြန်လည်တွေးတော စဉ်းစားသည့် မနောဒွါရဝီထိဖြစ်၏။ ထို့နောက် ကြံတွေးစိတ်များက သဘောကျ ကျေနပ်လောက်သည့်အထိ ဆက်၍ဆက်၍ ဖြစ်ပြီးနောက်၌မှ ဘဝင်စိတ်အစဉ် ဆက်ဖြစ်နေပါတော့သည်။

ဤစိတ်ဖြစ်စဉ် Mental process ၁၇-ကြိမ်ထဲမှ အာရုံ၏အရသာကို အမှန်တကယ် ခံစားခွင့်ရသည့် ဇောစိတ် ၇-ကြိမ် အခိုက်အတံ့အတွင်း၌သာ ကုသိုလ်စိတ်၊ အကုသိုလ်စိတ် တို့ဖြစ်၏။ အတီတဘဝင်မှသည် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်းစိတ်၊ သန္တီရဏ၊ ဝုဋ္ဌောစိတ်တို့သည် အခိုက်အတန့် တစ်ခုစီသာဖြစ်ပြီး ချုပ်ပျောက်သွားကြပါသည်။ ထို့ကြောင့် ၎င်းစိတ်တို့သည် ကုသိုလ် အကုသိုလ်ဟူသော အမည်မရဘဲ အဗျာကတ ဟူသော အမည်ရခြင်း ဖြစ်သည်။

## မနောဓာတ်နှင့် မနောဝိညာဏဓာတ်

ပဋ္ဌာန်းတရားတော် ပစ္စယနိဒ္ဒေသ၌ လာရှိသည့် မနောဓာတ်နှင့် မနောဝိညာဏဓာတ်ကိုလည်း သိထားရန် လိုပေသည်။ စိတ်အကျဉ်း ၈၉-ပါးထဲက ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်းဒွေး တို့သည် မနောဓာတ် (သို့) မနောဓာတုဟု အမည်ရသည်။ က-စက္ခုဝိညာဏ်ဒွေး၊ ခ-သောတဝိညာဏ်ဒွေး၊ ဂ-ဃာနဝိညာဏ်ဒွေး၊ ဃ-ဇိဝှါဝိညာဏ်ဒွေးနှင့် င-ကာယဝိညာဏ်ဒွေးဟူ၍ စိတ်စုစုပေါင်း ၁၀-ပါး၊ စ-ပဉ္စဒွါရာဝဇ္ဇန်း ၁-ပါး၊ ဆ-သမ္ပဋိစ္ဆိုင်းဒွေး ၂-ပါးတို့ကို စုစုပေါင်းသော် စိတ် ၁၃-ပါးရ၏။ ကျန်သည့်စိတ် (၈၉ - ၁၃ = ၇၆)ပါး က မနောဝိညာဏဓာတ် (သို့) မနောဝိညာဏဓာတုဟု အမည်ရလေသည်။ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ စသည်ကို အမှီမရပေ။ ထိုစိတ် ၇၆-ပါး၏ မှီရာမှာ ဟဒယဝတ္ထုရုပ်ပေတည်း။

## စက္ခုဝိညာဏဓာတု၊ မနောဓာတုနှင့် မနောဝိညာဏဓာတု

ပဋ္ဌာန်းကျမ်း၌လာရှိသည့် စက္ခုဝိညာဏဓာတုသည် သင်္ဂြိုဟ်အရ စက္ခုဝိညာဏနှင့် အဓိပ္ပါယ်တူပါသည်။ မနောဓာတုသည် သင်္ဂြိုဟ်အရ သမ္ပဋိစ္ဆိုင်းနှင့် အဓိပ္ပါယ်တူပါသည်။ မနောဝိညာဏဓာတုမှာမူ သင်္ဂြိုဟ်အရ သန္တီရဏနှင့် အဓိပ္ပါယ်တူပါသည်။

မဂ္ဂဝီထိ၌ ညာဏ်နုံ့သည့် မန္ဒပုဂ္ဂိုလ်၏ မဂ္ဂဝီထိနှင့် ညာဏ်ထက်သည့် တိက္ခပုဂ္ဂိုလ်၏ မဂ္ဂဝီထိဟူ၍ နှစ်မျိုး လေ့လာပါမည်။

ပုထုဇဉ်ယောဂီ၏ မနောဒွါရ၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါး အာရုံထင်လာသည်ရှိသော် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒဟု ဘဝင် ၂-ကြိမ် လှုပ်၍ပြတ်ပြီးလျှင် ထိုထင်လာသောအာရုံကို ဆင်ခြင်လျက် မနောဒွါရာဝဇ္ဇန်း ဖြစ်၏။


ထို့နောက် မဟာကုသိုလ် ညာဏသမ္ပယုတ် စိတ် ၄-ပါး အနက်မှ တစ်ပါးပါးသည် လက္ခဏာရေးသုံးပါးကို အာရုံပြုလျက် ပရိကမ် ဥပစာ အနုလုံဟု ၃-ကြိမ်၊ နိဗ္ဗာန်ကို အာရုံပြုလျက် ဂေါတြဘု ၁-ကြိမ် ဖြစ်၍ချုပ်၏။

ထို့နောက် သောတာပတ္တိမဂ်ဇောသည် နိဗ္ဗာန်ကို အာရုံပြုလျက် ၁-ကြိမ်ဖြစ်၍ ထိုမဂ်၏ အခြားမဲ့၌ သောတာပတ္တိဖိုလ်ဇောသည် နိဗ္ဗာန်ကို အာရုံပြုလျက် ၂-ကြိမ် ဖြစ်၍ချုပ်ပြီးလျှင် ဘဝင်ကျကာ မဂ်မှုထ၏။ (တိက္ခပည ပုဂ္ဂိုလ်ဖြစ်သော် ပရိကမ်ကို ချန်လှပ်ပြီး ဖိုလ်ဇော ၃-ကြိမ် ဇောရမည်။)

---

**ကျမ်းညွှန်း** * မဟာသဒ္ဓမ္မဇောတိကဓဇ ဆုထူးပန်ဆရာဟန်၏ သံသရာလမ်းညွှန်ပညာ ဆုထူးပန် အဘိဓမ္မာကျမ်းများ (ပထမအဆင့်၊ ၂၀၁၂-ခုနှစ်) တွင် ထုတ်ဝေသည်။

**(မန္ဒပည)**
(နုံ့နှေးသောဉာဏ်ပညာရှိသူ)




**(တိက္ခပည)**
(ထက်မြက်သောဉာဏ်ပညာရှိသူ)




## စျာန်ဝင်စားသော သမာပဇ္ဇနဝီထိ

**(မန္ဒပည)**
(နုံ့နှေးသောဉာဏ်ပညာရှိသူ)




**(တိက္ခပည)**
(ထက်မြက်သောဉာဏ်ပညာရှိသူ)




## ရူပါဝစရ စျာန်ဝင်စားရန်

ကသိုဏ်းနိမိတ်အာရုံသည် မနောဒွါရ၌ ထင်လာသည်ရှိသော် ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒဟူ၍ ဘဝင် ၂-ကြိမ် လှုပ်ကာ ပြတ်ပြီးလျှင် ထိုကသိုဏ်းနိမိတ်ကိုပင် အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ်ဖြစ်၏။

ထို့နောက် မဟာကုသိုလ် ဉာဏသမ္ပယုတ် သောမနဿစိတ် (ပဉ္စမစျာန် ဝင်စားရန် ဥပေက္ခာစိတ်ယူ) ၂-ပါးတွင် တစ်ပါးပါးသည် မန္ဒပညပုဂ္ဂိုလ်ဖြစ်သော် ပရိကမ်၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘုဟု ၄-ကြိမ်၊ (တိက္ခပည ပုဂ္ဂိုလ်ဖြစ်သော် ဥပစာ၊ အနုလုံ၊ ဂေါတြဘုဟု ၃-ကြိမ်) ဖြစ်၍ချုပ်၏။ ထို့နောက် ရူပါဝစရကုသိုလ် ပထမစျာန် (သို့မဟုတ် ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်၊ ပဉ္စမစျာန်) စိတ်သည် အပ္ပနာဇောအဖြစ် အကြိမ်များစွာဖြစ်၍ချုပ်ကာ ထို့နောက် ဘဝင်ကျပြီး စျာန်မှထ၏။

## နိရောဓသမာပတ်နှင့် အနန္တရသတ္တိ

အနာဂါမ်နှင့် ရဟန္တာပုဂ္ဂိုလ်တို့သည် နိရောဓသမာပတ် ဝင်စားတော့မည်ဆိုပါက ရူပါဝစရ ပထမစျာန်မှစကာ စျာန်ကို အဆင့်ဆင့် ဝင်စားရပါသည်။ နောက်ဆုံး နေဝသညာ-နာသညာ ယတနစျာန်စိတ် ဖြစ်ပြီးသည်နှင့် တပြိုင်နက် ထပ်မံ၍ မည်သည့်စိတ်မှ

မဖြစ်တော့ပေ။ စိတ် စေတသိက် စိတ္တဇရုပ်များပါ ချုပ်ငြိမ်းသွားပါသည်။ ကမ္မဇရုပ်၊ ဥတုဇရုပ်နှင့် အာဟာရဇရုပ် တို့သာရှိသည့် ခန္ဓာအစဉ်ဖြင့် ၇-ရက်လုံးလုံးနေနိုင်ပြီး အဓိဋ္ဌာန်စေ့ပြီးနောက် နိရောဓသမာပတ်မှ ထသောအခါ အနာဂါမ်ပုဂ္ဂိုလ်က အနာဂါမိဖိုလ်စိတ်ဖြစ်သည်၊ ရဟန္တာပုဂ္ဂိုလ်က အရဟတ္တဖိုလ်စိတ် ဖြစ်လေသည်။

နိရောဓသမာပတ်မဝင်စားမီ နောက်ဆုံးဖြစ်ခဲ့သည့် နေဝသညာနာသညာယတန စျာန်စိတ်နှင့် နိရောဓသမာပတ်မှ ထသောအခါဖြစ်သည့် အနာဂါမိဖိုလ်စိတ် သို့မဟုတ် အရဟတ္တဖိုလ်စိတ်တို့၏ အကြား၌ ကာလအားဖြင့် ၇-ရက်လုံးလုံး ကြာသွားပါသည်။ သို့ပါသော်လည်း ထိုစိတ်နှစ်ခုတို့၏ အကြားတွင် မည်သည့်နာမ်ခန္ဓာမှ မဖြစ်တော့ပေ။ ထို့ကြောင့် နိရောဓသမာပတ် မဝင်စားမီက စိတ်နှင့် နိရောဓသမာပတ်မှ ထသောအချိန်တွင် ဖြစ်သည့်စိတ်ကို အနန္တရ (အကြားအလပ်မရှိသည့်) သတ္တိဖြင့် ကျေးဇူးပြုပါသည်။

## အသညသတ်ပြဟ္မာဘုံနှင့် အနန္တရသတ္တိ

စျာန်ရပြီးနောက် အသညသတ်ပြဟ္မာဘုံကို ရောက်နိုင်သည့် စျာနလာဘီပုဂ္ဂိုလ်၏ စုတိနှင့် ပဋိသန္ဓေ အကြားကာလ ကပ် ၅၀၀-သက်တမ်း ကြာမြင့်လေသည်။ အသင်္ချေယျလေးခုသော ရှည်ကြာကာလသည် မဟာကပ်တစ်ခုဖြစ်သဖြင့် ကပ်-၅၀၀ ဟူသောကာလကို မည်မျှရှည်သည်ဟု ပိုင်းခြားသိနိုင်ရန် ခက်ခဲလှပေသည်။ အသညသတ်ပြဟ္မာ့ဘုံ၌ သိတတ်၊ ခံစားတတ်၊ မှတ်သားတတ်၊ စေ့ဆော်တတ်သည့် နာမ်တရားတို့မရှိဘဲ ရုပ်တရားကြီးသက်သက်သာ မပုပ်မပျက်ဘဲ ကပ် - ၅၀၀ တိုင်တိုင် သက်တမ်းရှည် တည်နေပါသည်။

ကာမသုဂတိဘုံမှ နောက်ဆုံး စုတိစိတ်နှင့် အသညသတ်ဘုံမှ သက်တမ်းကုန်၍ ကာမဘုံတွင် ပြန်ဖြစ်သည့် ပဋိသန္ဓေစိတ် နှစ်ခုတို့၏အကြား အချိန်ကာလမှာအလွန့်အလွန်ရှည်လျားစွာ ခြားနေပါသော်လည်း နာမ်တရား၌ အကြားမရှိခြင်းက အလွန်ပင် အံ့ဩစရာဖြစ်ပါသည်။ အနန္တရပစ္စည်း၏ သတ္တိက ဤမျှအထိ ကျယ်ဝန်း၏။

## ရုပ်နာမ်နှင့် စပ်လျဉ်းသည့် တရားတော်ကို နာကြားဖူးခြင်း၏အကျိုး

သာဝတ္ထိမြို့မှ ပုဏ္ဏားကြီးတစ်ယောက်သည် လယ်စိုက်သောအခါ လယ်ဦးအလှူကိုပေး၏။ ကောက်ပင်များရိတ်သိမ်း၍ တလင်းမှာ နယ်သောအခါ တလင်းဦး အလှူဟူ၍ လှူ၏။ စပါးကို ကျီထဲသိမ်းသည့်အခါ ကျီဦးအလှူ ထမင်းချက်သောအခါတွင်လည်း ထမင်းဦးအလှူဟူ၍ ပေးလှူ၏။ ချက်ပြီးထမင်းများကို ထမင်းစားပန်းကန်ထဲ ခူး၍ထည့်သောအခါ၌လည်း ထမင်းခူးဦးအလှူ ဟူ၍ အလှူငါးမျိုး ပေးလှူလေ့ရှိ၏။ ဤသို့ အဦးအဖျားတို့ကို ပေးလှူ

တတ်သောကြောင့် ထိုပုဏ္ဏားကို ပဥ္စဂ္ဂဒါယကာ= ငါးပါးသော ဌာနတို့၌ အဦးအဖျားကို လှူသည့် ဒါယကာဟူ၍ ပိဋကတ်တော်၌ မှတ်တမ်းရှိ၏။

ဘုရားရှင်သည် ပဥ္စဂ္ဂဒါယကာ ပုဏ္ဏားကြီးဇနီးမောင်နှံတို့၏ ကျွတ်တမ်းဝင်မည့် အရေးကို မြင်တော်မူသဖြင့် ပုဏ္ဏားကြီးအိမ်သို့ တစ်ပါးတည်း ဆွမ်းခံကြွတော်မူ၏။ ထိုအချိန်၌ ပုဏ္ဏားကြီးသည် အိမ်အဝင်တံခါးဝကို ကျောပေးလျက် ထမင်းစားနေသဖြင့် ဘုရားရှင်အား ပုဏ္ဏားမမြင်ပါ။

ပုဏ္ဏေားမကြီးသည် ပုဏ္ဏားကြီးကို ခူးခပ်ကျွေးမွေးနေသဖြင့် ဘုရားရှင်ကို ဖူးမြင်နေရ သော်လည်း ချက်ထားသမျှ ထမင်းဟင်းများအားလုံးကို ပုဏ္ဏားကြီးက လောင်းလှူလိုက်မည်ကို စိုးရိမ်နေသည်။ ထို့ကြောင့် ဘုရားရှင် ဆွမ်းရပ်တော်မူနေသည့်အကြောင်း ပုဏ္ဏားကြီးကို အသိမပေးရုံမျှမက ဘုရားရှင်ကိုမမြင်နိုင်ရန် ဘေး၌ရပ်လျက် ကွယ်ကာထားလိုက်သေး၏။

ပုဏ္ဏေားမကြီး ရပ်နေရာမှ မျက်စိကို စွေ၍ ဘုရားရှင်ကြွသွားလေပြီလားဟု ကြည့် လိုက်ရာ ရပ်မြဲအတိုင်း ရပ်နေသည်ကို တွေ့ရသဖြင့် ပုဏ္ဏားကြီး မကြားစေရန် 'ကန်တော့ ဆွမ်းပါ'ဟု တိုးတိုးကလေး ဆိုလိုက်သည်။

သို့သော် ဘုရားရှင်က ငါမကြွသေးဟူသော သဘောဖြင့် ခေါင်းကို လှုပ်ခါ၍ ပြတော် မူ၏။ တစ်လောကလုံးက လေးစားရသည့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဤသို့ ဦးခေါင်း လှုပ်ရမ်းပြသည်ကို ပုဏ္ဏေားမကြီး မြင်ရသဖြင့် သူ၏စိတ်ကို မချုပ်ထိန်းနိုင်တော့ဘဲ အသံထွက် ရယ်မိလေသည်။

ထိုခဏမှာပင် ဘုရားရှင်က ရောင်ခြည်တော်များ လွှတ်တော်မူသဖြင့် ပုဏ္ဏားကြီးက ဘုရားရှင်အား ဖူးမြင်ရတော့၏။ ဤတွင် ပုဏ္ဏားကြီးသည် ထမင်းစားရာမှ ကပျာကယာထပြီး *"အရှင်ဂေါတမ တပည့်တော်စားထားသည့် ထက်ဝက်ကျန်နေသော ဤဆွမ်းကို အလှူခံနိုင် ပါမည်လော"* ဟု လျှောက်ထား၏။

ဘုရားရှင်က *"အို. . ပုဏ္ဏား သူတစ်ပါးကို အမှီပြု၍ အသက်မွေးရသောသူသည် အဦးအဖျားဖြစ်စေ၊ အလယ်ပိုင်းဖြစ်စေ၊ အကြွင်းအကျန်မျှပင်ဖြစ်စေ ရသမျှဆွမ်းကို ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်း မပြုပေ"* ဟု မိန့်တော်မူ၏။

ထိုစကားကို ကြားရသဖြင့် ပုဏ္ဏားကြီးက ဝမ်းသာအားရဖြစ်ကာ စားကြွင်းစားကျန် ဖြစ်သော ထမင်းဟင်းများကို လောင်းလှူပြီးလျှင် "အို. . . အရှင်ဂေါတမ အရှင်ဘုရားသည် တပည့်များကို ဘိက္ခုဟု ခေါ်ကုန်၏၊ အဘယ်သို့သော ကျင့်ဝတ်များကြောင့် ဘိက္ခုမည်ပါ သနည်း"ဟု မေးလျှောက်၏။

ဤပုဏ္ဏားကြီးနှင့် ပုဏ္ဏေားမတို့သည် ကဿပဘုရားရှင် လက်ထက်တော် ကာလက ရုပ်နာမ်နှင့် စပ်လျဉ်းသည့် တရားတော်ကို နာကြားခဲ့ဖူးသည့် အာဂမသုတ ရှိခဲ့ဖူးသည်ကို မြင်တော်မူသဖြင့် ရုပ်နာမ်နှင့်စပ်သော တရားစကားကို အောက်ပါအတိုင်း မိန့်ကြားတော်မူ ခဲ့ပါသည်။

*'သဗ္ဗသော နာမရူပသ္မိံ ၊ ယဿ နတ္ထိ မမာယိတံ။*
*အသတာ စ န သောစတိ၊ သ ဝေ "ဘိက္ခူ"တိ ဝုစ္စတိ'*

"အလုံးစုံသော နာမ်တရားနှင့် ရုပ်တရားတို့၌ ငါ ၊ ငါ၏ဥစ္စာဟု စွဲလမ်းမှုမရှိသဖြင့် နာမ်ရုပ် ပျက်သော်လည်း စိုးရိမ်မှုမရှိသူကို ဘိက္ခုရဟန်းဟု ဆိုထိုက်၏"ဟူသော ဒေသနာတော် အဆုံး၌ ပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမကြီးတို့သည် အနာဂါမ် ဖြစ်ကြလေသည်။

ရှည်ကြာလှသည့် သံသရာခရီး၏ တစ်တောင့်တစ်နေရာ၌ နာကြားခွင့်ရခဲ့သည့် တရားတော်၏သတ္တိသည် ပျက်ပြယ်မသွားခဲ့ပါ။ ဤပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမတို့၏ ရူပသန္တတိ အစဉ် physical continuity သည် အကြိမ်များစွာ ရေတွက်မရသည့်တိုင် သေကြေပျက်စီးကာ အသစ် အသစ်သောခန္ဓာတို့ ရခဲ့ဖူးပေါင်းများလှပေပြီ။ သို့သော် နာမသန္တတိအစဉ် Mental continuity သည် ဥပါဒ်၊ ဌီ၊ ဘင် စိတ္တနိယာမအတိုင်း အနန္တရ၊ သမနန္တရ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတသတ္တိ တို့ဖြင့် ကာလရှည်ကြာ ခြားခဲ့ပါသော်လည်း အကြောင်းစုံလျှင် ကျေးဇူးပြုနိုင်ပါသည်။

## အလိုလိုဖြစ်လွယ်နေသည့်ကုသိုလ်၊ အကုသိုလ်

မိမိတို့၏ နာမသန္တတိစိတ်အစဉ်၌ အလိုလိုဟုပြောရလောက်အောင် 'စိတ်ဆိုးလွယ်လိုက်တာ၊ သောကဖြစ်လွယ်လိုက်တာ၊ ဝမ်းနည်းလွယ်လိုက်တာ၊ စိတ်ကောက်လွယ်လိုက်တာ၊ မနာလိုဖြစ်လွယ်လိုက်တာ'တို့သည် အကုသိုလ် ကိလေသာတည်း။

မိမိတို့၏ နာမသန္တတိစိတ်အစဉ်၌ အလိုလိုဟုပြောရလောက်အောင် 'ပေးကမ်းလှူဒါန်း လွယ်လိုက်တာ၊ မေတ္တာထားလွယ်လိုက်တာ၊ တရားနာဖို့ စိတ်အားထက်သန်လွယ်လိုက်တာ၊ ဗုဒ္ဓါနုဿတိ စီးဖြန်းရတာ လွယ်လိုက်တာ၊ သတိပဋ္ဌာန်းတရား အားထုတ်ရတာ လွယ်လိုက်တာ' တို့သည် ကုသိုလ်ပါရမီတည်း။

တစ်နည်းထပ်ပြရသော် မေတ္တာပွားနေစဉ်၌ မေတ္တာနာမ်ရုပ်တို့ ဖြစ်နေပါသည်။ ပေးကမ်းလှူဒါန်းစဉ်၌ အလောဘနာမ်ရုပ်တို့ ဖြစ်နေသည်။ စိတ်ဆိုး၊ စိတ်ကောက်နေစဉ် ဒေါသနာမ်ရုပ်တို့ ဖြစ်နေသည်။ အလေ့အကျင့် သန်ရာသန်ရာ အဖြစ်များနေကြခြင်းဖြစ် ပါသည်။ အကုသိုလ်ဘက်၌ အလေ့အကျင့်များပါက အကုသိုလ် အဖြစ်များမည်။ ကုသိုလ် ဘက်၌ အလေ့အကျင့်များပါက ကုသိုလ်အဖြစ်များမည်။ မြစ်ကမ်းပါးပေါ် ပေါက်နေသည့် သစ်ပင်ကြီးသည် မြစ်ဖက်သို့ကိုင်းနေသဖြင့် လဲကျသောအခါ မြစ်ဖက်သို့သာ လဲကျမည်ဟု အဋ္ဌကထာ၌ ဥပမာရှိပါသည်။

ကိလေသာက လူကို ကစားစရာအရုပ်ပမာ အလွန်နိုင်သည်။ ထို့ကြောင့် သီလ၊ သမာဓိ၊ ပညာ မည်သော သိက္ခာသုံးရပ်ကို ကျင့်သုံးလေ့မရှိသူ သာမန်လူတို့အဖို့ လောဘ၊ ဒေါသ၊ မောဟ၊ မာန ကိလေသာတို့က ကြာလေတိုးလေ၊ ကြာလေရင့်လေ ဖြစ်မြဲဖြစ်နေပါသည်။

ရဟန်းဖြစ်သောကြောင့်လည်းကောင်း၊ ရှင်ဘုရင်ဖြစ်သောကြောင့်လည်းကောင်း၊ သူဆင်းရဲဖြစ်သောကြောင့်လည်းကောင်း ကိလေသာလက်မှ လွတ်ငြိမ်းရန်အခွင့် သာမည် မဟုတ်ပေ။ ကိလေသာလွတ်ရာနည်းလမ်းသည် သီလ၊ သမာဓိ၊ ပညာဟူသော တစ်ကြောင်း တည်းသော မဂ္ဂင်လမ်းသာရှိ၏။

## အဘိဓမ္မာ၏ ဇာတ်ကောင်

သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ဟူသော ပိဋကတ်သုံးပုံ ရှိရာ၌ သုတ္တန်များတွင် ဇာတ်ကောင် များ ပါလေသည်။ ဝိနည်း၌လည်း မည်သည့်ပုဂ္ဂိုလ်ကို အကြောင်းပြုပြီး ဤဝိနည်းသိက္ခာပုဒ်ကို ပညတ်သည်ဟူသော ဇာတ်ကောင်ပါသည်။ အဘိဓမ္မာ၌မူ ဇာတ်ကောင်က မိမိကိုယ်တိုင် ဖြစ်နေပေတော့သည်။ အဘယ်ကြောင့်ဆိုသော် အဘိဓမ္မာတရား၌ ပရမတ္ထဓမ္မကိုသာ ဘုရားရှင်ဟောကြားတော်မူသောကြောင့် ဖြစ်ပါသည်။

## ဝီထိစိတ် (၀၁) အသိစိတ်တစ်မျိုး ဖြစ်ပေါ်လာနိုင်ရန် အကြောင်းတရားများ

### စက္ခုဒွါရဝီထိဖြစ်ရန် အကြောင်း ၄-ပါး

၁။ စက္ခုပသာဒ ကောင်းမွန်ရမည်။
၂။ ရူပါရုံဟူသည့် မြင်နိုင်သော အဆင်းရှိရမည်။
၃။ အာလောကဟူသော အလင်းရှိရမည်။
၄။ မနသိကာရဟူသည့် နှလုံးသွင်းမှု ရှိရမည်။
(စက္ခာ လောက၊ ရူပထင်ပြီ၊ မနသိ၊ လေးလီစက္ခုဖို့)

### သောတဒွါရဝီထိဖြစ်ရန် အကြောင်း ၄-ပါး

၁။ သောတပသာဒ ကောင်းမွန်ရမည်။
၂။ သဒ္ဒါရုံဟူသည့် ကြားနိုင်သော အသံ ရှိရမည်။

---

**ကျမ်းညွှန်း** * (၃၆၇)၊ ပဥ္စဂ္ဂဒါယက ဗြာဟ္မဏဝတ္ထု၊ ဘိက္ခုဝဂ္ဂ၊ ဓမ္မပဒပါဠိ (နှာ-၆၆) (အဋ္ဌကထာ-၂ နှာ-၃၆၇)

၃။ အာကာသဓာတ်ဟူသည့် လေဖြတ်သန်း သွားလာနိုင်သော ဟင်းလင်းနယ် ရှိရမည်။
၄။ မနသိကာရဟူသည့် နှလုံးသွင်းမှု ရှိရမည်။
(သောတာ ကာသ၊ သဒ္ဒထင်ပြီ၊ မနသီ၊ လေးလီသောတဖို့)

**ဃာနဒွါရဝီထိဖြစ်ရန် အကြောင်း ၄-ပါး**

၁။ ဃာနပသာဒ ကောင်းမွန်ရမည်။
၂။ ဂန္ဓာရုံဟူသည့် အနံ့ ရှိရမည်။
၃။ ဝါတဟူသည့် အနံ့ကို ဆောင်သောလေ ရှိရမည်။
၄။ မနသိကာရဟူသည့် နှလုံးသွင်းမှု ရှိရမည်။
(ဃာန ဝါတ၊ ဂန္ဓထင်ပြီ၊ မနသီ၊ လေးလီဃာနဖို့)

**ဇိဝှာဒွါရဝီထိဖြစ်ရန် အကြောင်း ၄-ပါး**

၁။ ဇိဝှာပသာဒ ကောင်းမွန်ရမည်။
၂။ ရသာရုံဟူသည့် အရသာ ရှိရမည်။
၃။ အာပဟူသည့် လျှာရည် ရှိရမည်။
၄။ မနသိကာရဟူသော နှလုံးသွင်းမှု ရှိရမည်။
(ဇိဝှာ အာပ၊ ရသထင်ပြီ၊ မနသီ၊ လေးလီဇိဝှာဖို့)

**ကာယဒွါရဝီထိဖြစ်ရန် အကြောင်း ၄-ပါး**

၁။ ကာယပသာဒ ကောင်းမွန်ရမည်။
၂။ ဖောဋ္ဌဗ္ဗာရုံဟူသည့် အထိအတွေ့ ရှိရမည်။
၃။ ထဒ္ဓပထဝီဟူသည့် ခက်မာသော ပထဝီ ရှိရမည်။
၄။ မနသိကာရဟူသော နှလုံးသွင်းမှု ရှိရမည်။
(ကာယ ထဒ္ဓ၊ ဖောဋ္ဌထင်ပြီ၊ မနသီ၊ လေးလီကာယဖို့)

**မနောဒွါရဝီထိဖြစ်ရန် အကြောင်း ၄-ပါး**

၁။ မနောဒွါရဟုခေါ်သော ဘဝင်စိတ် ရှိရမည်။
၂။ ပဥ္စာရုံ သို့မဟုတ် ဓမ္မာရုံဟူသည့် အာရုံတစ်ခုခု ရှိရမည်။

၃။ ဟဒယဝတ္ထုဟူသည့် စိတ်မှီရာ ဝတ္ထု ရှိရမည်။
၄။ မနသိကာရဟူသော နှလုံးသွင်းမှု ရှိရမည်။
(မနော ဟဒယ၊ ဓမ္မထင်ပြီ၊ မနသိ၊ လေးလီမနဖို့)

မှတ်ချက်။ ။ ဝီထိစိတ် (ဝါ) အသိစိတ်တစ်မျိုးဖြစ်ပေါ်ရန် အကြောင်း ၄-ချက်စီ ဖော်ပြထားရာ၌ ပထမ ၃-ချက်စီသည် သိပ္ပံလိုအပ်ချက်နှင့် ကိုက်ညီ၏။ စတုတ္ထအချက်မှာ သိပ္ပံတွင်မပါသော အဘိဓမ္မာ၏ ထူးခြားချက် ဖြစ်၏။ သတိမမူလျှင် ဂူမမြင်ဟူသော စကားအတိုင်း နှလုံးသွင်းမှု မရှိလျှင် မမြင်နိုင်ကြောင်း ထင်ရှားသည်။ နို့စို့ကလေးငယ်ကို ချော့ သိပ်ရင်း အိပ်မောကျနေသော မိခင်သည် မိုးကြိုးပြင်းထန်စွာ ခြိမ်းသည့်အခါ မနိုးဘဲ ကလေးငယ်၏ "အင့်အင့်"ဟု တိုးတိုးငိုသံကိုမူ ကြားနိုင်ပြီး နိုးလာနိုင်ခြင်းကို ထောက်ရှု၍ မနသိကာရ၏ အရေးပါပုံကို သိရန် ခက်ခဲမည်မထင်ပါ။

## ဝီထိ = အစဉ်အတန်း Process of consciousness

၁ - စက္ခုဒွါရဝီထိ = စက္ခုဒွါရ၌ထင်လာသည့် ရူပါရုံကြောင့် ဖြစ်ပေါ်လာသည့် စိတ်အစဉ်။
၂ - သောတဒွါရဝီထိ = သောတဒွါရ၌ထင်လာသည့် သဒ္ဒါရုံကြောင့် ဖြစ်ပေါ်လာသည့် စိတ်အစဉ်။
၃ - ဃာနဒွါရဝီထိ = ဃာနဒွါရ၌ထင်လာသည့် ဂန္ဓာရုံကြောင့် ဖြစ်ပေါ်လာသည့် စိတ်အစဉ်။
၄ - ဇိဝှာဒွါရဝီထိ = ဇိဝှါဒွါရ၌ထင်လာသည့် ရသာရုံကြောင့် ဖြစ်ပေါ်လာသည့် စိတ်အစဉ်။
၅ - ကာယဒွါရဝီထိ = ကာယဒွါရ၌ထင်လာသည့် ဖောဋ္ဌဗ္ဗာရုံကြောင့် ဖြစ်ပေါ်လာသည့် စိတ်အစဉ်။
၆ - မနောဒွါရဝီထိ = မနောဒွါရ၌ထင်လာသည့် ပဉ္စာရုံ၊ ဓမ္မာရုံကြောင့် ဖြစ်ပေါ်လာသည့် စိတ်အစဉ်။

## စိတ္တဟတ္ထမထေရ်ဝတ္ထု

သာဝတ္ထိမြို့နေ အမျိုးကောင်းသားတစ်ဦးသည် တောထဲသွားပျောက်ရှာရာ နေမွန်း တည့်သဖြင့် ထမင်းလည်းဆာ လူလည်းပင်ပန်းလာပါသည်။ ထိုစဉ် ရဟန်းတော်များ သီတင်း

ကျမ်းညွှန်း * ဒေါက်တာမင်းတင်မွန်၏ ဗုဒ္ဓအဘိဓမ္မာအနှစ်ချုပ် (စတုတ္ထအကြိမ်) (၁၉၉၈-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်။)

သုံးရာကျောင်းကိုမြင်သဖြင့် အစာတစ်ခုခု ရလိုရငြား ကျောင်းထဲဝင်သွားရာ ဆွမ်းကျန်များကို စွန့်တော်မူသဖြင့် ဗိုက်ဝအောင် စားခွင့်ရလေသည်။ စားရသည့်ဆွမ်းက အလွန်ကောင်းနေသဖြင့် ယနေ့ တစ်စုံတစ်ဦးဦး၏ ပင့်ဖိတ်မှုကြောင့် ဤမျှကောင်းနေခြင်း ဖြစ်မည်ဟု တွေးမိသဖြင့် မေးလျှောက်လေသည်။ ရဟန်းတော်များက ဤဆွမ်းသည် ပုံမှန်လောင်းလှူသည့်ဆွမ်း ဖြစ်ကြောင်း မိန့်တော်မူသည်။ ထိုအမျိုးကောင်းသားက 'ငါ့မှာ ပင်ပင်ပန်းပန်း ရှာဖွေတာတောင် ဒီလောက်ကောင်းကောင်း မစားရဘူး၊ ဒီတော့ ရဟန်းဝတ်တာပဲ ကောင်းမယ်'ဟု ဆုံးဖြတ်ကာ ရဟန်းပြုခွင့်တောင်း၏။ ရဟန်းဖြစ်ပြီး ရက်အတန်ကြာသော် ဆူဖြိုးလာသဖြင့် 'အိမ်တကာ လှည့်ပြီး တောင်းရမ်းစားရတာ မဟန်သေးပါဘူး၊ လူ့ဘဝနှင့်ပဲ လုပ်စားတာကောင်းပါတယ်'ဟု တွေးမိပြန်ကာ သိက္ခာချလူထွက်ပြီး အိမ်ပြန် လယ်ယာလုပ်ငန်းများ လုပ်ကိုင်၏။

ဤသို့ဖြင့် လူဝတ်နှင့် နေရာမှတစ်ဖန် ရဟန်းပြုပြန်၊ နောက်တစ်ဖန် လူထွက်ပြန်ဖြင့် ခြောက်ကြိမ် တိုင်ခဲ့လေတော့သည်။ ယခုကဲ့သို့ စိတ်သွားရာ အာရုံနောက် လိုက်ပါတတ်သောကြောင့် ရဟန်းတော်များက သူ့ကို စိတ္တဟတ္ထမထေရ်ဟု မှည့်ခေါ်ကြလေသည်။

သူသည် လူ့ဘဝနှင့် ရဟန်းဘဝကို လူးလာတုံ့ခေါက် ပြုနေရင်းပင် သူ့မယား၌ ကိုယ်ဝန်တည်လေသည်။ ခုနစ်ကြိမ်မြောက် ရဟန်းပြုလတ္တံ့သောအချိန်တွင် တောမှ ထွန်တုံး ထွန်သန်တို့ကို အိမ်သို့ယူလာပြီး သင်္ကန်းကိုယူရန် အိမ်ထဲဝင်သွားစဉ် ကိုယ်ဝန်ရှိနေသည့် သူ၏မယား ကုတင်ထက်၌ ပိုးစိုးပက်စက် အိပ်ပျော်သည်ကိုမြင်ရာမှ ဖူးဖူးယောင်နေသည့် အကောင်ပုပ်၏ကိုယ်ကဲ့သို့ ရွံရှာစက်ဆုပ်ကာ သင်္ကန်းကိုပိုက်လျက် အိမ်ကထွက်ခွာသွားစဉ် လမ်း၌ပင် သောတာပန်တည်လေသည်။ ရဟန်းတော်များထံပါး ရဟန်းပြုခွင့် တောင်းပြီး ရဟန္တာ ဖြစ်လေသည်။

မယားအာရုံကြောင့် သံဝေဂဖြစ်ကာ ထွက်လာစဉ် အိမ်နှင့်ကျောင်းအကြား၌ ဘဝါဘဝ များစွာက ဖြည့်ကျင့်လာခဲ့သည့် ပါရမီတော်များ၏ လှုံ့ဆော်မှု၊ သာသနာတော်နှင့် ကြုံနေသည့် ယခုဘဝ၏ အကြောင်းစုံမှုတို့ကြောင့် လမ်းခရီး၌ပင် သောတာပန်ဖြစ်၏။ အနန္တရသတ္တိက ဘုရားရှင်မှအပ ကျန်သူတို့အနေဖြင့် မကြုံစည်ဝံ့လောက်အောင်ပင် နက်နဲလှပါသည်။ ကြီးကျယ်လှပါသည်။

## အမှန်မသိသဖြင့် အမြင်မှားနေသည်

သက္ကာယဟူသည် အမှန်တကယ်ရှိနေသော ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါး၏ ဖောက်ပြန်

**ကျမ်းညွှန်း** ＊ (၅)၊ စိတ္တဟတ္ထတ္ထေရဝတ္ထု၊ စိတ္တဝဂ္ဂ၊ ဓမ္မပဒဋ္ဌကထာ (နှာ-၁၉၄)

တတ်သည့်သဘောနှင့် သိတတ်သည့်သဘော နှစ်ပါးမှာ ပရမတ္ထအားဖြင့် အမှန်တကယ် ရှိသည့်သဘောတရားဖြစ်ပါသည်။ မောင်ဖြူ မောင်မဲဟူသည် အမည်ပညတ်မျှသာဖြစ်သည်။ သို့သော် ဤသို့ ခေါ်ဝေါ်ပညတ်ထားသည်ကိုပင် မုချအမှန်တကယ် အရှိတရားဟု ထင်နေခြင်းက မှားယွင်းသောအမြင်ဖြစ်ပြီး သက္ကာယဒိဋ္ဌိ ဟုခေါ်သည်။

ဘဝဟူသည် တစ်ဆက်၊ တစ်စပ်တည်း သွားနေခြင်းလည်း မဟုတ်ပေ။ လွန်ခဲ့သည့် ဘဝလည်းငါပဲ၊ နောင်လာမည့်ဘဝ၌လည်း ငါဖြစ်ဦးမည် ဟူသော အယူကိုယူမိလျှင် သက္ကာယဒိဋ္ဌိ ဖြစ်မည်။ ရှေးဘဝနှင့် နောက်ဘဝတို့သည် သီးခြားစီ ဖြစ်သည်ဟူသော အယူကို ယူမိလျှင် ဥစ္ဆေဒဒိဋ္ဌိဖြစ်မည်။

ထို့ကြောင့် ဘဝါဘဝကို တစ်ဆက်တည်းဟု ယူပါက "သဿတဒိဋ္ဌိ"၊ သီးခြား စီဟု ယူပါက ဥစ္ဆေဒဒိဋ္ဌိ၊ အကြောင်းမရှိဘဲ အလိုလိုဖြစ်ပေါ်သည် ဟု ယူပါက "အဟေတုက ဒိဋ္ဌိ"။ ထာဝရဘုရားက ဖန်ဆင်းသည်၊ ဗြဟ္မာကြီးက ဖန်ဆင်းသည်ဟု ယူပါက "ဝိသမ ဟေတုဒိဋ္ဌိ"။ ဤသည်တို့မှာ အယူမှားမှုများသာ ဖြစ်ပေသည်။

## ကောသလမင်းကြီး၏ အသဒိသဒါနဝတ္ထု

အသဒိသဒါနကြီးအတွက် သာဝတ္ထိပြည်၌ အပြိုင်အဆိုင် လှူဒါန်းနေကြသည့် ကာလတွင် ကောသလမင်းကြီး၏ ကဏှမည်သော အမတ်ကြီးတစ်ယောက်က "သူတို့ အပြိုင်အဆိုင် အနိုင်ဂုဏ်ထူးကိုရချင်လို့ လှူဒါန်းနေကြတာ ဘာကုသိုလ်ရမှာလဲ၊ ဝတ္ထုပစ္စည်းတွေ ကုန်ဆုံးရုံမျှပဲရှိတယ်" ဟု စိတ်၌ ပြစ်မှားလျက် ရှိနေ၏။

အခြားအမတ်တစ်ဦးဖြစ်သည့် ဇုဏှအမတ်ကြီးကမူကား "သြော် ဘုရားတစ်ဆူတစ်ဆူ သက်ရှိထင်ရှားကာလအတွင်း ကြီးမားမြင့်မြတ်လှတဲ့ ဒါနကြီးများ တစ်လှူသာဖြစ်ပွားနိုင်တဲ့ ဒီအသဒိသဒါနကြီးများကို ကိုယ်အား၊ ဉာဏ်အား၊ ပစ္စည်းအားတို့နှင့် မနိုင်နိုင်အောင်၊ အပြိုင်အဆိုင် ကြံဆောင်ပြုလုပ် အားထုတ် လှူဒါန်းနိုင်ကြပါပေတကား"ဟု စိတ်ဝယ်တွေးကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက်နေ၏။ အာရုံချင်းတူတူ စိတ်အစဉ် မတူညီကြခြင်းမှာ ရှည်လျားလှသည့် ဘဝသံသရာ၌ သတ္တဝါတို့ လေ့ကျင့်ဆည်းပူးခဲ့သည့် အထုံဝါသနာကြောင့် ဖြစ်၏။

နောက်ဆုံးတွင် မလ္လိကာမိဖုရားကြီး၏ စီမံမှုကြောင့် ကောသလမင်းကြီးက အနိုင် ရပါသည်။ အသဒိသဒါနအတွက် အနုမောဒနာတရားကို မြတ်စွာဘုရားရှင်က တစ်ဂါထာ

**ကျမ်းညွှန်း** ＊ (၂၉၆)၊ အဋ္ဌယထာဘုစ္စဝဏ္ဏနာ၊ မဟာဝဂ္ဂဋ္ဌကထာ (နှာ-၂၄၇)

မျှသာ ဟောတော်မူပါသည်။ ထိုအခါ ကောသလမင်းကြီးက မကျေနပ်လှ၍ နောက်တစ်နေ့၌ ဘုရားရှင်ထံပါးသွားကာ "ဤမျှလောက် ကြီးကျယ်သော ဒါနကြီးကို ပြုပါလျက် အဘယ် အတွက်ကြောင့် အနုမောဒနာတရားကို တစ်ဂါထာတည်းသာ ဟောကြားရပါသလဲဘုရား" ဟု လျှောက်ထားသောအခါ "အကယ်၍ ဤအသဒိသဒါန အကျိုးကြီးကြောင်းကို အကျယ် ပွား၍ ငါဘုရားဟောကြားလိုက်သည်ရှိသော် ဤဒါနကြီးကို ချီးမွမ်းဝမ်းမြောက်သော ဇုဏှအမတ်မှုကား သောတာပန် ဖြစ်နိုင်ပါသော်လည်း ဤကြီးကျယ်မြင့်မြတ်သော အလှူ ကြီးကို စိတ်ဝယ်ပြစ်မှားနေခဲ့သော ကဏှအမတ်ကြီးကား ဦးခေါင်းရှစ်စိတ်ကွဲ၍ တစ်ခါတည်း သေသွားမည်အကြောင်းကို ကရုဏာရှေ့ထား၍ တစ်ဂါထာတည်းသာ ငါဘုရား ဟောကြား သည်"ဟု မိန့်တော်မူပါသည်။

ဤနေရာတွင်အာရုံခြင်း၊ ဖြစ်ရပ်ခြင်း တူညီနေသော်လည်း ကဏှအမတ်၏ စိတ်အစဉ် နှင့် ဇုဏှအမတ်ကြီးတို့၏ စိတ်အစဉ်နှင့် အယူအမြင် မတူကွဲပြားသဖြင့် အကျိုးပေးလည်း ကွဲပြားပေတော့မည်။

မင်းနှင့်ပြည်သူ တစ်ဦးနှင့် တစ်ဦးအနိုင်ရအောင် ပြုလုပ်လှူဒါန်းကြသောအခါ သူတို့၏ စိတ်နှလုံးဝယ် သာလိုနိုင်လိုကြသည် မှန်သော်လည်း လောဘ၊ ဒေါသ၊ မောဟ အရာမျိုး မဟုတ်ဘဲ အင်အားကြီးသော ကုသိုလ်နယ်ထဲက သာလိုကြခြင်းသာဖြစ်သည်ဟု ယူနိုင်ပါသည်။

## ပဋ္ဌာန်းသင်တန်းနှင့် ပဋ္ဌာန်းဉာဏ်

အနန္တရပစ္စည်းတွင် နောက်နောက် ပစ္စည်းတရားတို့သည် ရှေးရှေးပစ္စည်းတရားအပေါ် မူတည်ပြီး ဖြစ်လာရသည်မှာ ဓမ္မတာဖြစ်ပေသည်။ ထို့ကြောင့် ရှေးရှေးစိတ်တို့က ပျက်ပျက် သွားပြီး နောက်နောက်စိတ်များ ဖြစ်ပေါ်လာနိုင်ရန် အနန္တရသတ္တိဖြင့် ကျေးဇူးပြုပါသည်။

သို့သော် ဟေတု ၆-ပါးထဲက ကုသိုလ်၊ အကုသိုလ် တစ်ပါးပါး ပါနေပါသည်။ အာရမ္မဏ အာရုံကလည်း ပါနေသည်။ အာရုံက အဓိပတိထိုက်လောက်သည့် အာရုံဖြစ်လျှင်မူ ထိုထို အာရုံကို မခွဲနိုင် မခွာနိုင်အောင်ပင် ကျေးဇူးပြုနေပါတော့သည်။

ထို့ကြောင့် ဟေတုပစ္စည်းက သူရသည့်အာရုံကို အမြစ်တွယ်သည့်ပမာ တွယ်ပြီး အာရုံ ပြုနေပါသည်။ ဤသို့သော သဘာဝကြောင့် အကျိုးတရားတစ်ရပ် ပေါ်ပေါက်လာနိုင်ရေး အတွက် ဟေတု၊ အာရမ္မဏ၊ အဓိပတိ၊ အနန္တရ စသည် စသည်ဖြင့် အကြောင်းပစ္စည်းများစွာ ပါဝင် ကျေးဇူးပြုရပါသည်။

---

**ကျမ်းညွှန်း** * (၂၉၆)၊ အဋ္ဌကထာဘုစ္စဝဏ္ဏနာ၊ မဟာဝဂ္ဂဋ္ဌကထာ (နှာ-၂၄၇)

ယခုကဲ့သို့ ပဋ္ဌာန်းသင်တန်း တက်ရောက်သင်ကြားနေသည့် အချိန်တွင် မဟာကုသိုလ် စိတ်ရှစ်ပါးထဲက သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် ဖြစ်နေပါသည်။ ဝီထိအနေအားဖြင့် ပဉ္စဒွါရဝီထိထဲက မျက်စိ၊ နား၊ ကိုယ်ကာယစသည်တို့က အလုပ်အများဆုံး လုပ်နေကြရသဖြင့် ဝီထိတစ်ခုခြင်းစီ၌ ဇောခုနစ်ကြိမ် စောနေကြပါသည်။ မဟာကုသိုလ်စိတ်၏ ဇောခုနစ်ကြိမ်အနက် ပထမဇောဖြစ်လာသည်နှင့် တစ်ပြိုင်နက်တည်း သမ္ပယုတ္တဓမ္မအနေနှင့် စေတသိက်ပေါင်း ၃၈-ပါး ဖြစ်ပါသည်။

၎င်းတို့မှာ (သဗ္ဗသာဓာရဏစေတသိက် ၇-ပါး + ပကိဏ်းစေတသိက် ၆-ပါး + သောဘဏ သာဓာရဏ ၁၉-ပါး + ဝိရတီစေတသိက် ၃-ပါး + အပ္ပမညာစေတသိက် ၂-ပါး + ပညိန္ဒြေစေတသိက် ၁-ပါး = ပေါင်း ၃၈-ပါး) ထိုထိုစေတသိက်တို့တွင် အလောဘဟိတ် ပါနေသည်။ အဒေါသနှင့် အမောဟဟိတ်တို့ ပါနေပါသည်။ ဤမျှ ကြီးကျယ် ကျယ်ပြန့်သည့် ဖြစ်စဉ်တို့သည် ပထမဇော၏ အခိုက်အတန့်အတွင်း၌ ဖြစ်နေကြခြင်းတည်း။

ဤဖြစ်စဉ်တို့သည် ယခု ပဋ္ဌာန်းသင်တန်း သင်ကြားသင်ယူနေကြသည့် မြို့တော်ဝန်ကျောင်း၏ စံကျောင်းထဲမှ ဘုန်းကြီးတို့ ဆရာတပည့်တို့၏ သန္တာန်၌ ဖြစ်နေကြခြင်းပေတည်း။ တစ်ဖန် ထိုထိုစိတ်၊ စေတသိက်များဖြစ်လာသည့် တဒင် တခဏအတွင်း၌ပင် စိတ္တဇရုပ်များစွာတို့လည်း သင်တန်းသူ သင်တန်းသားတို့၏ သန္တာန်တွင် ဖြစ်ပေါ်လာနေပါသည်။

ထို့ကြောင့် ယခု အနန္တရပစ္စည်းကို သင်ကြား၊ သင်ယူနေသည့် အခိုက်အတန့် အတွင်း၌ပင် စိတ်၊ စေတသိက်နှင့် စိတ္တဇရုပ်ဟူသော နာမ်တရားနှစ်မျိုးနှင့် ရုပ်တရားတို့ ကုဋေပေါင်းများစွာ ဖြစ်နေသည့် Process မျှသာဖြစ်သည်။ ပုဂ္ဂိုလ်သတ္တဝါ မရှိပေ။

## အနန္တရပစ္စည်း၏ သင်္ချာ

အနန္တရပစ္စည်း၏သင်္ချာမှာ - ၇ ဖြစ်ပါသည်။ ထို့ကြောင့် "အနန္တရေ သတ္တ" ဟု မှတ်သားနိုင်ပါသည်။ ထိုသင်္ချာကို အောက်ပါအတိုင်း မှတ်သားနိုင်ပါသည် -

### ကုသလ သင်္ချာ - ၂

(၁) ကု-ကု (၂) ကု-ဗျာ

### အကုသလ သင်္ချာ - ၂

(၁) အကု-အကု (၂) အကု-ဗျာ

## အဗျာကတ သင်္ချာ - ၂

(၁) ဗျာ-ဗျာ (၂) ဗျာ-ကု (၃) ဗျာ-အကု

### Mind to Mind

အနန္တရပစ္စည်းသည် နာမ်တရားက နာမ်တရား Mind to Mind ကို ကျေးဇူးပြုသော ပစ္စည်း ဖြစ်သည်။


### ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား

ပစ္စယဟူသော အကြောင်းတရားမှာ - ရဟန္တာစုတိကြဉ်သော စိတ် - ၈၉ ပါး၊ စေတသိက် - ၅၂ ပါးတို့ ဖြစ်သည်။

ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - စိတ် - ၈၉ ပါးနှင့် စေတသိက် - ၅၂ ပါးတို့ ဖြစ်သည်။

အနန္တရမျိုးကြီး (၇)ပါး ရှိသည်။ ၎င်းတို့မှာ -

၁။ အနန္တရ၊
၂။ သမနန္တရ၊
၃။ အနန္တရူပနိဿယ၊
၄။ အာသေဝန၊
၅။ နာနာက္ခဏိကကမ္မ
၆။ နတ္ထိနှင့်
၇။ ဝိဂတပေါင်း ၇-ပါး ဖြစ်ပါသည်။




ဝီထိစိတ်အစဉ်တို့၏ အင်အားများ


# ပဉ္စဒွါရဝီထိသို့ အစဉ်လိုက်သော အနုဗန္ဓကမနောဒွါရဝီထိ




| | |
|---|---|
| တီ န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ ဒါ ဒါ | (အဆင်းကို မြင်သည့်ဝီထိ) |
| န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဒါ ဒါ | (ဆက်ဖြစ်ဝီထိ) |
| န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဒါ ဒါ | (သဏ္ဍာန်ပညတ်ဖြပ်သိဝီထိ) |
| န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဒါ ဒါ | (အမည်သိဆက်ဖြစ်ဝီထိ) |


## ပဉ္စဒွါရဝီထိ


အဗျာကတ ကုသိုလ်၊ အကုသိုလ်၊ ကြိယာ အဗျာကတ




## မနောဒွါရဝီထိ

အဗျာကတ ကုသိုလ်၊ အကုသိုလ်၊ ကြိယာ အဗျာကတ




* စိတ်တစ်ခု၏အသက် ⟶ ဥပါဒ်၊ ဌီ၊ ဘင်ဟူ၍ ခဏငယ်သုံးချက် (ဥပါဒ် ဌီ ဘင်)

* ခဏငယ်သုံးချက် ⟶ စိတ္တက္ခဏ ၁ ချက် * စိတ္တက္ခဏ(၁၇)ချက် ⟶ တစ်ဝီထိ


မှတ်သားရန်။ ။ အဆင်းမြင်စဉ် ဝီထိစိတ်ကုဋေပေါင်းများစွာထဲက နည်းယူသိသာနိုင်ရန် ဥပမာဖြင့် ဖော်ပြခြင်းဖြစ်သည်။ လက်ဖျစ် ၁-တွက်၊ မျက်စိ ၁-မှိတ် တဒင်္ဂ တစ်ခဏကာလတိုအတွင်းမှာ စိတ္တက္ခဏ ကုဋေ ၁-သိန်း ($10^{12}$) ရှိပါသည်။ ထို့ကြောင့် စိတ်တစ်ခု၏အသက်သည် ($1/10^{12}$) = 0.000000000001 second. လက်ဖျစ် ၁-တွက်၊ မျက်စိ ၁-မှိတ် တဒင်္ဂ တစ်ခဏတာ ကာလတိုကို နားလည် လွယ်စေရန် ၁-စက္ကန့်ဟု ယူထားသည်။ အမှန်တကယ်တွင်မူ ၁-စက္ကန့်ထက်ပင် တိုတောင်းသောအချိန် ဖြစ်၏။ ထို့ကြောင့် အချိန်ဖြင့် တွေးတောပုံဖော် နားလည်ရန် ခက်ခဲမည် ဖြစ်ပါသည်။

၁- ကုသလံ ဝုဋ္ဌာနဿ အနန္တရပစ္စယေန ပစ္စယော။ (ကု - ဗျာ) (မြားညွှန်း ↓)
၂- မဂ္ဂေါ ဖလဿ အနန္တရပစ္စယေန ပစ္စယော။ (ကု - ဗျာ) (မြားညွှန်း ↓)
၃- အနုလောမံ သေက္ခာယ ဖလသမာပတ္တိယာ အနန္တရပစ္စယေန ပစ္စယော။ (ကု - ဗျာ) (မြားညွှန်း ↓)
၄- နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကုသလံ ဖလသမာပတ္တိယာ အနန္တရပစ္စယေန ပစ္စယော။ (ကု - ဗျာ) (မြားညွှန်း ↓)


၁- ကုသလံ ဝုဋ္ဌာနဿ အနန္တရပစ္စယေန ပစ္စယော။ (ကု - ဗျာ)




၂- မဂ္ဂေါ ဖလဿ အနန္တရပစ္စယေန ပစ္စယော။ (ကု - ဗျာ)





၃- အနုလောမံ သေက္ခာယ ဖလသမာပတ္တိယာ အနန္တရပစ္စယေန ပစ္စယော။ (ကု - ဗျာ)




အနုလောမဉာဏ်သည် ကျင့်ဆဲ သေက္ခပုဂ္ဂိုလ်ဖြစ်သည့် သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်ဟုဆိုအပ်သော ဖလသမာပတ်အား အနန္တရပစ္စည်းသတ္တိဖြင့် ကျေးဇူးပြု၏။


၄- နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကုသလံ ဖလသမာပတ္တိယာ အနန္တရပစ္စယေန ပစ္စယော။ (ကု - ဗျာ)




| | | |
|---|---|---|
| ပ = ပရိကံ | ဥ = ဥပစာ | နု = အနုလုံ |
| ဂေါ = ဂေါတြဘု | ဖ = ဖလသမာပတ် = ဖိုလ် | နိ = နိရောဓသမာပတ် |
| ဈာန် = နေဝသညာနာသညာယတနကြိယာ | | |


၁- ဘဝင်္ဂံ အာဝဇ္ဇနာယ အနန္တရပစ္စယေန ပစ္စယော။ (ဗျာ - ဗျာ) (မြားညွှန်း ↓)
၂- ကိရိယံ ဝုဋ္ဌာနဿ အနန္တရပစ္စယေန ပစ္စယော။ (ဗျာ - ဗျာ) (မြားညွှန်း ↓)
၃- အရဟတော အနုလောမံ ဖလသမာပတ္တိယာ အနန္တရပစ္စယေန ပစ္စယော။ (ဗျာ - ဗျာ) (မြားညွှန်း ↓)
၄- နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကိရိယံ ဖလသမာပတ္တိယာ အနန္တရပစ္စယေန ပစ္စယော။ (ဗျာ - ဗျာ) (မြားညွှန်း ↓)

၁- ဘဝင်္ဂံ အာဝဇ္ဇနာယ အနန္တရပစ္စယေန ပစ္စယော။ (ဗျာ - ဗျာ)





အာဝဇ္ဇန်းစိတ် turning to, paying attention နှလုံးသွင်းခြင်း၊ ထင်လာသောအာရုံကို ဆင်ခြင်ခြင်း
ဝုဋ္ဌော = မနောဒွါရာဝဇ္ဇန်းစိတ်

၂- ကိရိယံ ဝုဋ္ဌာနဿ အနန္တရပစ္စယေန ပစ္စယော။ (ဗျာ - ဗျာ)





၃- အရဟတော အနုလောမံ ဖလသမာပတ္တိယာ အနန္တရပစ္စယေန ပစ္စယော။ (ဗျာ - ဗျာ)





၄- နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကိရိယံ ဖလသမာပတ္တိယာ အနန္တရပစ္စယေန ပစ္စယော။ (ဗျာ - ဗျာ)

နိရောဓသမာပတ် မဝင်စားခင် နေဝသညာနာသညာကိရိယာဇောက နိရောဓသမာပတ်မှထပြီး အရဟတ္တဖိုလ်စိတ်ကို ကျေးဇူးပြုသည့် ဝီထိအစဉ်။




၁- အနုလောမံ ဂေါတြဘုဿ အနန္တရပစ္စယေန ပစ္စယော။ (ကု - ကု) (မြားညွှန်း ↓)
၂- အနုလောမံ ဝေါဒါနဿ အနန္တရပစ္စယေန ပစ္စယော။ (ကု - ကု) (မြားညွှန်း ↓)
၃- ဂေါတြဘု မဂ္ဂဿ အနန္တရပစ္စယေန ပစ္စယော။ (ကု - ကု) (မြားညွှန်း ↓)
၄- ဝေါဒါနံ မဂ္ဂဿ အနန္တရပစ္စယေန ပစ္စယော။ (ကု - ကု) (မြားညွှန်း ↓)


၁- အနုလောမံ ဂေါတြဘုဿ အနန္တရပစ္စယေန ပစ္စယော။ (ကု - ကု)




၂- အနုလောမံ ဝေါဒါနဿ အနန္တရပစ္စယေန ပစ္စယော။ (ကု - ကု)





၃- ဂေါတြဘု မဂ္ဂဿ အနန္တရပစ္စယေန ပစ္စယော။ (ကု - ကု)




ပထမမဂ်အတွက် ဖြစ်သည်။

သောတာပတ္တိမဂ်၏ရှေ့ ပုထုဇဉ်အနွယ်ကို လွှမ်းမိုးဖျက်ဆီးတတ်သော ဂေါတြဘုသည် သောတာပတ္တိမဂ်အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

၄- ဝေါဒါနံ မဂ္ဂဿ အနန္တရပစ္စယေန ပစ္စယော။ (ကု - ကု)




ဒုတိယ၊ တတိယ၊ စတုတ္ထမဂ်အတွက် ဖြစ်ပါသည်။

## ၅။ သမနန္တရပစ္စယော

## Daily life Paṭṭhāna


### Samanantara Paccayo *(Contiguity condition)*




*ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ သမနန္တရပစ္စယေန ပစ္စယော။ (ကု၊ ကု-၁)*
ကုသိုလ်တည်းဟူသော အကြောင်းဓမ္မသည် ကုသိုလ်တည်းဟူသော အကျိုးဓမ္မအား သမနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

### ကောင်းစွာ အကြားမရှိသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည်

It is compared to the renunciation of a universal king. It is the same thing. The king gets fed up with his life. The king leaves his country and goes into the forest. When he leaves the country, his son gets the opportunity to become king.



'စည်းစိမ်မမက်၊ တောကြီးထွက်သည့်၊ စက္ကဝတ်မင်းဖျား၊ သားကြီးအားသို့' ဟု လာရှိသည်နှင့်အညီ စကြဝတေးမင်းကြီးသည် တောရပ်မှီသောအခါ သားကြီးရတနာသည် ကောင်းစွာတစ်ဆက်တည်း အကြားမရှိ ဘုရင်ဖြစ်လာသကဲ့သို ရှေးရှေးနာမ်တရားများသည် ချုပ်ပျောက်၍ နောက်နောက်နာမ်တရားများ ကောင်းစွာ အကြားမရှိဖြစ်ပေါ်အောင် ကျေးဇူးပြုသည်။

စကြာဝတေးမင်းသည် အရညဝါသီ တောရပ်မှီသောအခါ သားကြီးရတနာမှာ တစ်ဆက်တည်း အကြားမရှိ ဘုရင်ဖြစ်လာသကဲ့သို့ စိတ်တို့ကလည်း တစ်စိတ်တည်းထင်ရလောက်အောင် ဆက်ကာ ဆက်ကာ ကောင်းစွာ အတားအဆီးမရှိ ဖြစ်ပေါ်စေသည့် ပစ္စည်းမှာ သမနန္တရပစ္စည်း ဖြစ်ကြောင်းကို ရှေးဆရာမြတ်များက အထက်ပါအတိုင်း ဥပမာပြုတော်မူကြပါသည်။

## သမနန္တရပစ္စည်းကို ဟောတော်မူရခြင်းအကြောင်း

အနန္တရပစ္စည်းကို ဟောကြားတော်မူပြီးနောက် သမနန္တရပစ္စည်းကို ဟောတော်မူရသည့်အကြောင်းမှာ အချို့သောပုဂ္ဂိုလ်က အနန္တရကို ဟောခြင်းဖြင့် နားလည်နိုင်ပါသော်လည်း အချို့မှာမူ အနန္တရပစ္စည်းဟောရုံမျှဖြင့် မလုံလောက်သောကြောင့် သတ္တဝါတို့၏ (ဝေနေယျဇ္ဈာသယ = ကျွတ်ထိုက်သည့် သတ္တဝါတို့၏ အလိုဆန္ဒ) အားလျော်စွာ သမနန္တရကို ဟောတော်မူခြင်းဖြစ်ကြောင်း ရှေးဆရာမြတ်တို့က ဖွင့်ဆိုတော်မူကြပါသည်။

## အနန္တရနှင့် သမနန္တရပစ္စည်းနှစ်ပါး၏အထူး

အနန္တရပစ္စယော၏ အဓိပ္ပါယ်မှာ (န + အန္တရ + ပစ္စယော) အကြားအလပ်မရှိ ကျေးဇူးပြုနိုင်သည့် ပစ္စည်း။

သမနန္တရပစ္စယော၏ အဓိပ္ပါယ်မှာ (သံ + အနန္တရ + ပစ္စယော) = ကောင်းစွာ အကြားမရှိဘဲ နောက်စိတ်ဖြစ်ပေါ်လာအောင် ကျေးဇူးပြုနိုင်သည့် ပစ္စည်း။

တစ်ဖန် ဆရာမြတ်တို့က စကြာမင်းနတ်ရွာစံခြင်းသည် သားကြီးဥပရာဇာ စကြာမင်းဖြစ်ရန် ကျေးဇူးပြုကြောင်းကို အနန္တရပစ္စည်း၏ ကျေးဇူးပြုပုံနှင့် ဥပမာပေးတော်မူကြသည်။ ခမည်းတော်စကြာမင်း နတ်ရွာစံသည့်နှယ် ရှေးစိတ်ပျက်ခြင်းကပင် နောက်စိတ်ဖြစ်ရန် ကျေးဇူးပြုပုံကို ပြ၏။

တစ်ဖန် စကြာမင်း ထီးနန်းစည်းစိမ်စွန့်ပြီး တောထွက်ခြင်းသည် သားကြီးဥပရာဇာ စကြာမင်းဖြစ်ရန် ကျေးဇူးပြုကြောင်းကို သမနန္တရပစ္စည်း၏ ကျေးဇူးပြုပုံနှင့် ဥပမာပေးတော်မူကြပါသည်။ ခမည်းတော်စကြာမင်းကြီး တောထွက်သည့်နှယ် ရှေးစိတ်ပျက်ခြင်းကပင် နောက်စိတ်ဖြစ်ရန် ကောင်းစွာ ကျေးဇူးပြုပုံကို ပြ၏။

မိုးကုတ်ဆရာတော်ကြီးက ပုဂ္ဂလဇ္ဈာသယအလို့ငှာ အနန္တရ, သမနန္တရပစ္စည်းနှစ်ပါးကို ဟောရ၏။ အနန္တရပစ္စည်းကို နာကြားဖူးသည့်ပုဂ္ဂိုလ်က သမနန္တရပစ္စည်းကို နာကြားရသောအခါ မိမိတို့သည် ပရိစယလေ့ကျက်ခဲ့သည့်တရား မဟုတ်သောကြောင့် သူတို့၏ဉာဏ်၌ မထင်ရကား ကျွတ်တန်းမဝင်မည်စိုး၍ ပုဂ္ဂိုလ်၏ အဇ္ဈာသယကို ကြည့်တော်မူပြီးလျှင်

အနန္တရပစ္စည်းကို နာဖူး၊ အားထုတ်ခဲ့ဖူးသော ပုဂ္ဂိုလ်အား အနန္တရပစ္စည်းကို ဟောရသည်။ သမနန္တရပစ္စည်းကို နာဖူးတဲ့ပုဂ္ဂိုလ်အား သမနန္တရပစ္စည်းကို ဟောတော်မူရတယ်လို့မှတ်။ တရားထူး၍ ဟောတော်မူသည်မဟုတ်။

တစ်နည်းအားဖြင့် သမနန္တရကိုဟောမှ ဒေသနာတော်တင့်တယ်ရကား ဒေသနာတော်ကို တန်ဆာဆင်သောအားဖြင့် ဒေသနာဝိလာသအားဖြင့် ဟောတော်မူတယ်လို့ အချို့သောဆရာများက ယူပေ၏။

သမနန္တရပစ္စည်းကို သံ-သဒ္ဒါကလေးနဲ့ အထူးပြုပြီး ဟောတော်မူရခြင်းမှာ ပထမစိတ်ချုပ်ပျောက်သွားလို့ရှိရင် နောက်စိတ်များ ဖြစ်ပေါ်ရ၏။ ဤကဲ့သို့ပင် ဖြစ်ပါငြားသော်လည်း ထက်အောက်ဝန်းကျင် ပတ်လည်တို့၌ စောင့်ဆိုင်းနေခြင်းမရှိပါဘဲ အကြောင်းတိုက်ဆိုင်ခဲ့ရင် ဖြစ်ရမယ်။ အကြောင်းမတိုင်ဆိုင်ခဲ့သော် ပျက်ရမည်လို့ဆိုတဲ့ သတ္တိသဘာဝကို သိစေခြင်းအကျိုးငှာ ဟောတော်မူတယ်မှတ်။

ဥပမာအားဖြင့် ထင်ရှားအောင် ပြဦးအံ့ - "ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိ စ" ဟူသည်နှင့်အညီ ထက်ကောင်းကင်မှာ လျှပ်စစ်တို့သည် အကြောင်းတိုက်ဆိုင်တဲ့အခါမှာ ဝင်းခနဲ ဝင်းခနဲ ပေါ်လာရ၏။ အကြောင်းမတိုက်ဆိုင်တဲ့အခါမှာ မပေါ်ဘဲ နေကြကုန်သကဲ့သို့ မှတ်ရမယ်။ ပထမဇောကြောင့် နောက်ဒုတိယဇောကလေး ဖြစ်ပေါ်လာရ၏။ ပထမဇောသည် ဇာတိ စသောတရားတို့က နှိပ်စက်ခြင်းကြောင့် ပျက်စီးရ၏။ ဒါ့ကြောင့် "ဟုတွာ အဘာဝတ္တေန အနိစ္စာ" လို့ မိန့်ထားရကား ဤကဲ့သို့ ပျက်စီးသွားရတာကလေးသည် အနန္တရသတ္တိမှတ်။ နာမ်တရားတို့သည် ရုပ်တရားများကဲ့သို့ သဏ္ဌာန်အားဖြင့် မရှိသည်၏အဖြစ်ကို သိစေလိုသောကြောင့် သမနန္တရကို သံ-သဒ္ဒါဖြင့် ထပ်ဟောရ၏။

ပဥ္စဒွါရာဝဇ္ဇန်းစိတ်ကလေး ပေါ်လာ၏။ ပေါ်ပြီးသည့်နောက် ၎င်းသည် ချုပ်ငြိမ်းရုပ်သိမ်းရတော့မယ်။ ချုပ်ရငြားသော်လည်း ၎င်းမှာ အလုပ်ဝတ္တရားကလေးရှိ၏။ ဘာအလုပ်လဲဆိုရင် စိတ်အစဉ်မပြတ်မှုကလေး အားထုတ်ဖို့ရာ ရှိသေးတာကြောင့် ချုပ်ငြိမ်းရုပ်သိမ်းတဲ့ သတ္တိကလေးသည် အနန္တရသတ္တိ မှတ်ပါ။

သမနန္တရကတော့ ၎င်းသည် ချုပ်ငြိမ်းရုပ်သိမ်းရတော့မယ်။ ချုပ်ငြိမ်းရုပ်သိမ်းရငြားသော်လည်း ကိစ္စဌာနအားဖြင့် လျော်လျောက်ပတ်တဲ့တရားကလေးသာ လာရမယ်ဆိုပြီး ချုပ်ငြိမ်းရုပ်သိမ်းသွားတယ်။ ၎င်းချုပ်ငြိမ်းရုပ်သိမ်းသွားတဲ့ တရားကလေးသည် သမနန္တရမှတ်။

ပဥ္စဒွါရာဝဇ္ဇန်းပြီးလျှင် ဒဿနကိစ္စတပ်တဲ့ စက္ခုဝိညာဏ်မှသာလျှင် ဝင်ရမယ်။ ဒဿနကိစ္စမတပ်ရင် မဝင်ရဘူးဆိုပြီး ချုပ်ငြိမ်းရုပ်သိမ်းသွားတဲ့ သတ္တိကလေးသည် သမနန္တရ သတ္တိကလေးမှတ်လေ။

---

**ကျမ်းညွှန်း** * အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ သုံးချက်စု ချုပ်ပို့စဉ် အဘိဓမ္မာပဌာန်း ညဝါမှတ်စုစာအုပ် သုံးချက်စု ချုပ်ပို့စဉ်။

အနန္တရမှာတော့ ရှေ့စိတ်ချုပ်သွားရင် ဘယ်လိုစိတ်တွေပေါ်ပေါ် အစဉ်မပြတ်ဖြစ်ပြီးရင် ပြီးရောလို့ဆိုတဲ့ သတ္တိသာရှိ၏။ ကိစ္စဌာနဟာ အရေးမကြီးဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ငါနဲ့အာရုံ တူလျှင် ပြီးရောဆိုပြီး ချုပ်သွားရကား အနန္တရနှင့် သမနန္တရတို့မှာ ကိစ္စဌာနမှတ်တာနှင့် အာရုံမှတ်တာမှာသာ ကွဲပြားပါသော်လည်း ၎င်းနှစ်ပါးတို့မှာ တူတယ်လို့ မှတ်ပါ။ နိယာမအားဖြင့် သိစေလိုသောကြောင့် ခတ်နှင့်အထူးပြုပြီး ဟောရတယ်လို့မှတ်ပါဟု အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ သုံးချက်စု ချုပ်ပ္ပစဉ် အဘိဓမ္မာပဋ္ဌာန်း ညဝါမှတ်စု စာအုပ်၌ လာရှိပါသည်။

## ရဟန္တာတို့၌ ပဋိသန္ဓေစိတ် ထပ်ဖြစ်လာရန် မရှိပါ

ယောဂီတစ်ဦးသည် ဝိပဿနာတရားကို ပွားများအားထုတ်၍ ရဟန္တာဖြစ်သွား၏။ ထိုရဟန္တာအဖို့ လက်ရှိဘဝသည် နောက်ဆုံးဘဝဖြစ်သောကြောင့် ပရိနိဗ္ဗာန်စံဝင် စုတိစိတ်ကျပြီး နောက်တွင် တဖန်ဘဝအသစ်၌ မဖြစ်တော့ပေ။ တစ်နည်းအားဖြင့် ပဋိသန္ဓေစိတ် ထပ်ဖြစ်လာရန် မရှိတော့ပါ။

ထို့ကြောင့် ထိုရဟန္တာပုဂ္ဂိုလ်တို့၏ စုတိစိတ်သည် အနန္တရ၊ သမနန္တရတို့၏သတ္တိဖြင့် ထပ်မံ၍ စိတ်တစ်ပါးပါး ဖြစ်လာစေရန် ကျေးဇူးမပြုနိုင်တော့သောကြောင့် ပစ္စည်းတရား မဖြစ်နိုင်တော့ပြီ။ သို့သော် ရဟန္တာပုဂ္ဂိုလ်၏ စုတိစိတ်သည် မိမိရှေ့က ဖြစ်သောစိတ်၏ အနန္တရ၊ သမနန္တရသတ္တိဖြင့် ကျေးဇူးပြုခြင်းကို ရရှိထားသဖြင့် ၎င်းကို ပစ္စယုပ္ပန်တရားထဲ၌ ထည့်သွင်းရ၏။

ဤတွင် သတိပြုရန်မှာ ဘဝတစ်ခုက သေပြီးနောက် ဘဝသစ်တစ်ခုရသည်ကို သူလိုကိုယ်လိုလူက သိနိုင်ခဲပါသည်။ ဤခန္ဓာဖြင့်ပင် ပုထုဇဉ်ဘဝမှသည် အရိယာဘဝ ဖြစ်ရာ၌မူ သေသေချာချာ သိနိုင်ပါသည်။ ပမာပြရသော် လူတစ်ယောက် ရူးနေသည်ကို ရူးမှန်းမသိနိုင်သော်လည်း အရူးဘဝမှ ဆေးကုသခွင့်ရသဖြင့် ကောင်းသွားသည်ကို ကာယကံရှင်က သေသေချာချာ သိသကဲ့သို့ပင် ဖြစ်ပါသည်။

## စိတ်တစ်ခုနှင့် တစ်ခုအကြား မခြားပါ

အနာဂါမ်၊ ရဟန္တာပုဂ္ဂိုလ်တို့သည် တစ်ရက်ဖြစ်စေ၊ နှစ်ရက်ဖြစ်စေ စသည်ဖြင့် အဓိဋ္ဌာန်အတိုင်း ခုနှစ်ရက်အထိ စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့ အလုံးစုံကို ချုပ်ငြိမ်းစေလျက် နိရောဓသမာပတ်ကို ဝင်စားတော်မူနိုင်ကြ၏။

ယင်းသို့ မဝင်စားမီ နောက်ဆုံးဖြစ်သောစိတ်ကား နူးညံ့သိမ်မွေ့လှသော နေဝသညာ နာသညာယတနစိတ် ဖြစ်၏။ ထို့နောက် အဓိဋ္ဌာန်ထားသည့်အတိုင်း တစ်ရက်၊ နှစ်ရက်၊ သုံးရက်စသည်ဖြင့် ခုနှစ်ရက်အထိ စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့ အလျဉ်းမဖြစ်ဘဲ ချုပ်ငြိမ်းနေကုန်၏။

အဓိဋ္ဌာန်သည့် ကာလပြည့်၍ နိရောဓသမာပတ်မှ ထသောအခါ အနာဂါမ်ပုဂ္ဂိုလ်အား အနာဂါမိဖိုလ်စိတ်သည် လည်းကောင်း၊ ရဟန္တာ ပုဂ္ဂိုလ်အား အရဟတ္တဖိုလ်စိတ်သည် လည်းကောင်း ဖြစ်လာ၏။

ဤတွင် နိရောဓသမာပတ် မဝင်စားမီဖြစ်သော ရှေ့စိတ်နှင့် ထိုသမာပတ်မှ ထသောအခါဖြစ်သော နောက်စိတ်တို့အကြား ကာလအားဖြင့် ခုနှစ်ရက်တိုင်တိုင် ခြားနေပါသော်လည်း စိတ်တစ်ခုမျှ အကြား၌ ခြားနေခြင်း မရှိပေ။ ဤနေရာ၌လည်း ရှေ့စိတ်က နောက်စိတ်ကို အနန္တရ၊ သမနန္တရ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်း ဖြစ်သည်။

## အသညသတ် ပြဟ္မာကြီးများ

ဆက်လက်၍ လှူပြည်၌ ယောဂီပုဂ္ဂိုလ်တစ်ဦးသည် စိတ်၊ စေတသိက်ဟူသော နာမ်တရားတို့ကြောင့်သာ ဤဆင်းရဲဒုက္ခတို့ကို ခံစားနေရ၏ဟူ၍ နာမ်တရား၏ အပြစ်များကို ရှုပြီး ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းကာ ပဉ္စမဈာန်ကို ရ၏။

ထိုပုဂ္ဂိုလ်သည် စုတေသော် စိတ်၊ စေတသိက်ဟူသော နာမ်တရားတို့ အလျဉ်းမရှိဘဲ ရုပ်ခန္ဓာသက်သက်သာရှိသော အသညသတ်ဘုံ၌ ပြဟ္မာကြီး ဖြစ်လေ၏။ ကမ္ဘာပေါင်း - ၅၀၀ ကာလပတ်လုံး နာမ်တရားများ မဖြစ်ဘဲ ရုပ်ခန္ဓာချည်းသာဖြစ်၍ တည်နေသည်။

တစ်ဖန် သက်တမ်းကုန်သောအခါ ထိုပြဟ္မာဘုံမှ စုတေ၍ ကာမဘုံ၌ ဖြစ်ရလေ၏။ ထိုတွင် အသညသတ်ဘုံသို့ မရောက်မီကဖြစ်သော ရှေ့စုတိစိတ်နှင့် ကာမဘုံ၌ ပြန်ဖြစ်လာသည့် ပဋိသန္ဓေစိတ်တို့၏ အကြား၌ အချိန်ကာလအားဖြင့် ကမ္ဘာပေါင်း - ၅၀၀ ခြားပါသော်လည်း စိတ်တစ်ခုမျှ အကြား၌ ခြားနေခြင်း မရှိပေ။ ဤနေရာ၌လည်း ရှေ့စိတ်က နောက်စိတ်ကို အနန္တရ၊ သမနန္တရ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်း ဖြစ်သည်။

ဤတွင် နိရောဓသမာပတ်ဝင်စားခြင်းနှင့် အသညသတ်ဘုံ၌ ဖြစ်ခြင်းတို့ကို ထောက်ရှု၍ အနန္တရပစ္စည်း၊ သမနန္တရပစ္စည်းတို့၌ ရှေ့စိတ်နှင့် နောက်စိတ်တို့အကြား ကာလအားဖြင့် ခြားကွယ်နေမှု ရှိ၏ မရှိ၏ကို မယူရဘဲ အခြားသဘာဝတစ်ခုခုက ခြားကွယ်နေမှုရှိခြင်း၊ မရှိခြင်းကိုသာ ယူရသည်ဟူ၍ အနန္တရ၊ သမနန္တရ၊ နတ္ထိနှင့် ဝိဂတပစ္စည်းတို့၏ သဘောကို နားလည်ရာ၏။

---

**ကျမ်းညွှန်း** * ဆရာကြီးဦးမြင့်ဆွေ၏ ပဋ္ဌာန်းမဟာကျမ်း

## Physical continuity & Mental continuity

ပဋိသန္ဓေကအစပြုပြီး ယနေ့ထိတိုင် နာမ်တရားအစဉ်တန်း Mental process သည် အပြတ်အတောက် အရပ်အနား မရှိပေ။ အဆင်းရူပါရုံနှင့်ဆုံလျှင် မြင်သိစိတ် ဝီထိကျမည်။ အသံသဒ္ဒါရုံနှင့်ဆုံလျှင် ကြားသိစိတ် ဝီထိကျမည်။ ကြားထဲ၌လည်း ဘဝင်စိတ်များခြားကာ အနန္တရအစဉ်ဖြင့် သွားနေပါသည်။

ယုတ်စွအဆုံး အိပ်ပျော်နေလျှင်လည်း နာမ်တရားအစဉ် Mental process က မပြတ်မတောက် ဖြစ်နေပါသည်။ နိုးကြားနေစဉ် ဝီထိစိတ်အစဉ်နှင့် အကြား၌ ဘဝင်စိတ်အစဉ်ကျသည်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေစဉ်၌မူ ဘဝင်စိတ်အစဉ် ကျနေပါမည်။

ဤ Mental process စိတ်အစဉ်သည် တည်တံ့ခိုင်ခံ့နေသည် မဟုတ်ဘဲ ဥပါဒ်၊ ဌီ၊ ဘင်။ ဥပါဒ်၊ ဌီ၊ ဘင်။ ဥပါဒ်၊ ဌီ၊ ဘင်ဖြင့် ဖြစ်၊ တည်၊ ပျက်၊ ဖြစ်၊ တည်၊ ပျက်ကာ အသစ်၊ အသစ်ဖြစ်၍၊ ဖြစ်၍၊ ပျက်၍၊ ပျက်၍အပြတ်အလပ်မရှိ သွားနေပါသည်။

နာမ်တရား၏ဖြစ်စဉ်တွင် နာမ်တရားတစ်ပါးဖြစ်နေစဉ် နောက်ထပ်၍ နာမ်တရားများဖြစ်ခွင့် မရှိတော့ပေ။ အနန္တရပစ္စည်း၏ သဘောအရ ရှေ့ကနာမ်တရား ပျက်ပေးပြီးမှသာ နောက်ထပ်နာမ်တရားများ ဖြစ်ပေါ်ခွင့် ရှိကြလေသည်။

ရဟန္တာမဖြစ်သေးပါက နောက်ဘဝတစ်ခု ရနေဦးမည်သာ။ ဤဘဝ၏ စုတိစိတ်ကျပြီးသည်နှင့် ရှေ့ဘဝ၏ပဋိသန္ဓေ ဆက်ဖြစ်တော့သည်။ တစ်နည်း ထပ်၍ရှင်းပြရလျှင် စုတိစိတ် ဥပါဒ်၊ ဌီ၊ ဘင် ချုပ်သွားသည်နှင့် ပဋိသန္ဓေစိတ် ဥပါဒ်၊ ဌီ၊ ဘင် ဆက်ဖြစ်နေပါသည်။ စုတိစိတ်နှင့် ပဋိသန္ဓေစိတ်တို့အကြား ဘာမျှမခြားကြောင်းကို အနန္တရပစ္စည်းဖြင့် နားလည်နိုင်ပေသည်။

တစ်နည်းဥပမာပြရပါလျှင် ဂေါတမမြတ်စွာဘုရားရှင်အလောင်းအလျာ သုမေဓာရှင်ရသေ့ဘဝ ဗျာဒိတ်တော်ခံယူပြီး ပါရမီတော်များကို ရှည်ကြာကာလ ဘဝများစွာ ဖြည့်ကျင့်လာခဲ့ရာ သံသရာဘဝများစွာ ခြားခဲ့ပါသော်လည်း နာမ်တရားအစဉ် Mental process ရပ်တန့်မသွားခဲ့ပါ။ ပြတ်တောက် မသွားခဲ့ပါ။ ထို့ကြောင့် ပါရမီတော်များ ပြည့်စုံကာ ဘုရားဖြစ်တော်မူခြင်း ဖြစ်ပါသည်။

ရုပ်ပိုင်းအနေနှင့်မူ ရုပ်ရှိသည့်ဘုံ၌ တစ်ဘဝသေလျှင် physical continuity က ပြီးပြတ်သွားလေတော့သည်။ ဥပမာအားဖြင့် လူ့ဘဝမှ စုတိစိတ်ကျပြီး ခွေးဘဝ၏ ပဋိသန္ဓေရပါက ခန္ဓာကိုယ် ရုပ်ပိုင်းဆိုင်ရာ အလုံးစုံ ပြောင်းသွားလေပြီ။ physical continuity ပြတ်တောက်ကာ ခေါင်း၊ ခါး၊ ခြေ၊ လက် အလုံးစုံ အသစ်ဖြစ်လာသည်။

သို့သော် လူ့ဘဝမှလာသည့် ခွေးဖြစ်သောကြောင့် သင်လွယ်၊ တတ်လွယ်သည့်ခွေး၊ သခင့်အလိုကို အကဲခတ်နိုင်စွမ်းသည့်ခွေး၊ လိမ္မာသည့်ခွေး ဖြစ်လာစေရန် အနန္တရ၊ သမနန္တရ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတပစ္စည်းများက ကျေးဇူးပြုပေသည်။

## စက္ခုဒွါရ၌ အတိမဟန္တာရုံဝီထိဖြစ်ပုံ (A Complete Eye-Door Process)

| | | | | |
|---|---|---|---|---|
| | ဘဝင် | | | Stream of bhavanga |
| ၁။ | တီ | အတီတဘဝင် | (လွန်လေပြီးသောဘဝင်) | Past bhavanga |
| ၂။ | န | ဘဝင်္ဂစလန | (လှုပ်သွားသောဘဝင်) | Vibrational bhavanga |
| ၃။ | ဒ | ဘဝင်္ဂုပစ္ဆေဒ | (ပြတ်စဲသောဘဝင်) | Arrest bhavanga |
| ၄။ | ပ | ပဉ္စဒွါရာဝဇ္ဇန်း | (အာရုံအသစ်ကို နှလုံးသွင်းဆင်ခြင်သည်) | Five-door adverting |
| ၅။ | စ | စက္ခုဝိညာဉ် | (အာရုံကို မြင်သည်) | Eye-consciousness |
| ၆။ | သံ | သမ္ပဋိစ္ဆိုင်း | (အာရုံကို လက်ခံသည်) | Receiving |
| ၇။ | ဏ | သန္တီရဏ | (အာရုံကို စူးစမ်းသည်) | Investigating |
| ၈။ | ဝု | ဝုဋ္ဌော | (အာရုံ ကောင်း မကောင်း ဆုံးဖြတ်သည်) | Determining |
| ၉။ | ဇ | ဇော | (အာရုံ၏ အရသာကို ခံယူသည်) | Javana |
| ၁၀။ | ဇ | ဇော | ။ | Javana |
| ၁၁။ | ဇ | ဇော | ။ | Javana |
| ၁၂။ | ဇ | ဇော | ။ | Javana |
| ၁၃။ | ဇ | ဇော | ။ | Javana |
| ၁၄။ | ဇ | ဇော | ။ | Javana |
| ၁၅။ | ဇ | ဇော | ။ | Javana |
| ၁၆။ | ဒါ | တဒါရုံ | (ဇော၏အာရုံကိုပင်ယူသည်) | Registratic |
| ၁၇။ | ဒါ | တဒါရုံ | (ဇော၏အာရုံကိုပင်ယူသည်) | Registration |
| | ဘဝင် | | | Stream of bhavanga |



## စိတ်၏သက်တမ်း

စိတ်၏သက်တမ်းသည် 'လက်ဖျောက်တစ်ချက်တီး ကုဋေတစ်သိန်း' ရှိ၏။ ယနေ့ခေတ်နာရီဖြင့်ပြောရလျှင် လက်ဖျောက်တစ်ချက်ကို တစ်စက္ကန့်ယူလျှင်ပင် တစ်စက္ကန့်အတွင်း၌ ဖြစ်ပျက်နေသည့် စိတ်အလုံးပေါင်းမှာ ကုဋေတစ်သိန်းရှိသည်။ တစ်နည်းအားဖြင့် တစ်စက္ကန့်အတွင်း၌ စိတ်အလုံးပေါင်း (၁,၀၀၀,၀၀၀,၀၀၀,၀၀၀) ရှိပေမည်။ သို့ဖြစ်ပါလျှင် စိတ်တစ်လုံး၏ သက်တမ်းကို သိလိုပါက တစ်စက္ကန့်ကို အထက်ဖော်ပြပါကိန်းဂဏန်းသင်္ချာဖြင့် စားရမည်။ ထို့ကြောင့် စိတ်တစ်လုံး၏ သက်တမ်းသည် (၀. ၀၀၀၀၀၀၀၀၀၀၀၁)စက္ကန့်ဖြစ်ပါသည်။ ဒသမသုည ၁၁-လုံး၏နောက်က တစ်စက္ကန့်ဟူသောအချိန်သည် စိတ်တစ်လုံး၏ သက်တမ်းဖြစ်သဖြင့် မှန်းဆ၍ပင်မရနိုင်လောက်အောင် အချိန်ကာလ တိုတောင်းလွန်းပါသည်။

## နာမ်တရားများနှင့်အတူ ရုပ်တရားများလည်းဖြစ်နေ

နာမ်ဝီထိအစဉ်ကြီး စဉ်ဆက်မပြတ် ဖြစ်နေသကဲ့သို့ ရုပ်တရားများကလည်း မိခင်ဝမ်းထဲ ပဋိသန္ဓေကစပြီး ကမ္မဇရုပ်တို့က ဖြစ်နေပါသည်။ နောက်ပိုင်းတွင် နာမ်တရားအစဉ်တစ်ခုတွင် ရုပ်တရားများက စဉ်ဆက်မပြတ် ဖြစ်နေပါသည်။ ၎င်းရုပ်များမှာ ကံကြောင့်ဖြစ်သည့် ရုပ်၊ စိတ်ကြောင့်ဖြစ်သည့်ရုပ်၊ ဥတုကြောင့်ဖြစ်သည့်ရုပ်နှင့် အာဟာရကြောင့်ဖြစ်သည့်ရုပ်တို့ဖြစ်သည်။ အနန္တရပစ္စည်းတွင် ရုပ်တရားကို မဟောဘဲ အကြောင်းဓမ္မလည်း နာမ်တရား၊ အကျိုးဓမ္မလည်း နာမ်တရားကိုသာ ဟောတော်မူပါသည်။

## ငါ့သေရင် ခေါင်းအုံးဘေး တံဆိပ်တုံးကြီးချထားမှာကို ရှက်လွန်းလို့

ပုဂံမင်း၏ညီတော် မင်းတုန်းမြို့စားနှင့် ကနောင်မြို့စား ညီနောင်နှစ်ပါးတို့သည် နောင်တော်ပုဂံမင်းကို လုပ်ကြံရန် အကြံကိုယ်စီဖြင့် ထွန့်ခေါင်ဆရာတော် (AD-၁၇၉၈-၁၈၈၀) သီတင်းသုံးရာ ဆင်မချောင်သို့ ရောက်ရှိလာကြပါသည်။ ရဟန်းဝတ်ခွင့် တောင်းပန်သောအခါ ဆရာတော်ဘုရားကြီးက "မင်းသားတို့ သာသနာပြုရဦးမည့် အတိတ်ကံရှိပေသည်။ ရဟန်းဝတ်လိုလျှင် နောင်ဝတ်ကြပါ၊ မောင်တို့အတိတ်ကပါသည့် ဘုန်းကံကို ပစ္စုပ္ပန်စိတ်မိုက်ကြီးကြောင့် မပျက်စီးပါစေလင့်"ဟု အကျယ်တဝင့် မိန့်တော်မူပါသည်။

ခရစ် (၁၈၅၂) ခုနှစ် ဆရာတော် ရဟန်းသိက္ခာ (၃၄)ဝါ ရှိတော်မူချိန်၌ မင်းတုန်းမင်းတရား အထွဋ်အထိပ်သို့ရောက်၍ ညီတော်ကနောင်မင်းသား အိမ်ရှေ့ဥပရာဇာအဖြစ် ရောက်သောအခါ ဆင်မချောင်၌ ကျောင်းများ ဆောက်လှူကြပါသည်။ ထိုမှုဖြင့် အားမရကြသေးဘဲ

ဘုရင်နှင့် အိမ်ရှေ့မင်းတို့က ရွှေနန်းတော်သို့ပင့်ကာ ရာဇဂုရုမင်းဆရာဘွဲ့တံဆိပ်တော်ကို ပရိသတ်ဗိုလ်ပါရှေ့၌ ဆက်ကပ် လှူဒါန်းကြရာ "ဒီတံဆိပ်တုံးကြီး ဘာအသုံးကျသလဲ? ငါသေရင် ခေါင်းအုံးဘေး တံဆိပ်တုံးကြီး ချထားမှာကို ရှက်လှတယ်၊ ငါ့ကြည်ညိုရင် ငါ့ တရားအတိုင်း လိုက်နာကြ" ဟု မိန့်တော်မူကာ စစ်ကိုင်းသို့ ပြန်ကြွတော်မူသည်။

ဆရာတော်ကြီးတို့၏ စိတ်အစဉ်၌ မထင်ပေါ်မကျော်ကြားလိုသည့် အပိစ္ဆဂုဏ်အပါ အဝင်၊ ရသမျှဖြင့် ရောင့်ရဲတင်းတိမ်တော်မူသည့် ယထာလာဘ သန္တောသဂုဏ်၊ သန္တုဋ္ဌိ သလ္လေခဂုဏ်တို့က စဉ်ဆက်မပြတ် အနန္တရသတ္တိ၊ သမနန္တရသတ္တိ၊ အာသေဝနသတ္တိ၊ နတ္ထိ၊ ဝိဂတသတ္တိတို့ဖြင့် ထုံးမွမ်းနေခြင်းကို ကြည်ညိုမဆုံး ဖြစ်ကြရပါသည်။

## အနန္တရမျိုးပစ္စည်း ၇-ပါး

သတ္တဝါများ ဘဝပြောင်းသော်လည်း နာမ်တရားက မြဲသည်ဟူသော သဿတဒိဋ္ဌိကို ပယ်ခွါ၍ အယူမှန်ကန်စေရန် ၁-အနန္တရ။ ၂-သမနန္တရ။ ၃-အနန္တရူပနိဿယ။ ၄-နတ္ထိ။ ၅-ဝိဂတ။ ၆-အာသေဝနနှင့် ၇-အနန္တရူပကမ္မ = နာနာက္ခဏိကကံတို့ကို ဟောတော်မူခြင်း ဖြစ်ပါသည်။

၁- အနန္တရပစ္စည်း၏ ကျေးဇူးပြုပုံမှာ ရှေ့စိတ်နှင့် နောက်စိတ်နှစ်ခုကြားတွင် နာမ် တရားအစု အခြားမရှိစေရဘဲ ကျေးဇူးပြုခြင်း ဖြစ်ပါသည်။

၂- သမနန္တရပစ္စည်း၏ ကျေးဇူးပြုပုံမှာ ရှေ့စိတ်နှင့်နောက်စိတ် တစ်ခုတည်း ထင်ရ လောက်အောင်ဖြစ်ပြီး ကျေးဇူးပြုသည်။

၃- အနန္တရူပနိဿယ၏ ကျေးဇူးပြုပုံမှာ နောက်စိတ်ဖြစ်ဖို့ရန်အတွက် လွန်ကဲ ကြီးမားသော အကြောင်းအဖြစ် ကျေးဇူးပြုသည်။

၄- နတ္ထိပစ္စည်း၏ ကျေးဇူးပြုပုံမှာ နောက်စိတ် ဖြစ်ခွင့်ရရန် ရှေ့စိတ်ချုပ်ခြင်း မရှိ ခြင်းဖြင့် ကျေးဇူးပြုသည်။

၅ နှင့် ၆ - ဝိဂတပစ္စည်း၏ ကျေးဇူးပြုပုံမှာ နတ္ထိက မရှိတာ။ ဝိဂတက ကင်းတာ။ ဝိဂတက မရှိရုံမက သူ၏သတ္တိပါကင်းခြင်း ဖြစ်သည်။

ပဋ္ဌာန်း၌ နာမ်တရားသက်သက်နှင့် ဆိုင်သည့်ပစ္စည်း (၆) မျိုး ရှိပါသည်။ ၎င်းတို့မှာ - ၁-အနန္တရ။ ၂-သမနန္တရ။ ၃-အာသေဝန။ ၄-သမ္ပယုတ္တ။ ၅-နတ္ထိ ။ ၆-ဝိဂတတို့ ဖြစ်သည်။

---

**ကျမ်းညွှန်း**

* ဦးနု(ဓမ္မာစရိယ)၏ ကောင်းရာတု၍ ကောင်းမှုမြတ်နိုး။ ရွှေဟင်္သာတောရ ပါဠိတက္ကသိုလ်ကျောင်းတိုက် ရာပြည့်မော်ကွန်းတင်စာစောင် (၂၀၀၁-ခုနှစ်) (နှာ-၃၂၀)
* ဓမ္မာစရိယဦးဌေးလှိုင်၏ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ (၁၉၉၃-ခု) (နှာ-၁၆၆)

## သမနန္တရပစ္စည်း၏ သင်္ချာ

သမနန္တရပစ္စည်း၏သင်္ချာမှာ - ၇ ဖြစ်ပါသည်။ ထို့ကြောင့် " သမနန္တရေ သတ္တ" ဟု မှတ်သားနိုင်ပါသည်။ ထိုသင်္ချာကို အောက်ပါအတိုင်း မှတ်သားနိုင်ပါသည် -

**ကုသလ သင်္ချာ - ၂**

(၁) ကု-ကု (၂) ကု-ဗျာ

**ကုသလ သင်္ချာ - ၂**

(၁) အကု-အကု (၂) အကု-ဗျာ

**အဗျာကတ သင်္ချာ - ၂**

(၁) ဗျာ-ဗျာ (၂) ဗျာ-ကု (၃) ဗျာ-အကု

**Mind to Mind**

သမနန္တရပစ္စည်းသည် နာမ်တရားက နာမ်တရား Mind to Mind ကို ကျေးဇူးပြုသော ပစ္စည်း ဖြစ်သည်။

## ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား

ပစ္စယဟူသော အကြောင်းတရားမှာ - ရဟန္တာတို့၏ စုတိကြဉ်သော စိတ် - ၈၉ ပါး၊ စေတသိက် - ၅၂ ပါးတို့ ဖြစ်သည်။

ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - စိတ် ၈၉-ပါးနှင့် စေတသိက် ၅၂-ပါးတို့ ဖြစ်သည်။

သမနန္တရမျိုးကြီး (၇)ပါး ရှိသည်။ ၎င်းတို့မှာ -

၁။ အနန္တရ၊ ၂။ သမနန္တရ၊
၃။ အနန္တရူပနိဿယ၊ ၄။ အာသေဝန၊
၅။ နာနာက္ခဏိကကမ္မ ၆။ နတ္ထိနှင့်
၇။ ဝိဂတပေါင်း (၇)ပါး ဖြစ်ပါသည်။

## ၆။ သဟဇာတပစ္စယော

## Daily life Paṭṭhāna

### Sahajata Paccayo *(Presence condition)*




*ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။ (ကု၊ ကု-၁)*
ကုသိုလ်တည်းဟူသော အကြောင်းဓမ္မသည် ကုသိုလ်တည်းဟူသော အကျိုးဓမ္မအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

### ပစ္စယုပ္ပန်တရားတို့ကို အတူတကွအဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည်

The *'Sahajata'* means born together. It is translated as conascence. It is compared to a lamp. When there is a lamp, if the lamp is existing, there is light. Light is the conditioned state. The lamp is the conditioning state. The lamp and the light exist at the same time.



'အလင်းဖြစ်မှု၊ ဆီမီးပြုသည့် တန္တပမာ' လာရှိသည်နှင့်အညီ မီးသည် တောက်ပသည်နှင့် တစ်ပြိုင်နက် အလင်းရောင်ပေါ်လာအောင် တည်နေအောင် အတူတကွဖြစ်၍ ကျေးဇူးပြု

သကဲ့သို့ နာမ်ခန္ဓာ (၄)ပါး၊ မဟာဘုတ် (၄)ပါး၊ ပဋိသန္ဓေစိတ်၊ စေတသိက်၊ ဟဒယဝတ္ထု တို့သည် မိမိဖြစ်သည်နှင့် တစ်ပြိုင်နက် ပစ္စယုပ္ပန်တရားများဖြစ်အောင် တည်အောင် အတူတကွဖြစ်၍ ကျေးဇူးပြုကြသည်။

## Born together

(သဟ + ဇာတ) သဟ = အတူတကွ၊ ဇာတ = ဖြစ်ပေါ်လာသည်။ သဟဇာတ = Born together or conascence.

သဟဇာတပစ္စည်း၏ ကျေးဇူးပြုပုံကို အဋ္ဌကထာများတွင် မှောင်နေသည့် တိုက်ခန်းထဲ၌ ဆီမီးညှိထွန်းလိုက်သည်နှင့် မီးတောက်ခြင်း၊ အလင်းရောက်ခြင်းနှင့် အမှောင်ပျောက်ခြင်း တို့သည် တစ်ပြိုင်တည်း၊ တစ်ချိန်တည်း ပေါ်ပေါက်လာကြသကဲ့သို့ စိတ် စေတသိက်မှန်သမျှ သည်လည်း ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် တစ်ပြိုင်တည်း၊ တစ်ချိန်တည်း Born together ဖြစ်ပေါ် လာ၏ဟု ဥပမာပြုတော်မူကြပါသည်။

မီးတောက်ဟူသော အကြောင်းကြောင့် အလင်းရောင်ဟူသော အကျိုးဖြစ်ပေါ်လာ ရာတွင် အကြောင်းနှင့်အကျိုးက တစ်ပြိုင်နက်တည်း၊ အချိန်အားဖြင့်လည်း တစ်ချိန်တည်း ဖြစ်ပေါ်ကာ ကျေးဇူးပြုသည့်နှယ် ဖြစ်၏။ ဤတွင် မဟာဘုတ်များတစ်ပြိုင်တည်း Born together ဖြစ်လာ၏။ စိတ်နှင့် စိတ္တဇရုပ်များလည်း တစ်ပြိုင်တည်း Born together ဖြစ်လာကြ၏။

## ပုရေဇာတ၊ ပစ္ဆာဇာတနှင့် သဟဇာတ

ပဋ္ဌာန်းတရားတော်၌ ပစ္စယ = ပစ္စည်းဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန်ဟူသော အကျိုးတရားတို့ ရှိရာတွင် -

(က) ဦးစွာအကြောင်းတရားပေါ်ပြီး အကျိုးတရားက နောက်မှပေါ်သည့် (ပုရေဇာတ ပစ္စည်း) Born earlier or prenascence.

(ခ) အကြောင်းတရားနှင့် အကျိုးတရား တစ်ပြိုင်တည်းပေါ်ပေါက်လာသည့် (သဟ ဇာတပစ္စည်း) Born together or conascence.နှင့်

(ဂ) ဦးစွာ အကျိုးတရားပေါ်ပေါက်လာပြီး အကြောင်းတရားက နောက်မှပေါ် လာသည့် (ပစ္ဆာဇာတပစ္စည်း) Born laterer or postnascence. ဟူ၍ ရှိပါသည်။

သဟဇာတပစ္စည်းတွင် အကြောင်းဖြစ်သည့် ပစ္စည်း၌လည်း ရုပ်တရားနှင့် နာမ်တရား ပါသည်။ အကျိုးတရားဖြစ်သည့် ပစ္စယုပ္ပန်၌လည်း ရုပ်တရားနှင့် နာမ်တရားများပါသည်။ ထို့ကြောင့် သဟဇာတပစ္စည်းတွင် ရုပ်နှင့်နာမ်က အကြောင်းတရားလည်း ဖြစ်သည်။ အကျိုး တရားလည်း ဖြစ်ပါသည်။

## နာမ်ခန္ဓာလေးပါး

စတ္တာရော ခန္ဓာ အရူပိနော = နာမ်ခန္ဓာလေးပါးဖြစ်သည့် ဝေဒနက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာတို့ ရှိသည့်အနက် -

(က) နာမ်ခန္ဓာတစ်ပါးက သုံးပါးကို ကျေးဇူးပြုရာတွင် ဥပမာ-ဝေဒနက္ခန္ဓာက အကြောင်းတရားဖြစ်ပါက ကျန်သုံးပါးဖြစ်သည့် သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ တို့က အကျိုးတရား။ "*ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သဟဇာတ ပစ္စယေန ပစ္စယော။*"

(ခ ) နာမ်ခန္ဓာနှစ်ပါးက ကျန်နှစ်ပါးကို ကျေးဇူးပြုရာတွင် ဥပမာ-ဝေဒနက္ခန္ဓာနှင့် သညာက္ခန္ဓာက အကြောင်းတရားဖြစ်လျှင် ကျန်နှစ်ပါးဖြစ်သည့် သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာက အကျိုးတရား။

"ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ *သဟဇာတပစ္စယေန ပစ္စယော။*"
"*ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ သဟဇာတပစ္စယေန ပစ္စယော။*"
"တယော ခန္ဓာ ဧကဿ ခန္ဓဿ *သဟဇာတပစ္စယေန ပစ္စယော။*"




## နာမ်ခန္ဓာ ၄-ပါးနှင့် စေတသိက်တရားတို့ကို ခန္ဓာဖွဲ့ခြင်း

နာမ်ခန္ဓာ ၄-ပါးကို ခန္ဓာဖွဲ့ပါက စတ္တာရောခန္ဓာ အရူပိနောမှာ = (နာမ်ခန္ဓာလေးပါး) ၁ - ဝေဒနာက္ခန္ဓာ၊ ၂ - သညာက္ခန္ဓာ၊ ၃ - သင်္ခါရက္ခန္ဓာ၊ ၄ - ဝိညာဏက္ခန္ဓာကို ဆိုလိုခြင်း ဖြစ်ပါသည်။

## စေတသိက် ၅၂-ပါးကို ခန္ဓာဖွဲ့ပါက -

- ဝေဒနာစေတသိက်က ဝေဒနက္ခန္ဓာ တစ်ပါးရ၏။
- သညာစေတသိက်က သညာက္ခန္ဓာ တစ်ပါးရ၏။
- ကျန်သည့်စေတသိက် - ၅၀ က သင်္ခါရက္ခန္ဓာ တစ်ပါးရ၏။
- စိတ် ၈၉-ပါးက ဝိညာဏက္ခန္ဓာရ၏။

ဤနာမ်ခန္ဓာတို့သည် သဟဇာတ = အတူတကွ။ အညမည = အပြန်အလှန်အားဖြင့် ကျေးဇူးပြုပါသည်။ ထို့ပြင် သူတို့ကြောင့် ဖြစ်ပေါ်လာသည့် စိတ္တဇရုပ် Mind produce matter or Bio Chemical Reaction ကိုလည်း ကျေးဇူးပြု၏။


## ဝီထိကိုလေ့လာခြင်း

ပုဂ္ဂိုလ်တစ်ဦး၊ တစ်ယောက် အလိုမကျဖြစ်သည့် ဝီထိကိုလေ့လာပါမည်။

ဘဝင် ၊ တီ ၊ န ၊ ဒ ၊ မ ၊ ဒေါသ ဇော ၊ ဇော ၊ ဇော ၊ ဇော ၊ ဇော ၊ ဇော ၊ ဇော ၊ ရုံ၊ ရုံ၊ ဘဝင် ဤဝီထိ၌ စိတ်ဆိုးသောအခါ မျက်စိ၊ မျက်နှာနီမြန်းလာစေသည်အထိ ဒေါသက ပြုသောကြောင့် ဒေါသဇောအခိုက်အတန့်၌ ဝိညာဏ်သည် ပစ္စည်း၊ ကျန်နာမက္ခန္ဓာဖြစ်သော နီမြန်းသောရုပ်၊ တုန်ခါနေသောရုပ်၊ ပူလောင်နေသည့်ရုပ် စသည် စိတ္တဇရုပ် Mind produce matter or Bio Chemical Reaction တို့သည် ပစ္စယုပ္ပန်ဖြစ်ကြ၏။

အဋ္ဌသာလိနီအဋ္ဌကထာ၌ 'ဒေါသကြီးသောသူသည် ဆံဖြူလွယ်ခြင်း၊ သွားကျိုးလွယ်ခြင်း၊ မျက်စိမှုန်ခြင်း၊ အရေအသား တွန့်လိမ်လွယ်ခြင်းတည်း'ဟူသော ခန္ဓာကိုယ်ကြီး အိုလွယ်ခြင်းကို ဖြစ်စေသည်ဟု ဆိုထားပါသည်။ သို့ဖြစ်ပါ၍ ဒေါသတည်းဟူသော စိတ်ကလေးက အဘယ်မျှ တန်ခိုးကြီးသည်ကို ဆင်ခြင်နိုင်မည် ဖြစ်ပါသည်။

## ဒေါသဇော




## ပဋိသန္ဓေ ကမ္မဇရုပ်

ပါဠိစာပေ၌ လာရှိသည့် ပဋိသန္ဓိကို မြန်မာစာပေတွင် ပဋိသန္ဓေဟု သုံးနှုန်းသည်။ ပဋိသန္ဓေစိတ်၏ အဓိပ္ပါယ်မှာ ဘဝဟောင်းနှင့် ဘဝအသစ်ကို ဆက်စပ်ပေးသည့်စိတ် ဖြစ်ပါသည်။ ပဋိသန္ဓေ စိတ်ကို နေရာအားလျော်စွာ ဝိပါက်စိတ်ဟူ၍လည်း ခေါ်၏။

ပဋိသန္ဓေကမ္မဇရုပ်၌ ဟဒယဝတ္ထုရုပ်ပါသည်။ ခဏငယ်သုံးချက်အတွင်း ဟဒယ ဝတ္ထုရုပ်က (အကြောင်းတရား)၊ ပဋိသန္ဓေစိတ်ကလေးက (အကျိုးတရား)အဖြစ် သဟဇာတ သတ္တိနှင့် အချင်းချင်း အပြန်အလှန် ကျေးဇူးပြု၏။

အမိဝမ်းထဲ ပဋိသန္ဓေတည်သည့် သတ္တဝါတို့တွင် နာမ်တရားအဖြစ် ပဋိသန္ဓေဝိညာဏ် စိတ်နှင့် စေတသိက် ၃၃-ပါး၊ ရုပ်တရားအဖြစ် ကာယဒသက၊ ဘာဝဒသက၊ ဝတ္ထုဒသက ဟူသော ကံကြောင့်ဖြစ်သည့် ကမ္မဇရုပ် ကလာပ်သုံးစု (သုံးစည်း)တို့သည် တစ်ပြိုင်တည်း ဖြစ်လာကြသည်။

## ကာယဒသက၊ ဘာဝဒသကနှင့် ဝတ္ထုဒသက

(က) ကာယဒသကဟူသည် ကာယပသာဒ၊ ဇီဝိတရုပ်၊ အဋ္ဌကလာပ်ရုပ် ၈-ပါး ဟူသော ကာယဒသက။

(ခ ) ဘာဝဒသကဟူသည် ကမ္မဇကလာပ် ကိုးစည်း၌ပါသည့် အထီးအမ ကွဲပြားစေသည့် ဣတ္ထိဘာဝဒသက ကလာပ်၊ ပုမ္ဘာဝဒသက ကလာပ်။

(ဂ ) ဝတ္ထုဒသကဟူသည် ဟဒယဝတ္ထုရုပ် ဇီဝိတ အဋ္ဌကလာပ်။

(ဃ) သုတ္တန်ဒေသနာတော်အရ ပဋိသန္ဓေအခါကိုယူရာတွင် အမေ့ဝမ်းထဲ ရောက်သည့် အချိန်ကစပြီး မဖွားမချင်း ကာလကို ယူပါသည်။ အဘိဓမ္မာဒေသနာ၌မူ ပဋိသန္ဓေ စိတ်၏ ဥပါဒ်၊ ဋီ၊ ဘင် ခဏာငယ်သုံးချက် အတွင်းကိုသာ ပဋိသန္ဓေအခိုက်ဟု ယူပါသည်။

## ပဥ္စဝေါကာရ၊ စတုဝေါကာရ၊ ဧကဝေါကာရ

(က) စတုဝေါကာရဘုံဟူသည် နာမ်ခန္ဓာလေးပါးသာရှိသည့် အရူပလေးဘုံ။

(ခ ) ဧကဝေါကာရဘုံဟူသည် ခန္ဓာတစ်ပါးသာရှိသည့် အသညသတ်ဘုံ။

(ဂ ) ပဥ္စဝေါကာရဘုံဟူသည် ခန္ဓာငါးပါးရှိသည့် ကာမ၊ ရူပဘုံ။ ထိုထိုဘုံများအနက် ခန္ဓာငါးပါးရှိသည့်ဘုံကသာ ပဋိသန္ဓေနှင့် ဟဒယဝတ္ထုရုပ်များရှိသဖြင့် အညမည ပစ္စည်းနှင့် သဟဇာတပစ္စည်း ရပါ၏။

## ဘဝအသစ်ကို ဖန်တီးပေးသည့် သဘာဝနိယာမတရား

သေခါနီးအခြေအနေကို ရင်ဆိုင်နေရသူသည် သူ၏ ဘဝတစ်သက်တာ ပြုလုပ်ခဲ့သည့် အကြောင်းအရာများစွာအနက်မှ စွမ်းအားအကောင်းဆုံး အကြောင်းအရာက စဉ်းစား၍ မဟုတ်ဘဲ မထင်မှတ်ထားသည့် အိပ်မက်တစ်ခု ရုတ်တရက်မက်လိုက်သည့်နှယ် စိတ်တံခါးဝသို့ အင်အားကြီးစွာဖြင့် အလိုအလျောက် ဝင်ရောက်လာတတ်သည်။ လူမမာက ရွေးချယ်သောကြောင့် ပေါ်လာခြင်း မဟုတ်ပါ။ တွန်းဖယ်၍ မရတော့ပါ။

သို့မဟုတ် ဘဝတစ်သက်တာ မိမိပြုလုပ်ခဲ့သည့် အလုပ်၏ နိမိတ်သင်္ကေတများက အထက်ပါနည်းအတိုင်း ပေါ်လာတတ်ပါသည်။ သို့မဟုတ်ပါက လားရောက်ရမည့်ဘဝနှင့် ဆိုင်ရာအာရုံတို့က စိတ် တံခါးဝသို့ အင်အားကြီးစွာဖြင့် ဝင်ရောက်ကာ နေရာယူထားလေတော့သည်။ လူမမာက ဤအာရုံတို့ကို ရှောင်လွှဲမရဘဲ မတွေ့မြင်လိုသော်လည်း မြင်တွေ့နေရခြင်းမျိုး ဖြစ်ပါသည်။

ဤအကြောင်းတရားတို့ကပင် ဘဝအသစ်တစ်ခုကို ဖြစ်ပေါ်လာစေရန် သဘာဝက ဖန်တီးပေးထားသည့် ကံနှင့် ကံ၏ အကျိုးဆက်များပေတည်း။ မကောင်းသည့် ငရဲနိမိတ်ကဲ့သို့သော အာရုံထင်လာသည့် လူမမာများကမူ ရုတ်တရက် ကြောက်လန့်တကြား အထိန်းအကွပ်မဲ့ အော်ဟစ်လာတတ်သဖြင့် သူနာပြုများက နှစ်သိမ့်အားပေးရတတ်ကြောင်းနှင့် အချို့လူမမာများကမူ အလွန်အမင်း ကြောက်လန့်ကာ ရုန်းကန်နေတတ်ကြောင်းကိုလည်း သုတေသန စာတမ်းများ၌ ဖော်ပြထားပါသည်။

ဤသို့ ကြောက်လန့်တကြားသေခြင်းကို ရင်ဆိုင်နေရသည့် လူမမာကို စောင့်ရှောက်နေသူ မိသားစုဝင်များအနေဖြင့် စိတ်မချမ်းမမြေ့ ဖြစ်ရုံသာမက ကိုယ်ကိုယ်တိုင် သေခါနီးကာလ၌ အလားတူ အဖြစ်ဆိုးမျိုး ကြုံမည်ကိုလည်း အထူးပင် စိုးရိမ်ကာ ထိတ်လန့် တုန်လှုပ်နေတတ်ကြပါသည်။ သေဆုံးခါနီး ဤဘဝ၏ နောက်ဆုံးစိတ်ကို ဖန်တီးပေးသူမှာ တန်ခိုးရှင်၊ ဖန်ဆင်းရှင် Creater, God မဟုတ်ဘဲ မိမိပြုလုပ်ခဲ့သည့်အလုပ် (ကမ္မ = ကံ)ပင် ဖြစ်ပါသည်။

## ဘဝတစ်ခုကို ဖန်ဆင်းပေးနိုင်စွမ်းသည့် ကံလေးမျိုး

(က) ကြီးလေးသော (ဂရုကံ) ပမာအားဖြင့် မိဘကိုသတ်သည့် ပဉ္စာနန္တရိယကံ။

(ခ) အလေ့အလာအဖြစ် လိုလိုလားလား ပြုလုပ်ခဲ့သည့် (အာစိဏ္ဏကံ)။ ဘဝတစ်လျှောက်လုံး ကြိမ်ဖန်များစွာ အလေ့အကျင့်များခဲ့သည့် ကံ (ဝါ) တစ်ကြိမ်တစ်ခါမျှပင် ပြုခဲ့ပါသော်လည်း စိတ်ဝယ် ထပ်တလဲလဲ အောက်မေ့နေသည့် ကုသိုလ်၊ အကုသိုလ်ကံ။

(ဂ) သေခါနီးကာလ၌ ကပ်၍ပြုလုပ်သည့် (အာသန္နကံ)၊ ပမာအားဖြင့် သေခါနီးကာလ သံဃာတော်များထံပါးမှ ပရိတ်တရားတော်များကို နာကြားခြင်း၊ သပိတ်၊ သင်္ကန်း စသည် လှူဒါန်းသည့်ကံ။

(ဃ) ဤကံသုံးမျိုး ထင်ဟပ်မလာနိုင်ပါက (ကဋတ္တာကံ)၊ ဘဝါဘဝများစွာက ပြုလုပ်ခဲ့သည့် ကုသိုလ်၊ အကုသိုလ်များအနက် တစ်ခုခု ထင်ဟပ်လာပါမည်။

သေခါနီးကာလတွင် ဤကံလေးမျိုးအနက် ကံတစ်ပါးပါးက စိတ်ကို အားကောင်းစွာ လွှမ်းမိုးထားမည် ဖြစ်ပါသဖြင့် ကာယကံရှင်သည် ထိုအချိန်၌ ထိုအတွေးကို ဖယ်ရှားနိုင်စွမ်း မရှိရှာတော့ပါ။ လူမမာ၏အနီး၌ ရဟန်းတော်များ၏ တရားအသံကို နာကြားနေရပါသော်လည်း စိတ်၌ ထင်ဟပ်နေသည့် ထိုအတွေးအာရုံကို ဖယ်ရှားနိုင်ရန် အခက်အခဲ ရှိကောင်း ရှိနိုင်ပါသည်။

ဤဘဝ၏ နောက်ဆုံးအချိန်တွင် အားကြီးသည့်အာရုံကပင် မရဏာသန္နဇောစိတ်ကို လွှမ်းမိုးကာ ဘဝသစ်တစ်ခုကို ဖော်ဆောင်ပေးပါတော့မည်။ ဤသည်မှာ ဘာသာလူမျိုးနှင့် မသက်ဆိုင်သည့် သဘာဝနိယာမတရား Natural Law ဖြစ်ပေသည်။

## ပဋိသန္ဓေ အဆင့်ဆင့်

အခါတစ်ပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဣန္ဒကူဋတောင် ဣန္ဒကဘီလူး၏ ဗိမာန်၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ဣန္ဒကဘီလူးသည် မြတ်စွာဘုရားထံပါးသို့ ချဉ်းကပ်လျက် ဂါထာဖြင့် ရွတ်ဆိုလျှောက်ထား၏။

"အရှင်ဘုရား မြတ်စွာဘုရားတို့သည် ရုပ်ကို ဇီဝဟူ၍ ဆိုတော်မမူကုန်။ အဘယ် အကြောင်းကြောင့် ဤသတ္တဝါသည် ဤကိုယ်ကို ရသနည်း၊ ထိုသတ္တဝါအား အရိုးစု၊ အသား စိုင်တို့သည် အဘယ်မှ ရောက်လာသနည်း။ အဘယ်အကြောင်းကြောင့် ဤသတ္တဝါသည် အမိ ဝမ်း၌ ကပ်ငြိသနည်း"ဟု လျှောက်၏။

"ဘီလူး ရှေးဦးစွာ ကလလရေကြည်ဖြစ်၏၊ ကလလရေကြည်မှ အမြှုပ် ဖြစ်၏၊ အမြှုပ်မှ သားတစ်ဖြစ်၏၊ သားတစ်မှ အခဲဖြစ်၏၊ အခဲမှ ခက်မငါးဖြာတို့ ဖြစ်ကုန်၏၊ ဆံ, အမွေး, ခြေသည်း, လက်သည်းတို့လည်း ဖြစ်ကုန်၏။

ဤသတ္တဝါ၏ အမိသည် ထမင်းကိုလည်းကောင်း၊ အဖျော်ကိုလည်းကောင်း၊ စားဖွယ်ကို လည်းကောင်း စား၏၊ အမိ၏ဝမ်း၌တည်သော ထိုသတ္တဝါသည် ထို (အမိစားသော) အစာဖြင့် ထိုအမိဝမ်း၌ မျှတ၏ဟု မိန့်တော်မူ၏။ ဆက်လက်ပြီး -



(၁) ပထမံ ကလလံ ဟောတိ = ပထမသတ္တာဟ (ရက်သတ္တပတ်)၌ ကလလ ရေကြည် ဖြစ်၏။
(၂) ကလလာ ဟောတိ အဗ္ဗုဒံ = ဒုတိယပတ်၌ အမြှုပ်ကလေးဖြစ်လာသည်။
(၃) အဗ္ဗုဒါ ဇာယတေ ပေသိ = ထို့နောက် တတိယပတ်တွင် နီနီထွေးထွေး အသားတစ်ကလေး ဖြစ်လာသည်။
(၄) ပေသိ နိဗ္ဗတ္တတေ ဃနော = ထို့နောက် စတုတ္ထပတ်တွင် ခပ်မာမာအသား တုံးကလေး ဖြစ်လာသည်။
(၅) ဃနာ ပသာခါ ဇာယန္တိ = ပဉ္စမပတ်၌ ခေါင်း, ခြေနှစ်ဘက်၊ လက်နှစ်ဘက် ဖြစ်မည့် နေရာငါးခုမှာ ခက်မငါးဖြာဟု ခေါ်သည့် အဖုကလေးငါးခု ဖြစ်လာသည်။
(၆) ကေသာ လောမာ နခါပိစ = ထို့နောက် ဆံပင်, မွေးညှင်း, ခြေသည်း, လက်သည်းစသည့် အင်္ဂါရပ်အစိတ်အပိုင်းများလည်း အခါအားလျော်စွာ လူ့အင်္ဂါရပ်စုံအောင် ဖြစ်ပေါ်လာ၏” ဟူ၍ ဘီလူးကို မြတ်စွာဘုရားရှင်က မိန့်ကြားတော်မူပါသည်။

## ၃၂-ပါးသောကောဌာသနှင့် နတ်တို့၏ခန္ဓာ

မာဂဏ္ဍီပုဏ္ဏေးမနှင့် မိဘတို့အား ဘုရားရှင်က “သင့်သမီး မာဂဏ္ဍီပုဏ္ဏေးမကလေးထက် အနှိုင်းအဆမဲ့ ပို၍ ချောမောလှပသော မာရ်နတ်၏ သမီးများကိုပင် ငါ မသိမ်းပိုက်ခဲ့ကြောင်း၊ ကျင်ကြီး၊ ကျင်ငယ်၊ သွေး၊ သလိပ်တို့ဖြင့် ပြည့်နေသော သင့်သမီးကို အလိုမရှိပါကြောင်း” မိန့်တော်မူပါသည်။

ထို့ကြောင့် လူသားခန္ဓာသည်ကျင်ကြီး၊ ကျင်ငယ်၊ သွေး၊ သလိပ်၊ သည်းခြေ စသည်ဖြင့်(၃၂) ကောဋ္ဌာသနှင့် ပြည့်စုံပြီး နတ်တို့၏ခန္ဓာမှာမူ (၃၂)ပါးသော ကောဋ္ဌာသမပြည့်စုံကြောင်းကို ဤဒေသနာတော်ဖြင့် မှတ်သားနိုင်ပါသည်။

## ဇီဝိတသည် လိပ်ပြာမဟုတ်ပေ

သတ္တဝါတစ်ခု၏ တစ်ဘဝလုံးကို ခြုံငုံကြည့်ပါက ပဋိသန္ဓေကစပြီး စုတိအဆုံး ရှိသည့်ကြားတွင် ရံခါ ဘဝင်စိတ်ဖြစ်ပြီး၊ ရံခါ ဝီထိစိတ်ဖြစ်သည်၊ လိပ်ပြာ၊ အတ္တ၊ ဇီဝဟူသော အသက်ကောင်မရှိပေ။ Mental process & Physical process မျှသာရှိသည်။ အဘိဓမ္မာတွင် ရုပ်ဇီဝိတ၊ နာမ်ဇီဝိတကို အသက်ဟု ယူဆသူများ ရှိကြသည်။ ဇီဝိတမည်သည် စောင့်ရှောက်တတ်သည့် သဘောမျှသာဖြစ်သည်။ လိပ်ပြာ၊ အတ္တကောင် မဟုတ်ပါပေ။

**ကျမ်းညွှန်း** * သဂါထာဝဂ္ဂသံယုတ် ပါဠိတော် ၁၀-ယက္ခသံယုတ်၊ ၁-ဣန္ဒကသုတ်

## မဟာဘူတာ

*"ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော"* မဟာဘူတ = ကြီးမား၊ ထင်ရှားသည့်ရုပ် = မဟာဘုတ်ဟု ရှေးဆရာတော်ကြီးများက မြန်မာပြန်ဆိုခဲ့ပါသည်။ မဟာဘုတ်တွင် (က) ကမ္မဇမဟာဘုတ် (ခ) စိတ္တဇမဟာဘုတ် (ဂ) အာဟာရဇမဟာဘုတ် (ဃ) ဥတုဇမဟာဘုတ်ဟူ၍ လေးပါးရှိ၏။

(က) ကမ္မဇမဟာဘုတ် = ကံကြောင့်ဖြစ်သည့် ရုပ်= စက္ခုပသာဒရုပ် စသည်မှာ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ၄-ပါးလုံး အတူတကွ ပါဝင်နေသည်။

(ခ ) စိတ္တဇမဟာဘုတ် = စိတ်ကြောင့်ဖြစ်သည့်ရုပ် = ကာယဝိညတ် စသည်၌ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ၄-ပါးလုံး အတူတကွ ပါဝင်နေပါသည်။

(ဂ ) အာဟာရဇမဟာဘုတ် = အာဟာရကြောင့်ဖြစ်သည့်ရုပ် = အာဟာရမှီဝဲခြင်းကြောင့် ဖြစ်ပေါ်လာသည့် ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ၄-ပါးလုံး အတူတကွ ပါဝင်၏။

(ဃ) ဥတုဇမဟာဘုတ် ဥတုကြောင့်ဖြစ်သည့်ရုပ် = အပူအအေးကြောင့် ပြောင်းလဲဖြစ်နေသည့်ရုပ် စသည်၌လည်း ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ၄-ပါးလုံး အတူတကွ ပါနေသည်။ ဤမဟာဘုတ်တို့သည် ဖြစ်လည်းအတူတူ၊ ပျက်လည်း အတူတူ။

## ခန္ဓာငါးပါး ဝိပဿနာရှုကွက်

ဥဩငှက်၏ "ဥဩ ဥဩ"ဟူသောအသံကို သောတပသာဒ ပြည့်စုံသူတိုင်း ကြားပေမည်။ သဘာဝတရားက ကြားပြီးပြီးချင်း ပျောက်သွားတော့သည်။ ဖောက်ပြန်ပျက်စီးသွားပြီဟူ၍လည်း ပြောနိုင်ပါသည်။ သောတပသာဒက ရုပ်တရား၊ အသံကလည်း ရုပ်တရား ဖြစ်၏။ ထို့ကြောင့် ရူပက္ခန္ဓာ ပေါ်သွားသည်။ နားက ကြားသည်။ ဥဩတွန်သံလေး နားဝင်ချိုလိုက်တာ၊ ကောင်းလိုက်တာ ဟူသောခံစားချက် ဝေဒနာက္ခန္ဓာပေါ်သည်။ ဥဩသံဟူသော အမှတ်သညာ၊ ဒီနှစ် ဥဩသံကြားရတာ ခါတိုင်းနှစ်ထက် စောတယ်ဟူသော အမှတ်သညာက သညာက္ခန္ဓာ။ ဥဩသံကို ကြားသိစိတ်က ဝိညာဏက္ခန္ဓာ။ နားက ကြားနိုင်အောင် အာရုံစိုက်ပြီး အတွင်းစိတ်ကနေ ပြုပြင်ပေးလိုက်သောကြောင့် ကြားခြင်းဖြစ်သည်။ တွေးနေငေးနေပါက ကြားမည် မဟုတ်ပေ။ ဤသို့ ပြုပြင်စီမံပေးသည်ကပင် သင်္ခါရက္ခန္ဓာဖြစ်သည်။

တစ်နည်းဆိုရသော် ဥဩသံနှင့် သောတပသာဒက ရူပက္ခန္ဓာ။ သာယာသည့်အသံ ခံစားသည်က ဝေဒနက္ခန္ဓာ။ ဥဩသံမှန်း မှတ်သားမိသည်က သညာက္ခန္ဓာ၊ ကြားသိစိတ်က

ဝိညာဏက္ခန္ဓာ၊ ပြုပြင်စီမံပေးသည်က သင်္ခါရက္ခန္ဓာဟူသော ခန္ဓာငါးပါးတို့က တစ်ပြိုင်နက်တည်းဖြစ်ပြီး၊ တစ်ပြိုင်နက်တည်း ပျက်သွားကြလေသည်။ ပမာအားဖြင့် ညမှောင်နေသည့် အခန်းထဲ မီးထွန်းလိုက်သည်နှင့် မီးရောင်ရောက်၊ အမှောင်ပျောက်ခြင်းတို့သည် တစ်ပြိုင်နက်တည်း ဖြစ်၏။

## ပေါ်ရာထင်ရှားရာသိရန် ပဓာန

ဝိပဿနာရှုသည့် ယောဂီအနေဖြင့် ဤမျှများပြားသည့် ဖြစ်စဉ် Function ကို မှတ်သားမိရန် မလွယ်ကူပေ။ ထင်ရှားရာတစ်ပါးပါးကို ရှုလျှင် (ဝါ) သိလျှင် (ဝါ) မိလျှင် လုံလောက်ပါသည်။ ပမာဆိုရသော် ဥဩသံကို ကြားလိုက်သည့် အသံကိုဖြစ်စေ၊ နှစ်သက်သည့် ခံစားမှုကိုဖြစ်စေ၊ မှတ်သားမှုကိုဖြစ်စေ ပေါ်ရာထင်ရှားရာ သိနိုင်သည်။ အလေ့အကျင့်ကောင်းသည့် ယောဂီအဖို့ ခံစားမှု၊ မှတ်သားမှု၊ သိမှု ပေါ်ပြီးပျောက် နေသည်ကို ရှုမိ၊ သိမိလျှင် လုံလောက်ပါသည်။ အလုံးစုံသော ခန္ဓာငါးပါးလုံး၏ ပေါ်ပြီးပျောက်၊ ဖြစ်ပေါ်လာပြီး ချုပ်သည်ကို သိနိုင်ရန်ကား မဖြစ်နိုင်ကောင်းပေ။ ဘုရားရှင်တို့၏ အရာသာဖြစ်ပေသည်။

ထို့ကြောင့် ယောဂီရှုမှတ်မိရန်မှာမူ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဟူသော ဒွါရခြောက်ပါးအနက် တစ်ပါးပါးမှ ပေါ်လာသော ခန္ဓာငါးပါးမှ ဖမ်းရပေမည်။

## ခန္ဓာငါးပါးအစုအပုံ

အထက်ပါ ဥပမာတွင် ဥဩသံကို နားကကြားသိရာမှ ခန္ဓာငါးပါးပေါ်လာပုံကို ဖော်ပြထားပါသည်။ ခန္ဓာငါးပါးကို အစုအပုံဟု ဘာသာပြန်နိုင်ပါသည်။ သို့သော် လောကဝေါဟာရအရ မြင်တွေ့နေရသည့် စပါးပုံ၊ သဲပုံပမာ အစုအပုံ မဟုတ်ပါပေ။ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်အားဖြင့် စု၍ရသောကြောင့် အစုဟုခေါ်ခြင်း ဖြစ်သည်။ အတိတ်ကဖြစ်ခဲ့သည်။ ပစ္စုပ္ပန်၌ ဖြစ်နေသည်။ အနာဂတ်၌လည်း ဖြစ်ပေဦးမည်ဆိုသောကြောင့် ခန္ဓာ။ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်အားဖြင့် စုပေါင်း၍ ရေတွက်ရသောကြောင့် ခန္ဓာဟုခေါ်သည်။ ထို့ကြောင့် စပါးပုံ၊ သဲပုံပမာမဟုတ်ဘဲ သဘောတရားအနေနှင့်သာ ရှိသည်။

သို့သော် မြင်တွေ့နေရသည့် သဏ္ဌာနပညတ်ဟူသော အသွင်သဏ္ဌာန်နှင့် အစုအပေါင်းဟူသော သမူဟနှစ်ခုကိုသာ မြင်ပြီး၊ သူ၏ သဘာဝအရှိ၊ ဓာတ်သဘောကို မမြင်တွေ့နိုင်ကြသောအခါ ပုဂ္ဂိုလ်သတ္တဝါအဖြစ် ပုံဖော်ကြခြင်းဖြစ်သည်။

ယောက်ျား၊ မိန်းမ၊ ဖြူတယ်၊ မဲတယ်ဟု ပုံဖော်ကြသည်။ ထိုအခါ "သူက ငါ့လူ၊ ငါ့လူကို မထိနဲ့ မင်းဒုက္ခရောက်ချင်လို့လား" ဟု ဖြစ်လာပါတော့သည်။ သဘာဝသဘောတရားကို သဘောတရားဟု မမြင်ဘဲ ပုဂ္ဂိုလ်သတ္တဝါဟု ပုံဖော်ရာမှ ရန်သူ၊ မိတ်ဆွေ၊ ချစ်သူ၊ မုန်းသူ ပေါ်ပေါက်လာရခြင်းဖြစ်သည်။

## ဝိပဿနာဉာဏ်ပေါ်ရန်

စိတ်ကြောင့်ဖြစ်သည့် စိတ္တဇရုပ်ကိုလည်း ပြင်ပမှ အတုံးအခဲအဖြစ် မြင်ရသော်လည်း ရုပ်၏ဖောက်ပြန်တတ်သည့် သဘောအရ အကောင်အထည်အားဖြင့် မရှိပေ။

တစ်ဖန် မဟာဘုတ်တို့လည်း တစ်ပါးအကြောင်းဖြစ်လျှင် ကျန်သုံးပါကအကျိုး၊ နှစ်ပါးက အကြောင်းဖြစ်လျှင် ကျန်နှစ်ပါးကအကျိုး ဖြစ်နေသည်။ အတူတကွဖြစ်နေသဖြင့် တစ်ခု ပျက်လျှင် ကျန်သုံးခုလည်း ပျက်တော့သည်သာ။ သဟဇာတအနေဖြင့် အတူတကွဖြစ်၊ အတူ တကွပျက်နေသည့် သဘာဝတရားကြီးဟု နားလည်ရန် ပဓာနဖြစ်သည်။

အဋ္ဌကထာများ၌ ဖွင့်ဆိုသည်မှာ သဘာဝအလျောက် ဖြစ်ပေါ်နေခြင်းဟု ပြသည်။ သဘာဝဟူသည် သုညဟု ပြသောကြောင့် အစိုင်အခဲ၊ အတုံး၊ အရည်၊ အဖတ်၊ ပုံသဏ္ဌာန် ကင်းဆိတ်သည့် သဘောကပင် သုညဖြစ်သည်။ ကင်းဆိတ်ခြင်းမည်သည် ပုဂ္ဂိုလ် သတ္တဝါ၊ ယောကျ်ား၊ မိန်းမ၊ သူ၊ ငါ၊ အသက်၊ လိပ်ပြာ မဟုတ်သည်ကို ကင်းဆိတ်သည်ဟု ဆိုလိုပါသည်။

“ဥဒြသံ ပေါ်လာတယ်၊ ဟော အခုမရှိတော့ဘူး၊ ပျောက်သွားပြီ၊ ဒါဖြစ်ပျက်ပေ့ါ” ဟု အတွေးဖြင့် “ပေါ်ပြီးပျောက်သွားတယ်” ဟု ပြုလုပ်နေမိပါလျှင်မူ ပညတ်ဖြစ်ပျက်ဖြစ်သော ကြောင့် ဝိပဿနာဉာဏ် အဆင့်ဆင့် မြင့်တက်လာမည့်အခွင့်အရေး လုံးဝဆုံးရှုံးသွားမည် ဖြစ်ပါသည်။

## အကြောင်းအကျိုးတရား Cause & Effect

မြတ်စွာဘုရားရှင်က အကျိုးတရားတစ်ရပ် ပေါ်ပေါက်လာနိုင်ရန်အတွက် အကြောင်း တရားပေါင်းများစွာ ပေါင်းဆုံပေးရကြောင်း ဟောတော်မူပါသည်။ အကြောင်းတရား ပေါင်းဆုံ သဖြင့် ဖြစ်ပေါ်လာသည့် သဘောတရားကို နားလည်လာသူအဖို့ တစ်စုံတစ်ဦးဦးသော တန်ခိုးရှင်၊ ဖန်ဆင်းရှင် Creator က ဖန်ဆင်းတာလည်း မဟုတ်သကဲ့သို့ အကြောင်းမဲ့ ဖြစ်နေခြင်းလည်း မဟုတ်ကြောင်းကို ပိုင်ပိုင်နိုင်နိုင် သိရှိလာနိုင်သည်။

ဖြစ်သင့်သော အကြောင်းတရားကြောင့် ဖြစ်သင့်သော အကျိုးတရား ပေါ်ပေါက်လာ ခြင်းသာတည်း။ ထိုအကျိုးတရား မဖြစ်ပေါ်နိုင်သော အကြောင်းတရားကြောင့် ထိုထို အကျိုးတရား မဖြစ်နိုင်ပေဟု သိရှိလာခြင်းကို ဆိုလိုပါသည်။ ဥယျာဉ်ထဲ စိုက်ပျိုးထားသည့် ပန်းသီးစေ့ဟူသော အကြောင်းတရားကြောင့် ချိုသော ပန်းသီး သီးသည်။ ခါးသော ကြက်ဟင်း ခါးသီး မသီးနိုင်ပေ။ စပ်သောငရုပ်သီးလည်း မသီးပေ။ ချဉ်သောရှောက်သီးလည်း မသီးနိုင်ပေ။

ထိုထိုသင့်သောအကြောင်းတရားတို့ကြောင့်သာ ထိုထိုသင့်သော အကျိုးတရားတို့ ပေါ်ပေါက်လာခြင်း ဖြစ်၏။ ယခုကဲ့သို့ Right understanding သမ္မာဒိဋ္ဌိအမြင် မှန်ကန်ရန် ပဋ္ဌာန်း တရားတော်ကို သင်ယူနေကြရခြင်း ဖြစ်ပါသည်။

ဤသို့ နားမလည်နိုင်ပါက အဟေတုက မိစ္ဆာဒိဋ္ဌိ၊ အကိရိယမိစ္ဆာဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သဿတဒိဋ္ဌိတို့မှ လွှန်မြောက်ရန် ခဲယဉ်းပေလိမ့်ဦးမည်။

## ဧဝံဓမ္မတာနည်း Of such a nature method

ဧဝံဓမ္မတာနည်းဟူသည် "ဖြစ်သင့်သည့် အကြောင်းတရားတို့ကြောင့်သာ ဖြစ်သင့်သည့် အကျိုး တရားတို့ ဖြစ်ကြသည်"ဟု အမှန်ကို အမှန်အတိုင်း သိသည်ကို ဧဝံဓမ္မတာနည်းဟု ခေါ်၏။

ဥပမာ အဝိဇ္ဇာဟူသောအကြောင်းကြောင့်သာ ဖြစ်ထိုက်သည့် သင်္ခါရဟူသော အကျိုး တရား ဖြစ်လာ၏။ သင်္ခါရဟူသော အကြောင်းကြောင့်သာ ဖြစ်သင့်ဖြစ်ထိုက်သည့် ဝိညာဏ် ဟူသော အကျိုးတရား ဖြစ်လာသည်ဟု သိရှိနားလည်လာနိုင်သည်ကို သမ္မာဒိဋ္ဌိဉာဏ်အမြင်ဖြင့် အမှန်အတိုင်း သိလာခြင်း မည်ပါသည်။

တစ်နည်းပြဆိုရသော် ဤအကျိုးတရားသည် ဖြစ်သင့်သည့်အကြောင်းတရားတို့ ပေါင်းဆုံ၍သာ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ ဤအကျိုးတရားတစ်ရပ် မပေါ်ပေါက် သင့်သည့် အကြောင်းတရားကြောင့်မူ ထိုအကျိုးတရား မဖြစ်ပေါ်နိုင်ပေဟု အမှန်အတိုင်း သိမြင်သည်ကို သမ္မာဒိဋ္ဌိဉာဏ် Right understanding ခေါ်၏။

ထိုထိုအကျိုးတရားကို ဖြစ်စေနိုင်သည့် အကြောင်းတရားတို့ကို အမှန်အတိုင်း မသိနိုင် သေးသည့် သံသရာရှည်ကြာ ကာလပတ်လုံး၌မူ မဖြစ်နိုင်သည့် အကြောင်းတရားများ စွာကြောင့် အကျိုးတရားများ ဖြစ်နေသည်ဟု မှားမှားယွင်းယွင်း ယူပေတော့မည် (သို့မဟုတ်) အကြောင်းမဲ့ဖြစ်နေသည်ဟု မိစ္ဆာဒိဋ္ဌိအမြင် wrong understanding အားဖြင့် မှားမှားယွင်းယွင်း ယူပေတော့မည် ယူနေပေတော့မည်။

အဋ္ဌကထာလာ ဥပမာမှာ နွားနို့မှ ဒိန် ဖြစ်သည်။ ရေမှသည် ဒိန် မဖြစ်နိုင်ပါ။ ဆီမှသည် ဒိန်မဖြစ်နိုင်ပါ။ ဖြစ်သင့်သည့် အကျိုးတရားတစ်ရပ် ဖြစ်ပေါ်လာနိုင်ရန် ဖြစ်သင့်သည့် အကြောင်းတရား ဧကန် မုချ ရှိရပါမည်။ ဖြစ်သင့်သည့်အကြောင်းတရား မရှိပါဘဲ အကျိုး တရားတစ်ရပ် မပေါ်ပေါက်နိုင်ပါပေ။

အကျိုးတရား မပေါ်ပေါက်နိုင်သည့် အကြောင်းတရားက ထိုထိုအကျိုးတရားကို မဖော် ထုတ်ပေးနိုင်ပါ။ ဆီမှသည် နို့ခမ်းခေါ်သည့် ဒိန်မဖြစ်နိုင်ပါ။ ရေမှသည် ဒိန်မဖြစ်နိုင်ပါဟု ပိုင်ပိုင် သိမြင်သဘောကျနိုင်လာသည့် ယောဂီအဖို့ အကျိုးတရားဟူသမျှ၌ ဆိုင်ရာဆိုင်ရာ အကြောင်းတရားတို့ မရှိဘဲ အကြောင်းမဲ့ အကျိုးတရားတို့ ပေါ်ပေါက်လာနိုင်သည်ဟူသော အဟေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိအယူတို့မှ လွတ်မြောက်နေပါသည်။

# အကြောင်းအကျိုး ရှေ့ဖြစ် နောက်ဖြစ်

ပဋ္ဌာန်းတရားတော်၌ ပစ္စယ= ပစ္စည်းဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန်ဟူသော အကျိုးတရားတို့ရှိရာတွင် အကြောင်းကအရင် အကျိုးကနောက်လည်းရှိသည်။ အကြောင်းနှင့် အကျိုး တစ်ပြိုင်နက်ဖြစ်တာလည်း ရှိပါသည်။ အကျိုးကအရင်ဖြစ်ပြီး အကြောင်းက နောက်မှာ ဖြစ်တာလည်း ရှိပါသည်။

တရားရှုမှတ်ရာတွင်လည်းပစ္စယ = အကြောင်းတရား၊ ပစ္စယုပ္ပန္န = အကျိုးတရား ပါနေပါသည်။ ဥပမာ တရားရှုမှတ်ရာတွင် စိတ်ကလေးငြိမ်းအေးပြီး ချမ်းသာနေသည်ကို သိသိနေသည်ဆိုပါစို့ ထိုအခိုက်တွင် သညာပါသည်။ ငြိမ်းအေးကာ ချမ်းသာနေသည့်ဝေဒနာကို မှတ်သိနေတာမှာ စေတနာက သညာကို သိခိုင်းနေသည်။ သိသိနေခြင်းက ဝိညာဏ်ဖြစ်သည်။ ထို့ကြောင့် *'စတ္တာရော ခန္ဓာ အရူပိနော'* နာမ်ခန္ဓာလေးပါး အလုပ်လုပ်နေခြင်း ဖြစ်ပါသည်။

ဝေဒနာကို မှတ်သိနေရာတွင် သူက အကြောင်းတရားဖြစ်ပြီး ကျန်သည့် သညာ၊ သင်္ခါရ၊ ဝိညာဏ သုံးပါးတို့က အကျိုးတရား ဖြစ်သည်။ ဝေဒနာကို အကျိုးတရားထားပါက သညာ၊ သင်္ခါရ၊ ဝိညာဏတို့က အကြောင်းတရား ဖြစ်ပါသည်။

မဟာဘုတ်လေးပါးသည် ၂-ပါးက အကြောင်းဖြစ်ပါက ၂-ပါးက အကျိုးဖြစ်၏။ ၃-ပါးက အကြောင်းဖြစ်ပါက ၁-ပါးက အကျိုးဖြစ်၏။ ထို့ကြောင့် *"ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။ တယော မဟာဘူတာ ဧကဿ မဟာဘူတဿ သဟဇာတပစ္စယေန ပစ္စယော။ ဒွေ မဟာဘူတာ ဒွိန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော"* ဟု လာရှိပါသည်။

မဟာဘူတ = မဟာဘုတ် ၄-ပါး = ကြီးမားထင်ရှားသည့်ရုပ် = မဟာဘုတ်ဟူ၍ပင် ရှေးက မြန်မာပြန်ခဲ့ပါသည်။

ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ၄-ပါးလုံး အပြန်အလှန် ကျေးဇူးပြုနေခြင်းကို *"ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။"*

မဟာဘုတ်မှာ ကမ္မဇမဟာဘုတ် စိတ္တဇမဟာဘုတ် အာဟာရဇမဟာဘုတ် ဥတုဇ မဟာဘုတ်တို့ ရှိပါသည်။

(က) ကံကြောင့်ဖြစ်သည့်ရုပ် = စက္ခုပသာဒရုပ်စသည်မှာ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ၄-ပါးလုံး အတူတကွ ပါနေသည်။

(ခ) စိတ်ကြောင့်ဖြစ်သည့်ရုပ် = ကာယဝိညတ်စသည်မှာ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ၄-ပါး လုံး အတူတကွ ပါဝင်နေပါသည်။

(ဂ) အာဟာရကြောင့်ဖြစ်သည့်ရုပ်= အာဟာရမှီဝဲလိုက်ပါက ဖြစ်လာသည့်ရုပ် စသည်မှာ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ၄-ပါးလုံး အတူတကွ ပါနေသည်။

(ဃ) ဥတုကြောင့်ဖြစ်သည့် ရုပ်= အပူအအေးကြောင့် ပြောင်းလဲဖြစ်နေသည့်ရုပ် စသည်မှာလည်း ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ၄-ပါးလုံး အတူတကွ ပါနေသည်။

ဤမဟာဘုတ်တို့က ဖြစ်လျှင်လည်း အတူတကွဖြစ်ပြီး၊ ပျက်လျှင်လည်း အတူတကွ ပျက်ပါသည်။

## ဥပါဒါရုပ် ၂၄-ပါး

မဟာဘုတ်ကို မှီ၍ဖြစ်သောရုပ် ၂၄-ပါးကို ဥပါဒါရုပ်ဟု ခေါ်သည်။ ၎င်းတို့မှာ ပသာဒရုပ် ၅-ပါး။ ဂေါစရရုပ် ၄-ပါး။ ဘာဝရုပ် ၂-ပါး။ ဟဒယဝတ္ထု ၁-ပါး။ ဇီဝိတရုပ် ၁-ပါး။ အာဟာရရုပ် ၁-ပါး။ ပရိစ္ဆေဒရုပ် ၁-ပါး။ ဝိညတ်ရုပ် ၂-ပါး။ ဝိကာရရုပ် ၃-ပါးနှင့် လက္ခဏရုပ် ၄-ပါးတို့ ဖြစ်ကြသည်။

* ပသာဒရုပ် ၅-ပါးမှာ = စက္ခုပသာဒ စသည် ၅-ပါး။
* ဂေါစရရုပ် ၄-ပါးမှာ = ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၏ တရားကိုယ် ပထဝီ၊ တေဇော၊ ဝါယောတို့ကို ယူသည်။
* ဘာဝရုပ် ၂-ပါးမှာ = ဣတ္ထိဘာဝရုပ်၊ ပုမ္ဘာဝရုပ်။
* ဟဒယဝတ္ထု = စိတ် စေတသိက်တို့တည်ရာ။
* ဇီဝိတရုပ်မှာ = ကမ္မဇရုပ်တို့ကို စောင့်ရှောက်သောရုပ်
* အာဟာရရုပ်မှာ = အဆီအနှစ်ဩဇာရုပ်။
* ပရိစ္ဆေဒရုပ်မှာ = ရုပ်ကလာပ်တစ်ခုနှင့်တစ်ခုပိုင်းခြားထားသောအကြားရုပ်
* ဝိညတ်ရုပ်မှာ = မိမိအလိုဆန္ဒကို သူတစ်ပါးအား သိစေနိုင်သော အမူအရာရုပ်ကာယ။ ဝစီဝိညတ် စသည်။
* ဝိကာရရုပ်မှာ = လဟုတာရုပ်၊ မုဒုတာရုပ်၊ ကမ္မညတာရုပ်။
* လက္ခဏရုပ်မှာ = ဥပစယရုပ်၊ သန္တတိရုပ်၊ ဇရတာရုပ်၊ အနိစ္စတာရုပ်တို့ ဖြစ်ကြပါသည်။

## သဟဇာတပစ္စည်း၏သင်္ချာ

သဟဇာတပစ္စည်း၏သင်္ချာမှာ -၉ ဖြစ်ပါသည်။ ထို့ကြောင့် "*သဟဇာတေ နဝ*" ဟု မှတ်သားနိုင်ပါသည်။ ထိုသင်္ချာကို အောက်ပါအတိုင်း လေ့လာနိုင်ပါသည် -

## ကုသလ သင်္ချာ -၃

(၁) ကု-ကု (၂) ကု-ဗျာ (၃) ကု-ကု၊ ဗျာ

**အကုသလ သင်္ချာ -၃**

(၁) အကု-အကု (၂) အကု-ဗျာ (၃) အကု-အကု၊ ဗျာ

**အဗျာကတ သင်္ချာ -၁**

(၁) ဗျာ-ဗျာ

**ကုသလာဗျာကတ သင်္ချာ -၁**

(၁) ကု-ဗျာ၊ ဗျာ

**အကုသလာဗျာကတသင်္ချာ -၁**

(၁) အကု-ဗျာ၊ ဗျာ

**(Mind to Mind and Matter) (Matter to Matter) (Mind to Matter and Vice versa)**

သဟဇာတပစ္စည်းသည် နာမ်တရားက နာမ်နဲ့ရုပ်တရား (Mind to Mind and Matter) ကို လည်းကောင်း၊ ရုပ်တရားက ရုပ်တရား (Matter to Matter) ကိုလည်းကောင်း၊ နာမ်တရားက ရုပ်တရားတို့ (Mind to Matter and Vice versa) ကို အပြန်အလှန် ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည်။

**ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား**

(က) နာမ်တရားက နာမ်နဲ့ရုပ်တရား Mind to Mind and Matter ကို ကျေးဇူးပြုရာတွင် -

ပစ္စယဟူသော အကြောင်းတရားမှာ - စိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါးတို့ ဖြစ်သည်။
ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - စိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါး၊ စိတ္တဇရုပ်နှင့် ပဋိသန္ဓေကမ္မဇရုပ်တို့ ဖြစ်သည်။

(ခ ) ရုပ်တရားက ရုပ်တရား Matter to Matter ကို ကျေးဇူးပြုရာတွင် -

ပစ္စယဟူသော အကြောင်းတရားမှာ - မဟာဘုတ် ၄-ပါး ဖြစ်သည်။
ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - မဟာဘုတ် ၄-နှင့် ဥပါဒါန်ရုပ်တို့ ဖြစ်သည်။

# ၇။ အညမညပစ္စယော

## Daily life Paṭṭhāna

### Aññamañña Paccayo *(Mutuality condition)*




*ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အညမညပစ္စယေန ပစ္စယော။ (ကု၊ ကု-၁)*

ကုသိုလ်တည်းဟူသော အကြောင်းဓမ္မသည် ကုသိုလ်တည်းဟူသော အကျိုးဓမ္မအား အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

## အချင်းချင်းအပြန်အလှန် ထောက်ပံ့လျက် ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည်

The '*Aññamañña*' means supporting one another. That is compared to where three sticks are put together against each other, like tripod. You put three sticks together and they stand each depending on the other one.



'သစ်သားသုံးခွ၊ ချင်းချင်းမသို့' ဟု ရှေးဆရာမြတ်တို့က မိန့်ဆိုတော်မူသည်နှင့်အညီ သုံးချောင်းထောက် သုံးချောင်း၌ ခြေတစ်ချောင်းနှင့်တစ်ချောင်းတို့သည် အချင်းချင်း အပြန်အလှန် ကျေးဇူးပြုသကဲ့သို့ နာမ်ခန္ဓာ (၄) ပါး ၊ မဟာဘုတ် (၄)ပါး၊ ပဋိသန္ဓေစိတ်၊ စေတသိက်၊

ဟဒယဝတ္ထုတို့သည် ပစ္စယုပ္ပန်ကွဲပြားသော်လည်း အချင်းချင်း အပြန်အလှန် ထောက်ပံ့လျက် ကျေးဇူးပြုကြသည်။

## သုံးချောင်းထောက် ဥပမာ

အညမညပစ္စယောတွင် အညမညပါဠိကို ပုဒ်ခွဲပါက (အည + အည) ရမည်။ အညမည ပစ္စယောဟူသည် တစ်ပါးက တစ်ပါးကို ကျေးဇူးပြုသည်ဟူ၍လည်းကောင်း၊ အချင်းချင်း ကျေးဇူးပြုသည်ဟူ၍လည်းကောင်း အဓိပ္ပါယ်ယူနိုင်ပါသည်။

ခြေထောက်သုံးချောင်း လဲပြိုမသွားစေရန် အချင်းချင်း အပြန်အလှန် အားပေး ထောက်ကူကာ ကျေးဇူးပြုသည်နှင့်တူကြောင်း 'သစ်သားသုံးခွ တိဒဏ္ဍသို့' ဟု ရှေးအဋ္ဌကထာ ဆရာမြတ်တို့က ဥပမာပြုတော်မူကြပါသည်။

ဗွီဒီယို၊ ဓာတ်ပုံ ရိုက်ကူးရာ၌ အသုံးပြုသည့် သုံးချောင်းထောက် Tripod နှင့် အလား တူပါသည်။ ကင်မရာတင်ထားသည့် Tripod ၏ ခြေထောက်တစ်ချောင်းကျိုးလျှင်၊ ယိုင်လျှင် ကျန်နှစ်ချောင်းက ကင်မရာကို တည့်မတ်နေစေရန် မစွမ်းဆောင်နိုင်တော့ပေ။

ထို့ကြောင့် သုံးချောင်းထောက် Tripod ၏ ခြေထောက်သုံးချောင်းသည် ကင်မရာကို ယိမ်းယိုင် လဲပြိုမသွားစေရန် အပြန်အလှန် အချင်းချင်း ကျေးဇူးပြုသည့်ပမာ အညမညပစ္စည်း သည်လည်း -

(၁) *စတ္တာရော ခန္ဓာ အရူပိနော အညမညပစ္စယေန ပစ္စယော။* (ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာဟူသော နာမ်အချင်းချင်း အညမည ပစ္စယသတ္တိဖြင့် အပြန်အလှန် ကျေးဇူးပြုပေသည်။)

(၂) *စတ္တာရော မဟာဘူတာ အညမညပစ္စယေန ပစ္စယော။* (မဟာဘုတ်အချင်းချင်း အညမညပစ္စယသတ္တိဖြင့် အပြန်အလှန် ကျေးဇူးပြုပေသည်။)

(၃) *ဩက္ကန္တိက္ခဏေ နာမရူပံ အညမညပစ္စယေန ပစ္စယော။* (ပဋိသန္ဓေ နာမက္ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်တို့သည် အချင်းချင်း အညမညပစ္စယသတ္တိဖြင့် အပြန်အလှန် ကျေးဇူးပြုပေသည်။)

အဋ္ဌကထာလာ သုံးချောင်းထောက် ဥပမာကဲ့သို့ပင် ရုပ်တရား၊ နာမ်တရားတို့ အချင်းချင်း အပြန်ပြန် အလှန်လှန် ပေါင်းစပ်ကာ ကျေးဇူးပြုနေကြသည်။ ထို့ကြောင့်ပင် ဤခန္ဓာကိုယ်ကောင်ကြီး သက်ဝင် ရှင်သန်နေခြင်း ဖြစ်ပါသည်။

## ပဉ္စဝေါကာရ၊ စတုဝေါကာရ၊ ဧကဝေါကာရဘုံ

ဘုရားရှင်၏ ပဋ္ဌာန်းတရားတော်သည် ရုပ်ခန္ဓာတစ်ပါး၊ နာမ်ခန္ဓာလေးပါး ပေါင်း ခန္ဓာငါးပါးရှိသည့် ပဉ္စဝေါကာရဘုံမှ သတ္တဝါများအကြောင်းကိုသာမက နာမ်ခန္ဓာမရှိဘဲ ရုပ်ခန္ဓာ

တစ်ပါးသာရှိသည့် ဧကဝေါကာရဖြစ်သည့် အသညသတ်ဘုံမှ သတ္တဝါတို့ကို လည်းကောင်း၊ တစ်ဖန် ရုပ်ခန္ဓာမရှိဘဲ နာမ်ခန္ဓာလေးပါးသာရှိသည့် စတုဝေါကာရဖြစ်သည့် အရူပဘုံမှ ပြဟ္မာတို့၏အကြောင်းကိုလည်းကောင်း ဟောကြားတော်မူသည့် တရားတော်ဖြစ်ကြောင်းကို ပဋ္ဌာန်းတရားကို လေ့လာရာတွင် သိရှိခွင့်ရနိုင်ပါသည်။

ထို့ကြောင့် ကုသလတိက် ပဥ္စာဝါရပါဠိတော်တွင် *"ဗာဟိရံ အာဟာရသမုဋ္ဌာနံ ဥတုသမုဋ္ဌာနံ အသညသတ္တာနံ ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ အညမညပစ္စယေန ပစ္စယော"* ဟုလာရှိပါသည်။

ပြင်ပသန္တာန်၌ဖြစ်သော ရုပ်သည်လည်းကောင်း၊ အာဟာရကြောင့်ဖြစ်သော ရုပ်သည်လည်းကောင်း၊ ဥတုကြောင့်ဖြစ်သော ရုပ်သည်လည်းကောင်း၊ အသညသတ် ပြဟ္မာဘုံ၌ရှိသည့် ပြဟ္မာကြီးတို့၏ တစ်ပါးသော မဟာဘုတ်သည် သုံးပါးသော မဟာဘုတ်တို့အားလည်းကောင်း အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

## ဝိပဿနာ၏ အာရုံဖြစ်သည့် ရုပ်တရား

နာမ်တရားသည် သိတတ်သည့်သဘောဖြစ်ပြီး၊ ရုပ်တရားမည်သည် အသိခံ အာရုံသက်သက်မျှသာ ဖြစ်ပါသည်။ ရုပ်တရား၌ သိနိုင်စွမ်းသည့်သတ္တိ မရှိပေ။

ဝိပဿနာရှုပွားရာ၌ အစပိုင်း ဉာဏ်မရင့်မီကာလတွင် အသိခံအာရုံမှာ ရုပ်တရားသာ ဖြစ်ပါသည်။ ယောဂီ၏ ဝိပဿနာဉာဏ် ရင့်သန်လာသောအခါတွင်မူ စိတ်ဝယ် အခါမလပ် ဖြတ်သန်းနေသည့် လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ အလောဘ၊ အဒေါသ၊ အမောဟ စသည်တို့လည်း ယောဂီ၏ အရှုခံအာရုံ ဖြစ်လာပါသည်။

ဤနေရာတွင် အရှုခံ၊ အသိခံအာရုံဖြစ်သည့် ရုပ်တရားပိုင်း၌ ပထဝီ၊ တေဇော၊ ဝါယော၊ အာပေါ ဟူသော မဟာဘုတ် ၄-ပါးသည် *"ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ ၊ တယော မဟာဘူတာ ဧကဿ မဟာဘူတဿ၊ ဒွေ မဟာဘူတာ ဒွိန္နံ မဟာဘူတာနံ အညမညပစ္စယေန ပစ္စယော"* ဟု လာရှိသည့် ပါဠိတော်အရ တစ်ခုသော မဟာဘုတ်ရုပ်သည် သုံးခုသော မဟာဘုတ်ရုပ်တို့အားလည်းကောင်း၊ သုံးခုသော မဟာဘုတ်သည် တစ်ခုသော မဟာဘုတ်အားလည်းကောင်း၊ နှစ်ခုသော မဟာဘုတ်သည် နှစ်ခုသော မဟာဘုတ်တို့အားလည်းကောင်း အညမညပစ္စည်းဖြင့် ကျေးဇူးပြုသည်။

ထို့ကြောင့် အသိခံအာရုံဖြစ်သည့် မဟာဘုတ်တို့သည်လည်း ဖြစ်၊ တည်၊ ပျက်၊ ဖြစ်၊ တည်၊ ပျက် အစဉ်ဖြင့်ပေါ်ပြီး ပျောက်ကာနေပါသည်။ သိရုံမျှ၊ သိရုံမျှ၊ အသိခံရုံ သက်သက်မျှသာဖြစ်သည်။ ဤတွင် သိရုံမျှဟူသည် ဝိပဿနာဉာဏ်ဖြင့် သိသိနေခြင်းကို ဆိုလိုပါသည်။

## ဝိပဿနာ၏ အာရုံဖြစ်သည့် နာမ်တရား

သိသည်ဟုဆိုရာတွင်လည်း နာမ်ခန္ဓာလေးပါးတို့ ပါဝင်နေပါသည်။ "*ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ ၊ တယော ခန္ဓာ ဧကဿ ခန္ဓဿ ၊ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ အညမညပစ္စယေန ပစ္စယော*"ဟု လာရှိသည့် ပါဠိတော်အရ ကုသိုလ်ဖြစ်သော နာမ်ခန္ဓာ တစ်ပါးသည် သုံးပါးသော နာမ်ခန္ဓာတို့အားလည်းကောင်း၊ သုံးပါးသော နာမ်ခန္ဓာတို့သည် တစ်ပါးသော နာမ်ခန္ဓာအားလည်းကောင်း၊ နှစ်ပါးသောနာမ်ခန္ဓာသည် နှစ်ပါးသော နာမ်ခန္ဓာတို့အားလည်းကောင်း အညမညပစ္စည်းဖြင့် ကျေးဇူးပြုသည်။

(နာမ်ခန္ဓာ လေးပါးရှိပါသည်။ ၎င်းတို့မှာ ၁- ဝေဒနာက္ခန္ဓာ = ခံစားမှုသဘောအစု၊ ၂- သညာက္ခန္ဓာ = မှတ်သားမှုသဘောအစု၊ ၃- သင်္ခါရက္ခန္ဓာ= နှလုံးသွင်းစဉ်းစားဆင်ခြင်မှုသဘောအစု နှင့် ၄-ဝိညာဏက္ခန္ဓာ= သိမှုသဘောအစုတို့ ဖြစ်ပါသည်။)

ထို့ကြောင့် ဝိပဿနာဉာဏ်ဖြင့် သိစရာအာရုံကို သိနိုင်ရန် ထိုနာမ်ခန္ဓာ အစုအဝေး လေးပါးလုံးက ပါဝင်ကာ အညမညပစ္စည်းဖြင့် ကျေးဇူးပြုပြီး စုပေါင်းပံ့ဖော်ပေးမှသာလျှင် သိမှုဟူသော နာမ်တရား ဖြစ်လာပါသည်။ ဤတွင်လည်း နာမ်တရားအစုသည် ဖြစ်၊ တည်၊ ပျက်၊ ဖြစ်၊ တည်၊ ပျက် အစဉ်ဖြင့် ပေါ်ပြီး ပျောက်ကာနေပါသည်။ သိရုံမျှ၊ သိရုံမျှ သက်သက်သာဖြစ်သည်။

နာမ်တရားအစုအဝေးဖြစ်သည့် ခံစားမှုသဘော၊ မှတ်သားမှုသဘော၊ ဆင်ခြင် ကြံစည်စေ့ဆော်မှုသဘောနှင့် သိမှုသဘောဟူသော အစုအဝေးတို့သည် ဥပါဒ်၊ ဌီ၊ ဘင်ဟူသော ဖြစ်၊ တည်၊ ပျက် အစဉ် Process သက်သက်မျှသာ ဖြစ်သကဲ့သို့ ရုပ်တရားဘက်ကလည်း မာသဘော ပျော့သဘော၊ ပူသဘော၊ အေးသဘော၊ တွန်းကန်လှုပ်ရှားသဘော၊ ဖွဲ့စည်းသည့် သဘောဟူသော မဟာဘုတ် ၄-ပါးသည်လည်း ဥပါဒ်၊ ဌီ၊ ဘင်ဟူသော ဖြစ်၊ တည်၊ ပျက် အစဉ် Process သက်သက်မျှသာ ဖြစ်ပေသည်။

## အညမညပစ္စည်း၏ သင်္ချာ

အညမညပစ္စည်း၏သင်္ချာမှာ - ၃ ဖြစ်ပါသည်။ ထို့ကြောင့် "*အညမညေ တီဏိ*" ဟု မှတ်သားနိုင်ပါသည်။ ထိုသင်္ချာကို အောက်ပါအတိုင်း လေ့လာနိုင်ပါသည် -

### ကုသလ သင်္ချာ - ၁

(၁) ကု - ကု

**အကုသလ သင်္ချာ - ၁**

(၁) အကု - အကု

**အဗျာကတ သင်္ချာ - ၁**

(၁) ဗျာ - ဗျာ

**(Mind to Mind and Matter) (Matter to Matter) (Mind to Matter and Vice versa)**

အညမညပစ္စည်းသည် နာမ်တရားက နာမ်နှင့်ရုပ်တရား (Mind to Mind and Matter) ကိုလည်းကောင်း၊ ရုပ်တရားက ရုပ်တရား (Matter to Matter) ကိုလည်းကောင်း၊ နာမ်တရားက ရုပ်တရား (Mind to Matter and Vice versa) တို့ကို အပြန်အလှန် ကျေးဇူးပြုသောပစ္စည်း ဖြစ်သည်။

**ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား**

(က) နာမ်တရားက နာမ်တရား Mind to Mind ကို ကျေးဇူးပြုရာတွင် -
ပစ္စယဟူသော အကြောင်းတရားမှာ - စိတ် - ၈၉ ပါး၊ စေတသိက် - ၅၂ ပါးတို့ ဖြစ်သည်။
ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - စိတ် - ၈၉ ပါး၊ စေတသိက် - ၅၂ ပါးတို့ ဖြစ်သည်။

(ခ) ရုပ်တရားက ရုပ်တရား Matter to Matter ကို ကျေးဇူးပြုရာတွင် -
ပစ္စယဟူသော အကြောင်းတရားမှာ - မဟာဘုတ် - ၄ ပါး ဖြစ်သည်။
ပစ္စယုပ္ပန္နဟူသောအကျိုးတရားမှာ - မဟာဘုတ် - ၄ ပါး ဖြစ်သည်။

(ဂ) နာမ်တရားက ရုပ်တရားတို့ (Mind to Matter and Vice versa) ကို အပြန်အလှန် ကျေးဇူးပြုရာတွင် -
ပစ္စယဟူသော အကြောင်းတရားမှာ - ပဋိသန္ဓေ စိတ်စေတသိက်များနှင့် ဟဒယဝတ္ထုတို့ ဖြစ်သည်။
ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - ပဋိသန္ဓေ စိတ်စေတသိက်များနှင့် ဟဒယဝတ္ထုတို့ ဖြစ်သည်။

အညမညပစ္စည်းသည် သဟဇာတမျိုး၌ ပါဝင်ပါသည်။ သဟဇာတက အတူတကွ ဖြစ်လျှင် ကျေးဇူးပြုသည်။ အညမညက အတူတကွဖြစ်ရုံသာမက တစ်ပါးကို တစ်ပါးက အပြန်အလှန် ကျေးဇူးပြုပါသည်။


**သဟဇာတအလတ်မျိုး (၄) ပါး**

၁။ အညမည၊ ၂။ ဝိပါက၊ ၃။ သမ္ပယုတ္တ၊ ၄။ သဟဇာတဝိပ္ပယုတ္တ။

# ၈။ နိဿယပစ္စယော

# Daily life Paṭṭhāna

## Nissaya Paccayo *(Dependence condition)*





*ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ (ကု၊ ကု-၁)*

ကုသိုလ်တည်းဟူသော အကြောင်းဓမ္မသည် ကုသိုလ်တည်းဟူသော အကျိုးဓမ္မအား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

## တည်ရာမှီရာအဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည်

The *'Nissaya'* means something depend on. It is translated as support. Nissaya is compared to a canvas for painting. The canvas is the support for the painting.



'သစ်ပင်စိုက်မြေ၊ ပန်းမန်တွေ၏၊ မသွေမှီရာ၊ ပုံပမာနှင့်' ဟု လာရှိသည်နှင့်အညီ သစ်ပင် စိုက်သောအခါ သစ်ပင်သည် မြေကြီးကို မှီ၍ ပေါက်ရသဖြင့် မြေကြီးသည်

သစ်ပင်တို့၏ တည်ရာဖြစ်သကဲ့သို့ ပန်းချီရေးဆွဲသောအခါ ရေးဆွဲလိုသော အရုပ်များသည် ပန်းချီကားချပ်ကို မှီ၍ဖြစ်လာရသဖြင့် ပန်းချီကားချပ်သည် အရုပ်များ၏ မှီရာဖြစ်သကဲ့သို့ နာမ်ခန္ဓာ ၄-ပါး၊ မဟာဘုတ် ၄-ပါး၊ ပဋိသန္ဓေစိတ်၊ စေတသိက်၊ ဟဒယဝတ္ထု ၊ မြင်၊ ကြား၊ နံ၊ စား၊ ထိသိစိတ် တို့သည် ဆိုင်ရာဝတ္ထုများကို မှီ၍ဖြစ်ကြသဖြင့် တည်ရာမှီရာအဖြစ်ဖြင့် ဖြစ်အောင်တည်အောင် ကျေးဇူးပြုကြသည်။

## မှီရာတည်ရာ

'နိဿယ' ဟူသော ပါဠိဝေါဟာရသည် 'မှီရာ၊ တည်ရာ' ဟု အဓိပ္ပာယ်ရပါသည်။ မှီရာတည်ရာအဖြစ်ဖြင့် ကျေးဇူးပြုခြင်းသည် နိဿယပစ္စည်းမည်၏။ ဥပမာအားဖြင့် မြေကြီးသည် သစ်ပင်တို့အား မှီရာ၊ တည်ရာ အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ ရုပ်နာမ်တရားတို့သည်လည်း အခြားတစ်ပါးသော ရုပ်နာမ်တရားတို့အား မှီရာ၊ တည်ရာ အဖြစ်ဖြင့် ကျေးဇူးပြု၏။

နိဿယပစ္စည်း၌ (က) သဟဇာတနိဿယနှင့် (ခ) ပုရေဇာတနိဿယဟူ၍ နှစ်မျိုး ရှိသည်။

## (က) သဟဇာတနိဿယ

'သဟဇာတနိဿယ' ဟူသည် (သဟဇာတ + နိဿယ) 'သဟဇာတ = အတူတကွ လည်းဖြစ် + နိဿယ = မှီရာတည်ရာလည်းဖြစ်' ဟု အဓိပ္ပာယ်ရပါသည်။ ထို့ကြောင့် သဟဇာတပစ္စည်းဟူသည် သဟဇာတပစ္စည်း၌ ဖော်ပြခဲ့သည့် "အတူတကွဖြစ်၍ ကျေးဇူးပြုသော" တရားတို့သည်ပင် မှီရာတည်ရာ (နိဿယ) အဖြစ်ဖြင့်လည်း ကျေးဇူးပြုကြသောကြောင့် 'သဟဇာတ' ပစ္စည်းနှင့် 'နိဿယ' ပစ္စည်းနှစ်မျိုးလုံး၌ ပါဝင်ကြရသည်။ ထို့ကြောင့် ထိုအမည် နှစ်ခုကို ပေါင်း၍ 'သဟဇာတနိဿယ' ပစ္စည်းဟု 'နိဿယ' ရှေ့က 'သဟဇာတ' ပုဒ်ဖြင့် အထူးပြုကာ အမည်တပ်ရခြင်း ဖြစ်သည်။ ထို့ကြောင့် -

(၁) စိတ်, စေတသိက် နာမ်ခန္ဓာလေးပါးတို့သည် အချင်းချင်းအားဖြင့်လည်းကောင်း၊ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်တို့အားလည်းကောင်း အတူတကွဖြစ်ဖက် 'သဟဇာတသတ္တိ'နှင့် မှီရာတည်ရာအဖြစ် 'နိဿယသတ္တိ' တို့ဖြင့် ကျေးဇူး ပြုကုန်၏။

(၂) မဟာဘုတ်ကြီးလေးပါးတို့သည် အချင်းချင်းအားလည်းကောင်း၊ မိမိတို့ကို မှီ၍ ဖြစ်ကြရသော ဥပါဒါရုပ်တို့အားလည်းကောင်း အတူတကွဖြစ်ဖက် 'သဟဇာတ သတ္တိ' နှင့် မှီရာတည်ရာအဖြစ် 'နိဿယသတ္တိ' တို့ဖြင့် ကျေးဇူးပြုကုန်၏။

(၃) ပဋ္ဌဝေါကောရ ပဋိသန္ဓေနာမ်ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်တို့သည် ပဋိသန္ဓေခဏ၌ အချင်းချင်းအား အတူတကွဖြစ်ဖက် 'သဟဇာတသတ္တိ' နှင့် မှီရာတည်ရာအဖြစ် 'နိဿယသတ္တိ' တို့ဖြင့် ကျေးဇူးပြုကုန်၏။

## (ခ) ဝတ္ထုပုရေဇာတနိဿယ

'ဝတ္ထု ပုရေဇာတနိဿယ' ဟူသော ဝေါဟာရ၌ (ဝတ္ထု+ပုရေဇာတ+နိဿယ) ဟူ၍ ပုဒ်သုံးခု ပါဝင်နေသည်။ ထိုတွင် ဝတ္ထုဟူသည် စိတ်၊ စေတသိက်တရားတို့ မှီ၍ ဖြစ်ရာ ဖြစ်သော ဝတ္ထုရုပ်ခြောက်ပါးတို့ကို ဆိုလိုသည်။ ယင်းဝတ္ထုရုပ် ခြောက်ပါးတို့သည် မိမိတို့ကို မှီ၍ ဖြစ်ကြရသော စိတ်၊ စေတသိက်တို့မဖြစ်မီ ရှေးဦးစွာ ဖြစ်နှင့်ကြရသဖြင့် 'ပုရေဇာတ' မည်သည်။ ထို့ပြင် ထိုဝတ္ထုရုပ် ခြောက်ပါးတို့သည် စိတ်၊ စေတသိက်တရားတို့၏ မှီရာ တည်ရာဖြစ်သောကြောင့် 'နိဿယ' အမည်ကိုလည်း ရပြန်သည်။

ထို့ကြောင့် ဝတ္ထုပုရေဇာတပစ္စည်းဟူသည် (၁) ဝတ္ထုလည်း ဟုတ်၏၊ (၂) စိတ်, စေတသိက်တရားတို့ မဖြစ်မီ ရှေးဦးစွာ ဖြစ်နှင့်သောကြောင့် ပုရေဇာတလည်း ဟုတ်၏၊ (၃) စိတ်, စေတသိက်တရားတို့၏ မှီရာ တည်ရာဖြစ်၍ နိဿယလည်း ဟုတ်၏ဟူသော အင်္ဂါသုံးချက်နှင့် ညီသောကြောင့် ဝတ္ထုပရေဇာတနိဿယ ဖြစ်ပါသည်။

ဤအင်္ဂါသုံးချက်နှင့်ညီသော တရားတို့ကား ဝတ္ထုခြောက်ပါးပင်တည်း။ ထိုဝတ္ထုခြောက်ပါးတို့သည် အရူပဝိပါက်စိတ်လေးခုမှ တစ်ပါးသောစိတ် ၈၅-ပါး၊ စေတသိက် ၅၂-ပါးတို့အား 'ဝတ္ထုပုရေဇာတနိဿယ' သတ္တိဖြင့် ကျေးဇူးပြုကုန်၏။

ဥပမာ တယောသံတို့မည်သည် တယောကြိုးကို တယောထိုးတံတို့ဖြင့် ထိုးသော အားကြောင့်သာ ဖြစ်လာ၏၊ တစ်ပါးသော အခြင်းအရာအားဖြင့် တယောသံ မဖြစ်နိုင်ပါ၊ ထိုဥပမာအတိုင်း ပဉ္စဝိညာဉ်တို့မည်သည် ဝတ္ထုရုပ်ငါးပါးဟု ဆိုအပ်သော အာရုံငါးပါးတို့၏ ထင်ခြင်းသို့ ရောက်သော အဟုန်ကြောင့်သာလျှင် ဖြစ်လာ၏၊ တစ်ပါးသော အကြောင်းအားဖြင့် မဖြစ်လာနိုင်ပါ။

ထင်ခြင်းသို့ ရောက်ခြင်းသည်လည်း ထိုဒွါရ အာရုံတို့၏ ငြိသို့ ရောက်သောအခါ၌သာလျှင် ဖြစ်၏၊ ထင်ခြင်းသို့ ရောက်ခြင်းတည်းဟူသော အကြောင်းကြောင့်သာလျှင် ဘဝင် နှစ်ကြိမ် လှုပ်၏၊ ဘဝင်လှုပ်ခြင်းတည်းဟူသော အကြောင်းကြောင့်လည်း ပဉ္စဒွါရ၌ ဆင်ခြင်သော ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည်ဖြစ်၏။ အာဝဇ္ဇန်းဖြစ်ခြင်းတည်းဟူသော အကြောင်းကြောင့်လည်း စက္ခုဝိညာဉ် အစရှိသော ဝိညာဉ်ငါးပါးတို့ အာရုံအားလျော်စွာ အသီးသီး ဖြစ်လာကြ၏၊

ထို့ကြောင့် စက္ခုအစရှိသော ဝတ္ထုငါးပါးတို့သည် စက္ခုဝိညာဉ် စသည် မဖြစ်မီ ရှေး ဖြစ်သော အတီတဘဝင်စိတ်၏ ဥပါဒ်ခဏ၌ ဖြစ်လာကြပြီး ပဥ္စဝိညာဏဓာတ်တို့အား ဝတ္ထု ပုရေဇာတနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

မရဏာသန္နအခါ၌ကား ခပ်သိမ်းကုန်သော ဝတ္ထုရုပ်ခြောက်ပါးတို့သည် စုတိစိတ်မှ ရှေး၌ တစ်ဆယ့်ခုနစ်ချက်မြောက်ဖြစ်သော ဘဝင်စိတ်၏ ဥပါဒ်ခဏ၌သာလျှင် ဖြစ်ကုန်၏၊ ထိုဘဝင်စိတ်၏ ဥပါဒ်ခဏမှ နောက်၌မဖြစ်ကုန်၊ ထို့ကြောင့် မရဏာသန္နအခါ၌ ဘဝင်စိတ်များ ခပ်သိမ်းသော ဆဋ္ဌါရိက ဝီထိစိတ်များနှင့် စုတိစိတ်သည် မိမိတို့မဖြစ်မီ ရှေးအခါ၌ ဖြစ်ကုန်သော ထို ၁၇-ချက်မြောက် စိတ်နှင့်အတူ ဥပါဒ်သည်သာလျှင် ဖြစ်ကုန်သော မိမိ မိမိတို့၏ ဝတ္ထုတို့ကို မှီ၍ ဖြစ်ကုန်၏၊ ဤဆိုအပ်ခဲ့ပြီးသည် ဝတ္ထုပုရေဇာတနိဿယ ပစ္စည်းဖြစ်ပေသည်။

## ဝတ္ထုရုပ်ခြောက်ပါး

(၁) သတ္တဝါတို့၏ မျက်စိထဲ၌ = မျက်နက်ဝန်း၌ပါရှိသော မျက်စိအကြည်ဓာတ်ကို စက္ခု ပသာဒဟု ခေါ်၏။ ယင်း စက္ခုပသာဒရုပ်သည် အပြင်ဘက်က အဆင်း = ရူပါရုံ ဝင်ရောက်ရာ တံခါးသဖွယ်ဖြစ်သောကြောင့် 'စက္ခုဒွါရ' ဟုလည်း ခေါ်၏။ ထိုစက္ခု ပသာဒရုပ်သည် ရူပါရုံကို မြင်သိမှုခေါ် စက္ခုဝိညာဉ်စိတ် နှစ်ပါးဖြစ်ရာ ဌာနဖြစ်၍ 'စက္ခုဝတ္ထု' ဟုလည်း ခေါ်၏။

(၂) နားထဲ၌လည်း နားအကြည်ဓာတ်ခေါ် သောတပသာဒရုပ်သည် ရှိ၏။ ထို သောတ ပသာဒရုပ်သည် အပြင်ဘက်က အသံ = သဒ္ဒါရုံဝင်ရောက်ရာ တံခါးသဖွယ် ဖြစ်သော ကြောင့် 'သောတဒွါရ' ဟုလည်း ခေါ်၏။ သဒ္ဒါရုံကို ကြားသိမှုခေါ် သောတဝိညာဉ်စိတ် နှစ်ပါး၏ ဖြစ်ရာဌာနဖြစ်၍ 'သောတဝတ္ထု' ဟုလည်း ခေါ်၏။

(၃) နှာခေါင်းထဲ၌လည်း နှာခေါင်းအကြည်ဓာတ်ခေါ် ဃာနပသာဒရုပ်သည် ရှိသည်။ ထို ဃာနပသာဒရုပ်သည် အပြင်ဘက်က အနံ့ = ဂန္ဓာရုံဝင်ရောက်ရာ တံခါးသဖွယ် ဖြစ်သောကြောင့် 'ဃာနဒွါရ' ဟုလည်း ခေါ်၏။ ဂန္ဓာရုံကို နံသိမှုခေါ် ဃာနဝိညာဉ်စိတ် နှစ်ပါး၏ ဖြစ်ရာ ဌာနဖြစ်၍ 'ဃာနဝတ္ထု' ဟုလည်း ခေါ်၏။

(၄) လျှာ၏အလယ်၌လည်း လျှာအကြည်ဓာတ်ခေါ် ဇိဝှာပသာဒရုပ်သည် ရှိ၏။ ထို ဇိဝှာ ပသာဒရုပ်သည် အပြင်ဘက်က အရသာ = ရသာရုံဝင်ရောက်ရာ တံခါးသဖွယ် ဖြစ်သောကြောင့် 'ဇိဝှာဒွါရ' ဟုလည်းခေါ်၏။ ရသာရုံကို လျက်သိမှုခေါ် ဇိဝှာ ဝိညာဉ်စိတ်နှစ်ပါး၏ ဖြစ်ရာဌာနဖြစ်၍ 'ဇိဝှာဝတ္ထု' ဟုလည်း ခေါ်၏။

---

**ကျမ်းညွှန်း** * တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ရေစကြိုဆရာတော်ကြီး၏ ပုဒ္ဓမြတ်စွာ၏ နည်းသမုဒ္ဒရာ (၂၀၀၈ - ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်)

(၅) တကိုယ်လုံး၌ ပျံ့နှံ့၍တည်သော ကိုယ်အကြည်ဓာတ်ခေါ် ကာယပသာဒ ရုပ်သည် ရှိ၏။ ထို ကာယပသာဒရုပ်သည် အပြင်ဘက် အတွေ့ ဖောဋ္ဌဗ္ဗာရုံဝင်ရောက်ရာ တံခါး သဖွယ်ဖြစ်သောကြောင့် 'ကာယဒွါရ' ဟုလည်း ခေါ်၏။ ဖောဋ္ဌဗ္ဗာရုံကို တွေ့သိမှုခေါ် ကာယ ဝိညာဉ် စိတ်နှစ်ပါး၏ ဖြစ်ရာဌာနဖြစ်၍ 'ကာယဝတ္ထု' ဟုလည်း ခေါ်၏။

(၆) နှလုံးသား၏အလယ်၌ သွေးများတည်နေသော တွင်းငယ်တစ်ခုရှိ၏။ ထို သွေးများ ပျံ့နှံ့လျက်တည်သော ဝတ္ထုတစ်မျိုးကို 'ဟဒယ' ဟု ခေါ်၏။ ပစ္စုပ္ပန် ပဉ္စာရုံကို ခံယူသော မနောဓာတ်သုံးပါးနှင့် (အရူပဝိပါက် စိတ်လေးခုကြဉ်သော) မနောဝိညာဏဓာတ်ခေါ် မနောဝိညာဉ်စိတ် ၇၂ - ပါး ပေါင်း (စိတ် ၇၅-ပါး) တို့၏ မှီရာဖြစ်သောကြောင့် 'ဟဒယဝတ္ထု' ရုပ်ဟု ခေါ်၏။

| ဆ-ဝတ္ထု | ဆ-ဒွါရ | ဆ-အာရမ္မဏ | ဆ-ဝိညာဏ | ဆ-ဝီထိ | ဆ-ဝိသယပ္ပဝတ္တိ |
|---|---|---|---|---|---|
| စက္ခုဝတ္ထု<br>သောတဝတ္ထု<br>ဃာနဝတ္ထု<br>ဇိဝှါဝတ္ထု<br>ကာယဝတ္ထု | စက္ခုဒွါရ<br>သောတဒွါရ<br>ဃာနဒွါရ<br>ဇိဝှါဒွါရ<br>ကာယဒွါရ | ရူပါရုံ<br>သဒ္ဒါရုံ<br>ဂန္ဓာရုံ<br>ရသာရုံ<br>ဖောဋ္ဌဗ္ဗာရုံ | စက္ခုဝိညာဏ<br>သောတဝိညာဏ<br>ဃာနဝိညာဏ<br>ဇိဝှါဝိညာဏ<br>ကာယဝိညာဏ | စက္ခုဒွါရဝီထိ<br>သောတဒွါရဝီထိ<br>ဃာနဒွါရဝီထိ<br>ဇိဝှါဒွါရဝီထိ<br>ကာယဒွါရဝီထိ | အတိမဟန္တာရုံ<br>မဟန္တာရုံ<br>ပရိတ္တာရုံ<br>အတိပရိတ္တာရုံ |
| ဟဒယဝတ္ထု | မနောဒွါရ | ဓမ္မာရုံ | မနောဝိညာဏ | မနောဒွါရဝီထိ | ဝိဘူတာရုံ<br>အဝိဘူတာရုံ |

## မြင်သိစိတ်ဖြစ်ရန် ပါဝင်သည့်ပစ္စည်း

စက္ခုဝိညာဉ် = မြင်သိစိတ်တစ်ခု ဖြစ်ပေါ်လာနိုင်ရန် ၁ - သဟဇာတပစ္စည်း။ ၂ - အညမညပစ္စည်း။ ၃ - နိဿယပစ္စည်း။ ၄ - အာရမ္မဏပစ္စည်း။ ၅ - ပုရေဇာတပစ္စည်း။ ၆ - အတ္ထိပစ္စည်းနှင့် ၇ - အဝိဂတပစ္စည်း တို့က ကျေးဇူးပြုမှသာ ဖြစ်ပေါ်လာနိုင်ပါသည်။

## ဝတ္ထာရမ္မဏပုရေဇာတနိဿယ

'ဝတ္ထု' 'အာရမ္မဏ' 'ပုရေဇာတ' 'နိဿယ'ဟူသော ထိုဓမ္မသဘောတရားသည် အောက်ပါအင်္ဂါလေးပါးနှင့် ညီညွတ်မှသာ ရပါမည် -

(၁) ဝတ္ထုလည်း ဖြစ်ရမည် = ဝတ္ထု

(၂) ပစ္စယုပ္ပန်တရားတို့၏ အာရုံလည်း ဖြစ်ရမည် = အာရမ္မဏ

(၃) ပစ္စယုပ္ပန်တရားတို့ မဖြစ်မီ ရှေးဦးစွာလည်း ဖြစ်နှင့်နေရမည် = ပုရေဇာတ

(၄) နိဿယသတ္တိဖြင့် အမှီခံလည်း ဖြစ်ရမည် = နိဿယ

ဤလေးပါးနှင့် ပြည့်ပြည့်စုံစုံ ညီညွတ်နိုင်သော တရားမှာ 'ဟဒယဝတ္ထု'သာ ရှိ၏။

ဤဟဒယဝတ္ထုကို အာရုံပြု၍ စိတ်, စေတသိက်တရားတို့ ဖြစ်နိုင်ကြသေးသဖြင့် ဟဒယဝတ္ထုသည် မိမိကို အာရုံပြု၍ ဖြစ်ကြကုန်သော စိတ်, စေတသိက်တရားတို့အား ကျေးဇူးပြုရာ၌ 'ဝတ္ထာရမဏပုရေဇာတနိဿယ'ဟု ခေါ်သော ပစ္စည်းခွဲကလေးတစ်ခု ရှိသေး၏။ ဟဒယဝတ္ထုကို အဘယ်သို့ အာရုံပြုသနည်းဟူမူ -

(၁) မိမိ၏ ဟဒယဝတ္ထုကို အာရုံပြု၍ - "ငါ၏ မနောဝိညာဉ်စိတ်သည် ငါ၏ ဟဒယဝတ္ထုကို အာရုံပြု၍ ဖြစ်၏။ ဤငါ၏ မနောဝိညာဉ်စိတ်မှီရာ ဟဒယဝတ္ထုရုပ်သည် ငါ၏ ဥစ္စာတည်း။ ဤဟဒယဝတ္ထုသည် ငါ၏အတ္တတည်း" ဤသို့ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် လည်းကောင်း။


(၂) "ဤဟဒယဝတ္ထုရုပ်သည် မမြဲ၊ ဆင်းရဲ၏၊ အတ္တမှ ဆိတ်သုဉ်း၏" ဤသို့ လက္ခဏာရေးသုံးပါးသို့တင်၍ သုံးသပ်သည်၏ အစွမ်းဖြင့်လည်းကောင်း မနောဒွါရဝဇ္ဇန်း အစရှိကုန်သော မနောဒွါရိက (စိတ်တံခါး၌ ဖြစ်သော) ဝီထိစိတ်တို့သည် ဖြစ်ကြကုန်၏။

ဤသို့သောနည်းဖြင့် ဟဒယဝတ္ထုရုပ်သည် မိမိကို အာရုံပြု၍ ဖြစ်ကြကုန်သော (မနောဒွါရာဝဇ္ဇန်း၊ ကာမဇော-၂၉၊ တဒါရုံ ၁၁- ဟူသော) မနောဝိညာဉ်စိတ် ၄၃-ပါးတို့နှင့် (ကရုဏာ၊ မုဒိတာ၊ ဝိရတီ-၃၊ အပ္ပမညာ-၂ ဟူ၍ ရှစ်ပါးကြဉ်အပ်သော) စေတသိက် ၄၁-ပါးတို့အား 'ဝတ္ထာရမ္မဏပုရေဇာတနိဿယ' သတ္တိဖြင့် ကျေးဇူးပြုသည်ဟူ၍ မှတ်သားရာ၏။

ဤသို့ ဟဒယဝတ္ထုရုပ်ကို အာရုံပြု၍ ဝီထိစိတ်များဖြစ်ခြင်းသည် ပကတိအခါ၌ သာမက၊ သေခါနီး (မရဏာသန္န) အခါ၌လည်း ဖြစ်နိုင်သေး၏။ အလွန်လေးနက်သော အရာပေတည်း။ (ကျမ်းညွှန်း - ဆရာကြီးဦးမြင့်ဆွေ၏ ပဋ္ဌာန်းမဟာ)

## စိတ္တနိယာမအစဉ် Mental process

ပဋ္ဌာန်းကို ဝီထိနှင့်ယှဉ်ပြီး လေ့လာမှသာ နားလည်လွယ်မည်ဖြစ်သောကြောင့် ထို့ကြောင့် စက္ခုဝိညာဏ် စိတ်ဝီထိကို လေ့လာနိုင်ရန် အောက်တွင် ဖော်ပြပါသည် -




---

**ကျမ်းညွှန်း** * ဆရာကြီး ဦးမြင့်ဆွေ၏ ပဋ္ဌာန်းမဟာကျမ်း

| | | |
|---|---|---|
| ဘဝင် | - | Stream of bhavanga |
| အတီတဘဝင် | - | Past bhavanga |
| ဘဝင်္ဂစလန | - | Vibrational bhavanga |
| ဘင်္ဂုပစ္ဆေဒ | - | Arrest bhavanga |
| ပဥ္စဒွါရာဝဇ္ဇန်း | - | Five-door adverting |
| စက္ခုဝိညာဉ် | - | Eye-consciousness |
| သမ္ပဋိစ္ဆိုင်း | - | Accepting (Receiving) |
| သန္တီရဏ | - | Investigating |
| ဝုဋ္ဌော | - | Decision (Determining) |
| ဇော- ၇ ကြိမ် | - | Mental impulsions/ (Javana) |

တဒါရုံ -၂ ကြိမ် (Registration) တို့သည် ရှေ့နောက် ဉပါဒ်၊ ဋ္ဌီ၊ ဘင်၊ ဖြစ်၊ တည်၊ ပျက် အစဉ်အတိုင်း ဖြစ်နေကြသည်ကို စိတ္တနိယာမဟု ခေါ်ပါသည်။

ရုပ်သက်က (၁၇) ချက် ရှိသည်။ ထို့ကြောင့် စက္ခုပသာဒက အတီတဘဝင်၏ ဉပါဒ်ခဏက စဖြစ်ပြီး ဒုတိယ တဒါရုံ၏ ဘင်မှာ ချုပ်ပါသည်။ စက္ခုဝိညာဉ်က စက္ခုပသာဒကိုမှီပြီး ဖြစ်ရသည်မှာ နိယာမတရား ဖြစ်သည်။ ရုပ်တရားဖြစ်သည့် စက္ခုပသာဒက မြင်သိစိတ် စက္ခုဝိညာဉ်ထက် စောပြီးဖြစ်နှင့်ရသဖြင့် ပုရေဇာတပစ္စည်း ရသည်။

အဘယ်ကာလမျှ စောဖြစ်ရသနည်းဟူမူကား စက္ခုဝိညာဉ်ထက် အစောဖြစ်ကြသည့် အတီတဘင်၊ ဘဝင်္ဂစလန၊ ဘင်္ဂုပစ္ဆေဒ၊ ပဥ္စဒွါရာဝဇ္ဇန်းဟူသော စိတ္တက္ခဏ ၄-ချက်စောပြီး ဖြစ်ရပါသည်။ အတီတဘင်၏ ဉပါဒ်ခဏက ဖြစ်ခဲ့သည့် စက္ခုပသာဒ ရုပ်ကိုမှီ၍ဖြစ်ပါသည်။ ထို့ကြောင့် စက္ခုပသာဒရုပ်က စက္ခုဝိညာဏ်စိတ်ကို ဝတ္ထုပုရေဇာတနိဿယဖြင့် ကျေးဇူးပြုပါသည်။

## မသိမှုကြောင့် မြဲတယ်၊ ကောင်းတယ်ဟု ထင်နေသည်

မျက်စိနှင့်အဆင်းဆုံပြီး မြင်သိစိတ်ဖြစ်ရာတွင် မျက်စိနှင့်အဆင်းတို့သည် မခိုင်ခန့်သည့်သဘော ရှိပါသည်။ ပျက်တတ်သည့်သဘော ရှိပါသည်။ သို့ဖြစ်ပါ၍ မျက်စိနဲ့အဆင်းပေါင်းစုံမိမှ ဖြစ်ပေါ်လာသည့် မြင်သိစိတ်လေးကလည်း မခိုင်ခံ့သည့် သဘော၊ ပျက်တတ်သည့်သဘော ရှိနေသည်။ သို့သော် မျက်စိနဲ့အဆင်းပေါင်းကာ ဖြစ်ပေါ်လာသည့် မြင်သိစိတ်ကလေးကို "မြဲတယ်၊ ကောင်းတယ်" ဟု ထင်တတ်ကြသည်။ အဘယ်ကြောင့်ဆိုသော် မသိမှုမောဟ အားကြီးသောကြောင့် ဖြစ်ပါသည်။

ပမာပြရသော် ဘုရားရှင်၏ သပ္ပာယ်လှသည့် ဆင်းတုတော်ကို မျက်စိဖြင့် ဖူးတွေ့လိုက်ရသည်။ မျက်စိနှင့် အဆင်းဆုံသဖြင့် မြင်သိစိတ် ပေါ်လာသည်။ ဆင်းတုတော်ကြီး မျက်စိထဲ ရောက်လာသည်လည်းမဟုတ် မျက်လုံးက ဆင်းတုတော်ဆီ ရောက်သည်လည်း မဟုတ်ဘဲ မြင်သိစိတ်သည် အရိပ်တစ်ခုမျှသာ ဖြစ်သည်။

အမှန်တကယ်တွင်မူ မျက်စိနှင့်အဆင်း နှစ်ပါးစုံ မခိုင်ခဲ့သည့်သဘောရှိသဖြင့် ပျက်တတ်ကြောင်းနှင့် မျက်စိနှင့်အဆင်း ပေါင်းဆုံမိမှ ဖြစ်ပေါ်လာသည့် မြင်သိစိတ်လေးကလည်း မခိုင်ခန့်သည့် သဘောရှိကြောင်းကို သိရှိလက်ခံနိုင်ရန် ခက်ခဲလှပါသည်။

မြင်သိစိတ် ဖြစ်လာလိုက်၊ ကြားသိစိတ် ဖြစ်လာလိုက်၊ စားသိစိတ် ဖြစ်လာလိုက်နှင့် ဖြစ်နေပါသည်။ ထိုကဲ့သို့ ဖြစ်ရခြင်း၏အကြောင်းရင်းမှာ ရုပ်နှင့်နာမ်နှစ်ပါး ပေါင်းဆုံမိခြင်းကြောင့်သာတည်း။ နာမ်အစဉ်အတန်းကြီးသည် မပြတ်တရစပ် ဘဝင်အနေနှင့် ဖြစ်ပေါ်နေပါသည်။ ထိုဘဝင်မှတစ်ဆင့် မြင်သိစိတ်၊ ကြားသိစိတ်၊ စားသိစိတ်တို့ အကြောင်းဆုံတိုင်း ဖြစ်ပေါ်နေ၏။

လူသေကောင်၌ မျက်စိရှိသော်လည်း အဆင်းကို မမြင်ရပေ။ အကြောင်းမှာ သူတို့မှာ ဘဝင်စိတ် အစဉ်အတန်း မရှိတော့သောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် နာမ်တရားတစ်ခု ဖြစ်ပေါ်လာနိုင်ရန်အတွက် အနန္တရသတ္တိ၊ သမနန္တရသတ္တိ ရှိမည်။ ရုပ်နှစ်ခုကလည်း ပုရေဇာတ၊ အာရမ္မဏ၊ နိဿယသတ္တိတို့ဖြင့် ကျေးဇူးပြုလျှင် မြင်သိစိတ် ပေါ်ပေမည်။

ဤသို့ အကြောင်းပေါင်းဆုံလျှင်မူ မြင်သိစိတ် "အရိပ်"တစ်ခု ပေါ်လာရန် မည်သူတစ်စုံတစ်ဦးကမှ ဖန်းတီးထားခြင်း မဟုတ်သကဲ့သို့ မည်သူတစ်စုံတစ်ဦးကမှ တားမြစ်၍လည်း မရနိုင်ပေ။

## ဘဝတစ်ပါး ကူးပြောင်းစေကာမူ အရိပ်ကလိုက်နိုင်သည်

ဥပမာပြရသော် တရားစခန်းလာမည့်ရက်တွင် တစ်သောင်းတန် ငွေစက္ကူငါးရွက်ကို ခေါင်းအုံးအောက်က ဖျားကြားတွင် သေသေချာချာ မှတ်မှတ်ရရ ထားရစ်ခဲ့သည်။ တရားအားထုတ်သည့်ရက်များတွင် အခါအားလျော်စွာ ထိုငွေကိုသတိရတိုင်း ငွေစက္ကူ ၅-ရွက်၏ အရိပ်သာမက ခေါင်းအုံးအပါအဝင် ၎င်းအောက်က ဖျာ၏အရိပ်ကိုပါ စိတ်ထဲ မကြာခဏ ထင်နေပါသည်။

အိမ်၌ရှိသည့်လူများက အိပ်ယာအိပ်ခင်းကို နေပူလှန်းရန်ထုတ်ယူရာတွင် ထိုငွေစက္ကူ ၅-ရွက်ကို တွေ့ရှိသွားပါသည်။ ထို့ကြောင့် ထိုငွေတို့ကို ယူသုံးလိုက်ကြပါသည်။ ထိုအခြေအနေမှန်ကို မသိသေးသည့် ယောဂီစိတ်ကမူ အိမ်ရောက်လျှင်ငွေငါးသောင်းဖြင့် ပိတ်စ လှလှဝယ်ပြီး ချုပ်ဝတ်မည်ဟု ရံခါတွေးပါသည်။ ပိတ်စဝယ်ဝတ်မည့်အစား တရားထိုင်ရာ ဓမ္မာရုံရှိ ဘုရားစဉ်ရှေ့၌ ပန်းအိုးဝယ်လှူမည်ဟု ရံခါ တွေးနေသည်။

ယောဂီသည် ဝတ်မည်၊ လှူမည်။ လှူမည်၊ ဝတ်မည်ဟု အပြန်ပြန် အလှန်လှန် ပုံဖော်နေပါသည်။ သူထားခဲ့သည့် ငွေစက္ကူအားလုံး ထားရာနေရာမှ ပျောက်သွားပြီး ဖြစ်ပါသော်လည်း ထိုငွေစက္ကူ၏အရိပ်ကား ထိုယောဂီ၏ စိတ်အာရုံတွင် မပျောက်သေးပါ။

ရက်သတ္တတစ်ပတ် ပြည့်သည့်တိုင်လည်းထိုအရိပ် ရှိနေမည်။ နှစ်ပတ်၊ သုံးပတ်ပြည့်သည့်တိုင်လည်း ရှိနေပေဦးမည်။ တစ်လပြည့်သည့်တိုင်လည်း ရှိချင်ရှိနေပေဦးမည်။ အကယ်၍ သူသည် အကြောင်းကြောင်းကြောင့် အိမ်မရောက်လိုက်ရဘဲ ဘဝတစ်ပါးသို့ ကူးပြောင်းသွားစေကာမူ ထိုအရိပ်က သူ့သန္တာန်၌ ပျောက်ကွယ်သွားတော့မည် မဟုတ်ပါ။

## အကြောင်းအကျိုး တရားမျှသာ

ကောင်းကင်ပြင်၌ လျှပ်စီးလက်သည်ကို လူတိုင်း မြင်ဖူးကြသည်။ လျှပ်စီးမလက်ခင် ကြည့်တော့လည်း မရှိပါ။ လျှပ်စီးလက်ပြီးတော့လည်း မရှိတော့ပါ။ ဖျတ်ကနဲ သိလိုက်သည်နှင့် တစ်ပြိုက်နက်တည်းပင် မရှိတော့ပေ။ မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ ထိသိစိတ်နှင့် တွေးကြံသိစိတ်တို့လည်း ထိုနည်းအတူပင် ဖြစ်သည်။ မမြင်သေးခင်၊ မကြားသေးခင်၊ မနံသေးခင်၊ မထိတွေ့သေးခင်၊ မတွေးသေးခင် မရှိပေ။ မြင်သခိုက် တစ်ခဏမြင်ရုံမျှသာ၊ ကြားသခိုက် တစ်ခဏကြားရုံမျှသာ၊ နံသခိုက် တစ်ခဏအနံ့ရရုံမျှသာ၊ တွေးကြံသခိုက် တစ်ခဏမျှသာရှိပြီး သိလိုက်သည်နှင့် တစ်ပြိုင်နက်တည်း ပျောက်၍၊ပျောက်၍သွားနေပါသည်။ ချုပ်၍၊ ချုပ်၍သွားနေပါသည်။

ဤသည်မှာ ပရမတ္ထဓမ္မ၏ သဘောသဘာဝ ဖြစ်ပါသည်။ အရိပ်ကလေးပေါ်ပြီး ပျောက်သွားနေသည့် ဖြစ်စဉ်ကြီး Process သက်သက်မျှသာ ရှိသည်။ အကြောင်းတရားနှစ်ခု ဖြစ်သည့် မျက်စိနှင့် အဆင်းဆုံသောကြောင့် အကျိုးတရားတစ်ရပ် ဖြစ်ပေါ်လာခြင်းမျှသာ ဖြစ်သည်။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ အတ္တ၊ အကောင်အထည်ဒြပ် မရှိပါလေ။

## အရိယာနှင့် ပုထုဇဉ်အမြင်

ဘုရား၊ ရဟန္တာတို့၏သန္တာန်၌မူ မြင်၊ ကြား၊ နံ၊ စားသခိုက်ထင်သည့် အရိပ်သည် အရိပ်အတိုင်းပင် ပေါ်ပါသည်။ အကောင်အထည်အဖြစ် မကျန်ရစ်ခဲ့ပါ။ ပုထုဇဉ်တို့၏ သန္တာန်၌မူ မြင်ရာ၊ ကြားရာ၊ နံရာ၊ စားရာတို့၌ အရိပ်မျှသာ မဟုတ်ဘဲ အကောင်အထည်အဖြစ်ပေါ်နေခြင်းက အရိယာနှင့် ပုထုဇဉ်၏အသိ ခြားနားချက်ကြီး ဖြစ်ပေတော့သည်။

ဥပမာအားဖြင့် ဖော်ပြရပါမူ ကောသမ္ဗီပြည်၌ မြတ်စွာဘုရားနှင့် သံဃာတော်များ ဆွမ်းခံကြွတော်မူစဉ် မာဂဏ္ဍီမိဖုရား၏ တပည့်များက နေ့စဉ်ရက်ဆက် နောက်ကလိုက်၍ ရက်ရက်စက်စက် ဆဲဆိုကြပါသည်။ ခဲများဖြင့် ပစ်ပေါက်ကြသည်။

ထိုအခါ အရှင်အာနန္ဒာက ဘုရားရှင်နှင့် သံဃာတော်များကို ဤသို့ ဆဲဆိုနေသည့် မြို့တွင် သီတင်းမသုံးဘဲ အခြားအရပ်သို့ ကြွသွားရန် ဘုရားရှင်ကို လျှောက်ထားပါသော်လည်း မြတ်စွာဘုရားရှင်က လက်ခံတော်မမူခဲ့ပါ။

ဤနေရာတွင် အဆဲခံရသူက မိမိကိုယ်တိုင်ဖြစ်နေသည်ဟု စဉ်းစားမည်ဆိုလျှင် ဆဲဆိုသည့်အသံက နားနှင့် တိုက်ဆုံပါသည်။ အရိပ်မျှသာ ဖြစ်ပါသည်။ ပေါ်ပြီးပျောက်နေသည့် သဘာဝသဘောတရား အမှန်ဖြစ်ပါသော်လည်း မိမိတို့၏ ကိလေသာ အာသဝ ဓာတ်ခံဆိုးကြောင့် "ငါ့ကိုဆဲတဲ့ကောင် ငါ့အကြောင်း သိမယ်ကွ"ဟု ကြိမ်းဝါးကာ တုတ်၊ ဓား၊ လက်နက်ဆွဲကိုင် လာပါတော့သည်။ ထိုဆဲဆိုသူကို ပြန်လှန် မဆဲလိုက်ရဘဲဖြစ်စေ၊ မရိုက်လိုက်မိဘဲဖြစ်စေ အကြောင်းအားလျော်စွာ တစ်နယ်တစ်ကျေးသို့ ပြောင်းရွှေ့သွားပြီး ကွယ်လွန်အနိစ္စရောက်သွားပြီး ဖြစ်စေကာမူ အကောင်အထည်အဖြစ် ယူထားမိသည့် ထိုပုဂ္ဂိုလ်၊ ထိုသတ္တဝါ၏ပုံရိပ် စိတ်ထဲပေါ်လာတိုင်း တောက်တခေါက်ခေါက်ဖြင့် မပြီးနိုင် မစီးနိုင် ဖြစ်နေပေလိမ့်မည်။

ထို့ကြောင့် သဘာဝသဘောတရားအမှန်ကို အမှန်အတိုင်း သိရှိနားလည် လက်ခံနိုင်ရန် ဝိပဿနာတရားကို ကျင့်ကြံပွားများ အားထုတ်ရပါမည်။ ထိုအခါ ဝိပဿနာဉာဏ်အားလျော်စွာ နားနှင့်အသံဆုံရုံမျှ၊ မျက်စိနှင့်အဆင်း ဆုံရုံမျှ၊ ကြုံရုံမျှဖြစ်ပြီး မခိုင်ခဲ့သည့် အရိပ်ပမာပါကလား၊ မိုးကောင်းကင်ပေါ်မှ လျှပ်စီးပမာ ပေါ်ကာမျှပါကလားဟု နားလည်နိုင်မည် ဖြစ်ပါသည်။

## ပါဏာတိပါတနှင့် ပဋ္ဌာန်းပစ္စည်း

ပမာပြရသော် မိမိလက်ပေါ်လာနားသည့် ခြင်တစ်ကောင်ကို သေသေချာချာ မိမိရရ ရိုက်လိုက်သည့် တစ်ခဏသည် အချိန်ကာလအားဖြင့် အလွန်ပင် တိုတောင်းလှပါသည်။ ဤကာလတိုအတွင်း၌ ပဋ္ဌာန်းပစ္စည်းအားဖြင့် ခြင်သည် အာရုံဖြစ်သဖြင့် အာရမ္မဏပစ္စည်း၊ ခြင်က သွေးလာစုပ်သည်ကို မကြိုက်သည့် ဒေါသက ဟေတုပစ္စည်း၊ သတ္တဝါတို့၏အသက်ကို သတ်ကောင်း၊ မသတ်ကောင်းကိုပင် မဝေဖန် မဆန်းစစ်နိုင်သည့် မောဟက ဟေတုပစ္စည်း တို့ ပါဝင်သည်။ ထို့ပြင် မောဟနှင့် အတူ ယှဉ်တွဲဖြစ်သည့် စိတ်စေတသိက်များ၊ ဒေါသနှင့် အတူ ယှဉ်တွဲဖြစ်သည့် စိတ် စေတသိက်များ၏ သတ္တိတို့ ပါဝင်၏။ ဤသည်ကား အကျဉ်းမျှ ဖော်ပြခြင်း ဖြစ်ပါသည်။

*အကျယ်အားဖြင့် ပြရသော် 'အကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော'* ဟု ဟောတော်မူသည့် ဒေါသနှင့် မောဟ ဟေတုသတ္တိ တို့ကြောင့် စိတ် စေတသိက်နှင့် စိတ္တဇရုပ်များ ဖြစ်ပေါ်လာသဖြင့် လက်ကလေးကို မြှောက်ပြီး ထိုခြင်ကလေး အရိုက်ခံလိုက်ရခြင်း ဖြစ်ပါသည်။ တစ်ဖန် အနန္တရ၊ သမနန္တရ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတပစ္စည်းတို့အရ လက်ဖျစ်တစ်ချက်တီးခန့် ကာလအတွင်း ဒေါသစိတ်၊ မောဟစိတ် တို့နှင့် ယှဉ်ဖက် စေတသိက်ပေါင်း ကုဋေတစ်သိန်းမက ဖြစ်ကြလေပြီ။

*ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။*

*ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။*

*ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ အာသေဝနပစ္စယေန ပစ္စယော။*

*ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ နတ္ထိပစ္စယေန ပစ္စယော။*

*ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ ဝိဂတပစ္စယေန ပစ္စယော။*

ထိုခြင်ကလေးကို သတ်တော့မည့် ဒေါသအခိုက်အတန့်အတွင်း သဟဇာတ၊ အညမည နိဿယပစ္စည်းတို့၏ နာမ်ခန္ဓာတစ်ပါးက သူနှင့်ဖြစ်ဖော်ဖြစ်ဖက် နာမ်ခန္ဓာသုံးပါးကိုလည်းကောင်း၊ နာမ်ခန္ဓာသုံးပါးက သူနှင့်ဖြစ်ဖော်ဖြစ်ဖက် နာမ်ခန္ဓာတစ်ပါးကိုလည်းကောင်း၊ နာမ်ခန္ဓာနှစ်ပါးက သူနှင့် ဖြစ်ဖော်ဖြစ်ဖက် နာမ်ခန္ဓာနှစ်ပါးကိုလည်းကောင်း အချင်းချင်း အပြန်ပြန် အလှန်လှန် ကျေးဇူးပြုကာ ပြင်းပြလှသည့် စိတ်စေတနာဆိုးကြောင့် ခြင်ကလေးကို လက်ဝါးဖြင့် ပုတ်ကာ သတ်ဖြတ်ခဲ့ခြင်း ဖြစ်ပါသည်။

*အကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သဟဇာတပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ သဟဇာတပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ သဟဇာတပစ္စယေန ပစ္စယော။*

*အကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ အညမညပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ အညမညပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ အညမညပစ္စယေန ပစ္စယော။*

*အကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ နိဿယပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။*

## အာဒိန္နာဒါနနှင့် ပဋ္ဌာန်းပစ္စည်း

သူတစ်ပါး၏ ဥစ္စာကို ရောင်းဝယ်ပြုရာ၌ အလေး၊ တင်း၊ တောင်းခိုးယူခြင်းသော်လည်းကောင်း၊ စာရင်းဇယားများပေါ်မှာ မမှန်မကန် စာရင်းပြ၍လည်းကောင်း၊ ဥစ္စာရှင်မသိအောင် လိမ်လည်ရယူခြင်းတို့သည် လောဘဟေတုနှင့် မောဟဟေတုတို့၏ ယှဉ်ဖော်ယှဉ်ဖက် စိတ်စေတသိက်တို့က ကျေးဇူးပြုခြင်းပေတည်း။ *လောဘံ ပဋိစ္စ မောဟော။*

ဤကဲ့သို့ သူတစ်ပါးဥစ္စာကို ယူရာတွင်လည်း *'အကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော'* ဟူသော ပဋ္ဌာန်းပါဠိတော်အတိုင်း လောဘနှင့် မောဟဟေတုတို့၏ သတ္တိကြောင့် စိတ်စေတသိက်နှင့် စိတ္တဇရုပ်များဖြစ် ပေါ်လာသဖြင့် ပိုင်ရှင်မပေးသည့်ဥစ္စာကို ကာယကံမြောက် ခိုးယူသည့်အထိ အထမြောက်လာခြင်းဖြစ်သည်။

သတ်၊ ခိုး၊ ကာမဟူသော ကာယဒုစရိုက်သုံးပါး လွန်ကျူးရာတွင်လည်းကောင်း၊ လိမ်ညာ၊ ဂုံးချော၊ ကြမ်းတမ်း၊ သိမ်ဖျင်းဟူသော ဝစီဒုစရိုက်လေးပါး လွန်ကျူးရာတွင်လည်းကောင်း၊ မနောဒုစရိုက်သုံးပါးတို့ကို လွန်ကျူးရာတွင်လည်းကောင်း အကုသိုလ်စိတ်အားဖြင့် ဟေတု၊ အာရုံပါသဖြင့် အာရမ္မဏနှင့် နာမ်ခန္ဓာများ ပါဝင်သဖြင့် အညမည၊ သဟဇာတ၊ နိဿယ၊ ထို့အပြင် အကုသိုလ်လွန်ကျူးသည့် စိတ်အစဉ်၌ အနန္တရ၊ သမနန္တရ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတသတ္တိတို့ ပါဝင်ကြပါသည်။

## သဟဇာတ၊ အညမညနှင့် နိဿယ

သဟဇာတ၊ အညမညနှင့် နိဿယ ပစ္စည်း-၃ပါးသည် အချင်းချင်း အဆက်အစပ်ရှိနေကြောင်းကို တောင်မြို့ညဝါအကျော် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တနန္ဒိယ၏ သံဃာ့ဥပုသ်ပြုပြီးနောက် သံဃာတော်တို့ကိုပေးသည့် ဩဝါဒစကားမှာလည်း မှတ်သားစရာ ကောင်းလှပါသည်။

"အရှင်ဘုရားတို့. . . အခုဆိုရင် ကျောင်းတိုက်တစ်တိုက်တည်းမှာ အတူတကွ နေထိုင်ပြီး ပရိယတ္တိတာဝန်ကို ထမ်းဆောင်ဖို့ ရောက်လာကြတာ ဖြစ်ပါတယ်။ ဘယ်သူမဆို သဟဇာတသဘောနဲ့ အတူတကွ နေထိုင်ကြပြီဆိုတဲ့အခါ 'အညမည' အချင်းချင်းတွေဆိုတဲ့ စိတ်ဓာတ်မွေးပြီး တစ်ဦးနဲ့တစ်ဦး သည်းခံကြရမှာဖြစ်သလို မေတ္တာတရား လက်ကိုင်ထားကြရမယ်။ ဒါမှသာ အရေးရယ် အကြောင်းရယ်ဆိုရင် နေမကောင်းထိုင်မသာ ကိစ္စမျိုးလို ကြုံလာခဲ့ကြရင် ' နိဿယ' ဆိုတဲ့ အားထားမှီခိုရာတွေဖြစ်ကြပြီး အစစအရာရာ အဆင်ပြေသွားမှာဖြစ်တယ်။ 'သဟဇာတ' ဖြစ်နေကြပါလျက်နဲ့ 'အညမည' ဆိုတဲ့ စိတ်ဓာတ်မထားရင် အရေးအကြောင်းကြုံလာတဲ့အခါ 'နိဿယ' ပစ္စည်းမဖြစ်တော့ဘဲ အားကိုးရာမဲ့တွေ ဖြစ်သွားမယ်"ဟု ဆုံးမတော်မူလေ့ ရှိပါသည်။ ဆရာတော်ကြီးက ပဋ္ဌာန်းပစ္စည်းတို့၏ တိုက်ရိုက် အနက်အဓိပ္ပါယ်ယူပြီး ဆုံးမခြင်း ဖြစ်ပါသည်။

မန္တလေးမြို့မှ မစိုးရိမ်ကျောင်းတိုက်ကြီး၏ နာယကသက်တော် ရှည်ဆရာတော် အရှင်ဘဒ္ဒန္တသူရိယာဘိဝံသ၏ အဆုံးအမစကားလည်း မှတ်သားဖွယ် ကောင်းလှပါသည်။

---

**ကျမ်းညွှန်း** * တောင်မြို့ ဟာဂန္ဓာရုံဆရာတော်ကြီး၏ အခြေပြုပဋ္ဌာန်း

'အရှင်ဘုရားတို့ . . . လူအများနဲ့ ဆက်ဆံနေထိုင်ကြတဲ့အခါ အညမညပစ္စည်းလို မကျင့်သုံးကြပါနဲ့၊ သဟဇာတပစ္စည်းလို ကျင့်သုံးကျမှသာ အချင်းချင်း နိဿယပစ္စည်းနဲ့ ကျေးဇူးပြုနိုင်ကြမယ်' ဟူသတည်း။

## နိဿယပစ္စည်း၏ သင်္ချာ

နိဿယပစ္စည်း၏သင်္ချာမှာ ၁၃-ဖြစ်ပါသည်။ ထို့ကြောင့် "နိဿယေ တေရသ" ဟု မှတ်သားနိုင်ပါသည်။ ထိုသင်္ချာကို အောက်ပါအတိုင်း လေ့လာနိုင်ပါသည် -

### ကုသလ သင်္ချာ-၃
(၁) ကု-ကု (၂) ကု-ဗျာ (၃) ကု-ကု၊ ဗျာ

### အကုသလ သင်္ချာ-၃
(၁) အကု-အကု (၂) အကု-ဗျာ (၃) အကု-အကု၊ ဗျာ

### အဗျာကတ သင်္ချာ-၃
(၁) ဗျာ-ဗျာ (၂) ဗျာ-ကု (၃) ဗျာ-အကု

### ကုသလာဗျာကတ သင်္ချာ-၂
(၁) ကု-ဗျာ၊ ကု (၂) ကု-ဗျာ၊ ဗျာ

### အကုသလာဗျာကတ သင်္ချာ-၂
(၁) အကု-ဗျာ၊ အကု (၂) အကု-ဗျာ၊ ဗျာ

## ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား

### ၁။ သဟဇာတနိဿယ

ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရားတို့သည် သဟဇာတပစ္စည်းနှင့် အားလုံး တူညီပါသည်။

### ၂။ ပုရေဇာတနိဿယ


ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရားတို့သည် ပုရေဇာတပစ္စည်းနှင့် အားလုံး တူညီပါသည်။

နိဿယပစ္စည်းသည် သဟဇာတမျိုးနှင့် ဝတ္ထုပုရေဇာတမျိုး နှစ်မျိုး၌ ပါဝင်သည်။

# ၉။ ဥပနိဿယပစ္စယော

## Daily life Paṭṭhāna

### Upanissaya Paccayo *(Strong dependence condition)*




*ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ (ကု၊ ကု-၁)*

ကုသိုလ်တည်းဟူသော အကြောင်းဓမ္မသည် ကုသိုလ်တည်းဟူသော အကျိုးဓမ္မအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

## အားကြီးသော မှီရာအကြောင်းအဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည်

The *'Upa'* means very strong. So *'Upanissaya'* means very strong support or here it is translated as decisive support. It is compared to the rain. When there are rains, trees can grow and beings can get water to drink. So they all depend on the rain for their existence or their survival.



'မိုးနှင့်မကင်း၊ စုံခပင်းတို့၊ မိုးတွင်းခြိမ့်အုံး၊ ထစ်ချုန်းမြည်ကျူး၊ ရွာသည့်မိုးသို့' ဟုရှေးဆရာမြတ်တို့က မိန့်တော်မူထားသည်နှင့်အညီ သက်ရှိ၊ သက်မဲ့ အရာဝတ္ထုအားလုံးအား

အားကြီးသော မှီရာအကြောင်းဖြစ်၍ ကျေးဇူးပြုသကဲ့သို့ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ပတ္ထနာ၊ ကာယိကသုခ၊ ကာယိကဒုက္ခ၊ ဥတု၊ ဘောဇဉ်၊ ပုဂ္ဂိုလ်၊ ကျောင်းအိပ်ရာနေရာ တို့သည် ကုသိုလ်၊ အကုသိုလ်၊ အဗျာကတ တရားများဖြစ်ပေါ်အောင် အားကြီးသောမှီရာ အကြောင်းဖြစ်၍ ကျေးဇူးပြုကြသည်။

## ဥပနိဿယပစ္စည်းကို မိုးနှင့် ပမာပြုကြသည်

ဥပနိဿယပစ္စည်းကို ရှေးဆရာတော်ကြီးများက မိုးနှင့် ဥပမာပြုတော်မူကြပါသည်။ *မိုးကြီးပမာ သတ္တဝါအများ တည်နေနိုင်မှု၊ ကျေးဇူးပြု၊ ခေါ်လေဥပနိဿယ။*

အဘယ်ကြောင့်ဆိုသော် မိုးက သက်ရှိသက်မဲ့အားလုံးတို့၏ မှီရာကြီး ဖြစ်သောကြောင့် ပေတည်း။ အကယ်၍ တစ်နှစ်ပတ်လုံးမိုးခေါင်ပြီး ရေမရပါက မြစ်ချောင်း ဆည်မြောင်း တာတမံများ ခန်းခြောက်ပေမည်။ ထိုအခါ လယ်ယာများ မစိုက်နိုင်တော့ပါ၊ ရေအားလျှပ်စစ် ဓာတ်အား ထုတ်နိုင်ရန် တာဘိုင်စက်ကြီးများ မလည်နိုင်တော့သဖြင့် ဓာတ်အားမပေးနိုင်တော့ပါ။ မိုးရေမရပါက သီးပင် စားပင်များ၊ တိရိစ္ဆာန်များသာမက လူအများလည်း သေပွဲဝင်ရတော့မည်။ ထို့ကြောင့် မိုးရေသည် သက်ရှိသက်မဲ့ အားလုံးတို့၏ အားကြီးသည့်မှီရာ The great causes ဖြစ်ပါသည်။

## ဥပနိဿယကောင်းရှိမှ ကြီးပွားတိုးတက်မည်

"ဥပနိဿယရှိမှ ပညာတတ်တယ်၊ ဥပနိဿယရှိမှ ကြီးပွားချမ်းသာတယ်" ဟူသော ပါဠိဝေါဟာရကို "အမှီသဟဲကောင်းရတယ်"ဟု မြန်မာစကားဖြင့် ပြောနိုင်ပါသည်။ ကလျာဏမိတ္တ မိတ်ဆွေကောင်းကို အမှီသဟဲပြုခွင့် ရရှိသဖြင့် ဘဝတစ်သက်တာ ကျေးဇူးများသွားသည့် သာဓကများစွာကို ဘုရားလက်ထက်တော်၌သာမက ယနေ့ကာလ၌လည်း တွေ့မြင်နိုင်ပါသည်။ အမှီသဟဲကောင်းဟူသည် ဥပနိဿယကို ဆိုလိုခြင်း ဖြစ်ပါသည်။

## အကြောင်းတရားနှင့် အကျိုးတရား၏ ထမင်းဥပမာ

ပဋ္ဌာန်းတရားတော်ကို လေ့လာရာတွင် အကြောင်းတရားပစ္စယနှင့် အကျိုးတရား ပစ္စယုပ္ပန္နကို ဦးစွာ လေ့လာ သိရှိထားသင့်ပါသည်။ မိမိ၏စားပွဲရှေ့တွင် ချထားသည့် ထမင်း တစ်ပန်းကန်ကို ပစ္စယုပ္ပန္နဟူသော အကျိုးတရားနေရာထားကာ ပမာပြု စဉ်းစားကြည့်ပါမည်။ လက်လှမ်းမီ၍ ဖြစ်နိုင်ခြေရှိသည့် နီးစွာသော အကြောင်းတရားများမှာ ဆန်၊ ရေ၊ မီး၊ အိုးနှင့် ထမင်းချက်တတ်သည့် နည်းပညာတို့ကို သာမန်အားဖြင့် တွေ့ရပါမည်။

ဤသည်တို့မှာ နီးစွာသော အကြောင်းတရားမျှသာ ရှိသေးသည်။ ထပ်၍ ဖြစ်နိုင်ခြေရှိသည့် အကြောင်းတရားတို့ကို စဉ်းစားပါက စပါးမျိုးစေ့၊ လယ်ယာမြေ၊ စိုက်ပျိုးရေ၊ မျှတသည့် ရာသီဥတု၊ စိုက်ပျိုးနည်းပညာ၊ လယ်သမားတို့ ရှိပါသေးသည်။

သို့သော် ဤအကြောင်းတရားမျှနှင့်လည်း ထမင်းမဖြစ်လာနိုင်သေးပါ။ စပါးရိတ်သိမ်းခြွေလှေ့ပြီး ကြိတ်ခွဲရပေဦးမည်။ ထို့ကြောင့် မိမိရှေ့က ပန်းကန်ပြားထဲရောက်နေသည့် ထမင်းဟူသော အကျိုးတရားတစ်ရပ် ဖြစ်ပေါ်လာနိုင်ရန်အတွက် အကြောင်းတရားပေါင်းများစွာ ရှိနေပေသည်။

နေ့စဉ် စားသုံးနေရသည့် ထမင်းဟူသော အကျိုးတရားတစ်ရပ် ဖြစ်ပေါ်လာနိုင်ရန်ပင် ဤမျှများပြားသည့် အကြောင်းတရားများ ပါဝင်နေရာ၊ ထမင်းတစ်ပန်းကန်ထက် နှိုင်းဆမရအောင် ခက်ခဲနက်နဲ ရှုပ်ထွေးလှသည့် ကံ၏အကျိုးတရားတစ်ရပ်အဖြစ် လူသားတစ်ဦး ပေါ်ပေါက်လာနိုင်ရန်အတွက်မှာမူ အကြောင်းတရားပေါင်း မည်မျှက ပံ့ပိုးကူညီ ထောက်ပံ့ပေးရမည်ကို သဗ္ဗညုတဘုရားရှင်မှတစ်ပါး အခြားသူများက အပြည့်အစုံကို အဘယ်သို့ သိနိုင်ပါအံ့နည်း။

အကျိုးတရားတို့ကိုမူ သူလိုကိုယ်လိုလူတိုင်းပင် မြင်သိနိုင်ပါသည်။ သို့ပါသော်လည်း ထိုအကျိုးတရားတစ်ရပ်ကို ဖြစ်စေနိုင်စွမ်းသည့် နောက်ခံက အကြောင်းတရားများကို သိနိုင်ရန်မှာမူ သူလိုကိုယ်လို လူတိုင်း၏အရာ မဟုတ်တော့ပေ။

အကြောင်းတရားနှင့် လျော်ညီသည့် အကျိုးတရားဟူသည် မုချရှိသည်။ ဖြစ်ထိုက်သည့် အကြောင်းတရားမရှိဘဲ အကျိုးတရား မပေါ်ပေါက်နိုင်ကြောင်းနှင့် လောကတွင် အကြောင်းတရားကင်း၍ဖြစ်သည့် အကျိုးတရားဟူ၍ မရှိနိုင်သည်ကိုမူ မြတ်ဗုဒ္ဓ၏တပည့်သာဝက အနည်းစုကသာ သိနိုင်ကြပါသည်။

## အကြောင်းတရားနှင့် အကျိုးတရား၏ အသားဟင်းဥပမာ

ထမင်းစား စားပွဲရှေ့သို့ရောက်နေသည့် ထမင်းတစ်ပန်းကန် ဖြစ်ပေါ်လာနိုင်ရန် ဖြစ်နိုင်လောက်သည့် အဝေးအကြောင်းဓမ္မနှင့် အနီးအကြောင်းဓမ္မတို့ကို လေ့လာခဲ့ပြီး ဖြစ်ပါသည်။

ယခုတစ်ဖန် ထမင်းစားပွဲပေါ်က ငါးဟင်းတစ်ခွက်ကို အကျိုးတရားနေရာထား၍ စဉ်းစားကြည့်မည်ဆိုလျှင် ဟင်းချက်မည့်ငါး ရှိရမည်၊ မီးရှိရမည်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်တို့ ရှိရမည်၊ ချက်တတ်သည့် နည်းပညာ ရှိရပါမည်။ ဤသည်တို့မှာ ငါးဟင်းတစ်ခွက် ဖြစ်လာနိုင်ရန်အတွက် ယေဘုယျအားဖြင့် တွေ့ရမည့် နီးစွာသော အကြောင်းဓမ္မတို့ ဖြစ်ပေသည်။

ဆက်လက်ပြီး သူတစ်ပါးအသက်ကို မညှာမတာ သတ်ရဲ၊ ဖြတ်ရဲသည့် တံငါသည်ရှိရမည်။ ငါးကို ဖမ်းဆီးသတ်ဖြတ်နိုင်သည့် လက်နက်ဖြစ်သည့် ငါးမျှားတံ၊ ငါးမျှားချိတ်၊ ပိုက်ကွန်၊ ဓားလက်နက်တို့ကို ထုတ်လုပ်သူရှိရမည်။ ထိုလက်နက်တို့ကို ရောင်းချသူ ရှိရဦးမည်။ ထိုမှတစ်ဖန် ငါးမပိုက်ထဲကို ပဋိသန္ဓေရနိုင်သည်အထိ အကုသိုလ်ကံကို ထူထောင်ထားသည့် သတ္တဝါရှိရဦးမည်။

ထမင်းတစ်ပန်းကန် ဖြစ်လာရန်ကိစ္စတွင် ကံ၏အခန်းကဏ္ဍ ထင်ထင်ပေါ်ပေါ် မရှိခဲ့ပါသော်လည်း ငါးဟင်းတစ်ခွက်တွင်မူ ကံ၏အခန်းကဏ္ဍ အရေးတကြီး ပါလာပါသည်။ ပါဏာတိပါတကံကို လွန်ကျူး ချိုးဖောက်မည့် သတ္တဝါ၊ ဘဝါ ဘဝက ငါးမပိုက်ထဲ ရောက်နိုင်လောက်သည့် အကုသိုလ်ကံကို ထူထောင်ထားခဲ့သော သတ္တဝါတို့ရှိမှသာ ငါးဟင်းတစ်ခွက်ဖြစ်လာပါမည်။

ဆက်လက်ပြီး ဝက်သားဟင်း၊ ကြက်သားဟင်းတို့ကို အကျိုးတရားနေရာထားကာ ဆင်ခြင်ပါလျှင် ထမင်းတစ်ပန်းကန်ထက် များစွာရှုပ်ထွေးသည့် အကြောင်းခမ္မတို့ကို တွေ့မြင်ရမည် ဖြစ်ပါသည်။

## ဧရာမအကြောင်းတရား

ဥပနိဿယပစ္စည်းက အကျိုးတရားတို့ကို မလွဲမသွေ ဧကန် ဖြစ်ပေါ်စေနိုင်သည်အထိ အားကြီးသော အကြောင်းတရားဖြစ်သောကြောင့် မဟာပစ္စယ၊ ဗလဝကာရဏ ဧရာမ အကြောင်းတရား The great causes, Strong causes ဟု အဋ္ဌကထာက ဖွင့်ဆိုပါသည်။ ဥပနိဿယပစ္စည်း၌-

၁။ အာရမ္မဏူပနိဿယ = Object decisive support.

၂။ အနန္တရူပနိဿယ = Proximity decisive support.

၃။ ပကတူပနိဿယ = Natural decisive support. ဟု သုံးမျိုးရှိသည်။

ဤသုံးပါးအနက် ပကတူပနိဿယသည် အားကြီးသည့် အကြောင်းတရား ဖြစ်သည်။ အာရမ္မဏူပနိဿယက အာရုံအကြောင်းတရား ဖြစ်ပါသည်။ အနန္တရူပနိဿယက ရဟန္တာဖြစ်ပြီး သဉပါဒိသေသနိဗ္ဗာန်ကို မျက်မှောက်မပြုသေးသမျှ ဥပါဒ်၊ ဌီ၊ ဘင်။ ဥပါဒ်၊ ဌီ၊ ဘင်ဖြင့် စိတ်များ ဆက်ကာ၊ ဆက်ကာ၊ ဆက်ကာ ဖြစ်၊ တည်၊ ပျက်နေသည့် သဘာဝသဘောကပင် အနန္တရူပနိဿယ မည်ပေသည်။

## ဗလဝနှင့် ဒုဗ္ဗလ

အားကောင်းသည့် ဗလဝကံဟုဆိုရာတွင် သာမန်အားကောင်းရုံမျှ မဟုတ်ဘဲ လွန်လွန်ကဲကဲကို အားကောင်းသောကြောင့် ဗလဝ မည်ပါသည်။

(၁) အခြားကံတစ်ပါးပါးက နှောင့်ယှက်လျှင် ပျက်ပြယ်မည့်ကံကို ဒုဗ္ဗလကံဟု ခေါ်ပါသည်။

(၂) အခြားကံတစ်ပါးပါးက မနှောင့်ယှက်နိုင်လောက်သည်အထိ အားကောင်းသည့် ကံကို ဗလဝကံဟု ခေါ်၏။ ဉပနိဿယမှာ ဗလဝကံ The great , The Strong ဖြစ်ပါသည်။

## ၁။ အာရမ္မဏူပနိဿယ = (အာရမ္မဏ + ဉပနိဿယ)

အာရမ္မဏူပနိဿယသည် အာရမ္မဏာဓိပတိနှင့် တူပါသည်။ အာရမ္မဏာဓိပတိ = အာရုံသည်ပင် အားကြီးသည့် မီရာအကြောင်း။ တစ်နည်းအားဖြင့် အာရုံက ဆိုင်ရာနာမ်တရား (စိတ်)ကို ဆွဲဆောင်သွားခြင်းမျိုးဖြစ်သည်။ သို့သော် အာရုံတိုင်းမဟုတ်ဘဲ 'ဇေဋ္ဌ'အကြီးအမျူး Great သတ္တိလည်းရှိပြီး ရယူထားသည့် အာရုံကိုလည်း နှစ်နှစ်သက်သက် စွဲစွဲလမ်းလမ်းဖြစ်ကာ မစွန့်နိုင်၊ မခွာနိုင်၊ အာရုံမပြုဘဲ မနေနိုင်အောင်လည်းဖြစ်မှ အာရမ္မဏာဓိပတိပစ္စည်း တပ်ပါသည်။

ကာမအာရုံတို့က ပုထုဇဉ်တို့၏စိတ်ကို သိမ်းကြုံး စွဲယူနိုင်စွမ်းရှိပါသည်။ ကိလေသာကုန်ခမ်းနေသည့် အရိယာတို့၏စိတ်ကိုမူ ကာမအာရုံတို့က သိမ်းကြုံးနိုင်စွမ်း မရှိပေ။ ဈာနလာဘီပုဂ္ဂိုလ်က မိမိရထားသည့် ဈာန်ကို အလေးအမြတ် ပြုတော်မူကြပါသည်။ အရိယာသာဝကတို့ကလည်း မိမိတို့ရထားသည့် လောကုတ္တရာတရားတို့ကို အလေးအမြတ် ပြုတော်မူကြပါသည်။

## ၂။ အနန္တရူပနိဿယ = (အနန္တရ + ဉပနိဿယ)

ရှေးရှေးစိတ်တို့ ပျောက်ပျောက်သွားကာ နောက်နောက်စိတ်တို့ မုချဧကန် ဖြစ်လာစေနိုင်ရန် အနန္တရပစ္စည်းက ကျေးဇူးပြုခြင်းကြောင့်ပေတည်း။ အနန္တရူပနိဿယပစ္စည်းသည် အနန္တရပစ္စည်းနှင့် တူ၏။

ရုပ်ကိုယ်ကောင် Physical process continuity က ဒီဘဝသေလျှင် ပျက်ပြုန်း ပျောက်ကွယ်သွားပါသည်။ နာမသန္တတိ Mental process continuity က ရှေ့ဘဝ၊ ရှေ့ဘဝမှသည် သံသရာမဆုံးမချင်း၊ နိဗ္ဗာန်မရမချင်း အဆက်ဆက် ဖြစ်၍ နေပါသည်။ ယခုကဲ့သို့ ဆက်ကာဆက်ကာ ဖြစ်နေနိုင်ရန် Power အား ကြီးမားသောကြောင့် အနန္တရက ဉပနိဿယ ထိုက်ပါသည်။ ထို့ကြောင့် အန္တရူပနိဿယ ဖြစ်လာရခြင်းပေတည်း။

တစ်နည်းအားဖြင့် စိတ်တစ်ခုချုပ်ပြီးသည်နှင့် နောက်စိတ်တစ်ခု ဖြစ်လာနိုင်ရန်မှာ သာမညစွမ်းအား Ordinary force နှင့် မရနိုင်ပါ။ ရှေးရှေးစိတ်တို့၌ Strong force ပြင်းထန်သည့် တွန်းအားရှိမှသာ နောက်နောက်စိတ်ကို ကျေးဇူးပြုနိုင်ပါသည်။

## အနန္တရူပနိဿယ

ကုသိုလ်ဇောဝီထိအစဉ်တွင် အကုသိုလ်ဇောအစဉ် ဝင်မရပါ။ အကုသိုလ်ဇော စောနိုင်ရန်မှု ဇော၏နောက်၌ တဒါရုံ သို့မဟုတ် ဘဝင်ခြားပြီးမှသာ အကုသိုလ်ဇော စောနိုင်ပါသည်။ ထို့ကြောင့် ကုသိုလ်အကြောင်းကြောင့် အကုသိုလ်ဖြစ်ခွင့် အနန္တရမျိုး၌ မရနိုင်ပေ။ ကုသိုလ်အကြောင်းကြောင့် ကုသိုလ်အကျိုးဖြစ်ခွင့်နှင့် အကုသိုလ်အကြောင်းကြောင့် အကုသိုလ်အကျိုးဖြစ်ခွင့်သာ ရနိုင်ပါသည်။

နေ့စဉ်ဘဝ၏ဖြစ်စဉ်နှင့် ပမာပြုရမည်ဆိုလျှင် ဒါနပြုစဉ် ကုသိုလ်ဇော ဝီထိကျ၏။ ၎င်းမှာ ကုသိုလ်စစ်စစ်ဖြစ်သည်။ သို့သော် "ငါ့လို လှူဒါန်းနိုင်တဲ့လူ ဇမ္ဗူမှာ ရှိရိုးလား" ဟူသော မာနဝင်လာသည်ဟု ဆိုပါစို့၊ အချိန်ခြားသွားလေပြီ။ ကုသိုလ်ဇောဝီထိ များစွာဖြစ်ပြီး နောက်၌ တဒါရုံကျပြီး (ဝါ) ဘဝင်ခြားပြီးမှသာ မာနဖြစ်ကာ အကုသိုလ်ဇော ဝီထိကျခြင်း ဖြစ်သည်။ ယခုကဲ့သို့ ဝီထိခြားပြီးမှ ကျေးဇူးပြုနိုင်စွမ်းသည့် ပဋ္ဌာန်းပစ္စည်းမှာ အနန္တရူပနိဿယ ဖြစ်၏။

## ရူပသန္တတိ Physical process continuity နာမသန္တတိ Mental process continuity

စိတ်စေတနာမရှိသည့် ရူပသန္တတိအစဉ် Physical process continuity သည် တစ်စုံတစ်ခုကိုမှ ပြုလုပ် ဆောင်ရွက်နိုင်စွမ်း မရှိပါ။ အကြောင်းမှာ စိတ်စေတနာ မရှိသောကြောင့် ဖြစ်ပါသည်။

နာမသန္တတိအစဉ် Metal process continuity သည် စိတ်စေတနာရှိသောကြောင့် စေ့ဆော် တိုက်တွန်းနိုင်စွမ်းပါသည်။ ထိုသို့သော အကြောင်းကြောင့်လည်း အတိတ်က ကောင်းကံ မကောင်းကံတို့ကို ထူထောင်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုထိုကောင်းကံ မကောင်းကံနှင့် လျော်ညီသည့် ရူပသန္တတိအစဉ် Physical process continuity နှင့် နာမသန္တတိ အစဉ် Metal process continuity တို့ကို ယနေ့ရရှိထားခြင်းဖြစ်ကြောင်းကို ပရမတ္ထဝေါဟာရဖြင့် ခေါ်ဆိုနိုင်ပါသည်။ ၎င်း Process ကိုပင် လောကီပညတ် ဝေါဟာရဖြင့် လူဟုခေါ်သည်။ လူများစွာထဲက ၎င်းကို ယောကျ်ားဟု ခေါ်သည်။ ယောကျ်ားများစွာထဲက သူ့ကို မောင်မောင်ဟုခေါ်သည်။ အမှန်မှာမူ ရူပသန္တတိနှင့် နာမသန္တတိ အစဉ် Process မျှသာရှိ၏။

## ပကတူပနှင့် အနန္တရူပတို့၏ မတူညီသည့်သတ္တိ

လွန်ခဲ့သည့် ဘဝပေါင်းများစွာက ပြုခဲ့သည့်ကုသိုလ်က ယခုအကျိုးပြုနိုင်သည်မှာ ပကတူပနိဿယ၏ သတ္တိပေတည်း။ ပြုနေဆဲ အခိုက်အတန့်ကလေးမှာပင် ကုသိုလ်၊ အကုသိုလ် ဝီထိပေါင်း သိန်းသန်းကုဋေ ဖြစ်နေလေပြီ။ ထို့ကြောင့် ပကတူပနိဿယ

သဘောဟူသည် ခုအကြောင်းပစ္စည်းဖြစ် အခုချက်ချင်း အကျိုးပစ္စယုပ္ပန်တွေ ပေါ်ခြင်း မဟုတ်ပေ။ အကြောင်းနှင့်အကျိုးက ကာလရှည်ကြာ ဘဝ သိန်း၊ သန်းမက ကမ္ဘာပေါင်း များစွာအထိ ဝေးနေစေကာမူ နိဗ္ဗာန်ကို မျက်မှောက်ပြုသည့် ကာလတိုင်အောင် အကျိုးပေးခွင့် ရှိလေသည်။ ထို့ကြောင့် “online ဖြစ်နေတယ်”ဟု ပါမောက္ခချုပ်ဆရာတော်ကြီးက မိန့်တော် မူခြင်း ဖြစ်ပါသည်။

## ၃။ ပကတူပနိဿယ = (ပကတိ + ဥပနိဿယ)

ပကတူပနိဿယရပစ္စည်းသည် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ဟူသော ကာလသုံးပါး၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓ ဟူသော သန္တာန်နှစ်ပါး၌ ဖြစ်ကုန်သော အလုံးစုံသော စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် ပညတ်တို့ကို ကျေးဇူးပြုသည်။ ပကတိမည်သည် ပင်ကိုယ်ပကတိအားဖြင့်ပင် အားကြီးသည့်အကြောင်းတရား ဖြစ်ပါသည်။ ပကတူပနိဿယ Natural decisive support ဟူသည် အနန္တရူပနိဿယကဲ့သို့ ရှေ့စိတ်က အားကြီး၍လည်း မဟုတ်ပေ။ အာရမ္မဏူပ နိဿယကဲ့သို့ အာရုံကအားကြီး၍လည်း မဟုတ်ပေ။ ပကတူပနိဿယက ပင်ကိုပကတိ အနေဖြင့်ပင် အားကြီးနေသည်ကို ဆိုလိုပါသည်။

တစ်နည်းအားဖြင့် အနန္တရူပနိဿယနှင့် အာရမ္မဏူပနိဿယအပြင် အခြား အားကြီးသည့် အရာမှန်သမျှအားလုံး ပကတူပနိဿယ ဖြစ်၏။ ထပ်မံ၍ တစ်နည်းဆိုရသော် အခြားအကြောင်းတရားများ မရောနှောဘဲ သူ့ချည်းသက်သက် အကျိုးတရားကို ဖြစ်စေ နိုင်စွမ်းသည်ကိုပင် ပကတူပနိဿယခေါ်၏။

## (၁) ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ (ကု-ကု)

ကုသိုလ်တည်းဟူသော အကြောင်းဓမ္မက ကုသိုလ်တည်းဟူသော အကျိုးဓမ္မကို ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြု၏။ ပဋ္ဌာန်းပဥ္စာဝါရလာ ပါဠိတော်ကိုပြရလျှင် “*သဒ္ဓံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ*” သဒ္ဓါတရား တည်းဟူသော ကုသိုလ်က စွန့်ကြဲလှူဒါန်းခြင်းဟူသော ဒါနကို ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြု၏။ ဆက်လက်ပြီး စောင့်စည်းမှု သီလ၊ စူးစမ်းလေ့လာမှု သုတ၊ ပေးကမ်းစွန့်ကြဲမှု စာဂနှင့် သစ္စာလေးပါးကို ထိုးထွင်းသိမြင်မှု ပညာတည်းဟူသော အကြောင်းကြောင့်လည်း ကုသိုလ်များ ဆက်လက် ဖြစ်နိုင်ပေသည်။

ဤတွင် သတိပြုစရာတစ်ခုမှာ ပကတိဟူသော ပါဠိကို ရှေးကပြုလုပ်ခဲ့သည့် ကုသိုလ်ကံ အကုသိုလ်ကံကိုပင် ယူရမည်ဟု သဒ္ဓမ္မဇောတိက ပဋ္ဌာန်းကျမ်းပြုဆရာက ဆိုထားပါသည်။

သဒ္ဓါတရားဟူသည် ကံနှင့် ကံ၏အကျိုးအပါအဝင်၊ ပစ္စုပ္ပန်လောက တမလွန်လောက၊ သံသရာ စသည်ကို ယုံကြည်မှုက သဒ္ဓါတရား ဖြစ်ပါသည်။ သဒ္ဓါ ယုံကြည်မှုကို ရှေးဆရာတော်ကြီးများက “ရေကို လိုချင်တဲ့ ယောကျ်ားဟာ မြေကြီးရဲ့အောက်မှာ ဧကန်မုချ ရေရှိကိုရှိရမယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ မြေကိုတူးသလို သဒ္ဓါတရားနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟာလည်း ဒါန သီလ စသည် ပြုရင် ဒီကုသိုလ်ရဲ့ အကျိုးအာနိသင်ကို ဧကန် ရလိမ့်မယ်ဆိုပြီး ယုံကြည်လို့ပြုတာ”ဟု ပြတော်မူကြပါသည်။

ထိုနည်းအတူ မိမိတို့ပင်ပန်းစွာ ရှာဖွေစုဆောင်းထားရှိသည့် ဥစ္စာပစ္စည်းကို မိမိ၏ ရင်သွေးငယ်များကိုပင် မပေးမကျွေးဘဲ ရွှေတိဂုံဘုရား၌ ရွှေသက်န်းကပ်ရန် လှူဒါန်းနိုင်ခြင်းသည် သာမန်ယုံကြည်မှု သဒ္ဓါတရား မဟုတ်ပေ။ ဤကုသိုလ်ကောင်းမှုသည် ဧကန်အကျိုးပေးမည်ဟု ယုံကြည်သောကြောင့် စွန့်လှူနိုင်ကြခြင်း ဖြစ်ပါသည်။

သို့သော် အားနာ၍ဖြစ်စေ၊ ကြောက်၍ဖြစ်စေ၊ မကောင်းတတ်၍ဖြစ်စေ၊ သူတစ်ပါးကဲ့ရဲ့မှာစိုး၍ဖြစ်စေ ပြုတတ်ကြသည့် ဒါနကောင်းမှုစသည်ကမူ “*သဒ္ဓံ ဥပနိဿာယ*”နှင့် အကျုံးဝင်မည်ဟု မထင်ပါ။

အကြောင်းဓမ္မက အတိတ်၊ အကျိုးဓမ္မက ပစ္စုပ္ပန်ကာလကို ဖော်ပြသည့် ပဋ္ဌာန်းပါဠိတော်မှာ ‘*အတီတော ဓမ္မော ပစ္စုပ္ပန္နဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော၊ ပကတူပနိဿယော အတီတံ သဒ္ဓံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ ----- ----- -----*’ ဟု ဟောတော်မူပါသည်။

မြင်တွေ့နေကြ ပါဠိတော်များ၌ အကြောင်းက ပစ္စုပ္ပန်၊ အကျိုးက အနာဂတ်ဖြစ်ပါသော်လည်း ဤပါဠိတော်၌မူ အကြောင်းဓမ္မက အတိတ်ကာလဖြစ်ပြီး၊ အကျိုးဓမ္မက ပစ္စုပ္ပန်ကာလ ဖြစ်နေပါသည်။

ဖော်ပြခဲ့သည့် ပဋ္ဌာန်းပါဠိတော်ကို လယ်တီဆရာတော်ကြီးက “ပရိနိဗ္ဗာန် ပြုတော်မူပြီးခဲ့တဲ့ ဘုရားနှင့် အရိယာသံဃာ၊ သမ္မုတိ သံဃာတော် အဆက်ဆက်တို့ဟာ နောက်လူတွေကို ကုသိုလ်ဖြစ်ဖို့ရာ ပကတူပနိဿယသတ္တိနဲ့ ကျေးဇူးပြုကြပါတယ်”ဟု မိန့်တော်မူပါသည်။ ဆက်လက်ပြီး “လောကမှာ သေလွန်သွားကြပြီးဖြစ်တဲ့ မိဘဆရာသမားတွေ၊ ပညာရှိ ရဟန်းပုဏ္ဏားတွေ၊ တန်ခိုးအာနုဘော်ကြီးတဲ့ ရှေးမင်းတွေဟာ နောက်လူတွေကို ကုသိုလ်ကို အမွေအဖြစ် အကုသိုလ်ဖြစ်ဖို့ရာ၊ ချမ်းသာ၊ ဆင်းရဲဖြစ်ဖို့ရာ ကျေးဇူးပြုကြပါတယ်”ဟု မိန့်တော်မူပါသေးသည်။

ဆိုလိုသည်မှာ ရှေးရှေးပုဂ္ဂိုလ်တို့က နောက်နောက်ပုဂ္ဂိုလ်တို့အား များပြားလှသည့် သူတော်ကောင်း စကားများ၊ အထူးထူးသော လောကအဆောက်အဦများ ထားပေးခဲ့ကြပါသည်။

နောက်နောင်လူများက ရှေးရှေးလူတို့ ထားပေးခဲ့သည့် လောကကျင့်ဝတ်၊ အမျိုးအနွယ် ကျင့်ဝတ်၊ အထူးထူးသော အယူဝါဒ၊ အလုပ်အကိုင်၊ အတတ်ပညာများအပြင် တည်ထားပေး ခဲ့သည့် ဆည်မြောင်း တာတမံများ၊ အဆောက်အဦများ၊ စေတီပုထိုးများ၏ အမွေခံဖြစ်ကြ ပါသည်။ ထို့ကြောင့် အတိတ်က အကြောင်းကြောင့် ယနေ့ယခု လောကမှာ ကြီးပွားနေကြ သည်ကို ဤပါဠိတော်က ပြဆိုခြင်း ဖြစ်ပါသည်။

## ပဋိသမ္ဘိဒါဉာဏ်ရှင် အရှင်စူဠပန်

*"မဂ္ဂေါ သေက္ခာနံ အတ္ထပဋိသမ္ဘိဒါယ၊ ဓမ္မပဋိသမ္ဘိဒါယ၊ နိရုတ္တိပဋိသမ္ဘိဒါယ၊ ပဋိဘာနပဋိ သမ္ဘိဒါယ၊ ဌာနာဋ္ဌာနကောသလ္လဿ ဥပနိဿယပစ္စယေန ပစ္စယော"* ကျင့်ဆဲဖြစ်သော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဟူသော အရိယာ သေက္ခပုဂ္ဂိုလ်တို့၏ အောက်မဂ် သုံးပါးသည် မာဂ္ဂ ပါဠိ အနက်အဓိပ္ပါယ်ကို သိနိုင်စွမ်းသော အတ္ထပဋိသမ္ဘိဒါဉာဏ်ဖြစ်ခြင်း အကျိုးငှာလည်းကောင်း၊ ပါဠိ၏သဒ္ဒါကိုသိသော ဓမ္မပဋိသမ္ဘိဒါ ဉာဏ်ဖြစ်ခြင်း အကျိုးငှာ လည်းကောင်း၊ သတ္တဝါတိုင်း၏ ဘာသာစကားကိုသိသော နိရုတ္တိပဋိသမ္ဘိဒါဉာဏ်ဖြစ်ခြင်း အကျိုးငှာလည်းကောင်း၊ အနက်၊ သဒ္ဒါ၊ အဓိပ္ပါယ် ဘာသာကို ထိုးထွင်းသိသော ပဋိဘာနပဋိ သမ္ဘိဒါဉာဏ်ဖြစ်ခြင်း အကျိုးငှာလည်းကောင်း၊ အကြောင်းအကျိုး ဟုတ်သည်၊ မဟုတ်သည်ကို သိသော ဌာနာဋ္ဌာနကောသလ္လဉာဏ်ဖြစ်ခြင်း အကျိုးငှာလည်းကောင်း ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

မဂ်ဉာဏ်က ပဋိသမ္ဘိဒါဉာဏ်ကို ဖြစ်စေသည့်သာဓကကို အရှင်စူဠပန်၏ ဝတ္ထုဖြင့် ပြပါမည်။ အရှင်စူဠပန်သည် မြတ်စွာဘုရားရှင်၏ ရူပကာယ အသရေတော် တင့်တယ်မှုကို ဖူးမြော်ရန် ဖွဲ့ဆိုထားသည့် စာလေးကြောင်းမျှသာရှိသည့် ဂါထာတော်ကို လေးလတာကာလ ပတ်လုံး ကျက်မရနိုင်လောက်အောင်ပင် ဉာဏ်ရည် ဉာဏ်သွေး ထိုင်းမှိုင်းတော်မူရှာပါသည်။

ဤမျှ ဉာဏ်ထုံထိုင်းနေသည့် ညီတော်အရှင်စူဠပန်ကို နောင်တော်ဖြစ်သူ အရှင် မဟာပန်က ရဟန်းဘဝဖြင့်နေလျှင် အကျိုးများမည်မဟုတ်ဟု ဆင်ခြင်ကာ လူထွက်ရန် တိုက်တွန်းတော်မူ၏။ သို့ပါသော်လည်း အရှင်စူဠပန်က မိမိရရှိထားသည့် ရဟန်းဘဝ၌ မွေ့လျော်တော်မူ၏။ မြင့်မြတ်သည့်ဘုရားရှင်၏ သာသနာ့ဝန်ထမ်း ရဟန်းဘဝမှသည် ယုတ်ညံ့သည့် လူ့ဘဝသို့ မရွေ့လျောချင်ဘဲ ရှိနေရှာ၏။

တစ်နေ့တွင် ဆရာဇီဝကသည် မြတ်စွာဘုရားရှင်နှင့် သံဃာတော်များအား ဆွမ်းကပ် လှူရန် လျှောက်ထားလာ၏။ အရှင်မဟာပန်က ကျောင်း၌ သံဃာငါးရာရှိပါသော်လည်း

**ကျမ်းညွှန်း** * (၇) ပဋ္ဌာန်းပဥ္စာဝါရ၊ အတီတတ္ထိက၊ ဓမ္မာနုလောမ တိကပဋ္ဌာနပါဠိ (အတွဲ-၂၊ နှာ -၄၁၄)

ညီဖြစ်သူ အရှင်စူဠပန်ကို ချန်လှပ်ကာ ၄၉၉-ပါး ရှိသည်ဟု ဆရာဇီဝကကို မှာကြားလိုက်၏။ ထိုအခါ အရှင်စူဠပန်သည် အလွန်အမင်း ဝမ်းနည်းကာ မနက်ဖြန်မိုးသောက်လျှင် လူထွက်မည်ဟု ဆုံးဖြတ်တော်မူလေ၏။

မြတ်စွာဘုရားရှင်သည် နံနက်မိုးသောက်အချိန် ရောက်သောအခါ ကျောင်း၏မုခ်ဝ၌ စင်္ကြံကြွကာ အရှင်စူဠပန်ကို စောင့်ဆိုင်းနေတော်မူ၏။ ထိုအခါ အိမ်ပြန်ရန် ဇေတဝန်ကျောင်းမုခ်ဝသို့ ရောက်လာသည့် အရှင်စူဠပန်ကို "ချစ်သား ဘယ်ကိုသွားမလို့လဲ" ဟု မေးတော်မူ၏။ အရှင်စူဠပန်က ဖြစ်စဉ်အကြောင်းအရာတို့ကို လျှောက်ထား၏။

ထိုအခါ ဘုရားရှင်သည် အရှင်စူဠပန်ကို ဂန္ဓကုဋိတိုက်အတွင်းသို့ ခေါ်တော်မူပြီး သူ၏စရိုက်နှင့် လျော်ညီသည့် ကမ္မဋ္ဌာန်းပေးတော်မူရာ ပဋိသမ္ဘိဒါဉာဏ်နှင့်တကွ စိတ်ဖြင့်ပြီးသည့်ကိုယ်ကို ဖန်ဆင်းရာ၌လည်းကောင်း၊ ရူပါဝစရ ဈာန်ဝင်စားရာတွင်လည်းကောင်း ဧတဒဂ်နှစ်ပါးရ ရဟန္တာကြီး ဖြစ်တော်မူ၏။ ပဋိသမ္ဘိဒါဉာဏ်ရသည့် အရှင်စူဠပန်သည် ပါဠိစာပေကို မသင်ကြားရဘဲ၊ မကျက်ရဘဲ အလိုလိုပင် ပိဋကတ်တော်လာ တရားတို့ကို သိပြီး၊ နားလည်ပြီး ဖြစ်နေပါတော့သည်။

အရှင်စူဠပန် ဤမျှဉာဏ်ထိုင်းရခြင်းမှာလည်း အကြောင်းမဲ့ မဟုတ်ပါပေ။ သူရဟန်းဖြစ်ခဲ့သည့် တစ်ခုသောဘဝ၌ ဉာဏ်လေးသည့် ရဟန်းတော်များကို ကဲ့ရဲ့ပြစ်တင် လှောင်ပြောင်ခဲ့ဖူးသည့် ကံကြွေးကို ပေးဆပ်နေရခြင်း ဖြစ်ပါသည်။

ပဋိသမ္ဘိဒါဉာဏ်ရခြင်းကလည်း အကြောင်းမဲ့ မဟုတ်ပါ။ သံသရာ၌ ဘုရားသာသနာတော်နှင့် ကြုံသည့် အခါသမယကောင်းများတွင် အဘိဓမ္မာသင်ကြားခဲ့ဖူးသူဖြစ်မှသာ မဂ်ရသည့်အခါ၌ အခြားပုဂ္ဂိုလ်များနှင့် မတူဘဲ ပဋိသမ္ဘိဒါဉာဏ် ရနိုင်ပါသည်။

အရှင်စူဠပန် လေးလတာကာလပတ်လုံး ကျက်မရနိုင်ခဲ့သည့် ဂါထာတော်ကိုလည်း ဗဟုသုတအလို့ငှာ ဖော်ပြပေအံ့။

*ပဒုမံ ယထာ ကောကနုဒံ သုဂန္ဓံ၊*
*ပါတော သိယာ ဖုလ္လမဝီတဂန္ဓံ။*
*အင်္ဂီရသံ ပဿ ဝိရောစမာနံ၊*
*တပန္တမာဒိစ္စမိဝန္တလိက္ခေ။*

---

**ကျမ်းညွှန်း**

* လယ်တီဆရာတော်ကြီး၏ ပဋ္ဌာနုဒ္ဒေသဒီပနီကျမ်း
* (၁၅၃) အင်္ဂုတ္တရ်တသိက္ခာပဒဝဏ္ဏနာ ဩဝါဒဝဂ္ဂ၊ ပါစိတျာဒိအဋ္ဌကထာ (နှာ-၆၈)
* ဓမ္မပဒအဋ္ဌကထာ (အတွဲ - ၁၊ နှာ-၁၅၃)

## ပကတူပနိဿယသတ္တိဖြင့် ဗောဓိပက္ခိယတရား ၃၇-ပါးကို ကျေးဇူးပြု

မဂ် ဖိုလ် နိဗ္ဗာန်အလို့ငှာ ကျင့်ကြံအားထုတ်ရာတွင် ဤဘဝတွင် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန်မှာမူ ဗောဓိပက္ခိယတရား ၃၇-ပါးကို ပွားများရပါမည်။ ပွင့်တော်မူလတ္တံ့သော ဘုရားရှင် လက်ထက်တော်၌ ပရိနိဗ္ဗာန်ပြုနိုင်ရန် နှလုံးသွင်းထားရှိသူအဖို့မှာမူ ပါရမီဆယ်ပါး၊ အပြားသုံးဆယ်တို့ကို ဖြည့်ကျင့်ရပေမည်။ ဤတွင် နိဗ္ဗာန်တရားသည် ပါရမီတရားတို့ကို ဖြစ်စေရန်လည်းကောင်း၊ ဗောဓိပက္ခိယတရား ၃၇-ပါးတို့ကို ဖြစ်စေရန်လည်းကောင်း ပကတူပနိဿယသည် အားကြီးသောအကြောင်း ဗလဝပစ္စယ ဖြစ်၏။

ထို့ကြောင့် ပဋ္ဌာန်းပဉ္စာဝါရတွင် *"သဒ္ဓံ။ ပ။ သီလံ။ ပ။ သုတံ။ ပ။ စာဂံ။ ပ။ ပညံ ဥပနိဿယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ"* ဟု လာရှိ၏။

ဗောဓိပက္ခိယတရားနှင့် ပါရမီတရားတို့၏ အသင်းအပင်းဖြစ်ကြသည့် သဒ္ဓါတရားတည်းဟူသော ယုံကြည်ခြင်းသည်၊ သီလသည်၊ အကြားအမြင် ဗဟုသုတသည်၊ စွန့်ကြဲခြင်း စာဂသည်၊ ဉာဏ်ပညာတို့သည် အားကြီးစွာ အမှီပြု၍ အလှူဒါနကို ပေးသည်၊ ငါးပါးသီလ ဆောက်တည်သည်၊ ရှစ်ပါးသောဥပုသ်သီလကို ဆောက်တည်သည်၊ ဈာန်ကို ဖြစ်ပေါ်စေ၏၊ ဝိပဿနာကို ဖြစ်ပေါ်စေ၏၊ မဂ်ကို ဖြစ်ပေါ်စေ၏။ အဘိညာဉ် တန်ခိုးကို ဖြစ်ပေါ်စေ၏။ သမာပတ်ကို ဖြစ်ပေါ်စေ၏။

*(ကု-ကု) သဒ္ဓါ။ သီလံ။ သုတံ။ စာဂေါ။ ပညာ။ သဒ္ဓါယ။ သီလဿ။ သုတဿ။ စာဂဿ။ ပညာယ ဥပနိဿယပစ္စယေန ပစ္စယော။*

သဒ္ဓါတရားတည်းဟူသော ယုံကြည်ခြင်းသည်၊ သီလသည်၊ အကြားအမြင် ဗဟုသုတသည်၊ စွန့်ကြဲခြင်း စာဂသည်၊ ဉာဏ်ပညာသည် သဒ္ဓါတရားတည်းဟူသော ယုံကြည်ခြင်းအား၊ သီလအား၊ အကြားအမြင် ဗဟုသုတအား၊ စွန့်ကြဲခြင်း စာဂအား၊ ဉာဏ်ပညာအား ဥပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

## (၂) ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ (ကု-အကု)

ကုသိုလ်တည်းဟူသော အကြောင်းဓမ္မက အကုသိုလ်တည်းဟူသော အကျိုးဓမ္မကို ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။ ပဋ္ဌာန်းပဉ္စာဝါရလာပါဠိတော်ကို ပြရလျှင် *"သဒ္ဓံ ဥပနိဿာယ မာနံ ဇပ္ပေတိ၊ ဒိဋ္ဌိံ ဂဏှာတိ"* သဒ္ဓါတရားတည်းဟူသော ကုသိုလ်အကြောင်းကြောင့် မာနဖြစ်တတ်ကြောင်းကို ပြသောပါဠိ ဖြစ်ပါသည်။

ပမာပြရသော် လူ့လောကကြီးတွင် အချို့ ဥပါသကာ၊ ဥပါသိကာမတို့က ကုသိုလ် အလို့ငှာ ပဌာန်း ပူဇော်လေ့ ရှိကြပါသည်။ "သူတို့ ဒို့လို သဒ္ဓါတရား မရှိကြဘူး၊ ရှိကြဦးတော့ ဒို့သဒ္ဓါကို ဘယ်မှီမလဲ၊ ကြည့်ပါလား ပဌာန်းပူဇော်တယ်ဆိုပြီး ပစ္စယုဒ္ဒေသ ၂၄-ပစ္စည်းနှင့် ပြီးနေတာ၊ ဒို့က အခုပဌာန်းကျမ်းကြီးတွေ နေ့တိုင်း ပူဇော်လာတာ ဆယ်ကြိမ်ပြည့်ပြီ" ဟူ၍ လည်းကောင်း၊ "သူတို့က ပဌာန်းပူဇော်ရုံသာ ပူဇော်တတ်တာ၊ ဒို့က အဓိပ္ပါယ်နှင့်တကွ ပဥ္စာဝါရကို ပူဇော်တာလေ"ဟူ၍လည်းကောင်း မိမိပြုလေ့ရှိသည့် အာစိဏ္ဏကံကုသိုလ်ကို ဝါကြွားနေခြင်းသည် *"သဒ္ဓံ ဥပနိဿာယ မာနံ ဇပ္ပေတိ၊ ဒိဋ္ဌိံ ဂဏှာတိ"* ပေတည်း။

## မီးကျီးခဲပေါ် ယင်မနားသကဲ့သို့

လောကုတ္တရာတရားဟူသည် အလွန်ပင် သိမ်မွေ့၏။ ၎င်းကို လောဘစိတ်ဖြင့် အာရုံပြု၍ မရနိုင်ပါ။ ကိလေသာက လက်လှမ်းမမှီပါဟု ပြောနိုင်ပါသည်။ လက်လှမ်းမမီခြင်း ဟူသည် ရဲနေသည့် မီးကျီးခဲပေါ် ယင်မနားနိုင်သကဲ့သို့ မဂ်စိတ် ဖိုလ်စိတ်ကို လောဘက မတွယ်ဝံ့ပေ။ လောကုတ္တရာစိတ်ကို ကိလေသာမကပ်နိုင်ပါ။ ရဲနေသည့် အသားတုံးကမူ ယင်ကောင်အကြိုက် ဖြစ်သကဲ့သို့ ပုထုဇဉ်၏ စိတ်သည် ကိလေသာ၏ တည်ရာမှီရာ ပျော်စံရာ ဖြစ်နေပေတော့သည်။

## ဆုတောင်းခြင်းအကြောင်း

သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာဟူသော သူတော်ကောင်းတရား ၅-ပါးကို ဖြည့်ကျင့်သည်။ သို့သော် ထိုသူ၌ ဆုတောင်းမရှိလျှင်မူ သူ၏ဂတိ မမြဲနိုင်ပါ။ တစ်ဖန် သူတော်ကောင်းတရားငါးပါး မရှိလျှင်လည်း ထိုသူ၏ဂတိ မမြဲပါ။ တစ်ပါးသောသူမှာမူ သူတော်ကောင်းတရား ငါးပါးလည်း ရှိ၍၊ ဆုတောင်းလည်း ရှိလျှင်မူ ဂတိမြဲသည်။

ထို့ကြောင့် *'တသ္မာ ကုသလံ ကမ္မံ ကတွာ ကေသုဉ္စိ ဌာနေ ပတ္ထနံ ကာတုံ ဝဋ္ဋတိ'* ဟု လာရှိသဖြင့် ကုသိုလ်ပြုပြီးပါက ဆုတောင်းသင့်ပါသည်။ သို့မဟုတ်ပါက ကောင်းကင်ပေါ်သို့ ပစ်လိုက်သော ဒုတ်ချောင်းက မြေပြင်ပေါ်သို့ အရင်းပိုင်းနှင့်ကျမည် (သို့မဟုတ်) အဖျားပိုင်းနှင့် ကျမည်ကို ကေန်မပြောနိုင်သကဲ့သို့ သတ္တဝါတို့၏ ရှေ့လာမည့်ဘဝ ပဋိသန္ဓေနေရမည့် ဂတိကိုလည်း ကေန်ပြောမရပါ။

---

**ကျမ်းညွှန်း** * (၁၆၁) သဒ္ဓါ ရူပပဝတ္တိသုတ္တဝဏ္ဏနာ၊ အနုပဒဝဂ္ဂ၊ ဥပရိပဏ္ဏာသအဋ္ဌကထာ (နှာ-၁၀၄)

## အခြေခံတစ်ခုကြောင့် ကုသိုလ် အကုသိုလ် နှစ်မျိုးဖြစ်နိုင်သည်

သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ တရားတွေ အားကောင်းပါက ကုသိုလ်တရား ဖြစ်မည်။ ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိများ အားကောင်းပါက အကုသိုလ်ဖြစ်မည်။ ဤသည်မှာ ပကတူပ၏ သတ္တိပေတည်း။ သို့သော် ပဋ္ဌာဝါရ၌မူ အခြေခံတစ်ခုကြောင့် ကုသိုလ် အကုသိုလ် နှစ်မျိုးလုံး ဖြစ်နိုင်သည်။

## (၃) ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ (ကု-ဗျာ)

ယုံကြည်ချက် သဒ္ဓါတရားဟူသော ကုသိုလ်ကြောင့် ရှေ့ဆက်၍ ကုသိုလ်ဖြစ်နိုင်သည်။ ပမာပြရသော် မိမိ၏ပိုင်ဆိုင်မှုကို စွန့်လွှတ်ပြီး ဒါနပြုနိုင်ခြင်းသည်လည်းကောင်း၊ အပင်ပန်းခံပြီး တရားအားထုတ်ခြင်း၊ သီလဆောက်တည်ခြင်းတို့ကို ပကတူပနိဿယပစ္စည်းဖြင့် ကျေးဇူးပြုခြင်းပေတည်း။

ကုသိုလ်တည်းဟူသော အကြောင်းဓမ္မက အဗျာကတတည်းဟူသော အကျိုးဓမ္မကို ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြုရာတွင် မှတ်သားစရာပါဠိတစ်ခုကို ပြရသော် *"သဒ္ဓံ ဉပနိဿာယ အတ္တာနံ အာတာပေတိ"* လောက၌ သဒ္ဓါတရားသာ ထက်သန်နေမည်ဆိုပါက ပြုလုပ်စရာကိစ္စရပ်များအတွက် "အေးသေးလို့ ပူနေသေးတယ်" စသည်ဖြင့် တစ်စုံတစ်ရာ ဆုတ်နစ်တွန့်တိုမှုမရှိဘဲ ပြုလုပ်နိုင်ပါသည်။ သို့သော် ထိုသို့ လုပ်ဆောင်ရသဖြင့် မောပန်း နွမ်းနယ်ခြင်းစသည့် ကာယိကဒုက္ခဝေဒနာများကြောင့် ခန္ဓာကိုယ်ကြီးကို ပူပန်စေပါသည်။ ထက်ဝန်းကျင်၌လဲ ပူပန်စေပါသည်။

*"ပရိယိဋ္ဌိမူလကံ ဒုက္ခံ ပစ္စနုဘောတိ "*----- သဒ္ဓါတရားရှိလာပါက ကုသိုလ်ကောင်းမှု တစ်ခုခုကို ပြုနိုင်ပါသည်။ သဒ္ဓါတရားမရှိလျှင် အနည်းငယ်မျှသော ကုသိုလ်ကိုပင် ပြုနိုင်မည် မဟုတ်ပေ။ ဤသို့ ပြုနိုင်ရန်အတွက် ပစ္စည်းဉစ္စာရှိမှ ဖြစ်သဖြင့် ပစ္စည်းဉစ္စာကို ရှာရပါလိမ့်မည်။ ကြိုးစားရှာဖွေရာတွင်လည်း နေပူ မိုးရွာမရှောင် ရှာရသောကြောင့် ရှာမှီးရမှုကြောင့် ကာယိက ဒုက္ခကို ဧကန်ခံစားရမည်။

*"သီလံ ဉပနိဿာယ"* ----- သီလဝန္တပုဂ္ဂိုလ်ဟူသည် မိမိ၏သီလကို လုံစေရန်၊ ကျင့်ဝတ်ပြည့်စုံစေရန် စောင့်ရှောက်ရာတွင် အဗ္ဘောကာသိက ဓုတင်စသည်ကို ဆောက်တည်ရ သဖြင့် မိမိကိုယ်ကို ပူပန်စေပါသည်။ ထက်ဝန်းကျင်မှ ပူပန်စေပါသည်။ ပိဏ္ဍပါတ်ဓုတင် ဆောက်တည်ထားသဖြင့် နေပူမိုးရွာမရှောင် ဆွမ်းခံထွက်သည့်အခါ ဆွမ်းကို ရှာမှီးခြင်း အကြောင်းခံဖြစ်သည့် ဒုက္ခဝေဒနာကို ခံစားရသည်။ ရှစ်ပါးသီလကို စောင့်ထိန်းထားသည့်

ဥပါသကာအနေဖြင့်လည်း ညစာမစားရခြင်း၊ ပန်းနံ့သာမလိမ်းရခြင်းကြောင့် ပင်ပန်းမှုရှိနေပါသည်။

*"စာဂံ ဥပနိဿာယ"* ----- ထို့နောက် စွန့်ကြဲပေးကမ်းသည့် ပုဂ္ဂိုလ်သည်လည်း စွန့်ကြဲပေးကမ်းရန်အတွက်သာ မိမိ၏စိတ်ကို ညွတ်ထားသဖြင့် မိမိအဖို့ မျှတလောက်အောင်ပင် ချန်မထားတော့ဘဲ အားလုံး စွန့်ကြဲ လှူဒါန်းလိုက်ခြင်းကြောင့် ပင်ပန်းမှု၊ ပူလောင်မှု ရှိသည်။

## သဒ္ဓါတရားကောင်းလွန်းတဲ့ ကာဏမာတာ

သာဝတ္ထိမြို့တွင် ကာဏာဟုအမည်ရသည့် သတို့သမီးတစ်ဦး ရှိလေသည်။ ကာဏာ၏ အမိပွါယ်မှာ မျက်ကန်းဖြစ်ပါသော်လည်း သူ မျက်စိကန်းနေသူ မဟုတ်ပါ။ သူ့ကို မြင်မြင်သမျှ ပုရိသယောကျ်ားတိုင်း ရာဂစိတ်ကြောင့် အကန်းပမာ ဖြစ်ကုန်ကြသဖြင့် ကာဏာဟု အမည်တွင်နေခြင်း ဖြစ်ပါသည်။ ကာဏာ၏ မိခင်ကြီးကို ကာဏမာတာဟု ခေါ်ပါသည်။ သူသည် ရတနာသုံးပါးကြည်ညိုပြီး သဒ္ဓါတရား အလွန်ကောင်းသူ ဖြစ်ပါသည်။ ကာဏမာတာသည် သမီးချောကို တစ်ပြည်တစ်ရွာက သတို့သားတစ်ယောက်နှင့် ထိမ်းမြားပေးလိုက်ပါသည်။

ကာလအတန်ကြာသောအခါ ကာဏာက သူ့မိခင်အိမ်ကို အလည်အပတ် ပြန်လာပါသည်။ သူ့ခင်ပွန်း ယောကျ်ားက လူလွှတ်ပြီး အမြန်ပြန်လာဖို့ မှာကြားလေသည်။ ထိုအခါ မိခင်ဖြစ်သူ ကာဏမာတာက 'လက်ဆောင်မပါ လက်ချည်းသက်သက်ပြန်ရတာ ငါ့သမီး မျက်နှာငယ်ရှာမယ်'ဟုဆိုကာ မုန့်ကြော်ပေးနေ၏။

ထိုအချိန်တွင် ရဟန်းတော်များ တစ်ပါးပြီးတစ်ပါး ဆွမ်းခံကြွလာသဖြင့် ကြော်ထားသည့် မုန့်များကို လောင်းလှူလိုက်ရာ မုန့်မကျန်တော့ပါ။ ထို့ကြောင့် သမီးကိုမနက်ဖြန်မှ ပြန်ခိုင်းပြီး နောက်တစ်နေ့ မုန့်ကြော်ပြန်ရာ ရှေးနည်းအတူ ရဟန်းတော်များကို လှူဒါန်းသဖြင့် ကုန်သွားပါသည်။ ဤသို့ဖြင့် နောက်ရက်၊ နောက်ရက်များ၌လည်း ဆွမ်းလောင်းနေသောကြောင့် မုန့်ကုန်သွားသဖြင့် ကာဏာမပြန်နိုင်ဘဲ ဖြစ်နေရှာပါသည်။ သူ၏လင်ယောကျ်ားက လူလွှတ်ပြီး သုံးကြိမ်တိုင်တိုင် ခေါ်သော်လည်း ကာဏာမလာနိုင်သေးသောကြောင့် နောက်အိမ်ထောင် ပြုလိုက်သဖြင့် ကာဏာ ငိုနေပါတော့သည်။

ကာဏာငိုကြွေးနေသည်ကို ဘုရားရှင်ကြွလာခိုက် မြင်တော်မူသဖြင့် တရားဟော ပေးတော်မူပါသည်။ ရဟန်းတော်တို့ကိုလည်း အလှူခံရာတွင် အတိုင်းအရှည်သိတတ်ရန် ဝိနည်းပညတ်တော်မူပါသည်။ ကာဏာ၏ လင်ယောကျ်ားကလည်း ဘုရားရှင်ကြွလာတော်မူကြောင်း ကြားသိရသဖြင့် ကာဏာကိုပြန်၍ လက်ခံလေသည်။ သဒ္ဓါတရားကို အခြေခံကာ စွန့်ကြဲလှူဒါန်းသဖြင့် ပူလောင်ပြီး ငိုကြွေးရသည့် သာဓကပင်တည်း။

---

**ကျမ်းညွှန်း** * (၂၃၀) ကာဏမာတုသိက္ခာပဒ၊ ဘောဇနဝဂ္ဂ၊ ပါစိတ္တိယပါဠိ (နှာ-၁၀၆)

*"ပညံ ဥပနိဿာယ"* - ပညာရှိဟူ၍ ဖြစ်လာပါက အဆင့်ဆင့်ပညာကို တိုးပွားနိုင်ရန် အချမ်းအပူ စသည်ကို ဂရုမထားနိုင်ဘဲ စာကျက်ရသည်၊ စာပြန်ရသည်၊ နှုလုံးသွင်းရသည် ထိုထို အားထုတ်မှုတွေအတွက် ပူပန်စေသည်။ ပညာရှိသည် ဝိနည်းသီလကို သိနားလည်သဖြင့် မိစ္ဆာအာဇီဝ၌ အပြစ်မြင်သည်။ သမ္မာအာဇီဝ၌ အကျိုးကို မြင်စွမ်းသည်။ မိစ္ဆာအာဇီဝကို ပယ်စွန့်ပြီး စင်ကြယ်သည့် အသက်မွေးခြင်းလည်း ရှာမှီးခြင်း အကြောင်းခံသဖြင့် ဆင်းရဲကို ခံစား ရပါသည်။

## မဟာသီဝမထေရ်

မဟာသီဝမထေရ်ကြီး၏ ပညာအကြောင်းခံပြီး ကာယိက ဒုက္ခဖြစ်ပုံမှာလည်း မှတ်သား စရာ ကောင်းလှပါသည်။ မထေရ်မြတ်သည် သီဟိုဠ်ကျွန်း၊ မဟာဂါမရွာရှိ မဟာဝိဟာရ ကျောင်းတိုက်ကြီး၌ သီတင်းသုံးတော်မူပါသည်။ သံဃာတော်အရှင်မြတ်တို့အား ပါဠိ၊ အဋ္ဌ ကထာတို့ကို ပို့ချပေးတော်မူပါသည်။ အရှင်မြတ်ထံပါး နည်းခံပြီး တရားအားထုတ်ကာ ရဟန္တာဖြစ်သွားသည့် တပည့်သံဃာများပင် သုံးသောင်းခန့် ရှိပြီးဖြစ်နေပါသည်။

ထိုတပည့် ရဟန္တာအရှင်မြတ်များထဲမှ တစ်ပါးက ဆရာသခင်ဖြစ်သူ ပုထုဇဉ်သာ ဖြစ်နေသေးသည်ကို သတိပြုမိသဖြင့် ဆရာ့ထံပါးကြွလာကာ-

"အရှင်ဘုရား တပည့်တော် အနုမောဒနာတရားတစ်ပုဒ် သင်လိုပါတယ်ဘုရား" ဟု လျှောက်ထားရာ -

"အချိန်မရှိဘူး ငါ့ရှင်"

"အရှင်ဘုရား ဒီလိုဆိုရင် ဆွမ်းခံမကြွခင် စုရပ်တန်ဆောင်းမှာ မေးလျှောက်ပါရစေဘုရား"

"အဲဒီမှာလည်း မေးတဲ့သူတွေရှိနေတယ် ငါ့ရှင်"

"အရှင်ဘုရား ဆွမ်းခံကြွနေတုန်း လမ်းမှာ မေးပါရစေဘုရား"

"အဲဒီမှာလည်း မေးတဲ့သူတွေ ရှိနေတယ် ငါ့ရှင်"ဟု စသည်ဖြင့် ဖြေကြားတော်မူသည်။

"အရှင်ဘုရားမှာ သေဖို့အချိန်တောင် ရှိမှ ရှိသေးရဲ့လားဘုရား"ဟု လျှောက်ထားပြီး ဈာန်အဘိညာဉ်တန်ခိုးဖြင့် ကောင်းကင်ခရီးကို ကြွတော်မူပါသည်။

ထိုအခါ မဟာသီဝမထေရ်ကြီးလည်း "ငါ့တပည့်ကတောင် ငါ့ကို သတိပေးလာပြီ၊ ငါ တရားအားထုတ်ဦးမှ"ဟု ဆုံးဖြတ်တော်မူကာ သပိတ်ကိုလွယ်ပြီး တောထဲ ကြွသွားတော် မူပါသည်။

တစ်ရက်နှစ်ရက်အားထုတ်လျှင် တရားရမည် ထင်တော်မူပါသော်လည်း တရားမရဘဲ ဖြစ်နေပါသည်။ ထို့ကြောင့် တောထဲဝါဆိုပြီး ဝါကျွတ်လျှင်ရဟန္တာအဖြစ်နှင့် ကျောင်းပြန်ပြီး တပည့်သံဃာတော်တို့နှင့်အတူ ပဝါရဏာပြုရန် ကြိုးစားတော်မူပါသော်လည်း တရားထူး မရခဲ့ပါပေ။

မထေရ်မြတ်သည် အနှစ်သုံးဆယ်ပြည့် သီတင်းကျွတ်လပြည့် ပဝါရဏာနေ့ကို ရောက်လာသော်လည်း တရားထူးမရသေးပေ။ ထိုအခါ မထေရ်မြတ် ဆင်ခြင်တော်မူသည်မှာ 'အရိုးကြေကြေအရေခန်းခန်း မလျှော့သော ဇွဲလုံ့လဝီရိယဖြင့် အားထုတ်ပါသော်လည်း တရားမရသောကြောင့် ဤတစ်သက် တရားရရန်အကြောင်းများ မရှိလေရော့ပြီထင်' ဟု တွေးမိကာ တစ်ပါးတည်း ရှိုက်ကြီးတငင် ငိုကြွေးပါတော့သည်။

ထိုအခိုက် သီတင်းသုံးရာ ဂူအပြင်ဘက်တွင် အမျိုးသမီးတစ်ဦး၏ ငိုသံကို ပီပီသသကြားနေရသဖြင့် -

"အပြင်ကငိုနေတာ ဘယ်သူလဲ"ဟု မေးတော်မူရာ

"တပည့်တော်မ နတ်သမီးပါဘုရား"

"နင်က ဘာလို့ ငိုနေရတာလဲ" ဟု ထပ်ဆင့်မေးတော်မူရာတွင် နတ်သမီးက

"မဂ်ဖိုလ်ရအောင် ငိုနေတာပါဘုရား"ဟု ဖြေကြားလေ၏။

မထေရ်မြတ်ကြီးဟာ သတိပြန်ဝင်လာကာ 'ငိုနေရုံနဲ့ တရားမရဘူးလို့ နတ်သမီးကတောင် ငါ့ကို လှောင်ပြောင်နေပြီ'ဟု ဆင်ခြင်တော်မူပြီးနောက် မိမိဖြည့်ကျင့်ခဲ့သည့် သီလ၊ သမာဓိ၊ ပညာတို့ကို ဆင်ခြင်သုံးသပ်တော်မူပြီး ဆက်လက် အားထုတ်တော်မူရာ ပဋိသမ္ဘိဒါ လေးပါးနဲ့တကွ ရဟန္တာဖြစ်တော်မူပါသည်။

## (၄) အကုသလော ဓမ္မော အကုလသ ဓမ္မသ (အကု-အကု)

## သုတသောမမင်းနှင့် ပေါရိသာဒ

*(အကု၊ အကု-၁) ရာဂံ ဥပနိဿာယ ပါဏံ ဟနတိ၊* ရာဂကို အားကြီးစွာအမှီပြု၍ ပါဏံ ဟနတိ သူ့အသက်ကို သတ်၏။

ကုရုတိုင်း ဣန္ဒပတ္တနဂိုရ်ပြည့်ရှင် သုတသောမမင်းကြီးသည် တက္ကသိုလ်ပြည်တွင် ပညာသင်ကြားခဲ့သည့် တစ်ရာ့တစ်ပါးသော စာသင်ဖက်မင်းသားတို့၏ ဆရာဖြစ်လေသည်။

သုတသောမမင်း၏ တပည့်လည်းဖြစ်၊ စာသင်ဖက်လည်းဖြစ်သော အရင်းနှီးဆုံး မိတ်ဆွေက ဗာရာဏသီပြည့်ရှင်မင်း ဖြစ်ပါသည်။ သူသည် အသားကို အလွန်ခုံမင်နှစ်သက်သူ ဖြစ်သည်။ တစ်နေ့သောအခါ စားတော်ချက် ရသကအနေဖြင့် အသားမရှိတော့သောကြောင့် လူသားကိုချက်ပြီး ပွဲတော်ဆက်လေ၏။ ထိုနေ့မှစ၍ မင်းကြီးသည် အခြားအသားကို မဆက်သစေဘဲ လူသားကိုသာ နေ့စဉ်ဆက်သရန် မိန့်ကြား၏။ ထို့ကြောင့် ရသကလည်း လူသားကို နည်းမျိုးစုံဖြင့် ရရှိနိုင်ရန် ကြိုးပမ်းကာ ဆက်သလာရာ မကြာမြင့်မီကာလတွင် မင်းကြီး၏ ဇာတ်တူသား စားနေသည့်အဖြစ်ကြီးက ဖုံးမရ ဖိမရ ပေါ်ပေါက်၍ လာပါတော့သည်။

---

**ကျမ်းညွှန်း** * မဟာဝဂ္ဂအဋ္ဌကထာ၊ မဟာသီဝတ္ထေရဝတ္ထု (နှာ-၃၁၉)

စစ်သူကြီး ကာဠဟတ္ထိမှ ဇာတ်တူသားစားခြင်းကြောင့် ပျက်စီးခဲ့ရသည့် ဇာတ်တော်များကို အထောက်အထားများဖြင့်ပြကာ လျှောက်ကြားပါသော်လည်း မရခဲ့ပါ။ "မင်းစည်းစိမ်ကိုသာ စွန့်ဖို့လိုလျှင် စွန့်မည်၊ လူသားစားခြင်းကိုမူ ငါ မစွန့်နိုင်"ဟု ပြောလာသဖြင့် နောက်ဆုံး လက်လျှော့လိုက်ရပါတော့သည်။

ထိုအခါ စစ်သူကြီးက တိုင်းသူပြည်သားတို့၏ ဆန္ဒအရ မင်းကြီးကို တိုင်းပြည်မှ ထွက်သွားရန် နှင်ထုတ်သောအခါ သန်လျက်တစ်ချောင်း၊ စားတော်ကဲ ရသကနှင့် လူသားချက်ရန် အိုးတစ်လုံးတို့ကို တောင်းယူ၍ တိုင်းပြည်မှ ထွက်ခွါသွားတော့၏။ မင်းနှင့် စားတော်ကဲ ရသကတို့သည် တစ်ခုသောတောအုပ် ပညောင်ပင်ရင်း၌နေလျက် လမ်းသွားလမ်းလာတို့ကို ဖမ်းဆီး စားသောက်တတ်သောကြောင့် ပေါရိသာဒဟု အမည်တွင်လေ၏။

တစ်နေ့သောအခါ လူသားကိုမရသဖြင့် ပေါရိသာဒက သူ၏စားတော်ကဲရသကကိုပင် သတ်၍ စားလေတော့၏။ ("မရလျှင် ရသကကိုချိုင်"သည်ဆိုသော စကားပုံသည် ဤကိုစွဲ၍ ဖြစ်လာသည်။)

ထို့နောက် ပေါရိသာဒသည် လူတစ်ယောက်ကိုသတ်ရန် လိုက်လံဖမ်းဆီးရာ လူအများ ဝိုင်းအုံလိုက်လာသောကြောင့် ထွက်ပြေးပြီး အမြင့်တစ်ခုကို ခုန်ကျော်ရာတွင် ခြေဖဝါးကို ရှားငုတ်တစ်ချောင်း ထုတ်ချင်းပေါက် စူးဝင်လေ၏။

ထိုဒဏ်ရာက အလွန်ပြင်းထန် နာကျင်လှသဖြင့် သူ၏နေရာ ပညောင်ပင်ရင်း၌ အိပ်လျက်နေရာမှ "အရှင်ပညောင်ပင်စောင့်နတ်မင်း၊ အကယ်၍ အကျွန်ုပ်၏အနာကို ခုနှစ်ရက်အတွင်း ပျောက်အောင် ကယ်မနိုင်မည်ဆိုလျှင် အသင့်ကို ဇမ္ဗူဒိပ်ကျွန်းရှိ တစ်ရာ့တစ်ပါးသောမင်းတို့၏ လည်ချောင်းသွေး၊ အူ၊ အသားတို့ဖြင့် ပူဇော်ပါအံ့"ဟု တောင်းပန်လေ၏။

နတ်ကမစောင့်ရှောက်ရဘဲ ကံအားလျော်စွာ သူ၏အနာသည် ခုနစ်ရက်အတွင်း၌ ပျောက်လေ၏။ ပေါရိသာဒက နတ်မင်း မစသည်ဟူသော အယူကိုယူ၍ ကတိအတိုင်း တစ်ရာ့တစ်ပါးသောမင်းတို့ကို ဖမ်းကာ ပူဇော်ရန် ထွက်လာခဲ့၏။

ဤတွင်လည်း ကံအားလျော်စွာပင် ရှေးဘဝက မိတ်ဆွေဖြစ်ခဲ့ဖူးသော ဘီလူးတစ်ယောက်နှင့် တွေ့ဆုံရပြီး ထိုဘီလူးထံမှ ပဒလက္ခဏမည်သော မန္တရားတစ်ခုကို ရခဲ့၏။ ထိုမန္တရား၏ စွမ်းပကားက လျင်မြန်စွာ ပြေးနိုင်၏။ ခွန်အားကြီး၏။ ရဲရင့်၏။ ရန်သူတို့ကို နိုင်၏။

ပေါရိသာဒသည် ဂါထာ၏အစွမ်းဖြင့် မင်းအပေါင်းတို့ကို ဥယျာဉ်ထွက်ရာ စသည်တို့၌ "ငါ ပေါရိသာဒတည်း"ဟု ဟစ်အော်၍ လိုက်ဖမ်းလျှင် အခြွေအရံ အစောင့်အရှောက်တို့က လန့်ဖျပ်ပြေးလေရကား အလွယ်နှင့်သာ ဖမ်းရလေ၏။ ရခဲ့သောမင်းတို့ကို လက်ဝါး၌ အပေါက်ဖောက်၍ ကြိုးဖြင့်သီပြီးလျှင် ခြေဖျားတို့ကိုသာ မြေ၌ထိစေလျက် ပညောင်ပင်၌ ဆွဲထားလေ၏။

သုတသောမမင်းကိုကား ဆရာဖြစ်ဖူးသည့်အတွက် မဖမ်းယူဘဲ ထားလေ၏။ ထိုသို့ဖြင့် ရသမျှသော မင်းအပါးတစ်ရာဖြင့်သာ ပူဇော်အံ့ဟု မီးညှိခြင်း၊ တံစို့ချွန်ခြင်းတို့ကို ပြုလျက်နေ၏။

ထိုအခါ ပညောင်ပင်စောင့်နတ်သည် ငါကား ပေါရိသာဒ၏ အနာပျောက်ရန် တစ်စုံတစ်ရာမပြုရပါဘဲ ငါပြုသည်ထင်ကာ မင်းတို့ကိုသတ်ပြီး ငါ့ကို ပူဇော်ပေတော့မည်။ မင်းအပေါင်းတို့ ပျက်စီးခြင်းမှ တတ်နိုင်သမျှ ကာကွယ်အံ့ဟု ကြံကာ စတုမဟာရာဇ် နတ်မင်းတို့ထံသို့သွား၍ တားမြစ်ရန် တောင်းပန်၏။ "မတားမြစ်နိုင်"ဟု ဆိုသော် သိကြားမင်းထံသို့ သွားပြန်၏ "ငါကိုယ်တိုင်ကား မတားမြစ်နိုင်၊ သို့ရာတွင် တားမြစ်နိုင်သူကို ညွှန်အံ့၊ သုတသောမမင်းက တတ်နိုင်လတ္တံ့၊ သို့ကြောင့် သုတသောမမင်းကိုပါဆောင်၍ ပူဇော်ပါလော့ဟု ပေါရိသာဒအား ဆိုလေလော့"ဟု ညွှန်လေ၏။

ပညောင်ပင်စောင့်နတ်သည်လည်း ပေါရိသာဒရှေ့ ကိုယ်ထင်ပြကာ "အသင် ပေါရိသာဒ၊ ကတိစကားအတိုင်း တစ်ရာ့တစ်ပါးပြည့်အောင် သုတသောမမင်းကိုပါ ဆောင်၍ ပူဇော်ပါလော့"ဟု ဆိုလေ၏။ ပေါရိသာဒသည် နတ်ကို ကိုယ်တိုင်မြင်ရ၍ အလွန် ဝမ်းမြောက်ဝမ်းသာစွာဖြင့် သုတသောမမင်းကို ဖမ်းရန် ဆုံးဖြတ်လေ၏။

ပေါရိသာဒသည် နက္ခတ်ကိုကြည့်ကာ မနက်ဖြန် ဖုသျှနက္ခတ် စန်းယှဉ်မည်ဖြစ်သဖြင့် သုတသောမမင်းသည် မင်္ဂလာရေကန်သို့ ရေချိုးထွက်မည်ကို သိလေသည်။ သို့ဖြစ်ပါ၍ ရေကန်အတွင်း၌ ကြာဖက်အုပ်၍ ပုန်းကွယ်နေလေ၏။

သုတသောမမင်း ရေချိုးမင်္ဂလာကျင်းပရန် ထွက်လာရာ မြို့တံခါးအဝ၌ တက္ကသိုလ်ပြည်မှလာခဲ့သည့် နန္ဒမည်သော ပုဏ္ဏားနှင့်တွေ့၍ "အရှင်မင်းကြီး၊ အကျွန်ုပ်၌ အလွန် နက်နဲပြီး အဖိုးထိုက်တန်သော လေးဂါထာ ပါပါ၏။ အရှင်မင်းကြီးအကျိုးငှာ ယူဆောင်ခြင်း ဖြစ်ပါ၏"ဟု လျှောက်လေ၏။

မင်းကြီးကလည်း "ဆရာ ယနေ့နေဦးလော့၊ နက်ဖြန်မှ နာပြီး ပူဇော်အံ့"ဟု ဆို၍ ရေကန်၌ ရေချိုးပြီး အတက်တွင် ပေါရိသာဒက "ငါ ပေါရိသာဒတည်း"ဟု ဟစ်ကြွေး၍ဖမ်းရာ စစ်သည်ဗိုလ်ပါ အစောင့်အရှောက်တို့ ဖရိုဖရဲ လဲကျကုန်၏။ ပေါရိသာဒသည် အခြားမင်းတို့အား ခြေကိုကိုင်ကာ ဦးခေါင်း ဇောက်ထိုးထား၍ ဖမ်းလေ့ရှိသော်လည်း ဆရာဖြစ်သည့် သုတသောမမင်းကိုမူ ပခုံးဖြင့်ထမ်း၍ ဆောင်ခဲ့၏။

သုတသောမမင်း၏ ကိုယ်ပေါ်မှ ရေများစီးကျလာသည်ကို မြင်သဖြင့် သူ၏ဆရာ သေမှာကြောက်၍ ငိုယိုနေသည်ဟု ထင်လေသည်။ ထို့ကြောင့် "အရှင်မင်းကြီး၊ အဘယ်ကြောင့် ငိုကြွေးပါသနည်း"ဟု မေး၏။ "ငါ ငိုသည်မဟုတ်။ မိမိအတွက်လည်းကောင်း၊ သားမယားစည်းစိမ်အတွက်လည်းကောင်း တစ်စုံတစ်ရာ စိုးရိမ်ပူပန်ခြင်း ငါ့မှာမရှိ။ သို့ရာတွင် ငါသည် ပုဏ္ဏားတစ်ယောက်ထံပါးက လေးဂါထာနာယူပြီး ပူဇော်နိုင်ရန် ကတိပေးခဲ့၏။ ထိုကတိသစ္စာကို

ငါစိုးရိမ်၏။ သို့ကြောင့် ပုဏ္ဏားထံသို့ ငါသွားလိုသေး၏။ ဂါထာကို နာယူပြီးမှ သင့်ထံသို့ ငါပြန်ခဲ့အံ့”ဟု ဆို၏။ ပေါရိသာဒက မယုံကြည်ပါ။ အတန်တန် ယုံလောက်အောင်ပြော၍ နောက်ဆုံး ကျိန်ဆိုလေမှ လွှတ်လိုက်၏။

သုတသောမမင်းပြန်လာသော် တိုင်းသူပြည်သားတို့သည် ဝမ်းမြောက်ဝမ်းသာ ဆီးကြို ကြကုန်၏။ မင်းကြီးသည် ရောက်တည့်လျှင်ပင် အလျင်အမြန် နန္ဒပုဏ္ဏားကိုခေါ်၍ ဟောဖွယ်ရှိသော လေးဂါထာကို ဟောစေ၏။ နန္ဒပုဏ္ဏားသည်လည်း လက်ကို နံ့သာရည်တို့ဖြင့် ဆေးပြီးလျှင် လွယ်အိတ်ထဲမှ ရွှေပေကိုထုတ်၍ ကဿပမြတ်စွာဘုရားရှင် ဟောတော်မူအပ်သော အောက်ပါ လေးဂါထာတို့ကို မင်းကြီးအား ဟောကြားလေ၏။

(၁) သူတော်ကောင်းနှင့် တစ်ကြိမ်မျှပင် ပေါင်းသင်းခြင်းသည် စောင့်ရှောက် ပေးတတ်၏။ မသူတော်နှင့် အကြိမ်များစွာ ပေါင်းသင်းခြင်းသည်လည်း မစောင့်ရှောက်တတ်လေ။

(၂) သူတော်ကောင်းနှင့်သာ ပေါင်းသင်းရာ၏။ ဘုရားအစရှိသော သူတော်ကောင်းတို့၏တရားကို သိရခြင်းသည် အထူးသဖြင့်မြတ်၏။

(၃) မင်းစီးရထားတို့သည်လည်းကောင်း၊ ခန္ဓာကိုယ်သည်လည်းကောင်း ဆွေးမြည့်အိုမင်းခြင်းသို့ ရောက်တတ်၏။ ဘုရားစသော သူတော်ကောင်းတို့ ချီးမွမ်းအပ်သော နိဗ္ဗာန်တရားသည်ကား အိုခြင်းသို့ မရောက်။

(၄) ကောင်းကင်သည် မြေနှင့် ဝေး၏။ သမုဒ္ဒရာ၏ ကမ်းနှစ်ဖက်သည် ဝေး၏။ ထိုဝေးခြင်းတို့ထက် သူတော်ကောင်းတို့၏တရားနှင့် မသူတော်တို့၏တရားသည် သာလွန်၍ ဝေးကြ၏ဟု ဟောပြီးသည့်အဆုံး၌ မင်းကြီးသည် ပုဏ္ဏားအား အသပြာလေးထောင်ကို ပူဇော်၏။

ထို့နောက် ပေါရိသာဒထံသို့ ပြန်သွားရန် ကတိထားခဲ့ရကြောင်းကို ခမည်းတော် မယ်တော်၊ မျှူးမတ်၊ သေနာပတိနှင့်တကွ တိုင်းသူပြည်သားတို့အား ပြောပြသောအခါ ပြန်၍ မသွားရန် အမျိုးမျိုး အထွေထွေအားဖြင့် ငိုယို တောင်းပန်ကြကုန်၏။ ထိုသို့ တောင်းပန်သော်လည်း သုတသောမမင်းကြီးက ကတိသစ္စာဟူသည် မဖောက်မဖျက်ရပါဟု ပြောဆိုဆုံးမကာ ပေါရိသာဒထံ အစားခံရန် ပြန်သွားလေ၏။

ပေါရိသာဒသည်ကား “သုတသောမမင်း လာလျှင်လည်း လာပါစေ၊ မလာလျှင်လည်း နေစေတော့၊ ရှိသမျှမင်းတို့ဖြင့်သာ ပူဇော်အံ့” ဟု ကြံပြီးလျှင် မီးညှိခြင်း၊ တံစို့ချွန်ခြင်းတို့ကို ပြု၍နေလေ၏။

ထိုခဏ၌ သုတသောမမင်းရောက်လာ၍ “အချင်း ပေါရိသာဒ၊ ငါ၏ ကတိသစ္စာကိုစွပြီးလေပြီဖြစ်၍ ငါလာခဲ့ပြီ၊ သင်အလိုရှိတိုင်း ပြုလေလော့”ဟု ဆိုလေ၏။ ထိုအခါ ပေါရိ

သာဒသည် ဤမင်းကား သစ္စာစောင့်၏။ တည်ကြည်၏။ သေဘေးကိုလည်း အနည်းငယ်မျှ ကြောက်ရွံ့ခြင်းမရှိ။ ထိုသို့ မကြောက်သည်မှာလည်း နာခဲ့ရသော လေးဂါထာတို့၏ အာနုဘော်ကြောင့် ဖြစ်တန်ရာ၏ဟု ကြံ၍ "ဆရာသုတသောမမင်း၊ သင့်ကို နောက်မှစားအံ့၊ ယခု မီးပျိုးနေသည့်အတွင်း သင်နာကြားခဲ့ရသော လေးဂါထာကို ငါ့အား ဟောပါဦးလော့၊ ငါလည်း နာလိုပါ၏"ဟု တောင်းဆိုလေ၏။

"အဆွေ ပေါရိသာဒ၊ အသင်ကဲ့သို့ ယုတ်မာကြမ်းတမ်း သစ္စာမရှိ လူသားစားသော သူသည် နူးညံ့သိမ်မွေ့ မွန်မြတ်သောတရားတော်ကို နာသဖြင့် အဘယ်အကျိုး ရှိအံ့နည်း" ဆိုလေ၏။

ထိုအခါ ပေါရိသာဒက "ငါ့ကို အဘယ်ကြောင့် တရားမစောင့်ဟု ဆိုသနည်း။ အခြားမင်းတို့လည်း အမဲလိုက်၍ စားကြ၏၊ ငါသည်လည်း လူသားကို ရှာ၍စား၏၊ သဘော အတူတူသာတကား"ဟု ဆို၏။

"အဆွေပေါရိသာဒ၊ သင်သည် လူတကာ မင်းတကာတို့ မစားအပ် မစားထိုက်သော လူ၏အသားကို စား၏၊ ဤကား အလွန် စက်ဆုပ်ဖွယ်ဖြစ်ပြီး၊ တရားမစောင့်ခြင်းမည်၏" "အဆွေ သုတသောမမင်း၊ အသင်သည် အဘယ်ကြောင့် သေဘေးကို မကြောက်သနည်း"ဟု မေးသော်။

"ငါသည် တိုင်းပြည်ကို တရားသဖြင့် အုပ်ချုပ်ခဲ့ပြီ၊ မိဘ၊ အဆွေခင်ပွန်း စသူတို့၏ ဝတ္တရားကိုလည်း ကျေပွန်စွာ ပြုခဲ့ပြီ။ ဤသို့အားဖြင့် တမလွန်ဘဝ၌ ငါစိုးရိမ်ရန် မရှိပြီ။ သို့ကြောင့် ငါမကြောက်သတည်း"ဟု ဆိုလေ၏။

ထိုအခါ ပေါရိသာဒသည် "ဤမင်းကား သူတော်ကောင်းတည်း။ ထိုသို့သောသူကို ငါပြစ်မှားအံ့။ ငါ၏ဦးခေါင်း ခုနစ်စိတ်ကွဲရာ၏ဟု ကြံ၍ အရှင်မင်းကြီး သင့်အား အကျွန်ုပ် မသတ်လိုတော့ပြီ။ ထိုလေးဂါထာကို နာပါရစေတော့"ဟု အကြိမ်ကြိမ် တောင်းပန်လေမှ နောက်ဆုံး၌ ထိုလေးဂါထာကို ဟောပြလေ၏။ တရားအဆုံး၌ ပေါရိသာဒသည် အလွန် နှစ်သက်ဝမ်းမြောက်သည်ဖြစ်၍ "အရှင်မင်းကြီး၊ ထိုလေးဂါထာအတွက် လိုရာဆု လေးပါးကို တောင်းယူပါလော့"ဟု ဆိုလေ၏။

ထိုအခါ သုတသောမမင်းကြီးသည် အောက်ပါလေးချက်ကို တောင်းလေ၏ -

(၁) "အဆွေ၊ သင်သည် အနာရောဂါမရှိ အနှစ်တစ်ရာ အသက်ရှည်သည်ကို မြင်လိုပါသည်" ဤဆုကို ပေါရိသာဒက ဝမ်းသာစွာဖြင့် ပေး၏။

(၂) "ထိုဖမ်းဆီးထားသော မင်းတို့ကို မစားစေလို" ဤဆုကိုလည်း ပေါရိသာဒက အလွယ်ဖြင့်ပေး၏။

(၃) "ထိုမင်းတို့ကို တိုင်းပြည်အရောက် ပြန်ပို့စေလို၏" ဤဆုကိုလည်း ပေါရိသာဒက အလွယ်ဖြင့် ပေး၏။

(၄) "လူသားကို မစားဘဲ ရှောင်ကြဉ်စေလို၏" ဤဆုကိုကား ပေါရိသာဒက မပေးဘဲ ခံ၍နေ၏။

အကြိမ်ကြိမ်တိုက်တွန်းသော် ကတိလည်းရှိသည်နှင့် မပေးဘဲနေရမည်မှာ အလွန်ခက်၍ ငိုယို တောင်းပန်လေ၏။ သုတသောမမင်းလည်း မလျှော့ဘဲ အပြစ်အမျိုးမျိုးပြကာ ကတိအကြိမ်ကြိမ် တောင်းသဖြင့် နောက်ဆုံး၌ ထိုဆုကိုလည်း ပေးလေ၏။

ထိုသို့ ပေါရိသာဒအား ဆုံးမယဉ်ကျေးစေပြီးမှ သုတသောမမင်းသည် ပေါရိသာဒကို တိုင်းပြည်သို့ ခေါ်၏။ ပေါရိသာဒလည်း ငိုကြွေးလျက် "ငါ မလိုက်လိုတော့ပြီ။ ငါသည် တိုင်းပြည်၏ ရန်သူဖြစ်၏။ ဤတောတွင်း၌သာ နေတော့အံ့"ဟု ဆိုလေ၏။

"သုတသောမမင်းလည်း အဆွေ၊ မစိုးရိမ်လင့်။ သင်ကဲ့သို့သော ကြမ်းတမ်းသောသူကိုပင် ဆုံးမနိုင်သေး၏။ အဘယ်ကြောင့် သင်၏ တိုင်းသူပြည်သားတို့အား မဆုံးမနိုင်ဘဲ ရှိအံ့နည်း။ အကယ်၍ သင်၏ ဗာရာဏသီပြည်ကို မရအံ့။ ငါ့ပြည်ကို တစ်ဝက်ခွဲ၍ပေးအံ့၊ လိုက်သာလိုက်ခဲ့လော့"ဟု ခေါ်လေ၏။

တိုင်းပြည်ရောက်သောအခါ ဗာရာဏသီပြည်၌ ပေါရိသာဒ၏သား အုပ်စိုးလျက်ရှိ၏။ ကာဠဟတ္ထိစစ်သူကြီးလည်း ရှိသေး၏။ စစ်သူကြီးနှင့်တကွ မှူးမတ် တိုင်းသူပြည်သားတို့သည် ယုတ်မာသော လူသားစားသော ပေါရိသာဒကို မလိုဟု လက်မခံဘဲ နေကြလေ၏။

ထိုအခါမှ သုတသောမမင်းသည် ပေါရိသာဒ နူးညံ့ယဉ်ကျေးပြီဖြစ်ကြောင်း၊ မိမိတို့မင်းဟောင်းကို ပြန်လည် လက်ခံသင့်ကြောင်း တရား ဟောပြောပြသ ဆုံးမလေမှ စိတ်ကြည်လာကြ၍ လက်ခံကြလေ၏။ သုတသောမမင်း၊ ပေါရိသာဒမင်းနှင့်တကွ အခြားသော မင်းတို့သည် မိမိတို့တိုင်းပြည်သို့ အသီးသီးပြန်ရောက်၍ တိုင်းပြည်ချမ်းသာအောင် တရားသဖြင့် အုပ်စိုးကြလေသတည်း။

ဇာတ်ပေါင်းသော် ပေါရိသာဒသည် အင်္ဂုလိမာလ ဖြစ်လာ၏။ စစ်သူကြီး ကာဠဟတ္ထိသည် အရှင်သာရိပုတ္တရာ ဖြစ်လာ၏။ နန္ဒပုဏ္ဏားသည် အရှင်အာနန္ဒာ ဖြစ်လာ၏။ ညောင်ပင်စောင့်နတ်သည် အရှင်မဟာကဿပ ဖြစ်လာ၏။ သိကြားမင်းသည် အရှင်အနုရုဒ္ဓါ ဖြစ်လာ၏။ တစ်ရာ့တစ်ပါးသောမင်းတို့သည် ဘုရားရှင်၏ ပရိသတ်ဖြစ်လာကြ၏။ သုတသောမမင်း၏ မယ်တော် ခမည်းတော်တို့သည် မယ်တော်မာယာနှင့် သုဒ္ဓေါဒနမင်းတို့ ဖြစ်လာကြ၏။ သုတသောမမင်းသည် ဘုရားဖြစ်လာ၏။

သုတသောမဇာတ်တော်တွင် ပေါရိသာဒမင်းက လူသားစားသဖြင့် ထိုအသား၏ အနံ့၊ အရသာ၌ *'ဂရုံ ကတွာ'* ဖြစ်နေသည်။ တစ်ဖက်တွင်လည်း သုတသောမမင်းမှာမူကား ပေါရိသာဒ လူ့ဘီလူးထံ အစားခံရန် အသွားတွင် သစ္စာတရားက *'ဂရုံ ကတွာ'* ရနေပါသည်။

ထို့ကြောင့် သစ္စာတရားကို မြတ်နိုးတော်မူသည့် သုတသောမမင်းကြီးအတွက် သစ္စာတရားက *'အာရမ္မဏာဓိပတိ'* ဖြစ်ခဲ့သကဲ့သို့ လူသားစားလေ့ရှိသည့် ပေါရိသာဒ လူ့ဘီလူးကြီးအတွက်မှာမူ လူ့အသား၏ အနံ့အရသာက *'အာရမ္မဏာဓိပတိ'* ဖြစ်ခဲ့ပါသည်။

မှတ်သားရန် ကောင်းသည့်အချက်မှာ *အာရမ္မဏာဓိပတိ*က အကောင်း အဆိုး ကုသိုလ်၊ အကုသိုလ် နှစ်မျိုးစလုံး ဖြစ်ခွင့် ရှိနိုင်ပါသည်။ *အာရမ္မဏာဓိပတိ*နှင့် *အာရမ္မဏူပနိဿယ*သည် သဘောအဓိပ္ပါယ်တူပါသည်။

## ဆရာတင်မှား၍ အဖေကိုသတ်ခဲ့သည့် အဇာတသတ်မင်း

အကုသိုလ်တည်းဟူသော အကြောင်းဓမ္မကြောင့် အကုသိုလ်တည်းဟူသော အကျိုးဓမ္မကို ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုရာတွင် မှတ်သားစရာ ပါဠိတစ်ခုကို ထုတ်နုတ်ပြရသော် *"ရာဂံ ဥပနိဿာယ ပါဏံ ဟနတိ ----- မာတရံ ဇီဝိတာ ဝေါရောပေတိ၊ ပိတရံ ဇီဝိတာ ဝေါရောပေတိ"* ဟု ဖြစ်၏။

ရာဂလောဘကို အကြောင်းခံမိပါက မဖြစ်နိုင်သည့် အကုသိုလ်ဟူ၍ ဤလောကတွင် မရှိပေ။ အဆုံးစွန်အားဖြင့် အမေကို သတ်ခြင်းဟူသော မာတုဃာတကံ၊ အဖေကို သတ်ခြင်းဟူသော ပိတုဃာတကံကို လွန်ကျူးနိုင်သည်အထိ ဖြစ်နိုင်ပါသည်။ သာဓကအနေဖြင့် ရှင်ဘုရင်ဖြစ်ရန် အဖေကိုသတ်သည့် အဇာတသတ်၏ ဘဝဇာတ်ကြောင်းကို သာဓကပြနိုင်ပါသည်။

(အဇာတ = မမွေးဖွားမီ + သတ္တု = ရန်သူ) အဇာတသတ်၏အမည်က အဖကိုသတ်မည့် ရန်သူဟု အဓိပ္ပါယ်ယူနိုင်ပါသည်။ မင်းသား အရွယ်ရောက်လာသည့်အခါတွင် ခမည်းတော်မင်းကြီးက အိမ်ရှေ့မင်းအဖြစ် အပ်နှင်းတော်မူပါသည်။ အိမ်ရှေ့မင်းအဖြစ်နှင့်နေစဉ် တစ်နေ့သောအခါ၌ အရှင်ဒေဝဒတ်ရောက်ရှိလာပြီး တန်ခိုးပြကာ ဖြားယောင်းပါတော့သည်။ အသက်အရွယ် ငယ်ရွယ်နုနယ်သည့် မင်းသားကလေးသည် ဒေဝဒတ်ကို ယုံကြည် ကိုးစားလာ၏။ ထိုအခါ ဆရာဒေဝဒတ်က "အသင်မင်းသားလည်း ခမည်းတော်ကြီးကို သတ်ပြီး မင်းလုပ်ပါ၊ ငါလည်း ယောက်ဖတော် ဂေါတမကိုသတ်ပြီး ဘုရားလုပ်မယ်"ဟု သူ၏ စက်ဆုပ်ဖွယ် အကြံအစည်ကို ထုတ်ဖော် ပြောကြားလာပါသည်။

အရှင်ဒေဝဒတ်၏ ဘုန်းတန်ခိုး ကြီးထွားလိုခြင်းဟူသော ရာဂကို အကြောင်းပြုကာ ဘုရားရှင်၏ အသက်ကို ရန်ရှာပါတော့သည်။ ပဋ္ဌာန်းပဉ္စာဝါရပါဠိတော် (အကု-အကု)တွင် *"ရာဂံ ဥပနိဿာယ ပါဏံ ဟနတိ ----- အရဟန္တံ ဇီဝိတာ ဝေါရောပေတိ "* ဟု လာရှိပါသည်။

---

**ကျမ်းညွှန်း** * (၅) မဟာသုတသောမဇာတကဝဏ္ဏနာ၊ အသီတိနိပါတ၊ ဇာတကအဋ္ဌကထာ တွဲ-၅ (နှာ-၄၉၄)

မင်းသားကလည်း အကြံဆိုးရှိသည့် ဒေဝဒတ်၏ အကြိမ်ကြိမ် တိုက်တွန်းမှုကြောင့် သန်လျက်ဓားကို ပေါင်ကြားဝှက်ပြီး ဖခည်းတော်မင်းကြီးကို လုပ်ကြံရန် ကြိုးစားလာသဖြင့် မင်းစည်းစိမ်ကို ဆောင်နှင်း ပေးတော်မူလိုက်ပါသည်။

သို့သော် ရှင်ဒေဝဒတ်ကြီးက ခမည်းတော်မင်းကြီးကို အဆုံးစီရင်ရန် လှည့်ဖြား တိုက်တွန်းပြန်ပါသည်။ ထို့ကြောင့် အဇာတသတ်က ခမည်းတော်မင်းကြီးကို အချုပ်ထောင် အတွင်းသွင်းထားပြီး အစာအာဟာရမပေးဘဲ သတ်ရန် ရာဇဝတ်သားများကို အမိန့်ပေး ပါသည်။

သို့သော် မယ်တော်မိဖုရားကြီးက သားဘုရင် မသိစေဘဲ နည်းအမျိုးမျိုးဖြင့် မင်းကြီး အတွက် အာဟာရမျှတအောင် စောင့်ရှောက်ပေးနေသဖြင့် ခမည်းတော်ကြီး နတ်ရွာမစံသေး သည်ကို သိသဖြင့် မယ်တော်ကြီးကို ထောင်အတွင်း ဝင်ခွင့်မပေးတော့ပေ။

နောက်ဆုံး၌မူ ခမည်းတော်မင်းကြီး၏ ခြေဖဝါးကို သားလှီးဓားနှင့် အမွှာမွှာမွှမ်း စေပြီး ဆီနှင့်ဆားတို့ဖြင့်နယ်ကာ မီးကျီးခဲနှင့် ကင်စေပြီး ခမည်းတော်ကို သေဆုံးသည့်အထိ နှိပ်စက်ပါတော့သည်။ အဇာတသတ်၏သားတော် ဥဒယဘဒ္ဒ ဖွားမြင်သည့်နေ့၌ပဲ ခမည်းတော် ဗိမ္ဗိသာရမင်းကြီး ကံတော်ကုန်ရှာသည်။ အဇာတသတ်မင်းကိုလည်း နန်းသက် ၃၂-နှစ် ရှိသည့်အခါ၌ သူ့ရဲ့သားတော် ဥဒယဘဒ္ဒက လုပ်ကြံသဖြင့် ကံကုန်ရှာပါသည်။

ဤဝတ္ထုကို သာဓကထားကာ စဉ်းစားမည်ဆိုလျှင် "ငါသူတော်ကောင်း မကောင်းတာ မလုပ်ဘူး"ဟု ပြောရန် ခက်ခဲမည်ထင်ပါသည်။ ဧရာမပါရမီရှင်ကြီး အရှင်မဟာမောဂ္ဂလာန် အလောင်းအလျာကပင် မယားစကားနားယောင်ကာ မိဘများကို တောနက်ထဲခေါ်ပြီး ရိုက် နှက်ခဲ့သေး၏။ ထို့ကြောင့် ပုထုဇဉ်ဘဝက မလွတ်သေးသရွေ့ ရာဂ၊ ဒေါသ၊ မောဟကို အကြောင်းပြုပြီး သံသရာတစ်ခွင်တွင် မကျူးလွန်နိုင်သည့် အကုသိုလ်ဟူ၍ မရှိနိုင်တော့ပေ။

ထို့ကြောင့် ပဋ္ဌာန်းကျမ်းအတွဲ-၂၊ နှာ-၁၆၈ တွင် "*သကဘဏ္ဍေ ဆန္ဒရာဂေါ ပရဘဏ္ဍေ ဆန္ဒရာဂဿ ဥပနိဿယပစ္စယေန ပစ္စယော။ သကပရိဂ္ဂဟေ ဆန္ဒရာဂေါ ပရပရိဂ္ဂဟေ ဆန္ဒရာဂဿ ဥပနိဿယပစ္စယေန ပစ္စယော*" လို့ ဟောတော်မူပါသည်။

မိမိပိုင်ဆိုင်ထားသည့် ရွှေငွေဘဏ္ဍာပစ္စည်းကို အကြောင်းပြုပြီး သူတစ်ပါး၏ ရွှေငွေ ဘဏ္ဍာဥစ္စာကို လိုချင်နေခြင်းနှင့် မိမိသိမ်းဆည်းထားသည့် ရွှေငွေဘဏ္ဍာကို အကြောင်းပြုပြီး သူတစ်ပါးတို့ သိမ်းဆည်းထားသည့် ရွှေငွေဘဏ္ဍာကို လိုချင်ခြင်းသည် ရှေးရှေးလိုချင်မှု ရာဂကို အကြောင်းပြုပြီး နောက်နောက်လိုချင်မှု ရာဂကို ဖြစ်စေပါသည်။

---

**ကျမ်းညွှန်း** ✻ (၁၅၀)၊ ရာဇာမစ္စကထာဝဏ္ဏနာ၊ သာမညဖလသုတ္တ၊ သီလက္ခန္ဓဝဂ္ဂဋ္ဌကထာ။ (နှာ-၁၂၃-၁၂၆)

## ဆုတောင်းမှားခြင်းကြောင့် ဒုက္ခရောက်ခဲ့သည့် ကာဠီဘီလူးမဝတ္ထု

လိုချင်မှု ရာဂ၊ မုန်းတီးမှု ဒေါသ၊ အပြစ်ကို ဖုံးလွှမ်းစေသည့် မောဟ၊ ထောင်လွှားမှု မာန်မာန၊ အယူလွဲမှားမှု ဒိဋ္ဌိနှင့် ဆုတောင်းခြင်း ပတ္ထနာတို့ကြောင့် မဖြစ်နိုင်သည့် အကုသိုလ် ဟူ၍ မရှိကောင်းပေ။

ပဋ္ဌာန်းပဉ္စာဝါရပါဠိတော်၌ *ရာဂေါ၊ ဒေါသော၊ မောဟော၊ မာနော၊ ဒိဋ္ဌိ၊ ပတ္ထနာ၊ ရာဂဿ၊ ဒေါသဿ၊ မောဟဿ၊ မာနဿ၊ ဒိဋ္ဌိယာ၊ ပတ္ထနာယ ဥပနိဿယပစ္စယေန ပစ္စယော။*

ရာဂသည်၊ ဒေါသသည်၊ မောဟသည်၊ မာန်မာနသည်၊ အယူလွဲမှားမှု ဒိဋ္ဌိသည်၊ ဆုတောင်းခြင်းသည်၊ ရာဂအား၊ ဒေါသအား၊ မောဟအား၊ မာနအား၊ ဒိဋ္ဌိအား၊ တောင်းဆုအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ဆိုလိုသည်မှာ ရှေးရှေးဖြစ်သည့် လောဘက နောက်နောက်ဖြစ်လာမည့် လောဘကို ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။ ရှေးရှေး ဖြစ်သည့် ဒေါသက နောက်နောက်ဖြစ်လာမည့် ဒေါသကို ဥပနိဿယ သတ္တိဖြင့် ကျေးဇူး ပြုသည်။ ကျန်သည့် မောဟ၊ မာန၊ ဒိဋ္ဌိ၊ ပတ္ထနာတို့လည်း အလားတူပင် ယူရပါမည်။

## ဘဝအဆက်ဆက် လက်စားချေသည့် နှစ်ယောက်

ဘုရားရှင်လက်ထက်တော်ကာလ ပုဏ္ဏားသူကြွယ်တစ်ယောက်၌ မယားနှစ်ယောက် ရှိလေသည်။ မယားကြီးက သားသမီးမထွန်းကားဘဲ မြုံနေပြီးမယားငယ်က ကိုယ်ဝန်ရှိ လာပါသည်။ ထိုအခါ မယားကြီးက ကိုယ်ဝန်ပျက်ဆေးကို အစာထဲရောကာ တိုက်ကျွေးသဖြင့် မယားငယ်၏ ကိုယ်ဝန် နှစ်ကြိမ်တိုင်တိုင် ပျက်ကျသွားသည်။ တတိယကိုယ်ဝန် ရှိလာသော အခါ မိဘအိမ်ပြန်ပြီး ကိုယ်ဝန်ရင့်မှ လင်ယောကျ်ား၏အိမ်သို့ ပြန်လာပါသည်။

မယားကြီးက ကိုယ်ဝန်ရင့်သည်ကို မြင်ရသောကြောင့် ကိုယ်ဝန်ပျက်ဆေး အဆ များစွာကို မုန့်ထမင်းဟင်းဖြင့် ရောမွှေကာ တိုက်ကျွေးလိုက်သောကြောင့် ကလေးရောမိခင်ပါ ကွယ်လွန်သွားရရှာသည်။ မသေဆုံးခင် ဝေဒနာပြင်းထန်စွာ ခံစားနေရသောကြောင့် လင်တူ မယားဖြစ်သည့် ထိုမယားကြီးကို ဖြစ်လေရာဘဝမှာ လက်စားချေနိုင်ရန် ကျိန်ဆဲရင်း သေပွဲ ဝင်သွားရှာသည်။

သူ့ဆန္ဒအတိုင်း လက်စားချေနိုင်ရန် ထိုသူဌေးအိမ်၌ပင် ကြောင်မ ဖြစ်လာသည်။ မယားကြီးကလည်း ကွယ်လွန်ပြီးနောက် ဤသူဌေးအိမ်၌ပင် ကြက်မ ဖြစ်လာပါသည်။ ကြက်မ၏ဥကို ကြောင်မက စားသည်။ ကြက်မက မကျေမနပ်ဖြစ်ကာ ရန်ငြိုးဖွဲ့ပြန်၏။ ထို့နောက် ကြောင်မသေပြီး တောထဲ သမင်မဖြစ်၏။ ကြက်မသေပြီး ကျားသစ်မဖြစ်ကာ အပြန်အလှန် ကလေးကို စားကြပါသည်။

ထိုမကျေနပ်ချက် မဆုံးသေးသဖြင့် နောက်ဘဝ၌ ဘီလူးမိန်းမနှင့် လူမိန်းမ ဖြစ်လာပါသည်။ မီးဖွားပြီးတိုင်း ထိုဘီလူးမလာကာ ကလေးကို စားသည်။ ထို့ကြောင့် 'ငါ့သားနှစ်ယောက်ကို ဘီလူးမစားလို့သေပြီး အခုတစ်ခါတော့ မိဘအိမ်ပြန်ပြီး မီးဖွားမှ ကောင်းမယ်' ဟု ကလေးမိခင်က ဆုံးဖြတ်လေ၏။

မိဘအိမ်မှ မီးဖွားပြီးအပြန် ဇေတဝန်ကျောင်းရှေ့နား၌ ဘီလူးမနှင့် ရင်ဆိုင်တွေ့ရသဖြင့် ကလေးမိခင်က မြတ်စွာဘုရားရှိရာပြေးပြီး ကယ်တင်ပေးတော်မူပါရန် အသနားခံရှာသည်။ ဘီလူးမကို ကျောင်းစောင့်နတ်က ဝင်ခွင့်မပြုပေ။

ထို့ကြောင့် မြတ်စွာဘုရားရှင်မှ အရှင်အာနန္ဒာကို ဘီလူးမကို ဘုရားရှင်အနားခေါ်လာဖို့ မိန့်တော်မူပါသည်။ ဘုရားရှင်က "ငါဘုရားရှေ့ကိုသာ သင်တို့နှစ်ယောက် မရောက်လာရင် သံသရာရှည်သမျှ ရန်သူဖြစ်ကြပေတော့မယ်" ဟု မိန့်ကြားတော်မူပြီး သူတို့၏ ရှေးဖြစ်ဟောင်းကို မိန့်ကြားတော်မူကာ ရန်ကို ချုပ်ငြိမ်းစေတော်မူပါသည်။

## အကြောင်းဓမ္မလည်း ပါဏာတိပါတ၊ အကျိုးဓမ္မလည်း ပါဏာတိပါတ

*ပါဏာတိပါတော ပါဏာတိပါတဿ ဥပနိဿယပစ္စယေန ပစ္စယော။ ပါဏာတိပါတော အဒိန္နာဒါနဿ။ ပ။ ကာမေသု မိစ္ဆာစာရဿ။ ပ။ မုသာဝါဒဿ။ ပ။ ပိသုဏာယ ဝါစာယ။ ပ။ ဖရုသာယ ဝါစာယ။ ပ။ သမ္ဖပ္ပလာပဿ။ ပ။ အဘိဇ္ဈာယ။ ပ။ ဗျာပါဒဿ။ ပ။ မိစ္ဆာဒိဋ္ဌိယာ ဥပနိဿယပစ္စယေန ပစ္စယော။*

သူတစ်ပါးအသက်ကို သတ်ခြင်း ပါဏာတိပါတသည် သူတစ်ပါးအသက်ကို သတ်ခြင်းအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ သူတစ်ပါးအသက်ကို သတ်ခြင်းသည် အဒိန္နာဒါနပိုင်ရှင်က ကိုယ် နှုတ်ဖြင့် မပေးသော သူ့ဥစ္စာကို ခိုးယူခြင်းအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ သူတစ်ပါးအသက်ကို သတ်ခြင်းသည် မုသာဝါဒ လိမ်ညာသောစကားကို ပြောခြင်းအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ သူတစ်ပါးအသက်ကို သတ်ခြင်းသည် ပိသုဏာဝါစာ ကုန်းတိုက် ချောပြစ်သောစကားကို ပြောခြင်းအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ သူတစ်ပါးအသက်ကို သတ်ခြင်းသည် ဖရုသာဝါစာ ကြမ်းတမ်းသော စကားကို ပြောခြင်းအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ သူတစ်ပါးအသက်ကို သတ်ခြင်းသည် သမ္ဖပ္ပလာပ အကျိုးမရှိသောစကားကို ပြောခြင်းအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ သူတစ်ပါးအသက်ကို သတ်ခြင်းသည် အဘိဇ္ဈာယ သူတစ်ပါးဥစ္စာကို လိုချင်တပ်မက်ခြင်းအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ သူတစ်ပါးအသက်ကို သတ်ခြင်းသည် ဗျာပါဒ သူတစ်ပါးအကျိုးမဲ့ကို ကြံစည်ခြင်းအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ သူတစ်ပါးအသက်ကို သတ်ခြင်းသည် အယူလွဲမှားမှုဒိဋ္ဌိအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ကျမ်းညွှန်း** * ကာဋ္ဌယကိုနိဝတ္ထု၊ ယမကဝဂ္ဂ၊ ဓမ္မပဒအဋ္ဌကထာ-၁ (နှာ-၂၉)

## မိစ္ဆာဒိဋ္ဌိဖြစ်ကြောင်း ၂-ပါး

ဤနေရာတွင် မိစ္ဆာဒိဋ္ဌိဖြစ်ကြောင်းနှစ်ပါးကိုလည်း ဖော်ပြပါမည်။ *"ပရတော စ ဃောသော အယောနိသော မနသိကာရော။ ဣမေ ခေါ ဘိက္ခဝေ ဒွေ ပစ္စယာ မိစ္ဆာဒိဋ္ဌိယာ ဥပ္ပါဒါယ"* မိစ္ဆာဒိဋ္ဌိဟူသော အယူမှားမှု Wrong understood ဖြစ်ရန် အကြောင်းနှစ်ပါး ရှိပါသည်။ ၎င်းတို့မှာ (၁) သူတစ်ပါးထံမှ ကြားနာမိခြင်း၊ စာအုပ်ထဲဖတ်ရှုမိခြင်း၊ အွန်လိုင်း ပေါ်မှ ဖတ်ရှုမိခြင်းနှင့် (၂) မကောင်းသော နှလုံးသွင်းမှု ရှိခြင်းတို့ပေတည်း။

## (၅) အကုသလော ဓမ္မော ကုသလဿ ဓမ္မဿ (အကု-ကု)

အကုသိုလ်တည်းဟူသော အကြောင်းဓမ္မက ကုသိုလ်တည်းဟူသော အကျိုးဓမ္မကို ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။ ပဋ္ဌာန်းပဉှာဝါရလာ ပါဠိတော်ကို ပြရလျှင် "*ရာဂံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ။ အဘိညံ ဥပ္ပါဒေတိ။ သမာပတ္တိံ ဥပ္ပါဒေတိ။*" စွဲလမ်းကပ်ငြိမှုရာဂကို ဥပနိဿာယ အမှီပြု၍ အလှူဒါနကို ပေး၏၊ သီလဆောက်တည်၏၊ ရှစ်ပါးသော ဥပုသ်သီလကို ဆောက်တည်၏၊ ဈာန်ကို ဖြစ်ပေါ်စေ၏၊ ဝိပဿနာကို ဖြစ်ပေါ် စေ၏၊ မဂ်ကို ဖြစ်ပေါ်စေ၏၊ အဘိညာဉ်ကို ဖြစ်ပေါ်စေ၏၊ သမာပတ်ကို ဖြစ်ပေါ်စေ၏။

အကုသိုလ်ဘက်တွင်လည်း လိုချင်မှုရာဂ၊ ရန်လိုမုန်းတီးမှုဒေါသ၊ တွေဝေမိုက်မဲမှု မောဟ၊ ထောင်လွှားမှု မာန၊ အယူမှားမှု ဒိဋ္ဌိတို့ ပါဝင်ပါသည်။ ထို့ကြောင့် "ရာဂံ ဥပနိဿာယ ဒါနံ ဒေတိ" အရ 'ရာဂတည်းဟူသော အကုသိုလ်က စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းဟူသော ကုသိုလ်ကို ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြုပါသည်'။ ထို့ကြောင့်ပင် ဥပနိဿယ ပစ္စည်းက ကုသိုလ် အကုသိုလ်နှစ်ဘက်တွင် အလွန်ပင် အားကြီးသည့် မှီရာအဖြစ် ကျေးဇူး ပြုပါသည်။

## လောဘကိုအကြောင်းပြုပြီး ဈာန်အဘိညာဉ်ရခဲ့တဲ့ အသိတာဘူဇာတ်တော်

*အကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ (အကု၊ ကု-၂)*

*ရာဂံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ။ အဘိညံ ဥပ္ပါဒေတိ။ သမာပတ္တိံ ဥပ္ပါဒေတိ။*

---

**ကျမ်းညွှန်း** ✱ အင်္ဂုတ္တိုရ် (အတွဲ-၁၊ နှာ-၁၀၅)

ရာဂတည်းဟူသော လိုချင်မှုလောဘကို အရင်းခံမူလ အကြောင်းပြုပြီး ဒါနပြုခြင်း၊ သီလဆောက်တည်ခြင်းတို့ကို နားလည်နိုင်ပါသော်လည်း ဈာန်ကို ဖြစ်စေနိုင်ခြင်းကိုမူ နားလည်ရန် ခက်ခဲပေလိမ့်မည်။ ထို့ကြောင့် သာဓကအားဖြင့် အသိတာဘူဇာတ်တော်ကို ပြပါမည်။

သိတဟူသော ပါဠိစကားမှာ ပြုံးရယ် ရွှင်ပျသည့်မျက်နှာဟု အဓိပ္ပါယ်ရပါသည်။ ရှေ့၌ 'အ' ထည့်ပြီး 'အသိတာဘူ' ဟူသည်ကား 'သူသည် ပြုံးသည်ဖြစ်စေ၊ မပြုံးသည်ဖြစ်စေ နဂိုမူလကပင် ရွှင်ပြကြည်သာသည့် မျက်နှာရှိသူ'ဟု အဓိပ္ပါယ်ယူရပါမည်။

အသိတာဘူက တစ်ခုသောဘဝ၌ အိမ်ရှေ့မင်းသားတစ်ပါး၏ မိဖုရားဖြစ်နေပါသည်။ ခမည်းတော်မင်းကြီးက အိမ်ရှေ့မင်းသားနှင့် မိဖုရားတို့ ပြစ်ဒဏ်သင့်သဖြင့် နိုင်ငံမှ နှင်ထုတ်လိုက်၏။ သူတို့ နှစ်ယောက်သည် ဟိမဝန္တာတောထဲကိုဝင်ပြီး သစ်သီးရှာ၊ ငါး၊ အမဲရှာစားပြီး ဆင်းရဲချို့ငဲ့စွာ နေကြရရှာ၏။

တစ်နေ့သောအခါတွင် မင်းသားက တောထဲတွင် အသိတာဘူထက် အနှိုင်းအဆမဲ့ လှပသည့် ကိန္နရီမကိုတွေ့သဖြင့် မိဖုရားကိုထားရစ်ခဲ့ပြီး ကိန္နရီမနောက်သို့ လိုက်သွားပါတော့သည်။ တောနက်ထဲ တစ်ယောက်တည်း ကျန်ရစ်ခဲ့ရှာသည့် မိဖုရားက "ငါက နန်းတော်ကနေ ဒုက္ခခံပြီး သူ့နောက်လိုက်လာခဲ့တယ် ခုတော့ ကိန္နရီမတွေ့လို့ ငါ့ကို ပစ်ထားခဲ့ပြီ၊ ငါဒီလိုနေမယ့်အစား တောထဲသိတင်းသုံးတော်မူတဲ့ ရသေ့ထံတော်ပါးက ကမ္မဋ္ဌာန်း တောင်းပြီး တရားအားထုတ်တာ ကောင်းတော့မယ်ဟု" ဆုံးဖြတ်ကာ တရားအားထုတ်ပါသည်။ မင်းသမီး၏ ရှေးရှေးဘဝများစွာက ဆည်းပူးအားထုတ်ခဲ့သည့် ပါရမီကုသိုလ်သတ္တိကြောင့် ကာလတိုအတွင်း ကောင်းကင်ပျံနိုင်သည့်အထိ ဈာန်အဘိညာဉ် တန်ခိုးကို ရနိုင်ခဲ့ပါသည်။

မင်းသားလည်း တောထဲ၌ကိန္နရီမကို ရန္ဒိုးနိုးဖြင့်လိုက်သွားရာ၊ လိုက်ရင်းလိုက်ရင်း ကိန္နရီမကို မျက်ခြည် ပြတ်သွားပါတော့သည်။ ထိုအခါ ကိန္နရီမကိုလက်လျှော့ကာ မင်းသမီးထံ ပြန်လာခဲ့ပါသည်။ ဘုရားအလောင်းတော်ရသေ့၏ ကျောင်းရှေ့သို့ ရောက်လာသော မင်းသားကို အသိတာက မြင်လိုက်သည်နှင့် အဘိညာဉ်တန်ခိုးဖြင့် ကောင်းကင်ကို ပျံတက်သွားပါတော့သည်။

ယခုကဲ့သို့ အသိတာမင်းသမီး ဈာန်အဘိညာဉ်ကို ရခြင်းသည် ရာဂ၊ ဒေါသက အကြောင်းရင်းခံ ဖြစ်လေသည်။ ထို့ကြောင့် ပဋ္ဌာန်းပဉ္စာဝါရပါဠိတော်တွင် "*ရာဂံ ဥပနိဿာယ ဈာနံ ဥပ္ပါဒေတိ*" "*ဒေါသံ ဥပနိဿာယ ဈာနံ ဥပ္ပါဒေတိ*" ဟု ဟောတော်မူခြင်း ဖြစ်ပါသည်။ ဤဇာတ်တော်တွင် အကုသိုလ်က ကုသိုလ်ကို ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုခြင်း ဖြစ်သည်။

---

**ကျမ်းညွှန်း** * ဇာတကအဋ္ဌကထာ (အတွဲ-၂၊ နှာ-၂၁၀)

# ဗေဒင်အဟောကြောင့် သီလပြည့်စုံတဲ့ ရဟန်းကို သက်န်းဒွိစုံနှင့် ငွေငါးကျပ်တစ်မတ် လှူဒါန်း

လောက၏အရေးအရာစုံကို စွန့်ပယ်ကာ တောရဂုံမြိုင်အတွင်း၌ ရဟန်းသီလကို ပြည့်ပြည့် ဝဝဖြည့်ကျင့်ကာ တောရဆောက်တည်တော်မူနေကြသည့် ရဟန်းတော် အရှင်မြတ်များ အနေဖြင့်လည်း ရံခါတွင်မူ မထင်မှတ်ထားသည့် လောက၏ ရှုပ်ထွေးမှုများက ရိုက်ခတ် ပတ်သက်လာတတ်ပါသည်။

ဒါယကာတစ်ဦး ထန်းတစ်ပင်တောရကျောင်းသို့ မရောက်စဖူး ရောက်လာပါသည်။ သူ၏လက်ထဲတွင် ပလပ်စတစ်အကြည်ဖြင့် ထုတ်ထားသည့် သင်္ကန်းတစ်ထုပ် ကိုင်ထားပါသည်။ ဆရာတော်ကြီး၏ ရှေ့သို့ တည့်တည့်မတ်မတ် ရောက်လာပြီး-

"ဆရာတော်ကြီးနှင့် တွေ့ချင်လို့ပါဘုရား"

"ဒီတောရမှာက ဆရာတော်ကြီး၊ ဆရာတော်ကလေးမရှိပါဘူး၊ ဘုန်းကြီးတစ်ပါးထဲ ရှိပါတယ်"

"မှန်ပါဘုရား၊ မှန်ပါဘုရား၊ ဆရာတော်ကြီးဦးတိဿရဆိုတာ အရှင်ဘုရားပါလားဘုရား"

ထိုဒါယကာသည် သူ၏ရှေ့တွင်ထိုင်နေသည့် ထေရ်အရှင်၏အမည်နာမကို နှုတ်မြွက်ခေါ်ဝေါ်ခြင်းမှာ ယဉ်ကျေးသူ ဗုဒ္ဓဘာသာဝင်တို့၏ အလေ့အလာမဟုတ်ကြောင်းကိုပင် သိရှိဟန် မတူပေ။ သူ၏ စိတ်အာရုံထဲတွင် ဘုန်းကြီးလွဲမှားမည်ကိုသာ စိုးရိမ်နေဟန် တူပါသည်။ သို့ဖြစ်ပါ၍ "သာသနာဝင်မှတ်တမ်း ပြပါဦးဘုရား"ဟု မပြောရုံမျှသာ ကျန်ပါတော့သည်။

သူတွေ့မြင်လိုသည့် တောရဘုန်းကြီး သေချာပြီဟု ပိုင်ပိုင် ဆုံးဖြတ်လိုက်ဟန်တူပါသည်။ ထို့ကြောင့် သူအိတ်ထဲမှ ငွေစက္ကူနှင့် အကြွေစေ့ကိုထုတ်ပြီး သင်္ကန်းထုတ်ပေါ်တင်ပါသည်။ ထို့နောက် ရှေ့သို့တိုး၍ လာပါသည်။ ဆရာတော်ကြီးက-

"ဒကာကြီး ဘုရားဝိနည်းက ငွေမကိုင်ရဘူး၊ ပြီးတော့ ဘုန်းကြီးက သင်္ကန်းလည်း အလှူမခံဘူး"ဟု မိန့်တော်မူပါသည်။ တိစီဝရိတ် ဓုတင်ဆောင်ထားသည့် ရဟန်းအတွက် ဒါယကာ၏သင်္ကန်းကို အလှူခံမိသည်နှင့် တစ်ပြိုက်နက် အနှစ်နှစ်အလလက ဆောက်တည်လာခဲ့သည့် ဓုတင်အကျင့်မြတ်အတွက် နည်းများမဆို အနှောင့်အယှက် ဖြစ်တော့မည်ဆိုသည်ကိုလည်း ထိုဒါယကာ စိုးစဉ်းမျှ သိဟန်မတူပေ။ ထို့ကြောင့် မျက်နှာငယ်လေးဖြင့် အသနားခံ လျှောက်လာပြန်ပါသည်။

"တပည့်တော် စနေသားက စနေဂြိုဟ်စားနေတာကြောင့် ကံကြမ္မာက ညံ့နေပါတယ်ဘုရား။ ဒါကြောင့် မနေ့က ဗေဒင် သွားကြည့်ပါတယ်ဘုရား၊ ဗေဒင်ဆရာက တပည့်တော်

အိမ်ရဲ့ စနေထောင့် အရပ်မျက်နှာက သီလနှင့်ပြည့်စုံတဲ့ စနေသား ရဟန်းတစ်ပါးကို သက်န်း တစ်စုံနှင့် ငွေငါးကျပ်တစ်မတ်လှူပြီး ယတြာချေရမယ်လို့ အဟောရှိလို့ပါဘုရား၊ တပည့်တော်ကို သနားသောအားဖြင့် ဒီငွေနှင့် သင်္ကန်းကို အလှူခံတော်မူပါဘုရား"ဟု လျှောက်ထား လာပြန် ပါသည်။ ဆရာတော်ကြီးက ထိုဒါယကာကို သနားသောကြောင့်ထင်ပါသည် နှစ်များစွာ ဆောက်တည်လာခဲ့သည့် ဓူတင်ကို အပျက်ခံကာ သက်န်းကို လက်ခံပေးရန် ဆုံးဖြတ် လိုက်ဟန်တူပါသည်။ ထို့ကြောင့် -

"သင်္ကန်းကိုတော့ လက်ခံပေးမယ်၊ ဒါပေမယ့် ဘုန်းကြီးဝတ်မှာတော့ မဟုတ်ဘူး ရသလား"ဟု မေးတော်မူရာ ဒါယကာက "ဗေဒင်ဆရာက လှူဒါန်းခဲ့ဖို့ပဲ ဟောထား ပါတယ်ဘုရား၊ ဝတ်ဖို့ မဝတ်ဖို့တော့ မဟောထားပါဘုရား" "ဒါပေမယ့် ငွေကတော့ လက်ခံ လို့မဖြစ်ဘူး"ဟု မိန့်တော်မူပါသည်။

ဤဖြစ်စဉ်သည် ပဋ္ဌာန်းပဉ္စာဝါရ ပကတူပနိဿယ၌ *"ရာဂံ ဥပနိဿာယ ဒါနံဒေတိ" "မောဟံ ဥပနိဿာယ ဒါနံဒေတိ"* ဟု လာရှိသည်နှင့် ညီညွတ်ပါသည်။ အကြောင်းမှာ နဘူးကျောင်းဆရာတော်ကြီးက ထန်းတစ်ပင်တောရ၌ ဝါဆိုတော်မူသည့်နှစ်တွင် တောရကျောင်း သံဃာတော်များအား "ဗေဒင်ဆရာက ဝိနည်းသီလနှင့် ပြည့်စုံတဲ့ ဘုန်းကြီးကို သင်္ကန်း လှူခိုင်းတာတဲ့၊ သီလနှင့် ပြည့်စုံတဲ့ဘုန်းကြီးအနေနှင့် မထိမကိုင်ကောင်းတဲ့ ငွေလည်း လှူခိုင်း ပြန်သေးတယ်၊ ဘယ်လို ဗေဒင်ဆရာလဲ မသိပါဘူး" ဟု ပြုံးရွှင်စွာ မိန့်တော်မူပါသည်။

ထိုဒါယကာသည် ရာဂ၊ မောဟ၏ အားကြီးသည့် အကြောင်းအထောက်အပံ့ကြောင့် လှူဒါန်းခြင်း ဖြစ်ပါသည်။ ရဟန်း၏သီလဟူသည် ရာဂအား၊ မောဟအားကြီးသည့် သာမန် လူဝတ်ကြောင်တို့ နားလည်ရန် မစွမ်းနိုင်လောက်အောင်ပင် နက်နဲလှပါသည်၊ ခက်ခဲ လှပါသည်။ ဓူတင်အရာမူကား လူပုဂ္ဂိုလ်မဆိုထားဘိ သီတင်းသုံးဖော် ရဟန်းအချင်းချင်းပင် သိရန် ခက်ခဲလှပါပေ၏။

## ဒေါသကို အကြောင်းပြုပြီး ကုသိုလ်ဖြစ်

*ဒေါသံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ။*

ဒကာမကြီးဒေါ်ပိုသည် မန္တလေးမြို့၌ နေထိုင်ပါသည်။ ရံခါ ရန်ကင်းတောရကျောင်းသို့ ဖတ်သီဖတ်သီနှင့် လာတတ်ပြီး ကျောင်း၌နှစ်ရက်၊ သုံးရက်ကျော်လျှင် သူ့အိမ်ရှိရာ မန္တလေးသို့ လောလော၊ လောလောနှင့် ပြန်သွားတတ်ပါသည်။ တစ်ကြိမ်၌မူ ကျောင်း၌တရားအားထုတ်၊

---

**ကျမ်းညွှန်း**

* အရှင်ခေမာနန္ဒ(ရန်ကင်းတောရ)၊ မဟာထေရမြတ်တို့၏ စံနမူနာယူစရာကျင့်သီလအပိုင်း (၁) (၂၀၁၄၊ ဒုတိယအကြိမ်)

* (၂၅)၊ တေစီဝရိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ -၁ (နှာ-၆၂)

နေ့စဉ် ဆွမ်းလောင်းလျှုကာ ရှစ်ပါးသီလနှင့်နေခဲ့သည်မှာ တစ်လကျော်သွားသော်လည်း "ပြန်ပါတော့မယ်ဘုရား"ဟု မလျှောက်သေးပါ။ တရားတိုးတက်လှ၍လည်း မဟုတ်ပါ။

ရက်သတ္တပါးပတ်ခန့်၌ သူ့အိမ်က လူပျောက်ရှာရင်း ရောက်လာကြပြီး ကျောင်း၌ ဒေါ်ပိုကိုတွေ့သဖြင့် တအံ့တသြ ဖြစ်ကြပါသည်။ "အဖေနှင့် စကားအခြေအတင်ဖြစ်ပြီး မနက်အစော လင်းအားကြီးအချိန် အိမ်က ထွက်သွားတာဘုရား၊ အခု ရဲစခန်းမှာ လူပျောက်တိုင်ထားရတယ်ဘုရား" ဟု သူ၏သမီးကလျှောက်မှ သိရပါသည်။

စိတ်ဆိုးဒေါသဖြစ်ပြီး အိမ်ကထွက်လာခြင်းဟူသော အကြောင်းတရားကြောင့် ဒါနလည်း ပြုဖြစ်ခဲ့သည်၊ ရှစ်ပါးသီလကိုလည်း ဆောက်တည်ဖြစ်ခဲ့သည်၊ ဝိပဿနာတရားကိုလည်း အားထုတ်ဖြစ်ခဲ့သည်။ အကြောင်းညီညွတ်ပါက စျာန်လည်းရနိုင်သည်၊ မဂ်ဉာဏ်လည်း ရနိုင်ပါသည်။

ပဋ္ဌာန်းပါဠိတော်ပဥ္စာဝါရ၌"*ဒေါသံ ဉပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဉပေါသထကမ္မံ ကရောတိ၊ ဈာနံ ဉပ္ပါဒေတိ၊ ဝိပဿနံ ဉပ္ပါဒေတိ၊ မဂ္ဂံ ဉပ္ပါဒေတိ။ အဘိညံ ဉပ္ပါဒေတိ။ သမာပတ္တိံ ဉပ္ပါဒေတိ။*" ဟု ပဋ္ဌာန်းပါဠိတော်တွင် လာရှိပါသည်။

အကြောင်းတရားဖြစ်သည့် ပစ္စည်းက အကုသိုလ်ဒေါသဖြစ်ပြီး အကျိုးပစ္စယုပ္ပန္နတရားက ကုသိုလ် ဖြစ်ပါသည်။ ဤဖြစ်စဉ်တွင်လည်း အကုသိုလ်က ကုသိုလ်ကို ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုခြင်း ဖြစ်သည်။ ယခုဖြစ်စဉ်မျိုးကို ဆရာတော်ကြီးများက အကြောင်းတရားနှင့် အကျိုးတရားကို ဝီထိစိတ်အစဉ်ဖြင့် ကြည့်လျှင် အလှမ်းဝေးသည်ဟု မိန့်တော်မူလေ့ ရှိပါသည်။

## မောဟကို အကြောင်းပြုပြီး အကုသိုလ်ဖြစ်

မောဟဟူသည် အကုသိုလ်တရားဖြစ်၏။ အသိတရားခေါင်းပါးခြင်း၊ အလိမ္မာတရားမရှိခြင်း၊ ဉာဏ်မဲ့ခြင်း၊ ပညာအဆင်ခြင်နည်းပါးခြင်းကို မောဟဟု ခေါ်ပါသည်။ မြန်မာနိုင်ငံ၌ စစ်မှန်သည့်ထေရဝါဒ သာသနာတော် တည်ထွန်းနေပါသော်လည်း သာသနာအစစ်အမှန်ကို မကိုးကွယ်တတ်သူများနှင့် ကံကံ၏အကျိုးကို နားလည်ယုံကြည် လက်ခံရန် ခက်ခဲသူများကိုလည်း မောဟအားကြီးသူ၊ ဉာဏ်မဲ့သူဟု ခေါ်နိုင်ပါသည်။

ထို့ကြောင့် ဒါနပြုသည်ဖြစ်စေ၊ သီလဆောက်တည်သည်ဖြစ်စေ၊ ဝေယျာဝစ္စ ပြုလုပ်သည်ဖြစ်စေ မြတ်စွာဘုရားရှင်၏ အဆုံးအမနှင့်အညီ ဆောင်ရွက်တတ်မှသာ အကျိုးကျေးဇူးများပေမည်။ မိမိပြုသည့် ကောင်းမှုအတွက် ဆုတောင်းလျှင်လည်း ဘုရားရှင်အလိုကျ အမြင့်ဆုံး အမြတ်ဆုံး နိဗ္ဗာန်ဆုကိုသာ တောင်းသင့်ပါသည်။ အဘယ်ကြောင့် နိဗ္ဗာန်ဆုကို တောင်းရကြောင်းကိုမူ ဘုရားရှင်အဆုံးအမကို ထဲထဲဝင်ဝင် လေ့လာသင့်ပေသည်။

ထိုသို့ လေ့လာမှသာ ဘဝစည်းစိမ်ရရှိရေးအတွက် တောင်းဆုချွေနေခြင်းသည် "တပည့်တော် အိုဘေးဆိုးကြီး ကြုံစမ်းပါရစေဘုရား၊ တပည့်တော် အနာရောဂါဘေးဆိုးကြီး ကိုလည်း ကြုံစမ်းပါရစေဘုရား၊ တပည့်တော် သေဘေးဆိုးကြီးနှင့်လည်း မလွဲတမ်း ဆက်ဆက် ကြုံစမ်းပါရစေဘုရား" ဟု ဆုတောင်းသည်နှင့် အလားသဏ္ဍာန်တူနေပါသည်။

## ပြုခဲ့မိတဲ့ အကုသိုလ်ကို ပယ်ဖျောက်ရန်

*"ပါဏံ ဟန္တွာ တဿ ပဋိဃာတတ္ထာယ"* - ပြုခဲ့ဖူးသည့် အကုသိုလ်ကို ပယ်ဖျောက်နိုင်ရန် (ဝါ) အကျိုးပေးခွင့် မရနိုင်ရန်အတွက် ဒါနပြုသည်၊ သီလဆောက်တည်သည်ဟု လာရှိပါသည်။ ဤဖြစ်စဉ်ကို ပမာပြရလျှင် ရှစ်ပါးသီလဆောက်တည်ထားသည် ဆိုပါစို့၊ ခြင်ကမကိုက်ဘဲ နားအနီးတွင် တဝီဝီလုပ်နေသဖြင့် ခြင်ရှိမည့် နေရာကို မှန်းပြီးရိုက်လိုက်ရာ ကိုယ့်ပါးလည်း ရိုက်မိ၊ ခြင်လည်း သေသွားသည်။ ထိုအချိန်တွင် "ငါ အကုသိုလ် လုပ်မိပြီ ဒါ ဘယ့်နှယ်လုပ်ရပ့ါ မလဲ"ဟု ဆင်ခြင်ရာမှ "ငါ ရှစ်ပါးသီလဆောက်တည်မယ်၊ သမ္မပ္ပဓာန်တရားထဲက ပြုခဲ့မိပြီး အကုသိုလ်ကို ပြန်ပြောင်းတွေးထင်မနေတော့ဘူး၊ မပြုရသေးတဲ့ ထိုထိုအကုသိုလ်မျိုးကို နောင် မလုပ်တော့ဘူး"ဟု ဆုံးဖြတ်ချက်ချသည်။ ထို့နောက် ဒါနလည်းပြု၏၊ ရှစ်ပါးသီလလည်း ဆောက်တည်၏။

*ပါဏံ ဟန္တွာ တဿ ပဋိဃာတတ္ထာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။*

ဤပါဠိတော်တွင် မှတ်သားစရာတစ်ခုမှာ ပါဏာတိပါတစသည့် ဒုစရိုက် ၁၀-ပါးကို ပယ်ဖျောက်နိုင်ရန် ကုစားကောင်းပါသော်လည်း *"မာတရံ ဇီဝိတာ ဝေါရောပေတွာ၊ ပိတရံ ဇီဝိတာ ဝေါရောပေတွာ"* အမေအဖေကို သတ်ခြင်းဟူသော အနန္တရိယကံကိုမူ ကုစား၍ မရကောင်းပေ။ ဧကန်မုချပင် ငရဲကျပါမည်။ ဤကံကိုမူ အကျိုးပေးခွင့် မရှိတော့အောင် လုပ်မရနိုင်ပေ။

ဖခမည်းတော်ကိုသတ်ခဲ့သည့် အဇာတသတ်မင်းသည် သူ၏ဆရာ ဒေဝဒတ်မြေမျို ခံရပြီးနောက် မြတ်စွာဘုရားရှင်ထံပါး ချဉ်းကပ်ခါ သာမညဖလသုတ်ကို နာယူရသဖြင့် သောက အပူမီး အတော်အတန်ကြီး ငြိမ်းသွားပါသည်။ ထိုတွင်မကသေးဘဲ ပုထုဇဉ်ပုဂ္ဂိုလ်များထဲတွင် မြတ်စွာဘုရားရှင်ကို ကြည်ညိုသည့်အရာ၌ သူအသာဆုံးဖြစ်၏။ သို့သော် အနန္တရိယကံကို လွန်ကျူးထားသဖြင့် မဂ်မရပါ။ ငရဲကို ဧကန်ရောက်ရှာပါသည်။ ငရဲသက်တမ်း လျော့သည့် သက်သာမှု အနည်းငယ်ကိုမူ ရရှိနိုင်ခဲ့ပါသည်။

## (၆) အကုသလော ဓမ္မော အဗျာကတဿဓမ္မဿ (အကု-ဗျာ)

အကုသိုလ်တည်းဟူသော အကြောင်းဓမ္မက အဗျာကတတည်းဟူသော အကျိုးဓမ္မကို ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။ ပဋ္ဌာန်းပဉှာဝါရလာ ပါဠိတော်ကိုပြရလျှင် အကုသလံ ကမ္မံ ဝိပါကဿ ဥပနိဿယပစ္စယေနပစ္စယော = အကုသိုလ်ကံသည် အကုသိုလ် အကျိုး ဝိပါက်စိတ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

## သတ်သေဖို့ကံပါတဲ့သူ ကယ်မရပါ

ဝိပါက်ကံကိုယူရာတွင် ဗလဝနာနာက္ခဏိက ကမ္မကို ယူရမည် ဖြစ်ပါသည်။ ဗလဝ ကုသိုလ်စေတနာကို ယူရပါမည်။ ဒုဗ္ဗလစေတနာကို မယူရပါ။ ရှေးရှေးဆရာတော်ကြီးများက ဝတ္ထုသာဓက ထုတ်ပြသည်မှာ "မိန်းမတစ်ယောက်ဟာ ကြိုးဆွဲချပြီး သေဖို့ရာ သစ်ပင်မှာ ကြိုးကိုတက်ချည်တယ်၊ လည်ပင်းစွပ်ဖို့ ကွင်းတွေလုပ်ပြီးမှ သူလုပ်စရာတစ်ခု သတိရလို့ အိမ်ထဲ ခဏဝင်သွားတယ်။ အဲဒီအခါမှာ သူခိုးတစ်ယောက်က သစ်ပင်ပေါ်က ကြိုးကို မြင်တော့ 'ဟန်ကြပြီ ငါခိုးလို့ရတဲ့ ဥစ္စာပစ္စည်းတွေကို ဒီကြိုးနဲ့ ချည်ပြီးတော့ယူမှပဲ' ဆိုပြီး ကြိုးကို ဓားနဲ့ဖြတ်ဖို့ရာ ကြိုးနားကပ်သွားတယ်။ ဒီအခါ ကြိုးကမြွေဖြစ်ပြီး ရှူးရှူးဆိုတဲ့ အသံပမာ ထွက်လာတာကို သူ့မျက်လုံးထဲမှာလည်း မြွေကိုမြင်၊ သူ့နားထဲလည်း မြွေသံကြားလာတော့ သူခိုးလည်းကြောက်ပြီး ထွက်ပြေးသွားတယ်။ ဒီမိန်းမကလည်း အိမ်ထဲကထွက်လာပြီး သူစီစဉ်ထားတဲ့အတိုင်း ကြိုးဆွဲချပြီး သေသွားပါတယ်"။ ဤနေရာတွင် သတ်သေရန် အကြောင်းစုံလာသောအခါ သူခိုးကပင် အနှောင့်အယှက် မပေးနိုင်လောက်သည်အထိ ကံက အားကြီးနေတော့သည်။ ဘဝါဘဝကပြုခဲ့သည့် ဤဗလဝ အကုသိုလ် စေတနာကံကပင် ကြိုးကသူခိုးလက်ထဲ ပါသွားမည့်အရေးကို တားမြစ်ခြင်းကပင်လျှင် "*အကုသလံ ကမ္မံ ဝိပါကဿ ဥပနိဿယပစ္စယေန ပစ္စယော*"အဖြစ် အကုသိုလ် ဝိပါက်ကို ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြုခြင်းပေတည်း။

## ကိုးဆယ့်ကိုးဇာတ် ယောက်ျားသတ် အကျွတ်မဂ်ဖိုလ်ဝင်

ဆက်လက်ပြီး မာတိကမာတာဝတ္ထုကို ပြပါမည်။ ရဟန်းတော်တို့သည် မာတိကမာတာ လှူဒါန်းသည့် သင့်တင့်လျောက်ပတ်ကာ သပ္ပါယမျှတသော အစာအာဟာရကို ဘုဉ်းပေး

**ကျမ်းညွှန်း** * (၂၅၃)၊ သရဏဂမနကထာ၊ သာမညဖလသုတ္တဝဏ္ဏနာ၊ သီလက္ခန္ဓဝဂ္ဂဋ္ဌကထာ (နှာ-၂၁၂)
* မူလပဋ္ဌာန်းဆရာတော်ဘုရား၏ အသံဖမ်းပဋ္ဌာန်းပို့ချစဉ်ကျမ်း

သုံးဆောင်ခွင့် ရရှိကြသဖြင့် မကြာမီမှာပင် ပဋိသမ္ဘိဒါနှင့်တကွ၊ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကုန်ကြ၏။

ဝါကျွတ်သောအခါ မြတ်စွာဘုရားရှင်ထံတော်ပါး သွားရောက်ကာ ဖူးမြော်ကြသဖြင့် မာတိကမာတာ၏ ဂုဏ်သတင်းကို ဇေတဝန်ကျောင်းတိုက်ရှိ အခြားရဟန်းတော်များလည်း ကြားသိကြရသည်။ ဤတွင် မထင်ရှားသည့် အညတရ ရဟန်းတော်တစ်ပါးသည် ထိုသတင်းကို ကြားရ၍ မြတ်စွာဘုရားထံပါး ကမ္မဋ္ဌာန်းကိုသင်ယူပြီး မာတိကရွာသို့ ကြွသွားလေ၏။

တောသို့ရောက်သော် အညတရ ရဟန်းသည် 'ငါသည် ဒါယိကာမကြီးအား တွေ့မြင်လိုလှ၏။ ငါ၏ အလိုဆန္ဒကို တကယ်ပင် သိနိုင်စွမ်းပါက ဒါယိကာမကြီးသည် ငါ့ထံသို့ ဆွမ်းခဲဖွယ် ဘောဇဉ်တို့နှင့် လာစေသတည်း'ဟု ကြံစည်လေ၏။ ထိုအခါ မာတိကမာတာ ဒါယိကာမကြီးလည်း 'ယနေ့ ငါ၏သားသည် ငါ့ကို တွေ့ရန် တောင့်တနေပေပြီ' ဟု ဆိုကာ ဆွမ်းခဲဖွယ် ဘောဇဉ်တို့ကိုယူ၍ ကျောင်းသင်္ခမ်းသို့သွားပြီး ရဟန်းအား ဆက်ကပ် လှူဒါန်းလေ၏။

ရဟန်းသည် ဆွမ်းဘုဉ်းပေးပြီးသည်ရှိသော် "ဒါယိကာမကြီး သင်သည် သူတစ်ပါး၏ စိတ်ကို သိသလော" ဟု မေးလေ၏။ မာတိကမာတာက "သူတစ်ပါးတို့၏စိတ်ကို သိသောသူတို့ ရှိကြပါသည်ဘုရား"ဟုဖြေရာ ရဟန်းတော်က "တစ်ပါးသူတို့ကို မေးခြင်းမဟုတ် သင့်ကိုသာ မေးခြင်းဖြစ်၏"ဟု မိန့်လေရာ မာတိကမာတာက တပည့်တော် သူတစ်ပါး၏ စိတ်ကို သိပါသည်ဘုရားဟု မလျှောက်ကြားဘဲ "သူတစ်ပါး၏စိတ်ကို သိသောသူတို့က ဤသို့ပင် ပြုကြကုန်၏"ဟု ဖြေကြားပါသည်။

အညတရရဟန်းအဖို့ အခက်ကြုံပါတော့သည်။ အကြောင်းမှာ ဒါယိကာမကြီးက သူကြံစည်သမျှကို အကုန်အစင် သိနေသဖြင့် 'ပုထုဇဉ်တို့မည်သည် ကောင်းသည်ကိုလည်း ကြံမိ၏၊ မကောင်းသည်ကိုလည်း ကြံမိတတ်၏' ထို့ကြောင့် ဤအရပ်မှ ထွက်ပြေးမှ ဖြစ်တော့မည်ဟု ကြံ၍ ဒါယိကာမကြီးထံ ခွင့်ပန်ပြီး မြတ်စွာဘုရားထံ သွားလေ၏။

မြတ်စွာဘုရားရှင်ထံတော်ပါး အကြောင်းစုံလျှောက်လေသော် "ချစ်သား ထိုအရပ်၌သာ သင်၏စိတ်ကို နှိပ်ကွပ်ဆုံးမပြီး နေသင့်၏ "ဟု မိန့်ကြားတော်မူ၏။

ထိုအညတရ ရဟန်းသည် ရက်ကာလတိုတိုဖြင့် လောကီအဘိညာဉ်ပါဝင် ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၏။ ထိုအခါ မဂ် ဖိုလ်တည်းဟူသော ချမ်းသာဖြင့် အချိန်တို့ကို ကုန်လွန်စေလျက် "ဩော် အံ့ဖွယ်ကောင်းပေစွတကား။ မာတိကာမာတာဒါယိကာမကြီးသည် ငါ၏ဆောက်တည်ရာ ဖြစ်ပေ၏။ ထိုဒါယိကာမကြီးကိုမှီ၍ ဘဝမှလွတ်မြောက်ရာသို့ ရောက်ပေပြီ" ဟု ပြန်လည် ဆင်ခြင်မိလေ၏။

ထိုအခါ မာတိကမာတာ ဒါယိကာမကြီးသည် ဤဘဝ၌သာ ငါ၏ဆောက်တည်ရာ ဖြစ်ပေသလောဟု ဆင်ခြင်ရာ ကိုးဆယ့်ကိုးဘဝတိုင်တိုင် ထိုအညတရရဟန်း၏ ဇနီးမယား ဖြစ်ခဲ့ပြီး အခြားသောယောကျ်ားတို့အပေါ်၌ တပ်မက်နှစ်သက်သောစိတ်ကြောင့် ကိုးဆယ့်ကိုး ဘဝတိုင်တိုင် သူ့ကို သတ်ခဲ့သည့်အဖြစ်ကို မြင်လေ၏။

ထိုအခါ ဤဒါယိကာမကြီး၏ ကျေးဇူးမဲ့သည့်အဖြစ်ကား ဝန်လေးပေစွတကားဟု ကြံစည် အောက်မေ့မိနေလေ၏။ မာတိကမာတာလည်း တန်ခိုးဖြင့်ကြည့်ရာ ရဟန်းတော်က ကိုးဆယ့်ကိုးဘဝကိုသာ ရှုမြင်သုံးသပ်လေ၏၊ ကိုးဆယ့်ကိုးဘဝမှအလွန် ခုနစ်ခုမြောက်သော ဘဝ၌ ထိုအညတရရဟန်းအား မိမိအသက်ကို အသေခံ၍ ကယ်တင်ခဲ့ဖူးပုံကို မြင်လေ၏။ ထိုကြောင့် မာတိကမာတာက ရဟန်းတော်အား "ကိုးဆယ်ကိုးဘဝလွန်၍ ခုနစ်ဘဝတိုင် ကြည့်ရှု ဆင်ခြင်တော်မူပါဦးဘုရား" ဟု လျှောက်ရာ အညတရရဟန်း၏ ဒိဗ္ဗသောတနားဖြင့် ကြားသဖြင့် ဆင်ခြင်ပါသည်။ ထိုအခါ၌ ဒါယိကာမကြီးသည် မိမိအတွက် အသက်ပေးကာ စတေးခံခဲ့ရရှာပုံကို သိတော်မူ၏။

ထို့ကြောင့် ကဝိလက္ခဏာကျမ်းပြုဆရာက "ကိုးဆယ့်ကိုးဇာတ် ယောကျ်ားသတ် အကျွတ်မဂ်ဖိုလ်ဝင်"ဟု မှတ်တမ်းတင်ခဲ့၏။

## (၇) အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ (ဗျာ-ဗျာ)

အဗျာကတတည်းဟူသော အကြောင်းဓမ္မက အဗျာကတတည်းဟူသော အကျိုးဓမ္မကို ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။ ပဋ္ဌာန်းပဥှာဝါရလာ ပါဠိတော်ကို ပြရလျှင် -

*ကာယိကံ သုခံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။*

နွေမိုးဆောင်း ဥတုသုံးပါးလုံး၌ ရဟန်းသံဃာတော်တို့က ဘုရားရှင် သာသနာတော်၏ ကျင့်ဝတ်ဖြစ်သည့် ဆွမ်းခံကြွရပါသည်။ ဝန်းကျင်တစ်ခွင် အေးစက်နေပြီး နံနက်ခင်းအစော နေမထွက်သေးသည့် ပြာသို၊ တပို့တွဲလ၏ ဆွမ်းခံလမ်းသည် ဖုံထူနေသည့် လှည်းလမ်းပေါ် လမ်းလျှောက်ရလျှင် ခြေဖဝါး မနာကျင်သော်လည်း ကျောက်လမ်း၌မူ ဖဝါးပြင်ကို ကျောက် စရစ်ခဲများစူးသည့် ဒုက္ခဝေဒနာကြောင့် အလွန် ပင်ပန်းကြရပါသည်။ ထိုကဲ့သို့ အေးနေသည့် ရာသီကာလတွင် ဆွမ်းခံလမ်းဘေး မီးဖိုထားပြီး ကုသိုလ်ယူနိုင်ကြောင်း သတိ ပြုမိသူ အလွန် နည်းပါးပေသည်။ ဆွမ်းခံအပြန် ခြေဆေးနိုင်ရန် ရေနွေးကြိုပေးခြင်းဖြင့်လည်း ကုသိုလ်

---

**ကျမ်းညွှန်း** * စိတ္တဝဂ်၊ အညတရဘိက္ခုဝတ္ထု၊ ဓမ္မပဒအဋ္ဌကထာ ပထမတွဲ (နှာ-၁၈၃)

ယူနိုင်ပါသည်။ ဤသည်မှာ ဥတုကို အကြောင်းပြုကာ ကုသိုလ်ရကြောင်းပြခြင်း ဖြစ်ပါသည်။

ဥတုပြီးနောက် ဘောဇနမ္ဗိဟူသည် စားဖွယ်၊ ခဲဖွယ်တို့ပင် ဖြစ်ပေသည်။ သေနာသန မည်သည် နေစရာ ထိုင်စရာ အိပ်ရာနေရာများပေတည်း။ ဤတွင်လည်း စိတ်ထားတတ်ပါက ကုသိုလ်ရပြီး၊ စိတ်မထားတတ်ပါက အကုသိုလ် ဖြစ်ပေတော့မည်။

ပမာပြရသော် စူပါမားကက်ရောက်သူသည် “ဒါလေး ကျောင်းကကိုရင်လေးတွေ အတွက် အဆင်ပြေမယ်ထင်တယ်၊ ဒီအာဟာရက ဆရာတော်များအတွက် အဆင်ပြေ လောက်မယ် ”ဟု စဉ်းစားနေခြင်းကပင် ကုသိုလ်ဖြစ်နေလေပြီ၊ မလှူရသေးသော်လည်း မိမိတို့၏သန္တာန်၌ ကုသိုလ်တိုးပွားနေလေပြီ။ မိမိဝတ်နိုင်ကြောင်း၊ မိမိကဝယ်နိုင်ကြောင်းကို သူတစ်ပါးကြွားရန်အတွက်လည်းကောင်း၊ မိမိစားနိုင်ကြောင်းကို သူတစ်ပါး ကြွားရန်အတွက် လုပ်ဆောင်သမျှ၊ ပြောကြားသမျှ အားလုံး အကုသိုလ် ဖြစ်နေပါတော့၏။

## အဗျာကတတရားက ကုသိုလ်တရားကို ကျေးဇူးပြုခြင်း

*ကာယိကံ ဒုက္ခံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။*

ကိုယ်ဆင်းရဲခြင်းဒုက္ခကို၊ အအေးအပူဥတုကို၊ အစာအာဟာရကို၊ အိပ်ရာနေရာကို အမှီပြု၍ အလှူဒါန ပေး၏။ သီလခံယူဆောက်တည် ကျင့်သုံး၏၊ ရှစ်ပါးသောဥပုသ်သီလကို ဆောက်တည်၏၊ ဈာန်ကို ဖြစ်ပေါ်စေ၏၊ အဘိညာဉ်တန်ခိုးကို ဖြစ်ပေါ်စေ၏၊ သမာပတ်ကို ဖြစ်ပေါ်စေ၏။

ဒါနပါရမီ၊ သီလပါရမီ၊ နေက္ခမ္မပါရမီ၊ ပညာပါရမီ၊ ဝီရိယပါရမီ စသည် ပါရမီ(၁၀)ပါး တို့ကို ဖြည့်ကျင့် ဆည်းပူးခြင်းမည်သည် ကာယိကဒုက္ခ ကိုယ်ပင်ပန်းမှု ဆင်းရဲဒုက္ခကို ခံစားကြရပါသည်။ ထို့ကြောင့် ကုသိုလ်တရားတည်းဟူသော ပါရမီဆယ်ပါးအပြား သုံးဆယ် သည် အဗျာကတတရားဖြစ်သည့် ခန္ဓာကိုယ်ကောင်ကြီး ဆင်းရဲဒုက္ခဖြစ်စေရန် ပကတူပ နိဿယသည် အားကြီးသောအကြောင်း ဗလဝပစ္စယ ဖြစ်၏။

## The law of nature

အကုသိုလ်က မကောင်းကျိုးကိုသာ ဖန်တီးပေးနိုင်ပြီး ကုသိုလ်က ကောင်းကျိုးကိုသာ ဖန်တီးပေးပါသည်။ ဤသည်မှာ The law of nature သဘာဝနိယာမ ဖြစ်ပါသည်။ ထိုထို ကောင်းသည့်အကြောင်း ရှိခဲ့၍သာ ဤကောင်းသည့်အကျိုး ဖြစ်ပေါ်လာခြင်း ဖြစ်သည်။

---

**ကျမ်းညွှန်း** * ပဋ္ဌာန်းသိပ္ပံဆရာတော်၏ ပဋ္ဌာန်းလမ်းညွှန်ကျမ်း (ဒုတိယအကြိမ်) (၂၀၀၈ - ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်)

ထိုထို ကောင်းသည့်အကြောင်းတရားသာ မရှိခဲ့ပါက ဤကောင်းသည့် အကျိုးတရား ဖြစ်ပေါ် လာမည် မဟုတ်ပေ။

ရှုပ်ထွေးနက်နဲသည့် သတ္တဝါတို့၏ ကံအကျိုးပေးကိုနားလည်ရန် ခက်ခဲနေမည်ဆိုလျှင် ပတ်ဝန်းကျင် ရုပ်ပိုင်းဆိုင်ရာတွင်လည်း ထိုထိုအကြောင်းတရား ပြည့်စုံ၍သာ ဤအကျိုးတရားများ ပေါ်ပေါက်လာကြောင်းကို မြင်တွေ့နေရမည် ဖြစ်ပါသည်။ ပမာပြုရမည်ဆိုလျှင် တန်ခူးလ၌ ဥတုဟူသော အကြောင်းကြောင့် ကံ့ကော်ပန်း ပွင့်လာခြင်းဟူသောအကျိုးကို နားလည်ရပေမည်။ မိုးရေဟူသော အကြောင်းဓမ္မကြောင့် ညှိုးနွမ်းနေသည့် သစ်ပင်များ စိမ်းလန်းဝေဖြာလာခြင်းဟူသော အကျိုးတရားကို နားလည်နိုင်ပါသည်။ ခါကာဘိုရာဇီတောင်ထိပ်၏ အအေးဓာတ်ဟူသောအကြောင်းက ရေခဲခြင်းဟူသောအကျိုးကို မြင်တွေ့ရမည် ဖြစ်ပါသည်။

ယခု ဆက်လက်ပြီး ကံနှင့်ကံ၏အကြောင်းအကျိုးကို လေ့လာပါမည်။ စက္ခုပါလမထေရ်က ဆေးဆရာဝန်ဖြစ်ခဲ့သည့် တစ်ခုသောဘဝ၌ သူတစ်ပါး၏မျက်လုံးကို ကန်းအောင် ပြုခဲ့ပါသည်။ ထိုအကုသိုလ်ကံသည် ပြုဆဲခဏ၌ပင် ဥပါဒ်၊ ဌီ၊ ဘင်အဖြစ် ချုပ်ပျောက်ကုန်ဆုံးသွားခဲ့ပါသည်။ သို့သော် ထိုအကုသိုလ်ကံ၏သတ္တိ Potential energy က အနန္တရ၊ သမနန္တရ၊ ပကတူပနိဿယ၊ နာနာက္ခဏိကကမ္မ စသည့် ပစ္စည်းတို့ကြောင့် လှည်းဘီးသည် နွားခြေရာနောက် လိုက်ပါသကဲ့သို့ လိုက်ပါလာကာ ရဟန္တာဖြစ်သည့်ဘဝ၌ပင် မျက်လုံးကန်းရပါသေးသည်။ အကယ်၍ သူတစ်ပါး၏ မျက်လုံးကန်းအောင် ပြုလုပ်ခဲ့သည့် အကြောင်းကံသာ မရှိခဲ့ပါမူ ယခုဘဝ မျက်လုံးကန်းခြင်းဟူသော အကျိုးတရား ပေါ်ပေါက်လာမည် မဟုတ်ပေ။ ရှည်ကြာကာလ သံသရာတွင် ပြုလုပ် ထူထောင်ထားရှိခဲ့သည့် အကြောင်းတရားတို့ ရှိခဲ့၍သာ ယခုဘဝတွင် အကျိုးတရားများ ပေါ်ပေါက်၍ လာနေခြင်း ဖြစ်ပါသည်။

*"ယောနိသော ဘိက္ခဝေ မနသိကရောတော အနုပ္ပန္နာ ကုသလာ ဥပ္ပဇ္ဇန္တိ"* ဟု ဟောတော်မူပါသည်။ တွေ့ကြုံလာသည့် အာရုံပေါ်ကို အသင့်အတင့် နှလုံးသွင်းတတ်ပါက မဖြစ်သေးသည့် ကုသိုလ်လည်း ဖြစ်ပြီး၊ ဖြစ်နေသည့် ကုသိုလ်များလည်း တိုးပွားနေပေမည်။

အယောနိသော မနသိကာရအဖြစ် နှလုံးသွင်းမှားလျှင်မူ မဖြစ်သေးသည့် အကုသိုလ်လည်းဖြစ်မည်၊ ဖြစ်ဆဲအကုသိုလ်လည်း တိုးပွားပေမည်။ ပမာပြုရသော် ရုပ်ရှင်ကြည့်ပြီး သရုပ်ဆောင်တို့၏ အပြုအမူကြောင့် စိတ်ဆိုးနေခြင်း၊ မင်းသမီးအတွက် လွမ်းပေးနေခြင်းတို့လည်း နှလုံးသွင်းမှားယွင်းမှုပင် ဖြစ်သည်။ ယခုကဲ့သို့ အကုသိုလ် အဖြစ်ခံခြင်းသည် လွန်စွလွန်စွာ ဆုံးရှုံးလှပါသည်။

## (၈) အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ (ဗျာ-ကု)

အဗျာကတတည်းဟူသော အကြောင်းဓမ္မက ကုသိုလ်တည်း ဟူသော အကျိုးဓမ္မကို ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြု၏။ ပဋ္ဌာန်းပဉ္စာဝါရ ကုသလတိက်၌လာသည့် ပါဠိတော်ကို ပြရလျှင် *ကာယိကံ သုခံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။* ကိုယ်ချမ်းသာ ခြင်းသုခကို အမှီပြု၍ အလှူဒါနပေး၏။ သီလခံယူဆောက်တည် ကျင့်သုံး၏၊ ရှစ်ပါးသော ဥပုသ်သီလကို ဆောက်တည်၏၊ ဈာန်ကို ဖြစ်ပေါ်စေ၏၊ ဝိပဿနာကို ဖြစ်ပေါ်စေ၏၊ မဂ်ကို ဖြစ်ပေါ်စေ၏။ အဘိညာဉ်တန်ခိုးကို ဖြစ်ပေါ်စေ၏၊ သမာပတ်ကို ဖြစ်ပေါ်စေ၏။

အနာဂတ်တရားက ကျေးဇူးပြုပုံကို ပါဠိတော်၌ *"အနာဂတံ စက္ခုသမ္ပဒံ ပတ္ထယမာနော ဒါနံဒေတိ၊ သီလံသမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ။ သောတသမ္ပဒံ ဃာနသမ္ပဒံ ဇိဝှါသမ္ပဒံ ကာယသမ္ပဒံ ဝဏ္ဏသမ္ပဒံ သဒ္ဒသမ္ပဒံ ဂန္ဓသမ္ပဒံ ရသသမ္ပဒံ ဖောဋ္ဌဗ္ဗသမ္ပဒံ ပတ္ထယမာနော အနာဂတေ ခန္ဓေ ပတ္ထယမာနော"* စသည်ဖြင့် လာရှိသဖြင့် နောင် အနာဂတ် ကာလ၌ မိမိတို့၏ စက္ခု စသည့် ပြည့်စုံမှုကို တောင့်တပြီး ဒါန၊ သီလ စသည် ကုသိုလ် ကောင်းမှုကို ပြုကြောင်း၊ ဖြစ်လတ္တံ့ဖြစ်သည့် စက္ခု၏ ပြည့်စုံခြင်း စသည်က ပစ္စုပ္ပန်ဖြစ်သည့် သဒ္ဓါ သီလ သုတ စာဂ ပညာ ကာယိက သုခ ကာယိက ဒုက္ခ မဂ် ဖလသမာပတ်အား ကျေးဇူးပြုလေသည်။

ပွင့်တော်မူလတ္တံ့ဖြစ်သည့် မေတ္တေယျဘုရားရှင် လက်ထက်တော်ကာလ ဟောကြား တော်မူမည့် တရားတော်နှင့် သံဃာတော်အပေါင်းသည် ယခု ပစ္စုပ္ပန်ကာလ၌ ပါရမီဖြည့်နေ ကြသည့် လူအများအား ပါရမီကုသိုလ်ပြုနိုင်ရန် ကျေးဇူးပြုနေကြောင်းကို လယ်တီဆရာတော် ဘုရားကြီးက ပဋ္ဌာနုဒ္ဒေသဒီပနီ၌ ဖော်ပြတော်မူပါသည်။

ယခုဘဝ နောင်ဘဝတို့၌ ရလတ္တံ့ဖြစ်သည့် ဥစ္စာ၊ စပါး ပေါများပြည့်စုံမှုတို့သည် ရှေးအခါက ရှိနေခဲ့ကြသည့်သူတို့အား အထူးထူးသော လုံ့လ ပယောဂ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္စာဘိသင်္ခါရတို့ကို ပြုလုပ်ဆည်းပူးရန် ကျေးဇူးပြုခဲ့ပါသည်။ အနာဂတ်ဘဝ၌ ခံစားရလတ္တံ့ဖြစ်သည့် ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိ၊ မဂ်ဖိုလ်နိဗ္ဗာန်တို့၏ ပြည့်စုံခြင်းများကလည်း ယခုပစ္စုပ္ပန်ဘဝရှိ များစွာသောလူတို့အား ဒါန သီလ စသည့် ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ဆည်းပူးရန် ကျေးဇူးပြုပါသည်။

---

**ကျမ်းညွှန်း** * ပဋ္ဌာန်းပဉ္စာဝါရ၊ အတီတတ္တိက၊ ဓမ္မာနုလောမ တိကပဋ္ဌာနပါဠိ (နှာ-၄၁၄)

ဥပမာအားဖြင့် လောက၌ ဆောင်းအခါ စပါးသီးနှံတို့ကို ဧကန်ရလိမ့်မည်။ "ငါတို့ အလုပ်လုပ်ထားရင် ငါတို့လိုတဲ့ဥစ္စာကို ရကြမှာပဲ" ဟု ယုံကြည်မျှော်လင့်ပြီး မိုးအခါကပင် လယ်ထွန်းခြင်း စပါးစိုက်ခြင်းအမှုတို့ကို အားထုတ်ကြခြင်း ဖြစ်သည်။ မျှော်လင့်သကဲ့သို့ပင် စပါးအသီးအနှံရသည်ကို အတိတ်ပကတူပသတ္တိဖြင့် ကျေးဇူးပြုခြင်း ဖြစ်ပါသည်။

## အတိတ်ဘဝက လင်နတ်သားထံရောက်ရန် ကုသိုလ်ပြုခြင်း

တာဝတိံသာနတ်ပြည်၌ မာလာဘာရီနတ်သားကို နတ်သမီးငါးရာက သစ်ပင်ပေါ် တက်ပြီး ပန်းခူးပေးနေပါသည်။ ကျန်သည့် နတ်သမီးငါးရာက သစ်ပင်ပေါ်က ကျလာသည့် ပန်းများကို သီကုံးပြီးနတ်သားကို ပန်ဆင်ပေးနေကြပါသည်။ ထိုအခိုက်အတန့်ကလေး အတွင်း၌ပင် သစ်ပင်ပေါ်က နတ်သမီးတစ်ပါး ပန်းခူးရင်း သေဆုံးပြီး ကွယ်ပျောက်သွားပါ သည်။ သူက သာဝတ္ထိပြည်တွင် အမျိုးသမီးတစ်ယောက်အဖြစ် ကိုးလလွယ် ဆယ်လနေကာ မွေးဖွားလာ၏။

သူက ဘဝဟောင်းကို အောက်မေ့နိုင်စွမ်းသည့် ဇာတိဿရဉာဏ်ရသူဖြစ်သဖြင့် သူ၏ အတိတ်ဘဝ ဖြစ်စဉ်အားလုံးကို ပြန်ပြောနိုင်လေသည်။ အရွယ်ရောက်သောအခါ အိမ်ထောင် ကျပြီး သားလေးယောက် ဖွားမြင်ပါသည်။

သူ့အနေနှင့် လဆန်းလဆုတ် ဥပုသ်၊ အဖိတ်နေ့တိုင်း သံဃာတော်များကို ဆွမ်းစသည် လှူဒါန်းကာ၊ ကုသိုလ်ကောင်းမှု ပြုပါသည်။ ကောင်းမှုပြုတိုင်း ယခင်ဘဝက မာလာဘာရီ နတ်သားနှင့် ပြန်ဆုံဖို့ကို ဆုတောင်းလေ့ရှိ၏။ သူသေဆုံးသောအခါ တာဝတိံသာနတ်ပြည်၌ပင် နတ်သမီး ပြန်ဖြစ်ပါသည်။ ထိုအချိန်အထိ သူ၏သူငယ်ချင်း နတ်သမီးများက ပန်းခူးမြဲ ခူးနေဆဲ ရှိပါသေးသည်။ (တာဝတိံသာနတ်ပြည်၏ တစ်ရက်က လူ့ပြည်၏ နှစ်တစ်ရာနှင့် ညီမျှပါသည်)။

ဤဝတ္ထုတွင် ပတိပူဇိကာနတ်သမီးသည် လူ့ခန္ဓာမှသည် နတ်ခန္ဓာကို ရနိုင်ရန် အပင်ပန်း ခံကာ သီလ ဆောက်တည်သည်။ မိမိမစားမသုံးဘဲ သံဃာတော်များအား လှူဒါန်းသည်။ ခန္ဓာကိုယ်ပင်ပန်းခံကာ ဝေယျာဝစ္စများ ပြုလုပ်သည်။ ထို့ကြောင့် ဒုတိယဘဝတွင် နတ်သမီး ဖြစ်လေသည်။ ထို့ကြောင့် "*ကာယိကံ ဒုက္ခံ ဥတုံ ဘောဇနံ သေနာသနံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ ။*"

ကိုယ်ဆင်းရဲခြင်း ဒုက္ခကို၊ အအေးအပူဥတုကို၊ အစာအာဟာရကို၊ အိပ်ရာနေရာကို အမှီပြု၍ အလှူဒါနပေး၏။ သီလခံယူဆောက်တည် ကျင့်သုံး၏၊ ရှစ်ပါးသောဥပုသ်သီလကို ဆောက်တည်၏ဟု ဟောတော်မူခြင်း ဖြစ်သည်။

---

**ကျမ်းညွှန်း** * ပတိပူဇိကကုမာရိဝတ္ထု၊ ပုပ္ဖဝဂ္ဂ၊ ဓမ္မပဒဋ္ဌကထာ-၁ (နှာ-၂၂၈)

## (၉) အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ (ဗျာ-အကု)

အဗျာကတတည်းဟူသော အကြောင်းဓမ္မက အကုသိုလ်တည်းဟူသော အကျိုးဓမ္မကို ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြု၏။ ပဌာန်းပဥ္စဝါရလာ ပါဠိတော်ကိုပြရလျှင် -----
*ကာယိကံ သုခံ ဥပနိဿာယ ပါဏံ ဟနတိ၊ အဒိန္နံ အာဒိယတိ၊ မုသာ ဘဏတိ၊ ပိသုဏံ ဘဏတိ၊ ဖရုသံ ဘဏတိ၊ သမ္ဖံ ပလပတိ၊ သန္ဓိံ ဆိန္ဒတိ၊ နိလ္လောပံ ဟရတိ၊ ဧကာဂါရိကံ ကရောတိ၊ ပရိပန္ထေ တိဋ္ဌတိ၊ ပရဒါရံ ဂစ္ဆတိ၊ ဂါမဃာတံ ကရောတိ၊ နိဂမဃာတံ ကရောတိ၊ မာတရံ ဇီဝိတာ ဝေါရောပေတိ၊ ပိတရံ ဇီဝိတာ ဝေါရောပေတိ၊ အရဟန္တံ ဇီဝိတာ ဝေါရောပေတိ၊ ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတိ၊ သံဃံ ဘိန္ဒတိ။*

ကိုယ်ချမ်းသာမှုကို အားကြီးစွာအမှီပြု၍ '*ပါဏံ ဟနတိ*' သူ့အသက်ကို သတ်၏။ '*အဒိန္နံ အာဒိယတိ*' ပိုင်ရှင်က ကိုယ်နှုတ်ဖြင့် မပေးသော သူ့ဥစ္စာကို ခိုးယူ၏၊ '*မုသာ ဘဏတိ*' လိမ်ညာသော စကားကို ပြော၏၊ '*ပိသုဏံ ဘဏတိ*' ကုန်းတိုက် ချောပြစ်သော စကားကို ပြော၏၊ '*ဖရုသံ ဘဏတိ*' ကြမ်းတမ်းသော စကားကို ပြော၏၊ '*သမ္ဖံ ပလပတိ*' အကျိုးမရှိသော စကားကို ပြော၏၊ '*သန္ဓိံ ဆိန္ဒတိ*' အိမ်ခြံစည်းရိုးကို ချိုးဖောက် ဖျက်၏။ '*နိလ္လောပံ ဟရတိ*' ပုန်းအောင်း၍ ဆောင်ယူ၏၊ '*ဧကာဂါရိကံ ကရောတိ*' တစ်အိမ်တည်း ဝိုင်းရံ လုယက်မှုကို ပြု၏၊ '*ပရိပန္ထေ တိဋ္ဌတိ*' လမ်းခရီး၌ ရပ်၏၊ '*ပရဒါရံ ဂစ္ဆတိ*' သူ့မယားကို သွားလာဆက်ဆံ၏၊ '*ဂါမဃာတံ ကရောတိ*' ရွာဖျက်ခြင်းကို ပြု၏၊ '*နိဂမဃာတံ ကရောတိ*' နိဂုံး ဖျက်ဆီးခြင်းကို ပြု၏၊ '*မာတရံ ဇီဝိတာ ဝေါရောပေတိ*' အမေကိုသတ်၏၊ '*ပိတရံ ဇီဝိတာ ဝေါရောပေတိ*' အဖေကိုသတ်၏၊ '*အရဟန္တံ ဇီဝိတာ ဝေါရောပေတိ*' ရဟန္တာကို သတ်၏၊ '*ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတိ*' ပြစ်မှားလိုသောစိတ်ဖြင့် မြတ်စွာဘုရားရှင်အား သွေးစိမ်းတည်ခြင်းကို ဖြစ်စေ၏။ '*သံဃံ ဘိန္ဒတိ*' သံဃာသင်းခွဲ၏။

## ဥမ္မာဒန္တီပုဏ္ဏေားမနှင့် မုဒုလက္ခဏာမိဖုရား

(ဗျာ-အကု) အာရမ္မဏူပနိဿယ၌ "*ဝိပါကာဗျာကတေ ကိရိယာဗျာကတေ ခန္ဓေ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ, ဒိဋ္ဌိ ဥပ္ပဇ္ဇတိ*"ဟု လာရှိပါသည်။

ပမာပြရသော် ဥမ္မာဒန္တီအိမ်ကို ရောက်ရှိလာကြသည့် ဘုရင့်နန်းတော်မှ ပုရောဟိတ် ပုဏ္ဏားကြီးတို့အတွက် ဥမ္မာဒန္တီ၏ ရူပကာယအဆင်းက အာရမ္မဏာဓိပတိထိုက်၏။ ထို့ကြောင့် ပုရောဟိတ်ပုဏ္ဏားကြီးတို့သည် ထမင်းဝိုင်းထဲ၌ပင် စိတ်ဂယောက်ဂယက် ဖြစ်ကြရပါသည်။

တစ်ဖန် ဘုရားအလောင်းတော် ဟရိတစ ရသေ့အတွက် မုဒုလက္ခဏာမိဖုရား၏ ခါးဝတ်လျှောကျသဖြင့် မြင်တွေ့ရသည့်အာရုံက အာရမ္မဏာဓိပတိထိုက်သောကြောင့် စျာန်လျှောကျခြင်းဖြစ်သည်။

## ဥမ္မာဒန္တီ၏ ဘဝနှင့်အလှူ

ဥပ္ပလဝဏ်ထေရီမ အလောင်းအလျာဖြစ်သည့် ဥမ္မာဒန္တီ အမျိုးကောင်းသမီး၏ နောက်ခံအကြောင်းကို ဖော်ပြပါမည်။ သူမ၏ အတိတ်ကာလ တစ်ခုသောဘဝ၌ ဝတ်စုံတစ်စုံ ရရှိရန်အတွက် သူဌေးတစ်ဦးထံ သုံးနှစ် ကျွန်ခံရသည့်အထိ ဆင်းရဲရှာသည်။ သူဌေးအလိုကျ ကျွန်သက်တမ်းတစ်ခုကို ရောက်သောကာလတွင် သူ၏လက်ထဲ ဝတ်စုံရလာပါသည်။ ထိုနေ့တွင် ရေချိုးပြီးမှဝတ်မည်ဟု စိတ်ဝယ်ရည်မှန်းကာ မြစ်ဆိပ်ကမ်းသို့ သွား၏။

ထိုအချိန်အခါ၌ ကဿပဘုရားရှင်၏ တပည့်သာဝက ရဟန်းတော်တစ်ပါး သင်္ကန်းမပြည့်မစုံဖြစ်နေသဖြင့် သစ်ရွက်ခက်သစ်ရွက်တို့ကို ဝတ်ဆင်လာသည်ကို ဖူးတွေ့ရလေသည်။ ထိုအခိုက် သူကျွန်ခံပြီးခက်ခဲစွာ ရရှိပိုင်ဆိုင်ထားသည့် အဝတ်ကို သင်္ကန်းအဖြစ် လှူဒါန်းရန် ဆုံးဖြတ်လေ၏။ လှူဒါန်းပြီးနောက် သူဆုတောင်းပါသည်။ သူ၏ဆုတောင်းကား "သူ့ကို မြင်ရသည့် ယောကျ်ားတိုင်း ရူးသွပ်သည်အထိ လှပသူ ဖြစ်ပါရစေ" ပင်တည်း။

ဤနေရာတွင် အလှူရှင်ဖြစ်သည့် အမျိုးကောင်းသမီးကလေး၏ သန္တာန်၌ -

၁။ ကိုယ်ကျင့်သီလဖြူစင်နေခြင်း၊

၂။ သုံးနှစ်နီးပါး ကျွန်ခံကာ တရားသောနည်းလမ်းဖြင့် ရရှိထားသည့် အဝတ်သင်္ကန်းဖြစ်ခြင်း။

၃။ ပေးလှူနေသည့် အချိန်သမယတွင် ရာဂ၊ ဒေါသ၊ မောဟ၊ မာန်မာနစသည့် ကိလေသာတရားဆိုးတို့က နှောင့်ယှက်မှု မရှိဘဲ ကြည်ရွှင် ဝမ်းမြောက်ကာ ပီတိသောမနဿ ပြဋ္ဌာန်းနေသည့် ကုသိုလ်စိတ်အစဉ် ဖြစ်နေခြင်း။

၄။ ကံနှင့် ကံ၏အကျိုးတရားကို သက်ဝင်ယုံကြည်သည့် သဒ္ဓါတရားရှိခြင်းဟူသော အလှူရှင် ပုဂ္ဂိုလ်၏ အင်္ဂါ (၄)ချက်နှင့် ပြည့်စုံနေပါသည်။

တစ်ဖန် အလှူခံပုဂ္ဂိုလ်မှာ ကဿပဘုရားရှင်၏ တပည့်သာဝက သီလပြည့်စုံသည့် အရှင်ကောင်း အရှင်မြတ် ဖြစ်နေခြင်းဟူသော အင်္ဂါရပ်နှင့်လည်း ပြည့်စုံနေပါသည်။ ထို့ကြောင့် အလှူပေးသည့်ပုဂ္ဂိုလ်ဘက်က အင်္ဂါလေးချက်၊ အလှူခံပုဂ္ဂိုလ်ဘက်က အင်္ဂါတစ်ချက် စုစုပေါင်း အင်္ဂါငါးချက် စုံညီသည့် အလှူဒါနတစ်ခု ဖြစ်နေခဲ့ပါသည်။

ထိုအမျိုးကောင်းသမီးကလေး သေလွန်ပြီးနောက် တစ်ခုသောဘဝတွင် သိဝိတိုင်း အရိဋ္ဌပုရမြို့မှ ကုဋေရှစ်ဆယ် ကြွယ်ဝချမ်းသာသည့် သူဌေးကြီး၏ သမီးရတနာတစ်ဦး ဖြစ်လာခဲ့ပါသည်။ အမည်မှာ ဥမ္မာဒန္တီ မည်ပါသည်။ "အဝတ်သင်္ကန်းတို့ကို ပေးလှူခြင်းသည် ရုပ်အဆင်းကို လှပတင့်တယ်အောင် ပေးလှူသည်မည်၏"ဟု ဘုရားရှင် ဟောတော်မူ သည်နှင့်အညီ သူပြုစုပျိုးထောင်ခဲ့သည့် ကံက အကျိုးပေးလာလေပြီ။ ရုပ်အဆင်းသည် နတ်သမီးတမျှ လှပတင့်တယ်လေသည်။

ထို့ကြောင့် သူအရွယ်ရောက်သောအခါ ဖခင်သူဌေးကြီးက "ငါ့သမီး မိဖုရားဖြစ်ထိုက် တယ်"ဟုဆိုကာ ရှင်ဘုရင်ထံဆက်သရာ၊ နန်းတော်မှ ပုရောဟိတ် ပညာရှိပုဏ္ဏားတို့ကို ဆန်းစစ် ကာသံတော်ဦးတင်ရန် သူဌေးကြီးအိမ်သို့ စေလွှတ်၏။ ပညာရှိပုရောဟိတ်များ ထမင်းဝိုင်းတွင် တန်ဆာဆင်ထားသည့် ဥမ္မာဒန္တီက ဧည့်ခံရန် ထွက်လာပါသည်။ ဥမ္မာဒန္တီကို မြင်လိုက်ရ သည်နှင့် သူ၏ဆုတောင်းအတိုင်း ပုဏ္ဏားကြီးများ အရူးပမာဖြစ်ကာ ထမင်းကို ပါးစပ်ထဲ မခွံ့မိဘဲ ဦးခေါင်းထက် တင်သူ၊ မျက်လုံးထဲ ထည့်မိသူ စသည့် ထိုမြင်ကွင်းကြောင့် ဥမ္မာဒန္တီက ရယ်မိသဖြင့် ဘုရင်မင်းမြတ်ထံ သံတော်ဦးတင်ရာတွင် "ရုပ်ဆင်းရူပကာယ ပြည့်စုံပင် ပြည့်စုံပါ သော်လည်း ကာဠကဏ္ဏိပမာ ယုတ်မာတဲ့မိန်းကလေးဖြစ်တဲ့အတွက် မိဖုရားအရာ မထိုက် တန်ပါ"ဟု လျှောက်ကြားသဖြင့် သူမိဖုရားမဖြစ်လိုက်ရှာဘဲ အဘိပါရက စစ်သူကြီး၏ ကတော်သာ ဖြစ်ရရှာလေသည်။

## ဝက်သတ်သမားစုန္ဒ

ဗုဒ္ဓဘုရားရှင် လက်ထက်တော်ကာလ ရာဇဂြိုဟ်မြို့၊ ဝေဠုဝန်ကျောင်းတော်အနီး၌ စုန္ဒအမည်ရှိသော ယောကျ်ားတစ်ယောက်သည် ဝက်သတ်သောအလုပ်ဖြင့် အသက်မွေး ဝမ်းကျောင်းပြုသည်။ စုန္ဒသည် ဝက်ပေါက်စများကို ဝယ်ယူပြီး သူ့အိမ်၏ နောက်ဖေးဘက်၌ ဝက်ခြံကြီးတစ်ခုကို ဆောက်လုပ်၍ ထိုဝက်ပေါက်စတို့ကို မွေးမြူထားသည်။ ဝက်များ အရွယ် ရောက်သောအခါ သတ်ဖြတ်၍ ရောင်းချခြင်းဖြင့် အသက်မွေးဝမ်းကျောင်း၏။ သူသတ်သည့် ဝက်သွေး၊ ဝက်သားကို သားမယားနှင့်အတူ မြိန်ရှက်စွာ ချက်ပြုတ်စားသောက်သည်။

ဝေဠုဝန်ကျောင်းအနီးတွင် နေသော်လည်း မြတ်စွာဘုရားကို ဆည်းကပ်ကိုးကွယ် ခြင်းလည်း မရှိ ပန်းတစ်ဆုပ်၊ ဆွမ်းတစ်ထုပ်မျှ မကပ်မလှူဘူးပေ။ ဤသို့ဖြင့် ၅၅-နှစ်တိုင်တိုင် ဝက်များကို သတ်ဖြတ်စားသောက် ရောင်းချလာခဲ့ရာ တစ်နေ့တွင် စုန္ဒသည် မကျန်းမမာ ဖြစ်လာ၏။ ဝက်များကို အနိုင်ယူခဲ့သမျှ မကောင်းမှုဒဏ်ကို ခံရလေပြီ။ ကိုယ်ပေါ်၌ အနာ

**ကျမ်းညွှန်း** * ဥမ္မာဒန္တီဇာတကဝဏ္ဏနာ၊ ပဏ္ဏာသနိပါတ၊ ဇာတကဋ္ဌကထာ-၅ (နှာ၂၂၀)

ကြီးများ ပေါက်လာသည်၊ အဝီစိ ငရဲမီးလျှံသည် စုန္ဒရှိရာသို့ တက်လာ၍ လောင်မြိုက်သဖြင့် ဝေဒနာကို ပြင်းစွာ ခံစားရ၏။ သေခါနီး ဝက်အော်သကဲ့သို့ အော်မြည်ကာ ပြေးနေရ၏။ အိမ်သူအိမ်သားများလည်း သူ့ကို မည်သို့မျှ သက်သာအောင် မပြုပေးနိုင်ရှာသဖြင့် အိမ်ထဲမှ အပြင်သို့ ပြေးမထွက်နိုင်ရန် တံခါးများ ပိတ်ထားကြရ၏။ ဤသို့ဖြင့် ရက်သတ္တပတ်လုံးလုံး ခံစားရပြီး ၈-ရက် မြောက်သောနေ့တွင်သေ၍ အဝီစိငရဲသို့ ကျရောက်သွားလေသည်။ မိမိ တစ်ဝမ်းစားရဖို့နှင့် တစ်ခါးလှရဖို့အတွက် သတ်ဖြတ်သည့် စုန္ဒ၏ဖြစ်စဉ်မှာ "*ကာယိကံ သုခံ ဥပနိဿာယ ပါဏံ ဟနတိ*" ပင် ဖြစ်ပါသည်။ စုန္ဒကဲ့သို့ပင် အသက်မွေးဝမ်းကြောင်း မစင်ကြယ်သူ၊ အကုသိုလ်ကို မရှောင်ကြဉ်သူတို့အနေဖြင့် သူတို့ဘဝ၏ ဆင်းရဲခြင်း ချမ်းသာခြင်း နှင့် မသက်ဆိုင်ပေ၊ သူတို့၏အသိဉာဏ်နှင့်သာ သက်ဆိုင်၏။ "ဆင်းရဲလေလေ သံဝေရရ" ဟု အဆိုရှိသကဲ့သို့ပင် "ဆင်းရဲလို့ ငရဲမကြောက်နိုင်တော့ဘူး"ဟူသော ဆိုရိုးလည်း ရှိပါသေးသည်။ ထို့ကြောင့် အသိဉာဏ်ရှိမှသာ စင်ကြယ်သည့် အသက်မွေးဝမ်းကြောင်း ပြုနိုင်ကြပေမည်။

## ဥတု၊ ဘောဇန၊ သေနာသန

ဥတု၊ ဘောဇန၊ သေနာသန စသည်တို့သည် ကုသိုလ်၊ အကုသိုလ် မဟုတ်ပေ။ ထို့ကြောင့် ၎င်းတို့ကို အဗျာကတဟု ခေါ်ပါသည်။ ကုသိုလ်ကောင်းမှုဖြစ်နိုင်ရန်လည်း တွန်းအားဖြစ်စေနိုင်သကဲ့သို့ မကောင်းမှု အကုသိုလ်ဖြစ်ရန်လည်း တွန်းအား ဖြစ်စေနိုင်ပါသည်။

သပ္ပါယလေးပါး မျှတမှသာ တရားရမည်ဟု ဒေသနာတော်၌ လာရှိပါသည်။ ထိုသပ္ပါယလေးပါးတွင် အပူအအေး ဥတုသပ္ပါယ၊ အစားအစာ ဘောဇနသပ္ပါယ အပါအဝင် နေထိုင်စရာ သေနာသနသပ္ပါယတို့သည် အထူးအရေးပါလေသည်။ ထိုထို သပ္ပါယမမျှတပါက ဝိပဿနာတရား၊ စျာန်တရားများ မတိုးတက်နိုင်ပါ။

## မာတိကမာတာ၏ သပ္ပါယမျှတသည့် ဆွမ်းဘောဇဉ်ကြောင့် ရဟန်းတော်များတရားရ

မြတ်စွာဘုရားရှင်ထံတော်ပါးမှ ကမ္မဋ္ဌာန်း သင်ယူတော်မူကြပြီး ရဟန်းတော် ခြောက်ကျိပ်တို့သည် မာတိကရွာကို ဂေါစရဂါမ်ပြုကာ ရွာအပြင်တောထဲ ဝါဆိုတော်မူကြပါသည်။ မာတိကာရွာသူကြီး၏ မိခင်ဖြစ်သူ မာတိကမာတာက ဝါဆိုတော်မူနေကြသည့် ရဟန်းတော်တို့အား ဆွမ်းလောင်းလှူလေ့ရှိပါသည်။

---

**ကျမ်းညွှန်း** * စုန္ဒသူကရိကဝတ္ထု၊ ယမကဝဂ်၊ ဓမ္မပဒဋ္ဌကထာ အတွဲ-၁ (နှာ-၈၀)

ရဟန်းတော်တို့လည်း အချင်းချင်းတိုင်ပင်၍ "ငါ့ရှင်တို့ ငါတို့သည် တရားအလုပ်ကို မမေ့မလျော့သော စိတ်နှလုံးဖြင့် ကျင့်သုံးဆောက်တည်နိုင်ရန် တစ်ပါးစီ၊ တစ်ပါးစီခွဲ၍ တရားထိုင်ကြအံ့။ မကျန်းမမာ အနာရောဂါရခဲ့သည်ရှိသော် ကျောင်း၌ စုဝေးကြကုန်အံ့" ဟု ကတိကဝတ်ထား၍ အသီးသီးကွဲသွားကာ မမေ့မလျော့သောသတိဖြင့် အားထုတ်ကြကုန်၏။

တစ်နေ့သ၌ မာတိကမာတာသည် ရဟန်းတော်တို့အတွက် ပျားရည်၊ သကာ၊ တင်လဲစသည်တို့ကို လှူဒါန်းနိုင်ရန် ကျောင်းသို့လာခဲ့၏။ ထိုအခါ ရဟန်းတော်တို့ကို စုစုဝေးဝေး မဖူးမြင်ရသောကြောင့် မေးလျှောက်၏။ ထိုအခါ ရဟန်းတော်တို့ကို တွေ့လိုပါက ကျောက်စည်ကိုထိုးပါလျှင် ကြွလာပါလိမ့်မည်ဟု သိရသဖြင့် ကျောက်စည်ကိုထိုးရာ ရဟန်းတော်တို့လည်း စုဝေးရာဇရပ်သို့ ကြွလာတော်မူကြ၏။

ရဟန်းတော်တို့ တစ်နေရာစီ တစ်နေရာစီမှ ကြွလာကြသည့်အဖြစ်ကိုမြင်လျှင် မာတိကမာတာက အကြောင်းကို မေးလျှောက်ရာ ရဟန်းတော်တို့က ကမ္မဋ္ဌာန်းတရား အားထုတ်နေကြောင်း မိန့်ကြားတော်မူ၏။ မာတိကမာတာက ထိုကမ္မဋ္ဌာန်းတရားကို အားထုတ်လိုကြောင်း လျှောက်ထားရာ ရဟန်းတော်တို့က ကမ္မဋ္ဌာန်းတရားကို ပေးတော်မူကြ၏။

ဤတွင် ဒါယိကာမကြီးလည်း မမေ့မလျော့သော သတိ ဝီရိယဖြင့် အားထုတ်လေသော် အနာဂါမိ မဂ် ဖိုလ်ကို ပဋိသမ္ဘိဒါလေးပါး၊ လောကီအဘိညာဉ်နှင့်တကွ မျက်မှောက်ပြုလေ၏။

ထိုအခါ မာတိကမာတာသည် တန်ခိုးအဘိညာဉ်ဖြင့် ရဟန်းတော်များကို ဆင်ခြင်ရာတွင် 'ငါ၏သားတော်တို့သည် လောဘ၊ ဒေါသ၊ မောဟတို့ မကင်းကြသေးပါတကား။ အကြောင်းမူကား အာဟာရသပ္ပါယ မမျှတသောကြောင့်တည်း' ဟူ၍ အကြောင်းရင်းခံကို မြင်လေ၏။ နောက်နေ့မှစ၍ ရဟန်းတော် တစ်ပါးခြင်းစီ၏ အလိုအဇ္ဈာသယ အားလျော်သော ဆွမ်းခဲဖွယ် ဘောဇဉ်တို့ကို စီရင်ပြီး လောင်းလှူပါသည်။ ရဟန်းတို့လည်း လျောက်ပတ်ပြီး သပ္ပါယမျှတသည့် အစာအာဟာရကို ဘုဉ်းပေးသုံးဆောင်ခွင့် ရရှိကြသဖြင့် မကြာမီမှာပင် ပဋိသမ္ဘိဒါတို့နှင့်တကွ၊ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကုန်ကြ၏။ ထို့ကြောင့် ဘောဇနသပ္ပါယ မျှတခြင်းသည်လည်း တရားထူးရရန် ကြီးစွာသော အကြောင်းအထောက်အပံ့ ဖြစ်ပေ၏။

## ဥပနိဿယပစ္စည်း၏ သင်္ချာ

ပဋ္ဌာန်းပဉ္စာဝါရ ဥပနိဿယတွင် ရနိုင်သည့်သင်္ချာကို လေ့လာပါက အောက်ပါအတိုင်း တွေ့ရပါသည်။

ဥပနိဿယ၏ သုဒ္ဓသင်္ချာမှာ - ၉ ဖြစ်ပါသည်။ ထို့ကြောင့် "*ဥပနိဿယေ နဝ*" ဟု မှတ်သားနိုင်ပါသည်။ အာရမ္မဏူပနိဿယ၏သင်္ချာမှာ - ၇ ဖြစ်သည်။ ပကတူပနိဿယ၏ သင်္ချာမှာ - ၉ ဖြစ်ပါသည်။

---

**ကျမ်းညွှန်း** * (၁၂၁) ၊ အညတရဘိက္ခုဝတ္ထု၊ စိတ္တဝဂ္ဂ၊ ဓမ္မပဒဋ္ဌကထာ အတွဲ-၁ (နှာ-၁၈၃)

## ကုသလ သချ်ာ-၃

(၁) ကု-ကု တွင်  အာရမ္မဏူပနိဿယ၊ အနန္တရူပနိဿယ၊ ပကတူပနိဿယ ရ၏။
(၂) ကု-အကု တွင် အာရမ္မဏူပနိဿယ၊ (--မရပါ----)၊ ပကတူပနိဿယ ရ၏။
(၃) ကု-ဗျာ တွင် အာရမ္မဏူပနိဿယ၊ အနန္တရူပနိဿယ၊ ပကတူပနိဿယ ရ၏။

## အကုသလ သချ်ာ-၃

(၄) အကု-အကုတွင် အာရမ္မဏူပနိဿယ၊ အနန္တရူပနိဿယ၊ ပကတူပနိဿယရ၏။
(၅) အကု-ကုတွင် (----မရပါ----)၊ (----မရပါ----)၊ ပကတူပနိဿယ ရ၏။
(၆) အကု-ဗျာတွင် (----မရပါ---)၊ အနန္တရူပနိဿယ၊ ပကတူပနိဿယ ရ၏။

## အဗျာကတ သချ်ာ-၃

(၇) ဗျာ-ဗျာ တွင် အာရမ္မဏူပနိဿယ၊ အနန္တရူပနိဿယ၊ ပကတူပနိဿယ ရ၏။
(၈) ဗျာ-ကု တွင် အာရမ္မဏူပနိဿယ၊ အနန္တရူပနိဿယ၊ ပကတူပနိဿယ ရ၏။
(၉) ဗျာ-အကု တွင် အာရမ္မဏူပနိဿယ၊ အနန္တရူပနိဿယ၊ ပကတူပနိဿယ ရ၏။

ဥပနိဿယပစ္စည်းသည် လွန်စွာ ကျယ်ဝန်းပါသည်။ မျိုးအနေဖြင့်လည်း အာရမ္မဏမျိုးတွင် အာရမ္မဏူပနိဿယ ပါဝင်သည်။ တစ်ဖန် အနန္တရမျိုးတွင် အနန္တရူပနိဿယ ပါဝင်သည်။ ဆက်လက်ပြီး ဒ္ဓိပကတူ၌လည်း ပကတူပနိဿယ ပါဝင်ပါသည်။

**Mind Matter and Nibbana to Mind. Mind to Mind. Mind and Pannatti to Mind**

ဥပနိဿယပစ္စည်း၌ ၁။ အာရမ္မဏူပနိဿယ၊ ၂။ အနန္တရူပနိဿယနှင့် ၃။ ပကတူပနိဿယ ဟူ၍ရှိပါသည်။

## ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား

### ၁။ အာရမ္မဏူပနိဿယ

နာမ်တရား၊ ရုပ်တရားနှင့် နိဗ္ဗာန်တရား Mind Matter and Nibbana to Mind တို့က နာမ်တရားကို ကျေးဇူးပြုသော ပစ္စည်း ဖြစ်သည်။

Mind ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရားတို့သည် အာရမ္မဏာဓိပတိပစ္စည်းနှင့် အားလုံး တူညီပါသည်။

## ၂။ အနန္တရူပနိဿယ

အနန္တရပစ္စည်းသည် နာမ်တရားက နာမ်တရားကို ကျေးဇူးပြုသောပစ္စည်း ဖြစ်သည်။ Mind to Mind

ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရားတို့သည် အနန္တရ ပစ္စည်းနှင့် အားလုံး တူညီပါသည်။

## ၃။ ပကတူပနိဿယ

နာမ်တရားနှင့် ပညတ်တရားက နာမ်တရားကို ကျေးဇူးပြုသောပစ္စည်း ဖြစ်သည်။ Mind and Pannatti to Mind

ပစ္စယဟူသော အကြောင်းတရားမှာ - ဗလဝဖြစ်သော စိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါး၊ ပညတ်တို့ ဖြစ်သည်။

ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - စိတ် ၈၉-ပါးနှင့် စေတသိက် ၅၂-ပါးတို့ ဖြစ်သည်။

ဥပနိဿယပစ္စည်းသည် အနန္တရမျိုး၌ ပါဝင်သည်။ အလွန်ကျယ်ဝန်းသော ပစ္စည်း ဖြစ်သဖြင့် အာရမ္မဏူပနိဿယနှင့် ပကတူပနိဿယတို့သည် ဥပနိဿယပစ္စည်း၌ အကျုံး ဝင်သည်။

## ၁၀။ ပုရေဇာတပစ္စယော

## Daily life Paṭṭhāna

### Purejāta Paccayo *(Prenascence condition)*




*အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ပုရေဇာတပစ္စယေန ပစ္စယော။ (ဗျာ၊ ဗျာ-၁)*

အဗျာကတတည်းဟူသော အကြောင်းဓမ္မသည် အဗျာကတတည်းဟူသော အကျိုးဓမ္မအား ပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

### ပစ္စယုပ္ပန်တရားများမဖြစ်မီ ရှေးဦးစွာဖြစ်၍ ဖြစ်ဆဲအဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည်

The *'Pure'* means before. *'Jata'* means arisen. So *'Purejâta'* means those that have arisen before, arisen before and still existing at the time. *Purejâta* is compared to the sun or the moon since the beginning of the world.



'အလင်းမှီနေ၊ မျှားဗိုလ်ချေကို၊ ကပွေ့စစ္စာ၊ ပေါ်ထွန်းလာပ၊ နေနှင့်လသို့' ဟု လာရှိသည်နှင့်အညီ ရှေးကာလ၌ ပေါ်ထွက်လာသော နေ၊ လ တို့သည် အလင်းရောင်ကိုမှီ၍ နေကြသူ

တို့အား ရှေးဦးဖြစ်၍ ကျေးဇူးပြုသကဲ့သို့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိအားဖြင့် အာရုံ ၅-ပါး နှင့် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ ဟဒယဝတ္ထုအားဖြင့် ဝတ္ထု ၆-ပါး တို့သည် ဆိုင်ရာသိစိတ်တို့အား ရှေးဦးဖြစ်၍ ဖြစ်ဆဲအဖြစ်ဖြင့်ကျေးဇူးပြုကြသည်။

ပုရေဇာတ (ပုရေ + ဇာတ) ပုရေ = ရှေးဦးစွာ၊ ဇာတ = ဖြစ်ပေါ်ခြင်း၊ ပစ္စယ = အကြောင်းတရား။ ရှေးဦးကြိုတင် ဖြစ်ပေါ်သည့် အကြောင်းတရားဟု အဓိပ္ပါယ်ရပါသည်။ Prenascence condition တနည်း Born earlier ဟု ဘာသာ ပြန်ဆိုကြပါသည်။ ပုရေဇာတ Born earlier ဟု ခေါ်ရသည့် အကြောင်းမှာ 'အကြောင်းတရားများက အကျိုးတရား မဖြစ်ပေါ်ခင် ရှေ့ကဖြစ်နှင့်သော ကြောင့်တည်း'။

ရှေးဆရာမြတ်များက ပုရေဇာတပစ္စည်းကို နေနှင့်လတို့ဖြင့် ဥပမာ ပြတော်မူကြပါသည်။ သားသမီးနှင့်မိဘကိုလည်း ပမာပြုနိုင်ပါသည်။ နေ၊ လတို့သည် လူသားတို့ထက် ရှေးကဖြစ်နှင့်ကာ သတ္တဝါတို့၏အကျိုးကို ပြုကြသည်။ ထိုနည်းအတူ မိဘများက သားသမီးတို့ထက် အရင်ဖြစ်နှင့်ကြရပါသည်။

## ဇာတပစ္စည်း ၃-ပါး

(က) အကြောင်းတရားက အကျိုးတရားမဖြစ်ခင် ရှေ့ကဖြစ်နှင့်သည့် ပုရေဇာတပစ္စည်း Born earlier. တစ်နည်း Prenascence condition
(ခ) အကျိုးတရားက အကြောင်းတရားမဖြစ်ခင် ရှေ့ကဖြစ်နှင့်သည့် ပစ္ဆာဇာတပစ္စည်း- Born later. တစ်နည်း Postnascence condition
(ဂ) အကြောင်းတရားနှင့် အကျိုးတရား ပြိုင်တူဖြစ်သည့် သဟဇာတပစ္စည်း။ Conascence-condition တစ်နည်း Born together.

## ဝတ္ထုပုရေဇာတနှင့် အာရမ္မဏပုရေဇာတ

ပုရေဇာတပစ္စည်းတွင် ၁-ဝတ္ထုပုရေဇာတနှင့် ၂-အာရမ္မဏပုရေဇာတ ဟူ၍ နှစ်မျိုး ရှိပါသည်။ ဝတ္ထုပုရေဇာတကို လေ့လာရာတွင် ၁-စက္ခုဝတ္ထု၊ ၂-သောတဝတ္ထု၊ ၃-ဃာနဝတ္ထု၊ ၄-ဇိဝှါဝတ္ထု၊ ၅-ကာယဝတ္ထု၊ ၆-ဟဒယဝတ္ထုတို့ကို ဦးစွာ မှတ်သားထားရပါမည်။

အာရမ္မဏပုရေဇာတကို လေ့လာရာတွင် ၁-ရူပါရုံ အဆင်း၊ ၂-သဒ္ဒါရုံ အသံ၊ ၃-ဂန္ဓာရုံ အနံ့၊ ၄-ရသာရုံ အရသာ၊ ၅-ဖောဋ္ဌဗ္ဗာရုံ အထိအတွေ့တို့ကို ဦးစွာ မှတ်သားမိရန် လိုပေသည်။

မြင်သိစိတ် စက္ခုဝိညာဏဖြစ်ပေါ်လာနိုင်ရန် တည်ရာမှီရာ Base အဖြစ် ကျေးဇူးပြုခြင်းကို ဝတ္ထုပုရေဇာတဖြစ်ပြီး မြင်သိစိတ် စက္ခုဝိညာဏ ဖြစ်ပေါ်လာနိုင်ရန်အာရုံ Object အဖြစ် ကျေးဇူးပြုခြင်းကို အာရမ္မဏပုရေဇာတ ဖြစ်ပါသည်။ ကျန်သည့် နား၊ နှာခေါင်း၌ ကြားသိစိတ် နံသိစိတ်တို့ကိုလည်း အလားတူ နားလည်ရပါမည်။

## ဝတ္ထုပုရေဇာတ ကြိုတင်ဖြစ်နှင့်သည်

ဤတွင် ဝတ္ထုပုရေဇာတပစ္စည်း၏ ထူးခြားချက်မှာ တည်ရာ မှီရာ Base က Born earlier. ကြိုတင်ဖြစ်နှင့်ပြီး ကျေးဇူးပြုပါသည် (ဝါ) ဖြစ်စေပါသည်။

ဥပမာ- အဆင်းကိုမြင်ရန် စက္ခုဝတ္ထုကို အမှီပြုပြီး ဖြစ်ရသည်။ အသံကို ကြားရန် သောတဝတ္ထုကို အမှီပြုပြီး ဖြစ်ရပါသည်။

ပဋ္ဌာဝါရ၌ "ရူပါယတနံ စက္ခုဝိညာဏဿ ပုရေဇာတပစ္စယေန ပစ္စယော" ဟုလည်းကောင်း ပစ္စယနိဒ္ဒေသ ပါဠိတော်၌ "*စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော*"ဟု လာရှိပါသည်။ စက္ခုပသာဒ (ဝါ) စက္ခုဝတ္ထုသည် စက္ခုဝိညာဏဓာတ် (မြင်သိစိတ်)ကို ပုရေဇာတပစ္စည်းဖြင့် ကျေးဇူးပြု၏ဟု အဓိပ္ပါယ် ရရှိပါသည်။

မျက်စိအကြည် စက္ခုပသာဒ (ဝါ) စက္ခုဝတ္ထုသည် ရုပ်သက်၊ နာမ်သက်များ၏ သဘာဝနိယာမအတိုင်း ဥပါဒ်၊ ဌီ၊ ဘင် Process ထဲမှ ဖြစ် တည် ပျက်၍၊ ဖြစ် တည် ပျက်၍ သွားနေပါသည်။ ဤတွင် Born earlier တင်ကြို၍ ဖြစ်ရသည်ဟု ဆိုရာ၌ မိမိတို့သိမှတ်နိုင်သည့် အချိန်ကာလအားဖြင့် နှစ်၊ လ၊ ရက်၊ နာရီမည်မျှ တင်ကြိုဖြစ်ရသနည်းဟူသော မေးခွန်း ပေါ်ပေါက်လာပါသည်။

## Everything change, Nothing remain without change.

Everything change, Nothing remain without change. ဟူသော အဆုံးအမတော်အတိုင်း မြစ်ရေများ မနားတမ်း တစ်သွင်သွင် စီးဆင်းနေသကဲ့သို့ ရုပ်ဓမ္မ နာမ်ဓမ္မ အစဉ်သည်လည်း မနားတမ်း ဖြစ်ပျက်ပြောင်းလဲ၍ နေပါသည်။ ဤမျှ သက်တမ်းတိုတောင်းသော ရုပ်တရားများထဲမှ မည်သည့်စက္ခုဝတ္ထု = စက္ခုပသာဒရုပ်က မြင်သိစိတ်ကို ရှေ့မှ ကြိုတင်ဖြစ်ကာ ကျေးဇူးပြုမည်နည်းဟု မေးစရာ ပေါ်ပေါက်လာပါသည်။

## ရုပ်ကလာပ်များ၏ ဖြစ်တည်နေမှု


သေကျွတောင်ဆရာတော် ဦးတိလောက ပြုစုတော်မူခဲ့သည့် ကျမ်းစာအုပ်တွင် ရုပ်ကလာပ်များ ဖြစ်တည်နေမှုကို အလွန်တိကျစွာဖြင့် ဖော်ပြထားပါသည်။

"အခြေခံရုပ်ကလာပ်ကို ပရမတ္ထရုပ်ကလာပ်ဟု မှတ်ကြ၊ ပရမတ်ရုပ် ကလာပ်မည်သည်ကား တစ်ပါးကို တစ်ပါး မမှီတွယ်ရဘဲ မဖြစ်နိုင်ကြ၊ မတည်နိုင်ကြ၊ ထိုသို့မဖြစ်နိုင်၊ မတည်နိုင်ကြသောကြောင့် ဘယ်ရုပ်က အောက်က၊ ဘယ်ရုပ်က အထက်က၊ ဘယ်ရုပ်က လက်ဝဲ၊ ဘယ်ရုပ်ကလက်ယာ၊ ဘယ်ရုပ်ကအတွင်း၊ ဘယ်ရုပ်က အပြင်ကဟု ရွေးချယ်မရဘဲ တစ်ခုတည်း ဖြစ်နေကြ၏။ ထို့ကြောင့် တစ်ခုစီကွဲသွားအောင် ခွဲခြား၍မရသော အဝိနိဗ္ဘောဂရုပ်များအဖြစ် စုစည်းနေကြ၏။ ထိုရုပ်များသည် သဟဇာတသဘောဖြင့် အကုန်လုံး အတူတကွ တပြိုင်တည်းဖြစ်ပေါ်လာ၍ ပျက်လျှင်လည်း အကုန်လုံး အတူတကွ တပြိုင်တည်း ပျက်ကြလေ၏။ မြေဓာတ် လွန်ကဲသော ပရမတ္ထရုပ်ကလာပ်ပေါင်း သိန်း၊ သန်း၊ ကုဋေလောက် သမူဟကလာပ်များ ပေါင်းစုဖွဲ့ကြလျှင် ပရမာဏုမြူ ဖြစ်လာ၏။ ထိုပရမာဏုမြူ၏ အထည် ပမာဏ အရွယ်အစားကို ဤသို့သိရမည်"

"ဦးခေါင်းက သန်းတစ်ကောင်ကို ခုနှစ်စိတ်စိတ်သော် တစ်စိတ်စာသည် လိက္ခာမည်သော ပိုးတစ်ကောင်နှင့် ညီမျှသည်" (ထိုလိက္ခာပိုးသည် ဝဲနာ၊ ယားနာ ဖြစ်စေသော ပိုးဖြစ်ကြောင်း ယနေ့ ဆေးသိပ္ပံက အတည်ပြုကြပါသည်။)

"ထိုပိုးကောင်ငယ်တစ်ကောင်ကို ၃၆-စိတ် စိတ်သော် တစ်စိတ်သည် ရထရေဏုမြူ တစ်ခုနှင့် ညီမျှ၏" "ရထရေဏုမြူတစ်လုံးကို ၃၆-စိတ်စိတ်သော် တစ်စိတ်သည် တဇ္ဇာရီမြူ တစ်ခုနှင့် ညီမျှ၏"

"တဇ္ဇာရီမြူတစ်လုံးကို ၃၆-စိတ်စိတ်သော် တစ်စိတ်သည် အနုမြူ Atom တစ်ခုနှင့် ညီမျှ၏" "အနုမြူ Atom တစ်လုံးကို ၃၆-စိတ်စိတ်သော် တစ်စိတ်သည် ပရမာဏုမြူ Partical တစ်ခုနှင့် ညီမျှ၏"




ကျမ်းညွှန်း ＊ Livescience.com

## Energy မျှသာရှိပြီး Weight. Mass. Form. Dimension မရှိပေ

ထို့ကြောင့် ဗုဒ္ဓမြတ်စွာဘုရား၏ အဘိဓမ္မာတရားတော်အရ အနုမြူ Atom တစ်လုံးတွင် ပရမာဏုမြူ Partical ၃၆-မျိုးဖြင့် ဖွဲ့စည်းထားကြောင်း နားလည်ရမည် ဖြစ်ပါသည်။ ယခုအခါ သိပ္ပံပညာရှင်များကရုပ် Matter ကို အထပ်ထပ် ခွဲခြမ်းစိတ်ဖြာကာ လေ့လာသောအခါရုပ်၌ အနှစ်အဆံ တစ်စုံတစ်ရာမှ မတွေ့ရှိတော့ဘဲ စွမ်းအင် Energy အဖြစ်သာရှိကြောင်း ဖော်ပြလာကြပါသည်။ ထိုစွမ်းအင် Energy မျှသာရှိသော သဘောတရားတွင် ရုပ်တစ်ခု၌ ရှိသင့်ရှိထိုက်သည့် Weight အလေးချိန်၊ Mass ဒြပ်ထုသဘော၊ Form အဆင်းသဏ္ဌာန်၊ Dimension အရွယ်အစားပမာဏတို့ မရှိကြောင်းကို ယနေ့ ရူပဗေဒသိပ္ပံပညာရှင်များက တွေ့ရှိလာပါသည်။

ဤတွေ့ရှိချက်က ရုပ်တွင် ထာဝရတည်မြဲသည့် အထည်ဒြပ်မရှိတော့ကြောင်း သက်သေထူနေပါသည်။ မြတ်စွာဘုရားရှင်က လွန်ခဲ့သည့် နှစ်ပေါင်း (၂၅၀၀)ကျော်ကပင် သိရှိတော်မူပြီး *'ရူပံ ဘိက္ခဝေ အနတ္တာ'* ဟု ဟောကြားတော်မူခဲ့သည့် တရားတော်နှင့် ယနေ့ တွေ့ရှိချက်သည် လွန်စွာမှ ညီညွတ်နေပေတော့သည်။

## ဆဲလ် Cell ဟူသော ကလာပ်စည်း

ယနေ့သိပ္ပံပညာများ၏ လေ့လာတွေ့ရှိချက်တွင် သာမန်မျက်စိဖြင့် မမြင်မတွေ့နိုင်လောက်အောင်ပင် အလွန့် အလွန်သေးငယ်သည့် အဏုမြူဓာတ်မှုန်များဖြင့် လူ့ခန္ဓာကိုယ်ကို ဖွဲ့စည်းတည်ဆောက်ထားကြောင်း ဖော်ပြပါသည်။ ထိုအဏုမြူဓာတ်မှုန်ကလေးတစ်ခုကို အက်တမ် Atom ဟု အမည်ပေးထားပါသည်။ ထိုအက်တမ်ကို ထပ်မံ၍ ခွဲခြမ်းစိတ်ဖြာသောအခါ ပရိုတွန် Proton၊ နျူထရွန် Neutron နှင့် အီလက်ထရွန် Electron တို့ ပါဝင်နေကြောင်း တွေ့ရှိကြပါသည်။

### Molecule & cell

လူ့ခန္ဓာကိုယ်တွင် ထိုအက်တမ် Atom တစ်ခုထက် ပိုပြီး ပေါင်းစပ်ကြီးထွားလာပါက မော်လီကျူး Molecule ဟုခေါ်သည်။ ဥပမာအားဖြင့် လူတိုင်းသိကြသည့် ရေ $H_2O$ ကို မော်လီကျူး Molecule ဟုခေါ်သည်။ ထိုမော်လီကျူး Molecule များစနစ်တကျ ဖွဲ့စည်းလာသောအခါ ဆဲလ် Cell ဟူသော် ကလာပ်စည်းများ ဖြစ်လာပါသည်။ လူ၏ခန္ဓာကိုယ်ကို ယေဘူယျအားဖြင့် Cell ဟုခေါ်သော ကလာပ်စည်းပေါင်း 30 Trillions ခန့်ဖြင့် ဖွဲ့စည်းထားပါသည်။ (1 Trillion = 1000,000,000,000 ။ ၁-၏နောက်က သုည ၁၂-လုံးရှိသည့် သင်္ချာကြီးကို ၁-ထရီလီယန်ဟု ခေါ်ပါသည်။)

လူတစ်ယောက်၌ ၁-စက္ကန့်လျှင် Cell ဟုခေါ်သော ကလာပ်စည်းပေါင်း 3 000,000,000 သုံးဘီလီယန် သေကြေပျက်စီးနေပါသည်။ အသစ်အသစ်ဖြစ်ပြီး ဖြည့်နေသည်ကလည်း အရေအတွက် တူညီနေပါသည်။ အသက်အရွယ် ကြီးရင့်လာသည်နှင့်အမျှ ကလပ်စည်းများ သေကြေပျက်စီးသည့်နှုန်းက များပြီး ပြန်လည် ဖြည့်တင်းရန် အသစ်ဖြစ်သည့် ကလာပ်စည်းက နည်းပါးလာလေသည်။ (Cells are constantly dying and new ones are being made simultaneously.) ဟု သိပ္ပံက ဆိုလေသည်။

မိမိတို့၏ ခန္ဓာကိုယ်တွင်ဖြစ်နေသည့် ထိုထိုအခြေအနေ အရပ်ရပ်ကို ပကတိမျက်စိဖြင့် မမြင်နိုင်ပါသော်လည်း အသက်အရွယ် ကြီးရင့်လာသည်နှင့်အမျှ အသားအရေ ကြည်လင်တောက်ပမှု နည်းပါးလာပါသည်။ အရေပြားများ တောင့်တင်းမှုမရှိဘဲ လျော့ရဲကာ တွဲကျလာသည်ကိုမူ တွေ့မြင်နိုင်ပါသည်။

## ကလာပ်စည်းတစ်ခုသည် သူ၏တာဝန်ထမ်းဆောင်ပြီးလျှင် ပျက်သွားပါသည်

သိပ္ပံပညာ၏တွေ့ရှိချက်တွင် Cell ဟုခေါ်သော ကလာပ်စည်းတစ်ခုခြင်းစီ၊ တစ်ခုခြင်းစီသည် အငြိမ်မနေဘဲ လှုပ်လှုပ်ရွရွ လှုပ်လှုပ်ရွရွဖြစ်ပြီး လှုပ်ရှားနေကြောင်းနှင့် အသေအချာ လေ့လာကြည့်သောအခါတွင် ကလာပ်စည်း တစ်ခုခြင်းသည် သူတို့၏တာဝန် ပြီးဆုံးသည်နှင့် ပျက်၍၊ ပျက်၍၊ ပျက်၍သွားနေသည့် အစဉ်အတန်းကြီးကို ပညာရှင်များက တွေ့ရှိလာကြပါသည်။ သို့သော် လူပုဂ္ဂိုလ်က ဤဖြစ်စဉ်ကို မည်သို့မျှ ခံစားမှု မရှိနိုင်သကဲ့သို့ ပကတိမျက်စိနှင့်လည်း မမြင်ကြရပေ။

Cell ဟုခေါ်သော ကလာပ်စည်းတစ်ခု ပျက်စီးနေသည့်နှုန်း (သို့မဟုတ်) ဆဲလ်တစ်ခု အသက်ရှင်နိုင်သည့် သက်တမ်းမှာ Nano one second သာ ရှိလေသည်။ Nano one second ဟူသည် ၁-စက္ကန့်၏ သန်းတစ်ထောင်ပုံ တစ်ပုံဖြစ်ပါသည်။

တစ်နည်းပြောရလျှင် ၁-စက္ကန့်ကို 1 000,000,000 သန်းတစ်ထောင်နှင့်စား၍ ရသည့် အချိန်ကို Nano one second ဟု ခေါ်ပါသည်။ အမေ့ဗိုက်ထဲတွင် သန္ဓေတည်သည့် အချိန်က စ၍ အဆိုပါ ဖြစ်စဉ်အတိုင်း ဖြစ်၍ ပျက်၍သာနေ၏။

ရုပ်ကလာပ်တစ်ခု၏ အသက်သည် စိတ်၏အသက် ခဏငယ် (၁၇ × ၃ = ၅၁) ချက်နှင့် ညီမျှ၏။ ရုပ်၏ ဥပါဒ် ခဏနှင့် ဘင်ခဏသည် ခဏငယ်တစ်ချက်စီသာ ကြာပါသည်။ ရုပ်၏ဌီခဏမှာမူ ခဏငယ် ၄၉-ချက် ကြာပါသည်။ ထို့ကြောင့် လက်ဖျစ် ၁-တွက်၊ မျက်စိတစ်မှိတ်၊ လျှပ်တစ်ပျက် ကာလတိုအတွင်း၌ ရုပ်ကလာပ်ပေါင်း ကုဋေပေါင်း ၅၈၀၀-ကျော် ပေါ်ပြီးပျောက် ဖြစ်ပြီး ပျက်နေကြပါသည်။ ထို့ကြောင့် ရုပ်ကလာပ်တစ်ခု၏ အသက်သည် ၁-စက္ကန့်ထက်ပင် တိုတောင်းသော လက်ဖျစ် ၁-တွက်၊ မျက်စိတစ်မှိတ်၊ လျှပ်တစ်ပျက်အချိန်၏ ကုဋေ ၅၈၀၀-ပုံ တစ်ပုံခန့်သာ ရှိလေသည်။

## စက္ခုပသာဒ မျက်စိရုပ်ကလည်း ပရမတ်

ရူပါရုံအဆင်းကလည်း ပရမတ် ဖြစ်ပါသည်။ မြင်သိစိတ်ကလည်း ပရမတ် ဖြစ်ပါသည်။ ရူပါရုံနှင့် စက္ခုပသာဒတို့သည် ပင်ကိုသဘောအားဖြင့် ဖောက်ပြန် ပြောင်းလဲနေပါသည်။ သူလိုကိုယ်လို သာမန်လူသား တစ်ယောက်အနေဖြင့် ဤသို့ခိုင်မြဲမှုမရှိ၊ အနှစ်သာရမရှိသော ဓမ္မသဘာဝတရားသက်သက်ကို ဓမ္မသဘာဝ သက်သက်အဖြစ် သိရှိနားလည် သဘော ပေါက်ကာ လက်ခံရန် လွန်စွာပင် ခက်ခဲပါသည်။

ထို့ကြောင့်ပင် ရူပါရုံနှင့် စက္ခုပသာဒတို့ တိုက်ဆုံမှုကြောင့် ဖြစ်ပေါ်လာသည့် မြင်ခြင်း ပေါ်မူတည်ပြီးလည်းကောင်း၊ ကြားခြင်း၊ နံခြင်း၊ ထိတွေ့ခြင်း စသည်ပေါ်မူတည်ပြီး ဖြူနီဝါပြာ အရောင်အသွေး အဆင်းသဏ္ဌာန် form၊ အဝိုင်းလေးတောင့် အရွယ်အစားပမာဏ Dimension၊ အလေးချိန် Weight ဒြပ်သဘော Mass ဟူ၍ ပညတ်ဝေါဟာရ တင်ကြပါသည်။

## အသိများ၊ အမြင်များ

တစ်ဖက်တွင်လည်း စက္ခုပသာဒ သက်သက်ဖြစ်သော ဓမ္မသဘာဝကို မသိနိုင်သဖြင့် "ငါ့မျက်စိ ကြည့်ကောင်းတယ်၊ ငါ့မျက်စိလှတယ်၊ ငါ့မျက်စိ အမြင်အားမကျသေးဘူး"ဟု အတ္တ၊ မာန ဖြစ်ကြတော့သည်။ ပရမတ္ထတရား၏ အထင်အရှား မရှိသည့်သဘာဝကို အမှန်အတိုင်း သိရှိနားလည်သဘောပေါက်ရန် ခက်ခဲသဖြင့် မိမိတို့ နားလည်သကဲ့သို့ ပြောင်းလဲခေါ်ဝေါ် ကြခြင်း ဖြစ်ပါသည်။

မျက်စိဟူသော စက္ခုပသာဒရုပ်တရားသည် အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် အကျိုးတရားမျှသာဟု မသိနိုင်သေးသမျှ ကာလပတ်လုံး သံသရာကြောမှာ ရှည်ကြာသရွေ့ မျှောပါကာ "ငါ့မျက်စိကောင်းအောင် ဘုရားသခင်က စောင့်ရှောက်ပေးထားလို့ ကောင်း နေတာ" ဟူ၍ လည်းကောင်း၊ "နတ်တွေ စောင့်ရှောက်ပေးထားလို့ ကောင်းနေတာ"ဟူ၍ လည်းကောင်း၊ "ဘာအကြောင်းကြောင့်မှ မဟုတ်ဘူး၊ သူ့အလိုလို ငါ့မျက်စိတွေ ကောင်း နေတာ"ဟူ၍ လည်းကောင်း ယူနေကြပါသည်။ ဉာဏ်နည်းလွန်းသောကြောင့် မူလသဘာဝ အကြောင်းတရားက ပျောက်နေခြင်း ဖြစ်ပါသည်။

အမှန်တကယ်တွင်မူ လူဟုသမုတ်ထားသော်လည်း ရုပ်အမှုန်များစွာဖြင့် ရုပ်ကို တည်ဆောက်ထားပါသည်။ ၎င်းရုပ်မှုန်များလည်း ပေါ်ပြီးပျောက်နေသည့် သဘောတရား မျှသာဖြစ်သည်။ နာမ်တရားအပိုင်းတွင်လည်း အလွန့်အလွန် တိုတောင်းသည့်ကာလတိုအတွင်း ၌ပင် ပေါ်ပြီးပျောက် ဖြစ်ပေါ်လာပြီး ချုပ်နေသည့် သဘောတရားမျှသာ ရှိလေသည်။

---

**ကျမ်းညွှန်း** * ခွဲစိတ်ဆရာဝန် ဒေါက်တာစိန်လင်း၏ နယသာဂရ ပဋ္ဌာန်းတရားတော် (စတုတ္ထအကြိမ်) (၂၀၁၀ - ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်)။

## ရုပ်သက်တမ်းနှင့် စိတ်သက်တမ်း

ဤနေရာတွင် ရုပ်၏သက်တမ်းနှင့် စိတ်၏သက်တမ်းတို့ကို ထပ်မံ၍ ပြဆိုပါဦးမည်။ ရုပ်၏ သက်တမ်းသည် စိတ္တခဏ ၁၇ - ချက်(ဝါ) = ခဏငယ် ၅၁-ချက် မျှသာရှိ၏။ ရုပ်၏ အသက်ကို တိတိကျကျပြရလျှင် အတီတဘဝင်၏ ဥပါဒ်ခဏမှ စတင်ဖြစ်လာသည့် ရူပါရုံသည် ဒုတိယတဒါရုံစိတ်၏ ဘင်ခဏ၌ ချုပ်ပျောက် သွားပါသည်။

တစ်နည်း ထပ်မံရှင်းပြရသော် Mental process တွင် မျက်စိနှင့် အဆင်းဆုံကာမျှဖြင့် မြင်သိစိတ် စက္ခုဝိညာဉ် မပေါ်နိုင်သေးကြောင်း ဦးစွာ သတိပြုရပါမည်။

"တီ၊ န၊ ဒ၊ ပ၊ စ" တီ=အတီတဘဝင်၊ န=ဘဝင်စလန၊ ဒ=ဘဝင်ုပစ္ဆေဒ၊ ပ=ပဥ္စဒွါရ ဝဇ္ဇန်းပြီးမှသာ စက္ခုဝိညာဏ် မြင်သိစိတ် ပေါ်ပေါက်လာ၏။ ထို့ကြောင့် မြင်သိစိတ်ပေါ်ရန် ရှေ့တွင် တီ၊ န၊ ဒ၊ ပ ဟူသော Mental process ထဲမှ စိတ္တက္ခဏ ၄-ချက် ဖြစ်ပေါ်ပေးရပါသည်။




လက်ဖျောက်တစ်တွက်တီး ကုဋေတစ်သိန်းနှုန်းဖြင့် ပေါ်ပြီးပျောက်၊ ဖြစ်ပေါ်လာပြီး ချုပ်နေသည်ဟူသော Process ၏ အလွန့်အလွန် တိုတောင်းလှပြီး၊ ဂဏန်းချပြရန်ပင် မဖြစ် နိုင်လောက်အောင် ကာလတိုကလေး ဖြစ်သော စိတ္တက္ခဏ ၄-ချက်စော၍ ပုရေဇာတ Born earlier ကြိုတင်ဖြစ်နှင့်၍ ကျေးဇူးပြုသည်ဟု ဆိုလိုခြင်း ဖြစ်သည်။ ထို့ကြောင့် ပစ္စနိဒ္ဒေသ ပါဠိတော်တွင် "*စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော*"ဟု လာရှိပါသည်။ စက္ခုဝတ္ထုက စက္ခုဝိညာဉ်ကို ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြု၏။

ထို့ကြောင့် မျက်စိအကြည် စက္ခုပသာဒရုပ်၏ သက်တမ်းသည်လည်း ဤမျှသာ ရှိပေသည်။ စိတ္တက္ခဏတိုင်း၊ စိတ္တက္ခဏတိုင်း၌ စက္ခုပသာဒရုပ်များ အသစ်အသစ်ဖြစ်နေသဖြင့် တဆက်တည်း ထင်ရလောက်အောင် မြင်နေရခြင်း ဖြစ်၏။ စာပေကျမ်းဂန် ဗဟုသုတအနေဖြင့် ဝီထိပိုင်း Mental process ကို သိရှိသူအဖို့ နားလည်ရန် မခက်ခဲနိုင်ပါ။ ဝိပဿနာတရားကို နည်းစနစ် မှန်ကန်စွာ အားထုတ်သည့် ယောဂီအဖို့လည်း သိနိုင်သည်။

## စက္ခုပသာဒက စက္ခုဝိညာဉ်ကို ကျေးဇူးပြုရာတွင် ၄-ပစ္စည်းရှိ၏

မျက်စိအကြည်ရုပ်လည်း ရှိရမည်၊ အဆင်းရူပါရုံလည်း ရှိရမည်၊ ထိုနှစ်ခုဆုံမှသာ မြင်သိစိတ် ဖြစ်ပေတော့မည်။ ဤသို့အကြောင်းမဆုံနိုင်ပါက မြင်သိစိတ် မဖြစ်ပေါ်နိုင်ပါ။ စန္ဒယားတီးသည့် ဥပမာပြရလျှင် စန္ဒယားကြိုးလည်း ရှိရမည်၊ စန္ဒယားခလုတ်လည်း ရှိရမည်။

ထိုအကြောင်းတရားများပေါ် အမှီပြုပြီး စန္ဒယားသံထွက်ပေါ်လာခြင်း ဖြစ်သကဲ့သို့ မျက်စိအကြည်ရုပ်ကို အမှီပြုပြီး မြင်သိစိတ် ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ စက္ခုပသာဒက စက္ခုဝိညာဉ်ကို ၅-ပစ္စည်းဖြင့် ကျေးဇူးပြုပါသည်။ ၎င်းတို့မှာ -

၁- နိဿယပစ္စည်း၊ ၂-ပုရေဇာတပစ္စည်း၊ ၃-အတ္ထိပစ္စည်း၊ ၄-အဝိဂတပစ္စည်းနှင့် ၅-ဣန္ဒြိယပစ္စည်းတို့ ဖြစ်၏။

*၂- စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။*

*၃- စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။*

*၄- စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။*

*၅- စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။*

*၆- စက္ခုန္ဒြိယံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။*

ပဋ္ဌာန်းပစ္စယနိဒ္ဒေသတွင် စက္ခုပသာဒက စက္ခုဝိညာဉ်ကို ကျေးဇူးပြုရာတွင် ၅-ပစ္စည်းရှိရာ -

၁- နိဿယပစ္စည်းဖြင့် ကျေးဇူးပြုခြင်းဟူသည် support condition စက္ခုပသာဒက မှီရာနိဿယအဖြစ်ဖြင့် ကျေးဇူးပြုခြင်း ဖြစ်သည်။

၂- ပုရေဇာတပစ္စည်းဖြင့် ကျေးဇူးပြုခြင်းဟူသည် စက္ခုပသာဒက Born earlier ရှေ့ကဖြစ်နှင့်ပြီး ကျေးဇူးပြုခြင်း ဖြစ်သည်။

၃- အတ္ထိပစ္စည်းဖြင့် ကျေးဇူးပြုခြင်းဟူသည် စက္ခုပသာဒ မချုပ်သေးခင် ထင်ရှားရှိဆဲကာလ Presence condition တွင် ကျေးဇူးပြုခြင်း ဖြစ်သည်။

၄- အဝိဂတဖြင့် ကျေးဇူးပြုခြင်းဟူသည် စက္ခုပသာဒက စက္ခုဝိညာဏ်ကို ကျေးဇူးပြုသောအခါ စက္ခုပသာဒက ရှေးဦးစွာဖြစ်ပြီး ထင်ရှားရှိနေရုံသာမက မကင်းနိုင်သည့်သဘော non- disappearance condition ဖြင့် ကျေးဇူးပြုခြင်း ဖြစ်သည်။

၅- ဣန္ဒြိယပစ္စည်းဖြင့် ကျေးဇူးပြုခြင်းဟူသည် မြင်ခြင်းကိစ္စတွင် စက္ခုပသာဒက Faculty condition အစိုးရခြင်းဖြင့် မြင်သိစိတ်ကို ကျေးဇူးပြုသည်။

## ဖြစ်တူ၊ ပျက်တူ၊ အာရုံတူ၊ မှီရာတူ

စက္ခုပသာဒက ရုပ်တရားဖြစ်ပြီး၊ စက္ခုဝိညာဉ်က နာမ်တရားဖြစ်ပါသည်။ ရုပ်နှင့်နာမ်၊ နာမ်နှင့် ရုပ်တို့ ကျေးဇူးပြုရာတွင် သမ္ပယုတ္တယှဉ်စပ်၍ ကျေးဇူးမပြုပါ အကြောင်းမှာ "*ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော*"ဟု ဟောတော်မူပါသည်။ သမ္ပယုတ္တတရား၌ ဖြစ်လည်းအတူတူ၊ ပျက်လည်းအတူတူ၊ အာရုံလည်းအတူတူ၊ မှီရာလည်းအတူဟူသော တူ ၄-ချက် ပြည့်စုံရပါမည်။

စက္ခုဝိညာဉ်နှင့် စက္ခုပသာဒတို့ ကျေးဇူးပြုရာတွင် စက္ခုဝိညာဉ်က စိတ္တက္ခဏ ၄-ချက်လွန်မှ ဖြစ်သဖြင့် ဖြစ်တာတူတူ မရတော့ပါ။ စက္ခုဝိညာဉ်က ဖြစ်၊ တည်၊ ပျက် ချုပ်သွားသော်လည်း ဝတ္ထုရုပ်က မချုပ်သေးသဖြင့် ပျက်တာတူတူလည်း မရပါ။ ထို့ကြောင့် သမ္ပယုတ္တတရားမရဘဲ ဝိပ္ပယုတ္တသာရခြင်း ဖြစ်ပါသည်။ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှါပသာဒနှင့် ကာယပသာဒတို့ကိုလည်း စက္ခုပသာဒနည်းတူ ယူပါလေ။

မနောဓာတုနှင့် မနောဝိညာဏဓာတုအကြောင်း "*ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော*"

၁- မနောဓာတု = မနောဓာတ် = သမ္ပဋိစ္ဆိုင်း = အာရုံကို လက်ခံသည့်စိတ် = သိရုံမျှ သိရုံမျှသာ၊

၂- မနောဝိညာဏဓာတု = မနောဝိညာဏဓာတ် = သန္တီရဏစိတ် = အားရှိပါးရှိ ထိထိမိမိ အသိဆုံးစိတ်၊

၃- ဝုဋ္ဌော = မနောဒွါရာဝဇ္ဇန်းစိတ် ပဋိသန္ဓေနောင် ဘဝင် ၁၆-ကြိမ် ဖြစ်ပါသည်။ လူ့ဘဝ၌ ပထမပဋိသန္ဓေစိတ်ဖြစ်ပါက မဟာဝိပါက်စိတ် ဖြစ်မည်။ မဟာဝိပါက်စိတ်သည် မနောဝိညာဏဓာတ် ဖြစ်သည်။ ထို့ကြောင့် မဟာဝိပါက်စိတ် = မနောဝိညာဏဓာတ်။

## ဝိပဿနာဉာဏ်

စက္ခုပသာဒအကြည်က ရုပ်တရား ဖြစ်ပါသည်။ စက္ခုဝတ္ထုကလည်း ရုပ်တရားဖြစ်သည်။ ၎င်းကိုမှီပြီး ဖြစ်ပေါ်လာသည့် မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ ထိသိစိတ်တို့က နာမ်တရား ဖြစ်ပါသည်။

ပုရေဇာတပစ္စည်းကို လေ့လာခြင်းအားဖြင့် ရုပ်တရားနှင့် နာမ်တရားတို့သည် ယခုကဲ့သို့ အပြန်အလှန် အမှီသဟဲပြုနေကြောင်း ကွဲကွဲပြားပြား နားလည်လာသည်ကို နာမရူပ ပရိစ္ဆေဒ ဉာဏ်ဟု ခေါ်ပါသည်။

---

**ကျမ်းညွှန်း** * တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ရေစကြိုဆရာတော်ကြီး၏ ဗုဒ္ဓမြတ်စွာ၏ နည်းသမုဒ္ဒရာ(၂၀၀၈-ခုနှစ်) တွင် ပုံနှိပ်ထုတ်ဝေသည်။

ဤပသာဒအကြည်ရုပ်နှင့် ရူပါရုံအဆင်းဟူသော အကြောင်းကြောင့် မြင်သိစိတ်ဟူသော အကျိုးတရားပေါ်နေကြောင်းကို သိရှိကာ ဉာဏ်သက်ဝင်လာနိုင်ခြင်းကို ပစ္စယပရိဂ္ဂဟဉာဏ်ဟု ခေါ်ပါသည်။

## စူဠသောတာပန်

အဋ္ဌကထာဆရာအရှင်ဖြစ်တော်မူသော အရှင်မဟာဗုဒ္ဓဃောသက ဤနာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်နှစ်ပါး ပြည့်စုံသူကို *"ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နော နာမ ဟောတိ"* သာသနာတော်၌ ရပ်တည်ရာရသွားသူ၊ သက်သာရာရသွားသူသောတာပန် အငယ်စားဟု တင်စားတော်မူပါသည်။

*"သစေ ဝိပဿနာသမ္ဘာဒိဋ္ဌိ ဘာဝိတာ ဒိဋ္ဌေဝ ဓမ္မေ အရဟတ္တံ ပါပေတုံ သက္ကောတိ၊ ဣစ္စေတံ ကုသလံ။ သစေ န သက္ကောတိ သတ္တ ဘဝေ ဒေတိ "*

"ဝိပဿနာသမ္မာဒိဋ္ဌိသည် မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်သို့ ရောက်စေခြင်းငှာ တတ်စွမ်းနိုင်၏။ အကယ်၍ မစွမ်းနိုင်သည်ဖြစ်အံ့၊ ခုနစ်ခုသော ဘဝတို့ကိုပေး၏"။ ဤနေရာတွင် ဝိပဿနာသမ္မာဒိဋ္ဌိကို ဝိပဿနာဉာဏ်ဟု ယူရပါမည်။ အဘယ်ကြောင့် ဆိုသော် *'ဝိပဿနာဉာဏံ ဝိပဿနာသမ္မာဒိဋ္ဌိ'* ဟုအင်္ဂုတ္တိုရ်ဋီကာ နှာ-၂၂၅ က ဖွင့်ဆိုထားသောကြောင့် ဖြစ်ပါသည်။

နိုင်ငံတော် သံဃနာယကဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးကလည်း "အခုလို ပဋ္ဌာန်းတရားတွေ သင်ယူနာကြားပြီး ပစ္စယပရိဂ္ဂဟဉာဏ်ဖြစ်တဲ့အတွက် ရဟန္တာဖြစ်တဲ့ဘဝမှာ ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်နိုင်တယ်"ဟု မိန့်တော်မူဖူးပါသည်။

## 'နေတံ မမ' ငါ့ဥစ္စာမဟုတ်

အာရမ္မဏပုရေဇာတဟူသည် ရှေးကဖြစ်နှင့်သည့် အာရုံ (Object) အဖြစ်နှင့် ကျေးဇူးပြုခြင်း ဖြစ်ပါသည်။ ထို့ကြောင့် မျက်စိပသာဒ အကြည်ရုပ်များသာ ရှေးကဖြစ်နှင့်ရသည် မဟုတ်ဘဲ အာရုံကလည်း ကြိုတင် ဖြစ်နှင့်ရပါသည်။

ပစ္စယနိဒ္ဒေသပါဠိတော်၌ *"ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော"*ဟု လာရှိပါသည်။ ဆိုလိုသည်မှာ အဆင်းအာရုံက မြင်သိစိတ်ကို ပုရေဇာတသတ္တိနှင့် ကျေးဇူးပြု၏။ ရူပါရုံက အတီတဘဝင် ဥပါဒ်ခဏမှစ၍အရင်

---

**ကျမ်းညွှန်း** ⁕ ဝိသုဒ္ဓိမဂ် ဒုတိယတွဲ (နှာ-၂၄၀)
⁕ ဒုတိယဝဂ္ဂဝဏ္ဏနာ၊ ကေဓမ္မပါဠိ၊ ကေကနိပါတ၊ အင်္ဂုတ္တရအဋ္ဌကထာ (နှာ-၃၆၉)

Born earlier ဖြစ်နှင့်ပြီး၊ စက္ခုဝိညာဏ်ကို ကျေးဇူးပြုပါသည်။ ၎င်းကို အာရမ္မဏပုရေဇာတဟု ခေါ်သည်။

ထို့ကြောင့် မြင်သိစိတ် စက္ခုဝိညာဏဖြစ်ပေါ်လာနိုင်ရန် တည်ရာမှီရာ Base အဖြစ် ကျေးဇူးပြုခြင်းကို ဝတ္ထုပုရေဇာတ။ မြင်သိစိတ် စက္ခုဝိညာဏဖြစ်ပေါ်လာနိုင်ရန် အာရုံ Object အဖြစ် ကျေးဇူးပြုခြင်းကို အာရမ္မဏပုရေဇာတ ဖြစ်ပါသည်။ ကျန်သည့် နား၊ နှာခေါင်း၌ ကြားသိစိတ်၊ နံသိစိတ်တို့ကိုလည်း အလားတူ နားလည်ရပါမည်။

ယခုကဲ့သို့ နားလည်လာသူအနေဖြင့် မြတ်စွာဘုရား ဟောကြားတော်မူသည့် -

*"နေတံ မမ နေသောဟမသ္မိ န မေသော အတ္တာ"*

ဤခန္ဓာငါးပါး အစုအဝေးကြီးသည် 'နေတံ မမ' ငါ့ဥစ္စာမဟုတ်၊

ဤခန္ဓာငါးပါး အစုအဝေးကြီးသည် 'နေသောဟမသ္မိ' ငါမဟုတ်၊

ဤခန္ဓာငါးပါးအစုအဝေးကြီးသည် 'န မေသော အတ္တာ' ငါ၏အတ္တမဟုတ်ဟု နားလည်ရန် လမ်းစ ပေါ်လာပေလိမ့်မည်။

"အကြောင်းစုံမှ ဖြစ်လာပြီး တခဏမှ မတည်တံ့ဘဲ ပျက်နေတဲ့ သဘာဝတရား သက်သက် Natural phenomena ပါလား မြဲနေတာလည်း မရှိပါလား၊ ငါ့ဥစ္စာလို့လည်း ပြောမရ၊ ငါလည်းမဟုတ်"ဟု တစ်ချိန်ချိန် နားလည်ရန် လမ်းစပေါ်နိုင်သည်။ ထို့ကြောင့် ပဋ္ဌာန်း ၂၄-ပစ္စည်းသည် ခန္ဓာငါးပါး သဘာဝဓမ္မကို ဖော်ပြသည့် ဝိပဿနာတရား ရှုမှတ်ရန် လမ်းညွှန်များ ပေတည်း။

## ပုရေဇာတပစ္စည်း၊ ပစ္စယုပ္ပန်

ဝတ္ထုပုရေဇာတ၌ ပစ္စည်းဟူသောအကြောင်းတရားမှာ စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှါဝတ္ထု၊ ကာယဝတ္ထု၊ ဟဒယဝတ္ထုဟူ၍ ဝတ္ထုရုပ် ၆-မျိုးဖြစ်၏။

အာရမ္မဏပုရေဇာတ၌ ပစ္စည်းဟူသောအကြောင်းတရားမှာ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ ဟူ၍ အာရုံရုပ် ၅-ပါးဖြစ်၏။

ဝတ္ထုပုရေဇာတ၌ ပစ္စယုပ္ပန်ဟူသောအကျိုးတရားမှာ စက္ခုဝိညာဏဓာတ်၊ သောတဝိညာဏဓာတ်၊ ဃာနဝိညာဏဓာတ်၊ ဇိဝှါဝိညာဏဓာတ်၊ ကာယဝိညာဏဓာတ်၊ မနောဓာတ်၊ မနောဝိညာဏဓာတ် ၇-ပါးနှင့် ယှဉ်ဖက်စေတသိက်များ၊ အာရမ္မဏပုရေဇာတ၌ ပစ္စယုပ္ပန်ဟူသော အကျိုးတရားမှာ ဝိညာဏဓာတ် ၆-ပါးနှင့် ယှဉ်ဖက် စေတသိက်များ။

## ပုရေဇာတပစ္စည်း၏ သင်္ချာ

ပုရေဇာတပစ္စည်း၏ သင်္ချာမှာ - ၃ ဖြစ်ပါသည်။ ထို့ကြောင့် *"ပုရေဇာတေ တီဏိ"*ဟု မှတ်သားနိုင်ပါသည်။ ထိုသင်္ချာကို တစ်ဖက်ပါအတိုင်း လေ့လာနိုင်ပါသည် -

## အဗျာကတ သချ်ာ - ၃

(၁) ဗျာ - ဗျာ (၂) ဗျာ - ကု (၃) ဗျာ - အကု

### Matter to Mind

ပုရေဇာတပစ္စည်းသည် ရုပ်တရားက နာမ်တရား (Matter to Mind)ကို ကျေးဇူးပြုသော ပစ္စည်းဖြစ်သည်။

### ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား

#### ၁။ ဝတ္ထုပုရေဇာတ

(က) ရုပ်တရားက နာမ်တရား Matter to Mind ကို ကျေးဇူးပြုရာတွင် -
ပစ္စယဟူသောအကြောင်းတရားမှာ - ဝတ္ထုရုပ်-၆ပါးဖြစ်သည်။
ပစ္စယုပ္ပန္နဟူသောအကျိုးတရားမှာ - အရူပဝိပါက်-၄ပါး ကြဉ်သောစိတ်-၈၅ပါးနှင့် စေတသိက်-၅၂ ပါးတို့ ဖြစ်သည်။

#### ၂။ အာရမ္မဏပုရေဇာတ

(ခ ) ရုပ်တရားက နာမ်တရား Matter to Mind ကို ကျေးဇူးပြုရာတွင် -
ပစ္စယဟူသောအကြောင်းတရားမှာ - ပစ္စုပ္ပန်နိပ္ဖန္နရုပ် - ၁၈ပါး တို့ ဖြစ်သည်။
ပစ္စယုပ္ပန္နဟူသောအကျိုးတရားမှာ - ကာမစိတ်-၅၄ ပါး၊ ဒိဗ္ဗစက္ခုအဘိညာဉ်နှင့် ဒိဗ္ဗသောတအဘိညာဉ် ၂-ပါးတို့ ဖြစ်သည်။

ပုရေဇာတနှင့် မျိုးတူသည့်ပစ္စည်းမှာ (ဝတ္ထုပုရေဇာတ)၌ ၆-ပါးဖြစ်ပါသည်။ ၎င်းတို့မှာ ၁-ဝတ္ထုပုရေဇာတ၊ ၂-ဝတ္ထုပုရေဇာတနိဿယ၊ ၃-ဝတ္ထုပုရေဇာတိန္ဒြိယ၊ ၄-ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တ၊ ၅-ဝတ္ထုပုရေဇာတတ္ထိနှင့် ၆-ဝတ္ထုပုရေဇာတအဝိဂတတို့ ဖြစ်ပါသည်။

(အာရမ္မဏပုရေဇာတ)၌ ၈-ပါး ဖြစ်ပါသည်။ ၎င်းတို့မှာ ၁-ပုရေဇာတ၊ ၂-အာရမ္မဏ၊ ၃-အဓိပတိ၊ ၄-နိဿယ၊ ၅-ဥပနိဿယ၊ ၆-ဝိပ္ပယုတ္တ၊ ၇-အတ္ထိ နှင့်၈-အဝိဂတတို့ ဖြစ်ပါသည်။ ဝတ္ထုပုရေဇာတနှင့် အာရမ္မဏပုရေဇာတတို့၌ ပါဝင်သည့် ပစ္စည်းများအနက် တူရာ၊ တူရာ ၈-ပါးသာ ရှိပါသည်။

# ၁၁။ ပစ္ဆာဇာတပစ္စယော

## Daily life Paṭṭhāna

### Pacchajata Paccayo *(Postnascence condition)*




ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။ (ကု၊ ဗျာ-၁)
ကုသိုလ်တည်းဟူသော အကြောင်းဓမ္မသည် အဗျာကတတည်းဟူသော အကျိုးဓမ္မအား ပစ္ဆာဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

## နာမ်တရား၏ နောက်၌ဖြစ်၍ ရုပ်များအား ထောက်ပံ့သောအားဖြင့် ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည်

ပစ္ဆာဇာတပစ္စည်း (ပစ္ဆာ = နောက်မှ + ဇာတ = ဖြစ်၍) ကျေးဇူးပြုသောပစ္စည်း။

The *'Paccha'* means after so that arises later, that arises after, something that arises later and supports something that has been there. It is compared to expectation of food in vultures's young.



'ပေါက်ခါစအရွယ်၊ လင်းတငယ်အား၊ တွယ်တာအာသာ၊ စေတနာသို့' ဟု လာရှိသည်နှင့် အညီ လင်းတပေါက်စကလေး၏ အစာအာဟာရကိုတောင်းတသော အာသာစေတနာသည် နောက်၌ဖြစ်သော သူ၏ခန္ဓာကိုယ်ကို ကြီးပြင်းလာအောင် ထောက်ပံ့ကျေးဇူးပြုသကဲ့သို့ ပစ္စယုပ္ပန်တရား၏ နောက်၌ဖြစ်၍ ရုပ်များအား ထောက်ပံ့သောအားဖြင့် ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည်။

## ပစ္ဆာဇာတပစ္စည်းဖြင့် ကျေးဇူးပြုခြင်း

ပစ္ဆာဇာတမည်သည် ယခုကဲ့သို့ ရုပ်တရား နာမ်တရားများ ရှိသည့်ဘုံတွင် ရှေးရှေးစိတ်နှင့် အတူဖြစ်လာသည့် ရုပ်တရားများ သက်တမ်းပြည့် ရှင်သန်နိုင်ရန် နောက်နောက်စိတ်များက စဉ်ဆက်မပြတ် ဖြစ်ပေးရသည်ကိုပင် ပစ္ဆာဇာတပစ္စည်းဖြင့် ကျေးဇူးပြုခြင်း မည်ပါသည်။

ဤတွင် ကံကြောင့်၊ ဥတုကြောင့်၊ အာဟာရကြောင့်၊ စိတ်ကြောင့်ဖြစ်သည့် ရှေးရှေးရုပ်တရားက အကျိုးတရား၊ နောက်နောက်စိတ်များက အကြောင်းတရားဖြစ်၏။ နောက်မှဖြစ်သည့်စိတ်က ရှေ့မှဖြစ်နှင့်သည့် ရုပ်ကို ပစ္ဆာဇာတပစ္စည်းဖြင့် ကျေးဇူးပြုခြင်း ဖြစ်ပါသည်။

တစ်နည်း ဖော်ပြရမည်ဆိုလျှင် ပုရေဇာတ Born earlier ၌ ရှေးရှေးက ဖြစ်နှင့်သည့် အကြောင်းရုပ်တရားက နောက်နောက်ဖြစ်သည့်အကျိုး နာမ်တရားကို ကျေးဇူးပြု၏။

ပစ္ဆာဇာတ Born Later ၌မူ နောက်နောက်ကဖြစ်သည့် အကျိုးနာမ်တရားက ရှေးရှေးကဖြစ်သည့် အကြောင်းရုပ်တရားကို ကျေးဇူးပြု၏။

ထို့ကြောင့် ပစ္ဆာဇာတပစ္စည်းကို နို့ထိန်းမိခင်နှင့်တူသည်ဟု ပမာပြုကာ နို့စို့မည့်သားငယ်က ဦးစွာဖြစ်နှင့်ပြီး နို့ထိန်းမိခင်က နောက်မှဖြစ်လာသည်နှင့် တူညီကြောင်း ပြတော်မူပြီး အဋ္ဌကထာများတွင်မူ လင်းတငယ်ကို ပမာပြု ပြတော်မူကြပါသည်။

ပစ္ဆာဇာတပစ္စည်း၏ ထူးခြားချက်မှာ အခြားပစ္စည်းများကဲ့သို့ ဖြစ်စေတတ်သည့် ဇနကသတ္တိမရှိဘဲ တည်တံ့ခိုင်မြဲအောင် ထောက်ပံ့ကူညီတတ်သည့် ဥပတ္ထမ္ဘကသတ္တိသာ ရှိ၏။

ထို့ကြောင့် " ဖြစ်စေ၊ တည်စေ၊ ဤနှစ်ထွေ ခေါ်လေကျေးဇူးပြု"ဟူသော လင်္ကာအရ ပစ္ဆာဇာတသည် အခြားပစ္စည်းများနှင့်မတူ တည်တံ့အောင် ကျေးဇူးပြုသည်။ အခြားပစ္စည်းများက ဖြစ်ပေါ်အောင် ကျေးဇူးပြု၏။

## ဇာတ (၃)ပါး သိစရာ

၁- ပုရေဇာတပစ္စည်း Born earlier တွင် (ပစ္စယ) အကြောင်းတရားကရှေ့၊ (ပစ္စယုပ္ပန်) အကျိုးတရားက နောက်မှဖြစ်ကာ ကျေးဇူးပြုခြင်း ဖြစ်ပါသည်။

၂- ပစ္ဆာဇာတပစ္စည်း Born later တွင်မူ (ပစ္စယုပ္ပန်) အကျိုးတရားက ရှေ့ဖြစ်နှင့်ပြီး၊ (ပစ္စယ) အကြောင်းတရားက နောက်မှဖြစ်ပြီး ကျေးဇူးပြုခြင်း ဖြစ်ပါသည်။ ဤပစ္စည်းနှစ်ခု၏ ကျေးဇူးပြုပုံသည် ပြောင်းပြန် ဖြစ်ပါသည်။

၃- သာမန်အားဖြင့် အကြောင်းတရားဖြစ်ပြီးနောက် အကျိုးတရား ပေါ်ပေါက်မြဲ ဖြစ်၏။ ပစ္ဆာဇာတတွင်မူ အကြောင်းနာမ်တရားက နောက်မှဖြစ်ပြီး အကျိုး တရားဖြစ်သည့် ရုပ်က ဦးစွာဖြစ်ခါ ကျေးဇူးပြုခြင်း ဖြစ်သည်။

## ပစ္ဆာဇာတတ္တိ

သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာဘုရားရှင်ရှေ့မှောက်ရောက်ကာ 'ဧကန်မုချ ဘုရား ဖြစ်မယ်' ဟူသာ ဗျာဒိတ်စကားကို ရသည်နှင့်တစ်ပြိုင်နက် မိမိလက်ဝယ်သို့ ရောက်လုနီး ဖြစ်နေသည့် နိဗ္ဗာန်ချမ်းသာကို စွန့်ပြီးသွား၏။

ရှင်ရသေ့က နိဗ္ဗာန်ချမ်းသာကို စွန့်သွားရခြင်းမှာ 'ငါသည် ဧကန်မုချ သဗ္ဗညုတ ဉာဏ်တော်ကြီးကို ရမယ်'ဟု သိသောကြောင့် ယခုရမည့် နိဗ္ဗာန်ချမ်းသာကို စွန့်ခြင်းဖြစ်သည်။

ယနေ့သဗ္ဗညုတဉာဏ်တော်ကို မရသေးသော်လည်း နောင်ရလတ္တံ့သော သဗ္ဗညုတ ဉာဏ်တော်က ကျေးဇူးပြုသောကြောင့် နိဗ္ဗာန်ချမ်းသာကြီးကို စွန့်ခြင်းဖြစ်သည်။

ထို့ကြောင့် ပစ္ဆာဇာတသည် ပါဠိတော်အလိုအားဖြင့် ထင်ရှားရှိသည်ဖြစ်၍ ကျေးဇူးပြု ခြင်းကို ပစ္ဆာဇာတတ္တိ။ ထင်ရှားမရှိသော်လည်း စိတ္တနိယာမအားဖြင့် ကျေးဇူးပြုခြင်းကိုလည်း ပစ္ဆာဇာတတ္တိဟု ယူသင့်ကြောင်း ဋီကာကျော်ဆရာကဆိုထားသည်။

## ဧကဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယ

ဤနေရာတွင် ၁-ဧကဇကာယ၊ ၂-ဒွိဇကာယ၊ ၃-တိဇကာယနှင့် ၄-စတုဇကာယ ကိုလည်း ဖော်ပြရန် လိုအပ်လာပါသည်။ ပါဠိစာပေတွင် ကာယဟူသည် အစုအပေါင်းကို ခေါ်သည်။

ဧကဇကာယဟူသည် ဘဝ၏အစပထမ ပဋိသန္ဓေစိတ်ကလေးတွင် ဥပါဒ်၊ ဌီ၊ ဘင်ဟူ၍ ခဏငယ် ၃-ချက် ဖြစ်သည်။ ဤဖြစ်စဉ်တွင် ပဋိသန္ဓေစိတ်၏ ဥပါဒ်အခိုက်တွင် ဆိုင်ရာ ကမ္မဇရုပ်များ ဖြစ်လာသည်။ တစ်နည်းအားဖြင့် ပဋိသန္ဓေ စတည်သည့် ထို Moment တွင် ပဋိသန္ဓေစိတ် ဖြစ်လာပါသည်။

ထိုပဋိသန္ဓေစိတ်၏ ဥပါဒ်အခိုက်တွင် ကံကထုတ်လုပ်လိုက်သည့် ကမ္မဇရုပ် Kamma-produce matter တစ်မျိုးတည်း ရှိပါသေးသည်။ ဥပါဒ်အခိုက်တွင် ဖြစ်လာသည့် ကမ္မဇရုပ် ကိုပင် ဧကဇကာယဟု ခေါ်ပါသည်။

တစ်ဖန် ပဋိသန္ဓေစိတ်၏ ဌီအခိုက်ရောက်သောအခါ ဥတုဇရုပ် ဖြစ်လာသည်။ အပူအအေးဟူသော ဥတုကြောင့်ဖြစ်သည့် ရုပ်ကို ဥတုဇရုပ် Tempreature-produce matter ဟုခေါ်၏။ ဌီအခိုက်တွင် ဖြစ်လာသည့် (ကမ္မဇရုပ် + ဥတုဇရုပ်)ကိုပင် ဒွိဇကာယဟု ခေါ်သည်။

ဆက်လက်ပြီး ပဋိသန္ဓေစိတ်နောက်၌ ဘဝင်စိတ် ၁၅-ကြိမ်၊ ၁၆-ကြိမ်ခန့် ဖြစ်သည်။ ၎င်းအနက် ပထမဦးဆုံးဖြစ်လာသည့် ဘဝင်စိတ်၏ ဥပါဒ်အခိုက်တွင် စိတ္တဇရုပ် ဖြစ်လာသည်။ ဘဝင်စိတ်၏ ဥပါဒ်အခိုက်တွင် ဖြစ်လာသည့် ထို (ကမ္မဇရုပ် + ဥတုဇရုပ် + စိတ္တဇရုပ်) ကိုပင် တိဇကာယဟု ခေါ်ပါသည်။


ထို့နောက် အာဟာရဇရုပ်များ Nutriment-produce matter ပေါ်လာသဖြင့် (ကမ္မဇရုပ် + ဥတုဇရုပ် + စိတ္တဇရုပ် + အာဟာရဇရုပ်)များ ပြည့်စုံလာသဖြင့် စတုဇကာယ ဖြစ်လာပါသည်။ လူ့ဘုံ၊ နတ်ဘုံ၊ အပါယ်လေးဘုံဟူသော ကာမာဝစရဘုံ၌ ၎င်းရုပ်လေးမျိုးရှိသဖြင့် စတုဇကာယသတ္တဝါ ခေါ်၏။

ဗြဟ္မာ့ဘုံ၌မူ ကဗဠီကာရာဟာရ မသုံးဆောင်ဘဲ ပီတိဘက္ခာ ပီတိကိုသာ သုံးဆောင်သည်။ ပီတိသည်ပင် အစားအသောက်သဖွယ် ဖြစ်နေသည်။ တိဇကာယသတ္တဝါဟု ခေါ်သည်။

ဤကာယကြီး မယိုင်မလဲတည်တံ့နိုင်ရန် စိတ်စေတသိက်တို့က နောက်နောက်မှနေ၍ ခဏမခြား ပစ္စာဇာတသတ္တိဖြင့် ကျေးဇူးပြု၏။

## ဘဝအသစ်၏ ပဋိသန္ဓေဝီထိပုံ




ဤ၌ဇော ၇-ကြိမ်သည် ဘဝနိကန္တိဇောတို့ ဖြစ်ပါသည်။

## ရုပ်၏သက်တမ်းနှင့် ကျေးဇူးပြုပုံ

ရုပ်၏သက်တမ်းသည် တစ်စက္ကန့်၏ အပုံတစ်သန်းပုံ တစ်ပုံမျှ မြန်ဆန်ကြောင်း သိပ္ပံပညာက ဖော်ပြလာကြပါသည်။ ဗုဒ္ဓအဘိဓမ္မာအရ လက်ဖျောက်တစ်ချက်တီး ကာလတိုကလေးတွင် စိတ်ပေါင်း ကုဋေတစ်သိန်း ဖြစ်ပျက်နေပြီး ရုပ်၏အသက်သည် စိတ်သက်ထက် ၁၇-ဆ ပိုကြာသည်။ (ဝါ) စိတ်၏ဖြစ်ပျက်မှုသည် ရုပ်ထက် ၁၇-ဆ ပိုမြန်သည်။

ထို့ကြောင့်ပစ္စာဇာတပစ္စည်း ကျေးဇူးပြုသည်မှာ ဘဝအစ ပဋိသန္ဓေက စတင်ပါသည်။ ပဋိသန္ဓေစိတ် ဖြစ်သည်နှင့် သဘာဝနိယာမတရားအရ ဆိုင်ရာရုပ်များ ပါလာပါသည်။ ၎င်းတို့မှာ ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ်နှင့် အာဟာရဇရုပ်တို့ ဖြစ်၏။

## ဘဝတစ်ခု၏ ရုပ်အစဉ်နှင့် နာမ်အစဉ်

ဘဝတစ်ခု၏ ရုပ်တရားများက အခြားဘဝအသစ်တစ်ခုကို ဖြစ်ပေါ်စေနိုင်စွမ်း မရှိပါ။ အကြောင်းမှာ ဤဘဝ၏ ရူပသန္တတိအစဉ်ကြီး ပြတ်သွားခဲ့ပြီး ဖြစ်သောကြောင့်တည်း။

ဤဘဝ၏ အစဦးဆုံးနာမ်က ပဋိသန္ဓေ ဝိညာဉ်စိတ်ဖြစ်ပြီး အစဦးဆုံးရုပ်က ကမ္မဇရုပ် ဖြစ်ပါသည်။ နာမ်တရားစေတနာကသာ ရုပ်နာမ်နှစ်ပါးကို ဖြစ်စေနိုင်စွမ်း၏။

ထို့ကြောင့် နာမ်အစဉ်မှာမူ အနန္တရ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတသတ္တိဖြင့် အခြားမရှိ ဖြစ်တည်ပျက်အစဉ်ဖြင့် ဘဝပေါင်း ထောင်သောင်း သိန်းသန်းမက ဖြစ်နေပါသည်။ သို့ပါ သော်လည်း ဘဝအသစ်၏ ရူပသန္တတိအစဉ်မှာမူ ထူထောင်ခဲ့သည့် ကံအားလျော်စွာ လူရုပ်၊ နတ်ရုပ်၊ ခွေးရုပ်၊ နွားရုပ်တို့လည်း ပြောင်းလဲ ဖြစ်နိုင်သည်သာ။

## ဘဝတစ်ခု၏ ပထမဦးဆုံးစိတ်နှင့် နောက်ဆုံးစိတ်

ဘဝဟောင်းမှ ဘဝအသစ်ဖြစ်ရာတွင် ဘဝဟောင်း၏ နောက်ဆုံးစိတ်ကို စုတိစိတ်ဟု ခေါ်ပါသည်။ စုတိစိတ်၏ ခဏမခြား ဖြစ်ပေါ်လာသောစိတ်ကို ပဋိသန္ဓေစိတ်ဟု ခေါ်ပြီး ဘဝအသစ်၏ပထမဦးဆုံးသော စိတ်ကိုလည်း ပဋိသန္ဓေစိတ်ဟု ခေါ်ပါသည်။ ထိုစိတ်၏ နောက်၌ ခဏမခြား ဖြစ်ပေါ်လာသည့်စိတ်ကိုမူ ပဋိသန္ဓေစိတ်ဟု မခေါ်ဘဲ အမည်အသစ်ဖြင့် ဘဝင်စိတ်ဟုခေါ်သည်။

စုတိစိတ်၊ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်တို့သည် နေရာအားလျော်စွာ အမည်အခေါ် အဝေါ် ကွဲပြားပါသော်လည်း ဆိုင်ရာဘဝတစ်ခုတွင် အတူတူပင် ဖြစ်သည်။ "*ပဋိသန္ဓိ ဘဝင်္ဂဉ္စ တထာ စဝန မာနသံ*"ဟု စာပေ၌ လာရှိပါသည်။

*မှတ်ချက်။ ။ သတိပြုစရာတစ်ခုမှာ ပဋိသန္ဓေအခိုက် ပစ္ဆာဇာတပစ္စည်း မရပါ။ အကြောင်းမှာ ရှေးကဖြစ်နှင့်ပြီးသည့် ရုပ်မရှိသောကြောင့်တည်း။*

## အမိဝမ်းထဲ ပဋိသန္ဓေတည်သည့် သတ္တဝါ

ဘဝတစ်ခုမှ သေဆုံးပြီးနောက် အမိဝမ်းထဲ ပဋိသန္ဓေတည်သည့် သတ္တဝါတို့၏ ပဋိသန္ဓေခဏ၌ နာမ်တရားအဖြစ် ပဋိသန္ဓေ ဝိညာဏ်စိတ်နှင့် စေတသိက် ၃၃-ခု ဖြစ်လာသည်။ ရုပ်တရားအဖြစ် ကာယဒသက၊ ဘာဝဒသက၊ ဝတ္ထုဒသကဟူသော ကံကြောင့်ဖြစ်သည့် ကမ္မဇရုပ်ကလာပ် သုံးစု (သုံးစည်း)တို့ တစ်ပြိုင်တည်း ဖြစ်လာကြ၏။

## ပစ္ဆာဇာတပစ္စည်း၏ သင်္ချာ

ပစ္ဆာဇာတပစ္စည်း၏ သင်္ချာမှာ - ၃ ဖြစ်ပါသည်။ ထို့ကြောင့် "ပစ္ဆာဇာတေ တီဏိ" ဟု မှတ်သားနိုင်ပါသည်။ ထိုသင်္ချာကို အောက်ပါအတိုင်း လေ့လာနိုင်ပါသည် -

**ကုသလ သင်္ချာ-၁**

(၁) ကု-ဗျာ

**အကုသလ သင်္ချာ-၁**

(၁) အကု-ဗျာ

**အဗျာကတ သင်္ချာ-၁**

(၁) ဗျာ-ဗျာ

**Mind to Matter**

ပစ္ဆာဇာတပစ္စည်းသည် နာမ်တရားက ရုပ်တရား (Mind to Matter) ကို ကျေးဇူးပြုသော ပစ္စည်း ဖြစ်သည်။

## ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား

ပစ္စယဟူသော အကြောင်းတရားမှာ - အရူပဝိပါက် - ၄ ခု ကြဉ်သောစိတ် - ၈၅ ပါး နှင့် စေတသိက် - ၅၂ ပါးတို့ ဖြစ်ပါသည်။

ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - ပဋိသန္ဓေ (ဝုဋ္ဌောမနောဒွါရဝဇ္ဇန်း) အစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်သော ဧကဇ၊ ဒွိဇ၊ တိဇ၊ စတုဇကာယတို့ ဖြစ်ပါသည်။

## ပစ္ဆာဇာတမျိုး (၄) ပါး

ပစ္ဆာဇာတမျိုး (၄) ပါးရှိသည်။ ၎င်းတို့မှာ -

၁။ ပစ္ဆာဇာတ၊ ၂။ ပစ္ဆာဇာတဝိပ္ပယုတ္တ၊ ၃။ ပစ္ဆာဇာတတ္ထိနှင့် ၄။ ပစ္ဆာဇာတအဝိဂတတို့ ဖြစ်ပါသည်။

# ၁၂။ အာသေဝနပစ္စယော

# Daily life Paṭṭhāna

## Asevana Paccayo (Repetative condition)




*ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာသေဝနပစ္စယေန ပစ္စယော။ (ကု၊ ကု -၁)*

ကုသိုလ်တည်းဟူသော အကြောင်းဓမ္မသည် ကုသိုလ်တည်းဟူသော အကျိုးဓမ္မအား အာသေဝနပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**နောက်ဇောများအား ဂုဏ်သတ္တိသာလွန်ရန် အားကောင်းရန် အကြိမ်ကြိမ် ဖြစ်စေခြင်း ထုံမွမ်းခြင်းဖြင့် ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည်**

The *'Âsevana'* means repetition, doing something again and again. It is compared to previous learning. It is also compared to using perfume again and again.



'နောက်နောက်မွှန်လေး၊ သာလွန်မွှေးအောင်၊ ရှေးရှေးထုံထား၊ နံ့သာလားသို့' ဟု လာရှိသည်နှင့်အညီ နံ့သာတုံး၊ နံ့သာခဲများသည် အတူတူ ထုံထားသော အဝတ်တန်ဆာ

တို့အား မွေးကြိုင်အောင် ကျေးဇူးပြုသကဲ့သို့ ကျမ်းဂန်စာပေတို့ ရှေးရှေးသင်ယူမှုသည် နောက်နောင်သင်ယူမှုအား လွယ်ကူအောင် ပို၍ တတ်သိလာအောင် ကျေးဇူးပြုသကဲ့သို့ ရှေးရှေးကုသိုလ်၊ အကုသိုလ်၊ ကိရိယာဇောစိတ်များသည် နောက်နောင်ဖြစ်ပေါ်သော ကုသိုလ်၊ အကုသိုလ်၊ ကိရိယာဇောစိတ်များအား ဂုဏ်သတ္တိသာလွန်ရန်၊ အားကောင်းလာရန် အကြိမ်ကြိမ် ထုံမွမ်းသောအားဖြင့် ဖြစ်ပေါ်လာအောင် ကျေးဇူးပြုသည်။

**Doing something again and again.**

အာသေဝန (အာ + သေဝန) အာ = အထပ်ထပ်အခါခါ။ သေဝန = ထုံမွမ်းသည်၊ ပွားများသည်ဟု အဓိပ္ပါယ်ရပါ သည်။ ဇောတစ်ခုက ထိုဇောမျိုး ထပ်ခါထပ်ခါ ဖြစ်စေခြင်းကို ဆိုလိုပါသည်။ ပမာအားဖြင့် ရှေ့ရှေ့ကုသိုလ်ဇောက နောက်နောက် ကုသိုလ်ဇောကို ကုသိုလ်ဖြင့် အထပ်ထပ် ထုံမွမ်းခြင်းကို Repetitive condition = အာသေဝနပစ္စည်း မည်ပေသည်။

*"အသေဝနာ စ ဗာလာနံ"* ၌ အသေဝန အဓိပ္ပါယ်မှာ မပေါင်းသင်းရဟု ဆိုလိုပါသည်။ ပဋ္ဌာန်းတရားတွင်မူ အာသေဝနဟူသည် အထပ်ထပ် ထုံမွမ်းခြင်း Repetation. Doing something again and again. ဟု အဓိပ္ပါယ်ရ ပါသည်။

ရှေးဆရာမြတ်များက အာသေဝနပစ္စည်းကို ရှေ့ရှေ့၌ စာပေကျမ်းဂန် သင်ကြားခြင်းသည် နောက်နောက်၌ စာပေကျမ်းဂန်သင်ကြားခြင်းကို လွယ်ကူထက်သန်စေရန် ကျေးဇူးပြုသကဲ့သို့ ရှေ့ရှေ့ဇောတို့က နောက်နောက်ဇောတို့အား ထက်သန်အားရှိစေရန် ကျေးဇူးပြုခြင်းကို ဥပမာ ပြတော်မူကြပါသည်။

## အာသေဝနကို ဥပမာများဖြင့် လေ့လာခြင်း

ပမာပြရသော် ပူပြင်းလှသည့် နွေဥတု၏ ညနေဆောင်း၌ ရေချိုးရာတွင် ပထမ ရေတစ်ဖလားလောင်းသော် မအေးနိုင်သေးပါ။ ဒုတိယအကြိမ် နှစ်ဖလားမြောက် လောင်းသော်လည်း မအေးသေးပါ။ သုံးဖလား၊ လေးဖလား ငါးဖလား ဆက်ကာ ဆက်ကာ လောင်းပေးသောအခါ ခန္ဓာကိုယ်ကြီး တဖြည်းဖြည်း အေးလာသည့် ပမာတည်း။ ရှေ့ရေဖလားများက ခန္ဓာကိုယ်အေးလာစေရန် နောက်နောက်ရေဖလားများကို ကျေးဇူးပြုပါသည်။ အာသေဝနပစ္စည်းကို ဤဥပမာဖြင့်လည်း နားလည်နိုင်မည် ဖြစ်ပါသည်။

အဖန်ဖန် အထပ်ထပ် ထုံမွမ်းခြင်းကို တစ်နည်း ဥပမာထပ်ပေးရသော် နံ့သာကြုတ်ထဲ အဝတ်အစားထည့်ထားပါက ကာလကြာလေ ပို၍ ပို၍ မွေးကြိုင်လာလေ၊ ကာလကြာလေ ပို၍ ပို၍ မွေးကြိုင်လာလေ ဖြစ်ပါသည်။ ဤတွင် ရှေးရှေး အမွေးအကြိုင် ထုံမွမ်းမှုက နောက်နောက် အမွေးအကြိုင် ထုံမွမ်းမှုကို အားရှိလာစေသကဲ့သို့ အာသေဝနကို နားလည်နိုင်ပါသည်။

အာသေဝနပစ္စည်းကို လောကအမြင်ဖြင့်လည်း ဥပမာပြပါမည်။ Musical instrument တူရိယာတစ်ခုခုကို တီးခတ်သည်နှင့် ပမာပြုနိုင်ပါသည်။ အစ၌ အတီးအမှုတ်ကို လေ့ကျင့်နေရပြီး နောက်ပိုင်းကာလတွင် တီးမှုတ်နေခြင်းကပင် လေ့ကျင့်နေခြင်း ဖြစ်ပေတော့သည်။ အကြိမ်များများ တီးမှုတ်လေ ပို၍ ကျွမ်းကျင်လာလေပေတည်း။ ဤသည်ကို အာသေဝနနှင့် ပမာပြုကာ နားလည်နိုင်မည် ဖြစ်ပါသည်။

ကုသိုလ်ဇောသည် ကုသိုလ်ဇောကိုလည်းကောင်း၊ အကုသိုလ်ဇောသည် အကုသိုလ်ဇောကိုလည်းကောင်း အားကောင်းသည်ထက် အားကောင်းအောင် အာသေဝနသတ္တိဖြင့် အဖန်ဖန် အထပ်ထပ် ထုံမွမ်းကာ အားဖြည့်ပေးပါသည်။

ဤနေရာတွင် အာသေဝနဟူသည် အားထုတ်မှုသာဖြစ်ပြီး အားမထုတ်ဘဲ မဖြစ်ကြောင်းကို ဥပမာဖြင့်ပြပါမည်။ 'ဘုရားဖူးသွားမယ်'ဟုဆိုပြီး လုံ့လ ဝီရိယ အားထုတ်မှုသာ ကုသိုလ်ဇော စိတ္တုပ္ပါဒ် ဖြစ်ပေါ်လာ၏။ အကုသိုလ် အရာ၌လည်း ပါဏာတိပါတအမှုဖြစ်သည့် ခြင်တစ်ကောင်ကို ရိုက်သတ်ရန် လုံ့လ ဝီရိယအားထုတ်မှုသာ အကုသိုလ်ဇောဝီထိ စိတ္တုပ္ပါဒ် ဖြစ်ပေါ်၏။

## တောဟူသည် သူတော်ကောင်းကြီးတို့မြတ်နိုးရာဌာန ဖြစ်ပါသည်

ဗုဒ္ဓအလောင်းအလျာ သိဒ္ဓတ္ထမင်းသားကို လုမ္ဗိနီအင်ကြင်းတော၏အလယ်၌ ဖွားမြင်တော်မူ၏။ နန်းစည်းစိမ်ကိုစွန့်၍ ဉရုဝေလတောကိုမှီကာ ခြောက်နှစ်တာ ကာလပတ်လုံး တရားရှာမှီး၏။ မိဂဒါဝုန်တော၌ပင် ဓမ္မစကြာတရားဦးကို ဟောကြားတော်မူပြီး ဘုရားရှင်သည် တောအရပ်များ၌ပင် ကာလရှည်ကြာချမ်းမြေ့စွာ သီတင်းသုံးတော်မူခဲ့ပါသည်။ ခန္ဓာဇာတ်သိမ်း အနုပါဒိသေသနိဗ္ဗာန် စံဝင်တော်မူရန် နောက်ဆုံးဦးခေါင်းချတော်မူရာ အရပ်သည်လည်း ကုသိနာရုံ အင်ကြင်းတောပင်ဖြစ်၏

မြတ်စွာဘုရားရှင်၏ သားရဟန်းတစ်ပါးဖြစ်တော်မူသည့် နဘူးကျောင်းဆရာတော်ကြီးသည် ရန်ကုန်မြို့ကြီးရှိ ဘုရားဖြူစာသင်တိုက်မှ သပိတ်တစ်လုံး သင်္ကန်းသုံးထည်ဖြင့် တောထွက်တော်မူပြီး ရွှေစက်တော်ဘုရား ခြေတော်ရင်းမှ ဂူတစ်ခုအတွင်း သီတင်းသုံးတော်မူခဲ့ပါသည်။ ဝါဆိုကာ သီတင်းသုံးမည့် ဂူအတွင်းအကဲခတ်ရာ မြွေဆိုးတစ်ကောင် ဂူပေါက်ဝနံရံတွင် ခိုအောင်းနေသည်ကို တွေ့ရပါသည်။ ထိုအခါ ဆရာတော်ဘုရားကြီးက -

"ဒီဂူထဲ သီတင်းသုံးမှာက ရဟန်း၊ မင်းက အဆိပ်ရှိတဲ့ သတ္တဝါဆိုတော့ လူနှင့်အတူနေလို့ မဖြစ်ပေဘူး"ဟု မိန့်တော်မူကာ မေတ္တာပို့သ ဖယ်ရှားခဲ့ရဖူးကြောင်း သိရပါသည်။ ထိုဂူထဲ၌ပင် ဝါဆိုတော်မူကာ တောလမ်းအတိုင်း ရွာထဲ ဆွမ်းခံကြွတော်မူပါသည်။ တစ်နေ့ တောထဲဆွမ်းခံသွားရာခြေလမ်းတွင် သွေးကွက်များနှင့် စွပ်ကြောင်းတစ်ကြောင်းကို တွေ့ရပါ

သည်။ ဆရာတော်ကြီးက မိမိသီတင်းသုံးရာဂူနှင့် မလှမ်းမကမ်းနေရာတွင် အခါတိုင်း မတွေ့ဘူးသည့် အခြေအနေထူးတစ်ရပ်ကို ကြုံတွေ့နေရသဖြင့် ဖြစ်စဉ်အမှန်ကို သိမှ သင့်တော်ပေမည်ဟု နှလုံးသွင်းတော်မူကာ လမ်းမှဖယ်ခွာသွားသည့် သွေးကွက်နှင့် စွပ်ကြောင်းအတိုင်း တောထဲသို့ သတိကြီးစွာထားပြီး လိုက်သွားပါသည်။ ခြေသွားလမ်း၏ ညာဘက် မလှမ်းမကမ်းရှိ သစ်ပင်ကြီးတစ်ပင်အောက်တွင် ခြသေ့ သို့မဟုတ် ကျား စသည့် အသားစားသတ္တဝါ တစ်ကောင်ကောင်က ရိုက်ပုတ် ဖမ်းဆီးသတ်ဖြတ် စားသုံးပြီး ဝမ်းဗိုက်အတွင်းမှ ကလီစာပင် မရှိတော့သည့် စားကြွင်းစားကျန် ခန္ဓာကိုယ် အစိတ်အပိုင်းကို မြင်ရပါသည်။ သီတင်းသုံးရာ ဂူနှင့် မလှမ်းမကမ်းတွင် အသက်အန္တရာယ် ပြုနိုင်လောက်သည့် သားစားသတ္တဝါ ရှိနေပေပြီ။ မေတ္တာနှင့် သစ္စာကိုသာ အားကိုးရပေတော့မည်ဟု နှလုံးပိုက်ကာ ဆွမ်းခံရွာသို့ ကြွတော်မူပါသည်။ ဆွမ်းခံရွာရောက်သော် ဆွမ်းလာလောင်းသည့် ဒါယကာတို့အား -

"ဆွမ်းခံတောလမ်းရဲ့ ညာဘက်က သစ်ပင်ကြီးကြီးအောက်မှာ ဝမ်းတွင်းကလီစာတွေ မရှိတော့တဲ့ ပံ့သကူအကောင်ကြီးတစ်ကောင်တော့ တွေ့ခဲ့ရတယ်"ဟု မိန့်တော်မူသဖြင့် ရွာသားများ သွားရောက်ကာ ယူကြပါသည်။ ရဟန်းသည် ပိုင်ရှင်မပေးသည့် ဥစ္စာကိုယူလျှင် တန်ဖိုးအားလျော်စွာ ပါရာဇိကအာပတ်အထိ သင့်နိုင်ပါသည်။ သို့သော် တိရစ္ဆာန်၏ စားကြွင်း စားကျန်ကိုယူလျှင် (ဝါ) ယူခိုင်းလျှင်မူ အာပတ်မသင့်ဟု ပါရာဇိကပါဠိတော်တွင် လာရှိပါသည်။

## ၈ လယ် အဆုံး၊ တောမှာပုန်း ကျင့်သုံးစံပြ၊ ဒို့ဗုဒ္ဓ

ဆရာတော်ကြီးသည် ဓုတင်ဆောက်တည်ကာ တောတောင်ထဲ၌ နှစ်ပေါင်း-၄၅ နှစ်ကျော် ကာလရှည်ကြာ သီတင်းသုံးတော်မူခဲ့ပါသည်။ ရဟန်းတော်များကို တောရသာသနာ ချစ်မြတ်နိုးလာတတ်လာစေရန် ရည်ရွယ်ကာ မြတ်ဗုဒ္ဓ၏ဘဝသည် '၈ လယ် အဆုံး၊ တောမှာပုန်း ကျင့်သုံးစံပြ၊ ဒို့ဗုဒ္ဓ' ဖြစ်တော်မူသကဲ့သို့ ဘုရား၏ သားရဟန်းများလည်း တော၏ အရသာကို တစ်သက်ပတ်လုံး မဟုတ်စေကာမူ၊ တစ်နှစ်ဖြစ်စေ၊ တစ်လမျှဖြစ်စေ သီတင်းသုံး နေထိုင်ရန် တိုက်တွန်းတော်မူလေ့ ရှိပါသည်။ ဓုတင်ဆောင်ရဟန်း၊ ဝိနည်းဆောင်ရဟန်း၊ တော၌ သီတင်းသုံးတော်မူသည့် ရဟန်းတော်များကို ဝါမည်မျှ ငယ်သည်ဖြစ်စေ ချစ်ခင် မြတ်နိုးတော်မူပါသည်။ ကြည်ညို လေးစားတော်မူပါသည်၊ တန်ဖိုးထားတော်မူပါသည်။

ဆရာတော်ကြီး၏တစ်သက်တာ တောထဲ၌ပင် အာရညကင်ဓုတင်အပါအဝင် ဓုတင် ၁၃-ပါးကိုဆောင်ကာ ကျင့်ကြံနိုင်ခြင်းသည် ဘဝါဘဝများစွာကပင် ထုံမွမ်းလာခဲ့သည့် အလေ့ အလာ အာသေဝနသတ္တိကြောင့် ဖြစ်နိုင်ပေသည်။

---

**ကျမ်းညွှန်း** ✻ (၁၄၀)၊ ဒုတိယပါရာဇိက ဝိနီတဝတ္ထု၊ ပါရာဇိကကဏ္ဍ၊ ပါရာဇိကပါဠိ (နှာ-၇၃)

အဘယ်ကြောင့်ဆိုသော် ဆရာတော်ကြီးသည် သုသာန်၌လည်းကောင်း၊ တော၌လည်းကောင်း၊ သစ်ပင်အောက်တို့၌လည်းကောင်း၊ ဂူထဲ၌လည်းကောင်း ဆင်းရဲငြိုငြင်စွာဖြင့် သီတင်းသုံးတော်မူနေသည်ဟု ပတ်ဝန်းကျင်က ထင်ကောင်းထင်နေကြမည် ဖြစ်ပါသော်လည်း ဆရာတော်ကြီး၌ ဆင်းရဲသည့်အရိပ်အရောင်လည်းမရှိ၊ ပင်ပန်းနေသည့်အရိပ်အရောင်လည်းမရှိ၊ ငြိုငြင်နေသည့် အရိပ်အရောင်လည်းမရှိဘဲ ပကတိ ရွှင်လန်း ချမ်းမြေ့စွာဖြင့် ပြုလုပ်မြဲအလုပ်ကို အထပ်ထပ်ပြုလုပ်နေသည့်ပမာ ဖူးတွေ့ရခြင်းကြောင့် ဖြစ်ပါသည်။ ဆရာတော်ကြီး၏သန္တာန်၌ ဘဝအဆက်ဆက်က ထုံမွမ်းလာခဲ့သည့် အာသေဝန၏သတ္တိကား ရဟန္တာဖြစ်ပြီး ကျွတ်တမ်းဝင်သည့်တိုင် ကျေးဇူးပြုပေတော့မည်မှာ မလွဲဧကန်ပါတည်း။

## ပါရမီပြည့်မှုကို အာသေဝနဖြင့် နားလည်နိုင်သည်

ရဟန်းသီလဖြည့်ကျင့်မှု၊ ခုတင်ဆောက်တည်မှု၊ လောကီ စျာန် တန်ခိုး အဘိညာဉ်၊ မဂ် ဖိုလ်ရမှု၊ ပါရမီပြည့်မှုတို့ ဟူသည် အာသေဝနပစ္စည်းပင်တည်း။ ကုသိုလ်၊ အကုသိုလ်တို့ အကြောင်းအထောက်အပံ့ ကြီးစွာရပြီး အကျိုးဖြစ်ထွန်းလာမှုသည်လည်း ပကတူပနိဿယ၏ သတ္တိဖြစ်ပြီး အာသေဝနသတ္တိဖြင့် အကြိမ်ကြိမ်ထုံမွမ်းပြီး ကျေးဇူးပြုခံရသည့် ပရမတ္ထ နာမ်တရားက အားကောင်းလာပါသည်။

ဘုရားအလောင်းတော်နှင့် အလောင်းအလျာများ ပါရမီဖြည့်ကျင့်ခဲ့သည့်ကာလ ရှည်ကြာပါသည်။ လွန်ခဲ့သည့် ၉၁-ကမ္ဘာအထက်ကာလက ပြုခဲ့သည့် ကုသိုလ်ကောင်းမှုတို့က ဘုရားဖြစ်တော်မူသည့်ဘဝအထိ လာပြီး ကျေးဇူးပြုပါသည်ဟု ပဋ္ဌာနုဒ္ဒေသကျမ်း၌ လာရှိပါသည်။

## ပါရမီတိုးကြောင်းနှင့် ကိလေသာတိုးကြောင်း

သူလိုကိုယ်လိုလူတို့က အချိန်တိုင်း၊ အချိန်တိုင်း၌ လောဘတိုးကြောင်း၊ ဒေါသတိုးကြောင်း၊ မောဟတိုးကြောင်း၊ မာနတိုးကြောင်း၊ ဒိဋ္ဌိတိုးကြောင်းဟူသော စိတ်ကိုပူလောင်ပင်ပန်းစေတတ်သည့် ကိလေသာ ၁၀-ပါး တိုးပွားကြောင်းကိုသာ နေ့မနား၊ ညမနား လုပ်ဆောင်နေကြပါသည်။ (ကိလေသာဆယ်ပါးလက်ာ-လောဘ၊ ဒေါသ၊ မော၊ မာန၊ ဒိဋ္ဌိ၊ ဝိကိစ္ဆာ၊ ထိန၊ ဥဒ္ဒစ်၊ အဟိရိ၊ နောက်ဆုံးအနောတပ်)

အနည်းငယ်မျှသော လူနည်းစုကသာ ဒါနကုသိုလ်တိုးကြောင်း၊ သီလကုသိုလ်တိုးကြောင်း၊ နိက္ခမကုသိုလ်တိုးကြောင်း၊ ပညာကုသိုလ်တိုးကြောင်း၊ ဝီရိယကုသိုလ်တိုးကြောင်း၊

---

**ကျမ်းညွှန်း** * အရှင်ခေမာနန္ဒ(ရန်ကင်းတောရ)၊ မဟာထေရမြတ်တို့၏ စံနမူနာယူစရာ ကျင့်သီလအပိုင်း (၁) (၂၀၁၄၊ ဒုတိယအကြိမ်)

ခန္တီကုသိုလ်တိုးကြောင်းမည်သော ဘဝသံသရာလွတ်မြောက်ရေးကို ဦးတည်သည့် ပါရမီ ၁၀-ပါး တိုးကြောင်းကို လုပ်ဆောင်နေကြပါသည်။ (ပါရမီဆယ်ပါးလင်္ကာ - ဒါန၊ သီလ၊ နိက္ခမ၊ ပညာ၊ ဝီရိယာ၊ ခန္တီ၊ သစ္စာ၊ ဓိဋ္ဌာန၊ မေတ္တာ၊ ဥပေက္ခာ)

ထို့ကြောင့် လောက၌ ကုသိုလ်ပါရမီတိုးကြောင်းလုပ်နေသည့် သေးငယ်သည့် လူအုပ်စုနှင့် ကိလေသာကြီးပွားတိုးတက်ရေးကို လုပ်ဆောင်နေသည့် ကြီးမားသည့် လူအုပ်စုဟူ၍ လူအုပ်စု နှစ်စုသာ ရှိပေသည်။ ဤတွင် အသိဉာဏ်ကြီးမားသူက ပါရမီတိုးကြောင်းကို များများလုပ်ပြီး၊ အသိဉာဏ်ပါးရှားသူတို့က ကိလေသာတိုးကြောင်းကို များများလုပ်နေကြပါသည်။

## ကျွန်မလေးပုဏ္ဏာ (မပြည့်)

ဘုရားရှင်၏ ကျောင်းဒါယကာကြီး အနာထပိဏ်သူဌေး၏အိမ်၌ အယောက်တစ်ရာ ပြည့်မြောက်သည့် ကျွန်မလေးမပြည့်၊ ပါဠိဘာသာဖြင့် ပုဏ္ဏဒါသီ၏ ဘဝအဆက်ဆက်က အာသေဝနသတ္တိကိုလည်း ထင်ရှားစွာ လေ့လာနိုင်မည် ဖြစ်ပါသည်။

သူမက သူဌေးအိမ်တွင် ရေခပ်ကျွန်မတာဝန် ယူရလေသည်။ တစ်ခုသော ဆောင်းတွင်းကာလ အအေးဒဏ်ကို အမှုမထားနိုင်ဘဲ အခါတိုင်းကဲ့သို့ပင် အစိရဝတီမြစ်ကမ်းပါးသို့ နံနက် ဝေလီဝေလင်း ရေခပ်သွားပါသည်။

မြစ်ဆိပ်တွင် လူတစ်ယောက်သည် အပေါ်ဝတ်မပါ ဗလာကျင်း၍ ရေထဲ ငုပ်ချီ ပေါ်ချီ ပြုနေရာ အအေးဒဏ်ကြောင့် နှုတ်ခမ်းများမှာလည်း ပြာနေ၏။ တစ်ဆတ်ဆတ်လည်း တုန်နေရှာသည်။ ဤသူကား သာဝတ္ထိမြို့မှ ထင်ရှားသည့် ပုရောဟိတ်ပုဏ္ဏားကြီးတစ်ပါး ဖြစ်ကြောင်း မပြည့်သိပါသည်။

ဤမျှချမ်းအေးနေသည့်အချိန်တွင် အဘယ့်ကြောင့် မြစ်ထဲရေဆင်းချိုးနေသည်ကို သိလိုလှသဖြင့် ပုဏ္ဏားကြီးအဝတ်အစားများ ဝတ်ရုံပြီးသောအခါ မေးကြည့်ပါသည်။ "ဆရာ *ပုဏ္ဏားကြီး အရှင်သခင်တို့၏ ဆဲရေးခြင်း ရိုက်ပုတ်ခြင်းဟူသောအကြောင်းကြောင့် ကျွန်မသည် အအေးဒဏ်ကိုအံတုပြီး မြစ်အတွင်းဆင်းကာ ရေခပ်ရ၏။ ဆရာပုဏ္ဏားသည်ကား မည်သူ့ကို ကြောက်၍ ရေထဲသို့ ဆင်းရပါသနည်း။ အဘယ့်ကြောင့် အအေးဒဏ်ကိုခံကာ စောစောစီးစီး ရေထဲတွင် ဆင်းပါသနည်း*"ဟု သိလိုရင်းဖြင့် မေးလေ၏။

## ပုဏ္ဏားကြီး၏ အကုသိုလ်ဆေးကြောသည့်ဒဿန

ထိုအခါ ပုဏ္ဏားကြီးက "*မိန်းကလေး ငါသည် မကောင်းမှုကို ပြုခဲ့မိ၏။ ထိုမကောင်းမှုများ ကျေပျောက်စေရန် စောစောစီးစီး ရေချိုးခြင်းဖြစ်၏။ လောက၌ ငယ်သူဖြစ်ဖြစ်*

*ကြီးသူဖြစ်ဖြစ် မကောင်းမှုပြုမိသော် ဤကဲ့သို့ စောစောစီးစီး ရေချိုးလိုက်ပါမူ ထိုမကောင်းမှုများသည် ကင်းစင် လွင့်ပျောက်သွားလေပြီ"*ဟု သူ၏ ဒဿနကို ပြောပြလေသည်။

ထိုအခါ ကျွန်မ မပြည့်က *"ဆရာပုဏ္ဏား မကောင်းမှုကို ရေဖြင့်ဆေးကြော၍ သန့်စင်ရိုးမှန်လျှင် ရေထဲအမြဲနေသည့် ငါး၊ လိပ်၊ မိကျောင်းတို့သည် အမြဲ စင်ကြယ်နေရာ၏၊ အကုသိုလ်ကို ရေဖြင့်ဆေးကြော၍ ရရိုးမှန်လျှင် ရေဆေးစဉ် ကုသိုလ်တရားတို့လည်း ရေဖြင့်သာ မျှောပါသွားကုန်ရာ၏၊ ဆရာပုဏ္ဏားကြီး မကောင်းမှုကို ကြောက်သဖြင့် နေ့စဉ် ရေချိုး၏။ အမှန်အားဖြင့် ထိုမကောင်းမှုသည် အကျိုးမပေးဘဲမနေ။ အကျိုးတဖန် ပေးလာပြန်မူ ဆင်းရဲရ၏။ ဆရာပုဏ္ဏားကြီး မကောင်းမှုကို ကြောက်လျှင် မကောင်းမှုကို မပြုဘဲနေရာ၏"* ဟု ပြော၏။

ပုဏ္ဏားကြီးသည် မကောင်းမှု၏ စင်ကြယ်ပုံ လွတ်မြောက်ရပုံကို သဘာဝကျကျ ပြောပြသောသူမအား အပေါ်ရုံအဝတ်လွှာတစ်ခုကို ပေး၏။ ထိုအခါ ပုဏ္ဏားကြီးသည် ဤမိန်းကလေးသည်ပင် ဤမျှတတ်သိနားလည်နေပါမူ သူ့ဆရာကား ဆိုဖွယ်ရာမရှိဟု တွေးဆကာ မြတ်စွာဘုရားအား ကိုးကွယ် ဆည်းကပ်လေတော့၏။ သရဏဂုံတည်ကာ ဥပါသကာအဖြစ်သို့ ရောက်ရှိသွားလေတော့၏။ထို့ကြောင့်အနာထပိဏ် သူဌေးသည် မပြည့်အားကျွန်ဘဝမှ လွတ်ငြိမ်းချမ်းသာခွင့်ဟူသော ဆုလာဘ်ကို ပေးလိုက်လေ၏။

## ကျွန်မကလေးရဟန်းမိန်းမ ဖြစ်ခွင့်ရလေပြီ

မြတ်စွာဘုရားရှင်၏သာသနာတော်၌ ကျွန်အား ရဟန်းပြုမပေးရဟု ဝိနည်း ပညတ်တော် ရှိလေသည်။ အရှင်က ကျွန်အဖြစ်မှ လွတ်ငြိမ်းခွင့် ပေးသောအခါမှသာလျှင် ရဟန်းပြုခွင့် ရရှိလေ၏။ ထို့ကြောင့် မပြည့်သည် ဘုရားရှင်ထံပါးသွားကာ ရဟန်းမအဖြစ် တောင်းပန်ပြီး တရားဘာဝနာကို ကြိုးစားပွားများအားထုတ်ရာ မကြာမီပင် အရဟတ္တဖိုလ်သို့ ဆိုက်လေတော့၏။

ဝိပဿီမြတ်စွာဘုရား၊ သိခီမြတ်စွာဘုရား၊ ဝေဿဘူမြတ်စွာဘုရား၊ ကကုသန်မြတ်စွာဘုရား၊ ကောဏာဂုဏ်မြတ်စွာဘုရား၊ ကဿပမြတ်စွာဘုရားတို့၏ သာသနာတော်တွင် ဘိက္ခုနီမအဖြစ်ဖြင့် စာသင်စာချ တရားဟောခြင်းများကို လုပ်၍ ပါရမီဖြည့်ခဲ့သော သူတစ်ယောက် ဖြစ်ပါလျက် သူမသည် အဘယ့်ကြောင့် ကျွန်ဘဝကို ရောက်နေရပါသနည်း။

ဂေါတမဘုရားရှင်လက်ထက်တော်တွင် အာသဝေါကင်းကွာ ရဟန္တာဖြစ်မည့်သူ မှန်သော်လည်း သံသရာခရီးကို လျှောက်လှမ်းခဲ့စဉ် မပြုသင့်မပြုထိုက်သည့် အမှားများစွာကို လုပ်ခဲ့မိသောကြောင့် ကျွန်မဘဝသို့ ရောက်ရှိခဲ့ခြင်း ဖြစ်ပါသည်။ သူမ၏အမှားကား အခြား မဟုတ်။ မာနခက်ထန်ခြင်းတည်း။ မာန်မာန ခက်ထန်သူများသည် အမျိုးယုတ်၌ ဖြစ်တတ်လေ၏။

တစ်ဖန် အယူလွဲမှားနေသည့် ပဏ္ဍိတ်ပညာရှိကြီး၏ နှလုံးသားကို ထိခိုက်စေနိုင်လောက်သည့် တရားစကားကို ကျွန်မလေးမပြည့်က ပြောပြနိုင်ခြင်းမှာလည်း ဤဘဝ တစ်ခုတည်း၏ ဆည်းပူးလေ့လာခဲ့သည့်သတ္တိ မဟုတ်ပါပေ။ ခြောက်ဆူသော ဘုရားရှင်တို့၏ လက်ထက်တော် အခါကာလက အဌကထာ ဖွင့်နိုင်လောက်သည့်အထိ အထပ်ထပ် ထုံမွမ်းလာခဲ့သည့် ဉာဏ်စွမ်းရည်၏သတ္တိ potential ပေတည်း။ ထို့ကြောင့် ဘဝခြားသော်လည်း ဖြစ်၊ တည်၊ ပျက် နာမသန္တတိအစဉ် Mental process တွင် အနန္တရ၊ သမနန္တရ၊ အာသေဝန၊ နာနာက္ခဏိက ကမ္မပစ္စည်းတို့၏ ကျေးဇူးပြုခြင်းကြောင့် potential energy သတ္တိအဖြစ် ပါဝင်လာခြင်း ဖြစ်ပေသည်။ (လက်ာ - ဂေါ၊ က၊ ကော၊ က၊ ဝေ၊ သိ၊ ဝိ ဘုရားခုနှစ်ဆူတည်း)

## အားကြီးလှသည့် အာသေဝနသတ္တိ

ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဝင်းရော်ဆိပ်ကြီးရွာ၌ သီတင်းသုံးတော်မူသည့် ဝင်းရော်ဆိပ်ကြီးတောရ ဆရာတော်ဘဒ္ဒန္တဇောတိပါလမဟာထေရ် (AD ၁၈၈၉-၁၉၈၇)ကို ဓမ္မယုတ္တိနိကာယ မဟာရင်ဂိုဏ်း၏ ဆဌမဂိုဏ်းချုပ်အဖြစ် တင်မြှောက်ပြီးသောအခါ ဘီလူးကျွန်း ချောင်းဆုံမြို့နယ် ရွာလွတ်ရွာ နိဂြောဓာရုံ ကျောင်းဒါယကာများက သူတို့၏ ကျောင်းမှာပင် အမြဲ သီတင်းသုံးတော်မူရန် သံဃာတော်များ၏ ရှေ့မှောက်တွင် ပင့်ဖိတ်လျှောက်ထားကြပါသည်။ ထိုအခါ ဆရာတော်ကြီးက "အေး ဒကာတို့ သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်၊ ဖွတ်၊ ပဒတ်၊ ကြောင်၊ ယုန်ကောင် စသော တောကောင် သတ္တဝါတို့ မည်သည်မှာ သူတို့၏ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သော တောတောင်မှာသာလျှင် အစဉ်ပျော်မွေ့လေ့ ရှိပါတယ်။ တောမှာမွေးကာ တောမှာနေ၍ တောခေလေ့ တောမွေ့ သဘာဝသတ္တဝါ ဖြစ်သည့်အလျောက် သူတို့၏ မွေးရပ်ဌာနီ ကျက်စားရာခရီး မဟုတ်သော လူတို့၏နေရာ မြို့ရွာများ၌ မည်မျှအဆောက်အအုံ အစားအစာတွေ ပေါများပြည့်စုံ၍ ကောင်းမွန်စေကာမူ ပျော်မွေ့ခြင်း မရှိဘဲ တောတောင်ကိုသာ အမြဲထာဝရ အောက်မေ့တသကြသလို ထို့အတူပါပဲ"ဟု မိန့်တော်မူကာ ဒကာတို့ ပင့်ဖိတ် လျှောက်ထားသည်ကို လက်မခံဘဲ ပယ်မြစ်တော်မူ၏။

သံသာရဘီရုက၊ လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ဝိနယဂရုက၊ ဓူတင်တေရသဆောင်တော်မူသည့် ဆရာတော်ကြီး၏တောတောင်တို့၌သာ အစဉ်မွေ့လျော်သည့် စိတ်အစဉ်သည် ဤတစ်ဘဝတာ၏ အလေ့အကျင့်ကောင်း မဟုတ်လောက်ပေ။ ဘဝါဘဝများစွာက လေ့ကျင့်ပျိုးထောင်လာခဲ့သည့် အာသေဝနသတ္တိက အားကြီးလှပါပေသည်။

---

**ကျမ်းညွှန်း**

* (၂၃၆-၂၅၁)၊ ပုဏ္ဏာထေရီဂါထာ၊ သောဠသနိပါတ၊ ထေရီဂါထာပါဠိ (နှာ-၄၀၆)

* မောင်ပန်းမွေး၏ မြန်မာနိုင်ငံ ရဟန္တာနှင့် ရဟန်းထူးများ၊ ဘဒ္ဒန္တဇောတိပါလမဟာထေရ် (၂၀၀၈ ခုနှစ်၊ ပထမအကြိမ်)

## ဇောဟူသည်

ဇောဟူသည် အရှိန်အဟုန်ပြင်းလွန်းသောကြောင့် အာရုံပေါ်မှုတည်ပြီး- ၇ ကြိမ်ခန့် ဖြစ်ပါသည်။ ဇောအမျိုးအစားများမှာ ကုသိုလ်ဇော၊ အကုသိုလ်ဇောနှင့် ကြိယာဇောတို့ ဖြစ်သည်။ အာသေဝနပစ္စည်းက ဇောကို ရည်ညွှန်းပါသည်။ ဇောခုနစ်ကြိမ်သည် တူညီသည့် သဘာဝဖြင့် အထပ်ထပ် ဖြစ်လေ့ရှိပါသဖြင့် ပဂုဏ အလေ့အကျင့်ရလာပြီး ဗလဝ အား ကောင်းလာခြင်း ဖြစ်သည်။ ဇောရှေ့မှ စက္ခုဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌောတို့သည် မည်သည့် စွမ်းရည်သတ္တိမျှ မရှိကြပေ။ ဖြစ်ရိုးဖြစ်စဉ် တာဝန်ထမ်းဆောင်ခြင်းသာတည်း။

* အတီတဘဝင် = ကောင်းကျိုးလည်းမပေးနိုင် ဆိုးကျိုးလည်းမပေးနိုင်ပါ။

* ဘဝင်္ဂစလန = ကောင်းကျိုးလည်းမပေးနိုင် ဆိုးကျိုးလည်းမပေးနိုင်ပါ။

* ဘဝင်္ဂုပစ္ဆေဒ = ကောင်းကျိုးလည်းမပေးနိုင် ဆိုးကျိုးလည်းမပေးနိုင်ပါ။

* ပဉ္စဒွါရာဝဇ္ဇန်း။ သမ္ပဋိစ္ဆိုင်း။ သန္တီရဏ။ ဝုဋ္ဌောတို့ကလည်း ကောင်းကျိုးလည်း မပေးနိုင် ဆိုးကျိုးလည်းမပေးနိုင်ပါ။ ဇောကသာ ကောင်းကျိုး ဆိုးကျိုး ပေးနိုင်ပါသည်။

ရှေးရှေးဇောက ချုပ်ချုပ်သွားပါသော်လည်း သူ့၌ရှိသည့်စွမ်းအားကို အကြိမ်ကြိမ် ထုံမွမ်း ထုံမွမ်း ပေးလိုက်သည်။ ပမာပြရသော် ပန်းတိမ်သည်သား ဘဝများစွာ ရွှေနှင့် ထုံခဲ့၊ ရွှေနှင့် မွေ့လျော်ခဲ့သဖြင့် မြတ်ဗုဒ္ဓက ပန်တိမ်းသည်နှင့် သင့်လျော်သည့်ကမ္မဋ္ဌာန်းကို ပေးတော်မူခဲ့ သည်။ အကြိမ်ကြိမ် ထုံမွမ်းထားသဖြင့် repetitive condition ကြောင့် အားရှိနေခြင်း ဖြစ်ပါသည်။

ထို့ကြောင့် အနန္တရမျိုးထဲ ပါဝင်ခြင်း ဖြစ်ပါသည်။ အာသေဝနပစ္စည်း၏ အထောက်အပံ့ ရပါက ဇောကအားရှိပြီး၊ မရပါက အားမရှိပေဟု အဋ္ဌကထာ comentry။ ဋီကာ sub comentry ကျမ်းတို့က ပြဆိုပါသေးသည်။ သတ္တဝါတို့၏သဏ္ဍာန်၌ ဇောစိတ်တွေက အာသေဝနသတ္တိ ရပါသည်။ ကုသိုလ်အမှု၌ ကုသိုလ်သတ္တိရပြီး အကုသိုလ်၌လည်း အကုသိုလ်သတ္တိရသည်။ ထိုသတ္တိတို့ကပင် သတ္တဝါတို့၏ သန္တာန်တွင် အထပ်ထပ်ထုံမွမ်းကာ Repetation. Doing something again and again. ဖြစ်နေကာ ကုသိုလ်၊ အကုသိုလ်တို့ အားကောင်းနေကြခြင်း ဖြစ်ပါ သည်။

ဤတွင် အာသေဝနကကျေးဇူးပြုရာတွင် မျိုးဇာတ်တူရပါသည်။ ကုသိုလ်ဇောက ကုသိုလ်ဇောကိုပင် ကျေးဇူးပြုသည်။ အကုသိုလ်ဇောက အကုသိုလ်ဇောကိုပင် ကျေးဇူးပြု သည်။ ဤတွင် ပထမဇောရှေ့က ဝုဋ္ဌောသည် ဇာတ်မတူပါ။ သတ္တမဇောနောက်က တဒါရုံ ကလည်း သတ္တမဇောနှင့် ဇာတ်ချင်းမတူပါ။ ထို့ကြောင့် ‘ပထမဇောကြဉ်သော၊ သတ္တမဇော ကြဉ်သော’ဟု ဆိုရခြင်း ဖြစ်ပါသည်။

# စူဠေကသာဋကပြာဟ္မဏဝတ္ထု

မြတ်စွာဘုရားရှင် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အခါကာလက လင်မယားနှစ်ဦးပေါင်းမှ အပေါ်ဝတ်ရုံ တစ်ထည်တည်းသာရှိသည့် ပုဏ္ဏားဇနီးမောင်နှံ သာဝတ္ထိမြို့စွန်၌ နေကြလေသည်။ ထို့ကြောင့် သာသနာ့မှတ်တမ်းတွင် ၎င်းပုဏ္ဏားကို စူဠေကသာဋက ပြာဟ္မဏဟု မှတ်တမ်းပြုထားပါသည်။

ထိုပုဏ္ဏားသည် တစ်ခုသောညဦးယံတွင် ဘုရားရှင်ထံတော်ပါးကို တရားလာနာနေပါသည်။ မြတ်ဘုရား၏ထံတော်ပါးမှ တရားတော်ကို နာယူရသဖြင့် သူ့နှလုံးသား၌ သဒ္ဓါတရားများ ယိုဖိတ်လာကာ တစ်စုံတစ်ခုကို လှူဒါန်းရန် အကြံအစည် ပေါ်လာလေသည်။

ထိုအခါ လှူဖွယ်ပစ္စည်းကို စိတ်ဖြင့် အိမ်အနှံ့ ရှာဖွေပါသော်လည်း တစ်စုံတစ်ရာကိုမျှ မတွေ့ရှာပါ။ နောက်ဆုံး သူ၏ကိုယ်ပေါ်မှ အပေါ်ရုံကို လှူဒါန်းရန် စိတ်ဆုံးဖြတ်လိုက်ပါသည်။ သို့သော် *'အိမ်ကပုဏ္ဏေးမခမျာ ဝတ်ရုံစရာမရှိဘဲ နေရှာတော့မယ်'*ဟု အတွေးပေါ်လာသဖြင့် ညဥ့်ဦးယံအလှူ မအောင်မြင်လိုက်ပေ။ ဤနည်းတူတူ သန်းခေါင်ယံတွင် တစ်ကြိမ်သဒ္ဓါယိုဖိတ်လာပါသော်လည်း ဝန်တိုမစ္ဆရိယစိတ်နှင့် သဒ္ဓါစိတ်တို့၏ တိုက်ပွဲတွင် ဝန်တိုမစ္ဆရိယစိတ်ကသာ နိုင်သွားလေ၏။ မိုးသောက်ယံ၌ကား ဝန်တိုမစ္ဆရိယစိတ်ကို သဒ္ဓါစိတ်က အနိုင်တိုက်နိုင်ခဲ့ပြီး ဘုရားရှင်ခြေတော်ရင်းသို့ သူ၏ အပေါ်ရုံအနွမ်းလေးကို တင်လှူနိုင်ပါတော့သည်။


ဤဖြစ်စဉ်အသေးစိတ်ကို ပရိသတ်နောက်နားမှ တရားနာနေသည့် ပသေနဒီကောသလမင်းကြီးက သိသွားသဖြင့် ပြုနိုင်ခဲသည့်အလှူကို ဤပုဏ္ဏားက ပြုပေပြီဟုဆိုကာ ဝတ်စုံ-၃၂ စုံနှင့် သဗ္ဗစတုက္က (အလုံးစုံ ၄-ပါးစီ) ဆုကို ချီးမြှင့်လေ၏။ ပုဏ္ဏား၏စေတနာသဒ္ဓါက ချက်ခြင်းအကျိုးပေးလေ၏။

အကယ်၍ ပထမညဦးယံ၌ပင် စူဠေကသာဋကပြာဟ္မဏ၏ သံသရာတစ်လျှောက်က အာသေဝနသတ္တိကောင်းခဲ့သည့် မစ္ဆရိယစိတ်ကို သဒ္ဓါစိတ်ကသာ နိုင်ခဲ့မည်ဆိုလျှင် အလုံးစုံတစ်ဆယ့်ခြောက်ခုသောဆုကို ရမည်၊ အကယ်၍ သန်းခေါင်ယံ၌ ဝန်တိုမစ္ဆရိယစိတ်ကို နိုင်ခဲ့မည်ဆိုလျှင်မူ အလုံးစုံရှစ်ပါးသောဆုကို ရမည်၊ ယခုမူ မိုးသောက်ယံ၌သာ သူ၏ အားကြီးလာသည့် သဒ္ဓါစိတ်က သံသရာတစ်လျှောက်က အာသေဝနသတ္တိကောင်းခဲ့သည့် ဝန်တိုမစ္ဆရိယကို နိုင်ခဲ့သောကြောင့် အလုံးစုံလေးပါးဆုသာ ရခြင်းဖြစ်ကြောင်း မြတ်စွာဘုရားရှင်က မိန့်ကြားတော်မူပါသည်။ ဤဝတ္ထုသည် ကောင်းမှုကုသိုလ်ပြုရာတွင် လက်မနှေးဘဲ ပြုသင့်ကြောင်းကိုပြသော မှတ်သားဖွယ် သာဓကဖြစ်ပေသည်။

---

**ကျမ်းညွှန်း** * စူဠေကသာဋက ပြာဟ္မဏဝတ္ထု၊ ဓမ္မပဒအဋ္ဌကထာ - ၂ (နှာ-၁)

## ဇောခုနစ်ကြိမ်တွင် အဘယ်ဇော အားကြီးဆုံးဖြစ်သနည်း




ကုသိုလ်သတ္တိရှိသည့်ဇောနှင့် အကုသိုလ်သတ္တိရှိသည့်ဇောဟူ၍ ရှိသည်။ ဤတွင် သတိပြုရမည်မှာ ကုသိုလ်ဇောက ကုသိုလ်ဇောကိုသာ အားကောင်းအောင် လုပ်ပေးနိုင်ပြီး အကုသိုလ်ဇောကလည်း အကုသိုလ်ဇောကိုသာ အားကောင်းအောင် လုပ်ပေးပါသည်။

ပထမဇော၊ ဒုတိယဇော၊ တတိယဇော၊ စတုတ္ထဇော၊ ပဥ္စမဇော၊ ဆဋ္ဌမဇောနှင့် သတ္တမဇောတို့ ရှိသည့်အနက် အစဦးဆုံးဖြစ်သည့် ပထမဇောက အားမကောင်းသေးပါ။ အကြောင်းမှာ ပထမဇောရှေ့၌ ဝုဋ္ဌော ရှိနေပါသည်။ မနောဒွါရာဝဇ္ဇန်းစိတ် (ဝါ) ဝုဋ္ဌောက အဗျာကတဖြစ်သဖြင့် ဇောနှင့် မျိုးဇာတ်မတူသောကြောင့် အာသေဝနသတ္တိ မရပေ။ ထို့ကြောင့် ပထမဇော အားနည်းခြင်း ဖြစ်ပါသည်။

ဒုတိယဇောကမူ အနည်းငယ် အားကောင်းလာပါသည်။ အဘယ်ကြောင့်ဆိုသော် မျိုးဇာတ်တူသည့် ပထမဇော၏ ကျေးဇူးပြုမှုကို ရသောကြောင့် ဖြစ်ပါသည်။ ဒုတိယ၊ တတိယတို့က ပို၍၊ ပို၍ အားကောင်းလာကြပါသည်။ စတုတ္ထဇောက အားအကောင်းဆုံး ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ရှေ့ရှေ့ဇောတို့၏ ကျေးဇူးပြုမှုကို အပြည့်အဝရသောကြောင့် ပေတည်း။ ထိုရှေးရှေးဇောတို့သည် နောက်နောက်ဇောတို့အား ဂုဏ်သတ္တိသာလွန်ရန်၊ အားကောင်းရန် အကြိမ်ကြိမ် ဖြစ်စေခြင်း၊ ထုံမွမ်းခြင်းဖြင့် ကျေးဇူးပြုသောကြောင့် အားရှိလာခြင်းဖြစ်သည်။

သတ္တမဇောသည် အားကောင်းသောကြောင့် မဖြစ်မနေ အကျိုးပေးရပါသည်။ ပမာပြရသော် အဖသတ်သူ အမိသတ်သူတို့သည် ဒုတိယဘဝ၌ အဝီစိငရဲသို့ မုချဧကန် ရောက်ကြရသည်။ သတ္တမဇောက ဒုတိယဘဝကိုသာ ပေးနိုင်စွမ်းပြီး အကျိုးပေးခွင့်မရပါက အဟောသိကံ ဖြစ်သွားပေတော့သည်။

အာသေဝနပစ္စည်း၌ ရှေ့ရှေ့ဇောက အကြောင်းပစ္စည်းတရားဖြစ်ပြီး ရှေ့နောက်ဇောက အကျိုးပစ္စယုပ္ပန် ဖြစ်ပါသည်။ ဇောနောက် တဒါရုံသည် အဗျာကတ (ဝိပါက်) စိတ်ဖြစ်ပါသည်။ ထို့ကြောင့် နောက်နောက်ဇောမရှိတော့သည့် သတ္တမဇောကလည်း အာသေဝနသတ္တိ မရနိုင်တော့ပေ။

အလယ်ဇောငါးပါးကမူ အပရာပရိယဝေဒနီယကံ (ဆာယာ၀ အနုပါယိနီ = အစဉ်လိုက်သော အရိပ်ပမာ) နိဗ္ဗာန်ကို မျက်မှောက်မပြုမခြင်း ကုသိုလ်၊ အကုသိုလ်က အစဉ်အမြဲလိုက်ပါကာ အကြောင်းဆုံလျှင် ကျေးဇူးပြုပေတော့မည်။ အရိပ်ပမာ လိုက်နေသည်ဟု ဆိုရာတွင် အဘိဓမ္မာသဘောအရ သဿတဒိဋ္ဌိ ဖြစ်နိုင်ပါသည်။ နားလည်လွယ်ရန် ရေးသားရခြင်းသာ ဖြစ်ပါသည်။

## ဇောစေတနာက ပျက်ပျက်သွားသော်လည်း သတ္တိကျန်ခဲ့သည်

မှတ်သားစရာကောင်းသည်မှာ ဇောစိတ်က ကောင်းကျိုး ဆိုးကျိုးတို့ကို ဖန်တီးနိုင်စွမ်းသည့် သတ္တိရှိသည်ဟု တစ်ဖက်ကဆိုပြီး အခြားတစ်ဖက်တွင်လည်း ဖြစ်၊ တည်၊ ပျက် အစဉ်တွင် ပျက်ပျက်သွားနေသဖြင့် မည်ကဲ့သို့ အကျိုးပေးသနည်းဟု မေးစရာ ပေါ်လာပါသည်။

အဖြေမှာ ပထမဇောစိတ်က ဖြစ်၊ တည်၊ ပျက်သွားပါသော်လည်း ပြီးပြီး၊ ပျောက်ပျောက် မဟုတ်ဘဲ ဒုတိယဇောစိတ်ကို ဖြစ်ခွင့်ပေးရုံမက သတ္တိများပါ ချန်ပေးခဲ့ပါသည်။ ထက်ကြပ် မကွာ အခြားမဲ့ ဒုတိယဇောစိတ်က ဖြစ်၊ တည်၊ ပျက် သွားပါသော်လည်း ပြီးပြီးပျောက်ပျောက် မဟုတ်ပါ။ တတိယဇောစိတ်ကို ဖြစ်ခွင့်ပေးရုံမက သတ္တိများပါ ချန်ပေးခဲ့ပါသည်။ ဤနည်း အတိုင်း နားလည်ရပေမည်။

ထို့ကြောင့် တစ်နေ့တာ ကြုံဆုံသမျှ စာရင်းမရှင်းခဲ့မိပါက၊ မကြေလည်ခဲ့မိပါက၊ တေးမှတ်ထားမိပါက၊ အကြွေးချန်ထားခဲ့မိပါက၊ အကြောင်းဆုံတိုင်း ဆိတ်ငြိမ်ရာ၌ နေလိုက်တိုင်း ပြန်ပြန်ပေါ်နေခြင်းသည် အကုသိုလ်ဇော၏ သတ္တိပြနေခြင်းဖြစ်သည်။ ယခုကဲ့သို့ အကြွေး မကျန်သည့်နေနည်းဖြင့် ဘဝကိုနေတတ်ရန် လေ့ကျင့်ရမည် ဖြစ်ပါသည်။သို့မရှင်းဖြစ်ခဲ့ပါက သူနှင့်နွယ်နေသည့် သောကဖြစ်စရာကိုလည်း ခေါ်လာနိုင်သည်။ ဒေါသဖြစ်စရာကိုလည်း ခေါ်လာနိုင်ပါသည်။

## သတ္တမဇောစေတနာ၏ အကျိုးပေး

ဒုတိယဇောသည် ပဋိသန္ဓေ ပဝတ္တိအကျိုးနှစ်ပါးစုံကို ပေးပြီး ချုပ်သွားပါသော်လည်း သူ၏သတ္တိကို ထားခဲ့၏။ တစ်ဖန် တတိယဇော ပေါ်လာရပြန်၏။ တတိယဇောသည် ပထမဇော၊ ဒုတိယဇောတို့၏ သတ္တိကိုလည်း ယူဆောင်ပြီး မိမိသတ္တိလည်း ပါသည်။ စတုတ္ထဇောသည် ပထမဇော၊ ဒုတိယဇော၊ တတိယဇောတို့၏ သတ္တိကိုလည်း ယူဆောင်ပြီး မိမိသတ္တိလည်း ပါသည်။ ဤနည်းအတူ နောက်ဆုံး သတ္တမဇော ပေါ်လာ၏။ သတ္တမဇောသည် ပထမဇော၊ ဒုတိယဇော၊ တတိယဇော၊ စတုတ္ထဇော၊ ပဉ္စမဇော၊ ဆဋ္ဌမဇောတို့၏ သတ္တိကိုလည်း ယူဆောင်ပြီး မိမိသတ္တိလည်း ပါသော်လည်း အားမရှိပါပေ။

အားမရှိဟု ဆိုရခြင်းမှာ သတ္တမဇောသည် ဒုတိယဘဝ၌ အကျိုးပေးပြီး အဟောသိကံဖြစ်သောကြောင့်တည်း။ ပမာပြရသော် နွားသတ်သော သတ္တမဇောစေတနာသည် ဒုတိယဘဝ၌ ပဋိသန္ဓေအကျိုးကို ပေးသည်ရှိသော် ကျန်သော ဆိတ်သတ်ခြင်း၊ ဝက်သတ်ခြင်း စသော သတ္တမဇောစေတနာတို့က အဟောသိကံသာ ဖြစ်ရ၏။ ထို့ကြောင့် သတ္တမဇောကို အားမရှိဟု

မိုးကုတ်ဆရာတော်ကြီးက ပဋ္ဌာန်းညဝါ၌ မိန့်တော်မူသည်။ သို့သော် အလယ်ဇောငါးချက် မှာပါသော စေတနာသည်က တတိယဘဝမှစ၍ နိဗ္ဗာန်ရသည့်တိုင်အောင် အကျိုးကို ပေးနိုင်၏။ အဟောသိကံဟူ၍ နောက်ကကံများကဲ့သို့ မရှိပါပေ။

## ပဋ္ဌာန်းပစ္စည်းများကို ယှဉ်တွဲလေ့လာခြင်း

အနန္တရပစ္စည်းက မျိုးဇာတ်တူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ကျေးဇူးပြုပါသည်၊ ဥပမာ= ကု - ဗျာ၊ အကု - ဗျာ၊ ဗျာ - ကု၊ ဗျာ - အကု။ အာသေဝနပစ္စည်းကမူ မျိုးဇာတ်တူမှသာ ကျေးဇူးပြုသည်။ ဥပမာ = ကု - ကု၊ အကု - အကု၊ ဗျာ - ဗျာ။ ဟေတု။ အာရမ္မဏ။ ဥပနိဿယတို့က ကု - အကု။ အကု - ကုများကိုလည်း ကျေးဇူးပြုပါသည်။

အာသေဝနမှာ ၁-မျိုး (ကု-ကု) - *ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာသေဝန ပစ္စယေန ပစ္စယော။*

အနန္တရမှာ ၂-မျိုး (ကု-ကု။ ကု-ဗျာ) -*ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အနန္တရ ပစ္စယေန ပစ္စယော။ ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော။*

ဥပနိဿယမှာ ၃-မျိုး (ကု-ကု။ ကု-အကု။ ကု-ဗျာ) *ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဥပနိဿယ ပစ္စယေန ပစ္စယော။*

ယခုကဲ့သို့ ပဋ္ဌာန်းပစ္စည်းများကို ယှဉ်တွဲလေ့လာခြင်းဖြင့် ပဋ္ဌာန်းတရားတော် လေ့လာရာ၌ များစွာ ထောက်ကူ ဖြစ်စေနိုင်ပါသည်။ အာသေဝနပစ္စည်းသည် -

* (အနန္တရ) proximity condition အခြားမရှိဟူသော ရှုထောင့်က မပြပါ။
* (အနန္တရူပနိဿယ) contiguity condition အားကြီးသော မှီရာဟူသော ရှုထောင့် ကလည်း မပြပါ။
* (နတ္ထိ) absence condition မရှိတော့မှ ကျေးဇူးပြုသည်ဟူသော ရှုထောင့်ကလည်း မပြပါ။
* (ဝိဂတ) disappearance condition လုံးဝကင်းကွာသွားပြီးမှ ကျေးဇူးပြုသည်ဟူသော ရှုထောင့်ကလည်း မပြပါ။
* (အာသေဝန) repetitive condition အဖန်ဖန် အထပ်ထပ်ကြောင့် ဖြစ်လာသည့် ရှုထောင့်ကသာ ပြပါသည်။

ထို့ကြောင့် အကျိုးတရားတစ်ခု ပေါ်ပေါက်လာနိုင်ရန် မတူညီသည့် စွမ်းရည်သတ္တိများစွာတို့က ကျေးဇူးပြုနေကြောင်းကို မြတ်စွာဘုရားရှင်က ပဋ္ဌာန်းဒေသနာတော်တွင် မရေမတွက်နိုင်သည့် နည်းလမ်းအဖုံဖုံဖြင့် တန်ဆာဆင်ကာ ဟောကြားတော်မူခြင်း ဖြစ်ပါသည်။

## အဗျာကတ၊ ကြိယာ

အာသေဝနပစ္စည်း၌ ရုပ်တရားများ မပါပေ။ အကြောင်းလည်း နာမ်တရားဖြစ်ပြီး၊ အကျိုးလည်း နာမ်တရားပင် ဖြစ်ပါသည်။ ထို့ကြောင့် နာမ်တရားက နာမ်တရားကို Mind to mind ကျေးဇူးပြုသောပစ္စည်း ဖြစ်သည်။

ကုသိုလ်မျိုးဖြစ်စေ၊ အကုသိုလ်မျိုးဖြစ်စေ မျိုးဇာတ်တူသည့် ဇောတစ်ခုက နောက်နောက်ဇောများအား အထပ်ထပ် ဖြစ်စေသည်။ ပထမဇောစိတ်၏ရှေ့က ဝုဋ္ဌောသည် အဗျာကတဖြစ်သဖြင့် ဇာတ်မတူပါ။ သတ္တမဇောနောက် တဒါရုံသည်လည်း အဗျာကတဖြစ်သဖြင့် ဇာတ်မတူသောကြောင့် အာသေဝနသတ္တိဖြင့် ကျေးဇူးမပြုနိုင်ပါ။

ထို့ကြောင့် ပထမဇောသည် ပစ္စည်းသာရ၏။ ဒုတိယဇောမှစ၍ အလယ်ဇောငါးချက်တို့က ကိုယ်ပိုင်သတ္တိလည်းရှိ၊ သူတစ်ပါးကိုလည်း သတ္တိပေးနိုင်သောကြောင့် ပစ္စည်း၊ ပစ္စယုပ္ပန်နှစ်ပါးစုံရ၏။ သတ္တမဇောမှာမူ ပစ္စယုပ္ပန်သာရ၏။ အာသေဝနသည် အမျိုးဇာတ်ခြားလျှင်မရပေ။

ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဥ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌောနှင့် တဒါရုံတို့က ကောင်းကျိုးကိုလည်း ဖန်တီးမပေးနိုင်ပါ။ ဆိုးကျိုးကိုလည်း ဖန်တီးမပေးနိုင်ပါ။ သူတို့က အဗျာကတ တရားများသာ ဖြစ်ကြပါသည်။

အဗျာကတဟူသည် ကုသိုလ်လည်းမဟုတ်၊ အကုသိုလ်လည်းမဟုတ်သော တရားများ ဖြစ်ပါသည်။ ထို့ကြောင့် ရုပ်သည် အဗျာကတ၊ ဝိပါက်စိတ်သည် အဗျာကတ၊ ကြိယာစိတ်သည် အဗျာကတ၊ နိဗ္ဗာန်သည်လည်း အဗျာကတတရား ဖြစ်ပါသည်။

"စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်၊ လေးရပ် ပရမတ်"မှ စိတ် (၈၉)ပါးထဲက ကုသိုလ်စိတ် (၂၁)ပါးနှင့် အကုသိုလ်စိတ် (၁၂)ပါးကို နှုတ်ပါက ဝိပါက်စိတ် (၃၆)ပါး ကြိယာစိတ် (၂၀)ပါးတို့သည် အဗျာကတ ဖြစ်ပါသည်။

ရုပ် (၂၈)ပါးနှင့် နိဗ္ဗာန်သည်လည်း အဗျာကတ ဖြစ်ပါသည်။ ဝိပါက်နှင့် ကြိယာ၌ယှဉ်သည့် စေတသိက်(၃၈)ပါးသည်လည်း အဗျာကတတရား ဖြစ်ပါသည်။

ကြိယာဟူသည် "*နေဝကုသလာ နာကုသလာ န စ ကမ္မဝိပါကာ*" Neither Kusala nor Kusala nor result of Kamma. ကုသိုလ်လည်းမဟုတ်၊ အကုသိုလ်လည်းမဟုတ်၊ ကံ၏အကျိုးပေးဝိပါက်လည်း မဟုတ်ပေ။

နောက်တစ်နည်း ကြိယာကို နားလည်ရန်မှာ ကုသိုလ်အလုပ်ဟူသည် အကုသိုလ်ကို ဖယ်ရှားရန် ဖြစ်ပါသည်။ ရဟန္တာပုဂ္ဂိုလ်အဖို့ အကုသိုလ် ပယ်ဖျက်တိုက်ခိုက်ရန် မရှိတော့သဖြင့် ရဟန္တာပုဂ္ဂိုလ်ပြုသည့် ကုသိုလ်ကောင်းမှုအစုစုမှာ ကြိယာ ဖြစ်ပါသည်။

## ဖိုလ်သည် အားထုတ်ခြင်းကင်း၏

ဖိုလ်ဇောသည် အားထုတ်ရတဲ့ တရားလား၊ အားမထုတ်ရတဲ့ တရားလားလို့ဆိုရင်၊ အားမထုတ်ရတဲ့တရား မှတ်ပါ။ ဘာ့ကြောင့်လဲဆိုရင် ၎င်းမဂ်ထဲမှာပါသော စေတနာသည် အကာလိကဂုဏ်နှင့် ပြည့်စုံသည့်အားလျော်စွာ အခါမလင့်အကျိုးကို ပေးရသောကြောင့် မဂ်ပြီးရင် တစ်ခါတည်း ဖိုလ်ပါပဲတဲ့။ မဂ်ပြီး ဖိုလ် မဖြစ်ချင်ပါဘူးလို့များ ငြင်းသေးသလားဆိုရင် မငြင်းပါဘူးတဲ့။ မဂ်ပြီး တစ်ခါတည်း ဖိုလ်ဖြစ်၏။ ဒါဖြင့် အားမထုတ်ရတဲ့တရားဆိုတာ သိရမည်။ ထို့ကြောင့် ဖိုလ်သည် နိရုဿာဟဒုဗ္ဗလ အားထုတ်ခြင်းကင်း၏။ အားထုတ်ခြင်းကင်းသဖြင့် အာသေဝနပစ္စည်းမတပ်ဘူး၊ (ဝါ) မဖြစ်ဘူး မှတ်ဟု မိုးကုတ်ဆရာတော်ကြီးက မိန့်တော်မူပါသည်။

## ကံနှင့် ကိလေသာ

ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်တွင် အဝိဇ္ဇာပစ္စယာ သင်္ခါရာ။ သင်္ခါရပစ္စယာ ဝိညာဏံ။ အဝိဇ္ဇာဟူသည် မောဟကိလေသာ။ သင်္ခါရမည်သည် ကံ။ ထို့ကြောင့် ကံနှင့် ကိလေသာ ပေါင်းကာ ဝိညာဏံ = ဘဝတစ်ခု ဖြစ်လာစေပါသည်။ ကိလေသာ မရှိတော့ပါက ကံက လက်ကျိုး ခြေကျိုး ဖြစ်သွားပါတော့သည်။ ကံအလုပ်မဖြစ်တော့သောကြောင့် ဘဝမရှိတော့ပေ။ ထို့ကြောင့် ကိလေသာကို အပြီးတိုင်ပယ်ထားသည့် ရဟန္တာပုဂ္ဂိုလ်အဖို့ ကုသိုလ်ကံများ ပြုနေစေကာမူ နောက်ဘဝကို ကံက မဖန်တီးနိုင်တော့ပေ။

ပါဠိစာပေ၌ အရဟတ္တမဂ်သည် ကမ္မက္ခယ = ကံကုန်ခြင်းကိုပြုသည်ဟု လာရှိပါသည်။ ဤနေရာတွင် ကံကို တိုက်ရိုက်ပယ်ခြင်း မဟုတ်ဘဲ ကိလေသာကိုသာ ပယ်ခြင်း ဖြစ်ပါသည်။ ကိလေသာကုန်သောကြောင့် ကံက ဘဝကို မထူထောင်နိုင်တော့ခြင်းပေတည်း။

ရဟန္တာပုဂ္ဂိုလ်၌ ဘဝအသစ် မရှိတော့ပါ။ ထို့ကြောင့် ကံပြုသော်လည်း ကံအရာ မမြောက်တော့ပေ။ ဘဝအသစ်ထူထောင်နိုင်ရန် ကံက ကိလေသာအဖော်ရရန် လိုအပ်ပါသည်။ ကိလေသာမရှိတော့သည့် ရဟန္တာပုဂ္ဂိုလ်အတွက် ကံက အလုပ်မလုပ်နိုင်တော့ပေ။

**ကျမ်းညွှန်း** * အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏သုံးချက်စု ချုပ်ဖို့စဉ်အဘိဓမ္မာပဋ္ဌာန်းညဝါမှတ်စုစာအုပ် သုံးချက်စု ချုပ်ဖို့စဉ်။

## ကိလေသပရိနိဗ္ဗာန်နှင့် ခန္ဓပရိနိဗ္ဗာန်

အရဟတ္တမဂ်ဖြင့် ကိလေသာတို့ကို ပယ်သတ်သဖြင့် ကိလေသာ ကုန်ခမ်းသွားခြင်း ဖြစ်သည်။ ဤသည်ကို ကိလေသာ မရှိတော့သောကြောင့် သဉပါဒိသေသနိဗ္ဗာန် = ကိလေသာ ပရိနိဗ္ဗာန်ဟူ၍လည်း ခေါ်ပါသည်။ ကိလေသာ ပရိနိဗ္ဗာန်ပြုပြီး ဖြစ်ပါသော်လည်း ကံနှင့် ကိလေသာကပေါင်းပြီး ထုတ်လုပ်ထားခဲ့သည့် ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်ကမူ ကျန်ရှိ နေပါသည်။ ခန္ဓပရိနိဗ္ဗာန်ပြုသည်ကိုမူ အနုပါဒိသေသနိဗ္ဗာန်ဟု ခေါ်ပါသည်။ မြတ်စွာဘုရား ရှင်သည် သက်တော် (၈၀)တွင် ကုသိနာရုံ၌ အနုပါဒိသေသနိဗ္ဗာန် = ခန္ဓပရိနိဗ္ဗာန် ပြုတော်မူ ပါသည်။ ခန္ဓာ ၅-ပါး ရုပ်နာမ်အပေါင်း ဝိပါက်နာမက္ခန္ဓာ၊ ကဋတ္တာရုပ် အကြွင်းအကျန်မရှိ တော့ဘဲ အပြီး ချုပ်ငြိမ်းသွားခြင်း ဖြစ်ပါသည်။ ကိလေသပရိနိဗ္ဗာန်ကိုမူ ဘုရားဖြစ်တော်မူစဉ် ကပင် မျက်မှောက်ပြုတော်မူပြီး ဖြစ်ပါသည်။

## ခိုင်မြဲတည်တံ့မှုမရှိသည့် ပရမတ္ထဓမ္မ

စက္ခုပသာဒ မျက်စိရုပ်ကလည်း ပရမတ်၊ ရူပါရုံအဆင်းကလည်း ပရမတ်။ မြင်သိစိတ်ကလည်း ပရမတ်ဖြစ်ပြီး သူတို့က ပင်ကိုယ်သဘောကကို ခိုင်မြဲတည်တံ့မှုမရှိဘဲ အချိန်ပြည့်ဖောက်ပြန် ပြောင်းလဲနေသည်။ အနှစ်သာရမရှိ ဖြစ်နေပါသည်။

သို့ပါသော်လည်း ယောဂီပုဂ္ဂိုလ်အနေဖြင့် ယခုကဲ့သို့ အဖြစ်မှန်၊ သဘောမှန် ပရမတ် တရားကို သိရှိနားလည်ရန် ခက်ခဲလှပါသည်။ မလွယ်ကူပါ။ ထို့ကြောင့် အဆင်းအာရုံ မြင်ခြင်းပေါ်မူတည်ပြီး ဖျူနီဝါပြာ အရောင်အသွေး အဆင်းသဏ္ဌာန် အဝိုင်းလေးထောင့် တို့အဖြစ် ပညတ်ဝေါဟာရသို့ ပြောင်းလဲဖလှယ်ပြီး တင်စားပြောဆိုကြပါသည်။

တစ်ဖက်တွင်လည်း မျက်စိကို "ငါ့မျက်စိ ကြည့်ကောင်းတယ်။ ငါ့မျက်စိလှတယ်။ ငါ့မျက်စိ အမြင်အားမကျသေးဘူး"ဟု အမျိုးမျိုး ပညတ်တင်ပြီး တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် သတ်မှတ်ပြောဆိုကြသည်။

မျက်စိကလည်း အကြောင်းကြောင့်ဖြစ်သည့် အကျိုးတရားဆိုသည်ကို မသိသဖြင့် "ဖန်ဆင်းရှင်က ဖန်ဆင်းတယ်။ မျက်စိကောင်းအောင် ဘုရားက လုပ်ပေးထားတယ် နတ်တွေ စောင့်ရှောက်ထားတာ"ဟု ထင်နေကြသည်။ မူလသဘာဝ အကြောင်းတရား ပျောက်နေ ခြင်းသည် ဉာဏ်နည်းသောကြောင့်ပေတည်း။

## အာသေဝနပစ္စည်း၏ သင်္ချာ

အာသေဝနပစ္စည်း၏သင်္ချာမှာ -၃ ဖြစ်ပါသည်။ ထို့ကြောင့် "*အာသေဝနေ တီဏိ*"ဟု မှတ်သားနိုင်ပါသည်။ ထိုသင်္ချာကို အောက်ပါအတိုင်း လေ့လာနိုင်ပါသည် -

**ကုသလ သင်္ချာ-၁**

(၁) ကု - ကု

**အကုသလ သင်္ချာ-၁**

(၁) အကု - အကု

**အဗျာကတ သင်္ချာ -၁**

(၁) ဗျာ - ဗျာ

**Mind to Mind**

အာသေဝနပစ္စည်းသည် နာမ်တရားက နာမ်တရား (Mind to Mind) ကို ကျေးဇူးပြုသောပစ္စည်း ဖြစ်သည်။

### ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား

ပစ္စယဟူသော အကြောင်းတရားမှာ - အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီဇော ၄၇ - ပါးနှင့် စေတသိက် ၅၂ - ပါး

ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - ပထမဇော၊ ဖိုလ်ဇောကြဉ်သော နောက်နောက်သော ဇော ၅၁ - ပါးနှင့် စေတသိက် ၅၂-ပါး

အာသေဝနပစ္စည်းသည် အနန္တရမျိုး၌ ပါဝင်သည်။

# ၁၃။ ကမ္မပစ္စယော

## Daily life Paṭṭhāna

### Kamma Paccayo *(Khamma condition)*




ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော။ (ကု၊ ကု -၁)

ကုသိုလ်တည်းဟူသော အကြောင်းဓမ္မသည် ကုသိုလ်တည်းဟူသော အကျိုးဓမ္မအား ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

## စေ့ဆော်ခြင်းသဘောဖြင့် ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည်

The *'Kamma'* is compared to a seed. When we sow a seed, it grows into a tree and then we get fruits and seeds again.



'သစ်ပင်တို့အား၊ မျိုးစေ့လားသို့' ဟု လာရှိသည်နှင့်အညီ သစ်ပင်များ၏ မျိုးစေ့တို့သည် ဆိုင်ရာ သစ်ပင်များ အပင်ပေါက်လာအောင် ကျေးဇူးပြုသကဲ့သို့ ဖြစ်ဆဲ သဟဇာတစေတနာ၊ ဥပါဒ်၊ ဌီ၊ ဘင် ခဏအသီးသီး၌ ဖြစ်သော နာနာက္ခဏိကစေတနာတို့သည် ဆိုင်ရာ ရုပ်နာမ် ခန္ဓာများ စေ့ဆော်ခြင်းသဘောအားဖြင့် ဖြစ်ပေါ်လာအောင် တည်ရှိလာအောင် ကျေးဇူး ပြုကြသည်။

## သစ်ပင်တို့အား မျိုးစေ့လားသို့

ကမ္မပစ္စည်းကို ရှေးဆရာမြတ်များက သစ်ပင်တစ်ပင်၏ အခြေခံဖြစ်သည့် မျိုးစေ့နှင့် ဥပမာ ပေးတော်မူကြပါသည်။ ပရမတ္ထသရူပဘေဒနီကျမ်းပြု ရွှေကျင်သာသနာပိုင် ဝိသုဒ္ဓါရုံ ဆရာတော်က 'သစ်ပင်တို့အား မျိုးစေ့လားသို့'ဟု မိန့်တော်မူပါသည်။ မျိုးစေ့အလိုက် သစ်ပင်ပေါက်လာကြသည့်နှယ် သတ္တဝါတို့သည်လည်း မိမိတို့၏ ဘဝါဘဝက ထူထောင် ထားခဲ့သည့် ကံမျိုးစေ့အတိုင်း ဖြစ်တည်နေကြပါသည်။

ကမ္မဟူသော ပါဠိကို မြန်မာဘာသာဖြင့် "ကံ"ဟု ခေါ်ကြပါသည်။ အမှု၊ အလုပ်ဟု အဓိပ္ပာယ်ရ၏။ ထိုအလုပ်သည် ကိုယ်အလုပ်၊ နှုတ်အလုပ်၊ စိတ်အလုပ်ဟူ၍ သုံးမျိုးရှိသည်။ ကိုယ်အလုပ်ဆိုသည်မှာ လက်ခြေစသော ကိုယ်အင်္ဂါတို့ဖြင့် ပြုလုပ်ရသော အမှုကိစ္စများ ဖြစ်သည်။ ဥပမာ-သူ့အသက်ကို ကိုယ်တိုင်သတ်ခြင်း၊ ကိုယ်တိုင် လှူဒါန်းပေးကမ်းခြင်း စသည်တို့ ဖြစ်သည်။

နှုတ်အလုပ်ဆိုသည်မှာ နှုတ်ဖြင့် ပြောဆိုပြုလုပ်ရသော အမှုကိစ္စမျိုး ဖြစ်သည်။ ဥပမာ- သူတစ်ဖက်သားကိုဆဲခြင်း၊ လိမ်လည်ပြောဆိုခြင်း၊ ဘုရားရှိခိုးခြင်း စသည်တို့ ဖြစ်သည်။

စိတ်အလုပ်ဆိုသည်မှာ ကိုယ်လည်းမလုပ် နှုတ်လည်းမပါ စိတ်ထဲ၌သာ တွေးတော ကြံစည် စိတ်ကူးမှုများ ဖြစ်သည်။ ဥပမာ- "ဒီလူ ကားတိုက်သေရင် ကောင်းမှာ" စသည်ဖြင့် မကောင်းကြံခြင်း၊ ပြုခဲ့ဖူးသော ဒါနကုသိုလ်၊ သီလကုသိုလ်တို့ကို ပြန်လည်စဉ်းစား အောက် မေ့ခြင်း၊ ဘုရားဂုဏ်ကို စိတ်ဖြင့် အာရုံပြုပွားများခြင်း စသည်တို့ ဖြစ်ပါသည်။ အချုပ်ဆိုရသော် ကံဆိုသည်မှာ ကိုယ်အလုပ်၊ နှုတ်အလုပ်၊ စိတ်အလုပ်တို့ပင် ဖြစ်ပါသည်။

## စေတနာ စေတသိက်က လှုံ့ဆော်ပေးမှုကြောင့် ကံဖြစ်လာ

ထိုကိုယ်အလုပ်၊ နှုတ်အလုပ်၊ စိတ်အလုပ်ဆိုသည့် ကံတရားများသည် လှုံ့ဆော်သည့် အကြောင်းတရားမရှိပါဘဲ သူ့အလိုလို ဖြစ်ပေါ်လာကြသည်မဟုတ်၊ စိတ်နှင့်အတူ အမြဲ ယှဉ်တွဲ ဖြစ်ပေါ်နေသည့် စေတနာ စေတသိက်တရား၏ လှုံ့ဆော်ပေးမှုကြောင့် ဖြစ်ပေါ် လာကြခြင်း ဖြစ်သည်။

စေတနာသည် ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ကို ပြုလုပ်ရာ၌ လိုရင်းပဓာန အချက်အချာကျသော အကြောင်းတရား ဖြစ်သည်။ မည်သည့် အလုပ်ကိစ္စမဆို စေတနာမပါလျှင် မထမြောက် မအောင်မြင်နိုင်။ စေတနာပါရှိမှသာ ထမြောက် အောင်မြင်နိုင်သည်။ ထိုကိုယ်မှု နှုတ်မှု စိတ်မှုဟူသော ကံတရားမှန်သမျှ စေတနာရှိမှ ဖြစ်ပေါ် လာကြရသောကြောင့် -

"ချစ်သားရဟန်းတို့ စေတနာကို ကံဟူ၍ ငါဘုရားဟောတော်မူ၏" စေတနာက စေ့ဆော်တိုက်တွန်းသောကြောင့် ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ကို ပြုရ၏ဟု ဘုရားရှင် ဟောတော် မူခြင်းဖြစ်သည်။

## ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုကပင် ကံဖြစ်သည်

ထို့ကြောင့် ကံဆိုသည်မှာ ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ကိုပင် ခေါ်ပါသည်။ သို့သော် ထိုကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုများသည် စေတနာကြောင့်သာ ထမြောက် အောင်မြင်ကြရသောကြောင့် အကျိုးတရားများဖြစ်သော ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့၏ "ကံ" ဟူသော နာမည်ကို အကြောင်းရင်းစေတနာပေါ် တင်စား၍ ဖလူပစာရနည်းအားဖြင့် အကြောင်းရင်းစေတနာကိုပင် 'ကံတရား' ဟု ခေါ်ရသည်။ ထို့ကြောင့် စေတနာထက်လျှင် ကံထက်၏၊ စေတနာညံ့လျှင် ကံညံ့ရလေသည်။

## ကံဟုမူလ၊ သမ္ဗုဒ္ဓတို့

ထို့ကြောင့် ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီးက-

"ကံဟု မူလ၊ သမ္ဗုဒ္ဓတို့ ဟောပြသည်မှာ၊ အရင်းသာရှင့်၊ ဥစ္စာဘောဂ၊ ဇီဝိတနှင့် သုခပွားရန်၊ ဤလူ့ထံ၌၊ ဉာဏ်ဝီရိယ၊ ပယောဂတည့်၊ ကာလဒေသ၊ ပုဂ္ဂလကို၊ နှိုင်းဆအပ်တုံ၊ ကံကိုယုံ၍ မီးပုံအတွင်း၊ မဆင်းထိုက်စွာ၊ ကျားရဲရာလည်း၊ ကြမ္မာအကြောင်း၊ မရှိုးကောင်းရှင့်၊ သူဟောင်းရှေ့က ဆိုကုန်ကြ၏၊ လုံ့လမထူ၊ ဉာဏ်မကူပဲ၊ အယူတချောင်း၊ ကံတကြောင်းမျှ၊ မကောင်းလည်းကံ၊ ကောင်းလည်းကံဟု၊ ကံကိုချည်းသာ မကိုးရာဘူး၊ ပညာဉာဏ်ဖြင့်၊ သင့်မသင့်ကို အခွင့်ရှု၍ အပြုလုံ့လ၊ ရှိအပ်စွတည့်၊ တံငါ့လက်တွင်း၊ ရောက်လျှင်းတုံငြား၊ သုံးကောင်းငါးကို၊ မှတ်သားဝမ်းထဲ၊ နည်းယူစွဲလော့"ဟု မဃဒေဝလင်္ကာတွင် စပ်ဆိုတော်မူထားသည်။

ကမ္မပစ္စည်းသည် ကျယ်ဝန်းလှသော ပစ္စည်းဖြစ်ပါသည်။ မျိုးအားဖြင့်လည်း သဟဇာတကမ္မက သဟဇာတငယ်၌ပါဝင်ပြီး၊ အနန္တရကမ္မက အနန္တရမျိုး၌ ပါဝင်ပါသည်။

## သဟဇာတကမ္မနှင့် နာနာက္ခဏိကကမ္မ

ပဋ္ဌာန်းပဥ္စာဝါရ ကမ္မပစ္စည်း၌ အပိုင်း-၂ ပိုင်း ပါဝင်ပါသည်။ ၎င်းတို့မှာ -

၁- သဟဇာတကမ္မ (Simultaneous Kamma) ဟူသည် ကံမြောက်အောင် လှုံ့ဆော်ပေးသည့် စေတနာကံကိုပင် သဟဇာတကမ္မဟု ခေါ်သည်။

၂- နာနာက္ခဏိကကမ္မ (Asynchronous Kamma) ဟူသည် ကံမြောက်ပြီးနောက် မျိုးစေ့သဖွယ် အောင်မြင်စွာ အကျိုးဖြစ်ထွန်းစေနိုင်သည့် စေတနာကို ခေါ်၏။

## ၁-သဟဇာတကမ္မ

ဆရာတစ်ယောက်၏ တပည့်ကြီးများသည် သူလုပ်ရမည့် အလုပ်ကိုလည်း ကြိုးကြိုးစားစား လုပ်လေ့ရှိ၏၊ တခြား တပည့်ငယ်များကိုလည်း သူတို့နှင့် ဆိုင်ရာအလုပ်ကိစ္စမှာ ကြိုးစားအားထုတ်ချင်စိတ် ဖြစ်ပေါ်လာအောင် အားပေးလေ့ ရှိ၏၊ ကြောင့်ကြဗျာပါရ စိုက်လေ့ရှိ၏။

ထို့အတူပင် အကုသိုလ်စေတနာသည် အကုသိုလ်အလုပ်ကို သူကိုယ်တိုင်လုပ်၍ တခြားသူများလည်း အကုသိုလ်အလုပ်ကို လုပ်ချင်စိတ် ဖြစ်ပေါ်လာအောင် နည်းမျိုးစုံသုံး၍ စည်းရုံးနှိုးဆော် တိုက်တွန်းလေ့ရှိ၏။ ကုသိုလ်စေတနာသည်လည်း ကုသိုလ်အလုပ်ကို ကိုယ်တိုင်လည်း လုပ်လေ့ရှိ၏။ တခြားသူတွေ ကုသိုလ်အလုပ်ကို လုပ်ချင်စိတ် ဖြစ်ပေါ်လာအောင်လည်း နှိုးဆော်သည်၊ တိုက်တွန်းသည်၊ နည်းမျိုးစုံဖြင့် စည်းရုံးသည်။ ထိုစေတနာ၏ သူများထက် ထူးချွန်လွန်ကဲသော အစွမ်းသတ္တိကိုပင် ကမ္မပစ္စည်းဟု ခေါ်ပါသည်။

## မြင်တာနှင့် ကြည့်တာ

"မျက်စိမှာ မြင်တာနှင့် ကြည့်တာ။ နားမှာ ကြားတာနှင့် နားထောင်တာ။ နှာခေါင်းမှာ နမ်းတာနှင့် နံတာ" မတူညီကြောင်းကို ဝိပဿနာတရားကို နည်းမှန်လမ်းမှန် အားထုတ်ထားကြသည့် ယောဂီအနေဖြင့် ခွဲခွဲခြားခြား သိနိုင်ကြပါသည်။

မျက်စိဖွင့်ထားသဖြင့် သာမန်မြင်ခြင်းမျှ ဖြစ်ပါသည်။ ကြည့်ချင်၍ကြည့်ရာတွင်မူ စေတနာ၏အလုပ် ထင်ရှားပါသည်။ သာမန်မြင်နေခြင်းမှာ ဝိပါက်စိတ်ဖြစ်သဖြင့် လှုပ်ရှားမှု ဗျာပါရ မရှိပါ။ စင်္ကြံလျှောက်နေရာမှာ သစ်ပင်၊ တောတောင်၊ စေတီ၊ ပုထိုး၊ တိုက်တာတို့ကို သာမန်မြင်နေခြင်းကို ဆိုလိုပါသည်။

သို့သော် တစ်စုံတစ်ရာကို လိုချင်၍ဖြစ်စေ၊ သိချင်၍ဖြစ်စေ ကြည့်ရာတွင်မူ လောဘပါလာပါသည်။ သဘောမကျ အလိုမပြည့်၍ ကြည့်ရာတွင်လည်း ဒေါသပါလာသည်။ လောဘစေတနာနှင့် ကြည့်ခြင်း၊ ဒေါသစေတနာနှင့် ကြည့်ခြင်းက သာမန်ကြည့်ခြင်းနှင့် ကွာခြားသွားပါသည်။

ကြည့်ချင်၍ ကြည့်ရာတွင်မူ စေတနာကစေ့ဆော်တိုက်တွန်းသောကြောင့် သဟဇာတကမ္မအမည်ရ၏၊ မကျေနပ်သောကြောင့် ကြည့်လျှင်လည်း စေတနာကတွန်းသောကြောင့် သဟဇာတကမ္မ အမည်ရသည်။ လိုချင်၍ ကြည့်လျှင်လည်း စေတနာကတိုက်တွန်းသောကြောင့် သဟဇာတကမ္မ အမည်ရ၏။

ကုသိုလ် အကုသိုလ်သည် ကမ္မအမည် မရပါ။ စေတနာကသာ ထိုထိုကုသိုလ်၊ အကုသိုလ်တို့ဖြစ်အောင် တွန်းပို့တတ်သောကြောင့် ကမ္မအမည်ရပါသည်။

## စေတနာပါမှ အထမြောက်သည်

စေတနာပါမှ အမှုကိစ္စမြောက်ပါသည်။ ပမာအားဖြင့် ယနေ့ခေတ်ပေါ် ပစ္စည်းဖြစ်သည့် တယ်လီဖုန်း Handset လိုချင်သူ၏စိတ်တွင် လောဘနှင့် စေတနာ ပေါင်းရသည်။ စေတနာက တွန်းပို့လိုက်သောကြောင့် လိုချင်မှုလောဘ ထွက်လာခြင်း ဖြစ်သည်။

လောဘသက်သက် မထွက်နိုင်ပေ။ သူ့လက်ထဲက တယ်လီဖုန်း Handsetကို မကြည့်ဘဲ မနေနိုင်လောက်အောင် စေတနာက တွန်းလိုက်သောကြောင့် လောဘက ကြည့်ချင်တယ်ဟု ဖြစ်လာသည်။ လိုချင်တယ်ဟု ဖြစ်လာသည်။ သဘောကျတယ်ဟု ဖြစ်လာသည်။ မဖြစ်မနေ ရအောင်လုပ်မယ်ဟု ဖြစ်လာခြင်းသည် စေတနာ၏ တိုက်တွန်းနှိုးဆော်မှုကြောင့် ဖြစ်သည်။

ကုသိုလ်ဘက်တွင်လည်း နှင်းဆီပန်းခိုင်မြင်လိုက်သည်နှင့် ဈေးမည်မျှပေးရ၊ ပေးရ ချက်ခြင်းဝယ်ပြီး ဘုရားပန်း လှူချင်လာတော့သည်။ ဤနေရာ၌ စေတနာကိုသာ ပြလိုရင်း ဖြစ်သောကြောင့် အခြားပစ္စည်းများကို မဖော်ပြခြင်း ဖြစ်ပါသည်။ ပစ္စည်းများစွာကို ဖော်ပြပါမူ စိတ်အလုပ်ကို စောင့်ကြည့်ရာတွင် ဝိပဿနာအလုပ်သဘောမပေါ်ဘဲ ပညတ်ဘက် ရောက် တတ်သောကြောင့် ဖြစ်ပါသည်။

## ကုသိုလ်ကံ အကုသိုလ်ကံနှင့် စေတနာသုံးတန်

ဒါနပြုရာ၌ ပုဗ္ဗ၊ မုဥ္စ၊ အပရစေတနာသုံးမျိုး အကြိမ်များစွာ ဖြစ်ပေါ်သကဲ့သို့ အခြားသော ပုညကြိယဝတ္ထု၊ သုစရိုက်မှု၊ ဒုစရိုက်မှုတို့ကို ပြုလုပ်ရာ၌လည်း ထိုစေတနာသုံးမျိုးတို့ အကြိမ် များစွာ ဖြစ်ပေါ်လေ့ရှိပေသည်။ ယင်းစေတနာသုံးမျိုးတွင် မုဥ္စစေတနာကို သန္နိဋ္ဌာပက စေတနာဟုလည်း ခေါ်သည်။

စေတနာသုံးပါးတွင် ပုဗ္ဗစေတနာနှင့် အပရစေတနာတို့သည် မုဥ္စစေတနာ ထက်သန် မွန်မြတ်ခြင်း၏ အကြောင်းဖြစ်သောကြောင့် မုဥ္စစေတနာသည်သာ ပဋိသန္ဓေအကျိုးကို ပေးလေသည်။ ပုဗ္ဗစေတနာ၊ အပရ စေတနာတို့သည်ကား ပဋိသန္ဓေအကျိုးကို မပေးနိုင်။ ပဝတ္တိအကျိုးကိုသာ ပေးစွမ်းနိုင်၏။ ထို့ကြောင့် ဉပရိပဏ္ဏာသ အဋ္ဌကထာ၊ စူဠကမ္မဝိဘင်္ဂသုတ် အဖွင့်၌ "ဆုံးဖြတ်သော သန္နိဋ္ဌာနစေတနာ၏ အစွမ်းကြောင့်လည်း နတ်ပြည်တို့၌ ဖြစ်ရ၏။ ပုဗ္ဗစေတနာ အပရစေတနာတို့ကြောင့် ဆိုအပ်ပြီးသောနည်းဖြင့် အသက်ရှည်ခြင်း ဖြစ်ပေ သည်" ဟု လာရှိပါသည်။

## ၂-နာနာက္ခဏိကကမ္မ

နာနာက္ခဏိကကံသည် အချိန်ကာလအားဖြင့် ဘဝတစ်သိန်း၊ ဘဝတစ်သန်း ခြားသော်လည်း အပရာပရိယ ဝေဒနီယကံအဖြစ် အကျိုးပေးနိုင်သည်။ "ကံနှင့် ကံအကျိုးပေးအတိုင်းပဲ" ဟု ပြောဆိုကြခြင်းမှာ ဤနာနာက္ခဏိကကံကို ဆိုလိုခြင်းဖြစ်၏။

ကမ္မပစ္စည်းသည် သတ္တိအလွန်ကြီး၏။ အဘယ်ကြောင့်ဆိုသော် နာနာက္ခဏိကကံက ဘဝတစ်သန်း၊ ဘဝတစ်သောင်း ခြားပြီးသည့်နောက်လည်း အပရာပရိယဝေဒနီယကံအဖြစ်ဖြင့် အကျိုးပေးနိုင်သော သတ္တိရှိသောကြောင့်ပေတည်း။ ထို့ကြောင့် ကမ္မပစ္စည်း၏သတ္တိသည် အလွန် ကျယ်ဝန်းသောကြောင့်ပင် သာမန်အားဖြင့် နားလည်ရန် ခက်ခဲလှသည်။ အကြောင်းမှာ ကံပြုသည်က တစ်ချိန်ဖြစ်ပြီး ထိုကံ၏အကျိုးပေးက တစ်ချိန်ဖြစ်သောကြောင့်တည်း။

တစ်နည်းအားဖြင့် ကံကိုပြုပြီးနောက် အကြောင်းဆုံပါက မနက်ဖန်ဖြစ်စေ၊ သဘက်ခါဖြစ်စေ၊ နောက်ဘဝ၌ဖြစ်စေ၊ ဘဝသိန်းသန်းခြားပြီးမှဖြစ်စေ အကျိုးပေးနိုင်ပါသည်။ ပမာအားဖြင့် ကမ္ဘာပေါင်းများစွာ ခြားပြီးမှသော်လည်း နောက်ဆုံး ကျွတ်တမ်းဝင်မည့်နေ့အထိ ကျေးဇူးပြုနိုင်ပါသေးသည်။ ထို့ကြောင့်ပင် ၎င်းကို နာနာက္ခဏိကကံ (Asynchronous Kamma)ဟု ခေါ်ခြင်းဖြစ်သည်။

ကောင်းသည့်အရာ၌ဖြစ်စေ၊ မကောင်းသည့်အရာ၌ပင်ဖြစ်စေ၊ သိလျက်ဖြစ်စေ၊ မသိလျက်ပင်ဖြစ်စေ၊ ယုံကြည်လျက်ဖြစ်စေ၊ မယုံကြည်ဘဲဖြစ်စေ၊ ကိုယ်ဖြင့် နှုတ်ဖြင့် စိတ်စေတနာ ထက်သန်စွာ အကောင်အထည်ဖော် ဆောင်ရွက်မှုတစ်ခုခြင်းသည် အောင်မြင်သော မျိုးစေ့ သဖွယ် Potential energy တည်သွားပါသည်။ ဤသတ္တိကိုပင် နာနာက္ခဏိကကံ (Asynchronous Kamma) ဟုခေါ်၏။

နာနာက္ခဏိက ကမ္မပစ္စည်းသည် မိမိဖြစ်ပေါ် ချုပ်ပျောက်ပြီးနောက် ဝိပါက်စိတ်၊ စေတသိက် နာမ်တရားနှင့် ပဝတ္တိ ပဋိသန္ဓေ ကမ္မဇရုပ်တရားတို့အား ဖြစ်ပေါ်တည်တံ့စေသောအားဖြင့် ကျေးဇူးပြုသည်၊ သဟဇာတကမ္မပစ္စည်းသည် ပြိုင်တူဖြစ်ဖက် စိတ်စေတသိက် နာမ်တရားနှင့် စိတ္တဇပဋိသန္ဓေကမ္မဇရုပ်တို့အား ဖြစ်ပေါ်တည်တံ့စေသောအားဖြင့် ကျေးဇူးပြုသည်။ ကုသိုလ် အကုသိုလ် စေတနာ ၃၃-ခုသည် သဟဇာတကမ္မသတ္တိဖြင့်လည်းကောင်း၊ နာနာက္ခဏိက ကမ္မသတ္တိဖြင့်လည်းကောင်း ကျေးဇူးပြုသည်၊ ဝိပါက်ကြိယာ စေတနာသည်ကား သဟဇာတ ကမ္မသတ္တိဖြင့်သာ ကျေးဇူးပြုသည်။

## နာနာက္ခဏိကကမ္မ စေတနာ

နာနာက္ခဏိကကမ္မစေတနာသည် မိမိဖြစ်ပေါ် ချုပ်ပျောက်သွားပြီး ဖြစ်သော်လည်း ဂတိ၊ ဥပဓိ၊ ကာလ၊ ပယောဂ စသော အခြားအကြောင်းများနှင့် ပေါင်းဆုံညီညွတ်လျှင် ဝိပါက်စိတ် စေတသိက်နာမ်တရားနှင့် ပဝတ္တိပဋိသန္ဓေ ကမ္မဇရုပ်အကျိုးတရားတို့ ဖြစ်ပေါ်လာစေရန် မိမိဖြစ်ပေါ်ရာ ပုဂ္ဂိုလ်၏ခန္ဓာအစဉ်၌ သတ္တိထူးကို မြှုပ်နှံထားသကဲ့သို့သော သတ္တိထူးမျိုး ရှိ၏။

ထို့ကြောင့် နာနာက္ခဏိကကမ္မစေတနာသည် ဖြစ်ပေါ်ချုပ်ပျောက်ပြီး၍ ထင်ရှားမရှိတော့သော်လည်း နောင်အခါဝယ် ကမ္မာပေါင်းကုဋေမျှားစွာ ကွာခြားစေကာမူ အကျိုးတရားများ ဖြစ်ပေါ်လာစေရန် စွမ်းဆောင်နိုင်ပေသည်။ ဥပမာ ရှေးရှေးသင်ယူထားသော အတတ်ပညာသည် ဖြစ်ပေါ်ချုပ်ပျောက်ပြီး၍ ထင်ရှားမရှိသော်လည်း နောက်နောက် သင်ယူသော အတတ်ပညာများ တိုးတက်ဖြစ်ပွားစေရန် စွမ်းဆောင်နိုင်သကဲ့သို့ ဖြစ်ပေသည်။

## ရဟန္တာ၏ ခမည်းတော်မုဆိုး

သောဏဂိရိခေါ် တောင်ခြေ၌ရှိသည့်ကျောင်း၌ သီတင်းသုံးနေသော ရဟန္တာ အရှင်သောဏမထေရ်၏ ခမည်းတော်ကြီးသည် သန်သန်မာမာရှိစဉ်က မုဆိုးအလုပ်ဖြင့် နှစ်ပေါင်းများစွာ အသက်မွေးခဲ့၏၊ အိုမင်းမစွမ်း ရှိလာသည့်အခါမှ သားတော်ထံတွင် ရဟန်းကြီးပြုနေသည်။

မကျန်းမာ၍ သေခါနီးအချိန်ရောက်သည့်အခါ တစ်သက်တာလုံး သားကောင်များကို သတ်ဖြတ်နှိပ်စက်ခဲ့သည့် မုဆိုးကြီး၏ အကုသိုလ်ကံကြောင့် တောင်ခြေမှခွေးကြီးများ မိမိကို ကိုက်တော့မည်ဟန်ဖြင့် ဂတိနိမိတ်များ ထင်လာ၍ "ခြောက်ပါဟဲ့ သားရဲ့၊ ခြောက်ပါဟဲ့ သားရဲ့" ဟု ဆက်ကာဆက်ကာ အော်ဟစ်နေရှာသည်။

ထိုအခါ အရှင်သောဏက "ဘာလဲ ဦးပဉ္စင်းကြီး"ဟု မေးသည့်အခါ "ခွေးကြီးတွေ၊ ခွေးကြီးတွေ"ဟု ပြန်ပြောရာ ငရဲဂတိနိမိတ်ထင်နေကြောင်း ရဟန္တာအရှင်မြတ် သိသွားလေသည်။ ထို့နောက် "ငါ့လိုသား ရှိပါလျက် ငရဲဘာဖြစ်လို့ ကျရမလဲ" ဟူသော စိတ်ထားဖြင့် သာမဏေများကို ပန်းရှာခိုင်းပြီး ဘုရားရင်ပြင်တော်မှာ ပန်းမွေ့ရာခင်းစေကာ ဦးပဉ္စင်းကြီးကို ညောင်းစောင်းနှင့်တကွရွှေ့၍ စေတီရုပ်ပွားတော်ရှေ့၌ ချထားသည်။ ထို့နောက် သားဖြစ်သူ ရဟန္တာမထေရ်က "ဦးပဉ္စင်းကြီးအတွက် ပန်းပူဇော်ထားပါတယ်၊ ကြည်ညိုပါ" ဟု တိုက်တွန်းသဖြင့် ကြည်ညိုဝမ်းမြောက်သည့်ခဏ၌ ခွေးကြီးနိမိတ်များ မထင်တော့ဘဲ နတ်သမီးနိမိတ်များ ပြောင်းလဲထင်လာရာ "ဟဲ့ သားရဲ့ဖယ်ပေးပါ၊ ဖယ်ပေးပါ၊ သားရဲ့ မိထွေးများ လာနေတယ်"ဟု နတ်သမီးအာရုံကိုမြင်ကာ ယောင်ယမ်းပြောဆိုနေစဉ် စုတိစိတ်ကျ၍ နတ်ပြည်သို့ ရောက်ရလေသည်။

## ကံကိုယုံကြည်မှုနှင့် ပုဗ္ဗေကတဟေတုဒိဋ္ဌိ

ကံတရားကို ယုံကြည်လက်ခံထားကြသည့် ဗုဒ္ဓဘာသာ ကမ္မဝါဒီ ပုဂ္ဂိုလ်တို့သည် မြတ်ဗုဒ္ဓ၏ ကမ္မဝါဒကို တိကျပြတ်သားစွာ နားလည်သိရှိထားရန် အလွန်အရေးကြီး၏။ ဗုဒ္ဓမြတ်စွာသည် ကံနှင့်ပတ်သက်၍-

---

**ကျမ်းညွှန်း** * (၁၃၁) မဟာစတုကသုတ္တဝဏ္ဏနာ၊ အနုပဒဝဂ္ဂ၊ ဥပရိပဏ္ဏာသဋ္ဌကထာ (နှာ-၈၈)

သတ္တဝါတို့သည် ကံသာ ကိုယ်ပိုင်ဥစ္စာရှိ၏၊
ကံကပေးသော အမွေကို ခံယူရ၏၊
ကံသာ ဆင်းရဲကြောင်း၊ ချမ်းသာကြောင်းဖြစ်၏၊
ကံသာ ဆွေမျိုးမိတ်ရင်း သူငယ်ချင်းရှိ၏၊
ကံသာ အားထား ကိုးကွယ်ရာရှိ၏။

ကံကသာ သတ္တဝါတို့ကို အယုတ်အမြတ်ဖြစ်အောင် ဖန်တီးပေးသည်ဟု လမ်းညွှန်တော်မူထားခဲ့ပါသည်။ ထို့ကြောင့် မြန်မာဘာသာစကားတွင် "ကံသာလျှင် အမိ၊ ကံသာလျှင် အဖ"ဟု ပြောဆိုကြခြင်း ဖြစ်သည်။

ဤမြတ်ဗုဒ္ဓ၏ ကမ္မဝါဒ၌ ကံဆိုသည်မှာ လွန်ခဲ့သည့် ဘဝများက ပြုလုပ်ခဲ့သည့် အတိတ်ကံများနှင့် ယခုလက်ရှိဘဝ၌ ပြုလုပ်သော ပစ္စုပ္ပန်ကံ ၂-မျိုးလုံးပင် ဖြစ်ပါသည်။ ဤကံ ၂-မျိုးလုံးကို အားကိုးယုံကြည်မှသာ အယူမှန်သော ကမ္မဿကတာ သမ္မာဒိဋ္ဌိ ဖြစ်နိုင်သည်။

## နာမသန္တတိအစဉ်နှင့် ရူပသန္တတိအစဉ်

နာမသန္တတိအစဉ် Mental continuity နှင့် ရူပသန္တတိအစဉ် Physical continuity ပဋိသန္ဓေအစ၊ စုတိအဆုံးရှိသည့် ဘဝ၊ ဘဝများစွာထဲက ခန္ဓာငါးပါးရှိသည့် သတ္တဝါများတွင် ရုပ်ဖြစ်စဉ်နှင့် နာမ်ဖြစ်စဉ်ဟူ၍ ရှိပါသည်။ နာမသန္တတိအစဉ် Mental continuity နှင့် ရူပသန္တတိအစဉ် Physical continuity ဟူ၍ စာပေ၌ လာရှိပါသည်။ ရုပ်အစဉ်သည် တစ်ဘဝတစ်ခါ သေလျှင် ပျောက်ပျက်သွားသည်။ နာမ်အစဉ်ကမူ ရဟန္တာဖြစ်ပြီး ကျွတ်တမ်း မဝင်မချင်း ဖြစ်၊ တည်၊ ပျက်, ဖြစ်၊ တည်၊ ပျက်အစဉ်ဖြင့် Mental continuity တွင် သတ္တိအဖြစ်ဖြင့် ရှိနေပါသည်။

ကံအကျိုးပေးရန် တစ်နေရာရာတွင် ကိန်းဝပ်ပြီး တည်ရှိနေသည် မဟုတ်ပေ၊ ပမာပြရသော် အတိတ်ဘဝတစ်ခု၏ တစ်နေရာရာ၊ တကွေ့ကွေ့၌ ပြုခဲ့ဖူးသည့် ဒါနကုသိုလ်စေတနာ၏သတ္တိသည် ပျောက်ပျက်မသွားဘဲ Mental continuity ဥပါဒ်၊ ဌီ၊ ဘင်, ဖြစ်၊ တည်၊ ပျက် နာမ်အစဉ်ထဲ၌ အနန္တရ၊ သမနန္တရ၊ အာသေဝန၊ အနန္တရူပနိဿယ၊ နာနာက္ခဏိကကမ္မ စသည် ပဋ္ဌာန်းပစ္စယသတ္တိတို့ဖြင့် ပါဝင်နေခြင်းကို နားလည်ရမည် ဖြစ်ပါသည်။ ဂတိ၊ ကာလ၊ ပယောဂနှင့် ဥပဓိတို့ပြည့်စုံကာ အကြောင်းဆုံသည့် ကာလတစ်ခုခု၌ ဧကန်အကျိုးပေးပေမည်။

သာမန်အားဖြင့် လူသားအများစု ဉာဏ်သက်ဝင်နိုင်ရန် ခက်ခဲနက်နဲသည့် သဘာဝဓမ္မကို မြတ်စွာဘုရားရှင်သည် ပဋ္ဌာန်းတရားတော်၌ ဟောကြားတော်မူထားပါသည်။ ဤပဋ္ဌာန်းတရားတော်၏ အကြောင်းသတ္တိတို့ကြောင့်ပင် ဘဝတစ်ခု၌ ထူထောင်ခဲ့ဖူးသည့် အကြောင်းတရားတည်းဟူသော ကံသည် ဘဝတစ်သန်း၊ ဘဝတစ်သိန်း ခြားပြီးမှလည်း အကျိုးတရားအဖြစ် ပေါ်ပေါက်လာနိုင်ခြင်းကို နားလည်နိုင်မည် ဖြစ်သည်။

## လူချင်းတူသော်လည်း ကံအကျိုးပေးကွဲခြင်းအကြောင်း

လူချင်းတူပါလျက် တချို့မှာ အသက်တို၍ တချို့မှာ အသက်ရှည်ခြင်း အစရှိသော လူတိုင်း မျက်မြင်တွင် ထူးခြားနေသည့် တစ်ဆယ့်လေးချက်သော ပြဿနာတို့ကို သုဘလုလင်၏ လျှောက်ထားချက်နှင့် မြတ်စွာဘုရားရှင်၏ ဖြေဆိုတော်မူသည့် အကြောင်းအရာတို့သည် ကံအကြောင်းကို လေ့လာနေသူအဖို့ များစွာ ဉာဏ်ပွင့်စေနိုင်ပါသည်။

အရှင်ဂေါတမ လူဖြစ်ကုန်သော သူတို့မှာ လူအချင်းချင်း ဖြစ်ကြကုန်လျက် ယုတ်ခြင်း၊ မြတ်ခြင်းတို့ကို တွေ့မြင်ရပါကုန်၏။ ထိုအကြောင်းအရင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း။

၁။ အရှင်ဂေါတမ အသက်တိုသော လူတို့ကိုလည်း တွေ့မြင်ရပါကုန်၏။
၂။ အသက်ရှည်သော လူတို့ကိုလည်း တွေ့မြင်ရပါကုန်၏။
၃။ အနာရောဂါများသော လူတို့ကိုလည်း တွေ့မြင်ရပါကုန်၏။
၄။ အနာရောဂါကင်းသော လူတို့ကိုလည်း တွေ့မြင်ရပါကုန်၏။
၅။ အဆင်းမလှသော လူတို့ကိုလည်း တွေ့မြင်ရပါကုန်၏။
၆။ အဆင်းလှသော လူတို့ ကိုလည်း တွေ့မြင်ရပါကုန်၏။
၇။ အခြံအရံမရှိသော လူတို့ကိုလည်း တွေ့ရပါကုန်၏။
၈။ အခြံအရံများသော လူတို့ကိုလည်း တွေ့မြင်ရပါကုန်၏။
၉။ စည်းစိမ်ဥစ္စာနည်းပါးသော လူတို့ကိုလည်း တွေ့ရပါကုန်၏။
၁၀။ စည်းစိမ်ဥစ္စာများသော လူတို့ကိုလည်း တွေ့မြင်ရပါကုန်၏။
၁၁။ အမျိုးယုတ်သော လူတို့ကိုလည်း တွေ့မြင်ရပါကုန်၏။
၁၂။ အမျိုးမြတ်သော လူတို့ကိုလည်း တွေ့မြင်ရပါကုန်၏။
၁၃။ ပညာမဲ့သော လူတို့ကိုလည်း တွေ့မြင်ရပါကုန်၏။
၁၄။ ပညာရှိသော လူတို့ကိုလည်း တွေ့မြင်ရပါကုန်၏။

အရှင်ဂေါတမ လူဖြစ်ကုန်သော သူတို့မှာ လူအချင်းချင်း ဖြစ်ကြကုန်လျက် ယုတ်ခြင်း မြတ်ခြင်းတို့ကို တွေ့မြင်ရပါကုန်၏။ ထိုအကြောင်းရင်းကား အဘယ်ပါနည်း။ အထောက်အပံ့ကား အဘယ်ပါနည်းဟု လျှောက်ထား၏။

လုလင် သတ္တဝါတို့သည် ကံသာလျှင် မိမိဥစ္စာ ရှိကုန်၏။ ကံ၏ အမွေခံတို့ဖြစ်ကုန်၏။ ကံသာလျှင်အကြောင်း ရှိကုန်၏။ ကံသာလျှင် ဆွေမျိုး ရှိကုန်၏။ ကံသာလျှင် မှီခိုရာ ရှိကုန်၏။ ကံသည်သာလျှင် သတ္တဝါတို့ကို အယုတ်အမြတ် ဖြစ်ခြင်းငှာ ခွဲခြမ်းဝေဖန်၏ဟု မိန့်တော်မူ၏။ အရှင်ဂေါတမသည် အကျဉ်းချုပ် ဟောထားတော်မူ၍ အကျယ်အားဖြင့် အနက်ကို မဝေဖန်အပ်သော ဤတရားစကား၏ အနက်သဘောကို အကျယ်အားဖြင့် အကျွန်ုပ် မသိပါ၊ တောင်းပန်ပါ၏။

၁။ သတ္တဝါတို့၌ ကြင်နာမှုကင်းကွာလျက် ရက်စက်စွာ သတ်လေ့ရှိသော မိန်းမ, ယောကျ်ားတို့သေလျှင် ငရဲရောက်ရတတ်၏၊ လူ့ပြည်သို့ ရောက်ရပြန်လျှင်လည်း အသက် တိုတတ်သည်။

၂။ သတ္တဝါတို့၏ အသက်ကို မသတ်သောသူ သေလျှင်ကား နတ်ပြည်သို့ ရောက်ရ၏၊ လူ့ပြည်သို့ ရောက်ပြန်လျှင်လည်း အသက်ရှည်စွာ နေရလေသည်။

၃။ ခဲ, တုတ်, ဓားစသော လက်နက်တို့ဖြင့် သတ္တဝါတို့ကို ညှင်းဆဲလေ့ရှိသော မိန်းမ, ယောကျ်ားတို့သေလျှင် ငရဲသို့ ရောက်ရတတ်၏၊ လူ့ပြည်သို့ ရောက်ရပြန်လျှင် လည်း အနာရောဂါများစွာ ဖြစ်ရလေသည်။

၄။ သတ္တဝါတို့ကို မညှင်းဆဲသူသေလျှင်ကား နတ်ပြည်သို့ ရောက်ရ၏၊ လူ့ပြည်သို့ ရောက်ပြန်လျှင်လည်း ကျန်းမာ ရွှင်လန်းစွာ နေရလေသည်။

၅။ ဒေါသကြီးသော မိန်းမ, ယောကျ်ားတို့သေလျှင် ငရဲသို့ရောက်ရ၏၊ လူ့ပြည်သို့ ရောက်ရပြန်လျှင်လည်း အရုပ်ဆိုး အကျည်းတန် ဖြစ်ရလေသည်။

၆။ သည်းခံသောသူ သေလျှင်ကား နတ်ပြည်သို့ ရောက်ရ၏၊ လူ့ပြည်သို့ ရောက်ရ ပြန်လျှင်လည်း ရုပ်ရည်အဆင်း လှပခြင်းကို ရလေသည်။

၇။ မနာလို ဣဿာ အားကြီးသော မိန်းမ, ယောကျ်ားတို့သေလျှင် ငရဲသို့ ရောက်ရ၏၊ လူ့ပြည်သို့ရောက်ရပြန်လျှင်လည်း ခြွေရံသင်းပင်း နည်းပါးရလေသည်။

၈။ မနာလို ဣဿာမရှိသူသေလျှင် နတ်ပြည်သို့ရောက်ရ၏၊ လူ့ပြည်သို့ရောက်ရ ပြန်လျှင်လည်း များစွာသော ခြွေရံသင်းပင်းကို ရရှိလေသည်။

၉။ မပေးလှူလေ့ရှိသော မိန်းမ, ယောကျ်ားတို့သေလျှင် ငရဲသို့ ရောက်ရတတ်၏၊ လူ့ပြည်သို့ ရောက်ပြန်လျှင်လည်း ဥစ္စာနွမ်းပါး ဆင်းရဲရလေသည်။

၁၀။ ပေးလှူလေ့ရှိသောသူ သေလျှင်ကား နတ်ပြည်သို့ ရောက်ရ၏၊ လူ့ပြည်သို့ ရောက်ရပြန်လျှင်လည်း ဥစ္စာကြွယ်ဝ ချမ်းသာရလေသည်။

၁၁။ ရိုသေထိုက်သူတို့ကို မရိုသေသောမိန်းမ, ယောကျ်ားတို့သေလျှင် ငရဲသို့ ရောက်ရ တတ်၏၊ လူ့ပြည်သို့ ရောက်ရပြန်လျှင်လည်း ယုတ်နိမ့်သော အမျိုး၌ ဖြစ်ရလေသည်။

၁၂။ ရိုသေထိုက်သူတို့ကို ရိုသေလေ့ရှိသူတို့သေလျှင် နတ်ပြည်သို့ ရောက်ရ၏၊ လူ့ပြည်သို့ ရောက်ရပြန်လည်း မြင့်မြတ်သော အမျိုး၌ ဖြစ်ရလေသည်။

၁၃။ ပညာရှိတို့ထံ ချဉ်းကပ်၍ ကုသိုလ်ဖြစ်, မဖြစ်၊ အပြစ်ရှိ, မရှိစသည်တို့ကို မေးမြန်းလေ့ မရှိသော မိန်းမ, ယောကျ်ားတို့သေလျှင် ငရဲသို့ ရောက်ရတတ်၏၊ လူ့ပြည်သို့ ရောက်ရပြန်လျှင်လည်း အသိလိမ္မာဉာဏ်ပညာ ကင်းဝေးသူ ဖြစ်ရလေ သည်။ ထိုင်းမှိုင်းသူ ဖြစ်ရလေသည်။

၁၄။ ပညာရှိတို့ထံ ချဉ်းကပ်၍ စုံစမ်းမေးမြန်းလေ့, နာယူလေ့ရှိသောသူတို့ သေလျှင် နတ်ပြည်သို့ရောက်၏။ လူ့ပြည်သို့ ရောက်ရပြန်လျှင်လည်း အသိလိမ္မာ ဉာဏ်ပညာ ထက်မြက်သူ ဖြစ်ရလေသည်။

## ချမ်းသာစေဖို့ ပြုပြင်စို့

သူများအသက် သတ်သည့်အတွက် အသက်ကိုယ့်မှာတို။
မသတ်ရှောင်ရှား ထိုသူများ ရှည်လျားအသက်ကို။
သေအောင်မသတ် နှိပ်စက်တတ် များလတ်ရောဂါဆို။
ညှာတာစိတ်သွင်း မနှိပ်နင်း ကင်းရှင်းရောဂါကို။
ထန်ပြင်းဒေါသ ကြီးတတ်က အလှပျက်မည်ဆို။
ဒေါသကင်းစင် မေတ္တာယှဉ် ကြည်လင်လှသကို။
မနာလိုပြန် ဣဿာထန် ခြံရံကင်းမည်ဆို။
ဣဿာမထား ဝမ်းမြောက်ငြား ပေါများခြွေရံကို။
မလှူမဒါန်း မပေးကမ်း ခြောက်ခမ်းဥစ္စာဆို။
စွန့်ကြဲလေ့တုံ ပြုပါကုန် ကုံလုံကြွယ်ဝပို။
မာန်မာနကြွယ် ထိုသူဝယ် မျိုးနွယ်ညံ့မည်ဆို။
ထိုက်သူရိုကျိုး မာန်နှိမ်ချိုး အမျိုးမြတ်သကို။
သိဖွယ်ဟူသမျှ မမေးက ဖျင်းအ ပညာဆို။
ကြားမြင်များအောင် မေးလေ့ဆောင် ခု, နောင် တတ်သိလို။

## စေတနာ မမြင့်မြတ်ခဲ့ရှာသည့် ကျွန်မကလေးမပြည့်

(၁) ဝိပဿီမြတ်စွာဘုရား၊ (၂) သိခီမြတ်စွာဘုရား၊ (၃) ဝေဿဘူမြတ်စွာဘုရား၊ (၄) ကကုသန်မြတ်စွာဘုရား၊ (၅) ကောဏာဂုံမြတ်စွာဘုရားနှင့် (၆) ကဿပမြတ်စွာဘုရား တည်းဟူသော ခြောက်ဆူသော ဘုရားရှင်တော်မြတ်တို့၏ သာသနာတော်၌ ဘိက္ခုနီပြုပြီး သီလနှင့်ပြည့်စုံသော ရဟန်းမ၊ ရင့်ကျက်သော ပညာရှိသော ရဟန်းမ၊ ဣန္ဒြေကို စောင့်စည်းသော ရဟန်းမ ဖြစ်ခဲ့ဖူးသည့် အမျိုးကောင်းသမီးတစ်ဦးသည် ဂေါတမမြတ်စွာဘုရားရှင်၏ လက်ထက်တော်အခါ၌မူ အနာထပိဏ်သူဌေး၏ အိမ်တွင် ရေခပ်ကျွန်မ ဖြစ်နေရှာ၏။

သူဌေး၏အိမ်၌ ကျွန်တစ်ရာပြည့်ရန် တစ်ယောက်အလိုတွင် မွေးဖွားလာသူဖြစ်သဖြင့်

---

**ကျမ်းညွှန်း** ✳ မဟာစည်ဆရာတော်ဘုရားကြီး၏ ဓမ္မစကြာတရားတော်စာအုပ်

တစ်ရာပြည့်ပြီဟူသော ပညတ်နိမိတ်ကိုယူကာ ပုဏ္ဏိကာ (ဝါ) မပြည့်ဟု အမည်မှည့် ခေါ်လိုက်ကြ၏။ မပြည့်သည် ဘုရားရှင်အဆူဆူတို့၏ သာသနာတော်၌ သီလဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်စုံသူဖြစ်သဖြင့် ထိုဂုဏ်တို့ကြောင့်ပင် မာန်မာန ထောင်လွှား မှောက်မှားကာ အကျင့်သီလနှင့် ပြည့်စုံသည့် ရဟန်းမများကို စေတနာဆိုးဖြင့် မထီမဲ့မြင် များစွာ ပြုမိခဲ့ရှာ၏။

ထိုအကုသိုလ် စေတနာကံ၏ အကျိုးပေးကာ အချိန်ကာလအားဖြင့် ကမ္ဘာခြားသွားသော်လည်း နာနာက္ခဏိကကံ၏သတ္တိကား ပျက်ပြယ်သွားသည်ဟူ၍ မရှိကောင်းပေ။ ရဟန္တာဖြစ်ပြီး ကျွတ်တမ်း မဝင်မချင်း Mental continuity ရှိနေပေဦးမည်။ ထို့ကြောင့် မပြည့်သည် ရဟန္တာဖြစ်ပြီး ကျွတ်တမ်းဝင်ရမည့် ဘဝ၌ပင် သူဌေးအိမ်၌ ရေခပ်ကျွန်မဘဝ ဖြစ်နေရရှာ၏။ "မာနကြီးက မျိုးညံ့ရ"ဟူသော ဘုရားရှင်၏ အဆုံးအမကို မမေ့ပျောက်သင့်ပါ။

## ကံတူအကျိုးပေးပုံ ဝတ္ထုသာဓကများ

ဇာတ်တော်များ၌ ကံတူအကျိုးပေးပုံတို့ များစွာ ပါရှိပေသည်။ ရှေးရှေးက စိတ်တူကံတူ ပြုခဲ့သော ကံတို့သည် နောင်အခါ၌လည်း အတူအကျိုးပေးတတ်ကြ၏။ ဒါနအတူပြုခြင်း၊ သီလအတူဆောက်တည်ခြင်းတို့ ဖြစ်ပါသည်။ အချို့အတူပြုခွင့်မရသည့်တိုင် တစ်ယောက်ပြုနေသည်ကို တစ်ယောက်က သဘောကျခြင်း၊ အိမ်ရှင်လင်ယောကျ်ားရှာ၍ အိမ်သူက ထိုပစ္စည်းဖြင့် ကုသိုလ်ပြုသည်ကို ဝမ်းမြောက်ခြင်း စသော ကုသိုလ်များကို "ကံတူ" ဟု ဆိုလိုပေသည်။ ထိုကဲ့သို့ ကံတူပြုရာ၌ ပညာရှိသူတော်ကောင်း အချင်းချင်းဖြစ်လျှင် တစ်ယောက်စကား တစ်ယောက်နားထောင်ကာ မခွဲမခွာနေလိုသော သမ္မာဆန္ဒဖြင့် တစ်ယောက်နှင့် တစ်ယောက် ငဲ့ညှာသော တဏှာဆန္ဒများလည်း ကုသိုလ်၏ ရှေ့အဖို့ နောက်အဖို့မှာ မကင်းဘဲ ရှိတတ်၏။ ထိုကုသိုလ်ကံ အကျိုးပေးသောအခါ သမ္မာဆန္ဒ, တဏှာဆန္ဒအလိုကျအောင် ထိုသူနှစ်ယောက်တို့ အတူ တွေ့ဆုံရတတ်၊ အတူ အကျိုးခံစားရတတ်ပေသည်။ ဤအရာမျိုးကို "ကံတူအကျိုးပေး"ဟု ခေါ်သည်။

ထိုကဲ့သို့ တစ်ယောက်နှင့် တစ်ယောက် ငဲ့ညှာမှုဆန္ဒပြင်းပြလှသော ကုသိုလ်ရှင်တို့သည် သံသရာထဲ၌ ပါရမီဖြည့်ဖက်အဖြစ်ဖြင့် ကျင်လည်ကာ အလောင်းတော်များဖြစ်ရပုံကိုလည်း ဘုရားရှင်နှင့် ယသော်ဓရာ မိဖုရား၊ ရှင်မဟာကဿပနှင့် မယ်ဘဒ္ဒါ၊ မဟာကပ္ပိနမင်းနှင့် အနော်ဇာတို့အပြင် မကင်းရာ မကင်းကြောင်းဖြစ်၍ ပါလာကြသောရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်၊ ရှင်အနုရုဒ္ဓါ၊ ရှင်ရာဟုလာ၊ ခေမာထေရီ၊ ဥပ္ပလဝဏ်ထေရီ၊ မိထွေးတော်ဂေါတမီ၊ သုဒ္ဓေါဒနမဟာရာဇာတို့၏ ဝတ္ထုကြောင်းများဖြင့် ကောင်းကောင်းကြီး ယုံကြည်သင့်ကြပေသည်။

**ကျမ်းညွှန်း** ✱ (၂၃၆+၂၅၁)၊ ပုဏ္ဏာထေရီဂါထာဝဏ္ဏနာ၊ သောဋ္ဌသနိပါတ၊ ထေရီဂါထာအဋ္ဌကထာ (နှာ-၂၀၉)

## သားသမီးမရသည့် ဇနီးမောင်နှံ

အကုသိုလ်ကံအရာမှာလည်း စိတ်တူသဘောတူပြုလျှင် ကံတူအကျိုးပေးပင် ဖြစ်၏။ ရှေးအခါက ဇနီးမောင်နှံနှစ်ဦးတို့သည် လှေပျက်၍ လူမရှိသောကျွန်းငယ်တစ်ခုသို့ ရောက်သွားသည်။ ထိုကျွန်း၌ အစာမရကြသဖြင့် ငှက်ဥနှင့် ငှက်ကလေးများကို သတ်၍ စားကြရ၏။ ထိုမကောင်းမှုအတွက် ငရဲကျပြီးနောက် ဘုရားလက်ထက်၌ ဥတေနမင်း၏သားတော် ဗောဓိမင်းသားနှင့် မိဖုရားဖြစ်လာကြသည်။ ရှေးကငှက်ကလေးများကို သတ်စားမိခဲ့သောကံကြောင့် သားသမီးမရပဲ ရှိလေသည်။

ငှက်ငယ်ကလေးများကို သတ်စားစဉ်က မိန်းမက သဘောမတူခဲ့လျှင် မိန်းမအတွက် သားသမီး ရထိုက်၏။ ယောကျ်ားက သဘောမကျလျှင်လည်း ယောကျ်ားအတွက် သားသမီး ရထိုက်၏။ ထိုဇနီးမောင်နှံ နှစ်ယောက်တို့မှာမူ စိတ်တူကိုယ်တူ သတ်ခဲ့သောကြောင့် လုံးဝ သားသမီးမရနိုင်ဘဲ ရှိလေသည်။ ဤသို့ စသည်ဖြင့် စိတ်တူကိုယ်တူပြုခဲ့သော အကုသိုလ်ကံများ၏ ကံတူအကျိုးပေးတတ်ပုံကို သတိထား၍ တစ်ယောက်က အကုသိုလ်မှုကို ပြုသည့်အခါ တစ်ယောက်က သဘောမကျဘဲ တားမြစ်ရန် သတိပြုသင့်ကြပေသည်။

ထို့ကြောင့် မဃဒေဝလင်္ကာသစ်၌ -

"အကုသိုလ်နှင့်၊ ကုသိုလ်နှစ်ပါး၊ ကံတရားကား၊ မယားပြုရာ၊ စိတ်မပါလျှင်၊ လင်မှာမရ၊ လင်ပြုကလည်း၊ မယားအိမ်သူ၊ စိတ်မတူသော်၊ မှတ်ယူမှန်စွာ၊ မရရာဘူး" ဟု ညွှန်ကြားထားခြင်း ဖြစ်ပေသည်။

## ဆွမ်းဝအောင် မဘုဉ်းပေးခဲ့ရရှာသည့် အကုသလဝိပါက်

ကဿပဘုရားရှင်လက်ထက်တော်၌ သူကြွယ်တစ်ယောက်၏ ကျောင်းဘုန်းကြီးတစ်ပါးသည် သီလရှိ၏။ အနေအထိုင်ကောင်း၏။ သို့သော် ကျောင်းဒကာသူကြွယ် ခဏခေတ္တလာရောက်ပို့ထားသည့် အာဂန္တုရဟန္တာအား ကျောင်းဒကာ ကြည်ညိုသည်ကို သည်းမခံနိုင်ဘဲ ကုလမစ္ဆရိယ အကုသိုလ်တရား ဖြစ်ပွားလျက် ရှိလေသည်။ ထို့ကြောင့် သူကြွယ်အိမ်သို့ နံနက်ဆွမ်းစားသွားခါနီး၌ အာဂန္တုကိုယ်တော် မနိုးအောင် ခေါင်းလောင်းကို လက်သည်းဖြင့် ထိုး၍ ကြွသွားလေသည်။ အိမ်ရောက်၍ သူကြွယ်က အာဂန္တုကိုယ်တော် အကြောင်းမေးသည့်အခါ -

*"ဒကာကြီးရဲ့ကိုယ်တော်ဟာ အင်မတန် အအိပ်ကြီးတယ်၊ မနေ့က ဒကာကြီးရဲ့အိမ်မှာ အစားကောင်း အသောက်ကောင်းများ စားသောက်ပြီး နင်းကန်အိပ်နေတယ်၊ ခေါင်းလောင်းထိုးတာတောင် မနိုးလို့ ထားခဲ့တယ်"* ဟု ပြောလေသည်။

---

**ကျမ်းညွှန်း** ✳ ဗောဓိရာဇကုမာရဝတ္ထု၊ အတ္တဝဂ္ဂ၊ ဓမ္မပဒဋ္ဌကထာ-၂ (နှာ-၈၅)

ကျောင်းဒကာမှာ လိမ္မာပါးနပ်သူဖြစ်၍ ဘုန်းကြီး၏ စိတ်ထားကို ရိပ်စားမိ၏။ ထို့ကြောင့် ကျောင်းဘုန်းကြီးအား ဆွမ်းကပ်ပြီး ဆွမ်းဘုဉ်းပြီးသောအခါ သပိတ်ကို ဆေးကြောပြီးနောက် *"ဤခဲဖွယ်ဘောဇဉ်များကို အာဂန္တုကိုယ်တော်အား လှူပါဘုရား"* ဟု သပိတ်ထဲ၌ ထည့်ပေးလိုက်၏။ ကျောင်းဘုန်းကြီးက မကျေနပ်၊ *"သည်လိုဆွမ်းကောင်းတွေ စားနေရရင် ဒီကိုယ်တော် ငါ့ကျောင်းက ဆွဲချတောင် သွားတော့မှာ မဟုတ်ဘူး"* ဟု ကျောင်း၌ ဆက်လက်နေထိုင်မည်ကို ဝန်တိုသော အာဝါသမစ္ဆရိယ၊ မိမိထက်သာသည်ကို မနာလိုသော ဣဿာတို့ကြောင့် ကျောင်းဒကာလှူဒါန်းလိုက်သည့် ဆွမ်းများကို လမ်းမှာ သွန်ပစ်လိုက်လေသည်။

အာဂန္တုရဟန္တာ အရှင်မြတ်သည် ကျောင်းဘုန်းကြီး၏ စိတ်ဓာတ်ကိုသိတော်မူ၍ စောစောကပင် ကောင်းကင်ခရီးဖြင့် လိုရာအရပ်သို့ ကြွနှင့်ပြီး ဖြစ်လေသည်။ ကျောင်းဘုန်းကြီးသည် ကျောင်းသို့ရောက်၍ ရှာဖွေရာ အာဂန္တုကိုယ်တော်ကို မတွေ့သည့်အခါ *"ဒီကိုယ်တော်ဟာ ကေန် ရဟန္တာ ဖြစ်မှာပဲ၊ ငါ့စိတ်သဘောကို သိတဲ့အတွက် တစ်ပါးအရပ်သို့ ကြွသွားတာဖြစ်မယ်၊ ငါဟာ ဝမ်းရေးကြောင့် ရဟန်းတို့နဲ့ မသင့်မလျော်တဲ့အမှုကို ပြုမိလေပြီ"* ဟု ကြီးစွာသော စိတ်နှလုံး မချမ်းမသာခြင်း ဖြစ်လေသည်။ ထိုဘုန်းကြီးမှာ မကြာမီ စုတေ၍ ငရဲသို့ ရောက်ရလေသည်။

## ဖြစ်လေရာဘဝ အစာငတ်

ထိုငရဲမှ တက်ပြီးနောက် ဘီးလူးဘဝ - ၅၀၀၊ ခွေးဘဝ - ၅၀၀ တို့၌ အစာဝအောင် မစားရသည်သာ များလေ၏။ ထိုကဲ့သို့ ဆင်းဆင်းရဲရဲဖြင့် ဘဝသံသရာကို ကျင်လည်လာခဲ့ရာ ဂေါတမဘုရားရှင်လက်ထက်တော်၌ အိမ်ခြေတစ်ထောင်ရှိသော တံငါသည်ရွာဝယ် တံငါသည်မ၏ဝမ်း၌ ပဋိသန္ဓေနေရလေသည်။ ထိုသူ ပဋိသန္ဓေနေသည့် နေ့မှစ၍ တံငါရွာကြီး တစ်ရွာလုံး ငါးရှာမရရုံသာမက မီး ၇-ကြိမ်လောင်၍ မင်းဒဏ် ၇-ကြိမ် ခံရသည်။ တစ်ရွာလုံး ခဏချက်ချင်း ဆိုသလို ဆုတ်ယုတ်လျော့ပါး ဆင်းရဲသွားကြ၏။

ထိုအခါ စဉ်းစားဉာဏ်ရှိသူ လူကြီးများက "ငါတို့ရွာထဲမှာ ကံဆိုးသူရှိလိမ့်မယ်၊ ရွာကို တစ်ဝက်စီခွဲကြစို့" ဟု တိုင်ပင်ပြီး ရွာကို တစ်ဝက်စီခွဲကြသည်။ ထိုအခါ ထိုကလေးကိုယ်ဝန် ပါသောဘက်၌ ရှေးနည်းတူ ဆင်းရဲပြန်သဖြင့် ထပ်၍ ထပ်၍ ခွဲကြရာ နောက်ဆုံး၌ ထိုကိုယ်ဝန်ရှိသော မိဘတို့ တစ်အိမ်သာ သီးခြား ဖြစ်နေလေသည်။ ထို့နောက် မိခင်မှာ ဆင်းရဲစွာ ဖွားမြင်ရပြီး သူငယ်ကလေး သွားခြေဖြင့် သွားသွားလာနိုင်သည့်အခါ ခွက်ကလေးကို ကလေးလက်၌အပ်၍ မိခင်ခမျာ ထွက်ပြေးလေတော့သည်။

## တရားစစ်သူကြီး၏တပည့် ဖြစ်ခွင့်ရရှာသည်

ကလေးငယ်လည်း ထိုခွက်ကလေးဖြင့် တောင်းရမ်း စားသောက်၍ ဆင်းရဲပြိုငြင်စွာ အသက်မွေးရရှာ၏။ ဤသို့ဖြင့် ၇-နှစ်သားအရွယ် ရောက်လာ၍ တစ်နေ့တွင် အိမ်တစ်အိမ်၏ တံခါး၀၊ ထမင်းအိုး ဆေးသည့်ရေများ စွန့်သွန်ရာဌာနတွင် ကျီးငှက်ပမာ ထမင်းလုံးတစ်လုံးစီ ရှာဖွေကောက်ယူစားနေစဉ် သာ၀တ္ထိပြည်ထဲ ဆွမ်းခံ၀င်လာသည့် တရားစစ်သူကြီး အရှင် သာရိပုတ္တရာမထေရ်ကြီး မြင်တော်မူကာ အလွန်သနားတော်မူသဖြင့် ကျောင်းတော်သို့ ခေါ်ပြီး ကိုယ်တိုင် ခဲဖွယ်ဘောဇဉ်များ ကျွေးမွေး၍ ကိုယ်တိုင်ပင် ရေချိုးပေးပြီး ရှင်ပြုပေး လိုက်လေ သည်။ ထို့နောက် အသက်နှစ်ဆယ်ပြည့်၍ ရဟန်းခံပေးရာ လောသကတိဿ ရဟန်းဟု အမည်တွင်၏။ ရဟန်းဘ၀တွင် ဝိပဿနာတရားကို ပွားများအားထုတ်ရာ ရှေးရဟန်းဘ၀ တုန်းက သီလရှိသော ပုဂ္ဂိုလ်ဖြစ်သည့်အတွက် ရဟန္တာဖြစ်သွားလေသည်။

ထိုသို့ ရဟန္တာဖြစ်သွားသော်လည်း ဘုန်းကံနည်းပါးလာဘ်လာဘ ရှားပါးလှပေသည်။ အသဒိသ အလှူကြီးပေးလှူသော်လည်း ထိုရဟန်းမှာ ဆွမ်း၀အောင် မဘုဉ်းပေးရရှာပေ။ အသက်ရှင်ရုံမျှသာ စားသောက်ရ၏။ ထိုရဟန်း၏ သပိတ်ထဲသို့ ယာဂုတစ်ဇွန်းမျှ ထည့်လိုက် ရုံဖြင့် သပိတ် ပြည့်သွားပြီဟု အလှူရှင်တို့စိတ်တွင် ထင်သွား၏။ ရံခါလည်း ထိုရဟန်း၏ သပိတ်ထဲသို့ ယာဂု ခဲဖွယ် စသည်တို့ကို လှူဒါန်းမည်ပြုသည့်အခါ အလှူရှင်တို့၏ ခွက်ထဲ၌ ယာဂုစသည်တို့ ပျောက်နေတတ်ပေသည်။

## ပရိနိဗ္ဗာန်စံ၀င်မည့်နေ့၌သာ အ၀ဘုဉ်းပေးရ

လောသကတိဿ ပရိနိဗ္ဗာန်စံမည့်နေ့၌မှ ဆရာရင်းဖြစ်သူ အရှင်သာရိပုတ္တရာ မထေရ်ကြီးက *“ဒီနေ့ ငါ့တပည့် ပရိနိဗ္ဗာန်စံတော့မယ်၊ ငါသည် ငါ့တပည့်အား အစားအစာ ၀အောင် လှူဒါန်း ကျွေးမွေးသင့်ပေသည်”*ဟု ကြံစည်ပြီး မိမိနှင့်အတူ ဆွမ်းခံခေါ်သွားသည်။ ထိုအခါ ထိုရဟန်း အတွက်ကြောင့် အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးပင် ကန်တော့ဆွမ်း မျှကိုပင် မရတော့ချေ။ ထို့ကြောင့် ထိုရဟန်းကို ပြန်လွှတ်လိုက်ပြီး ရှင်သာရိပုတ္တရာ တစ်ပါးတည်း ဆွမ်းခံကြွသောအခါ၌မူ ဆွမ်းပြည့်ပြည့်စုံစုံ ရလေတော့သည်။

အရှင်သာရိပုတ္တရာလည်း အိမ်တစ်အိမ်တွင် ဆွမ်းဘုဉ်းပေးပြီးလျှင် အိမ်ကလူများကို ထိုရဟန်းထံသို့ ဆွမ်းပို့လွှတ်လိုက်ရာ လွှတ်လိုက်သူများမှာ သတိမေ့ပြီး လမ်းတွင်စားကြလေ သည်။ ထိုအကြောင်းကို အရှင်သာရိပုတ္တရာကျောင်းပြန်ရောက်မှ သိရလျှင် ကောသလမင်းထံ သွား၍ စတုမဓုအလှူခံကာ ကျွေးရလေသည်။ ထိုသို့ ကျွေးရာ၌လည်း သပိတ်ကိုလွှတ်

---

**ကျမ်းညွှန်း** * လောသကဇာတကဝဏ္ဏနာ၊ အတ္ထကာမဝဂ္ဂ၊ ဧကကနိပါတ၊ ဇာတကဋ္ဌကထာ-၁ (နှာ-၂၅၁)

ပေးလိုက်လျှင် သပိတ်ပါကွယ်မည်စိုးသောကြောင့် အရှင်သာရိပုတ္တရာ ကိုယ်တော်တိုင် သပိတ်ကိုကိုင်၍ ကျွေးတော်မူမှ ထိုစတုမဓုကို အဝဘုဉ်းပေးပြီး ပရိနိဗ္ဗာန်စံရလေသည်။ အပရာ ပရိယဝေဒနီယကံ၏ နာနာက္ခဏိကအကျိုးပေးက ရှောင်လွှဲမရသည့် သာဓကဖြစ်ပေသည်။

## ဆန်းကျယ်သည့် အတိတ်ကံဟောင်း

ကံအကျိုးပေး ဆန်းကြယ်ပုံကို ပြဆိုဦးအံ့ - ဗုဒ္ဓရှင်တော်မြတ်ဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်က သာဝတ္ထိမြို့တော်၏ တံခါးအနီးတွင် ဒွါရမည်သော ရွာတစ်ရွာရှိ၏။ ထိုရွာကို မီးလောင်သည့်အခါ လေအဟုန်ဖြင့် ကောင်းကင်သို့ လွင့်တက်သွားသော မြက်ကရွတ်ခွေ မီးကွင်းတစ်ခုသည် ကောင်းကင်တွင် ပျံလာသော ကျီးတစ်ကောင်၏လည်ပင်းတွင် ဝင်စွပ် မိလေသည်။ ထိုကျီးမှာ မီးလောင်သဖြင့် ကျယ်လောင်စွာ အော်မြည်ကာ မြေသို့ကျ၍ သေရရှာသည်။

မဟာသမုဒ္ဒရာ၌လည်း သင်္ဘောကြီးတစ်စင်းသည် ရွက်တိုက်စက်ခုတ်၍ သွားနေ ဆဲမှာပင် ရုတ်တရက် ရပ်သွား၏၊ ရွက်လည်းရ၊ စက်လည်းကောင်းလျက် သင်္ဘောကြီး ရပ်တန့် သွားသည့်အချက်ကို လေ့လာရှာဖွေကြရာ မည်သည့်ချွတ်ယွင်းချက်ကိုမှ မတွေ့ကြသဖြင့် “သင်္ဘောမှာ ကံဆိုးသူပါနေပြီ”ဟု ယူဆပြီး မဲချကြသည်။ စာရေးတံမဲသည် သင်္ဘောသူကြီး ကတော်၏ လက်၌သာ သုံးကြိမ်တိုင်တိုင် ကျလေသည်။ ထိုအခါ သင်္ဘောသူကြီးသည် မိမိ မိန်းမအတွက် လူအများကို မပျက်စီးစေကောင်းပေဟုဆိုပြီး ထိုလှေသူကြီးကတော်၏ လည်ပင်းတွင် သဲအိုးကို ချည်၍ သမုဒ္ဒရာထဲသို့ ပစ်ချလိုက်စေသည်။ ထိုအခါမှသာ သင်္ဘောကြီးသည် ရှေးနည်းအတိုင်း ဆက်လက် ပြေးသွားနိုင်လေတော့သည်။

ရဟန်းတော်ခုနစ်ပါးသည်လည်း တောင်ခြေရင်းရှိ လိုဏ်တစ်ခု၌ သီတင်းသုံး နေထိုင်စဉ် အထက်မှ တောင်ထွတ်ကြီးတစ်ခု ပြိုကျ၍ လိုဏ်ပေါက်ဝ ပိတ်သွားလေသည်။ ခုနစ်ရက်ကြာမှ ကျောက်ထွတ်ကြီးအလိုလို လိမ့်သွား၍ ပွင့်လေသည်။

## အတိတ်အကြောင်းကံများ

ထိုဆန်းကြယ်သော အဖြစ်အပျက်ကြီး သုံးခုတို့အကြောင်းကို ဇေတဝန်ကျောင်းတော်၌ ရှင်တော်မြတ်ဘုရား တရားဟောကြားတော်မူနေစဉ် လျှောက်ထားကြသည်။ ထိုအခါ ရှင်တော်ဘုရားသည် ထိုပုဂ္ဂိုလ်သုံးဦးတို့၏ အတိတ်အကြောင်းကို ပြန်ပြောင်း ဟောကြား တော်မူပါသည်။ ထိုသုံးဦးတို့တွင် ကျီးသတ္တဝါသည် ရှေးလူဖြစ်စဉ်ဘဝ၌ နွားကြမ်းတစ်ကောင်ကို ဆုံးမ၍မရသောကြောင့် နွား၏လည်ပင်းတွင် ကောက်ရိုးစည်းကို ဖွဲ့ချည်လျက် မီးတိုက်ပြီး

လွှတ်လိုက်၏၊ နွားကြမ်းကြီးမှာ ထိုမီးလောင်မှုကြောင့် သေဆုံးသွားရလေသည်။ ထိုကံ ဟောင်းကြောင့် ယခု ကျီးဖြစ်သောဘဝတွင် ကောင်းကင်ပျံသွားစဉ်မှာပင် လည်ပင်းတွင် မီးကွင်းစွပ်၍ သေဆုံးရခြင်း ဖြစ်သည်။

လှေသူကြီးကတော်မှာလည်း ရှေးဘဝက မိန်းမတစ်ယောက်ပင် ဖြစ်၏၊ ခွေးတစ် ကောင်သည် သူသွားလေရာ၌ တကောက်ကောက်လိုက်လျက် နေသည်၊ တွေ့မြင်သူများက "ဒို့ ခွေးမုဆိုး ထွက်လာပြီဟေ့"ဟု ပျက်ရယ်ပြုကြ၏၊ ခွေးပိုင်ရှင်မိန်းမက ထိုခွေးကို မလိုက်အောင် မည်သို့မျှ မလုပ်နိုင်ချေ၊ ထို့ကြောင့် ခွေး၏ လည်ပင်းတွင် သဲအိုးကိုဆွဲကာ ရေထဲ၌ နှစ်သတ်ဖူး ခဲ့သည်၊ ထိုကံဟောင်းကြောင့် သင်္ဘောသူကြီးကတော် ဖြစ်လာချိန်တွင် ယခုကဲ့သို့ သမုဒ္ဒရာ ထဲတွင် သဲအိုးဆွဲ၍ ပစ်ချခံရလေသည်။

လိုဏ်ဂူအဝပိတ်ခံရသော ရဟန်းတော်ခုနစ်ပါးမှာလည်း ရှေးဘဝက နွားကျောင်း သားများဖြစ်ခဲ့ရာ ဖွတ်တစ်ကောင် တွင်းထဲဝင်သည်ကိုမြင်၍ သစ်ရွက်တို့ဖြင့် တွင်းကို ပိတ်ဆို့ သွားခဲ့သည်၊ ခုနစ်ရက်ကြာမှ ထိုနေရာသို့ရောက်၍ တွင်းကို ဖွင့်ကြည့်ရာ အစာငတ်၍ အားပြတ်ပြီး ထွက်လာသည့် ဖွတ်ကိုမြင်ရ၍ သနားသဖြင့် ချမ်းသာစွာ လွှတ်လိုက်ကြသည်၊ ထိုကံဟောင်းကြောင့် လိုဏ်ဂူပိတ် ခုနစ်ရက်ခံရခြင်း ဖြစ်လေသည်ဟု အတိတ်ဇာတ်ကြောင်း ပြန်ကာ အောက်ပါတရားကို ဟောကြားတော်မူပါသည်။

"မကောင်းမှုကို ပြုခဲ့သောသတ္တဝါသည် ကောင်းကင်၌ပင် တည်နေသည်ဖြစ်စေ၊ သမုဒ္ဒရာအလယ်၌ပင် တည်နေသည်ဖြစ်စေ၊ တောင်ခေါင်းတွင်း၌ပင် ဝင်အောင်းနေသည် ဖြစ်စေ၊ ထိုပြုခဲ့သည့် မကောင်းမှုကံအကျိုးမှ မလွတ်မြောက်နိုင်ချေ။ ဤသြကာသလောကတွင် မကောင်းမှုကံ၏ အကျိုးပေးမှုမှ လွတ်မြောက်နိုင်သည့် အရပ်ဆိုသည်မှာ လုံးဝမရှိပါချေ" ဟု မြတ်စွာဘုရား ဟောကြားတော်မူပါသည်။

## ပုဂ္ဂလဗျာပါရနှင့် ဓမ္မဗျာပါရ

ကမ္မပစ္စည်းကို ရှေးရှေးဆရာမြတ်တို့က "အားပါးထုတ်ထ လုံ့လသည်းစွာ"ဟု ဆိုတော် မူပါသည်။ ကြောင့်ကြ လုံ့လကို ဗျာပါရဟု သုံးနှုန်း၏။ ဤတွင် ပုဂ္ဂလဗျာပါရနှင့် ဓမ္မဗျာပါရ ဟူ၍ရှိရာ ကံက ပုဂ္ဂလဗျာပါရ ဖြစ်ပြီး ကံ၏အကျိုးပေးက ဓမ္မဗျာပါရ ဖြစ်သည်။ ပြုခဲ့ပြီး၊ ထူထောင်ခဲ့ပြီးသည့် ထိုထိုကောင်းကံ၊ မကောင်းကံတို့၏ အကျိုးပေးရန်အတွက်မှာမူ ပုဂ္ဂိုလ် အားစိုက်မှုနှင့် မသက်ဆိုင်တော့ပေ။ အားစိုက်ရန်လည်း မလိုတော့ပေ။ ကြောင့်ကြဗျာပါရ ပြုရန်လည်း မလိုအပ်တော့ပေ။ ၎င်းသည်ပင် ဓမ္မဗျာပါရ မည်လေ၏။

---

**ကျမ်းညွှန်း** * တယောဇနဝတ္ထု၊ ပါပဝဂ္ဂ၊ ဓမ္မပဒဋ္ဌကထာ -၂ (နှာ-၂၄)

## ကံ၏အကျိုးပေးနိုင်စွမ်း လေးပါး

ကံအကျိုးပေးနိုင်စွမ်း ၄-ပါး ရှိ၏။ ၎င်းတို့မှာ-

၁ - အမိအဖကို သတ်ခြင်း၊ ရဟန္တာကို သတ်ခြင်း စသည့် ပဉ္စာနန္တရိယကံသည် အကုသိုလ်ဘက်တွင် ဧကန်အကျိုးပေးမည့် အလွန်အားကြီးသည့် ဂရုကံ ဖြစ်သည်။

၂ - သေရာညောင်စောင်း လဲလျောင်းရာ သေခါနီးကာလတွင် အနီးကပ်ပြုသည့် အာသန္နကံ။

၃ - နေ့စဉ်မပြတ် အလေ့အကျင့်ပြုထားသည့် အာစိဏ္ဏကံနှင့်

၄ - အထက်ပါ ကံသုံးပါးအဖြစ်သို့ မရောက်တတ်ဘဲ သာမန်အားဖြင့်ပြုလုပ်သော် ကဋတ္တာကံတို့ ဖြစ်သည်။ ပမာပြရသော် သူရူးပစ်လိုက်သည့် ဒုတ်သည် ကျချင်ရာအရပ်၌ ကျသကဲ့သို့ ဂရုကကံစသည့် ရှေ့ကံသုံးပါးမရှိသော ဤကံက အကျိုးပေး၏။

## သမ္ပတ္တိတရား လေးပါး

၎င်းတို့မှာ-

၁ - ကောင်းသည့်ဘုံဌာန၌ဖြစ်ခြင်း - ဂတိသမ္ပတ္တိ၊

၂ - ရုပ်ဆင်းအင်္ဂါပြည့်စုံခြင်း - ဥပဓိသမ္ပတ္တိ၊

၃ - မိမိ၏ပင်ကို ကိုယ်စွမ်းအား၊ ဉာဏ်စွမ်းအားများ အသုံးချနိုင်လောက်သည့် အခါကာလပြည့်စုံခြင်း - ကာလသမ္ပတ္တိနှင့်

၄ - ချိန်ခါနှင့်အညီ လုံ့လကောင်းနှင့် ပြည့်စုံခြင်း - ပယောဂသမ္ပတ္တိတို့ ဖြစ်သည်။

ကုသိုလ်ကံ အကျိုးပေးထက်သန်ရန်အတွက် သမ္ပတ္တိတရားလေးပါး ပြည့်စုံရန် လိုအပ်ပေ၏။ အကုသိုလ်ကံ အကျိုးပေးထက်သန်ရန်အတွက်မှာမူ ဝိပ္ပတ္တိတရားနှင့် ကြုံရန် လိုအပ်ပေ၏။

ကံမျိုးစေ့လည်းကောင်းမည်၊ သမ္ပတ္တိတရားနှင့်လည်း ပြည့်စုံပါက ကုသိုလ်အကျိုး ပြည့်ပြည့်ဝဝ မုချ ကောင်းကျိုးပေးတော့မည်။ ကံမျိုးစေ့လည်း ညံ့မည်၊ ဝိပ္ပတ္တိတရားနှင့်လည်း ကြုံနေလျှင်မူ ပေးစရာရှိသည့် အကုသိုလ်ဆိုးကျိုးတို့က ပြည့်ပြည့်ဝဝ ပေးပေတော့မည်။

## အတိတ်ကံ၏တာဝန် ကျေပွန်လေပြီ

ကံကို မျိုးစေ့နှင့် ခိုင်းနှိုင်းသဖြင့် 'သစ်ပင်တို့အား မျိုးစေ့လားသို့ 'ဟု စာပေ၌ လာရှိပါသည်။ ဗုဒ္ဓဘာသာ၌ ကံ၏အရာ ကျယ်ဝန်းသဖြင့် ထဲထဲဝင်ဝင် လေ့လာထားရန် လို၏။ အတိတ်ကပြုခဲ့ဖူးသည့် အကုသိုလ်ကံ၊ ကုသိုလ်ကံက သူနှင့်ထိုက်တန်သည့် ဘုံဘဝတစ်ခုကို ပေးခဲ့ပြီး ဖြစ်သည်။

ထို့ပြင် ဆိုင်ရာရုပ်ဖြစ်သည့် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ ဟဒယဝတ္ထုတို့ကိုလည်းကောင်း၊ တစ်ဖန် နာမ်ပိုင်းဆိုင်ရာ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာစသည့် နာမ်ဓာတ်ခံကောင်းများကိုလည်းကောင်း ကံ၏အမွေအဖြစ် ကံက စီမံပေးလိုက်လေပြီ။ ထို့ကြောင့် အတိတ်ကံ၏တာဝန် ကျေပွန်လေပြီ။

သစ်ပင်တစ်ပင် ရှင်သန်ရန် ရေ၊ မြေ၊ လေ၊ မြေဆီဩဇာ တို့က ပံ့ပိုးပေးရသကဲ့သို့ ပုဂ္ဂလဗျာပါရကလည်း အရေးပါ၏။ အတိတ်ကံပြုစဉ်ကလည်း ပုဂ္ဂလဗျာပါရ တာဝန်ရှိခဲ့သကဲ့သို့ ယခုဘဝကံအပင် သန်စွမ်းလာရန်အတွက်လည်း ပုဂ္ဂလဗျာပါရတာဝန် ရှိနေသည်။ ထို့ကြောင့် ပစ္စုပ္ပန်ဘဝ၌ ကောင်းကံပြုရန်လည်း သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာတည်းဟူသော ပုဂ္ဂလဗျာပါရ စွမ်းပကားကို စိုက်ထုတ်ကြရပါသည်။

## စေတနာထက်သန် အကျိုးပေးသန်

မြတ်စွာဘုရားရှင် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်အခါကာလက ပုဏ္ဏားလင်မယား နှစ်ဦးပေါင်းမှ အပေါ်ဝတ်ရုံတစ်ထည်တည်းသာ ရှိသောကြောင့် သာသနာ့မှတ်တမ်းတွင် စူဠေကသာဋကက ပြာဟ္မဏဟု မှတ်တမ်းပြုထားပါသည်။

ထိုပုဏ္ဏားသည် ညဦးပိုင်းတွင် ဘုရားထံတော်ပါးလာပြီး တရားနာနေပါသည်။ တရားတော်ကို နာယူရသောကြောင့် သူ့နှလုံးသား၌ သဒ္ဓါတရားများ တဖြည်းဖြည်း ယိုဖိတ်လာကာ လှူဒါန်းရန် အကြံအစည် ပေါ်လာလေသည်။ ထိုအခါ လှူဖွယ်ပစ္စည်းကို စိတ်ဖြင့် အိမ်အနှံ့ရှာဖွေပါသော်လည်း တစ်စုံတစ်ခုကိုမျှ မတွေ့ရှာပါ။ နောက်ဆုံး ၎င်း၏ ကိုယ်ပေါ်မှ အပေါ်ရုံကို လှူဒါန်းရန် စိတ်ဆုံးဖြတ်လိုက်ပါသည်။

သို့သော် 'အိမ်က ပုဏ္ဏေးမခမျာ ဝတ်ရုံစရာမရှိဘဲ နေရှာတော့မယ်'ဟု အတွေးပေါ်လာသဖြင့် ညဦးယံအလှူ မအောင်မြင်လိုက်ပေ။ ဤနည်းအတူ သန်းခေါင်ယံတွင် တစ်ကြိမ်သဒ္ဓါယိုဖိတ်လာပါသော်လည်း မစ္ဆရိယနှင့် သဒ္ဓါတိုက်ပွဲတွင် မစ္ဆရိယသာ နိုင်သွားလေ၏။ မိုးသောက်ယံ၌ကား မစ္ဆရိယကို သဒ္ဓါတရားက အနိုင်တိုက်နိုင်ခဲ့ပြီး သူ၏အပေါ်ရုံ အနွမ်းလေးကို ဘုရားရှင်ခြေတော်ရင်းသို့ တင်၍ လှူနိုင်ပါတော့သည်။ ဤဖြစ်စဉ် အသေးစိတ်ကို

ပရိသတ်နောက်နားမှ တရားနာနေသည့် ပသေနဒီကောသလမင်းကြီးက သိသွားသဖြင့် ပြုနိုင်ခဲသည့် အလှူကို ဤပုဏ္ဏားက ပြုပေပြီဟုဆိုကာ ဝတ်စုံ ၃၂-စုံနှင့် သဗ္ဗစတုက္က (အလုံးစုံ ၄-ပါးစီ)ဆုကို ချီးမြှင့်လေ၏။ ပုဏ္ဏား၏ စေတနာသဒ္ဓါက နေ့ညမဆိုင်းဘဲ ချက်ခြင်း အကျိုး ပေးလေတော့၏။

အကယ်၍ ပထမညဦးယံ၌သာ စူဠေကသာဋကပြာဟ္မဏ၏ စေတနာသဒ္ဓါတရားက မစ္ဆရိယကိုနိုင်ခဲ့မည်ဆိုလျှင် အလုံးစုံ တစ်ဆယ့်ခြောက်ခုသော ဆုကိုရမည်၊ အကယ်၍ သန်းခေါင်ယံ၌ သူ၏စေတနာ သဒ္ဓါတရားက မစ္ဆရိယကို နိုင်ခဲ့မည်ဆိုလျှင်မူ အလုံးစုံ ရှစ်ပါးသော ဆုကိုရမည်၊ ယခုမူ မိုးသောက်ယံ၌သာ သူ၏စေတနာသဒ္ဓါတရားက မစ္ဆရိယကို နိုင်ခဲ့သောကြောင့် အလုံးစုံလေးပါးဆုသာ ရခြင်းဖြစ်ကြောင်း မြတ်စွာဘုရားရှင်က မိန့်ကြား တော်မူပါသည်။ ထို့ကြောင့် ကောင်းမှုကုသိုလ်ပြုရန် လက်မနှေးသင့်ကြောင်းကို အတုယူ မှတ်သားဖွယ်ကောင်းသော သာဓကဝတ္ထု ဖြစ်ပေသည်။

## ပုဗ္ဗစေတနာ၏အကျိုး

စေတနာသုံးတန် ပြည့်စုံသည်ကို မဆိုထားဘိ မိမိ၏ ပစ္စည်းဥစ္စာကို မပေးလှူမီ ပုဗ္ဗစေတနာ ဖြစ်ရုံမျှဖြင့်ပင် ကြီးမြတ်သောအကျိုးကို ရရှိနိုင်သည့်သာဓကကို ပြပါဦးမည်။ ရာဇဂြိုဟ်ပြည်၌ အမျိုးသမီးတစ်ယောက်သည် ဝါဝင်းသော သပွတ်ခါး ပန်းလေးပွင့်ကို စေတီ တော်အား တင်လှူရန် အိမ်မှထွက်ခဲ့သည်။ စေတီတော်သို့ မရောက်မီ လမ်းခရီးအကြား၌ နွားမကြီးဝှေ့သဖြင့် ထိုအမျိုးသမီးမှာ စုတေရရှာသည်။

ထိုအမျိုးသမီးကလေးမှာ စေတီတော်အား ပန်းလှူမှု အထမမြောက်သော်လည်း တင်လှူလိုသော ပုဗ္ဗစေတနာကြောင့် တာဝတိံသာနတ်ပြည်၌ သိကြားမင်း၏ အခြံအရံ နတ်သမီးဖြစ်ရသည်။ ထိုနတ်သမီးသည် သိကြားမင်း၏ ရံရွေတော် နတ်သမီးအပေါင်းတို့တွင် ရွှေသားအရောင် ဝင်းဝါတောက်ပြောင်သော ကိုယ်ရောင်ကိုယ်ဝါတို့ဖြင့် အခြားနတ်သမီး တို့ထက် သာလွန်သော နတ်သမီးတစ်ယောက် ဖြစ်ရသည်။

## ပုဗ္ဗစေတနာချို့တဲ့ခဲ့သော ပဥ္စပါပီနှင့် မင်းကုသ

စေတနာသုံးတန်တွင် ပုဗ္ဗစေတနာချို့တဲ့ပျက်ကွက်ခဲ့ပါလျှင် ပထမအရွယ်၌ ဆင်းရဲ နွမ်းပါးခြင်း၊ ရုပ်အဆင်းအင်္ဂါ မလှခြင်း စသော အကျိုးများ ဖြစ်ရတတ်သည်။

---

**ကျမ်းညွှန်း** ＊ စူဠေကသာဋကပြာဟ္မဏဝတ္ထု၊ ပါပဝဂ်၊ ဓမ္မပဒဋ္ဌကထာ - ၂ (နှာ-၁)

＊ (၇၉၅-၇၉၉) ပီတဝိမာနဝဏ္ဏနာ၊ ဝိမာနဝတ္ထုအဋ္ဌကထာ (နှာ-၁၈၄)

ဘုရားရှင်လက်ထက်တော်က အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံအရာ၌ ထင်ရှားကျော်ကြားသည့် ဆင်းရဲသူမကလေး ပဉ္စပါပီသည် ရှေးတစ်ခုသောဘဝ၌ ဆင်းရဲသူကလေးဖြစ်၍ မြေညက်များကိုနယ်ပြီး အိမ်နံရံများကို လိမ်းကျံရသော အလုပ်ကိုလုပ်၏။

တစ်နေ့တွင် ပစ္စေကဗုဒ္ဓါတစ်ပါးသည် လိုဏ်ဂူလိမ်းကျံရန် မြေညက်လိုသဖြင့် သပိတ်ပိုက်ကာ ထိုဆင်းရဲသူမကလေး အနီးတွင် လာရပ်သည်။ ထိုအခါ ဆင်းရဲသူမကလေးက *"ဒီကိုယ်တော်ကြီးဟာ မြေညက် တောင်မှ အလှူခံရတယ်"*လို့ ဒေါသစိတ်ဖြင့် ပြောကြားပြီး မျက်စောင်းထိုး၍ ကြည့်နေသည်။ သို့သော်လည်း မလှုပ်မရှက် ငြိမ်သက်စွာ ရပ်မြဲရပ်နေသည်ကို မြင်ရသောကြောင့် ကြည်ညို သဒ္ဓါစိတ်ဖြစ်ပေါ်လာပြီး ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ သပိတ်ထဲသို့ မြေညက်ခဲကြီးကို ထည့်၍ စေတနာထက်သန်စွာဖြင့် လှူဒါန်းလိုက်လေသည်။

ထိုဆင်းရဲသူမလေးသည် ပဉ္စပါပီဘဝရောက်သောအခါ မြေညက်လှူခဲ့သော ဒါနစေတနာကြောင့် ကိုယ်အတွေ့ အလွန်ကောင်းသော အမျိုးသမီးကလေးဖြစ်ရသော်လည်း မလှူမီရှေ့အဖို့၌ ဒေါသစိတ်ဖြင့် နှုတ်ဖြင့် မကောင်းပြောကြားမှု၊ မျက်လုံးဖြင့် မျက်စောင်းထိုးကြည့်မှုဆိုသည့် ပုဗ္ဗစေတနာချို့တဲ့မှုကြောင့် လက်, ခြေ, ပါးစပ်, မျက်စိ, နှာခေါင်း အင်္ဂါငါးပါးလုံး အချိုးအစားမကျ အရုပ်ဆိုးလှသော အမျိုးသမီးကလေး ဖြစ်ရလေသည်။

ဘုရားအလောင်းတော် ကုသမင်းသည် ကုသမင်းမဖြစ်မီ ဘဝတစ်ခု၌ မိမိအတွက် ဝေစုရသောမုန့်ကို မရီးဖြစ်သူက ပစ္စေကဗုဒ္ဓါတစ်ပါးအား ပေးလှူလိုက်ရာ အမျက်ထွက်ပြီး မုန့်ကိုပြန်၍ လုယူလိုက်သည်။ နောက်မှ ထိုမုန့်ကို ပစ္စေကဗုဒ္ဓါအား ပြန်လှူသည်။ မုန့်ကို လှူခဲ့သော ဒါနစေတနာကြောင့် တန်ခိုးကြီးသော မင်းတစ်ပါးဖြစ်ရသော်လည်း ပုဗ္ဗစေတနာ ချို့တဲ့ ပျက်ကွက်ခဲ့သောကြောင့် ရုပ်ဆိုးသူ ဖြစ်ရလေသည်။

## အပရစေတနာချို့တဲ့သော အပုတ္တကသူဌေးကြီး

ပသေနဒီကောသလမင်းသည် နေမွန်းတည့်အခါ၌ မြတ်စွာဘုရားထံပါးသို့ ချဉ်းကပ်၍ ဘုရားကို ရှိခိုးလျက် တစ်ခုသောနေရာ၌ ထိုင်နေ၏။ မြတ်စွာဘုရားက "မင်းကြီး သင်သည် ယခု နေမွန်းတည့်အခါ၌ အဘယ်အရပ်က လာခဲ့သနည်း"ဟု မိန့်တော်မူ၏။ ထိုအခါ မင်းကြီးက "အရှင်ဘုရား သာဝတ္ထိပြည်၌ သားသမီးမရှိသည့် အပုတ္တသူဌေးကြီး သေခဲ့၏၊ အမွေခံမည့်သူ မရှိသော ထိုသူဌေးကြီး၏ ဥစ္စာကို တပည့်တော်သည် နန်းတော်တွင်းသို့ သွင်း၍ လာခဲ့ပါ၏၊ အရှင်ဘုရား ရွှေချည်းပင် ရှစ်သန်းရှိပါ၏၊ ငွေမူကား အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း၊ အရှင်ဘုရား ထိုသူဌေးကြီးသည် ပုန်းရည်နှင့် ဆန်ကွဲထမင်းကို စားသုံး၏။ သုံးလွှာစပ်၍ချုပ်သော ပိုက်ဆံလျှော်အဝတ်ကို ဝတ်၏။ သစ်ရွက်ထီးကို ဆောင်းလျက် ဆွေးမြေ့သော ရထားငယ်ဖြင့် သွားပါ၏"ဟု လျှောက်၏။

---

**ကျမ်းညွှန်း** ⁕ ကုဏာလဇာတကဝဏ္ဏနာ၊ အသီတိနိပါတ၊ ဇာတကဋ္ဌကထာ-၅ ( နှာ-၄၇၂)
⁕ ကုသဇာတကဝဏ္ဏနာ၊ သတ္တတိနိပါတ၊ ဇာတကဋ္ဌကထာ-၅ (နှာ-၂၉၇)

## ဉာဏ်နဲသည့် သူယုတ်၏ဥစ္စာ

မြတ်စွာဘုရားက "မင်းကြီး ဤစကားသည် ဤအတိုင်း မှန်၏၊ မင်းကြီး ဤစကားသည် ဤအတိုင်း မှန်၏၊ မင်းကြီး သူတော်မဟုတ်သော သူယုတ်သည် များမြတ်ကုန်သော စည်းစိမ်တို့ကိုရ၍ မိမိကိုယ်ကို မချမ်းသာစေ၊ မပြည့်ဖြိုးစေ။ အမိအဖတို့ကို မချမ်းသာစေ၊ မပြည့်ဖြိုးစေ။ သားမယားကို မချမ်းသာစေ၊ မပြည့်ဖြိုးစေ။ ကျွန်အလုပ်သမားတို့ကို မချမ်းသာစေ၊ မပြည့်ဖြိုးစေ။ မိတ်ဆွေခင်ပွန်းတို့ကို မချမ်းသာစေ၊ မပြည့်ဖြိုးစေ။ အထက်နတ်ဘုံ၌ မြတ်သော အကျိုးကို ဖြစ်စေတတ်သော၊ နတ်ပြည်၌ ဖြစ်စေတတ်သော၊ ချမ်းသာသောအကျိုးနှင့် ပြည့်စုံသော၊ မွန်မြတ်သော အကျိုးကို ဖြစ်စေတတ်သော အလှူကို သမဏဗြာဟ္မဏ တို့၌ မဖြစ်စေ။ ထိုသူ၏ ဤသို့ ကောင်းစွာ မသုံးဆောင်အပ်ကုန်သော ထိုစည်းစိမ်ဥစ္စာတို့ကို မင်းတို့သည်မူလည်း ဆောင်ကုန်၏၊ ခိုးသူတို့သည်မူလည်း ဆောင်ကုန်၏၊ မီးသည်မူလည်း လောင်ကုန်၏၊ ရေ၌မူလည်း မျောကုန်၏၊ မချစ်မနှစ်လိုအပ်ကုန်သော အမွေခံတို့သည်မူလည်း ဆောင်ကုန်၏။ မင်းကြီး ဤသို့ ထိုသူ၏ ထိုစည်းစိမ်ဥစ္စာတို့သည် ကောင်းစွာ မသုံးဆောင်အပ်ကုန်သည်ဖြစ်၍ ကုန်ခန်းခြင်းသို့ ရောက်ကုန်၏၊ သုံးဆောင်ခြင်းသို့ မရောက်ကုန်"

## ဉာဏ်ရှိသည့် သူတော်ကောင်း၏ဥစ္စာ

"မင်းကြီး ဥပမာသော်ကား လူမရှိသော အရပ်၌ ကြည်လင်သောရေရှိသော၊ ချမ်းအေးသောရေရှိသော၊ ချိုမြိန်သောရေရှိသော၊ ဖြူသောရေရှိသော၊ ကောင်းသောရေဆိပ်ရှိသော၊ နှလုံးမွေ့လျော် ပျော်ဖွယ်ရာရှိသော ရေကန်သည် ရှိ၏။ ထိုရေကို လူအပေါင်းသည် မဆောင်ယူရာ၊ မသောက်ရာ၊ မချိုးရာ၊ အလိုရှိတိုင်း မပြုရာ။ မင်းကြီး ဤသို့ မပြုသော်လည်း ထိုရေသည် ကောင်းစွာ မသုံးဆောင်ဘဲလျက် ကုန်ခန်းခြင်းသို့ ရောက်ရာ၏၊ သုံးဆောင်ခြင်းသို့ မရောက်ရာ"

"မင်းကြီး စင်စစ် သူတော်ကောင်းဖြစ်သောသူသည် များမြတ်ကုန်သော စည်းစိမ်ဥစ္စာတို့ကိုရ၍ မိမိကိုယ်ကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏။ အမိအဖတို့ကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏။ သားမယားကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏။ ကျွန်အလုပ်သမားတို့ကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏။ မိတ်ဆွေခင်ပွန်းတို့ကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏။ အထက်နတ်ဘုံ၌ မြတ်သောအကျိုးကို ဖြစ်စေတတ်သော၊ နတ်ပြည်၌ ဖြစ်စေတတ်သော၊ ချမ်းသာသော အကျိုးနှင့် ပြည့်စုံသော၊ မွန်မြတ်သော အကျိုးကို ဖြစ်စေတတ်သော အလှူကို သမဏဗြာဟ္မဏတို့၌ ဖြစ်စေ၏။ ထိုသူ၏ ကောင်းစွာ သုံးဆောင်အပ်ကုန်သော ထိုစည်းစိမ်ဥစ္စာတို့ကို မင်းတို့သည်မူလည်း မဆောင်ကုန်၊ ခိုးသူတို့သည်မူလည်း မဆောင်ကုန်၊ မီးသည်

မှုလည်း မလောင်၊ ရေ၌မှုလည်း မမျော၊ မချစ်မနှစ်လိုအပ်ကုန်သော အမွေခံတို့သည်မှုလည်း မဆောင်ကုန်။ မင်းကြီး ဤသို့ ထိုသူ၏ ထိုစည်းစိမ်ဥစ္စာတို့သည် ကောင်းစွာ သုံးဆောင်အပ်ကုန်သည်ဖြစ်၍ သုံးဆောင်ခြင်းသို့ ရောက်ကုန်၏၊ ကုန်ခန်းခြင်းသို့ မရောက်ကုန်"

"မင်းကြီး ဥပမာသော်ကား ရွာ၏လည်းကောင်း၊ နိဂုံး၏လည်းကောင်း မနီးမဝေး၌ ကြည်လင်သော ရေရှိသော၊ ချမ်းအေးသောရေရှိသော၊ ချိုမြိန်သောရေရှိသော၊ ဖြူသော ရေရှိသော၊ ကောင်းသောရေဆိပ်ရှိသော၊ နှလုံးမွေ့လျော် ပျော်ဖွယ်ရာရှိသော ရေကန်သည် ရှိ၏။ ထိုရေကို လူအပေါင်းသည် ဆောင်လည်း ဆောင်ရာ၏၊ သောက်လည်း သောက်ရာ၏၊ ချိုးလည်း ချိုးရာ၏၊ အလိုရှိတိုင်း ပြုလည်း ပြုရာ၏၊ မင်းကြီး ဤသို့လျှင် ထိုရေသည် ကောင်းစွာ သုံးဆောင်အပ်သည်ဖြစ်၍ သုံးဆောင်ခြင်းသို့ ရောက်ရာ၏၊ ကုန်ခန်းခြင်းသို့ မရောက်ရာ"

"သိကြားလိမ္မာသော ပညာရှိသည် စည်းစိမ်ဥစ္စာတို့ကို ရ၍ သုံးဆောင်ခံစား၏၊ ကိစ္စကိုလည်း ပြု၏၊ ထိုပညာရှိသည် ဆွေမျိုးအပေါင်းအား ချီးမြှောက်ထောက်ပံ့ခြင်းကို ပြုလျက် မကဲ့ရဲ့အပ်သည်ဖြစ်၍ ကောင်းမှုကို ပြုသောသူတို့၏ တည်ရာဖြစ်သော နတ်ပြည်သို့ ရောက်၏"ဟု မိန့်တော်မူ၏။

## အပရစေတနာ ချို့ယွင်း

အပုတ္တကသူဌေး၏ အတိတ်ကြောင်းမှာ သူသည် ရှေးဘဝများစွာက ဘဝတစ်ခု၌ တဂ္ဂရသိခီအမည်ရှိသော ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူရန် မှာကြားသွား၏။ အရပ်တစ်ပါးမှ ပြန်လာ၍ ဇနီးဖြစ်သူ လောင်းလှူလိုက်သည့် မွန်မြတ်သောဘောဇဉ်ကို ပစ္စေကဗုဒ္ဓ၏ သပိတ်ထဲ မြင်ရသည့်အခါ "ဤမွန်မြတ်သော ဘောဇဉ်ကို ငါ၏အစေအပါး ကျေးကျွန်များအား ကျွေးမွေးလိုက်လျှင် ကောင်းပေမည်။ အလုပ်သမားကျေးကျွန်များသည် ဤဘောဇဉ်ကို စားရသည့်အတွက် ငါ့အမှုကိစ္စများကို ပြုလုပ် ကြလိမ့်မည်။ ဤရဟန်းကား မိမိနေရာသို့ပြန်ပြီး ဤဘောဇဉ်ကိုစားကာ အိပ်နေပေ လိမ့်မည်"ဟု နှလုံးမသာမယာဖြစ်ကာ အပရစေတနာ ချို့ယွင်းခဲ့လေသည်။

ထိုသူဌေးသည် ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူခဲ့သော ဒါနစေတနာကြောင့် နတ်ပြည်၌ နတ်သား (၇) ကြိမ်၊ လူ့ပြည်၌ သူဌေး (၇)ကြိမ် ဖြစ်ရသည်။ အပရစေတနာ ချို့တဲ့ ပျက်ကွက်ခဲ့သောကြောင့် စည်းစိမ်ဥစ္စာ ရတနာသုံးဆောင်ဖွယ်ရာ အဖြာဖြာတို့နှင့် ပြည့်စုံသည့် သူဌေးကြီးဖြစ်ရသော်လည်း ထိုမွန်မြတ်သည့် ပစ္စည်းဥစ္စာ အသုံးအဆောင်တို့ကို မသုံးစွဲရက်ဘဲ ဆန်ကွဲထမင်းနှင့် ပုန်းရည်ဟင်းကိုသာ စား၍ သုံးစပ်, စပ်၍ချုပ်ထားသော ပိုက်ဆံလျှော်အဝတ်ကိုသာ ဝတ်ဆင်သည်၊ သွားသည့်အခါ၌လည်း သစ်ရွက်ထီးမျှကိုသာ ဆောင်းကာ ရထားအို ရထားဟောင်းကလေးဖြင့် သွားရခြင်း ဖြစ်လေသည်။

---

**ကျမ်းညွှန်း** * အပုတ္တကသေဋ္ဌိဝတ္ထု၊ တဏှာဝဂ္ဂ၊ ဓမ္မပဒဋ္ဌကထာ-၂ (နှာ-၃၅၃)

အပရစေတနာ ချို့တဲ့ခဲ့လျှင် ကောင်းမြတ်သော အသုံးအဆောင်ပစ္စည်းဘဏ္ဍာတို့ မိမိလက်ဝယ် ရှိနေလင့်ကစား ထိုပစ္စည်းဘဏ္ဍာများကို မသုံးစွဲလိုခြင်း မသုံးစွဲရခြင်း စသော မကောင်းကျိုးများ ဖြစ်ရတတ်သည့် သာဓကေဖြစ်ပေသည်။

## လက်တွေ့ကျိုးရ မြတ်ဒါနလင်္ကာ

ဤနေရာတွင် အလှူဒါနပေးသူတို့ရနိုင်သည့် အကျိုး ၅-ပါးပြလင်္ကာလည်း မှတ်သားစဖွယ် ဖြစ်ပါသည်။

အများချစ်အပ်၊ သူမြတ်တို့ချဉ်း၊
ကောင်းသတင်း ကြွယ်။
ပွဲလယ်ဝင်ရဲ၊ ခန္ဓာစဲသော်၊
ရောက်မြဲနတ်ထံ၊ ဤငါးတန်၊ မှတ်ရန် ဒါနအကျိုးတည်း။

## ကံမျိုးစေ့၏ သတ္တိကင်းရှင်းပုံ

မျိုးစေ့တစ်ခုသည် ဆိုင်ရာသစ်ပင်ကို တစ်ကြိမ်ပေါက်ရောက်စေပြီးသည့်အခါ အသုံးမကျတော့သကဲ့သို့ အတိတ်ကံက မြုပ်နှံထားရစ်ခဲ့သည့် အရှိန်အဟုန်သတ္တိသည်လည်း ဆိုင်ရာအကျိုးကို ပေးပြီးသည့်အခါမှသာ အရှိန်အဟုန် ကုန်ခန်းလေတော့သည်။

ထို့ကြောင့် စေတနာကွယ်ပျောက်ရာ၌ တရားကိုယ်သာ ကွယ်ပျောက်၍ သူ၏ နာနာက္ခဏိကကမ္မသတ္တိမှာ မပျောက်မပျက် ဆက်လက် တည်ရှိရစ်၏။ အကျိုးပေးပြီးသည့်အခါနှင့် အကျိုးပေးခွင့်မရ၍ အဟောသိကံဖြစ်သည့် အခါကျမှသာ ထိုစေတနာ၏သတ္တိများ လုံးဝ ကင်းရှင်းသွားလေတော့၏။

## ကာလ၊ ဂတိ၊ ဥပဓိ၊ ပယောဂနှင့် ကံမျိုးစေ့

ထို့ကြောင့် ပဋ္ဌာနပကရဏအနုဋီကာ၌ အကြင်သတ္တဝါ၏ သန္တာန်၌ ကုသိုလ် အကုသိုလ် စေတနာ ဖြစ်၏၊ ထိုသတ္တဝါ သန္တာန်၌ပင် ကာလ၊ ဂတိ၊ ဥပဓိ၊ ပယောဂဟူသော အကြောင်းတို့နှင့် ပေါင်းဆုံ ညီညွတ်သည့်အခါ ထိုစေတနာ၏ အကျိုးတရားများဖြစ်ကြသော ဝိပါက်နာမက္ခန္ဓာနှင့် ကမ္မဇရုပ်တို့သည် ဖြစ်ကြပေလိမ့်မည်။ ထိုသတ္တဝါ၏သန္တာန်၌ ထိုဝိပါက် နာမက္ခန္ဓာနှင့် ကမ္မဇရုပ်တို့ကို ဖြစ်ပေါ်စေနိုင်သည့်သဘောရှိသော သတ္တိထူးကို စွမ်းအားရှိသလောက် မြုပ်နှံ၍ စေတနာတရားချုပ်ပြီးသွားခြင်း ဖြစ်ပေသည်ဟု အနုဋီကာ ဆရာကြီး ဖွင့်ဆိုထားခြင်း ဖြစ်ပေသည်။

ဤနေရာ၌ ဥပမာဆောင်၍ပြရသော် လူတစ်ယောက်သည် အခြေအနေအရ မိတ်ဆွေတစ်ဦးထံမှ ကြွေးမြီချေးယူသည် ဆိုကြပါစို့၊ ထိုကြွေးယူခြင်းကိစ္စသည် ကြွေးယူ၍ရလျှင်ရခြင်း ပြီးငြိမ်းချုပ်ပျောက်သွား၏၊

သို့ရာတွင် ကြွေးယူခြင်းအမှုကို ပြုခဲ့လေသောကြောင့် ထိုကြွေးယူခြင်းအမှုသည် နောင်တစ်နှစ် နှစ်နှစ် စသည် အချိန်ကျရောက်သည့်အခါ ထိုမိတ်ဆွေ၏ ကြွေးမြီကို ပြန်၍ပေးဆပ်ရန်အတွက် အကြောင်းပစ္စည်း ဖြစ်နေပေသည်။ ထိုကြွေးယူမှု ချုပ်ငြိမ်း ပျောက်ပျက်သွားသော်ငြားလည်း ထိုကြွေးယူမှု၏ အရှိန်အဟုန် အစွမ်းသတ္တိ ရှိရစ် နေလေသောကြောင့် မိတ်ဆွေဖြစ်သူ၏ကြွေးကို ဧကန် ပေးဆပ်ရမည့်သဘော ကျရောက်နေ၏။ ကြွေးဝန်တင်၍ နေလေ၏၊ ကြွေးကို ပြေလည်အောင် ဆပ်ပြီးသည့်အခါ၌မူကား တစ်စုံတစ်ရာကြွေးဟူ၍ မရှိတော့ပြီ။

ထို့အတူ မိမိပြုလုပ်လိုက်သော ကုသိုလ်ကံ အကုသိုလ်ကံသည် နောင်အကြောင်းညီညွတ်သည့်အခါ အကျိုးတရား ဖြစ်ပွားပေါ်ပေါက်လာစေရန် မျိုးထားမှု၊ အာမခံမှုဟူသော နာနာက္ခဏိက ကမ္မပစ္စယသတ္တိထူးကို ထားခဲ့ပြီး ချုပ်သွား၏၊ အကျိုးမပေးသေးသမျှ ကာလပတ်လုံး ကံကြွေးတင်လေ၏။ ထိုသို့ ကံကြွေးတင်နေခြင်းကြောင့် အကျိုးမပေးဘဲမဖြစ် စင်စစ် အကျိုးပေးရမည်သာ ဖြစ်၏။ အကျိုးပေးပြီးသည့်အခါမှသာ ကံကြွေး ပြေလည်၍ ထိုကံ၏ အရှိန်အဟုန်သတ္တိ ကုန်ဆုံးသွားလေတော့သည်။ ဤကဲ့သို့ အတိတ်ဘဝက ပြုလုပ်ခဲ့သည့် ကုသိုလ်ကံ အကုသိုလ်ကံ စေတနာတို့ကြောင့် နောက်ဘဝသစ်တွင် ခန္ဓာအသစ် ဖြစ်ပေါ်ရခြင်းမှာ နာနာက္ခဏိကကမ္မပစ္စည်းအရ ကြောင်းကျိုး ဆက်သွယ်ပုံပင် ဖြစ်ပါသည်။

ထို့ကြောင့် ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ပဋ္ဌာန်းပါဠိတော်တွင် "အတိတ်ဖြစ်သော ကုသိုလ် အကုသိုလ် ကံစေတနာသည် ဝိပါက် နာမ်ခန္ဓာ အကျိုးတရားတို့အားလည်းကောင်း ကမ္မဇရုပ်တရားတို့အားလည်းကောင်း နာနာက္ခဏိကကမ္မ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏"ဟု ဟောတော်မူခြင်း ဖြစ်ပေသည်။ ဤသို့ သတ္တဝါတို့၏ အတိတ် ကုသိုလ်ကံ အကုသိုလ်ကံ စေတနာသည် ဘဝသစ်တွင် ခန္ဓာသစ်ကို ဖြစ်ပေါ်ဖန်တီးနိုင်ပုံကို ပဋ္ဌာန်းဒေသနာတော်လာ နာနာက္ခဏိကကမ္မပစ္စည်းဖြင့် နားလည်နိုင်ပေသည်။

## မယ်တော်ကြီးသည် ရွာကျောင်း၌ပင် သီလယူလိုက်သည်

နဘူးကျင်းဆရာတော်ကြီးသည် လူအများနှင့် ရောယှက်နှောင်ဖွဲ့မှုနှင့် တောရကျောင်းတွင် လူအများစုဝေးခြင်းကို အတတ်နိုင်ဆုံး ရှောင်ရှားတော်မူလေ့ ရှိပါသည်။ ရန်ကုန် ဘုရားဖြူစာချ ဆရာတော်ဘဝမှသည် တောရနေ ဓုတင်ဆောင်ရဟန်းဘဝသို့ ရောက်ရှိလာပြီး ဇာတိ

နဘူးကျင်းရွာ၏အပြင် သုသာန်အနီးမှ တောရကျောင်းတွင် သီတင်းသုံးတော်မူပါသည်။

ဥပုသ်နေ့ တစ်နေ့၏ နံနက်ခင်းပိုင်းတွင် နဘူးကျင်းရွာမှ မယ်တော်ကြီး ဒေါ်အေးမှန်သည် ရွာကျောင်းတွင် သီလမယူဘဲ သားရဟန်းထံ သီလယူရန် တောကျောင်းသို့ ရောက်လာပါသည်။ မယ်တော်ကြီးတစ်ဦးတည်း တောရကျောင်းသို့ ရောက်ရှိလာပြီး သီလပေးရန် လျှောက်ထားပါသည်။ ထိုအခါ-

"ဒကာမကြီး သုသာန်နားက တောစပ်မှာ နွားတွေတွေ့တယ်၊ အဲဒီမှာ နွားကျောင်းသားရှိလိမ့်မယ်၊ နွားကျောင်းသား တစ်ယောက်နှင့် အတူတူလာပြီး သီလယူပါ"ဟု မိန့်တော်မူပါသည်။

မယ်တော်ကြီးသည် သားရဟန်း၏ သီလစင်ကြယ်ရေးအတွက် အသိသက်သေယောက်ျားတစ်ဦး အနီးမှာ ရှိရမည်ဆိုသည်ကို သဘောပေါက်မိဟန် မတူပေ။ အကြောင်းမှာ -

"မယ်တော်ကြီးလာနိုးနိုး ဘုန်းကြီးက စောင့်နေတာ ညနေကျတော့မှ သတင်းစကားတစ်ခု ရောက်လာတယ် 'မယ်တော်ကြီး ရွာကျောင်းမှာပဲ သီလယူလိုက်ပါပြီ'တဲ့ အဲဒီကနောက်ဘယ်သူမှ သီလပေးစရာမလိုတော့တာ ဒီနေ့အထိပါပဲ"ဟု မိန့်ကြားတော်မူပါသည်။ ဆရာတော်ကြီး၏ ဘဝနှင့် သီလသည် တစ်ထပ်တည်းကျသည်ကို ကြည်ညိုစဖွယ် ဖူးတွေ့ခဲ့ရပါသည်။ ဆရာတော်ကြီးသည် ရဟန်းသီလနှင့် ဓုတင်အကျင့်မြတ်ကို နောက်ဆုံး ဝင်သက်ထွက်သက်တိုင် ကျင့်ဆောင်တော်မူသွားပါသည်။ ဆရာတော်ကြီး ဤမျှ မြတ်နိုးတော်မူသည့် ဓုတင်အကျင့်နှင့် သီလတော်မြတ်တို့ကို ယခုတစ်ဘဝတွင်သာ ကျင့်ဆောင်နေခြင်းကား မဖြစ်နိုင်ပါပေ။

သံသရာရှည်ကြာ ဘဝါဘဝက သာသနာနှင့် ကြုံဆုံရသည့် ဘဝတိုင်း၊ ဘဝတိုင်း၌ ခြိုးခြံ၊ ရောင့်ရဲစွာဖြင့် သန္တုဋ္ဌိ သလ္လေခအကျင့်မြတ်ကို ခက်ခဲပင်ပန်းစွာ ဖြည့်ကျင့်တော်မူလာခဲ့သည့် နာနာက္ခဏိကကံ၏ သတ္တိပင် ဖြစ်ပေတော့သည်။

## ဝေးကွာသောအရပ်၌ ကံတို့ အကျိုးပေးနိုင်ပုံ

စေတနာကံဟူသော နာမ်တရားသည် ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် ဖြစ်၊ တည်၊ ချုပ်ပျက်သွားသော်ငြားလည်း ကံ၏ အရှိန်အဟုန် အစွမ်းအာနုဘော်မှာမူကား ထိုသတ္တဝါ၏ သန္တာန်၌ တည်ရှိနေသည်။ ထိုသို့ ဖြစ်လျှင် ကံကို ပြုလုပ်သော သတ္တဝါသည် ဤလူ့ပြည်၌ ကွယ်လွန်သေဆုံးသွားပါလျက် အလွန်ဝေးကွာလှသော ငရဲပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်တို့၌ အဘယ်သို့ ဖြစ်နိုင်ပါသနည်းဟု မေးဖွယ် ရှိပြန်၏။

---

**ကျမ်းညွှန်း** * အရှင်ခေမာနန္ဒ (ရန်ကင်းတောရ)၊ မဟာထေရမြတ်တို့၏ စံနမူနာယူစရာ ကျင့်သီလအပိုင်း (၁) (၂၀၁၄၊ ဒုတိယအကြိမ်)

အဖြေကား ဝေးလွန်းသော အရပ်မှာပင် ဖြစ်စေ၊ နီးလွန်းသော အရပ်မှာပင်ဖြစ်စေ၊ အောက်အရပ်မှာဖြစ်စေ၊ အထက်အရပ်မှာဖြစ်စေ ကံအရှိန်အဟုန် အာနုဘော်၏ ပြန့်နှံ့ခြင်း မည်သည် ကြံစည်၍ မရနိုင်လောက်အောင် အရှိန်အဟုန်ရှိ၏။ အကျိုးဝိပါက်တို့ မည်သည်လည်း မိမိတို့ဖြစ်ထိုက်သော ဘုံဌာနမှာသာ ဖြစ်ကြကုန်၏။ ဌာနဘူမိ လွှဲပြောင်း၍ ဖြစ်လေ့မရှိကြ။ ငရဲဇာတ်ရှိသော ဝိပါက်သည် ငရဲဘုံ၌သာ ဖြစ်၏။ ဗြဟ္မာဇာတ်ရှိသော ဝိပါက်သည် ဗြဟ္မာဘုံ၌သာ ဖြစ်၏၊ ကံ၏ အရှိန်အဟုန်ပြန့်နှံ့ခြင်းနှင့် အကျိုးဝိပါက်များကို သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်တို့ပင်သော်လည်း တားဆီးပိတ်ပင်၍ မရနိုင်ပေ။

## စေတောပဏိဓိ

ဤနေရာတွင် ဆက်စပ်၍ သိနိုင်ရန် ဈာန်ကိုရပြီးသော ပုထုဇဉ်ပုဂ္ဂိုလ်သည် စုတေခါနီး၌ နိကန္တိ တဏှာဖြင့် ကာမဘုံကို တွယ်တာလျှင် ဈာန်ကွယ်ပျောက်၍ နတ်ပြည်တစ်ထပ်ထပ်သို့ ရောက်ကြရကြောင်းကို သာဓကတစ်ခု ပြလိုပါသည်။

ဈာန်ရ သောတာပန်၊ သကဒါဂါမ်ပုဂ္ဂိုလ်တို့သည် ဈာန်မှမယုတ်လျှင် သုဒ္ဓါဝါသမှတစ်ပါး အခြား ဗြဟ္မာ့ဘုံများတွင် အလိုရှိရာဘုံတွင် ဖြစ်နိုင်ကြ၏။ ဗြဟ္မာ့ဘုံသို့ ရောက်ပြီးသော တိဟိတ်ပုထုဇဉ် ဗြဟ္မာကြီးသည်ပင် လူ့ဘုံစသော ကာမသုဂတိဘုံများ၌ ဖြစ်လိုသော စေတောပဏိဓိရှိခဲ့လျှင် ဈာန်မှ ယုတ်လျော့လျက် ကာမဘုံ၌ ဖြစ်နိုင်သေးကြောင်း အောက်ပါသာဓကဖြင့် သိနိုင်ပါသည်။

## အရှင်မဟာမောဂ္ဂလိပုတ္တတိဿ ထေရ်ရှင်လောင်းလျာ ဗြဟ္မာမင်း

တိဿဗြဟ္မာကြီးကား ပထမဈာန်သုံးဘုံတွင် မဟာဗြဟ္မာဘုံ၌ရှိသော ဗြဟ္မာမင်းကြီး တည်း။ ထိုဘုံ၌ သက်တမ်းကုန်လုနီး၍ အထက်ဗြဟ္မာဘုံသို့ တက်ရန် ဈာန်ပွားပြီးလေပြီ။

အရှင်အာနန္ဒာ၏ တပည့်ကြီးများဖြစ်၍ ဘုရားရှင်ကို ဖူးမြင်လိုက်ကြရသော သဗ္ဗကာမိ မထေရ်စသော ရဟန္တာမထေရ်ကြီးတို့သည် ဒုတိယ သံဂါယနာတင်ပွဲအပြီးတွင် ဆင်ခြင် ကြည့်ကြရာ နောင်အနှစ် ၁၁၈-နှစ် ကြာမြင့်သည့်အခါ ဤကဲ့သို့ပင် သာသနာ့အညစ်အကြေး ဘေးရန်များ ပေါ်လာပေဦးမည်ဟု မြင်တော်မူ၏။ ထိုအခါ သာသနာ့ အညစ်အကြေးများကို မည်သူ ဖြေရှင်း သုတ်သင်နိုင်မည်နည်းဟု ဆက်လက် ဆင်ခြင်ကြည့်ကြရာ လူ့ဘုံ နတ်ဘုံ တို့တွင် ဖြေရှင်းပေးနိုင်စွမ်းသည့် ပုဂ္ဂိုလ်ကိုမမြင်ဘဲ မဟာဗြဟ္မာ့ဘုံက တိဿဗြဟ္မာကြီးသာ ဖြေရှင်းနိုင်မည်ကို မြင်တော်မူကြ၏။ ထိုကြောင့် ရဟန္တာမထေရ်ကြီးများသည် မဟာဗြဟ္မာ့ဘုံသို့ ကြွရောက်ကာ တိဿဗြဟ္မာကြီးအား ထိုအချိန်တွင် သာသနာတော် သန့်ရှင်းရေးကို ဆောင် ရွက်ပေးရန် ပန်ကြားတော်မူကြသည်။

## မောဂ္ဂလိပုတ္တတိဿထေရ်

တိဿပြဟ္မာကြီးလည်း တာဝန်ယူပါမည်ဟု ဝမ်းသာအားရ ကတိပြုလိုက်လေသည်။ အချိန်ရောက်သည့်အခါ ပြဟ္မာဘုံမှ စုတေ၍ မောဂ္ဂလိပုဏ္ဏေးမ၏ဝမ်း၌ ပဋိသန္ဓေ နေလေသည်။ မွေးဖွားလာသည့်အခါတွင် တိဿအမည်တွင်၍ နောင်သောအခါ ဘုရားသာသနာသို့ ဝင်လာပြီး အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် ဖြစ်လာသည်။ သာသနာတော်တွင် ရှုပ်ထွေးနေသော သာသနာအညစ်အကြေးများကို သုတ်သင်ရှင်းလင်း၍ အကြီးအမှူး ဦးစီးခေါင်းဆောင်ပြုကာ တတိယသံဂါယနာ တင်တော်မူခဲ့ပါသည်။

ဤတိဿပြဟ္မာကြီးဝတ္ထု၌ တိဿပြဟ္မာကြီးသည် အထက်ပြဟ္မာ့ဘုံ၌ ဖြစ်နိုင်သည့် ဈာန်သမာပတ်ရပြီးသော မဟာပြဟ္မာမင်းကြီးဖြစ်လျက် စေတောပဏိဓိကြောင့် ကာမဘုံ၌ ဖြစ်သည်ကို တွေ့ရ၏။ သာရတ္ထဒီပနီဋီကာ၌ ဤသို့ဖြစ်ခြင်းမှာ ပုဂ္ဂိုလ်တိုင်း စေတောပဏိဓိကြောင့် မဖြစ်နိုင်၊ ပြုအပ်သော ကောင်းမှုအထူး ရှိကြ၍ ဘုန်းကံကြီးမားသူများသာ စေတောပဏိဓိအစွမ်းကြောင့် ဖြစ်နိုင်ကြောင်းလာရှိပေသည်။

ကာမဘုံ၌ ဖြစ်ခြင်းသည် ကာမာဝစရကုသိုလ်ကံ၏ အစွမ်းဖြစ်သည်။ ကာမာဝစရကုသိုလ်ကံမှာ အင်အားသေးသော လဟုကကံမျိုးဖြစ်၍ အင်အားကြီးမားသော ဈာန်ကုသိုလ်ဂရုကကံ၏ အကျိုးပေးမှုကို တားမြစ်နိုင်စွမ်း မရှိပါချေ။ သို့သော်လည်း "ရဟန်းတို့ သီလရှိသောပုဂ္ဂိုလ်အား သီလတရား၏ စင်ကြယ်ခြင်းကြောင့် စိတ်၏တောင့်တခြင်းသည် ပြည့်စုံ၏" (ဣဇ္ဈတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ) ဟု ဘုရားရှင် ဟောထားတော်မူသောကြောင့် ကာမဘုံ၌ဖြစ်လိုသော စေတောပဏိဓိတရားသည် ဈာန်ဂရုက ကံ၏အကျိုးကို တားမြစ်လိုက်သဖြင့် ကာမာဝစရကုသိုလ်ကံသည် အကျိုးပေးခွင့်ရခြင်းဖြစ်၏။

## ပဋိသန္ဓေ လေးမျိုး

ကောင်းမွန်သည့် စိတ်စေတနာက ကောင်းကံမျိုးစေ့ တည်သွားသကဲ့သို့၊ မကောင်းသည့်စိတ် စေတနာဆိုးကလည်း မကောင်းသည့် ကံမျိုးစေ့ တည်သွားပါတော့သည်။ သို့သော် အကျိုးပေး မကြုံလာသေးပါ။

နာနာက္ခဏိကကံ၏ သဘောမှာ ကံပြုသည်က တစ်ချိန်ဖြစ်ပြီး ထိုကံ၏ အကျိုးပေးသည်က တစ်ချိန် ဖြစ်ပါသည်။ ဘဝသိန်းသန်းများစွာ ခြားပြီးမှလည်း အကျိုးပေးနိုင်ပါသည်။ နာနာက္ခဏိကကံ၏ သတ္တိက နာနာတ္တကာယ အမျိုးမျိုးသောရုပ် ပမာအားဖြင့် လူရုပ်ပုံသဏ္ဌာန်၊ နတ်ရုပ်ပုံသဏ္ဌာန်၊ ငရဲသားရုပ်ပုံသဏ္ဌာန် စသည်ကိုလည်းကောင်း၊ နာနာတ္တသညီ အမျိုးမျိုးသော နာမ်အမှတ်သညာကိုလည်းကောင်း ဖြစ်စေနိုင်ပြီး ပဋိသန္ဓေ အမျိုးမျိုးကိုလည်း ဖြစ်စေနိုင်သည်။

---

**ကျမ်းညွှန်း** * ဒုတိယသီတိကထာ၊ ဗာဟိရနိဒါနကထာ၊ ပါရာဇိကကဏ္ဍအဋ္ဌကထာ (နှာ-၂၈)

ပဋိသန္ဓေအမျိုးအစား လေးမျိုးကို ဖော်ပြပါမည်။ ၎င်းတို့မှာ-

၁- အဏ္ဍဇပဋိသန္ဓေ = ဥထဲတည်သည့်ပဋိသန္ဓေ၊ ကြက်ငှက်စသည် သတ္တဝါများ၏ ပဋိသန္ဓေ။

၂- သံသေဒဇပဋိသန္ဓေ = သစ်ရွက်သစ်ပွင့် အညှိစသည်၌ တည်သည့် ပဋိသန္ဓေ၊

၃- ဇလာဗုဇပဋိသန္ဓေ = အမိဝမ်းတွင်းနေရသည့် ပဋိသန္ဓေ လူ၊ မြင်း၊ နွား စသည် သတ္တဝါများ၏ ပဋိသန္ဓေနှင့်

၄- ဩပပါတိကပဋိသန္ဓေ = နတ်ပြဟ္မာ၊ ငရဲသားများ ဘွားကနဲ ကိုယ်ထင်ဖြစ်ပေါ် လာသည့် ပဋိသန္ဓေတို့ ဖြစ်သည်။

ထို့ကြောင့် ကံပြုထားသည့် သတ္တိအားလျော်စွာ လူလည်း ဖြစ်ချင်ဖြစ်နိုင်သည်၊ တစ်ခြား သတ္တဝါလည်း ဖြစ်ချင် ဖြစ်နိုင်ပါသည်။ ထို့ကြောင့် မြတ်စွာဘုရားရှင်က "ကံနှင့် ကံအကျိုး ပေးတာကို ငါဘုရား သိသလိုသာ သိကြမယ်ဆိုရင် လောကမှာ အကုသိုလ်လုပ်ဝံ့တဲ့သူ ရှိမှာမဟုတ်ဘူး"ဟု မိန့်ကြားတော်မူခြင်း ဖြစ်သည်။

## ကံအကျိုးပေးသည့် ကာလလေးပါး

ကံအကျိုးပေးနိုင်ရန်လည်း အချိန်ကာလ လေးပါးရှိပါသည်။ ၎င်းတို့မှာ -

၁- ယခုပစ္စုပ္ပန်ဘဝ၌ပင် အကျိုးပေးနိုင်သည့် ဒိဋ္ဌဓမ္မဝေဒနီယကံ Immediately effective Kamma (ပဌမဇော စေတနာ)

၂- ဒုတိဘဝ၌ အကျိုးပေးနိုင်သည့် ဥပပဇ္ဇဝေဒနီယကံ Subsequently effective Kamma (သတ္တမဇောစေတနာ)

၃- တတိယဘဝမှသည် နိဗ္ဗာန်ကို မျက်မှောက်ပြုသည့် ဘဝတိုင်အောင် အကျိုးပေး နိုင်သည့် အလယ်ဇောငါးပါး၌ပါသော စေတနာ Indefinitely effective Kamma (အပရာပရိယဝေဒနီယကံ) နှင့်

၄- အကျိုးမပေးတော့ဘဲ အချည်းနှီးဖြစ်သွားသည့် အဟောသိကံ Defunct Kamma တို့ ဖြစ်ပါသည်။

## ဒေဝဒတ်လောင်းပုဏ္ဏား၏ မလှပသည့် ကံအကျိုးပေး

ပုဏ္ဏားတစ်ယောက်သည် ဟိမဝန္တာတောင်ခြေ၌ လယ်ထွန်ပြီး နွားကိုထွန်မှ ခဏဖြုတ်၍ လွှတ်လိုက်ရာမှ နွားပျောက်သွားသဖြင့် တောတောင်အနှံ့ လှည့်လည်ကာ နွားရှာရာ ခုနစ်ရက် မြောက်လေ၏။ အစာငတ်၊ ရေငတ်နေသည့် လယ်သမားပုဏ္ဏားသည် တည်သီးစားရန်

တည်ပင်ပေါ်တက်ရာ ကိုင်းကျိုးသဖြင့် ချောက်ထဲ ကျသွားတော့၏။ ဘုရားလောင်းတော် မျောက်မင်းက ဒုက္ခရောက်နေသည့် ထိုပုဏ္ဏားကို ကုန်းပိုးကာ ကယ်တင်ခဲ့ပြီး ကုန်းပေါ်သို့ ရောက်သောအခါ မျောက်မင်းသည် ပင်ပန်းလွန်းသဖြင့် ထိုပုဏ္ဏား၏ ပေါင်ပေါ်၌ အိပ်ပျော်သွားရှာ၏။

ထမင်းဆာနေသော ပုဏ္ဏားသည် ဤမျောက်ကို သတ်ပြီးစားမည်ဟူသော အကြံဆိုး တစ်ခုကြံပြီး အနားမှ ကျောက်တုံးတစ်တုံးဖြင့် မျောက်မင်း၏ ဦးခေါင်းကို ရိုက်ခွဲလေတော့သည်။ ထိုအခါ မျောက်မင်းသည် အလန့်တကြားဖြစ်ကာ သစ်ပင်ပေါ်သို့ တက်ပြေး၏။ မျောက်မင်း မသေသော်လည်း သေလုမျောပါး ခေါင်းကွဲသည့် ဒဏ်ရာမှ သွေးတစ်စက်စက် ကျနေတော့သည်။ မိမိခေါင်းကို ရိုက်ခွဲထားသည့် ပုဏ္ဏားကို ဦးခေါင်းမှကျသည့် သွေးစက်များ အတိုင်း လိုက်ပါစေကာ လူတို့သွားရာလမ်းသို့ အရောက်ပို့ဆောင်ပေး၏။ ဒေဝဒတ်လောင်း ပုဏ္ဏားသည် အသက်သခင်ကျေးဇူးရှင် ဘုရားလောင်းမျောက်မင်းအပေါ် လွန်ကျူးခဲ့သည့် ထိုမကောင်းမှု၏ အကျိုးပေးကြောင့် မြေမျိုခံရသည်။

ဒေဝဒတ်လောင်း ပုဏ္ဏားသည် မိမိအသက်သခင် ကျေးဇူးရှင်ဖြစ်ခဲ့သည့် ဘုရားလောင်း မျောက်မင်း၏ ဦးခေါင်းရိုက်ခွဲခဲ့သည့် ပထမဇောစေတနာက ဒိဋ္ဌဓမ္မဝေဒနီယကံ Immediately effective Kamma အဖြစ် ဤဘဝတွင်ပင် မြေမျိုခံရခြင်း ဖြစ်သည်။ မြေမျို၍ သေပြီး နောက် ဒုတိယဘဝ၌ အကျိုးပေးမည့် သတ္တမဇော စေတနာက ဥပပဇ္ဇဝေဒနီယကံ Subsequently effective Kamma အဖြစ် ဒုတိယဘဝတွင် အဝီစိငရဲကို ကျရောက်ခြင်း ဖြစ်ပါသည်။ အဝီစိငရဲကလွတ်ပြီးနောက် ကံအကျိုးပေးခြင်းကိစ္စ ပြီးမြောက်သွားပြီဟု ပြောမရသေးပါ။ အကြောင်းမှာ တတိယဘဝကစ၍ အကျိုးပေးမည့် အလယ်ဇော ၅-ပါးမှာပါသည့် စေတနာက အပရာပရိယ ဝေဒနီယကံအဖြစ် ထိုပုဏ္ဏားက ဆက်လက်ပြီး ပေးဆပ်ရဦးမည် ဖြစ်ပါသည်။

## ဥပတ္ထမ္ဘကကံ

အတိတ်ဘဝများစွာက ပြုခဲ့ဖူးသည့် ကုသိုလ်ကောင်းမှုများ လူတိုင်းလူတိုင်း၌ ရှိပါသည်။ ထိုထို ကုသိုလ်၏ အကျိုးများ ရရှိနိုင်ရန်မှာမူ ယခုပစ္စုပ္ပန်၌ ကုသိုလ်ပြီးကုသိုလ် မနားတမ်း ရေလာမြောင်းပေးသည့်နှယ် ပြုလုပ်သည့် ကံကို ဥပတ္ထမ္ဘကကံ Supporting Kamma ဟု ခေါ်၏။

## ဥက္ကဋ္ဌုက္ကဋ္ဌ၊ ဩမကောမကကံများ

ဥက္ကဋ္ဌ + ဥက္ကဋ္ဌ = ဥက္ကဋ္ဌုက္ကဋ္ဌနှင့် ဩမက + ဩမက = ဩမကောမက

**ကျမ်းညွှန်း** * မဟာကပိဇာတကဝဏ္ဏနာ၊ တိသနိပါတ၊ ဇာတကဋ္ဌကထာ-၅ (နှာ-၆၉)

ဥပမာ ဒါနကုသိုလ် ပြုစဉ်ကာလ၌လည်း ဉာဏ်ယှဉ်ခဲ့မည်၊ ကြောက်၍ လှူခြင်းလည်း မဟုတ်၊ အလှူခံ ပုဂ္ဂိုလ်ထံပါးမှ တစ်စုံတစ်ရာ လိုချင်စိတ်နှင့် လှူခြင်းလည်းမဟုတ်၊ လှူပြီးသည့် နောက်၌လည်း စိတ်နှလုံး မသာယာမဖြစ်ဘဲ မိမိပြုခဲ့သည့် ကုသိုလ်ကောင်းမှုများကို တွေးမိတိုင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ပါက တိဟိတ်ဥက္ကဋ္ဌ မဟာကုသိုလ်စေတနာ ဖြစ်သဖြင့် တိဟိတ် ဥက္ကဋ္ဌ Higher အကျိုးကို ဧကန်ရပေမည်။

ကံပြုသူ၏ စိတ်စေတနာကြောင့် တိဟိတ် ဥက္ကဋ္ဌ Higher higher ဖြစ်သကဲ့သို့ ထိုစိတ် စေတနာကြောင့်ပင် More Lower ဖြစ်သွားနိုင်ပါသည်။ ဥက္ကဋ္ဌုက္ကဋ္ဌကုသိုလ် higher ကို More higher ဖြစ်လာစေရန်လည်း ပြုသူ၏ စေတနာပေါ်၌သာ မူတည်လေသည်။ ကုသိုလ် ပြုစဉ်၌ ဥက္ကဋ္ဌ + ဥက္ကဋ္ဌနှစ်ထပ်ကွမ်း ဖြစ်ခဲ့ပါက ပါဠိစာပေ Grammer (ဥက္ကဋ္ဌုက္ကဋ္ဌ) More higher ဟုခေါ်သည်။ အကုသိုလ်၌လည်း ဩမက+ ဩမက နှစ်ထပ်ကွမ်းဖြစ်သွား ပါဠိစာပေ Grammer အရ (ဩမကောမက) More Lower ဟုခေါ်သည်။

အမြတ်စားနှင့် အညံ့စား ကုသိုလ်စေတနာ နှစ်မျိုး ရှိ၏၊ ၁- တိဟိတ် ဥက္ကဋ္ဌ higher ကုသိုလ် စေတနာနှင့် ၂-တိဟိတ် More Lower ကုသိုလ်စေတနာတို့ ဖြစ်၏။ တိဟိတ် ဥက္ကဋ္ဌ မဟာကုသိုလ်စေတနာက အငြိအစွန်းမရှိ ပေးကမ်းစွန့်ကြဲ လှူဒါန်း နိုင်သည့် အလောဘနှင့် လည်း ယှဉ်သည်၊ မေတ္တာပွား ကိုယ်ချင်းစာကာ သူ့အကျိုးကို လို လားသည့် အဒေါသနှင့်လည်း ယှဉ်သည်၊ အသိအလိမ္မာ ဉာဏ်ပညာပြည့်ဝပြီး ကံနှင့် ကံ၏ အကျိုးကို ယုံကြည်သည့် အမောဟနှင့်လည်း ယှဉ်သည်။

ကုသိုလ်ကောင်းမှုပြုရာတွင် ကံကံ၏အကျိုးကို ယုံကြည်သည့် ဉာဏ်မယှဉ်ခြင်း၊ ကြောက်၍သော်လည်းကောင်း၊ အလှူခံပုဂ္ဂိုလ်ထံပါးမှ တစ်စုံတစ်ရာ လိုချင်၍သော်လည်း ကောင်း လှူဒါန်းခဲ့မည်၊ လှူဒါန်းပြီး နောက်၌လည်း စိတ်နှလုံး မသာမယာ ဖြစ်မည်ဆိုလျှင် ကုသိုလ်အကျိုးပေး ညံ့သွားပေတော့မည်။

## အညံ့စား ဩမက

ပမာအားဖြင့် အလှူဒါနတစ်ခုကို ပြုရာတွင် မလှူခင်၌လည်း ကုန်ခမ်းသွားမှာကို နှမြောတွန့်တိုနေမည်၊ လှူဒါန်းမည့်ပစ္စည်းလည်း မစင်မကြယ်ဖြစ်နေမည်၊ လှူဒါန်းပြီးသော အခါ၌လည်း အများ၏ အသိအမှတ်ပြုခြင်းကို ခံချင်နေပြီး တစ်ဖက်တွင်လည်း ငါ့ပစ္စည်းတွေ ကုန်သွားပြီဟု နှမြောနေပြန်မည်။ တစ်ဖန် ကုသိုလ်လုပ်သည်ဟုဆိုပြီး အကူအပံ့ကို မျှော်လင့် နေပြန်မည်၊ ထင်မှတ်ထားသည့်အတိုင်း အကူအပံ့မရသဖြင့် နှလုံးမသာမယာ ဖြစ်နေပြန်မည် ဆိုလျှင် ဤအကြောင်းတရားများက ကုသိုလ်သတ္တိကို အားနည်းစေ၏။

ကုသိုလ်ကို ကုသိုလ်မှန်းလည်း မသိ၊ အကုသိုလ်ကို အကုသိုလ်မှန်းလည်း မသိ၊ အကျိုးကိုလည်း မသိ အကြောင်းကိုလည်း မသိဘဲ ကလေးသူငယ်များနှင့် လူအရိုင်းတို့ ပြုသကဲ့သို့ တော်စွာ၊ လျော်စွာ အမှုမဲ့ အမှတ်မဲ့ပြုခြင်းကို ဉာဏဝိပ္ပယုတ် Without Knowledge ဉာဏ်မဲ့ ကုသိုလ်ပြုခြင်းပေတည်း။ ပြုခဲ့ပြီးဖြစ်သည့် ကုသိုလ်ကောင်းမှုကို တွေးမိတိုင်း နှလုံးမသာမယာ ဖြစ်နေခြင်းကပင် တိဟိတ် ဩမက Lower ကုသိုလ်စေတနာဖြစ်ရန် အကြောင်းရင်း ဖြစ်၏။

## တိဟိတ်နှင့် ဒွိဟိတ်

ကုသိုလ်ကောင်းမှု မပြုခင်၊ ပြုဆဲ၊ ပြုပြီး ကာလသုံးပါးလုံး၌ အကုသိုလ် မရောယှက်ဘဲ ကုသိုလ်စေတနာချည်းသက်သက် ခြံရံပြီး ကုသိုလ်ပြုပါက အကောင်းစား တိဟိတ်ကုသိုလ် ဖြစ်ပြီး၊ အကုသိုလ် ခြံရံပြီး ပြုမိပါက အညံ့စားကုသိုလ် ဖြစ်သွားတော့၏။

ဉာဏသမ္ပယုတ် ဉာဏ်ယှဉ်သည့် ကုသိုလ်စိတ်က ၄-ပါး၊ ဉာဏဝိပ္ပယုတ် ဉာဏ် မယှဉ်သည့် ကုသိုလ်စိတ်က ၄-ပါးရှိ၏။ ဉာဏ်ယှဉ်သည့် ကုသိုလ်စိတ် ၄-ပါးက တိဟိတ်၊ ဉာဏ်မယှဉ်သည့် ကုသိုလ်စိတ် ၄- ပါးက ဒွိဟိတ် အကျိုးပေးနိုင်၏။ ထို့ကြောင့် ဉာဏ်ယှဉ်ခြင်း မယှဉ်ခြင်းကြောင့် အမြတ်စားနှင့် အညံ့စား ကွဲပြားနေခြင်း ဖြစ်သည်။

ဒွိဟိတ်ဟူသည် အလောဘနှင့် အဒေါသပါပြီး အမောဟဉာဏ်မပါသောကြောင့် ဟိတ်နှစ်ပါးသာရသဖြင့် ဒွိဟိတ်ဟု ခေါ်၏။ ကံပြုစဉ်က ယခုကဲ့သို့ စိတ်၏ အရည်အသွေး မတူညီသောကြောင့် အကျိုးပေး မတူညီကြခြင်း ဖြစ်သည်။

သို့သော် မဟာကုသိုလ်စိတ် ၈-ပါးက အပါယ်လေးပါးကို မပို့ပါ။ လူနတ်ချမ်းသာ အကျိုးကိုမူ ပေးနိုင်စွမ်းသည်။ ထို့ကြောင့် လူ့ပြည်နှင့် နတ်ပြည်ခြောက်ထပ်ကို ရနိုင်သည်။

တရားနာသည်ဖြစ်စေ၊ သီလဆောက်တည်သည်ဖြစ်စေ၊ ဒါနပြုသည်ဖြစ်စေ ထိုထို ပြုခဲ့ပြီးဖြစ်သည့် ကုသိုလ်တို့ကို ရက်လနှစ်ကြာသည့်တိုင်အောင် ထပ်ပြန်တလဲလဲ တွေးမိပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်နေမည်။ ကုသိုလ်စိတ်နှင့် ထုံမွမ်းနေမည်။ တစ်ဖက်တွင်လည်း ထိုထို ကုသိုလ်ကောင်းမှုပြုစဉ်က အမြတ်စား ဥက္ကဋ္ဌ ကုသိုလ်ဖြစ်ခဲ့ပါမူ အလွန့်အလွန် မြင့်မြတ်သော ဥက္ကဋ္ဌုက္ကဋ္ဌ More higher ကုသိုလ်ဖြစ်ကာ အမြင့်အကျိုးကို ပေးနိုင်၏။

တိဟိတ်ပုဂ္ဂိုလ်က သာသနာနှင့်ကြုံနေသည့် ယခုဘဝ၌ တရားဓမ္မ ကျင့်ကြံအားထုတ် ပါက ဈာန် မဂ် ဖိုလ်ကို ရနိုင်သည်။ ဒွိဟိတ်ပုဂ္ဂိုလ်က ယခုဘဝ ဈာန် မဂ် ဖိုလ် မရနိုင်တော့ပေ။

သို့ဖြစ်ပါ၍ ကုသိုလ်ကောင်းမှုမပြုခင် သေချာ စဉ်းစားဆင်ခြင်ပြီး နောင်တမရ လေအောင် ပြုသင့်သည်။ ကုသိုလ်ကောင်းမှု ပြုပြီးနောက်၌ နောင်တရကာ ပူလောင်နေမည် ဆိုလျှင် ထိုပြုပြီး ကုသိုလ်၏ အကျိုးပေးမှာ အလွန်ပင် ကြုံလှီသွားတော့သည်။ ကျောက်ဆောင် ကျောက်သားအကြားတွင် ပေါက်ရောက်နေသည့် သစ်ပင်ပမာ သန်သန်စွမ်းစွမ်း မဖြစ်နိုင် တော့ပေ။

## ကမ္မပစ္စည်းထိုက်သည့် စေတနာစေတသိက်

ဤတွင် စိတ်ဖြစ်တိုင်း၌ မပါမဖြစ်ပါရသည့် စေတသိက်တို့ကိုလည်း သိထားသင့်ပါသည်။ ၎င်းစေတသိက် Mental factor ၇-ပါး ရှိသည်။ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေနှင့် မနသိကာရတို့ ဖြစ်၏။

မျက်စိနှင့် အဆင်းဆုံပြီး မြင်သိစိတ်တစ်ခု ဖြစ်ပေါ်လာရန်အတွက် ၁- စိတ်ကို အာရုံသိရန် ဖဿက တွေ့ထိပေးပါသည်၊ ၂- ဝေဒနာက အာရုံကို ခံစားသည်၊ ၃- သညာက ဖြူ နီ၊ ညို၊ ပြာ စသည်ဖြင့် မှတ်သားသည်၊ ၄- စေတနာက ကြည့်နိုင်ရန် ဆိုင်ရာ စိတ်စေတသိက်တို့ကို တိုက်တွန်းပေးသည်၊ ၅- ဧကဂ္ဂတာက အာရုံမှာ ခေတ္တခဏ ရပ်တည်ပေးနိုင်မှသာ မြင်ခြင်းကိစ္စ ပြည့်စုံပေတော့မည်။ ၆- ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် စိတ်သက် တည်တံ့နိုင်ရန် ဇီဝိတိန္ဒြေက ဆောင်ရွက်ပေးပါသည်။ ၇-အာရုံကို နှလုံးသွင်း မနသိကာရက ပါရသည်။ စိတ်တစ်လုံး၌ အနည်းဆုံး စေတသိက် ၇-လုံး ယှဉ်စပ်မှသာ အာရုံယူခြင်းကိစ္စ ပြီးမြောက်နိုင်၏။ စေတသိက် ၇-လုံးထဲမှ စေတနာတစ်ခုကသာ ကမ္မပစ္စည်း ထိုက်ပေသည်။

## ကမ္မပစ္စည်း၊ ပစ္စယုပ္ပန်နှင့် မျိုးတူပစ္စည်း

ပစ္စည်းဟူသော အကြောင်းတရားမှာ နာနာက္ခဏိကစေတနာ (ကုသိုလ်၊ အကုသိုလ် စေတနာ) ဖြစ်ပြီး၊ သဟဇာတစေတနာ (နာမ်တရားများ အတူတကွ၊ မဟာဘုတ်တရားများ အတူတကွ ဖြစ်ဖက်တရားအား ကျေးဇူးပြုတတ်သော စေတနာ) ပစ္စယုပ္ပန်ဟူသော အကျိုးတရားမှာ ဝိပါက်အကျိုးစိတ် (၃၆-ပါး) စေတသိက် (၃၈-ပါး) ပဋိသန္ဓေကမ္မဇရုပ်တို့ ဖြစ်၏။ သဟဇာတစေတနာ၌ စေတနာကြဉ်စေတသိက် (၅၁)ပါးနှင့် စိတ္တဇရုပ်နှင့် ပဋိသန္ဓကမ္မဇရုပ်တို့ ဖြစ်၏။

## ကမ္မပစ္စည်း၏ သင်္ချာ

ကမ္မပစ္စည်း၏သင်္ချာမှာ - ၇ ဖြစ်ပါသည်။ ထို့ကြောင့် "ကမ္မေ သတ္တ"ဟု မှတ်သား နိုင်ပါသည်။ ထိုသင်္ချာကို အောက်ပါအတိုင်း လေ့လာနိုင်ပါသည် -

### ကုသလ သင်္ချာ-၃

(၁) ကု-ကု (၂) ကု-ဗျာ (၃) ကု-ကု၊ ဗျာ

### အကုသလ သင်္ချာ-၃

(၁) အကု-အကု (၂) အကု-ဗျာ (၃) အကု-အကု၊ ဗျာ

## အဗျာကတ သင်္ချာ-၁

(၁) ဗျာ-ဗျာ

ကမ္မပစ္စည်းသည် ကျယ်ဝန်းလှသော ပစ္စည်းဖြစ်ပါသည်။ မျိုးအားဖြင့်လည်း သဟဇာတကမ္မက သဟဇာတငယ်၌ပါဝင်ပြီး၊ အနန္တရကမ္မက အနန္တရမျိုး၌ ပါဝင်ပါသည်။

ထို့ကြောင့် ကမ္မပစ္စည်းနှင့် မျိုးတူသည့်ပစ္စည်း ၁၄-ပါး ရှိပါသည်၊ ၎င်းတို့မှာ ၁-အနန္တရ၊ ၂-သမနန္တရ၊ ၃- နိဿယ၊ ၄- ဥပနိဿယ၊ ၅- အညမည၊ ၆-ကမ္မ၊ ၇-ဝိပါက၊ ၈-အာဟာရ၊ ၉-သမ္ပယုတ္တ၊ ၁၀-ဝိပ္ပယုတ္တ၊ ၁၁-အတ္ထိ၊ ၁၂-နတ္ထိ၊ ၁၃-ဝိဂတ၊ ၁၄-အဝိဂတတို့ ဖြစ်ပါသည်။

### Mind to Mind-Matter

ကမ္မပစ္စည်းသည် နာမ်တရားက နာမ်ရုပ်တရား (Mind to Mind-Matter) ကို ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည်။

### ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား

### ၁။ သဟဇာတကမ္မ

ပစ္စယဟူသော အကြောင်းတရားမှာ - စိတ် - ၈၉ ပါးရှိ စေတနာတို့ ဖြစ်သည်။

ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - စိတ် - ၈၉ပါး၊ စေတနာကြဉ်သော စေတသိက်-၅၁ ပါး၊ စိတ္တဇရုပ်နှင့် ပဋိသန္ဓေ ကမ္မဇရုပ်တို့ ဖြစ်သည်။

### ၂။ နာနာက္ခဏိကကမ္မ

ပစ္စယဟူသော အကြောင်းတရားမှာ - ကုသိုလ်၊ အကုသိုလ်ရှိ စေတနာတို့ ဖြစ်သည်။

ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - ဝိပါက်စိတ်-၃၆ပါး၊ စေတသိက်နှင့် ပဋိသန္ဓေကမ္မဇရုပ်တို့ ဖြစ်သည်။

ကမ္မပစ္စည်းသည် သဟဇာတ, အနန္တရ (၂)မျိုး၌ ပါဝင်၏။ ယင်းကမ္မပစ္စည်းသည် အလွန်ပင် အရာကျယ်လှသော ပစ္စည်းကြီးပေတည်း။

## ၁၄ – ဝိပါကပစ္စယော

## Daily life Paṭṭhāna

### Vipāka Paccayo *(Resultant condition)*





*အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ဝိပါကပစ္စယေန ပစ္စယော။ (ဗျာ၊ ဗျာ-၁)*

အဗျာကတတည်းဟူသော အကြောင်းဓမ္မသည် ကဗျာကတတည်းဟူသော အကျိုးဓမ္မအား ဝိပါကပစ္စသတ္တိဖြင့် ကျေးဇူးပြု၏။

### အားထုတ်မှုမရှိ ငြိမ်သက်ခြင်းအားဖြင့် ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည်

The *'Vipâka Paccayo'* means resultant. We must take only the resultant types of consciousness. It is compared to relaxing in the breeze. That means there is no activity.



'ချမ်းရိပ်နားနေ၊ ညင်းလေပြေည်သို့' လာသည်နှင့်အညီ အရိပ်အာဝါသကောင်းသော သစ်ပင်၏အောက်၌ အနားယူနေသူအား လေပြေလေညှင်း တိုက်ခတ်လာသောအခါ ကြောင့်ကြဗျာပါရမရှိ ငြိမ်သက်အေးဆေးစွာ ဖြစ်နေသကဲ့သို့ ကုသိုလ်၊ အကုသိုလ် အကြောင်း

ကြောင့် ဖြစ်ပေါ်လာသော ဝိပါက်ခန္ဓာတို့သည် မိမိနည်းတူ အချင်းချင်း ငြိမ်သက်အေးဆေးစွာ ဖြစ်ပေါ်လာအောင် တည်ရှိလာအောင် ကျေးဇူးပြုကြသည်။

ကမ္မပစ္စည်းက အလုပ်ကို ကြိုးစားလုပ်သည်နှင့် တူသဖြင့် ကြောင့်ကြဗျာပါရရှိပြီး ဝိပါကပစ္စည်းမှာ လုပ်ခလစာထုတ်ယူပြီး ခံစားစံစားသည်နှင့် တူသောကြောင့် ကြောင့်ကြဗျာပါရမရှိ အကျိုးပေးသက်သက်သာ ဖြစ်၏။

## Resultant Kamma

ထို့ကြောင့် ဝိပါကပစ္စည်းကို Resultant Kamma ဟူ၍ ခေါ်၏။ ဝိပါက်စိတ်၏သဘာဝက ဇောစိတ်ပမာ ကောင်း မကောင်း အာရုံ၏အရသာ မခံစားသည်ကိုပင် ငြိမ်သက်နေသည် ဟူ၍လည်းကောင်း၊ Active မရှိဟူ၍လည်းကောင်း ဆိုလိုခြင်း ဖြစ်၏။ ထို့ကြောင့်ပင် ဝိပါက်စိတ်၏ သတ္တိက ငြိမ်သက်သကဲ့သို့ သူနှင့်ယှဉ်ဖော် ယှဉ်ဖက် စိတ်၊ စေတသိက်များကိုလည်း ငြိမ်သက်စေနိုင်သည့် သတ္တိရှိ၏။

သို့ဖြစ်ပါ၍ ရှေးဆရာမြတ်များက အရိပ်အာဝါသကောင်းသည့် သစ်ပင်ကြီးတစ်ပင်၏ အောက်၌ ထိုင်နေသူအတွက် အရပ်မျက်နှာများမှ တိုက်ခတ်လာသည့် လေပြေလေညင်းက အေးချမ်းစေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ဟု ဥပမာပြုတော်မူကြပါသည်။

## ဝိပါက်အကျိုး

မြန်မာစကားတွင် အကုသိုလ်၏ အကျိုးပေးကိုသာ ဝိပါက်ဟု ခေါ်ပါသည်။ ဗုဒ္ဓစာပေအရမှာမူ ကုသိုလ်၏အကျိုးပေးကိုလည်း ဝိပါက်၊ အကုသိုလ်အကျိုးပေးကိုလည်း ဝိပါက်ဟူ၍ပင် ခေါ်ပါသည်။ ဥပမာ- ငရဲသားပဋိသန္ဓေ၊ နတ်သားပဋိသန္ဓေ၊ ခွေးပဋိသန္ဓေ အားလုံးက အကျိုးဝိပါက်သာ ဖြစ်၏။

ကုသိုလ် အကုသိုလ်၏ သဘောသဘာဝသည် ကိုယ်အမူအရာ၊ နှုတ်အမူအရာနှင့် စိတ်အကြံအစည်တို့တွင် ဗျာပါရများပါသော်လည်း ဝိပါက်မှာမူ အကျိုးပေးသက်သက် ဖြစ်သောကြောင့် ကြောင့်ကြဗျာပါရ မရှိပေ။

ထို့ကြောင့် အကြောင်းကောင်းလျှင် အကျိုးပေးကောင်း၏။ အကြောင်းမကောင်းလျှင် အကျိုးပေး မကောင်းပေ။ အကြောင်းကောင်းအောင် ကြောင့်ကြဗျာပါရ စိုက်ထုတ်ထားခဲ့သူအဖို့ အကျိုးဝိပါက်ကောင်းရန် ကြောင့်ကြဗျာပါရအား စိုက်ထုတ်ရန် မလိုအပ်တော့ပေ။ ဧကန်မုချ အကျိုးပေးမည်။

သို့သော် ဘဝသံသရာတွင် အသိဉာဏ်နည်းပြီး မကောင်းသည့် အကြောင်းကိုသာ ကြောင့်ကြဗျာပါရ စိုက်ထုတ်ထားခဲ့မိသူအဖို့မှာမူ မကောင်းသည့် အကျိုးဝိပါက် ပေါ်ပေါက်လာရန်အတွက် ဘာကိုမှ အထူးလုပ်ဆောင်ရန် မလိုတော့ပေ။

ဝိပါကမည်သည် ကြောင့်ကြဗျာပါရစိုက်ကာ အားထုတ်ရန် မလိုအပ်တော့ဘဲ အကျိုးရလဒ်တို့က ပေါ်ပေါက်လာတတ်သည့် သဘာဝရှိသောကြောင့်ပင် "ချမ်းရိပ်နားနေ၊ ညင်းလေပြည်သို့၊ တသွေဖြစ်ဟန်၊ နာမက္ခန်ကို၊ ပူပန်ဝေးလျက်၊ ငြိမ်သက်စေနိုင်သော၊ ဝိပါက်ပစ္စည်းတရားက"ဟု ရှေးဆရာမြတ်များက စပ်ဆိုထားခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးကလည်း "ဝိပါကပစ္စည်းဆိုတာ အလုပ်ပန်းခရီးပန်းသူတို့ ပန်းသမျှ နွမ်းသမျှ ပြေပျောက်ငြိမ်းအေးစေဖို့ အရိပ်အာဝါသမှာ အပန်းဖြေနားနေတာနှင့်တူတယ်"ဟု မိန့်တော်မူခြင်း ဖြစ်ပါသည်။

ကံပြုရာတွင် ကောင်းသည့်ကံထူထောင်သကဲ့သို့ မကောင်းသည်ကံကို ထူထောင်သည်လည်းရှိပါသည်။ ကောင်းကံ၏ Result က ကောင်းတာလာမည်။ မကောင်းကံ၏ Resultက မကောင်းတာလာမည်။ ကမ္မနှင့် ဝိပါကက Ratio တူညီပါသည်။ ဆိုလိုသည်မှာ ကမ္မ ကောင်းလျှင် Result ဖြစ်သည် ဝိပါကကောင်းမည်။ ကမ္မမကောင်းပါက Result ဝိပါက မကောင်းနိုင်ပေ။

## ယောကျ်ားတွေ ရှူးလောက်အောင် လှပသည့်မိန်းမချော

ထို့ကြောင့် ကံကိုထူထောင်ရာ၌ နည်းစနစ် မှန်ကန် ကောင်းမွန်စွာ ထူထောင်နိုင်သည့် အသိဉာဏ် ရှိရပါမည်။ သုံးနှစ်သုံးမိုး ကျွန်ခံပြီးမှ ခက်ခဲစွာရရှိလာသည့် ဝတ်စုံကို သူတော်ကောင်းပုဂ္ဂိုလ်ကြီးအား လှူဒါန်းနိုင်ခဲ့သဖြင့် မြင့်မြတ်သည့် မဂ်ဆု၊ ဖိုလ်ဆုကို တောင်းနိုင်ပါသော်လည်း သူ၏ဉာဏ်အားလျော်စွာ " မြင်မြင်သမျှ ယောကျ်ားတွေ ရှူးလောက်အောင်လှပတဲ့ မိန်းမချောဖြစ်ပါရစေ"ဟု ဆုတောင်းခဲ့သဖြင့် Result အနေဖြင့် သံသရာဘဝတစ်ခု၌ လှပသည့် ဥမ္မာဒန္တီပုဏ္ဏေားမကလေးဘဝကို ရရှိပေတော့သည်။ လုပ်အားနှင့် ထိုက်တန်သည့် လုပ်အားခရခြင်း မည်ပါသည်။

## ထမင်းချက်သည့် ဥပမာ

ထမင်းချက်ရန် ဆန်ရှိရမည်၊ အိုးရှိရမည်၊ ရေရှိရမည်၊ မီးရှိရမည်စသည်တို့ ပြည့်စုံအောင်စုဆောင်းပြီး ထမင်းဖြစ်အောင်ချက်နေသည့် ကြောင့်ကြဗျာပါရမှာ ကံကိုထူထောင်နေခြင်းနှင့် ပမာတူပါသည်။

ထမင်းကျက်သွားလျှင်မူ ထမင်းဖြစ်လာရန်အတွက် ထပ်မံပြီး ကြောင့်ကြဗျာပါရ စိုက်ထုတ်ရန် မလိုအပ်တော့ခြင်းသည် ဝိပါက်အကျိုးနှင့် ပမာတူပါသည်။

---

**ကျမ်းညွှန်း** * (၅၂၇)၊ ဥမ္မာဒန္တီဇာတကဝဏ္ဏနာ၊ ပဏ္ဏာသနိပါတ၊ ဇာတကဋ္ဌကထာ-၅ (နှာ-၂၂၀)

သူသည် ပေါ်ဆန်းမွှေးဆန်ကို ချက်ထားလျှင် ပေါ်ဆန်းထမင်းကို စားရမည်။ ဆန်ကြမ်း ချက်ထားလျှင် ထမင်းကြမ်းကို စားရမည်။ သူ၏ကနဦးက ကြောင့်ကြဗျာပါရ စိုက်ထုတ်မှုပေါ် မူတည်ပြီး ထိုက်သင့်သည့် ထမင်းကို ရရှိပေတော့မည်။

ကံနှင့်ဝိပါက်တွင်လည်း ကုသိုလ်ကံကို ထူထောင်စဉ်က ကြောင့်ကြဗျာပါရ စိုက် ထုတ်ခဲ့ပြီးလေပြီ။ အကုသိုလ်ကံကို ထူထောင်စဉ်ကလည်း ကြောင့်ကြဗျာပါရ စိုက်ထုတ်ခဲ့ပြီး လေပြီ။ ဝိပါက်အကျိုး ပေါ်ပေါက်လာရန်အတွက်မှာမူ ကြောင့်ကြစိုက်ထုတ်ရန် မလိုအပ် တော့ပေ။ ပြုထားခဲ့ပြီးသည့် ကံအားလျော်စွာသာ ခံစံရပေတော့မည်။

## အကုသလဝိပါက်ကြောင့် မျက်စိကွယ်ခဲ့ရသည့် ရဟန္တာမထေရ်

မြတ်စွာဘုရားရှင် ထင်ရှားရှိတော်မူစဉ်ကာလက သာဝတ္ထိပြည်၌ နေထိုင်ကြသည့် သူကြွယ်ညီနောင်နှစ်ဦးအနက် ညီက အိုးအိမ်ထူထောင်ပြီး အစ်ကိုကြီးကမူ ရဟန်းပြုသွား ပါသည်။

မြတ်စွာဘုရားရှင်ထံတော်ပါး ၅-ဝါတိုင်တိုင် သီတင်းသုံးပြီးနောက် ကမ္မဋ္ဌာန်းယူပြီး တောတစ်နေရာ၌ ဝါဆိုကာ ရဟန်းတရားကို ပြင်းထန်စွာ ကျင့်တော်မူပါသည်။ ထိုစဉ်အခိုက် မျက်စိရောဂါ ပြင်းထန်စွာ ဖြစ်ပေါ်လာပါသည်။ မျက်စိဆရာနှင့်ပြရာ ဆေးကို ပက်လက် အိပ်ပြီးခတ်ရန် လျှောက်ထားသည်။ မထေရ်မြတ်သည် လဲလျောင်းခြင်း ဣရိယာပုတ်ကို ပယ်မြစ်ကာ တရားကျင့်တော်မူနေခြင်း ဖြစ်သည်။

ထို့ကြောင့် မျက်စိဆရာ၏ ဆေးထိရောက်ခြင်း မရှိတော့ပေ။ သို့သော် ထေရ်ရှင်က တရားကိုသာ တိုး၍ အားထုတ်တော်မူရာ ညဥ့်သန်းခေါင်ကျော်အချိန်၌ မျက်စိလည်း အပြီး တိုင်ကွယ်ပြီး၊ ကိလေသာကိုလည်း အပြီးတိုင်ပယ်ကာ ရဟန္တာဖြစ်တော်မူ၏။

ထေရ်ရှင်လောင်းလျာ၏ ဝိပါကဝဋ်က ကြီးကျယ်လှ၏။ မျက်စိရောဂါကု ဆေးဆရာဝန် ဘဝက ရောဂါသည်တစ်ယောက်ကို ဆေးကုပေးရာ ရောဂါပျောက်သော်လည်း ဆေးကုခ မရသဖြင့် ထိုမျက်စိရောဂါရှင်၏ မျက်လုံးကို ကန်းအောင်ပြုမှားခဲ့သည့် အကုသိုလ်ကံ၏ အကျိုးဝိပါက်ကို ရဟန္တာဖြစ်သည့်ဘဝတိုင် ပေးဆပ်နေရခြင်း ဖြစ်၏။

ရဟန္တာဖြစ်သွားသဖြင့် တစ်ဖန် ဘဝအသစ်ကို ပေးစွမ်းဦးမည့် ပဋိသန္ဓေနေရခြင်း ဟူသော ဇာတိကို အပြီးတိုင် လွတ်မြောက်တော်မူနိုင်ခဲ့ပါသော်လည်း ပြုမှားခဲ့ဖူးသည့် အကုသိုလ်ကံ၏ ဝိပါက်အကျိုးကိုမူ အနုပါဒိသေသနိဗ္ဗာန် မစံဝင်နိုင်သေးသမျှ လွတ် မြောက်ရန် မတတ်ကောင်းသည်သာ။

---

**ကျမ်းညွှန်း** ✱ ပါမောက္ခချုပ်ဆရာတော်ကြီး၏ ပဋ္ဌာန်းမြတ်ဒေသနာ (၂၀၁၁-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်)

ထို့ကြောင့် မာန်လည်ဆရာတော်ကြီးက “ဝိပါက် အကျိုးဟူသည်၊ ကြာမရှည်ခင်၊ ပြန်လည်တတ်မျိုး၊ မကောင်းကျိုးဖြင့်၊ နောက်ပိုးလိုက်တက်၊ သူ့ကိုဖျက်က၊ ကိုယ်ပျက်တတ်စွ” ဟု ဆုံးမတော်မူခြင်း ဖြစ်ပါသည်။


## ဝိပါက်စိတ်

ပဋိသန္ဓေစိတ်က ဝိပါက်စိတ်ဖြစ်ပြီး၊ ဖိုလ်စိတ်သည်လည်း ဝိပါက်စိတ်ပင် ဖြစ်ပါသည်။ ဈာန်မှာလည်း ရူပါဝစရဝိပါက်စိတ်၊ အရူပဝါစရဝိပါက်စိတ် ဖြစ်ပါသည်။

ဝိပါက်စိတ်၌ မြင်သိစိတ်၊ ကြားသိစိတ်၊ နံ့သိစိတ်၊ အရသာသိစိတ်၊ ထိသိစိတ်အပါအဝင်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ တဒါရုံ ဘဝင်စိတ်အားလုံးသည် ဝိပါက်စိတ်များသာ ဖြစ်ပါသည်။

ဝီထိအစဉ်ကို လေ့လာပါက -

| | | |
|---|---|---|
| အတီတဘဝင် | - | Past bhavanga |
| ဘဝင်္ဂစလန | - | Vibrational bhavanga |
| ဘင်္ဂုပစ္ဆေဒ | - | Arrest bhavanga |
| ပဉ္စဒွါရာဝဇ္ဇန်း | - | Five-door adverting |
| စက္ခုဝိညာဉ် | - | Eye-consciousness |
| သမ္ပဋိစ္ဆိုင်း | - | Accepting (Receiving) |
| သန္တီရဏ | - | Investigating |
| ဝုဋ္ဌော | - | Decision (Determining) |
| ဇော- ၇ ကြိမ် | - | mental impulsions / (Javana) |




တဒါရုံ ၂-ကြိမ်တို့သည် ရှေ့နောက် ဥပါဒ်, ဌီ, ဘင်၊ ဖြစ်, တည်, ပျက် အစဉ်အတိုင်း ဖြစ်ကြသည်ကို စိတ္တနိယာမဟု ခေါ်ပါသည်။

“တီ န ဒ ပ စ သံ ဏ ဝု ဇော ၇-ကြိမ် တဒါရုံ ၂-ကြိမ်”၌ ဇောစိတ် ၇-ကြိမ်က ကုသိုလ်ဇော အကုသိုလ်ဇောဖြစ်နိုင်ပြီး အာရုံကို ခံစားသည်။ တဒါရုံ ၂-ကြိမ်ကလည်း ဝိပါက်စိတ်ဖြစ်၏။

---

**ကျမ်းညွှန်း** * စက္ခုပါလတ္ထေရဝတ္ထု၊ ယမကဝဂ္ဂ၊ ဓမ္မပဒဋ္ဌကထာ -၁ (နှာ-၂)

ဘဝင်စိတ်ကျပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသူသည် ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံများကို အာရုံမပြုသောကြောင့် ကျေနပ်၊ မကျေနပ်၊ သဘောကျ၊ မကျ၊ ပျော်၊ မပျော်ဟူသော ခံစားမှု မရှိနိုင်ပါ။

၎င်းအခြေအနေကို အေးချမ်းသည်ဟုဆိုပါက နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည့် အချိန်(ဝါ) ဘဝင်ကျချိန်တွင် ဒုက္ခိတ၊ သုခိတသတ္တဝါ အားလုံးကပင် အေးချမ်းနေသည်ဟု အတူတူ ယူရပါမည်။

ထို့ကြောင့် နွားအိပ်ပျော်နေသည်မှာ ပင်ပန်းပြီး၊ နတ်အိပ်ပျော်နေသည်မှာ ချမ်းသာသည်ဟု မဆိုနိုင်ပါ။ ဘဝင်စိတ်၏ Quality မှာ အတူတူပင် ဖြစ်ပါသည်။

## အခိုက်အတန့် ၄-ပါး

ဝိပါက်၌အခိုက်အတန့် ၄-ပါး ရှိပါသည်။ ၎င်းတို့မှာ -

၁။ စေတနာအခိုက်အတန့် Moment of volition.

၂။ ကံအခိုက်အတန့် Moment of khamma.

၃။ နိမိတ်အခိုက်အတန့် နှင့် Moment of sign.

၄။ ဝိပါက်အခိုက်အတန့် Moment of Resultant. တို့ ဖြစ်၏။

ဤအခိုက်အတန့်လေးပါးကို သရက်သီးဖြင့် ဥပမာပြရမည်ဆိုလျှင် သရက်ပွင့်သည့် အခိုက်အတန့်၊ အသီးအကင်း အခိုက်အတန့်၊ ဝမ်းပျဉ်း အခိုက်အတန့်နှင့် ရင့်မှည့်သည့် အခိုက်အတန့်တို့ ဖြစ်ပါသည်။ ဝိပါက်အခိုက်အတန့်ဟူသည် သရက်သီးရင့်မှည့်သည်နှင့် တူသည်။

## စေတနာ အခိုက်အတန့်

သုစရိုက်၊ ဒုစရိုက် ကုသိုလ်၊ အကုသိုလ် ဇောစေတနာဖြစ်နေသည့် အခိုက်အတန့်သည် စေတနာ အခိုက်အတန့် ဖြစ်ပါသည်။

## ကံအခိုက်အတန့်

ကံအခိုက်အတန့်မှာမူ အလွန် သိမ်မွေ့လေ၏။ ကုသိုလ် အကုသိုလ်စေတနာတို့သည် ပရမတ္ထမေ့၏ သဘာဝအတိုင်း ဥပါဒ်၊ ဌီ၊ ဘင် အားဖြင့် ပေါ်ပြီးပျောက်နေပါသော်လည်း ထိုထိုစေတနာကံ၏သတ္တိ Potential energy မှာမူ ပျောက်ကွယ်မသွားဘဲ နာမ်အစဉ်၌ အနန္တရ၊ သမနန္တရ၊ အာသေဝန၊ အနန္တရူပနိဿယ၊ ကမ္မ၊ နတ္ထိနှင့် ဝိဂတသတ္တိများဖြင့် ကျေးဇူးပြုပါသည်။ သရက်သီး ဥပမာကဲ့သို့ပင် သရက်ကင်း ရင့်မှည့်လာရန် အပွင့်အကင်းမှသည် အဆင့်ဆင့် ဖြစ်ပျက် ပြောင်းလဲလာရသကဲ့သို့ အကြောင်းဖြစ်သည့် စေတနာကံက အကျိုး ဝိပါက်ဖြစ်လာရန် အခြေခံ ဖြစ်ပေသည်။

## နိမိတ်အခိုက်အတန့်

နိမိတ်အခိုက်အတန့်ဟူသည် သတ္တဝါတစ်ခု စုတိစိတ်မကျခင် ကံနိမိတ်၊ ကမ္မနိမိတ်၊ ဂတိနိမိတ်များအနက် တစ်ပါးပါး ထင်လာရစမြဲဖြစ်၏။ သံသရာခရီးတစ်လျှောက် လေ့ကျင့်ပြုမူ ထူထောင်ခဲ့သည့် စေတနာကံများကပင် ထိုအခိုက်၌ နိမိတ်အဖြစ် ထင်လာတတ်သည်ကိုပင် နိမိတ်အခိုက်အတန့် ဖြစ်ပါသည်။

## ဝိပါက်အခိုက်အတန့်

ထူထောင်ခဲ့သည့် စေတနာကံအားလျော်စွာ နိမိတ်များ ထင်လာပါမည်။ ထိုနိမိတ်အားလျော်စွာ ဘဝအသစ်တစ်ခုကို ရပေမည်။ တစ်နည်းအားဖြင့် ပဋိသန္ဓေအသစ်အတွက် ဘဝဟောင်းမှ စုတိစိတ်က ဘဝသစ်၏ ပဋိသန္ဓေတာဝန်ကို ယူပေးသည်။

*'ပဋိသန္ဓိ ဘဝင်္ဂ တထာ ဝစနမာနသံ'* စုတိ ပဋိသန္ဓေနှင့်ဘဝင်ဟု အမည်ကွဲပြားပါသော်လည်း တစ်ဘဝအတွင်း၌ သဘာဝ တူညီပါသည်။ ပဋိသန္ဓေစိတ် Rebirth conciousness ဟူသည် ဝိပါက်စိတ်ကိုပင် ခေါ်ခြင်းဖြစ်ပါသည်။

ထို့ကြောင့် ဝိပါက်အခိုက်အတန့်တွင် ပဋိသန္ဓေ အခိုက်အတန့်လည်းပါ၏။ ထိုထို အခိုက်အတန့် ၃-ပါးကို ကျော်ပြီးမှ မိမိတို့သည်လည်း ယခုဘဝကို ရရှိနေခြင်း ဖြစ်ပါသည်။

## ဘဝများစွာ၌ မီးလောင်သေဆုံးခဲ့ရသည့် အကုသိုလ်အကျိုးဝိပါက်

ကောသမ္ဗီပြည်တွင် ဥတေနဘုရင် မင်းပြုလျက်ရှိစဉ် သာမာဝတီမိဖုရားနှင့် မောင်းမငါးရာတို့ နန်းမဆောင်ကြီး မီးလောင်ကျွမ်း၍ သေပွဲဝင်ခဲ့ရသည့် ကံကြမ္မာဆိုးသည်လည်း ဘဝတစ်ခု၌ ပြုမှားခဲ့အကုသိုလ်ဝိပါက် အကျိုးခံကြရခြင်း ဖြစ်သည်။

အတိတ်ဘဝတစ်ခုတွင် သာမာဝတီအမှူးပြုသည့် မိန်းမငယ်ငါးရာတို့သည် မြစ်ကမ်းနံဘေး ရေချိုးကြပါသည်။ အချမ်းပြေပျောက်စေရန် ချုံပုတ်ကို မီးရှို့၍ မီးလှုံကြပါသည်။ ထိုတောခြုံထဲတွင် ဘုရင်မင်းမြတ်ကိုးကွယ်သည့် ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကြီးတစ်ပါး နိရောဓသမာပတ် ဝင်စားတော်မူနေကြောင်းကို မီးစရှို့စဉ်က မသိခဲ့ကြပါ။ မီးလောင်မှ မြင်ကြရသဖြင့် မိန်းမငယ်တစ်စုက သူတို့ မင်းပြစ်မင်းဒဏ်သင့်မည်ကို စိုးရိမ်သဖြင့် မီးရှို့ပြီး လက်စဖျောက်ရန် ကြိုးပမ်းကြတော့သည်။

အရှင်မြတ်ကြီးကမူ နိရောဓသမာပတ်၏အစွမ်းကြောင့် တစ်စုံတစ်ရာ အန္တရာယ်မရှိခဲ့

---

**ကျမ်းညွှန်း** * ပါမောက္ခချုပ်ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒမာလာဘိဝံသ၏ ပဋ္ဌာန်းမြတ် ဒေသနာ (၂၀၁၁-ခုနှစ်)တွင် ပုံနှိပ်ထုတ်ဝေသည်။

သော်လည်း သာမာဝတီတို့မှာမူ ငရဲ၌ နှစ်သိန်းပေါင်းများစွာ ကျခံခဲ့ကြရသည်။ တစ်ဖန် ထိုကံအကြွင်းကြောင့် ဘဝတစ်ရာတိုင်တိုင် သာမာဝတီမိဖုရားဘဝကကဲ့သို့ပင် အိမ်လုံးကျွတ်မီးလောင်၍ သေဆုံးခဲ့ကြရသည်။

မိမိပြုမှားခဲ့သည့် ကံ၏အကျိုးဝိပါက်ကို မည်သူတစ်ဦးတစ်ယောက်ကမျှ တားမြစ်ပိတ်ပင်၍ မရကောင်းပေဟု မြတ်စွာဘုရားရှင် မိန့်တော်မူခြင်း ဖြစ်၏။

## ဝိပါက်စိတ်နှင့် ဘဝင်စိတ်

တိရစ္ဆာန် အိပ်ပျော်နေသည်မှာ အကုသလဝိပါက်စိတ်၊ လူအိပ်ပျော်နေသည်မှာ ကုသလဝိပါက်စိတ်ဟု ကွဲပြားပါသော်လည်း ဝိပါက်စိတ်မှန်သမျှ ငြိမ်သက်ပါသည်။ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေသည့် အချိန်၌သာမက တစ်နေ့တာ နိုးနေသည့်ကာလများ၌လည်း ဘဝင်စိတ်များစွာ ဖြစ်နေတတ်ပါသည်။

ဝိပါက်စိတ်က ကုသိုလ်၊ အကုသိုလ်ကံ၏ အကျိုးဖြစ်၏။ အိပ်မက်မမက်ဘဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည့်စိတ်က ဘဝင်စိတ် ဖြစ်သည်။ ဘဝင်စိတ်သည် ဝိပါက်စိတ်နှင့် သဘောချင်းတူပါသည်။ ဥပမာ-သောမနဿနှင့် ပဋိသန္ဓေနေခဲ့ပါက အိပ်ပျော်နေသည့်စိတ်ကလည်း သောမနဿဖြစ်ပြီး၊ ဥပေက္ခာနှင့် ပဋိသန္ဓေနေခဲ့သူ၏ အိပ်ပျော်နေသောစိတ်လည်း သောမနဿကဲ့သို့ ရွှင်ရွှင်ပြပြမဟုတ်ဘဲ တည်တည်မှန်မှန် ဥပေက္ခာပင် ဖြစ်နေလိမ့်မည်ဟု တောင်မြို့မဟာဂန္ဓာရုံဆရာတော်ကြီး၏ အခြေပြုပဋ္ဌာန်းတွင် ဖော်ပြထားပါသည်။

## ဝိပါကဝဋ်

ဘဝတစ်လျှောက်တွင် အချိန်နှင့်အမျှ တွေ့ကြုံခံစားနေရသည့် ကောင်းကျိုး၊ ဆိုးကျိုးတို့သည် ဝိပါက်အကျိုးတရားများသာဖြစ်၏။ ထို့ကြောင့် ကမ္မကအကြောင်းတရား ဝိပါကက အကျိုးတရား Result ဖြစ်၏။

တန်ခိုးရှင်ကြီး တစ်စုံတစ်ယောက်ယောက်က ဘဝကို ကောင်းမွန်လာစေရန်နှင့် ဆိုးဝါးသွားစေရန် ဖန်တီးပေးနေခြင်း မဟုတ်ကြောင်းကိုမူ ပဋ္ဌာန်းတရားတော် လေ့လာနေသည့် သူတော်ကောင်းများအဖို့ နားလည်ရန် ခက်ခဲမည် မဟုတ်တော့ပေ။

မြတ်စွာဘုရားရှင်က အကျိုးတရားအဖြစ် ရထားသည့်ခန္ဓာကို ဝိပါကဝဋ်ဟု ဟောတော်

---

**ကျမ်းညွှန်း** * သာမာဝတီဝတ္ထု၊ အပ္ပမာဒဝဂ်၊ ဓမ္မပဒဋ္ဌကထာ -၁ (နှာ-၁၂၀)

မူပါသည်။ ခန္ဓာမရှိတော့မှသာ လိုက်ရန်ကျန်ရှိသေးသည့် ဝိပါကဝဋ်က လွတ်ပေတော့မည်။ သို့သော် ခန္ဓာရထားသူအဖို့မှာမူ ဉာဏ်ရှိမှသာ အကြွေးတင် သက်သာပေမည်။

ထို့ကြောင့် တိပိဋကမင်းကွန်းဆရာတော်ကြီးက "အခုလို အသိဉာဏ်ရှိတဲ့ဘဝမှာ လိုက်စရာရှိတဲ့ဝဋ်တွေ လိုက်ချင်စမ်းပါဘိ"ဟု မိန့်တော်မူခြင်း ဖြစ်ပေလိမ့်မည်။ သံသရာ ခရီးသည်တို့အတွက် အလေးအနက်ထားကာ စဉ်းစားရမည့် အဆုံးအမစကား ဖြစ်ပေသည်။

## အကုသလ ဝိပါက်

နန်းမတော်မယ်နုသည် ရေချကွပ်မျက်ခံရတော့မည့်ဆဲဆဲ သူဆည်းကပ်ကိုးကွယ်ခဲ့သော ဆရာတော်ဦးဗုဓ်ကို နောက်ဆုံး ဖူးမြော်ပါရစေဟုဆိုသဖြင့် ဆရာတော် ဦးဗုဓ်ထံ ပို့ပေးကြသည်။

ဆရာတော့်ရှေ့တော်မှောက်ရောက်လျှင် မယ်နုက -

"ဆရာတော်ဘုရား တပည့်တော်မ ယနေ့ပင် ရေချကွပ်မျက် ခံရပါတော့မည်"ဟု လျှောက်၏။ ဆရာတော်ဦးဗုဓ်က-

"ဟဲ့. . . မယ်နု၊ သူ့ကြွေးရှိရင် ဆပ်ရမှာပေါ့"ဟု တစ်ခွန်းသာ မိန့်လိုက်သည်။ မယ်နုသည်-

"ငါ့ဆရာတော်သည် ငါ ကိုးကွယ်ခဲ့သည့် ကာလတစ်လျှောက် ငါ့ကို အရေးတယူ စကားတစ်ခွန်းမျှ မမြွက်ဟခဲ့။ ယခု ဆရာတော် စကားတစ်ခွန်း ငါနာရပြီ။ ငါသေပျော်ပြီ"ဟု ဦးချကာ ရာဇဝတ်သားတို့နောက် လိုက်ပါသွား၏။ အကုသလဝိပါက်သည် မိဖုရားသော်မှ လည်း ရှောင်လွဲမရနိုင်သည့် အကြောင်းကို ဤသာဓကဖြင့် မှတ်သားနိုင်မည် ဖြစ်ပါသည်။

## စိတ္တဇရုပ်

ဝိပါက်စိတ်က စိတ္တဇရုပ် Mind born matter ကိုလည်း မွေးဖွားပေးပါသေးသည်။ စိတ်ကြောင့်ဖြစ်သည့် စိတ္တဇရုပ်ထဲတွင် အသံရုပ်ကလည်း သိသာ၏။ ဆေးပညာ၌ အသံက အသံအိုးကြောင့် ဖြစ်ပေါ်လာ၏ဟု ဆိုပါသော်လည်း သဘာဝတရားတစ်ခုက အကြောင်း တရားတစ်ခုတည်းကြောင့် ဖြစ်ပေါ်လာခြင်းကား မဟုတ်ပါပေ။

အသံချင်းတူသော်လည်း ငိုသံနှင့် ရယ်မောသံ မတူပေ။ ဆိုင်ရာဆိုင်ရာစိတ်ကြောင့်

ကျမ်းညွှန်း * စတုတ္ထစံကျောင်းဆရာတော် ဘဒ္ဒန္တဝိမလ ဘဝနှင့်သာသနာ၊ တပည့်များစုပေါင်းပူဇော်သည် (၂၀၀၄ ခုနှစ်) (နှာ-၃၆၃)

ထွက်ပေါ်လာသည့်အသံလည်း ပြောင်းလဲပြောင်းလဲ၍နေခြင်း ဖြစ်ပါသည်။ စိတ္တဇရုပ်ကို ဝိပါကပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသော်လည်း ဝိပါက်စိတ်ကြောင့် ဖြစ်လာသော စိတ္တဇရုပ်သည် အကုသိုလ်စိတ်ကြောင့် ဖြစ်ပေါ်လာသည့် စိတ္တဇရုပ်ကဲ့သို့ ပြင်းထန်မည် မဟုတ်လောက်ပေဟု ဆရာမြတ်တို့က မိန့်တော်မူကြပါသည်။

## ရုပ်တရားကို ဝိပါက်မခေါ်

စက္ခုပသာဒ၊ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှါပသာဒနှင့် ကာယပသာဒတို့သည်လည်း ကံကြောင့်ပင် ဖြစ်ရပါသည်။ ကမ္မဇရုပ်တို့ကလည်း ကံကြောင့်ပင် ဖြစ်လာပါသော်လည်း ဝိပါကဟု မခေါ်ပေ။

အဘယ်ကြောင့်ဆိုသော် စေတနာကို ကံဟုခေါ်သဖြင့် ကံကနာမ်တရား ဖြစ်သည်။ တစ်ဖန်စေတနာမည်သည် စေတသိက်ဖြစ်သောကြောင့်လည်း နာမ်တရား ဖြစ်ပါသည်။ ကမ္မဇရုပ်တွေက ရုပ်တရား ဖြစ်ပါသည်။ ထို့ကြောင့် သဘာဝချင်းမတူသောကြောင့် ဝိပါက အမည်မရနိုင်ဟု ပါချုပ်ဆရာတော်ကြီးက ပဋ္ဌာန်းတရားတော်၌ ရှင်းပြတော်မူပါသည်။

## ဝိပါက်စိတ်ကို ငြိမ်သည်ဟု ပမာပြုခြင်းဖြစ်

ဝိပါက်စိတ်၏ သတ္တိက ငြိမ်သက်သည်ဟု စာ၌လာရှိပါသည်။ ထို့ကြောင့် သူနှင့် ယှဉ်ဖော် ယှဉ်ဖက် စိတ်၊ စေတသိက်တို့ကိုလည်း ငြိမ်သက်စေသည့်သတ္တိ သူ့၌ရှိလေသည်။

ပမာပြရသော် အေးအေးချမ်းချမ်းနေတတ်သည့် ပုဂ္ဂိုလ်တစ်ဦးက သူတစ်ပါးတို့ကိုလည်း ငြိမ်းငြိမ်းအေးအေးနေနိုင်ရန် စီမံညွှန်ကြားသကဲ့သို့ ဝိပါက်စိတ်ကလည်း အတူဖြစ်ဖက်တရားတို့ကို ဗျာပါရကင်းပြီးနေရန် ဝိပါကသတ္တိက ကျေးဇူးပြုပါသည်။

ဤသည်ကိုပင် စာပေ၌ ငြိမ်သက်သည်ဟု ဆိုလိုသည်။ လူအများနားလည်သည့် ငြိမ်သက်ခြင်းနှင့် မတူပါ။ သဘောဥပမာ တင်စားကာ ဖော်ပြရခြင်းမျှသာ ဖြစ်ပါသည်။

## ဈာန်ဝင်စားခြင်းနှင့် ဖိုလ်ဝင်စားခြင်း

ဝိပဿနာတရားကို ပြည့်စုံစွာကျင့်ပြီး မဂ်ကျပါက ဖိုလ်စိတ်ပေါ်ရပါသည်။ ထိုဖိုလ်စိတ်သည် ဝိပါက်စိတ်ဖြစ်သည်။ ဈာန်၌လည်း ရူပါဝစရဝိပါက်စိတ်နှင့် အရူပဝါစရဝိပါက်စိတ်ဟူ၍ ရှိသည်။

ဤလောကုတ္တရာစိတ်နှင့် လောကီဈာန်စိတ်တို့၏ ကွာခြားချက် များစွာရှိသည့်အနက်

---

**ကျမ်းညွှန်း** * တောင်မြို့မဟာဂန္ဓာရုံဆရာတော်ကြီး၏ အခြေပြုပဋ္ဌာန်း

ဤနေရာတွင် ဖော်ပြလိုသည်မှာ ဈာန်ရပုဂ္ဂိုလ်သည် အလိုရှိသည့်အချိန်၌ ဈာန်ဝင်စားရာတွင် တတိယဈာန်ရ ပုဂ္ဂိုလ်ကလည်း ပထမဈာန်၊ ဒုတိယဈာန်မှသည် တတိယဈာန်အထိ အဆင့်ဆင့် ဝင်စားရပါသည်။ စတုတ္ထဈာန်ရ ပုဂ္ဂိုလ်ကလည်း ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်မှသည် စတုတ္ထဈာန်အထိ အဆင့်ဆင့် ဝင်စားရသည်။

အနာဂါမ်ပုဂ္ဂိုလ်ကမူ သောတာပတ္တိဖိုလ်၊ သကာဒါမိဖိုလ်တို့ကို ဝင်စား၍ မရတော့ပေ။ အနာဂါမိဖိုလ်ကိုသာ ဝင်စားနိုင်ပါသည်။

## ပုညကြိယဝတ္ထု (၁၀)ပါး

အသိဉာဏ်ရှိသောကြောင့် ကောင်းကံကို ထူထောင်လိုသည့် သူတော်ကောင်းများ အတွက် ကောင်းမွန်သည့်လုပ်ဆောင်မှု Good action ၏ တည်ရာမှီရာ ပုညကြိယဝတ္ထု (၁၀)ပါး ရှိပါသည်။ ၎င်းတို့ကိုလည်း လေ့လာသိရှိကာ အမြဲမပြတ် ကောင်းကံများကို ထူထောင် နေရပါမည်။

၁။ ဒါန = စွန့်ကြဲပေးကမ်းလှူဒါန်းမှု။
၂။ သီလ = ဆိုင်ရာသီလများကို စောင့်ထိန်းမှု။
၃။ ဘာဝနာ = ဘုရားဂုဏ်တော်စသည်ကို အာရုံပြုနေမှု။ (ကမ္မဋ္ဌာန်းအားထုတ်မှု)
၄။ အပစာယန = ရိုသေထိုက်သူကို ရိုသေမှု။
၅။ ဝေယျာဝစ္စ = သူတစ်ပါး၏ ကုသိုလ်ကိစ္စ၌ ပါဝင်ကူညီမှု။
၆။ ပတ္တိဒါန = မိမိကုသိုလ်အဖို့ကို အမျှပေးဝေမှု။
၇။ ပတ္တာနုမောဒနာ= သူတစ်ပါးက အမျှပေးဝေလျှင် ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်မှု။
၈။ ဓမ္မဿဝန = တရားစကားကို နားထောင်မှု။
၉။ ဓမ္မဒေသနာ = ပစ္စည်းလာဘ်လာဘ မငဲ့ဘဲ တရားဟောမှု။
၁၀။ ဒိဋ္ဌိဇုကမ္မ = အယူကို ဖြောင့်မှန်စွာ ယူမှု။ (ကံ ကံ၏ အကျိုးကို ယုံကြည်မှု)။

## မေထုန်ငယ် ၇-ပါး

အသိဉာဏ်ရှိသောကြောင့် သီလကို ဆွတ်ဆွတ်ဖြူစင်လိုသည့် သူတော်ကောင်းများ အနေဖြင့် အဗြဟ္မစရိယ သိက္ခာပုဒ်တော်၏ ညှိုးနွမ်းကျိုးပေါက်မှုမျိုး ၇-ပါး၊ တစ်နည်း မေထုန်ငယ် ၇-ပါးကိုလည်း လေ့လာမှတ်သားကာ ရှောင်ကြဉ်ရပါမည်။

(၁) မာတုဂါမ၏ ပွတ်တိုက်ဆုပ်နယ်နှိပ်ပေးမှု၌ သာယာခြင်း၊
(၂) မာတုဂါမနှင့် ပြုံးကာ ရယ်ကာ တို့ကာ ဆိတ်ကာ နေရသည်ကို သာယာခြင်း၊
(၃) မျက်နှာချင်းဆိုင်၍ အားပါးတရ ကြည့်ရှုနေရမှုကို သာယာခြင်း၊

(၄) မျက်ကွယ်ရာ အနီးအနားက ၎င်းတို့၏ ပြောသံ ဆိုသံ ရယ်သံကို ကြား၍ သာယာစွာ နားစိုက်ထောင်ခြင်း၊ (ရုပ်ရှင်ဇာတ်ကား၊ ဓာတ်ပုံ၊ သီချင်းစသည် ကြည့်ရှုနားထောင်ကာ သာယာခြင်းကိုလည်း ယူနိုင်ပါသည်)

(၅) ရှေးအခါက မာတုဂါမနှင့် ပျော်ပျော်ကြီး ပြုမူနေထိုင်ကျင့်ကြံမှုမျိုးစုံကို တွေးတော အောက်မေ့သာယာခြင်း၊

(၆) သူတစ်ပါးတို့ ပြုမူကျင့်ကြံ ခံစားနေမှုကိုမြင်ရ၍ သာယာခြင်း၊

(၇) ယခု ဘဝ ပြုစုအားထုတ်ရသော သီလကုသိုလ်ကြောင့် နောက်ဘဝ၌ နတ်သမီး နတ်သားများစွာတို့နှင့် ပျော်ပါးရန် မျှော်လင့်လျက် သာယာနေခြင်း။ (အမျိုးသမီး၊ အမျိုးသား ၂-ဦးလုံးအတွက် အပြန်အလှန် ယူရမည်)

## ဝိပါကပစ္စည်း၏ သင်္ချာ

ဝိပါကပစ္စည်း၏သင်္ချာမှာ ၁-ဖြစ်ပါသည်။ ထို့ကြောင့် "*ဝိပါကေ ဧကံ*" ဟု မှတ်သားနိုင်ပါသည်။ ထိုသင်္ချာကို အောက်ပါအတိုင်း လေ့လာနိုင်ပါသည် -

### အဗျာကတ သင်္ချာ-၁

(၁) ဗျာ-ဗျာ

**Mind to Mind-Matter**

ဝိပါကပစ္စည်းသည် နာမ်တရားက နာမ်ရုပ်တရား (Mind to Mind-Matter) ကို ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည်။

## ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား

ပစ္စယဟူသော အကြောင်းတရားမှာ - ဝိပါက်စိတ် ၃၆-ပါး၊ စေတသိက် ၃၈-ပါး (ပဉ္စဝေါကာရ ပဋိသန္ဓေ ၁၅-ပါး၊ စေတသိက် ၃၅-ပါး) တို့ ဖြစ်ပါသည်။

ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - ဝိပါက်စိတ် ၃၆-ပါး၊ စေတသိက် ၃၈-ပါးနှင့် စိတ္တဇရုပ်၊ ကမ္မဇရုပ်တို့ ဖြစ်ပါသည်။ ဝိပါကမှာ သဟဇာတလတ်မျိုး ဖြစ်ပါသည်။

## ၁၅ – အာဟာရပစ္စယော

## Daily life Paṭṭhāna

### Ahara Paccayo *(Nutriment condition)*




*ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာဟာရပစ္စယေန ပစ္စယော။ (ကု၊ ကု-၁)*

ကုသိုလ်တည်းဟူသော အကြောင်းဓမ္မသည် ကုသိုလ်တည်းဟူသော အကျိုးဓမ္မအား အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ရုပ် နာမ် တရားများအား ထောက်ပံ့သောအားဖြင့်**
**ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည်**

The *'Âhâra Paccayo'* is nutriment condition. *Âhâra* is compared to supporting poles.



'အိမ်အိုကြီးများ မလဲပြိုရအောင် ကျားတိုင်များဖြင့် ထောက်ကန်ထားသကဲ့သို့' အစားအသောက်၌ပါသော အဆီဩဇာ ကဗဠီကာရာဟာရရုပ်သည် ခန္ဓာကိုယ်အားလည်းကောင်း၊ ဖဿ၊ စေတနာ၊ ဝိညာဉ် နာမ်အာဟာရ ၃-ပါးသည် ယှဉ်ဖက် ရုပ်၊ နာမ်တရားတို့အား လည်းကောင်း ဖြစ်ပေါ်တည်ရှိလာအောင် ကျေးဇူးပြုသည်။

ရှေးဆရာမြတ်တို့က အာဟာရပစ္စည်းကို အိမ်အိုကြီးမလဲပြိုစေရန် ထောက်ကန်ထားသည့် ကျားတိုင်တို့သည် ထိုအိမ်အိုကို ခိုင်ခံ့စေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ဟု ဥပမာပြုတော်မူကြပါသည်။ ပစ္စယုပ္ပန်တရားတို့အား ဖြစ်စေခြင်း၊ ထက်သန်အားကောင်းလာအောင် စောင့်ရှောက် ထောက်ပံ့ခြင်းကိစ္စတို့ဖြင့် ကျေးဇူးပြုမှုကို အာဟာရပစ္စယသတ္တိဟု ခေါ်သည်။

## သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ

ကံက ဘဝအသစ်ကို ပို့ပေးလိုက်သဖြင့် ဘဝအသစ်ရရှိရေး၌ ကံ၏တာဝန် ကျေပွန်လေပြီ။ ဤရရှိထားသည့်ခန္ဓာ ဆက်လက် ရှင်သန်နေရန်မှာ အာဟာရက တာဝန်ယူကာထောက်ပံ့ပေးရ၏။ *ထို့ကြောင့် 'သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ'* သတ္တဝါမှန်သမျှသည် အာဟာရ အကြောင်းအထောက်အပံ့ကြောင့်သာ ဖြစ်တည်နေနိုင်ကြပါသည်ဟု မြတ်စွာဘုရားဟောတော်မူပါသည်။

သို့သော် အသညသတ်ပုဂ္ဂိုလ်များသည် လူ့ပြည်၌ တရားအားထုတ်ပြီး ဈာန်ဇောစောနေစဉ်၌ပင် ထိုင်လျက်စုတိစိတ်ကျလျှင် အသညသတ်ဘုံ၌ ထိုင်လျက်ပင် သွားပြီးဖြစ်ရ၏။ ဈာန်ကိုအားထုတ်နေပြီး ဈာန်ဇောက ပို့ဆောင်သဖြင့် ဤဘုံသို့ရောက်ခြင်းဖြစ်သည်။ ထိုဈာန်ဇောကပင် အာဟာရဖြစ်၏။ အင်္ဂုတ္တိုရ်အဋ္ဌကထာတွင် 'ပစ္စယာဟာရော'ဟု ဆိုထား၏။

"ရုပဗြဟ္မာကြီးတွေမှာ ဘာကိုမှမစားဘဲ အာယုကပ်ကုန်သည့်တိုင် ကမ္ဘာချီအောင်နေနိုင်တာဟာ သူတို့၏သန္တာန်မှာရှိတဲ့ ကမ္မဇ စိတ္တဇ ဥတုဇတွေထဲမှာလည်း ဩဇာဟာရှိသောကြောင့် ၎င်းဩဇာက ထောက်ပံ့ထားသည်ဖြစ်၍ ဒီလိုနေနိုင်တာမှတ်ပါ။ ငရဲဘုံ၌ဖြစ်သောသတ္တဝါသည် အကြွင်မျှလောက်သောကာလပတ်လုံး ကံသည် မကုန်သေး၊ ထိုမျှလောက်သော ကာလပတ်လုံး ၎င်းသတ္တဝါဟာ မသေသေးပါဘူးတဲ့။ ဒီအခါမှာ ၎င်းသတ္တဝါများသည် ဤမျှလောက် ကြာမြင့်အောင် ဘာကိုမျှမစားမသောက်ရဘဲနဲ့ နေနိုင်သည်မှာ အကုသိုလ်တည်းဟူသော စေတနာကံ၏ အစွမ်းသတ္တိကြောင့် နေနိုင်သည်ဟုမှတ်ပါ" ဟု မိုးကုတ်ဆရာတော်ဘုရားကြီး၏ အဘိဓမ္မာ ပဋ္ဌာန်းညဝါမှတ်စု၌ လာရှိပါသည်။

## ရုပ်အာဟာရနှင့် နာမ်အာဟာရ

အာဟာရဟုဆိုလျှင် သာမန်အားဖြင့် စားသုံးစရာ အာဟာရကိုသာ စိတ်ထဲရောက်ကြပါသည်။ စာပေ၌မူ အာဟာရနှစ်မျိုး လာရှိ၏ ၁- ရုပ်အာဟာရ physical nutriment နှင့် ၂- နာမ်အာဟာရ mental nutriment တို့ဖြစ်၏။

---

**ကျမ်းညွှန်း** * ပါတိကဝဂ္ဂပါဠိ (နှာ-၁၇၈)

* အဋ္ဌကနိပါတ၊ အင်္ဂုတ္တိုရ်အဋ္ဌကထာ။

* အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ အဘိဓမ္မာပဋ္ဌာန်း ညဝါမှတ်စု သုံးချက်စု ချုပ်ပို့စဉ်။

## ရုပ်အာဟာရဟူသည်

၁ - 'ကဗဠီကာရော အာဟာရော'ဟု ဆိုအပ်သော စားသောက်ဝါးမျိုသဖြင့် ဖြစ်ပေါ် လာသည့် အဆီအနှစ် ဩဇာအာဟာရဓာတ် ဖြစ်၏။

## နာမ်အာဟာရဟူသည်

၂ - ဖဿာဟာရ = Contact nutriment အာရုံကို တွေ့ထိခြင်းသဘော။ ဖဿစေတသိက် ဟူသော ဖဿာအာဟာရ၊

၃ - စေတနာဟာရ = Intention nutriment စေ့ဆော် တိုက်တွန်းခြင်းသဘော။ စေတနာ စေသိက်ဟူသော မနောသဉ္စေတနာအာဟာရနှင့်

၄ - ဝိညာဏာဟာရ = Conciousnes nutriment အာရုံကို သိတတ်သောသဘော၊ စိတ် ၈၉-ပါး (ဝါ) ပဋိသန္ဓေ ဝိညာဏ်ဟူသော ဝိညာဏာဟာရတို့ ဖြစ်ပါသည်။

ထို့ကြောင့် အာဟာရဟူသည် နာမ်အာဟာရက သုံးပါး၊ ရုပ်အာဟာရက တစ်ပါး ဖြစ်သဖြင့် စုစုပေါင်း အာဟာရလေးပါး ရှိပါသည်။ "*ကဗဠီဖဿော၊ မနောသဉ္စေ၊ ဝိညာဏော၊ လေးထွေ အာဟာရ*"ဟု ဘုရားရှင် ဟောတော်မူထားပါသေးသည်။

## ၁။ ကဗဠီကာရ အာဟာရ

ဤဘဝကို ပဋိသန္ဓေဝိညာဏ်မှ စတင်ခဲ့ခြင်း ဖြစ်သည်။ တစ်ဘဝတာ အသက်ရှင်ရေးကို ရုပ်အာဟာရ တစ်ပါးက ထောက်ပံ့သည်။ နာမ်အာဟာရသုံးပါးကမူ တစ်ဘဝပြီး၊ တစ်ဘဝ သံသရာခရီးရှည် မဆုံးမချင်း စဉ်ဆက်မပြတ် ရှင်သန်ရေးကို ကျေးဇူးပြုနေပါသည်။

ရုပ်အာဟာရဖြစ်သော အစားအသောက်များကြောင့် ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ် အာဟာရဇရုပ်များ အင်အား တောင့်တင်းခိုင်မာလာသည်ကို သိသာနိုင်ပါသည်။ နာမ်အာဟာရ ဖြစ်သည့် ဖဿ၊ စေတနာ၊ ဝိညာဉ် တို့၌လည်း အာရုံခြောက်ပါး တစ်ပါးပါး ဖဿကြောင့် တွေ့ထိလာပြီး၊ ကောင်းကောင်းဆိုးဆိုး အာရုံအရသာကို ဝေဒနာက ခံစားသည်။ ဖဿ အာဟာရ၏ လှုံ့ဆော်ပေးခြင်းကြောင့် တဏှာကြီးပွားကာ သတ္တဝါများ သံသရာကို ပျော်ပျော်ကြီး ကျင်လည်နေခြင်းကပင် နာမ်အာဟာရကြောင့် ဖြစ်ပါသည်။

## ရုပ်အာဟာရနှစ်မျိုး

ရုပ်အာဟာရ နှစ်မျိုးရှိ၏။ ၎င်းတို့မှာ ၁-ထမင်း၊ ဟင်း၊ သစ်သီးစသည် ဗဟိဒ္ဓသန္တာန်၌ တည်သော ဩဇာနှင့် အဇ္ဈတ္တသန္တာန်၌ရှိသော (ကံ၊ စိတ်၊ ဥတု၊ အာဟာရ) ဟူသော စတုသမုဋ္ဌာနိကဩဇာတို့ ဖြစ်၏။

**ကျမ်းညွှန်း** * နိဒါနဝဂ္ဂ သံယုတ်ပါဠိတော် အာဟာရသုတ်၌လည်း

## စတုသမုဋ္ဌာနိကသြဇာ

ကံကြောင့်ဖြစ်သည့် ကမ္မဇရုပ်၌လည်း သြဇာရုပ်ပါသည်၊ စိတ်ကြောင့်ဖြစ်သည့် စိတ္တဇရုပ်၌လည်း သြဇာရုပ်ပါသည်၊ ဥတုကြောင့်ဖြစ်သည့် ဥတုဇရုပ်၌လည်း သြဇာရုပ်ပါသည်၊ အာဟာရကြောင့်ဖြစ်သည့် အာဟာရဇရုပ်၌လည်း သြဇာရုပ်ပါသည်။ ထိုသြဇာရုပ် (၄)ပါးသည် စတုသမုဋ္ဌာနိကသြဇာဖြစ်၏။

ထိုလေးပါးသော အကြောင်းကြောင့်ဖြစ်သည့် စတုသမုဋ္ဌာနိက သြဇာရုပ်တို့သည် ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ်နှင့် အာဟာရဇရုပ်တို့ကို ကျေးဇူးပြု၏။ အတွင်းက သြဇာဓာတ်အားကောင်းသည့် လူမမာများအတွက် ပြင်ပမှ ဆေးဝါးဟူသောသြဇာနှင့် အဇ္ဈတ္တိကသြဇာတို့ ပေါင်းစပ်မိသော် ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ် အာဟာရဇ ရုပ်ဖြစ်သည့် ဣမသ္မိ ကာယသ္မိ ဤကိုယ်ကောင်ကြီးကို အသက်ရှည်နိုင်ရေးအတွက် ကျေးဇူးပြုနိုင်၏။

အတွင်းသြဇာ အားနည်းသူအဖို့ရာမှာမူ ပြင်ပဆေးဝါးများက ဣမသ္မိ ကာယသ္မိ ဤကိုယ်ကောင်ကြီးကို ကျေးဇူးမပြုနိုင်တော့ပေ။ ရုပ်အာဟာရနှင့် နာမ်အာဟာရ ရှိသည့်အနက် ဆေးသိပ္ပံပညာက ရုပ်အာဟာရကိုသာ ပြောနေကြပါသည်။ နာမ်အာဟာရကိုမူ အနည်းငယ် ရိုးတိုးရိပ်တိပ် ရိပ်မိရုံမျှသာ ရှိသေးသည်။

စိတ်စင်ကြယ် မြင့်မြတ်ပါက စိတ်ကြောင့်ဖြစ်သည့် စိတ္တဇရုပ်တို့လည်း စင်ကြယ်ပြီး ရုပ်အပေါ်ကို အကျိုးများစွာ သက်ရောက်စေနိုင်ကြောင်းကို တရားအားထုတ်သူများအဖို့ သိသာထင်ရှားလှသည်။

ထိုနည်းတူ စိတ်ဆင်းရဲသောက များလွန်းပါက စိတ်ကြောင့်ဖြစ်သည့် စိတ္တဇရုပ်တို့က ညှိုးနွမ်းသဖြင့် "စိတ်ထောင်းတော့ ကိုယ်ကြေ" ဟူသော ဆိုရိုးစကားပုံပင် ရှိနေ၏။

## အရိယာဖြစ်သည့်တိုင် ကျေးဇူးပြုခဲ့သည့် ထမင်းအာဟာရ

မြတ်စွာဘုရားရှင်သည် သံဃာငါးရာ ခြံရံတော်မူလျက် အာဠဝီမြို့၌ ဆွမ်းခံကြွတော်မူစဉ် သူဆင်းရဲသား တစ်ယောက်သည် နွားပျောက်ရှာနေလေ၏။ မြတ်စွာဘုရားရှင်က ဤသူဆင်းရဲ အရိယာဖြစ်မည့်အရေးကို မြင်တော်မူသဖြင့် ဇေတဝန်ကျောင်းတော်မှသည် ယူဇနာသုံးဆယ် (မိုင်-၃၀၀ ခန့်) ကွာဝေးသည့် အာဠဝီမြို့သို့ ကြွလာတော်မူခြင်း ဖြစ်ပါသည်။

တရားနာချိန် ရောက်ပြီဖြစ်သော်လည်း သူဆင်းရဲ မရောက်သေးသဖြင့် စောင့်ဆိုင်းနေတော်မူ၏။ သူဆင်းရဲက နေမွန်းတည့်ချိန်၌ နွားပျောက်ကိုရှာတွေ့သဖြင့် အိမ်မပြန်သေးဘဲ ဘုရားရှင်ထံပါး တရားနာရန် ရောက်လာခဲ့ပါသည်။ မြတ်စွာဘုရားရှင်က ဝေယျာဝစ္စအဖွဲ့ခေါင်းဆောင်အား သံဃာတော်များ၏ ဆွမ်းကြွင်း ဆွမ်းကျန်များ ရှိမရှိမေးတော်မူရာ ရှိသည့်

အကြောင်း လျှောက်ကြားသဖြင့် သူဆင်းရဲကို ကျွေးမွေးရန် မိန့်ကြားတော်မူ၏။ ဆာလောင်၍ ပူလောင်ပင်ပန်းနေသည့် သူဆင်းရဲသည် ထမင်းဝသဖြင့် ပူပန်မှုကင်းကာ စိတ်မှာလည်း တည်တည်ကြည်ကြည် ဖြစ်တော့၏။ ထိုအခါ မြတ်စွာဘုရားရှင်ထံပါးမှ တရားတော်ကို နာကြားရသဖြင့် သူဆင်းရဲ သောတာပန် ဖြစ်၏။

ထိုသူဆင်းရဲ ဘုရားထံပါး ရောက်ခါစတွင် အလွန်အမင်း ဆာလောင်မွတ်သိပ်နေသဖြင့် ဘုရားရှင်၏ နှုတ်တော်ထွက် နက်နဲသောတရားတော်ကို နှလုံးသွင်းနိုင်မည် မဟုတ်ပေ။ အစာ အာဟာရစားသုံးပြီးသည့်အခါတွင်မူ ခန္ဓာကိုယ်တွင် အာဟာရဇရုပ်များ စည်ပင်သွား၏၊ ကျန်သည့် ကမ္မဇရုပ်၊ စိတ္တဇရုပ်နှင့် ဥတုဇရုပ်တို့လည်း အာဟာရဇရုပ်နှင့် ဆက်နွယ်ကာ လန်းဆန်းစည်ပင်ခြင်းသည် အာဟာရသတ္တိဖြင့် ကျေးဇူးပြုခြင်း ဖြစ်၏။

တစ်ဖန် မြတ်ဗုဒ္ဓ၏ အသံတော် သဒ္ဒါရုံနှင့် သူဆင်းရဲ၏ နားအကြည် ရုပ်တို့သည် လည်းကောင်း၊ မြတ်ဗုဒ္ဓ၏ အဆင်းတော်ရူပါရုံနှင့် သူ၏ မျက်စိအကြည်ရုပ်တို့သည် လည်းကောင်း တိုက်ဆိုံပြီး တွေ့ထိမှု ဖဿသည် ဖဿာဟာရအဖြစ် ယှဉ်ဖော်ယှဉ်ဖက် နာမ် တရားနှင့် စိတ္တဇရုပ်တို့အား နာမ်အာဟာရသတ္တိဖြင့် ကျေးဇူးပြု၏။ (မှတ်ချက်- မြတ်ဗုဒ္ဓမှ ထမင်းကျွေးရန် စီစဉ်ပေးတော်မူသည့် အကြောင်းဟူ၍ ပိဋကတ်သုံးပုံတွင် ဤဝတ္ထုဦသာ လာရှိ၏။)

## ဆာလောင်ခြင်းသည် ရောဂါမည်၏

*ဇိဃစ္ဆာပရမာ ရောဂါ၊ သင်္ခါရပရမာ ဒုက္ခာ။*
*ဧတံ ဉတွာ ယထာဘူတံ၊ နိဗ္ဗာနံ ပရမံ သုခံ။*

'ဆာလောင်မွတ်သိပ်ခြင်းသည် အလွန်ကဲဆုံး အနာရောဂါမည်၏။ ခန္ဓာငါးပါး သင်္ခါရ တရားတို့သည် အလွန်ကဲဆုံး ဆင်းရဲမည်ကုန်၏။ နိဗ္ဗာန်သည် အလွန်ကဲဆုံး ချမ်းသာတည်း၊ ပညာရှိသည် ဤသို့ဟုတ်တိုင်း မှန်စွာသိ၍ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြု၏'

ဆာလောင်ခြင်းသည် အလွန်ကဲဆုံးသော ရောဂါမည်၏၊ အဆိုးဆုံး ရောဂါဖြစ် လေသည်။ အခြားသောရောဂါကို ဆေးဝါးကုသနိုင်သော်လည်း ဆာလောင်ခြင်းရောဂါကို ပျောက်ကင်းနိုင်ရန် နေ့စဉ် အစာအာဟာရများ စားသုံးပေးနေရသည်။ ဤသည်ကပင် ဆာလောင်မှုကို ကုသပေးနေခြင်း မည်၏။ အမြဲမပြတ်တမ်း ဆာလောင်နေသဖြင့် အမြဲ မပြတ်တမ်း စားသုံးကာနေရခြင်းကပင် ကြီးစွာသော အနာရောဂါကို ဆေးကုသနေခြင်း

**ကျမ်းညွှန်း** ✳ တိပိဋကရေဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ရေစကြိုဆရာတော်ကြီး၏ ဗုဒ္ဓ မြတ်စွာ၏ နည်းသမုဒ္ဒရာ (၂၀၀၈-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်)

ဖြစ်ပါသော်လည်း သူတော်ကောင်းကြီးတို့အဖို့မှာမူ ဘုရားရှင်၏ဥပဒေတော်ကို ကျော်လွန်သည်ဟု သံသယရှိရုံမျှဖြင့်ပင် အစာအာဟာရကို ရက်ရက်ကြီး စွန့်ပစ်တော်မူလေ့ရှိကြောင်းကို ဒွါရသာသနာပိုင် အုတ်ဖိုဆရာတော်ကြီး၏ ဝတ္ထုဖြင့် သာဓကပြုပါအံ့။

## အာဇီဝပါရိသုဒ္ဓိသီလနှင့် အစာအာဟာရ

အုတ်ဖိုဆရာတော်ကြီး၏ အာဇီဝပါရိသုဒ္ဓိသီလတော်ကား ပွတ်သစ်စခရုသင်းအသွင် အလွန်စင်ကြယ်တော်မူ၏။ ပရိကထာ ဩဘာနိမိတ် ဝိညတ်ဖြင့် ရအပ်သောဆွမ်းကိုထားဘိ ဝစီဝိညတ္တိဝိပ္ဖါရ နှုတ်မြွက်သောကြောင့် ဖြစ်ပေါ်လာသော ဆွမ်းကိုသော်မှ ဘုဉ်းပေးတော်မမူ၊ ပဋိက္ကူလသညာ စက်ဆုပ်ရွံရှာသဖြင့် စွန့်ပစ်စေတော်မူ၏။

လက်ပံလှရွာ အဇိနာရာမကျောင်းတိုက်၌ သီတင်းသုံးနေတော်မူသောအခါ အလုပ်အကျွေးဖြစ်သော ကပ္ပိယဘိုးရွှေပြည့်က ဆွမ်းပို့ လှူဒါန်းဆက်ကပ်အပ်သည်ကို ဘုဉ်းပေးသုံးဆောင်ပြီးလျှင် *"ဟဲ့ ရွှေပြည့် မုန့်ဟင်းခါး ဆွမ်းစားချင်တယ်"*ဟု မိန့်တော်မူလိုက်မိ၏။ ကပ္ပိယဘိုးရွှေပြည့် ကျောင်းမှ ရွာသို့ ပြန်သွားသောအခါ ဒါယိကာမကြီးဒေါ်စိုက ဘိုးရွှေပြည့် ပြန်လာသည်ကိုမြင်လျှင် "ဦးရွှေပြည့် ဆရာတော်ဘုရားကြီးက ဘာများဘုဉ်းပေး သုံးဆောင်လိုသည်ဟု မိန့်တော်မူပါသနည်း"ဟု ဆီးကြိုမေးမြန်းရာ ဘိုးရွှေပြည့်က "မုန့်ဟင်းခါးဆွမ်း စားလိုသည်"ဟု မိန့်တော်မူလိုက်ကြောင်း ပြောပြ၏။

ဒါယိကာမကြီးဒေါ်စိုသည် သဒ္ဓါတရားအား ကြီးမားထက်သန်သည့် အလျောက် မုန့်ဟင်းခါးသည်ထံ အခြံအရံနှင့်တကွ ပြည့်စုံစွာ မှာထား၍ နောက်တစ်နေ့ နံနက်စောစော၌ ကပ္ပိယ ဘိုးရွှေပြည့် ကျောင်းသို့မရောက်မီ သွားရောက်လှူဒါန်းလေ၏။

ထိုအခါ၌ အလုပ်အကျွေးဖြစ်သော ဦးဇေယျက ကောင်းမွန်စွာ ပြင်ဆင်ပြီးလျှင် မုန့်ဟင်းခါးဆွမ်း ရောက်ပါပြီဟု ဆရာတော်ကြီးအား လျှောက်ထားရာ ဆရာတော်ကြီးက ခါတိုင်းဆွမ်းကပ်ချိန်နှင့်မတူ စောလွန်းလှသည်ဟု တွေးတောဆင်ခြင်ဟန်နှင့် *"ဇေယျ"*ဟု ခေါ်တော်မူ၏။ ဦးဇေယျက *"ဘုရား"*ဟု ထူးလျှင် *"ရွှေပြည့် ရောက်ပြီလား"*ဟု မေးတော်မူ၏။ ဦးဇေယျက *"မရောက်သေးပါဘုရား"*ဟုလျှောက်လျှင် *"ဘယ်သူလာလှူသော မုန့်ဆွမ်းနည်း"*ဟု မေးတော်မူ၏။

*"ဒါယိကာမကြီးဒေါ်စိုက ဘိုးရွှေပြည့်ကို ဆရာတော်ကြီး ဘာများသုံးဆောင်လိုပါသနည်းဟုမေးမြန်း၍ မုန့်ဟင်းခါးဆွမ်း ဘုဉ်းပေးသုံးဆောင်လိုကြောင်းကို မိန့်တော်မူ၏ဟု ဘိုးရွှေပြည့်က ပြောသောကြောင့် ကပ်လှူလာသော မုန့်ဆွမ်းပါဘုရား"*ဟု ပြည့်စုံစွာ

---

**ကျမ်းညွှန်း** ✱ ဂါထာအမှတ် (၂၀၃) ကေဥပါသကာဝတ္ထု၊ သုခဝဂ်၊ ဓမ္မပဒပါဠိ

လျှောက်၏။ *"ဇေယျ၊ ဒီမုန့်ဆွမ်းကို အခြားတစ်ပါးသို့ သွားရောက် စွန့်ပစ်လိုက်"*ဟု မိန့်တော်မူ၏။ လျှာဒါန်းဆက်ကပ်လာသော ဒါယိကာမကြီး၏ သဒ္ဓါတရားကိုမျှ မထောက်မထား၊ အားပါးမနာ မညှာတာ မငဲ့ကွက်ဘဲ ရက်ရက်ကြီး စွန့်ပစ်စေတော်မူ၏။ ဘုဉ်းပေးတော်မမူပေ။

ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာ၏ ထုံးကို နှလုံးသွင်းတော်မူ၍ အရိယဝံသဓမ္မကို ဥက္ကဋ္ဌပရိစ္ဆေဒအားဖြင့် ကျင့်တော်မူသည်ဖြစ်၍ ဆရာတော်ဘုရားကြီး၏ အာဇီဝပါရိသုဒ္ဓိသီလတော်ကား လက်ဖျောက်ခတ်တီး၍ အံ့ချီးလောက်ဖွယ် စင်ကြယ်လှပါပေသတည်း။ သူတော်ကောင်းကြီးများသည် အစာအာဟာတည်းဟူသော အကြောင်းကြောင့် မိမိ၏ သီလတော်ကို အငြိအစွန်းခံတော်မူလေ့ မရှိပါပေ။

## ကံ၊ စိတ်၊ ဥတု၊ အာဟာရ

လူ၏ခန္ဓာကိုယ်ကို ၁-ကမ္မဇရုပ်၊ ၂-စိတ္တဇရုပ်၊ ၃-ဥတုဇရုပ်နှင့် ၄-အာဟာရဇရုပ်တို့ဖြင့် ဖွဲ့စည်းထား၏။ (ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့ပင် ဖြစ်၏) ထို ကံ၊ စိတ်၊ ဥတု၊ အာဟာရ ၄-ပါးအနက် ကံက စေတနာအာဟာရ ဖြစ်သည်။ စိတ်က ဝိညာဏအာဟာရ ဖြစ်သည်။ အာဟာရက ရုပ်အာဟာရပင် ဖြစ်သည်။ ဤ ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့၏ ထောက်ပံ့မှုကြောင့်ပင် သာမန်မျက်စိဖြင့် ကြည့်၍ မမြင်နိုင်လောက်သည့် ကလလရေကြည်မှသည် ကိုယ်ကောင်ကြီးအဖြစ်ဖြင့် အဆင့်ဆင့် ကြီးထွားလာခြင်းဖြစ်သည်။

သို့သော် ကံ၊ စိတ်၊ ဥတုတို့က ဇနကသတ္တိဖြင့် ဖြစ်ရုံမျှသာတတ်နိုင်၏။ သူတို့ကြောင့် ဖြစ်လာသည့် ခန္ဓာကိုယ်ကြီးကို သူတို့ကကြီးပွားလာစေရန် မတတ်နိုင်ပေ။ အာဟာရကသာ ရုပ်ကလာပ်တို့ကို ကြီးပွား တိုးတက်လာစေနိုင်ပါသည်။

## အဇ္ဈတ္တသြဇာ၏ အထောက်အပံ့

ကမ္မဇရုပ် အာဟာရအားကြီးသော အချို့ နတ်၊ ပြိတ္တာ၊ ငရဲသားတို့သည် အဆီသြဇာအတွက် အစာအာဟာရစားသုံးရန် မလိုအပ်ဘဲ နာမ်အာဟာရက ထောက်ပံ့ပေးထားသောကြောင့် ကာလရှည်ကြာစွာ တည်တံ့နိုင်ကြ၏။

---

**ကျမ်းညွှန်း** ✱ မဟာဒွါရနိကာယ ဂဏရက္ခိတ သိရီသောဘနထေရ်၏ မဟာဒွါရနိကာယ သာသနဝံသဒီပနီ (၁၉၅၅ ခုနှစ်) (နှာ-၄၈၃၊ ၄၈၅)

✱ ရာဇသိက္ခာပဒဝဏ္ဏနာ၊ နိဿဂ္ဂိယကဏ္ဍ၊ ပါရာဇိကကဏ္ဍအဋ္ဌကထာ၊ (နှာ-၂၆၀)

✱ ဧကဉ္စသကာဝတ္ထု၊ သုခဝဂ္ဂ၊ ဓမ္မပဒအဋ္ဌကထာ-၂၊ (နှာ-၁၆၉)

✱ (၂၀၃)၊ ဧကဉ္စသကာဝတ္ထု၊ သုခ္ခဝဂ္ဂ၊ ဓမ္မပဒပါဠိ (နှာ-၄၃)

အမိဝမ်းတွင်းရှိ သူငယ်သည်လည်း အမိ၏အာဟာရ မပြန့်နှံ့သေးမီ ရက်သတ္တတစ်ပတ်၊ နှစ်ပတ်ခန့်အတွင်း တိဇရုပ်ရှိ ဩဇာက ထောက်ပံ့ထားသည်။ ကာမာဝစရနတ်များသည် ဥပပတ္တိ ပဋိသန္ဓေအားဖြင့် နတ်ဖြစ်စ နတ်ဩဇာကို မမှီဝဲရမီလည်း တိဇရုပ်ရှိ ဩဇာကပင် ထောက်ပံ့ထား၏။

လူ့ပြည်၏ အနှစ်ငါးဆယ်သည် စတုမဟာရာဇ်နတ်ပြည်၏ တစ်နေ့သာရှိရကား ၎င်းနတ်များမှာ တစ်နေ့စားသည့်ဩဇာသည် လူတို့၏ အရေအတွက်အားဖြင့် အနှစ်ငါးဆယ် တိုင်အောင် နေနိုင်ကြ၏။ ထို့ကြောင့် အာဟာရသည် 'အာဟရတိ ဥပတ္ထမ္ဘတီတိ အာဟာရော' ဟု လာရှိသဖြင့် ရုပ်ကလာပ်တို့ကို ထောက်ပံ့တတ်သည်မှာ ထင်ရှားပေ၏။

လူ့ပြည်၌ နိရောဓသမာပတ်ဝင်စားကြသည့် ရဟန္တာအရှင်မြတ်များမှာ နိရောဓ သမာပတ်ကို ဝင်စားသောအခါ ခုနစ်ရက်ထက် ပိုလွန်၍ မဝင်စားကြပေ၊ နိရောဓသမာပတ် ဝင်စားရသည်မှာ အလွန်တရာအေးချမ်းရကား အဘယ့်ကြောင့် ခုနစ်ရက်ထက် ပိုလွန်ပြီး မဝင်စားကြပါသနည်းဟူမူ လူ့ပြည်၌ စားသောက်ရသည့် အစာအာဟာရတို့မှာ ခုနစ်ရက်သာ ဘုတ်ကို ဆက်ပေးနိုင်သောကြောင့်တည်း။

## ပီတိဘက္ခ ပီတိအာဟာရ

မြန်မာနိုင်ငံအောက်ပိုင်း သူ့ကျွန်ဘဝမရောက်သေးခင်ခန့်က ဘုန်းတော်ကြီးဦးသီလ (၁၈၃၂-၁၉၀၇)သည် ရွှေကျင်ဆိတ်ကလေးတောရကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဝမ်းခနိမ်ရွာသို့ ဆွမ်းခံကြွရ၏။ တစ်နေ့သော် ဆွမ်းခံကြွရင်း သားငှက်များကိုထောင်သော ညွှတ်ကွင်း၌ ခြေထောက်စွပ်မိ၍ ရှေ့မတိုးဘဲ ရပ်နေတော်မူ၏။ ညွှတ်ထောင်ထားသူမြင်လျှင် ကြောက်လန့်နေ၍ အနားသို့ မကပ်ဝံ့ချေ။ အခေါက်ခေါက်လာရောက် ချောင်းမြောင်းကြည့်၏။ ဘုန်းတော်ကြီးကား ရပ်လျက်သာ။ ညွှတ်သမားလည်း ကြီးစွာသောက ဖြစ်နေရှာ၏။ လာ၍ လည်း မဖြုတ်ဝံ့၊ ကြာသော် အခြားသူတစ်ယောက်အား အဖြုတ်ခိုင်း၏။ ဘုန်းတော်ကြီးက ထိုလာသူအား-

*"ဒကာ ဒါနှင့်ညွှတ်ကွင်းလား"* ဟု မေး၏။

*"မဟုတ်ပါ"* ဟု လျှောက်၍-

*"သူတစ်ပါးညွှတ်ကွင်းကို မဖြုတ်နှင့်"* ဟု ပယ်မြစ်တော်မူ၏။

ကိုယ်တိုင်လည်း ဝိနည်းအရ မဖြုတ်အပ်။ မဆိုင်သူ ဖြုတ်သော်လည်း ခွင့်မပြုထိုက်။ သို့နှင့် *ထိုသူက ညွှတ်ကွင်းရှင်အား-*

*"မင်းတော့ခက်တာပဲ၊ မွန်းလည်းတည့်လုပြီ၊ ဆွမ်းမစားရလို့ သေသွားရင် မင်းတော့ အဝီစိပဲ"*ဟု ပြန်၍ပြောရာ ညွှတ်ရှင်လည်း ဝမ်းနည်းကြေကွဲစွာ ငိုယို၍ လာရောက်ဖြုတ်ရတော့၏။

*"နောင်ဒီလို မလုပ်တော့ပါ၊ သည်းခံပါဘုရား"*ဟု ညွှတ်ကွင်းပါ လျှ၍ ကန်တော့၏။ ဘုန်းတော်ကြီးကား ဆွမ်းတစ်နပ် လစ်လပ်လေပြီ။ ရဟန်းတစ်ပါးအနေဖြင့် ညွှတ်ကွင်းကို ဖြုတ်လျှင် မိထိုက်သော သားကောင်အတွက် ဘဏ္ဍာစားထိုက်သည်၊ လျော်ရသည်။ ပြန်ထောင်ခဲ့ပြန်လျှင်လည်း ပါဏာတိပါတအပြစ် မလွတ်သဖြင့် အာပတ်သင့်ပါသည်။

ဘုရားရှင်စသော သူတော်ကောင်းတို့သည် မာရ်နတ်ကြောင့် ဆွမ်းလစ်လပ်ရသော အခါမျိုးတွင် ပီတိဘက္ခတရား ပီတိကိုသာ စား၍နေသော ဗြဟ္မာကြီးများကဲ့သို့ ဝမ်းမြောက် ဝမ်းသာပင် နေတော်မူကြမြဲ ဖြစ်၏။ တစ်နည်းအားဖြင့် မိမိသီလကို ဆင်ခြင်၍ ဖြစ်လာသော ပီတိကပင် အာဟာရဖြစ်နေသကဲ့သို့တည်း။

## ၂။ ဖဿအာဟာရ

ဖဿသည် အာရုံနှင့် တွေ့ထိခြင်းဟု အဓိပ္ပါယ်ရပါသည်။ အဘိဓမ္မာ ရုပ်နာမ်တရားတို့ကို စူးစူးစိုက်စိုက် လေ့လာသူသည် ဖဿ၏သဘောကို ဆင်ခြင်သောအခါ "ဖဿဆိုသည်မှာ ဝတ္ထု, အာရုံ, ဝိညာဉ်သုံးပါးတို့ ပေါင်းဆုံမိသောကြောင့် ဖြစ်ပေါ်လာသော တရား"ဟု ဉာဏ်တွင် ထင်မြင်လာပါသည်။

စက္ခုအကြည်ဓာတ်၌ လူရိပ်စသော အဆင်းအာရုံတို့ ထင်လာ ထိခိုက်လာသည်နှင့် တစ်ပြိုင်နက် စက္ခုဝိညာဉ်ခေါ်သော မြင်သိစိတ်သည် ထိုအဆင်းအာရုံကို အာရုံပြု၍ ဖြစ်ပေါ်လာ၏။ ထိုအခါ ထိုစက္ခုဝိညာဉ်စိတ်နှင့်အတူ အာရုံကို တွေ့ထိတတ်သည့် စက္ခုသမ္ဖဿ ခေါ်သော ဖဿစေတသိက်လည်း ဖြစ်ပေါ်လာ၏။

ထို့အတူ နားအကြည်, သဒ္ဒါရုံ, သောတဝိညာဉ်သုံးပါး ပေါင်းဆုံမိသည်နှင့် တစ်ပြိုင်နက် သောတသမ္ဖဿ ဖြစ်ပေါ်လာ၏။ နှာခေါင်းအကြည်, ဂန္ဓာရုံ ဃာနဝိညာဉ် သုံးပါးပေါင်းဆုံမိသည်နှင့်တစ်ပြိုင်နက် ဃာနသမ္ဖဿ ဖြစ်ပေါ်လာ၏။ လျှာအကြည်, ရသာရုံ ဇိဝှာဝိညာဉ် သုံးပါးပေါင်းဆုံမိသည်နှင့် တစ်ပြိုင်နက် ဇိဝှာသမ္ဖဿဖြစ်ပေါ်လာ၏။ ကိုယ်အကြည်, ကာယသမ္ဖဿ ဖြစ်ပေါ်လာ၏။ ဘဝင် မနော, အာရုံခြောက်ပါးတွင် တစ်ပါးပါး မနောဝိညာဉ်ဟူသော ဓာတ်သုံးပါး ပေါင်းဆုံမိသည်နှင့် တစ်ပြိုင်နက် မနောသမ္ဖဿ ဖြစ်ပေါ်လာ၏။ ဖဿ ၆-ပါးကို အောက်ပါအတိုင်း လေ့လာနိုင်ပါသည် -

---

**ကျမ်းညွှန်း** * ဓမ္မာစရိယဦးဌေးလှိုင်၏ မြန်မာနိုင်ငံ ပဋိပတ္တိ သာသနာဝင် ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ၊ (၁၉၉၃-ခုနှစ်) နဝမအကြိမ်။ (နှာ-၂၂၁)
* ပါရာဇိကကဏ္ဍ အဋ္ဌကထာ (၁) (နှာ-၃၃၇)

(၁) စက္ခုသမ္ဖဿ = စက္ခုဝိညာဉ်နှင့်အတူ ဖြစ်သော ဖဿ၊
(၂) သောတသမ္ဖဿ = သောတဝိညာဉ်နှင့်အတူ ဖြစ်သော ဖဿ၊
(၃) ဃာနသမ္ဖဿ = ဃာနဝိညာဉ်နှင့်အတူ ဖြစ်သော ဖဿ၊
(၄) ဇိဝှာသမ္ဖဿ = ဇိဝှာဝိညာဉ်နှင့်အတူ ဖြစ်သော ဖဿ၊
(၅) ကာယသမ္ဖဿ = ကာယဝိညာဉ်နှင့်အတူ ဖြစ်သော ဖဿ၊
(၆) မနောသမ္ဖဿ = ဒွေးပဥ္စဝိညာဉ်မှတစ်ပါးကြွင်း စိတ်(၇၉)ပါးနှင့်အတူ ဖြစ်သော ဖဿ၊

## အဆင်း၊ ရူပါရုံ၊ မြင်သိစိတ်နှင့် ဖဿ၊ ဝေဒနာ

မျက်စိ အကြည်ဓာတ်၊ အဆင်းအာရုံနှင့် မြင်သိမှု ဝိညာဉ်ဓာတ်တို့သုံးပါး ပေါင်းဆုံမိသည့်အခါ အာရုံကို တွေ့ထိခြင်းဆိုသည့် ဖဿသဘော ပေါ်လာပါသည်။ ဤနေရာ၌ မြင်သိမှု စက္ခုဝိညာဏဓာတ်က အဆင်းမှန်း၊ သဏ္ဌာန်မှန်း၊ ဖြူလျှင်ဖြူမှန်း၊ နီလျှင်နီမှန်း မျှကိုသာသိသည်၊ ကောင်းသောအရသာ မကောင်းသောအရသာ ထင်ရှားပေါ်ထွက်အောင် စက္ခုဝိညာဉ်က မစွမ်းနိုင်၊ အရသာပေါ်လာအောင် အာရုံကို ဖိညှစ်ကြိတ်နယ်မှုကား ဖဿ၏ ကိစ္စဖြစ်သည်။ ဖဿကြိတ်နယ်ပေးမှုကြောင့် အာရုံ၏အရသာပေါ်လာသည့်အခါ အာရုံ အမျိုးအစားအလိုက် အာရုံ၏အရသာကို ခံစားသည့် ဝေဒနာတရားအစားစား ပေါ်လာရသည်။

## မနောဒွါရနှင့် ဖဿ၊ ဝေဒနာ

စိတ်နှလုံးနှင့် သဘောအာရုံကို မှီပြီး ကြံသိမှုဖြစ်တိုင်း၊ ဖြစ်တိုင်းမှာ မနောဒွါရခေါ်သည့် စိတ်နှလုံး၊ သဘောအာရုံဆိုသည့် စိတ်ကူးအာရုံနှင့် ကြံသိမှုခေါ်သည့် မနောဝိညာဉ်ဓာတ်တို့ ဆုံမိကြသည်။ ယင်းသုံးပါးတို့ ဆုံမိသည့်အခါ စိတ်ကူးထဲမှာ အာရုံကို တွေ့မှုဖဿ ဖြစ်ပေါ်လာပါသည်။ စိတ်ကူးထဲက အာရုံကိုတွေ့လျှင် ထိုအာရုံကို ခံစားသည့်ဝေဒနာများ ထိုက်သလို ဖြစ်ပေါ်လာပါသည်။

မိမိအလိုရှိသည့် ဣဋ္ဌအာရုံကောင်းများနှင့် တွေ့လျှင် သုခဝေဒနာ ဖြစ်လာ၏။ ရှေးတုန်းက ကောင်းစား ချမ်းသာခဲ့ဖူးသည်များကို ပြန်လည်တွေးတောပြီး စိတ်ထဲမှာ ချမ်းသာ ပျော်ရွှင် နေတတ်သည်။ နောင်အခါ ကြီးပွားချမ်းသာမည့် အရေးများကိုလည်း မျှော်ကြံတွေးပြီး ဝမ်းသာ ပျော်ရွှင်နေတတ်ပေသည်။ ယခု လောလောဆယ် ကြီးပွား ချမ်းသာနေပုံများကိုလည်း စဉ်းစားကြံပြီး ပျော်ရွှင်နေတတ်ပေသည်။ ဤသည်မှာ ကောင်းသော ဖဿအတွေ့ကြောင့် သုခဝေဒနာ ဖြစ်လာပုံဖြစ်သည်။

မိမိအလိုမရှိသည့် အနိဋ္ဌာရုံများနှင့် တွေ့လျှင်ကား ဆင်းရဲဒုက္ခ ဖြစ်လာ၏။ ဒုက္ခ

ဝေဒနာဖြစ်ပုံကား ရှေးအခါက ဆင်းရဲခဲ့ရပုံ ဘေးဒုက္ခရောက်ခဲ့ရပုံများကို ပြန်လည် စဉ်းစား တွေးတော၍သော်လည်းကောင်း၊ နောင်အခါ ဆင်းရဲဒုက္ခရောက်ရမှာ ဘေးရန်နှင့်တွေ့ရမှာ အကြပ်အတည်းနှင့် ရင်ဆိုင်ရမှာများကို စဉ်းစား ကြံတွေး၍သော်လည်းကောင်း ယခု လော လောဆယ် ဆင်းရဲနေပုံဘေးရန်နှင့် တွေ့နေပုံတို့ကို စဉ်းစား ကြံတွေး၍သော်လည်းကောင်း စိတ်မချမ်းမသာ ဝမ်းနည်းစိတ်ပျက်စွာ ဖြစ်နေတတ်ပေသည်။ ဤသို့ဖြစ်ခြင်းသည် မကောင်း သော ဖဿအတွေ့ကြောင့် ဒုက္ခဝေဒနာဖြစ်ပုံ ဖြစ်ပါသည်။

## ဥမ္မာဒန္တီနှင့် သိဝိဘုရင်

သိဝိဘုရင်ကြီးသည် တန်ဆောင်မုန်းလပြည့် နက္ခတ်ပွဲသဘင်ကျင်းပသည့်ကာလ ဆီမီးရောင်ရှိန် တထိန်ထိန် ထွန်းညှိ အလှဆင်ထားသည့် အရိဋ္ဌပူရမြို့တော်ကြီးကို လှည့်လည် ရှုစားရန် ထွက်တော်မူလာခဲ့ပေသည်။ ရှေးဦးစွာ စစ်သေနာပတိကြီး အဘိပါရက၏ အိမ်ရှေ့သို့ ရောက်သွား၏။ ထိုအခါ၌ စစ်သေနာပတိကြီး၏ကတော် ဥမ္မာဒန္တီသူဌေးသမီးသည် ကိန္နရီမ ကလေးသဖွယ် လေသာပြူတင်းပေါက်မှာရပ်လျက် မင်းကြီးအား ပန်းပွင့်ပန်းကုံးတို့ဖြင့် ကြဲချရင်း မိမိရဲ့အလှအပကို ပြသလိုက်၏။

ယင်းသို့ အလှအပ ပြရခြင်းမှာ အကြောင်းရှိပေသည်။ ဥမ္မာဒန္တီသူဌေးသမီးကလေး အရွယ်ရောက်လာချိန်တွင် ဖခင်သူဌေးကြီးက *"မိမိမှာ ဘုရင်နှင့်သာ ထိုက်တန်သည့် သမီး ရတနာ ထွန်းကားခဲ့ပါသည်။ လက္ခဏာတတ် ပုဏ္ဏားတော်ကြီးများကို စေလွှတ်စုံစမ်းပြီး အရှင်မင်းကြီး အလိုရှိတိုင်း စီမံပါ"*ဟု သိဝိဘုရင်ကြီးအား လျှောက်ထားခဲ့ဖူးသည်။

ဘုရင်မင်းကြီးက ပုဏ္ဏားတော်ကြီးများကို သွားရောက်စုံစမ်းရန် စေလွှတ်လိုက်သည်။ ပုဏ္ဏားတော်ကြီးများသည် ဥမ္မာဒန္တီကို မြင်ရသည်နှင့် တစ်ပြိုင်နက် သတိလွတ်ကင်းပြီး ဣန္ဒြေ မဆောင်နိုင်ဘဲ စားသောက်သည့်နေရာမှာပင် အမှားမှား အယွင်းယွင်း ဖြစ်ခဲ့ကြရသည်။ ထိုအခါ ဥမ္မာဒန္တီက ကျက်သရေမဲ့တယ်ဆိုပြီး ပုဏ္ဏားတော်ကြီးများကို အိမ်မှ ထွက်သွားစေခဲ့ သည်။

ဤပြုမူချက်ကြောင့် ပုဏ္ဏားတော်ကြီးများသည် ဥမ္မာဒန္တီအပေါ် ရန်ငြိုးဖွဲ့ကာ ဘုရင့် ထံသို့ *"ဥမ္မာဒန္တီဟာ ယုတ်မာတဲ့ အမျိုးသမီး ဖြစ်ပါတယ်။ မိဖုရားမဖြစ်ထိုက်ပါဘူး"*လို့ လျှောက်တင်ကြ၏။ မင်းကြီးကလည်း ယုံကြည်ပြီး ဥမ္မာဒန္တီကို လျစ်လျူ ရှုထားခဲ့သည်။

ထိုအကြောင်းကို သိရသည့်အခါ ဥမ္မာဒန္တီက *"နေနှင့်ဦးပေါ့၊ ဘုရင်ကြီးကို ဖူးမြော်ခွင့် ရတဲ့တစ်နေ့မှာ ဘုရင်ကြီး ဘယ်လိုဖြစ်မယ်ဆိုတာ သိရပါလိမ့်မယ်"*လို့ ဘုရင်ကြီးအပေါ် စိတ်ထဲ မကျေမနပ် ဖြစ်နေခဲ့သည်။ ထို့နောက် ဖခင်သူဌေးကြီးက သမီးချော ဥမ္မာဒန္တီကို

---

**ကျမ်းညွှန်း** * ၁။ ရူပါဒိဝဂ္ဂ၊ ကေကနိပါတ၊ အင်္ဂုတ္တရပါဠိ (နှာ-၁)

စစ်သေနာပတိကြီး အဘိပါရကထံ ဆက်သလိုက်သဖြင့် စစ်သူကြီးကတော် ဖြစ်လာသည်။ ဥမ္မာဒန္တီသည် ဘုရင်ကြီး မြို့လှည့်လည်လာသည့်အခါမှာ ဤကဲ့သို့ မိမိ၏ အလှကျက်သရေများကို အစွမ်းကုန် ပြသလိုက်ခြင်း ဖြစ်ပေသည်။

ထိုအခါ သိဝိဘုရင်ကြီးမှာ ဥမ္မာဒန္တီ၏ ရုပ်ဆင်းအင်္ဂါလက္ခဏာများကို မြင်တွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက် ရူးနောက်သွား၏။ မြို့ကို ဆက်လက် မရှုစားနိုင်တော့ဘဲ ထိုအိမ်ရှေ့မှပင် နန်းတော်သို့ လှည့်ပြန်လာခဲ့ရသည်။ နန်းတော်သို့ ရောက်သော်လည်း မအိပ်နိုင် မစားနိုင် ဥမ္မာဒန္တီ၏ ရုပ်ဆင်းအင်္ဂါကိုသာ မျက်စိထဲမှာ ဖျောက်မရပဲ သူရူးပမာ မြည်တမ်းပြောဆိုနေလေသည်။

ဤကဲ့သို့ သိဝိဘုရင်ကြီး ဒုက္ခဝေဒနာ ခံစားနေရသည်မှာ ဥမ္မာဒန္တီ၏ အဆင်းအာရုံကို သူ့စိတ်ထဲမှာ တွေ့နေသည်မှာ ဖဿကြောင့်ပင် ဖြစ်ပါသည်။ ထို့ကြောင့်ပင် ကုသိုလ်ဖြစ်စရာ (ဝါ) အကုသိုလ်ဖြစ်စရာ အာရုံအကောင်းအဆိုးကို တွေ့ထိပေးနိုင်သည့် ဖဿကို နာမ်အာဟာရဟုခေါ်ခြင်း ဖြစ်ပါသည်။

ထို့ကြောင့် "မိန်းမတို့၏ အဆင်းသဏ္ဍာန်ကဲ့သို့ ယောက်ျား၏စိတ်ကို သိမ်းကျုံးဆွဲငင်ယူနိုင်သော အဆင်းသဏ္ဍာန်မည်သည်ကို လောကတွင် တစ်စုံတစ်ခုသော အဆင်းသဏ္ဍာန်ကိုမျှ ငါဘုရားမြင်တော်မမူ၊ မိန်းမအဆင်းသည်လည်း ယောက်ျား၏စိတ်ကို သိမ်းကျုံးဆွဲငင်၍ ယူနိုင်၏။" စသည်ဖြင့် အင်္ဂုတ္တိုရ်ပါဠိတော် ရူပါဒိဝဂ်၌ ဟောတော်မူခဲ့ခြင်း ဖြစ်ပေသည်။

## ဘေးဒုက္ခအပေါင်း၏ အကြောင်းရင်း ဖဿ

သတ္တဝါတို့သည် ချမ်းသာခံစားမှုကို အလွန် စုံမက်ကြ၏။ ချမ်းသာခံစားရေးအတွက် ချမ်းသာမှုပေးစွမ်းနိုင်မည့် အာရုံကိုတွေ့ထိရန် အမြဲ ကြိုးပမ်းနေကြ၏။

လှပသောအဆင်းကို မြင်ရလျှင် ချမ်းသာမှု ဖြစ်ပေါ်၏။ ထို့ကြောင့် လှပသော အဆင်းကိုမြင်တွေ့မှု (စက္ခုသမ္ဖဿ)အတွက် ထိုအဆင်း ရူပါရုံရှိရာသို့ သွားရ၏။ ထိုအဆင်း ရူပါရုံ ရရှိရေးအတွက် ဒုက္ခခံကြရ၏။ သာယာသောအသံကို ကြားတွေ့မှု (သောတသမ္ဖဿ) မွှေးကြိုင်သောရနံ့ကို နံတွေ့မှု (ဃာနသမ္ဖဿ)၊ လျှာပေါ်၌ မြက်မြက်ကလေးတွေ့မှု (ဇိဝှါသမ္ဖဿ)၊ နူးညံ့သောအိပ်ရာ နေရာအဝတ်အထည် ယောက်ျား၊ မိန်းမတို့၏ အတွေ့အထိ (ကာယသမ္ဖဿ)၊ စိတ်ကူးယဉ်ကြည်နူးမှု (မနောသမ္ဖဿ) ဤဖဿများ ဖြစ်ပေါ်ရေးအတွက် ကြိုးပမ်းနေစဉ် အဆုံး အပိုင်းအခြားမရှိသော ဒုက္ခများကို ခံစားနေကြရ၏။

မြင်တွေ့မှု၊ ကြားတွေ့မှု၊ နံတွေ့မှု၊ လျက်တွေ့မှု၊ ထိတွေ့မှု၊ စိတ်ကူးတွေ့မှုများ ဖြစ်ပေါ်

**ကျမ်းညွှန်း** * ဥမ္မာဒန္တီဇာတကဝဏ္ဏနာ (နှာ-၂၂၀)

လာရေးအတွက် ထိုထိုအာရုံများနောက်သို့ တကောက်ကောက် လိုက်နေကြ၏။ ထိုသို့ အာရုံများနှင့် ထိတွေ့နိုင်ရေးအတွက် တရားသဖြင့် ကြိုးပမ်းအားထုတ်၍ မရနိုင်သောအခါ ဖြတ်လမ်းမှ လိုက်၍ ခိုးဝှက်လုယက်၏။ သူတစ်ပါး သားမယား ပြစ်မှား၏။ ထိုအခါ ခိုးသူကို ပိုင်ရှင်တို့က ဖမ်းဆီး သတ်ဖြတ်ကုန်၏။ အစိုးရမင်းတို့က အပြစ်ဒဏ်ခတ်၊ နှိပ်စက် ညှဉ်းဆဲကုန်၏။ သေလွန်သောအခါ၌လည်း အပါယ်လေးပါးသို့ လားရ၏။ ထို့ကြောင့် ပစ္စုပ္ပန်, တမလွန် နှစ်တန်သော ဘေးဒုက္ခအပေါင်းသည် ဖဿသာလျှင် အကြောင်းရင်း မူလရှိ၏။

## ကြာပွင့်ရနံ့သူခိုး

ဘုရားအလောင်းတော် ရသေ့သည် ပဒုမ္မာကြာအိုင်သို့ သွားစဉ် ပွင့်နေသော ပဒုမ္မာကြာပွင့်ရနံ့ကို နမ်းရှုမိ၏။ ထိုအခါ ကြာကန်ကိုစောင့်သည့် နတ်သမီးက သစ်ပင်၏ ပင်စည်အကြား၌ရပ်ကာ ထိတ်လန့်စေရန်ရည်ရွယ်ပြီး "ကြာပန်းအနံ့သူခိုး"ဟု စွပ်စွဲလေ၏။

ထိုအခါရသေ့ကြီးက "ကြာစွယ်ကြာရင်းတို့ကို နှုတ်ယူသူကို သူခိုးဟု မဆိုဘဲ အနံ့မျှသာ ရှုမိသည့်မိမိကို အဘယ်ကြောင့် သူခိုးဟု ဆိုရပါသနည်း"ဟု မေးမြန်းတော်မူပါသည်။ နတ်သမီးက"အရှင်ရဟန်း ကျင်ကြီး၊ ကျင်ငယ်၊ နှပ်၊ တံတွေးတို့ဖြင့် လိမ်ကျံကာညစ်ပတ်ပေရေနေသည့် နို့ထိန်း ကျွန်မဝတ်သော အဝတ်ကဲ့သို့ ထိုသူတို့မှာ အကုသိုလ်ပြုရမည်ကို ဝန်မလေးကြသဖြင့် ပြော၍ အကျိုးမရှိပါ၊ အရှင်ဘုရားတို့မှာမူ အပြစ်ကင်းစင်သဖြင့် ထိတ်လန့်အောင်ပြောဆိုလျှင် အကျိုးရှိမည်"ဟု လျှောက်ထား၏။

ထိုအခါ ဘုရားအလောင်းတော်ရသေ့က "နတ်သမီး နောင်လည်း ဤသို့သော အပြစ်ကို မြင်လျှင် ငါ့ကို အသိပေးပါ"ဟု မိန့်တော်မူပါသည်။ ထိုအခါနတ်သမီးက "အရှင်ရဟန်း တပည့်တော်သည် အရှင့်ကိုမှီပြီး အသက်မွေးတာလည်းမရှိ၊ အရှင်၏ သူရင်းငှားလည်း မဟုတ်တဲ့အတွက် အသိပေးရန် အကြောင်းမရှိပါ။ အရှင်ကိုယ်တိုင်သည်သာ ကောင်းမှု၊ မကောင်းမှုတို့ကို သိတော်မူပါဘုရား" ဟု လျှောက်ထား၏။

ဤဝတ္ထုတွင် ကြာပွင့်၏အနံ့အာရုံကို နမ်းရှုရခြင်းမှာ ဖဿကြောင့်ပင် ဖြစ်ပါသည်။ အာရုံအကောင်းအဆိုးကို တွေ့ထိပေးနိုင်သည့် ဖဿကို နာမ်အာဟာရဟု ခေါ်ခြင်း ဖြစ်ပါသည်။

---

**ကျမ်းညွှန်း** ✱ ဇာတကအဋ္ဌကထာအတွဲ - ၃၊ (နှာ-၂၈၉) သိယ်ပုပ္ဖဇာတ်

## ဖဿစေတသိက်နှင့် ပဋ္ဌာန်းတရားတော်

"သဠာယတနပစ္စယာ ဖဿော"၌ ပဋ္ဌာန်းနည်း ကြောင်းကျိုး ဆက်စပ်ဟန်ကား စက္ခုပသာဒရုပ်သည် စက္ခုဒွါရ၌ဖြစ်ပြီး စိတ်နှင့်ယှဉ်သော စေတသိက် ဖဿအား နိဿယ၊ ပုရေဇာတ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတဟူ၍ ပစ္စယသတ္တိ ခြောက်ပါးတို့ဖြင့် ကျေးဇူးပြု၏။ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ ပသာဒတို့၌လည်း ဤနည်းတူ သိအပ်၏။ မနာယတန ဖြစ်သော လောကီဝိပါက်စိတ်သည် သမ္ပယုတ်ဖြစ်သော မနောသမ္ဖဿအား သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတဟူ၍ ပစ္စယသတ္တိကိုးပါးတို့ဖြင့် ကျေးဇူးပြု၏။

ရူပါရုံသည် စက္ခုသမ္ဖဿအား အာရမ္မဏ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ ဟူ၍ ပစ္စယသတ္တိလေးပါးတို့ဖြင့် ကျေးဇူးပြု၏။ သဒ္ဒါရုံစသည်၌လည်း ဤနည်းအတူပင် သိအပ်၏။ ပစ္စုပ္ပန်ဖြစ်သော ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံတို့သည် မနောသမ္ဖအား အာရမ္မဏ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတဟူသော ပစ္စယသတ္တိလေးပါးတို့ဖြင့် ကျေးဇူးပြု၏။ အတိတ်, အနာဂတ်, ကာလဝိမုတ်ဖြစ်သော ဓမ္မာရုံခြောက်ပါးသော မနောသမ္ဖဿ အာရမ္မဏ ပစ္စယသတ္တိလေးပါးတို့ဖြင့် ကျေးဇူးပြု၏။

ဖဿပစ္စယာ ဝေဒနာ၌ ပဋ္ဌာန်းပစ္စည်းဖြင့် ကျေးဇူးပြုဟန်ကား စက္ခုသမ္ဖဿစသော ဖဿငါးပါးသည် မိမိယှဉ်ဖက်ဖြစ်သော ဝေဒနာငါးပါးအား သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ အာဟာရ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတဟူ၍ ပစ္စယသတ္တိရှစ်ပါးဖြင့် အသီးသီး ကျေးဇူးပြု၏။ စက္ခုသမ္ဖဿစသော ဖဿငါးပါးသည် သမ္ပဋိစ္ဆိုင်း၌ယှဉ်သော ဝေဒနာအား အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတဟူ၍ ပစ္စယသတ္တိငါးပါးတို့ဖြင့် ကျေးဇူးပြု၏။

စက္ခုသမ္ဖဿစသော ဖဿငါးပါးသည် သန္တီရဏ၊ တဒါရုံ၌ ယှဉ်သော ဝေဒနာအား ဥပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ မနောဒွါရဝီထိ၌ တဒါရုံ၌ယှဉ်သော မနောသမ္ဖဿသည် ထိုတဒါရုံ၌ ယှဉ်သော ဝေဒနာအား သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ အာဟာရ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတဟူသော ပစ္စယသတ္တိရှစ်ပါးတို့ဖြင့် ကျေးဇူးပြု၏။ ပဋိသန္ဓေ ဘဝင် စုတိစိတ်တို့၌ယှဉ်သော မနောသမ္ဖဿသည် မိမိယှဉ်ဖက် ဝေဒနာအား ထိုနည်းအတူ ရှစ်ပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏။ မနောဒွါရဇဝနဲ၌ ယှဉ်သော မနောသမ္ဖဿသည် တဒါရုံ၌ ယှဉ်သော ဝေဒနာအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

---

**ကျမ်းညွှန်း** ✳ ဆရာကြီးဦးကျော်ထွတ်၏ သဒ္ဒမ္မဇောတိကပဋ္ဌာန်းကျမ်း (၁၉၉၉-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်)

## ၃။ စေတနာအာဟာရ

စေတနာစေတသိက်သည် စိတ်ဖြစ်သည့်အခါတိုင်း စိတ်နှင့်အတူ ဖြစ်ပေါ်လာရသည့် စေတသိက်တစ်ခု ဖြစ်သည်။ ထို့ကြောင့် ထိုစေတသိက်ကို စိတ်အားလုံးနှင့် ဆက်ဆံသော စေတသိက် (ဝါ) စိတ်ဖြစ်တိုင်းပါ သဗ္ဗစိတ္တသာဓာရဏ စေတသိက်ဟု အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာကျမ်း စသည်တို့၌ ဖော်ပြထားခြင်း ဖြစ်ပါသည်။ ထိုစေတနာစေတသိက်သည် မိမိလည်း အာရုံကိုယူသည်၊ မိမိနှင့်အတူ ဖြစ်ဖော်ဖြစ်ဖက် စိတ် စေတသိက်တရားများ ဆိုင်ရာ ကိစ္စရပ်များကို ရွက်ဆောင်အောင်လည်း တိုက်တွန်း နှိုးဆော်ပေးသည်။

စေတနာသည် ငှက်စသောသတ္တဝါတို့၏ အတောင်နှင့် တူပေသည်။ ငှက်စသော သတ္တဝါတို့သည် အတောင်ရှိ၍သာ သစ်ပင်တစ်ပင်မှ တစ်ပင်သို့၊ တောတစ်ခုမှ တစ်ခုသို့ လှည့်လည်ပြီး မိမိတို့ခန္ဓာကိုယ်ကို ထိန်းကျောင်း မွေးမြူနိုင်ကြ၏။ အကယ်၍ ထိုသတ္တဝါများ၌ အတောင်မရှိခဲ့ပါလျှင် မပျံသန်းနိုင်ကြဘဲ သေကြဖို့သာ ရှိပေသည်။

ထို့အတူ သတ္တဝါအပေါင်းတို့၌လည်း အတောင်နှင့်တူသော စေတနာရှိ၍သာ စေတနာ၏ လှုံ့ဆော်တိုက်တွန်းမှုကြောင့် ကံကြီးကံငယ် အသွယ်သွယ်တို့ ဖြစ်ပေါ်လာကြပြီးလျှင် ဘဝ တစ်ခုမှ ဘဝတစ်ခုသို့၊ ဘုံတစ်ခုမှ ဘုံတစ်ခုသို့ လှည့်လည်နိုင်ကြပေသည်။ အကယ်၍ စေတနာ မရှိပါက ကံတရားလည်း မပေါ်လာနိုင်၊ ကံတရားမပေါ်ပါက အကျိုးဝိပါကဝဋ်လည်း မဖြစ် လာနိုင်၊ အကျိုးဝိပါကဝဋ် မဖြစ်လာကလည်း ထိုဝိပါကဝဋ်အတွင်း၌ ထောက်တည် ကိန်းအောင်းနေကြသည့် ကိလေသာဝဋ်တို့လည်း မရှိနိုင်၊ ထိုအခါ ဝဋ်သုံးပါး ပြတ်သွားဖို့ ရာပင် ဖြစ်သည်။ ထို့ကြောင့် ဝဋ်သုံးပါး၌ ကျင်လည်နေရမှုသည် စေတနာ၏ အစွမ်းသတ္တိ ဖြစ်ကြောင်း သိသာထင်ရှားသောကြောင့် စေတနာသည် အာဟာရဟူသည့် အမည်ထူး တစ်မျိုးကို ရရှိခြင်းဖြစ်သည်။

## စေ့ဆော်တိုက်တွန်းခြင်းသဘော ဥပမာ

ဥပမာအားဖြင့် စေတနာစေတသိက်သည် ကျောင်းတွင် ပညာသင်ကြားနေသော ခေါင်းဆောင်တပည့်ကြီးနှင့် သဘောတူပေသည်။ ခေါင်းဆောင်တပည့်ကြီးသည် ဆရာလာ နေသည် အဝေးမှမြင်သည်နှင့် တစ်ပြိုင်နက် မိမိကိုယ်တိုင်လည်း စာအံစာကျက်၏။ အခြား အတူနေ တပည့်ငယ်များကိုလည်း "ဟိုမှာ ဆရာလာနေပြီ" စသည် ပြော၍ စာအံစာကျက်ရန် တိုက်တွန်း နှိုးဆော်၏။ ထိုခေါင်းဆောင် တပည့်ကြီးနည်းတူ စေတနာစေတသိက်သည် မိမိလည်း အာရုံကိုယူသည်၊ မိမိနှင့်အတူဖြစ်ဖက် စိတ်စေတသိက်တရားတို့ကို အာရုံ၌ ဆက်စပ် ပေးမှုကိုလည်း ပြုသည်။ ဖဿစသော အတူဖြစ်ဖော်ဖြစ်ဖက် တရားတို့ကို ဆိုင်ရာကိစ္စများ ရွက်ဆောင်ကြရန်လည်း တိုက်တွန်း နှိုးဆော်ပေးသည်။

ဤသို့ မိမိကိစ္စ သူတစ်ပါးကိစ္စတို့ကို ပြီးစေတတ်သောကြောင့် (ဝါ) မိမိလည်း အာရုံကို ယူတတ်၊ အတူဖြစ်ဖက်တရားတို့ကိုလည်း မိမိကဲ့သို့ အာရုံကိုယူပြီး ဆိုင်ရာကိစ္စကို ဆောင်ရွက်ကြရန် နှိုးဆော်သကဲ့သို့ ဖြစ်သောကြောင့် စေတနာကို ခေါင်းဆောင်တပည့်ကြီးနှင့် တူသော တရားဟု အဋ္ဌကထာ၊ ဋီကာများ၌ ဖွင့်ဆိုကြပေသည်။

## စေတနာနှင့် လယ်ပိုင်ရှင် ဥပမာ

ထပ်မံ၍ ဥပမာဖြင့်ပြပါဦးမည်။ စေတနာ စေတသိက်၏ ကြောင့်ကြဗျာပါရများပုံသည် လယ်လုပ်သား များနှင့်အတူ ကိုယ်တိုင်ထွက်၍ လယ်ရိတ်သိမ်းသော လယ်ပိုင်ရှင်ကြီးနှင့် တူပေသည်။ လယ်ပိုင်ရှင်ကြီးတို့မည်သည် စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းပြီးသော လယ်ယာသီးနှံများကို ရိတ်သိမ်းရာတွင် မိမိပိုင်ပစ္စည်းများ မပျက်မစီးစေရန်၊ အလေအလွင့် နည်းပါးစေရန်၊ အချိန်မီ ပြီးစီးရန် "ဥစ္စာရင်လို ဥစ္စာရင်ခဲ"ဆိုသကဲ့သို့ လယ်လုပ်သားများထက် ပိုမို၍ ကြောင့်ကြဗျာပါရ စိုက်ရသည်မှာ ဓမ္မတာဖြစ်ပေသည်။

သို့ဖြစ်၍ လယ်ပိုင်ရှင်သည် ရှေးဦးစွာ လယ်ရိတ်သွားရန် လယ်လုပ်သားများကို ဆော်ဩ၍ ခေါ်ဝေါ် စုဆောင်းရ၏။ ထို့နောက် မိမိနှင့် တစ်ပေါင်းတစ်စည်းတည်း လယ်ရိတ်ဆင်းကြသည်။ ကောက်ရိတ်သည့် အခါ၌လည်း "ယူကြပါ၊ ငင်ကြပါ၊ ရိတ်ကြပါ" ဟု အမြဲမပြတ် နှိုးဆော်ရ၏။ မည်သည့်နေရာအထိ ရိတ်ရမည်ဟုလည်း အပိုင်းအခြားကို ညွှန်ကြားရ၏။ ကောက်ရိတ်သမားတို့ ကြိုးကြိုးစားစား ရိတ်ကြရန် သူတို့အား ထမင်း၊ အဖျော်ယမကာ၊ နံ့သာ၊ ပန်းမာလ်စသည်တို့ဖြင့် အလိုက်သိစွာ တိုက်ကျွေးပေးကမ်းရ၏။ ရိတ်ရမည့် လမ်းကိုလည်း ညီမျှအောင် ဆောင်ရွက်ပေးရ၏။ ထို့အတူ စေတနာစေတသိက်သည် မိမိနှင့်အတူ ဖြစ်ဖော်ဖြစ်ဖက်တရားတို့ အာရုံ၌ ယှဉ်စပ်မိရန် လွန်စွာ ကြောင့်ကြဗျာပါရ များလှ၏။

ဤဥပမာ၌ လယ်ပိုင်ရှင်ကြီးသည် စေတနာ စေတသိက်နှင့်တူ၍ ကောက်ရိတ်သမား လယ်လုပ်သားများသည် စေတနာနှင့်အတူ ဖြစ်ကြသည့် တရားများနှင့် တူသည်။ လယ်လုပ်သားများ ကြိုးကြိုးစားစား ကောက်ရိတ်အောင် လယ်ပိုင်ရှင်ကြီး၏ ကြောင့်ကြဗျာပါရ များခြင်းသည် မိမိနှင့်အတူ ဖြစ်ဖော်ဖြစ်ဖက်တရားတို့ အာရုံ၌ ယှဉ်စပ်မိရန် စေတနာ၏ ကြောင့်ကြဗျာပါရများပုံတို့ တူကြပါသည်။

## စေတနာပဓာန

လောက၌ တစ်စုံတစ်ခုသော ကိုယ်မှု၊ နှုတ်မှုတို့ကို ပြုလုပ်ပြောဆိုရာတွင် စေတနာပါမှု မပါမှုသာ လိုရင်း ပဓာနဖြစ်ပေသည်။ ထင်ရှားစေဦးအံ့။ မျက်စိနှစ်ကွင်း အလင်းမရရှာသော စက္ခုပါလရဟန္တာမထေရ်မြတ်သည် မိုးရွာပြီးစ နံနက်စောစောထ၍ စင်္ကြံကြွတော်မူရာ ပိုးကောင်များစွာကို နင်းမိသဖြင့် ပိုးကောင် အမြောက်အများ သေကြေပျက်စီးကြရ၏။ သို့သော်

ထိုမထေရ်မြတ်သန္တာန်၌ သေစေလိုသော စေတနာမရှိသဖြင့် ပါဏာတိပါတကံ မထိုက်ပါ။

ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှား ရှိတော်မူစဉ်အခါက သောတာပန် အရိယာဖြစ်သူ အမျိုးသမီးတစ်ဦးသည် မုဆိုးကြီးတစ်ယောက်နှင့် သင့်မြတ်ကာ အတူနေထိုင်ကြသည်။ ထိုအမျိုးသမီးသည် ခင်ပွန်းဖြစ်သူ မုဆိုးကြီးစေခိုင်းသမျှ လေး, မြား, လှံ, ပိုက်ကွန်စသည်တို့ကို ယူဆောင်ပေးရသည်။ ဇနီးသည် ယူဆောင်ပေးသော လေး, မြား စသည်ဖြင့် တောသတ္တဝါတို့၏ အသက်ကို သတ်ဖြတ်သည်။

သို့ရာတွင် ဇနီးဖြစ်သူမှာ သတ္တဝါတို့ကို သတ်ဖြတ်ပါ စေဟူသော ရည်ရွယ်ချက်ဖြင့် လေး, မြား စသည်တို့ကို ယူဆောင်ပေးသည် မဟုတ်၊ သောတာပန် အရိယာဖြစ်၍ သတ္တဝါတို့အား သေစေလိုသော စေတနာလည်းမရှိ၊ ခင်ပွန်းသည်၏ စကားကို လိုက်နာသောအားဖြင့်သာ ယူဆောင်ပေးရခြင်း ဖြစ်သည်။ ထို့ကြောင့် သေစေလိုသည့် စေတနာကင်းသော ဇနီးသည်မှာ ပါဏာတိပါတကံ မထိုက်။ ဥပမာ လက်၌အနာမရှိက အဆိပ်ကိုကိုင်သော်လည်း အဆိပ်မသင့်သကဲ့သို့ ဖြစ်သည်။

ထို့အတူ မုဆိုး၏စေခိုင်းမှုကြောင့် တွန်းသံပေးကြရသော တယ်ခါ, တယ်ကြက် စသည်တို့မှာလည်း သေစေလိုသော စေတနာမရှိသောကြောင့် ပါဏာတိပါတကံ မထိုက်နိုင်။

## အိပ်မက်စေတနာ

အိပ်မက်ထဲတွင် ဘုရားဖူးရသည်၊ တရားနာရသည်၊ သူ့အသက်သတ်ရသည်၊ သူ့ဥစ္စာခိုးရသည် စသည်ဖြင့် မြင်မက်သောသူ၏ ကုသိုလ်အိပ်မက်စေတနာ၊ အကုသိုလ်အိပ်မက်စေတနာတို့သည် အာရုံထင်လာမှု အားနည်းသောကြောင့် ပဋိသန္ဓေကျိုးကို မပေးစွမ်းနိုင်ကြောင်းကိုလည်း မှတ်သားရပေသည်။

## ၄-ဝိညာဏာဟာရ

ဝိညာဏ်ခြောက်ပါးရှိ၏။ ၎င်းတို့မှာ -

(၁) စက္ခုဝိညာဉ် = မြင်သိစိတ်
(၂) သောတဝိညာဉ် = ကြားသိစိတ်
(၃) ဃာနဝိညာဉ် = နံသိစိတ်
(၄) ဇိဝှာဝိညာဉ် = အရသာသိစိတ်
(၅) ကာယဝိညာဉ် = ထိသိစိတ် နှင့်
(၆) မနောဝိညာဉ် = ကြံတွေးသိစိတ် တို့ဖြစ်သည်။

## ဖဿ၊ စေတနာနှင့် ဝိညာဉ်

ဖဿတည်းဟူသော အတွင်းလူရှိလို့သာ သူကအပြင်ဘက်က အာရုံဓမ္မတွေကို မတွေ့ထိ တွေ့ထိချင်အောင်၊ ဒီအာရုံတွေဟာ "ဟော့ . . စားကောင်းတယ်, သောက်ကောင်း

တယ်, ဝတ်ကောင်းတယ်၊ စားကြ, သောက်ကြ, တွေ့ထိကြလို့” အတွင်းက အာရုံဓမ္မတွေကို သူက ဆက်သွယ်ပေးနေတယ်လို့မှတ်ပါ။ ဒါ့ကြောင့် အာရုံနဲ့ အာရမ္မဏိကတရားဟာ ဘယ်လောက်ပဲဝေးဝေး သူက ဆက်သွယ်ပေးနေတာပဲလို့ မှတ်ပါ။

စေတနာသည် ‘စေတယတီတိစေတနာ’ဟူသည်နှင့်အညီ စေ့ဆော်တတ်သောကြောင့် စေတနာလို့မှတ်ပါ။ ဘယ်လိုစေ့ဆော်ပါသလဲလို့ဆိုရင် “ဟေ့. . . စားချိန်ကျပြီ စားကြလေ၊ စာတက်ချိန်ကျပြီ သွားကြလေ” စသည်ဖြင့် ခိုင်းလို့သာ စားရ၊ သွားရတယ်မှတ်ပါလေ။ ဤကဲ့သို့ သူတော်ကောင်း အလုပ်ကို လုပ်နေတာလည်း စေတနာကခိုင်းလို့ စေတနာက တိုက်တွန်းလို့ မှတ်ပါ။ အပါယ်ကိုသွားတာလည်း စေတနာကခိုင်းလို့၊ တိုက်တွန်းလို့၊ လုပ်တာဟု မှတ်ပါ။ ယခု လက်ကလေးကိုမြှောက်တာလည်း စေတနာကြောင့်၊ လက်ကလေးကို ချတာလည်း ချလိုသော စေတနာကြောင့်ဟုမှတ်ပါ။

ဝိညာဉ်သည်လည်း အာရုံဓမ္မတွေကို သိသည်ဖြစ်ပါသောကြောင့် ကျေးဇူးများတယ်လို့မှတ်ပါ။ ၎င်းဝိညာဉ်လေးသာ မရှိခဲ့ပါလျှင် မိမိတို့ကို ဆူးစူးမိသော်လည်းမသိ၊ ခလုတ်တိုက်မိသော်လည်း မသိ၊ အေးတယ်, ပူတယ်လို့လည်း မသိပါဘဲ ဖွဲ၊ ထင်းတုံးကြီးများကဲ့သို့ ဖြစ်နေမှာပါပဲတဲ့။ သို့ဖြစ်ပါ၍ ဝိညာဉ်သည် သတ္တဝါတို့၏သန္တာန်၌ ဆောင်တတ်သောကြောင့် ကျေးဇူးများသောကြောင့် အာဟာရမည်ပါတယ်မှတ်ပါ။

၎င်းဝိညာဉ်ကလေးသည် ဒီဟာဖြင့်တိုက်ကြီးပဲဟေ့လို့ သိသည်နဲ့တစ်ပြိုင်တည်း ဝေဒနာကလည်း ဒီတိုက်ကြီးဟာ တယ်ကောင်းပါလားဟေ့ဆိုပြီး ခံစားလိုက်တာပါပဲတဲ့၊ သညာကလည်း တယ်ကောင်းတဲ့တိုက်ပါပဲလို့ မှတ်လိုက်တာပါပဲတဲ့။ ၎င်းဝိညာဉ်ကလေး ချုပ်သွားလိုက်တဲ့အခါမှာ ဝေဒနာစသည်တို့လည်း ချုပ်ပျောက် ပျက်စီးသွားပါသောကြောင့် ဝိညာဉ်ကလေးမှာ ဇနကသတ္တိ ရှိတယ်ဆိုတာလို့ မှတ်ရမယ်။

ဝိညာဉ်ကလေးသည် ဤကဲ့သို့ဖြစ်စေပြီးသည့်နောက် ဒီဟာဖြင့်မကောင်းဘူးဟေ့၊ ကောင်းတယ်ဟေ့ စသည်ဖြင့် ပြောတာကတော့ ဝေဒနာစသည်တို့က ပြောတာလို့မှတ်ရမယ်။ ဒါ့ကြောင့် ဖြစ်ခြင်းသဘောသည် ဝိညာဉ်၊ မကောင်းဘူး, ကောင်းတယ်လို့ပြောတာက ဝေဒနာစသည်တို့က ပြောသောကြောင့် ဝိညာဉ်သည် အကူအညီအထောက်အပံ့ဘက်က များတယ်ဆိုတာထင်ရှားရကား ဥပတ္ထမ္ဘကသတ္တိလည်း ရှိတယ်လို့မှတ်ရမယ်။ သို့ဖြစ်ပါ၍ ဋီကာကျော်ဆရာဖွင့်ထားသော ‘ဇနယန္တောပိ’ ဟူသော စကားသည် အလွန်တရာ ကောင်းတဲ့ စကားပဲလို့ မှတ်ရမယ်ဟု မိုးကုတ်ဆရာတော်ကြီးက ပဋ္ဌာန်းညဝါ၌ မိန့်ကြားတော်မူပါသည်။

## အာဟာရပစ္စည်း၏ သင်္ချာ

အာဟာရပစ္စည်း၏ သင်္ချာမှာ-၇ ဖြစ်ပါသည်။ ထို့ကြောင့် “*အာဟာရေ သတ္တ*” ဟု မှတ်သားနိုင်ပါသည်။ ထိုသင်္ချာကို တစ်ဖက်ပါအတိုင်း လေ့လာနိုင်ပါသည် -

**ကုသလ သချ်ာ-၃**

(၁) ကု-ကု (၂) ကု-ဗျာ (၃) ကု-ကု၊ ဗျာ

**အကုသလ သချ်ာ-၃**

(၁) အကု-အကု (၂) အကု-ဗျာ (၃) အကု-အကု၊ ဗျာ

**အဗျာကတ သချ်ာ-၁**

(၁) ဗျာ-ဗျာ

အာဟာရပစ္စည်တို့မှာ ၁။ ရုပ်အာဟာရ ၂။ နာမ်အာဟာရ ၃။ ရုပ်အာဟာရတ္ထိ ၄။ ရုပ်အာဟာရအဝိဂတတို့ ဖြစ်သည်။

**(Matter to Matter) (Mind to Mind-Matter)**

အာဟာရပစ္စည်းတွင် ရုပ်အာဟာရနှင့် နာမ်အာဟာရဟူ၍ နှစ်ပိုင်းရှိပါသည်။

**ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား**

**၁။ ရုပ်အာဟာရ** - ရုပ်တရားက ရုပ်တရား (Matter to Matter) ကို ကျေးဇူးပြုရာတွင် -

ပစ္စယဟူသော အကြောင်းတရားမှာ - စတုသမုဋ္ဌာနိကရုပ်၌ရှိသော ဩဇာဖြစ်ပါသည်။

ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - စတုသမုဋ္ဌာနိကရုပ် (ကံ၊ စိတ်၊ ဥတု၊ အာဟာရ) တို့ကြောင့်ဖြစ်သည့် မဟာဘုတ် ၄-ပါး ဖြင့်ပြီးသည့် ရုပ်ကိုယ်ခန္ဓာတို့ ဖြစ်ပါသည်။

**၂။ နာမ်အာဟာရ** - နာမ်တရားက နာမ်-ရုပ်တရား (Mind to Mind-Matter) ကို ကျေးဇူးပြုရာတွင် -

ပစ္စယဟူသော အကြောင်းတရားမှာ - ဖဿ၊ စေတနာ၊ ဝိညာဏ်ဟုဆိုအပ်သော နာမ်အာဟာရ ၃-ပါးတို့ ဖြစ် ပါသည်။

ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - စိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါး၊ စိတ္တဇရုပ်နှင့် ပဋိသန္ဓေ ကမ္မဇရုပ်တို့ ဖြစ်သည်။

ရုပ်အာဟာရပစ္စည်းမျိုး (၃)ပါး ရှိသည်။ ၎င်းတို့မှာ ၁။ ရုပ်အာဟာရ၊ ၂။ ရုပ်အာဟာရတ္ထိ နှင့် ၃။ ရုပ်အာဟာရအဝိဂတတို့ ဖြစ်ပါသည်။

## ၁၆။ ဣန္ဒြိယပစ္စယော

## Daily life Paṭṭhāna

### Indriya Paccayo *(Faculty condition)*




ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဣန္ဒြိယပစ္စယေန ပစ္စယော။ (ကု၊ ကု-၁)
ကုသိုလ်တည်းဟူသော အကြောင်းဓမ္မသည် ကုသိုလ်တည်းဟူသော အကျိုးဓမ္မအား ဣန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

## ဆိုင်ရာပစ္စယုပ္ပန်တရားများအား အစိုးတရအဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည်

*The 'Indriya'* is faculty or exercising power. *Indriya* is compared to regional chiefs or ministers as opposed to a universal king or prime minister. The ministers have authority over respective departments, not over everything.



'တစ်ပြည်တွင်း၌၊ ချင်းချင်းမဆန့်၊ သီးမသန့်ဘဲ၊ ခွဲခန့်ပိုင်စား၊ မှူးမတ်များသို့' ဟုရှေးဆရာမြတ်တို့က ပမာပြုတော်မူသည်နှင့်အညီ တိုင်းပြည်အတွင်း၌ မြို့များ၊ ရွာများကို အုပ်ချုပ်

ရသောမြို့စား၊ ရွာစားများသည် ဆိုင်ရာ မြို့ရွာများကို အစိုးရသကဲ့သို့ ကျန်းမာရေးဌာန ပညာရေးဌာန စသည်ကို အုပ်ချုပ်ရသော ဝန်ကြီးများသည် ဆိုင်ရာဌာနကို အစိုးရသကဲ့သို့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ် ၊ စိတ်စသော ဣန္ဒြေတရားတို့သည် ယှဉ်ဖော်ယှဉ်ဖက် ဆိုင်ရာရုပ်၊ နာမ်တရားတို့အား အစိုးတရ ဖြစ်ပေါ်တည်ရှိလာအောင် ကျေးဇူးပြုကြသည်။

## ဣန္ဒြေတရား

ပါဠိစာပေတွင် လာရှိသည့် ဣန္ဒြိယကို မြန်မာဘာသာဖြင့် ဣန္ဒြေဟု တိုက်ရိုက် သုံးနှုန်းပါသည်။ ပါဠိတော်၌လာရှိသည့် ဣန္ဒြေမှာ အစိုးရသည်ဟု အဓိပ္ပါယ်ရပါသည်။ အင်္ဂလိပ်ဘာသာဖြင့် Faculty ဟု ပြန်ဆိုနိုင်ပါသည်။ သို့သော် မြန်မာစကား နေ့စဉ် အသုံးအနှုန်း၌လာသည့် ဣန္ဒြေ၏ အဓိပ္ပါယ်မှာ ပါဠိတော်၌လာသည့် အနက်ကို မဖော်ဆောင်ပေ။ ဥပမာ 'မိန်းမတို့ ဣန္ဒြေ ရှေ့ပေးလို့မရ'။

တိုင်းပြည်အတွင်း၌ မြို့ရွာများကို အုပ်ချုပ်ရသော မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများသည် သက်ဆိုင်ရာ မြို့ရွာများကို အစိုးရသကဲ့သို့ ပြည်ထဲရေးဌာန၊ ကျန်းမာရေးဌာန၊ ပညာရေးဌာန စသည့်ဌာနတို့ကို အုပ်ချုပ်ရသော ဝန်ကြီးများသည် ဆိုင်ရာဝန်ကြီးဌာနများကို အစိုးရသကဲ့သို့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် စသော ဣန္ဒြေတရားတို့သည် ယှဉ်ဖော် ယှဉ်ဖက် ဆိုင်ရာ ရုပ်၊ နာမ်တရားတို့အား အစိုးတရ ဖြစ်ပေါ် တည်ရှိလာစေရန် ကျေးဇူးပြုကြသည်ဟု ဆရာမြတ်များက ပမာပြုကာ ဖွင့်ဆိုတော်မူကြသည်။

## အဓိပတိပစ္စည်းနှင့် ဣန္ဒြိယပစ္စည်း

အဓိပတိပစ္စည်းနှင့် ဣန္ဒြိယပစ္စည်းနှစ်ပါးသည် တူသယောင်ယောင် ထင်ရသည်။ ထိုပစ္စည်းနှစ်ပါး၏ ခြားနားချက်မှာ အဓိပတိသည် ဧကရာဇ်မင်းဖြစ်ပြီး၊ ဣန္ဒြိယသည် မိမိဆိုင်ရာကိစ္စ၌သာ အုပ်စိုးခွင့်ရှိသည့် ဝန်ကြီး၊ မှူးမတ်အလား ဖြစ်သည်။

## ရုပ်ဣန္ဒြေနှင့် နာမ်ဣန္ဒြေ

ဣန္ဒြိယပစ္စည်း၌ ဣန္ဒြေ ၂၂-ပါး ရှိပါသည်။ ရုပ်ဣန္ဒြေ ၈-ပါးနှင့် နာမ်ဣန္ဒြေ ၁၄-ပါး တို့ ဖြစ်ပါသည်။

ရုပ်ဣန္ဒြေ ၈-ပါးမှာ ၁။ ရုပ်ဇီဝိတိန္ဒြေ၊ ၂။ စက္ခုန္ဒြေ၊ ၃။ သောတိန္ဒြေ၊ ၄။ ဃာနိန္ဒြေ၊ ၅။ ဇိဝှိန္ဒြေ၊ ၆။ ကာယိန္ဒြေ ၊ ၇။ ဣတ္ထိန္ဒြေ နှင့် ၈။ ပုရိသိန္ဒြေတို့ ဖြစ်ပါသည်။

တစ်နည်းအားဖြင့် ဇီဝိတရုပ် ၁-ပါး၊ ပသာဒရုပ် ၅-ပါးနှင့် ဘာဝရုပ်၂-ပါးတို့ ပေတည်း။ သင်္ဂြိုလ်တွင် ဟဒယဝတ္ထုရုပ် ၁-ပါး ပါသောကြောင့် ကမ္မဇရုပ် ၉-ပါး ရှိပါသည်။ သို့သော် ဟဒယဝတ္ထုရုပ်သည် ဣန္ဒြေမထိုက်ပါ။

နာမ်ဣန္ဒြေ ၁၄-ပါး ရှိပါသည်။ ၎င်းတို့မှာ ၁။ မနိန္ဒြေ၊ ၂။ သုခိန္ဒြေ၊ ၃။ ဒုက္ခိန္ဒြေ၊ ၄။ သောမနဿိန္ဒြေ၊ ၅။ ဒေါမနဿိန္ဒြေ၊ ၆။ ဥပေက္ခိန္ဒြေ၊ ၇။ သဒ္ဓိန္ဒြေ၊ ၈။ ဝီရိယိန္ဒြေ၊ ၉။ သတိန္ဒြေ၊ ၁၀။ သမာဓိန္ဒြေ နှင့် ၁၁။ ပညိန္ဒြေ၊ ၁၂။ အနညာတညဿာမီတိန္ဒြေ၊ ၁၃။ အညိန္ဒြေနှင့် ၁၄။ အညာတာဝိန္ဒြေတို့ ဖြစ်ပါသည်။

နာမ်ဣန္ဒြေ ၁၄-ပါးကို တရားကိုယ်ကောက်ပါက အောက်ပါအတိုင်း ၈-ပါး ရ၏။ ၁။ မနိန္ဒြေသည် စိတ် ၈၉-ပါးပင်တည်း။ သုခိန္ဒြေ၊ ဒုက္ခိန္ဒြေ၊ သောမနဿိန္ဒြေ၊ ဒေါမနဿိန္ဒြေနှင့် ဥပေက္ခိန္ဒြေဟူသော ဣန္ဒြေ ၅-ပါးတို့သည် ၂။ ဝေဒနာစေတသိက်ဖြစ်၏။ ၃။ နာမ်ဇီဝိတ။ ၄။ သဒ္ဓိန္ဒြေသည် သဒ္ဓါစေတသိက်၊ ၅။ ဝီရိယိန္ဒြေသည် ဝီရိယစေတသိက်၊ ၆။ သတိန္ဒြေ သတိစေတသိက်၊ ၇။ သမာဓိန္ဒြေသည် ဧကဂ္ဂတာစေတသိက်နှင့် ၈။ ပညိန္ဒြေ အနညာတညဿာမီတိန္ဒြေ၊ အညိန္ဒြေနှင့် အညာတဝိန္ဒြေတို့သည် ပညာစေတသိက်တို့ ဖြစ်ပါသည်။

စက္ခုပသာဒကို စက္ခာယတနဟုလည်းကောင်း၊ စက္ခုန္ဒြေဟုလည်းကောင်း နေရာဌာနအားလျော်စွာ သုံးနှုန်းသည်။

စက္ခုန္ဒြိယ = စက္ခုပသာဒ= မျက်စိအကြည်ရုပ်က စက္ခုဝိညာဏ် = မြင်သိစိတ်ကို အစိုးရသည်။ တစ်နည်း စက္ခုန္ဒြေသည် မြင်ခြင်းကိစ္စ၌ တာဝန်ရှိ၏ (ဝါ)အစိုးရ၏။ စက္ခုပသာဒဟုခေါ်သည့် မျက်စိအကြည်ရုပ် အားနည်းလာပါက မျက်မှန် ကူပေးရသည်။

သောတိန္ဒြိယ = သောတပသာဒ = နားအကြည်ရုပ်သည် သောတဝိညာဏ် = ကြားသိစိတ်ကို အစိုးရသည်။ တစ်နည်း သောတိန္ဒြေသည် ကြားခြင်းကိစ္စ၌ တာဝန်ရှိ၏ (ဝါ)အစိုးရ၏။

ဃာနိန္ဒြိယ = ဃာနပသာဒ = နှာခေါင်းအကြည်ရုပ်သည် ဃာနဝိညာဏ် = နံသိစိတ်ကို အစိုးရသည်။ တစ်နည်း ဃာနိန္ဒြေသည် နံခြင်းကိစ္စ၌ တာဝန်ရှိ၏ (ဝါ)အစိုးရ၏။

ဇိဝှိန္ဒြိယ = ဇိဝှာပသာဒ = လျှာအကြည်ရုပ်သည် ဇိဝှာဝိညာဏ် = အရသာသိစိတ်ကို အစိုးရသည်။ တစ်နည်း ဇိဝှိန္ဒြေသည် အရသာသိခြင်းကိစ္စ၌ တာဝန်ရှိ၏ (ဝါ)အစိုးရ၏။

ကာယိန္ဒြိယ = ကာယပသာဒ = ကိုယ်အကြည်ရုပ်သည် ကာယဝိညာဏ်= ကိုယ်အထိအတွေ့သိစိတ်ကို အစိုးရသည်။ တစ်နည်း ကာယိန္ဒြေသည် နံခြင်းကိစ္စ၌ တာဝန်ရှိ၏ (ဝါ) အစိုးရ၏။

စိတ်က အဆင်းအာရုံ၊ အသံအာရုံစသည့် အာရုံအသစ်ကို ယူနိုင်ရန် တိုက်ရိုက်မစွမ်းနိုင်သဖြင့် မျက်စိ၊ နားစသည်တို့ကို စေခိုင်းရပါသည်။

## နှုတ်ကွန္ဒြေမရှိသောရဟန်းသည် ပစ္စုပ္ပန်အကျိုးနည်း၊ သံသရာအကျိုးနည်းမည်

မန်လည်ဆရာတော်ကြီးကား ရဟန်းမြင်တိုင်း ပေးလှူအပ်သောပစ္စည်းတို့ စင်ကြယ်သည်ဟု လက်ခံတော်မမူ၊ အလဇ္ဇီဟု ထင်ရှားသိမြင်သော ရဟန်းတို့ ရောက်လာ နေထိုင်သည့် နေရာကိုပင် ရေဆေးတော်မူသည်၊ ဝိနည်း၌ ကျစ်လစ်တော်မူသည်။

အခါတစ်ပါး မန်လည်ဆရာတော်ကြီးရှေ့ မဲဓီးဆရာတော်က ပြည်ပန်းရွှေဟင်းကို တပည့်တော်မကြိုက်ပါဟု ဆိုမိရာ "နှုတ်ကွန္ဒြေမရှိသောရဟန်းသည် ပစ္စုပ္ပန်အကျိုးနည်း၊ သံသရာအကျိုးနည်း၊ ငါ ဤအာဟာရကို မကြိုက်ဆိုမိခြင်းကြောင့် ထိုအာဟာရကို ဒါယကာတို့ မလှူလျှင် အလုပ်အကျွေး တပည့်တို့မှာ မစားရသည်ကား ပစ္စုပ္ပန်အကျိုးနည်း။ ငါဤအာဟာရမျိုးကို ကြိုက်သည်ဆိုမိခြင်းကြောင့် ရအပ်သောအာဟာရကို သုံးဆောင် စားသောက်သည်ကား သံသရာအကျိုးနည်း၏" ဟု ဇိဝှာကွန္ဒြေစောင့်စည်းခြင်း၏ ပစ္စုပ္ပန်၊ သံသရာအကျိုးတို့ကို ဆုံးမတော်မူ၏။

## ဣတ္ထိန္ဒြေနှင့် ပုရိသိန္ဒြေ

ပုရိသိန္ဒြေနှင့် ဣတ္ထိန္ဒြေ နှစ်ပါးသည် ရုပ်ကွန္ဒြေများ ဖြစ်ကြသည်။ ဘာဝရုပ်ဟုလည်း ခေါ်ပါသည်။

ပုရိသိန္ဒြေမည်သော ပုမ္ဘာဝရုပ်ဟူသည် အထီးသတ္တဝါ ဖြစ်လာနိုင်ရန် အကြောင်းခံ ဖြစ်သောရုပ် ဖြစ်သည်။ အထီးသတ္တဝါ၏ တစ်ကိုယ်လုံး၌ ပျံ့နှံ့တည်နေ၏။ ပုရိသဘာဝရုပ် ဟုလည်း ခေါ်၏။

ဣတ္ထိန္ဒြေမည်သော ဣတ္ထိဘာဝရုပ်ဟူသည် အမသတ္တဝါဖြစ်လာနိုင်ရန် အကြောင်းခံ ဖြစ်သောရုပ်ဖြစ်သည်။ အမသတ္တဝါ၏ တစ်ကိုယ်လုံး၌ ပျံ့နှံ့တည်နေ၏။ ဤပုမ္ဘာဝရုပ်နှင့် ဣတ္ထိဘာဝရုပ်တို့သည် ကံကြောင့်ဖြစ်သည့်ရုပ်များ ဖြစ်ကြ၏။

ကံထူထောင်စဉ်က အမျိုးသားကလည်း အမျိုးသားကဲ့သို့ပင် အာရုံခံစားသည်၊ အမျိုးသားကဲ့သို့ပင် ဝတ်စားဆင်ယင်သည်၊ အမျိုးသားကဲ့သို့ပင် လှုပ်ခဲ့ပြောချင်သည်၊ ဤကံတို့ကပင် အမျိုးသားဘာဝကို ရစေသည်။ အမျိုးသမီးကလည်း အမျိုးသမီးကဲ့သို့ပင် အာရုံခံစားသည်၊ အမျိုးသမီးကဲ့သို့ပင် ဝတ်စားဆင်ယင်သည်၊ အမျိုးသမီးကဲ့သို့ပင် လှုပ်ခဲ့ပြောလိုသည်၊ ဤကံတို့ ကပင် အမျိုးသမီးဘာဝကို ရစေသည်။

သို့သော် ကာမေသုမိစ္ဆာစာရကံကဲ့သို့ အကုသိုလ်ကံကို လွန်ကျူးမိလျှင်မူ အထီးဘာဝ မှသည် အမဘာဝ၊ နပုန်း၊ ပဏ္ဍုက်ဘာဝ အမျိုးမျိုးသို့ ဖောက်လွဲဖောက်ပြန် ဖြစ်သွားတတ်ပါသည်။

## ယောက်ျားဘဝမှ မိန်းမဘဝသို့ ပြောင်းသွားသော သူဌေးသား

သောရေယျမြို့မှ သောရေယျသူဌေးသားသည် မြစ်ဆိပ်ထဲ ရေကစားသွားစဉ် ရုပ်ရည်ဥပမိသပ္ပာယ်ပြီး ဧတဒဂ်ရသည့် ရဟန္တာအရှင် မဟာကစ္စည်းထေရ်သူမြတ်ကို ဖူးတွေ့ခွင့်ရလေသည်။ ထိုအခိုက် သူဌေးသားစိတ်ဖောက်ပြန်ကာ "ဒီလိုရုပ်ချောမောလှပပြီး၊ အသားအရေပြေပြစ်တဲ့ ရဟန်းက ငါ့ရဲ့ မိန်းမဖြစ်ရင် သိပ်ကောင်းမှာပဲ"ဟု ပြစ်မှားမိလေသည်။

ထိုကံက သူ့ကို ချက်ခြင်းအကျိုးပေးကာ သောရေယျသူဌေးသားသည် ယောက်ျားဘဝမှသည် မိန်းမဘဝသို့ လိင်ပြောင်းသွားပါတော့သည်။ ဤအံ့ဖွယ် ဖြစ်ရပ်ကြောင့်သူ၏ မူလပတ်ဝန်းကျင်ကို ရင်မဆိုင်ဝံ့တော့သဖြင့် မြစ်ဆိပ်မှသည် အိမ်မပြန်တော့ဘဲ တိတ်တဆိတ်ထွက်ခွာသွားရာ လှည်းကုန်သည်များနှင့်အတူ လိုက်ပါပြီး တက္ကသိုလ်ပြည်သို့ ရောက်ရှိသွားပါသည်။

တက္ကသိုလ်ပြည်မှ သူဌေးသားတစ်ဦးနှင့် အိမ်ထောင်ကျကာ သူဌေးကတော် ဖြစ်သွားပြီး သားနှစ်ယောက် ထွန်းကားခဲ့သည်။ ထိုမှ ကာလကြာညောင်းလာသည့် တစ်နေ့၌ သောရေယျမြို့က မြစ်ဆိပ်ထဲ ရေကစားအတူဆင်းခဲ့သည့် ရင်းနှီးသည့်မိတ်ဆွေတစ်ဦး တက္ကသိုလ်ပြည်ကို ကုန်ရောင်းဝယ်ရန် ရောက်လာသည်ကို တွေ့လေသည်။ ထိုမိတ်ဆွေကို အိမ်သို့ဖိတ်ခေါ်ကာ ထမင်းကျွေးပြီး သူ့ဘဝ၏ ဖြစ်ကြောင်းကုန်စဉ် ပြောကြားလိုက်လေသည်။

ထိုအခါကာလတွင် ရဟန္တာအရှင် မဟာကစ္စည်းသည် တက္ကသိုလ်ပြည်ရောက်ရှိ သီတင်းသုံးတော်မူနေပါသည်။ ထို့ကြောင့် မိတ်ဆွေဖြစ်သူက ထေရ်ရှင်ကို အိမ်ပင့်ပေးကာ ဆွမ်းဆက်ကပ်လှူဒါန်းပြီး ပြစ်မှားကျူးလွန်ခဲ့သည့် ထိုထိုအပြစ်တို့ကို ကန်တော့တောင်းပန်လေ၏။ ထေရ်ရှင်က ခွင့်လွှတ်တော်မူသည်နှင့်တစ်ပြိုင်နက် အမျိုးသားဘဝ ပြန်ဖြစ်သွားပါသည်။ ထို့နောက် ထေရ်ရှင်သူမြတ်ထံပါး ရဟန်းပြုပြီး တရားကျင့်ကြံခဲ့ရာ ရဟန္တာ ဖြစ်တော်မူခဲ့ပါသည်။

## ရုပ်ဇီဝိတနှင့် နာမ်ဇီဝိတ

ရုပ်တရား၊ နာမ်တရား ဟူသည် စိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါး၊ ရုပ် ၂၈-ပါး၊ နိဗ္ဗာန်တို့ ဖြစ်၏။ ၎င်းတို့သည် ပရမတ္ထတရားများ ဖြစ်ကြသည်။ ၎င်းကို အကျဉ်းအားဖြင့် ရုပ်နာမ်နှစ်ပါးဟု ခေါ်သည်။

ရုပ် ၂၈-ပါးထဲတွင် ရုပ်၏အသက်ဟူသော ရုပ်ဇီဝိတရှိ၏။ ၎င်းရုပ်ဇီဝိတက သူနှင့်အတူဖြစ်သည့် ကမ္မဇရုပ်တို့ကို မပုပ်မသိုး မပျက်စီးစေရန် စိုးမိုးအုပ်ချုပ်ကာ ကျေးဇူးပြု၏။

**ကျမ်းညွှန်း** * (၄၃)၊ သောရေယျတ္ထေရဝတ္ထု၊ စိတ္တဝဂ္ဂ၊ ဓမ္မပဒအဋ္ဌကထာ-၁ (နှာ-၂၀၆)

နာမ်တရား ၅၂-ပါးကို နာမ်၏အသက်ဟူသော နာမ်ဇီဝိတက မပျက်စီးစေရန် စိုးမိုးအုပ်ချုပ်ကာ ကျေးဇူးပြု၏။

## ဘဝထဲက ပဋ္ဌာန်းတရား

အကြောင်းဓမ္မတည်းဟူသော နာမ်က္ခန္ဓြေ သဒ္ဓါတရားက အကျိုးဓမ္မတည်းဟူသော စိတ္တဇရုပ်အား ကျေးဇူးပြုပုံကို ပမာပြုကာ ဖော်ပြပါမည်။ တနင်္ဂနွေနေ့ ပဋ္ဌာန်းသင်တန်းတက်ရတော့မည်ဖြစ်သဖြင့် နာမ်က္ခန္ဓြေတစ်ပါးဖြစ်သည့် သဒ္ဓါတရားနှင့် ယှဉ်ဘက် စိတ်စေတသိက်တရားတို့က ထိုနေ့ နံနက်ကတည်းကပင် ထက်သန်နေရုံမျှမက ရုပ်ခန္ဓာကိုယ်ကောင်ကြီးကပါ ဖျတ်လတ်၊ သွက်လက်၊ ရွှင်လန်းနေခြင်းသည် အကြောင်းဓမ္မဖြစ်သည့် နာမ်က္ခန္ဓြေသဒ္ဓါတရားက အကျိုးဓမ္မဖြစ်သည့် စိတ္တဇရုပ်ကို ကျေးဇူးပြုခြင်းပေတည်း။

နာမ်က္ခန္ဓြေတစ်ပါးဖြစ်သည့် သဒ္ဓါတရားလျော့နည်း၊ ညှံ့ဖျင်းသွားပါမူ ကိုယ်အမူအရာ၊ နှုတ်အမူအရာဟူသော စိတ္တဇရုပ်တို့လည်း လျော့ရဲသွားသည်ကို မိမိတို့၏ လက်တွေ့ဘဝထဲတွင် နားလည်နိုင်ပါသည်။ ခံစားမှုဝေဒနာကြောင့်၊ တည်ကြည်မှုသမာဓိကြောင့်၊ စိတ်ကြောင့်၊ အသိဉာဏ်ပညာစသည့် နာမ်က္ခန္ဓြေတို့ကြောင့် စိတ္တဇရုပ်ကို ကျေးဇူးပြုရာ၌လည်း အလားတူ နားလည်နိုင်ပေတော့မည်။

## အကြောင်းဓမ္မ၊ အကျိုးဓမ္မ

စင်္ကြံလျှောက်ရာတွင် သိသိနေသည့် စိတ်နှင့်ယှဉ်ဖက် စေတသိက်တို့က နာမ်က္ခန္ဓိယပစ္စည်း အကြောင်းဓမ္မဖြစ်ပြီး၊ သွားနေ၊ ရပ်နေသည့် ကိုယ်အမူအရာကြီးက အကျိုးဓမ္မ စိတ္တဇရုပ်တို့ဖြစ်၏။

ဝိပဿနာတရားပွားများအားထုတ်နေသည့် ယောဂီက ပဋ္ဌာန်းတရားတော်ကို သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ နားလည်သည်ဖြစ်စေ၊ နားမလည်သည်ဖြစ်စေ ဝိပဿနာတရားတည်းဟူသော ပဋ္ဌာန်းတရားတော်များကို ပွားများအားထုတ်နေခြင်းသာ ဖြစ်ပေသည်။

## လွတ်လမ်းရယ် ဘယ်မမြင်

ရံခါစိတ်ကို လိုချင်မှုလောဘက လွှမ်းမိုး ခြယ်လှယ်ထားသည်၊ ရံခါ မုန်းတီး ရန်လိုမှုဒေါသက လွှမ်းမိုး ချယ်လှယ်ထားသည်၊ ရံခါ တွေဝေမိုက်မဲမှု မောဟက လွှမ်းမိုး ချယ်လှယ်ထားသည်။ ထိုထိုအခိုက်အတန့်၌ လောဘ၊ ဒေါသ၊ မောဟကိလေသာတို့၏ ကျေးကျွန်ဘဝသို့ လုံးလုံး ရောက်ရှိနေပါတော့သည်။

ထိုအခါ သခင်ဖြစ်သည့် လောဘကိလေသာ၏ စေခိုင်းမှုအရ သူလိုချင်သည့် အာရုံတို့ကို မနားမနေ ရှာဖွေ ဆက်သနေရတော့သည်။ သခင်ဖြစ်သည့် ဒေါသကိလေသာ၏ စေခိုင်းမှုအရ သူမုန်းတီးသူကို မရမနေ ဖျက်ဆီးရန် ကြိုးပမ်းနေရတော့သည်။

ဘုရားရှင်၏ အဆုံးအမစကားကို မရရှာသည့် သူလိုကိုယ်လို သာမန်လူသားတို့အဖို့ ကိလေသာ၏ ချုပ်ကိုင်ခြယ်လှယ်မှုကို နားမလည်နိုင်သဖြင့် အရှင်သခင် လောဘ အလိုကျ၊ အရှင်သခင် ဒေါသအလိုကျ၊ အရှင်သခင် မောဟအလိုကျ ဘဝဇာတ်ခုံပေါ်၌ မမောမပန်း သေပွဲဝင်သည့်ထိ ကပြနေရသည်ကိုပင် ဘဝ၏တာဝန်၊ ဘဝ၏ အဓိပ္ပါယ်၊ ဘဝ ပန်းတိုင်အဖြစ် ရူးရူးမိုက်မိုက် ခံယူနေကြရှာပါသည်။

အချိန်တိုင်း စက္ကန့်မလပ် ရန်သူကိလေသာ၏အလိုကျ လုပ်ဆောင်ပေးနေရသည်ကိုပင် ရန်သူ့အကျိုးမှန်း မသိ၊ မိမိအကျိုးမှန်း မသိနိုင်လောက်အောင်ပင် အဝိဇ္ဇာမောဟက ပိပိရိရိ ပိတ်ဖုံး ကာဆီးခံထားရရှာသူ၏ ဘဝသည် ထိုရန်သူ့လက်ခုတ်ထဲမှ လွတ်လမ်းရယ် ဘယ် မမြင်ရတော့ပေ။

## ဆန္ဒထက်သန်သူမှသာ အရိယာဖြစ်မည်

ဘုရားရှင်၏ သာသနာတော် တည်တံ့ပြန့်ပွားနေသည့် ယနေ့ကာလတွင် အရိယာ ဖြစ်ကာ ဘဝသံသရာလွတ်မြောက်ရေးအတွက် ဣန္ဒြေထက်မြတ်လိုသူတို့အဖို့ နည်းလမ်း ၇-သွယ်ရှိပါသည်။

၁။ သီလသိက္ခာကို စောင့်ထိမ်းရာ၌ စိတ်ဆန္ဒ ထက်သန်၏။
၂။ တရားကို ဆင်ခြင်ရာ၌ စိတ်ဆန္ဒ ထက်သန်၏။
၃။ ကိလေသာတဏှာကို တူးဖြိုးရာ၌ စိတ်ဆန္ဒ ထက်သန်၏။
၄။ ဆိတ်ငြိမ်ရာတွင် တစ်ဦးတည်းနေခြင်း၌ စိတ်ဆန္ဒ ထက်သန်၏။
၅။ လုံ့လဝီရိယအရာ၌ စိတ်ဆန္ဒ ထက်သန်၏။
၆။ သတိပညာ၌ စိတ်ဆန္ဒ ထက်သန်၏။
၇။ အရိယာဖြစ်ရန် စိတ်ဆန္ဒ ထက်သန်၏။

ဤအခြင်းအရာ ၇-ပါး၌ စိတ်ဆန္ဒသည် တစ်ခဏ ထက်သန်ခြင်း မဟုတ်ဘဲ ယခုရော နောင်ပါ အစဉ်အမြဲ ထက်သန်နေရမည်ဟု ဟောတော်မူပါသည်။

**<u>လင်္ကာ-</u>** သီလ၊ တရား၊ ကိလေသာ၊ တစ်ကိုယ်တည်း ပျော်တတ်ပြီ။
ဝီရိယ၊ ပညာ၊ အရိယာ ဆန္ဒထက်သန်၏။

## သုဗြဟ္မာနတ်သား ဝတ္ထု

သုဗြဟ္မာနတ်သားသည် နန္ဒဝန်ဥယျာဉ်အတွင်း၌ နတ်သမီးတစ်ထောင်နှင့် မြူးတူး ပျော်ပါးကာ နတ်စည်းစိမ်ကို ခံစားနေပါသည်။ နတ်သမီးငါးရာတို့က ပန်းပင်ပေါ်တက်ပြီး ပန်းပွင့်များ ခြွေချပေးကြပါသည်။ ကျန်နတ်သမီး ငါးရာတို့က ကြွေကျလာသည့် ပန်းများကို နတ်သားဆင်မြန်းနိုင်ရန် သီဆိုကခုန်ကာ သီကုံးနေကြပါသည်။ အတန်ကြာသောအခါ ပန်းပင်ပေါ်က ပန်းလည်းကျမလာ၊ နတ်သမီးတို့၏အသံကိုလည်း မကြားရတော့သဖြင့် နတ်သားက "ငါ့ရဲ့နတ်သမီးတွေ ဘယ်များ သွားကြပါလိမ့်"ဟု သူ၏ ဒိဗ္ဗစက္ခုနတ်မျက်စိဖြင့် ကြည့်သောအခါ သစ်ပင်ပေါ်မှ နတ်သမီးငါးရာအားလုံး ငရဲရောက်သွားပြီး ငရဲဒုက္ခခံနေရ သည်ကို တွေ့မြင်ရတော့သည်။

ထိုအခါ နတ်သားသည် အလွန်အမင်းစိတ်သောက ဖြစ်လာပါတော့သည်။ ဆက်လက် ပြီး သူ၏လားရာကို ကြည့်သောအခါ၌လည်း ကျန်နတ်သမီးငါးရာနှင့်အတူ သူသည် ယနေ့မှသည် ၇-ရက်ပြည့်လျှင် ငရဲကိုလားရတော့မည်အကြောင်း သိရှိရသဖြင့် ပူဆွေး ငိုကြွေးကာ ဆောက်တည်ရာမရ ဖြစ်သွားရှာသည်။

'လူ့ပြည်မှ မြတ်စွာဘုရားသည်သာ ငါ၏ ကိုးကွယ်ရာထောက်တည်ရာ ဖြစ်လေပြီ'ဟု ကြံတွေးကာ ဘုရားထံတော်ပါး ချဉ်းကပ်ရာ မြတ်စွာဘုရားက -

*"နာညတြ ဗောဇ္ဈာ တပသာ၊ နာညတြိန္ဒြိယသံဝရာ။*
*နာညတြ သဗ္ဗနိဿဂ္ဂါ ၊ သောတ္ထိံ ပဿာမိ ပါဏိနံ"* ဟု ဟောကြား တော်မူပါသည်။

"ဗောဇ္ဈင်တရားပွားများခြင်းကို ဖယ်ထား၍ သတ္တဝါတို့၏ ချမ်းသာခွင့်ကို ငါဘုရား မမြင်၊ ခြိုးခြံသောအကျင့်ကျင့်ခြင်းကို ဖယ်ထား၍ သတ္တဝါတို့၏ ချမ်းသာခွင့်ကို ငါဘုရား မမြင်၊ ဣန္ဒြေစောင့်စည်းခြင်းကို ဖယ်ထား၍ သတ္တဝါတို့၏ ချမ်းသာခွင့်ကို ငါဘုရားမမြင်၊ အလုံးစုံငြိတွယ်ခြင်းကင်းသော နိဗ္ဗာန်ကို ဖယ်ထား၍ သတ္တဝါတို့၏ ချမ်းသာခွင့်ကို ငါဘုရား မမြင်"ဟု သုဗြဟ္မာနတ်သားကို မိန့်ကြားတော်မူပါသည်။ ဒေသနာတော်အဆုံး၌ သောတာပန် တည်သွားကြ၏။

ဤဝတ္ထု၌ လာရှိသည့် ဣန္ဒြေ ၆-ပါးဟူသည် ၁။ စက္ခုန္ဒြေ၊ ၂။ သောတိန္ဒြေ၊ ၃။ ဃာနိန္ဒြေ၊ ၄။ ဇိဝှိန္ဒြေ၊ ၅။ ကာယိန္ဒြေနှင့် ၆။ မနိန္ဒြေတို့ ဖြစ်သည်။ ထိုထို မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်စိတ်တို့ကို မစောင့်ထိန်းဘဲ သတ္တဝါတို့ ချမ်းသာမည် မဟုတ်ပေ။

ဣန္ဒြေ ၆-ပါးကို စောင့်စည်းရန် ပိဋကတ်တော်၏ နေရာများစွာတွင် မြတ်စွာဘုရား ဟောကြား ဆုံးမတော်မူပါသည်။ ယောဂီများ ဝိပဿနာတရား အားထုတ်ခြင်းဟူသည် မှာလည်း ထိုထို ဒွါရတံခါးဝ၌ ထင်လာသည့်အာရုံတို့ကို ရှုမှတ်နေခြင်းပင် ဖြစ်ပေသည်။

## ဘုရားရှင်၏ ဉာဏ်တော်အထူး

နက်နဲသည့် ပဋ္ဌာန်းတရားတော်ကို လေ့လာဆည်းပူးကာ ပညာလိုလားကြသည့် သူတော်ကောင်းများအနေဖြင့် ဘုရားရှင်၏ ဉာဏ်တော်အထူးကို ကြည်ညိုနိုင်ရန် ဤနေရာတွင် ဖော်ပြပေးလိုက်ပါသည် -

၁။ သတ္တဝါတို့ ဣန္ဒြေရင့် မရင့်ကိုသိသော ဣန္ဒြိယ ပရောပရိယတ္တိဉာဏ်၊

၂။ သတ္တဝါတို့၏ အလိုဆန္ဒ အာသယနှင့် ထိုသတ္တဝါတို့ အတွင်း၌ရှိသော ကိလေသာ နုသယတို့ကို တတ်တတ်ထင်ထင် သိမြင်နိုင်သော အာသယာနုသယဉာဏ်၊

၃။ ခပ်သိမ်းဉဿုံ အလုံးစုံကို အကုန်အစင် သိမြင်နိုင်သော သဗ္ဗညုတဉာဏ်၊

၄။ အဆီးအတား အပိတ်အပင်မရှိဘဲ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်သုံးတန်လုံးတို့မှာ ဖြစ်ထိုက်သမျှ စသော လောကီ၊ လောကုတ္တရာအရာရာတို့ကို တပ်တပ်ထင်ထင် သိမြင်နိုင်သော အနာဝရဏဉာဏ်၊

၅။ ရေ မီး အစုံအစုံသော တန်ခိုးပြာဋိဟာတို့ကို တစ်ပြိုင်နက်လိုလျှင် ထင်မြင် ရအောင် ပြသနိုင်သော ယမကပါဋိဟာရိယဉာဏ်၊

၆။ သတ္တဝါအများ အစားစားတို့ကို ကြီးထွားမြင့်မြတ်သော သနားခြင်း မဟာကရုဏာ သမာပတ္တိဉာဏ်တော်တို့ ဖြစ်ပါသည်။

## သေခြင်းသဘောတရား

*အာယု ဥသ္မာ စ ဝိညာဏံ၊ ယဒါ ကာယံ ဇဟန္တိမံ၊*

*အပဝိဒ္ဓေါ တဒါ သေတိ၊ ပရဘတ္တံ အစေတနံ။*

'အာယုဟူသော အသက် ရုပ်ဇီဝိတနှင့် နာမ်ဇီဝိတ၊ ဥသ္မာဟူသော ကိုယ်ငွေ့ (ဥသ္မာ တေဇောဓာတ်) နှင့် ဝိညာဏ်ဓာတ်တို့က ခန္ဓာကိုယ်ကြီးကို စွန့်သွားသောအခါ ဤကိုယ်ကောင် ကြီးသည် ပိုးလောက်စသည်တို့၏အစာ ဖြစ်ပေတော့၏' ဝိညာဉ် လိပ်ပြာထွက်သွားသည် မဟုတ်ဘဲ အသက်ရှင်စေနိုင်သည့် အကြောင်းတရားများ ပျက်စီးသွားခြင်းကပင် သေဆုံးခြင်း ဖြစ်ပါသည်။

---

**ကျမ်းညွှန်း** ∗ (၉၈)၊ သုပြဟ္မသုတ္တဝဏ္ဏနာ၊ အနာထပိဏ္ဍိကဝဂ္ဂ၊ ဒေဝပုတ္တသံယုတ္တ၊ သဂါထာဝဂ္ဂဋ္ဌကထာ (နှာ-၁၀၂)

∗ (၉၅)၊ ဖေဏပိဏ္ဍူပမသုတ္တ၊ ပုပ္ဖဝဂ္ဂ၊ ခန္ဓဝဂ္ဂသံယုတ္တပါဠိ။ (နှာ-၁၁၇)

ရှေ့က ရုပ်ဇီဝိတနှင့် နာမ်ဇီဝိတတို့က ပေါ်ပြီးပျောက်၊ ဖြစ်ပေါ်လာပြီး ချုပ်ငြိမ်းသွားသော်လည်း နောက်နောက်ဇီဝိတများကို 'ဒို့ဖြစ်သလို ဖြစ်ရစ်ကြနော်'ဟု မပြောသော်လည်း ပြောဘိသကဲ့သို့ အဆက်ဆက် စောင့်ရှောက်ခြင်း ဖြစ်သည်။

ပမာပြရသော် စက္ခုပသာဒ အကြည်ဓာတ် ရုပ်တရားက အဆင်းကို မြင်နိုင်ခြင်းမှာ ထိုဇီဝိတဟူသော အကြောင်းလည်း တစ်ကြောင်းအဖြစ် ပါဝင်သည်။ အတ္တ၊ လိပ်ပြာ၊ အသက်ကောင်ပမာ ထာဝရအဖြစ် တည်တံ့ကာ မြင်နေ၊ ကြားနေခြင်းကား မဟုတ်ပေ။

ဤနေရာတွင် ဆေးပညာအရ သေဆုံးခြင်းကို ယူပုံကိုလည်း ဗဟုသုတအဖြစ် ဖော်ပြပေးပါမည်။ လူတစ်ဦးသေဆုံးခြင်းနှင့် စပ်လျဉ်း၍ ဆေးပညာ၏ ဆုံးဖြတ်ချက်မှာ သုံးချက်ပါဝင်ပါသည်။ ၁။ နှလုံးခုန်ရပ်သွားရမည်။ ၂။ အသက်ရှူရပ်သွားရမည်။ ၃။ မျက်စိကို ဖြဲပြီး ဓာတ်မီးရောင်ဖြင့်ကြည့်လျှင် သူငယ်အိမ် အလုပ်မလုပ်တော့ကြောင်း သိရမည်။

## မရဏာသန္နအခါနှင့် အာသန္နကံ

ဘဝတစ်ခု၏ နောက်ဆုံးအချိန်၏ အခြေအနေကို ဖော်ပြလိုသည်မှာ ဖားနတ်သားဝတ္ထု၌ မြတ်စွာဘုရားရှင်၏ တရားတော်အသံကို နားထောင်နေသည့်ဖားကို နွားကျောင်းသားက နွားမောင်းသည့်တုတ်ဖြင့် ထောက်ထားမိလေသည်။ ဖား၏သန္တာန်၌ ဘုရားရှင်၏ တရားတော်က အာရမ္မဏာဓိပတိပစ္စည်းထိုက်နေသခိုက်၌ တုတ်ထောက်ထားသည့် ဒဏ်ချက်ကြောင့် စုတိစိတ်ကျကာ နတ်ပြည်၌ ဖားနတ်သား ဖြစ်ပါသည်။

အရှင်သောဏ၏ ဖခင်ရဟန်းကြီး၏ဝတ္ထု၌ မရဏာသန္နအခါ မဟုတ်သောကြောင့် ဂတိနိမိတ် ပြောင်း၍ရခြင်းဖြစ်သည်။ မရဏာသန္နအခိုက်အတန့်၌မူ စုတိနှင့် အလွန်နီးနေသဖြင့် ထိုဇော၏အာရုံကို မည်သူမျှ မပြောင်းလဲနိုင်ပါ။ ပြောင်း၍ရခြင်းမှာ မရဏာသန္နအခိုက် မဟုတ်ဘဲ အာသန္နအခါ ဖြစ်နေသောကြောင့်သာ ရခြင်းဖြစ်သည်။

ထို့ကြောင့် 'ဝတ္ထာရမ္မဏာ'သည် ပဝတ္တိအခါဖြစ်စေ၊ မရဏာသန္နအခါဖြစ်စေ မနောဒွါရ မှတ်ရမည်။

## ကံကြောင့် ဘဝအသစ်ရ

လောကလူသားအများ တွေးထင်ကြသည့် အသက်ဟူသော အကောင်အထည်ကား မရှိပါပေ။ ဓာတ်သဘာဝ သက်သက်မျှသာ ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓဒေသနာတော်အရ ဘဝကူးပြောင်းရာတွင် အသက်၊ လိပ်ပြာ၊ အတ္တက ကူးပြောင်းသွားသည် မဟုတ်ပေ။

---

**ကျမ်းညွှန်း** * အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ သုံးချက်စု ချုပ်ပို့စဉ် အဘိဓမ္မာပဋ္ဌာန်း ညဝါမှတ်စုစာအုပ် သုံးချက်စု ချုပ်ပို့စဉ်။

ရှေးရှေးက ပြုခဲ့ပြီးသည့် ကံ၏သတ္တိ Potential energy ကြောင့် ဘဝအသစ်ကို ရလာခြင်း ဖြစ်ပါသည်။ ထိုထိုကံတစ်ပါးက ဘဝအသစ်ကို ထူထောင်ပေးပြီး ရုပ်ဇီဝိတ၊ နာမ်ဇီဝိတတို့က စောင့်ရှောက်ပေးကြသည်။ စာပေလော ဥပမာမှာ မိခင်က သားကို မွေးဖွားပေးပြီး နို့ထိန်းက သားကလေးကြီးပြင်းလာချိန်အထိ စောင့်ရှောက်သည်နှင့် တူပါသည်။ မိခင်ရင်းသည် ကံနှင့် တူပြီး၊ နို့ထိန်းမှာ ရုပ်ဇီဝိတနှင့် နာမ်ဇီဝိတတို့နှင့် တူလေသည်။

## ကမ္မိန္ဒြိယပစ္စည်း၏ သချာ

ကမ္မိန္ဒြိယပစ္စည်း၏သချာမှာ - ၇ ဖြစ်ပါသည်။ ထို့ကြောင့် "ကမ္မိန္ဒြိယေ သတ္တ"ဟု မှတ်သား နိုင်ပါသည်။ ထိုသချာကို အောက်ပါအတိုင်း လေ့လာနိုင်ပါသည် -

**ကုသလ သချာ-၃**

(၁) ကု - ကု (၂) ကု - ဗျာ (၃) ကု - ကု၊ ဗျာ

**အကုသလ သချာ-၃**

(၁) အကု - အကု (၂) အကု - ဗျာ (၃) အကု - အကု၊ ဗျာ

**အဗျာကတ သချာ-၁**

(၁) ဗျာ - ဗျာ

**(Matter to Mind) ( Matter to Matter) ( Mind to Mind-Matter)**

ကမ္မိန္ဒြိယပစ္စည်း၌ ၁။ ဝတ္ထုပုရေဇာတိန္ဒြိယ၊ ၂။ ရူပဇီဝိတိန္ဒြိယနှင့် ၃။ သဟဇာတိန္ဒြိယဟူ၍ သုံးပိုင်း ရှိပါသည်။

## ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား

**<u>၁။ ဝတ္ထုပုရေဇာတိန္ဒြိယ</u>** - ရုပ်တရားကနာမ်တရား Matter to Mind ကို ကျေးဇူးပြုရာတွင် -

ပစ္စယဟူသော အကြောင်းတရားမှာ - ၁။ စက္ခုပသာဒမျက်စိအကြည်ရုပ်၊ ၂။ သောတပသာဒ နားအကြည်ရုပ်၊ ၃။ ဃာနပသာဒ နှာခေါင်းအကြည်ရုပ်၊ ၄။ ဇိဝှါပသာဒ လျှာအကြည်ရုပ်နှင့် ၅။ ကာယပသာဒ ကိုယ်အကြည်ရုပ်တို့ ဖြစ်သည်။

ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - ဒွေပဉ္စဝိညာဉ် - ၁၀ ပါးနှင့် စေတသိက် - ၇-ပါးတို့ ဖြစ်ပါသည်။

**၂။ ရူပဇီဝိတိန္ဒြိယ** - ရုပ်တရားက ရုပ်တရား Matter to matter ကို ကျေးဇူးပြုရာတွင်-

ပစ္စယဟူသော အကြောင်းတရားမှာ - ရုပ်ဇီဝိတိန္ဒြေ ဖြစ်ပါသည်။

ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူ ကမ္မဇရုပ် ၉-ပါး ဖြစ်သည်။

**၃။ သဟဇာတိန္ဒြိယ** - နာမ်တရားက နာမ်နှင့် ရုပ်တရား Mind to mind-matter ကို ကျေးဇူးပြုရာတွင် -

ပစ္စယဟူသော အကြောင်းတရားမှာ - ၁။ နာမ်၏အသက်ဖြစ်သည့် နာမ်ဇီဝိတိန္ဒြေ၊ ၂။ စိတ်၊ ၃။ ဝေဒနာ၊ ၄။ သဒ္ဓါ၊ ၅။ ဝီရိယ၊ ၆။ သတိ၊ ၇။ သမာဓိနှင့် ၈။ ပညာတည်းဟူသော နာမ်ဣန္ဒြေရှစ်ပါးတို့ ဖြစ်ပါသည်။

ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - စိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါး၊ စိတ္တဇရုပ် Mind - born matter နှင့် ပဋိသန္ဓေကမ္မဇရုပ် Kamma- born matter at the moment of birth. ဣန္ဒြိယပစ္စည်းသည် သဟဇာတ, ဝတ္ထုပုရေဇာတ, ရူပဇီဝိတိန္ဒြိမျိုး (၃)ပါး၌ ပါဝင်၏။

# ၁၇။ ဈာနပစ္စယော

# Daily life Paṭṭhāna


## Jhana Paccayo *(Jhana condition)*




*ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဈာနပစ္စယေန ပစ္စယော။ (ကု၊ ကု-၁)*
ကုသိုလ်တည်းဟူသော အကြောင်းဓမ္မသည် ကုသိုလ်တည်းဟူသော အကျိုးဓမ္မအား ဈာနပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

## စူးစူးစိုက်စိုက် ရှုတတ်သောသဘောဖြင့် ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည်

The *'Jhâna'* condition is compared to pepole who go up a tree or a mountain. A person who goes up a tree sees things for himself and then he relates to other people what he sees.



'သစ်ပင်တောင်ငူ၊ တက်သောသူသည်၊ အောက်လူတို့အား၊ ပြောသည့်လားသို့'ဟု လာရှိသည်နှင့်အညီ တောင်ပေါ်၊ သစ်ပင်ပေါ်သို့ တက်ရောက်ကြည့်ရှုသူက မြင်ရသည့်

အာရုံ များကို အောက်လူတို့အား သူမြင်ရသလိုရှုမြင်ရအောင် ပြောကြားသကဲ့သို့ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ စျာန်အင်္ဂါတရားတို့သည် ယှဉ်ဖော်ယှဉ်ဖက်ဆိုင်ရာ ရုပ်၊ နာမ်တရားတို့အား ကသိုဏ်း စသော အာရုံတို့ကို ရှုကြည့်မှုသဘော ဖြစ်ပေါ်တည်ရှိလာအောင် ကျေးဇူးပြုကြသည်။

## စျာန်၏အဓိပ္ပာယ်

စျာန်၏အဓိပ္ပါယ်မှာ စူးစူးစိုက်စိုက် ရှုကြည့်ခြင်းပင် ဖြစ်သည်။ စိတ်ကို အာရုံတစ်ခုပေါ်တွင် တည်တံ့နေစေရန် ထားခြင်းကပင် စျာန်မည်ပါသည်။ အခြားအာရုံအားလုံးကို ခေတ္တမေ့ထားပြီး အာရုံတစ်ခုတည်းပေါ်၌ ထပ်တလဲလဲ ဖြစ်နေခြင်းသည်ပင် စျာန်ဝင်စားခြင်းမည်ပေသည်။ “တောင်ဖျား၊ သစ်ပင်ဖျားပေါ်သို့တက်ပြီး ကြည့်သောသူသည် အဝေးအနီး အရပ်တို့ကို မြင်ရခြင်းဟူသော အကျိုးကျေးဇူးကို ရသကဲ့သို့”ဟု စျာန်ပစ္စည်းကို ရှေးဆရာမြတ်တို့က ဥပမာပြုတော်မူကြပါသည်။

သက္ကတစာပေ၌ Dyana ဟုလာရှိပါသည်။ Dhyana ကို အင်္ဂလိပ်စာပေဖြင့် Meditation, Training of the Mind ဟု ဘာသာပြန်ဆိုနိုင်ပါသည်။

ပါဠိစာပေ၌ လာရှိသည့်ယာနကို ယာဉ်ဟူ၍လည်းကောင်း၊ သတိသမ္ပဇညကို သတိသမ္ပဇဉ်ဟူ၍လည်းကောင်း၊ ဝိညာဏကို ဝိညာဉ်ဟူ၍လည်းကောင်း မြန်မာမှုပြုလေ့ ရှိပါသော်လည်း စျာန်ကိုမူ စျာဉ်ဟုမခေါ်ဘဲ စျာန်ဟု မြန်မာစာပေ၌ သုံးနှုန်းလေ့ ရှိပါသည်။

## ဥပမာပြဆိုခြင်း

ထိုထိုစျာန်အင်္ဂါတို့သည် ကုသိုလ်နှင့်လည်း ယှဉ်တွဲဖြစ်ပေါ်တတ်ပြီး အကုသိုလ်နှင့်လည်း ယှဉ်တွဲဖြစ်ပေါ်တတ်ပါသည်။ အဝေးက ပစ်မှတ်စက်ဝိုင်းတစ်ခုကို မြားဖြင့်မှန်အောင်ပစ်နေသည့် လေးသမားသည် စူးစူးစိုက်စိုက် အာရုံ၌တည်မှသာ မှန်အောင်ပစ်နိုင်ပေမည်။

ပမာပြရသော် ငါးမျှားနေသည့် တံငါသည်၏ခေါင်းထိပ်၌ နေကခြစ်ခြစ်တောက်ပူနေပြီး အောက်၌ ရွှံ့နွံထဲ ဒူးမြုပ်နေသည်။ တဖန် ရေစပ်၌ ခြင်မဲကြီးများက သူ၏ကိုယ်ခန္ဓာပေါ်တွင် သီးနေသော်လည်း သူမသိတော့ပေ။ အကြောင်းမှာ သူ၏စူးစိုက်မှုက ငါးမျှားချိတ်အရင်းက ရေပေါ်ပေါ်နေသည့် ဖော့တုံးလေးပေါ်သို့ ပြည့်ပြည့်ဝဝရောက်ပြီး သူ့အာရုံနှင့်သူ ပီတိဖြစ်နေသည်။ ဧကဂ္ဂတာ ဖြစ်နေသည်။

အထက်ပါ ဥပမာကဲ့သို့ပင် ဝိတက်စသည့် ဈာန်အင်္ဂါတို့ကလည်း ကမ္မဋ္ဌာန်းအာရုံပေါ်သို့ စူးစူးစိုက်စိုက်ကပ်ခါ ရှုမှတ်နေခြင်း ဖြစ်ပါသည်။ စိတ်ကိုအာရုံထဲ စူးဝင်နေမတတ် ထင်ရလောက်အောင် အာရုံနှင့်စိတ် တွဲကပ်ထားသည့် သဘောကပင် ဈာန်မည်ပေသည်။

သပ္ပာယ်သည့် ဘုရားရုပ်ပွားတော်ကို ကြည်ညိုနေသူတစ်ဦး သဒ္ဓါတရားများ တဖွားဖွားဖြစ်ကာ ဘုရားအာရုံမှတစ်ပါး အခြားအာရုံမဝင်ဘဲနေခြင်း၊ (ဝါ) ဘုရားအာရုံပေါ်မှ စိတ်က မခွဲနိုင်၊ မဖယ်နိုင်ခြင်းကပင် ဈာန်တရား ဖြစ်ပေသည်။

စိတ်ပါလက်ပါ ငါးမျှားနေသည့်အခါ လောဘဦးစီးသော အကုသိုလ်စိတ်သည် ငါးတည်းဟူသော အာရုံတစ်မျိုးတည်း၌ ကြာမြင့်စွာ တည်တတ်၏၊ စိတ်ပါလက်ပါ ဘုရားရှိခိုးသည့်အခါ၌ သဒ္ဓါဦးစီးသော ကုသိုလ်စိတ်သည် ဘုရားတည်းဟူသော အာရုံတစ်မျိုးတည်း၌ ကြာမြင့်စွာ တည်နေတတ်၏။

ထိုစိတ်များသည် အခြားအာရုံတစ်မျိုးမျိုးသို့ မရွေ့မပြောင်းဘဲ မိမိသဘောအားဖြင့် တည်ကြည်နေ၏။ ဤသည်မှာ ငါးတည်းဟူသော အာရုံတစ်မျိုး၊ ဘုရားတည်းဟူသော အာရုံတစ်မျိုး၌ ဧကဂ္ဂတာကျနေခြင်း သမာဓိရနေခြင်း ဖြစ်သည်။ ဧကဂ္ဂတာသမာဓိ ဟူ၍လည်း ခေါ်သည်။

ထို့ကြောင့် လယ်တီဆရာတော်ကြီးက "စိုက်စိုက်စူးစူး၊ အထူးမြဲမြံ ရှုအားသန်၊ ဈာန်ဟုခေါ်သတတ်" ဟု မိန့်ဆိုတော်မူထားပါသည်။

## ဈာန်ကို ကုသိုလ်၊ အကုသိုလ်ဟု ပုံသေမဆိုနိုင်ပါ

မြန်မာစကား၌မူ ဈာန်၊ မဂ်၊ ဖိုလ်ဟု အစဉ်အလာအားဖြင့် သုံးနှုန်းလာခဲ့သဖြင့် အဘိဓမ္မာကို စနစ်တကျ မလေ့လာထားသူအဖို့ ဈာန်ကိုလည်း မဂ်ဖိုလ်ကဲ့သို့ပင် အမြဲ ကောင်းသည့်တရားဟု ထင်မှတ်ထားကြပါသည်။

သို့သော် ဈာန်စိတ်ဖြစ်တိုင်း အမြဲကုသိုလ်စိတ်ဖြစ်သည်ဟု မဆိုနိုင်ပေ။ ကောင်းသည့်စိတ်ဖြင့်လည်း အာရုံကို စူးစိုက်ရှုတတ်သကဲ့သို့၊ မကောင်းသည့်စိတ်ဖြင့်လည်း အာရုံကို စူးစိုက် ရှုတတ်ပါသည်။ ထို့ကြောင့် ဈာန်ကို ကုသိုလ် အကုသိုလ်ဟု ပုံသေမဆိုနိုင်ပါ။

## ဧကဂ္ဂတာသမာဓိ

ဗုဒ္ဓမြတ်စွာ ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဝိသာခမည်သော အနာဂါမ် အရိယာဥပါသကာက ရဟန္တာအရှင်မ ဓမ္မဒိန္နာဘိက္ခုနီအား ဤသို့ မေးလျှောက်ဖူးသည်။

"အရှင်မ သမာဓိဆိုသည်မှာ အဘယ်ပါနည်း"

"စိတ်၏အာရုံ တစ်မျိုးတည်းသာ ရှိခြင်းသည် သမာဓိတည်း" ဟု ရိုးရှင်းစွာ ဖြေကြားတော်မူခဲ့ပါသည်။

ဤပါဠိတော်အရ စိတ်သည် ရူပါရုံတစ်ခုမှ အခြားရူပါရုံတစ်ခုသို့ဖြစ်စေ မရွေ့ရှားဘဲ အာရုံတစ်ခု၌ တစ်ခဏမျှ တည်နေခြင်းသည်လည်းကောင်း၊ ထိုအာရုံ၌ ကြာမြင့်စွာ တည်နေခြင်းသည်လည်းကောင်း စိတ်၏အာရုံ တစ်မျိုးတည်းသာရှိခြင်းဖြစ်၍ ဧကဂ္ဂတာသမာဓိဟု ခေါ်သည်။

## စိတ်ဖြစ်တိုင်း ဧကဂ္ဂတာဖြစ်ပုံ

ဧကဂ္ဂတာသည် ကောင်းမှု၊ မကောင်းမှု ကုသိုလ်၊ အကုသိုလ် စသည်အားလုံး၌ပင် စိတ်ဖြစ်တိုင်းဖြစ်တိုင်း ပါဝင်သော သဘောတရား ဖြစ်သည်။ စိတ်ဖြစ်သည့် တစ်ချိန်တည်းမှာပင် အာရုံနှင့်စိတ် ချိတ်မိလျက်ရှိသည်။ စိတ်သည် အာရုံနှင့်ကင်း၍ စိတ်ချည်းသက်သက် မဖြစ်နိုင်ပါ။ သို့ရာတွင် အာရုံနှင့် စိတ်ချိတ်မိခြင်းကို ဧကဂ္ဂတာခေါ်သည်မဟုတ်၊ ယင်းသည် အာရုံနှင့်စိတ် ဆုံတွေ့ခြင်းသာ ဖြစ်သည်။

ဥပမာ အနီရောင်ပန်းတစ်ပွင့်ကို တွေ့မြင်ရာ၌ မြင်သိစိတ်ဖြစ်သည်နှင့် တစ်ချိန်တည်းမှာပင် အနီရောင်ပန်းဟူသော အဆင်းအာရုံနှင့် ချိတ်မိလျက်ရှိသည်။ သို့ရာတွင် မြင်သိစိတ်နှင့် အဆင်းအာရုံတို့ ချိတ်မိ၊ ဆုံမိမှုကို ဧကဂ္ဂတာမခေါ်၊ မြင်သိစိတ်၏ အနီရောင်ပန်း အဆင်းအာရုံ၌ တစ်ခဏမျှ တည်တံ့မှု၊ တည်ကြည်မှုသဘောကိုသာ ဧကဂ္ဂတာခေါ်သည်။

ထို့ပြင် ဤတည်တံ့မှုဧကဂ္ဂတာ သဘောသည် မြင်သိစိတ်နှင့် အနီရောင်ပန်းအဆင်းအာရုံတို့ကို တွေ့ဆုံပြီးနောက်မှ ဖြစ်ပေါ်လာသည်မဟုတ်၊ တွေ့ဆုံသည်နှင့် တစ်ပြိုင်နက် တည်တံ့မှုသဘော ဧကဂ္ဂတာလည်း ဖြစ်ပေါ်လာသည်။

အကုသိုလ်မှုဆိုင်ရာ စိတ်ပါလက်ပါ ငါးမျှားနေသော သမာဓိနှင့် စိတ်ပါလက်ပါ ဘုရားရှိခိုးနေသော သမာဓိ၊ တရားနာသော သမာဓိ၊ ဒါနမှု၌ ရေစက်ချနေသောသမာဓိ စသည်တို့၌ ထပ်ခါထပ်ခါ ဧကဂ္ဂတာ သမာဓိရနေသော သဘောများဖြစ်၍ မိစ္ဆာသမာဓိမဂ္ဂင် သမာဓိန္ဒြေသမာဓိ၊ သမာဓိဗိုလ် စသည်တို့ ဖြစ်နိုင်ပေသည်။

ထို့ကြောင့် ကမ္မဋ္ဌာန်းစသည့် အာရုံတစ်ခုခုကို ယူရာ၌ ထိုအာရုံပေါ်မှာ ကြာရှည်စွာ ထပ်ခါထပ်ခါ အာရုံပြုနိုင်ခဲ့လျှင် 'သမာဓိရသည်၊ သမာဓိအားကောင်းလာပြီ' ဟု ပြောဆိုလေ့ ရှိကြ၏။ သမာဓိဓာတ်ခံကောင်းသူမှာ အနေအထိုင်လည်း တည်ကြည်ပြီး အပြောအဆိုလည်း တည်ငြိမ်၏။ သွားလာသောအခါ၌လည်း ဣန္ဒြေရပြီး ပေါင်းသင်းဆက်ဆံမှု၌လည်း ဖြောင့်မတ် တည်ကြည်လေသည်။

အချုပ်အားဖြင့်ဆိုရလျှင် ဧကဂ္ဂတာခေါ် သမာဓိဆိုသည်မှာ စိတ်မလှုပ်ရှားမှု၊ စိတ်မပျံ့လွင့်မှု၊ စိတ်တည်တံ့မှု၊ တည်ကြည်မှု၊ ငြိမ်သက်မှု၊ တည်ငြိမ်မှု၊ စိတ်၏ တည်တည်တံ့တံ့ စူးစိုက်မှု၊ အာရုံတစ်ခု၌ ခိုင်ခံ့တည်ငြိမ်မှု၊ စိတ်၏ငြိမ်ဝပ်ပိပြားမှု၊ အာရုံတစ်ခု၌ စိတ်ကိုကောင်းစွာထားမှု စသည်တို့ ဖြစ်ပါသည်။ ဤသဘောတရား အားလုံးတို့မှာ သမာဓိအနုအရင့် သဘောကွာခြားခြင်းမှတစ်ပါး ရဟန္တာဘိက္ခုနီအရှင်မ ဓမ္မဒိန္နာအမိန့်ရှိသည့် 'စိတ်၏ အာရုံတစ်မျိုးတည်းသာရှိခြင်း' သဘောများပင် ဖြစ်သည်။ ထို့ကြောင့် ယင်းတို့ကို ဧကဂ္ဂတာသမာဓိဟု ခေါ်သည်။

## သမာဓိ၏ မပျံ့လွင့်ခြင်း လက္ခဏာ

သတ္တဝါတို့၏စိတ်သည် အဆင်းရူပါရုံမှသည် အသံ သဒ္ဒါရုံသို့လည်းကောင်း၊ အလိုရှိအပ်သော အဆင်းဣဋ္ဌရူပါရုံမှ မလိုလားအပ်သော အနိဋ္ဌရူပါရုံသို့လည်းကောင်း၊ သာယာဖွယ်ကောင်းသော ဣဋ္ဌသဒ္ဒါရုံကို နားထောင်နေရာမှ မနှစ်မြို့ဖွယ်ကောင်းသော အသံ အနိဋ္ဌသဒ္ဒါရုံများသို့လည်းကောင်း၊ ပညာရေးအကြောင်းကို စဉ်းစားနေရာမှ စီးပွားရေးအကြောင်း၊ သားရေးသမီးရေးအကြောင်းသို့လည်းကောင်း ပြေးသွားပျံ့လွင့်၍ နေတတ်လေသည်။

ဘုရားရှိခိုးရင်း တရားနာရင်းပင် ထိုထိုဤဤ တွေးချင်ရာတွေးနေတတ်ခြင်း၊ လတ်တလော အကြောင်းအရာတစ်မျိုးကို စဉ်းစားနေရာမှ အတိတ်ဖြစ်စဉ်အမျိုးမျိုးသို့ ငေးမောတွေးတောနေတတ်ခြင်း စသည်တို့မှာ စိတ်၏ပျံ့လွင့်ခြင်းများပင် ဖြစ်သည်။

ဧကဂ္ဂတာသည် ထိုကဲ့သို့ အာရုံအမျိုးမျိုးသို့ ပျံ့လွင့်၍နေသော ယှဉ်ဘက်စေတသိက်တရားများကို အာရုံတစ်မျိုးတည်း တစ်အာရုံတည်း၌ တစ်ခဏမျှပင်ဖြစ်စေ တည်တံ့အောင် တည်ကြည်အောင် ပြုလုပ်တတ်သည်။ ထို့ကြောင့် ဧကဂ္ဂတာခေါ် သမာဓိသည် ယှဉ်ဖက် သမ္ပယုတ်တရားတို့ကို မပျံ့လွင့်စေခြင်း လက္ခဏာရှိသည်ဟု အဘိဓမ္မာစာပေများက ဖွင့်ဆိုကြသည်။

## စိတ်နှင့် အာရုံ

ဤနေရာတွင် စိတ်တစ်ခု၏ သက်တမ်းသည် အလွန့်အလွန် တိုတောင်းလှသဖြင့် အာရုံပေါ်တွင် ဘယ်ကဲ့သို့ ကြာကြာတည်နိုင်သနည်းဟု မေးစရာမေးခွန်း ပေါ်လာပါသည်။

---

**ကျမ်းညွှန်း** * သာသနာရေးဦးစီးဌာနမှ ထုတ်ဝေသည့် ဗုဒ္ဓအဘိဓမ္မာ စေတသိက်များအဖွင့် အတွဲ - ၃ (၂၀၀၄ - ခုနှစ်တွင် ဒုတိယအကြိမ် ထုတ်ဝေသည်)

ထိုတိုတောင်းလွန်းသည့် အချိန်ကာလတိုအတွင်း၌ ဖြစ်ခွင့်ရှိသည့် စိတ်နှင့် ယှဉ်ဖော် ယှဉ်ဖက် တရားအားလုံးတို့သည် အာရုံတစ်ခုတည်းပေါ်၌ မကွဲမကွာကပ်၍ တည်နေခြင်း တည်း။ ထပ်တလဲလဲ အသစ်အသစ်ဖြစ်နေသည့် စိတ်တို့ကလည်း ရှေ့စိတ်နည်းတူ အာရုံတစ်ခု တည်းပေါ်၌ မကွဲမကွာ ကပ်၍ တည်နေခြင်းကို ဆိုလိုပါသည်။ ပထမစိတ်လည်း ဤအာရုံ၌ တည်သည်။ ဒုတိယစိတ်လည်း ဤအာရုံ၌ပင် တည်သည်။ တတိယစိတ်လည်း ဤအာရုံ၌ပင် တည်သည်။

သာမာန်အခြေအနေတွင် နားက အသံကြားလျှင် စိတ်ကအသံကို ရောက်သည်၊ အနံ့ တခုခုရလျှင် စိတ်က ထိုအနံ့အာရုံဆီကို ရောက်သည်။ ဈာန်ဟူသော အနေအထားရောက် လာပါက သတ်မှတ်ထားသည့် အာရုံမှတစ်ပါး အခြားအာရုံသို့ စိတ်က မရောက်တော့ပေ။

## ဈာန်အင်္ဂါနှင့် မိမိတို့၏ နေ့စဉ်ဘဝ

အာရုံကို စူးစိုက်ရှုမှတ်မှုနှင့် စပ်လျဉ်းသော (ဈာန+အင်္ဂါ) = ဈာနင်္ဂ = ဈာန်အင်္ဂါ ၅-ပါး ရှိပါသည်။ ၎င်းတို့မှာ ၁- ဝိတက် ၂- ဝိစာရ ၃- ပီတိ ၄- သုခ ၅- ဧကဂ္ဂတာတို့ ဖြစ်ပါသည်။

ဥပမာပြရသော် ကြေးစည်ကို စတင်ထိုးသောအခါ ထွက်လာသည့် အသံအာရုံပေါ် စိတ်ရောက်သည်ကို ဝိတက်၊ တဝီဝီမြည်သံပမာ အာရုံကို သုံးသပ်ခြင်းက ဝိစာရဟု ပြကြသည်။ သာမန်အားဖြင့် နေ့စဉ်ဘဝထဲ အချိန်တိုင်းတွင် ဝိတက်၊ ဝိစာရ ဖြစ်နေသည်သာ။ ပမာပြရသော် ပန်းကလေးတစ်ပွင့် တွေ့လိုက်ရာတွင် ဝိတက်က အာရုံကိုယူသည်၊ ဝိစာရက ဒါနှင်းဆီပန်း ပါလား၊ ဒါက စက္ကူပန်းအနီပါလားဟု သုံးသပ်သည်က ဝိစာရ ဖြစ်သည်။

စူးစိုက်မှုတိုင်း ဈာန်ဖြစ်သော်လည်း ဈာန်တိုင်း ကုသိုလ်မဖြစ်နိုင်ပေ။ အာရုံလည်း မှန်၊ နှလုံးသွင်းလည်းမှန်မှသာ ကုသိုလ်ဖြစ်မည်။ သို့မဟုတ်ဘဲ အာရုံလည်းမှား၊ နှလုံးသွင်းလည်း မှားလျှင်မူ အကုသိုလ်သာ ဖြစ်နေပေတော့မည်။ ကုသိုလ်ဈာန်ဖြစ်ရန် စူးစိုက်ရှုသင့်သည့် အာရုံများအမျိုးအားဖြင့် (၄၀)ရှိကြောင်း ကျမ်းဂန်များ၌ လာ၏။

## ကမ္မဋ္ဌာန်း - ၄၀

| | | |
|---|---|---|
| ၁။ | ပထဝီစသည့် ကသိုဏ်း | - ၁၀ ပါး။ |
| ၂။ | အသုဘ | - ၁၀ ပါး။ |
| ၃။ | ဗုဒ္ဓါနုဿတိ စသည့် အနုဿတိ | - ၁၀ ပါး။ |

၄။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဉပေက္ခာဟူသော အပ္ပမညာတရား - ၄ ပါး။
၅။ အာဟာရေပဋိကူလသညာ - ၁ ပါး။
၆။ ဓာတ်လေးပါးကို ပိုင်းခြားမှတ်သားသည့် စတုဓာတုဝဝတ္ထာန် - ၁ ပါး။
၇။ အာကာသာနဉ္စာယတန စသည့်အာရုပ္ပ - ၄ ပါး တို့ ဖြစ်သည်။

## ဈာန်အင်္ဂါနှင့် သမထကမ္မဋ္ဌာန်း

ဝိတက် = မနားတမ်းပြေးလွှားနေသည့် စိတ်ကို သမထကမ္မဋ္ဌာန်း၏ အာရုံဖြစ်သည့် အာနာပါနပေါ်သို့ မနားတမ်း ဆွဲတင်ပေးနေသည့်သဘောက ဝိတက်ပေတည်း။ သက္ကတစာပေ၌ Vitarka ဟူ၍ လာရှိသည်။ အင်္ဂလိပ်ဘာသာဖြင့် Initial application , Applied thinking ဟု ပြန်ဆိုနိုင်ပါသည်။ ဤသို့ အကြိမ်ကြိမ် ဆွဲတင်ပေးဖန် များလာသောအခါ စိတ်က မပြေးတော့ဘဲ ထားလိုသည့် အာနာပါန ထွက်လေဝင်လေ အာရုံပေါ် ဝပ်၍နေတော့သည်။ ဤသည်ကိုပင် ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ ငါးပါးနှင့် ယှဉ်သည့် ပထမဈာန်ကို ရလေပြီ။ (ဒုတိယဈာန် ရောက်သောအခါတွင် စိတ်က ထားလိုသည့်အာရုံပေါ်သို့ ဝပ်နေပါသဖြင့် ဝိတက်၏လုပ်ငန်း မရှိတော့ပေ)

ဝိစာရ = ဝိစာရမည်သည် အာရုံကို သုံးသပ်သည့်သဘော ဖြစ်သည်၊ သက္ကတစာပေ၌ Vicara ဟူ၍ လာရှိသည်။ အင်္ဂလိပ်ဘာသာဖြင့် Sustained application Sustained thinking ဟု ပြန်ဆိုနိုင်ပါသည်။ ဝိတက်၏ လုပ်ငန်းမရှိတော့သဖြင့် စိတ်ကမပြေးတော့ဘဲ ဝပ်နေသဖြင့် ထိုအာရုံကိုပင် ထပ်တလဲလဲ သုံးသပ်နေခြင်း ဖြစ်ပါသည်။ ဤသည်ကိုပင် ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါလေးပါးနှင့်ယှဉ်သည့် ဒုတိယဈာန် သမာဓိပေတည်း။ (တတိယဈာန် ရောက်သောအခါတွင်မူ စိတ်ကသုံးသပ်ရန် မလိုတော့ပဲ ငြိမ်သက်နေသဖြင့် ဝိစာရ၏ လုပ်ငန်းမရှိတော့ပေ)

ပီတိ = ပီတိဟူသည် ဤအာနာပါန အာရုံနှင့်နေရသည်ကို အလွန် ကျေနပ်နှစ်သိမ့် မြတ်နိုးနေတော့သည်။ သက္ကတစာပေ၌ Priti ဟူ၍ လာရှိပြီး ပီတိကို အင်္ဂလိပ်ဘာသာဖြင့် Rapture, Delight ဟု ပြန်ဆိုနိုင်ပါသည်။ အာရုံပေါ်သို့ ဆွဲတင်ပေးသည့် ဝိတက်လည်းမလို၊ သုံးသပ်သည့် ဝိစာရလည်းမလိုဘဲ အခြားအာရုံကိုလည်း မယူလိုတော့ဘဲ ဤအာရုံနှင့် နှစ်သိမ့်ကျေနပ်၍ နေတော့သည်။ မည်မျှကြာသည့်တိုင် တရားထိုင်နေပါသော်လည်း ပျင်းရိငြီးငွေ့သွားသည်ဟု မရှိဘဲ သဘောကျနှစ်သက်မှုက ထင်ရှားနေပါသည်။ ဤသည်ကိုပင် ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါသုံးပါးနှင့် ယှဉ်သည့် တတိယဈာန် သမာဓိပေတည်း။

သုခ = သုခဟူသည် ကိုယ်စိတ် ငြိမ်းအေးချမ်းသာခြင်း ဖြစ်သည်။ သက္ကတစာပေ၌ Sukha ဟူ၍ လာရှိပြီး အင်္ဂလိပ်ဘာသာဖြင့် Happiness ဟု ပြန်ဆိုနိုင်ပါသည်။ အလိုရှိသော အာရုံကို ရရှိသည့်ခဏ၌ နှစ်သိမ့်အားရမှု ပီတိက သာလွန်ထင်ရှားနေသည်။ ထိုအခိုက် သုခရှိနေသော်လည်း မသုံးဆောင် မခံစားရသေးသောကြောင့် ထိုသုခ မထင်ရှားသေးပါ။ ရရှိသည့်အာရုံ သုံးဆောင်ခံစားသည့်အခိုက် ကိုယ်စိတ်၏ ချမ်းသာရွှင်လန်းမှုသုခက သာ၍ ထင်ရှား၏ဟု ဝိသုဒ္ဓိမဂ်၌ လာရှိသည်။ တနည်းဖော်ပြရသော် ပီတိကြောင့် ချမ်းသာသည်ကို ကြိုက်ပြီး ချမ်းသာခြင်းနှင့် ပမာပြုပြီး သုခ၏ချမ်းသာခြင်းကို မကြိုက်ဘဲ သူ့အလိုလို ချမ်းသာခြင်းနှင့် ပမာပြုကြလေသည်။ ဤသည်ကို သုခသက်သက် စတုတ္ထဈာန် ချမ်းသာပေတည်း။ ပီတိကို ခွာနိုင်သောကြောင့် ချမ်းသာသက်သက်ကို ခံစားရခြင်း ဖြစ်သည်။ အချို့မှာ ဤချမ်းသာကိုပင် နိဗ္ဗာန်ချမ်းသာဟု ထင်မှတ်မှားကြသည်။

ဧကဂ္ဂတာ = ဧကဂ္ဂတာသည် ပဉ္စမဈာန်သမာဓိဖြစ်၏။ သက္ကတစာပေ၌ Ekagrata ဟူ၍လာရှိပြီး အင်္ဂလိပ်ဘာသာဖြင့် One pointedness, concentration ဟု ပြန်ဆိုနိုင်ပါသည်။ သုခချမ်းသာကို နှစ်သက်တွယ်တာကာ မခွာနိုင်လျှင်လည်း ပဉ္စမဈာန်သမာဓိကို မရပါ။ ပြေးလွှားနေသည့်စိတ် ငြိမ်အောင်ကြိုးစားစဉ်ကလည်း ပထမဈာန်သမာဓိ ရရှိခဲ့သည်။ ဝိစာရသုံးသပ်စဉ်ကလည်း ဒုတိယဈာန်သမာဓိ ရရှိခဲ့သည်။ တတိယဈာန်၌လည်း သမာဓိရရှိခဲ့သည်။ ဤသို့ အဆင့်ဆင့်သော သမာဓိကို ရရှိခဲ့ပါသော်လည်း လောကီချမ်းသာအားလုံးကို ဥပေက္ခာပြုနိုင်သဖြင့် ရရှိမည့် ပဉ္စမဈာန်သမာဓိလောက် မစင်ကြယ်ပေ။

## ဧကဂ္ဂတာ၏ နီးစွာသော အကြောင်းမှာ သုခ

ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဟူ၍ ဈာန်အင်္ဂါ ငါးပါးရှိ၏။ ၎င်းတို့သည် မိမိတို့ကိစ္စအသီးသီးကို ဆောင်ရွက်ကြသည်။ ဝိတက်က ယှဉ်ဖက်သမ္ပယုတ်တရားစုကို အာရုံတစ်ခုသို့ ရောက်နေအောင် မနေမနား တင်ပေးပါမှ ဝိစာရက အာရုံကို ထပ်တလဲလဲ စွဲမြဲစွာ သုံးသပ်ခြင်းသဘောကို ဆောင်ရွက်နိုင်ပေသည်။

ဝိစာရက အာရုံကို ထပ်တလဲလဲ သုံးသပ်ပေးပါမှ ပီတိက အာရုံကို နှစ်သက်ခြင်းသဘောကို ဆောင်ရွက်နိုင်ပါမည်။ ပီတိက အာရုံကို နှစ်သက်ပါမှလည်း သုခကအာရုံ၏ အရသာကို ခံစားခြင်းသဘောကို ဆောင်ရွက်နိုင်ပါမည်။ သုခက မွန်မြတ်သော အရသာကို ခံစားပါမှ ဧကဂ္ဂတာက တစ်ခုတည်းသော အာရုံ၌ စိတ်ကိုတည်တံ့စေခြင်းကိစ္စကို ဆောင်ရွက်နိုင်ပါမည်။

ထို့ကြောင့် ဧကဂ္ဂတာ၏ အနီးကပ်ဆုံးသော အကြောင်းမှာ သုခဖြစ်ပါသည်။ ဝိတက်၊ ဝိစာရ၊ ပီတိ စသည်တို့ကား ဧကဂ္ဂတာ၏ အနီးကပ်ဆုံးသော အကြောင်းမဟုတ်ဘဲ ဝေးသော အကြောင်းများသာ ဖြစ်ကြလေသည်။

သို့ပါသော်လည်း ဧကဂ္ဂတာ၏ အနီးကပ်ဆုံးသောအကြောင်းမှာ သုခဖြစ်သည်ဟု ဆိုသော်လည်း စတုတ္ထဈာန် စသည်၌ သုခမရှိသောကြောင့် နီးစွာသောအကြောင်းမှာ သုခမဖြစ်နိုင်ပေ။ ထို့ကြောင့် သုခသည် ဧကဂ္ဂတာ၏ အနီးကပ်ဆုံးသော အကြောင်းဖြစ်သည်ဟု ဆိုခြင်းသည် များသောအားဖြင့် ဖြစ်သည်ကို ရည်ရွယ်၍ဆိုခြင်း ဖြစ်လေသည်။

ထို့ကြောင့် အဋ္ဌကထာ၌ သုခသည် ဧကဂ္ဂတာ၏ ပဒဋ္ဌာန်ဖြစ်သည်ဟု ဆိုရာ၌ ဝိသေသ အားဖြင့် ဖြစ်သည်ကို ဆိုလိုပေသည်ဟု ဖွင့်ပြ၍ ဋီကာ၌ ဝိသေသအားဖြင့် ဖြစ်သည်ဟု အဋ္ဌကထာဆရာဆိုသည်မှာ ယေဘုယျအားဖြင့် ဖြစ်သည်ကို ဆိုလိုရင်းဖြစ်၏ဟု ထပ်ဆင့် ဖွင့်ပြပေသည်။

အနုဋီကာ၌ကား သုခသည် သမာဓိ၏ အထူးဝိသေသအားဖြင့် အနီးကပ်ဆုံးအကြောင်း ဖြစ်နိုင်ပုံကို ချမ်းသာမှုသုခရှိသူ၏စိတ်သည် တည်ကြည်၏ဟု ဟောတော်မူသည်ကို ကိုးကားလျက် ဝိသေသဆိုသည်မှာ အလွန်အကဲ အထူးဝိသေသအားဖြင့် ဖြစ်ခြင်းမျိုးကို ဆိုနိုင်သေးကြောင်း ဖွင့်ဆိုလေသည်။

## ဥပစာရသမာဓိနှင့် အပ္ပနာသမာဓိအထူး

စိတ်၏တည်ကြည်မှု သမာဓိသည် ဥပစာရအခိုက်အတန့်၌ နီဝရဏတို့ကို ပယ်ခြင်းဖြင့် စိတ်၏ တည်ကြည်မှုကို ရရှိသည်။ ဈာန်ကိုရသော အပ္ပနာအခိုက်အတန့်၌ကား ဈာန်အင်္ဂါ ထင်ရှားဖြစ်ပေါ်ခြင်းဖြင့် စိတ်၏တည်ငြိမ်မှုကို ရရှိခြင်းဖြစ်သည်။ ထို့ပြင် ဥပစာရသမာဓိ ဖြစ်သောအခါ ယောဂီ၏စိတ်သည် ရံခါ နိမိတ်ကို အာရုံပြု၍ ရံခါ ဘဝင်သို့ သက်ရောက်လေသည်။ ဥပမာ နုနယ်သော ကလေးသူငယ်ကို မထူ၍ထားသော်လည်း အဖန်ဖန် မြေသို့ လဲကျဘိသကဲ့သို့ ထို့အတူ ဥပစာရအခိုက်၌ အားအစွမ်း မရှိသောကြောင့် ရံခါနိမိတ်ကို အာရုံပြုသော်လည်း ရံခါ ဘဝင်သို့ သက်ရောက်ရလေသည်။

အပ္ပနာသမာဓိ ဖြစ်သောအခါ၌ကား ဈာန်စိတ်သည် နေ့ရောညဥ့်ပါ ကုသိုလ်ဇောစိတ် အစဉ်များဖြစ်ပြီး (ဝါ) ကုသိုလ်ဇောချည်းဖြစ်၍ ကမ္မဋ္ဌာန်းအာရုံ၌ တည်လေသည်။ ဥပမာ- အားရှိသော ယောက်ျားသည် နေရာမှထ၍ တစ်နေ့ပတ်လုံး ရပ်နိုင်ဘိသကဲ့သို့ ဤအတူ အပ္ပနာ အခိုက်အတန့်၌ ဈာန်အင်္ဂါတို့သည် အားရှိသောကြောင့် နေ့ရောညဥ့်ပါ ကုသိုလ်ဇောချည်း ဖြစ်၍ ကမ္မဋ္ဌာန်းအာရုံ၌ တည်လေသည်။

## ဈာန်ဝင်စားခြင်းနှင့် မြေလျှိုးမိုးပျံခြင်း

* ထိုပဥ္စမဈာန်ကို ဝင်စားနိုင်သူမှသာ အဘိညာဉ်အတွက် ဆက်လက် ကြိုးပမ်း အားထုတ်ရမည် ဖြစ်ပါသည်။
* ဤသို့ ဈာန်ဝင်စားခြင်းကိုပင် ကောင်းကင်ခရီးဖြင့် ဈာန်ပျံသည်ဟု လူအများက မှတ်ထင်ကြပါသည်။ ဈာန်ရတိုင်း ကောင်းကင်ပျံ၍ မရနိုင်ပါ။ အဘိညာဏ်တန်ခိုး ရရှိသူမှသာ မြေလျှိုးမိုးပျံနိုင်ခြင်း ဖြစ်ပါသည်။ အဘိညာဏ်မည်သည် အဘိ + ညာဏ်= အထူးအစွမ်းထက်သည့် ဉာဏ်မည်ပေသည်။
* အထက်ဖော်ပြပါ ရူပဈာန်ကို ရရှိထားသည့် သူတော်ကောင်းတို့ကသာ အဘိညာဏ်ကို ထပ်ဆင့် ကြိုးစား အားထုတ်ရပါသည်။ ထို့ကြောင့် ဈာန်မည်သည် အဘိညာဏ်တို့၏ အခြေခံ လုပ်ငန်းစဉ်များသာ ဖြစ်၏။

## ဈာန်သဘောပါနေသည်

ကုသိုလ်လုပ်တိုင်း ဈာန်သဘောပါနေသည်။ ဥပမာ “မနက်ဖန် မနက် ဆွမ်းချက် လောင်းမယ်”ဟု စိတ်ကူးကြံစည်သည်၊ အပြန်အလှန် သုံးသပ်နေသည်၊ ဆွမ်းလောင်းလှူရန် ပြင်ဆင်နေရသည်ကို နှစ်သက် ဝမ်းမြောက်နေသည်။ ထိုသူ၏ စိတ် အစဉ်တွင် ဝိတက်၊ ဝိစာရ၊ ပီတိ စသည် ပါနေသည်။ စိတ်အေးငြိမ်း ချမ်းသာနေသည်မှာ သုခဖြစ်သည်၊ တည်ကြည်မှု သမာဓိလည်း ပါနေပါသည်။ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ် လုပ်ငန်းများတွင် ဈာန်အင်္ဂါများ ပါနေသည်သာ။ တစ်ဖန် အကုသိုလ်အမှုဖြစ်သည့် ခိုးမည်၊ သတ်မည် စသည်ကို ကြံစည် ရာတွင်လည်း ဈာန်အင်္ဂါများ ထိုက်သည့်အားလျော်စွာ ပါနေသည်သာ။

## သမထနှင့် ဝိပဿနာကမ္မဋ္ဌာန်း

မေတ္တာကမ္မဋ္ဌာန်းကို ရှုပွားလိုသော ယောဂီသည် ပုဂ္ဂိုလ်သတ္တဝါ တစ်ဦးဦးကို စူးစူး စိုက်စိုက် အာရုံပြုပြီး “ကျန်းမာချမ်းသာပါစေ၊ ကျန်းမာချမ်းသာပါစေ” ဟု စိတ်ထဲ အကြိမ်ကြိမ် အထပ်ထပ် ရှုပွားရပါမည်။ ရှုပွားဖန်များလာသည်နှင့်အမျှ ကြည်နူးနှစ်သိမ့်သည့် ပီတိ၊ ချမ်းသာမှု သုခ၊ အာရုံပေါ်တွင်သာ စိတ်က စူးစိုက်ကျရောက်နေမှု ဧကဂ္ဂတာတရားတို့ ဖြစ်လာမည်။ ဤတရား တို့သည် တစ်ခဏ တစ်ခဏအတွင်း ပြောင်းလဲဖြစ်ပျက်နေကြသည့် သဘောအထိ အသိစိုက် ရောက်လာပါက ဝိပဿနာဉာဏ် သက်ဝင်လာလေပြီ။

* စူးစူးစိုက်စိုက် ရှုမှတ်သည်ဆိုရာတွင် ကမ္မဋ္ဌာန်းအားထုတ်သည့် ယောဂီက ရှုပွားခြင်း မဟုတ်ပါ၊ ထို ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသော တရားငါးပါးတို့က ရှုနေခြင်းသာဖြစ်ကြောင်းကို တရားအားထုတ်နေကြသည့် ယောဂီများအနေဖြင့် သတိပြုရပေမည်။
* အာရုံတစ်ခုတည်းအပေါ် စူးစိုက်တည်ကြည်ခြင်းသည် ဧကဂ္ဂတာတရား၏ လုပ်ငန်း ဖြစ်၏။ အများပြောဆိုကြသည့် သမာဓိတရားမည်သည် ဤဧကဂ္ဂတာကို ပြောခြင်း ဖြစ်သည်။
* ဈာန်အင်္ဂါတရားတို့သည် တားဆီးပိတ်ပင်တတ်သော နီဝရဏ = Hindrance. တို့ကို ပယ်ခွာနိုင်စွမ်း ရှိလေသည်။

## ငြိမ်းအေးမှုအဆင့်ဆင့်

တရားရှုမှတ်လာသည်နှင့်အမျှ ငြိမ်းအေးမှုအမျိုးမျိုးကို တွေ့ကြုံနိုင်ပါသည် -

(က) ကာမဂုဏ်နှင့် အကုသိုလ်တရားများ ကင်းဝေးပြီး ကြံစည်စဉ်းစားမှု (ဝိတက်) သုံးသပ်ဆင်ခြင်မှု (ဝိစာရ)များပါ ကင်းဆိတ်ကာ ပီတိကြောင့်ဖြစ်သည့် အေးငြိမ်း မှုလည်းရှိ၏။

(ခ ) ပီတိပါကင်းပျောက်ပြီး သုခချည်းသက်သက်ကြောင့် ချမ်းသာသည့် ငြိမ်းအေးမှု လည်း ရှိသေးသည်။

(ဂ ) သုခကိုလည်း ပယ်ဖျောက်ပြီး ဝမ်းသာဝမ်းနည်းမရှိဘဲ ဥပေက္ခာကြောင့် ငြိမ်သက် အေးငြိမ်းမှုကလည်း ရှိပါသေးသည်။

(ဃ) မှတ်သားမှုသညာ အားလုံးကို လွန်မြောက်ကာ အာကာသဟူသော ကောင်းကင် ပညတ်ကို အာရုံပြုပြီးနေနိုင်သည့် ငြိမ်းအေးမှုလည်း ရှိသေးသည်။

(င ) ထို့ပြင် အာကာသကိုပင် နှလုံးမသွင်းမူဘဲ သိမှု (ဝိညာဉ်) တစ်ခုထဲကို သာလျှင် အာရုံပြုကာနေသည့် ချမ်းသာမှုလည်း ရှိပါသေးသည်။

(စ ) သိမှု (ဝိညာဉ်)ကိုပါ နှလုံးမသွင်းတော့ဘဲ စိုးစဉ်းမျှမရှိသည်ကို သိ၍နေသည့် ငြိမ်းအေးမှုလည်း ရှိသေးသည်။

(ဆ) ထိုဘာမှမရှိကိုပင် သိမနေတော့ဘဲ သညာရှိသည်လည်းမဟုတ်၊ သညာမရှိသည် လည်းမဟုတ်ဟု ဆိုရလောက်အောင် အလွန်သိမ်မွေ့သည့် စိတ်အဆင့်ဖြင့် ငြိမ်းအေးမှုလည်း ရှိသေးသည်။

## သာသနာတော်၏ ပဓာနကျသည့် ငြိမ်းအေးမှု

မြတ်စွာဘုရားရှင် သာသနာတော်၏ အဓိကပဓာန အနှစ်သာရမှာမူ မဂ်ဖိုလ် နိဗ္ဗာန်သာလျှင်တည်း။

*မယှံ ပန သာသနေ န ဧတံ သာရံ၊ ဝိပဿနာမဂ္ဂဖလာနိ သာရံ။*

မယှံ- ငါဘုရား၏၊ သာသနေ - အဆုံးအမသာသနာတော်၌၊ ဧတံ - ဤသမာဓိကိစ္စသည်၊ န သာရံ - အနှစ်သာရ အားကိုးရာမဟုတ်၊ ဝိပဿနာမဂ္ဂဖလာနိ - ဝိပဿနာမဂ်ဖိုလ်တို့သည်၊ သာသနေ - ငါဘုရား၏ သာသနာတော်၌၊ သာရံ- အားကိုးစရာ အနှစ်သာရပေတည်း။

ယောဂီပုဂ္ဂိုလ်များအနေဖြင့် ရုပ်ဓမ္မ၊ နာမ်ဓမ္မကို ဝိပဿနာတင် ရှုပွားကာနေသော်လည်း ကျွမ်းကျင်လိမ္မာမှု မရှိသေးလျှင်သော်လည်းကောင်း၊ ဆရာကောင်း မမှီရလျှင်သော်လည်းကောင်း ဉာဏ်ပိုင်းမရောက်ဘဲ စျာန်ပိုင်းကို ရောက်နေတတ်ပါသည်။

## ဝိပဿနာ ရှုပွားရာတွင်လည်း စျာန်သဘောများ ပါနေတတ်သည်

“ဝိပဿနာရှုတဲ့ နေရာမှာလည်း စျာန်သဘောတွေ ပါနေတတ်ပါတယ်။ ဒါက ပဋိပတ် ပရိယတ် ကျွမ်းကျင်နဲ့စပ်ဖို့ လိုပါတယ်။ (၁) အာရုံပေါ်အောင်ကြံမှု ဝိတက်၊ (၂) အာရုံကို ထပ်ခါထပ်ခါ သုံးသပ်ဆင်ခြင်မှု ဝိစာရ (၃) နှစ်သက်အားရမှု ပီတိ၊ (၄) စိတ်ရွှင်လန်းချမ်းသာမှု သုခနှင့် (၅) ရှုခိုက်အာရုံနှင့် ကပ်ခနဲ၊ ကပ်ခနဲ အားစိုက်တည်ကြည်မှု သမာဓိတို့ ထင်ရှားပါတယ်။ ရှုမှတ်တိုင်းမှာ စျာန်အင်္ဂါ ၅-ပါးရှိတဲ့ ပထမစျာန်နှင့် ခပ်တူတူ ဖြစ်နေတတ်ပါတယ်။

ဥဒယဗ္ဗယဉာဏ် ရောက်တဲ့အခါမှာ ပေါ်လာသမျှအာရုံကို မှတ်သိရုံမျှ မှတ်သိသွားပြီး ပီတိသုခတွေ အလွန်အကဲ ဖြစ်နေတယ်။ စိတ်ပျံ့လွင့်မှုမရှိဘဲ တည်ငြိမ်နေတယ်။ ဒါကြောင့် ဒီရှုမှတ်တိုင်း ရှုမှတ်တိုင်းမှာ စျာန်အင်္ဂါ ၃-ပါးရှိတဲ့ ဒုတိယစျာန်နှင့် ခပ်တူတူ ဖြစ်နေတယ်။

ဥဒယဗ္ဗယဉာဏ် အရင့်ပိုင်းမှာတော့ အရောင်အလင်းစတဲ့ ဥပက္ကိလေသာတွေ ပျောက်သွားပြီး အာရုံတွေ အဖြစ်အပျက်တွေကို ရှင်းလင်းပြတ်သားစွာ သိရပါတယ်။ အဲဒီအခါမှာ ပီတိသဘော မပါတော့ဘဲ စိတ်ချမ်းသာမှုက အလွန်အကဲ ထင်ရှားပါတယ်။ စိတ်ပျံ့လွင့်မှုမရှိဘဲ တည်ငြိမ်နေတယ်။ အဲဒီမှာ ရှုမှတ်တိုင်း ရှုမှတ်တိုင်း သုခဧကဂ္ဂတာဆိုတဲ့ အင်္ဂါ ၂-ပါးရှိတဲ့ တတိယစျာန်နှင့် ခပ်တူတူ ဖြစ်နေတယ်။

---

**ကျမ်းညွှန်း** ✳ ခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာ (နှာ-၂၈၉)

ဘင်္ဂဉာဏ်အစရှိတဲ့ အထက်ပိုင်းဉာဏ်တွေကတော့ ဥပေက္ခာနှင့် ဧကဂ္ဂတာ ထင်ရှားတတ်တယ်။ သင်္ခါရုပေက္ခာဉာဏ်မှာ လျစ်လျူရှုတဲ့ ဥပေက္ခာဧကဂ္ဂတာဆိုတဲ့ အင်္ဂါ ၂-ပါးရှိတဲ့ စတုတ္ထဈာန်နှင့် ခပ်တူတူ ဖြစ်နေတတ်တယ်။

တစ်ခါတစ်ရံမှာ ကိုယ်ကြီးတစ်ကိုယ်လုံးပျောက်ပြီး ဟင်းလင်းပြင်ထဲ ရောက်နေသလို ထင်ရတဲ့အခါမှာ အာကာသနဉ္စာယတနဈာန်၊ စိတ်တစ်မျိုးတည်းပေါ်နေလို့ အဲဒီစိတ်ကို ကြည့်ရှုနေတဲ့အခါမှာ ဝိညာဏဉ္စာယတနဈာန်၊ ဘာမျှမရှိတာကိုချည်း ရှုမှတ်နေရသလို ထင်ရတဲ့အခါမှာ အာကိဉ္စညာယတနဈာန်နှင့် ပေါ်လာတဲ့စိတ်ကော မှတ်သိတဲ့စိတ်ပါ အလွန်သိမ်မွေ့နေလို့ စိတ်ဟာ မရှိသလိုလို ဖြစ်နေတဲ့အခါမှာ နေဝသညာနာသညာယတနဈာန်တွေနှင့် ခပ်တူတူ ဖြစ်နေတယ်" ဟု မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်းကျမ်း၌ လာရှိပါသည်။

## မှားတတ်ပါသည်

ယနေ့ သာသနာတော်၌လည်း ပရိယတ်အရာ အခြေခံကောင်းကို လက်ဝယ်ထားပြီး တောထဲ၌ တစ်ပါးတည်းနေပြီး အရိုးကျေကျေ အရည်ခမ်းခမ်း အားထုတ်တော်မူနေကြသည့် အရှင်ကောင်း အရှင်မြတ်များ ရှိနေပါသည်။ ပရိယတ္တိနှင့် ပရိပတ္တိ အရာသည် အလွန် သိမ်မွေ့လွန်းပါသည်။ ထို့ထက် သမထနှင့် ဝိပဿနာအရာသည် သာ၍ သိမ်မွေ့သောကြောင့် ဆုံးဖြတ်ချက်ချ မစောမိရန် လိုအပ်ပါသည်။

ထို့ကြောင့် အားထုတ်မှုအစဉ်တွင် ငြိမ်းအေးမှုအမျိုးမျိုး ရှိနိုင်ပါသည်။ ဈာန်ပိုင်းတွင်လည်း ချုပ်ပျောက်မှုနှင့် ဆင်တူသဖြင့် ကောက်ချက်ချ မှားတတ်ပါသည်။ ပီတိကြောင့်လည်း ဖြစ်တတ်သည်။ သုခကြောင့်လည်း ဖြစ်တတ်သည်။ သမာဓိကြောင့်လည်း ဖြစ်တတ်သည်။ ရံခါ ထိနမိဒ္ဓကြောင့်လည်း ချုပ်ပျောက်သယောင်ယောင် မှားယွင်း ယူဆမိတတ်သည်။

ထိုင်၍ တရားအားထုတ်နေစဉ်တွင် လင်းခနဲ၊ သိမ့်ခနဲ၊ လက်ခနဲလည်း ဖြစ်ဖြစ်သွားတတ်သည်။ ရံခါ အတန်ကြာ ဘာမှမသိသလိုလိုလည်း ဖြစ်နေတတ်ပါသည်။သတိအတော်အတန် ကောင်းလာသော ယောဂီ၌မူ ဘဝင်စိတ်များ ခြားသွားသဖြင့်လည်း ဘာမျှမသိလိုက်သည့်သဘောမျိုး ဖြစ်တတ်ပါသည်။

ထို့ကြောင့် မှားနိုင်စရာ များစွာရှိနေသောကြောင့် ပရိယတ် ပဋိပတ် စွယ်စုံကျွမ်းကျင်တော်မူသည့် ဆရာသမားများထံ ဆည်းကပ်ခါ နည်းခံယူမိရန် အလွန်ပင် အရေးကြီးလွန်းပါသည်။

---

**ကျမ်းညွှန်း** * မဟာစည်ဆရာတော်ကြီး၏ ဝိပဿနာရှုဖွယ်ကျမ်း

## အာရမ္မဏူပနိဇ္ဈာန်နှင့် လက္ခဏူပနိဇ္ဈာန်

စျာန်တရားဟူသည် ကသိုဏ်းစသည့် အာရုံကို စူးစိုက်ရှုမှတ်ရသည့် အာရမ္မဏူပနိဇ္ဈာန်နှင့် သင်္ခါရရုပ်နာမ်တို့၏ အနိစ္စ စသည့် သဘောလက္ခဏာတို့ကို စူးစိုက်ရှုပွားရသည့် လက္ခဏူပနိဇ္ဈာန်ဟူ၍ နှစ်မျိုးရှိ၏။

စျာန်သမာပတ်သည် အာရမ္မဏူပနိဇ္ဈာန်ကို ခေါ်ခြင်းဖြစ်သည်။ အာရုံတစ်ခုတည်း၌ စိတ်ကို စွဲမြဲသက်ဝင်တည်နေသဖြင့် အပ္ပနာစျာန် (စျာန်သမာဓိ)ဟု ခေါ်၏။ သာသနာပ ကာလတွင် အမြင့်ဆုံးပန်းတိုင်မှာ ဤအပ္ပနာစျာန် ဖြစ်ပေသည်။

သာသနာတွင်း၌မူ စျာန်သည် ပန်းတိုင်မဟုတ် ငြမ်းသာဖြစ်၏။ အကြောင်းမှာ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်ရေးအတွက် အထောက်အကူပြုသဖြင့် ငြမ်းသဘော ဖြစ်ခြင်းပေတည်း။ သာသနာတွင်း၌မူ ပေါ်လာသမျှ အရှုခံအာရုံ၏ မတည်တံ့သည့် သဘောလက္ခဏာ၊ မခိုင်ခံ့သည့် သဘောလက္ခဏာ၊ အစိုးမရသည့် သဘောလက္ခဏာတို့ကို ရှုပွားရသဖြင့် လက္ခဏူပနိဇ္ဈာန် မည်ပေသည်။

## မဟာစည်ဆရာတော်ကြီး၏ စျာန်ဆိုင်ရာလင်္ကာ

စူးစိုက်သမှု ကပ်၍ရှု စျာန်ဟု ခေါ်ပေသည်။
အာရမ္မဏူ လက္ခဏူ နှစ်မူကွဲပြားသည်။
သမထစျာန် ဝိပဿ်စျာန် နှစ်တန်သူ့အမည်။
တည်ငြိမ်ရုံမျှ ရှုနေက သမထစျာန် ခေါ်သည်။
လက္ခဏာသုံးရပ် ရှုသိမှတ် ဝိပဿ်စျာန် ခေါ်သည်။

## ဆီမီးလျှံ၏ ငြိမ်သက်ခြင်းနှင့် တူသည်

အာရုံတစ်ခု၌ တည်တံ့မှု ဧကဂ္ဂတာသည် ကောင်းမှုကုသိုလ်ဆိုင်ရာတွင် စူးစိုက်စွာ တည်တံ့မှု၊ အစိုးတရ တည်တံ့မှု၊ မတုန်မလှုပ် တည်တံ့မှုသဘောများ ဖြစ်ပေါ်လာပြီး အာရုံတစ်ခု၌ စိတ်ငြိမ်သက်စွာ တည်ကြည်မှု သမာဓိသဘော ဖြစ်လာ၏။ ထိုသို့ဖြစ်ပေါ်လာသော သမာဓိသည် အဋ္ဌကထာအဆိုအရ လေငြိမ်သောအရပ်၌ ထွန်းညှိ၍ထားအပ်သော ဆီမီးလျှံ၏ တည်ငြိမ်ခြင်းနှင့် တူလေသည်။

လေငြိမ်သောအရပ်၌ ထွန်းညှိ၍ထားအပ်သော ဆီမီးလျှံသည် မယိမ်းမယိုင် ဖြောင့်မတ်တည်ငြိမ်သကဲ့သို့ စိတ်၏တည်ကြည်မှု သမာဓိသည်လည်း ထိုထိုအာရုံသို့ ယိမ်းယိုင်လှုပ်ရှားခြင်းမရှိ၊ တစ်ခုတည်းသော အာရုံ၌သာ ငြိမ်သက်စွာ တည်ကြည်လေသည်။

ဥပမာအားဖြင့် ယောဂီသူတော်စင်သည် ပထဝီကသိုဏ်းအာရုံကို ပထဝီ၊ ပထဝီ၊ ပထဝီဟု အဖန်ဖန် စီးဖြန်းသောအခါ ထိုယောဂီ၏ စိတ်သည် ပထဝီကသိုဏ်းဟူသော မြေအဝိုင်းအာရုံတစ်ခု၌သာ ငြိမ်သက်စွာ တည်၍နေသည်။

စီးဖြန်းမှုအရှိန်ရလေလေ တည်ကြည် ငြိမ်သက်မှုသမာဓိ ကောင်းလာလေလေ ဖြစ်၏။ ထိုအခါ ယောဂီ၏စိတ်သည် လေငြိမ်သောအရပ်၌ ထွန်းညှိထားအပ်သော ဆီမီးလျှံ၏ တည်ငြိမ်ပုံကဲ့သို့ ပထဝီကသိုဏ်းဟူသော အာရုံပေါ်မှ သွေဖီ၍မသွားဘဲ ပျံ့လွင့်မှုဥဒ္ဓစ္စက မည်မျှပင် ဆွနေသော်လည်း တုန်လှုပ်ထကြွခြင်းမရှိဘဲ ငြိမ်သက်စွာ တည်ရှိလေသည်။

ထို့ကြောင့် သူတော်စင်ယောဂီသည် သမာဓိ၏ သဘောကို ဆင်ခြင်သည့်အခါ ငြိမ်သက်သော သဘောတရားဟု ဉာဏ်အားရှေးရှုထင်လာ၏။ ထိုသို့ထင်လာသောကြောင့် အာရုံတစ်ခု၌ တည်တံ့မှုသမာဓိသည် ငြိမ်သက်သောသဘော (ဥပသမပစ္စုပဋ္ဌာန်) ရှိသည်ဟု ဖွင့်ဆိုကြသည်။

## ဝိတက်နှင့် ထိန၊ မိဒ္ဓ နီဝရဏ

ဝိတက်ကို ကြံစည်ခြင်းဟု ပြန်ဆိုကြပါသည်။ ဝိတက်သည် အာရုံပေါ်သို့ စိတ်ကို တင်ပေးသည့် လက္ခဏာရှိသဖြင့် ဝိတက်သည် ကုသိုလ်ဖြစ်စရာအာရုံပေါ်ကိုလည်း စိတ်ကို တင်ပေးသကဲ့သို့၊ အကုသိုလ်ဖြစ်စရာ အာရုံပေါ်သို့လည်း စိတ်ကို တင်ပေးလေ့ ရှိပါသည်။ ထို့ကြောင့် ကုသိုလ် ဝိတက်၊ အကုသိုလ်ဝိတက်ဟူ၍ ရှိနိုင်ပေသည်။ ကမ္မဋ္ဌာန်းအာရုံပေါ် စိတ်ကို တင်တင်ပေးသည့် ဝိတက်သည် ဈာန်ဆိုင်ရာ ဝိတက်ဖြစ်၏။ ဤဝိတက်က ထိန မိဒ္ဓ နီဝရဏ ဟူသော ထိုင်းမှိုင်း ငိုက်မျဉ်းမှုကို ပယ်ခွာပေးနိုင်၏။

## ဝိစာရနှင့် ဝိစိကိစ္ဆာနီဝရဏ

ဝိစာရသည် အာရုံကို အပြန်ပြန် သုံးသပ်ခြင်း သဘောလက္ခဏာရှိ၏။ ဝိစိကိစ္ဆာသည် ရတနာသုံးပါးအပေါ် ယုံမှားသံသယဖြစ်တတ်သည့် သဘောရှိ၏။ ဝိစာရသည် ဝိတက်က

တင်ပေးလိုက်သည့် အာရုံကို အပြန်ပြန်အလှန်လှန် သုံးသပ်နိုင်စွမ်းသည့် သဘောရှိသဖြင့် ဝိစိကိစ္ဆာ၏ နှောင့်ယှက်မှုကြောင့် ပေါ်ပေါက်နေသည့် ယုံမှားသံသယကို ပယ်ခွာပေးနိုင်သည်။

## ပီတိနှင့် ဗျာပါဒ

ပီတိသည် မြန်မာစကားကဲ့သို့ ဖြစ်နေပါသည်၊ အဓိပ္ပါယ်မှာ နှစ်သက်ခြင်းပေတည်း။ ပီတိသည် အာရုံပေါ် နှစ်သက်နေသည့် သဘောလက္ခဏာ ရှိ၏။ နှစ်သက်မှု ရှိနေခြင်းကြောင့်ပင် ခက်ထန် ကြမ်းတမ်း ပူလောင်သည့် ဗျာပါဒ နီဝရဏကို စိတ်အိမ်မှ ပယ်ခွာနိုင်ခြင်း ဖြစ်၏။

## သုခနှင့် ဥဒ္ဓစ္စ ကုက္ကုစ္စ

သုခသည်လည်း မြန်မာစကားကဲ့သို့ပင် ဖြစ်နေပါသည်၊ အဓိပ္ပါယ်မှာ ချမ်းသာခြင်းပေတည်း။ သုခသည် အာရုံ၏အရသာကို စိတ်ဝယ် ချမ်းချမ်းသာသာခံစားသည့် သဘောလက္ခဏာရှိပေသည်။ ထို့ကြောင့် ရရှိလာသည့် အာရုံဖြင့် စိတ်နှလုံးချမ်းသာနေသောကြောင့်ပင် စိတ်ပျံ့လွင့်ခြင်း ဥဒ္ဓစ္စနှင့် ပြုမှားခဲ့မိဖူးသည့် မကောင်းမှုအတွက်လည်းကောင်း၊ မပြုရသေးသည့် ကောင်းမှု မပြုမိသေးခြင်းအတွက်လည်းကောင်း စိတ်ဝယ် ပူလောင် ပင်ပန်းစေနိုင်စွမ်းသည့် ကုက္ကုစ္စ နီဝရဏကို ပယ်ခွာနိုင်ခြင်း ဖြစ်ပေ၏။

## သမာဓိနှင့် ကာမစ္ဆန္ဒနီဝရဏ

ဧကဂ္ဂတာဟူသည် အာရုံတစ်ခုတည်းအပေါ်တွင် စိတ်တည်ငြိမ်နေခြင်းပေတည်း။ အဠကထာ၌ သမာဓိဟူ၍လည်း သုံးနှုန်း၏။ ကာမစ္ဆန္ဒနီဝရဏမည်သည် အာရုံငါးပါး ကာမဂုဏ်တရားတို့ကို နှစ်သက်စွဲလမ်း တပ်မက်တတ်သည့်သဘော ဖြစ်ပါသည်။ ကာမဂုဏ်နောက် တကောက်ကောက် လိုက်ပါသွားသည့် စိတ်၌ ငြိမ်သက်တည်ကြည်မှုဟူ၍ မရှိတော့ပေ။ ဈာန် အင်္ဂါနှင့် ယှဉ်တွဲနေသည့် ဈာန်စိတ်အစဉ် လွင့်စဉ်မသွားရလေရန် သမာဓိမည်သော ဧကဂ္ဂတာ တရားက အာရုံပေါ် တည်ကြည်ငြိမ်သက်စွာနေသဖြင့် ဆန့်ကျင်ဘက် ကာမစ္ဆန္ဒနီဝရဏကို ပယ်ခွာနိုင်ခြင်းဖြစ်သည်။

## သာမဏေတစ်ပါး၏တရားကြောင့် အသောကမင်း ဗုဒ္ဓဘာသာကူးပြောင်း

ရှင်သာမဏေငယ်တစ်ပါး ငြိမ်သက် တည်ကြည်သောဣန္ဒြေဖြင့် ကြွလှမ်းနေသည်ကို အသောကမင်းတရားကြီးက နန်းတော်လေသာပြူတင်းမှ စူးစူးစိုက်စိုက် ကြည့်ရှုကာ "လောက လူသားတွေ အချိန်တိုင်း လှုပ်လှုပ်ခတ်ခတ် ဖြစ်နေကြတယ်၊ ဒီသာမဏေလေးက အလွန် မတန် ငြိမ်သက်တည်ကြည်တယ်၊ ကြည်ညိုစရာ ကောင်းလိုက်တာ" ဤနေရာတွင် ဈာန ပစ္စည်းက ကျေးဇူးပြုနေခြင်း ဖြစ်ပါသည်။ မင်းတရားကြီးအမိန့်ဖြင့် အမတ်ကြီးများက ကိုရင်လေးအား ပင့်လာရာ ငြိမ်ငြိမ်သက်သက်ပင် နန်းတော်ထဲ ရောက်ရှိလာပါသည်။

ထိုအခါ မင်းတရားကြီးက "*အရှင်ဘုရားနဲ့ သင့်တော်တဲ့နေရာဌာနမှာ ထိုင်တော်မူပါ ဘုရား*"ဟု လျှောက်ထားရာ ကိုရင်က မိမိအလေးဂရုပြုရမည့် ရဟန်း၊ သာမဏေ ရှိ မရှိ ကြည့်ရှုရာ မရှိကြောင်းသိသဖြင့် ဘုရင်မင်းတရားကြီး၏ ရာဇပလ္လင်ထက်တက်ပြီး ရဲရဲရင့်ရင့် သီတင်းသုံးတော်မူပါသည်။

## အသောကမင်းကြီးကို ဗုဒ္ဓဘာသာဝင် ဖြစ်သွားစေသည့်တရား

ရှင်ဘုရင်က အရှင်ဘုရား၏ဆရာ ဟောကြားသည့်တရား နာလိုပါသည်ဟု လျှောက် ထားရာ နိဂြောဓသာမဏေက "*အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ*"ဟု ဟောကြား တော်မူပါသည်။ အဓိပ္ပါယ်မှာ "*သတိရှိကာ သိနေတာ၊ သေမှာလွတ်ဖို့ အကြောင်းတည်း။ သတိကင်းပ မေ့နေက သေကြဖို့ရာ အကြောင်းတည်း။ လုပ်ကိုင်ပြောကြား သတိထား မေ့အား မကြီးနဲ့*"။

အသောကမင်းကြီးသည် ဤအပ္ပမာဒတရားကို နာကြားလိုက်ရသဖြင့် အလွန်ပင် နှစ်သက်သဘောကျသဖြင့် "*အရှင်ဘုရားအတွက် ဘုရားတပည့်တော် ဆွမ်းရှစ်အုပ် လှူဒါန်း ပါမယ်ဘုရား*"ဟု လျှောက်ထားရာ ကိုရင်က "*ဒကာတော်မင်းတရား အဲဒီဆွမ်းရှစ်အုပ်ကို ဥပဇ္ဈာယ် ဆရာအား လှူဒါန်းပါတယ်*"ဟု မိန့်ကြားပါသည်။ ရှင်ဘုရင်က "*ကောင်းပါပြီ၊ အရှင်ဘုရားအတွက် ဘုရားတပည့်တော် နောက်ထပ် ဆွမ်းရှစ်အုပ် လှူဒါန်းပါမယ်ဘုရား*"ဟု လျှောက်ထားရာ ကိုရင်က "*ဒကာတော်မင်းတရား အဲဒီဆွမ်းရှစ်အုပ်ကို ဓမ္မာစရိယဆရာတော်တို့အား လှူဒါန်း ပါတယ်*"ဟု မိန့်ကြားပါသည်။

ရှင်ဘုရင်က *"ကောင်းပါပြီ၊ အရှင်ဘုရားအတွက် ဘုရားတပည့်တော် နောက်ထပ် ဆွမ်းရှစ်အုပ် လှူဒါန်းပါမယ်ဘုရား"*ဟု လျှောက်ထားရာ ကိုရင်က *"ဒကာတော်မင်းတရား အဲဒီဆွမ်းရှစ်အုပ်ကို သံဃာတော်များအား လှူဒါန်းပါတယ်"*ဟု မိန့်ကြားပါသည်။ ရှင်ဘုရင်က *"ကောင်းပါပြီ၊ အရှင်ဘုရားအတွက် ဘုရားတပည့်တော် နောက်ထပ် ဆွမ်းရှစ်အုပ် လှူဒါန်းပါမယ်ဘုရား"* ဟု လျှောက်ထားသဖြင့် ရှင်ဘုရင်မင်းမြတ်သည် တစ်ထိုင်တည်း တစ်နေရာတည်းတွင် ဆွမ်းအုပ် ၃၂-အုပ် လှူဒါန်းခဲ့ပါသည်။

## မင်းကောင်းတစ်ပါးကြောင့် သာသနာ တစ်ခေတ်ဆန်းခဲ့သည်

နောက်တစ်နေ့နံနက်တွင် နိဂြောဓသာမဏေက ဥပဇ္ဈာယ်ဆရာ အပါအဝင် သံဃာတော် အရှင်သူမြတ်များကို နန်းတော်သို့ ပင့်ဆောင်လာခဲ့ပါသည်။ အရှင်သူမြတ်များသည် စိတ်တော်ကလည်း ငြိမ်သက်၊ ကြန္ဒြေကလည်း ငြိမ်သက်စွာဖြင့် ကြွရောက်ကာ ဆွမ်းဘုဉ်းပေးတော်မူကြသည်ကို ဖူးမြင်ရသဖြင့် မင်းတရားကြီးက အလွန်ပင် ကြည်ညိုလေသည်။

အသောကမင်း၏ဘိုးတော် စန္ဒဂုတ်မင်း၊ ခမည်းတော် ဗိန္ဒုသာရမင်းတို့ လက်ထက်မှသည် အဝတ်ဗလာ ကိုယ်တုန်းလုံး တက္ကတွန်းခြောက်သောင်းကို နန်းတော်တွင်း၌ နေ့စဉ် ထမင်းအဖျော်များ လှူဒါန်းခဲ့ပါသည်။ ထို တိတ္ထိတို့၌ စောင့်စည်းမှုကြန္ဒြေမရှိ၊ နန်းတွင်း၌ သောသောညံလျက်၊ စားကြသောက်ကြသည့် မြင်ကွင်းနှင့် ယနေ့ ဘုရားသားတော်တို့၏ အပြုအမူက အလွန်အမင်းပင် မိုးမြေမက ကွာခြားနေသည်ကို ရှင်ဘုရင်က နှိုင်းယှဉ် ကြည့်မိလေ၏။ ထို့ကြောင့် ထိုနေ့မှစ၍ တိတ္ထိခြောက်သောင်းအစား ရဟန်းတော်ခြောက်သောင်းတို့ကို နန်းတော်သို့ပင့်ကာ နေ့စဉ် နေ့စဉ် ဆွမ်းများ ဆက်ကပ်လှူဒါန်းပါတော့သည်။

## ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်

မင်းကြီးက *"အရှင်သူမြတ်တို့ဘုရား ဗုဒ္ဓမြတ်စွာဟောပြတော်မူခဲ့တဲ့ တရားတွေဟာ ဘယ်လောက်ရှိပါသလဲဘုရား"*ဟု မေးလျှောက်ရာ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်သူမြတ်က *"ပိဋကတ်အားဖြင့် သုံးပုံ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ။ နိကာယ်အားဖြင့်ငါးရပ် ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်၊ ခုဒ္ဒကနိကာယ်။ အင်္ဂါအားဖြင့် ကိုးတန် သုတ္တ၊ ဂေယျ၊ ဝေယျာကရဏ၊ ဂါထာ၊ ဥဒါန၊ ဣတိဝုတ္တက၊ ဇာတက၊ အဗ္ဘုတဓမ္မ၊*

*ဝေဒလ္လ။ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင် ရှိပါတယ်မင်းကြီး”*ဟု ပြည့်ပြည့်စုံစုံ ဖြေကြားတော်မူပါသည်။

အသောကမင်းတရားကြီးသည် ခား လုံ လက်နက် လေး မြားကို စွန့်ကာ ဗုဒ္ဓတရားတော်ကို လူတိုင်းလူတိုင်း သိရှိရန် အိန္ဒိယနိုင်ငံ အနှံ့အပြား ကျောက်စာတော်များ စိုက်ထူပါသည်။ ထိုအခါ မင်းတရားကြီးက ဓမ္မက္ခန္ဓာ တစ်ဆူ တစ်ဆူအတွက် ကျောင်းဆောင်တစ်ဆောင်၊ စေတီတစ်ဆူ၊ ရေကန်တစ်ကန်၊ ရေတွင်းတစ်တွင်းဖြင့် ပူဇော်တော့မည်ဟု ဆုံးဖြတ်ချက်ချပါသည်။ ထို့ကြောင့် ဇမ္ဗူဒိပ်မြေပြင်အနှံ့ စေတီပေါင်း ရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်း ရှစ်သောင်းလေးထောင်၊ ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ ကျောင်းဆောင်ပေါင်း ရှစ်သောင်းလေးထောင် ပေါ်ထွန်းလာခဲ့ပါတော့သည်။

## သက်တော်ထင်ရှား မြတ်စွာဘုရားရှင်ကို ဖူးမြော်လိုသည့်ဘုရင်

အသောကမင်းတရားကြီးသည် သက်တော်ထင်ရှား မြတ်စွာဘုရားရှင်ကို ဖူးမြော်လိုပါကြောင်း ရဟန်းတော်များကို လျှောက်ထားရာ ရဟန်းတော်များက ကာဠနဂါးမင်းဆိုတာ ရှေးရှေးမြတ်စွာဘုရားရှင်တွေကို မီလိုက်တယ်၊ အဲဒီ ကာဠနဂါးမင်းကို အသင်မင်းကြီး ခေါ်ဆောင်ပြီး မြတ်စွာဘုရားရှင်တို့ရဲ့ ပုံပန်းသဏ္ဌာန်ကို ဖန်ဆင်းခိုင်းရရင် ဘုရားရှင်တို့ကို ဖူးမြင်ရသကဲ့သို့ ဖြစ်ပါလိမ့်မယ်ဟု မိန့်ကြားတော်မူကြပါသည်။

အသောကမင်းတရားကြီး၏ အာဏာစက်ကြောင့် ကာဠနဂါးမင်း နန်းတော်သို့ ရောက်ရှိလာခဲ့ရာ *“အသင်နဂါးမင်း၊ အသင်နဂါးမင်းဟာ ဗုဒ္ဓမြတ်စွာဘုရားရှင်ကို ဖူးမြင်လိုက်ရတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်၊ ဒါကြောင့် ဗုဒ္ဓမြတ်စွာဘုရားရှင် ပုံပန်းသဏ္ဌာန်ကို ဖန်ဆင်းပြပါ”*လို့ အမိန့်တော်ချရာ နဂါးမင်းက *“အရှင်မင်းကြီး မြတ်စွာဘုရားတို့ရဲ့ ပုံပန်းသဏ္ဌာန်ကို လုံးဝဥဿုံတူအောင်တော့ဖြင့် မဖန်ဆင်းနိုင်ပါဘူး၊ ဘာကြောင့်တုန်းဆိုတော့ ဗုဒ္ဓမြတ်စွာဘုရားရှင်တို့ဆိုတာ တစ်ထောင့်ငါးရာ ကိလေသာတွေကို ဝါသနာအငွေ့အသက်နှင့်တကွ အပြီးအပြတ် ပယ်သတ်တော်မူထားပါတယ်။ ဗုဒ္ဓမြတ်စွာဘုရားရှင်ကို အာရုံပြုနိုင်လောက်ရုံပဲ ဖန်ဆင်းပြပါမယ်”*လို့ လျှောက်ထားပြီး ဖန်ဆင်းပြပါသည်။

ထိုအခါ အသောကမင်းတရားကြီးသည် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ရုပ်ပုံတော်ကို ခုနစ်ရက်တိတိ စူးစူးစိုက်စိုက်ကြည့်ရှု ဖူးမြော်ပါတော့သည်။ ဤနေရာတွင် မင်းတရားကြီးစိတ်အစဉ်ကို ဈာနပစ္စည်းဖြင့် ကျေးဇူးပြုနေခြင်း ဖြစ်ပါသည်။ မင်းကြီး၏ ကာမာဝစရ ကုသိုလ်စိတ် အစဉ်၌

---

**ကျမ်းညွှန်း** * တတိယသင်္ဂီတိကထာ၊ ပါရာဇိကကဏ္ဍအဋ္ဌကထာ-၁ (နှာ-၃၇)

ယှဉ်နေသော ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ တရားတို့သည် ဈာန်အင်္ဂါတရားများပင် ဖြစ်သည်။

နဂါးမင်းဖန်ဆင်းထားသည့် ဘုရားအာရုံပေါ်သို့ စိတ်ကို တင်၍တင်၍ ပေးလိုက်ခြင်းသည် ဝိတက်ပေတည်း။ ထိုအာရုံကိုပင် အပြန်ပြန် အလှန်လှန် သုံးသပ်နေခြင်းသည် ဝိစာရပေတည်း။ နှစ်သက်မှုများ ဖြစ်နေခြင်းသည် ပီတိပေတည်း၊ ထို့နောက် ကိုယ်ချမ်းသာ စိတ်ချမ်းသာတွေ ဖြစ်နေခြင်းသည် သုခပေတည်း၊ ဘုရားရုပ်ပုံပေါ်၌ စိတ်ငြိမ်သက်ကာ အခြားတစ်ပါးသို့ စိတ်မပြေးဘဲနေခြင်းသည် ဧကဂ္ဂတာပေတည်း။ ဤအကြောင်းတရားတို့သည် အတူတကွ ယှဉ်၍ ဖြစ်သည့် စိတ်စေတသိက်၊ စိတ္တဇရုပ်တို့ကိုလည်း စူးစူးစိုက်စိုက် တည်တံ့စေရန် ဈာနသတ္တိဖြင့် ကျေးဇူးပြုခြင်းပေတည်း။

ထိုအခါမင်းတရားကြီးမှာ *"သြော် လောဘ၊ ဒေါသ၊ မောဟ၊ ကိလေသာများနှင့်တကွ ဖြစ်နေတဲ့ ဒီကာဠနဂါးမင်းရဲ့ ရုပ်ပုံတောင် ဒီမျှတင့်တယ်သပ္ပာယ်နေတယ်၊ ရာဂ၊ ဒေါသ၊ မောဟ ကိလေသာအားလုံး ကင်းကွာတော်မူတဲ့ ဗုဒ္ဓမြတ်စွာဘုရားရှင်ရဲ့ ရုပ်ပုံတော်သာဆိုရင် အနှိုင်းမဲ့သာ လွန်ပေလိမ့်ပေမယ်"* ဟု နှလုံးသွင်းဆင်ခြင်သည်နှင့် တစ်ပြိုင်နက် ပီတိသောမနဿ တဖွားဖွား ဖြစ်ပေါ်လာကာ ခုနစ်ရက်တိတိ စူးစူးစိုက်စိုက်ပြီး ဖူးမြင်ပူဇော်ခဲ့ခြင်းသည် ဈာနပစ္စည်း၏ ကျေးဇူးပြုပုံပေတည်း။

## သက်တော်ထင်ရှား မြတ်စွာဘုရားရှင်၏ အသံတော်

အသောကမင်းတရားကြီး၏ မိဖုရားခေါင်ကြီး အသန္ဓိမိတ္တာသည်လည်း မင်းတရားကြီးနည်းတူ ရတနာသုံးပါးကို အလွန်ပင်ကြည်ညိုသည်၊ မိဖုရားကြီးက ဆရာတော် သံဃာတော်များ ဘုရား မြတ်စွာဘုရားရှင်တို့ရဲ့ အသံတော်ဟာ ဘယ်လိုများ ရှိမလဲဘုရား နှိုင်းယှဉ်စရာ ဥပမာများ ရှိပါသလားဟု မေးလျှောက်လေ၏။ သံဃာတော်များက ဘုရားရှင်တို့ရဲ့ အသံတော်ကို ဟိမဝန္တာတောင်က ကရဝိတ်ငှက်ရဲ့ အသံနှင့် နှိုင်းကြပါတယ်ဟု မိန့်ကြားတော်မူလေ၏။

အသောကမင်းတရားကြီး ဘုန်းတော်ကြောင့် နန်းတော်သို့ ကရဝိတ်ငှက် ရောက်လာပါသော်လည်း အသံမတွန်ကျူးဘဲ ဖြစ်နေပါသည်။ ထိုအခါ ပညာရှိများ အကြံပေးလျှောက်ထားချက်အရ ကရဝိတ်ငှက်၏ လေးဘက် လေးတန်အပြည့် မှန်များထောင်ပြကြရာ မှန်ပေါ်တွင် အရိပ်ထင်နေသည်ကိုပင် သူ၏အပေါင်းအဖော်တွေ့သည့်နှယ် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ အတောင်များ တဖျပ်ဖျပ်ခတ်၍ အလွန် သာယာသောအသံဖြင့် တွန်ကျူးပါတော့သည်။

မိဖုရားကြီးလည်း ထိုအသံပေါ်၌ နှစ်မျောကာ *“သြော် ရာဂ ဒေါသ မောဟကိလေသာတွေ အပြည့်ရှိပြီး အဟိတ် တိရစ္ဆာန်ဖြစ်တဲ့ငှက်ရဲ့ အသံတောင် ဒီလောက်သာယာနေရင် ရာဂ ဒေါသ မောဟ ကိလေသာတွေ ကင်းကွာပြီးဖြစ်တဲ့ ဗုဒ္ဓမြတ်စွာဘုရားရှင်တို့ရဲ့ အသံတော်ဆိုရင် ဘယ်လောက်များ သာယာမယ်ဆိုတာ ပြောစရာတောင် မလိုတော့ဘူး၊ ဒီကရဝိတ်ငှက်ရဲ့အသံနဲ့ နှိုင်းယှဉ်လို့ မရနိုင်လောက်အောင်ကိုပဲ ပိုပြီးတော့ သာယာမှာပဲ”*ဟု အာရုံပြုကာ ဝမ်းမြောက် ဝမ်းသာဖြစ်နေခြင်းသည် ဈာနပစ္စည်း၏ ကျေးဇူးပြုခြင်းပေတည်း။

ကရဝိတ်ငှက်၏အသံကြောင့် မိဖုရားကြီးမှာ နှစ်သက်မှု ပီတိဖြစ်သည်၊ ထိုပီတိ သည်လည်း ပေါ်ပြီးပျောက် ဖြစ်ပေါ်လာပြီးချုပ် ဖြစ်နေသည်ကို မိဖုရားကြီးသိလာသဖြင့် သြော် မမြဲတဲ့ သဘောတရားတွေပါလား၊ ဖြစ်ပေါ်လာတာကလည်းပဲ အကြာကြီးတည်မှ မတည်ပဲကိုး၊ ဒါက မမြဲတဲ့ သဘောတရားတွေပါလား၊ ဒီလို ဖြစ်လိုက် ပျက်လိုက်၊ နှိပ်စက်နေတဲ့အတွက် ဒုက္ခသဘောတရားတွေပါလား၊ မိမိအလိုသို့ မလိုက်မပါ၊ သူ့သဘောသူဆောင်လို့ ဖြစ်နေကြ၊ ပျက်နေကြလို့၊ အနတ္တသဘော တရားတွေပါလားဟု ဈာန်အင်္ဂါတစ်ပါးဖြစ်သည့် ပီတိ သောမနဿကို ဝိပဿတိ၊ ဝိပဿနာရှုရာ မိဖုရားကြီး သောတာပန် ဖြစ်သွားပါသည်။ ဤသည်မှာ ဈာနသတ္တိဖြင့် ကျေးဇူးပြုခြင်းပေတည်း။

## ရူပဈာန်

* ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါငါးပါးနှင့် ပြည့်စုံသော ပထမဈာန်၊
* ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဒုတိယဈာန်၊
* ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါသုံးပါးနှင့် ပြည့်စုံသော တတိယဈာန်
* သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော စတုတ္ထဈာန်၊
* ဥပေက္ခာ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ပဉ္စမဈာန်၊

## အရူပဈာန်

* ဥပေက္ခာ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော (အဆုံးအပိုင်းအခြားမရှိ ကောင်းကင်ပညတ်ဟူသော) အာကာသာနဉ္စာယတနဈာန် ( Space of infinity as the object of meditation)

---

**ကျမ်းညွှန်း** * ဗုဒ္ဓမြတ်စွာ၏ နည်းသမုဒ္ဒရာ (ဒုတိယတွဲ) တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ (ရေစကြိုဆရာတော်)

* ဥပေက္ခာ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော (အဆုံးအပိုင်းအခြားမရှိသော ပထမာရုပ္ပဝိညာဏ်ဟူသော) ဝိညာဏဉ္စာယတနဈာန် (Boundless conciousness as the object of meditation)
* ဥပေက္ခာ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော (ပထမအရုပ္ပဝိညာဏ်စိတ်၏ စိုးစဉ်းအနည်းမျှမရှိသော နတ္ထိဘောပညတ်ဟူသော) အာကိဉ္စညာယတနဈာန် (Nothingness as the object of meditation)
* ဥပေက္ခာ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော (သညာရှိသည်လည်းမဟုတ်၊ သညာမရှိသည်လည်း မဟုတ်သော) နေဝသညာနာသညာယတနဈာန် (Neither conciousness nor non- conciousness)

## ဈာန်နှင့် မထိုက်သူ

မြတ်စွာဘုရားရှင်က ရဟန်းတို့ ဤတရားငါးမျိုးတို့ကိုမပယ်ဘဲ ပဌမဈာန်သို့ ရောက်၍ နေရန်မထိုက်ဟု ဟောတော်မူပါသည် -

၁။ နေစရာ ကျောင်းနှင့်ပတ်သက်ပြီး ဝန်တိုနေတတ်တဲ့သူ၊
၂။ မိမိကိုကိုးကွယ်နေတဲ့ ဉာတိပဝါရိတ အမျိုးဒါယကာတို့က အခြားပုဂ္ဂိုလ်ကို ဆည်းကပ်ကိုးကွယ်မှာ ဝန်တိုတတ်တဲ့သူ၊
၃။ ပစ္စည်းလာဘ်လာဘတွေ သူများသုံးမှာ စားမှာကို ဝန်တိုတတ်တဲ့သူ၊
၄။ မိမိထက် ဂုဏ်အဆင်းသာတဲ့သူအပေါ် ဝန်တိုတတ်တဲ့သူ၊
၅။ ကျေးဇူးတရားကို မသိတတ်တဲ့သူ တို့ပေတည်း။

* ကမ္မဋ္ဌာနဟူသော ပါဠိဘာသာစကားကို ပါဠိသက်ဝေါဟာရဖြင့် ကမ္မဋ္ဌာန်းဟု ခေါ်ကြပါသည်။ ကမ္မပုဒ်က အလုပ်၊ ဌာနပုဒ်က တည်ရာဖြစ်သဖြင့် ဘာဝနာအလုပ်၏ တည်ရာဖြစ်သော အာရုံကို ကမ္မဋ္ဌာန်းဟုခေါ်၏။
* ကမ္မဋ္ဌာန်းအလုပ်၊ ဘာဝနာအလုပ်ဟူသည် စိတ်ကို ဖြူစင်အောင်လုပ်ရသည့် စိတ်နှင့် ဆိုင်သောအလုပ် ဖြစ်ပေသည်။
* ဘာဝနာနှစ်မျိုးရှိ၏။ ၁ - သမထဘာဝနာ ၂ - ဝိပဿနာ ဘာဝနာတို့ ဖြစ်၏။
* သမထဘာဝနာက အာရုံတစ်ခုတည်း၌ စိတ်ကို စူးစူးစိုက်စိုက်ထားရသော အလုပ် ဖြစ်ပါသည်။

## ဈာနပစ္စည်း၏ သင်္ချာ

ဈာနပစ္စည်း၏သင်္ချာမှာ (၇) ဖြစ်ပါသည်။ ထို့ကြောင့် *"ဈာနေ သတ္တ"* ဟု မှတ်သားနိုင်ပါသည်။ ထိုသင်္ချာကို အောက်ပါအတိုင်း လေ့လာနိုင်ပါသည် -

### ကုသလ သင်္ချာ-၃

(၁) ကု-ကု (၂) ကု-ဗျာ (၃) ကု-ကု၊ ဗျာ

### အကုသလ သင်္ချာ-၃

(၁) အကု-အကု (၂) အကု-ဗျာ (၃) အကု-အကု၊ ဗျာ

### အဗျာကတ သင်္ချာ-၁

(၁) ဗျာ-ဗျာ

**Mind to Mind-Matter**

ဈာနပစ္စည်းသည် နာမ်တရားက နာမ်ရုပ်တရား (Mind to Mind-Matter) ကို ကျေးဇူးပြုသောပစ္စည်း ဖြစ်သည်။

## ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား

ပစ္စယဟူသော အကြောင်းတရားမှာ - ဈာနင်တရားကိုယ် ၅-ပါး (ဝိတတ်, ဝိစာ, ပီတိ, ဝေဒနာ, ဧကဂ္ဂတာ)တို့ ဖြစ်သည်။

ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - ဒွေပဉ္စဝိညာဏ် ၁၀-ပါးကြဉ်သော စိတ် ၇၉-ပါး၊ စေတသိတ် ၅၂-ပါး၊ စိတ္တဇရုပ်နှင့် ပဋိသန္ဓေကမ္မဇရုပ်တို့ ဖြစ်သည်။

ဈာနပစ္စည်းသည် သဟဇာတမျိုး၌ ပါဝင်၏။

# ၁၈။ မဂ္ဂပစ္စယော

# Daily life Paṭṭhāna

## Magga Paccayo *(Path condition)*




*ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ မဂ္ဂပစ္စယေန ပစ္စယော။ (ကု၊ ကု-၁)*
ကုသိုလ်တည်းဟူသော အကြောင်းဓမ္မသည် ကုသိုလ်တည်းဟူသော အကျိုးဓမ္မအား မဂ္ဂပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

### လမ်းဟူသော ထွက်မြောက်တတ်သောသဘောဖြင့် ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည်

*The 'Magga'* condition is compared to a ferry or a boat. You reach a place throught a ferry or you use a boat to reach the place you want to go to.



'ပကတိလမ်း၊ လိုရာမြန်းဖို့ ဆောင်စွမ်းသည့်နှယ်၊ သတ္တိကြွယ်သို့' ဟု ဥပမာပြုတော်မူကြသည်နှင့်အညီ ပကတိလမ်းများသည် လမ်းများပေါ်သွားရောက်ကြသူများအား လှေ၊ သင်္ဘောစသော ယာဉ်များသည် စီးနင်းကြသူတို့အား လိုရာဌာနသို့ ရောက်ရှိအောင် ပို့ဆောင်သကဲ့သို့

သမ္မာမဂ္ဂင်၊ မိစ္ဆာမဂ္ဂင်တရားတို့သည်လည်း ယှဉ်ဖော်ယှဉ်ဖက် ဆိုင်ရာရုပ်၊ နာမ်တရားတို့အား ဒုဂ္ဂတိ၊ သုဂ္ဂတိမှ ထုတ်ဆောင်တတ်သော သဘောဖြင့်ဖြစ်ပေါ် တည်ရှိလာအောင် ကျေးဇူးပြုကြသည်။

မဂ္ဂင် = မဂ္ဂ = လမ်း = Path, Way ဖြစ်ပါသည်။ မဂ္ဂင် ၈-ပါး၏အဓိပ္ပါယ်မှာ *"ကိလေသေ မာရေန္တော နိဗ္ဗာနံ ဂစ္ဆတီတိ မဂ္ဂေါ"* လောဘ၊ ဒေါသ၊ မောဟ ကိလေသာကိုသတ်ပြီး နိဗ္ဗာန်ကို သွားတတ်သဖြင့် မဂ္ဂမည်ပါသည်။

မဂ္ဂင် ၈-ပါးကို လူသိများပါသော်လည်း ပဋ္ဌာန်းမဂ္ဂပစ္စည်း၌ မဂ္ဂင် (၁၂)ပါး ပါဝင်သည်။ ကောင်းသည့် မဂ္ဂင် ၈-ပါးသည် နိဗ္ဗာန်သွားလမ်း ဖြစ်ပါသည်။ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်သွားလမ်း ဖြစ်ပါသည်။ မကောင်းသည့် မဂ္ဂင် ၄-ပါးသည် ငရဲ၊ ပြိတ္တာ၊ အသူရကာယ်၊ တိရစ္ဆာန်ပြည်တို့သို့ သွားလမ်း ဖြစ်ပါသည်။

## ပညာမဂ္ဂင် ၂-ပါး

မဂ္ဂင် ၁၂-ပါးကို အောက်ပါအတိုင်း လေ့လာနိုင်ပါသည် -

၁။ သမ္မာဒိဋ္ဌိ (Right view, Right understood) = ကောင်းစွာသိမြင်မှု (တရားကိုယ် ပညာစေတသိက်)

၂။ သမ္မာသင်္ကပ္ပ (Right thought) = ကောင်းစွာကြံစည်မှု (တရားကိုယ် ဝိတက်စေတသိက်)

## သီလမဂ္ဂင် ၃-ပါး

၃။ သမ္မာဝါစာ (Right speech) = ကောင်းစွာပြောဆိုမှု (တရားကိုယ် ဝိရတီစေတသိက်)

၄။ သမ္မာကမ္မန္တ (Right action) = ကောင်းစွာပြုလုပ်မှု (တရားကိုယ် ဝိရတီစေတသိက်)

၅။ သမ္မာအာဇီဝ (Right livelihood) = ကောင်းစွာအသက်မွေးမှု (တရားကိုယ် ဝိရတီစေတသိက်)

## သမ္မာအာဇီဝမကျသည့် စီးပွားရေးလုပ်ငန်းများ ၁၂-ပါး

မိစ္ဆာဝါစာ = လိမ်ညာသည့်စကား၊ ဂုံးချောသည့်စကား၊ ကြမ်းတမ်းသည့်စကား၊ ပိန်ဖျင်းသည့်စကားလေးပါးဖြင့် စီးပွားရှာပါက မိစ္ဆာအာဇီဝ။

မိစ္ဆာကမ္မန္တ = သူ့အသက်သတ်ခြင်းဖြင့်လည်းကောင်း၊ သူ့ဥစ္စာခိုးခြင်းဖြင့်လည်းကောင်း၊ ကာမေသုမိစ္ဆာစာရဖြင့်လည်းကောင်း ဤသုံးပါးဖြင့် စီးပွားရှာပါက မိစ္ဆာအာဇီဝ။

အဆိပ်ရောင်းခြင်းဖြင့်လည်းကောင်း၊ လက်နက်ရောင်းခြင်းဖြင့်လည်းကောင်း၊ မူးယစ်ဆေး ရောင်းခြင်းဖြင့်လည်းကောင်း၊ အသားရောင်းခြင်းဖြင့်လည်းကောင်း၊ လူကုန်ကူးခြင်း၊ ရောင်းခြင်းဖြင့်လည်းကောင်း ဤငါးပါးဖြင့် စီးပွားရှာပါက မိစ္ဆာအာဇီဝ။

ထို့ကြောင့် (မိစ္ဆာဝါစာ ၄-ပါး + မိစ္ဆာကမ္မန္တ ၃-ပါး + ဒေသနာတော်လာ ၅-ပါး = စုစုပေါင်း ၁၂-ပါးသည် မိစ္ဆာအာဇီဝဖြစ်သည်။)

## သမာဓိမဂ္ဂင် (၃) ပါး

၆။ သမ္မာဝါယာမ (Right effort) = ကောင်းစွာအားထုတ်မှု (တရားကိုယ် ဝီရိယစေတသိက်)
၇။ သမ္မာသတိ (Right mindfulness) = ကောင်းစွာ အောက်မေ့မှု (တရားကိုယ် သတိစေတသိက်)
၈။ သမ္မာသမာဓိ (Right concentration) = ကောင်းစွာတည်ကြည်မှု (တရားကိုယ် ဧကဂ္ဂတာစေတသိက်)

## မိစ္ဆာမဂ္ဂင်လမ်းအမှား (၄)ပါး

၉။ မိစ္ဆာဒိဋ္ဌိ (wrong View, Wrong Understood) = မှားယွင်းစွာသိမြင်မှု (တရားကိုယ် ဒိဋ္ဌိစေတသိက်)
၁၀။ မိစ္ဆာသင်္ကပ္ပ (wrong thought) = မှားယွင်းစွာ ကြံစည်မှု (တရားကိုယ် ဝိတက်စေတသိက်)
၁၁။ မိစ္ဆာဝါယာမ (wrong effort) = မှားယွင်းစွာ အားထုတ်မှု (တရားကိုယ် ဝီရိယ)
၁၂။ မိစ္ဆာသမာဓိ (wrong concentration) = မှားယွင်းစွာ တည်ကြည်မှု (တရားကိုယ် ဧကဂ္ဂတာ)
သတိက မိစ္ဆာသတိ မရှိပါ။ မဂ္ဂင် ၁၂-ပါး၏ တရားကိုယ်မှာ စေတသိက် ၉-ပါး ရပါသည်။

## ပဋ္ဌင်္ဂိကမဂ်နှင့် အဋ္ဌင်္ဂိကမဂ်

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိနှင့် သမ္မာသမာဓိတို့က တရားအားထုတ်သည့် အလုပ်ကို ကိုယ်တိုင်လုပ်သည့် (ပြုတတ်သည် - Doing) ကာရကမဂ္ဂင်များ ဖြစ်ကြပါသည်။ ဝိပဿနာဉာဏ် ဖြစ်ပေါ်စေနိုင်သည့်အထိ အလုပ်လုပ်ပေးသော အလုပ်သမားမဂ္ဂင်များ ဖြစ်ပါသည်။

သမ္မာဝါစာ၊ သမ္မာကမ္မန္တနှင့် သမ္မာအာဇီဝဟူသော သီလမဂ္ဂင်သုံးပါးက သမ္မာဒိဋ္ဌိစသည်တို့ကို ဖြစ်စေသည့် (ပြုစေသော - One who orders to do something.) ကာရာပကမဂ္ဂင် ဖြစ်၏။

အမှားအမှန်ကို ပိုင်းပိုင်းခြားခြားသိနိုင်သည်က သမ္မာဒိဋ္ဌိ။ ဆင်ခြင် တွေးတောပေးနေသည်က သမ္မာသင်္ကပ္ပ။ တရားအားထုတ်ရာတွင် ကြိုးပမ်းအားထုတ်သည်က သမ္မာဝါယာမ။ စိတ်စိုက်ပေးနေသည်က သမ္မာသတိ။ (မကောင်းသည့် အကုသိုလ်စိတ်၌ယှဉ်သည့် သတိဟူ၍

မရှိပါ)။ စိတ်ကို အာရုံတစ်ခုပေါ်သို့ စူးစိုက်တည်စေသည်က သမ္မာသမာဓိ။ ဤမဂ္ဂင်ငါးပါးက အလုပ်လုပ်နေခြင်း ဖြစ်ပါသည်။ ဤ ၅-ပါးကို ကာရကမဂ္ဂင်များ (ပြုတတ်သည်-Doing)ဟု ခေါ်ပါသည်။

ကိုယ်ကျင့်သီလဆိုင်ရာ မဂ္ဂင် ၃-ပါးက သမ္မာဒိဋ္ဌိ၌ လမ်းဆုံးနိုင်ရန် (ဝါ) ဉာဏ်ပညာ ပေါ်လာနိုင်ရန် ပံ့ပိုးအားဖြည့်ကာ အထောက်အပံ့ပေးနေပါသည်။ ဤ ၃-ပါးကို ကာရာပက မဂ္ဂင်များ (ပြုစေသော- One who orders to do something.)ဟု ခေါ်ပါသည်။

အတွင်းသန္တာန်၌ မှားယွင်းသည့်အတွေး၊ မှားယွင်းသည့် အသိအမြင်တို့ဖြင့် ပြည့်နှက်နေသူတို့ကလည်း မိစ္ဆာမဂ္ဂင်များဖြစ်သည့် မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ၊ မိစ္ဆာဝါယာမ၊ မိစ္ဆာသတိနှင့် မိစ္ဆာသမာဓိတို့၏ လွှမ်းမိုးခြယ်လှယ် အားပေးမှုအရ အမှားများကို အားကြိုးမာန်တက် လုပ်နေ၊ ပြောနေ၊ လှုံ့လ စိုက်ထုတ်နေတော့သည်။

အတွင်းသန္တာန်၌ မှန်ကန်သည့်အတွေး၊ မှန်ကန်သည့်အသိအမြင်တို့ဖြင့် ပြည့်ဝနေသူတို့ကလည်း သမ္မာမဂ္ဂင်များဖြစ်သည့် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိနှင့် သမ္မာသမာဓိတို့၏ လွှမ်းမိုးခြယ်လှယ် အားပေးမှုအရ အမှန်ကို စိတ်အားထက်သန်စွာဖြင့် လုပ်နေ၊ ပြောနေ၊ လှုံ့လ စိုက်ထုတ်နေပါတော့သည်။ ဤသည်ကပင် လောကမည်ပါသည်။ ဤသည်ကပင် သံသရာမည်ပါသည်။ ဤသည်ကပင် လောကသံသရာခရီး လျှောက်လှမ်းနေခြင်းဖြစ်ပါသည်။

## ရဟန်းသီလကို ဆင်ခြင်၍ဖြစ်လာသည့် ပီတိကို ဝိပဿနာ ရှုပွားသည်

ဘုရားရှင်လက်ထက်တော်ကာလ သာဝတ္ထိပြည်တွင် တိဿဟု အမည်ရှိသည့် သူဌေးသားတစ်ဦး ရှိလေ၏။ သူသည် မြတ်စွာဘုရားထံတော်ပါးမှ တရားတော်များကို နာကြားရသဖြင့် ကုဋေလေးဆယ်သော ဥစ္စာရွှေငွေတို့ကို ညီဖြစ်သူအား ပေးစွန့်ပြီး မြတ်စွာဘုရားရှင်၏ သာသနာတော်တွင် ရဟန်းပြုခဲ့ပါသည်။ ငါးဝါရပြီးနောက် လူသူဝေးသည့် တောအရပ်တွင် သင်္ခန်းကျောင်းကလေးဖြင့် သီတင်းသုံးတော်မူလေသည်။

တိဿမထေရ်၏ ခယ်မ (ညီ၏ဇနီး)သည် တိဿမထေရ် သာသနာတော်တွင် ပျော်မွေ့ခြင်းမရှိဘဲ တစ်နေ့နေ့ လူထွက်လာပါက သူရထားသည့် ပစ္စည်းဥစ္စာများကို ခွဲဝေပေးရမည်ကို စိုးရိမ်ကြောင့်ကြနေ၏။ ထို့ကြောင့် တစ်ယောက်စီတွင် ဂိုဏ်းသားတစ်ရာစီရှိသည့် လူဆိုးကြီးငါးဦးတို့ကို ခေါ်ကာ တိဿမထေရ်အား အဆုံးစီရင်ရန် စရံငွေများပေးပြီး စေခိုင်းသည်။ ရဟန်းသီလစင်ကြယ်စွာဖြင့် တရားဘာဝနာရှုပွားနေသည့် တိဿမထေရ်မြတ်ကို သတ်ဖြတ်ရန် လူဆိုးကြီးငါးရာတို့သည် တောသို့ သွားကြလေသည်။

တိဿမထေရ်ရှိရာသို့ လူဆိုးကြီးများ ရောက်လာသည့်အခါ မထေရ်က အဘယ်ကြောင့် ရောက်လာသနည်းဟုမေးရာ လူဆိုးကြီးများကလည်း အရှင်ဘုရား၏ခယ်မက စေခိုင်းခြင်းကြောင့် ယခု သတ်ဖြတ်ရန် ရောက်လာခြင်းဖြစ်ကြောင်း ပြော၏။ ထိုအခါ မထေရ်မြတ်သည် လူဆိုးတို့အား မိမိအား ယနေ့တစ်ည မသတ်ရန်ပြောပြီး မိမိထွက်ပြေးမည် မဟုတ်ကြောင်း သက်သေထားသည့်အနေဖြင့် မိမိ၏ ပေါင်ရိုးနှစ်ချောင်းကို ကျောက်တုံးဖြင့် ထုချိုးလေ၏။ ထိုအခါ လူဆိုးတို့ကလည်း စိတ်ချလက်ချဖြင့် စကြံလမ်းတစ်နေရာ၌ မီးဖို၍ အိပ်ကြလေသည်။

မထေရ်မြတ်သည် ပေါင်ကျိုးခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဒုက္ခဝေဒနာကို ဖယ်ခွာ၍ မိမိ၏ ရဟန်းဖြစ်သည်မှ ယနေ့တိုင် စောင့်ထိန်းလာခဲ့သည့် သီလ၏အစွန်းအထင်းမရှိ စင်ကြယ်မှုကို ဆင်ခြင်တော်မူသောအခါ နှစ်သက်ဝမ်းမြောက်မှုပီတိများ ဖြစ်လာ၏။ ထိုပီတိကိုပင် ဝိပဿနာတင်ရှုပွားရာ အရုဏ်တက်ချိန်တွင် အရဟတ္တဖိုလ်သို့ဆိုက်ရောက်ကာ ရဟန္တာဖြစ်တော်မူလေသည်။

## သီလသည် သမာဓိနှင့်ပညာ ဖြစ်ရေး၌ ပဓာန

*သာသနေ ကုလပုတ္တာနံ၊ ပတိဋ္ဌာ နတ္ထိ ယံ ဝိနာ၊*
*အာနိသံသပရိစ္ဆေဒံ၊ တဿ သီလဿ ကော ဝဒေ။*

သာသနာတော်၌ ကောင်းကျိုးလိုလား အမျိုးကောင်းသား အမျိုးကောင်းသမီးတို့အတွက် သမာဓိနှင့် ပညာ ဖြစ်ထွန်းရေး၌ သီလကို ကြဉ်ဖယ်ထား၍မဖြစ်၊ သီလသည် သမာဓိ ပညာ ဖြစ်ပေါ်ရေး၌ အခြေခံပဓာန ထောက်တည်ရာဖြစ်သည်။ '*သီလပရိဘာဝိတော သမာဓိ မဟပ္ဖလော ဟောတိ မဟာနိသံသော*' သီလကို အခြေခံပြီး ပွားများသည့် သမာဓိအကျင့်သည်သာလျှင် အကျိုးအာနိသင် စွမ်းရည်ထက်မြက်သည်ဟု မြတ်စွာဘုရား ဟောတော်မူပါသည်။ သီလ သမာဓိ ပညာသည် ပဋိပတ္တိက္ကမ = ကျင့်စဉ်ဖြစ်ပြီး၊ ပညာ သီလ သမာဓိက ဒေသနာက္ကမ္မ = ဟောစဉ် ဖြစ်ပါသည်။

ထို့ကြောင့် သီလရှိသူသည် သီလစင်ကြယ်သောကြောင့် စိတ်အလိုဆန္ဒရှိသည့်အတိုင်း ပြည့်စုံပါသည်။ '*ဣဇ္ဈတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ*'ဟု ဘုရားရှင် မိန့်တော်မူပါသည်။

**ကျမ်းညွှန်း:** * (၁၄၂)၊ ဘိက္ခုအပရိဟာနိယဓမ္မ၊ မဟာပရိနိဗ္ဗာနသုတ္တ၊ မဟာဝဂ္ဂပါဠိ (နှာ-၆၄)
* (၃၇၃)၊ ဥဒ္ဒေသဝါရကထာဝဏ္ဏနာ၊ မဟာသတိပဋ္ဌာနသုတ္တ၊ မဟာဝဂ္ဂဋ္ဌကထာ (နှာ-၃၃၅)
* ဝိသုဒ္ဓိမဂ် အတွဲ-၁ (နှာ-၁၀)

# မြွေကြီးတစ်ကောင်နှင့် တစ်မိုးအောက်၌နေရသည့် ရဟန်း၏ သီလဆိုင်ရာ သံသယ

ဝါးနက်ချောင်း ရွှေဥမင်တောရကို စတင်ထူထောင်ကာ သီတင်းသုံးခဲ့စဉ်ကာလ တစ်ခုသောဝါဆိုအခါ၌ သီတင်းသုံးရာကျောင်းတွင် ကြုံကြုံဖန်ဖန် ဝိနည်းဆိုင်ရာ သံသယ ဖြစ်စရာ ကိစ္စတစ်ရပ်ပေါ်ပေါက်၍ လာပါသည်။

တစ်ခုသောညနေပိုင်း၌ မိုးများခြိမ်းကာ ရွာသွန်းဖြိုးတော့မည့်ဆဲဆဲအချိန်တွင် သီတင်းသုံးရာကျောင်း၏ အမိုးပေါ်သို့ ကလေးငယ်တစ်ဦး၏ အလေးချိန်ပမာဏမျှ လေးလံသည့် အရာဝတ္ထုတစ်ခု ကျရောက်လာပါသည်။ တရားနှလုံးသွင်းနေရာမှထ၍ ပြင်ပထွက်ကြည့်မည်အပြုတွင် မိုးမှာသဲသဲမဲမဲ ရွာသွန်းလာသဖြင့် အပြင်မထွက် ဖြစ်တော့ပါ။ အမှတ်တမဲ့ပင် မေ့မေ့ပျောက်ပျောက် ဖြစ်သွားပါသည်။

ထိုအသံမျိုးကို နောက်ပိုင်းလည်း သုံးရက်ခြား နှစ်ရက်ခြား ကြားမိနေပါသည်။ ကျောင်းပတ်ဝန်းကျင်သည် တောဝက်များ၊ ချေများပင် နေလောက်သည့်အထိ တောတောင်ထူထပ်လေသည်။ သို့သော် ထိုအသံမှာမူ မည်သည့်အသံဟု မကွဲပြားသေးပေ။

တစ်နေ့ ဆွမ်းခံပြန်ရောက်သောအခါ အခါတိုင်းနှင့်မတူသည့် ငှက်တို့၏အသံကို ကြားရပါသည်။ ငှက်တို့က ဤသို့အသံပြုလျှင် အန္တရာယ်တစ်ခုခု အနီး၌ ရောက်နေကြောင်း တောတောင်၏အတွေ့အကြုံအရ သိထားပါသည်။ ငှက်တို့က "သူငယ်ချင်းတို့ရေ သတိပြုကြ၊ သတိပြုကြ မပေါ့ဆနှင့် အန္တရာယ် လက်တစ်ကမ်းမှာ ရောက်နေပြီ"ဟူ၍။

ထို့ကြောင့် ပြူတင်းကို သတိထားဖွင့်ကာ မော့ကြည့်မိရာ ယောက်ျားလက်မောင်းလုံးခန့် တုတ်ပြီး မည်းနက်ပြောင်လက်နေသည့် မြွေရှည်ကြီးတစ်ကောင်သည် သူ့ကိုယ်တစ်ပိုင်းကို ကျောင်းမှသစ်သားတန်းနှင့် ရစ်ပတ်ကာ စာဗူးတောင်းငှက်သိုက်ကို နှိုက်စားနေရာ သူ့ဝမ်းဗိုက်သည် ဖောင်းနေသဖြင့် ကျောက်ပြားအမိုးနှင့် မျှားတန်းသစ်သားကြား ညပ်နေလေသည်။ မိမိနှင့် မြွေသည် တစ်ပေသာသာ အကွာအဝေးသာရှိတော့ရာ ရန်ပြုလိုသည့် ဟန်လော၊ သူဒုက္ခရောက်နေသဖြင့် ကိုယ်လွတ်ရုန်းနေခြင်းပေလော၊ မဝေခွဲနိုင်သေးခင် ပြူတင်းကို ဆွဲပိတ်လိုက်ပါသည်။

ငှက်တို့သည် ထိုသတ္တဝါ၏အန္တရာယ်ကို ကြောက်သဖြင့် အသိုက်ကိုစွန့်ပြီး ဘေးကင်းရာ သွားကြလေပြီ။ မိမိသည် ဝါဆိုနေသည့် ရဟန်းဖြစ်သဖြင့် ဤအန္တရာယ်ကောင်နှင့်ပင် တစ်မိုးအောက် ဝါကျွတ်သည့်အထိ ဝါဆိုရပေတော့မည်။ ကောင်ရှည်သည် မိမိကြောက်နေသည်ကို သိ၍ပေလောမသိ၊ ထိုမှနောက်ပိုင်းကာလ ရံခါ ညညမျက်နှာကျက်ပေါ်၌ ဝုန်းဒိုင်းကျဲပြနေလေ့ရှိသည်။

သုံးရက်ခန့်ကြာသော် ဤအန္တရာယ်ကောင်၏ လက်ချက်ကြောင့်ပင် မိမိဇီဝိန်ချုပ်ရမည့်ကံပါလျှင်လည်း မတတ်နိုင်တော့ဟု စိတ်ကို ဒုန်းဒုန်းချကာ ကံနှင့်အသက်ကို ဝေမျှလိုက်သဖြင့် စိတ်သက်သာရာ ရလာပါသော်လည်း ဝိနည်းလမ်းကြောင်းအရမူ စိတ်သက်သာရာမရဘဲ ရှိနေပါသည်။

အဘယ့်ကြောင့်ဆိုသော် သဟသေယျသိက္ခာပုဒ်အရ အခြေလေးချောင်းသတ္တဝါတွင် ကြောင်မ၊ အခြေနှစ်ချောင်းတွင် ကြက်မ၊ အခြေမဲ့တွင် မြွေမကို ပါရာဇိကလောက်သည့် သတ္တဝါဟု အဋ္ဌကထာ၌ လာရှိ၏။ ထို့ကြောင့် မိမိရင်ထဲမှ ဝိနယကုက္ကုစ္စ ဖြောင့်တံကျင်ကို ဆွဲနှုတ်ပေးနိုင်စွမ်းသည့် ရွှေဥမင်ဆရာတော် ထံပါးရောက်ရှိသွားပါသည်။ ဆရာတော်ဘုရားကြီးက "တောထဲသီတင်းသုံးရတာ အဆင်ပြေရဲ့လား၊ ဆွမ်းကောမျှတရဲ့လား၊ တရားကော အဆင်ပြေရဲ့လား"ဟု မေတ္တာရှေ့ထားကာ မေးမြန်းတော်မူပါသည်။ မြွေကြီးတစ်ကောင်နှင့် တစ်မိုးအောက် ဝါဆိုနေရသည့်အခြေအနေကို လျှောက်ထားရာ ဆရာတော်ကြီးက "အဲသည်မြွေ ကျောင်းထဲကို ဝင်တဲ့တံခါးပေါက်နှင့် ဦးခေမာဝင်တဲ့တံခါး တူလို့လား" ဝိနည်းရှုထောင့်မှ ဆရာတော်မေးတော်မူလိုက်သည့် မေးခွန်းသည် မြွေနှင့်အတူနေသမျှကာလပတ်လုံး မိမိတစ်ကြိမ်တစ်ခါမှ မစဉ်းစားမိသော အတွေးဆကို ဆရာတော်ကြီးမှ အစဖော်ပေးတော်မူလိုက်သည်။ သူတော်ကောင်းကို ဆည်းကပ်မိသည့်တစ်ခဏ ဤမေးခွန်းတစ်ခုတည်းနှင့်ပင် ရင်ထဲမှ ဝိနယကုက္ကုစ္စ ပြေလည်သလောက် ဖြစ်သွားပါသည်။ သို့သော် ဆရာတော်၏နှုတ်တော်မှ မိန့်ကြားတော်မူမည့် တစ်စုံတစ်ခုသော မှတ်သားဖွယ်ရာ တန်ဖိုးရှိသည့် စကားများကို နာကြားလိုပါသေးသဖြင့်-

"မတူပါဘုရား၊ ဘုရားတပည့်တော် ကျောင်းတံခါးပေါက်ကဝင်ပြီး သူကတော့ အမိုးဘက်က မလွယ်ပေါက်တစ်ခုခုကနေ ဝင်ထွက်နေတာပါဘုရား"။

"မြွေက မျက်နှာကြက်မှာဆိုတော့ တစ်မိုးတူသော်လည်း တစ်ရံမတူကြောင်းကို ဝိနည်းရှုထောင့်က ကြည့်သင့်ကြောင်းနှင့် တစ်ခါ အဆောက်အဦထဲကို ဝင်တဲ့တံခါး မတူတာကြောင့် မြွေမဖြစ်စေကာမူ အာပတ်သင့်ရန် အကြောင်းမရှိပါလေ၊ ဒါ့ကြောင့် ဝိနယဂရုက ဖြစ်တော်မူကြတဲ့ ဆရာတော်ဘုရားများက နှစ်ထပ်ကျောင်းများ ဆောက်ကြရင် လှေကားကို အပြင်ထားတော်မူကြတာလေ၊ ဝင်ပေါက်မတူတော့အောင် ကျောင်းကိုစီမံတော်မူကြတာ ဦးဇင်း"။ လျှောက်ထားစရာ မကျန်တော့အောင်ပင် ရှင်းလင်းသွားပါသည်။ သံသယလည်း ဘယ်ဆီလွင့်စင်သွားမှန်း မသိလိုက်ရပါ။

"မြွေက လူတစ်ရပ်လောက် ရှည်တာရယ်၊ လက်မောင်းလုံးလောက် ကြီးတာရယ် သစ်ပင်တက်နိုင်ပုံကြည့်ရင်တော့ လင်းမြွေ ဒါမှမဟုတ် မြွေဟောက်ဖြစ်နိုင်ပါလိမ့်မယ်၊ လင်းမြွေဆိုရင်တော့ လူတွေ့ရင် သူကဦးအောင် ထွက်ပြေးတတ်တယ်၊ မြွေဟောက်ဆိုရင်တော့ သူက ရန်မူချင်တယ်၊ ဒါပေမယ့် မြွေပွေးလိုတော့ တိတ်တဆိတ် လာရန်မူတာ မဟုတ်ပါဘူး။

ဒေါသကြီးပြီး ရှူးရှူးရှဲရှဲ အလွန်လုပ်တဲ့ကောင်တွေ လူကအသံကြားရတော့ ရှောင်တိမ်းချိန်ရတာပေါ့” ဆရာတော်ဘုရားကြီးသည် တောတောင်များ၌ ကာလရှည်ကြာ နေတော်မူသဖြင့် တောကောင်တို့၏ သဘာဝကို ကျယ်ကျယ်ပြန့်ပြန့် သိရှိတော်မူပါသည်။ မိမိမှာမူ မြွေပွေးကိုပင် မမြင်ဖူးပါ။ တစ်နေ့ ဆွမ်းခံသွားလမ်း၌ စံပယ်ပန်းပွင့်ပမာ အကွက်အကွက်နှင့် ကြည့်၍လှသည့် မြွေတစ်ကောင် အခွေလိုက် ကားကြိတ်ထားသဖြင့် ရပ်ကြည့်နေမိပါသည်။ ထိုစဉ် ဒါယကာတစ်ဦး အနားရောက်လာသဖြင့် “ဒါဘာမြွေပါလဲ၊ အကွက်တွေ လှတယ်နော်” ဟုပြောမိရာ ထိုဒါယကာကြီး ရုတ်တရက် မဖြေသေးဘဲ မိမိကို သေသေချာချာ ကြည့်ပါသည်။ ထို့နောက် မဖြေချင့် ဖြေချင်ဖြင့် “မြွေပွေး မြွေပွေးကိုယ်တော်”ဟု တုံးတိ ဖြေသွားပါသည်။ မိမိ၌ ဗဟုသုတ ထိုမျှခေါင်းပါးလှသည့်အကြောင်း တွေးမိနေစဉ် ဆရာတော်ဘုရားကြီးမှ-

“မိမိကို အန္တရာယ်မရှိအောင်တော့ သတိပြုဖို့ လိုတယ်နော်။ ခန္ဓသုတ်ပရိတ်ကတော့ အကောင်းဆုံးပဲ။ တောမှာ သီတင်းသုံးတော်မူကြတဲ့ ရဟန်းတော်များက ခန္ဓသုတ်ပရိတ်ကို မဖြစ်မနေရွတ်ရင် ကောင်းပါတယ် ဦးဇင်း” ဆရာတော်ကြီးသည် ချိုမြိန်သော စိတ်ဓာတ်ခွန်အားကို ဖြစ်စေသောစကားများကို မိန့်တော်မူပါသည်။

“ဝိနည်းသီလကိုသာ ပဓာနပြုပါ ဦးဇင်း၊ တော်ရုံအန္တရာယ် တွေက သီလသတ္တိကြောင့် ဖယ်ရှားပါတယ်၊ မေတ္တာကိုတော့ လက်ကိုင်ပြုရမှာနော်၊ ဒါမှလိုနေသေးရင်လည်း သစ္စာကို အားကိုးလို့ ရပါသေးတယ်၊” သူတော်ကောင်းကျင့်စဉ်အတွက် လက်နက်များစွာ ရှိနေသေးသည်ကို သိလာရသဖြင့်လည်းကောင်း၊ ဝိနည်းသီလဆိုင်ရာသံသယ လွင့်စင်ပျောက်ကွယ်သွားသောကြောင့်လည်းကောင်း အသွားလမ်းနှင့်မတူ မိမိဖြည့်ကျင့်ထားသည့် ရဟန်းသီလ အပေါ် ပြည့်ဝသောယုံကြည်မှုဖြင့် တောရကျောင်းသို့ ပြန်လာနိုင်ခဲ့ပါသည်။ သီလမဂ္ဂင်သည် အင်အားကြီးမားလှပေစွ။

## သမ္မာဒိဋ္ဌိ အမျိုးမျိုး

၁။ ကမ္မဿကတာသမ္မာဒိဋ္ဌိ = ကံနှင့် ကံအကျိုးကို ကောင်းစွာသိမြင်သည့်ဉာဏ်။

၂။ ဝိပဿနာသမ္မာဒိဋ္ဌိ = သင်္ခါရတရားတို့၏ မမြဲသည့်သဘော၊ မခိုင်ခံ့သည့်သဘော၊ အစိုးမရသည့်သဘောကို သိမြင်သည့်ဉာဏ်။

၃။ သစ္စာနုလောမိကသမ္မာဒိဋ္ဌိ = သစ္စာလေးပါးအားလျော်စွာ သိမြင်သည့်ဉာဏ်။

ထို့ပြင် ဈာနသမ္မာဒိဋ္ဌိ၊ မဂ္ဂသမ္မာဒိဋ္ဌိ၊ ဖလသမ္မာဒိဋ္ဌိတို့လည်း စာပေ၌ လာရှိပါသည်။

---

**ကျမ်းညွှန်း**

* ဒုတိယသဟသေယျသိက္ခာပဒဝဏ္ဏနာ၊ မုသာဝါဒဝဂ္ဂ၊ ပါစိတ္တိယကဏ္ဍ၊ ပါစိတျာဒိသာအဋ္ဌကထာ၊ (နှာ-၁၂)
* ခုဒ္ဒကဝတ္ထုနိ၊ ခုဒ္ဒကဝတ္ထုက္ခန္ဓက၊ စူဠဝဂ္ဂပါဠိ၊ (နှာ-၂၄၅)
* ပဒဘာဇနီယဝဏ္ဏနာ၊ ပဌမပါရာဇိက၊ ပါရာဇိကအဋ္ဌကထာ၊ ပဌမတွဲ (နှာ-၂၂၄)
* အရှင်ခေမာနန္ဒ(ရန်ကင်းတောရ)၊ မဟာထေရမြတ်တို့၏ စံနမူနာယူစရာကျင့်သီလအပိုင်း (၁)(၂၀၁၄၊ဒုတိယအကြိမ်)

## အတ္တဒိဋ္ဌိနှင့် သက္ကာယဒိဋ္ဌိ ကမ္မဿကတာ သမ္မာဒိဋ္ဌိ

အတ္တဒိဋ္ဌိသမားက မရှိသည့် ဝိညာဉ် လိပ်ပြာ အတ္တကို ရှိ၏ဟု ယူဆသည်။ သူက အမှန်တကယ် သိ၍ မဟုတ်ပေ။ သင်္ခါရတရားတို့၏ သဘောအမှန်ဖြစ်သည့် ပေါ်ပြီးပျောက်၊ ဖြစ်ပေါ်လာပြီး ချုပ်နေသည့် မတည်တံ့ မခိုင်ခံ့သည့် သဘောအစစ်၊ သဘောအမှန်ကို ဝိပဿနာဉာဏ်ဖြင့် ပိုင်ပိုင်သိမြင် သဘောပေါက်ထားသည့် ယောဂီက ဝိညာဉ်လိပ်ပြာ အတ္တကို မယူတော့ပေ။ သူသဘောပေါက်ထားသဖြင့်လည်းကောင်း၊ သူသိသင့်သလောက် သိထား သဖြင့်လည်းကောင်း အတ္တဒိဋ္ဌိမှ တဒင်္ဂချင်း၊ တဒင်္ဂချင်း လွန်မြောက်နေပါသည်။

သက္ကာယဒိဋ္ဌိသမားက ထင်ရှားရှိသည့် ကိုယ်ကောင်ကြီးကို "ငါ သူတစ်ပါး" အဖြစ် ခံယူလေ့ရှိသည်။ ဤသည်မှာ ပုထုဇဉ်တို့၏သဘာဝ မွေးရာပါ ဒိဋ္ဌိဖြစ်သည်။ ဝိပဿနာ တရားအသိ တိုးတက်လာပါက "ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမဟူသည် အပြောသင်္ကေတ မျှပါကလား၊ အမှန်တကယ်မှာမူ ဖောက်ပြန် ပြောင်းလဲနေသည့် ရုပ်နာမ်အစုမျှသာ ရှိတာပါလား"ဟု သဘောပေါက်လာသည်။

သူသည် လောကဝေါဟာရအရ "ငါ သူတစ်ပါး" အပြောကို ပြောနေပေလိမ့်မည်။ သို့သော် သူ၏ဉာဏ်က " ဒါက လောက သတ်မှတ်ချက်မျှသာ ဖြစ်ပေတယ်"ဟု အမှန်တရား သိနေပြီး သက္ကာယဒိဋ္ဌိ အသိအမြင် စင်ကြယ်လာသည်။ ထို့ကြောင့် လောကအပြောကတခြား၊ ဓမ္မအသိကတခြားဟု လောကနှင့်ဓမ္မ နှစ်မျိုးနှစ်စား ကွဲပြားသည်ကို သိလာနိုင်ပေသည်။

ထိုနည်းအတူ ကံနှင့်ကံ၏အကျိုးကို ပိုင်ပိုင်နိုင်နိုင် သိမြင်နားလည်လာသူကလည်း ဒါနစေတနာ စသည်၏ အကျိုးမရှိဟူသော နတ္ထိကဒိဋ္ဌိ၊ အကြောင်းကံမရှိဘဲ ကောင်းကျိုး ဆိုးကျိုး ခံစံကြရသည်ဟုယူသော အဟေတုကဒိဋ္ဌိနှင့်၊ ကောင်းမှုမကောင်းမှုပြုသော်လည်း ပြုရာမရောက်ဟုယူသော အကိရိယဒိဋ္ဌိတို့မှ လွန်မြောက်လာပါသည်။

## မိစ္ဆာဒိဋ္ဌိလည်း မဂ္ဂင်ထိုက်ပါသည်

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိဟူသော မဂ္ဂင်တို့က တရားအားထုတ်ရာတွင် ပါသည်။ ဝိပဿနာတရားကို အားထုတ်နေသူက သမ္မာဒိဋ္ဌိလား၊ သမ္မာသင်္ကပ္ပလား၊ သမ္မာဝါယာမလား၊ သမ္မာသတိလား၊ သမ္မာသမာဓိလားဆိုသည်ကို စာပေ အရ မသိနားမလည်သူပင် ဖြစ်စေကာမူ တရားလမ်းကြောင်းမှန်နေပါက ဤမဂ္ဂင် ၅-ပါး ပါနေပါသည်။

ဤနေရာတွင် သီလဝိသုဒ္ဓိက ကနဦးကပင် ခံယူဆောက်တည်ထားသဖြင့် သီလမဂ္ဂင်ကို မပြသော်လည်း ပါပြီးသား ဖြစ်သည်။ သစ္စာလေးပါးသိရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန် မဂ္ဂင်ရှစ်ပါးလုံး ပါဝင်ရပါသည်။

သတိပြုစရာမှာ မိစ္ဆာဒိဋ္ဌိကလည်း မဂ္ဂင်ထိုက်ပါသည်။ အဘယ်ကြောင့်ဆိုသော် အပါယ်ဘုံကိုသွားရာလမ်းကြောင်း ဖြစ်သောကြောင့်ပေတည်း။

## ပဋ္ဌာန်းထဲက မဂ္ဂပစ္စည်းမှာ သမ္မာနှင့် မိစ္ဆာဟူ၍ရှိသည်

ပဋ္ဌာန်း၌လာသည့် မဂ္ဂပစ္စယောကို သာမာန်အားဖြင့် ယူရိုး ယူစဉ် မဂ္ဂင်ရှစ်ပါး မယူရပေ။ မဂ္ဂင်ရှစ်ပါးသည် နိဗ္ဗာန်ကို သွားသည့်လမ်း ဖြစ်ပါသည်။ ပဋ္ဌာန်းထဲက မဂ္ဂက နိဗ္ဗာန်အပါအဝင် သုဂတိဌာန သွားသည့်လမ်းနှင့် ဒုဂ္ဂတိဌာနကို သွားသည့်လမ်းဟူ၍ နှစ်လမ်းရှိပေသည်။

*'မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော'* ထိုသဘာဝတရားတို့သည် လမ်းကြောင်းအနေဖြစ်ပြီး ၎င်းတို့နှင့် ယှဉ်တွဲလာသည့် သမ္ပယုတ္တတရားတွေကိုလည်း သူတို့နည်းတူ ဖြစ်ဖို့ရာ ကျေးဇူးပြုပါသည်။ ဖြစ်စေပါသည်။

ပမာပြရသော် မိစ္ဆာဒိဋ္ဌိ wrong understood က သူနှင့်ယှဉ်တွဲဖြစ်သည့် စိတ် စေတသိက် စိတ္တဇရုပ်အားလုံးကို မှားယွင်းသည့် လမ်းကြောင်းပေါ်ကို တင်ပေးသည်။ ထို့ကြောင့် "ထိုသူတွေးရင်လည်း တစ်လွဲ၊ ပြောရင်လည်း တစ်လွဲ၊ လုပ်ရင်လည်း တစ်လွဲ " ဖြစ်သွားပါတော့သည်။ အကြောင်းမှာ မိစ္ဆာဒိဋ္ဌိက ကျေးဇူးပြုသောကြောင့်တည်း။

တစ်ဖန် သမ္မာဒိဋ္ဌိ Right understood က သူနှင့်ယှဉ်တွဲဖြစ်သည့် စိတ် စေတသိက် စိတ္တဇရုပ်အားလုံးကို မှန်ကန်သည့် လမ်းကြောင်းပေါ်ကို တင်ပေးပါသည်။ ထို့ကြောင့် အတွေးမှန်ပြီ သမ္မာသင်္ကပ္ပ၊ အပြောမှန်ပြီ၊ အလုပ်မှန်ပြီ၊ သမ္မပ္ပဓာန် လုံ့လဝီရိယမှန်ပြီ၊ စူးစိုက်မှုမှန်ပြီ။ အကြောင်းမှာ သမ္မာဒိဋ္ဌိက ကျေးဇူးပြုသောကြောင့်တည်း။

ထို့ကြောင့် မဂ္ဂင် ၁၂- ပါးက သူတို့ကိုယ်တိုင်ကပင် တစ်စုံတစ်ခုကို ရောက်ဖို့ရာအတွက် ဦးတည်သည့် လမ်းကြောင်းကြီးများ ဖြစ်နေပါတော့သည်။ သူတို့လမ်းကြောင်း ဖြစ်နေသကဲ့သို့ သူတို့နှင့် ယှဉ်တွဲနေသည့် သူတို့နှင့် ပတ်သက်နေသည့် စိတ်၊ စေတသိက်၊ စိတ္တဇရုပ်စသည့် သဘာဝတရားတို့ကိုလည်း ထိုလမ်းကြောင်းပေါ်သို့ စုပြုံတင်ပေးပါသည်။

သို့ဖြစ်ပါ၍ *'ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ မဂ္ဂပစ္စယေန ပစ္စယော'*ဟု လာရှိပါသည်။

---

**ကျမ်းညွှန်း** ＊ ပါချုပ်ဆရာ တော်၏ပဋ္ဌာန်း

# ကောကာလိက လျှောက်လှမ်းခဲ့သည့် မိစ္ဆာမဂ္ဂင်လမ်း

ကောကာလိကရဟန်းသည် မြတ်စွာဘုရားထံတော်ပါးသို့ ချဉ်းကပ်ခါ "အရှင်ဘုရားသည် တပည့်တော်၏ ယုံကြည်ထိုက်သူ စိတ်ချထိုက်သူ ဖြစ်ပါ၏။ သို့သော်လည်း သာရိပုတ္တရာနှင့် မောဂ္ဂလ္လာန်တို့သည် ယုတ်ညံ့သော အလိုရှိကုန်၏၊ ယုတ်ညံ့သော အလိုတို့၏ နိုင်ငံသို့ လိုက်ကြကုန်၏"ဟု လျှောက်၏။ ဘုရားရှင်က "ကောကာလိက ဤသို့ မဆိုလင့်၊ သာရိပုတ္တရာနှင့် မောဂ္ဂလ္လာန်တို့အပေါ် စိတ်ကို ကြည်လင်စေလော့၊ သူတို့သည် သီလကို ချစ်မြတ်နိုးကြကုန်၏"ဟု မိန့်တော်မူ၏။ ကောကာလိကသည် သုံးကြိမ်တိုင်တိုင် လျှောက်ထား၏၊ မြတ်စွာဘုရားသည်လည်း သုံးကြိမ်တိုင်တိုင် မိန့်ကြားတော်မူ၏။

ထိုအခါ ကောကာလိကရဟန်းသည် မြတ်စွာဘုရားကို ရှိခိုးလျက် ထွက်ခွာသွား၏။ မကြာသေးသောကာလ၌ ထိုရဟန်း၏ကိုယ်ပေါ်တွင် မုန်ညင်းစေ့ခန့်ရှိကုန်သော အဖု အပိန့် ထွက်လာ၏။ ထို့နောက်ပဲ နောက်စေ့ခန့်၊ ထို့နောက် စားတော်ပဲခန့်၊ ထို့နောက် ဆီးသီးခန့်၊ ထို့နောက် ဥသျှစ်သီးခန့်ဖြစ်ပြီး ရင့်မှည့်ကာ ပေါက်ကွဲကုန်၏။ ကောကာလိကသည် ထိုအနာဖြင့်ပင် စုတေကာ ပဒုမငရဲ၌ ဖြစ်၏။

ကောကာလိက ခံရမည့်ပဒုမငရဲ၏ သက်တမ်းကိုသိလိုသဖြင့် ရဟန်းတစ်ပါးက မြတ်စွာဘုရားအားလျှောက်ထားပါသည်။ ဘုရာရှင်က "လှည်းတစ်စီးပေါ်သို့ နှမ်းတင်း-၂၀ တင်ထားပြီး နှစ်တစ်ရာလျှင် နှမ်းစေ့တစ်စေ့ကို ထုတ်ယူပါက နှမ်းစေ့သာကုန်မည် တစ်ခုသော အဗ္ဗုဒငရဲသည် မကုန်သေး။ ရဟန်း အဗ္ဗုဒငရဲနှစ်ဆယ်သည် နိရဗ္ဗုဒငရဲတစ်ခု ဖြစ်၏။ နိရဗ္ဗုဒငရဲနှစ်ဆယ်သည် အဗဗငရဲတစ်ခု ဖြစ်၏။ အဗဗငရဲနှစ်ဆယ်သည် အဟဟငရဲတစ်ခု ဖြစ်၏။ အဟဟငရဲနှစ်ဆယ်သည်အဋ္ဋငရဲတစ်ခု ဖြစ်၏။ အဋ္ဋငရဲနှစ်ဆယ်သည် ကုမုဒငရဲတစ်ခု ဖြစ်၏။ ကုမုဒငရဲနှစ်ဆယ်သည် သောဂန္ဓိကငရဲတစ်ခု ဖြစ်၏။ သောဂန္ဓိကငရဲနှစ်ဆယ်သည် ဥပ္ပလငရဲတစ်ခုဖြစ်၏။ ဥပ္ပလငရဲနှစ်ဆယ်သည် ပုဏ္ဍရိကငရဲတစ်ခုဖြစ်၏။ ပုဏ္ဍရိကငရဲနှစ်ဆယ်သည် ပဒုမငရဲတစ်ခု ဖြစ်၏" ဟု မိန့်တော်မူ၏။

ကောကာလိကရဟန်း၏ မကောင်းစွာပြောဆိုသည့်စကား၊ မကောင်းသည့်အတွေး၊ မကောင်းသည့်အသိအမြင်၊ မကောင်းသည့် လှုံ့လစိုက်ထုတ်မှုဟူသော မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ၊ မိစ္ဆာဝါစာ၊ မိစ္ဆာဝါယာမ စသည့် မိစ္ဆာမဂ္ဂင်ကပင် သူ၏ခန္ဓာကိုယ်အနှံ့ အဖုအပိန့်များစွာ ပေါက်ကာ ဒုက္ခခံစားရပြီး သေရွာကိုပို့၏။ ထိုမိစ္ဆာမဂ္ဂင်လမ်းကပင် ကောကာလိကကို ပဒုမငရဲသို့ ပို့ခြင်းဖြစ်လေ၏။

---

**ကျမ်းညွှန်း** * ၁ ကောကာလိကသုတ်၊ သုတ္တနိပါတ်ပါဠိတော် (နှာ-၃၇၉)

## စိဉ္စမာဏ လျှောက်လှမ်းခဲ့သည့် မိစ္ဆာမဂ္ဂင်လမ်း

စိဉ္စမာဏသည် တိတ္ထိဆရာကြီးများ၏ စေခိုင်းမှုကြောင့် မြတ်ဗုဒ္ဓအား လူအများ အထင်လွဲမှားစေရန် ရည်ရွယ်၍ ညနေချမ်း လူများမြင်ရချိန်တွင် ဘုရားကျောင်းတော်အနီး တိတ္ထိတို့၏ကျောင်းသို့ ဝင်သွားပြီး မနက်အစော လူအများကျောင်းကို လာချိန်တွင် ဘုရားကျောင်းတော်မှ ပြန်ထွက်လာဟန် ပြုမူနေထိုင်ခဲ့ပြီး အတန်ကြာသည့်အခါ ရဟန်းဂေါတမနှင့် ကိုယ်ဝန်ရသည့် ပမာဟူ၏ဝမ်းဗိုက်တွင် ပျဉ်ချပ်စည်းကာ တရားဟောတော်မူနေသည့် ဘုရားရှင်အား ပရိတ်သတ် ကြားတွင် စွပ်စွဲလေ၏။ စိဉ္စမာဏသည် ဘုရားရှင်၏မျက်ကွယ်သို့ ရောက်သည့်ခဏမှာပင် သူလျှောက်လှမ်းခဲ့သည့် မိစ္ဆာမဂ္ဂင်လမ်း၏သတ္တိကြောင့် မြေမျိုခံရပြီး အဝီစိငရဲမှ မီးလျှံများသည် စိဉ္စမာဏအား ရစ်ပတ်၍ ခေါ်ဆောင်သွားခဲ့လေသည်။

## ဘုရားရှင်၏ ဦးရီးတော်သုပ္ပဗုဒ္ဓ လျှောက်လှမ်းခဲ့သည့် မိစ္ဆာမဂ္ဂင်လမ်း

ဒေဝဒတ်နှင့် ယသော်ဓရာတို့၏ ခမည်းတော်၊ သိဒ္ဓတ္ထမင်းသား၏ ဦးရီးတော်လည်း ဖြစ်သူ ဘုရင်ကြီးသုပ္ပဗုဒ္ဓသည် သမီးတော်ယသော်ဓရာကို ပစ်ထားခဲ့သည်ကတစ်ကြောင်း၊ သားတော်ဒေဝဒတ်၏ ရန်သူအရာ၌တည်ခဲ့သည့် အကြောင်းတို့ကြောင့် ဘုရားရှင်အပေါ် ရန်ငြိုးထားသူ ဖြစ်သည်။

တစ်နေ့တွင် ဘုရားရှင်ကြွတော်မူရာလမ်းကို ပိတ်ပင်တားဆီးသည်ကို အကြောင်းပြု၍ ဘုရားရှင်က "ဦးရီးတော်သည် ဤအကုသိုလ်ကြောင့် ၇-ရက်လွန်သည့်အခါ ပြာသာဒ်ခြေရင်း လှေခါးရင်းတွင် မြေမျိုခံရမည်"ဟု မိန့်တော်မူခဲ့ပါသည်။ ထိုအကြောင်းကို သုပ္ပဗုဒ္ဓ ကြားသိသည့်အခါ မြတ်စွာဘုရားစကား မမှန်အောင်နေပြီး မုသာဝါဒဖြင့် စွပ်စွဲမည်ဟု နှလုံးပိုက်ကာ ဘုံ ၇- ဆင့်ရှိသည့် ပြသာဒ်ထက်ဝယ် တက်နေခဲ့၏။ သို့သော် ၇-ရက်မြောက်သည့်နေ့တွင် ရှင်ဘုရင်၏ မင်္ဂလာစီးတော်မြင်းကြီး မြည်ဟီးကာ သောင်းကျန်းလာသဖြင့် တားဆီးရန် သတိလက်လွတ် ထိုပြာသာဒ်ထက်မှ ဆင်းသက်မိရာက လှေကားခြေရင်းတွင် မြေမျိုကာ အဝီစိငရဲသို့ ကျရောက်ခဲ့ခြင်း ဖြစ်သည်။

ဘုရားရှင်၏ ဦးရီးတော်ဖြစ်သည့် ဘုရင်သုပ္ပဗုဒ္ဓသည် သူလျှောက်လှမ်းခဲ့သည့် မိစ္ဆာမဂ္ဂင်လမ်းကြောင့် လှေကားခြေရင်းတွင် မြေမျိုကာ အဝီစိငရဲသို့ ပို့ဆောင်ခံရခြင်း ဖြစ်သည်။

---

**ကျမ်းညွှန်း** * (၁၃) လောကဝဂ်၊ စိဉ္စမာဏဝိကာဝတ္ထု၊

* သုပ္ပဗုဒ္ဓသကျဝတ္ထု၊ ပါပဝဂ်၊ ဓမ္မပဒအဋ္ဌကထာ

## နန္ဒလုလင် လျှောက်လှမ်းခဲ့သည့် မိစ္ဆာမဂ္ဂင်လမ်း

နန္ဒသည် ရဟန္တာဥပ္ပလဝဏ်ထေရီမကို ဆော်ကားမိသဖြင့် အရှင်လတ်လတ် မြေမျိုခံခဲ့ရသူဖြစ်သည်။ ဥပ္ပလဝဏ်ထေရီမသည် တန်ခိုးကြီးသောအရာ၌ အမြတ်ဆုံး ဧတဒဂ်ဘွဲ့ရသည့် အရှင်မဖြစ်၏။ တစ်နေ့သော် နန္ဒလုလင်သည် လူသူကင်းဆိတ်ချိန်တွင် ထေရီမ၏ ကျောင်းသင်္ခမ်းထဲသို့ ရောက်ရှိလာပြီး ထေရီမအား အဓမ္မပြုကျင့်ရန်ကြိုးစားလေသည်။ ရဟန္တာဖြစ်နေသည့် ထေရီမအား စော်ကားမိသဖြင့် ယင်းအကုသိုလ်ကံ အကျိုးကြောင့် နန္ဒလုလင်မှာ မြေကြီးကွဲအက်၍ အရှင်လတ်လတ် မြေမျိုခြင်းကို ခံခဲ့ရပြီး အဝီစိငရဲသို့ ကျရောက်သွားခဲ့လေသည်။

နန္ဒလုလင်၏ မကောင်းသည့် အသိအမြင်၊ မကောင်းသည့်အတွေး၊ မကောင်းသည့် လုံ့လစိုက်ထုတ်မှုဟူသော မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ၊ မိစ္ဆာဝါယာမ စသည့် မိစ္ဆာမဂ္ဂင်ကပင် သူ့ကို အရှင်လတ်လတ် မြေမျိုခြင်းကို ခံခဲ့ရပြီး အဝီစိငရဲသို့ ပို့ခြင်းဖြစ်လေ၏။

## မပြစ်မှားကောင်းသူကို ပြစ်မှားမိပါလျှင်

ဤနေရာတွင် အရိယာသူတော်ကောင်းပုဂ္ဂိုလ်တို့အား ပြစ်မှားမိခြင်းကြောင့် ရရှိသောဆိုးကျိုးဆယ်မျိုးကို အောက်ဖော်ပြပါလင်္ကာဖြင့် ဖော်ပြပေးလိုပါသည် -

'အရိယာဇာတ်၊ ပုဂ္ဂိုလ်မြတ်ကို၊ ပြောတတ်ပြစ်ဆို၊ အညစ်ပို၍၊<br>
မလိုရန်ငြိုး၊ ထိုသူမျိုး၌၊ ဆယ်မျိုးပြစ်ဒဏ်၊ ရမြဲမှန်ခဲ့၊<br>
သွေးအန်ဖြစ်လွယ်၊ ရောင်းဝယ်ရှုံးခြင်း၊ ချို့ယွင်းအင်္ဂါ၊ ရူးကြဖောက်ပြန်၊<br>
ကြမ်းတမ်းစွပ်စွဲ၊ သေကွဲသားချင်း၊ ပျက်ခြင်းစည်းစိမ်၊ နေအိမ်မီးလောင်၊<br>
ဒုက္ခဘောင်သည်၊ လူ့ဘောင်ဒိဋ္ဌ၊ တွေ့ကြုံရ၍၊ သေကမလွဲ၊<br>
ပါယ်ငရဲဝယ်၊ ကမ္ဘာစွဲခဲ့၊ ရောက်ဆဲ လူ့ပြည်၊ တက်ပြန်လေသော်၊<br>
ကျက်သရေမွဲ၊ မင်္ဂဖိုလ်လွဲ၍၊ အမြဲကြမ္မာ၊ ဝဋ်ကြောင်းပါသည်၊<br>
ရှောင်ရန် ဓမ္မအန္တရာယ်တည်း။'

### မဂ္ဂသစ္စာ

၁။ ဒုက္ခသစ္စာ ၂။ ဒုက္ခသမုဒယသစ္စာ ၃။ ဒုက္ခနိရောဓသစ္စာ ၄။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါသစ္စာ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ = မဂ္ဂင်ရှစ်ပါးကို ညွှန်းပါသည်။ Noble path က ကိလေသာကို ပယ်သတ်ပြီး နိဗ္ဗာန်ကို ရောက်စေပါသည်။

**ကျမ်းညွှန်း** * ဥပ္ပလဝဏ်ထေရီမဝတ္ထု၊ ဗြာဟ္မဏဝဂ်။

ပဋ္ဌာန်းပစ္စည်းတရားများ တစ်ခုနှင့်တစ်ခု ကျေးဇူးပြုနေခြင်း၊ အထောက်အကူပြုနေခြင်းကိုပင် သင်္ခါရဟူ၍ ခေါ်၏။ နိဗ္ဗာန်က သင်္ခါရမှ ကင်းသည့် ဝိသင်္ခါရ။

န + အာဂါမိ Non returner ပြန်မလာတော့သည့် သုဒ္ဓါဝါသဘုံကို ဓမ္မပဒ၌ *'န ဟိ ဧတေဟိ ယာနေဟိ၊ ဂစ္ဆေယျ အဂတံ ဒိသံ'* ဟူသောဂါထာ လာရှိပါသည်။ အဓိပ္ပါယ်မှာ လောက၌ရှိသည့် ယာဉ်ရထားနှင့်သွားပါက မရောက်ဖူးသည့် နိဗ္ဗာန်အရပ်ကို ရောက်မည် မဟုတ်ပါပေ။

၃၁-ဘုံထဲက ငရဲပြည်၊ တိရိစ္ဆာန်ပြည်၊ ပြိတ္တာပြည်တို့ကို ရောက်ဖူးလှပေပြီ။ ထို့ကြောင့် *'စတ္တာရော အပါယာ သကဂေဟသဒိသာ'* ဟု ဟောတော်မူခြင်း ဖြစ်ပါသည်။ အဓိပ္ပါယ်က ကုသိုလ်ကို မေ့လျော့နေသူတို့အတွက် အပါယ်လေးဘုံသည် မိမိ အမြဲနေနေကျ ကိုယ်ပိုင် အိမ်ယာနှင့် တူပါသည်။

လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်တို့ကိုလည်း ရောက်ဖူးလှပြီ။ သို့သော် နိဗ္ဗာန်ကိုမူ မရောက်ဖူးသေးပါ။ ဗြဟ္မာ့ဘုံထဲက သုဒ္ဓဝါသ ၅-ဘုံကိုလည်း မရောက်ဖူးသေးပါ။ သုဒ္ဓဝါသက အနာဂါမ်ပုဂ္ဂိုလ်တို့၏ ဘုံဖြစ်ပါသည်။ ထိုဘုံမှသည်ပဋိသန္ဓေအားဖြင့် ပြန်မလာတော့ဘဲ ပရိနိဗ္ဗာန်စံဝင်မည် ဖြစ်သဖြင့် (န + အာဂါမိ) = ပြန်မလာတော့ပါ - Non returner. ဟု ခေါ်ခြင်းဖြစ်သည်။

## လုပ်ငန်းခွင်၌ ပျံလွန်တော်မူသည့် ရဟန်း

ဘုရားရှင်လက်ထက်တော် ကာလတုန်းက အမျိုးသားတစ်ယောက် သဒ္ဓါတရား ထက်သန်စွာနဲ့ ရဟန်းပြုပြီး တောကျောင်းတစ်ခုမှာ ကမ္မဋ္ဌာန်းတရားကို မပြတ် နှလုံးသွင်း အားထုတ်နေတယ်။

ရဟန်းတော်ရဲ့ အားထုတ်ပုံက မြတ်စွာဘုရားက လဲလျောင်းအိပ်ဖို့ ခွင့်ပြုထားတဲ့ သန်းခေါင်ယံအချိန်မှာတောင် သူက လဲလျောင်းမအိပ်ဘူး။ နေ့ရောညဉ့်ပါ မပြတ်အားထုတ် နေပါတယ်။ တစ်နေ့ စင်္ကြံသွားလျက် တရားအားထုတ်နေရင်း ပျံလွန်တော်မူသွားပါသတဲ့။ အဲဒါဟာ ရဟန်းတို့၏ တာဝန်ဖြစ်တဲ့ လုပ်ငန်းခွင်ထဲ၌ ပျံလွန်တော်မူသည် *'ဓုရသ္မိံယေဝ ကာလံ ကရောတိနာမ'* မည်တယ်လို့ အဲဒီ အဋ္ဌကထာမှာ ပြဆိုထားပါသေးတယ်။

## ပျံလွန်တော်မူပြီး တာဝတိံသာ နတ်ပြည်ရောက်

ယခု တရားအားထုတ်နေတဲ့ ရဟန်းတော်ကတော့ စင်္ကြံသွားနေရင်း ပျံတော်မူတယ်လို့ ဆိုပါတယ်။ သတိပဋ္ဌာန်ဒေသနာတော်အရ သွားခြင်းဣရိယာပုထ်ဆိုင်ရာ ရုပ်နာမ်တွေကို ဝိပဿနာရှုနေရင်း ပျံလွန်တော်မူသွားတယ်လို့ ဆိုရမှာပဲ။ အဲဒီလို အပြင်းအထန် ဝိပဿနာ

ရှုနေပေမယ့် (ဥပနိဿယမန္တတာယ) အရိယမဂ်ဉာဏ်ရောက်ဖို့ရာ အထောက်အပံ့ ပါရမီကုသိုလ်က အားနည်းနေသောကြောင့် အရဟတ္တမဂ်သို့ မရောက်သေးဘဲ ပျံလွန်တော်မူသွားတယ်၊ အရဟတ္တမဂ်သို့ မရောက်သေးရင် တဏှာက လုံးဝမကင်းသေးဘူး။ ဒီရဟန်းမှာတော့ သောတာပတ္တိမဂ်တောင် မရောက်သေးကြောင်း နောက်ပိုင်းကျတော့ ထင်ရှားပါလိမ့်မယ်။

ဒါကြောင့် (ပေါနောဗ္ဘဝိကာ) တဖန် ဘဝသစ်ကို ဖြစ်စေတတ်တဲ့ တဏှာကြောင့် ဘဝသစ်ဖြစ်ရတယ်။ ဘယ်မှာဖြစ်ရသလဲဆိုတော့ ဘာဝနာကုသိုလ်ကံ၏ အစွမ်းကြောင့် တာဝတိံသာနတ်ပြည်မှာ သူ့အတွက် အသင့်ဖြစ်ပေါ်နေနှင့်တဲ့ နတ်ဘုံဗိမာန်ကြီး၏ တံခါးပေါက်ဘဝ၌ ဝင်ရောက်နေတဲ့အသွင်ဖြင့် အိပ်ရာမှ နိုးလာသလိုပင် နတ်ကိုယ်ကာယ အပြည့်အစုံ နတ်ဝတ်အဆင်တန်ဆာ အပြည့်အစုံနှင့်တကွ ဘွားကနဲ ဩပပါတိကသတ္တဝါအနေဖြင့် ဘဝအသစ် ဖြစ်ပေါ်ရတယ်။

## ဘဝခြားသွားသော်လည်း နတ်ဘဝရောက်နေမှန်း မသိသေး

အဲဒီအခါ ဗိမာန်အတွင်းက ဗိမာန်ရှင်နတ်သားကို မျှော်နေကြတဲ့ တစ်ထောင်ခန့်ရှိတဲ့ နတ်သမီးတွေက "ဟော ဗိမာန်ရှင်နတ်သား ရောက်လာပြီ၊ ဖျော်ဖြေကြစို့"လို့ဆိုပြီး ဝမ်းမြောက်ဝမ်းသာနှင့် တူရိယာတွေကိုကိုင်လျက် ဝိုင်းရံကြိုဆိုကြတယ်။ သို့ပေမယ့် နတ်သားက နတ်ပြည်ရောက်မှန်း မသိသေးဘူး။ သူ့ကိုယ်သူ ရဟန်းလို့ ထင်မှတ်နေတုန်းပဲ။ ဒါကြောင့် နတ်သမီးတွေရဲ့အသံကို ကြားတဲ့အခါ အမျိုးသမီးကလေးတွေ ကျောင်းကို ကြည့်ရှုလှည့်လည်ရန် လာကြတယ်ထင်မှတ်ပြီး အပေါ်ရုံအဝတ်ပိုင်းဖြင့် လက်ဝဲပခုံးကို လုံအောင်ရုံလျက် မျက်လွှာချကာ ဣန္ဒြေကြီးနဲ့ နေသတဲ့။

အဲဒီလို အခြေအနေကို မြင်ရတော့ ရဟန်းဘဝမှဖြစ်လာတဲ့ နတ်သားပဲလို့ နတ်သမီးတွေက ရိပ်မိပြီးတော့ "အရှင်နတ်သား၊ ဒါက နတ်ပြည်ပဲ၊ ရဟန်းတရားကျင့်ဖို့အခါ မဟုတ်တော့ဘူး။ နတ်စည်းစိမ်ကို ခံစားဖို့ အချိန်အခါဖြစ်ပါတယ်"လို့ ပြောကြတယ်။ ဒါပေမယ့် နတ်သားက ဣန္ဒြေမပျက် တည်မြဲ တည်နေတယ်။ ဒီတော့ နတ်သမီးတွေက "ဒီနတ်သားဟာ နတ်ဘဝရောက်နေမှန်း မသိသေးဘူး၊ သိအောင် ဖျော်ဖြေလိုက်ကြစို့"လို့ ဆိုပြီး တူရိယာတွေကို တီးမှုတ်ပြီး သီဆိုကြတယ်။ အဲဒီအခါမှာလည်း 'တောကျောင်းသို့လာပြီး ကလေးမကလေးတွေ ကမြင်းနေကြတယ်' ထင်ပြီး ဣန္ဒြေကို အထူးထိန်းသိမ်းလျက် တည်နေတယ်။

ဒီတော့ နတ်သမီးတွေက သူ့ရှေ့မှာ ကိုယ်လုံးပေါ် ကြည့်မှန်ကြီးကို ထောင်ပြကြတယ်။ အဲဒီတော့မှ သူ့အရိပ်ကိုမြင်ပြီး ရဟန်းဘဝမှသေခဲ့ပြီး နတ်ပြည်ရောက်နေကြောင်း သိရတယ်။

## နတ်ပြည်ရောက်လို့ နှလုံးမသာမယာဖြစ်နေရှာတဲ့ သမဏနတ်သား

အဲဒီလို သိရတဲ့အခါ သမဏနတ်သားမှာ အကြီးအကျယ် နှလုံးမသာမယာ ဖြစ်ရတယ်။ “ငါ ရဟန်းတရားကျင့်ခဲ့တာဟာ ဒီနတ်ပြည်ရောက်ဖို့ ကျင့်ခဲ့တာ မဟုတ်ဘူး။ အမြတ်ဆုံး အကျိုးစီးပွားဖြစ်တဲ့ အရဟတ္တဖိုလ်ရဖို့ ကျင့်ခဲ့တာပဲ။ ဒါပေမယ့် ချန်ပီယံရွှေပြားတံဆိပ်ကို ရလိမ့်မယ်လို့ မျှော်မှန်းပြီး လက်ဝှေ့ပွဲကြီး ဝင်ထိုးသတ်ရာမှာ မုန်လာဉတစ်စည်းလောက် ဆုရသလိုပဲ ဖြစ်နေတယ် စသည်ဖြင့် ဆင်ခြင်ပြီး နှလုံးမသာ ဖြစ်ရတယ်။ အဲဒီလို နှလုံးမသာ ဖြစ်ပြီးတော့ ဒီနတ်စည်းစိမ်ဆိုတာက ရလွယ်ပါတယ်။ ဘုရားပွင့်တော်မူဆဲ ကာလက ကြုံခဲတယ်။ ဘုရား၏တရားကို နာကြားပြီး အရိယမဂ်ဖိုလ်တရားကိုရဖို့က အရေးကြီးတယ်။ နတ်စည်းစိမ်တွေနဲ့ မေ့နေရင် ဘုရားနဲ့ မတွေ့လိုက်ရဘဲလည်း ဖြစ်သွားနိုင်တယ်”လို့ စဉ်းစားပြီးတော့ သူ့ဗိမာန်ထဲတောင် မဝင်တော့ဘဲ (အသမ္ဘိန္နေန သီလေန) ရဟန်းဘဝက စောင့်စည်းမှု သီလမပျက်သေးမီ မြတ်စွာဘုရားထံသို့ အရေးတကြီး လာရောက်ပါတယ်။ သူ့အခြွေအရံ နတ်သမီးတွေကလည်း အတူလိုက်ပါကြသတဲ့။ နတ်သားပျောက်သွားမှာ စိုးရိမ်လို့လေလား မသိပါဘူး။ မြတ်စွာဘုရားထံ ရောက်တဲ့အခါကျတော့ အဲဒီနတ်သားက ဒီလိုမေးလျှောက်ပါတယ်။

## ဘုရားရှင်ထံပါး နတ်သားလျှောက်ထား

*အစ္ဆရာဂဏသင်္ဃုဋ္ဌံ၊ ပိသာစဂဏသေဝိတံ။*
*ဝနန္တံ မောဟနံ နာမ၊ ကထံ ယာတြာ ဘဝိဿတိ။*

*ဘန္တေ*- မြတ်စွာဘုရား၊ *အစ္ဆရာဂဏသင်္ဃုဋ္ဌံ*- နတ်သမီးအပေါင်းတို့၏ သိန်းပေါင်းများစွာ သီဆိုကြွေးကြော်ရာဖြစ်သော၊ *ပိသာစဂဏသေဝိတံ*- တစ္ဆေ မြေဘုတ်တို့ မှီဝဲကျက်စားရာဖြစ်သော၊ *မောဟနံ နာမ* - နတ်အပေါင်းတို့အား တရားရှောင်လွှဲ မိုက်မဲစေတတ်သောကြောင့် မောဟနမည်သော၊ *တံ ဝနံ*- နန္ဒဝန်မည်သော ထိုဉယျာဉ်ကို၊ *ကထံ*- အဘယ်သို့သောနည်းဖြင့်၊ *ယာတြာ*- ကျော်လွန်ရှောင်ရှား ထွက်သွားနိုင်ခြင်းသည်၊ *ဘဝိဿတိ*- ဖြစ်ပါမည်နည်း အရှင်ဘုရားတဲ့။

ဒီနတ်သားက နတ်သမီးတွေကို *ပိသာစ*- တစ္ဆေမြေဘုတ်တွေလို့ နှိမ်ချပြောတယ်၊ နန္ဒဝန်ဉယျာဉ်ကိုလည်း အမိုက်တောလို့ နှိမ်ချပြီး ပြောတယ်၊ ဝိပဿနာတရားကို အပြင်းအထန် အားထုတ်လာခဲ့တဲ့အတွက် ကာမဂုဏ်တွေကို ရွံမုန်းစက်ဆုပ်ဆဲဖြစ်နေလို့ အဲဒီလို နှိမ်ချပြီး ပြောဆိုတာပါပဲ။ အဘယ်သို့သောနည်းဖြင့် ထွက်သွားနိုင်မည်လဲဆိုတဲ့ အမေးကတော့

*(အရဟတ္တာသ မေ ပဒဋ္ဌာနဘူတံ ဝိပဿနံ အာစိက္ခထ)* အရဟတ္တဖိုလ်၏ နီးသောအကြောင်း ဖြစ်တဲ့ ဝိပဿနာကို တပည့်တော်အား ဟောတော်မူပါလို့ ဆိုလိုပါတယ်တဲ့။ အဲဒီလို အဋ္ဌကထာ ဖွင့်ပြထားပါတယ်။ အဲဒီတော့ မြတ်စွာဘုရားက နတ်သား၏ အခြေအနေအလုံးစုံကို ကြည့်ရှု တော်မူပြီးတော့ မဂ္ဂင်ရှစ်ပါး ဝိပဿနာတရားကို ဂါထာ ၃-ပုဒ်ဖြင့် ဟောကြားတော်မူပါတယ်။

## မဂ္ဂင်ရထားဖြင့် အလျင်အမြန် ထွက်ပြေးပါနတ်သား

*(၁) ဥဇုကော နာမ သော မဂ္ဂေါ၊ အဘယာ နာမ သာ ဒိသာ။*
*ရထော အကူဇနော နာမ၊ ဓမ္မစက္ကေဟိ သံယုတော။*

*ဒေဝပုတ္တ-* ထွက်ပြေးလိုရေးနှင့် မေးမြန်းလျှောက်ထားသည့် အိုနတ်သား၊ *ဥဇုကော နာမ-* အလျင် အမြန်ထွက်ပြေးရန် လမ်းဖြောင့်မည်သည်မှာ၊ *သော မဂ္ဂေါ-* ရဟန်းဘဝတုန်းက သင်သွားခဲ့သော မဂ္ဂင်ရှစ်ဖြာ ဝိပဿနာလမ်းပေတည်း။ တရားနာတဲ့ပုဂ္ဂိုလ်တွေ နားလည် လွယ်အောင်လို့ ဘုန်းကြီးက အနက်ဖော်ပေးပါတယ်။ သူ့ပါဠိ၏ သဒ္ဒါနက်သက်သက် ဆိုရင်တော့ (အဖြောင့်မည်သည်မှာ ထိုလမ်းပင်တည်းလို့) ဒါလောက်ပါပဲ။ ဒါလောက်နဲ့တော့ ယခု တရားနာပရိသတ်တွေ နားလည်ဖို့ မလွယ်ပါဘူး။ ဒါပေမယ့် ဒီနတ်သားကတော့ တရားအားထုတ်ရာ ကမ္မဋ္ဌာန်းကျောင်းမှ ထလာပြီးမေးသလို ဖြစ်နေတဲ့အတွက် သူ့အဖို့မှာ ပေါ်လွင် ထင်ရှားနေပါတယ်။

## မြတ်စွာဘုရား ညွှန်ကြားတော်မူလေ့ရှိသည့် တရားအစဉ်

မြတ်စွာဘုရားက သီလစသည် မပြည့်စုံသေးတဲ့ ပုဂ္ဂိုလ်အား ကမ္မဋ္ဌာန်းပေးမယ်ဆိုရင် *(သီလံ တာဝ သောဓေဟိ)* သီလကို ရှေးဦးစွာ စင်ကြယ်စေလော့၊ *(သမာဓိံ ဘာဝေဟိ)* သမာဓိကို ပွားစေပြီးလော့၊ *(ကမ္မဿကတပညံ ဥဇုံ ကရောဟိ)* ကမ္မဿကတာ သမ္မာဒိဋ္ဌိကို ဖြောင့်မတ်အောင် ပြုလေဦးလော့လို့ အခြေခံအကျင့်ကို ရှေးဦးစွာ ညွှန်ကြားတော်မူပါတယ်။ အားထုတ်နေတဲ့ ပုဂ္ဂိုလ်ကိုတော့ အရဟတ္တမဂ်၏ ပဒဋ္ဌာန်ဖြစ်တဲ့ ဝိပဿနာကိုသာ ညွှန်ကြား တော်မူပါတယ်။ ဒီနတ်သားကတော့ *(ကာရကော အဘိန္နသီလော)* အားထုတ်နေသူ မပျက်တဲ့ သီလရှိသူ ဖြစ်တယ်။ အရိယမဂ်တစ်ခုသာ လိုတော့တယ်။ ပုဗ္ဗဘာဂဝိပဿနာမဂ်ကတော့ အလေ့အကျင့်ရပြီး ဖြစ်နေတယ်။ ဒါကြောင့် ဝိပဿနာကို ညွှန်ကြားတော်မူလို၍ ဒီတရား ဂါထာများကို ဟောတော်မူပါတယ်တဲ့။

## ရဟန်းဘဝမှ နတ်ဘဝသို့ ရောက်နေပါလျက် သီလမပျက်

အဲဒီလို အဋ္ဌကထာ ဖွင့်ပြထားပါတယ်။ အဲဒီအဖွင့်ထဲမှာ ရဟန်းဘဝမှ နတ်ဘဝသို့ ရောက်နေပါလျက် သီလမပျက်ဘူးဆိုတာကို အထူးသတိပြုရမယ်။ အဲဒါဟာ ပါဏာတိပါတ အဒိန္နာဒါန အပြဟ္မစရိယ စသည်တို့ကို မကျူးလွန်သေးတဲ့အတွက် သီလမပျက်သေးဘူးလို့ ဆိုတာပါပဲ။ ဒါကြောင့် တမင်ဆောက်တည်မထားပေမယ့် မပြုသင့်၊ မပြောသင့်တာကို မပြုရင် မပြောရင် သီလမပျက်ဘူးဆိုတာကိုလည်း အထူးသတိပြု၍ မှတ်ထားကြရမယ်။ နောက်တစ်ခု ကတော့ ဒီဂါထာများဖြင့် ဝိပဿနာကို ပြတယ်ဆိုတာကိုလည်း မှတ်ထားကြရမယ်။

ဒါကြောင့် ဘုန်းကြီးက အနက်ဖော်ပြီး ပြန်ခဲ့တဲ့အတိုင်း နန္ဒဝန်ဉယျာဉ်နှင့်တကွ နတ်လောကနတ်သမီးတွေထံမှ လွတ်မြောက်အောင် အလျင်အမြန်ထွက်ပြေးဖို့ အဖြောင့်ဆုံး အကောင်းဆုံးလမ်းကတော့ ရဟန်းဘဝတုန်းက သင်ရှုမှတ်ပွားများလာခဲ့တဲ့ ဝိပဿနာမဂ္ဂင် လမ်းပဲလို့ ဆိုလိုပါတယ်။ နောက်ပြီးတော့ ဘယ်အရပ်ရောက်မှ ဘေးကင်းမှာလည်းလို့ဆိုရင်- *အဘယာ နာမ-* ဘေးကင်းရာအရပ် မည်သည်မှာ၊ *သာ ဒိသာ* - ရဟန်းဘဝတုန်းက သင်မျှော်မှန်းခဲ့သည့် ထိုနိဗ္ဗာန်အရပ်ပင်တည်းတဲ့။ အဲဒီနိဗ္ဗာန်ကို ရောက်အောင်သွားရမယ်လို့ ဆိုလိုပါတယ်။ နောက်ပြီးတော့ ဘယ်လိုရထားဖြင့် သွားရမှာလည်းဆိုတော့-

*ရထော အကူဇနော နာမ-* သူတစ်ပါးမကြားရ မသိရအောင် တိတ်တဆိတ် ထွက်ပြေးရန် အသံမမြည်သော ရထားမည်သည်မှာ၊ *ဓမ္မစက္ကေဟိ သံယုတော* - ကိုယ်လုံ့လ စိတ်လုံ့လဟူသော တရားဘီးနှစ်ခုတို့နှင့် တပ်ဆင်ထားသော ဝိပဿနာမဂ္ဂင်ရထား ပေတည်းတဲ့။

## စေတသိကဝီရိယနှင့် ကာယိကဝီရိယ

ကိုယ်အမူအရာ စိတ်အမူအရာဟူသမျှကို ရှုမှတ်မိအောင် ကြောင့်ကြစိုးရိမ်ပေးတဲ့ ဝီရိယကို *စေတသိက်ဝီရိယ-* စိတ်လုံ့လခေါ်တယ်။ သွားရင်း၊ ရပ်ရင်း၊ ထိုင်ရင်း ရှုနေတဲ့အခါ ကိုယ်အမူအရာ ဣရိယာပုထ် ဖြစ်မြဲဖြစ်နေအောင် တည်မြဲတည်နေအောင် ကြောင့်ကြစိုက် ပေးတဲ့ ဝီရိယကို *ကာယိကဝီရိယ-* ကိုယ်လုံ့လလို့ ခေါ်တယ်။ လျောင်းအိပ်နေရင်း ရှုနေတဲ့ အခါမှာတော့ ကိုယ်လုံ့လမရှိဘူး။ စိတ်လုံ့လတစ်ခုတည်းသာ ရှိတယ်။ ဒီမှာ ကိုယ်လုံ့လ စိတ်လုံ့လဆိုတဲ့ ဝီရိယတရားဘီးနှစ်ခု တပ်ဆင်ထားတယ်ဆိုတာ စင်္ကြံသွားနေရင်း ရပ်နေရင်း ထိုင်နေရင်း ရှုမှတ်တဲ့ ဝိပဿနာမဂ္ဂင်ကို ဆိုတာပဲ၊ ဒါကြောင့် အဲဒီ ကိုယ်လုံ့လ စိတ်လုံ့လဆိုတဲ့ ဝီရိယဘီးကြီး နှစ်ခုလုံး အပြည့်အစုံတပ်ဆင်ထားတဲ့ ဝိပဿနာမဂ္ဂင် တရားကောင်းကြီးကို

စီးနင်းသွားရအောင် ရံခါ စကြံသွားလျက် ရှုမှတ်နေရမယ်၊ စကြံသွားရင်းဆိုတော့ (ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိဆိုတဲ့) သတိပဋ္ဌာန်ဒေသနာတော်အရ သွားတယ် ကြွတယ် လှမ်းတယ် ချတယ် စသည်ဖြင့် မပြတ်ရှုမှတ်ပြီး အားထုတ်နေဖို့ပါပဲ။

အဲဒီလို အားထုတ်နေရင် သမာဓိအားရှိလာတဲ့အခါကျတော့ တောင့်တင်းလှုပ်ရှားတဲ့ ရုပ်နဲ့ မှတ်သိတဲ့ နာမ်ဆိုတဲ့ ဒီရုပ်နာမ် ၂-ပါးကို ရှုမှတ်တိုင်း ရှုမှတ်တိုင်း ပိုင်းခြားပြီး သိတယ်။ အဲဒီကနောက် သမာဓိဉာဏ် တစ်ဆင့်တက်ပြီး အားကောင်းလာတဲ့အခါမှာ 'သွားချင်တဲ့ စိတ်ကြောင့် သွားရုပ်ဖြစ်တယ်၊ သိစရာရှိလို့ သိမှုဖြစ်တယ်' စသည်ဖြင့် အကြောင်းနဲ့ အကျိုး ကိုလည်း ပိုင်းခြားပြီးသိတယ်။ အဲဒီကနောက် သွားချင်တဲ့ စိတ်ရော သွားတဲ့ရုပ်ရော ရှုသိတဲ့ စိတ်နာမ်ရော သူ့အခိုက်အတန့်နဲ့သူ ဖြစ်ဖြစ်ပြီး ပျက်ပျက်သွားတာကို လက်နဲ့ ကိုင်ကြည့်ရ သလိုပင် ရှင်းလင်းပြတ်သားစွာ သိရတယ်။ အဲဒီတော့ ဖြစ်ပြီး ပျောက်ပျက်သွားလို့ မမြဲဘူး ဆိုတာလည်း ရှင်းလင်းစွာ သိရတယ်။ ခဏမစဲ ဖြစ်ပျက်နေလို့ ကြောက်စရာကောင်းတဲ့ ဆင်းရဲ ပဲဆိုတာလည်း ရှင်းလင်းစွာ သိရတယ်။ ကိုယ့်အလိုအတိုင်း မဖြစ်ဘဲ သူ့သဘောအတိုင်း ဖြစ်ပျက်နေလို့ အစိုးမရတဲ့ အနတ္တ သဘောတရားပဲဆိုတာလည်း ရှင်းလင်းစွာ သိရတယ်။ နောက်ပြီးတော့ ရံခါ ရပ်လျက် ရံခါ ထိုင်လျက် ရှုမှတ်နေရမယ်။

## မဂ္ဂင်ရထားက လူများစေကာမူ အသံမမြည်ပါ

အဲဒီမှာ အသံမမြည်တဲ့ ရထားဆိုတာကတော့ ရှေးခေတ်ကရှိခဲ့တဲ့ မြင်းရထားတွေနဲ့ နှိုင်းယှဉ်ပြီးပြောတဲ့ စကားပါပဲ။ တချို့ရထားက ပကတိအားဖြင့် အသံမမြည်ပေမယ့် လူအစီး များပြီး ဝန်လေးတော့ မြည်တတ်တယ်။ ယခု မဂ္ဂင်ရထားကတော့ စီးသူတွေ ဘယ်လောက်ပင် များစေကာမူ အသံမြည်ခြင်း မရှိဘူး၊ တစ်ခါ တစ်ရံမှာ မြတ်စွာဘုရား၏ တရားကိုနာနေရင်း ဒီ ဝိပဿနာမဂ္ဂင် ရှေ့သွားရှိတဲ့ အရိယမဂ္ဂင်ရထားကိုစီးပြီး နိဗ္ဗာန်ကို သွားရောက်ကြသူတွေဟာ ရှစ်သောင်းလေးထောင် စသည်များသော်လည်း ဘာသံမှ မမြည်ဘူး။ ဒါကြောင့် အကူဇနော- အသံမမြည်သောရထားလို့ ချီးမွမ်းထားပါတယ်။ အဲဒီစကားဖြင့် နတ်သမီးတွေ မသိအောင် တိတ်တဆိတ် ထွက်ပြေးချင်ရင်လည်း ဖြစ်နိုင်ကြောင်း သိစေပါတယ်။ နောက်ပြီးတော့ -

## ဟိရီနှင့် ဩတ္တပ္ပက ဝိပဿနာမဂ္ဂင်ရထားရဲ့ နောက်မှီခုံ

*(၂) ဟိရီ တဿ အပါလမ္ဗော၊ သတျဿ ပရိဝါရဏံ။*
*ဓမ္မာဟံ သာရထိံ ဗြူမိ၊ သမ္မာဒိဋ္ဌိပုရေဇဝံ။*

---

**ကျမ်းညွှန်း** ＊ (၄၆၁)၊ အင်္ဂုတ္တရာသုတ္တဝဏ္ဏနာ၊ အာဒိတ္တဝဂ္ဂ၊ သဂါထာဝဂ္ဂဋ္ဌကထာ-၁ (နှာ-၈၀-၈၁)
＊ မဟာစည်ဆရာတော်ကြီး၏ ဓမ္မစကြာတရားတော်

*ဟိရီ* - ရှက်ခြင်း ကြောက်ခြင်းသည်၊ *တဿ* - ထို မဂ္ဂင်ရထား၏၊ *အပါလမ္ဗော*- နောက်မှီခုံ ပေတည်း။ ရထားမှာ နောက်မှီမရှိရင် နောက်ကို လန်ကျသွားနိုင်တယ်။ နောက်မှီ ရှိရင်တော့ မကျနိုင်ဘူး။ ဒီမဂ္ဂင်ရထားမှာတော့ ဟိရီဩတ္တပ္ပဆိုတဲ့ အလွန်ကောင်းတဲ့ နောက်မှီက ရှိနေတယ်။ ဘယ်လိုလည်းဆိုတော့ ဝိပဿနာရှုနေတဲ့ ယောဂီမှာ မရှုမိတဲ့ အာရုံနဲ့စပ်ပြီး အကုသိုလ်စိတ်ကူးတွေ ဖြစ်လာမှာကို ရွံရှာစက်ဆုပ်ရတယ်။ ရေချိုးပြီးလို့ သန့်ရှင်းနေတဲ့အခါ အညစ်ကြေးလူးပေမှာ ရွံရှာစက်ဆုပ်သလိုပင် ရွံရှာစက်ဆုပ်တာ မဖြစ်စေချင်တာက (ဟိရီ) ရှက်တဲ့သဘောပဲ။ ထို့ပြင် အကုသိုလ်စိတ်ကူးဖြစ်ရာကနေ မကောင်းမှု ဒုစရိုက်လွန်ကျူးနိုင်ပြီး မကောင်းကျိုးတွေပေးမှာ သံသရာမှာ မလွတ်နိုင်ဘဲနေမှာကိုလည်း ကြောက်ရ တယ်။ အဲဒါက (ဩတ္တပ္ပ) အကုသိုလ်နဲ့ အကုသိုလ်အကျိုးကို ကြောက်တာပဲ။ အဲဒီလို ရှက်ကြောက်တဲ့အတွက် ဖြစ်တိုင်း ဖြစ်တိုင်းသော ရုပ်နာမ်တွေကို မရှုမိဘဲ လွတ်မသွားရအောင် ရိုရိုသေသေ ရှုမှတ်နေတယ်။ အဲဒီလို ရှုမှတ်နေတဲ့အတွက် ဝိပဿနာ မဂ္ဂင်တွေဟာ ခဏတိုင်း ခဏတိုင်း မပြတ်ဖြစ်နေတယ်။ အဲဒါဟာ နောက်မှီခုံကြောင့် လန်မကျဘဲ တည်မြဲတည်နေတဲ့ သဘောပါပဲ။ ဒါကြောင့် ဟိရီနှင့် ဩတ္တပ္ပကို ဝိပဿနာ မဂ္ဂင်ရထား၏ နောက်မှီခုံပဲလို့ ဟောတော်မူပါတယ်။ နောက်ပြီးတော့-

*ကမ္မဿကတာသမ္မာဒိဋ္ဌိ၊ ဈာနသမ္မာဒိဋ္ဌိ၊ ဝိပဿနာသမ္မာဒိဋ္ဌိ၊*
*မဂ္ဂသမ္မာဒိဋ္ဌိ၊ ဖလသမ္မာဒိဋ္ဌိ၊ ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိ*

*သတိ*- အမှတ်ရမှုသည်၊ *အဿ*- ထိုမဂ္ဂင်ရထား၏၊ *ပရိဝါရဏံ*- အကာအရံပေတည်း တဲ့။ ရထားမှာ အကာအရံ လုံခြုံရင် ခဲ၊ ဒုတ်စသည် ဘေးရန်မှ လုံခြုံသလိုပင် ဖြစ်တိုင်းသော ရုပ်နာမ်တွေကို မမေ့ဘဲ အမှတ်ရနေရင် အကုသိုလ်ဘေးရန်တွေ မဝင်နိုင်ဘူး။ လုံခြုံတယ်။ ဒါကြောင့် ကာယာနုပဿနာသတိပဋ္ဌာန် အစရှိတဲ့ သတိပဋ္ဌာန်လေးပါးကို မဂ္ဂင်ရထား၏ အကာအရံလို့ ဟောတော်မူပါတယ်။ နောက်ပြီးတော့ -

*သမ္မာဒိဋ္ဌိပုရေဇဝံ*- ဝိပဿနာ သမ္မာဒိဋ္ဌိ ရှေ့သွားရှိသော၊ *ဓမ္မံ*- အရိယမဂ်သမ္မာဒိဋ္ဌိကို၊ *သာရထိံ*- ရထားမောင်းသူဟူ၍၊ *အဟံ ဗြူမိ*- ငါ မိန့်ဆိုသည်တဲ့။ ကမ္မဿကတာသမ္မာဒိဋ္ဌိ၊ ဈာနသမ္မာဒိဋ္ဌိ၊ ဝိပဿနာ သမ္မာဒိဋ္ဌိ၊ မဂ္ဂသမ္မာဒိဋ္ဌိ၊ ဖလသမ္မာဒိဋ္ဌိ၊ ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိလို့ ၆-ပါးရှိရာမှာ ဖလသမ္မာဒိဋ္ဌိဆိုတာက မဂ်၏အကျိုးတရားပဲ၊ ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိဆိုတာက မဂ်ဖိုလ်ရပြီးတဲ့နောက်မှ ဖြစ်ပေါ်တဲ့ ဆင်ခြင်ဉာဏ်ပဲ၊ ဒါကြောင့် အဲဒီ ဖလသမ္မာဒိဋ္ဌိနဲ့ ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိကိုတော့ သီးသန့်ပွားစေရတာ မဟုတ်ပါဘူး။ ကမ္မဿကတာသမ္မာဒိဋ္ဌိ ဆိုတာ ဘာဝနာအလုပ် အားမထုတ်မီကတည်းက ပြည့်စုံရတဲ့ သမ္မာဒိဋ္ဌိပဲ၊ ဈာနသမ္မာဒိဋ္ဌိ ဆိုတာကလည်း ဝိပဿနာ၏အခြေခံ စိတ္တဝိသုဒ္ဓိနှင့်ဆိုင်တဲ့ သမ္မာဒိဋ္ဌိပဲ။ ဒါကြောင့် အရိယမဂ် သမ္မာဒိဋ္ဌိ ဖြစ်ပေါ်အောင် အနီးကပ်အနေဖြင့် ပွားစေရတဲ့ပညာက ဝိပဿနာ- အဲဒီ ဝိပဿနာ ပညာ ပြည့်စုံလာတဲ့အခါ အရိယမဂ်ဉာဏ်ပညာဆိုတဲ့ မဂ္ဂသမ္မာဒိဋ္ဌိက သူ့အလိုလိုပင် ဖြစ်ပေါ်

လာတော့တာပဲ။ ဥပမာအားဖြင့် ရဲဘော် ရဲသားတွေက လမ်းရှင်းပြီးတဲ့အခါ ဘုရင်မင်းမြတ်က ထွက်တော်မူလာသလိုပါပဲ။ ဒါကြောင့် အရိယသမ္မာဒိဋ္ဌိက နောက်လိုက် ဝိပဿနာသမ္မာဒိဋ္ဌိက ရှေ့သွားလို့ ဆိုပါတယ်။ ဝိပဿနာရှုခိုက်မှာ ဝိပဿနာဉာဏ်က ရှေ့ဆောင်ပြီး အခြားမဂ္ဂင်တွေကို ဖြစ်စေတယ်။ အရိယမဂ်ခဏမှာ မဂ်ဉာဏ်ကရှေ့ဆောင်ပြီး အခြားမဂ္ဂင်တွေကို ဖြစ်စေတယ်။ ဒါကြောင့် ဝိပဿနာသမ္မာဒိဋ္ဌိနဲ့ အရိယမဂ်သမ္မာဒိဋ္ဌိကို ရထားမောင်းသူလို့ ဟောတော်မူပါတယ်။ နောက်ဆုံး ဂါထာကတော့-

## မဂ္ဂင်ရှစ်ပါး ယာဉ်ရထားနှင့် နိဗ္ဗာန်ရောက်တယ်

*(၃) ယဿ ဧတာဒိသံ ယာနံ၊ ဣတ္ထိယာ ပုရိသဿ ဝါ။*
*သ ဝေ ဧတေန ယာနေန၊ နိဗ္ဗာနဿေဝ သန္တိကေ။*

*ယဿာ ဣတ္ထိယာ ဝါ-* အကြင် အမျိုးသမီးအားလည်းကောင်း၊ *ယဿ ပုရိသဿ ဝါ-* အကြင် အမျိုးသားအားလည်းကောင်း၊ *ဧတာဒိသံ ယာနံ-* ဤသို့သော မဂ္ဂင်ရှစ်ပါး ယာဉ်ရထားသည်၊ *အတ္ထိ-* ရှိပြားအံ့၊ *သ-* ထိုအမျိုးသမီး အမျိုးသားသည်၊ *ဧတေန ယာနေန-* ဤမဂ္ဂင်ရှစ်ပါး ယာဉ်ရထားဖြင့်၊ *ဝေ-* စင်စစ်၊ *နိဗ္ဗာနဿေဝ သန္တိကေ-* နိဗ္ဗာန်၏အထံသို့ ရောက်လေတော့သည်သာတည်း။

ဒီ နောက်ဆုံးဂါထာဖြင့် မဂ္ဂင်ရှစ်ပါး ယာဉ်ရထားရှိတဲ့သူဟာ ကျား၊ မ မရွေး နိဗ္ဗာန်သို့ ဧကန် ရောက်တယ်လို့ ဆိုပါတယ်။ ဒီတော့ နိဗ္ဗာန်ရောက်ချင်ကြရင် ဝိပဿနာမဂ္ဂင် အရင်းခံပြုပြီး အရိယမဂ္ဂင်ကို ပွားစေရမယ်ဆိုတာ အလွန်ပင် ထင်ရှားနေပါတယ်။

လောကမှာ ယာဉ်ရထားတစ်မျိုးမျိုးရှိလျှင် အဲဒီယာဉ်ရထားဖြင့် အလိုရှိရာအရပ်သို့ ရောက်အောင် သွားနိုင်တယ်၊ ယာဉ်ရထားမရှိဘဲ ယာဉ်ရထားအကြောင်း သိနေရုံနဲ့တော့ အလိုရှိရာအရပ်သို့ မသွားရောက်နိုင်ဘူး၊ ဒါလိုပဲ ရုပ်နာမ်တရားတွေကို သရုပ်ခွဲရုံမျှ မဂ္ဂင်တရားတွေကို သရုပ်ခွဲရုံမျှနှင့်တော့ နိဗ္ဗာန်မရောက်နိုင်ဘူး၊ တကယ်ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေကို ရှုသိလျက် ဝိပဿနာမဂ္ဂင်ဆိုတဲ့ ယာဉ်ရထားကို ဖြစ်ပွားစေပြီး အပိုင်ရရှိထားပါမှ မဂ္ဂင်ရှစ်ပါး ယာဉ်ရထားကိုစီးပြီး နိဗ္ဗာန်ကိုရောက်မယ်ဆိုတာ ကိန်းသေမှတ်ထားကြရမယ်။ အဲဒီ ဂါထာ ၃-ပုဒ်ကို ဗမာလို တိုတိုနဲ့ မှတ်ရအောင် ဆောင်ပုဒ်တွေ စီထားတယ်။ အဲဒါတွေကို လိုက်ဆိုကြရမယ်။

---

**ကျမ်းညွှန်း** ✱ (၁၁၃)၊ မဟာရာဟုလောဝါဒသုတ္တဝဏ္ဏနာ၊ ဘိက္ခုဝဂ္ဂ၊ မဇ္ဈိမပဏ္ဏာသဋ္ဌကထာ (နှာ-၉၅)
✱ (၁၉၁)၊ သောတာနုဂတသုတ္တ၊ မဟာဝဂ္ဂ၊ စတုက္ကနိပါတ၊ အင်္ဂုတ္တရပါဠိ (နှာ-၅၀၄)

## ဂါထာ သုံးပုဒ်အတွက် ဆောင်ပုဒ်

(၁) လမ်းဖြောင့်မည်တွင်၊ ထိုမဂ်ပင်၊ ရပ်ခွင်ဘေးမဲ့ နိဗ္ဗာန်ပါ။
(၂) လုံ့လနှစ်လီ၊ ဘီးတပ်သည်၊ မမြည်ရထား ထိုမဂ်ပါ။
(၃) ရှက်ကြောက်နှစ်တန်၊ နောက်မှီခံ၊ ကာရံ အမှတ်သတိပါ။
(၄) ဝိပဿနာရှေ့သွား၊ မဂ်ဉာဏ်ကား၊ ရထားမောင်းသူ ဆိုရပါ။
(၅) ဤလိုရထား၊ ရှိသူများ ယောက်ျား မိန်းမ လူတိုင်းမှာ။
(၆) မဂ္ဂင်ယာဉ်ကြီး၊ ငြိမ့်ငြိမ့်စီး၊ အပြီးနိဗ္ဗာန် ဆိုက်ရောက်ပါ။

အဲဒီ ဂါထာ ၃-ပုဒ်တရားကို ဟောပြီးတော့ သစ္စာလေးပါးကိုလည်း ပြတော်မူပါသေးတယ်တဲ့။ အဲဒီသစ္စာလေးပါးသိပုံကိုတော့ မဂ္ဂသစ္စာပိုင်းကျမှ ထပ်ပြီးပြောရမယ်။ သမဏနတ်သားဟာ အဲဒီတရားကိုနာရင်း ရှေးဘဝက သူနှလုံးသွင်းခဲ့တဲ့တရားကို ပြန်ပြီးနှလုံးသွင်းတယ်။ ရဟန်းဘဝတုန်းက အပြင်းအထန် ကြာမြင့်စွာ နှလုံးသွင်းအားထုတ်လို့ တရားထူးကို မရနိုင်ခဲ့ပေမယ့် နတ်ဘဝကျတော့ နတ်ရုပ်တွေက သန့်ရှင်းစင်ကြယ်တဲ့အတွက် တစ်ခဏချင်းပဲ ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်းတက်ပြီးတော့ သောတာပတ္တိမဂ်ဖိုလ်ဖြင့် နိဗ္ဗာန်ကိုမျက်မှောက်ပြုပြီး သောတာပန် ဖြစ်သွားပါသတဲ့။

ဒီ သမဏနတ်သားဝတ္ထုမှာ သိစေလိုရင်းကတော့ ဝိပဿနာအလုပ်ကို အပြင်းအထန် အားထုတ်နေသော်လည်း တဏှာကင်းစေနိုင်တဲ့ အရိယမဂ်ဉာဏ်ကို မရသေးတဲ့အတွက် သေသည်၏အခြားမဲ့မှာ သမုဒယသစ္စာဆိုတဲ့ တဏှာက နတ်ဘဝကို ဖြစ်စေတယ်ဆိုတာ သိစေလိုရင်းပါပဲ။ ဒ့ါပြင် ဒီဝတ္ထုထဲမှာ မဂ္ဂင်ရှစ်ပါးပွားစေပုံနှင့် နတ်ဘဝကျတော့ အလွယ်တကူနဲ့ တရားထူးရသွားပုံဟာလည်း အထူး သတိပြုဖို့ရာပါပဲ။

## ဝိပဿနာတရား အားထုတ်နေသူတို့အတွက် အားတက်စရာ

မှန်ကန်သည့် မဂ္ဂင်ရှစ်ပါး ဝိပဿနာလမ်းကြောင်းပေါ်မှာ တစိုက်မတ်မတ် ကြိုးစားအားထုတ်သွားပါက အများဆုံး (၇)နှစ်၊ အနည်းဆုံး (၇)ရက်ဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရနိုင်ပါသည်။

အကယ်၍ မရခဲ့ပါက သေခါနီးမှာကပ်ပြီး အရိယသစ္စာဉာဏ် ရနိုင်ပါသည်။ အကယ်၍ မရခဲ့ပါက ကြည်လင်သည့်စိတ်ဖြင့် စုတိစိတ်ကျပြီး နတ်ပြည်ရောက်ကာ ဓမ္မကထိကနတ်သားတို့ ဟောကြားသည့်တရားကို နားကြားရပြီး အရိယသစ္စာဉာဏ်ကို မျက်မှောက်ပြုနိုင်ပါသေးသည်။

အကယ်၍ ဓမ္မကထိကနတ်တို့နှင့် လွဲပြီး မျက်မှောက်ပြုခွင့်မရသေးပါက သာသနာပမှာ လူဖြစ်သည့်အခါ၌ ပစ္စေကဗောဓိဉာဏ်ကို ရနိုင်ပါသည်။

အကယ်၍ ပစ္စေကဗုဒ္ဓါ မဖြစ်ပါက နောင်ပွင့်လတ္တံ့သော ဘုရားလက်ထက်တွင် ဘုရားရှင်၏တရားတော် တစ်ခွန်း တစ်ပါဒ၊ တစ်ဂါထာမျှ နာကြားရုံမျှဖြင့် ခိပ္ပါဘိညာရဟန္တာဖြစ်ကာ အနုပါဒိသေသ ပရိနိဗ္ဗာန် စံဝင်မည် ဖြစ်ပါသည်။ ထို့ကြောင့် ယနေ့ ဝိပဿနာတရား အားထုတ်ခြင်းသည် ဘဝအာမခံ ကောင်းကောင်းကြီး ရှိနေပါသည်။

## သာသနာတွင်း တရားထူးရခြင်း

မဂ္ဂင်လမ်းမှန် လျှောက်လှမ်းနေသူအတွက် အားတက်ဖွယ်ရာ တစ်နည်း ထပ်ပြပါဦးမည်။ ဤ လူ့ဘဝတွင် ဘုရားတရားတော်တို့ကို သင်ယူပြီး နှုတ်ဖြင့်ဆောင်ခြင်း၊ စိတ်ဖြင့်ဆင်ခြင်သုံးသပ်ခြင်း၊ ပညာဖြင့် ထိုးထွင်း သိမြင်ခြင်းရှိခဲ့သော ပုဂ္ဂိုလ်သည် ဤလူ့ဘုံမှ စုတိ၍ နတ်ဘုံသို့ ရောက်လျှင် -

(က) ရောက်လျှင်ရောက်ခြင်း မိမိ သင်ကြားဆောင်ရွက် လေ့ကျက်အားထုတ်ခဲ့သော တရားတို့ ပြန်ပေါ်ကာ တရားထူးကို ရနိုင်ပေသည်။

(ခ ) ထိုသို့နည်းဖြင့် တရားထူးမရလျှင် နတ်ပြည်ရောက်လာသော ဓမ္မကထိက ရဟန်း၏တရားကို နာရ၍ မိမိသင်ယူ လေ့ကျက် အားထုတ်သိမြင်ခဲ့ဖူးသော တရားတို့ကို ပြန်လည် အမှတ်ရကာ တရားထူးကို ရနိုင်သည်။

(ဂ ) ထိုသို့သောနည်းဖြင့် တရားထူးမရလျှင် တရားဟောတတ်သော နတ်သား တစ်ပါးပါး၏ တရားကို နာယူ၍ မိမိသင်ယူလေ့ကျက် အားထုတ် သိမြင်အပ်သော တရားတို့ကို ပြန်လည်သိမြင်ကာ တရားထူး ရနိုင်သည်။

(ဃ) ထိုသို့သောနည်းဖြင့် တရားထူးမရလျှင် နတ်သားအချင်းချင်း၏ တရားတော်ကို ပြန်လည်နှလုံးသွင်းဖို့ တိုက်တွန်းစကား ကြားရလျှင် မိမိသင်ယူ လေ့ကျက် အားထုတ် သိမြင်အပ်သော တရားတို့ကို ပြန်လည်သိမြင်ပြီး တရားထူး ရနိုင်ပေသေးသည်။

## မသိငါးပါး

*ဇီဝိတံ ဗျာဓိ ကာလော စ ၊ ဒေဟနိက္ခေပနံ ဂတိ။*

မသိနိုင်သည့် တရားများမှာ -

၁။ မိမိအသက် ဇီဝိတ အဘယ်မျှနေရမည်ကို - မသိပါ။
၂။ မည်သည့်ရောဂါဖြစ်လာမည်ကို - မသိပါ။
၃။ မည်သည့်အချိန် သေရမည်ကို - မသိပါ။
၄။ မိမိရုပ်ကလာပ် စွန့်ပစ်မည့်သုသာန်ကို - မသိပါ။
၅။ လားရောက်ရမည့် ဂတိ - မသိပါ။

## မာတုပေါသကဇာတ်တော်

မြတ်စွာဘုရားရှင်သည် မိဘကို လုပ်ကျွေးသည့် မထေရ်တစ်ပါးကို အကြောင်းပြု၍ ဤဇာတ်တော်ကို ဟောတော်မူပါသည်။ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးမင်းပြုစဉ် ဘုရားအလောင်းတော်သည် ဟိမဝန္တာတောကြီး၌ ကြန်အင်လက္ခဏာတော်များနှင့် ပြည့်စုံသည့် ဆင်ဖြူတော် ဖြစ်နေလေသည်။ အလောင်းတော်ဆင်မင်း၏ မိခင်ဆင်မကြီးသည် အိုမင်းမစွမ်း ဖြစ်ကာ မျက်စိမမြင်ရှာပေ။ ထိုကြောင့် ဆင်မင်းသည် တောင်ခြေရှိ ပဒုမ္မာကြာတောကြီးကို မှီ၍ အမိကိုလုပ်ကျွေး ပြုစုနေရှာသည်။ တစ်နေ့၌ တောထဲတွင် မျက်စိလည်နေသည့် ဗာရာဏသီပြည်သား မုဆိုးတစ်ဦး ငိုကြွေးမြည်တမ်းနေသည်ကို ကြားရသဖြင့် အလောင်းတော် ဆင်မင်းက သူ၏ကျောကုန်းပေါ်တင်၍ လူသွားလမ်းပေါ် ပို့ဆောင်ကာ ကူညီပေးလိုက်လေသည်။

ထိုမုဆိုး ဗာရာဏသီပြည် ပြန်ရောက်ချိန်တွင် ဘုရင်မင်းကြီး၏ မင်္ဂလာဆင်တော် သေဆုံးချိန်နှင့် တိုက်ဆိုင်နေပါသည်။ ဤသတင်းစကားကို ကြားသိရသည့် မုဆိုးက ဘုရင်မင်းကြီးထံတော်ပါးမှ ဆုတော်လာဘ်တော်များ ရလိုသဖြင့် သူ့အသက်ကို ကယ်တင် ပေးခဲ့သည့် ကျေးဇူးတရားကိုပင် မထောက်ထားတော့ဘဲ နန်းတော်ကို သွားရောက်ကာ ဆင်လိမ္မာတစ်စီး ဟိမဝန္တာတောနက်ကြီးထဲ တွေ့ခဲ့ကြောင်း၊ လူနှင့် အလွန် ရင်းနှီးကြောင်း သံတော်ဦးတင်လေသည်။ ထိုအခါ ဘုရင်မင်းကြီးက ထိုဆင်ကို ဖမ်းဆီးကာ ခေါ်ဆောင်နိုင်ရန် ဆင်ဆရာနှင့် အဖွဲ့ကို ထိုမုဆိုးထံ အပ်နှံလေသည်။

အလောင်းတော်ဆင်မင်းက သူလမ်းပြကယ်တင်ပေးခဲ့သည့် မုဆိုးဦးဆောင်သည့် လူစုလူဝေးကို မြင်ရစဉ် သူ၏နှာမောင်းဖြင့် ကစဉ့်ကလျား လွင့်စင်သွားအောင် ဆောင်ရွက် နိုင်စွမ်းပါသော်လည်း မိမိသီလပျက်မည်ကို စိုးရိမ်သဖြင့် အမျက်မထွက်ဘဲ ဆင်ဆရာနှင့် မုဆိုးများပြုသမျှကို သည်းခံရှာလေသည်။

ဗာရာဏသီနေပြည်တော်ရောက်ချိန်၌ မင်းကြီးသည် အရသာကောင်းမွန်သည့် စားစရာများကို ဆင်မင်းအား ကျွေးစေသည်။ ဆင်မင်းက မစား။ မင်းကြီးက စားရန် တိုက်တွန်း သောအခါ "မင်းကြီး စောင့်ရှောက်သူမရှိ၍ အထီးကျန်နေရစ်ခဲ့သော မျက်မမြင်မိခင်အိုသည် စဏ္ဍောရဏတောင်သို့ သွားစဉ် သစ်ငုတ်များ တိုက်မိလေတော့မည်"ဟု ဆိုလိုက်သည်။ ထိုအကြောင်းကို သိလိုက်ရသောအခါ မင်းကြီးသည် ဆင်မင်းအား ပြန်လွှတ်ပေးရန် အမိန့် ပေးလိုက်သည်။

ဆင်မင်းသည် မင်းကြီးအား တရားဟောပြီးနောက် မိခင်အိုရှိရာသို့ ပြန်လာပြီး ခုနစ်ရက် ပတ်လုံး အစာမစားရသော မိခင်ကြီးအား ကြာစွယ်ကြာရင်းများကို ဦးစွာစားစေပါသည်။ မိခင်ကွယ်လွန်သောအခါ ကာရဏ္ဍကမည်သော သင်္ခမ်းကျောင်းမှ ရသေ့ (၅၀၀) တို့အား ဝတ်ကြီးဝတ်ငယ်များကို ပြုစုရင်း အသက်ထက်ဆုံးနေသွားခဲ့သည်။ ဇာတ်ပေါင်းသော်

မင်းကြီးက အရှင်အာနန္ဒာ၊ မှုဆိုးက အရှင်ဒေဝဒတ်၊ ဆင်ဆရာက အရှင်သာရိပုတ္တရာ၊ မယ်တော်ဆင်က မယ်တော်မာယာ၊ ဆင်မင်းက ဗုဒ္ဓမြတ်စွာဘုရားသခင်တည်း။

*အနုရက္ခိံ မမ သီလံ ၊ နာရက္ခိံ မမ ဇီဝိတံ*
*သဗ္ဗညုတံ ပိယံ မယှံ ၊ တသ္မာ သီလာ နုရက္ခိသံ။*

ငါသည် ငါ၏ သီလကို စောင့်ရှောက်ခဲ့၏။ ငါ၏အသက်ကို မစောင့်ရှောက်ခဲ့ချေ။ ငါသည် သဗ္ဗညုတဉာဏ်တော်ကြီးကို ချစ်မြတ်နိုးသောကြောင့် သီလကိုအသက်ပေးပြီး စောင့်ရှောက်ခဲ့ခြင်း ဖြစ်၏။

## ကာမဝစရကုသိုလ်နှင့် မဂ္ဂင်ထိုက်သည့် ကုသိုလ်

ဘုရားဂုဏ်တော်ပွားနေသူ၊ တရားစာပေကို စိတ်ဝင်တစား ဖတ်ရှုလေ့လာ မှတ်သားနေသူများသည် ကုသိုလ်အလုပ်ကို လုပ်နေသဖြင့် မိစ္ဆာကမ္မန္တကိုပယ်ပြီး ဖြစ်နေပါသည်။ မိစ္ဆာဝါစာနှင့် မိစ္ဆာအာဇီဝတို့ကိုလည်း ပယ်ပြီး ဖြစ်နေပါသည်။ ထို့ကြောင့် သမ္မာဒိဋ္ဌိစသည့် မဂ္ဂင် ၅-ပါး ပါဝင်နေပါသည်။

တစ်ဖန် သီလကို အထူးမဆောက်တည်ဘဲ မိဘကို ပြုစုခြင်း၊ သားသမီးကို မေတ္တာဖြင့် စောင့်ရှောက်ခြင်း ရပ်ရေးရွာရေး ပရဟိတလုပ်ငန်းတို့ကို ဆောင်ရွက်ခြင်းစသော ကာမဝစရကုသိုလ်ပြုရာတွင်မူ ထိုဝိရတီစေတသိက် မပါဝင်သဖြင့် သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဖြစ်ပြီ သီလပြည့်စုံသည်ဟု မဆိုရပေ။

## သီလသည်သာ သမာဓိ၊ ပညာ၏အခြေခံ

သီလကို သုတ်သင်၍ စင်ကြယ်သော သီလ၌တည်သော ယောဂီသူတော်စင်သည် ကြောင့်ကြမှု ပလိဗောဓများကို ဖြတ်ပယ်၍ မိမိ၏ စရိုက် ဝါသနာအားလျော်သော တစ်ပါးပါးသော ကမ္မဋ္ဌာန်းပေးတတ်သော မိတ်ဆွေကောင်းကို ချဉ်းကပ်ပြီးလျှင် တစ်ပါးပါးသော ကမ္မဋ္ဌာန်းကိုယူ၍ သင့်လျော်သော နေရာ၌နေပြီး ဘာဝနာပွားခြင်း အစီအရင်များကို မယုတ်စေမူ၍ ပွားများအပ်ပေသည်။ ဤကားအကျဉ်းမျှသာ ဖြစ်ပေသည်။ သမာဓိ ဘာဝနာပွားနည်းအကျယ်ကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ကမ္မဋ္ဌာနနိဒ္ဒေသပိုင်းတွင် ကြည့်ရှုနိုင်ပါသည်။

---

**ကျမ်းညွှန်း** ✻ (၄၅၅)၊ မာတုပေါသကဇာတကဝဏ္ဏနာ၊ ကောဒသကနိပါတ၊ ဇာတကဋ္ဌကထာ-၄ (နှာ-၉၂)

## သမာဓိ၏ အကျိုးအာနိသင်

အာရုံတစ်ခု၌ တည်ကြည်မှုသမာဓိကို ပွားစေခြင်းကြောင့် ရအပ်သော အကျိုး ငါးမျိုး ရှိပေသည်။ ယင်းငါးမျိုးမှာ -

(၁) မျက်မှောက်သော ကိုယ်၏အဖြစ်၌ ချမ်းသာစွာ နေရခြင်း အကျိုးရှိသည် (ဒိဋ္ဌဓမ္မသုခဝိဟာရ)
ဎင်းအကျိုးမှာ ရဟန္တာအရှင်မြတ်တို့ ဈာန်ဝင်စားကြရာ တည်ကြည်သောစိတ် ရှိတော်မူကြသဖြင့် တစ်နေ့ပတ်လုံး ချမ်းသာစွာ နေကုန်အံ့ဟု နှလုံးသွင်းတော်မူကြပြီး အပ္ပနာသမာဓိကို ပွားစေတော်မူကြခြင်းသည် မျက်မှောက်သော ကိုယ်၏အဖြစ်၌ ချမ်းသာစွာနေရခြင်း အကျိုးအာနိသင် ရှိလေသည်။

(၂) ဝိပဿနာဟူသော အကျိုးအာနိသင်ရှိသည်။ (ဝိပဿနာနိသံသ)
ဎင်းအကျိုးမှာ သမာပတ်မှထ၍ တည်ကြည်သောစိတ်ဖြင့် ဝိပဿနာရှုကုန် အံ့ဟု နှလုံးသွင်းကြပြီး သမာဓိကို ပွားစေကြကုန်သော သေက္ခပုထုဇဉ်ပုဂ္ဂိုလ် တို့အား ဝိပဿနာလျှင် နီးစွာသော အကြောင်းရှိသောကြောင့် အပ္ပနာ သမာဓိ ဘာဝနာသည် ဝိပဿနာဟူသော အကျိုးအာနိသင် ရှိလေသည်။

(၃) အဘိညာဉ်ဟူသော အကျိုးအာနိသင်ရှိသည်။ (အဘိညာနိသံသ)
ဎင်းအကျိုးမှာ သမာပတ် ၈-ပါးကို ဖြစ်စေသောသူသည် အဘိညာဉ်၏ အခြေ တည်ရာဖြစ်သော စတုတ္ထဈာန်ကို ဝင်စား၍ သမာပတ်မှ ထလေသော အခါ တစ်ဦးတစ်ယောက်တည်းသာ ဖြစ်သော်လည်း အရာအထောင်မက ဖြစ်စေ နိုင်သော အဘိညာဉ်တို့ကို တောင့်တ၍ ဖြစ်စေသောသူအား ရှေးဘဝက ပြီးစေ အပ်သော အဘိညာဉ်ရခြင်း၏အကြောင်း အဓိကာရရှိခဲ့သော် အဘိညာဉ်လျှင် နီးစွာသောအကြောင်းရှိသောကြောင့် အပ္ပနာသမာဓိဘာဝနာသည် အဘိညာဉ် ဟူသော အကျိုးအာနိသင် ရှိပေသည်။

(၄) ဘဝအထူးသို့ ရောက်ခြင်းဟူသော အကျိုးအာနိသင်ရှိသည် (ဘဝဝိသေသာ နိသံသ) ဎင်းအကျိုးမှာ မယုတ်သောဈာန်ရှိသည်ဖြစ်၍ ဗြဟ္မာ့ဘုံ၌ဖြစ်ကုန် အံ့ဟု ဗြဟ္မာ့ပြည်၌ဖြစ်ခြင်းကို တောင့်တသော်လည်းကောင်း၊ မတောင့်တသော် လည်းကောင်း ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ဈာန်သမာဓိမှ မယုတ်ကုန်သည်ဖြစ်အံ့၊ ဈာန်မလျှောသော ပုဂ္ဂိုလ်တို့၏ ဗြဟ္မာ့ပြည်ဟူသော ဘဝအထူးကို ဆောင်တတ် သည်၏ အဖြစ်ကြောင့် အပ္ပနာသမာဓိဘာဝနာသည် ဗြဟ္မာ့ပြည်ဟူသော ဘဝအထူးသို့ရောက်ခြင်း အကျိုးအာနိသင် ရှိလေသည်။ ဤ၌ ဘုရားရှင်သည်

ယင်းသို့ ဟောတော်မူသော်လည်း ဥပစာရ သမာဓိ ဘာဝနာသည်လည်း ကာမ သုဂတိဟူသော ဘဝအထူးကို ဆောင်တတ်သည်ပင် ဖြစ်ပေသည်။

(၅) နိရောဓသမာပတ်ဟူသော အကျိုးအာနိသင်ရှိသည်။ (နိရောဓာနိသံသ) ၎င်းအကျိုးမှာ သမာပတ် ၈-ပါးတို့ကို ဖြစ်စေပြီး နိရောဓသမာပတ်ကို ဝင်စား ကြကုန်သော အရိယာအရှင်မြတ်တို့သည် (၇)ရက်ပတ်လုံး စိတ်မရှိဘဲ မျက် မှောက်သော ကိုယ်၏အဖြစ်၌ ချုပ်ခြင်း၊ ငြိမ်းခြင်းသို့ရောက်၍ ချမ်းသာစွာ နေကုန်အံ့ဟု နှလုံးသွင်းတော်မူကြပြီး၊ ဈာန်သမာဓိကို ပွားစေကြကုန်၏။ ထိုအရိယာအရှင်မြတ်တို့၏ အပ္ပနာသမာဓိ ဘာဝနာသည် နိရောဓ သမာပတ် ဟူသော အကျိုးအာနိသင် ရှိပေသည်။

ဆိုလိုသည်မှာ စိတ်ချမ်းသာမှု သုခမဖြစ်လျှင် သမာဓိမရ၊ သမာဓိမရလျှင် ယထာဘူတ လမ်းမှန်ကျအောင်မသိ၊ ယထာဘူတကျအောင်မသိလျှင် မည်မျှပင် အားထုတ်သော်လည်း ဈာန် မဂ် ဖိုလ် မရနိုင်ပါ။

သုခရှိမှ သမာဓိရ၍ သမာဓိရမှ ယထာဘူတလမ်းမှန်ကျအောင် သိပြီး၊ ယထာဘူတ သိမြင်ပါမှ ဈာန်မဂ်ဖိုလ်ကို ရရှိနိုင်သည်ဖြစ်ရာ ဈာန်မဂ်ဖိုလ်ကို ရနိုင်ခြင်း၏ အနီးဆုံး အကြောင်းမှာ ယထာဘူတ သိမြင်နိုင်ခြင်းဖြစ်၍ ယင်းယထာဘူတ သိမြင်နိုင်ခြင်း၏ အနီး ကပ်ဆုံးအကြောင်းမှာ သမာဓိရရှိမှုဖြစ်ပြီး ယင်းသမာဓိရနိုင်ခြင်း၏ အနီးကပ်ဆုံး အကြောင်းမှာ စိတ်ချမ်းသာမှုသုခ ဖြစ်လေတော့သည်။

ထို့ကြောင့် အဋ္ဌကထာ၌ ချမ်းသာမှုသုခ ရှိသောလူ၏စိတ်သည် ကောင်းစွာ တည်ကြည် ၏ဟူ၍လည်းကောင်း၊ ကောင်းစွာတည်ကြည်မှု သမာဓိရှိသောသူသည် ယထာဘူတ လမ်းမှန်ကျအောင် သိမြင်၏ဟူ၍လည်းကောင်း ဘုရားရှင် ဟောကြားတော်မူပါသည်။

## စိတ်ကို အစိုးမရသူ အရူးနှင့်တူသည်

လောက၌ ရေတို့မည်သည် အတားအဆီးမရှိ အလွတ်ထားခဲ့လျှင် နိမ့်ရာသို့ စီးဆင်းမြဲ ဓမ္မတာဖြစ်သည်။ ထို့အတူ သတ္တဝါတို့၏ စိတ်မည်သည်လည်း အာရုံတစ်ခု၌ တည်ကြည်မှု ရအောင်မလုပ်ဘဲ လွှတ်ထားခဲ့လျှင် မကောင်းရာသို့သာ တွင်တွင်သွားမြဲ ဓမ္မတာဖြစ်သည်။ ထို့ကြောင့်ပင် *'ပါပသ္မိံ ရမတေ မနော'* = စိတ်သည် မကောင်းရာ၌သာလျှင် မွေ့လျော်တတ်၏' ဟု ဓမ္မပဒပါဠိတော်၌ ဗုဒ္ဓဟောတော်မူခဲ့ပေသည်။

ထို့ပြင် *'ပုထုဇ္ဇနော ဥမ္မတ္တကော'* ဟု အဆိုအမိန့်ရှိသည်နှင့်အညီ ပုထုဇဉ်သတ္တဝါတို့၏ စိတ်သည် စိတ်ရှုးစိတ်နောက် စိတ်လေစိတ်လွင့်မျိုးသာ ဖြစ်သည်။ လောကတွင် စိတ်မနှံ့သော

အရှူးများသာမက လူကောင်းသူကောင်းဟု အများက အသိအမှတ်ပြုခြင်းခံရသော သူတို့သည်ပင် သမာဓိကို ပြုစုပျိုးထောင်ခြင်းမရှိပါက စိတ်ကို အစိုးမရသော အရူးတို့သာ ဖြစ်ကြလေသည်။

စိတ်သည် တံခါး ၆-ပေါက် တို့၏ အနီးအပါး ဥပစာ၌ အာရုံ ၆-ပါးသို့ ပြေးသွားလွင့်ပါးလေ့ရှိသည်။ ပမာပြရသော် စိတ်မနှံ့သူတစ်ဦးသည် ထမင်းစားချိန်မှန်းမသိ၊ ရောက်မိရောက်ရာသွားလာ၍ နေတတ်ပေသည်။ သက်ဆိုင်ရာ အုပ်ထိန်းသူများက ချော့မော့၍ ထမင်းကျွေးသောအခါ ငါးလုပ်၊ ခြောက်လုပ်မျှ မျိုမိ၊ စားမိလျှင် ထမင်းပန်းကန်ကို သွန်မှောက်၍ ထသွားပေလိမ့်မည်။ ထမင်းကို ဝအောင်စားလိုမှ စားပေလိမ့်မည်။ ထမင်းစားရာ၌ ပြီးစီးရုံမျှပင် စိတ်ကို အစိုးရခြင်း မရှိပေ။ စကားပြောဆိုရာ၌လည်း စကားဝါကျတစ်ခု ချောမောရုံမျှပင် စိတ်ကို အစိုးမရပေ။ အစတစ်ခြား၊ အလယ်တစ်ခြား၊ အဆုံးတစ်ခြား အမြီးအမောက်မတည့်သော စကားများသာ ဖြစ်နေတတ်ပေသည်။

ထို့အတူ သတ္တဝါတို့၏ စိတ်သည်လည်း ဘုရားကို ရှိခိုးမည်။ ဘုရားဂုဏ်ကို ကြည်ညိုသောအလုပ်ကို ငါလုပ်မည်ဟု ဦးတည်ကြပါလျက် စိတ်ကို အစိုးမရကြသည့်အတွက် *'ဣတိပိသော'* တစ်ပုဒ်ဆုံးသည့်တိုင်အောင် ဘုရားဂုဏ်တော်၌ စိတ်ကို တည်ငြိမ်စွာနေအောင် အစိုးမရကြပေ။ ဘုရားကို လွှတ်၍ ထိုထိုအာရုံတစ်ပါးသို့ အခါများစွာ ထွက်သွား လွင့်ပါးလျက်ရှိကြပေသည်။ ထိုကဲ့သို့ ဖြစ်ရသည်မှာ မိမိ၏စိတ်ကို အစိုးတရဖြစ်အောင် သမာဓိကို မထူထောင်ကြသောကြောင့် ဖြစ်သည်။

*ယော စ သမထေ အကတာဓိကာရော၊ တဿ ဒုက္ခာ ပဋိပဒါ ဟောတိ၊ ကတာဓိကာရဿ သုခါ။ ယော ပန ဝိပဿနာယ အကတာဓိကာရော ဟောတိ၊ တဿ ဒန္ဓာ အဘိညာ ဟောတိ၊ ကတာဓိကာရဿ ခိပ္ပါ။*

တရားအားထုတ်ရာတွင် ပုဂ္ဂိုလ်လေးမျိုး ရှိနိုင်ပါသည်။

၁။ ရှေးရှေးဘဝများက သမထနှင့် ဝိပဿနာတို့ကို အားမထုတ်ခဲ့ဖူးသည့် ပုဂ္ဂိုလ်သည် တရားရှုမှတ်ရာ၌ ပင်ပန်းငြိုငြင်ပြီး ဝိပဿနာဉာဏ် တိုးရာ၌လည်း နှောင့်နှေးတတ်ပါသည်။

၂။ ရှေးရှေးဘဝများက သမထတရားကိုသာ အားထုတ်ဖူးပြီး ဝိပဿနာတရားကို အားမထုတ်ဖူးသူမှာမူ တရားရှုပွားရာ၌ မပင်ပန်းသော်လည်း ဝိပဿနာဉာဏ်တိုးရာ၌ နှောင့်နှေးတတ်ပါသည်။

၃။ ရှေးရှေးဘဝများက သမထကို အားမထုတ်ခဲ့သော်လည်း ဝိပဿနာတရားကိုသာ အားထုတ်ခဲ့ဖူးပါက တရားအားထုတ်ရာ၌ ပင်ပန်းပါသော်လည်း တရားအသိဉာဏ်တိုးရာ၌မူ မြန်ဆန်သည်။

၄။ ရှေးရှေးဘဝများက သမထ၊ ဝိပဿနာတရား နှစ်ပါးစုံ လေ့ကျင့်ခဲ့ဖူးသည့် ပုဂ္ဂိုလ် အဖို့မှာမူ ချမ်းချမ်းသာသာ အားထုတ်နိုင်သကဲ့သို့ မြန်မြန်ဆန်ဆန်လည်း ဉာဏ်မြင် တိုးပါသည်။

## တရားနာရသည့် အကျိုး

တရားနာရသည့်အကျိုး ၅-ပါး ရှိပါသည်။ ၎င်းတို့မှာ -

မကြားဖူးကြား၊ ကြားဖူးစင်ကြယ်၊ ယုံမှားဖွယ်ပျောက်၊ အယူဖြောင့်သူ၊ စိတ်ကြည်ဖြူ တရားနာကျိုး ငါးပါးတည်း။

## သမ္မာဝါယာမ = သမ္မပ္ပဓာန် ၄ ပါး = Right Effort

သမ္မာဝါယာမဟူသည် -

*အနုပ္ပန္နာနံ ပါပကာနံ အနုပ္ပါဒါယ ဝါယာမော။*

မိမိသန္တာန်၌ မဖြစ်ဖူးသေးသည့် အကုသိုလ်တရားတို့ကို မဖြစ်အောင် အားထုတ်မည်။

*ဥပ္ပန္နာနံ ပါပကာနံ ပဟာနာယ ဝါယာမော။*

မိမိသန္တာန်၌ ဖြစ်ဖူးသည့် အကုသိုလ်တရားတို့ကို ပယ်နိုင်အောင် အားထုတ်မည်။

*အနုပ္ပန္နာနံ ကုသလာနံ ဥပ္ပါဒါယ ဝါယာမော။*

မိမိသန္တာန်၌ မဖြစ်ဖူးသေးသည့် ကုသိုလ်တရားတို့ကို ဖြစ်ပေါ်လာရအောင် အားထုတ်မည်။

*ဥပ္ပန္နာနံ ကုသလာနံ ဘိယျောဘာဝါယ ဝါယာမော။*

မိမိသန္တာန်၌ ဖြစ်ဖူးသည့် ကုသိုလ်တရားတို့ကို လွန်စွာ တိုးပွားလာအောင် အားထုတ်မည်။

## မှတ်သားရန် လင်္ကာ

ပြုခဲ့မိပြီး အကုသိုလ်ကို၊ ပြန်ပြောင်းတွေးထင် မနေရပေ။
ပူလောင်စေသည့် အကုသိုလ်မျိုး၊ မပြုလုပ်ဘဲ နေကြလေ။
ပြုခဲ့မိပြီး ကုသိုလ်စုကို၊ ပြန်ပြောင်းတွေးထင် နှလုံးသွင်းလေ။
မပြုသေးသည့် ကုသိုလ်စုကို၊ များများ ဖြည့်ကျင့်ပြုပါလေ။

---

**ကျမ်းညွှန်း** * ဓမ္မသင်္ဂဏီအဋ္ဌကထာအတွဲ(၁)(နှာ-၂၂၈)

## ဝိပဿနာ အားထုတ်နေသည့်ယောဂီများ မှတ်ရန်ဆယ့်တစ်တန်

အတီတာ နာဂတ ပစ္စုပ္ပန္နံ ၊ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ
ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ။

**<u>လင်္ကာမှာ</u>** - တွင်း ပြင် ဝေး နီး၊ ကြမ်း နု ကောင်း ညံ့၊ တိတ် နာဂတ် ပစ္စုပ္ပန်၊ မှတ်ရန် ဆယ့်တစ်တန်။

## ဤသာသနာတော်သည် ရှေးဘုန်းရှေးကံ အသိဉာဏ်နှင့် သဒ္ဓါတရားရှိသူတို့အတွက်သာ

*သာသနံ ဘဂဝန္တဿ၊ ဘဂဝန္တာဝ နာယကာ။*
*ပူဇကာ ဉာဏဝန္တာဝ၊ သဒ္ဓါဝန္တာဝ ပဂ္ဂဟာ။*

မြတ်စွာဘုရားရှင်၏ သာသနာတော်ကို ရှေးဘုန်းရှေးကံရှိသည့် ပုဂ္ဂိုလ်တို့ကသာ ဦးဆောင်ဦးရွက် ပြုနိုင်ကြပေသည်။

မြတ်စွာဘုရားရှင်၏ သာသနာတော်ကို အသိဉာဏ်ပညာရှိသည့် ပုဂ္ဂိုလ်တို့ကသာ မြတ်နိုးကော်ရော် ပူဇော်နိုင်ကြပေသည်။

မြတ်စွာဘုရားရှင်၏ သာသနာတော်ကို သဒ္ဓါတရားရှိကြသည့် ပုဂ္ဂိုလ်တို့ကသာ အားပေးပင့်ထောက် ချီးမြှောက်နိုင်ကြပေသည်။

## ကုသိုလ် အကုသိုလ်အကြောင်း သိကောင်းစရာ

*လောဘော ခေါ ဝုဍ္ဍ အကုသလံ၊ အလောဘော ကုသလံ၊ ဒေါသော ခေါ ဝုဍ္ဍ အကုသလံ၊ အဒေါသော ကုသလံ၊ မောဟော ခေါ ဝုဍ္ဍ အကုသလံ၊ အမောဟော ကုသလံ။ ဣတိ ခေါ ဝုဍ္ဍ ဣမေ တယော ဓမ္မာ အကုသလာ တယော ဓမ္မာ ကုသလာ'*

*ပါဏာတိပါတော ခေါ ဝုဍ္ဍ အကုသလံ ပါဏာတိပါတာ ဝေရမဏီ ကုသလံ၊ အဒိန္နာဒါနံ ခေါ ဝုဍ္ဍ အကုသလံ အဒိန္နာဒါနာ ဝေရမဏီ ကုသလံ၊ ကာမေသုမိစ္ဆာစာရော ခေါ ဝုဍ္ဍ အကုသလံ၊ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ ကုသလံ၊ မုသာဝါဒေါ ခေါ ဝုဍ္ဍ အကုသလံယ မုသာဝါဒါ ဝေရမဏီ ကုသလံ၊ ပိသုဏာ ဝါစာ ခေါ ဝုဍ္ဍ အကုသလံ၊ ပိသုဏာယ ဝါစာယ ဝေရမဏီ ကုသလံ၊ ဖရုသာ ဝါစာ ခေါ ဝုဍ္ဍ အကုသလံ၊ ဖရုသာယ ဝါစာယ ဝေရမဏီ ကုသလံ၊ သမ္ဖပ္ပလာပေါ ခေါ ဝုဍ္ဍ အကုသလံ၊ သမ္ဖပ္ပလာပါ ဝေရမဏီ ကုသလံ၊ အဘိဇ္ဈာ*

**ကျမ်းညွှန်း** ⁕ ရွှေဟင်္သာဆရာတော်ကြီး၏ ထေရုပ္ပတ္တိ

*ခေါ ဝစ္ဆ အကုသလံ၊ အနဘိဇ္ဈာ ကုသလံ၊ ဗျာပါဒေါ ခေါ ဝစ္ဆ အကုသလံ၊ အဗျာပါဒေါ ကုသလံ၊ မိစ္ဆာဒိဋ္ဌိ ခေါ ဝစ္ဆ အကုသလံ သမ္မာဒိဋ္ဌိ ကုသလံ။ ဣတိ ခေါ ဝစ္ဆ ဣမေ ဒသ ဓမ္မာ အကုသလာယ ဒသ ဓမ္မာ ကုသလာ။*

ဝစ္ဆ လိုချင်မှု 'လောဘ'သည် အကုသိုလ်တည်း၊ မလိုချင်မှု 'အလောဘ'သည် ကုသိုလ်တည်း။ ဝစ္ဆ ပြစ်မှားမှု 'ဒေါသ'သည် အကုသိုလ်တည်း၊ မပြစ်မှားမှု 'အဒေါသ'သည် ကုသိုလ်တည်း။ ဝစ္ဆ တွေဝေမှု 'မောဟ'သည် အကုသိုလ်တည်း၊ မတွေဝေမှု 'အမောဟ'သည် ကုသိုလ်တည်း။ ဝစ္ဆ ဤသို့လျှင် ဤသုံးပါးကုန်သော တရားတို့သည် အကုသိုလ်တို့တည်း၊ ဤသုံးပါးကုန်သော တရားတို့သည် ကုသိုလ်တို့တည်း။

ဝစ္ဆ အသက်သတ်ခြင်းသည် အကုသိုလ်တည်း၊ အသက်သတ်ခြင်းမှ ရှောင်ကြဉ် ခြင်းသည် ကုသိုလ်တည်း။ ဝစ္ဆ မပေးသောဥစ္စာကို ခိုးယူခြင်းသည် အကုသိုလ်တည်း၊ မပေးသော ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ် ခြင်းသည် ကုသိုလ်တည်း၊ ဝစ္ဆ ကာမဂုဏ်တို့၌ မှောက်မှားသောအကျင့်သည် အကုသိုလ်တည်း၊ ကာမဂုဏ် တို့၌ မှောက်မှားသောအကျင့်မှ ရှောင်ကြဉ်ခြင်းသည် ကုသုလ်တည်း။ ဝစ္ဆ မဟုတ်မမှန် ပြောဆိုခြင်းသည် အကုသိုလ်တည်း။ ဝစ္ဆ မဟုတ်မမှန်ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းသည် ကုသိုလ်တည်း။ ဝစ္ဆ ကုန်းတိုက်စကား ပြောဆိုခြင်းသည် အကုသိုလ်တည်း။ ကုန်းတိုက်စကား ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း သည် ကုသိုလ်တည်း။ ဝစ္ဆ ကြမ်းတမ်းသောစကားကို ပြောဆိုခြင်းသည် အကုသိုလ်တည်း။ ကြမ်းတမ်းသော ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းသည် ကုသိုလ်တည်း။ ဝစ္ဆ အဖျင်းပြောခြင်းသည် အကုသိုလ်တည်း။ အဖျင်းပြောခြင်းမှ ရှောင်ကြဉ်ခြင်းသည် ကုသိုလ်တည်း။ ဝစ္ဆ သူတစ်ပါး ဥစ္စာကို ရှေးရှုကြံစည်ခြင်းသည် အကုသိုလ်တည်း။ ဝစ္ဆ သူတစ်ပါးဥစ္စာကို ရှေးရှုကြံစည်ခြင်းမှ ရှောင်ကြဉ်ခြင်းသည် ကုသိုလ်တည်း။ ဝစ္ဆ သတ္တဝါတို့ကို ပျက်စီးစေလိုခြင်းသည် အကုသိုလ် တည်း။ ဝစ္ဆ သတ္တဝါတို့ကို ပျက်စီးစေလိုခြင်းမှ ရှောင်ကြဉ်ခြင်းသည် ကုသိုလ်တည်း။ ဝစ္ဆ မှားသောအမြင်သည် အကုသိုလ်တည်း။ မှန်သောအမြင်သည် ကုသိုလ်တည်း။ ဝစ္ဆ ဤသို့လျှင် ဤဆယ်ပါးသော တရားတို့သည် အကုသိုလ်တို့တည်း၊ ဆယ်ပါးသော တရားတို့သည် ကုသိုလ် တို့တည်း။

## မှတ်ရန်လင်္ကာ

(သတ် ခိုး ကာမ ဤသုံးဝ ကာယဒုစရိုက်)
(လိမ်ညာ ဂုံးချော ကြမ်းတမ်း ပိန်ဖျင်း ဝစီဒုစရိုက်)
(အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိ ခေါ်မှတ် မနောဒုစရိုက်)

---

**ကျမ်းညွှန်း** ✳ (၁၉၃)၊ မဟာဝစ္ဆသုတ္တ၊ ပရိဗ္ဗာဇကဝဂ္ဂ၊ မဇ္ဈိမပဏ္ဏာသပါဠိ (နှာ- ၁၅၇) (မြန်မာပြန် -နှာ- ၁၆၆ - ၁၆၇)

## ကုသိုလ်၏ လက္ခဏာ

အနဝဇ္ဇသုခဝိပါကလက္ခဏာ ကုသလာ = အပြစ်မရှိခြင်း ကောင်းသောအကျိုးကို ပေးခြင်း လက္ခဏာ။

ကုသိုလ်ဆိုတာ၊ ပြုဆဲမှာ မှန်စွာပြစ်ကင်းသည်။
ပြုပြီးနောက်ခါ ကောင်းကျိုးသာ၊ မှန်စွာဖြစ်စေသည်။

## အကုသိုလ်၏ လက္ခဏာ

သာဝဇ္ဇဒုက္ခဝိပါကလက္ခဏာ အကုသလာ = အပြစ်နှင့်တကွဖြစ်ပြီး မကောင်းကျိုး ပေးခြင်း လက္ခဏာ။

အကုသိုလ်ဟာ၊ ပြုဆဲမှာ မှန်စွာအပြစ်ရှိသည်။
ပြုပြီးနောက်ခါ ဆိုးကျိုးသာ၊ မှန်စွာဖြစ်စေသည်။

## ကုသိုလ် ၊ အကုသိုလ် ၊ ဝိပါက် ကြိယာ အဗျာကတ

အဗျာကတဟူသည် ကုသိုလ်လည်းမဟုတ် အကုသိုလ်လည်း မဟုတ်သည့်တရားကို အဗျာကတတရားဟု ခေါ်ပါသည်။ အဘိဓမ္မာ၌ စိတ်စုစုပေါင်း ၈၉-ပါး၊ စေတသိက် ၅၂-ပါး၊ ရုပ်က ၂၈-ပါးနှင့် နိဗ္ဗာန်ဟူ၍ ပရမတ္ထတရား-၄-ပါး ရှိ၏။

စိတ် ၈၉-ပါးထဲက ကုသိုလ်စိတ် ၂၁-ပါးနှင့် အကုသိုလ်စိတ် ၁၂-ပါးကို နုတ်ပါက ဝိပါက်စိတ် ၃၆-ပါး နှင့် ကြိယာစိတ် -၂၀ ရပါသည်။ ဤ (၃၆ + ၂၀ = ၅၆) ပါးက အဗျာကတတရားဖြစ်၏။

ထိုဝိပါက်စိတ်နှင့် ကြိယာစိတ်၌ ယှဉ်သည့် စေတသိက် ၃၈-ပါးကလည်း အဗျာကတ တရားပင် ဖြစ်သည်။

ရုပ် -၂၈ ပါးနှင့် နိဗ္ဗာန်ကလည်း အဗျာကတတရားပင် ဖြစ်သည်။ ဝိပါက်က အကျိုးတရား လုံ့လ ပယောဂ ဗျာပါရ မရှိတဲ့တရား။ ကုသိုလ် အကုသိုလ်မဟုတ်သည့် တရား ဖြစ်သဖြင့် အဗျာကတတရား ဖြစ်သည်။

ထို့ကြောင့် ရုပ်လည်း အဗျာကတ။ ဝိပါက်စိတ်လည်း အဗျာကတ။ ကြိယာစိတ်လည်း အဗျာကတ ဝိပါက်ကြိယာစိတ်မှာ ယှဉ်သည့် စေတသိက် ၃၈-ပါးလည်း အဗျာကတ။ နိဗ္ဗာန်ကလည်း အဗျာကတ ဖြစ်ပါသည်။

ထို့ကြောင့် ပဋ္ဌာန်းတွင် -

ကုသိုလ်က ဝိပါက်ကို ပစ္စည်းတစ်ပါးပါးနှင့် ကျေးဇူးပြုပါက ကု - ဗျာ

ကုသိုလ်က ရုပ်ကို ပစ္စည်းတစ်ပါးပါးနှင့် ကျေးဇူးပြုပါက ကု - ဗျာ

ကုသိုလ်က ကြိယာကို ပစ္စည်းတစ်ပါးပါးနှင့် ကျေးဇူးပြုပါက ကု - ဗျာ ရပါမည်။

အကုသိုလ်က ဝိပါက်ကို ပစ္စည်းတစ်ပါးပါးနှင့် ကျေးဇူးပြုပါက အကု-ဗျာ

အကုသိုလ်က ရုပ်ကို ပစ္စည်းတစ်ပါးပါးနှင့် ကျေးဇူးပြုပါက အကု-ဗျာ

အကုသိုလ်က ကြိယာကို ပစ္စည်းတစ်ပါးပါးနှင့် ကျေးဇူးပြုပါက အကု-ဗျာ ရပါမည်။

ရဟန္တာပုဂ္ဂိုလ်က ဒီဘဝမှာဖြစ်စေ ဘဝါ ဘဝကဖြစ်စေ ပြုခဲ့ပြီးသည့် ဒါန သီလ စသည့် ကောင်းမှုကို ဆင်ခြင်ပါက -

မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ဖြစ်သောကြောင့် ကု - ဗျာ

ပုထုဇဉ်က သူပြုခဲ့ပြီးသည့် ဒါန၊ သီလစသည်တို့ကို ဆင်ခြင်ပါက ကု - ကု

ကုသိုလ်ကောင်းမှုပြုပြီး မာနတက်နေပါက ကု - အကု ရပါမည်။

## သုတမယ အနုမာနသိဒ္ဓိ

အကြားအမြင်များပြီး ဆင်ခြင်တတ်သည့် ဉာဏ်ရှိသည့် ကလျာဏပုထုဇဉ်များက နိဗ္ဗာန်တရားတော်ကို မှန်းဆသိနိုင်သည့် အနုမာနသိဒ္ဓိအားဖြင့် ရှိသည်ဟု သိကြပါသည်။

အနုမာနသိဒ္ဓိဟူသည် (၁) သုတမယ အနုမာနသိဒ္ဓိ (၂) စိန္တာမယ အနုမာနသိဒ္ဓိ (၃) ဘာဝနာမယ အနုမာနသိဒ္ဓိဟူ၍ သုံးပါးရှိပါသည်။

(၁) ယခုကဲ့သို့ သာသနာတော်မြတ်နှင့် ကြုံကြိုက်ရပြီး ဘုရားရှင်၏တရားတော်ကို ကြားနာရပြီး နိဗ္ဗာန်တရားတော်၏ ထင်ရှားရှိသည့်အဖြစ်ကို စီစစ်ဆင်ခြင်ကြသည့် ကလျာဏပုထုဇဉ်များမှာ သုတမယ အနုမာနသိဒ္ဓိ ဖြစ်ပါသည်။

## စိန္တာမယ အနုမာနသိဒ္ဓိ

(၂) သုမေဓာ ပညာရှိပမာ ဘာမျှ မကြားမနာရသော်လည်း နိဗ္ဗာန်တရား ထင်ရှားရှိ၏ဟု ကြံဆသောအခါ စိန္တာမယအနုမာနသိဒ္ဓိ ဖြစ်ပါသည်။ သုမေဓာပညာရှိသည် ဆိတ်ငြိမ်ရာ ချဉ်းကပ်ပြီး ဒုက္ခရှိပါက သုခရှိရမည်။ ဘဝသုံးပါးမည်သော သံသရာရှိပါက ဤဘဝသုံးပါးမှတပါးဖြစ်သည့် နိဗ္ဗာန်ရှိရမည်။ လောက၌ အပူရှိပါက အအေးရှိရမည်၊ ဇာတိ ဇရာ မရဏ မီးသုံးပါးရှိပါက ထိုမီးသုံးပါးတို့၏ ငြိမ်းရာအေးရာ နိဗ္ဗာန် ထင်ရှားရှိရမည်ဟု ကြံဆနိုင်ခြင်းသည် စိန္တာမယ အနုမာနသိဒ္ဓိ ဖြစ်ပါသည်။

## ဘာဝနာမယ အနုမာနသိဒ္ဓိ

(၃) ဘာဝနာမယ အနုမာနသိဒ္ဓိမည်သည် ဥပါဒါနက္ခန္ဓာငါးပါးသည် ဒုက္ခသစ္စာ၊ ဤဥပါဒါနက္ခန္ဓာ ငါးပါး၌ စွဲလမ်းကပ်ငြိသည့် တဏှာက သမုဒယသစ္စာ။ ဤတရား ၂-ပါးမရှိရာ အမြိုက်နိဗ္ဗာန်က နိရောဓသစ္စာ။ နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်တရားကိုယ်ရှစ်ပါးသည် မဂ္ဂ သစ္စာဖြစ်သည်ဟု စတုသစ္စကမ္မဋ္ဌာန်းကို စီးဖြန်းသည့် ယောဂီများမှာ ယင်းသစ္စာသုံးပါး ထင်ရှားရှိသကဲ့သို့ နိရောဓသစ္စာလည်း ပရမတ္ထအားဖြင့် ထင်ရှားရှိမှုကို ဆင်ခြင်ခြင်းသည် ဘာဝနာမယ အနုမာနသိဒ္ဓိ ဖြစ်ပါသည်။

## မဂ်ဉာဏ်က ကိလေသာကို ပယ်သတ်သည်

*န ဟိ အတီတေ ကိလေသေ ပဇဟတိ။*
*န အနာဂတေ ကိလေသေ ပဇဟတိ။*
*န ပစ္စုပ္ပန္နေ ကိလေသေ ပဇဟတိ။*

မဂ်ဉာဏ်ဖြင့် ကိလေသာကို ပယ်သတ်သည်ဆိုရာဝယ် ဖြစ်ပြီး၊ ဖြစ်ဆဲ၊ ဖြစ်လတ္တံ့ ကိလေသာတို့ကို ပယ်ခြင်း မဟုတ်ပါပေ။ ကိလေသာအသီး မသီးတော့အောင် မျိုးစေ့ဖြစ်သည့် အဝိဇ္ဇာ၊ တဏှာကံတို့ကို သတ်ပစ်ခြင်းသာ ဖြစ်ပါတော့သည်။

## မဂ္ဂင်လမ်း၏ အမည်ကွဲများ

| | | |
|---|---|---|
| Middle way. | = | မဇ္ဈိမပဋိပဒါ အလယ်လမ်း |
| Noble practice | = | ဗြဟ္မစရိယအကျင့် |
| Deathless path. | = | အမတဂါမိမဂ္ဂ၊ မသေရာလမ်း |
| Ever truth. | = | သမ္မတ္တ၊ မဖေါက်မပြန်မှန်ကန်သည် |

## မဂ္ဂပစ္စည်း၏ သင်္ချာ

မဂ္ဂပစ္စည်း၏ သင်္ချာမှာ - ၇ ဖြစ်ပါသည်။ ထို့ကြောင့် "မဂ္ဂေ သတ္တ" ဟု မှတ်သားနိုင် ပါသည်။ ထိုသင်္ချာကို အောက်ပါအတိုင်း လေ့လာနိုင်ပါသည် -

## ကုသလ သင်္ချာ-၃

(၁) ကု - ကု (၂) ကု - ဗျာ (၃) ကု -ကု၊ ဗျာ

**ကျမ်းညွှန်း** ∗ (၂၁)၊ အဘိသမယကထာ၊ ပညာဝဂ္ဂ၊ ပဋိသမ္ဘိဒါမဂ္ဂပါဠိ (နှာ-၃၉၄)

### အကုသလ သင်္ချာ-၃

(၁) အကု -အကု (၂) အကု - ဗျာ (၃) အကု - အကု၊ ဗျာ

### အဗျာကတ သင်္ချာ-၁

(၁) ဗျာ - ဗျာ

## Mind to Mind-Matter

မဂ္ဂပစ္စည်းသည် နာမ်တရားက နာမ်ရုပ်တရား (Mind to Mind-Matter) ကို ကျေးဇူးပြုသောပစ္စည်း ဖြစ်သည်။

### ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား

ပစ္စယဟူသော အကြောင်းတရားမှာ - ၁- သမ္မာဒိဋ္ဌိ၊ ၂- သမ္မာသင်္ကပ္ပ၊ ၃- သမ္မာဝါစာ၊ ၄- သမ္မာကမ္မန္တ၊ ၅-သမ္မာ အာဇီဝ၊ ၆-သမ္မာဝါယာမ၊ ၇-သမ္မာသတိ၊ ၈-သမ္မာသမာဓိ၊ ၉-မိစ္ဆာဒိဋ္ဌိမဂ္ဂင်တို့ ဖြစ်သည်။ ထိုမဂ္ဂင်တို့၏ တရားကိုယ်မှာလည်း ၉-ပါး ဖြစ်၏။ ၎င်းတို့မှာ (ပညာ၊ ဝိတက်၊ ဝိရတီ-၃ပါး၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာနှင့် ဒိဋ္ဌိ)တို့ ဖြစ်ပါသည်။

ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - သဟိတ်စိတ်-၇၁ပါး၊ စေတသိက်-၅၂ပါး၊ သဟိတ် စိတ္တဇရုပ်နှင့် သဟိတ် ပဋိသန္ဓေကမ္မဇရုပ်တို့ ဖြစ်ပါသည်။

မဂ္ဂပစ္စည်းသည် သဟဇာတမျိုး၌ ပါဝင်၏။


### သဟဇာတအငယ်ပစ္စည်း ၇-ပါး

မဂ္ဂပစ္စည်းသည် သဟဇာတမျိုး ဖြစ်ပါသည်။ သဟဇာတတွင် သဟဇာတအကြီး၊ သဟဇာတအလတ်နှင့် သဟဇာတအငယ်ဟူ၍ ရှိရာ မဂ္ဂပစ္စည်းသည် သဟဇာတအငယ်ပစ္စည်း ၇-ပါးထဲတွင် ပါဝင်ပါသည်။ ၎င်းတို့မှာ-

၁။ ဟေတု
၂။ သဟဇာတာဓိပတိ
၃။ သဟဇာတကမ္မ
၄။ နာမ်အာဟာရ
၅။ သဟဇာတိန္ဒြိယ
၆။ ဈာနနှင့်
၇။ မဂ္ဂတို့ ဖြစ်ပါသည်။

# ၁၉။ သမ္ပယုတ္တပစ္စယော
# Daily life Paṭṭhāna

## Sampayutta Paccayo *(Association condition)*




*ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ သမ္ပယုတ္တပစ္စယေန ပစ္စယော။* (ကု၊ ကု-၁)
ကုသိုလ်တည်းဟူသော အကြောင်းဓမ္မသည် ကုသိုလ်တည်းဟူသော အကျိုးဓမ္မအား သမ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

## ယှဉ်သောအားဖြင့် ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည်

The *'Sampayutta* Paccaya' means association condition. Association is compared to four sweet things. You know that monks can eat some kinds of sweet things in the afternoon. They are a mixture of four things ghee, oil , molasses and honey. They are mixed together and they must be cooked in the sun. That mixture we call *Catumadhura.*




'စတုမဓု၊ ရောစပ်မှုနှင့် ၊ နည်းတူလှစွာ'ဟု လာရှိသည်နှင့် အညီ ထောပတ်၊ ပျားရည်၊ သကာ၊ နှမ်းဆီတို့ကို သမသွားအောင် မွှေသောအခါ တစ်ခုချင်း၏ အရသာ မထွက်တော့ဘဲ အရသာတစ်မျိုးတည်း ထွက်သကဲ့သို့ နာမ်ခန္ဓာ (၄)ပါး တရားတို့သည် အာရုံကို ယူသောအခါ တစ်ပါးချင်း၏သဘော မထင်ရှားဘဲ တစ်ပါးနှင့်တစ်ပါး အတူတကွ နှီးနှောယှဉ်တွဲ ဖြစ်ချပ်မိ အာရုံကိုယူပြီး ကျေးဇူးပြုကြသည်။

သမ္ပယုတ္တပစ္စည်းကို စတုမဓူဖြင့် ဥပမာပြသကဲ့သို့ မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာမှ စီးဆင်းလာသော ရေသည် သမုဒ္ဒရာထဲ ရောက်ပေမည်။ သမုဒ္ဒရာရေကို လက်ခုပ်ထဲ ယူကာ 'ဒါက ဂင်္ဂါမြစ်ရေ၊ ဒါက ယမုံနာမြစ်ရေ၊ ဒါက အစိရဝတီမြစ်ရေ'ဟု မခွဲခြားနိုင်တော့သည် အထိ ရောနှောသမနေသည့်ပမာဟု မူလပဌာန်းဆရာတော်ကြီးက သမ္ပယုတ္တပစ္စည်း၏ ကျေးဇူးပြုပုံကို ဥပမာပြုတော်မူပါသည်။

ထို့ကြောင့် သမအောင်ရောနှောထားသည့် စတုမဓူ၌ ဤကား ပျားရည်၊ ဤကား ထောပတ်၊ ဤကား တင်လဲ ဤကား နှမ်းဆီဟု ခွဲမရတော့သကဲ့သို့ နာမ်ခန္ဓာလေးပါးတို့ တစ်ပြိုင်နက်ဖြစ်ရာတွင်လည်း ဤကား ဝေဒနာ၊ ဤကား သညာ စသည်ဖြင့် ခွဲခြားမရတော့ဘဲ အာရုံသိမှု တစ်ခုတည်းအနေဖြင့်သာ ပေါင်းစည်းကာ ကျေးဇူးပြုသည့် ပစ္စည်းသည် သမ္ပယုတ္တ ပစ္စည်းမည်လေသည်။

## စိတ်စေတသိက်တို့၏ သဘာဝ

ထို့ကြောင့် သမ္ပယုတ္တဟူသည် ရောနှောသမက တစ်စုတစ်ပေါင်းတည်းအဖြစ် ယှဉ်တွဲ ရောနှောနေခြင်းကို ဆိုလိုပါသည်။ စိတ် စေတသိက် ဟူသော နာမ်ခန္ဓာလေးပါးတို့သည် အညီအမျှ သမ၍ တစ်စုတည်းတစ်ပေါင်း တည်းအဖြစ်ဖြင့် ယှဉ်တွဲ ရောနှောကာ ကျေးဇူးပြုသော ပစ္စည်းဖြစ်ပါသည်။ စိတ်စေတသိက်ဟူသော နာမ်ခန္ဓာတို့သည် -

| | | |
|---|---|---|
| ဧကုပ္ပါဒ | = | အတူတကွ တစ်ပြိုင်နက် ဖြစ်ကြသည်။ |
| ဧကနိရောဓ | = | အတူတကွ တစ်ပြိုင်နက် ချုပ်ကြသည်။ |
| ဧကာလမ္ဗန | = | အာရုံတစ်ခုတည်းကိုသာ အာရုံပြုကြသည်။ |
| ဧကဝတ္ထုက | = | မှီရာဝတ္ထု တူညီကြသည်။ |

ထို့ကြောင့် 'အဖြစ်တူ၊ အပျက်တူ၊ မှီရာတူ၊ အာရုံတူကြသည်' ဟူသော အင်္ဂါလေးပါးနှင့် ပြည့်စုံမှသာ သမ္ပယုတ်ပစ္စည်းတရားများ ဖြစ်နိုင်ကြသည်။

## ရုပ်တရားတို့၏ သဘာဝ

ရုပ်တရားတို့က ဖော်ပြပါ အင်္ဂါလေးရပ်နှင့် မပြည့်စုံသောကြောင့် သမ္ပယုတ္တ ပစ္စည်း မဖြစ်နိုင်ပေ။ ဤ၌ ဝိပ္ပယုတ္တပစ္စည်းသည် သမ္ပယုတ္တပစ္စည်း၏ ပြောင်းပြန်ဖြစ်၏။ အတူဖြစ်၊ အတူချုပ်၊ အာရုံတူ၊ မှီရာဝတ္ထုတူ ဟူသော သမ္ပယုတ်အင်္ဂါလေးရပ်တို့ဖြင့် မယှဉ်တွဲနိုင်ပြီး ပစ္စည်းနှင့် ပစ္စယုပ္ပန်တရားတို့ အချင်းချင်း မလိုက်လျောနိုင်သော သတ္တိသည်သာ ဝိပ္ပယုတ္တ ပစ္စည်း မည်လေ၏။

## ပစ္စည်း သုံးတွဲ၊ ခြောက်ပါး

(က) သမ္ပယုတ္တပစ္စည်း နှင့်ဝိပ္ပယုတ္တပစ္စည်း
(ခ ) အတ္ထိပစ္စည်း နှင့် နတ္ထိပစ္စည်း
(ဂ ) ဝိဂတပစ္စည်းနှင့် အဝိဂတပစ္စည်းဟူ၍ နှစ်ပါးတွဲ၊ ပစ္စည်းခြောက်ပါး ဟောတော်မူပါသည်။

(က) သမ္ပယုတ္တပစ္စည်းသည် သမစ္စာ ရောနှောလျက် စိတ်စေတသိက်တို့ ယှဉ်သောအားဖြင့် ကျေးဇူးပြုတတ်သော ပစ္စည်းဖြစ်ပြီး၊ ဝိပ္ပယုတ္တပစ္စည်းမှာမူ ရုပ်တရား၊ နာမ်တရားတို့ အတူတကွ ဖြစ်ကြ၊ တွေ့ဆုံမိကြပါသော်လည်း အချင်းချင်း မနှီးမနှော မရောပြွမ်းခြင်း၊ မယှဉ်တွဲခြင်းအားဖြင့် ကျေးဇူးပြုတတ်သော ပစ္စည်းဖြစ်ပါသည်။
(ခ ) အတ္ထိပစ္စည်းသည် အကြောင်းတရားတို့လည်း ထင်ရှားရှိနေပြီး အကျိုးပြုမည့် တရားကလည်း ထင်ရှားရှိနေသည့် ပစ္စည်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် ရှိနေခိုက်တွင် ကျေးဇူးပြုပါက အတ္ထိပစ္စည်းဖြစ်ပြီး၊ မရှိတော့မှသာ ကျေးဇူးပြုပါက နတ္ထိပစ္စည်း ဖြစ်သည်။
(ဂ ) ဝိဂတပစ္စည်းသည် ရှေးရှေးနာမ်တရားအစုတို့က မိမိတို့ ချုပ်ကွယ် ကင်းပျောက်ခြင်းသည် နောက်နောက် နာမ်တရားအစုတို့အား ဖြစ်ခွင့်ပေးခြင်းဖြင့် ဝိဂတပစ္စယသတ္တိဖြင့် ကျေးဇူးပြုပြီး မိမိမကင်းသေး၊ မချုပ်ပျောက်သေးသည်၏အဖြစ်ဖြင့် အဝိဂတပစ္စည်းက ကျေးဇူး ပြုသည်။

## သမ္ပယုတ္တပစ္စည်း၏ သချာ

သမ္ပယုတ္တတပစ္စည်း၏ သချာမှာ - ၃ ဖြစ်ပါသည်။ ထို့ကြောင့် "သမ္ပယုတ္တေ တီဏိ" ဟု မှတ်သားနိုင်ပါသည်။ ထိုသချာကို အောက်ပါအတိုင်း လေ့လာနိုင်ပါသည် -

### ကုသလ သချာ-၁

(၁) ကု-ကု

### အကုသလ သချာ-၁

(၁) အကု-အကု

## အဗျာကတ သချ်ာ-၁

(၁) ဗျာ-ဗျာ

### Mind to Mind

သမ္ပယုတ္တပစ္စည်းသည် နာမ်တရားက နာမ်တရား (Mind to Mind) ကို ကျေးဇူးပြုသော ပစ္စည်း ဖြစ်သည်။

### ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား


ပစ္စယဟူသော အကြောင်းတရားမှာ - စိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါးတို့ ဖြစ်သည်။

ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - စိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါး ဖြစ်သည်။

သမ္ပယုတ္တပစ္စည်းသည် သဟဇာတမျိုး၌ ပါဝင်၏။

## ၂၀။ ဝိပ္ပယုတ္တပစ္စယော
## Daily life Paṭṭhāna

### Vippayutta Paccayo *(Dis - association condition)*





*ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ (ကု၊ ဗျာ-၁)*

ကုသိုလ်တည်းဟူသော အကြောင်းဓမ္မသည် အဗျာကတတည်းဟူသော အကျိုးဓမ္မအား ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

### မယှဉ်သောအားဖြင့် ကျေးဇူးပြုတတ်သောပစ္စည်း ဖြစ်ပါသည်

The *'Vippayutta Paccaya'* means dis-association condition. It is the opposite of *Sampayutta Paccaya*. It is compared to mixture of six tastes. When you mix six tastes, they will mix but they will not be blended.




'ရသာခြောက်ပါး၊ ပေါင်း၍ထားသို့' ဟု ဖွင့်ဆိုသည်နှင့်အညီ ချို၊ ချဉ်၊ စပ်၊ ဖန်၊ ခါး၊ ငန် အရသာ ၆-ပါးတို့သည် အတူတကွ ရောထားသော်လည်း အသီးသီးသတ္တိပြကာ မရောနှောဘဲ ကျေးဇူးပြုသကဲ့သို့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ ဟဒယဝတ္ထု၊ ပဋိသန္ဓေစိတ်၊

စေတသိက် စသော ရုပ်နာမ်တရားတို့သည် အတူဖြစ်နေသော်လည်း တစ်ပါးနှင့်တစ်ပါး မလိုက်လျော မယှဉ်တွဲဘဲ ကျေးဇူးပြုကြသည်။

## မပေါင်း၊ မစပ်၊ မရောခြင်းကပင် ကျေးဇူးပြုခြင်းတည်း

ဝိပ္ပယုတ္တဟူသည် အတူတကွဖြစ်ကြ၊ တွေ့ဆုံမိကြလျက်လည်း အချင်းချင်း မနှီးမနှော မရောပြွမ်းခြင်း၊ မယှဉ်တွဲခြင်း၊ သမနေသည် မဟုတ်ခြင်းဟူ၍ အဓိပ္ပာယ်ရှိသည်။ ဤသို့ အတူတကွကား ဖြစ်ကြ၏။ သို့သော် တရားတစ်ခုနှင့်တစ်ခု သမနေအောင် (တစ်သားတည်း ဖြစ်နေအောင်) မရောနှောဘဲ သူ့သဘောသူဆောင် အနေဖြင့်သာ (ဆက်ဆံကြလျက်) ကျေးဇူး ပြုတတ်သော ပစ္စည်းသည် ဝိပ္ပယုတ္တပစ္စည်း မည်၏။

သမ္ပယုတ္တပစ္စည်းသည် ရောစပ်ပေါင်းကာ ကျေးဇူးပြုသည့်ပစ္စည်းဖြစ်ပြီး၊ ဝိပ္ပယုတ္တမှာမူ မပေါင်း၊ မရောဘဲ ကျေးဇူးပြုသည့်ပစ္စည်း ဖြစ်ပေသည်။ ပစ္စယနိဒ္ဒေသ၌ *"ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော"ဟု လာရှိပါသည်။*

ထို့ကြောင့် *ဝိပ္ပယုတ္တပစ္စယောတိ*၊ ဝိပ္ပယုတ္တပစ္စည်းဟူသည်ကား - *ရူပိနော*၊ ရုပ်ဖြစ်ကုန်သော။ *ဓမ္မာ*၊ ဝတ္ထုရုပ် ခြောက်ပါးတို့သည်။ *အရူပီနံ*၊ နာမ်ဖြစ်ကုန်သော။ *ဓမ္မာနံ*၊ နောက်နောက်၌ဖြစ်သော အရူပဝိပါက် ၄-ခုကြဉ်သော စိတ် ၈၅-ပါး, ပဋ္ဌဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာတို့အား။ *ဝိပယုတ္တပစ္စယေန*၊ မယှဉ်ခြင်း ဝိပ္ပယုတ္တပစ္စယ သတ္တိဖြင့်။ *ပစ္စယော ဥပကာ ရကော*၊ ကျေးဇူးပြုတတ်သည်။ *ဟောတိ*၊ ဖြစ်၏။

နာမ်တရားနှင့် ရုပ်တရားတို့သည် သဘောလက္ခဏာချင်း မတူညီသောကြောင့် တစ်သားတည်းပေါင်းစပ်၍ မရခြင်းကပင် ဝိပ္ပယုတ္တပစ္စည်းဖြင့် ကျေးဇူးပြုခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် ရူပနှင့် နာမဟူသော ဤရုပ်နာမ်သဘောတရားတို့သည် ပဋ္ဌဝေါကာရဘုံ၌ မပေါင်းစပ်ဘဲ အပြန်အလှန် ကျေးဇူးပြုပြီး တည်နေခြင်းကပင် ဝိပ္ပယုတ္တ Disassociation. ဖြစ်နေပါသည်။

ထို့ကြောင့်အဋ္ဌကထာဆရာများက ဝိပ္ပယုတ္တ၏ကျေးဇူးပြုပုံကို ချို၊ ချဉ်၊ စပ်၊ ဖန်၊ ခါး၊ ငန် အရသာ ၆-ပါးတို့ ရောနှောထားပါသော်လည်း သမ္ပယုတ္တအဖြစ် တစ်ပေါင်းတည်း မဖြစ်သည်ကို ပမာပြတော်မူကြပါသည်။

ချို၊ ချဉ်၊ စပ်၊ ဖန်၊ ခါး၊ ငန် ဟူသော အရသာတို့ဖြင့် စားဖွယ်စုံချက်ထားသည့် ဟင်းကို မျက်စိဖြင့်ကြည့်လျှင် တစ်စုတစ်ပေါင်းတည်းပင်ဖြစ်သော်လည်း ဟင်း၏စပ်သည့် အရသာက သီးခြားစပ်လျက် ရှိနေသည်။ ချဉ်သည့်အရသာက သီးခြားချဉ်လျက် ရှိနေသည်။ ငန်သည့် အရသာကလည်း သီးခြားငန်လျက်ပင် ရှိနေသကဲ့သို့ပင် ဝိပ္ပယုတ္တပစ္စည်းသည်လည်း အချင်းချင်း တစ်ပေါင်းတည်း သမသွားအောင် ရောစပ်၍မရသည့် အကြောင်းတရားဖြစ်သည့်

ရုပ်နှင့်အကျိုးတရားဖြစ်သည့် နာမ်ဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုနေပါသည်။ တစ်ဖန် အကြောင်းတရားဖြစ်သည့် နာမ်နှင့် အကျိုးတရားဖြစ်သည့် ရုပ်တို့က ဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုနေပါသည်။ ယခုကဲ့သို့ မပေါင်း၊ မစပ်၊ မရောယှက်ခြင်းကိုပင် ဝိပ္ပယုတ္တ Disassociation. သတ္တိဖြင့် ကျေးဇူးပြုခြင်း မည်ပါသည်။

## သမ္ပယုတ္တမဖြစ် ဝိပ္ပယုတ္တသဘောသာရှိ

ဤဝိပ္ပယုတ္တပစ္စည်းသည် သမ္ပယုတ္တပစ္စည်း၏ ဆန့်ကျင်ဘက်ဖြစ်၏၊ တူသောဖြစ်ခြင်း၊ တူသောချုပ်ခြင်း၊ တူသောအာရုံရှိခြင်း၊ တူသော မှီရာဝတ္ထုရှိခြင်းဟူသော လက္ခဏာလေးပါး တို့ဖြင့် မယှဉ်ရကား ပစ္စည်းနှင့် ပစ္စယုပ္ပန်တို့ အချင်းချင်း မလိုက်လျောနိုင်သော သတ္တိသည် ဝိပ္ပယုတ္တပစ္စည်း မည်၏၊ ဤဝိပ္ပယုတ္တပစ္စည်းကို အရသာခြောက်ပါး ရောစပ်ထားပုံနှင့် တူ၏ဟု ရှေးဆရာတို့ ဥပမာပြုကြသည်၊ ချို ချဉ် စပ် ဖန် အငန် အခါး အရသာခြောက်ပါး ရောစပ်ထားရာ၌ ရောပင်ရောသော်လည်း တစ်ခုနှင့်တစ်ခု မနှီးနှောမိကြသဖြင့် “အညီအမျှသမ” မဖြစ်နိုင်သလို ထို့အတူ ပစ္စည်းပစ္စယုပ္ပန်တို့ ရောနှောမိကြ တွေ့မိဆိုင်မိကြသော်လည်း အချင်းချင်း မလိုက်လျောနိုင်ကြသဖြင့် အညီအမျှ သမသဘော သမ္ပယုတ္တသဘောမရှိ၊ ဝိပ္ပယုတ္တ သဘောသာ ဖြစ်ကြလေသည်ဟု တောင်တွင်းကြီး ဘုံကျော်ဆရာတော်၏ ပဋ္ဌာန်းကျမ်း၌ ဖော်ပြပါရှိပါသည်။

## ပဋ္ဌာန်းပဥ္စာဝါရအဖွင့်

ပဋ္ဌာန်းပစ္စည်းများကို လေ့လာခဲ့ရာတွင် ရုပ်ကနာမ်ကို ကျေးဇူးပြုသည်။ ရုပ်က ရုပ်နာမ်ကို ကျေးဇူးပြုသည်။ နာမ်က ရုပ်ကို ကျေးဇူးပြုသည်။ ရုပ်နာမ်က ရုပ်နာမ်ကို ကျေးဇူး ပြုသည်။ နာမ်က ရုပ်နာမ်ကို ကျေးဇူးပြုသည်ဟု စသည်ဖြင့် မှတ်သားခဲ့ပြီး ဖြစ်ပါသည်။

ယခု ဝိပ္ပယုတ္တပစ္စည်း၌မူ “*ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ၊ အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော*”ဟု လာရှိသဖြင့် ရုပ်က နာမ်ကို၊ နာမ်က ရုပ်ကို ဝိပ္ပယုတ္တ ပစ္စည်း Disassociation. သတ္တိဖြင့် မပေါင်း၊ မစပ်၊ မရောယှက်ဘဲ ကျေးဇူးပြုသည်။

တစ်နည်းအားဖြင့် ပေါင်းစပ် ရောယှက်၍ရသည့် ရုပ်ကရုပ်ကို၊ နာမ်ကနာမ်ကို ဝိပ္ပယုတ္တ သတ္တိဖြင့် ကျေးဇူးပြုခြင်း မရှိပါ။

ပစ္စယနိဒ္ဒေသပါဠိတော်၌ လာရှိသည့် ရူပိနော ဓမ္မာ = ရုပ်တရားကအကြောင်း၊ အရူပီနံ ဓမ္မာနံ = နာမ်တရားကအကျိုးဟုလည်းကောင်း၊ အရူပိနော ဓမ္မာ = နာမ်တရားက အကြောင်း၊ ရူပီနံ ဓမ္မာနံ ရုပ်တရားကအကျိုးဟုလည်းကောင်း ဟောတော်မူခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ဝိပါက်အဗျာကတ ကိရိယာအဗျာကတဖြစ်သော ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာတည်းဟူသော နာမ်ခန္ဓာတို့သည် စိတ်ကြောင့်ဖြစ်သော စိတ္တဇ

ရုပ်တို့အားလည်းကောင်း မှီရာဟဒယဝတ္ထုရုပ်အားလည်း ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့် မပေါင်း၊ မစပ်၊ မရော၊ မယှက်ဘဲ Disassociation.အဖြစ် ကျေးဇူးပြု၏။

တစ်ဖန် မှီရာဟဒယဝတ္ထုရုပ်က ဝိပါက်ကိရိယာ အဗျာကတဖြစ်ကုန်သော ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာတည်းဟူသော နာမ်ခန္ဓာတို့အား လည်းကောင်း၊ ပဋိသန္ဓေအခိုက်တွင် ဝိပါက်အဗျာကတဖြစ်သော နာမ်ခန္ဓာတို့သည် ပဋိသန္ဓေ ကမ္မဇရုပ်တို့အားလည်းကောင်း ဝိပ္ပယုတ္တ ပစ္စယသတ္တိဖြင့် မပေါင်း၊ မစပ်၊ မရော၊ မယှက်ဘဲ Disassociation. အဖြစ် ကျေးဇူးပြု၏။

ဆက်လက်ပြီး ဝိပါက်အဗျာကတ ကိရိယာအဗျာကတဖြစ်သော နာမ်ခန္ဓာတို့သည် ပုရေဇာတသ = ရှေး၌ဖြစ်သော ဧကဇကာယ၊ ဒွိဇကာယ၊ တိဇကာယနှင့် စတုဇကာယ ဟူသော ကိုယ်ခန္ဓာရုပ်ကြီးကို ဝိပ္ပယုတ္တပစ္စယ သတ္တိဖြင့် မပေါင်း၊ မစပ်၊ မရော၊ မယှက်ဘဲ Disassociation. အဖြစ် ကျေးဇူးပြုကြောင်းကို ပဋ္ဌာဝါရတွင် အကျယ်တဝင့် လာရှိပါသည်။ ဝိပ္ပယုတ္တပစ္စည်းသည် ၁- ဝတ္ထုပုရေဇာတဝိပ္ပယုတ်၊ ၂- ပစ္ဆာဇာတဝိပ္ပယုတ်နှင့် ၃-သဟဇာတ ဝိပ္ပယုတ် ဟူ၍ သုံးပါးအပြားရှိ၏။

## ၁- ဝတ္ထုပုရေဇာတဝိပ္ပယုတ္တပစ္စည်း

ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တပစ္စည်းသည် ဝတ္ထုပုရေဇာတ နိဿယပစ္စည်းနှင့် တူ၏။ ပဝတ္တိအခါ၌ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ ဟဒယ ဟူသော ဝတ္ထုရုပ်ခြောက်ပါးတို့သည် ၎င်းတို့ကို မှီ၍ဖြစ်ကုန်သော စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်နှင့် မနောဝိညာဏ်တည်းဟူသော ဝိညာဏ်ခြောက်ပါး နာမ်တရားတို့အား ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။

တစ်နည်းပြရသော် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်နှင့် ဟဒယ နှလုံးတည်းဟူသော ဝတ္ထုရုပ်ခြောက်ပါးတို့သည် မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ အရသာသိစိတ်၊ ထိသိစိတ်နှင့် ကြံသိစိတ်တည်းဟူသော နာမ်တရားကို ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။

## ၂- ပစ္ဆာဇာတဝိပ္ပယုတ္တပစ္စည်း

ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်းသည် ပစ္ဆာဇာတပစ္စည်းနှင့် တူ၏။ ပဥ္စဝေါကာရဘုံ၌ အရူပဝိပါက်စိတ် လေးခုကြဉ်သော နောက်နောင်သောစိတ် ၈၅-ပါး၊ စေတသိက် ၅၂-ပါး ဟူသော နာမ်တရားတို့သည် ရှေးရှေး၌ဖြစ်ကုန်သော (ဧကဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယ ဟုခေါ်သော) ရုပ်တရားအပေါင်းတို့အား ပစ္ဆာဇာတဝိပ္ပယုတ္တ သတ္တိဖြင့် ကျေးဇူးပြုကုန်၏။

## ၃-သဟဇာတဝိပ္ပယုတ္တပစ္စည်း

ပဉ္စဝေါကာရ ပဋိသန္ဓေ နာမ်ခန္ဓာလေးပါးနှင့် ဟဒယဝတ္ထုရုပ်တို့သည် အချင်းချင်း အားလည်းကောင်း၊ ပဉ္စဝေါကာရဘုံ၌ဖြစ်သော (အရူပဝိပါက်စိတ် ၄-ပါး၊ ဒွေပဉ္စဝိညာဏ် ၁၀-ပါး၊ ရဟန္တာတို့၏ စုတိစိတ် ကြဉ်သော) စိတ် ၇၅-ပါး၊ စေတသိက် ၅၂-ပါးဟူသော ပဝတ္တိ၊ ပဋိသန္ဓေ နာမ်ခန္ဓာလေးပါးတို့သည် မိမိတို့နှင့် အတူတကွဖြစ်ကုန်သော စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်တို့အားလည်းကောင်း သဟဇာတဝိပ္ပယုတ္တ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။

## ဝတ္ထာရမ္မဏဝိပ္ပယုတ္တ

ဝတ္ထာရမ္မဏဝိပ္ပယုတ္တ ဆိုသည်မှာ စုတိစိတ်မှပြန်၍ရေသည်ရှိသော် (၁၇) ချက်မြောက် သော စိတ်နှင့်အတူဉပါဒ်သော ဟဒယဝတ္ထုကိုပင် အာရုံပြု၏။ မနောဒွါရာဝဇ္ဇန်း၊ ကာမဇော တစ်ခုယုတ် သုံးဆယ်၊ တဒါရုံဇောဒသတို့သည် (၁၇) ချက်မြောက်သော ဟဒယဝတ္ထုကိုပင် အာရုံပြု၏။ ၎င်းမနောဒွါရာဝဇ္ဇန်း အစရှိသောစိတ်တို့နှင့် ဟဒယဝတ္ထုမှာ ဧကုပ္ပါဒအစရှိသော အင်္ဂါလေးပါးမှ လွတ်သောကြောင့် 'ဝိပ္ပယုတ္တ' မှတ်ပါ။ သို့သော်လည်း ၎င်းဟဒယဝတ္ထုကြည်မှ သာလျှင် အာရုံဓမ္မတွေဟာ ကြည်ရ၏။ ၎င်းဟဒယဝတ္ထုမကြည်ပါက အာရုံဓမ္မတွေမှာ မကြည် သောကြောင့် နှံ့မှုထက်မှုဟုဆိုအပ်တဲ့ အကြောင်းအကျိုးကတော့ စပ်နေတယ်လို့မှတ်ပါဟု အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ သုံးချက်စု ချုပ်ပို့စဉ် အဘိဓမ္မာပဌာန်း ညဝါမှတ်စု၌ လာရှိပါသည်။

## ဝိပ္ပယုတ္တပစ္စည်း၏ သင်္ချာ

ဝိပ္ပယုတ္တပစ္စည်း၏ သင်္ချာမှာ - ၅ ဖြစ်ပါသည်။ ထို့ကြောင့် *"ဝိပ္ပယုတ္တေ ပဉ္စ"* ဟု မှတ်သားနိုင်ပါသည်။ ထိုသင်္ချာကို အောက်ပါအတိုင်း လေ့လာနိုင်ပါသည် -

**ကုသလ သင်္ချာ-၁**

(၁) ကု-ဗျာ

**အကုသလ သင်္ချာ-၁**

(၁) အကု-ဗျာ

---

**ကျမ်းညွှန်း** * အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏သုံးချက်စု ချုပ်ပို့စဉ် အဘိဓမ္မာပဌာန်းညဝါမှတ်စုစာအုပ် သုံးချက်စု ချုပ်ပို့စဉ်။

## အဇ္ဈာကတ သချ်ာ-၃

(၁) ဇျာ-ဇျာ (၂) ဇျာ-ကု (၃) ဇျာ-အကု

**(Mind-Matter to Mind-Matter) (Matter to Mind) (Mind to Matter)**

ဝိပ္ပယုတ္တပစ္စည်းသည် နာမ်ရုပ်တရားက နာမ်ရုပ်တရား (Mind-Matter to Mind-Matter) ကိုလည်းကောင်း၊ ရုပ်တရားက နာမ်တရား (Matter to Mind) ကိုလည်းကောင်း၊ နာမ် တရားက ရုပ်တရား (Mind to Matter) ကို ကျေးဇူးပြုသောပစ္စည်း ဖြစ်သည်။

## ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား

**<u>၁။ သဟဇာတဝိပ္ပယုတ္တ</u>**- နာမ်ရုပ်တရားက နာမ်ရုပ်တရား (Mind-Matter to Mind-Matter) ကို ကျေးဇူးပြုရာတွင် -

ပစ္စယဟူသော အကြောင်းတရားမှာ - ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်- ၄ ပါး ဒွေပဉ္စဝိညာဉ် ၁၀-ပါး၊ ရဟန္တာတို့၏ စုတိစိတ် ကြဉ်သောစိတ် ၇၅-ပါး၊ စေတသိက် ၅၂-ပါးတို့ ဖြစ်သည်။

ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - ပဉ္စဝေါကာရ စိတ္တဇရုပ်နှင့် ပဋိသန္ဓေ ကမ္မဇရုပ်တို့ ဖြစ်သည်။

## <u>၂။ ပုရေဇာတဝိပ္ပယုတ္တ</u>

ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရားတို့သည် ပုရေဇာတပစ္စည်းနှင့် တူညီပါသည်။

## <u>၃။ ပစ္ဆာဇာတဝိပ္ပယုတ္တ</u>

ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရားတို့သည် ပစ္ဆာဇာတပစ္စည်းနှင့် တူညီပါသည်။ ဝိပ္ပယုတ္တပစ္စည်းသည် သဟဇာတနှင့် ပစ္ဆာဇာတမျိုး၌ ပါဝင်၏။

# ၂၁။ အတ္ထိပစ္စယော
# Daily life Paṭṭhāna

## Atthi Paccayo *(Presence condition)*




*<u>ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော</u>။ (ကု၊ ကု-၁)*
ကုသိုလ်တည်းဟူသော အကြောင်းဓမ္မသည် ကုသိုလ်တည်းဟူသော အကျိုးဓမ္မအား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

### ပစ္စုပ္ပန်သဘောဖြစ်ပြီး ထင်ရှားရှိသောအားဖြင့် ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည်

The *'Atthi Paccaya'* is compared to the earth or *Mount Meru.*



'မြေမြင့်မိုရ်သည်၊ ထိုထိုစိမ်းရှင်၊ မြက်သစ်ပင်အား၊ ထောက်ပံ့လားသို့' ဟု ဖွင့်ဆိုတော်မူကြသည်နှင့်အညီ မြင့်မားသောတောင်သည် ပေါက်ရောက်နေသော မြက်သစ်ပင်အား ထင်ရှားရှိသောအားဖြင့် ကျေးဇူးပြုသကဲ့သို့ သဟဇာတတ္ထိ ပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ အာဟာရတ္ထိ၊ ဣန္ဒြိယတ္ထိဟူသော အတ္ထိ (၅)မျိုးဆိုင်ရာ ရုပ်နာမ်တရားတို့သည် ယှဉ်ဖော်ယှဉ်ဖက် ရုပ်နာမ်တရားတို့အား ပစ္စုပ္ပန်သဘောဖြစ်သော ထင်ရှားရှိသောအားဖြင့် ကျေးဇူးပြုကြသည်။

## အတ္ထိ၏ အဓိပ္ပါယ်

အတ္ထိပစ္စည်းသည် ပစ္စုပ္ပန်အနေအားဖြင့် မိမိထင်ရှားရှိခိုက် မိမိကဲ့သို့ ထင်ရှား ရှိနေသည့် တရားအား ထောက်ပံ့သမှု ကျေးဇူးပြုသည့် ပစ္စည်းဖြစ်ပါသည်။ ဥပမာအားဖြင့် မြေကြီး၊ မြင့်မိုရ်တောင် ဟိမဝန္တာတောင်တို့သည် မိမိတို့ထင်ရှားရှိခိုက် မိမိအပေါ် ပေါက်ရောက်နေကြသည့် ထိုထိုသစ်ပင် စသည်တို့အား ဩဇာထက်မြက်စေရန်လည်းကောင်း၊ စိမ်းလန်းစိုပြေ ရှင်သန်စေရန်လည်းကောင်း ထောက်ပံ့သောအားဖြင့် ကျေးဇူးပြုကြပါသည်။

## သတ္တိနှစ်မျိုး

အတ္ထိပစ္စည်းဟူသည် ထင်ရှားရှိပြီး ကျေးဇူးပြုသည့် ပစ္စည်းဖြစ်ပါသည်။ တစ်နည်းဆိုပါက Presence condition အဖြစ် ကျေးဇူးပြုခြင်း ဖြစ်သည်။ အကြောင်းတရားတို့လည်း ထင်ရှားရှိနေပြီး အကျိုးပြုမည့် တရားကလည်း ထင်ရှားရှိနေသည့်ပစ္စည်းကို အတ္ထိပစ္စည်းဟုခေါ်သည်။ ရှိနေခိုက်တွင် ကျေးဇူးပြုပါက အတ္ထိပစ္စည်းဖြစ်ပြီး၊ မရှိတော့မှသာ ကျေးဇူးပြုပါက နတ္ထိပစ္စည်း ဖြစ်သည်။

ဤအတ္ထိပစ္စည်းတွင် ဇနကသတ္တိနှင့် ဥပတ္ထမ္ဘကသတ္တိဟူ၍ နှစ်မျိုးရှိ၏။ ဥပါဒ်အခိုက် ဘင်အခိုက်တွင် ထိုပစ္စည်း ထင်ရှားရှိနေသော်လည်း ဖြစ်နေခိုက် ပျက်နေခိုက် ဖြစ်သောကြောင့် မထင်ရှားပါ။ ဌီအခိုက်၌မူ ပို၍ထင်ရှားသဖြင့် ဇနကသတ္တိရှိသော်လည်း ဥပတ္ထမ္ဘကသတ္တိက ပြဋ္ဌာန်းကြောင်း မူလပဋ္ဌာန်းဆရာတော်ကြီး မိန့်တော်မူပါသည်။

## အတ္ထိပစ္စည်း၏ မျိုးကွဲများ

အတ္ထိပစ္စည်းသည် "သဟဇာတ၊ ပုရေဇာတ၊ ပစ္ဆာဇာတ၊ အာဟာရ၊ ဣန္ဒြိယ" ဟူသော ပစ္စည်းငါးမျိုးတို့နှင့် ဆက်စပ်လျက်ရှိ၏။ ထို့ကြောင့် အတ္ထိပစ္စည်းသည် ထိုထို ပစ္စည်းငါးမျိုးထဲကပင် ပစ္စုပ္ပန်အနေ ထင်ရှား တင်းလင်းရှိဆဲအဖြစ်ဖြင့် ကျေးဇူးပြုသော ပစ္စည်းတရားမျိုးကို စုပေါင်း၍ပြသော ပစ္စည်းဖြစ်သည်။

(၁) သဟဇာတတ္ထိသည် သဟဇာတနှင့်တူ၏။
(၂) ဝတ္ထုပုရေဇာတတ္ထိသည် ဝတ္ထုပုရေဇာတနိဿယနှင့်တူ၏။
(၃) ဝတ္ထာရမ္မဏပုရေဇာတတ္ထိသည် ဝတ္ထာရမ္မဏပုရေဇာတနိဿယနှင့်တူ၏။
(၄) အာရမ္မဏပုရေဇာတတ္ထိသည် အာရမ္မဏပုရေဇာတနှင့်တူ၏။

(၅) ပစ္ဆာဇာတတ္ထိသည် ပစ္ဆာဇာတနှင့်တူ၏။
(၆) အာဟာရတတ္ထိသည် ရုပ်အာဟာရနှင့်တူ၏။
(၇) ဣန္ဒြိယတတ္ထိသည် ရူပဇီဝိတိန္ဒြိယနှင့် တူ၏ဟု မိုင်းခိုင်းဆရာတော်ကြီးက မိန့်တော်မူထား၏။

အကျဉ်းအားဖြင့်မူ အတ္ထိပစ္စည်း မျိုးကွဲအမည် ငါးပါးရှိလေသည်။ ၎င်းတို့မှာ-
(၁) သဟဇာတပစ္စည်းနှင့်တူသော အတ္ထိပစ္စည်းကို 'သဟဇာတတ္ထိ' ဟူ၍လည်းကောင်း
(၂) ပုရေဇာတပစ္စည်းနှင့်တူသော အတ္ထိပစ္စည်းကို 'ပုရေဇာတတ္ထိ' ဟူ၍လည်းကောင်း
(၃) ပစ္ဆာဇာတပစ္စည်းနှင့်တူသော အတ္ထိပစ္စည်းကို 'ပစ္ဆာဇာတတ္ထိ'ဟူ၍လည်းကောင်း
(၄) အာဟာရပစ္စည်းနှင့်တူသော အတ္ထိပစ္စည်းကို 'အာဟာရတ္ထိ'ဟူ၍လည်းကောင်း
(၅) ဣန္ဒြိယပစ္စည်းနှင့်တူသော အတ္ထိပစ္စည်းကို 'ဣန္ဒြိယတ္ထိ'ဟူ၍လည်းကောင်း

အကျဉ်းအားဖြင့် အတ္ထိပစ္စည်း မျိုးကွဲအမည် ငါးပါးရှိလေသည်။ အဓိပ္ပါယ်မှာ-
(၁) သဟဇာတတ္ထိ - အတူတကွဖြစ်၍ ထင်ရှားရှိသည်ဖြစ်၍ ကျေးဇူးပြုခြင်း၊
(၂) ပုရေဇာတတ္ထိ - ရှေးဦးစွာ ဖြစ်နှင့်၍ ထင်ရှားရှိသည်ဖြစ်၍ ကျေးဇူးပြုခြင်း၊
(၃) ပစ္ဆာဇာတတ္ထိ - နောက်မှဖြစ်၍ ထင်ရှားရှိသည်ဖြစ်၍ ကျေးဇူးပြုခြင်း၊
(၄) အာဟာရတ္ထိ - လွန်စွာဆောင်၍ ထင်ရှားရှိသည်ဖြစ်၍ ကျေးဇူးပြု ခြင်းနှင့်
(၅) ဣန္ဒြိယတ္ထိ - အစိုးရ၍ ထင်ရှားရှိသည်ဖြစ်၍ ကျေးဇူးပြုခြင်းတို့ပေတည်း။

အတ္ထိပစ္စည်း ငါးမျိုးကို ဆက်၍ ရှင်းဦးအံ့-
(၁) သဟဇာတပစ္စည်းရင်းမှာ တစ်မျိုးတည်းရှိ၍ ယင်းနှင့်တူသော အတ္ထိပစ္စည်းကို 'သဟဇာတတ္ထိ' ဟူ၍ တစ်ခုတည်းထားသည်။
(၂) ပုရေဇာတပစ္စည်းမှာ 'ဝတ္ထုပုရေဇာတ၊ အာရမ္မဏပုရေဇာတ၊ ဝတ္ထာရမဏပုရေဇာတ'ဟူ၍ မျိုးကွဲသုံးခုရှိရာ၊ ယင်းသုံးမျိုးစလုံးနှင့် တူသောကြောင့် အတ္ထိပစ္စည်းကိုလည်း "ဝတ္ထုပုရေဇာတတ္ထိ၊ အာရမ္မဏပုရေဇာတတ္ထိ၊ ဝတ္ထာရမဏပုရေဇာတတ္ထိ"ဟူ၍ အမည် သုံးမျိုးဖြင့် ခွဲပြထားရ၏။
(၃) ပစ္ဆာဇာတပစ္စည်းမှာ တစ်မျိုးတည်းရှိ၍ ယင်းနှင့်တူသော အတ္ထိပစ္စည်းကိုလည်း 'ပစ္ဆာဇာတတ္ထိ' ဟူ၍ တစ်မျိုးတည်းထားသည်။
(၄) အာဟာရပစ္စည်းမှာ 'ရုပ်အာဟာရ၊ နာမ်အာဟာရ'ဟူ၍ နှစ်မျိုးရှိသော်လည်း၊ နာမ်အာဟာရမှာ သဟဇာတပစ္စည်းမျိုးဖြစ်၍ 'သဟဇာတတ္ထိ' ပစ္စည်းထဲပါဝင်ပြီး ဖြစ်သောကြောင့် ယင်းအတွက် 'နာမ် အာဟာရတ္ထိ'ဟု အမည်သီးခြား မဖော်

ပြဘဲ၊ ထူးခြားသော ရုပ်အာဟာရအတွက်သာ 'ရုပ်အာဟာရတ္ထိ'ဟု ခွဲ၍ ဖော်ပြခြင်းဖြစ်၏။

(၅) ဣန္ဒြိယပစ္စည်းမှာလည်း 'သဟဇာတိန္ဒြိယ၊ ဝတ္ထုပုရေဇာတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယ' ဟူ၍ ပစ္စည်းမျိုးကွဲ သုံးခုခွဲထားရာ၊ သဟဇာတိန္ဒြိယသည် သဟဇာတပစ္စည်းထဲ ပါသွားပြီ ဖြစ်၍လည်းကောင်း၊ ဝတ္ထုပုရေဇာတိန္ဒြိယလည်း ဝတ္ထုပုရေဇာတ ပစ္စည်းထဲ ပါသွားပြီဖြစ်၍ လည်းကောင်း ယင်းနှစ်မျိုးအတွက် အတ္ထိပစ္စည်း အမည်ကို သီးခြားဖော်မပြတော့ဘဲ၊ ထူးခြားသော ရူပဇီဝိတိန္ဒြိယအတွက်သာ 'ရူပဇီဝိတိန္ဒြိယတ္ထိ' ဟူ၍ ခွဲခြား ဖော်ပြခြင်း ဖြစ်၏။

## (ဇာတသုံးပါး) သဟဇာတ၊ ပုရေဇာတ၊ ပစ္ဆာဇာတ

သဟဇာတတ္ထိဟူသည် ရုပ်တရား နာမ်တရားတို့ (ပစ္စည်း = အကြောင်းဓမ္မနှင့် ပစ္စယုပ္ပန် = အကျိုးဓမ္မတို့) အတူတကွ ဖြစ်ပေါ်လာပြီး၊ ဥပါဒ်, ဌီ, ဘင်အားဖြင့် ထင်ရှားရှိနေဆဲအခိုက်၌ ကျေးဇူးပြုသဖြင့် သဟဇာတတ္ထိ။

ပုရေဇာတတ္ထိဟူသည် အကြောင်းဓမ္မ = ပစ္စည်းက အရင်ဖြစ်ပြီး၊ အကျိုးဓမ္မဖြစ်သည့် ပစ္စယုပ္ပန်က နောက်မှဖြစ်သည်။ ရှေ့အရင်ဖြစ်သည်၊ နောက်ဖြစ်သည်ဟုဆိုရာ၌ ရုပ်က ရုပ်သက် (၁၇)ချက် မချုပ်သေးခင် ဖြစ်သည်ကို ဆိုလိုပါသည်။ ထို့ကြောင့် ရှိနေဆဲမှာပင် ကျေးဇူးပြုသဖြင့် ပုရေဇာတတ္ထိ။

ပစ္ဆာဇာတတ္ထိဟူသည် အကြောင်းဓမ္မက နောက်မှဖြစ်ပြီး၊ အကျိုးဓမ္မက အရင်ဖြစ်နှင့် နေပါသော်လည်း နောက်မှဖြစ်သည့် အကြောင်းတရားက ဥပါဒ်, ဌီ, ဘင်အားဖြင့် ထင်ရှား ရှိနေဆဲမှာ ကျေးဇူးပြုသဖြင့် ပစ္ဆာဇာတတ္ထိ။

## နှစ်ဆယ့်လေးသွယ်၊ ပဋ္ဌာန်းဝယ်၊ အဘယ်ပစ္စည်း ကျယ်သနည်း

အတ္ထိပစ္စည်းသည် ရှိခြင်းအားဖြင့် ကျေးဇူးပြုသောကြောင့် ပဋ္ဌာန်းတရားတော်တွင် အကျယ်ဝန်းဆုံး ပစ္စည်း ၄-ပါးထဲမှ တစ်ပါး အပါအဝင် ဖြစ်သည်။ ထို့ကြောင့် ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီး၏ စွယ်စုံကျော်ထင်ကျမ်း၌ 'နှစ်ဆယ့်လေးသွယ်၊ ပဋ္ဌာန်းဝယ်၊ အဘယ် ပစ္စည်းကျယ်သနည်း' ဟူသော အမေးပုစ္ဆာ တစ်ခုပါသည်။ အဖြေမှာ '၁။ အာရမ္မဏပစ္စည်း၊ ၂။ ဥပနိဿယပစ္စည်း၊ ၃။ ကမ္မပစ္စည်းနှင့် ၄။ အတ္ထိပစ္စည်း'ဟူသော ပစ္စည်း ၄-ပါး၌ ခပ်သိမ်း

---

**ကျမ်းညွှန်း** * ဆရာကြီးဦးကျော်ထွတ်၏ သဒ္ဒမ္မဇောတိကပဋ္ဌာန်းကျမ်း (၁၉၉၉ - ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်)

သောပစ္စည်းတို့ လာရောက်စုပေါင်းခြင်းသို့ ရောက်သောကြောင့် ဤပစ္စည်းလေးပါးသည် အကျယ်ဝန်းဆုံး ဖြစ်ပါသည်။

(၁) စိတ်၊ စေတသိက်တို့၏ အာရုံအဖြစ်သို့ မရောက်သော တစ်စုံတစ်ခုသော တရားသည် မရှိ။ ထို့အတွက် အာရုံအဖြစ်သို့ ရောက်သောတရားတို့သည် အာရမ္မဏပစ္စည်းဖြစ်၍ ခပ်သိမ်းသောပစ္စည်းတို့သည် အာရမ္မဏပစ္စည်းတို့၌ ပေါင်းယူနိုင်ပါသည်။

(၂) အကြင်ပစ္စည်းသည် မိမိတို့၏ ပစ္စယုပ္ပန်တရားတို့အား မှီရာအဖြစ်သို့ မရောက်သော တစ်စုံတစ်ခုသော ပစ္စည်းမည်သည် မရှိ။ ထို့အတွက် ခပ်သိမ်းသော ပစ္စည်းသည် ဥပနိဿယပစ္စည်းဖြစ်၍ ပေါင်းယူနိုင်ပါသည်။

(၃) အကြင်ပစ္စည်းမှန်သမျှသည် ကံဟူသော အကြောင်းရင်း ရှိသောကြောင့် လည်းကောင်း၊ ကံနှင့်စပ်၍ ဖြစ်ခြင်းကြောင့်လည်းကောင်း ခပ်သိမ်းသောပစ္စည်းတို့သည် ကမ္မပစ္စည်း၌ ပေါင်းယူနိုင်ပါသည်။

(၄) ခပ်သိမ်းသော ပစ္စည်းတရားတို့သည် ပရမတ်အားဖြင့်လည်းကောင်း၊ လောကသမ္မုတိအားဖြင့်လည်းကောင်း ထင်ရှားရှိသောကြောင့် အတ္ထိပစ္စည်း၌ ပေါင်းယူနိုင်ပါသည်။ ထို့ကြောင့်ပင် ပဋ္ဌာန်း ၂၄-ပစ္စည်းကို အကျဉ်းချုံ့ပါက ၄-ပစ္စည်း ဖြစ်သည့် အာရမ္မဏပစ္စည်း၊ ဥပနိဿယပစ္စည်း၊ ကမ္မပစ္စည်းနှင့် အတ္ထိပစ္စည်း ထဲသို့ အားလုံးအကျုံးဝင်ကြောင်း အဋ္ဌကထာ၌ ဖော်ပြပါသည်။

## ၂၄- ပစ္စည်း ပါဝင်နေပုံ ခွဲခြမ်းပြခြင်း

အာရမ္မဏမျိုးထဲတွင် အာရမ္မဏ၊ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယ၊ အာရမ္မဏပုရေဇာတ၊ အာရမ္မဏပုရေဇာတအတ္ထိနှင့် အာရမ္မဏပုရေဇာတအဝိဂတ ပစ္စည်းများ ပါဝင်သည်။

ဥပနိဿယပစ္စည်း၏ အာရမ္မဏူပနိဿယအပိုင်းတွင် အာရမ္မဏ၊ အဓိပတိ၊ နိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိနှင့် အဝိဂတတို့ပါဝင်သည်။ ဆက်လက်ပြီး ဥပနိဿယ၏ အနန္တရူပနိဿယအပိုင်း၌မူ အနန္တရ၊ သမနန္တရ၊ အနန္တရကမ္မ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတပစ္စည်းများ ပါဝင်သည်။

ထို့နောက် ကမ္မပစ္စည်းသည် သဟဇာတမျိုးဝင်သဖြင့် သဟဇာတကမ္မနှင့် နာနာက္ခဏိက ကမ္မတို့ ပါဝင်သည်။

တစ်ဖန် အတ္ထိပစ္စည်း၌ သဟဇာတိန္ဒြိယတ္ထိ၊ ပုရေဇာတိန္ဒြိယတ္ထိ၊ ပစ္ဆာဇာတိန္ဒြိယတ္ထိ၊ ရူပါဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိပါသည်။ ထို့ပြင် သဟဇာတမျိုးထဲတွင် အတ္ထိပါသည်။ ပုရေဇာတ

မျိုးထဲ၌လည်း အတ္ထိပါနေသည်။ ပစ္ဆာဇာတမျိုးထဲ၌လည်း အတ္ထိပါဝင်သည်။ ဣန္ဒြိယထဲမှာလည်းပါသည်။ အာဟာရထဲမှာလည်း ပါဝင်ပါသည်။ ထို့ကြောင့် ပစ္စည်းလေးမျိုးထဲတွင် ၂၄-ပစ္စည်းအားလုံး ပါဝင်ပါသည်။

## အတ္ထိပစ္စည်း၏ အပိုင်း ၇-ပိုင်း

*၁။ စတ္တာရောခန္ဓာ အရူပိနော အညမညံ အတ္ထိပစ္စယေန ပစ္စယော။* (နာမ်ခန္ဓာလေးပါး)
*၂။ စတ္တာရော မဟာဘူတာ အညမညံ အတ္ထိပစ္စယေန ပစ္စယော။* (မဟာဘုတ်လေးပါး)
*၃။ ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ အတ္ထိပစ္စယေန ပစ္စယော။* (နာမ်ရုပ်)
*၄။ စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။* (စိတ်စေတသိက်)
*၅။ မဟာဘူတာ ဥပါဒါရူပါနံ အတ္ထိပစ္စယေန ပစ္စယော။* (မဟာဘုတ်နှင့်ဥပါဒါရုပ်)
*၆။ စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။* (အာယတန)
*၇။ ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။* (ဝတ္ထုရုပ်)

### (၁) *"စတ္တာရော ခန္ဓာ အရူပိနော အညမညံ အတ္ထိပစ္စယေန ပစ္စယော"* (နာမ်တရားက နာမ်တရားကို ကျေးဇူးပြုသည်။)

နာမ်ခန္ဓာ-၄ ပါး ရှိပါသည်။ ၎င်းတို့မှာ ၁-ဝေဒနက္ခန္ဓာ ၂-သညက္ခန္ဓာ ၃-သင်္ခါရက္ခန္ဓာနှင့် ၄- ဝိညာဏက္ခန္ဓာတို့ ဖြစ်ပါသည်။

နာမ်ခန္ဓာသုံးပါးက တစ်ပါးကို၊ နာမ်ခန္ဓာနှစ်ပါးက နှစ်ပါးကို ကျေးဇူးပြုခြင်းကို ဆိုလိုပါသည်။ အတူတကွ ဖြစ်နေသည့်အခိုက် အတ္ထိသတ္တိနှင့် ကျေးဇူးပြုသည်။

*"တယော ခန္ဓာ ဧကဿ ခန္ဓဿ အတ္ထိပစ္စယေန ပစ္စယော"* သုံးပါးသော နာမ်ခန္ဓာက တစ်ပါးသော နာမ်ခန္ဓာကို ကျေးဇူးပြုခြင်းကို ဆိုလိုပါသည်။ ပမာအားဖြင့် ဝေဒနက္ခန္ဓာ၊ သညာက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာက သင်္ခါရက္ခန္ဓာကို ခဏမခြား ကျေးဇူးပြုခြင်းကို ဆိုလိုပါသည်။

*"ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော"* တစ်ဖန် နှစ်ပါးသောနာမ်ခန္ဓာက ကျန်နှစ်ပါးသော နာမ်ခန္ဓာအား ကျေးဇူးပြုခြင်းကို ဆိုလိုပါသည်။ ပမာအားဖြင့် ဝေဒနက္ခန္ဓာနှင့် သညာက္ခန္ဓာတို့က ဝိညာဏက္ခန္ဓာနှင့် သင်္ခါရက္ခန္ဓာကို ကျေးဇူးပြုခြင်းကို ဆိုလိုပါသည်။

ဥပမာ လောဘစိတ်ဖြစ်လာပါက လောဘတစ်ခုတည်းဖြစ်သည်ဟု ထင်တတ်ကြပါသည်။ အမှန်မှာမူ သူနှင့်ဆိုင်ရာ စေတသိက်များစွာက အတူတကွ ဖြစ်ကြပါသည်။ လောဘမူစိတ် (၈)ပါး ရှိပါသည်။ ထိုထိုစိတ်တို့ဖြစ်တိုင်း စေတသိက် (၁၈)ပါးမှ (၂၁) ပါးအထိ ဖြစ်ခွင့်ရှိ၏။ မောဟမူစိတ် (၂)ပါး ရှိပါသည်။ ထိုထိုစိတ်ဖြစ်တိုင်း စေတသိက် (၁၅) ပါးအထိ ဖြစ်ခွင့်ရှိပါသည်။

ထိုလောဘမူစိတ် (၈)ပါး မောဟမူစိတ်(၂)ပါးနှင့် ဆိုင်ရာဆိုင်ရာစေတသိက်တို့သည် အပြန်ပြန် အလှန်လှန် အတ္ထိသတ္တိဖြင့် ကျေးဇူးပြုနေခြင်း ဖြစ်ပါသည်။ ခန္ဓာတစ်ပါးက ပစ္စယ အကြောင်းဖြစ်ပါက အခြားနာမ်ခန္ဓာတို့က ပစ္စယုပ္ပန်အကျိုး ဖြစ်သွားပါသည်။

ဝိပဿနာ၊ သမထတရားများ အားထုတ်ပြီး ဉာဏ်အဆင့်၊ ဈာန်အဆင့် မြင့်မားလာကြသည့် ယောဂီများက စာပေပရိယတ္တိ၌ လာရှိသည့် ဤသဘောကို အနည်းငယ်ဖြစ်စေ သိရှိနိုင်ကြပါသည်။

ပမာအားဖြင့် ရှစ်ပါးသီလ ဆောက်တည်ကြသည့် ယောဂီများကလည်း သူတို့ကာလရှည်ကြာ မကျိုးမပေါက် မပြောက်မကျားအောင် ဆောက်တည်လာခဲ့သည့် မိမိတို့၏ သီလကို အောက်မေ့ဆင်ခြင်လျှင် စိတ်ဝယ် တသိမ့်သိမ့်ဖြစ်ကာ ငြိမ်းအေးလာသည်ကို လက်တွေ့သိကြပါသည်။ မေတ္တာကမ္မဋ္ဌာန်း ရှုပွားနေပါက ကိုယ်ရောစိတ်ပါ ငြိမ်းအေးလာပါသည်။ အနုသယကိလေသာ၏သတ္တိကြောင့် ဒေါသ စိတ်ဖြစ်သည်နှင့် တစ်ပြိုင်နက်တည်း စိတ်ထဲတွင်သာမက ခန္ဓာကိုယ်၌လည်း ပူလောင်လာသည်ကို လက်တွေ့နားလည်နိုင်မည် ဖြစ်ပါသည်။

နက်နဲလွန်းပါသည်။ လောက၌ မြတ်စွာဘုရားရှင်သာ မပွင့်ထွန်းခဲ့ပါက တစ်ပါးတည်းသာဟု ထင်မှတ်ယူဆမိကြမည်မှာ ဧကန်မုချပေတည်း။ ယခုကဲ့သို့ Presence condition ဖြင့် အပြန်အလှန် အထောက်အကူပြုနေခြင်းကိုပင် အတ္ထိပစ္စည်းဖြင့် ကျေးဇူးပြုခြင်းပေတည်း။

## (၂) စတ္တာရော မဟာဘူတာ အညမညံ အတ္ထိပစ္စယေန ပစ္စယော။ (မဟာဘုတ် ၄-ပါး) (ရုပ်ကရုပ်ကို ကျေးဇူးပြုသည်)

မဟာဘုတ် ၄-ပါး ရှိပါသည်။ ပထဝီဟူသည် "မာတဲ့သဘော၊ ပျော့တဲ့သဘော" တေဇောဟူသည် "ပူသည့်သဘော၊ အေးသည့်သဘော" အာပေါဟူသည် "ဖွဲ့စည်းသည့်သဘော" ဝါယောဟူသည် "တွန်းကန် လှုပ်ရှားသည့်သဘော" တို့ကလည်း တစ်ပါးနှင့်တစ်ပါး အပြန်ပြန်အလှန် အမှီသဟဲပြုကာ အတ္ထိပစ္စည်း Presence condition ဖြင့် ကျေးဇူးပြုနေပါသည်။

*"ကေ ံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။ တယော မဟာဘူတာ ဧကဿ မဟာဘူတဿ၊ ဒွေ မဟာဘူတာ ဒွိန္နံ မဟာဘူတာနံ အတ္ထိပစ္စယေန ပစ္စယော"*

၁-ကမ္မဇမဟာဘုတ်၊ ၂-စိတ္တဇမဟာဘုတ်၊ ၃-ဥတုဇမဟာဘုတ်နှင့် ၄-အာဟာရဇ မဟာဘုတ်ဟူ၍ လာရှိပါသည်။

## (က) ကမ္မဇမဟာဘုတ်

သတ္တဝါတို့၏ခန္ဓာ၌ရှိသည့် ကမ္မဇပထဝီ၊ ကမ္မဇတေဇော၊ ကမ္မဇဝါယောနှင့် ကမ္မဇ အာပေါလေးပါးက အပြန်အလှန် ကျေးဇူးပြုနေပါသည်။ ထို့ကြောင့် ကမ္မဇမဟာဘုတ် ဓာတ်တစ်ပါးပါး ချွတ်ယွင်းပျက်ပြားပါက သေနိုင်သည်။

## (ခ) စိတ္တဇမဟာဘုတ်

ဝိပဿနာယောဂီများက သိမြင်နိုင်ပါသည်။

## (ဂ) ဥတုဇမဟာဘုတ်

ဥတုဇမဟာဘုတ်မှာလည်း ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောတို့ပေတည်း။ အပူ၊ အအေးလွန်ကဲ လာပါက ရုပ်ကဖေါက်ပြန်ပြီ၊ အပူအအေး မျှတနေပါက ရုပ်က ချက်ခြင်း လန်းဆန်းလာတတ်ပါသည်။

## (ဃ) အာဟာရဇမဟာဘုတ်

အာဟာရဇမဟာဘုတ်မှာလည်း ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောတို့ ဖြစ်ပါသည်။ မိမိ ကြိုက်နှစ်သက်သည့် အစာအာဟာရများ ရှေ့မှောက်သို့ ရောက်ရှိလာပါက အလွန်ပင် ပြုံးပျော် ကျေနပ်သွားခြင်းမှာ အာဟာရဇမဟာဘုတ်၏ သတ္တိဖြစ်သည်။ မိမိရောဂါနှင့် တည့်သည့် ဆေးကိုသောက်သုံးခွင့်ရလျှင် ချက်ချင်းပင် လန်းဆန်းလာသည်မှာလည်း ထို နည်းတူ ဖြစ်သည်။ မဟာဘုတ်လေးပါးသည် ရှိနေသည့်အခိုက်၌ အပြန်အလှန် ကျေးဇူး ပြုသဖြင့် အတ္ထိပစ္စည်းဖြစ်၏။

## (၃) ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ အတ္ထိပစ္စယေန ပစ္စယော။ (နာမ်ရုပ်နှစ်ပါးက နာမ်ရုပ်နှစ်ပါးကို ကျေးဇူးပြုသည်။)

ဩက္ကန္တိက္ခဏဟူသည် ပဋိသန္ဓေတည်ခိုက်ကို ဆိုလိုပါသည်။ ဤသို့သန္ဓေတည်သည့် ခဏ၌ နာမ်နှင့် ရုပ်တို့သည် အပြန်အလှန် သတ္တိဖြင့် ကျေးဇူးပြုပါသည်။

ကလလရေကြည် တည်သည့်အခိုက် ဟဒယဝတ္ထုရုပ်ပါလာသည်။ ဝတ္ထုဒသက ကလာပ် ပါလာသည်။ ထိုဟဒယဝတ္ထုရုပ်က ပဋိသန္ဓေစိတ်၏ တည်ရာမှီရာဝတ္ထုရုပ်အဖြစ် ဆောင်ရွက် ပေးသဖြင့် ပဋိသန္ဓေစိတ်နှင့် ဟဒယဝတ္ထုရုပ်တို့က သဟဇာတ Born together. ပြိုင်တူ ဖြစ်လာ ကြပါသည်။

ဘဝ၏အစကနဦး၌ ကံကဖန်တီးပေးလိုက်သည့် ရုပ်နာမ်အစုံ ရှိနေသည့်အခိုက်တွင် အပြန်အလှန် ကျေးဇူးပြုသောကြောင့် အတ္ထိပစ္စည်း ဖြစ်ပါသည်။

### ပဋိသန္ဓေခဏ

အမိဝမ်းထဲ၌ ပဋိသန္ဓေတည်သည့် သတ္တဝါတို့၌ နာမ်တရားအဖြစ် ပဋိသန္ဓေဝိညာဏ် စိတ်နှင့် စေတသိက် (၃၃)ပါး။ ရုပ်တရားအဖြစ် ကာယဒသက၊ ဘာဝဒသက၊ ဝတ္ထုဒသက ဟူသော ကံကြောင့်ဖြစ်သည့် ကမ္မဇရုပ်ကလာပ် သုံးစု (သုံးစည်း )တို့ တစ်ပြိုင်နက် ဖြစ်ကြပါသည်။



ကာယဒသက = ကာယပသာဒ ဇီဝိတ အဋ္ဌကလာပ်ရုပ် ဟူသော ကာယဒသက။

ဘာဝဒသက = ကမ္မဇကလာပ် ကိုးစည်း၌ပါဝင်သည့် အထီး အမ ခွဲခြားစေသည့် ဣတ္ထိ ဘာဝဒသက ကလာပ် သို့မဟုတ် ပုမ္ဘာဝဒသကကလာပ် ဟူသော ဘာဝဒသက။

ဝတ္ထုဒသက = ဟဒယဝတ္ထုရုပ် ဇီဝိတအဋ္ဌကလာပ်ရုပ်ဟူသော ဝတ္ထုဒသကတို့ပေတည်း။ ပဋိသန္ဓေခဏတွင် ရုပ်နာမ်တို့ကလည်း ရှိနေသည့်အခိုက်၌ အပြန်အလှန် ကျေးဇူးပြုသဖြင့် အတ္ထိပစ္စည်းဖြစ်၏။

## ဣန္ဒကယက္ခ၏အစ

မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်မြို့အနီး ဣန္ဒကူဋတောင်၌ရှိသည့် ဣန္ဒကနတ်ဘီလူး၏ နတ်ဗိမာန်တွင် သီတင်းသုံးနေတော်မူစဉ်က ဗိမာန်ရှင်ဖြစ်သည့် နတ်ဘီလူးက ဘုရားရှင်ထံပါး မေးလျှောက်သည်မှာ -

"အရှင်ဘုရား ပွင့်တော်မူသမျှ ဘုရားအဆူဆူတိုင်းကပဲ ရုပ်ကို "အသက်, ဇီဝ, အတ္တဆိုတာ မရှိဘူး" လို့ချည်း ဟောတော်မူကြပါတယ်၊ ဒါဆိုရင် ဘယ်လိုနည်းနဲ့ ဒီသတ္တဝါတွေဟာ ဒီခန္ဓာကိုယ်ကြီးကို ရရှိနိုင်မလဲ၊ သတ္တဝါတွေရဲ့ အရိုးတွေ၊ အသားဆိုင်တွေဆိုတာကရော ဘယ်ကနေ ရောက်လာပါသလဲ၊ ဒီသတ္တဝါဟာ ဘာကြောင့် တောင်ရဲ့လှိုင်ခေါင်းသဖွယ်ဖြစ်တဲ့ အမိဝမ်းတိုက်မှာ ကိန်းအောင်းနေနိုင်ပါသလဲ"ဟု မေးလျှောက်၏။ (ညွှန်း-သဂါထာဝဂ္ဂ၊ ယက္ခသံယုတ်-၂၀၈)

မြတ်စွာဘုရားရှင်က-

(၁) ပထမံ ကလလံ ဟောတိ = ပထမသတ္တာဟ (ရက်သတ္တပတ်)မှာ ကလလရေကြည်ဖြစ်တယ်။

(၂) ကလလာ ဟောတိ အဗ္ဗုဒံ = အဲဒီနောက် ဒုတိယပတ်မှာ အမြှုပ်ကလေးဖြစ်တယ်။

(၃) အဗ္ဗုဒါ ဇာယတေ ပေသိ = အဲဒီနောက် တတိယပတ်မှာ နီနီထွေးထွေး အသားတစ်ကလေး ဖြစ်တယ်။

(၄) ပေသိ နိဗ္ဗတ္တတေ ဃနော = အဲဒီနောက် စတုတ္ထပတ်မှာ ခပ်မာမာအသားတုံးကလေးဖြစ်လာတယ်။

(၅) ဃနာ ပသာခါ ဇာယန္တိ = အဲဒီနောက် ပဉ္စမပတ်မှာ ခေါင်း, ခြေနှစ်ဘက်၊ လက်နှစ်ဘက်ဖြစ်မည့် နေရာငါးခုမှာ ခက်မငါးဖြာလို့ခေါ်တဲ့ အဖုကလေးငါးခု ဖြစ်လာတယ်။

(၆) ကေသာ လောမာ နခါပိ စ = နောက်တော့ ဆံပင်, မွေးညှင်း, ခြေသည်း, လက်သည်း စတဲ့ အင်္ဂါရုပ်အစိတ်အပိုင်းတွေလည်း အခါအားလျော်စွာ လူ့အင်္ဂါရုပ်စုံအောင် ဖြစ်ပေါ် လာတယ်"ဟု မြတ်စွာဘုရားရှင်က မိန့်ကြားတော်မူပါတယ်။

---

**ကျမ်းညွှန်း** ✻ (၂၃၅)၊ ဣန္ဒကသုတ္တ၊ ယက္ခသံယုတ္တ၊ သဂါထာဝဂ္ဂသံယုတ္တပါဠိ (နှာ-၂၀၈)

## ဘဝဖြစ်တည်မှုအပေါ် ဗုဒ္ဓစာပေရှုထောင့်နှင့် ဆေးသိပ္ပံအမြင်

ယနေ့ဆေးပညာရှင်များ အပါအဝင် လူသားများစွာက အမိအဖတို့၏ ဗီဇသွေးနှစ်မျိုးတို့ ပေါင်းစပ်ရာမှ လူဖြစ်လာသည်ဟု မှတ်ထင်ထားကြပါသည်။ ဗုဒ္ဓ၏အဘိဓမ္မာကျမ်းများ အလိုအရမှာမူ လူတစ်ယောက်ဘဝတစ်ခု၌ ပဋိသန္ဓေစတင် ဖြစ်တည်နိုင်ရေးအတွက် (၁) အမိအဖတို့ ဗီဇသွေးနှစ်ခု ပေါင်းဆုံမိခြင်း၊ (၂) အမိရဲ့သားအိမ်က လစဉ် စွန့်ပစ်ရမည့် ဥတုသွေးညစ်တို့ ပယ်စွန့် သန့်စင်ပြီးချိန်ဖြစ်ခြင်း၊ (၃) ဘဝဟောင်းမှ ဘဝသစ်ကို ကူးပြောင်း ဖြစ်ပေါ်မည့် ဂန္ဓဗ္ဗခေါ်သည့် ပဋိသန္ဓေဝိညာဏ်မျိုးစေ့လေး ရှေးရှုတည်ခြင်းဟူသော အင်္ဂါရပ် သုံးပါး စုံညီမှသာ သတ္တဝါတို့၏ ဘဝသစ်တစ်ခု ပဋိသန္ဓေနေမှု စတင်ဖြစ်ပေါ်သည်။

## ဂန္ဓဗ္ဗဓာတ်

ထိုသုံးပါးထဲက "ဂန္ဓဗ္ဗဓာတ်"ဟုဆိုသော အတိက်ကံ၏ သတ္တိအရ ဘဝသစ်တစ်ခုတွင် ပဋိသန္ဓေ ဖြစ်တည်မည့် 'ပဋိသန္ဓေဝိညာဉ်နှင့် ကမ္မဇရုပ်'တို့၏ မျိုးစေ့ဖြစ်သည်။ တစ်နည်း အားဖြင့် ပဋိသန္ဓေဝိညာဉ်နှင့် ကမ္မဇရုပ်တို့ကို ဖြစ်စေနိုင်သည့် ကမ္မသတ္တိဓာတ်တစ်ခုကိုပင် ဂန္ဓဗ္ဗဓာတ်ဟု ဆိုလိုပါသည်။ ဂန္ဓဗ္ဗဓာတ်၌ ကံပါရမီတို့၏ သတ္တိသည်လည်းကောင်း၊ ကံ ကောင်းခြင်း၊ ဉာဏ်ကောင်းခြင်းတို့၏ အခြေခံတို့သည်လည်းကောင်း ပါဝင်၏။

## ရုပ်တို့ စဖြစ်ပုံ

အမိအဖတို့၏ ဗီဇသွေးနှစ်ခု၊ ဂန္ဓဗ္ဗဓာတ်နှင့် စင်ကြယ်သည့် အမိ၏သားအိမ်ဟူသော အကြောင်းတရားတို့ ဆုံမိသည်နှင့် ပဋိသန္ဓေဖြစ်ချိန်တွင် နာမ်တရားအဖြစ် ပဋိသန္ဓေ ဝိညာဉ်စိတ်နှင့် စေတသိက် (၃၃)ပါး၊ ရုပ်တရားအဖြစ် ကာယဒသက၊ ဘာဝဒသက၊ ဝတ္ထု ဒသကဟူသော ကမ္မဇရုပ် ကလာပ်သုံးစုတို့ တစ်ပြိုင်နက်တည်း ဖြစ်ကြပါသည်။

ပဋိသန္ဓေစိတ်ကလေး 'ဥပါဒ်'ပြီး 'ဌီ'ဟူသော အခိုက်ကိုရောက်ချိန်ကစပြီး ဥတုကြောင့် ဖြစ်သည့် ဥတုဇရုပ်တို့ကလည်း ခဏမစဲ စိတ္တက္ခဏ အချိန်တိုင်း၌ မပြတ်တရစပ် ဖြစ်နေ ပါသည်။ ပဋိသန္ဓေ နောင် ပထမ ဘဝင်စိတ်ကလေး စဖြစ်ချိန်ကစပြီး စိတ်ကြောင့်ဖြစ်သည့် စိတ္တဇရုပ်တို့လည်း ဖြစ်လာပါသည်။

ပထမဆုံး ပဋိသန္ဓေစပြီး ဖြစ်ချိန်မှသည် ရက်သတ္တတစ်ပတ်စာ အချိန်အတွင်း၌ သန္ဓေသားဟူသော ကလလရေကြည် ကလေးမျှပင်ပဲ ရှိပါသေးသည်။ အရွယ်ပမာဏကလည်း

ဝမ်းတွင်းမွေး ဆိတ်သားငယ်၏ အမွေးမျှင်ကလေးတစ်ချောင်းကို ဆီထဲနှစ်ပြီး ခါထုတ်လိုက်သောအခါ ထိုအမွေးမျှင်လေး၏ထိပ်၌ ကပ်ကျန်နေမည့် ဆီကြည်ပမာဏမျှလောက်သာ ရှိ၏။

သို့သော် ထိုသဘာဝသတ္တိတွင် ဘဝင်စိတ်နှင့် စေတသိက်ဟူသော နာမ်တရားများ၊ ကမ္မဇရုပ်၊ ဥတုဇရုပ်၊ စိတ္တဇရုပ်ဟူသော ရုပ်သုံးပါးရှိနေ၏။

ထို့နောက် ဒုတိယ ရက်သတ္တပတ်ရောက်သောအခါ ဆီကြည်ကလေးမှသည် "အမြှုပ်" ကလေးအဖြစ် ပြောင်းလာသည်။ ဤအချိန်အထိလည်း ရုပ်က အထက်၌ပြခဲ့သည့် သုံးပါးသာ ရှိသေးသည်။

တတိယ ရက်သတ္တပတ်ရောက်သောအခါ အမြှုပ်ကလေးမှသည် သွေးနီခဲလေး "သားတစ်" ဖြစ်လာသည်။ သားတစ်ဆိုသော်လည်း အသားတုံးပမာ မာမာခဲခဲ မဟုတ်သေးဘဲ၊ ဂျယ်လီပမာ သွေးပျစ်ခဲခဲလေးသာ ရှိသေးသည်။ ဤတတိယပတ်ရောက်သောအခါ မိခင်စားသောက်သည့် အစားအစာများကတစ်ဆင့်ရသည့် ဩဇာဓာတ်က သန္ဓေသားလောင်းအတွက် အာဟာရဇရုပ် စတင်ဖြစ်လေသည်။

ထိုကာလမှစ၍ ရုပ်လေးမျိုးစုံပြီး၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရအကြောင်းတရား လေးမျိုးလုံး ပေါင်းဆုံမိပြီဖြစ်သကဲ့သို့ အာဟာရလေးမျိုးလုံးလည်း ပြည့်စုံလာပါသည်။ (အာဟာရလေးမျိုးဟူသည် ၁။ အတိတ်ကံစေတနာက စေတနာဟာရ ၂။ ပဋိသန္ဓေဝိညာဉ်က ဝိညာဏာဟာရ ၃။ အာရုံနှင့် တွေ့ထိတာက ဖဿာဟာရ ၄။ မိခင်ထံပါးကရသည့် ဩဇာဓာတ်က ရုပ်အာဟာရတို့ ဖြစ်ပါသည်။)

ထမင်းလုတ်၊ ဟင်းလုတ်ထဲ၌ပါသည့် ဩဇာဓာတ်ကလေးများက အာဟာရဇရုပ်ကို ဖြစ်စေတတ်သည့် ဇနကသတ္တိဖြင့် ကျေးဇူးပြုပေးပါသည်။ ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ်တို့က ဥပထမ္ဘကသတ္တိဖြင့် ထောက်ပံ့ကူညီပေးပါသည်။ ထို့ကြောင့် "ကဗဠီကာရော အာဟာရော = ဩဇာဟုခေါ်သော အာဟာရဓာတ်ကလေးသည်။ ဣမဿ ကာယဿ = ဤခန္ဓာကိုယ်ကြီးတစ်ခုလုံး (ရုပ်လေးမျိုးလုံး)အား။ အာဟာရပစ္စယေန ပစ္စယော = အာဟာရသတ္တိဖြင့် ကျေးဇူး ပြုခြင်းပေတည်း။

စတုတ္ထပတ်တွင် အဆိုင်အခဲ ခပ်မာမာကလေး ဖြစ်လာသည်။

ပဉ္စမပတ်တွင် ခက်မငါးဖြာ (ခေါင်း၊ လက်နှစ်ဘက်၊ ခြေနှစ်ဘက်) ဖြစ်နိုင်ရန်အတွက် အဖုလေး ငါးဖုပေါ်လာပါသည်။

ထို့နောက် ရက်သတ္တ (၇)ပတ်မြောက်ခန့်ကစပြီး မျက်စေ့၊ နား၊ နှာစသည့် အင်္ဂါတို့ ပေါ်ပေါက်လာသည်။ ရက်သတ္တ(၁၁)ပတ်ခန့်ရောက်ချိန်တွင် ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်းတို့ပါ စုံလင်လာတော့သည်။

---

**ကျမ်းညွှန်း** * ဓမ္မဘေရီအရှင်ဝီရိယ (တောင်စွန်း) လူတိုင်းအတွက် ပဋ္ဌာန်း

## (၄) *စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။*
## စိတ် စေတသိက် (နာမ်) က ရုပ်ကို ကျေးဇူးပြုသည်

စိတ်စေတသိက်တရားတို့က စိတ္တဇရုပ်ကို ထုတ်လုပ်သည်။ ပမာပြရသော် စိတ်ဆိုးပါက စိတ်ရော၊ ရုပ်ပါ ကြမ်းတမ်းလာပါသည်။ စိတ်စေတသိက်တရားတို့ ရှိနေသည့်အခိုက်၌ အပြန်အလှန် ကျေးဇူးပြုသောကြောင့် အတ္ထိပစ္စည်းမည်၏။

## (၅) *မဟာဘူတာ ဥပါဒါရူပါနံ အတ္ထိပစ္စယေန ပစ္စယော။*
## မဟာဘုတ်နှင့် ဥပါဒါရုပ် (ရုပ်)က ရုပ်ကို ကျေးဇူးပြုသည်

မဟာဘုတ်တို့ပေါ်လာသည်နှင့် ဥပါဒါရုပ်တို့ကလည်း Born together ဖြစ်လာပါသည်။

ဥပါဒါရုပ်ဟူသည် - ၂၄ ပါးရှိ၏။ ၎င်းတို့မှာ- ပသာဒရုပ်က - ၅ ပါး ။ ဂေါစရရုပ်က - ၄ ပါး။ ဘာဝရုပ်က -၂ ပါး၊ ဟဒယဝတ္ထုရုပ် - ၁ ပါး၊ ဇီဝိတရုပ်- ၁ ပါး။ အာဟာရရုပ် - ၁ပါး။ ပရိစ္ဆေဒရုပ် - ၁ ပါး။ ဝိညတ်ရုပ် -၂ ပါး၊ ဝိကာရရုပ် - ၃ ပါး၊ လက္ခဏရုပ် - ၄ပါး စုစုပေါင်း -၂၄ ဖြစ်သည်။ ပသာဒရုပ်ဟူသည် စက္ခုပသာဒ၊ သောတပသာဒ စသည်တို့ ဖြစ်သည်။

ဂေါစရရုပ်ဟူသည် မျက်စိနားစသည် ပဉ္စဝိညာဉ်၏ ကျက်စားရာအာရုံဖြစ်သည့် ရူပါရုံ၊ သဒ္ဒါရုံ စသည့် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိတွေ့တို့ ဖြစ်ကြသည်။

မဟာဘုတ်နှင့် ဥပါဒရုပ်တို့ကလည်း ရှိနေသည့်အခိုက်၌ အပြန်အလှန်ကျေးဇူးပြုသဖြင့် အတ္ထိပစ္စည်းဖြစ်၏။

## သြဇာရုပ်

အလွန်သေးငယ်သည့် အက်တမ်အမှုန်အမွှားကို ရုပ်ဖြစ်ကြောင်း ယနေ့ သိပ္ပံပညာကရှင်များက သိလာကြပါသည်။ မျက်စိဖြင့် မမြင်ရသည့် ရုပ်အမှုန်အမွှားအက်တမ် အနုမြူ တစ်ခုစီ တစ်ခုစီ အဋ္ဌကလာပ်ပေါင်း မြောက်မြားစွာ ရှိနေပါသည်။ ၎င်းကလာပ်ကလေး တစ်ခုစီတွင်လည်း သြဇာရုပ် ရှိပါသည်။ ထိုသြဇာရုပ်က ကျန်သည့် ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်တို့ကို အာဟာရသတ္တိဖြင့် ကျေးဇူးပြုပါသည်။

## (၆) *စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။* (အာယတန)

အာယတန-၁၂ ပါး ရှိပါသည်။ အာယတနဟူသည် အကြောင်းဟု အဓိပ္ပါယ်ရပါသည်။ စိတ်စေတသိက်တို့၏ ဖြစ်ပေါ်ကြောင်းဟု ဆိုနိုင်ပါသည်။ စက္ခာယတနမည်သည် စက္ခုပသာဒ

ပင်တည်း။ ရူပါယတနကလည်း ရူပါရုံပင်တည်း။ ထို့ကြောင့် စက္ခုပသာဒရုပ်ဟူသော မျက်စိ အကြည် ရုပ်တရားက စက္ခုဝိညာဉ် = မြင်သိစိတ်ကို ထင်ရှားရှိခြင်းအားဖြင့် ကျေးဇူးပြုပါသည်။

ဤနေရာတွင် စက္ခုပသာဒရုပ်ကို မြင်သိစိတ်က မှီရပါသည်။ ထို့ကြောင့် စက္ခုပသာဒ ရုပ်က ကြိုတင် ဖြစ်နှင့်ရသောကြောင့် ပုရေဇာတပစ္စည်း Born earlier က ကျေးဇူးပြု၏။

## (၇) ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ, တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။ (ဝတ္ထုရုပ်)

ယံရူပံ = ဟဒယဝတ္ထုရုပ်ကို ဆိုလိုပါသည်။ စိတ်၏မှီရာ ဝတ္ထုရုပ်က ခြောက်ခု ရှိပါသည်။ ၎င်းတို့မှာ စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှာဝတ္ထု၊ ကာယဝတ္ထုနှင့် ဟဒယဝတ္ထုတို့ ဖြစ်ပါသည်။

ဟဒယဝတ္ထုကိုမှီ၍ သိရုံမျှသိသည့် မနောဓာတ်နှင့် သေသေချာချာသိသည့် မနော ဝိညာဏဓာတ်တို့ ဖြစ်ကုန်၏။ ထိုသိရုံမျှသိသည့် မနောဓာတု၊ သေသေချာချာသိသည့် မနောဝိညာဏဓာတုတို့နှင့် ယှဉ်ကုန်သော စေတသိက်တရားတို့အား ဟဒယဝတ္ထုက ကြိုတင် ဖြစ်၍ အတ္ထိပစ္စည်းဖြင့် ကျေးဇူးပြု၏။ (မနောဓာတု = သမ္ပဋိစ္ဆိုင်း။ မနောဝိညာဏဓာတု = သန္တီရဏ)

## အတ္ထိပစ္စည်းနှင့် ယထာဘူတဉာဏ်

ရုပ်နာမ်တရားတို့ကို ပစ္စုပ္ပန်အနေအားဖြင့် တစ်ခုနဲ့တစ်ခု အတ္ထိပစ္စည်းဖြင့် ဖွဲ့စပ်၍ ကျေးဇူးပြုထားခြင်းကြောင့် အထူးထူးသော နိမိတ်သဏ္ဍာန် ဟန်ပန်ပုံပန်း အဆန်းတကျယ် ဖြစ်နေကြ၏။ 'ထိုထို အမျိုးမျိုးအထူးထူးသော နိမိတ်တို့သည် အတ္ထိပစ္စည်း၏ ကိစ္စပါတကား' ဟု နားလည်လာသူအဖို့ ထိုထိုနိမိတ်တို့ ပျောက်ကွယ်နိုင်ကြပါသည်။

ဥပမာအားဖြင့် ဆန်ကြိတ်စက်ကြီး၌ အချင်းချင်းဖွဲ့စပ် ချိတ်ဆက်ထားသည့် စက် ယန္တရားတို့၏ ပဓာနဖြစ်သော ခလုပ်ကို မဖွင့်သေးသမျှ ငြိမ်သက်စွာပင် ရှိနေပေမည်။ ထို Starting ခလုပ်ကို ဖွင့်လိုက်သည်နှင့် စက်ယန္တရားကြီး၏ ပူလီများ၊ ဘတ်ကြိုးများ၊ ကြိတ်လုံး များ၊ ဆန်ကာများက တလှုပ်လှုပ်တရွရွ လှုပ်၍၊ ယမ်း၍၊ ခါ၍နေတော့သည်နှယ် တူပါသည်။

## ပရမတ္ထတရားကို မမြင်နိုင်ရန် ဖုံးကာထားသည့်တရားများ

၁။ နာမပညတ်ခေါ် အမည်ဖုံးကာနေခြင်း။
၂။ သန္တတိပညတ်ခေါ် အစဉ်အတန်းဖုံးကာနေခြင်း။
၃။ သမူဟပညတ်ခေါ် အပေါင်းအစုဖုံးကာနေခြင်း။
၄။ သဏ္ဌာနပညတ်ခေါ် အသွင်သဏ္ဌာန် ဖုံးကာနေခြင်းတို့သည် လောကသားတို့အတွက် ပရမတ္ထတရားကို မြင်နိုင်စွမ်းမရှိရန် ဖုံးကာထားသည့် တရားစုများဖြစ်၏။

## ၁။ နာမပညတ်

လောက၌ အရာဝတ္ထုမှန်သမျှတို့သည် အမှန်တကယ် ပရမတ်ဖြစ်ကြသည်။ ထိုပရမတ်သဘောတို့ကို နာမည်ခေါ်ဝေါ်၍ မဖြစ်၊ စကားပြောဆို၍ မဖြစ်၊ ထိုသို့ မဖြစ်သဖြင့် 'ငါ၊ သူ၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ မောင်ဖြူ၊ မောင်မဲ' စသည်ဖြင့် နာမည်အသီးသီးသတ်မှတ်ထားကြရသည်။ ကာလကြာမြင့်လာသည့်အခါ သတ္တဝါများသည် မူလပရမတ်အပေါ်သို့ စိတ်မရောက်ကြတော့ဘဲ ပညတ်ထားသည့် အမည်နာမတို့တွင်သာ စိတ်စွဲသွားတတ်ကြသည်။ ထိုအခါ ကြာကြာစံလိုပါက ကြာဇံလျှုရမည်ဟု ရှုပ်ထွေးလာသည်။ အနေမြဲရန် ပြောင်းဖူးစိုက်ရမည်။ အင်္ဂလိပ်စကားဖြင့် ပြောင်းဖူးကို Corn ဟု ပြောင်းခေါ်လိုက်ပါက အဘယ်သို့ အနေမြဲရန် မပြောင်းဖူး ဖြစ်တော့မည်နည်း။ သတ်မှတ်ချက်မျှသာ ဖြစ်ပါသည်။ ထို့ကြောင့် မူလဖြစ်သည့် ခန္ဓာငါးပါး သို့မဟုတ် နာမ်ရုပ်တရားဟုခေါ်သည့် ပရမတ်ကို မမြင်နိုင်စွမ်းသည်က အကြောင်းရင်းဖြစ်ပေသည်။

## ၂။ သန္တတိပညတ်

ပရမတ္ထသဘာဝ အစစ်အမှန်တရားသည် တစ်ခုနှင့်တစ်ခုတစ်ဆက် တစ်စပ်တည်းမဟုတ်ဘဲ၊ အပြတ်၊ အပြတ်များသာ ဖြစ်ကြသည်။ သို့သော် တဆက်တစ်စပ်တည်းဟု ထင်ရလောက်အောင် ဖြစ်ပျက်မှုက မြန်ဆန်လွန်းလှပါသည်။

ဥပမာပြရသော် မှောင်မိုက်သည့် ညဉ့်အခါကာလတွင် ခပ်လှမ်းလှမ်းမှ လူတစ်ယောက်က မီးစတစ်ခုကိုကိုင်၍ စက်ဝိုင်းပုံသဏ္ဌာန်ဖြစ်အောင် မြန်နိုင်သမျှ မြန်မြန်လှည့်ပြလိုက်သည့်အခါ မြင်ရသူတို့က မီးစကြာဝိုင်းဟု ထင်ရသကဲ့သို့တည်း။ ဤသဘောသည် ပရမတ်အမှန်တရားကို သန္တတိပညတ်က ဖုံးထားခြင်းဖြစ်သည်။

## ၃။ သမူဟပညတ်

အပေါင်းအစုက ဖုံးအုပ်ထားခြင်း။ ပရမတ်သဘာဝ၌ ရုပ်တရားသည် သဲ့ဘာသာသူ၊ သဲ့ကလာပ်စည်းနှင့်သူ တစ်ခုပြီးမှတစ်ခု ဖြစ်နေသည်။ စိတ်လည်း ထို့အတူဖြစ်သည်။ တစ်စိတ်ပြီးမှတစ်စိတ် ဖြစ်နေသည်။ အပေါင်းအစုဟူ၍ မရှိပါပဲလျက် အပေါင်းအစုဟူ၍ ထင်မှတ်နေကြသည်။ အထူးသဖြင့် ရုပ်အပေါ်၌ ရုပ်တုံးကြီး၊ ရုပ်ခဲကြီးဟု ထင်မှတ်နေခြင်းသည် သမူဟပညတ် ဖုံးထားခြင်း ဖြစ်သည်။

## ၄။ သဏ္ဌာနပညတ်

ပရမတ္ထသဘာဝ၌ ယောက်ျားသဏ္ဌာန်၊ မိန်းမဏ္ဌာန်၊ ခွေးသဏ္ဌာန်၊ နွားသဏ္ဌာန်၊ ငှက်သဏ္ဌာန်၊ ဦးခေါင်းသဏ္ဌာန်၊ လက်ခြေသဏ္ဌာန် စသည်ဖြင့် မရှိ။ ထိုသဏ္ဌာန်သည် ပရမတ္ထသဘာဝ၏ တည်နေဟန်ကိုလိုက်၍ ခေါ်ဆိုနေခြင်းသာ ဖြစ်သည်။ အမှန်တကယ် အရင်းခံပရမတ်မှာ သဏ္ဌာန်အနေဖြင့် မရှိ။

ဥပမာ မြေမှုန့်များကိုစု၍ ရေဖြင့်နယ်ပြီး နွားသဏ္ဌာန်လုပ်လျှင် နွားရုပ်ခေါ်နိုင်သည်။ ဆင်သဏ္ဌာန်လုပ်လျှင် ဆင်ရုပ်ခေါ်နိုင်သည်။ လူသဏ္ဌာန်လုပ်လျှင် လူရုပ်ခေါ်နိုင်သည်။ မိမိပြုလုပ်ချင်သည့် အရုပ်များကို ပြုလုပ်၍ ခေါ်ဆိုနိုင်ကြပါသည်။ ဤသည်ကိုပင် သဲ့တည်နေဟန်ကိုလိုက်၍ အမျိုးမျိုးခေါ်ဆိုနေခြင်း ဖြစ်သည်။ ထို့အတူပင် ပရမတ္ထတရားကိုလည်း သူတို့၏တည်နေရာကို လိုက်၍ လူဟု ခေါ်ချင်ခေါ်ကြသည်။ အိမ်၊ ကျောင်း၊ ဇရပ်၊ ဓမ္မာရုံ အသီးသီးခေါ်ကြသည်။ သို့သော် မူလပရမတ်သည် လူလည်းမဟုတ်၊ နတ်လည်းမဟုတ်၊ အိမ်၊ ကျောင်း၊ ဇရပ်၊ ဓမ္မာရုံလည်း မဟုတ်ပေ။

သတ္တဝါတို့သည် ထိုထိုသဏ္ဌာန်များကိုသာ ကာလရှည်ကြာ ကမ္ဘာပေါင်းများစွာ အမှားကြာလာတော့ အမှန်ဖြစ်နေတော့သည်။ ထို့ကြောင့် တကယ့်အစစ်အမှန် ပရမတ်များကိုမူ မမြင်ကြတော့ဘဲ သဏ္ဌာန်ပညတ်တို့အပေါ်၌ ထင်မြင် စွဲလမ်းနေကြပေတော့သည်။

## ပရမတ်ကွယ်သောကြောင့် ကိလေသာဖြစ်ကြသည်

ဤပညတ်တို့၏ အစွမ်းဖြင့် နိမိတ်ပုံသဏ္ဌာန် အသီးသီး ပေါ်လွင်နေသောကြောင့် တင့်တယ်သည်၊ မင်္ဂလာရှိသည်၊ ကောင်းမြတ်သည်၊ ချစ်ခင်ဖွယ်ဖြစ်သည်ဟု ထင်မှတ်ပြီးကာ လိုချင်မှု၊ လိုချင်မှု၊ လိုချင်မှုတို့က အတောမသတ်နိုင်ဘဲ ပွားများနေကြရပါသည်။

မူလသဘောအားဖြင့် နိမိတ်အမှတ်အသား လက္ခဏာမရှိပါက လောဘဟူ၍ မရှိနိုင်တော့ပေ။ အတ္တိပစ္စည်းဖြင့် ရုပ်နာမ်တို့အချင်းချင်း ကျေးဇူးပြုပုံကို အတိအကျ မြင်လာနိုင်ပါက

နိမိတ်သင်္ကေတ ပျောက်ကွယ်ပြီးမှ သဘောမှန်အတိုင်း သိရှိလာနိုင်သဖြင့် လောဘလည်း မရှိရကား သာယာဘွယ်ဟု ထင်မှတ်မှားရန် မရှိနိုင်တော့ပေ။

ဤရုပ်နာမ်တရားတို့၏ အစဉ်ဖြစ်နေသည့် ပညတ်တို့၏ အစွမ်းအားဖြင့် ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ၊ လှပသည်၊ တင့်တယ်သည်၊ မြတ်နိုးဖွယ်ဖြစ်နေသည်မှာ အတ္တဇီဝရှိသဖြင့်ဟု စွဲထင်မှတ်မှားနေကြပါသည်။ အတ္ထိပစ္စယသတ္တိဖြင့် "ဒီတရားရှိနေလို့သာ ဒီတရားရှိရတယ်၊ ဒီတရားတည်နေဖို့ရာ ဒီတရားက ကျေးဇူးပြုထားတယ်"ဟု အမှန်ကို အမှန်အတိုင်း သဘာဝ တရား၏ ကျေးဇူးပြုပုံကို မြင်နိုင်စွမ်းပါမူကား အတ္တဇီဝစသည့်အယူ ဆိတ်သုဉ်းနိုင်ပါသည်။

တစ်နည်းအားဖြင့် ရူပါရုံအဆင်းကို အာရမ္မဏပုရေဇာတသတ္တိကြောင့် မြင်ခြင်း ဟူသော စက္ခုဝိညာဉ်ဖြစ်နေသည်။ ဤသည်မှာ အကြောင်းကိုစွဲ၍ အကျိုးတရားဖြစ်မှု သာတည်း။ "ငါမြင်တာမဟုတ်၊ သဟဇာတသတ္တိကြောင့် ရုပ်နာမ်အစဉ်ဖြစ်နေတာ၊ ငါဖြစ်နေတာ မဟုတ်၊ ပစ္ဆာဇာတသတ္တိနာမ်တရားတို့ကြောင့် ဒီစတုသမုဋ္ဌာနိက ရုပ်တရားတွေ တည်နေတယ်၊ ငါတည်နေတာ မဟုတ်။ ရုပ်အာဟာရတ္ထိ ဩဇာကြောင့် စတုသမုဋ္ဌာနိက ရုပ်တရားတို့ အင်အား ပြည့်ဝပြီး ရှင်လန်းလတ်ဆတ်နေတယ်၊ ငါအင်အားပြည့်ဝ လတ်ဆတ်နေတာ မဟုတ်ဘူး။ ရူပဇီဝိတိန္ဒြိယအတွက် ကမ္မဇရုပ်တို့ မပျက်မပြားဘဲ ရှည်ကြာစွာ အသက်ရှိတဲ့အသွင်နဲ့ တည်နေနိုင်တာဖြစ်တယ်၊ ငါတည်နေနိုင်တာ မဟုတ်"ဟု အတ္ထိပစ္စည်း၏သဘောမှန်ကို ဆင်ခြင်နိုင်လျှင် ယုံမှားမှုများ ကင်းပျောက်နိုင်ပါသည်။

## အတ္ထိပစ္စည်း၏ ဝိပဿနာအမြင်ကိုပြခြင်း

(၁) ရူပါရုံတည်းဟူသော ပုရေဇာတတ္ထိပစ္စည်းအတွက်ကြောင့် မြင်ခြင်းတည်းဟူသော 'ဝိညာဏ်' ပစ္စယုပ္ပန်တွေ ဖြစ်၍နေသည့် အကြောင်းကို အစွဲပြုပြီး၊ အကျိုးတရား ဖြစ်ပွား၍နေသော ပဋိစ္စသမုပ္ပါဒ်တည်း။ 'ငါမြင်သည် မဟုတ်'ဟု စက္ခုဒွါရ၌ ယုံမှားကင်းလေ၏။ သောတဒွါရ စသည်တို့၌လည်း ဤနည်းတူ သိပါလေ။

(၂) သဟဇာတတ္ထိ ပစ္စည်းအတွက်ကြောင့် ရုပ်နာမ်အစဉ် ဖြစ်နေသည်။ "ငါဖြစ်နေသည် မဟုတ်" ဟု သိရမည်။

(၃) ပစ္ဆာဇာတတ္ထိ ပစ္စည်းထိုက်သော နာမ်တရားတို့အတွက်ကြောင့် (ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော အကြောင်းတရားလေးပါးတို့ကြောင့်ဖြစ်သော) ဤစတုသ မုဋ္ဌာနိက ရုပ်သည် တည်တံ့၍ နေနိုင်သည်။ "ငါတည်နေသည် မဟုတ်"ဟု သိရမည်။

(၄) အာဟာရတ္ထိ ပစ္စည်းထိုက်သော 'ဩဇာ'အတွက်ကြောင့် စတုသမုဋ္ဌာနိက ရုပ် တရားတို့ အားအင်ပြည့်ဝ၊ ရှင်ပြလတ်ဆတ်၍ နေသည်။ "ငါအင်အားပြည့်ဝ လတ်ဆတ်၍ နေသည် မဟုတ်"ဟု သိရမည်။

---

**ကျမ်းညွှန်း** * ဆရာကြီးဦးမြင့်ဆွေ၏ ပဋ္ဌာန်းမဟာကျမ်း

(၅) ဣန္ဒြိယတ္ထိ ပစ္စည်းထိုက်သော ရုပ်ဇီဝိတအတွက်ကြောင့် သတ္တဝါထင်စရာ, အထည်ကိုယ်ဖြစ်သော ကမ္မဇရုပ်တို့ မပျက်ပြားဘဲ၊ ရှည်ကြာစွာ အသက်ရှိကြသည့်အသွင်ဖြင့် တည်နေနိုင်သည်။ "ငါတည်နေနိုင်သည် မဟုတ်" ဟု သိရမည်။

ဤသို့ အတ္ထိပစ္စည်း၏သဘောကို ကျနစွာ သိစွမ်းနိုင်ပါမူ ယုံမှားခြင်း အမျိုးမျိုးပျောက်၍ ကင်္ခါဝိတရဏဝိသုဒ္ဓိဉာဏ်လမ်း ပေါက်နိုင်လေသည်။ ယင်းဉာဏ်အမြင်ရှိသူသည် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ကင်းကွာသွားပြီ ဖြစ်ရကား စူဠသောတာပန်မည်တော့သည်ဟု ဝိသုဒ္ဓိမဂ် (ဒု၊ ၂၄၀)၌ မိန့်ဆိုလေသည်။ အတ္ထိပစ္စည်း၏ သဘောကို ကျနစွာ မြင်သိပါမူကား ဤမျှလောက်ပင် အကျိုးများပေတော့သည်။

## သီလ သမာဓိ ပညာဖြင့် အကုသိုလ်ပယ်ခြင်း

ကိုယ်နှင့် နှုတ်မှာ ဖြစ်ပေါ်လာငြား အကုများ ပယ်ရှားမြတ်သီလ။
စိတ်အစဉ်မှာ ဖြစ်ပေါ်လာငြား အကုများ ပယ်ရှားမြတ်သမထ။
ဘဝစဉ်ဆက် ကိန်းလျက်ပါငြား အကုများ ပယ်ရှားမြတ်ပညာ့။

## နိဗ္ဗာန်သည် အတ္ထိပစ္စည်းမထိုက်ပါ

ထင်ရှားရှိခိုက် ကျေးဇူးပြုသောကြောင့် အတ္ထိပစ္စည်းထဲတွင် နိဗ္ဗာန်ပါသင့်သည်ဟု ထင်စရာရှိပါသည်။ အတ္ထိ (၅)မျိုး၏ သုဒ္ဓသင်္ချာကို ကြည့်ပါက နိဗ္ဗာန်မပါဝင်ပေ။ အတ္ထိပစ္စည်းဟူသည် ရှိခိုက်၌ ကျေးဇူးပြုသည်၊ မရှိသည့်အခိုက်၌ ကျေးဇူးမပြုပါ။ နိဗ္ဗာန်ဟူသည် မရှိခိုက်ဟူ၍ မရနိုင်ပေ။ သဘာဝအနေဖြင့် နိဗ္ဗာန်မည်သည် အမြဲတမ်းရှိနေသည်။ ပမာပြရလျှင် 'မီးငြိမ်းသည်' ဟု ဆိုရာတွင် ငြိမ်းခြင်းမည်သော အငြိမ်းဓာတ် ရှိနေသည်ကို ဆိုလိုပါသည်။

ထို့ကြောင့် နိဗ္ဗာန်သည် အမြဲတမ်းရှိနေသောကြောင့် အတ္ထိပစ္စည်း မတပ်ပေ။ ရှိနေသည့်အခိုက် ကျေးဇူးပြုပြီး၊ မရှိသည့်အခိုက် ကျေးဇူးမပြုပါဟူ၍ အပြောင်းအလဲမျိုး မရနိုင်သဖြင့် နိဗ္ဗာန်ကို အတ္ထိပစ္စည်း မတပ်ရပါ။ ကျန်သည့် သင်္ခါရတရားတို့ကမူ ရှိသည့်အခိုက် ကျေးဇူးပြုကြပြီး မရှိသည့်အခိုက်၌ ကျေးဇူးမပြုကြပါ။

---

**ကျမ်းညွှန်း** ✳ ပါချုပ်ဆရာတော်ကြီး၏ ပဋ္ဌာန်းမြတ်ဒေသနာတော်

## အတ္ထိပစ္စည်း၏ သင်္ချာ

အတ္ထိပစ္စည်း၏ သင်္ချာမှာ - ၁၃ ဖြစ်ပါသည်။ ထို့ကြောင့် "အတ္ထိယာ တေရသ" ဟု မှတ်သားနိုင်ပါသည်။ ထိုသင်္ချာကို အောက်ပါအတိုင်း လေ့လာနိုင်ပါသည် -

**ကုသလ သင်္ချာ-၃**

(၁) ကု-ကု (၂) ကု-ဗျာ (၃) ကု-ကု၊ ဗျာ

**အကုသလ သင်္ချာ-၃**

(၁) အကု-အကု (၂) အကု-ဗျာ (၃) အကု-အကု၊ ဗျာ

**အဗျာကတ သင်္ချာ-၃**

(၁) ဗျာ-ဗျာ (၂) ဗျာ-ကု (၃) ဗျာ-အကု

**ကုသလာဗျာကတ သင်္ချာ -၂**

(၁) ကု-ဗျာ-ကု (၂) ကု-ဗျာ၊ ဗျာ

**အကုသလာဗျာကတ သင်္ချာ -၂**

(၃) အကု-ဗျာ-အကု (၄) အကု-ဗျာ၊ ဗျာ

## ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား

**<u>၁။ သဟဇာတတ္ထိ</u>**

ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရားတို့သည် သဟဇာတ ပစ္စည်းနှင့် တူညီပါသည်။

**<u>၂။ ပုရေဇာတတ္ထိ</u>**

ပစ္စယဟူသောအကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသောအကျိုးတရားတို့သည် ပုရေဇာတ ပစ္စည်းနှင့် တူညီပါသည်။

## ၃။ ပစ္ဆာဇာတတ္တိ

ပစ္စယဟူသောအကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသောအကျိုးတရားတို့သည် ပစ္ဆာဇာတ ပစ္စည်းနှင့် တူညီပါသည်။

## ၄။ အာဟာရတ္တိ

ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသောအကျိုးတရားတို့သည် ရုပ်အာဟာရ နှင့် တူညီပါသည်။

## ၅။ ဣန္ဒြိယတ္တိ

ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရားတို့သည် ရူပဇီဝိတိန္ဒြိယနှင့် တူညီပါသည်။

အတ္ထိပစ္စည်းသည် သဟဇာတ၊ ဝတ္ထုပုရေဇာတ၊ ပစ္ဆာဇာတ၊ ရုပ်အာဟာရ၊ ရူပဇီဝိတိန္ဒြိယမျိုး (၅)ပါး၌ ပါဝင်၏။

# ၂၂။ နတ္ထိပစ္စယော

## Daily life Paṭṭhāna

### Natthi Paccayo *(Absence condition)*




*ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ နတ္ထိပစ္စယေန ပစ္စယော။ (ကု၊ ကု-၁)*

ကုသိုလ်တည်းဟူသော အကြောင်းဓမ္မသည် ကုသိုလ်တည်းဟူသော အကျိုးဓမ္မအား နတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ချုပ်ပျောက်သောအားဖြင့် မရှိသောအားဖြင့် နောက်ဖြစ်သော နာမ်တရားတို့အား ဖြစ်ခွင့်ပေးလျက် ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည်**

The *'Natti Paccaya'* is compared to a flame that has ceased, that has blown out. When the flame is blown out, there is darkness. The flame that goes out, the flame that ceases serves as a condition for darkness to arise.



'မိုက်မှောင်ဖြစ်စေ၊ ငြိမ်းသေလေပြီး၊ ဆီမီးပုံသွေး၊ ဖြစ်ခွင့်ပေး၍' ဟု ဥပမာပြုတော်မူကြသည်နှင့်အညီ နေရောင်ကွယ်ပျောက်သည့်အခါ လရောင်ဖြစ်ပေါ်လာသကဲ့သို့ ရှေးရှေးစိတ်၊ စေတသိက်၊ နာမ်တရားများသည် ချုပ်ပျောက်သွားခြင်းဖြင့် မရှိခြင်းဖြင့် နောက်နောက်စိတ်၊ စေတသိက်၊ နာမ်တရားများအား ဖြစ်ပေါ်ခွင့်ရအောင် ကျေးဇူးပြုသည်။

## နတ္ထိပစ္စည်းနှင့် အတ္ထိပစ္စည်း

နတ္ထိပစ္စယော၌ 'န' ဟူသည် မရှိခြင်းဟု အဓိပ္ပါယ်ရပြီး၊ အတ္ထိဟူသည် ရှိခြင်းဟု အဓိပ္ပါယ်ရပါသည်။ ရုပ်တရားနှင့် နာမ်တရားတို့ ကျေးဇူးပြုရာတွင် အတ္ထိပစ္စည်းက ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် ထင်ရှားရှိပြီးမှ ကျေးဇူးပြုပါသည်။ နတ္ထိပစ္စည်းက ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် ထင်ရှားမရှိဘဲ ကျေးဇူးပြုပါသည်။

ပမာပြရသော် မြတ်စွာဘုရားရှင် ပွင့်တော်မူလာသဖြင့် သက်တော်ထင်ရှားရှိစဉ် ကာလ၌လည်း လောကသားတို့ကို သံသရာဝဲဩဃမှ လွတ်မြောက်သည်အထိ ကျေးဇူးပြုခဲ့ပါသည်။ ယနေ့ဘုရားရှင် မရှိတော့သည်မှာ နှစ်ပေါင်း - ၂၅၆၀ ကျော်သည့်တိုင် ဘုရားရှင်ဟောတော်မူခဲ့သည့် ဓမ္မတရားတော်များက လူသားအများ ကောင်းစားရေး၊ ချမ်းသာရေးကို ဆောင်ကျဉ်းပေးနေဆဲပင် ဖြစ်ပါသည်။ ဤသည်မှာ ဘုရားရှင်ရှိနေဆဲကလည်း အတ္ထိပစ္စည်းအားဖြင့် ကျေးဇူးပြုတော်မူခဲ့ပါသည်။ ဘုရားရှင်မရှိတော့သည့် ကာလ၌လည်း နတ္ထိပစ္စည်းအားဖြင့် ကျေးဇူးပြုတော်မူဆဲ ဖြစ်ပါသည်။ ထိုနည်းအတူ ရုပ်တရား နာမ်တရားတို့ကလည်း ရှိနေဆဲမှာ ကျေးဇူးပြုခြင်းနှင့် မရှိတော့သည်အခါမှ ကျေးဇူးပြုခြင်းဟူ၍ နှစ်မျိုးရှိလေသည်။

## သေခါနီးလေ အလုပ်ပိုလုပ်ရလေ

ကျေးဇူးတော်ရှင် ရေစကြိုဆရာတော်ကြီး (AD ၁၈၃၂-၁၉၁၄)သည် ဘုရားရှင်၏ သာသနာတော်မြတ်ကြီးကို စည်ပင်ဖွံ့ဖြိုးအောင် ထမ်းဆောင်တော်မူဆဲ ကာလ၌ပင် ခန္ဓာကိုယ် ရောင်ရမ်းသည့်ရောဂါ စွဲကပ်လာသဖြင့် ဆေးဆရာအမျိုးမျိုးကိုပင့်ကာ ကြိုးစားကုသပါသော်လည်း မူလအခြေအနေသို့ ပြန်လည်ရောက်ရှိအောင် မကုသနိုင်ခဲ့ပါ။

မကျန်းမမာသော်လည်း ပို့ချမြဲ စာဝါတို့ကိုမူ နေ့စဉ် အမြဲ ပို့ချတော်မူလျက် ရှိပါသည်။ ထိုကဲ့သို့ စာဝါများ ပို့ချတော်မူသည်ကို သိရှိကြသော ဒကာ၊ ဒကာမတို့က -

"ဆရာတော်ဘုရား စာဝါများ ချတော်မမူပါနဲ့ဘုရား၊ ဩဝါဒ-အနုသာသနီလောက်ကိုသာ မိန့်ကြားရင် လုံလောက်ပါပြီဘုရား အေးအေးသက်သာ နေထိုင်သီတင်းသုံးတော်မူပါ" စသည်ဖြင့် လျှောက်ထားကြရာ ကျေးဇူးတော်ရှင် ဆရာတော်ကြီးက-

"ဒကာ၊ ဒကာမတို့ ငါတို့ဘုရားရှင်ဟာ ပရိနိဗ္ဗာန်စံရာ ညောင်စောင်းပေါ်မှာ နောက်ဆုံး လျောင်းစက်တော်မူရင်း ဗုဒ္ဓကိစ္စကို ပြုတော်မူသေးသည်။ ငါတို့လည်း ဘုရားသားတော် ဖြစ်သည့်အတွက် သေသည်အထိ အလုပ်လုပ်ရမယ်" စသည်ဖြင့် မိန့်ကြားတော်မူသဖြင့် နောက်ထပ် လျှောက်ထားရန် ဝန်လေးနေကြကုန်၏။

သက်တော် (၈၂)နှစ်၏ ဝါတွင်းကာလတွင် အရုဏ်ဆွမ်း ဆွမ်းပြုတ်သာမက၊ နေ့ဆွမ်း ဘုဉ်းပေးမှုများပါ လျော့နည်းလာသဖြင့် တိုက်အုပ် စာချတပည့်ရဟန်းတော်များ၊ ဒါယကာ ဒါယိကာမများက-

'ဆရာတော်ဘုရား၊ စာဝါများကို ပို့ချခြင်း ရပ်နားတော်မူပါ၊ အခြားသော စာချပုဂ္ဂိုလ် တွေလည်း ရှိနေသားပဲဘုရား"စသည်ဖြင့် ဆရာတော်ကြီးက-

"မင်းတို့ကို ငါ တစ်လောတုန်းက ပြောပြီးပြီပဲ၊ သေခါနီးမှ ပိုအလုပ်လုပ်ရတယ်၊ လက်ယာတော်ရံ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးဟာ ပရိနိဗ္ဗာန်စံမည့်ညမှာတောင် မယ်တော်ကို တရားပြပြီး သာသနာအလုပ်ကို လုပ်သွားသေးတာပဲ၊ နောက်ကို လာမလျှောက် ကြနဲ့တော့"ဟု မိန့်ကြားတော်မူပါသည်။

ထိုနှစ်ဝါကျွတ် ပဝါရဏာပြုပွဲကို အသံတုန်တုန်ရီရီဖြင့် ရှေးဦးစွာ ပဝါရဏာပြုတော် မူပြီး သံဃာတော်အားလုံးတို့က ဆက်လက် ပဝါရဏာ ပြုတော်မူကြပါသည်။ ပဝါရဏာ ပြုပွဲအပြီး ဆရာတော်ဘုရားကြီးက "ငါ့ရှင်တို့ နောက်နှစ်မှာ ငါ့ရှင်တို့နဲ့အတူ ပဝါရဏာပြုရဖို့ မရှိတော့ဘူး၊ ဒီအကြိမ် ပဝါရဏာပြုရတာ သည်ဘဝ နောက်ဆုံး ပဝါရဏာပြုခြင်း ဖြစ်ပေ လိမ့်မယ်"ဟု မိန့်ကြားတော်မူပါသည်။

ဆရာတော်ကြီးများ ရှိစဉ်အခါကာလ၌လည်း အတ္ထိပစ္စည်းအားဖြင့် ကျေးဇူးပြုတော် မူခဲ့ပြီးဖြစ်ပါသည်။ ဆရာတော်ကြီး လွန်တော်မူခါနီးတိုင် သာသနာ့တာဝန်ထမ်းဆောင် တော်မူသွားခြင်းကပင် ဆရာတော်ကြီးများယနေ့မရှိတော့သော်လည်း အတုယူ၊ အားကျစရာ စံနမူနာကောင်းအဖြစ် လိုက်နာနေကြသည့် တပည့်ပရိသတ်အတွက် နတ္ထိပစ္စည်းအားဖြင့် ယနေ့တိုင် ကျေးဇူးပြုနေပါသည်။

## နေရောင်ကွယ်၍ လရောင်လင်းသည့်ပမာ

ရှေးရှေးဆရာတော်ကြီးများက နေရောင်ကွယ်ပျောက် လရောင်ရောက်လာသည့် ပမာဟု နတ္ထိပစ္စည်းကို ပြတော်မူကြပါသည်။ နေရောင်မရှိခြင်းကပင် လ၏အရောင်သာရန် ကျေးဇူးပြုသည့်ပစ္စည်းမှာ နတ္ထိပစ္စည်း မည်လေ၏။

ရှေးရှေး စိတ် စေတသိက် နာမ်တရားတို့ ချုပ်ပျောက်သွားခြင်းကပင် နောက်နောက် စိတ် စေတသိက် နာမ်တရားတို့ ဖြစ်ခွင့်ရကြပါသည်၊ ရှေးရှေး စိတ် စေတသိက် နာမ်တရားတို့ မချုပ်ပျောက်သေးပါက နောက်နောက် စိတ် စေတသိက် နာမ်တရားများ ဖြစ်ခွင့်မရကြပေ။ နေရောင်ရှိနေပါက လရောင် မသာနိုင်သည့်ပမာ ဖြစ်ပေသည်။ ထို့ကြောင့် "နတ္ထိပစ္စယော= မရှိသည်ဖြစ်၍ ကျေးဇူးပြုသော ပစ္စည်း" ဟု မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့ပါသည်။

---

**ကျမ်းညွှန်း** * ဆုပြည့်စုံထွန်း အယ်ဒီတာအဖွဲ့၏ ရေစကြိုဆရာတော်ဘုရားကြီး (နှာ-၁၁၃)

## မြစ်ရေအလျဉ်ပမာ

ရှေးရှေးနာမ်တရား အဟောင်း အဟောင်းတို့က နောက်နောက် နာမ်တရား အသစ် အသစ်တို့အား အနမတဂ္ဂ သံသရာမှစ၍ နိဗ္ဗာန်သို့ စံဝင်သည့်တိုင်အောင် 'မြစ်ရေအလျဉ် ကဲ့သို့' လည်းကောင်း၊ 'လှည်းဘီး စက်ဝန်းကဲ့သို့' လည်းကောင်း လျှပ်တပြက် ခဏမျှမခြား မရပ်မနား ဖြစ်ဖြစ်နေကြစေရန် 'အနန္တရသတ္တိ၊ သမနန္တရသတ္တိ၊ နတ္ထိသတ္တိ၊ ဝိဂတသတ္တိ' တို့ဖြင့် ကျေးဇူးပြုနေကြကုန်၏။ ဤပစ္စည်းလေးပါးတို့ကို ကောင်းစွာ လေ့လာသဘောပေါက် လျှင် နာမ်တရားတို့၏ ထူးဆန်းအံ့ဩဖွယ် သဘောသဘာဝတို့ကို ကောင်းစွာ နားလည်နိုင် ပေတော့မည်။

## နတ္ထိနှင့် ဝိဂတ၊ အတ္ထိနှင့် အဝိဂတတို့သည် အရတူနှစ်မျိုးပမာ

'နတ္ထိ' သဒ္ဒါသည် 'အတ္ထိ'နှင့် ဆန့်ကျင်ဘက်ဖြစ်ပြီး 'မရှိခြင်း၊ ထင်ရှားမရှိခြင်း'ဟု အဓိပ္ပါယ်ရှိ၏။ ငြိမ်းသွားလေပြီးသော ဆီမီးသည် (ဝါ) ဆီမီးငြိမ်းသွားခြင်းသည် အမိုက်အမှောင် ဖြစ်ရန် အခွင့်ပေးသကဲ့သို့ ထို့အတူ ရှေးရှေးတရားတို့က မိမိတို့ မရှိခြင်းမျှဖြင့် နောက်နောက် တရားတို့အား ဖြစ်ရစ်စေရန် ကျေးဇူးပြုခြင်းသည် နတ္ထိပစ္စည်းမည်၏။ မရှိဘဲနှင့် ကျေးဇူးပြုခြင်း ဟု ဆိုလို၏။

ထို့ကြောင့် ချုပ်ပျောက်လေပြီးသော ရှေးရှေးစိတ်၊ စေတသိက်ဟူသော နာမ်တရား တို့သည် မိမိတို့ မရှိတော့ခြင်းဖြင့် နောက်နောက် စိတ်၊ စေတသိက် နာမ်တရား အသစ်၊ အသစ်တို့အား ဖြစ်ရစ်စေရန် နတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည် (ဝါ) ဖြစ်ခွင့်ပေးသည်။

'ဝိဂတ' သဒ္ဒါလည်း 'အဝိဂတ'နှင့် ဆန့်ကျင်ဘက်ဖြစ်ပြီး 'ချုပ်ကင်းခြင်း ကင်းပျောက် ခြင်းဟု အဓိပ္ပာယ်ရှိ၏။ ချုပ်ငြိမ်းသွားသော နေရောင်သည် (ဝါ) နေရောင်၏ ပျောက်ကင်း သွားခြင်းသည် လရောင်ဖြစ်ဖို့ရာ ကျေးဇူးပြုသကဲ့သို့ ထို့အတူပင် ရှေးရှေးနာမ်တရားတို့က မိမိတို့ ချုပ်ကင်းကွယ်ပျောက်မှုဖြင့် နောက်နောက် နာမ်တရားစုအား ဖြစ်ခွင့်ပေးမှု ကျေးဇူး ပြုခြင်းသည် ဝိဂတပစ္စည်းမည်၏။

ထို့ကြောင့် ချုပ်ပျောက်လေပြီးသော ရှေးရှေးစိတ်, စေတသိက် နာမ်တရားတို့သည် မိမိတို့ ချုပ်ငြိမ်း ပျောက်ကင်းသွားခြင်းဖြင့် နောက်နောက် စိတ်၊ စေတသိက် နာမ်တရား အသစ်၊ အသစ်တို့အား ဝိဂတပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည် (ဝါ) ဖြစ်ခွင့်ပေးသည်။

## သဘောလက္ခဏာ တူညီသော်လည်း သတ္တိကား မတူညီ

နတ္ထိနှင့် ဝိဂတပစ္စည်းတို့သည် ကျေးဇူးပြုပုံ သဘောလက္ခဏာအားဖြင့် တူညီနေကြသော်လည်း သတ္တိအားဖြင့်ကား မတူညီကြပါ။ နတ္ထိသဘောသည် ချုပ်ပြီးသည့် အခြားမဲ့၌ ကင်းဆိတ်ခြင်း ဘာမျှမရှိတော့ခြင်း သဘောဖြစ်ပါသည်။ ဝိဂတ သဘောကား ချုပ်ကင်းမှုတည်း။ ချုပ်ပြီးနောက် ရှိခြင်း၊ မရှိခြင်းမှာ ဝိဂတသတ္တိ၏ တာဝန်မဟုတ်။ နတ္ထိ၏ တာဝန်တည်း။ မူလဋီကာ၌လည်း ထိုသဘောမျိုးကိုပင် ဆိုထားလေ၏။

မရှိခြင်းမျှဖြင့် ကျေးဇူးပြုနိုင်ခြင်းသည် နတ္ထိပစ္စည်းမည်၏။ (အထည်ကိုယ်သဘောမှ မကင်းချုပ်သေးခြင်းကြောင့် ဖြစ်ခွင့်မရကုန်သော နောက်နောက် တရားတို့အား) အထည်ကိုယ်သဘောမှ ကင်းချုပ်ခြင်းဖြင့် ကျေးဇူးပြုနိုင်ခြင်းသည် ဝိဂတပစ္စည်းမည်၏။ ချုပ်ပြီးသည့် အခြားမဲ့၌ ကင်းဆိတ် (မရှိ) ခြင်းသည် နတ္ထိမည်၏။ ချုပ်ခြင်းသို့ရောက်ခြင်း (ချုပ်သွားခြင်း)သည် ဝိဂတပစ္စည်းမည်၏။ ဤကား ပစ္စည်းနှစ်ပါး၏ သတ္တိထူးခြား ပုံတည်း။

## ပုဂ္ဂလဇ္ဈာသယအားဖြင့် ဟောတော်မူသည်

အချို့ကမူ "နတ္ထိနှင့် ဝိဂတ၊ အတ္ထိနှင့် အဝိဂတတို့ကို ဒေသနာဝိလာသ၊ ပုဂ္ဂလဇ္ဈာသယအားဖြင့် အရတူပါလျက် ဘုရားရှင်က နှစ်မျိုးဟောတော်မူသည်ဟု ဆိုကြ၏။ ယင်းပစ္စည်းနှစ်မျိုးစလုံးသည် သတ္တိချင်းလည်း တူသည်ဟု ယူလိုဟန်ရှိ၏။

သို့သော် စင်စစ်မှာ အထက်ကပြခဲ့သည့်အတိုင်း နတ္ထိသတ္တိနှင့် ဝိဂတသတ္တိ၊ အတ္ထိသတ္တိနှင့် အဝိဂတသတ္တိတို့ ကွဲပြားလေသည်သာတည်း။ ဤသို့ နက်နဲခက်ခဲလှစွာ နှိုက်နှိုက်ချွတ်ချွတ် ရှေးဆရာကြီးတို့က အဓိပ္ပာယ် ကောက်ယူကြလေသည်။ မည်သို့ပင်ဖြစ်စေ သဘောတရား တစ်မျိုးကို လူအများစုက နားလည်နိုင်သည့် ဝေါဟာရနှစ်မျိုး၊ သုံးမျိုး၊ လေးမျိုးစသည်ဖြင့် ပြောဆိုဟောကြားလေလျှင် ယင်းသဘော၊ ယင်း၏ အဓိပ္ပာယ် အတိအကျအပြည့်အစုံကို မတိမ်းမစောင်း နားလည်နိုင်စေခြင်းအား များစွာ ထောက်ကူ ကျေးဇူးပြုသည်ဟူ၍ မှတ်ယူရာ၏ဟု ဆရာကြီးဦးမြင့်ဆွေက ပဋ္ဌာန်းမဟာကျမ်း၌ ဖော်ပြထားပါသည်။

## အနန္တရမျိုးဖြစ်သည့် နတ္ထိပစ္စည်း

နတ္ထိပစ္စည်း၌ ရုပ်တရား မပါဝင်ပေ။ "*သမနန္တရနိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ၊* တဆက်တည်းဖြစ်ပြီး ပျက်သွားသော စိတ် စေတသိက် နာမ်တရားတို့သည်။ *ပဋ္စုပ္ပန္နာနံ၊* မိမိတို့နောက်မှ ဖြစ်ကုန်သော။ *စိတ္တ စေတသိကာနံ ဓမ္မာနံ၊* စိတ် စေတသိက် နာမ်တရားတို့အား။

---

**ကျမ်းညွှန်း** * ဆရာကြီးဦးမြင့်ဆွေ၏ ပဋ္ဌာန်းမဟာကျမ်း

*နတ္ထိပစ္စယေန ပစ္စယော၊* မရှိဘဲ ကျေးဇူးပြုပေ၏”ဟု နတ္ထိပစ္စည်းကို ပစ္စယနိဒ္ဒေသ၌ အကျဉ်း ဟောတော်မူပါသည်။ အနန္တရမျိုးဖြစ်သည့် နတ္ထိပစ္စည်းက နာမ်ကို နာမ်ချင်း မရှိဘဲ ကျေးဇူး ပြုပါသည်။

၂၄-ပစ္စည်းထဲတွင် အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ အာသေဝန၊ ကမ္မ၊ နတ္ထိနှင့် ဝိဂတဟူ၍ အနန္တရပစ္စည်း ၇-ပါး ရှိပါသည်။ သဟဇာတက ဥပါဒ်၊ ဋီ၊ ဘင်အားဖြင့် ထင်ရှားရှိပြီး ကျေးဇူးပြုသည့် အတ္ထိမျိုးဖြစ်သည်။ အတူတကွဖြစ်သည့် သဟဇာတမျိုး ဖြစ်ပါသည်။ အနန္တရမျိုးထဲက နတ္ထိပစ္စည်းမှာမူ မရှိတော့မှသာ ကျေးဇူးပြုပါသည်။

နာမ်တရားတစ်ခုက ဥပါဒ်၊ ဋီ၊ ဘင်အားဖြင့် ဖြစ်ပျက်သွားပြီးနောက် နာမ်တရားများ အဆက်မပြတ် ဖြစ်နေနိုင်ရန် ကျေးဇူးပြုတတ်သောကြောင့် နတ္ထိပစ္စည်းသည် အနန္တရမျိုး ဖြစ်ပါသည်။

## အနန္တရနှင့် နတ္ထိတို့၏ ထူးခြားချက်

အနန္တရပစ္စည်းနှင့် နတ္ထိပစ္စည်းက အကြောင်းတရားလည်းတူတူ၊ အကျိုးတရားလည်း တူတူ ဖြစ်ကြပါသော်လည်း ကျေးဇူးပြုပုံ မတူကြပေ။ အနန္တရပစ္စည်း၏ ကျေးဇူးပြုပုံက ရှေးကဖြစ်သည့် စိတ်များနှင့် နောက်ကဖြစ်သည့် စိတ်များအကြားဝယ် အကြားအလပ်မရှိ ကျေးဇူးပြုပါသည်။ နတ္ထိက ဥပါဒ်၊ ဋီ၊ ဘင်အားဖြင့် ဖြစ်ပျက်သွားပြီး နောက်နာမ်တရားများ အဆက်မပြတ် ဖြစ်နေနိုင်ရန် ကျေးဇူးပြုပါသည်။

တစ်နည်းဆိုရသော် ရှေးရှေးစိတ် မရှိတော့သည့်နောက် နောက်နောက်စိတ်တို့ ဖြစ်ခွင့်ရသည်၊ ဤတွင် ရှေးရှေးစိတ်တို့ မရှိခြင်းအားဖြင့် နောက်နောက်စိတ်အား နတ္ထိပစ္စည်းက ဖြစ်ခွင့်ပေးခြင်းအားဖြင့် ကျေးဇူးပြုခြင်းကို ဆိုလိုပါသည်။


## စိတ္တနိယာမအစဉ် Mental Process

နတ္ထိပစ္စည်းသည် အနန္တရမျိုးဖြစ်သဖြင့် ဝီထိအစဉ်ဖြင့် လေ့လာသင့်ပါသည်။

| | | |
|---|---|---|
| ဘဝင် | - | Stream of bhavanga |
| အတီတဘဝင် | - | Past bhavanga |
| ဘဝင်္ဂစလန | - | Vibrational bhavanga |
| ဘဂ်ုပစ္ဆေဒ | - | Arrest bhavanga |
| ပဉ္စဒွါရာဝဇ္ဇန်း | - | Five-door adverting |

| | | |
|---|---|---|
| စက္ခုဝိညာဉ် | - | Eye-consciousness |
| သမ္ပဋိစ္ဆိုင်း | - | Accepting (Receiving) |
| သန္တီရဏ | - | Investigating |
| ဝုဋ္ဌော | - | Decision (Determining) |
| ဇော- ၇ ကြိမ် | - | mental impulsions/ (Javana) |

တဒါရုံ -၂ ကြိမ် တို့သည် ရှေ့နောက် ဥပါဒ်၊ ဌီ၊ ဘင် ဖြစ်၊ တည်၊ ပျက် အစဉ်အတိုင်း ဖြစ်ကြသည်ကို စိတ္တနိယာမဟု ခေါ်ပါသည်။




## အဘိဓမ္မာတရား ဟောကြားပုံမှာ

မြတ်စွာဘုရားရှင်တော်မြတ်သည် နူးညံ့သိမ်မွေ့ နက်နဲခက်ခဲလှသော တရားတို့ကို အဓိပ္ပာယ်ဆင်တူ ဝေါဟာရများစွာတို့ဖြင့် တန်ဆာဆင်ပြီး အဘိဓမ္မပိဋကတ်၌ ဟောတော်မူထား၏။ အဓိပ္ပာယ်ထပ်ဆင့် ရှင်းပြဘိသကဲ့သို့ရှိ၍ အဓိပ္ပာယ်ရင်း, အဓိပ္ပာယ်မှန်ကို တိကျစွာ သိနိုင်ရေး၌ များစွာ အထောက်အကူပြု၏။ ထို့ကြောင့် အဘိဓမ္မာတရားဟောကြားပုံမှာ 'ရေပက်မဝင်နိုင်အောင် ဆိုသလို၊ ဆင်ခြေဆင်လက်တို့ဖြင့် ချေဖျက်၍ မနိုင်အောင် 'ဟာကွက်၊ ပျော့ကွက်တွေမရှိ အဘက်ဘက်တွင် ပြည့်စုံခိုင်လုံပြီး အလွန်ပင် တိကျလှပေသည်ဟု ဆရာကြီးဦးမြင့်ဆွေက ပဋ္ဌာန်းမဟာကျမ်း၌ ဖော်ပြထားပါသည်။

## နတ္ထိပစ္စည်း၏ သချာ်

နတ္ထိပစ္စည်း၏သချာ်မှာ - ၇ ဖြစ်ပါသည်။ ထို့ကြောင့် "နတ္ထိယာ သတ္တ" ဟု မှတ်သား နိုင်ပါသည်။ ထိုသချာ်ကို အောက်ပါအတိုင်း လေ့လာနိုင်ပါသည် -

### ကုသလ သချာ်-၂

(၁) ကု-ကု (၂) ကု-ဗျာ

**အကုသလ သချ်ာ-၂**

(၁) အကု-အကု (၂) အကု-ဗျာ

**အဗျာကတ သချ်ာ-၃**

(၁) ဗျာ-ဗျာ (၂) ဗျာ-ကု (၃) ဗျာ-အကု

**Mind to Mind**

နတ္ထိပစ္စည်းသည် နာမ်တရားက နာမ်တရား (Mind to Mind) ကို ကျေးဇူးပြုသော ပစ္စည်း ဖြစ်သည်။

## ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန်ဟူသော အကျိုးတရား


ပစ္စယဟူသော အကြောင်းတရားမှာ - စိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါး တို့ဖြစ်သည်။

ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - စိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါး ဖြစ်သည်။နတ္ထိပစ္စည်းသည် အနန္တရမျိုး၌ ပါဝင်၏။

## ၂၃။ ဝိဂတပစ္စယော

## Daily life Paṭṭhāna

### Vigata Paccayo *(Disappearance condition)*




*ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဝိဂတပစ္စယေန ပစ္စယော။ (ကု၊ ကု-၁)*

ကုသိုလ်တည်းဟူသော အကြောင်းဓမ္မသည် ကုသိုလ်တည်းဟူသော အကျိုးဓမ္မအား ဝိဂတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

### ကင်းကွာသောအားဖြင့် ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည်

The *'Vigata Paccaya'* means disappearance condition. It is compared to the disappearance of the sun at night. When the sun goes down, there is darkness. The disappearance of the sun makes it possibles for darkness to arise.



'နေရောင်ကွယ်ပျောက်၊ လရောင်ရောက်သို့' ဟု ရှေးဆရာမြတ်တို့က ဥပမာပြုတော်မူသည်နှင့်အညီ အမှောင်ကင်းပျောက် ကင်းကွာသွားသည့်အခါ အရုဏ်အရောင် ဖြစ်ပေါ်လာသကဲ့သို့ ရှေးရှေးစိတ်၊ စေတသိက်၊ နာမ်တရားများသည် ပျောက်သွားခြင်း၊ ကင်းကွာ

သွားခြင်းဖြင့် နောက်နောက်စိတ်၊ စေတသိက်၊ နာမ်တရားများအား ဖြစ်ပေါ်ခွင့်ရအောင် ကျေးဇူးပြုသည်။

ဝိဂတ၏ အဓိပ္ပါယ်မှာကင်းကွာခြင်း Disappearance ဟု ယူရပါမည်။ ရှေးဆရာမြတ်တို့က ဥပမာပြုသည်မှာ နေရောင်ကင်းပျောက်ခြင်းသည် လရောင်ထွန်းလင်းလာရန် ကျေးဇူးပြုသကဲ့သို့ ရှေ့ရှေ့ နာမ်တရားအစုတို့က မိမိတို့ ချုပ်ကွယ်ကင်းပျောက်ခြင်းသည် နောက်နောက် နာမ်တရားအစုတို့အား ဖြစ်ခွင့်ပေးခြင်းဖြင့် ဝိဂတပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

မြတ်စွာဘုရားရှင်တော်မြတ်က အဘိဓမ္မပိဋကတ်တော်၌ အဓိပ္ပါယ်ဆင်တူ ဝေါဟာရများစွာတို့ဖြင့် တန်ဆာဆင်ပြီး အဓိပ္ပာယ် ထပ်ဆင့် ရှင်းပြတော်မူသည့်နှယ် ဟောကြားတော်မူထားပါသည်။

## ဆရာမြတ်တို့၏အမြင်

ထို့ကြောင့် အချို့ဆရာမြတ်များက နတ္ထိနှင့် ဝိဂတ၊ အတ္ထိနှင့် အဝိဂတတို့သည် အရတူနှစ်မျိုး၊ နှစ်တွဲ ဖြစ်ပါသည်။ ဘုရားရှင်မှ ဝေါဟာရကွဲပြားစွာ ဟောတော်မူခြင်းသည် အချို့သောနတ်ပြဟ္မာတို့က ဝိဂတနှင့် အဝိဂတဖြင့် ဟောမှနားလည်နိုင်ပြီး၊ အချို့ကမူ အတ္ထိနှင့် နတ္ထိပစ္စည်းဖြင့် ဟောတော်မူမှ နားလည်နိုင်မည်ဖြစ်သောကြောင့် ပုဂ္ဂလဇ္ဈာသယ အားလျော်စွာသာ ဖြစ်ကြောင်း ထောက်ပြတော်မူကြသည်။

တစ်ဖန် အချို့ဆရာမြတ်များကမူ နတ္ထိသဘောသည် ချုပ်ပြီးသည်၏ အခြားမဲ့၊ ဘာမျှမရှိခြင်းသဘောဖြင့် ကျေးဇူးပြုခြင်းဖြစ်ပြီး ဝိဂတမှာမူ ကင်းသည့်အနေဖြင့် ကျေးဇူးပြုခြင်းဖြစ်ကြောင်း ညွှန်ပြတော်မူကြပါသည်။

ဆရာကြီးဦးမြင့်ဆွေ၏ ပဋ္ဌာန်းမဟာကျမ်း၌လည်း ရှေးရှေးနာမ်တရားအဟောင်းအဟောင်းတို့က နောက်နောက် နာမ်တရားအသစ်အား အနမတဂ္ဂသံသရာမှစ၍ နိဗ္ဗာန်မျက်မှောက်ပြုသည့်တိုင် 'မြစ်ရေအလျဉ်ကဲ့သို့' လည်းကောင်း၊ 'လှည်းဘီးစက်ကဲ့သို့' လည်းကောင်း ခဏမခြား မရပ်မနား ဖြစ်ဖြစ်နေကြစေရန် အနန္တရသတ္တိ၊ သမနန္တရသတ္တိ၊ နတ္ထိသတ္တိ၊ ဝိဂတသတ္တိတို့ဖြင့် ကျေးဇူးပြုနေကြကုန်၏။

ဤပစ္စည်းလေးပါးတို့ကို ကောင်းစွာ လေ့လာသဘောပေါက်လျှင် နာမ်တရားတို့၏ ထူးဆန်းအံ့ဘွယ် သဘောသဘာဝတို့ကို ကောင်းစွာ နားလည်နိုင်ပေမည်ဟု ဖွင့်ဆို ရေးသားထားပါသည်။

---

**ကျမ်းညွှန်း** * ဦးမြင့်ဆွေ မဟာဝိဇ္ဇာ (လန်ဒန်) ၏ ပဋ္ဌာန်းမဟာ

## နတ္ထိပစ္စည်းနှင့် ဝိဂတပစ္စည်းအထူး

နတ္ထိပစ္စည်းသည် မိမိတို့၏အမိအဖများသည် သေခါနီးသောအခါ၌ မိမိတို့အား “ ငါတို့သေခဲ့လျှင် ကျန်သောပစ္စည်းဥစ္စာများကို ငါ့သား ငါ့သမီးများ ယူရစ်ကြပေတော့”ဟု ဩကာသဒါနကြီး ထားပြီးပေးသွားသကဲ့သို့ ‘ငါတည်းဟူသော ပဋ္ဌဒွါရာဝဇ္ဇန်း ချုပ်သွားခဲ့လို့ ရှိရင် မင်းတည်းဟူသော စက္ခုဝိညာဏ်တို့ ဖြစ်ကြပေတော့’လို့ မပြောသော်လည်း ပြောသကဲ့သို့ အခွင့်အခါ ဟု ဆိုအပ်သော ဩကာသသတ္တိကိုပေး၍ ကျေးဇူးပြု၏။

ဝိဂတပစ္စည်းမှာမူ မိမိတို့၏မိဘများသည် သေခါနီးသောအခါ၌ မိမိတို့အား ငါတို့ မရှိသည့်နောက် ငါတို့၏ပစ္စည်းဥစ္စာများကို ယူရစ်ကြတော့ဟု ဆိုအပ်တဲ့ ဩကာသဒါနကို မပေးခဲ့ပါသော်လည်း မိဘများ မရှိသည့်နောက် အမွေအနှစ်ဖြစ်ပါ၍ သားသမီးများ ရသကဲ့သို့ ပဋ္ဌဒွါရာဝဇ္ဇန်းကလေး ချုပ်ပျောက်သွားပြီးနောက် ‘ငါမရှိသည့်နောက် မင်းတည်း ဟူသော စက္ခုဝိညာဏ်တို့ ဖြစ်ကြပေတော့’ဟု ဩကာသဒါနကိုလည်း မပေးခဲ့ပါဘဲ သူတည်း ဟူသော စက္ခုဝိညာဏ်ကလေးမှာ ၎င်းပဋ္ဌဒွါရာဝဇ္ဇန်းကလေး ချုပ်သွားပြီးသည့်နောက် မိမိမှာ ဖြစ်ခြင်းငှာ သက်ဆိုင်နေသောကြောင့် ဖြစ်ရပြီးလျှင် ကျေးဇူးပြုသွားပေ၏ဟု အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ပဋ္ဌာန်းညဝါမှတ်စု၌ ဤသို့နားလည်လွယ်သည့် ဥပမာတို့ဖြင့် ဖော်ပြပါရှိပါသည်။

## ဝိဂတပစ္စည်း၏ သင်္ချာ

ဝိဂတပစ္စည်း၏သင်္ချာမှာ - ၇ ဖြစ်ပါသည်။ ထို့ကြောင့် “ဝိဂတေ သတ္တ”ဟု မှတ်သား နိုင်ပါသည်။ ထိုသင်္ချာကို အောက်ပါအတိုင်း လေ့လာနိုင်ပါသည် -

**ကုသလ သင်္ချာ-၂**

(၁) ကု-ကု (၂) ကု-ဗျာ

**အကုသလ သင်္ချာ-၂**

(၁) အကု-အကု (၂) အကု-ဗျာ

**ကျမ်းညွှန်း** ∗ အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ သုံးချက်စု ချုပ်ပို့စဉ် အဘိဓမ္မာပဋ္ဌာန်း ညဝါမှတ်စုစာအုပ် သုံးချက်စု ချုပ်ပို့စဉ်။

## အဗျာကတ သချ်ာ-၃

(၁) ဗျာ-ဗျာ (၂) ဗျာ-ကု (၃) ဗျာ-အကု

## Mind to Mind

ဝိဂတပစ္စည်းသည် နာမ်တရားက နာမ်တရား (Mind to Mind) ကို ကျေးဇူးပြုသော ပစ္စည်း ဖြစ်သည်။

## ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား

ပစ္စယဟူသော အကြောင်းတရားမှာ - စိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါး တို့ဖြစ်သည်။

ပစ္စယုပ္ပန္နဟူသော အကျိုးတရားမှာ - စိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါး တို့ဖြစ်သည်။


ဝိဂတပစ္စည်းသည် အနန္တရမျိုး၌ ပါဝင်၏။

၁။ အနန္တရ၊
၂။ သမနန္တရ၊
၃။ အနန္တရူပနိဿယ၊
၄။ အာသေဝန၊
၅။ နာနာက္ခဏိကကမ္မ၊
၆။ နတ္ထိ၊
၇။ ဝိဂတ - ပေါင်း (၇)ပါး ဖြစ်ပါသည်။

# ၂၄။ အဝိဂတပစ္စယော

# Daily life Paṭṭhāna

## Avigata Paccayo *(Non-disappearance condition)*





*ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အဝိဂတပစ္စယေန ပစ္စယော။ (ကု၊ ကု-၁)*

ကုသိုလ်တည်းဟူသော အကြောင်းဓမ္မသည် ကုသိုလ်တည်းဟူသော အကျိုးဓမ္မအား အဝိဂတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

## မကင်းကွာသောအားဖြင့် ကျေးဇူးပြုသောပစ္စည်းဖြစ်ပါသည်

The *'Avigata Paccayo'* means non-disappearance condition.It is compared to the ocean where fish delight. That means so long as there is an ocean, then the fish can live in the ocean. It serves as their place, as their domain while it is existing. When the ocean dries up, it is no longer a place for fish to live.



'သမုဒ်နက်ရေ၊ ငါးလိပ်တွေကို၊ မကင်းလေဘဲ၊ ထောက်ပံ့နဲ့သို့' ဟုဖွင့်ဆိုတော်မူသည် နှင့်အညီ ပင်လယ်သမုဒ္ဒရာရေများသည် ငါး၊ လိပ်၊ မကာရ်း စသော ရေနေသတ္တဝါများကို

မကင်းမကွာဖြစ်၍ ကျေးဇူးပြုသကဲ့သို့ သဟဇာတအဝိဂတ၊ ပုရေဇာတအဝိဂတ၊ ပစ္ဆာဇာတအဝိဂတ၊ အာဟာရအဝိဂတ၊ ဣန္ဒြိယအဝိဂတဟူသော အဝိဂတ (၅)မျိုးဆိုင်ရာ ရုပ်နာမ်တရားတို့သည် ယှဉ်ဖော်ယှဉ်ဖက် ရုပ်နာမ်တရားတို့အား ပစ္စုပ္ပန်သဘောဖြစ်သော မကင်းမကွာသောအားဖြင့် ကျေးဇူးပြုကြသည်။

## အတ္ထိနှင့် အဝိဂတ အဓိပ္ပါယ်ရှင်းလင်းချက်

'အတ္ထိ' သဒ္ဒါသည် 'ထင်ရှားရှိနေခြင်း' အနက်ကို ဟော၏။ ထင်ရှားရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သော သတ္တိသည် အတ္ထိပစ္စည်းမည်၏။ ထို့ကြောင့် အတ္ထိပစ္စည်း၌ ပစ္စည်းပစ္စယုပ္ပန် တရားနှစ်မျိုးလုံးပင် ပစ္စုပ္ပန်အခိုက်၌ (ဝါ) ကျေးဇူးပြုခိုက်၌ ထင်ရှားရှိနေရမည်။ 'ပစ္စုပ္ပန်အခိုက်၌ ထင်ရှားရှိနေရမည်' ဟူသည် ဥပါဒ် (ဖြစ်) အခိုက်မှာ ဖြစ်စေ၊ ဌီ (တည်) အခိုက်မှာဖြစ်စေ၊ ဘင် (ပျက်) အခိုက်မှာဖြစ်စေ ခဏသုံးပါးလုံး၌ ထင်ရှားနေရမည်ဟု ဆိုလိုသည်။

'အဝိဂတ'ပစ္စည်းသည် အတ္ထိပစ္စည်းနှင့် (ပစ္စည်း၊ ပစ္စယုပ္ပန်) တရားကိုယ် အရကောက်အားဖြင့် အားလုံး တူညီသည်။ အဝိဂတပစ္စည်း၏ သဘောသည် အတ္ထိပစ္စည်း၏ သဘောကို အဓိပ္ပါယ်ရှင်းပြရာ၌ များစွာ အထောက်အကူပြုသဖြင့် ဤပစ္စည်းနှစ်ခု၏ သဘောအဓိပ္ပါယ်ကို ပေါင်း၍ လေ့လာက ပို၍ အကျိုးရှိပေသည်။

တစ်နည်းအားဖြင့်လည်း ပရမတ္ထအနေဖြင့် ထင်ရှားရှိနေသောအားဖြင့် ကျေးဇူးပြုတတ်သော သတ္တိကို အတ္ထိပစ္စည်းဟု ခေါ်၍၊ ပရမတ္ထသဘောမှ မကင်းမချုပ်သေးသောအားဖြင့် (ဝါ) မကွေမကွာ ပစ္စုပ္ပန်ရှိနေဆဲအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော သတ္တိကို အဝိဂတပစ္စည်းဟု ခေါ်သည်။ ဤသို့လျှင် ဤပစ္စည်း နှစ်ခုအနက်၊ တစ်ခု၏ သဘောအဓိပ္ပာယ်က အခြားတစ်ခု၏ သဘောအဓိပ္ပာယ်ကို ထပ်ဆင့် ရှင်းပြဘိသကဲ့သို့ ရှိလေသည်။

ပစ္စည်းသဘောကို ဥပမာပေးရာ၌လည်း အဝိဂတပစ္စည်းကို မဟာသမုဒ္ဒရာနှင့် တူ၏ဟု ရှေးဆရာတို့ ဥပမာပြကြ၏။ မဟာသမုဒ္ဒရာသည် မိမိ၌တည်ရှိသော ငါး လိပ် စသည်တို့အား မိမိမကင်းသေး၊ မကုန်ခန်းသေးသမျှ အေးအေးမြမြ တည်နေနိုင်ကြဖို့ရာ ကျေးဇူးပြုသကဲ့သို့ ထို့အတူပင် အဝိဂတပစ္စည်းသည်လည်း မိမိမကင်းသေး၊ မချုပ်ပျောက်သေးသည်၏အဖြစ်ဖြင့် ကျေးဇူးပြုသည်ဟု ဆိုလိုသည်။ အတ္ထိပစ္စည်း၌ မြေကြီးနှင့် သစ်ပင် (ပစ္စည်းနှင့် ပစ္စယုပ္ပန်) နှစ်ဘက်လုံး ထင်ရှားရှိနေကြမှသာ ကျေးဇူးပြုနိုင်သကဲ့သို့ ဤအဝိဂတပစ္စည်း၌လည်း မဟာသမုဒ္ဒရာနှင့် ငါးလိပ်ပစ္စည်းနှင့် ပစ္စယုပ္ပန် နှစ်ဘက်လုံး မပျက်သုဉ်းကြသေးသောအခါမှသာ ကျေးဇူးပြုနိုင်သည်။

## အဝိဂတပစ္စည်းနှင့် အတ္ထိပစ္စည်းက သဘောချင်းတူညီ

အကျိုးအကြောင်း အတူတကွဖြစ်ပါက = သဟဇာတပစ္စည်း။
အကျိုးမဖြစ်ထွန်းမီ ကြိုတင်ဖြစ်ပါက = ပုရေဇာတပစ္စည်း။
အကျိုးပစ္စယုပ္ပန်တရား ဖြစ်ပေါ်နေချိန်မှာ အကြောင်းပစ္စည်းတရားက မချုပ်ပျောက်သေးဘဲ ကျေးဇူးပြုသည့်ပစ္စည်းက = အတ္ထိပစ္စည်း။
တစ်နည်းအားဖြင့် အကျိုးတရားဖြစ်နေချိန်၌ပင် အကြောင်းတရားက မကင်းမကွာ ကျေးဇူးပြုနေသောကြောင့် = အဝိဂတပစ္စည်း။
အဝိဂတပစ္စည်းနှင့် အတ္ထိပစ္စည်းက သဘောချင်း တူပါသည်။
*'ဖြစ်စေ၊ တည်စေ ဤနှစ်ထွေ ခေါ်လေကျေးဇူးပြု'*
ဖြစ်စေသည်ကို 'ကျေးဇူးပြုတာ' သည် = ဇနကသတ္တိ Producing cause.
တည်စေသည်ကို 'ကျေးဇူးပြုတာ'သည် = ဥပတ္ထမ္ဘကသတ္တိ Supporting cause.

## အဝိဂတပစ္စည်း၏ မျိုးကွဲများ

အဝိဂတပစ္စည်းသည် "သဟဇာတ၊ ပုရေဇာတ၊ ပစ္ဆာဇာတ၊ အာဟာရ၊ ဣန္ဒြိယ" ဟူသော ပစ္စည်းငါးမျိုးတို့နှင့် ဆက်စပ်လျက်ရှိ၏။ ထို့ကြောင့် အဝိဂတပစ္စည်းသည် ထိုထို ပစ္စည်းငါးမျိုးထဲကပင် ပစ္စုပ္ပန်အနေ ထင်ရှား တင်းလင်းရှိဆဲအဖြစ်ဖြင့် ကျေးဇူးပြုသော ပစ္စည်းတရားမျိုးကို စုပေါင်း၍ပြသော ပစ္စည်းဖြစ်သည်။

(၁) သဟဇာတပစ္စည်းနှင့်တူသော အဝိဂတပစ္စည်းကို 'သဟဇာတအဝိဂတ' ဟူ၍ လည်းကောင်း၊
(၂) ပုရေဇာတပစ္စည်းနှင့်တူသော အဝိဂတပစ္စည်းကို 'ပုရေဇာတအဝိဂတ' ဟူ၍ လည်းကောင်း၊
(၃) ပစ္ဆာဇာတပစ္စည်းနှင့်တူသော အဝိဂတပစ္စည်းကို 'ပစ္ဆာဇာတအဝိဂတ 'ဟူ၍ လည်းကောင်း၊
(၄) အာဟာရပစ္စည်းနှင့်တူသော အဝိဂတပစ္စည်းကို 'အာဟာရအဝိဂတ' ဟူ၍ လည်းကောင်း၊
(၅) ဣန္ဒြိယပစ္စည်းနှင့်တူသော အဝိဂတပစ္စည်းကို 'ဣန္ဒြိယအဝိဂတ' ဟူ၍ လည်းကောင်း အကျဉ်းအားဖြင့် အဝိဂတပစ္စည်း မျိုးကွဲအမည် ငါးပါးရှိလေသည်။ အဓိပ္ပါယ်မှာ-

(၁) သဟဇာတအဝိဂတ- အတူတကွဖြစ်၍ ထင်ရှားရှိသည်ဖြစ်၍ ကျေးဇူးပြုခြင်း၊
(၂) ပုရေဇာတအဝိဂတ- ရှေးဦးစွာ ဖြစ်နှင့်၍ ထင်ရှားရှိသည်ဖြစ်၍ ကျေးဇူးပြုခြင်း၊
(၃) ပစ္ဆာဇာတအဝိဂတ- နောက်မှဖြစ်၍ ထင်ရှားရှိသည်ဖြစ်၍ ကျေးဇူးပြုခြင်း၊

(၄) အာဟာရအဝိဂတ- လွန်စွာဆောင်၍ ထင်ရှားရှိသည်ဖြစ်၍ ကျေးဇူးပြုခြင်းနှင့်
(၅) ဣန္ဒြိယအဝိဂတ အစိုးရ၍ ထင်ရှားရှိသည်ဖြစ်၍ ကျေးဇူးပြုခြင်းတို့ပေတည်း။

အဝိဂတပစ္စည်း ငါးမျိုးကို ဆက်၍ ရှင်းဦးအံ့-

(၁) သဟဇာတပစ္စည်းရင်းမှာ တစ်မျိုးတည်းရှိ၍ ယင်းနှင့်တူသော အဝိဂတပစ္စည်းကို 'သဟဇာတအဝိဂတ' ဟူ၍ တစ်ခုတည်းထားသည်။

(၂) ပုရေဇာတပစ္စည်းမှာ 'ဝတ္ထုပုရေဇာတ၊ အာရမ္မဏပုရေဇာတဝတ္ထာရမဏ ပုရေဇာတ' ဟူ၍ မျိုးကွဲသုံးခုရှိရာ၊ ယင်း သုံးမျိုးစလုံးနှင့်တူသောကြောင့် အဝိဂတပစ္စည်းကိုလည်း "ဝတ္ထုပုရေဇာတအဝိဂတ၊ အာရမ္မဏပုရေဇာတအဝိဂတ၊ ဝတ္ထာရမ္မဏ ပုရေဇာတအဝိဂတ'ဟူ၍ အမည်သုံးမျိုးဖြင့် ခွဲပြထားရ၏။

(၃) ပစ္ဆာဇာတပစ္စည်းမှာ တစ်မျိုးတည်းရှိ၍ ယင်းနှင့်တူသော အဝိဂတပစ္စည်းကိုလည်း 'ပစ္ဆာဇာတအဝိဂတ' ဟူ၍ တစ်မျိုးတည်းထားသည်။

(၄) အာဟာရပစ္စည်းမှာ 'ရုပ်အာဟာရ၊ နာမ်အာဟာရ'ဟူ၍ နှစ်မျိုးရှိသော်လည်း၊ နာမ်အာဟာရမှာ သဟဇာတပစ္စည်းမျိုးဖြစ်၍ 'သဟဇာတအဝိဂတ ပစ္စည်းထဲ ပါဝင်ပြီး ဖြစ်သောကြောင့် ယင်းအတွက် 'နာမ်အာဟာရအဝိဂတ'ဟု အမည် သီးခြား မဖော်ပြဘဲ၊ ထူးခြားသော ရုပ်အာဟာရအတွက်သာ 'ရုပ်အာဟာရ အဝိဂတ'ဟု ခွဲ၍ ဖော်ပြခြင်း ဖြစ်၏။

(၅) ဣန္ဒြိယပစ္စည်းမှာလည်း 'သဟဇာတိန္ဒြိယ၊ ဝတ္ထုပုရေဇာတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယ' ဟူ၍ ပစ္စည်းမျိုးကွဲ သုံးခုခွဲထားရာ၊ သဟဇာတိန္ဒြိယသည် သဟဇာတပစ္စည်းထဲ ပါသွားပြီ ဖြစ်၍လည်းကောင်း၊ ဝတ္ထုပုရေဇာတိန္ဒြိယလည်း ဝတ္ထုပုရေဇာတ ပစ္စည်းထဲ ပါသွားပြီဖြစ်၍လည်းကောင်း ယင်းနှစ်မျိုးအတွက် အဝိဂတပစ္စည်း အမည်ကို သီးခြားဖော်မပြတော့ဘဲ၊ ထူးခြားသော ရူပဇီဝိတိန္ဒြိယအတွက်သာ 'ရူပဇီဝိတိန္ဒြိယအဝိဂတ' ဟူ၍ ခွဲခြား ဖော်ပြခြင်း ဖြစ်၏။

## အဝိဂတပစ္စည်း၏ သချာ

အဝိဂတပစ္စည်း၏ သချာမှာ - ၁၃ ဖြစ်ပါသည်။ ထို့ကြောင့် *"အဝိဂတေ တေရသ"* ဟု မှတ်သားနိုင်ပါသည်။ ထိုသချာကို အောက်ပါအတိုင်း လေ့လာနိုင်ပါသည် -

### ကုသလ သချာ-၃

(၁) ကု-ကု (၂) ကု-ဗျာ (၃) ကု-ကု-ဗျာ

### အကုသလ သချာ-၃

(၁) အကု-အကု (၂) အကု-ဗျာ (၃) အကု-အကု-ဗျာ

**အဗျာကတ သချ်ာ-၃**

(၁) ဗျာ-ဗျာ (၂) ဗျာ-ကု (၃) ဗျာ-အကု

**ကုသလာဗျာကတ သချ်ာ -၂**

(၁) ကု-ဗျာ-ကု (၂) ကု-ဗျာ-ဗျာ

**အကုသလာဗျာကတ သချ်ာ -၂**

(၃) အကု-ဗျာ-အကု (၄) အကု-ဗျာ-ဗျာ

## ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရား

### ၁။ သဟဇာတအဝိဂတ

ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရားတို့သည် သဟဇာတ ပစ္စည်းနှင့် တူညီပါသည်။

### ၂။ ပုရေဇာတအဝိဂတ

ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရားတို့သည် ပုရေဇာတ ပစ္စည်းနှင့် တူညီပါသည်။

### ၃။ ပစ္ဆာဇာတအဝိဂတ

ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရားတို့သည် ပစ္ဆာဇာတ ပစ္စည်းနှင့် တူညီပါသည်။

### ၄။ အာဟာရအဝိဂတ

ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရားတို့သည် ရုပ် အာဟာရနှင့် တူညီပါသည်။

### ၅။ ဣန္ဒြိယအဝိဂတ

ပစ္စယဟူသော အကြောင်းတရားနှင့် ပစ္စယုပ္ပန္နဟူသော အကျိုးတရားတို့သည် ရူပဇီဝိတိန္ဒြိယ နှင့် တူညီပါသည်။

အဝိဂတပစ္စည်းသည် သဟဇာတ၊ ဝတ္ထုပုရေဇာတ၊ ပစ္ဆာဇာတ၊ ရုပ်အာဟာရ၊ ရူပ ဇီဝိတိန္ဒြိယမျိုး (၅)ပါး၌ ပါဝင်၏။

# နိဂုံးဆုတောင်း

၁။ သဗ္ဗညုတဉာဏ်တော်၏ ကျယ်ပြန့်စွာ ကျက်စားရာ အာရုံ ဖြစ်သည့်အပြင် အလွန် တရာလည်း ခက်ခဲ နက်နဲလှသော ပဋ္ဌာန်းတရားတော်ကြီးကို သင်ကြားပို့ချသူ၊ သင်ယူ နာကြားသူများမှာ မဟာကုသိုလ် ဉာဏသမ္ပယုတ်ဖြစ်သော ဓမ္မဿဝန၊ ဓမ္မဒေသနာ ကုသိုလ်များကို ရခဲ့ ကြလေပြီ။ မိမိတို့သန္တာန်ဝယ် ဖြစ်ပေါ်ခဲ့သော ထိုကုသိုလ် စိတ္တုပ္ပါဒ် များကို လေးလေးမြတ်မြတ် အာရုံပြု၍ "ငါတို့သည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပါရမီတော်များကို ဖြည့်ကျင့်ပါမှ သဗ္ဗညုတဉာဏ်တော်ဖြင့် ထိုးထွင်း၍ သိအပ်သော ဤပဋ္ဌာန်းတရားတော်ကြီးကို သင်ကြားရ ပို့ချရပေပြီတကား"ဟု ဆင်ခြင် လိုက်သောအခါ "*ပုဗ္ဗေ သုစိဏ္ဏာနိ ဂရုံကတွာ ပစ္စဝေက္ခတိ*" အရ အလေးအမြတ် ပြုအပ်သော ထိုမဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်တို့က ဆင်ခြင်သော မဟာ ကုသိုလ်အား ၁- အာရမ္မဏ၊ ၂- အာရမ္မဏာဓိပတိ နှင့် ၃- အာရမ္မဏူပနိဿယ သတ္တိ များဖြင့် ကျေးဇူးပြုကြပါသည်။

၂။ ထိုတရားနာကြားခြင်းဟူသော ဓမ္မဿဝန မဟာကုသိုလ် ဉာဏ သမ္ပယုတ်ဇော စိတ္တုပ္ပါဒ် ဖြစ်ခိုက်နှင့် တရားဟောကြားခြင်းဟူသော ဓမ္မဒေသနာ မဟာကုသိုလ် ဉာဏ သမ္ပယုတ်ဇော စိတ္တုပ္ပါဒ်ဖြစ်ခိုက်တွင် ထိုဇောတို့တွင် ရှိနေကြသော ဟိတ်သုံးပါး၊ အဓိပတိတရားကိုယ် လေးပါး၊ စေတနာ နာမ်အာဟာရ တရားကိုယ် သုံးပါး၊ နာမ်ဣန္ဒြေ တရားကိုယ် ရှစ်ပါး၊ ဈာနင်တရားကိုယ် ငါးပါး၊ ထိုက်သည့်အားလျော်စွာ ဖြစ်ကြသော မဂ္ဂင်တရားကိုယ် ရှစ်ပါးတို့သည် မိမိတို့နှင့် သမ္ပယုတ်ဖြစ်ကြကုန်သော စိတ္တုပ္ပါဒ်နှင့် စိတ္တဇရုပ်တို့အား -

ကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

ကုသလာ ဓိပတိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

ကုသလာ အာဟာရာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။

ကုသလာ စေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

ကုသလာ ဣန္ဒြိယာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ကုသလာနိ ဈာနင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဈာနပစ္စယေန ပစ္စယော။

ကုသလာနိ မဂ္ဂင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော စသည်ဖြင့် ဟောတော်မူအပ်သော ပါဠိတော်အရ ၁- ဟေတု ၂- သဟဇာတာဓိပတိ ၃- နာမ်အာဟာရ ၄- သဟဇာတကမ္မ ၅- သဟ ဇာတိန္ဒြိယ ၆- ဈာနနှင့် ၇- မဂ္ဂ သတ္တိတို့ဖြင့် ကျေးဇူးပြုကြပါသည်။*

၃။ ထိုတရားနာကြားရခြင်းဟူသော ဓမ္မဿဝန မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇောအခိုက်အတန့်နှင့် တရားဟောကြားခြင်းဟူသော ဓမ္မဒေသနာ မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော အခိုက်အတန့်တို့၌ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် တစ်ပါး၊ စေတသိက် ၃၈-ပါးဟူသော နာမက္ခန္ဓာလေးပါး ဖြစ်ကြရာတွင် တစ်ပါးသောနာမ်ခန္ဓာက သုံးပါးသော နာမ်ခန္ဓာအားလည်းကောင်း၊ သုံးပါးသောနာမ်ခန္ဓာက တစ်ပါးသော နာမ်ခန္ဓာအား လည်းကောင်း၊ နှစ်ပါးသောနာမ်ခန္ဓာက နှစ်ပါးသော နာမ်ခန္ဓာအားလည်းကောင်း -

ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သဟဇာတပစ္စယေန ပစ္စယော။
ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ အညမညပစ္စယေန ပစ္စယော။
ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။
ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သမ္ပယုတ္တပစ္စယေန ပစ္စယော။
ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော။

ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ အဝိဂတပစ္စယေန ပစ္စယော - စသော ဒေသနာတော်အရ ၁- သဟဇာတ ၂- အညမည ၃- သဟဇာတ နိဿယ ၄- သမ္ပယုတ္တ ၅- သဟဇာတတ္ထိနှင့် ၆- သဟဇာတအဝိဂတ သတ္တိများဖြင့် ကျေးဇူးပြုပါသည်။*

၄။ ထိုထိုတရားနာကြားခြင်းဟူသော ဓမ္မဿဝန မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော စိတ္တုပ္ပါဒ်ဖြစ်ခိုက်နှင့် တရားဟောကြားခြင်းဟူသော ဓမ္မဒေသနာ မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော စိတ္တုပ္ပါဒ်ဖြစ်ခိုက်၌ အတူတကွဖြစ်ပေါ်သော စိတ္တဇရုပ်တို့အား ကုသိုလ် နာမက္ခန္ဓာတို့က -

ကုသလာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။
ကုသလာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။
ကုသလာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ နိဿယပစ္စယေန ပစ္စယော။

ကုသလာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော - ဟု ဟောတော်မူသဖြင့် ၁- သဟဇာတ ၂- သဟဇာတနိဿယ ၃- သဟ ဇာတဝိပ္ပယုတ္တ ၄- သဟဇာတတ္ထိနှင့် ၅- သဟဇာတအဝိဂတ သတ္တိများဖြင့် ကျေးဇူးပြုကြပါသည်။*

၅။ ထိုတရားနာကြားခြင်းဟူသော ဓမ္မဿဝန မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော စိတ္တုပ္ပါဒ်ဖြစ်ခိုက်နှင့် တရားဟောကြားခြင်းဟူသော ဓမ္မဒေသနာ မဟာကုသိုလ် ဉာဏ သမ္ပယုတ်ဇော စိတ္တုပ္ပါဒ်ဖြစ်ခိုက်ဝယ် ဖြစ်ပေါ်ကြကုန်သော ပထမဇော စသည်တို့က ဒုတိယဇော စသည် တို့အား -

ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ အာသေဝနပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ နတ္ထိပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ ဝိဂတပစ္စယေန ပစ္စယော - စသော ပါဠိတော်အရ ၁- အနန္တရ ၂- သမနန္တရ ၃- ဥပနိဿယ ၄- အာသေဝန ၅- နတ္ထိ နှင့် ၆- ဝိဂတသတ္တိများဖြင့် ကျေးဇူးပြုကြပါသည်။*

၆။ တပည့်တော်တို့၏ သန္တာန်ဝယ် ဖြစ်နေကြသော ထိုမဟာကုသိုလ် ပထမဇော စသည်တို့သည် မှီရာဝတ္ထု မရှိပါက မဖြစ်နိုင်ကြပါ။ ထို့ကြောင့် ထိုပထမဇော စသည်တို့သည် မိမိတို့၏ ရှေ့ကဖြစ်နှင့်နေကြသော မနောဒွါရဝဇ္ဇန်းနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို မှီကြရသောအခါ ရှေးရှေးဟဒယဝတ္ထုက ထိုပထမဇော စသည်အား -

ဝတ္ထု ကုသလာနံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။

ဝတ္ထု ကုသလာနံ ခန္ဓာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ဝတ္ထု ကုသလာနံ ခန္ဓာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

ဝတ္ထု ကုသလာနံ ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော။

ဝတ္ထု ကုသလာနံ ခန္ဓာနံ အဝိဂတပစ္စယေန ပစ္စယော - ဟူသော ဒေသနာတော်အရ ၁- နိဿယ ၂- ပုရေဇာတ ၃- ဝိပ္ပယုတ္တ ၄- အတ္ထိနှင့် ၅-အဝိဂတ သတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။*

၇။ ထိုတရားနာကြားခြင်းဟူသော ဓမ္မဿဝန မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော စိတ္တုပ္ပါဒ်ဖြစ်ခိုက်နှင့် တရားဟောကြားခြင်းဟူသော ဓမ္မဒေသနာ မဟာကုသိုလ် ဉာဏ သမ္ပယုတ်ဇော စိတ္တုပ္ပါဒ်ဖြစ်ခိုက်ဝယ် ရှိသော ပထမဇောသည် မနောဒွါရဝဇ္ဇန်းနှင့်အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ ရောက်သော စတုဇကာယအား -

ပစ္ဆာဇာတာ ကုသလာ ခန္ဓာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။

ပစ္ဆာဇာတာ ကုသလာ ခန္ဓာ ပုရေဇာတဿ ဣမဿ ကာယဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

ပဏ္ဍာဇာတာ ကုသလာ ခန္ဓာ ပုရေဇာတဿ ဣမဿ ကာယဿ အတ္ထိပစ္စယေန ပစ္စယော။

ပဏ္ဍာဇာတာ ကုသလာ ခန္ဓာ ပုရေဇာတဿ ဣမဿ ကာယဿ အဝိဂတပစ္စယေန ပစ္စယော - ဟု ဟောတော်မူသည့်အတိုင်း ၁- ပစ္ဆာဇာတ ၂- ဝိပ္ပယုတ္တ ၃- အတ္ထိနှင့် ၄- အဝိဂတ သတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။*

၈။ တပည့်တော်တို့၏ သန္တာန်၌ ထိုတရားနာကြားခြင်းဟူသော ဓမ္မဿဝန မဟာကုသိုလ် ဉာဏသမ္ပယုတ် ပထမဇော စိတ္တုပ္ပါဒ်ဖြစ်ခိုက်နှင့် တရားဟောကြားခြင်းဟူသော ဓမ္မဒေသနာ မဟာကုသိုလ် ဉာဏသမ္ပယုတ် ပထမဇောစိတ္တုပ္ပါဒ် ဖြစ်ခိုက်ဝယ် စတုသမုဋ္ဌာနိကရုပ်လည်း ရှိပါသည်။ ထိုစတုသမုဋ္ဌာနိက ရုပ်၌ရှိသည့် စတုဇဩဇာသည် ကလာပ်တူဩဇာကြဉ်သော ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်အား-

ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အာဟာရပစ္စယေန ပစ္စယော။

ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အတ္ထိပစ္စယေန ပစ္စယော။

ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အဝိဂတပစ္စယေန ပစ္စယော - ဟူသော ဒေသနာတော်အရ ၁- အာဟာရ ၂- ရုပ်အာဟာရတ္ထိနှင့် ၃- ရုပ်အာဟာရအဝိဂတ သတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။*

၉။ ထိုနည်းတူစွာ ရုပ်ဇီဝိတိန္ဒြေသည် ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူကမ္မဇရုပ်ကိုးခုအား -

ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ အတ္ထိပစ္စယေန ပစ္စယော။

ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ အဝိဂတပစ္စယေန ပစ္စယော - ဟူသော ဒေသနာတော်အရ ၁- ရူပဇီဝိတိန္ဒြိယ ၂- ရူပဇီဝိတိန္ဒြိယတ္ထိနှင့် ၃- ရူပဇီဝိတိန္ဒြိယအဝိဂတ သတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။*

၁၀။ တပည့်တော်တို့၏ သန္တာန်၌ တရားနာကြားခြင်းဟူသော ဓမ္မဿဝနအခိုက်နှင့် တရားဟောကြားခြင်းဟူသော ဓမ္မဒေသနာအခိုက် တပည့်တော်တို့၏ သန္တာန်ဝယ် ဖြစ်ပေါ်သော မနောဒွါရဝီထိ မဟာကုသိုလ် ပထမဇောအခိုက်၌ နာမက္ခန္ဓာလေးပါးတို့သည် တစ်ပါးက သုံးပါးကို၊ သုံးပါးက တစ်ပါးကို၊ နှစ်ပါးက နှစ်ပါးကို၊ သဟဇာတ သတ္တိဖြင့် ကျေးဇူးပြုပါသည်။ ထိုနာမက္ခန္ဓာသည်ပင် မိမိ၏ ရှေ့၌ရှိနေသော ဟဒယဝတ္ထုကိုမှီသောအခါ ဟဒယဝတ္ထုက ထိုနာမက္ခန္ဓာအား ဝတ္ထုပုရေဇာတသတ္တိဖြင့် ကျေးဇူး

ပြုသဖြင့် သဟဇာတနာမက္ခန္ဓာတစ်ပါးနှင့် ဟဒယဝတ္ထု စသည်က သုံးပါးသော နာမ်ခန္ဓာ စသည်အား -

ကုသလော ဧကော ခန္ဓော စ ဝတ္ထု စ တိဏ္ဏန္နံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။

ကုသလော ဧကော ခန္ဓော စ ဝတ္ထု စ တိဏ္ဏန္နံ ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော။

ကုသလော ဧကော ခန္ဓော စ ဝတ္ထု စ တိဏ္ဏန္နံ ခန္ဓာနံ အဝိဂတပစ္စယေန ပစ္စယော - ဟူသော ဒေသနာတော်အရ သဟဇာတပုရေဇာတမိဿက ဖြစ်ကြသော ၁- နိဿယ ၂- အတ္ထိ နှင့် ၃- အဝိဂတ သတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။*

၁၁။ ထိုမှတစ်ပါး မဟာကုသိုလ် ပထမဇောသည် မနောဒွါရဝဇ္ဇန်းနှင့် အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ရောက်သော ဩဇာက ထိုစတုဇကာယအား ရုပ်အာဟာရသတ္တိဖြင့် ကျေးဇူးပြုသဖြင့် ကုသိုလ်နာမက္ခန္ဓာနှင့် ဩဇာတို့သည် စတုဇကာယအား -

ပစ္ဆာဇာတာ ကုသလာ ခန္ဓာ စ ကဗဠီကာရော အာဟာရော စ ဣမဿ ကာယဿ အတ္ထိပစ္စယေန ပစ္စယော။

ပစ္ဆာဇာတာ ကုသလာ ခန္ဓာ စ ကဗဠီကာရော အာဟာရော စ ဣမဿ ကာယဿ အဝိဂတပစ္စယေန ပစ္စယော - ဟူသော ပါဠိတော်အရ ပစ္ဆာဇာတာ ဟာရမိဿကဖြစ်ကြသော ၁- အတ္ထိနှင့် ၂- အဝိဂတ သတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။*

၁၂။ ထိုနည်းတူစွာ မဟာကုသိုလ် ပထမဇောသည် မနောဒွါရဝဇ္ဇန်းနှင့်အတူ ဥပါဒ်၍ ရုပ်၏ဌီသို့ ရောက်သော ကမ္မဇကာယအား ပစ္ဆာဇာတသတ္တိ၊ မနောဒွါရဝဇ္ဇန်းနှင့်အတူ ဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော ရုပ်ဇီဝိတိန္ဒြေက ထိုကမ္မဇကာယအား ရူပဇီဝိတိန္ဒြိယ သတ္တိဖြင့် ကျေးဇူးပြုသဖြင့် ကုသိုလ်နာမက္ခန္ဓာနှင့် ရုပ်ဇီဝိတိန္ဒြေတို့သည် ကမ္မဇကာယအား -

ပစ္ဆာဇာတာ ကုသလာ ခန္ဓာ စ ရူပဇီဝိတိန္ဒြိယဉ္စ ကဋတ္တာရူပါနံ အတ္ထိပစ္စယေန ပစ္စယော။

ပစ္ဆာဇာတာ ကုသလာ ခန္ဓာ စ ရူပဇီဝိတိန္ဒြိယဉ္စ ကဋတ္တာရူပါနံ အဝိဂတပစ္စယေန ပစ္စယော - ဟူသော ဒေသနာတော်အရ ပစ္ဆာဇာတိန္ဒြိယ မိဿကဖြစ်သော ၁- အတ္ထိနှင့် ၂- အဝိဂတသတ္တိဖြင့် ကျေးဇူးပြုပါသည်။*

၁၃။ တပည့်တော်တို့၏ သန္တာန်ဝယ်ဖြစ်ပေါ်သော ဓမ္မဿဝန ဓမ္မဒေသနာ မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်တွင် သုတ ပညာတရားများ ပါရှိခဲ့ပါသည်။ ထို သုတ ပညာတရားကို အားကြီးသော မှီရာအကြောင်းပြု၍ *"သုတံ ဥပနိဿာယ မဂ္ဂံဥပ္ပါဒေတိ၊ ပညံ ဥပနိဿာယ မဂ္ဂံဥပ္ပါဒေတိ"* ဟု ဟောတော်မူသည့်အတိုင်း ထိုသုတ၊ ပညာ

တို့သည် မဂ်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါစေသတည်း။ မဂ်ရသော တပည့်တော်တို့သည် မဂ်ရခါမတ္တမျှသာ မဟုတ်ဘဲ *"မဂ္ဂေါ သေက္ခာနံ အတ္တပဋိသမ္ဘိဒါယ၊ ဓမ္မပဋိသမ္ဘိဒါယ၊ နိရုတ္တိပဋိသမ္ဘိဒါယ၊ ပဋိဘာနပဋိသမ္ဘိဒါယ ဥပနိဿယပစ္စယေန ပစ္စယော"* ဟူသော ဒေသနာတော်အရ ဤမဂ်သည် ပဋိသမ္ဘိဒါ လေးပါးအား ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြုပါစေသတည်း။*

၁၄။ ထိုမဂ်သည် ပရမသုခဖြစ်သည့် နိဗ္ဗာန်ကို အာရုံပြုကြောင်းကို *"နိဗ္ဗာနံ မဂ္ဂဿ အာရမ္မဏပစ္စယေန ပစ္စယော"* ဟု ဟောတော်မူသဖြင့် ထိုပရမသုခဖြစ်သည့် နိဗ္ဗာန်ကို တပည့်တော်တို့၏ သန္တာန်ဝယ် ဖြစ်လတ္တံ့သော မဂ်လေးပါးက ယခုဘဝ၌ပင်လျှင် အာရုံ ပြုနိုင်ပါစေသတည်း။ တပည့်တော်တို့သည် ယခုဘဝ ရဟန္တာ မဖြစ်ကြသေးပါက ကံကုန်သောနေ့ (ဝါ) အသက်တမ်း ကုန်သောနေ့ (ဝါ) ကံနှင့်သက်တမ်း နှစ်ပါးကုန်သော နေ့ဟု ဆိုအပ်သော တစ်နေ့နေ့၌ မချွတ်ဧကန် သေကြရပါလတ္တံ့။ ထိုအခါကာလ၌ တပည့်တော် တို့သည် ဆည်းပူး သင်ကြား ပို့ချအားထုတ်ခဲ့သော မဟာကုသိုလ် စိတ္တုပ္ပါဒ်ရှိ ကုသိုလ်ကံ စေတနာသည် *"ကုသလာ စေတနာ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ ကမ္မပစ္စယေန ပစ္စယော"* ဟူသော ဒေသနာတော်အရ အသမ္မုဠှမရဏဖြင့် သေကြပြီး တပည့်တော်တို့ တောင့်တအပ် လိုလားအပ်သော သုဂတိဘုံဘဝ **နတ်ပြည်လောက၌ ဖြစ်ကြပါစေသတည်း။ ထိုနတ်ပြည်၌ ဖြစ်ကြသော တပည့်တော်တို့သည် နတ်တို့၏ ကာမဂုဏ်ကြောင့် မေ့လျော့ခြင်း မရှိကြဘဲ အရိယာစသော နတ်တို့က ဟောကြား အပ်သော ဓမ္မဒေသနာတော်ကို ကြားနာရသောအခါ၌ လည်းကောင်း** တပည့်တော်တို့ သင်ကြား လေ့လာ ဆည်းပူးခဲ့သော ပဋ္ဌာန်းစသော တရားတော်ကို ပြန်၍ ဆင်ခြင်သော အခါ၌လည်းကောင်း၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို လျင်မြန် စောစွာ ရနိုင်ကြပါစေသတည်း။ တပည့်တော်တို့ ပြုပြုသမျှကုသိုလ်၏ အဖို့ဘာဂကိုလည်း သာဓု ခေါ်နိုင်သော ပုဂ္ဂိုလ် ဟူသမျှတို့အား အမျှပေးဝေပါ၏။

(ကုသိုလ် အမျှ - - အမျှ - အမျှ ယူတော်မူကြပါကုန်လော၊ သာဓု - - သာဓု - - သာဓု)
(ကုသိုလ် အမျှ - - အမျှ - အမျှ ယူတော်မူကြပါကုန်လော၊ သာဓု - - သာဓု - - သာဓု)
(ကုသိုလ် အမျှ - - အမျှ - အမျှ ယူတော်မူကြပါကုန်လော၊ သာဓု - - သာဓု - - သာဓု)

* မူလပဋ္ဌာန်းဆရာတော်ဘုရားကြီး၏ ပဋ္ဌာဝါရပဋ္ဌာန်းသင်တန်းပြီးဆုံးသည့်နေ့၏ နိဂုံးဆုတောင်းဖြစ်ပါသည်။ *

## မှတ်ချက်

* အပိုဒ် ၂- (သဟဇာတငယ် ပစ္စည်း ၇-ပါး ဟေ၊ ဓိ၊ ဟာ၊ ကံ၊ ဣ၊ ဈာန်၊ မဂ်)

* အပိုဒ် ၃- (သဟဇာတပစ္စည်းကြီးနှင့် ပစ္စည်းငယ် သ၊ နိ၊ အတ်၊ အဝိဂတ။ ညှ၊ ဝိ၊ သမ်၊ ဝိပ်)

* အပိုဒ် ၄- (သဟဇာတပစ္စည်းကြီးနှင့် ပစ္စည်းငယ် သ၊ နိ၊ အတ်၊ အဝိဂတ။ ညှ၊ ဝိ၊ သမ်၊ ဝိပ်)

* အပိုဒ် ၅- (အနန္တရမျိုးပစ္စည်း)

* အပိုဒ် ၆- (ဝတ္ထုပုရေဇာတမျိုးပစ္စည်း)

* အပိုဒ် ၇- (ပစ္ဆာဇာတမျိုးပစ္စည်း ၄-ပါး)

* အပိုဒ် ၈- (ရုပ်အာဟာရပစ္စည်း ၃-ပါး)

* အပိုဒ် ၉- (ရူပဇီဝိတိန္ဒြိယမျိုးပစ္စည်း ၃-ပါး)

* အပိုဒ် ၁၀- (ပုရေဇာတမိဿကပစ္စည်း ၃-ပါး)

* အပိုဒ် ၁၁- (ပစ္ဆာဇာတာဟာရမိဿက ၂-ပါး)

* အပိုဒ် ၁၂- (ပစ္ဆာဇာတိန္ဒြိယမိဿက ၂-ပါး)

* အပိုဒ် ၁၃- (ဥပနိဿယပစ္စည်း၊ ပကတူပနိဿယ)

** နတ်ပြည်လောက၌ ဖြစ်ကြပါစေသတည်း။ ထိုနတ်ပြည်၌ ဖြစ်ကြသော တပည့်တော်တို့သည် နတ်တို့၏ ကာမဂုဏ်ကြောင့် မေ့လျော့ခြင်း မရှိကြဘဲ အရိယာစသောနတ်တို့က ဟောကြားအပ်သော ဓမ္မဒေသနာတော်ကို ကြားနာရသောအခါ၌လည်းကောင်း ** ဤနေရာတွင် မိမိတို့ အလိုဆန္ဒရှိသည့်ဆုကို ပြောင်း၍ ဆိုနိုင်ပါသည်။

# သင်တန်းသား၊ သင်တန်းသူတို့၏ လျှောက်ထားစာများ

၂၀၁၇-ခုနှစ်၊ ဖေဖော်ဝါရီလ အမှတ်စဉ် (၁၂၇) ဝိပဿနာတရားစခန်းကစပြီး ဆရာတော်ရဲ့ အေးမြတဲ့တရားအရိပ်မှာ ခိုလှုံခွင့် ရရှိခဲ့ပါတယ်။ ဒီနောက် ရန်အောင်မြင်မြို့တော်ဝန်ကျောင်းမှာ အလွန် နက်နဲကျယ်ဝန်းလှတဲ့ ပဋ္ဌာန်းတရားတော်ကြီးကို တက်ရောက်သင်ကြားခွင့် ရရှိခဲ့ပြန်ပါတယ်။ အကျိုးကျေးဇူးတွေ များလွန်းလို့ ဆရာတော့်တပည့်ဖြစ်အောင် တွန်းပို့ပေးခဲ့တဲ့ နာနာက္ခဏိကကံကို ကျေးဇူးတင်မိပါတယ်။

တပည့်တော်ရဲ့ ဘဝအကျိုးပေးက မွေးမိခင်ရဲ့ ဝမ်းဗိုက်အတွင်းမှာ ရှိစဉ်ကတည်းက မွေးစားဖို့ စွန့်ပစ်ခြင်း ခံခဲ့ရသူတစ်ယောက်ဖြစ်ပြီး ငယ်စဉ်ကတည်းက ဘဝကို မကျေနပ်မှုများစွာနဲ့ ကြီးပြင်းခဲ့ရပါတယ်။ မကောင်းတဲ့အကြောင်းတွေ ထူထောင်မိခဲ့လို့သာ အခုလိုအကျိုးတွေ ဖြစ်ရတယ်ဆိုတာကို ပဋ္ဌာန်းသင်တန်းကနေ သင်ကြားနားလည်ခွင့်ရလာတဲ့အတွက် တပည့်တော်ရဲ့ ဘဝအကျိုးပေးတွေကို ပိုပြီး လက်ခံလာနိုင်ပါတယ်။ ရထားတဲ့ အကျိုးပေးတွေကို ပြုပြင်လို့ မရတော့ဘူး လက်ခံရတော့မယ်ဆိုတာ နားလည်လာပါပြီဘုရား။

ဒါကြောင့် တစ်ခါမှ ရည်စူးပြီး မလှူခဲ့ဖူးတဲ့ မွေးမိခင်အတွက် ဒါနတွေပြုပြီး အမျှအတန်း ဝေခဲ့ပါတယ်။ ဖခင်ကြီးရှိရာကို စုံစမ်းရှာဖွေပြီး ကန်တော့ တောင်းပန်ခဲ့ပါတယ်။ ဘဝသံသရာ အဆက်ဆက်ထိ ပါသွားမယ့် မိဘတွေအပေါ် မကျေနပ်မှုဆိုတဲ့ အထုံးတစ်ထုံးကို ဖြေလျှော့နိုင်ခဲ့ပါပြီဘုရား။

ဒေါ်ထိုက်ထိုက်ဝေ၊ B.Sc (Physic)
သော်တာစန်း စာပေဖြန့်ချိရေးလုပ်ငန်း၊ နေပြည်တော် ပျဉ်းမနားမြို့

မြို့တော်ဝန်ကျောင်းမှာ ပဋ္ဌာန်းသင်တန်းကို တက်ရောက်ခဲ့တဲ့အတွက် အကြောင်း အကျိုးတွေကို ပို၍၊ ပို၍ သဘောပေါက်လာခဲ့ပါတယ်ဘုရား။ ပဋ္ဌာန်းဆိုတာက တပည့်တော်တို့ရဲ့ နေ့စဉ်ဘဝတွေကို ဟောပြနေသော တရားပါလားလို့ သိလာရပါတယ်။ တစ်နေ့တာလုံးမှာလည်း ပဋ္ဌာန်းတရားတို့နှင့်ပဲ လှုပ်ရှားသွားလာနေတာကို သတိပြုမိလာပါတယ်။

ရှစ်ပါးသီလကို နှစ်များစွာ စောင့်ထိန်းထားပြီး နေထိုင်နေရတော့ တစ်နေ့တာ ဘဝထဲမှာ ငြိမ်းအေးတဲ့ စိတ်ကလေးနဲ့ပဲ နေထိုင်ဖြစ်ပါတယ်ဘုရား။ သီလစောင့်ထိန်းပြီးနေရတော့ ဘဝကိုလည်း ပိုလို့ တန်ဖိုးထားလာဖြစ်ခဲ့ပါတယ်ဘုရား။ သီလနှင့် ဘဝ၊ ဘဝနှင့် သီလကို တစ်ထပ်တည်းကျအောင် ကြိုးစားနေပါတယ်ဘုရား။

ဒေါ်သီတာအေး၊ B.A (B.M)၊ ဦးစီးအရာရှိ နေပြည်တော်စည်ပင်

ဆရာတော်က ပဋ္ဌာန်းသင်ပေးမယ်လို့ မိန့်တော်မူတော့ ဆရာတော်သင်ရင်တော့ ငါ ပဋ္ဌာန်းဆိုတာ နားလည်မှာ သေချာတယ်ဆိုပြီး သင်တန်းတက်ခဲ့ပါတယ်။ သင်တန်းကရတဲ့ အသိတရားတွေကြောင့် သဒ္ဓါတရားတွေ တိုးလာတယ်။ ရာသက်ပန် စောင့်ထိန်းထားတဲ့ ရှစ်ပါးသီလ အပေါ်မှာ ယုံကြည်မှုတွေ ပိုလာတယ်။

မနက်အစော လေးနာရီ နှိုးတဲ့အချိန်မှာ ရွာကျောင်းက ပဋ္ဌာန်းရွတ်သံ ကြားလိုက်ရတယ်။ ကျက်သရေရှိလိုက်တာ။ '*ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော၊ ဒါနံဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ ကတွာ တံ ပစ္စဝေက္ခတိ*' လို့ အသံကြားတာနှင့် ပဋ္ဌာန်းသင်တန်းတက်ထားတော့ အဓိပ္ပါယ်က စိတ်ထဲပေါ်လာလို့ ဝမ်းမြောက်မိပါတယ်။ အရင်ကတော့ ရွာမှာ ပဋ္ဌာန်းပွဲရှိတယ် တစ်အိမ်ဘယ်လောက်ဆို လှူလိုက်ပါတယ်။ ပဋ္ဌာန်းသံကြားလို့လည်း ဝမ်းမသာတတ်ခဲ့ပါဘူးဘုရား။ တကယ်တန်းတော့ ပဋ္ဌာန်းဆိုတာ တပည့်တော်မရဲ့ အကြောင်းတွေကို ပြောနေပါလားဆိုတာ အခုမှ သိလာရပါတယ်ဘုရား။

ဒေါ်ကြည်ဥ (ဝေယျာဝစ္စ)
ရန်အောင်မြင်တောရကျောင်း (မြို့တော်ဝန်ကျောင်း)

တပည့်တော် အဘိဓမ္မာဆိုင်ရာမှာ ဗဟုသုတများခဲ့သူမို့ အခြား ဓမ္မစာပေများလို ပဋ္ဌာန်းတရားတော်ကို လေ့လာရင် လွယ်လွယ်ကူကူ သိနိုင် နားလည်နိုင်လိမ့်မယ်လို့ ထင်ခဲ့မိပါတယ်ဘုရား။ သို့ပါသော်လည်း အချိန်တော်တော် ကြာသည်အထိ ပဋ္ဌာန်းတရားတော်ကို နားလည်နိုင်စွမ်း မရှိခဲ့ပါဘူးရား။ "*သုတံ ဥပနိဿာယ မာနံ ဇပ္ပေတိ၊ ဒိဋ္ဌိံ ဂဏှာတိ* " ဆိုတဲ့ ပဋ္ဌာန်းစာကို လေ့လာမိသော အခါမှသာ တပည့်တော်သည် မိမိကိုယ်ကို အထင်ကြီးခြင်းဆိုတဲ့ မာန်မာနတွေ တက်နေခြင်းပါလားလို့ ရှင်းရှင်းလင်းလင်း သိလိုက်ရပါတယ်ဘုရား။

တပည့်တော် လေ့လာသင်ယူထားတဲ့ ပဋ္ဌာန်းတရားတော်ကို နေ့စဉ်ဘဝထဲက မရိုးနိုင်တဲ့ ပြဿနာတွေကို ဖြေရှင်းဖို့ လက်တွေ့အသုံးချနေပါတယ်။ နေ့စဉ်ဘဝထဲမှာ ဖြစ်ပေါ်လာတဲ့ လိုချင်တဲ့ လောဘစိတ်၊ အလိုမကျတဲ့ ဒေါသစိတ်၊ စိတ်ညစ်ညူးစရာ အတွေးအမြင်များ၊ နောင်တရစရာ အတွေးအမြင်များ၊ အကုသိုလ် အတွေးအမြင်များကို အရင်ကထက် ပိုမိုဖြေရှင်းနိုင်ပြီး စိတ်ပေါ့ပါးစွာ Stress ကင်းကင်းနဲ့ နေနိုင်လာပါတယ်ဘုရား။

ဒေါ်သင်းသင်းလတ် B.A (Myanmar) University of Abhidhamma
(အဘိဓမ္မရေဘွဲ့)၊ ဒုတိယဦးစီးမှူး၊ မြေတိုင်းဦးစီးဌာန၊ ပြင်ဦးလွင်မြို့

တပည့်တော်မဟာ နာနာက္ခဏိကကံတစ်ခုရဲ့ တွန်းအားကြောင့် 'ကင်ဆာ' ဖြစ်ပြီးတော့ ဆေးသွင်းပြီးဘဝမှာ မျှော်လင့်ချက်ကုန်ဆုံးတော့မှ အသက်မသေခင်လေးမှာ တရားတစ်ခါလောက် အားထုတ်ဖူးချင်တယ်ဆိုပြီး ဆရာတော်ဆီ ရောက်ခဲ့ပြီးနောက်ပိုင်း ပဋ္ဌာန်းတရားတော်တွေကို သင်ကြားခွင့် ရခဲ့ပါတယ်။

အလွန် ကျယ်ပြန့် နက်နဲလွန်းနေတော့ နားလည်နိုင်ပါ့မလားလို့ ထင်ခဲ့ပေမယ့် Apply method နှင့် သင်ပေးတာကြောင့် တပည့်တော် ဉာဏ်ရှိသလောက်လေးတော့ သဘောပေါက်လာခဲ့ပါတယ်။

*'သမ္ပယုတ္တကာနံ ခန္ဓာနံ၊ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ'* လို့ သင်ရတော့ 'Mind produce matter' ကို သဘောပေါက်လာပါတယ်။ ဒါကြောင့် "ကိုယ်မှာနာသော်လည်း၊ စိတ်မနာအောင်" တတ်နိုင်သမျှ စောင့်ရှောက်တတ်လာတဲ့အတွက် ဒီကြားထဲမှာ ဘာဆေးဝါးကုသမှုမှ မခံယူရဘဲ ကင်ဆာကနေ လွတ်မြောက်လာတာ ၃-နှစ် ပြည့်ခဲ့ပါပြီဘုရား။ ရောဂါပျောက်လို့ မဟုတ်ပါဘုရား။ စိတ်ထားတတ်လာတာပါဘုရား။ ကျေးဇူးကြီးမားလှပါတယ်ဘုရား။

ပဋ္ဌာန်းသင်တန်းကနေ"သက်ရှိ၊ သက်မဲ့ ပိုင်ဆိုင်မှုအားလုံးရဲ့ အဆုံးသတ်ဟာ ခွဲခွာခြင်းပဲ" ဆိုတဲ့ သဘာဝတရား Natural law ကို ပိုပြီး နားလည်လာပါတယ်၊ 'ဖြစ်ခွင့်ရှိတယ်' ဆိုတဲ့ possibality ကို စတင် သဘောပေါက်လာခဲ့တဲ့နောက်ပိုင်း ဘဝနှစ်ပိုင်း ကွဲပြားသွားပြီး ဒုတိယဘဝအသစ်ကို ပြန်လည် မွေးဖွားလာခဲ့သလို ခံစားရပါတယ်ဘုရား။

ဒေါ်ငယ်ငယ်ထွေး၊ B.Agri Sc
ရွှေဒေါင်းစတိုး၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်

❀ ❀ ❀ ❀ ❀

ပဋ္ဌာန်းသင်တန်းတက်မှ ကုသိုလ်၊ အကုသိုလ်ကို သေသေချာချာ နားလည်ခွင့် ရခဲ့တဲ့အတွက် မျက်ကန်းတောတိုး လျှောက်လှမ်းနေခဲ့မိတဲ့ ဘဝလမ်းကြောင်းကနေ အသိအမြင်၊ အတွေးအခေါ်၊ အယူအဆတွေ ပြောင်းလဲလာပါတယ်။ အကြောင်းမဲ့ မဟုတ်ဘူး၊ အကြောင်းကြောင့်ဖြစ်လာတဲ့ အကျိုးတရားတွေပဲဆိုတာ ပဋ္ဌာန်းသင်တန်းကနေ နားလည်ခွင့်ရခဲ့လို့ အခုလို COVID-19 ကပ်ရောဂါဘေးဆိုးကြီးကို ရင်ဆိုင်ကြုံတွေ့နေရတဲ့ အခါမျိုးမှာ ပူလောင်ပင်ပန်းမှု မရှိဘဲ စိတ်အေးချမ်းသက်သာစွာ ရင်ဆိုင်နေပါတယ်ဘုရား။ သင်တန်းက အဆုံးအမတွေက အချိန်တိုင်း အသုံးဝင် အသုံးချနေရလို့ သတိရတဲ့ အချိန်တိုင်း ဆရာတော်ဘုရားနဲ့တကွ သံဃာတော်အရှင်သူမြတ်များအားလုံးကို မေတ္တာပို့သဖြစ်သလို မေတ္တာကိုလည်း ခံယူမိပါတယ်ဘုရား။

ဒေါ်အေးအေးသင်း (မသင်း)၊ B.Sc (Physic)
Royal ဆန်၊ ဆီ ရောင်းဝယ်ရေးလုပ်ငန်း၊ နေပြည်တော်

❀ ❀ ❀ ❀ ❀

ဆရာတော်၏ ပဋ္ဌာန်းတရားတော်သင်ကြားနည်းမှာ သမာရိုးကျသင်နည်းများမှ ဖောက်ထွက်ကာ Applied Method ဖြင့် သင်ကြားပေးတော်မူခြင်း ဖြစ်ပါသည်။ သင်တန်းသား ယောဂီများကိုလည်း မိမိတို့၏ လက်တွေ့ဘဝအတွေ့အကြုံများနှင့် နှိုင်းယှဉ်ပြီး ပဋ္ဌာန်း တရားတော်ကို ဆွေးနွေးစေပါသည်။ သင်တန်းသားတို့ကို သင်ကြား၊ သင်ယူမှုတွင် ပါဝင် ဆွေးနွေးစေခြင်းသည် ဆရာဗဟိုပြုသင်ကြားနည်းကို ရှောင်ရှားနိုင်သကဲ့သို့ ငြီးငွေ့ဖွယ် ကောင်းသော စာသင်ခန်းမအဖြစ်မှ လွတ်မြောက်ပြီး သင်ကြား၊ သင်ယူမှုအောင်မြင်စေ သောနည်း ဖြစ်ပါသည်။

ဆရာတော်သည် သင်တန်းသားတို့၏ နားလည်နိုင်သည့် စွမ်းရည်ပေါ်မူတည်ကာ CCA သင်ကြားနည်းစနစ်ဖြင့်သင်ကြားရာတွင် Discussion ပြုလုပ်စေခြင်း၊ Review ပြုလုပ်စေခြင်း၊ Comment ပေးခြင်း၊ မေးခွန်းများကို မေးစေခြင်း၊ Feed back များတောင်းခံခြင်း၊ Powerpoint presentation ဖြင့်သင်ကြားခြင်း၊ Hand notes rsm;udkTeaching Aids အဖြစ် အသုံးပြုခြင်း တို့ကြောင့်လည်း ခက်ခဲသည့် ပဋ္ဌာန်းဘာသာရပ်ကို သဘောပေါက်နားလည်ရန် လွယ်ကူ ခြင်း ဖြစ်ပါသည်။

ထို့ပြင် သင်တန်းသားများအား တစ်ပတ်တစ်ခါ 'ဘဝနှင့် ပဋ္ဌာန်း' ဆိုင်ရာခေါင်းစဉ်ဖြင့် အိမ်စာများပေး၍ လက်တွေ့ဘဝနှင့်ယှဉ်သော အတွေ့အကြုံများကို ရေးသား လျှောက်ထား စေပါသည်။ သာမန်အားဖြင့် လေ့ကျင့်ခန်း အိမ်စာဟုဆိုသော်လည်း၊ တစ်ပတ်အတွင်း အိမ်စာ အကြောင်းစဉ်းစားရင်း နေ့စဉ်ဘဝထဲမှာ ပဋ္ဌာန်းနဲ့ချိတ်ဆက်လာအောင် သင်မှန်းမသိ သင်ပြီး၊ တဖြည်းဖြည်းချင်း ဉာဏ်ထဲသက်ဝင်လာအောင် သင်ကြား လေ့ကျင့်ပေးသောနည်း ဖြစ်ပါသည်။

ကမ္ဘာ့နိုင်ငံအသီးသီးမှ ဗုဒ္ဓဘာသာဝင်များအနေဖြင့် နေ့စဉ်ဘဝထဲတွင် ပဋ္ဌာန်း တရားတော်များကို ချိတ်ဆက်လာတတ်စေရန် ရန်ရည်ရွယ်၍ Website ပေါ်သို့ PDF file များတင်ပေးခြင်း၊ Video clip များကို Youtube တွင် မျှဝေခြင်းဖြင့်လည်း Online Teaching ဖြင့် သင်ကြားပေးတော်မူလျက် ရှိပါသည်။

တပည့်တော်လည်း ရန်အောင်မြင်တောရကျောင်း (မြို့တော်ဝန်ကျောင်း)၌ ပဋ္ဌာန်း သင်တန်း တက်ခွင့်ရပြီးနောက်တွင် "ဘဝဆိုတာ ပဋ္ဌာန်းတရားတော်ကြီးပါလား" ဟု သဘော ပေါက်လာပါသည်။ ပဋ္ဌာန်းတရားတော်ကြောင့် ဘဝ၏တန်ဖိုးထားမှု များစွာ ပြောင်းလဲလာပြီး Value change ဖြစ်လာပါသည်။ ထို့ကြောင့် Life style ပါ ပြောင်းလဲလာပြီး၊ အသစ်တစ်ဖန် ပြန်လည် မွေးဖွားလာသကဲ့သို့ ခံစားရပါသည်။

ဒေါ်ခင်မျိုးသစ်၊ B.A (B.Ed)
အထက်တန်းကျောင်းအုပ်ဆရာမကြီး၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်

သာသနာနဲ့ ကြုံကြိုက်ခွင့်ရတဲ့ဘဝမှာ ကြီးကျယ်မြင့်မြတ်တဲ့ ပဋ္ဌာန်းတရားတော်ကိုလည်း သင်ခွင့်ရ၊ ကုသိုလ် အကုသိုလ်ကိုလည်း သိခွင့်ရ၊ ကံ ကံ၏ အကြောင်းအကျိုးတွေကိုလည်း သိခွင့်ရလို့ ဒီဘဝအတွက်တင်မက ဘဝသံသရာနှင့် ချီပြီးတော့မှုကိုပဲ အကျိုးကျေးဇူး များလွန်းလှပါတယ်ဘုရား။

နာနာကျင်ကျင် အပြစ်မြင်တိုင်း၊ ဝမ်းတွင်းမသို ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်ထား၊ ဆုံးမပေးတတ်တဲ့ ဆရာတော်နဲ့ ကြုံရတာလည်း ငါတို့ဘဝ သိပ်ပြီးတော့မှ အရထူးတာပဲလို့ စိတ်ထဲဝမ်းမြောက်ပီတိ ဖြစ်နေမိပါတယ်ဘုရား။

ဟိုတုန်းကလည်း ကံ ကံ၏ အကြောင်းအကျိုးကို နားလည်ခဲ့ပါတယ်ဘုရား။ သို့ပေမယ့်လည်း ပဋ္ဌာန်းသင်တန်းမှာ ကမ္မ၊ ဝိပါက၊ အနန္တရကို သင်လာရတော့မှ အကြောင်းအကျိုးသဘောတွေကို ပိုပြီးတော့မှ ထဲထဲဝင်ဝင် ကျယ်ကျယ်ပြန့်ပြန့် နားလည်လာခဲ့မိပါတယ်ဘုရား။

အရင်တုန်းကတော့ အဟုတ်ကြီးထင်ကာ ကိလေသာနဲ့ ပုံကြီးချဲ့ပြီး လုပ်ခဲ့၊ ပြောခဲ့၊ တွေးခဲ့၊ ကြံစည်၊ စဉ်းစားခဲ့တာတွေဟာ အခုနေ ပြန်ကြည့်တဲ့အခါမှာ ရယ်စရာကြီး ဖြစ်သွားတယ်။ ဩော်ငါ့နှယ် ဖြစ်မှုဖြစ်ရလေလို့ ကိုယ့်ကိုကိုယ် သတိသံဝေဂ ဖြစ်မိပါတယ်ဘုရား။

လူတွေ သတ်မှတ်တိုင်းတာထားတဲ့ ရာထူး၊ ဥစ္စာ၊ စည်းစိမ်၊ သက်ရှိသက်မဲ့တွေ မရှိဘဲနဲ့လည်း ဘဝကိုအဓိပ္ပာယ်ရှိအောင် နေလို့ရနေတာပဲဆိုတာကို ပဋ္ဌာန်းသင်တန်း တက်မှပဲ နားလည် သဘောပေါက်လာခဲ့မိပါတယ် ဆရာတော်ဘုရား။

ဆရာလေးဒေါ်နန္ဒနာ
ရန်အောင်မြင်တောရကျောင်း (မြို့တော်ဝန်ကျောင်း)

❀ ❀ ❀ ❀ ❀

ဘဝနှင့် ပဋ္ဌာန်းသင်တန်းကို တက်ရောက်သင်ကြားခဲ့သည့် အချိန်မှစ၍ ပဋ္ဌာန်း ၂၄-ပစ္စည်းသည် မိမိအကြောင်းကို ဟောနေကြောင်း သေသေချာချာ သိခဲ့ရသဖြင့် ပဋ္ဌာန်းကို ဘဝထဲရောက်အောင် အသုံးချနိုင်လာပါသည်ဘုရား။

တပည့်တော်သည် အလွန် ဒေါသကြီးသူဖြစ်ပြီး တစ်နေကုန် ဒေါသ မပြေတော့ပါဘုရား။ ယခု ကိုယ့်စိတ်ကို သတိလေးနဲ့ စောင့်ကြည့်တတ်လာသောအခါ ဒေါသဖြစ်လျှင် ဖြစ်မှန်းသိလာပါသဖြင့် ဖြစ်ကြာမရှည်တော့ပါဘုရား။ ပြင်ဦးလွင်ကပဋ္ဌာန်းဆရာကြီး ဦးအုန်းကျော်၏ ကျေးဇူးကြောင့် အကုသိုလ်ဖြစ်မည့် ကိစ္စများကို ရှောင်ရှားတတ်လာပါသည်ဘုရား။

ဒေါ်ပိုပိုခင် ( B.Com )
အထည်ဆိုင်လုပ်ငန်း၊ ပြင်ဦးလွင်မြို့။

❀ ❀ ❀ ❀ ❀

ပဋ္ဌာန်းသင်တန်း တက်ရတဲ့အတွက်ကြောင့် 'ဘာမဆို ဖြစ်ခွင့်ရှိတယ်'၊ 'မတည်တံ့ မခိုင်မြဲတာ'၊ 'ကံ ကံရဲ့အကျိုး'၊ 'Want and Need ' နှင့် စိတ်ကို ကုသုလ်ဖြစ်စရာ တစ်ခုခုနှင့် Feed လုပ်ထားပေးပါ' စသည့် အဆုံးအမများက နေ့စဉ်ဘဝထဲ အသုံးတည့်လျက် ရှိပါတယ်ဘုရား။ ပဋ္ဌာန်းသင်တန်းတက်ထားတဲ့ အကျိုးကျေးဇူးတွေကြောင့်သာ ယခုလို ကပ်ရောဂါနှင့် ရင်ဆိုင်နေရချိန်မှာ စိတ်ကို သက်တောင့်သက်သာနဲ့ ဖြတ်သန်း နေနိုင်ခဲ့တာပါဘုရား။ အခက်အခဲတွေနဲ့ ကြုံလာတဲ့အခါမှာလည်း မှန်ကန်တဲ့ ဆုံးဖြတ်ချက်တွေ ချနိုင်လာတယ်ဘုရား။

အသိအမြင်တွေ တိုးလာတဲ့အတွက် ယခုဘဝတစ်ခုတည်းအတွက် မစဉ်းစားတော့ဘဲ ဘဝပေါင်းများစွာအတွက် သတ္တိကောင်း၊ အကျင့်ကောင်းတွေ ဖြစ်ဖို့ကိုသာ အဓိကထားပြီး လုပ်ကိုင်တတ်လာပါတယ်ဘုရား။ တပည့်တော်ဘဝရဲ့ လိုအပ်ချက်တွေကိုသာ ကွက်ပြီး တွေးလေ့ရှိပြီး မိမိကိုယ်ကို မကျေနပ်ခဲ့တဲ့ ဘဝကနေ တပည့်တော်မှာရှိနေတဲ့ ပြည့်စုံခြင်းတွေကိုသာ ရောင့်ရဲပြီး တွေးတတ်လာတဲ့အတွက် ဘဝဟာအလွန် ကျေနပ်စရာကောင်းပြီး ဘဝအဓိပ္ပာယ်ပို၍ ပြည့်ဝလာပါတယ်ဘုရား။

မဇေဝရက်အောင်၊ LLB (Law) နေပြည်တော်

ပဋ္ဌာန်းသင်တန်းကနေ "အကြောင်းကင်းတဲ့ အကျိုးဆိုတာ မရှိဘူး" ဆိုတဲ့ Right Information Data ကို သိရပြီး "အကြောင်းတွေရှိလို့ အကျိုးတွေဖြစ်နေတာ" ပဲလို့ မြင်တတ်လာတဲ့အတွက် "ဘဝမှာဘယ်လိုစိတ်ချမ်းသာအောင် နေရမလဲ" ဆိုတဲ့ Ways တွေ ရလိုက်ပါတယ်ဘုရား။

ကမ္မပစ္စည်းသင်တုန်းက ထမင်းတစ်ပန်းကန်ဥပမာနဲ့ ငါးဟင်းတစ်ခွက်ဥပမာတို့ကလည်း ရိုးရှင်းလွန်းလို့ တပည့်တော်တို့ ဉာဏ်မွဲနေတဲ့ သူတွေအတွက်ကတော့ အကျိုးကြီးတဲ့ ဥပမာပါပဲဘုရား။ နောက်ပြီး အရင်က မသိမိုက်မှားမှုကြောင့် ထူထောင်မိခဲ့တဲ့ကံတွေ ရှိခဲ့လို့ အကျိုးပေးခဲ့ရင်တောင် တည်တည်ငြိမ်ငြိမ်နဲ့ အသိဉာဏ်ရှိရှိ ရင်ဆိုင်ဖြေရှင်းတတ်ဖို့ကိုလည်း ကြိုတင်ပြင်ဆင်တတ်လာပါတယ်ဘုရား။

ပဋ္ဌာန်းသင်တန်းတက်ပြီးနောက်ပိုင်း စိတ်အိမ်ကို ဗုဒ္ဓါနုဿတိ၊ မေတ္တာကမ္မဋ္ဌာန်း၊ သတိပဋ္ဌာန် စတာတွေနှင့် တစ်မျိုးပြီးတစ်မျိုး မအားနိုင်အောင် မမေ့မလျော့ ကြိုးကြိုးစားစား စောင့်ရှောက်နေပါတယ်ဘုရား။ ဒီလိုခက်ခဲနက်နဲ ကျယ်ဝန်းလှတဲ့ ပဋ္ဌာန်းကျမ်းတော်မြတ်ကြီးကို တပည့်တော်တို့ သာမန် လူသားတွေ သိမြင်နားလည်လာအောင်သာမက လက်တွေ့ဘဝထဲမှာ အသုံးချတတ်အောင် သင်ပြပေးတော်မူတဲ့ ဆရာတော်၏ကျေးဇူး ကြီးမားလွန်းပါတယ်ဘုရား။

ဆရာလေးဒေါ်ဝိမလာ၊ B.A (Philo)
ရန်အောင်မြင်တောရကျောင်း (မြို့တော်ဝန်ကျောင်း)

ကျွန်မသည် ဂေါ်ရခါးလူမျိုးတစ်ဦး ဖြစ်ပါသည်။ ပဋ္ဌာန်းသင်တန်း စတက်ချိန်မှာ ပါဠိစာကို နားလည်ဖို့ နည်းနည်းတော့ ခက်ခဲခဲ့ပါတယ်။ ပဋ္ဌာန်းဆိုတာ ဘုန်းဘုန်းများနှင့်သာ သက်ဆိုင်တယ်လို့ ထင်ခဲ့ပြီး ပဋ္ဌာန်း ၅-ကျမ်း ရှိတာကိုလည်း မသိခဲ့ပါ။

အရင်က သေမင်းက ငယ်ရင်မခေါ်သေးဘူးလို့ စဉ်းစားမိခဲ့လို့ တရားအလုပ်လုပ်တာတွေက စောသေးတယ်။ ငယ်သေးတယ်။ ဒီအချိန် စီးပွားရေးပဲ ကြိုးစားရှာရမယ်လို့ ထင်ခဲ့မိတာ အခုနောက်ပိုင်း အသုဘကားတွေ ဆိုင်ရှေ့က ဖြတ်သွားလို့ ကြည့်လိုက်ရင် သေမင်းမှာ အသက်ငယ်တယ်၊ ကြီးတယ်ဆိုတာ မရှိမှန်း သတိထားမိလာပါသယ်။

ပဋ္ဌာန်းသင်တန်း တက်ပြီးနောက် မနက်၊ ည ပုံမှန် ၁၀-မိနစ်၊ မိနစ်-၂၀လောက် ကမ္မဋ္ဌာန်းထိုင်မှ သတိကပ်တတ်လာတယ်။ စိတ်ငြိမ်းအေးလာတယ်။ ဒေါသဖြစ်နေရင် သိသိလာတော့ ခွင့်လွှတ်ဖို့ မြန်လာတာ၊ ကလဲ့စားချေချင်စိတ် မရှိတော့တာက ထူးခြားလာတယ်။ အရင်တုန်းက ဥပုသ်စောင့်တဲ့နေ့ပဲ သီလလုံရမယ်လို့ ထင်ခဲ့တာ။ ပဋ္ဌာန်းဆရာကြီး အဘဦးအုန်းကျော်နှင့် ပြင်ဦးလွင်မှာတွေ့မှ နေ့စဉ် နေ့တိုင်း ငါးပါးသီလတော့ လုံရမယ်ဆိုတာကို နားလည်လာခဲ့ပါတယ်။

ပဋ္ဌာန်းသင်တန်း မတက်ခင်က ပစ္စည်းပျောက်ရင် ဝမ်းနည်းမှုတွေဖြစ်ခဲ့ပြီး အဲဒီပစ္စည်းအမျိုးအစားတူမြင်ရင် ပျောက်လို့ ဒေါသတွေထွက်ပြီး ခိုးတဲ့သူကိုလည်း မကျေမနပ်ဖြစ်ခဲ့တယ်။ အခုက ကံကြွေးဆပ်လိုက်တာလို့ စိတ်ပြောင်းလိုက်တော့ ဝမ်းနည်းမှု ပူလောင်မှုတွေ နည်းလာတာကို သတိထားမိသည်။ သူခိုးကိုလည်း သနားမိတယ်။ ဘာကြောင့်လဲဆိုရင် သူ တစ်နေ့ကျရင် အခုခိုးတဲ့ ကံကြွေးပြန်ဆပ်ရရှာတော့မယ်။

မစန္ဒာထွေး၊ LL.B.
လပြည့်ဝန်းစတိုး၊ ပြင်ဦးလွင်မြို့

ပရိတ်၊ ပဋ္ဌာန်း၊ ဓမ္မစကြာတရားတော်များကို လောကီအရေးကိစ္စများတွင် အဆင်ပြေရန် ရွတ်ဆိုပူဇော်ခဲ့ဖူးပါသည်။ ပဋ္ဌာန်းတရားတော်ကို လေ့လာခဲ့သည့်နောက် အကျိုးတရားများကို မှားယွင်းစွာ တုန့်ပြန်နေမိသည့် တပည့်တော်၏ အမူအကျင့်ကို နားလည်လာပါသည်။ သတိကပ်နိုင်သလောက် ကြိုးစား၍ စိတ်၏ version များကို ပဋ္ဌာန်းတရားတော်များနှင့် update လုပ်နိုင်သမျှ လုပ်ပါသည်။ အရင်က ဆိုင်ကလုန်းမုန်တိုင်းတိုက်နေသော စိတ်သည် ယခုအခါ များစွာ ငြိမ်သက် အေးချမ်းလာပါသည်ဘုရား။

ဒေါ်မာလာသင်း၊ (B.A English)
မူလတန်းပြဆရာမ၊ ထခွဲ အ. လ. က(၁)၊ ပြင်ဦးလွင်

ဆရာတော်က ၂၀၁၈-ခုနှစ်၊ ဇူလိုင်လ (၂၉)ရက်ကစပြီး ပဋ္ဌာန်းပဥ္စာဝါရကို Apply method နဲ့ သင်ပေးတော်မူတဲ့အတွက် ပဋ္ဌာန်းကို မရင်းနှီးသော်လည်း တပည့်တော်စိတ်ကို အပြည့်အဝ ကြီးကို ဆွဲဆောင်ခံလိုက်ရပါတယ်။ ဘဝနဲ့ပဋ္ဌာန်းကို ယှဉ်တွဲပြီး မြင်လာတဲ့အခါ ဘဝရဲ့ အဓိပ္ပာယ် "meaning of life" ပြောင်းလာပါတယ်။ " Ways of thinking" တွေ ပြောင်းလာတဲ့ အကျိုးကို ခံစားရပါတယ်။

ပဋ္ဌာန်းပဥ္စာဝါရသင်တန်းမှာ သင်တန်းသားတွေက အသက်အရွယ်မျိုးစုံ၊ ပညာအရည် အချင်းမျိုးစုံရှိကြတဲ့အတွက် တစ်ဦးနှင့်တစ်ဦး နားလည်နိုင်တဲ့ Ability မတူနိုင်ပါ။ လူငယ်၊ လူလတ်ပိုင်းတွေ ဆရာဝန်၊ အင်ဂျင်နီယာ၊ လုပ်ငန်းရှင်တွေအပြင် အခြားနယ်ပယ်အစုံက ပညာရှင်တွေလဲပါတော့ ပဋ္ဌာန်းတရားတော်ကို သိပ္ပံအမြင်နဲ့ ချဉ်းကပ်ပြီး သင်ပြတော်မူတဲ့ အတွက် အမြင်တစ်မျိုး ဆန်းသစ်စေပါတယ်။ အသိအမြင်ကိုလည်း ကျယ်စေပါတယ်။ သင်္ချာရှုထောင့်၊ Physics ရှုထောင့်၊ Cell Biology ရှုထောင့်၊ Astronomy ရှုတောင့်တွေကနေ အနန္တစကြာဝဠာအကြောင်းမှသည်၊ သံသရာအကြောင်းတွေ၊ ကံရဲ့အကြောင်းအပါအဝင် ကာလလရေကြည်အကြောင်းအထိ သင်ရတဲ့အခါမှာလည်း နားလည်လွယ်လို့ သင်တန်းက ပိုပြီး စိတ်ဝင်စားစရာ ဖြစ်လာပါတယ်ဘုရား။

ဆရာတော်က ရက်သတ္တတစ်ပတ်လုံး သင်ခန်းစာနဲ့ ဝေးမသွားစေဖို့ တနင်္ဂနွေသင်တန်း အပြီးမှာ ဘဝထဲကအကြောင်းအရာတစ်ခုခုကို ပဋ္ဌာန်းတရားနှင့် ဆက်စပ်စဉ်းစားတတ်ဖို့ အိမ်စာခေါင်းစဉ် ပေးတော်မူပါတယ်။ ဒါက သင်တန်းရဲ့ Teaching method တွေထဲက ထိရောက် တဲ့ နည်းလမ်းတစ်ခု ဖြစ်ပါတယ်။ တစ်ပတ်လုံးအိမ်စာကို ကြံစည်တွေးတောရတဲ့အတွက် စိတ်ကို ပဋ္ဌာန်းတရားနဲ့ ထုံမွမ်းထားစေတာကကို ဆရာတော့်သင်ကြားနည်းမှာ ထူးခြားတဲ့ အားသာချက်တစ်ခုပဲ ဖြစ်ပါတယ်။

ဒေါ်ဂျူလိုင်အောင်၊ M.Sc (Biotech)
KT Mart နေပြည်တော်

ပြင်ဦးလွင်က ပဋ္ဌာန်းဆရာကြီး ဦးအုန်းကျော်က ‘ပဋ္ဌာန်းဆိုတာ ဘယ်သူ့အကြောင်းမှ မဟုတ်ဘူးနော် ကိုယ့်အကြောင်း ဟောထားတဲ့တရား’ ဆိုတဲ့စကားကို ဘယ်လိုမှ နားမလည် နိုင်ခဲ့ပါသော်လည်း ဆရာတော့်ထံပါးမှ ပဋ္ဌာန်းတရားကို သင်ကြားရမှ ခန္ဓာနှင့်တိုက်ပြီး နားလည်လိုက်တော့ တော်တော့်ကို အံ့ဩသွားပါတယ်ဘုရား။

“အကြောင်းတရားမရှိတဲ့ အကျိုးတရား” မရှိဘူး “ဖြစ်သင့်တဲ့ အကြောင်းတရားရှိလို့သာ ဖြစ်သင့်တဲ့အကျိုးတရား ပေါ်ပေါက်ရတာ” ဆိုတာ ဒီပဋ္ဌာန်းတရားတော်မြတ်ကြီးကို လေ့လာမှ ပိုလို့သိခွင့်ရပြီး ဘုရားရှင်၏ဉာဏ်တော်ကိုလည်း တိုး၍တိုး၍ ကြည်ညိုရပါတယ်ဘုရား။

တပည့်တော်တို့ရဲ့ Life Style ကလည်း ကုသိုလ်ပြီး ကုသိုလ်ဖြစ်စေတဲ့ ဘဝပုံစံပါ ဘုရား။ ဒါကြောင့်လည်း လုပ်ခွင့်ရသမျှ ကုသိုလ်အမှုကိုတော့ ဉာဏ်အားမှီသလောက် စိတ်အား ထက်ထက်သန်သန်နဲ့ ဆောင်ရွက်ရင်း ပါရမီကုသိုလ်ကို ဖြည့်ကျင့်နေပါတယ်ဘုရား။

ဆရာလေးဒေါ်ကုသလာ၊ B.A (Myanmar)
ရန်အောင်မြင်တောရကျောင်း (မြို့တော်ဝန်ကျောင်း)

တပည့်တော် ယခင်က ပဋ္ဌာန်းဆိုတာ ရဟန်းသံဃာတော်များသာ သင်ကြားရတဲ့ ဘာသာရပ်ဖြစ်ပြီး လူပုဂ္ဂိုလ်များနှင့် မဆိုင်ဘူးလို့ ထင်ခဲ့ဖူးပါတယ်။ မြို့တော်ဝန်ကျောင်းမှာ ပဋ္ဌာန်း သင်တန်းတက်ခွင့်ရတဲ့အခါမှ ပဋ္ဌာန်းဆိုတာ လက်တွေ့ဘဝကို ပြောနေပါလားလို့ သဘောပေါက် ခဲ့ရပါတယ်ဘုရား။

သင်တန်းကြောင့် တပည့်တော်ကိုယ်တိုင် မည်သည့်နည်းနှင့်မျှ မသိနိုင်သော တပည့် တော်၏ စိတ်အကြောင်းများကို သိခဲ့ရပါသည်ဘုရား။ တပည့်တော်၌ ရှိနေသော မကောင်းသော စိတ်များ၊ အမူအကျင့် ညဉ်ဆိုးများ အယူမှားများကို လက်တွေ့ပြုပြင်ပေးနိုင်သည့် တရားတော်မှာ ဤပဋ္ဌာန်းတရားတော်သာ ဖြစ်ကြောင်း သိလာရပါသည်ဘုရား။

ပဋ္ဌာန်းသင်တန်း၌ အကြောင်းတရားနှင့် အကျိုးတရားကို သင်ရသောကြောင့် မည်သူ့ကိုမျှ အပြစ်တင်စရာ မရှိတော့ပါဘုရား။ ချစ်ခင်ရသူများနှင့် ရှင်ကွဲ၊ သေကွဲ ခွဲခွာရခြင်းများကို ကွဲတတ် သောသဘောရှိသည့် ဖန်ခွက်များကွဲခြင်းဥပမာနှင့် သင်ကြားခဲ့ရသည့်အတွက် စွဲလန်းငြိတွယ်မှု များကို လျှော့ချလာနိုင်ပါပြီဘုရား။ Attachment နည်းလေ အရင်က မသိ၍ ထမ်းထားရသော ဝန်ထုပ်ဝန်ပိုးများ လျော့လာလေဟု ခံစားရပါသည်ဘုရား။ စိတ်ကိုလည်း အေးအောင် နေတတ် လာပါသည်ဘုရား။ ယခုလို နေတတ်လာသောအခါမှသာ ယခင်က ဘယ်လောက်ပူခဲ့သည်ကို

သိခဲ့ရပါသည်ဘုရား။ တဖက်သားကို အလွယ်တကူ ခွင့်လွှတ်တတ်လာနိုင်ပြီး ထိုခွင့်လွှတ်မှုကြောင့် တပည့်တော်လည်း ပိုငြိမ်းချမ်းလာရပါသည်ဘုရား။

ပဋ္ဌာန်းသင်တန်းတက်ခွင့်ရခြင်းသည် တပည့်တော်အတွက် အမှောင်ထဲမှ အလင်းရောင်ကို လှမ်းမြင်ခွင့်ရခြင်းပါဘုရား။ ယခု ရောက်သောနေရာမှ နောက်ပြန်ကြည့်မိသောအခါ ယခင်က အမှောင်ထဲတွင် မျက်ကန်းလမ်းလျှောက်နေသော အန္တရာယ်များလှသည့် ဘဝနေနည်းဖြင့် နေခဲ့သည်ကို တွေ့ရပါသည်ဘုရား။

ဒေါ်ချိုသက်မောင်၊ B.E (Civil)
အင်ဂျင်နီယာလုပ်ငန်း၊ နေပြည်တော်

ဆရာတော်သည် ခက်ခဲနက်နဲသည့် ပဋ္ဌာန်းတရားတော်ကို ခေတ်မှီသင်ကြားနည်းနှင့် သင်ထောက်ကူပစ္စည်းများကိုသုံးကာ တပည့်များကို သင်ကြားပေးတော်မူပါသည်။ ပဋ္ဌာန်းတရားတော်ဟူသည် အခြားမဟုတ် မိမိ၏ဘဝအကြောင်းကို ဟောနေသည့်တရားဖြစ်ကြောင်း နားလည်လာပါသည်ဘုရား။

'အကြောင်းတရားမရှိဘဲ အကျိုးတရားတစ်ရပ် မပေါ်ပေါက်နိုင်ကြောင်း' ကို နေ့စဉ်ဘဝထဲက အကြောင်းတစ်ရပ်ကို ဥပမာတင်ကာ ပဋ္ဌာန်း (၂၄)ပစ္စည်းဖြင့် နာရီဝက်ခန့် သင်ကြားပေးတော်မူပြီးနောက် တပည့်များကိုယ်တိုင် တွေးခေါ်တတ်လာစေရန် ရည်ရွယ်ကာ တစ်ဦးချင်းစီ၏ အမြင်ရှုဒေါင့်ကို ဖြေကြားစေပါသည်။ ထို့နောက် ဖြေကြားလာသည့် အဖြေကို ဆရာတော်က ဆန်းစစ် ဝေဖန် ပြသပေးသည့်နည်းဖြင့် ပဋ္ဌာန်းတရားတော်ကို ဘဝထဲရောက်အောင် သင်ကြားပေးတော်မူပါသည်။

ထို့ကြောင့် ဘဝထဲ၌ ပဋ္ဌာန်းတရားတော်ကို အနည်းငယ်မျှ Apply လုပ်လာနိုင်သဖြင့် ကြုံဆုံနေရသည့် အခြေအနေအရပ်ရပ်အပေါ်တွင် "ဖြစ်နိုင်တယ်၊ ဖြစ်ခွင့်ရှိတယ်၊ မဖြစ်သေးတာပဲရှိတယ်၊ အကြောင်းစုံရင်ဖြစ်မယ်"ဟု လက်ခံလာနိုင်ပါသည်။ ထို့ကြောင့် အနည်းငယ်မျှ နားလည်လာသော ပဋ္ဌာန်းတရားတော်ဖြင့် ဘဝကို နေတတ်လာသည်နှင့် တစ်နေ့တာဘဝ၌ သောကနည်းပြီး စိတ်အေးချမ်းလာပါသည်ဘုရား။

ဦးနိုင်နိုင်ထွန်း (BSc. Phy)
ဧည့်လမ်းညွှန် (စပိန်)၊ ရန်ကုန်

ပဋ္ဌာန်းသင်တန်းကရတဲ့ အဆုံးအမတွေကြောင့် ကောင်း၊ ဆိုး လောကဓံနဲ့ကြုံရင် ပြုခဲ့ဖူးတဲ့ ကံအကြောင်းတွေကြောင့် အကျိုးအဖြစ်နဲ့ ပြန်ပြီး ခံ၊ စံနေကြရတယ်ဆိုတာ သိလာရတော့ အသိတွေလည်း ပိုပြီး တိုးလာရတဲ့အပြင် ကံ ကံ၏အကျိုးကိုလည်း ပိုပြီး နားလည် လက်ခံလာနိုင်ပါတယ်ဘုရား။

အရင်က ဘဝတိုးတက်တယ်ဆိုတာ ရုပ်ဝတ္ထုတိုးတက်မှုတွေနဲ့ပဲ တိုင်းတာခဲ့မိပါတယ်ဘုရား။ စိတ်ပိုင်းဆိုင်ရာတိုးတက်မှုနဲ့တိုင်းမှ ပြည့်စုံမယ်ဆိုတာကိုလည်း ပိုနားလည်လာခဲ့ရပါတယ်ဘုရား။ ပိုင်တယ်ဆိုတာ အပ်ဖျားပေါ် မုန်ညင်းစေ့တင်သလို စိတ်မှာ ဆုံသခိုက်ကလေးပဲဆိုတာကို ပိုနားလည်လာရတော့ ဆုပ်ကိုင်ထားစရာ ဘာမှမရှိဘူးဆိုတာ ပိုသိလာရပါတယ်ဘုရား။

ပဋ္ဌာန်းသင်တန်းတက်ပြီး ဒုတိယဘဝရလိုက်သလို၊ နှစ်ဘဝကွဲသွားသလို ခံစားရပါတယ်ဘုရား။ ဒါကလည်း အရင်ကအသိတွေနဲ့ အခုအချိန်မှာ သိတဲ့အသိတွေနဲ့ ပြန်ပြီး နှိုင်းယှဉ်မှ မြင်တတ်လာရတာပါဘုရား။ ပဋ္ဌာန်းတရားတော်တွေကို ဘဝနှင့်ပဋ္ဌာန်း တစ်ထပ်တည်းကျအောင် သိမြင်ခွင့်ပေးတဲ့ ဆရာတော်ဘုရားကိုလည်း ကျေးဇူးတင် ဦးခိုက်ပါတယ်ဘုရား။

ဒေါ်ညွန့်မဉ္ဇူသင်း၊ B.A (B.M)
K.B.Z Bank (General Manager)

ပဋ္ဌာန်း ပစ္စယုဒ္ဒေသနှင့် ပစ္စယနိဒ္ဒေသပါဠိများကို လွန်ခဲ့သော ခြောက်နှစ်ခန့်မှစ၍ အဓိပ္ပါယ်ကိုတော့ နားမလည်သော်လည်း တပည့်တော် နေ့စဉ် ပူဇော်ခဲ့ပါသည်။

တပည့်တော်တို့မိသားစုသည် မကြာခဏ အလှူအတန်းများ လုပ်ပါသည်။ လှူသော အချိန်များတွင် ငါတို့ရဲ့ အလှူဟူသောစိတ်ဖြင့် လှူနေမှန်းမသိ "*ကုသလော ဓမ္မော အကုသလော ဓမ္မော*"ဖြစ်နေမှန်း မသိခဲ့ပါ။ ပဋ္ဌာန်းတရားကို သင်ယူမိလာမှ "*ကုသလော ဓမ္မော ကုသလသ ဓမ္မသ*"ဖြစ်အောင် လှူနိုင်အောင် ကြိုးစားလာနိုင်ပါတယ်ဘုရား။ ပဋ္ဌာန်းသင်တန်းတက်ပြီးနောက်ပိုင်း အားငယ်စိတ်၊ ကြောက်စိတ်၊ ချီးမွမ်းတာ၊ ကဲ့ရဲ့တာ နည်းလာပြီး လွတ်လပ်စွာ ပြောဆိုဆက်ဆံနိုင်လာပါတယ်။ Mind Power တွေဟာလည်း ပြောင်းလဲလာပါတယ်။

တပည့်တော် ပစ္စည်းလေး ပျောက်သွားတာတောင်မှ ပြုခဲ့တဲ့မကောင်းမှု အကုသိုလ်ကံက အကျိုးပေးလာတာပဲဆိုတာကို ပဋ္ဌာန်းသင်တန်းတက်မှ ခွဲခြား သိနိုင်လာပါတယ်ဘုရား။

ဆရာမဒေါ်ရီရီလွင်၊ (B.Sc ,Chem)
ဟိန်းထက်လျံ ကိုယ်ပိုင်အထက်တန်းကျောင်း၊ ပြင်ဦးလွင်

ပဋ္ဌာန်းသင်ကြားပြီးနောက် လူအများနှင့် ပြောဆိုဆက်ဆံရာတွင် သူတစ်ပါး၏အမြင်ကိုပါ ထည့်သွင်း စဉ်းစားပေးတတ်လာသည်။ တောင်ပေါ်မှကြည့်သောသူနှင့် တောင်အောက်ခြေမှ ကြည့်နေသူနှစ်ဦးကဲ့သို့ တွေ့ရှိရသောမြင်ကွင်း၊ အမြင်မတူညီနိုင်ပုံကို နားလည်လက်ခံပေး တတ်လာပါသည်။

ပဋ္ဌာန်းတရားတော်ကို မလေ့လာခင်က လျှုဒါန်းရာတွင် အနည်းငယ်သာလှူပြီး ဆု များများတောင်းမိတိုင်း ကိုယ့်လိပ်ပြာ ကိုယ်မလုံသော ခံစားချက်များ ရှိခဲ့ဖူးပါသည်။ ယခု၌မူ ကံလမ်းကို ထောက်ပံ့ပေးနိုင်သော လှူဒါန်းမှု၊ ဉာဏ်လမ်းကို ထောက်ပံ့ပေးနိုင်သော လှူဒါန်းမှုဟု ခွဲခြား သိရှိလာခဲ့သဖြင့် 'ညောင်စေ့လောက်ပင် လှူသော်ငြားလည်း စိတ်ထားတတ်လျှင် ညောင် ပင်ကြီးလောက် ရနိုင်ပါတယ်'ဆိုသော စကား၏အဓိပ္ပါယ်ကို လေးလေးနက်နက် နားလည်လာ ခဲ့ပါသည်ဘုရား။

ဒေါ်ခင်သန်းစိုး၊ ( M.Sc (Maths )
ကထိက၊ စစ်တက္ကသိုလ်၊ ပြင်ဦးလွင်မြို့

မြို့တော်ဝန်ကျောင်းတွင် တနင်္ဂနွေနေ့တိုင်း ပဋ္ဌာန်းတရားတော်ကို သင်ကြားခဲ့ရပြီး အပတ်တိုင်း အိမ်စာများရေးခွင့် ရခြင်းကြောင့်လည်း တစ်ပတ်လုံး တရားတော်ကို အာရုံပြု၍ စဉ်းစားဆင်ခြင်နေဖြစ်သောကြောင့်လည်း အကျိုးကြီးလှပါတယ်ဘုရား။ ပဋ္ဌာန်းပဥ္စာဝါရ သင်တန်းစစချင်း ကုသလာဟေတု၊ အကုသလဟေတုဆိုတဲ့ ဟိတ်တရား ၆-ပါးကို စသင် လိုက်ကတည်းက ပဋ္ဌာန်းတရားက တပည့်တော်ကို ဖမ်းစားသလို ခံစားရပါတယ်ဘုရား။

ကမ္မပစ္စည်း၊ ဝိပါကပစ္စည်းတွေ သင်ရတော့လည်း တပည့်တော်တို့ ဘဝတွေရလာတာ ကံနဲ့ ကိလေသာပစ်ချမှုကြောင့် ရလာတဲ့ ကံအရုပ်တွေပါလား၊ တပည့်တော်တို့ လုပ်ခဲ့တဲ့ စေတနာကံတွေ နာနာက္ခဏိကကံတွေအလိုက် ခံကြ၊ စံကြရတာပါလားလို့ နည်းနည်းလက်ခံလို့ ရလာတာနှင့်အမျှ စိတ်လည်း အေးချမ်းလာပါတယ်ဘုရား။

ပဋ္ဌာန်းတရားတော်ကတော့ လေ့လာလို့မဆုံး ဖြစ်နေရပါပြီဘုရား။ တစ်နေ့ တစ်နေ့ တစ်ချက်တစ်ချက် ပိုသိလာရတိုင်းလည်း ပီတိဖြစ်မိပါတယ်ဘုရား။ ဟောကြားခဲ့တဲ့ ဘုရားရှင်၊ ရဟန္တာအရှင်သူမြတ်အပေါင်းနဲ့တကွ ဆရာတော်ကိုလည်း အမြဲ ဦးတင်ရှိခိုးလျက်ပါဘုရား။

ဒေါ်နီမာခိုင်၊ B.S.C (Maths)
ဆူပါစတား ပြည်တွင်းဖြစ်၊ နိုင်ငံခြားဖြစ် မှန်အမျိုးမျိုး ဖြန့်ချိရေး၊ ပျဉ်းမနားမြို့

❀ ❀ ❀ ❀❀

ပဋ္ဌာန်းသင်တန်း တက်ခွင့်ရတဲ့အတွက် ပြောလိုက်တဲ့ စကားလုံးတိုင်းမှာပါတဲ့ စေတနာဟာ ကံမြောက်ကြောင်း သဟဇာတကမ္မမှာ သိခဲ့ရပါတယ်ဘုရား၊ ပြောလိုက်တဲ့ စကားတစ်ခွန်းပေမဲ့ နောက်ကွယ်က စိတ်ထဲမှာတော့ မလိုမုန်းတီးမှု၊ မနာလိုမှု၊ မကျေနပ်မှုတွေနဲ့ ပြည့်နေတော့ ကိုယ်တိုင်လည်း သတိမရှိတော့ ပြဿနာတွေတက်ပြီး စကားတိုက်ပွဲတွေ ကြီးထွားခဲ့ရပြီး စိတ်ထောင်းကိုယ်ကြေ ဖြစ်ခဲ့ရပါတယ်ဘုရား။

ပဋ္ဌာန်းတရားသင်တန်းတက်မှ *"သဟဇာတာ အကုသလာ စေတနာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ကမ္မပစ္စယေန ပစ္စယော"* ဆိုပြီး ပဋ္ဌာန်းပဥ္စာဝါရ ကုသလတိတ် ကမ္မပစ္စည်းကို လေ့လာခွင့် ရတော့မှဘဲ ကိုယ်လုပ်တာ ကိုယ်ရနေတာပါလားလို့ သိခဲ့ရပါတယ်ဘုရား။

မိမိလုပ်ခဲ့တဲ့ ကံကြမ္မာရဲ့ ပုံရိပ်တွေနဲ့ လူလာဖြစ်လာကြတယ်။ လူဖြစ်လို့ရှိရင်လည်း ပုံစံအမျိုးမျိုး ရုပ်လှတဲ့လူ ရှိသလို ရုပ်ဆိုးတဲ့လူ ရှိတယ်။ ချမ်းသာတဲ့လူ ရှိသလို ဆင်းရဲတဲ့လူ ရှိတယ်။ အသားမဲတဲ့လူ ရှိသလို အသားဖြူတဲ့သူလည်း ရှိနေပါတယ်၊ *"နာနက္ခဏိကာ (ကုသလာ၊ အကုသလာ) စေတနာ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ ကမ္မပစ္စယေန ပစ္စယော"* လို့ ပဋ္ဌာန်း ပဥ္စာဝါရ ကုသလတိတ် ကမ္မပစ္စည်းကိုသင်ရတော့မှ ကိုယ်လုပ်ခဲ့တဲ့ ကုသိုလ်ကံ အကုသိုလ် ကံဟာ တကယ် ( Creator ) ဖန်ဆင်းရှင်အစစ် ဖြစ်တယ်ဆိုတာ နားလည်လာပါတယ်ဘုရား။

ဒေါ်အေးအေးသန်း (B.Sc. Zoo )
အထည်ဆိုင် (ဈေးလေး)၊ ပြင်ဦးလွင်

❀ ❀ ❀ ❀❀

ပဋ္ဌာန်းသင်တန်းမတက်ခင်က နေခဲ့ရတဲ့ Life style နှင့် သင်တန်းတက်ပြီး ရလာတဲ့ အဆုံးအမတွေနဲ့ ခုနေနေရတဲ့ life style နှစ်ခု မတူတော့ပါဘူးဘုရား။ ဝိပါက်အကျိုးပေးဆိုတာကို နားလည်နိုင်တဲ့ ဉာဏ်မရှိတုန်းက Why me ?၊ ငါ့မှာမှ ဖြစ်ရလေခြင်း ဆိုတာတွေနဲ့ ဖြေရှင်းမိပြီး လောကဓံကို ရင်မဆိုင်တတ်ခဲ့ပါဘူးဘုရား။ အကုသိုလ် ဟေတုရေသောက်မြစ် စည်ပင်ဖွံ့ဖြိုး ကြောင်းတွေကိုပဲ လုပ်နေမိတာပါလားလို့ သင်တန်းတက်မှ သိလာခဲ့ရပါတယ်ဘုရား။

ပဋ္ဌာန်းသင်တန်းမှာ အကြောင်းအကျိုး သဘောတွေကို သင်ရ၊ နာကြားရတော့မှ ဘဝ တစ်ခုရလာတာ အသိဉာဏ်ရှိမှ ချမ်းသာမယ် အသိဉာဏ်ရှိမှ လုပ်သမျှကုသိုလ် ပြောသမျှကုသိုလ် တွေးသမျှကုသိုလ်တွေနဲ့ တစ်နေ့တာ ဖြတ်သန်းရတာ ဘဝအဓိပ္ပာယ်ပိုရှိလာတယ်လို့ နှလုံးသွင်း ခံစားမိပါတယ်ဘုရား။

ဒေါ်နန်းခင်မွေး၊ အခြေခံပညာအထက်တန်း
ရန်အောင်မြင်တောရကျောင်း (မြို့တော်ဝန်ကျောင်း)

ပဋ္ဌာန်းသင်တန်း တက်ခွင့်တွေ ရလာတဲ့နောက် တပည့်တော်ဘဝကို အဓိပ္ပာယ်ရှိသော၊ လေးနက်သော၊ ဉာဏ်ပညာရှိသော၊ ဆိုဆုံးမလွယ်သော၊ တန်ဖိုးရှိသော၊ ရှင်သန်မှုမျိုးဖြစ်အောင် ကြိုးစား နေထိုင်ချင်စိတ်တွေ ဖြစ်လာခဲ့ပါတယ်ဘုရား။

အရင်က ပဋ္ဌာန်းတရားဆို ရွတ်ဖတ်ပူဇော်တာလောက်ပဲ သိခဲ့ပြီး ဘဝထဲ ပဋ္ဌာန်းတရား တော်တွေ ပါနေတာကို သင်တန်းတက်လာရင်းမှ သိလာခဲ့တာပါဘုရား။ ဆရာတော် အပတ်စဉ် ရေးခိုင်တဲ့ အိမ်စာတွေကြောင့်လည်း တပည့်တော်ရဲ့ဘဝကို ပဋ္ဌာန်းတရားတော်တွေနဲ့ ချိန်ထိုး ကြည့်တတ်လာခဲ့ပါတယ်ဘုရား။

အလုပ်တစ်ဖက်နှင့်ပဲ ရှစ်ပါးသီလကို နေ့စဉ်မပင်မပန်း စောင့်ထိန်းနေပါတယ်။ ပဋ္ဌာန်း သင်တန်းတက်ပြီးနောက်ပိုင်း Value & Devalue ကို ခွဲခြားတတ်လာတယ်။ လုပ်ငန်းခွင်ရော မိသားစုထဲမှာပါ အဆင်ပြေအောင် နေတတ်လာတယ်။ အရင်လို လက်လွှတ်စပယ်နေလို့ မရ တော့ဘူးဆိုတဲ့ ဘဝအပေါ် အမြင်တွေက လေးနက်လာခဲ့သလို ရည်ရွယ်ချက်တွေ ဦးတည်ချက် တွေလည်း ရှိလာခဲ့ပါတယ်ဘုရား။

မထက်ထက်လှိုင်၊ B.A (History)
CB Bank (Assistant Supervisor)

# မှီငြမ်းကိုးကားသည့် ကျမ်းစာအုပ်များ

၁။ ဆဋ္ဌမူ အဘိဓမ္မပိဋက ပဋ္ဌာနပါဠိတော် ၅-အုပ် နှင့်သက်ဆိုင်ရာ အဋ္ဌကထာ၊ ဋီကာ။
၂။ ပထမရွှေကျင်ဆရာတော်ကြီး၏ ပဋ္ဌာန်းပစ္စည်း အနက်အဓိပ္ပာယ်ကျမ်း။
၃။ မဟာဝိသုဒ္ဓါရာမဆရာတော်၏ ပရမတ္ထသရူပဘေဒနီကျမ်း။
(ပထမတွဲ၊ ဒုတိယတွဲ)၂၀၀၂-ခုနှစ်တွင် ထုတ်ဝေသည်။
၄။ လယ်တီဆရာတော်ကြီး၏ ပဋ္ဌာနုဒ္ဒေသဒီပနီကျမ်း။
၅။ ကျေးဇူးရှင် မိုးညှင်းတောရဆရာတော်ကြီး၏ လက်တွေ့ပဋ္ဌာန်းဆားမြည်းကျမ်းနှင့် လက်တွေ့ပဋ္ဌာန်းဘုံဆိုင်ကျမ်း။
၆။ ဘဒ္ဒန္တာစရိယအာနန္ဒမထေရ်၏ ပဉ္စပကရဏ မူလဋီကာနှင့် ပဉ္စပကရဏအနုဋီကာ ၁၉၆၀-ခုနှစ်တွင် ထုတ်ဝေသည်။
၇။ အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ အဘိဓမ္မာပဋ္ဌာန်း ညဝါမှတ်စု သုံးချက်စု ချုပ်ပို့စဉ် အဘိဓမ္မာပဋ္ဌာန်းညဝါမှတ်စု။
၈။ ထန်းတစ်ပင်သာသနာပိုင်ဆရာတော် အရှင်နန္ဒမေဓာ၏ ပဋ္ဌာန်းအရကောက်နှင့် အနုဂဏ္ဍိ ၂၀၁၆-ခုနှစ်တွင် ထုတ်ဝေသည်။
၉။ မူလပဋ္ဌာန်းဆရာတော်ဘုရား၏ အသံဖမ်း ပဋ္ဌာန်းပို့ချစဉ်ကျမ်း။
(ပဋ္ဌာန်းပစ္စယနိဒ္ဒေသ - ပဌမပိုင်း) ၁၉၇၀-ခုနှစ်တွင် ထုတ်ဝေသည်။
၁၀။ မူလပဋ္ဌာန်းဆရာတော်ဘုရား၏ အသံဖမ်းပဋ္ဌာန်း ပို့ချစဉ်ကျမ်း ။
(ပဉ္စာဝါရသင်္ချာ-ပထမတွဲ၊ ဒုတိယတွဲ) ၁၉၇၈-ခုနှစ်တွင် ထုတ်ဝေသည်။
၁၁။ ပဋ္ဌာန်းသိပ္ပံဆရာတော် အရှင်ကုန္ဒကထေရ၏ ပဋ္ဌာနသာရဝိလာသိနီခေါ် ပဋ္ဌာန်း သိပ္ပံကျမ်း။ (ပထမ၊ ဒုတိယ၊ တတိယတွဲ) ၁၉၇၉-ခုနှစ်တွင် ထုတ်ဝေသည်။
၁၂။ အရှင်နန္ဒောဘာသ၏ အုတ်ကန်ပဋ္ဌာန်း နည်းပြကျမ်း ၂၀၁၅-ခုနှစ်တွင် ပုံနှိပ် ထုတ်ဝေသည်။
၁၃။ ခင်ဦးတောရ မူလပဋ္ဌာန်းဆရာတော်၏ ပဋ္ဌာန်းပါရဂူကျမ်း။
၁၄။ အဂ္ဂမဟာပဏ္ဍိတ သဒ္ဓမ္မောဒယ ဆရာတော်ဘုရား၏ ပဋ္ဌာနသာရဝိဘာဝနီ ပဋ္ဌာန်း ဂဏ္ဍိကျမ်းကြီး (ပထမ၊ ဒုတိယ၊ တတိယတွဲ) ၁၉၆၁ - ခုနှစ်တွင် ထုတ်ဝေသည်။
၁၅။ သဲအင်းသာသနာပိုင် ဆရာတော်ဘုရားကြီး၏ ပဋ္ဌာန်းညဝါသုံးစောင်တွဲကျမ်း ၁၉၁၁-ခုနှစ်တွင် ထုတ်ဝေသည်။

၁၆။ မဟာစည်ဆရာတော်ကြီး၏ ဝိပဿနာရှုနည်းကျမ်း။
(ပထမတွဲနှင့် ဒုတိယတွဲ) ၂၀၁၅-ခုနှစ် တွင် ၁၃- ကြိမ်မြောက် ထုတ်ဝေသည်။
၁၇။ တောင်မြို့မဟာဂန္ဓာရုံဆရာတော်ကြီး၏ အခြေပြုပဋ္ဌာန်းတရားတော် ၂၀၀၆-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်။
၁၈။ တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ကြီး၏ သံဂြိုဟ်ဘာသာဋီကာ (ကောဒသမအကြိမ်) ၂၀၀၄-ခုနှစ်တွင် ထုတ်ဝေသည်။
၁၉။ တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ကြီး၏ ဝီထိနှင့် သုံးချက်စု။
၂၀။ ဗန်းမော်ဆရာတော်ကြီး၏ ပဋ္ဌာန်းတရားတော်။
၂၁။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ရေစကြိုဆရာတော်ကြီး၏ ဗုဒ္ဓမြတ်စွာ၏ နည်းသမုဒ္ဒရာ ၂၀၀၈-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်။
၂၂။ ပန်းကုံးဆရာတော်ကြီး အရှင်ကုမာရ၏ ပဋ္ဌာနပန်းကုံး။ ၂၀၁၆-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်။
၂၃။ ပန်းကုံးဆရာတော်ကြီး အရှင်ကုမာရ၏ မာတိကာဓာတုကထာပန်းကုံး နဝမအကြိမ်မြောက် ၂၀၁၄-ခုနှစ်တွင် ထုတ်ဝေသည်။
၂၄။ အမရပူရမင်္ဂလာတိုက် ပဌမကျော်ဆရာကြီးဦးအုန်း၏ အဘိဓမ္မာတန်းခွန်ကျမ်းနှင့် ယမကဝီထိမဥ္ဇရီကျမ်း (စတုတ္ထအကြိမ်)အဖြစ် မန္တလေး ဟံသာဝတီပုံနှိပ်တိုက်တွင် ၁၉၃၆-ခုနှစ်တွင် ပုံနှိပ်သည်။
၂၅။ ပဋ္ဌာန်းသိပ္ပံဆရာတော်၏ ပဋ္ဌာန်းလမ်းညွှန်ကျမ်း။ (ဒုတိယအကြိမ်) ၂၀၀၈-ခုနှစ်တွင် ပုံနှိပ် ထုတ်ဝေသည်။
၂၆။ ဆရာတော်ဦးသေဋ္ဌိလ၏ မုံရွာလယ်တီပဋ္ဌာန်းဟောစဉ် အမှတ် (၁-၂) ၂၀၀၀- ခုနှစ်တွင် ထုတ်ဝေသည်။
၂၇။ သဒ္ဓမ္မရံသီရိပ်သာဆရာတော်၏ ပဋ္ဌာန်းနှင့် ဝိပဿနာသိကောင်းစရာတရားတော် ၂၀၀၅ - ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်။
၂၈။ မြောင်းမြတိုက်သစ် ပဇ္ဇောတာရုံဆရာတော် အရှင်ဂုဏိဿရ၏ ပဋ္ဌာနဗောဓိကျမ်း ၂၀၁၂ - ခုနှစ်တွင် ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေသည်။
၂၉။ အရှင်တိလောကာဘိဝံသ၏ မာတိကာ + ဓာတုကထာ လက်ဆောင်။
၃၀။ ပါမောက္ခချုပ်ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒမာလာဘိဝံသ၏ ပဋ္ဌာန်းမြတ်ဒေသနာ ၂၀၁၁-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်။

၃၁။ ပါမောက္ခချုပ်ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒမာလာဘိဝံသ၏ ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း ၂၀၁၁-ခုနှစ်တွင် ထုတ်ဝေသည်။

၃၂။ အရှင်တေဇနိယ၏ ပထမကြီးတန်းအတွက် ပဋ္ဌာန်းအလင်းရောင်၂၀၀၀-ပြည့်နှစ်တွင် ထုတ်ဝေသည်။

၃၃။ အရှင်ဇောတိက (ညောင်တုန်း) ၏ ပဋ္ဌာန်းပစ္စယနိဒ္ဒေသ ပို့ချဟောကြားချက်များ ၂၀၀၈-ခုနှစ်တွင် ထုတ်ဝေသည်။

၃၄။ ဘဒ္ဒန္တဇဝနမဟာထေရ်၏ တိကတိက၊ ဒုကဒုက၊ တိကဒုက ပဋ္ဌာနပါဠိ ပဌမတွဲ (ဒုတိယပိုင်း) ၂၀၁၉-ခုနှစ်တွင် ထုတ်ဝေသည်။

၃၅။ ဘဒ္ဒန္တဝိသုတ၏ ပဋ္ဌာန်းသင်္ချာ (ပထမတွဲ) ၂၀၁၈-ခုနှစ်တွင် ထုတ်ဝေသည်။

၃၆။ သစ္စဒီပကဆရာတော် ဘဒ္ဒန္တရေဝတထေရ်၏နိဗ္ဗာန သစ္စိကရဏီယကျမ်း။ (စတုတ္ထအကြိမ်မြောက်) ၁၉၈၀-ခုနှစ်တွင် ထုတ်ဝေသည်။

၃၇။ ပဋ္ဌာန်းဆရာတော် ဦးဝါယမ (ရေဦး) ၏ ပဋ္ဌာန်းဝိပဿနာဟောစဉ်ကျမ်း ၁၉၉၃-ခုနှစ်တွင် ထုတ်ဝေသည်။

၃၈။ ဓမ္မဘေရီအရှင်ဝီရိယ (တောင်စွန်း)၏ လူတိုင်းအတွက်ပဋ္ဌာန်း ၂၀၁၁-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်။

၃၉။ တောင်တွင်းကြီး ဘုံကျော်ဆရာတော်၏ တိကပဋ္ဌာနပါဠိ၊ ပစ္စယနိဒ္ဒေသမှတ်စု။

၄၀။ ဆရာကြီးဦးအုန်း၏ အဘိဓမ္မာ့တန်ခွန်ကျမ်းနှင့် ယမကဝီထိမဥ္စရီကျမ်း။ ၁၉၃၆ခု၊ (စတုတ္ထအကြိမ်) မန္တလေး ဟံသာဝတီပိဋကတ် စာပုံနှိပ်တိုက်။

၄၁။ သာသနာရေးဦးစီးဌာနမှ ထုတ်ဝေသည့် ဗုဒ္ဓအဘိဓမ္မာ စေတသိက်များအဖွင့် အတွဲ -၁ ၁၉၈၄-ခုနှစ်တွင် ထုတ်ဝေသည်။

၄၂။ သာသနာရေးဦးစီးဌာနမှ ထုတ်ဝေသည့် ဗုဒ္ဓအဘိဓမ္မာ စေတသိက်များအဖွင့် အတွဲ -၃ ၂၀၀၄-ခုနှစ်တွင် ဒုတိယအကြိမ် ထုတ်ဝေသည်။

၄၃။ ဦးသော်ဇင်၏ လန်ဒန်ပါဠိဒေဝီ၏အမေး၊ လယ်တီဆရာတော်အဖြေ (ပဋ္ဌာန်းအလင်းပြကျမ်း)

၄၄။ ဦးမြင့်ဆွေ မဟာဝိဇ္ဇာ (လန်ဒန်) ၏ ပဋ္ဌာန်းမဟာ။

၄၅။ ဆရာကြီးဒေါ်ဝိဇ္ဇေသီ၏ သရုပ်ပြဓမ္မပဒကျမ်း ၁၉၈၃-ခုနှစ်တွင် ထုတ်ဝေသည်။

၄၆။ ဆရာကြီးဦးကျော်ထွတ်၏ သဒ္ဓမ္မဇောတိကပဋ္ဌာန်းကျမ်း။ ၁၉၉၉-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်။

၄၇။ ဦးတင်ဝင်း(ဒိုက်ဦး)၏ ပဥ္စာဝါရဝိဘင်္ဂမှတ်စု ၂၀၁၂-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်။

၄၈။ ဦးတင်ဝင်း (ဒိုက်ဦး)၏ မာတိကာမှတ်စု ၂၀၁၀-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်။
၄၉။ မဟာသဒ္ဓမ္မဇောတိကဓဇ ဆုထူးပန်ဆရာဟန်၏ သံသရာလမ်းညွှန်ပညာ ဆုထူးပန် အဘိဓမ္မာကျမ်းများ (ပထမအဆင့်) ၂၀၁၂-ခုနှစ်တွင် ထုတ်ဝေသည်။
၅၀။ ဒေါက်တာမင်းတင်မွန်၏ ဗုဒ္ဓအဘိဓမ္မာအနှစ်ချုပ် (စတုတ္ထအကြိမ်) ၁၉၉၈-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်။
၅၁။ မန္တလေးဝိဇ္ဇာသိပ္ပံတက္ကသိုလ် ရူပဗေဒဌာနမှ ဆရာကြီးဦးခင်မောင်သန်း၏ ပဋ္ဌာန်းစာတမ်း။
၅၂။ ခွဲစိတ်ဆရာဝန် ဒေါက်တာစိန်လင်း၏ နယသာဂရ ပဋ္ဌာန်းတရားတော် (စတုတ္ထအကြိမ်) ၂၀၁၀-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်။
၅၃။ ပြင်ဦးလွင်မှ ဆရာကြီးဦးအုန်းကျော် (အင်ဂျင်နီယာ)မှ ဟောကြားသည့် ဘဝနှင့် ပဋ္ဌာန်း တရာတော်များ။
၅၄။ သစ္စာမဏ္ဍိုင် ပိဋကတ်တိုက်မှ ထုတ်ဝေသည့် ပဋ္ဌာန်းပါဠိတော်နိဿယနှင့် ၂၄-ပစ္စည်း အဓိပ္ပါယ်အကျဉ်း ၁၉၈၅-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်။
၅၅။ Handbook of Abhidhamma studies by Ven.Sayadaw U Silananda .
၅၆။ Patthana by Ven.Sayadaw U Silananda.
၅၇။ Anantara paccayo by Ashin Kudalabivamsa.
၅၈။ Patthana Condition Relations by Agganyani.
၅၉။ Buddhadhamma - The laws of Nature and Their Benefits to Life by Bhikkhu P.A.Payutto.
၆၀။ University of Abhidhamma Superior Diploma Course in Abhidhamma (English) Level 1Part (I) Lectures.
၆၁။ Patthana Dhamma By Htoo naing.
၆၂။ www.kbrl.gov.mm
၆၃။ www.dhammadownload.com
၆၄။ www.dhammatrainingcenter.com

*Website များမှ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာနှင့် ပိဋကတ်တို့၏ မြန်မာပြန်ကောက်နုတ်ချက် အတိုများကို မှီငြမ်းခွင့် ရခဲ့ပါသဖြင့် ပညာရှင်များကို အထူးပင် ကျေးဇူးဥပကာရ တင်ရှိပါသည်။



ရေးသားပြုစုသူ

**အရှင်ခေမာနန္ဒ**

ရန်ကင်းတောရ၊ သပြေပင်

# ပဋ္ဌာန်းပဉှာဝါရ အပိုင်း (၁)

ပဋ္ဌာန်းတရားတော်မြတ်သည် ဂမ္ဘီရော နက်နဲလွန်းပါသည်၊ ဒုဒ္ဒသော မြင်နိုင်ခဲပါသည်၊ ဒုရာနုဗောဓော သာမန်ဉာဏ်ဖြင့် ထိုးထွင်း၍ မသိနိုင်လောက်အောင်ပင် ခက်ခဲလွန်းပါသည်။ အတက္ကာဝစရော လောကရေးရာကိစ္စရပ်များပမာ ကြံစည် တွေးတော စဉ်းစားရုံမျှဖြင့်လည်း သိနိုင်သည့်တရား မဟုတ်ပေ။ ပဏ္ဍိတဝေဒနီယော ပရမတ္ထတရားကို သိမြင်နိုင်စွမ်းသည့် ပညာရှိအနည်းစုတို့ကသာ ဉာဏ်သက်ဝင်နိုင်စွမ်းသည့် တရားတော်မြတ်ကြီးဖြစ်ကြောင်းကို အဋ္ဌကထာ ဆရာမြတ်များက မိန့်ဆိုတော်မူထားပါသည်။

သမုဒ္ဒရာကြီးသည် ကမ်းမမြင်၊ လမ်းမမြင် အလွန်ကျယ်ပြန့်၏။ အလွန်နက်ရှိုင်း၏။

ထိုနည်း အတူ ပဋ္ဌာန်းကျမ်းတော်ကြီးသည်လည်း အလွန်ကျယ်ပြန့်၏။ အလွန်နက်ရှိုင်း၏။

မြတ်စွာဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်ကြီးသည်လည်း အလွန်ကြီးကျယ်၊

အလွန်နက်ရှိုင်းသောကြောင့် "ဉာဏသာဂရ" မည်ပေသည်။

| ရန်ကင်းတောရဆရာတော် ရေးသားခဲ့သည့် စာအုပ်များမှာ | | |
|---|---|---|
| စဉ် | အမည် | အကြိမ် |
| ၁။ | ဝိပဿနာသင်ပုန်းကြီးဖတ်စာ– အခြေခံအဆင့် (ပထမပိုင်း) | အဋ္ဌမအကြိမ် |
| ၂။ | ဝိပဿနာသင်ပုန်းကြီးဖတ်စာ–အခြေခံအဆင့် (ဒုတိယပိုင်း) | ဆဋ္ဌမအကြိမ် |
| ၃။ | ဝိပဿနာသင်ပုန်းကြီးဖတ်စာ–အခြေခံအဆင့် (တတိယပိုင်း) | ပဉ္စမအကြိမ် |
| ၄။ | ဝိပဿနာသင်ပုန်းကြီးဖတ်စာ–အားထုတ်သူအဆင့် (ပထမပိုင်း) | ပဉ္စမအကြိမ် |
| ၅။ | ဝိပဿနာသင်ပုန်းကြီးဖတ်စာ–အားထုတ်သူအဆင့် (ဒုတိယပိုင်း) | တတိယအကြိမ် |
| ၆။ | ဝိပဿနာသင်ပုန်းကြီးဖတ်စာ–အားထုတ်သူအဆင့် (တတိယပိုင်း) | တတိယအကြိမ် |
| ၇။ | Vipassana Primary Text Book (Elementary Level) Part-1 | ပထမအကြိမ် |
| ၈။ | ဝိပဿနာ လူငယ်စကားဝိုင်း (အပိုင်း–၁) | စတုတ္ထအကြိမ် |
| ၉။ | ဝိပဿနာ လူငယ်စကားဝိုင်း (အပိုင်း–၂) | တတိယအကြိမ် |
| ၁၀။ | ဖွံ့ဖြိုးတိုးတက်နေသည့်လူ့ဘောင်အတွက်ဝိပဿနာတရားနှင့် နေ့စဉ်ဘဝ | ပဉ္စမအကြိမ် |
| ၁၁။ | ဆဋ္ဌမအာရုံ(Intuitive Power)ကို ဝိပဿနာဖြင့်ချဉ်းကပ်လေ့လာခြင်း | ဒုတိယအကြိမ် |
| ၁၂။ | ဓမ္မကျောင်းတော် (အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာ)အပိုင်း–၁ | (၂၄)ကြိမ် |
| ၁၃။ | ဓမ္မကျောင်းတော် (အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာအဖွင့်) | စတုတ္ထအကြိမ် |
| ၁၄။ | ဓမ္မကျောင်းတော် (အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာ)အပိုင်း–၂ | တတိယအကြိမ် |
| ၁၅။ | ဓမ္မကျောင်းတော် (အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာ)အပိုင်း–၃ | ပထမအကြိမ် |
| ၁၆။ | ကလေးလက်ထဲဆော့နေတဲ့ Game အကြောင်းကို လူကြီးမိဘများက သေသေချာချာ သိဖို့လိုတဲ့ခေတ်ရောက်ပါပြီ | ပထမအကြိမ် |
| ၁၇။ | ဥရောပယောဂီ၏ ကိုယ်တွေ့ဝိပဿနာ (ပထမပိုင်း) | ဆဋ္ဌမအကြိမ် |
| ၁၈။ | ဥရောပယောဂီ၏ ကိုယ်တွေ့ဝိပဿနာ (ဒုတိယပိုင်း) | ဆဋ္ဌမအကြိမ် |
| ၁၉။ | ဥရောပယောဂီ၏ ကိုယ်တွေ့ဝိပဿနာ (တတိယပိုင်း) | ဆဋ္ဌမအကြိမ် |
| ၂၀။ | ဥရောပယောဂီ၏ ဘဝနိဂုံး (အပိုင်း–၁) | တတိယအကြိမ် |
| ၂၁။ | လူတို့နှင့်သက်ဆိုင်သော ''ရဟန်းဝိနည်းများ'' (အပိုင်း–၁) | ပဉ္စမအကြိမ် |
| ၂၂။ | လူတို့နှင့်သက်ဆိုင်သော ''ရဟန်းဝိနည်းများ'' (အပိုင်း–၂) | တတိယအကြိမ် |
| ၂၃။ | ''ပဉ္စာနန္တရိယ'' ကံနှင့် ''ပါဏာတိပါတ''ကံတို့အကြောင်း | ပဉ္စမအကြိမ် |
| ၂၄။ | ဤခရီးနီးလာပါသည် | စတုတ္ထအကြိမ် |
| ၂၅။ | ''အခွန်လွတ်သာသနာ့မြေဂရန်နှင့် ဝိသုံဂါမဗဒ္ဓသိမ်မြေဂရန်'' မင်းအစိုးရထံလျှောက်ထားခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများ | စတုတ္ထအကြိမ် |
| ၂၆။ | ကောင်းကင်ကြယ် နက္ခတ်ကြည့်နည်းပညာနှင့် အရဏ်တက်ချိန် | နဝမအကြိမ် |
| ၂၇။ | မဟာထေရ်မြတ်တို့၏ စံနမူနာယူစရာ ကျင့်သီလ (အပိုင်း–၁) | ဒုတိယအကြိမ် |
| ၂၈။ | မဟာထေရ်မြတ်တို့၏ စံနမူနာယူစရာ ကျင့်သီလ (အပိုင်း–၂) | ဒုတိယအကြိမ် |
| ၂၉။ | ဘဝဆည်းဆာ လှစေချင်ပါသည် | ပဉ္စမအကြိမ် |
| ၃၀။ | လမ်းမပေါ်၌ လမ်းပျောက်ချင်သူ | ပထမအကြိမ် |